


အမှတ်(၂၅၅)၊ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ
ဂမ္ဘီရ
မဂ္ဂဇင်း
Graphic Design
Zay Phyo
099788516439

www.burmeseclassic.com

# သမ္ဗုဒ္ဓေဂါထာ ဘုရားရှိခိုး

## ပါဠိ-အနက်



သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ။

ပဉ္စသတသဟဿာနိ၊ နမာမိ သိရသာမဟံ။

အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ ဇိနာ။

တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ။

နမက္ကာရာနုဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ။

အနေကာ အန္တရာယာပိ၊ ဝိနဿန္တု အသေသတော။

**အဋ္ဌဝီသံ**-သုံးပါးဘဝ သုံးလောကတွင် ဉာဏ်ရောင်ဖိတ် အောင်ဘိသိက်နှင့် နှစ်ကျိပ်ရှစ်ဆူကုန်သော၊ **သမ္ဗုဒ္ဓေစ**-တန့်ဆောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာပွင့်လင်း တရားမင်းတို့ကိုလည်းကောင်း၊ **ဒွါဒသဉ္စ သဟဿကေ**-နိဗ္ဗာန်ကိန်းအောင်း စက်မြေ့လျှောင်းသည့် တစ်သောင်းနှစ်ထောင်ကုန်သော၊ **သမ္ဗုဒ္ဓေစ**-လရောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာလင်းပြောင် မြတ်ဘုန်းခေါင်တို့ကိုလည်းကောင်း၊ **ပဉ္စသတသဟဿာနိ**-သောင်းတိုက်စကြဝဠာ ဂုဏ်ဝါရောင်ရှိန်း ငါးသိန်းကုန်သော၊ **သမ္ဗုဒ္ဓေစ**-နေရောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာလင်းထိန် မြတ်မုနိန်တို့ကိုလည်းကောင်း၊ **အဟံ**-အကျွန်ုပ်သည်၊ **သိရသာ**-ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်၊ **နမာမိ**-ရှိသေညွတ်ကျိုး လက်အုပ်မိုး၍ ရှိခိုးပါ၏။

**ဂင်္ဂါ ဂင်္ဂါယ**-ဂင်္ဂါမြစ်အတွင်း၌၊ **ဝါဠုကာ**-ရှိကြကုန်သော သဲတို့သည်၊ **အပ္ပကာ**-နည်းကြကုန်သေး၏။ **နိဗ္ဗုတာ**-ဘုံဓာတ်သိမ်း၍ ငြိမ်းအေးတော်မူကြကုန်ပြီးသော၊ **ဇိနာ**-နေဝင့်ယှက်ဖန်လာ မာန်ငါးဖြာကို အရိယာမဂ် ဘုန်းရောင်စက်ဖြင့် ချိုးဖျက်လွယ်ကူ အောင်တော်မူသော ဘုရားရှင်အပေါင်းတို့ကား၊ **အနန္တာ**-သင်္ချာဂဏန်း ရေတွက်မှန်းလည်း ဆုံးခန်းတိုင်မြောက် မရောက်နိုင်ကြကုန်။ **တေ ဇိနေစ**-ထိုဘုရားရှင်တို့ကိုလည်းကောင်း၊ **တေသံ**-ထိုငါးသိန်းတစ်သောင်းနှစ်ထောင် နှစ်ကျိပ်ရှစ်ဆူကုန်သော ဘုရားရှင်, မရေတွက်နိုင်သော ဘုရားရှင်တို့၏၊ **ဓမ္မဉ္စ**-တရားတော်မြတ်ကိုလည်းကောင်း၊ **သံဃဉ္စ**-တပည့်သားသံဃာတော်မြတ်ကိုလည်းကောင်း၊ **အဟံ**-အကျွန်ုပ်သည်၊ **အာဒရေန**-အာဒရံ-ရှိသေစွာ၊ **နမာမိ**-ရှိခိုးပါ၏။

**နမက္ကာရာနုဘာဝေန**-ဤသို့ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ရသော ပဏာမကုသိုလ် စေတနာကြောင့်၊ **သဗ္ဗေ**-ခပ်သိမ်းကုန်သော၊ **ဥပဒ္ဒဝေ**-ဘေးရန်တို့ကို၊ **ဟိတွာ**-ပယ်ဖျောက်၍၊ **အနေကာ အန္တရာယာပိ**-တစ်ပါးမက များလှသွယ်သွယ် အန္တရာယ်တို့သည်လည်း၊ **အသေသတော**-အကြွင်းအကျန် မရှိသောအားဖြင့်၊ **ဝိနဿန္တု**-ပျောက်ပျက်ပါစေကုန်သတည်း။ ။

www.burmeseclassic.com

www.burmeseclassic.com



[illegible]

ဦးဘိုး(နိုးကျွန်)စိစစ်တည်းဖြတ်သည့်

# ဂန္ဓာရ

မဂ္ဂဇင်း


အကြံပေး

ဦးစိန်မျိုးမြင့်

ဆရာရန်ဖေအောင်ဟိန်း(B.Sc)

အယ်ဒီတာ

မောင်မောင်လတ်


အမှတ်(၂၅၅)၊ ၂၀၁၆ အောက်တိုဘာလ


၆။ ဗိုလ်တထောင် ကိုဦး

မဟာသကျ အတုလမာရ်အောင်

ငါးထပ်ကြီးဘုရား

၁၆။ သစ္စာမင်းခေါင်

အကြောင်းဆက် အကျိုးဆက်တို့ဖြင့်

ထူးခြားစွာ ဖြစ်တည်လာခဲ့သည့်

သာသနာတော် ပွင့်လင်းရာ

နဝနဟုတ္တိ အောင်မြေကုန်းတော်

၂၄။ ကိုမိုး(ရွှေပြည်သာ)

လေမုန်တိုင်းဒဏ်၊ ငလျင်ဒဏ် အကြိမ်ကြိမ်

ခံခဲ့ရသော်လည်း သာသနာ့ဒါယကာ

မင်းအစဉ်အဆက် ပြုပြင်တည်ခဲ့သည့်

ကုသိုလ်တော် ရွှေမော်ဓောစေတီတော်

၃၀။ နန္ဒာမင်းလွင်

တောင်းဆုပြည့်စွာ ချောင်းဦးမြို့က

သမန္တစာဘုရား

၃၆။ တွန်းအားရှင်

တောင်ငါးလုံးကာခို

ရာဇဂြိုဟ်ရှိ

ဝေဘာရတောင်နှင့်

ပထမသင်္ဂါယနာ

၄၆။ ထက်ဘုန်းလူ

မဟာမြိုင် အရှင်စန္ဒာသူရိယ

ဘုန်းဘုရားကြီး၏

ပြည်တော်ဝင် အမိဋ္ဌာန်အောင်ပွဲ

(သို့မဟုတ်) လူ့ပြည်(၄၈)နှစ်ခရီး

၅၂။ နန္ဒာမိုးကြယ်

တန်ဖိုးရှိစွာ ထိုပုဆွာ

၅၆။ နန္ဒာစိုး(ဆင်ဖြူကျွန်း)

သုမိတ္တာနိဒါန်းအစ အန္တိမ ယသော်ဓရာ(၃)

၆၈။ ကိုရွှေမြသန်း(သမိုင်း)

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာဆရာတော်ဘုရား၏

အမှတ်ရစရာ ငယ်ဘဝမှ အချိုးအကွေ့များ

၇၄။ ကျော်ကျော်ဦး(ဒါးဘီး)

ရှေးကုသိုလ်တော်နှင့် ဥမ္မာဒန္တီ

၇၈။ မုံရွာ နေဇာ

လင်ပြိတ္တာနှင့် လူသားမယား




www.burmeseclassic.com

www.burmeseclassic.com

တိုမောင်သန်းဝင်း
မိမိသည်သာ မိမိအတွက် မီးအိမ်ဖြစ်ပါစေ
မင်းသီကျော်
ရာဇဝင်ထဲက ကျွန်များ
အသခ်ယာ
ဗုဏ္ဏားအိုနှင့် သားလေးယောက်
မောင်လှယဉ်(မော်လမြိုင်)
ဘောဓော့ရင်နှင့် ပညာရှိ ကာလီဒါသ(၈)
ဂမ္ဘီရ ဆရာလှမျိုး(B.Sc)
(၇)နေ့သားသမီးများ ကောင်းကျိုးရစေ
ဘုရားခုနစ်ဆူ ရှိခိုးပူဇော် ယတြာချေ





ပုရောဟိတ် ဆရာဦးမြတ်စံ
တာရီဝေဒနှင့် ကျွန်ုပ်၏ ကိုယ်တွေ့လေ့လာမှုများ
ပုရောဟိတ် ဆရာဦးမြတ်စံ
သံယောဇဉ်ကြိုး
ဦးအောင်သိမ်းထွန်း(မြန်မာ့ဗေဒင်)
မဟာဘုတ်ဗေဒင်၊ ကောစာဂြိုဟ်တိုင်နှင့်
(၁၃၇၈)ခုနှစ် မြန်မာနိုင်ငံဖြစ်စဉ်
သာထက်ဇော်(မကွေး)
စိတ်နေစရိုက် ပေါ်ဘမှုကြိုက်
သုခစုစံ(ကျိုက်လတ်)
(၁၃၇၈)ခုနှစ် ဆန်းကျင်ဂြိုဟ်
အပေါာနှင့် ယတြာ
ကျော်မိုးလွင်(ဝါးခယ်မ)
အလင်းတံခါးနှင့် ခရီးသွား
မင်းနေထွန်း(ကန့်ဘလူ)
အကြားအမြင်မပေါက် ဒိုးဒိုးဒေါက်ဒေါက်ပညာ

၁၄၀။ စောယုနန္ဒာ(မေ့ရင်ခွင်)
ပုတယ်လေ ဆယ်နွေကဲ
၁၄၄။ ကြည်ဝင်း(ဟသ်ာတ)
ဟန်ဆောင်မာယာ အချစ်များ
၁၄၈။ ဆရာကံထူး(ဝေဒသုတေသီ)
မင်းကတော်စာတာ
၁၅၃။ ဆရာကံထူး(ဝေဒသုတေသီ)
နက္ခတ်တာရာများက ဖော်ပြနေတဲ့
သင့်ဘဝရဲ့ တစ်လတာကံကြမ္မာ
၁၆၂။ ဆရာရန်အောင်ဟိန်း(B.Sc)
နေသိဒ္ဓိနက္ခတ်နယ်ပယ်ပေါ်
လက်နှင့် မွန်းတည့်မျဉ်းဖြတ်စယား



www.burmeseclassic.com

www.burmeseclassic.com

**၁၆၄။ ဆရာရန်အောင်ဟိန်း(B.Sc)**
ရင်သားကင်ဆာနှင့် ကေ့.ပီ စနစ်
**၁၆၇။ ဆရာရန်အောင်ဟိန်း(B.Sc)**
ဂမ္ဘီရပရိသတ်မေး၍ ဖြေသည်
**၁၇၂။ မင်းမဟော်ညွှန့်**
နက္ခတ်ကောဇာ ရက်မြတ်ကောင်း အချိန်အခါ
**၁၇၈။ ဟိန်း(ဘူမိ)**
ငါးစားသုံးခြင်း၏ ကောင်းကျိုးများ
**၁၈၂။ ဂါဦးနွန်းကို**
ဝိပါက်ကြမ္မာငင်၍ တိရစ္ဆာန်အဖြစ်
အသက်ရှင်နေရသူ



၈

**၁၉၀။ ဝင်းသောင်(ရမည်းသင်း)**
ခွေးနက်ကြီးနဲ့ ခေါစာ
**၁၉၇။ ကောင်းသော်**
လူယောင်ဆောင် နာနာဘာဝ
**၂၀၄။ အာကာသ(သာစည်)**
ခံဆူးခံချွန် ဆီးဆူးဆီးချွန်
**၂၁၃။ ချစ်မင်းသူ**
လူခြောက်
**၂၁၈။ အလင်္ကာသူရ**
သူတို့ကတဲ့ ဇာတ်ပွဲ
**၂၂၄။ ဒါရိုက်တာမျိုးဇော်အောင်**
ကျွန်တော်နှင့် ရွှေကိုယ်တော် မောင်နမ
**၂၃၀။ မောင်မြင့်မား(ဗိုလ်ကလေး)**
အန္တရာယ်ကြားက အသက်တစ်ချောင်း
**၂၃၆။ အောင်ကျော်စွာ**
ရန်ကင်းတောင်က ဥစ္စာစောင့်သိုက်
**၂၄၆။ ဖိုးကျော့**
ကျားနို့မရလိုက်သော်လည်း
**၂၅၂။ အင်ကြင်းမွှေး(နေပြည်တော်)**
သိုက်ဆက်မြွေနဂါးဝင်စား မင်းယောက်ျား
**၂၆၄။ ဂမ္ဘီရ လူမော်**
ဘရူးဝါး၊ သံချောင်းနှင့် ကရင်ငပု
**၂၆၈။ ရဲမြတ်တင်**
တိမ်သလ္လာဖုံးပါလို့
**၂၇၈။ တင်အေးကျော်(အောင်လံ)**
ဖုန်းဆိုးတောမှာ ဖမ်းစားခံရသူ
**၂၉၀။ ကျော်ဇေ(စားကုန်)**
ကြောင်တစ်ကောင်၏ အံ့ဖွယ်ကလေ့စား
**၂၉၇။ ကျော်ကျော်**
ငြိမ်သက်တဲ့ ညချမ်းမှာ အတူတကွ
**၃၀၄။ နေမင်းသူရိယ(ဆင်ဖြူကျွန်း)**
ကိုယ်ယောင်ထင်ပြနိုင်သော ပရလောက

**ထုတ်ဝေသူ** – ဦးသန်းဦး(မြဲ–၀၀၅၃၆)၊ **ဂမ္ဘီရ Logo** – မောင်မောင်အောင်၊ **မျက်နှာဖုံး Graphic** – ဇေဖြိုး
**အတွင်းသရုပ်ဖော်** – မောင်မောင်သိုက်၊ ထွန်းအောင်၊ ဝင်းမြင့်အောင်၊ မိုးကျော်၊ ညွှန့်နိုင်လှ။
**အတွင်းသားဖလင်**–STARS။ **စာအုပ်ချုပ်**–အငြေ။ **စောင်ရေ**–၅၀၀။ **တန်ဖိုး**–၂၀၀၀ ကျပ်
**မျက်နှာဖုံးပုံနှိပ်**–ဦးတိုးဝင်း(မြဲ–၀၀၈၃၀)၊ နေလရောင်ပုံနှိပ်တိုက်၊ အမှတ်(၉၆)၊ (၁၁)လမ်း၊ ရန်ကုန်မြို့။
**အတွင်းပုံနှိပ်**–ဦးကျော်စိုး(မြဲ–၀၀၄၆၆)၊ စိုးပုံနှိပ်တိုက်၊ ကနောင်မင်းသားကြီးလမ်း၊ ၁/၄ အရှေ့ဒဂုံစက်မှုဇုန်၊ ရန်ကုန်မြို့။
**အယ်ဒီတာအဖွဲ့ရုံး** ✱ အမှတ်–၁၈၂(က)(မြေညီထပ်)၊ ၃၃–လမ်း(အထက်လမ်း)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ☎ ၃၇၄၅၄၅ ၊ ၀၉၂၆၀၀၈၅၈၆၀

www.burmeseclassic.com

www.burmeseclassic.com



မဟာသကျအတုလမာရ်အောင် ငါးထပ်ကြီးဘုရား

ဗိုလ်တာငထောင် ကိုဦး

# မဟာသကျအတုလမာရ်အောင် ငါးထပ်ကြီးဘုရား

ရန်ကုန်မြို့တွင် တန်ခိုးကြီးဘုရားစေတီပေါင်းများစွာ ရှိလေသည်။ ထိုဘုရားစေတီပေါင်းများစွာတွင် ငါးထပ်ကြီးဘုရားသည်လည်း တစ်ဆူအပါအဝင် ဖြစ်၏။

ငါးထပ်ကြီးဘုရားသည် နှစ်ပေါင်းတစ်ရာကျော် ကြာပြီဖြစ်သော ရှေးဟောင်းဘုရားတစ်ဆူ ဖြစ်၏။ ကမ္ဘာတွင် ထင်ရှားကျော်ကြားသော ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အရှေ့ဘက် တစ်မိုင်ခန့်အကွာတွင် ရှိလေသည်။ ရှေးအခါက ဤအရပ် ဤဒေသသည် တောအုပ်ထူထပ်ပြီး သားရဲတိရစ္ဆာန်တို့ ပေါများကျက်စားရာအရပ် ဖြစ်ခဲ့သည်။

ဤတောအုပ်ကြီး အတွင်းရှိ အရှေ့တောရကျောင်း ပရိဝုဏ်အတွင်း အကျင့်သီလနှင့်ပြည့်စုံသော အရှေ့တောရ ဆရာတော်က တည်ထားကိုးကွယ်ခဲ့လေသည်။

ငါးထပ်ကြီးဘုရားသည် ခရီးသွားလာမှု လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်းကြောင့် နေ့စဉ် ဘုရားဖူးများဖြင့် စည်ကားလျက်ရှိသည်။ ပြည်တွင်းဘုရားဖူးများသာမက ပြည်ပဘုရားဖူး များစွာတို့သည်လည်း လာရောက်လေ့လာ ပူဇော်ဆုတောင်းမှုပြုကြသည်။

အထူးသဖြင့် ကြီးကိုးကြီးအဓိဋ္ဌာန်ပြု ဆုတောင်းကြသူများသည်'ကြီးကိုးကြီးစာရင်းဝင် ငါးထပ်ကြီးဘုရားသို့ နေ့စဉ်နှင့်အမျှ လာရောက်ဦးခိုက် အဓိဋ္ဌာန်ပြု ဆုတောင်းကြလေ၏။

**ဆရာတော် ဦးအာသဘ**

ဆရာတော် ဦးအာသဘသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့၊ တန့်ဆည်မြို့၊ ဖန်ခါးဇင်ရွာ၌ စစ်သူကြီးမဟာဗန္ဓုလ၏ညီတော် စစ်ကဲတော်ကြီးဖြစ်သော ငါးရာဗိုလ်ရန် အောင်ဇေယျ၏မြေးအဖ ပတ်တရာစားသူကြီးမင်း၊ မြင်းစီးကြီးမင်း တုရင်ဒိဗ္ဗဘွဲ့ခံ ဘုရားဒါယကာကြီး ဦးမှုံနှင့် အမိ ပတ်တရာစား သူကြီးကတော်၊ ဘုရားအမကြီး ဒေါ်နှစ်တို့မှ ကောဇာသက္ကရာဇ်(၁၁၉၄)ခုနှစ်၊ နယုန်လဆန်း (၁၂)ရက် တနင်္ဂနွေနေ့တွင် မွေးဖွားသန့်စင်လေ၏။


ဆရာတော်၏သာမဏေ ဥပဇ္ဈာယ်ဆရာမှာ ဇေတီရွာ ဖန်ခါးဇင်ရွာမှ လွန်လှဆရာတော် ဖြစ်သည်။ ရဟန်း ဥပဇ္ဈာယ်ဆရာမှာ တံဆိပ်တော်ရ မင္ဂရာဆရာတော်ဖြစ်ပြီး ကမ္မဝါဆရာတော်မှာ သင်္ဂဇာဆရာတော် ဖြစ်လေသည်။ ဓမ္မစရိယဆရာတော်များမှာ အမရပူရမြို့ မအိုတိုက်တံဆိပ်တော်ရ ထီးလင်းဆရာတော်၊ သင်္ဂဇာဆရာတော်နှင့် ရန်ကုန်မြို့မှ အရှေ့တောရဆရာတော် ဦးကေသရတို့ ဖြစ်ကြသည်။

သက္ကရာဇ်(၁၂၁၄)ခုနှစ်တွင် နန်းတက်သော မင်းတုန်းမင်းသည် (၁၂၁၉)ခုနှစ်တွင် အမရပူရမြို့တော်မှ မန္တလေးရတနာပုံနေပြည်တော်သို့ ပြောင်းရွှေ့ချိန်၌ ဆရာတော် ဦးအာသဘသည် ရန်ကုန်သို့ ရွှေ့ပြောင်းရောက်ရှိလာခဲ့သည်။

(၁၂၂၁)ခုနှစ်၌ ဥပဇ္ဈာယ်ဆရာ ဦးကေသရ သီတင်း

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓခြေတော်ရာအား ဖူးမြင်ရစဉ်

သုံးရာ ရန်ကုန်မြို့ အရှေ့တောရသို့ ရောက်ရှိလာပြီးနောက် ဆရာတော်ကြီး၏ ခြေတော်ရင်း၌ ရေပူရေချမ်း ကမ်းလှမ်းရင်း ဝတ်ကြီး၊ ဝတ်ငယ် ပြုစုကာ ဂန္ထဓုရ၊ ဝိပဿနာဓုရ ဓုရနှစ်ပါးကို ကျင့်ကြံအားထုတ်တော်မူလေသည်။

ရန်ကုန်မြို့ အရှေ့တောရကြီးခေါ် ယခု ငါးထပ်ကြီးဘုရားမတည်မီအချိန်က လျှိုမြောင်စိမ့်စမ်း ချိုင့်ဝှမ်းတောတောင် ထူထပ်၍ သားရဲတိရစ္ဆာန် ပေါများလှသည့် တောအုပ်ကြီးအတွင်းဝယ် ဆရာတော် ဦးအာသဘသည် နှစ်ပေါင်း(၄၄)နှစ်တိုင်အောင် သမထဝိပဿနာတရားထူးများကို ကျင့်ကြံအားထုတ်တော်မူခဲ့သည်။

ရွှေတိဂုံစေတီတော်ရင်ပြင်သို့ ကျားတက်ခဲ့သော (၁၂၆၄)ခုနှစ်၊ တပေါင်းလဆန်း (၅)ရက် နံနက်(၇း၀၀) နာရီတွင် စေတီတော်ခေါင်းလောင်းပုံ အနားစွန်း ဖောင်းရစ်နား၌ ကျားမတစ်ကောင် တက်ရောက်ခဲ့ရာ ထိုအရှေ့တောရ တောထူထပ်သော တောအုပ်အတွင်း ဆရာတော်မှာ တစ်ပါးတည်း ဧကစာကျင့်နေခဲ့သည်။ ဆရာတော်၏ သီလ၊ သမာဓိဂုဏ်တို့ကြောင့် သားရဲတိရစ္ဆာန်များသည် ဆရာတော်အား မည်သို့မျှ အန္တရာယ်မပြုခဲ့ကြပေ။

သီပေါမင်း၏ မင်းဆရာဖြစ်တော်မူသော မာလာလင်္ကာရဓဇ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ မဟာသံဃရာဇာ သာသနာပိုင် တောင်တော်ဆရာတော်ကြီးသည် ရန်ကုန်မြို့ကြီးနှင့်တကွ ဟံသာဝတီနယ် လေးရပ်အတွင်းရှိ ရဟန်းသံဃာတို့အပေါ်တွင် သာသနာအရေးကိစ္စဟူသမျှ စီရင်ဆုံးဖြတ်ရန် ဂိုဏ်းအုပ်ဆရာတော်အဖြစ် အရှေ့တောရဆရာတော် ဦးအာသဘအားသက္ကရာဇ်(၁၂၅၅) ခုနှစ်တွင် ခန့်အပ်တော်မူခဲ့လေသည်။

ဆရာတော်သည် အင်္ဂလိပ်ဗြိတိသျှတို့ အုပ်ချုပ်သောရန်ကုန်မြို့၌ ပထမဦးဆုံး အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ရရှိခဲ့၏။ ပဉ္စမမြောက် ဂျော့ဘုရင်နှင့် မေရီမိဖုရားတို့၏ ဖူးမြော်ခြင်းခံရရုံသာမက ဩဝါဒမိန့်ကြားခဲ့သော ဆရာတော်တစ်ပါးလည်း ဖြစ်လေသည်။

မြင်ကွန်းမင်းသားကြီးသည် ဆရာတော်၏ အဆွေခင်ပွန်း သူငယ်ချင်းလည်း ဖြစ်၏။ မန္တလေးနန်းတွင်းရှိအရေးတော်ပုံကြောင့် မြင်ကွန်းမင်းသားသည် ရန်ကုန်မြို့ရှိ ဆရာတော်ထံ ခိုလှုံရောက်ရှိလာပြီးနောက် ရှိခိုးဦးချကန်တော့ကာ ထိုမှတစ်ဆင့် အင်ဒိုချိုင်းနားသို့ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။



ငါးထပ်ကြီးဘုရား မုခ်ဦးအဝင်ဝ

www.burmeseclassic.com

www.burmeseclassic.com



ရှေးဟောင်းကြေးသွန်းမြတ်စွာဘုရားပုံတော်

ငါးထပ်ကြီးဘုရားဒါယကာ ဦးဘိုးအောင်၏ မိဘနှစ်ပါးဖြစ်သော ဦးဖေကြီး၊ ဒေါ်အုံးခိုင်တို့သည် ဆရာတော် ဦးအာသဘအား အရှေ့တောရ၌ သစ်သားကျောင်းဆောင် ဆောက်လုပ်လှူဒါန်းခဲ့၏။ ကျောင်းတော်ကြီးမှာ ကြမ်းတစ်ပြေးတည်း၊ ခေါင်မိုးတစ်ဆက်တည်း ကျောင်းဆောင်ကြီးဖြစ်လာ၍ မဟာမင်္ဂလာဘုံကျော်ကျောင်းဟု အမည်တွင်ခဲ့သည်။ နောင်သော် တိုင်တစ်ရာကျောင်းဟု ခေါ်ကြလေ၏။

ကျောင်းတော်ကြီးမှာ အရှေ့ဘုရားဆောင်တွင် ဘုံခုနစ်ဆင့် ပြာသာဒ်ရှိ၍ အနောက်ဘက်ကျောင်းဆောင်တွင် ယွန်းအမိုးများရှိကာ လှပဝေဆာသော ပန်းပုလက်ရာ၊ ပန်းတောင်းပန်းဆွဲ စုလစ်မွမ်းချွန်များဖြင့် တည်ဆောက်ခဲ့ကြ၏။ ကျောင်းတော်ကြီးအား သစ်သားများဖြင့် ဆောက်လုပ်ထားသော်လည်း တိုင်များမှာမူ လေးထောင့်အုတ်တိုင်ကြီးများ ဖြစ်သည်။ အုတ်တိုင်ပေါင်း တစ်ရာကျော်ရှိကြောင်း သိရလေ၏။

**ငါးထပ်ကြီးဘုရား ဒါယကာ**

ဆရာတော်ဦးအာသဘအား အစဉ်ကိုးကွယ်ခဲ့သော ဦးဖေကြီးနှင့် ဒေါ်အုံးခိုင်တို့သည် ဘုံငါးဆင့်ရှိသော အတုလရတနာ မဟာမင်္ဂလာဘုံကျော် ကျောင်းတော်ကြီးအား (၁၂၉၄)ခုနှစ်တွင် ဆောက်လုပ်လှူဒါန်းခဲ့သည်။

ကျောင်းတော်ကြီးအား ရေစက်ချပွဲ၌ သားဖြစ်သူ မောင်ဘိုးအောင်ကို သာမဏေရ ပဗ္ဗဇ္ဇမင်္ဂလာပြုလျက် သာသနာ့ဒါယကာများအဖြစ် ခံယူကြကုန်၏။

မောင်ဘိုးအောင်သည် အရွယ်ရောက်လာသောအခါ မစိမ်းရင် ဆိုသူနှင့် အကြောင်းပါခဲ့သည်။ မြန်မာပြည်အောက်ပိုင်းတွင် နယ်ချဲ့လက်အောက်၌ ပရိက္ခရာကုန်မျိုးစုံ ဖြန့်ချိရောင်းချသောလုပ်ငန်းဖြင့် ကြီးပွားချမ်းသာလာခဲ့၏။ အစိုးရမင်းတို့ ယုံကြည်ကိုးစား၍ သမာဓိမြို့ဝန်မင်းအရာ အပ်နှင်းခံရသည်။ ထို့ပြင် ရွှေတိဂုံစေတီဂေါပကဘဏ္ဍာတော်ထိန်း လူကြီးမင်းလည်း ဖြစ်၏။

ဦးဘိုးအောင်သည် ရွှေတိဂုံစေတီတော် အရှေ့ဘက် အရှေ့တောရကြီးအတွင်း ဆရာတော်ဦးအာသဘ၏ ကျောင်းပရိဝုဏ်အတွင်း၌ ဟောင်းနွမ်းပျက်စီးနေသော သာသနာ့အဆောက်အအုံများကို ဖယ်ရှားရှင်းလင်း၍ စ[illegible] ကိုင်း ငါးထပ်ကြီးဘု[illegible]သို့ ဘုရားဆင်းတုတော်ကြီးကို တည်ထားကိုးကွယ်လေသည်။



ရှေးဟောင်းတိုင်တစ်ရာကျောင်းတော်ကြီး


www.burmeseclassic.com

ဦးဘိုးအောင်သည် စစ်ကိုင်းမြို့ ရာဇမဏိစူဠာ ကောင်းမှုတော်စေတီကြီး၏ ဘုရားဒါယကာ သာလွန်မင်းကြီး၏ သားတော်ဖြစ်သော မင်းရဲရန္တမိတ် တည်ထားကိုးကွယ်ခဲ့သည့် စစ်ကိုင်းငါးထပ်ကြီးဘုရား ရုပ်ပွားတော်ပုံတူ တည်ထားကိုးကွယ်နိုင်ရန် ပန်းရန်ဆရာကြီး ဆရာဘဏ်ကို ခေါ်ဆောင်လျက် စစ်ကိုင်းမြို့သို့ သွားရောက်လေ့လာခဲ့သည်။

မြန်မာသက္ကရာဇ်(၁၂၆၂)ခုနှစ်မှ စ၍ ငါးထပ်ကြီးဘုရားအား တည်ထားခဲ့လေသည်။ စစ်ကိုင်း ငါးထပ်ကြီးဘုရားမှတစ်ပါး အုတ်အင်္ဂတေဖြင့် ပြုလုပ်သော ဆင်းတုတော်များတွင် ရန်ကုန်မြို့ ငါးထပ်ကြီးဘုရားသည် ထိုစဉ်က အကြီးဆုံးရုပ်ပွားတော်တစ်ဆူ ဖြစ်ခဲ့၏။ ဘုရားကြီး၏ ဘွဲ့တော်ကိုလည်း မဟာသကျအတုလမာရ်အောင် ငါးထပ်ကြီးဘုရားဟု ဘွဲ့မည်တော်သမုတ်ခဲ့သည်။

ငါးထပ်ကြီးဘုရား သီတင်းသုံးတော်မူရာ မူလပထမ ဂန္ဓကုဋ္ဌိကျောင်းတော်ကြီးမှာ ဘုံငါးဆင့်ရှိသော ကျောင်းတော်ကြီး ဖြစ်သည်။

ဆရာတော်ဦးအာသဘသည် တပည့်ဘုရားဒါယကာ ဦးဘိုးအောင်၊ ဒါယိကာမ ဒေါ်စိမ်းရင် မိသားစုနှင့်တကွ အများပြည်သူတို့ ထည့်ဝင်လှူဒါန်းငွေဖြင့် ရွှေ၊ ငွေ၊ ကြေးနီ၊ ကြေးဝါ ပေါင်းစပ်၍ အမြင့်(၁၂)ပေ၊ လုံးပတ်(၁၅)ပေ (၆)လက်မ၊ အချင်း(၆)ပေ (၃)လက်မ ကြေးချိန် ပိဿာငါးထောင်ရှိသော ခေါင်းလောင်းတော်ကြီးကို သွန်းလောင်းခဲ့ရာ မြန်မာသက္ကရာဇ်(၁၂၆၆)ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၉)ရက်နေ့တွင် ဘုရားကုန်းတော်ထက် ပင့်ဆောင်ရောက်ရှိခဲ့လေ၏။



ဗုဒ္ဓဂယာဆုတောင်းပြည့်ဘုရား

## အဆက်ဆက် ထိန်းသိမ်းစောင့်ရှောက်ခဲ့သူများ

ဆရာတော်ကြီး ဦးအာသဘသည် သက်တော်အိုမင်းလာပြီဖြစ်၍ မြေးတပည့်ရင်းဖြစ်သူ အဂ္ဂမဟာပဏ္ဍိတ ဒုတိယငါးထပ်ကြီးဆရာတော် ဦးဇဋိလအား သာသနာ့တာဝန်ကို (၁၂၈၂)ခုနှစ်၌ လွှဲပြောင်းအပ်နှံတော်မူခဲ့သည်။ ဆရာတော်ကြီးသည် တောရဆောက်တည်ရန် အနောက်ရိုးမဆီသို့ ထွက်ခွာသွားလေတော့သည်။

ဒုတိယငါးထပ်ကြီးဆရာတော် ဦးဇဋိလ၏ ခမည်းတော်မှာ သီပေါမင်းလက်ထက်၌ ရာဇပျံချီဟူသော ဘွဲ့ချီးမြှင့်ခံရသော ဦးဆိုးပုံ ဖြစ်၍ မယ်တော်မှာ ဒေါ်ပြန့်ဖြစ်လေသည်။

ဆရာတော်၏သာမဏေ ဥပဇ္ဈာယ်ဆရာမှာ အဘိုးဖြစ်သူ ဟံသာဝတီဂိုဏ်းအုပ်ဆရာတော် ဦးအာသဘပင်ဖြစ်၏။ အဘိုး၏ ခြေတော်ရင်း၌ စာပေကျမ်းဂန်များ သင်ကြားပြီး အသက်ပြည့်သော (၁၂၆၃)ခုနှစ်တွင် အဘိုးဖြစ်သူ ဆရာတော် ဦးအာသဘကို ဥပဇ္ဈာယ်ပြုလျက် ရဟန်းဘောင်သို့ ရောက်ရှိလာခဲ့လေ၏။

ဆရာတော်သည် သီဟိုဠ်ကျွန်း၊ ကိုလံဘိုမြို့သို့ ကြွရောက်၍ ဓမ္မယုတိကျောင်းကြီး၏ ဦးစီးနာယက အရှင်သီရိသုမင်္ဂလမထေရ်ထံ၌လည်းကောင်း၊ ယိုးဒယားဘုရင်၏ ရာဇဂုရုတံဆိပ်တော် အပ်နှင်းခြင်းခံရသော အဘိနဝါရာမ ကျောင်းတိုက်ကြီး၏ ဦးစီးနာယက အရှင်သုဘူတိမထေရ်မြတ်ထံ၌လည်းကောင်း၊ သက္ကဋဘာသာ၊ ပါဠိဘာသာ အဖြာဖြာကို လေ့လာသင်ယူတော်မူခဲ့သည်။

ရဟန်းဝါ(၂၂)ဝါအရ သက်တော်(၄၂)နှစ်တွင် ပဉ္စမမြောက် ဂျော့ဘုရင်မင်းမြတ်၏ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် အပ်နှင်းခြင်း ခံရလေသည်။

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဒုတိယငါးထပ်

www.burmeseclassic.com



လွှမ်းစေတီနှင့် လှပသော ရှုမျှော်ခင်း

ကြီးဆရာတော် ဦးဇဋိလအား အစိုးရမင်းတို့က နိုင်ငံတော် မဟာနာယကအဖြစ်လည်းကောင်း၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ဩဝါဒါစရိယအဖြစ်လည်းကောင်း၊ စေတိယင်္ဂဏ ပရိယတ္တိအသင်းကြီးက ဩဝါဒါစရိယအဖြစ် လည်းကောင်း ခန့်အပ်ခြင်း ခံရလေသည်။

ဆရာတော်သည် (၁၉၄၃)ခုနှစ်သို့ ရောက်သောအခါ တူအရင်းဖြစ်သော ဦးဇာဂရအား သုံးနှစ်တိုင်တိုင် မိမိ၏ တာဝန်များကို ပူးတွဲထမ်းဆောင်စေလျက် (၁၉၄၆) ခုနှစ်တွင် ငါးထပ်ကြီးဘုရားကြီးတည်ရာ အာရာမ်နှင့် အဆောက်အအုံများ၊ သာသနာ့တာဝန်များကို လွှဲပြောင်း တော်မူခဲ့သည်။

တတိယမြောက် ငါးထပ်ကြီးဆရာတော် ဦးဇာဂရသည် ခမည်းတော် ဦးဘိုးရာ၊ မယ်တော် ဒေါ်ငြိမ်းဘုံတို့မှ သား သမီးရှစ်ယောက်တွင် အငယ်ဆုံး သားထွေး ဖြစ်လေသည်။

သာမဏေဘဝ ဥပဇ္ဈာယ်ဆရာမှာ တန့်ဆည်မြို့ ကံဖျားဆရာတော်ကြီး ဦးကလျာဏ ဖြစ်၍ (၁၂၉၈)ခုနှစ်၊ ဒုတိယဝါဆိုလဆန်း (၈)ရက်နေ့၌ ရဟန်းဘောင်သို့ ရောက်ရှိခဲ့သည်။ ဥပဇ္ဈာယ်ဆရာမှာ ဒုတိယငါးထပ်ကြီး ဆရာတော် ဦးဇဋိလ ဖြစ်၏။

**<u>ဂန္ဓကုဋီသံအဆောက်အအုံသစ် ဆောက်လုပ်ခြင်း</u>**

ဂန္ဓကုဋီကျောင်းတော်ကြီးနှင့် သာသနိကအဆောက်အအုံများမှာ နှစ်များစွာ တရွေ့ရွေ့ပြောင်း၍ ကာလကြာညောင်းလာသောအခါ ပျက်စီးယိုယွင်းလာခဲ့သည်။

ထိုသို့ ပျက်စီးနေသဖြင့် ပြုပြင်ရန် ကြံစည်နေချိန် ကရင်ပြည်နယ် အကြံပေးအရာရှိ အင်ဂျင်နီယာကြီး ဦးအောင်ခင်သည် ငါးထပ်ကြီးဘုရားသို့ မကြာခဏ လာရောက်၍ ဖူးမြော်နေခိုက် တစ်နေ့သောအခါ ဖောင်တော်ဦးဆရာတော်နှင့် စကားစပ်မိစပ်ရာပြောရင်း အမိန့်ရှိသည်က တစ်ကြောင်း၊ မကောင်းတာမြင်လျှင် ပြင်ဆင်လေ့ရှိသည့် ဝါသနာအရင်းခံ ရှိသည်က တစ်ကြောင်းတို့ကြောင့် ဦးအောင်ခင်သည် ငါးထပ်ကြီးဆရာတော် ဦးဇာဂရနှင့် ဘုရားကြီးဒါယကာ ဦးဘိုးအောင်၏ သားသမီးများနှင့် တွေ့ဆုံကာ ဘုရားကြီးတန်ဆောင်းတော် ပြုပြင်လိုပါက မိမိမှစေတနာအလျောက် ကူညီပေးပါမည့် အကြောင်း ပြောခဲ့၏။

လ,အနည်းငယ် ကြာသောအခါ တန်ဆောင်းတော်အား သံထည်များဖြင့် ပြုလုပ်ရန် ဆုံးဖြတ်ချက်ချ၍ အင်ဂျင်နီယာကြီး ဦးအောင်ခင်သည် သဲစေတီပုံ ရေးဆွဲလျက် လိုအပ်သည့် ပစ္စည်းများ ရှာဖွေရာ မင်္ဂလာဒုံလေယာဉ်ကွင်း တည်ဆောက်ပြီးချိန်၌ ကြုံကြိုက်




အဓိဋ္ဌာန်ဆုတောင်းပြည့်ဘုရားများ



www.burmeseclassic.com

www.burmeseclassic.com



လှပသော တန်ဆောင်းမုန်ဦးနှင့် အရှေ့ဘက်တာရကျောင်းဝင်းအတွင်းရှိ ဘုန်းကြီးကျောင်းများ

၍ ပိုလျှံသံထည်များကို လေလံဆွဲ ဝယ်ယူရရှိခဲ့လေ၏။

ကျွမ်းကျင်သော အလုပ်သမားများ ငှားရမ်းရန် တိုင်ပင်နေကြစဉ် ရွှေတိဂုံစေတီတော် အနောက်ဘက်စာတ်လှေကား ဆောက်လုပ်နေကြသော လုပ်သားများ ရောက်ရှိလာပြီး မိမိတို့အား ခိုင်းစေရန် ပြောလာသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ရလေသည်။

ငါးထပ်ကြီးဘုရား သီတင်းသုံးတော်မူမည့် ဂန္ဓကုဋိသံစေတီတော်ကြီးကို (၁၃၂၅) ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၁)ရက် တနင်္ဂနွေနေ့ နံနက်(၆)နာရီတွင် ဘုရားကြီး၏ အင်္ဂါထောင့်မှစ၍ ရန်ကုန်မြို့ပေါ်ရှိ သက်တော်ရှည် ဆရာတော်ကြီး တစ်ရာကျော်တို့က ရွှေအုတ်၊ ငွေအုတ်တို့ဖြင့် အုတ်မြစ်ချခဲ့ကြ၏။ ထိုအဆောက်အအုံကြီးကို အင်ဂျင်နီယာကြီး ဦးအောင်ခင်သည် သဒ္ဓါတရားထက်သန်စွာဖြင့် အားကြိုးမာန်တက် ဆောင်ရွက်ခဲ့လေ၏။

အင်ဂျင်နီယာများစွာတို့ကလည်း ဝိုင်းဝန်းကူညီ လုပ်အားဒါန ကုသိုလ်ယူကြလေ၏။

ဂန္ဓကုဋိအဆောက်အအုံမှာ အကျယ်အဝန်း အရှေ့-အနောက် (၂၂၇)ပေ၊ တောင်-မြောက် (၁၇၂)ပေခန့် ရှိ၏။

ဆရာတော် ဦးဇာဂရသည် သာသနာ့အဆောက်အအုံကြီးကို အသစ်ပြုပြင် တည်ဆောက်ရာ၌ ဘုရားဒါယကာ ဦးဘိုးအောင်၊ ဘုရားအမ ဒေါ်စိမ်းရင် သားသမီးများက မ,တည်လျက် အများပြည်သူ ကုသိုလ်တော်ဖြင့် ဝိုင်းဝန်းလှူဒါန်း ပူးပေါင်းဆောင်ရွက်ခဲ့ကြလေ၏။

ငါးထပ်ကြီး ရုပ်ပွားတော်မှာ ကြီးမားလွန်းသဖြင့် ပလ္လင်တော်ရှိဘဲ တစ်ပေမျှသာရှိသည့် စမ္မခုံပေါ်၌သာ သီတင်းသုံးရလေ၏။ ထို့ကြောင့် ဆရာတော်က ဦးအောင်ခင်တို့အား ကြည်ညိုရှုချင်စဖွယ် ကြာပလ္လင်တော် ပြုလုပ်ပေးရန် အမိန့်ရှိစဉ် ရန်ကုန်မြို့ လမ်း(၄၀)၌နေသော ဦးဖူး၊ ဒေါ်ခင်နှင့် ကျေးဇူးရှင် မိခင်ကြီး ဒေါ်ကင်းရွှေ မိသားစုတို့က ကြာပလ္လင်နှင့် ရေကန်တော်ကို ဒါယကာခံယူကြကုန်၏။

**<u>တန်ဆောင်းတော် မီးခြင်း</u>**

သံထည်ဖြင့် အဆောက်အအုံဆောက်လုပ်ခဲ့သော ဂန္ဓကုဋိစေတီတော်ကြီး ထီးတော်မတင်မီ (၁၉၆၆)ခုနှစ်၊ စက်တင်ဘာလ (၁၂)ရက် မွန်းလွဲ(၁)နာရီအချိန်တွင် ရွှေဟင်္သာ(လင်းတ)တစ်ကောင်သည် ဦးခေါင်းကို တောင်သို့လှည့်လျက် ငါးမိနစ်ခန့် နားပြီးနောက် တောင်အရပ်သို့ ပျံသွားလေ၏။

(၁၉၆၇)ခုနှစ်၊ ဖေဖော်ဝါရီလ (၂၃)ရက် ကြာသပ



တန်ဆောင်းမုန်ဦးဝအလှနှင့် ရှည်လျားလှသော နတ်လမ်းအစ်လျောက်မြင်ကွင်း

www.burmeseclassic.com

www.burmeseclassic.com



မြင်ကွန်းမင်းသားကြီး အလှူမိုးပြေ
ဆုဇောင်းပြည့်လှူမိုးစေတီ

ငါးထပ်ကြီးဘုရား ရုပ်တုတော်၏ မကိုဋ်တော်ထိပ်တွင် တပ်ဆင်ထားသော စိန်ဖူးတော်မှာ (၂၂)ကျပ် (၁၃)ပဲ (၁)ရွေး ရွှေချိန်ရှိ၍ (၁၄)ကာရက် ပတ္တမြားတာပတာလုံးကြီးကို ပတ္တမြားလုံးရေ(၇၄၄)ပွင့်တို့ဖြင့် ခြံရံခြယ်လှယ်တန်ဆာဆင်၍ မိုးကုတ်မြို့ မြို့မရပ် ဘုရား၊ တန်ဆောင်း၊ သိမ်၊ ကျောင်းရဟန်းဒါယကာ ဦးဘအေး၊ နှမ ဒေါ်သိန်းညွန့် မောင်နှမမိသားစုက လှူဒါန်းခဲ့သည်။

ဘုရားကြီး စောင့်ရှောက်ရန်အတွက် ဆရာတော်ဦးဇာဂရသည် ကျောင်းတိုက်ရှိ သံဃာတော်များအား နေ့၊ ည အလှည့်ကျ တာဝန်ပေးအပ်လျက် စောင့်ရှောက်ရင်း တန်ဆောင်းတော်ကြီးအား ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ လုပ်ကိုင်လျက် တစ်ဖက်မှလည်း သာသနာရေးဆိုင်ရာ လုပ်ငန်းများကို လုပ်ကိုင်နေရသည်။

ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့ကြီး ပေါ်လာပြီဖြစ်၍ ဘုရားကြီးကိုလည်း ဂေါပကအဖွဲ့နှင့် ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ရဟန်းသံဃာ ဒါယကာ,ဒါယိကာမများနှင့် တိုင်ပင်ဆွေးနွေးကြရာ အားလုံးက သဘောတူ လက်ခံ



နှစ်တစ်ရာကျော်ပြီဖြစ်သော
ကြေးချိန်ပိဿာငါးထောင်ရှိသည့် ခေါင်းလောင်းတော်ကြီး

တေးနေ့ မွန်းလွဲ(၁)နာရီအချိန်တွင် ငါးထပ်ကြီးရပ်ကွက် တံမြက်စည်းလုပ်သော အိမ်မှစ၍ မီးလောင်ခဲ့ရာ ငါးထပ်ကြီးဘုရားတန်ဆောင်းတော်နှင့် ကျောင်းတိုက်အတွင်းရှိ ကျောင်းအချို့ မီးသင့်ခဲ့လေသည်။

**<u>ယနေ့မြင်တွေ့နေရသော ငါးထပ်ကြီးဘုရား</u>**

ငါးထပ်ကြီးဘုရား သီတင်းသုံးရာ ဂန္ဓကုဋိသံစေတီတော်၏ ထီးတော်ကို သံကြေးတို့ဖြင့် မပြုလုပ်တော့ဘဲ အလူမီနီယံ ဒန်သတ္တုဖြင့် ပြုလုပ်ပြီး ဓာတုဗေဒဆေးဖြင့် ရွှေရောင်စိမ်ထားလေ၏။ ထီးအောက်မျက်နှာဝမှာ ငါးပေကျော်မျှရှိ၍ အလှူရှင်မှာ အမေရိကန်နိုင်ငံ၊ ဆန်ဖရန်စစ္စကိုမြို့မှ ဦးကျင်ချိုင်၊ ဒေါ်လီလီ မိသားစုတို့က မ,တည်လှူဒါန်းငွေဖြင့် ပြည်သူအများကောင်းမှု လှူဒါန်းပူဇော်ခဲ့ကြသည်။

ထီးတော်၊ စိန်ဖူးတော်ကိုမူ ဘုရားဒါယကာ ဦးဘိုးအောင်၊ ဒေါ်စိမ်းရင်၏ သားသမီးမိသားစုတို့က မ,တည်လျက် ပြည်သူပြည်သားများက ထည့်ဝင်လှူဒါန်းကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com


ကြလေ၏။

နှစ်ပေါင်းရှစ်ဆယ်ကျော် ထိန်းသိမ်းစောင့်ရှောက်လာခဲ့သော ပထမငါးထပ်ကြီးဆရာတော် ဦးအာသဘမှစ၍ ဆရာတော်များ အစဉ်အဆက် စောင့်ရှောက်တော်မူလာခဲ့သည့် ငါးထပ်ကြီးဘုရားအား နိုင်ငံတော်သံဃနာယက အဖွဲ့ကြီးသို့ လွှဲအပ်တော်မူ၍ ပထမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆဋ္ဌမအစည်းအဝေး (၁၇-၁၁-၁၉၈၁)ရက်နေ့ ဆုံးဖြတ်ချက်အရ ဂေါပကစည်းမျဉ်းစည်းကမ်း ရေးဆွဲပြဋ္ဌာန်းပြီး ဂေါပကအဖွဲ့ဝင်လူကြီးများ ရွေးချယ်ကာ ဆရာတော်များက ဩဝါဒါစရိယ ဆရာတော်များအဖြစ် ဆောင်ရွက်ကြလေ၏။ ဆရာ၊ဒကာ ညီညီညာညာဖြင့် ရန်ကုန်မြို့ မဟာသကျအတုလမာရ်အောင် ဘွဲ့တော်ရ ငါးထပ်ကြီးဘုရားအား ထိန်းသိမ်းစောင့်ရှောက်လာခဲ့သည်မှာ ယနေ့အထိပင် ဖြစ်ပါသည်။

<u>ဆုတောင်းပြည့် လွှမ်းစေတီ</u>

ပထမငါးထပ်ကြီးဆရာတော် ဖြစ်တော်မူသော ဦးအာသဘ၏ အဆွေခင်ပွန်း သူငယ်ချင်းဖြစ်သူ မြင်ကွန်းမင်းသားကြီးသည် မြန်မာနိုင်ငံအထက်ပိုင်း နန်းတွင်းရေးပြဿနာကြောင့် မြန်မာနိုင်ငံအောက်ပိုင်း ရန်ကုန်မြို့သို့


မဟာသကျအတုလမာရ်အောင် ငါးထပ်ကြီးဘုရား
ကမ္ပည်းကျောက်စာတိုင်


ရေနှကူရိုးတိုက်အပေါ်ရှိ သံစေတီတော်

ထွက်ပြေးတိမ်းရှောင်ရင်း ဆရာတော်ထံ ခိုလှုံရောက်ရှိလာ၏။

ဆရာတော်ထံ ရောက်ရှိပြီးနောက် ဆရာတော်အား ဦးခိုက်ရှိခိုးကန်တော့ကာ ထိုမှတစ်ဆင့် အရှေ့တောရတောအုပ်မှ အင်ဒိုချိုင်းနားသို့ ထွက်ပြေးတိမ်းရှောင်သွားလေ၏။

မြင်ကွန်းမင်းသားကြီး၏ အနွယ်တော်များသည် နောင်အခါ၌ ငါးထပ်ကြီးဘုရား ခြေတော်ရင်း မြောက်အရပ်ရှိ ကျောင်းပရိဝုဏ်အတွင်း လွှမ်းစေတီ ဆုတောင်းပြည့်ဘုရားတစ်ဆူ တည်ထားကိုးကွယ်ခဲ့လေသည်။

(၁၂၈၉)ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် အဂ္ဂမဟာပဏ္ဍိတ ဒုတိယငါးထပ်ကြီးဆရာတော် ဦးဇင်္ဂလအား အမှူးထား၍ ရန်ကုန်မြို့၊ လသာလမ်း ဇရပ်အမကြီး ဒေါ်သိန်းရင် မိသားစုတို့က ဆုတောင်းပြည့်လွှမ်းစေတီအား ထပ်မံပြုပြင် မွမ်းမံပြင်ဆင်ခဲ့လေသည်။

<u>ဘက်စုံပြုပြင်မွမ်းမံမှုများ</u>

(၁၉၉၄)ခုနှစ်တွင် ငါးထပ်ကြီးဘုရားကို ဘက်စုံပြုပြင်မွမ်းမံမှုများ ပြုလုပ်ခဲ့သည်။ စီမံချက်ချမှတ် အကောင်အထည်ဖော်ရာ၌ စောင်းတန်းနှစ်သွယ်ဖြင့် ပြုပြင်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com

ရွှေဂူတိုင်လမ်းမကြီးဘေး၌ ခြင်္သေ့နှစ်ကောင်မုခ်ဦး၀မှ စကြံလမ်းတစ်လျှောက် စောင်းတန်းအတိုင်း ခြေကျင်တက်နိုင်သကဲ့သို့ ဦးထွန်းမောင် မုခ်ဦးဘေး လမ်းကျယ်မှ တစ်ဆင့် ဘုရားကြီးခြေတော်ရင်းအထိ ကားဖြင့် အလွယ်တကူတက်ရောက်နိုင်ပါသည်။ ကားများ ရပ်နားရန် ကားပါကင်များလည်း ထားရှိ၏။

မြေထိန်းနံရံများဖြင့် အခိုင်အမာဆောက်လုပ်ထားခဲ့သော စောင်းတန်းတစ်လျှောက် ကျယ်ဝန်းသော စကြံလမ်းတွင် သက်သောင့်သက်သာစွာဖြင့် ဘုရားခြေတော်ရင်းသို့ ရောက်ရှိဖူးမြော်နိုင်လေ၏။ အကွေ့အကောက် တောင်စောင်းအနိမ့်အမြင့်အတိုင်း လှပသေသပ်စွာဖြင့် ဆောက်လုပ်ထား၏။

စောင်းတန်းမှနေ၍ ဗဟန်းမြို့နယ်၏ လှပသော အဆောက်အအုံအချို့ကိုလည်း ခံစားနိုင်လေ၏။ စောင်းတန်းတစ်လျှောက် နားနေနိုင်ရန် အုတ်ခုံများ ထားရှိ၏။

ထို့ပြင် အမိုးများ ပြန်လည်ပြုပြင်ခြင်း၊ အကာများ၊ အခင်းများ ပြန်လည်ပြုပြင်ခြင်းကို အချိန်နှင့်တစ်ပြေးညီ လုပ်ဆောင်ခဲ့ကြ၏။

တန်ဆောင်းတော်ကြီး အတွင်း၌လည်း အသစ်သစ်သော ဗုဒ္ဓသန္တပစ္စည်း ပြကွက်များကိုလည်း ပြသထားလေ၏။

နိုင်ငံတော်၏ ဦးဆောင်မှုဖြင့် ဂေါပကအဖွဲ့ဝင်တို့၏ ကြိုးစားဆောင်ရွက်မှုကြောင့် တိုးတက်ပြောင်းလဲလာခဲ့သော မဟာသကျအတုလမာရ်အောင် ငါးထပ်ကြီးဘုရားသို့ တစ်ခေါက်တစ်ခါ ရောက်အောင်လာပြီး ဖူးမြော်ကြပါစို့ဟု နှိုးဆော်တိုက်တွန်းလိုက်ရပေသည်။

ခုနစ်နေ့သားသမီးအပေါင်း ဆေးဘယာကင်းဝေးကြပါစေ။

ဗိုလ်တထောင် ကိုဦး

<u>မှီငြမ်း</u>

(၁) မြေလတ်မြတ်သူ စုစည်းပူဇော်သည့် (၁၀၈)တောင် မဟာဗောဓိစွယ်တော်ရှင်စေတီတော်မြတ်ကြီးသမိုင်း။
(၂) ငါးထပ်ကြီးဆရာတော် ဦးဇာဂရ၏ ငါးထပ်ကြီးမြတ်စွာဘုရားသမိုင်း။


မှတ်ပုံတင်ပြီး

အမေ့ဆေး
အမှတ်တံဆိပ်
ဆီးချို သွေးချို
သောက်ဆေး

ပင်ရင်း အမှတ် (၃၁)၊ (၁၂၂)လမ်း၊
ရေတွင်းကုန်းရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

သုံးစွဲရန် ဆေးပမာဏ
နံနက် အစာမစားမီ (၃) ပြား
နေ့လယ် အစာမစားမီ (၃) ပြား
ည သစာမစားမီ (၃) ပြား

ဖုန်း - ၀၁ - ၃၇၆၇၀၁၊ ၀၁ - ၃၇၆၇၀၂၊ ၀၉ - ၇၃၂၀၀၉၇၀

အမြို့မြို့ အနယ်နယ်ရှိသော
ဆေးမျိုးစုံဆိုင်များတွင် ရရှိနိုင်ပါသည်။

TMR

www.burmeseclassic.com

သစ္စာမင်းခေါင်

# အကြောင်းဆက် အကျိုးဆက်တို့ဖြင့် ထူးခြားစွာဖြစ်တည်လာခဲ့သည့် သာသနာ့တော်ပွင့်လင်းရာ

# နဝနဟုတ္တိအောင်မြေကုန်းတော်

ယခင်က ဤနေရာသည် လူသူအရောက်အပေါက် ကင်းမဲ့သော ထူထပ်သည့် တောအုပ်ကြီးဖြစ်၏။ ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့မှ အရှေ့ဘက် (၇)မိုင်ခန့် အကွာ ဖလုံဘူတာကျေးရွာအုပ်စု၊ ရွှေမြိုင်သာယာရွာသစ်အနီး၌ တည်ရှိ၏။ သားရဲတိရစ္ဆာန်များ သွားလာကျက်စားသော တောအုပ်ဖြစ်၍ မည်သူမျှ ဤတောအုပ်အနီးမှ ဖြတ်သန်းသွားခြင်း မရှိကြ။



နဝနဟုတ္တိအောင်မြေကုန်းတော်၏ အစောင့်အရှောက်ဖြစ်သူ အစ်မတော်မြနန်းရှင်ရုပ်တု

**ကြံတောင်သူချက်ကြီး တောအုပ်ကို ခုတ်ထွင်ရှင်းလင်းခြင်း**

လွန်ခဲ့သော (၁၆)နှစ်ခန့်က ဖလုံဘူတာကျေးရွာနေ ကြံတောင်သူချက်ကြီး အသက်(၄၆)နှစ်သည် ကြံစိုက်ရန်အတွက် အဆိုပါ တောအုပ်ကို ခုတ်ထွင်ရှင်းလင်းခဲ့ရာ (၃)ရက်မြောက်ညတွင် ချက်ကြီးအား မုဏ်ဆိတ်ကျင်စွယ် ဖြူဖြူဖွေးဖွေးနှင့် ဒေါက်ချာဆောင်းထားသော ရသေ့ကြီး တစ်ဦးက-

"အသင် ကြံစိုက်ဖို့ ခုတ်ထွင်ရှင်းလင်းနေတဲ့ ဒီနေရာဟာ ရှေးဟောင်းဘုရားကုန်း ဖြစ်တယ်။ အသင် ကြံစိုက်ရင်လည်း အောင်မြင်ဖြစ်ထွန်းမှာ မဟုတ်ဘူး။ ဆုံးရှုံးမှုနဲ့ ကြုံရလိမ့်မယ်။ ဒီနေရာမှာ ဗုဒ္ဓသာသနာ စည်ပင်ပွင့်လင်းလာအောင် ဆောင်ရွက်ပါ။ ဘုရားစေတီများ တည်ထားပါ။ ဘရသေ့ကလည်း အောင်မြင်အောင် ကူညီစောင့်ရှောက်ပါ့မယ်"ဟု အိပ်မက်ပေး ပြောကြားခဲ့၏။

ဘုရားဟောင်းရှိသည့်နေရာကို လက်ညှိုးညွှန်ပြခဲ့၏။

**ကြံတောင်သူချက်ကြီး အဓိဋ္ဌာန်ဝင်ခြင်း**

အထက်ပါအတိုင်း ဘရသေ့က အိပ်မက်ပေး ပြောကြားခဲ့ပြီးနောက် ကြံတောင်သူ ချက်ကြီးသည် ကြံစိုက်ရန်အတွက် တောအုပ်ခုတ်ထွင်ရှင်းလင်းခြင်းကို ရပ်တန့်ကာ အိပ်မက်ထဲ၌ ဘရသေ့ ညွှန်ပြခဲ့သည့် ထိုတောအုပ်၏ ကုန်းမြင့်နေရာတွင် အဓိဋ္ဌာန်(၄၅)ရက် ဝင်ရောက်ခဲ့၏။

**အစ်မတော်မြနန်းရှင်နှင့် တွေ့ဆုံရခြင်း**

အဆိုပါ ချက်ကြီးသည် ဖော်ပြပါ တောအုပ်အတွင်းရှိ ကုန်းမြင့်ပေါ်တွင် အဓိဋ္ဌာန်စခန်း ဝင်ရောက်ခဲ့ပြီးနောက် (၂၇)ရက်မြောက်နေ့၌ ညနေ နေဝင်ရီတရော

www.burmeseclassic.com

အချိန်တွင် လွန်စွာမွှေးပျံ့ကြိုင် လှိုင်သော ပန်းပေါင်းစုံရနံ့များ သည် ကုန်းမြင့်တစ်ခုလုံး၌ ဖုံး လွှမ်းသွားခဲ့၏။ ထိုသို့ ပန်းပေါင်း စုံ ရနံ့များ ကြူကြူလှိုင်အောင် ထွက်ပေါ်လာပြီးနောက် ကုန်းမြင့် နှင့် မနီးမဝေး အရှေ့မြောက်ဘက် ထောင့်တွင် အစိမ်းရောင် နန်း ဆွင်းဝတ်စုံနှင့် လွန်စွာချောမော လှပသော အမျိုးသမီးတစ်ဦး ရပ် နေသည်ကို ချက်ကြီး တွေ့မြင် လိုက်ရ၏။ ထိုအမျိုးသမီးသည် နက်မှောင်ရှည်လျားသော ဆံပင် များကို နောက်တွင် ဖြန့်ချထားပြီး ချက်ကြီး ရှိနေသည့်နေရာသို့ တစ် လှမ်းချင်း လျှောက်လာ၏။

ယင်းနောက် ချက်ကြီးအား–

'မောင်ချက်ကြီး··အစ်မတော် က ဒီကုန်းရဲ့ အစောင့်အရှောက် မြနန်းရှင်ပါ။ မောင်ချက်ကြီးအနေ နဲ့ ဒီနေရာမှာ သာသနာတော် ပွင့် လင်းလာအောင် ဆောင်ရွက်ပါ။ အစ်မတော်အနေနဲ့ အစစအရာရာ မှာပိုးကူညီပါ့မယ်' ဟု ပြောကြားခဲ့ ၏။

ချက်ကြီးကလည်း 'ဒီကုန်း ပေါ်မှာ သာသနာတော် ပွင့်လင်း လာအောင် ကိုယ်စွမ်းဉာဏ်စွမ်း ရှိသရွေ့ ဆောင်ရွက်သွားပါ့မယ်' ဟု ကတိပြုပြောကြားခဲ့၏။

ယင်းနောက် အစ်မတော် မြနန်းရှင်သည် ကုန်း၏ အရှေ့ မြောက်ဘက် တောစပ်သို့ တရွေ့ ရွေ့ ပြန်လည်ထွက်ခွာသွားခဲ့ပြီး ရုတ်တရက် ပျောက်ကွယ်သွားခဲ့ လေ၏။



နဝနဟုတ္တိအောင်မြေကုန်းတော်က တောင်ပိုင်ဆိုးအိုးကြီးရုပ်တု



နဝနဟုတ္တိအောင်မြေကုန်းတော်က ထွက်ရပ်ပေါက်ဝိဇ္ဇာမိုရ်၏ အဘဘိုးမင်းခေါင်ရုပ်တု



နဝနဟုတ္တိအောင်မြေကုန်းတော်သို့ အဝင်မုခ်ဦး

www.burmeseclassic.com

www.burmeseclassic.com



နဝနဟုတ္တိအောင်မြေကုန်းတော်က အရဟာတောစေတီတော်



နဝနဟုတ္တိအောင်မြေကုန်းတော်က အရဟာတောဘုန်းတော်ကြီးကျောင်း



အင်းစိန်ဈေးမှ မဒွေးဒွေးနှင့် ဒေါ်မိတ်ဆွေများ လှူဒါန်းသော
နဝနဟုတ္တိအောင်မြေကုန်းတော်က သာသနာလင်္ကာရသိမ်တော်

ယင်းနောက်ပိုင်းတွင် ချက်ကြီးသည် အဓိဋ္ဌာန်ပြီး၍ အိမ်ပြန်မည့်အခါတိုင်း 'အစ်မတော် မြနန်းရှင်ရေ..ကျွန်တော် ချက်ကြီး ပြန်ပြီဗျို့'ဟု တိုင်တည်အော်ဟစ်လေ့ရှိရာ ချက်ကြီး ပြန်သည့်လမ်းတစ်လျှောက် မွှေးပျံ့ကြိုင်လှိုင်သော ပန်းရနံ့များသည် ထက်ကြပ်ပါလာခဲ့ပြီး တောအုပ်အထွက်နားရောက်မှ ပျောက်ကွယ်သွားလေ့ရှိသည်ဟု ချက်ကြီးက ပြောကြား၏။

**တောင်ပိုင်ဘိုးဘိုးကြီး အိပ်မက်ပေးခြင်း**


ချက်ကြီး အဓိဋ္ဌာန်စခန်းမပြီးမီ ညတစ်ညတွင် အညိုရောင် ဝတ်စုံဝတ် အဘိုးကြီးတစ်ဦးက-

'ငါက ဒီနေရာက တောင်ပိုင်ဘိုးဘိုးကြီးပဲကွ။ မင်းအနေနဲ့ ဒီကုန်းမှာ ဘုရားတည်ပါ။ ငါ ကူညီစောင့်ရှောက်မယ်။ ပဋ္ဌာန်းဆက်ရှိတဲ့ ခုနစ်နေ့သားသမီးတွေလည်း ရောက်လာကြပြီး မင်းကို ကူညီကြလိမ့်မယ်။ ဒီကုန်းက တောင်ပို့နီနီထဲမှာ မကိုင်နဲ့၊ စလွယ်နဲ့ ဘုရားဆင်းတုတော် ရှိတယ်။ အချိန်ကျရင် တွေ့လိမ့်မယ်'ဟု အိပ်မက်ပေး ပြောကြားခဲ့၏။

**ဘုရားသော့အား လူကိုယ်တိုင် တွေ့ရှိရခြင်း**

ကြံတောင်သူ ချက်ကြီးသည် အဆိုပါ တောအုပ်အတွင်းရှိ ဖော်ပြပါ ဘုရားကုန်း၌ (၄၅)ရက်အဓိဋ္ဌာန် ဝင်ခဲ့ပြီးနောက် အဓိဋ္ဌာန်ပြီးဆုံးသည့် ညနေ(၆)နာရီခန့်တွင် တောအုပ်အတွင်းမှ ထွက်လာ

www.burmeseclassic.com



နဝနဟုတ္တိအောင်မြေကုန်းတော်က လျောင်းတော်မူဘုရား ရှေ့တော်၌ တွေ့ရသော (ဝိမုဿာ) သာသနာပြုပုဂ္ဂိုလ် အဘဦးသန်းဌေး၊ ကြံတောင်သူ ချက်ကြီးနှင့် ကျေးရွာလူကြီးများ

သည့် ရသေ့တစ်ပါးသည် ချက်ကြီးအနီးသို့ ရောက်ရှိလာခဲ့၏။ ထိုရသေ့မှာ ချက်ကြီး အိပ်မက်ထဲ၌ တွေ့မြင်ခဲ့ရသည့် ဘရသေ့ပင်ဖြစ်ကြောင်း သိရှိလိုက်၏။

ချက်ကြီးသည် ဘရသေ့ကို ရှိသေစွာ ဝတ်ဖြည့် ကန်တော့ပြီး "ဒီနေ့ တပည့်တော် အဓိဋ္ဌာန် (၄၅)ရက် ပြီးဆုံးအောင်မြင်ခဲ့ပါပြီ ဘရသေ့။ ဒီကုသိုလ်အဖို့ဘာဂကို ဘရသေ့ကိုလည်း အမျှပေးဝေပါတယ်"ဟု ပြောကြားလိုက်၏။

ထိုအခါ ဘရသေ့က ချက်ကြီး၏ ဦးခေါင်းကို သုံးချက်ပွတ်ပြီး "သာဓုကွယ်..သာဓု..သာဓု..အမျိုး၊ ဘာသာ၊ သာသနာ အကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေ။ ဒီနေရာမှာ ဘုရားတည်ဖို့ အမြန်ဆုံး ဆောင်ရွက်ပါ"ဟု ပြောကြားကာ ချက်ကြီးအနီးမှ ပြန်လည်ထွက်ခွာသွားခဲ့လေ၏။

ချက်ကြီးဘုရားတည်ပြီ

ဤသို့အားဖြင့် ကြံတောင်သူ ချက်ကြီးသည် ထိုတောအုပ်ရှိ မြေနေရာ(၉)ဧကကို ခုတ်ထွင်ရှင်းလင်းကာ နာမ်လောကပုဂ္ဂိုလ်များဖြစ်ကြသည့် ဘရသေ့၊ တောင်ပိုင်



နဝနဟုတ္တိအောင်မြေကုန်းတော် ဘုန်းတော်ကြီးကျောင်း၌ ကောစာရှိ တစ်ပါးတည်း သီတင်းသုံးလျက်ရှိသော ဆရာတော် ဦးဝိလာသ (သက်တော် ၆၉ နှစ်၊ ဝါတော် ၂၁ ဝါ)



ထူးခြားသော ပဌာန်းစက်မြင့် နဝနဟုတ္တိအောင်မြေကုန်းတော်က အရဟာတောစေတီတော်အား နှစ်ကြိမ်တိုင်တိုင် လာရောက် ထီးတော်တင်ခဲ့သူ ရှမ်းပြည်နယ်၊ ရပ်စောက်မြို့နယ် အင်ကြင်းတောရက ကိုရင်ဇဋိလ

www.burmeseclassic.com

www.burmeseclassic.com


နဝနဟုတ္တိအောင်မြေကုန်းတော်က ကျိုက်ထီးရိုးစေတီ


နဝနဟုတ္တိအောင်မြေကုန်းတော်ရှိ ရပ်တော်မူဘုရား


နဝနဟုတ္တိအောင်မြေကုန်းတော်က နဂါးရုံဘုရား

ဘိုးဘိုးကြီး၊ အစ်မတော်မြစိမ်းရှင်တို့၏ ထူးခြားသော ကူညီမှုများဖြင့် တောအုပ်အလယ် ကုန်းမြင့်ပေါ်တွင် ဉာဏ်တော် အမြင့်(၁၈)တောင်နှင့် (၁)ထွာရှိ စေတီတော်တစ်ဆူကို တည်ထားခဲ့လေ၏။ စေတီတည်ထားရန် မြေတူးရာတွင် အဖုံး၌ ကနုတ်ပန်းများ ရေးထွင်းထားသော ရှေးခေတ်လက်ရာ သပိတ်တစ်လုံးကို တွေ့ရှိခဲ့လေ၏။ ထိုသပိတ်အဖုံးကို မဖွင့်ရန် တောင်ပိုင်ဘိုးဘိုးကြီးက ချက်ကြီး၏ ဖခင်ဖြစ်သူ ဈေးရွာကောင်စီဥက္ကဋ္ဌ ဦးသိန်းအောင်ကို ထိုနေ့ ညတွင်ပင် အိပ်မက်ပေးပြောကြားခဲ့လေ၏။ သို့အတွက်ယင်းသပိတ်အဖုံးကို မဖွင့်တော့ဘဲ စေတီတော်၏ အောက်ဌာပနာတိုက်၌ ဌာပနာထည့်သွင်းခဲ့၏။

စေတီတည်ထားရာတွင် ရန်ကုန်မြို့၊ လှိုင်မြို့နယ် မေဓာဝါဒီဆရာတော်နှင့် နယ်လှည့်သာသနာပြု သီဟာရာဇာဆရာတော်တို့က ဩဝါဒပေး လမ်းညွှန်ကာ ကြီးကြပ်ဆောင်ရွက်ပေးတော်မူခဲ့ကြ၏။ စေတီတော်၏ ဘွဲ့တော်ကိုလည်း အရဟာတောစေတီတော်ဟု ဘွဲ့တော်ဆက်ကပ်ခဲ့ကြပြီး စေတီတော်တည်ရှိရာ ကုန်းမြင့်ကိုလည်း နဝနဟုတ္တိအောင်မြေကုန်းတော်ဟု အမည်ခေါ်ဝေါ် သမုတ်ခဲ့ကြ၏။

## အရဟာတောစေတီတော်ကို ထီးတော်တင်ပေးသည့် ရှမ်းပြည်နယ်မှ ကိုရင်လေး

ဖော်ပြပါ နဝနဟုတ္တိအောင်မြေကုန်းတော်ရှိရာ အရဟာတောစေတီ

www.burmeseclassic.com

www.burmeseclassic.com

တော်ကို ထီးတော်တင်ရာတွင် ထူးခြားသော ပဋ္ဌာန်းဆက်ဖြင့် ရောက်ရှိလာသည့် ရှမ်းပြည်နယ်၊ ရပ်စောက်မြို့နယ်၊ အင်ကြင်းတောရက ကိုရင်လေး ဇဋီလက ထီးတော်တင်လှူပေးခဲ့၏။ ဒုတိယအကြိမ် ထီးတော်တင်ရာတွင်လည်း အဆိုပါ ကိုရင်လေးကပင် လာရောက် ထီးတင်ပေးခဲ့၏။



နဝနဟုတ္တိအောင်မြေကုန်းတော်က ဇောတိပင်နှင့် ဂြိုဟ်ရှစ်ခွင်ဘုရားများ

**နဝနဟုတ္တိအောင်မြေကုန်းတော်၌ ကိန်းဝပ်စံပယ်မည့် ရုပ်ပွားတော်(၂)ဆူ**

ခရစ်နှစ်(၂၀၁၅)ခုနှစ်၊ ဧပြီလ၏ တစ်ခုသောညတွင် ဖော်ပြပါ ကြံတောင်သူ ချက်ကြီးအား ထိုကုန်း၏အစောင့်အရှောက်ဖြစ်သူ အစ်မတော်မြနန်းရှင်က အိပ်မက်ပေး ပြောကြားခဲ့ပြန်၏။

အိပ်မက်ထဲတွင် မန္တလေးမဟာမြတ်မုနိပုံတူ ရုပ်ပွားတော်(၁)ဆူ၊ ဇလွန်ပြည်တော်ပြန်ဘုရားနှင့် ပုံတော်တူ ရုပ်ပွားတော်တစ်ဆူနှင့် ကျောပေးထားသော ထိုင်တော်မူ ရုပ်ပွားတော် (၁)ဆူတို့ကို ဖူးမြင်ရ၏။ အစ်မတော်မြနန်းရှင်က ဒီရုပ်ပွားတော်တွေနဲ့ ပုံစံတူ ရုပ်ပွားတော်တွေကို ဒီကုန်းတော်မှာ တည်ထားရန် ချက်ကြီးအား ပြောကြားခဲ့၏။

ချက်ကြီးသည် မဟာမြတ်မုနိပုံတော်တူ ရုပ်ပွားတော်နှင့် ဇလွန်ပြည်တော်ပြန်ဘုရားကြီး ပုံတူရုပ်ပွားတော်တို့ကို တည်ထားရန် အလှူရှင်များနှင့် စီစဉ်ဆောင်ရွက်ခဲ့ရာ ပဋ္ဌာန်းဆက် မရှိလေရော့သလားမသိ၊ အောင်မြင်မှုမရှိဖြစ်ခဲ့ရ၏။ ထိုအတောအတွင်း အကျင့်စရဏ ထူထောင်တာ ဘုရားတည် သာသနာပြုလုပ်ငန်းများ ဆောင်ရွက်နေသူ မြောက်ဥက္ကလာပနေ အဘဦးသန်းဌေးအား အစ်မတော် မြနန်းရှင်က ဒီကုန်းတော်မှာ မဟာမြတ်မုနိနဲ့ ဇလွန်ပြည်တော်ပြန်ဘုရား(၂)ဆူကို အဘဦးစီးပြီး တည်ပေးပါ။ အောင်မြင်မှာပါဟု အိပ်မက်ပေး ပြောကြားခဲ့၏။

"မကြာမီ တစ်နေ့တွင် အဘဦးသန်းဌေးထံသို့ အင်းစိန်ဆေး၊ အပ်ချုပ်ဆိုင်ပိုင်ရှင် မဌေးဌေး ရောက်လာပြီး "တိုက်ကြီးက နဝနဟုတ္တိ ဘုရားကုန်းမှာ ဘုရား(၂)ဆူတည်ဖို့ စီစဉ်နေတာ မအောင်မြင် ဖြစ်နေတယ်။ အဲဒါ အဘ တာဝန်ယူပြီး တည်ပေးပါ"ဟု ပြောကြားခဲ့ပြန်၏။

သို့နှင့် သာသနာပြုပုဂ္ဂိုလ် အဘဦးသန်းဌေးသည် မဌေးဌေးတို့ အဖွဲ့နှင့်အတူ ဖော်ပြပါ တိုက်ကြီးမြို့နယ်၊ ရွှေမြိုင်ရွာသစ် အနီး၌ တည်ရှိသည့် နဝနဟုတ္တိအောင်မြေ



နဝနဟုတ္တိအောင်မြေကုန်းတော်က တံခွန်တိုင်

www.burmeseclassic.com

www.burmeseclassic.com



နဝနဟုတ္တိအောင်မြေကျောင်းတော်၌ ကိန်းဝပ်စံပယ်ရန် သွန်းလုပ်လျက်ရှိသည့် မဟာမြတ်မုနိရုပ်ပွားတော်အား မြောက်ဥက္ကလာ ပဋ္ဌာန်းစေတီပရိဝုဏ်၌ ဖူးတွေ့ရစဉ်



နဝနဟုတ္တိအောင်မြေကျောင်းတော်၌ ကိန်းဝပ်စံပယ်ရန် သွန်းလုပ်လျက်ရှိသည့် ဇလွန်ပြည်တော်ပြန်ဘုရားပုံတူအား မြောက်ဥက္ကလာ ပဋ္ဌာန်းစေတီပရိဝုဏ်၌ ဖူးမြင်ရစဉ်

ကျောင်းတော်သို့ သွားရောက်ခဲ့ပြီး မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းကာ အဆိုပါ ရုပ်ပွားတော်(၂)ဆူ ကိန်းဝပ်စံပယ်မည့် နေရာကို ရွေးချယ်သတ်မှတ်ခဲ့၏။ ယင်းနောက် မြောက်ဥက္ကလာပ၊ နွယ်နီ(၁၆)လမ်းရှိ ပဋ္ဌာန်းစေတီတော် ပရိဝုဏ်တွင် ဖော်ပြပါ ပုံတော်တူရုပ်ပွားတော် (၂)ဆူကို ကျွမ်းကျင်ပညာရှင်များနှင့် သွန်းလုပ်ခဲ့ရာ ယခုအခါ ပြီးစီးနေပြီဖြစ်ပြီး မကြာမီကာလအတွင်း ထိုရုပ်ပွားတော်(၂)ဆူကို တိုက်ကြီးမြို့နယ်ရှိ ဖော်ပြပါ နဝနဟုတ္တိအောင်မြေကျောင်းတော်သို့ ပင့်ဆောင်ပူဇော်တော့မည် ဖြစ်၏။

ဤရုပ်ပွားတော်(၂)ဆူကို သွန်းလုပ်ခဲ့ရာတွင် ဖော်ပြပါ နဝနဟုတ္တိအောင်မြေကျောင်းတော်မှ အစောင့်အရှောက်ဖြစ်သူ အစ်မတော်မြနန်းရှင်က ထူးခြားစွာ ကူညီမှုပြုခဲ့သည်ဟု သာသနာပြုပုဂ္ဂိုလ် အဘဦးသန်းဌွေးက ပြောကြား၏။



ကြံတောင်သူ ရုပ်ကြီး၊ သာသနာပြုပုဂ္ဂိုလ် အဘဦးသန်းဌွေးနှင့် (၇)နေ့သားသမီးတပည့်များအား နဝနဟုတ္တိအောင်မြေကျောင်းတော်၌ တွေ့မြင်ရစဉ်

**နဝနဟုတ္တိအောင်မြေကျောင်းတော်က ထူးခြားသော ဆေးတောင်ပို့**

အဆိုပါ နဝနဟုတ္တိအောင်မြေကျောင်းတော်ပရိဝုဏ် အရှေ့ဘက် တောင်ထောင့်တွင် ထူးခြားသော တောင်ပို့တစ်ခုကိုလည်း တွေ့မြင်

www.burmeseclassic.com

www.burmeseclassic.com

ရ၏။ ဆေးတောင်ပို့ဟု ထင်ရှားပြီး ထိုတောင်ပို့မှ မြေကို ယူ၍ သွေးလိမ်းလျှင် ရောဂါဘယများနှင့် အမှောင့်ဝယောဂများ ပျောက်ကင်းသည်ဟု ဆို၏။

**__သာသနာတော်ပွင့်လင်းလာသည့်__**
**__နဝနဟုတ္တိအောင်မြေကုန်းတော်__**

ယခင်က သားရဲတိရစ္ဆာန်များဖြင့် ပြွမ်းတီးသော ထူထဲသည့် တောအုပ်ချုံနွယ်များဖြင့် ဖုံးလွှမ်းထားသော ထိုနေရာသည် ယခုအခါ ဘုရား၊ စေတီ၊ တန်ဆောင်းများ၊ ကျောင်း၊ ကန်၊ ဇရပ်များဖြင့် ဝေဆာတင့်တယ်နေသည့် သာသနာတော်ပွင့်လင်းရာ နဝနဟုတ္တိအောင်မြေကုန်းတော် အဖြစ် ထင်ရှားနေပြီဖြစ်၏။

တိုက်ကြီးမြို့အလွန် ဖလုံကံကုန်းကျေးရွာလမ်း အတိုင်း ဝင်လာပြီး ထိုမှတစ်ဆင့် ဖလုံဘူတာကျေးရွာမှနေ၍ ရွှေမြိုင်သာယာရွာသစ်အနီးရှိ တောအုပ်များ ဝန်းရံထားသော ဖော်ပြပါ နဝနဟုတ္တိအောင် မြေကုန်းတော်သို့ ရောက်ရှိနိုင်ပါ၏။

အကျိုးဆက် အကြောင်းဆက် ရှိသူတို့သည် အေးချမ်းတိတ်ဆိတ်သော ဝန်းကျင်တစ်ခုဖြစ်၍ တောအုပ်တောတန်းများ ဝန်းရံထားသော အဆိုပါ နဝနဟုတ္တိအောင်မြေကုန်းတော်သို့ သွားရောက်၍ ဘုရားစေတီများအား ဖူးမြော်လိုသည်ဖြစ်စေ၊ ရက်ရှည်အဓိဋ္ဌာန်ဖြင့် တရားဘာဝနာများ အားထုတ်လိုသည်ဖြစ်စေ ကြံတောင်သူ ချက်ကြီး၊ ဖလုံဘူတာကျေးရွာ၊ တိုက်ကြီးမြို့နယ်၊ ဖုန်း ၀၉ ၇၇၇၃၈၈ ၁၃၁ သို့ ဆက်သွယ်ပါက လိုအပ်သမျှကို စေတနာထက်သန်စွာဖြင့် အကူအညီပေးလိမ့်မည် ဖြစ်ပါ၏။

နာမ်လောကမှ ပုဂ္ဂိုလ်တို့၏ ထူးကဲသောကူညီမှုဖြင့် ဖြစ်တည်လာခဲ့သော တိုက်ကြီးမြို့နယ်၊ ရွှေမြိုင်ရွာသစ်အနီးမှ သာသနာတော်ပွင့်လင်းရာ အဆိုပါ နဝနဟုတ္တိအောင်မြေကုန်းတော်သို့ အကျိုးဆက် အကြောင်းဆက် ရှိသူတို့ ရောက်ရှိနိုင်ကြပါစေသတည်း။

(၇)နေ့သားသမီးများအားလုံး နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

မေတ္တာရည်၍
သစ္စာမင်းခေါင်


နှလုံးတုန်၊ ရင်ခုန်၊ မူးဝေသူများအတွက်

# နန်းထိပ်တင်




နှလုံးခုန်နှုန်း မမှန်ခြင်း၊ နှလုံးသွေးကြော ကျဉ်းခြင်း၊ ကျယ်ခြင်း၊ နှစ်ခြိုက်စွာ အိပ်မရခြင်း၊ အိပ်ရာမှနိုးစတွင် ရင်တဒိတ်ဒိတ်ခုန်ခြင်း၊ ဦးခေါင်းမကြည်မလင် မူးဝေခြင်း၊ စိတ်မကြည်မလင် ထိုင်းမှိုင်းခြင်း၊ အသားအရေ မွဲခြောက်ပိန်လှီခြင်း၊ မအီမသာဖြစ်ခြင်း၊ အသက်ရှူမမှန်ခြင်း၊ နှလုံးနှင့်ပတ်သက်သော ရောဂါများအတွက် သုံးစွဲနိုင်ပါသည်။ ဤဆေးကို နေ့စဉ်မှန်မှန် သောက်သုံးပါက အသားအရေ စိုပြေကြည်လင် လှပနုပျိုး ကျန်းမာသက်ရှည်ပါမည်။

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် - ၉/၂၀၁၀ တဆထလ(၂၀၂၆)
ယာယီဆေးဝါးမှတ်ပုံတင်အမှတ် - ၀၂၁၃ Y ၀၁၀၁၇၈
ကြော်ငြာခွင့်ပြုချက် - ၂၃၁/၁၀၁၃ [တဆထက(တနယ်ဖင်း)]

ပင်ရင်း၊ နန်းထိပ်တင်ဆေးဆိုင် - တိုက်(၅)၊ အခန်း(၁၀၁)၊ သီရိမင်္ဂလာအိမ်ရာ၊ ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့
၀၉ ၂၀၀၀၉၉၇၊ ☎ (၀၁) ၂၁၀၈၈၃
ရန်ကုန် - ဆိုင်အမှတ်(B-50. 51)ရွှေပြည်စုံဈေး (ဒုတိယထပ်)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
၀၉၄၂၁၀၀၇၇၈၃၊ ၀၉၄၂၀၁၈၀၂၃၀
မန္တလေး - ဈေးချိုဝယ်ဈေး/Eရုံ(သစ်ရုံ)၊ အမှတ် - ၉၆(မြေညီထပ်)၊ ဈေးချို မန္တလေးမြို့ ☎ (၀၂) ၃၁၀၈၀

www.burmeseclassic.com

လေမုန်တိုင်းဒဏ်၊ ငလျင်ဒဏ် အကြိမ်ကြိမ်ခံခဲ့ရသော်လည်း
သာသနာ့ဒါယကာ မင်းအစဉ်အဆက် ပြုပြင်တည်ခဲ့သည့် ကုသိုလ်တော်

# ရွှေမော်ဓောစေတီတော်

ကိုမိုး(ရွှေပြည်သာ)

အတုမရှိမြတ်ဗုဒ္ဓဘုရားရှင်၏ ကိုယ်ပွားရုပ်ပွားတော် စေတီတော်မြတ်များ ကာလရှည်ကြာလာ၍ ပျက်စီးယိုယွင်းလာသည်ကို တွေ့မြင်ရပါလျှင် ကြည်ညိုသဒ္ဓါစိတ်ဖြင့် ရိုသေလေးမြတ်စွာ ပြင်ဆင်သောသူတို့သည် ယခုဘဝ၌ပင် အသက်ရှည်ခြင်း၊ အနာရောဂါကင်းရှင်းခြင်း၊ ဥစ္စာပစ္စည်းများ မယိုဖိတ်နိုင်ခြင်း အစရှိသော အကျိုးတရားတို့ကို ရရှိခံစားကြရမည် ဖြစ်ပါသည်။ နောင်ဘဝ၌လည်း တင့်တယ်သော အမျိုး၌သာ ဘဝရခွင့်ကြုံရခြင်း၊ မပြည့်မစုံ မကြွယ်ဝသော မိဘများနှင့် ကြုံရပါကလည်း စောင့်ရှောက်ပေးကမ်းမည့်သူ ပေါ်ပေါက်ရခြင်း၊ အလုပ်အကိုင် စီးပွားရေးတွင် ကူညီမည့်သူ ပေါ်ပေါက်ရခြင်း၊ တင့်တယ်၍ အဆင်းလှပခြင်း၊ အဝတ်အထည် ပေါများခြင်း၊ ဆွေကောင်းမျိုးကောင်းနှင့် တွေ့ဆုံရခြင်း၊ အသက်ရှည်စွာ နေရခြင်း၊ ချစ်သောသူတို့နှင့် တာရှည်စွာ ပေါင်းဖက်ရခြင်း၊ ဥစ္စာပစ္စည်းများ တည်မြဲစွာ ပိုင်ဆိုင်ရခြင်း အကျိုးတို့ ရရှိနိုင်သည်ဟု ဗုဒ္ဓဘာသာဝင် မြန်မာနိုင်ငံသားတို့ ယုံကြည်မှု ရှိခဲ့ကြပါသည်။



မုခ်ဦးနှင့် ရွှေမော်ဓောစေတီ

အလောင်းတော်သိဒ္ဓတ္ထမင်းသားသည် မြင့်မြတ်သော ဆန္ဒတော်ဖြင့် သုံးဖြာစရိယပါရမီ သမ္ဘာရတို့ကို ဖြည့်ကျင့်တော်မူခဲ့ပြီး သက္ကရာဇ်(၁၀၃)ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် မြတ်ဘုရားဗုဒ္ဓအဖြစ် စင်စစ်ရောက်ရှိတော်မူခဲ့ပါသည်။

ဥက္ကလာဇနပုဒ်မှ ရောက်ရှိလာသော တဖုဿ၊ ဘလ္လိက ညီနောင်တို့အား ဘုရားရှင်၏ ဇီဝသန္တာန်တော်မှ ဆံတော်ဓာတ် (၈)ဆူကိုလည်းကောင်း၊ ဆဋ္ဌဝါမကုလတောင် ချယားတော၌နေစဉ် ဒုံဖိုင်းတူ (ခေါ်) ဓောင်းတူမြို့သား ရှူဋ္ဌသာလ၊ မဟာသာလညီနောင်တို့အား အသက်ရှိဆဲ ဇီဝသန္တာန်တော်မှပင် ဆံတော်ဓာတ်(၂)ဆူကိုလည်းကောင်း ကိုယ်စားကိုးကွယ်နိုင်ရန် ချီးမြှင့်ပေးသနားတော်မူခဲ့ပါသည်။

တဖုဿနှင့် ဘလ္လိက ညီနောင်တို့က အလှူခံရသည့် ဆံတော်ဓာတ်ကို တိရမ္ဘစေတီတော်ကြီး ရွှေတိဂုံ၌ ဌာပနာ ပူဇော်ခဲ့ကြ၍ ရှူဋ္ဌသာလနှင့် မဟာသာလတို့ ညီနောင်ပင့်ဆောင်ခဲ့သော ဆံတော်ဓာတ်(၂)ဆူကို ဟံသာဝတီ (ပဲခူး)နေပြည်တော် ရွှေမော်ဓော စေတီတွင် ကိန်းဝပ်ဌာပနာထားခဲ့ပါကြောင်း ရေးဟောင်းစေတိယဝံသကထာ၌ တိုက်ရိုက်ဖွင့်ဆိုထားခဲ့သည်။

## ရွှေမော်ဓောစေတီတော် သမိုင်းအကျဉ်း

သဗ္ဗညုတရှင်တော်မြတ်ဘုရား ငါးဝါလွန်မြောက်၍ ခြောက်ဝါခန့်တွင် ဒုံဖိုင်းတူမြို့ (ယခု ဓောင်းတူမြို့)နေ ရှူဋ္ဌသာလနှင့် မဟာသာလကုန်သည်ညီနောင်တို့ ရာဇဂြိုဟ်ပြည်သို့ ကုန်ရောင်းဝယ်ရန် ရောက်



www.burmeseclassic.com

www.burmeseclassic.com



ရေ့တောင်ပြည့် ဆံတော်ရှင် ရွှေမော်ဓောစေတီတော်ကြီး

ခဲ့ကြသည်။

မြတ်စွာဘုရားရှင်ကို ရာဇဂြိုဟ်မြို့၌ လှူဒါန်းဖွယ်များနှင့် ရှိသေစွာ ရှိခိုးကန်တော့ခဲ့ကြ၍ မိမိတို့ဒေသဆီ ဒေသစာရီ ကြွချီးမြှင့်တော်မူရန် တောင်းပန်လျှောက်ထားခဲ့ကြသည်။ ဖြစ်လတ္တံ့အမှန်ကို သိနိုင်သော ဉာဏ်တော်နှင့် ဆင်ခြင်တော်မူ၍ ဒုံဗိုင်းတူ အရပ်ဖြစ်သော ဟံသာဝတီပြည်ကြီးသည် သာသနာတော်ထွန်းလင်းတောက်ပမည့် နိမိတ်မြင်တော်မူ၍ မြတ်စွာဘုရားရှင်က ဦးခေါင်းတော်ကို လက်ယာလက်မောင်းတော်နှင့် သုံးသပ်၍ နှစ်ဆူသော ဆံတော်ဓာတ်ကို စူဠသာလနှင့် မဟာသာလ ညီနောင်အား ပေးသနားတော်မူလိုက်ပါသည်။

သုဒဿနတောင်ထိပ်တွင် ဌာပနာ၍ ကိုးကွယ်ကြလော့ဟူ၍လည်း မြတ်စွာဘုရားက ပထမဗျာဒိတ်စကား မိန့်ကြားခဲ့သည်။ ကုန်သည်ညီနောင်တို့ နေရပ်ပြန်ရောက်ခဲ့ကြရာ သထုံဘုရင် သီဟရာဇာ့ခွဲ့ခံ မဏ္ဍလိပ်မင်းမြတ်ထံ သံတော်ဦးတင် လျှောက်ထားတော်မူပါသည်။ မြတ်စွာဘုရားရှင်၏ ဆံတော်(၂)ဆူ အလှူခံရခဲ့၍ မင်းမြတ်မဏ္ဍလိပ်က ဒုံဗိုင်းတူအရပ်သို့ ကြွချီခဲ့၍ ဆံတော်ဓာတ်နှစ်ဆူကို ရွှေပန်းဆိုင်း အစရှိသော ပန်းဆိုင်းအမျိုးမျိုးတို့ အစီအရီစီမံခဲ့ပြီး ကြီးကျယ်ခမ်းနားစွာ ပူဇော်ခဲ့ပါသည်။

တန်ဆောင်း၊ ပြာသာဒ်ကြီး နှစ်ဆောင်ကို တူညီစွာ စီမံ၍ ဆောက်လုပ်လှူဒါန်းခဲ့ကြရာ ဒုံဗိုင်းတူမြို့အမည်မှ တန်ဆောင်းတူမြို့ဟု ဘွဲ့တစ်မျိုး ထပ်မံရခဲ့ပါသည်။ ထိုမှ တစ်ဆင့် ယခုအခါ ဇောင်းတူဆိုသောအမည်ကို ပြောင်းလဲခဲ့ကြောင်း မှတ်သားသိရှိရပါသည်။

မြတ်စွာဘုရားရှင်မှ သုဒဿနတောင်တော်၌ ဌာပနာထား၍ စေတီတည်ရန် ဗျာဒိတ်ပေးခဲ့သော်လည်း နေရာအတိအကျမသိခဲ့ကြ၍ သိကြားမင်း၏ ညွှန်ကြားချက်အရ သိရှိသက်သေထူခဲ့ကာ တောင်တော်ကို ရှာဖွေတွေ့ခဲ့ပါသည်။ ဒုံဗိုင်းတူမြို့(တောင်းတူ)အရပ်နှင့် သုဒဿနတောင်သည် နှစ်ယူဇနာမျှ ဝေးကွာခဲ့ပြီး ဆံတော်ကို လမ်းခရီး၌ ပူဇော်ခဲ့ကြခြင်းသည် ထူးခြား၍ ခမ်းနားဆန်းပြားမှုရှိခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရှိရပါသည်။

စေတီတော်ကို ဉာဏ်တော်အတောင်(၅၀)၊ လုံးပတ်တော်အတောင်(၂၅၀)ဖြင့် မဟာသက္ကရာဇ်(၁၁၅)ခုနှစ်၊ တန်ခူးလဆန်း(၁)ရက်တွင် စတင်တည်ထား ပြီးစီးခဲ့ပြီး ထိုစဉ်က ကျိုက်မှုတားဟူသော မွန်ဘာသာဖြင့် ခေါ်ဆိုခဲ့ကြပါသည်။ ကျွန်းပေါ်၌ မြတ်စွာဘုရားရှင် ဒေသစာရီ ကြွရောက်တော်မူခဲ့စဉ်က ရပ်တော်မူခဲ့သည့် နေရာဖြစ်၍ ဘုရားရှင်ကျွန်း၏ အစွန်းတွင် ရပ်တော်မူခဲ့ခြင်းကို အစွဲပြု၍ ကျိုက်-ဘုရား၊ မူ-အစွန်း၊ တား-ရပ်သည် ဖြစ်၍ အစွန်း၌ ရပ်ခဲ့သည့်ဘုရားဟု အဓိပ္ပာယ်သက်ရောက်ပါသည်။ ကာလကြာမြင့်လာသောအခါ မူတားမှ မူတော၊ မူတောမှ မော်ဓောဟူ၍ ပြောင်းလဲခဲ့ကြောင်း သိရှိရသည်။

သုဝဏ္ဏဘူမိသထုံပြည်တွင် ထီးနန်းစိုးစံတော်မူသော သီရိမာသောကရာဇာ လက်ထက်တွင် အိန္ဒိယနိုင်ငံ၌ သီရိဓမ္မာသောကမင်းကြီး တတိယသင်္ဂါယနာ တင်တော်မူသော ကာလဖြစ်သည်။ ထိုစဉ်က ကိုးတိုင်းကိုးဌာနသို့ ဗုဒ္ဓသာသနာပြု ရဟန်းတော်များ ကြွရောက်ခဲ့ကြရာ သုဝဏ္ဏဘူမိ သထုံပြည်သို့ သောဏထေရ်၊ ဥတ္တရထေရ်၊ အနုရုဒ္ဓထေရ်၊ သောမယထေရ်၊ ကိသဂုတ္တ (ဝါ) တိသဂုတ္တထေရ် (၅)ပါးတို့ ကြွရောက်တော်မူခဲ့ကြသည်။

ထိုစဉ်က ပင်လယ်တွင်းမှ ရေဘီလူးမ တစ်ကောက်

www.burmeseclassic.com



(၁၂၇၉)ခုနှစ်တွင် မြေငလျင်လှုပ်၍ စေတီတော်ကြီးမှ ငုတ်ရေရှုးတော်ကြီးသည့် အောက်သို့ အရှုးမြော်ခံရန် ကျရောက်တော်မူခြင်း၊ အထိမ်းအမှတ်စေတီ

နှင့် အပေါင်းပါတို့ သထုံမြို့တစ်ဝိုက်ရှိ မွေးဖွားပြီးစ ကလေးများကို ညစဉ်လိုလို ဖမ်းစားနေကြောင်း သတင်း ထွက်ပေါ်ခဲ့သည်။ နန်းတွင်းမိဖုရားကြီးမှလည်း သားတော် တစ်ပါး ဖွားမြင်တော်မူခဲ့ရာ ဘီလူးမရန်ကို ကြောက်၍ နန်းတွင်းသားတို့က အိပ်ဖန်စောင့်ကြပ် ထိန်းသိမ်းနေခဲ့ ကြရသည်။

ထိုအဖြစ်အပျက်ကို မြင်တွေ့ရပါ၍ အရှင်သောဏ နှင့် ဥတ္တရမထေရ် နှစ်ပါးက ပြည်သူတို့ကို ဘီလူးမရန်မှ ကင်းဝေးစေရန် အန္တရာယ်ကင်းပရိတ်များ ရွတ်ဖတ်ပေး၍ မနုဿီဟပုံ ဖန်ဆင်းပြခဲ့ရာ ရေဘီလူးများ ပင်လယ်ဘက် သို့ ထွက်ပြေးကြရသည်။ ရေဘီလူးများ၏ အန္တရာယ်မှ ကင်းဝေးခဲ့ပြီး သံဃာတော်မထေရ်များက ဗြဟ္မဇာလသုတ် ကို ဟောကြားတော်မူခဲ့ရာ အနယ်နယ်အရပ်ရပ်မှ ပရိ သတ်များ တရားမွေ့တည်မြဲ၍ ယောကျ်ား(၃၅၀၀) ရဟန်း ပြုခဲ့ကြပြီး မိန်းမ(၁၅၀၀)ကျော် ဘိက္ခုနီမ ဝတ်ခဲ့ကြပါ ၏။ ထိုအချိန်မှစ၍ ရာမညတိုင်းတစ်ခုလုံး ထေရဝါဒဗုဒ္ဓ သာသနာတော် ပျံ့နှံ့တည်ခဲ့ရပါသည်။

ရှင်ဥသီရိမာသောကရာဇ မင်းကြီးသည် သာသနာ တော်အား အတိုင်းထက်အလွန် ပိုမိုကြည်ညိုလွန်းခဲ့ကာ အရှင်သောဏနှင့် ဥတ္တရ မထေရ်(၂)ပါးကို ရေဘီလူး အောင်နိုင်သော အထိမ်းအမှတ်အဖြစ် ဘီလူးရုပ်ပလ္လင်ခံ သည့် ဘီလူးရန်နိုင် ဗုဒ္ဓဆင်းတုတော်ကို သွန်းလုပ်ခဲ့ကာ နန်းတော်၌ ကိုးကွယ်သမှု ပြုခဲ့ပါသည်။

ဘီလူးရန်နိုင် ဗုဒ္ဓရုပ်ပွားတော်ကိုမူ သွားတော်ဓာတ် ထည့်သည့် ရွှေအိုးနှင့်အတူ ပဲခူးတွင် တိုက်စေတီတည် ထား၍ ပူဇော်ခဲ့သည်။ ထိုတိုက်စေတီကို မဝေါစေတီဟု သမုတ်ပြီး သာသနာနှစ်(၂၃၈)ခုနှစ်က ရေစက်ချလှူဒါန်း ခဲ့ခြင်းဖြစ်သည်။ ရုပ်ပွားတော်နေရာကို သိရှိနိုင်ရန် ရွှေ မော်ဓောစေတီတော်၏ ခေါင်းလောင်းပုံ အထက်တိုင်း မြောက်အရပ်တည့်တည့် ပန်းဆွဲတွင် ဘီလူးရုပ်ကို ထည့် သွင်းထားသည်ကို တွေ့မြင်ရမည် ဖြစ်ပါသည်။

နတ်မင်းကြီး(၄)ပါးအနက် ကုဝေရနတ်မင်းသ မြောက်အရပ်ကို စောင့်ရှောက်သဖြင့် ဘီလူးကို မြောက် အရပ်၌ ထားရှိခြင်း ဖြစ်သည်ဟု မှတ်ယူကြရမည်ပင် ဖြစ်ပါသည်။

ပဲခူးမြို့ နောက်ဆုံးလှုပ်ခဲ့သည့် (၁၂၉၂)ခုနှစ် ငလျင် သည် ဘုရားပန်းဆွဲ၌ ယခင်တည်ရှိခဲ့သည့် ဘီလူးရုပ် (ယခုအခေါ် ယက္ခမယ်တော်)သည် မြောက်ဘက်အထက် ပစ္စယာသို့ ကျရောက်ခဲ့ရာ ကျရောက်သည့်နေရာ၌ပင် လူအများ ဖူးမြော်နိုင်ရန် ပြုပြင်မွမ်းမံခဲ့သည်။ ဘီလူးရန်နိုင် ရုပ်ပွားတော်သည်လည်း ဘုရားပြိုကျစက အုတ်များ အကြားတွင် ပြန်လည်တွေ့ရှိရပါ၍ ယခုဖူးမြင်ရသည့် ဘီလူးရုပ်၏အထက်တွင် ဘီလူးရုပ်ခံပလ္လင်ဖြင့် အပူဇော် ခံလျက် စံပယ်တော်မူနေသည်ကို တွေ့မြင်နိုင်ပါသည်။

ဆုတောင်းပြည့် ဘီလူးရန်နိုင်ရုပ်ပွားတော်မြတ်နှင့် ယက္ခမယ်တော်ကို စေတီတော်ကြီး သောကြာထောင့်တွင် ဒုတိယပန်းတင်ခုံရှိ တန်ဆောင်းတော်တွင် ယခုတိုင် ဖူး မြော်နိုင်ပါကြောင်း မှတ်တမ်းပြု ဖော်ပြရပါသည်။

ဆံတော်ရှင်နှင့်အတူ သွားတော်၊ စွယ်တော် စသော သရီရဓာတ်တော် အမျိုးမျိုးတို့ ကိန်းဝပ်စံပယ်ရာ စေတီ တော်ကြီးဖြစ်၍ ဓာတ်တော်မွေတော်တို့၏ တန်ခိုးတေဇော် အာနုဘော်တို့ကြောင့် ယိုးဒယားသို့ ရောက်ရှိနေသော မွန်အမျိုးသားတို့က တိဂုမ္ဘစေတီတော်ကြီးထက်ပင် ဆု တောင်းပြည့်သည်ဟု ပြောစမှတ်ပြုခဲ့ကြပါသည်။

ပထမတည်စက ဥဏ်တော် အတောင်(၅၀)ကို ပဲခူး

www.burmeseclassic.com



(၁၂၉၂)ခုနှစ် ပြိုကျပျက်စီးအပြီး မှတ်တမ်းတင်ထားသော ပန်းချီကား

သမလမင်း လက်ထက်၌ ဉာဏ်တော်(၅၄)တောင်အထိ တိုးတက်မြှင့် မွမ်းမံတော်မူခဲ့ပါသည်။ ဆက်လက်၍ ဝိမလမင်း လက်ထက်၌ (၅၉)တောင်၊ အသွားမင်း လက်ထက် (၆၅)တောင်၊ အရိန္ဒမင်း လက်ထက် (၇၂)တောင်၊ ဓမ္မသီဟရာဇာမင်း လက်ထက်၌ မုန်တိုင်းဒဏ်ခံရသော စေတီကို (၇၅)တောင်အထိ အသစ်ပြုပြင် မွမ်းမံ၍ တည်ခဲ့ပါသည်။

ထို့နောက် မိဂန္ဓရာဇာမင်း လက်ထက်၌ အတောင် (၈၀)၊ မိဂါဒိပ္ပမင်း လက်ထက်၌ (၈၇)တောင်၊ ဂိန္ဓဒီယမင်း လက်ထက်၌ (၈၉)တောင်၊ တရဝိကမင်း လက်ထက်၌ (၉၂)တောင်၊ ပဒ္ဓလရာဇ်မင်း လက်ထက်၌ ဉာဏ်တော် အတောင်(၁၀၀)၊ အတ္တသာရမင်း လက်ထက်၌ (၁၀၄)တောင်အထိ တိုးတက်ပြုပြင် တည်ခဲ့ပါသည်။

အနုရာမမင်း လက်ထက်တော်တွင် သွားတော်ဓာတ်ကို ဌာပနာပူဇော်၍ (၁၂၆)တောင်အထိ အမြင့်တင်တည် ဆောက်ခဲ့ကာ ရွှေသင်္ကန်းအပြည့် ဆက်ကပ်လှူဒါန်းတော်မူခဲ့သည်။ မိဂဒီပ္ပငယ်မင်း လက်ထက်တွင် ဉာဏ်တော် အတောင်(၁၃၀)၊ အဂ္ဂသမန္တရာဇာ လက်ထက်တွင် (၁၃၆)တောင်၊ ဥပ္ပလရာဇာမင်း လက်ထက်၌ (၁၃၉)တောင်၊ ပုဏ္ဏရိကမင်း လက်ထက်၌ (၁၄၆)တောင်၊ တိဿမင်းလက်ထက်တွင် (၁၄၆)တောင်၊ ဗညားဦးမင်း လက်ထက်၌ (၁၅)တောင်၊ ဗညားနွဲ့(ရာဇာဓိရာဇ်)မင်း လက်ထက် (၁၆၅)တောင်၊ ဗညားဓမ္မရာဇာမင်း လက်ထက်တွင် အတောင်(၁၇၀)၊ ဗညားရံမင်း လက်ထက်၌ (၁၇၂)တောင်၊ ဗညားရူပမင်း လက်ထက်၌ (၁၇၆)တောင်၊ ဗညားကျန်းမင်း လက်ထက်၌ စေတီလုံးပြည့် ရွှေသင်္ကန်း ဆက်ကပ်တော်မူခဲ့သည်။

ဆက်လက်၍ မိဖုရားရှင်စောပု လက်ထက်တွင် (၁၈၂)တောင်၊ ဓမ္မစေတီမင်း လက်ထက်တွင် (၁၈၅)တောင်၊ ဗညားရန်မင်း လက်ထက်၌ လေမုန်တိုင်းဒဏ်ခံရပြီး ပြေခဲ့ရသည်။ ထိုမင်းမြတ်မှ ဉာဏ်တော်(၁၈၉)တောင်အထိ တိုးတက်ပြုပြင်ခဲ့ပြီး မင်းကြီး၏ ကိုယ်အလေးချိန် ရွှေ(၄၈)ပိဿာကို ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းတော်မူခဲ့ပါသည်။


သူ့ရှင်တကာရွှတ်ပိမင်း လက်ထက်တွင် (၁၉၂)တောင်၊ သမိန်ထောရာမမင်း လက်ထက်၌ (၁၉၈)တောင်၊ ဆင်ဖြူများရှင် ဘုရင့်နောင်မင်းတရားကြီး လက်ထက်၌



ရင်ပြင်တော်ရှိ ဓမ္မာရုံတော်ကြီး

www.burmeseclassic.com

www.burmeseclassic.com



စနေထောင့် အနက်(၁၃)ပေ ကျင်းကြီးထဲမှ
တွေ့ရှိသော မှန်ဦးတိုင်အဟောင်း



(၁၀-၄-၁၉၅၁)ရက်နေ့က စတင်စိုက်ပျိုးခဲ့သော
ဗောဓိညောင်ပင်

ထီးတော်သစ်နှင့် ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းတော်မူခဲ့ပါသည်။

ကောဇာသက္ကရာဇ်(၁၀၉၅)ခုနှစ်တွင် ဒုတိယအကြိမ်ငလျင်ဒဏ်ကြောင့် ရွှေမော်ဓောစေတီတော်ကြီး ပြိုကျခဲ့ရသည်။ အလောင်းမင်းတရား၊ နောင်တော်ကြီး၊ သတိုးဓမ္မရာဇာ၊ စဉ့်ကူးမြို့စားနှင့် ဖောင်းကားစားမောင်မောင် မင်း(၅)ဆက် မပြုပြင်ဘဲ ထားခဲ့သော အနှစ်သုံးဆယ်တိုင်ခေါင်းလောင်းပုံအထိ ပြိုကျနေသော ရွှေမော်ဓောစေတီတော်မြတ်ကြီးကို ရန်ကုန်ဝန်မင်း၏ သံတော်ဦးတင်လျှောက်ထားတင်ပြမှုကြောင့် ကောဇာသက္ကရာဇ်(၁၁၄၉)ခုနှစ်တွင် ဘိုးတော်မင်းတရားကြီးက ရှေးမွန်မင်းများလက်ထက်က ပြုပြင်ခဲ့သည်။ ဉာဏ်တော်(၁၉၈)တောင်၊ အဝန်းအတောင်(၉၀၀)ရှိသော စေတီတော်ကြီးကို ပြန်လည်တည်ဆောက်ပေးခဲ့ကာ သက္ကရာဇ်(၁၁၅)ခုနှစ်၊ တန်ခူးလဆန်း (၁၅)ရက်နေ့တွင် ထီးတော်တင်ခြင်း ဆောင်ရွက်ခဲ့ပါသည်။ ယခုအထိ တန်ခူးလပြည့်နေ့ ပွဲတော်ပြုလုပ်ခြင်းသည် ဘိုးတော်မင်းတရားကြီးက ပြုပြင်တည်ဆောက်ပေးခဲ့ပြီး ထီးတင်ပွဲ ပြုလုပ်ခဲ့ခြင်းမှ အစပြုခဲ့ခြင်းဖြစ်ပါသည်။

ကောဇာသက္ကရာဇ်(၁၂၇၄)ခုနှစ်တွင် တတိယအကြိမ်ငလျင်ဘေးဒဏ်ကြောင့် စေတီတော်မြတ်ကြီး ပျက်စီးတော်မူခဲ့ပြန်ပါသည်။ ထိုစဉ်က ဆပ်သွားဖူးအထက်မှစ၍ သံတိုင်တစ်ပိုင်းနှင့် ငှက်မြတ်နားတော်၊ စိန်ဖူးတော်များ ကျိုးပြတ်ပျက်စီးကာ ကျတော်မူခဲ့ရာ ဘဏ္ဍာတော်ထိန်းအဖွဲ့က သိမ်းဆည်းထိန်းသိမ်းခဲ့ရပါသည်။ ၄င်းနောက် (၁၂၇၉)ခုနှစ်တွင် စတုတ္ထအကြိမ် ငလျင်လှုပ်ခဲ့ပြန်ရာ ငှက်ပျောဖူးမှစ၍ ခေါင်းလောင်းပုံအထိ ပြိုကွဲပျက်စီးတော်မူခဲ့ပါသည်။ စတုတ္ထအကြိမ် ပြိုပျက်တော်မူခဲ့သော ငှက်ပျောဖူးငုံ တစ်ပိုင်းသည် ယခုတိုင် စေတီတော်၏ တနင်္ဂနွေထောင့်၌ တည်ရှိနေသည်ကို တွေ့မြင်ကြရမည် ဖြစ်ပါသည်။ ထို့နောက် ပဉ္စမအကြိမ် ငလျင်ကြီးသည် (၁၂၉၂)ခုနှစ်တွင် လှုပ်ခတ်ခဲ့ပြန်ရာ အောက်ပထမပစ္စယာအထိ အကြီးအကျယ် ပျက်စီးပြိုကျ ခြေ
ခတော်မူခဲ့ရပြန်ပါသည်။

ထိုသို့ ပျက်စီးတော်မူခဲ့ပြီး (၁၃၁၂)ခုနှစ်အထိ နှစ်(၂၀)ကျော်ကြာ မပြုပြင်နိုင်ခဲ့ဘဲ ရှိနေခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

လွတ်လပ်ရေးပြီးစကာလ မြန်မာနိုင်ငံ၏ အဦးအစ ပထမသမ္မတကြီးနှင့်တကွ ဝန်ကြီးများ ကြွရောက်ခဲ့ကာ ကောဇာသက္ကရာဇ်(၁၃၀၉)ခုနှစ်၊ တပို့တွဲလဆန်း (၁၄) ရက် စနေနေ့တွင် ရွှေမော်ဓောစေတီတော်ကြီး ပန္နက်တော် ချမင်္ဂလာသဘင်ကို ဆင်ယင်ကျင်းပခဲ့ပါသည်။

ကောဇာသက္ကရာဇ်(၁၃၁၂)ခုနှစ်၊ ကဆုန်လပြည့်နေ့ တွင် ရွှေမော်ဓောစေတီရင်ပြင် အင်္ဂါထောင့်၌ ပရိဘောဂ စေတီတော်အသစ် ဗောဓိပင်ပျိုကို စိုက်ပျိုးတော်မူခဲ့ပါ သည်။

သက္ကရာဇ်(၁၃၁၃)ခုနှစ်၊ တန်ခူးလဆန်း (၁၄)ရက် (၂၄-၁-၁၉၄၈)ရက်နေ့တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု ကိုယ်တိုင် ရင်ပြင်တော် ကြာသပတေးထောင့်၌ အုတ် မြစ်ချမင်္ဂလာ အခမ်းအနားကို ဆင်ယင်ကျင်းပခဲ့သည်။

အင်ဂျင်နီယာချုပ် ဦးကျော်စိန်၏ ညွှန်ကြားချက်အရ စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်တစ်ဝိုက်၌ (၁၃)ပေမျှ နက်သော အုတ်မြစ်ကျင်းကြီးများ (၃၂)ကျင်းကိုတူး၍ ၄င်းကျင်းကြီးများတွင် မီးရထားသံလမ်းများစွာကို ထည့် သွင်းကွန်ကရစ်လောင်းခဲ့ပြီး ကျင်းကြီးများမှတစ်ဆင့် သံ လမ်းများနှင့်ပင် ခံတုံး၊ ပန်းတင်ခုံများမှသည် ပစ္စယာများ ဆီသို့ ကျားကန်မြောင်း (၃၂)မြောင်းတူး၍ ကွန်ကရစ် လောင်းခြင်း လုပ်ဆောင်ခဲ့ကြပါသည်။ ပြီးနောက် လုံး ပတ်တော်ကြီးကို မင်္ဂလာအခမ်းအနားဖြင့် စီရင်၍ အုတ် မြစ်ချ တည်ခဲ့ခြင်းဖြစ်သည်။ မီးရထားသံလမ်းအဟောင်း များ တန်ချိန်(၂၀၀)ကျော် အသုံးပြုခဲ့ကြောင်း တည် ဆောက်မှု သမိုင်းအချက်အလက်များအရ သိရှိရပါသည်။

ထို့နောက် (၁၃၁၅)ခုနှစ်၊ ပြာသိုလပြည့်ကျော် (၁၁) ရက်နေ့တွင် နိုင်ငံတော်သမ္မတကြီး ဒေါက်တာဘဦး ကိုယ် တိုင် ကြွရောက်ခဲ့၍ မင်းခမ်းမင်းနားဖြင့် အောင်မြင်ပြီး မြောက်ခြင်း အခမ်းအနားကျင်းပခဲ့သည်။

ထိုဆံတော်ရှင်(မော်ဓော)စေတီတော်မှာ မူလတည် ဦးစက လုံးရပ်ပမာဏအားဖြင့် မကြီးမားလှသော်လည်း တစ်စ,တစ်စ နောက်ကာလ၌ သာသနာ့ဒါယကာ ထီး ဆောင်းမင်း သုံးကျိပ်ကျော်တို့၏ ကုသိုလ်တော်ကြီးတစ် ရပ် ဖြစ်လာရကာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမိုင်းစာအုပ်၌ ညွှန်ပြထားသည့် တိုင်းတာချက်များအရ ရင်ပြင်တော်မှ စိန်ဖူးတော်ထိပ်အထိ အမြင့်ဉာဏ်တော်ပေ



ဆုတောင်းပြည့် ဘီလူးရန်နိုင်ရုပ်ပွားတော်မြတ်နှင့် ယက္ခမယ်တော်

ပေါင်း (၃၇၃)ပေ (၉)လက်မဖြင့် ကြည်ညိုဖွယ်ရာစေတီ တော်မြတ်ကြီးတစ်ဆူအဖြစ် တည်ရှိနေခဲ့ပါသည်။

လေမုန်တိုင်းဒဏ် ငလျင်ဒဏ်အကြိမ်ကြိမ် ခံခဲ့ရသော် လည်း ဗုဒ္ဓဘာသာဝင် မြန်မာထီးဆောင်းမင်းနှင့် သာသနာ တော်ကို ထိန်းသိမ်းစောင့်ရှောက်တော်မူကြသော သမ္မတ၊ ဝန်ကြီးများ၊ ပြည်သူပြည်သားများ၏ ဘုရားပျက်ပြုပြင် ခြင်းသည် မှန်ကန်သောအကျိုးကို ရည်မျှော်၍ ဆောင်ရွက် ခဲ့ကြသည်ပင် ဖြစ်ပေသည်။ မှန်ကန်သော သာသနာ့ နယ်မြေ ဖြစ်တော်မူခြင်း၊ ဓာတ်ပန္နက်ဌာပနာတိုက် အစီ အမံ ကောင်းမွန်ခြင်းတို့ကြောင့် ပဲခူးမြို့၏ ကျက်သရေ ဆောင် ရွှေမော်ဓောစေတီတော်မြတ်ကြီးသည် ရွှေသင်္ကန်း အသစ် ကပ်လှူပူဇော်ထားမှုနှင့် တင့်တယ်သပ္ပာယ်စွာ ဖူးမြော်ရမည်ဖြစ်ပါကြောင်း ဤဆောင်းပါးနှင့်အတူ ဖော် ပြပေးလိုက်ရပါသတည်း။

**ကိုမိုး(ရွှေပြည်သာ)**

**ကိုးကား**

* ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်သမိုင်း။

www.burmeseclassic.com

ငယ်ရွယ်စဉ်ကာလ အရွယ်ရောက်သည့် အချိန်ကာပင် ဇာတိရပ်ရွာက စွန့်ခွာလာခဲ့ရသူဖြစ်၍ ကိုယ့်မြေ ကိုယ့်ဒေသ၏ အကြောင်းများကို စေ့စေ့ငုငု မသိခဲ့ရ။ ဆိုရလျှင် ကိုယ့်မွေးရပ်မြေ၏ အနီးဝန်းကျင်မှ အကြောင်းအရာများကို တိတိပပ မသိခဲ့ရချေ။ စာပေဖတ်ရှုလာသည့်အခါ ကိုယ့်မြေ ကိုယ့်ဒေသ၏ ထူးခြားမှုများကို တစ်စစ ထိတွေ့သိရှိခွင့် ရလာသည်။ ကိုယ့်မြေ၊ ကိုယ့်ရေ၊ ကိုယ့်ဒေသကို ပိုမိုချစ်မြတ်နိုးရကောင်းမှန်း၊ တန်ဖိုးထားရကောင်းမှန်း သိရှိလာခဲ့သည်။


သည်တစ်ခါ အားလပ်ရက်များတွင် ကိုယ့်ရပ် ကိုယ့်ဒေသ၏ ပတ်ဝန်းကျင်ရှိ တန်ခိုးကြီး သမိုင်းဝင် ဘုရားစေတီများကို သွားရောက်ဖူးမြော်မည်။ ကိုယ့်ဒေသရှိ သမိုင်းဝင်နေရာများ၊ ယဉ်ကျေးမှုပုံရိပ်များကို သွားရောက်လေ့လာမည်ဟု ရည်ရွယ်ထားခဲ့သည်။ သို့ဖြစ်၍လည်း အားလပ်ရက်လေး ရရှိသည်နှင့် ဇာတိမြေဆီသို့ တစ်ကိုယ်တော်ခရီး တက်သုတ်ရိုက်ကာ နှင်ဖြစ်တော့သည်။

မိမိစိတ်ကူးထဲတွင် သွားရောက်လေ့လာမည့် ခရီးစဉ်ကို ကြိုတင်ကာ ရေးဆွဲထားပြီး ဖြစ်သည်။ စစ်ကိုင်းမြို့မှ ■

နန္ဒာမင်းလွင်

## တောင်းဆုပြည့်ဝှာ ချောင်းဦးမြို့က

# သမန္တဇာဘုရား



သမန္တဇာဘုရားကြီး

www.burmeseclassic.com

www.burmeseclassic.com

ခရီးစတင်တာထွက်ကာ ယဉ်ကျေးမှုသမိုင်းအမွေအနှစ်များ ကိန်းဝပ်တည်ရှိရာ ချောင်းဦးမြို့သို့ တိုက်ရိုက်ခရီးနှင်မည်။ ချောင်းဦးမှ အမြင့်ရှေးဟောင်းယဉ်ကျေးမှုဒေသ၊ ထိုမှ ခင်မွန်၊ မုံရွေး၊ မောင်းထောင်၊ ညောင်ကန်၊ အလုံ၊ သာစည်၊ လယ်ဇင် စသည့် ထင်ရှားသော ကျေးလက်ဒေသများသို့ ခရီးဆက်မည်။ သမိုင်းထင်ရှားသည့် တန်ခိုးကြီးဘုရားတွေကို ဖူးမြော်ပြီး ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို လေ့လာမည်။ ဒေသ၏ ထူးခြားထင်ရှားသည့် သမိုင်းအကြောင်းအရာများနှင့် ကျေးလက်လူမှုဘဝပုံရိပ်များကို မှတ်တမ်းတင်မည်။

ဤသို့ဖြင့် ချင်းတွင်းဒေသ၊ ဗုံဒနယ်ခရီးသို့ စတင်ထွက်လာခဲ့သည်။ မန္တလေး-မုံရွာ လမ်းမကြီးအတိုင်း ခရီးနှင်ခဲ့ရာ မြင်းမူမြို့အပါအဝင် အခြားသော မြို့ရွာများသို့ မဝင်ရောက်တော့ဘဲ တိုက်ရိုက်ခရီးနှင်လာခဲ့သည်။ မုံရွာမှ မိုင်အားဖြင့် (၁၄)မိုင်မျှသာ ကွာဝေးသည့် ချောင်းဦးမြို့သို့ ဆိုက်ရောက်လေသည်။ သမိုင်းကျောက်စာထဲတွင် ထင်ရှားသည့် သွန်စတာ(သံမန္တဇာ)ဘုရား၏ တည်နေရာကို မေးမြန်းစုံစမ်းကာ ချောင်းဦးမြို့ကိုဖြတ်၍ အမြင့်လမ်းမအတိုင်း အနောက်တောင်ဘက် အရပ်ဆီသို့ ဆက်လက်ခရီးနှင်လာခဲ့သည်။

မြို့ကိုလွန်သည်နှင့် (၄)ဖာလုံခန့်အကွာ လမ်းမ၏ အနောက်ဘက်တွင် သံစပင်အုပ်ကြားမှ ရွှေရောင်စေတီတော် တစ်ဆူကို လှမ်းမြော်ဖူးတွေ့ရသည်။ ဘွဲ့မည်တော်မှာကား သမိုင်းထင်ရှားသည့် ဆုတောင်းပြည့် သမန္တဇာဘုရား ဖြစ်ပေသည်။ ဘုရား၏ ဘွဲ့တော်အမည်မှန်ကို ကျောက်စာတွင် သွန်စတာဘုရားဟု ရေးထိုးထားသည်။ ဘုရား၏ မြောက်ဘက်တွင် မော်ကွန်းကျောက်စာရှိ တည်ရှိသည်။ စေတီတော်မှာ ပုဂံခေတ်လက်ရာ အရှေ့ဘက်ရှိသည့် လိုဏ်မုခ်ပါရှိသည့် ဂူဘုရားတစ်ဆူ ဖြစ်သည်။

ချောင်းဦးနယ်၊ အမြင့်နယ်သည် ပုဂံခေတ်ကာလကပင် ထင်ရှားခဲ့သည့် ရှေးဟောင်းယဉ်ကျေးမှုဒေသ ဖြစ်သည်။ အထူးသဖြင့် ထိလိုင်ရှင်ကျန်စစ်သားမင်း တိမ်းရှောင်စဉ်ကာလတွင် ပုန်းခိုကျက်စားခဲ့သည့်ဒေသ၊ ပေါင်တောင်ရှင် ကဿပမထေရ်မြတ်ကြီး တောကျောင်းများ ကြည်ထောင်သီတင်းသုံးတော်မူခဲ့ရာဒေသ၊ နရပတိစည်သူမင်းအပါအဝင် မင်းမိဖုရားများ၊ အနန္တသူရိယအမတ်ကြီး


သမန္တဇာဘုရားကြီး

အစရှိသော မှူးကြီးမတ်ကြီးများ ကုသိုလ်ကောင်းမှု ပြုခဲ့ကြရာဒေသ၊ စစ်ကိုင်းမင်း၊ မိဖုရားများနှင့် မှူးမတ်အရာရှိကြီးများ ဒါနမျိုးစေ့ ကြဲပက်ခဲ့ရာဒေသ၊ အင်းဝခေတ်တွင် မင်းကြီးစွာစော်ကဲ မြို့စားနယ်စားအဖြစ် ဘွားစားအုပ်စိုးသည့်ဒေသ၊ ကုန်းဘောင်ခေတ်တွင် မင်းကြီး မင်းလက်ဝါး အစရှိသော ပုဂ္ဂိုလ်ကျော်များနှင့် ထင်ရှားခဲ့သည့်ဒေသ ဖြစ်ပေသည်။ ထိုဒေသတွင် လေ့လာစရာ၊ စိတ်ဝင်စားဖွယ် ရှေးဟောင်းယဉ်ကျေးမှုလက်ရာများ၊ သမိုင်းဝင် စေတီပုထိုး သာသနိကအဆောက်အအုံများစွာ တည်ရှိနေဆဲဖြစ်သည်။

သမန္တဇာဘုရားသို့ ရောက်သည့်အခါ အရှေ့ဘက်မျက်နှာပြု လိုဏ်မုခ်ပေါက်မှ အတွင်းဘက်သို့ ဝင်ရောက်ဖူးမြော်လိုက်သည်။ လိုဏ်ဂူတော်အတွင်းတွင် ကြည်ညိုသပ္ပာယ်လှသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတစ်ဆူ ကိန်းဝပ်စံပယ်လျက် ရှိနေပါသည်။ စစ်ကိုင်းထီးနန်းစံ မင်းအဆက်ဆက်တို့ ဆုတောင်းပြည့်ဝလှသည်ဟု ယုံကြည်ပူဇော်ခဲ့ကြသည့် ရုပ်ပွားတော်ကြီးဖြစ်သည်။ ထူးခြားလှသည့် သမိုင်းအဖြစ်အပျက်ကို မှန်နန်းရာဇဝင်တော်ကြီးတွင် ဤသို့ ရေးသားမှတ်တမ်းတင်ခဲ့သည်ကိုလည်း လေ့

www.burmeseclassic.com

www.burmeseclassic.com



ဆုတောင်းပြည့် သမန္တဇာဘုရား

လာတွေ့ရှိရပေသည်။

'ရွှေတောင်တက်မင်း ဖြစ်တော်မူလျှင် စောယွမ်းမိဖုရား၊ သားတော်ကျစွာမင်း ညီနောင်တစ်စုတို့နှင့် ယောက်ဖတော်သတိုး၊ စိုးမင်းကိုယ်တော်ကြီးတို့ စစ်ကိုင်းတွင် မနေဝံ့၍ အနောက်ဘက်မင်းပူး မင်းတုန်းအရပ်မှာ ပုန်းလွှဲရှောင်ရှားနေကြရ၏။

နောက်မှ ရွှေတောင်တက် သုံ့ခတ်၍ ယူသဖြင့် အမြင့် သမန္တဇာဘုရားရှင်အထံ၌ သား မယ်တော်တစ်စုတို့ ဖူးမည် ဝင်ကြရာ ကျစွာမင်း ခြေနာ၍ မဝင်နိုင်ရှိသည်ကို မယ်တော်သည် သားတော် ဝတ်တော်မူသော ဖျင်ကို ဘုရားရှင်အား လှူမ်း၍ ငါ့သားတော် အသက်မသေ၊ ဤ အနာမှ ထမြောက်၍ မင်းအဖြစ်သို့ ရောက်ပါမူကား ကြီးစွာသော ကောင်းမှုကို ပြုပါအံ့ဟု ပန်နက်၏'

'သက္ကရာဇ် ခုနစ်ရာတစ်ခုသော် အသခ်ယာစောယွမ်း၊ သားတော်အကြီး ကျစွာကို နန္ဒပကြံ ဝှက်ထားရာမှ ယူ၍ နန်းတင်လေ၏၊ သီရိတြိဘဝနာဒိတျာပဝရ ဓမ္မရာဇာဟူသော တံဆိပ်နာမံခံ၍ မင်းပြုတော်မူသည်။ မင်းဖြစ်လျှင် နန္ဒပကြံ အမတ်ကြီးကို ကျေးဇူးရှိပေသည်ဟု သုဘရာဇ်ဟူသော အမည်နှင့် ပြည်အလုံးကိုနှင်း၍ စစ်သူကြီးအရာ ထား၏၊ မင်းတုန်းက အပြန် သမန္တဇာဘုရားရှင်၌ မယ်တော်မိဖုရားကြီး ဆုပန်ခဲ့သည့်အတိုင်း မင်းအဖြစ်သို့ ရောက်ပေသည်ဟု သက္ကရာဇ် ခုနစ်ရာငါးခုတွင် ဝတ်မိုးဝတ်မြေ လှူတော်မူ၏' ဟု မှတ်တမ်းတင်ထားပါသည်။

ထို့အတူ သမန္တဇာဘုရား ကျောက်စာတွင်-

'... သက္ကရာဇ် ၇၀၅ ခု ကဒစွာ မင်တုံတွင် ပုန်သော မင်ကြီရှယ်တောင်တက်ထိုဝ်ရှယ်၊ ယောက်ဖ သတိုဝ်ကြီ၊ ကဒစွာ မဲကိုဝ်တ်ကြီ ကဒစွာမင်း ခြိယ်တ် အနာဟိရှယ် ဖုရာထံတ်သိုဝ် မဝင် တတ်ရကာ သာတ်၏ ဖျင်တ်လေ ဖုရာကိုဝ် လှူမ်၏၊ ငသာကဒစွာ အသက်လေ မသိယ် အနာလေ ပျော်ရှယ် မင်အဖဒစ်ရောက်မူကာ ကြီစွာသော ကောင်မှုမူအံဟု ပန်နက်၏၊ တောင်သောဆု အတိုင် မင်ကြီ မေဒာက်၏၊ မင်၏ မယ်တ်မိဖုရာကြီလေ ရှယ်တ် ၁၀ ပေရှယ် ရှယ်အတိလျှင် သမန်စတာဖုရာ သို့င်ကို ရိယ်၏' ဟု ရေးထိုးထားခဲ့သည်။

သမန္တဇာဘုရားဝန်းကျင်နေရာကား သမိုင်းမသေးငယ်လှချေ။ မင်းအဆက်ဆက်တို့ အလှူအတန်း ပြုစုတော်မူကြရာ သမိုင်းဝင် အထင်ကရနေရာလည်း ဖြစ်ပေသည်။

သမန္တဇာဘုရား၏ သမိုင်းမော်ကွန်းမှတ်တမ်းများကို ကျောက်စာတွင် အခိုင်အမာရေးထိုးထားသဖြင့် နောင်လာနောက်သားတို့ သိခွင့်ရရှိပေသည်။ စေတီတော်၏ ဝန်းကျင် သမိုင်းကိုလည်း ကျောက်စာတွင် စိတ်ဝင်စားစရာ တွေ့ရသည်။

သမန္တဇာဘုရား တည်ရှိသည့် သာသနိက မူလနေရာကား သိမ်တော်ဖြင့် အစပြုခဲ့ခြင်း ဖြစ်သည်။ သက္ကရာဇ် (၅၅၆)ခုနှစ်တွင် နရပတိစည်သူမင်းကြီးသည် လေးသောင်းမည်သော အရပ်တွင် ကန်တော်တူးဖော် ဆည်လုပ်ပြီးသည့်အခါ လဝလူမျိုးတစ်ထောင်ကို ကန်စောင့်အဖြစ် ထားရှိနေထိုင်စေခဲ့သည်။ ထိုနေရာတွင် နေထိုင်ရသည်မှာ ကောင်းမွန်မှုမရှိသဖြင့် လဝလူမျိုးတို့သည် အရှေ့ကုန်းသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။ ထိုအခါ ဒွားရဲကို နိုင်အောင် တိုက်ခိုက်နိုင်သည့် စစ်သူကြီး မင်



www.burmeseclassic.com

www.burmeseclassic.com



ထုတောင်းပြည့်ရုပ်ပွားတော်ကြီး

ကလသိန်ခါ (မင်္ဂလသိန်ခါ)အား လဝတို့ စွန့်ခွာသွားခဲ့သည့် ရွာနေရာအား မင်းကြီးက ရဲဆုအဖြစ်ပေးသည်။ စစ်သူကြီး မင်ကလသိန်ခါ(မင်္ဂလသိန်ခါ)သည် ရဲဆုအဖြစ် ရရှိခဲ့သည့် လဝတို့၏ရွာဟောင်းနေရာကို သိမ်သမုတ်တည်ထားနိုင်ခွင့် ရရှိခဲ့သည်။ နရပတိစည်သူမင်းကြီး လက်ထက် စစ်သူကြီး မင်ကလသိန်ခါ(မင်္ဂလသိန်ခါ) သမုတ်တည်ထားခဲ့သည့် သိမ်တော်မှာ သမန္တဇာဘုရား၏ အနောက်မြောက်ဘက်တွင် တည်ရှိပြီး ယခုအခါ သိမ်တိုင်ဟောင်းများကိုသာ တွေ့ရှိရတော့သည်။ မူလသိမ်နေရာတွင် သိမ်အသစ်အဖြစ် ပြန်လည်တည်ဆောက်ထားကြသည်။

သက္ကရာဇ်(၆၁၈)ခုနှစ် တရုတ်ပြေးမင်း နရသီဟပတေ့မင်း လက်ထက်တွင် လက်တော်ရာအရပ်၌ နေထိုင်လျက်ရှိသည့် သူကြွယ် သမန်စတာသည် ထိုသိမ်တော်အရှေ့ မြေနေရာတွင် ကျောင်းဆောက်လုပ်လှူဒါန်းနိုင်ရန် ဥပလဝန်မထေရ်ကို ခွင့်တောင်းခံခဲ့သည်။ လက်တော်ရာအရပ်တွင် အခြေချနေထိုင်သည့် သူကြွယ် သမန်စတာဆိုသူမှာ မဇ္ဈိမဒေသမှ ပြောင်းရွှေ့ရောက်ရှိ ခိုလှုံလာသည့် ဗုဒ္ဓဘာသာဝင် ကုလားလူမျိုးဖြစ်သည်ဟု ယူဆရသည်။ ပုဂံခေတ်ကာလကပင် အိန္ဒိယ၊ မဇ္ဈိမဒေသမှ ကုလားလူမျိုးများသည် မြန်မာနိုင်ငံတွင်းသို့ လာရောက်အခြေချနေထိုင်မှုများ ရှိခဲ့ကြောင်းနှင့် လဝလူမျိုးများကိုလည်း ချောင်းဦးနယ်အတွင်းတွင် နေရာချထား နေထိုင်စေခဲ့ကြောင်း ကျောက်စာက ဖော်ပြနေပေသည်။

ဥပလဝန်မထေရ်က သူကြွယ် သမန်စတာအား ကျောင်းတည်ဆောက်ရန် ခွင့်ပြုသောအခါ ကူတည်တော်မူသည်။ မထေရ်မြတ် သီတင်းသုံးတော်မူနိုင်ရန် ကုလားကျောင်းလည်း တည်ဆောက်သည်။ ဂူအတွင်းတွင် ဂေါတမဘုရားရှင်ကိုယ်စား ဉာဏ်တော်ငါးတောင်ရှိသည့် ထက်ဝယ်ဖွဲ့ခွေ ရုပ်ပွားတော်ကြီးကို ထုလုပ်တည်ထားခဲ့သည်။ ဗုဒ္ဓရုပ်ပွားတော်ကြီးတွင် မဟာဥပလဝန်ထေရ်၌ ရှိသည့် သရီရဓာတ်တော်များ၊ မဟာဗောဓိမှ သူကြွယ်သမန်စတာ ပါလာခဲ့သည့် သရီရဓာတ်တော်များကို ရွှေကြုတ်တစ်ထပ်၊ ငွေကြုတ်တစ်ထပ်တို့ဖြင့် ထည့်၍ အပြင်ဘက်မှ ကျောက်စေတီပြုကာ ဌာပနာခဲ့သည်။ ဘုရားရုပ်ပွားတော်ကို ရွှေအတိလည်း လိမ်းကျံခဲ့သည်။ မုစလိန္ဒာနဂါးမင်း အရုပ်လည်း ပြုလုပ်ကာ ရွှေအတိ ရေးခြယ်ခဲ့သည်။ ဘုရားနှင့် သံဃာတော်တို့အတွက် မြောက်မြားစွာသော မြေယာ လယ်ပယ်များကိုလည်း လှူဒါန်းခဲ့ကြသည်။

ထိုအကြောင်းကို သမန္တဇာဘုရားကျောက်စာတွင် အောက်ပါအတိုင်း ပြည့်စုံစွာ ရေးထိုးထားခဲ့သည်။

'-။နမောတဿတိ။ ။ သကရစ် ၅၅၆ ပိသျက်နှစ် စည်သူမင်ကြီ လိယ်သောင်အရပ်နှိုက် ကန်တ်ဆည်ရုယ် အရိုယ်လင်မဲဖျာ လဝတထောင် ကန်စောင်ထာရုယ် နိယ်စိယ်၏၊ ထိုဝ်နှိုက် မနေကောင် အရိုယ်ကုန်သိုဝ် ပ္လေါင်ရုယ်နေလေ၏၊ လဝတို့ စွန့်ခသော ရွာရကိုဝ် စစ်သူကြီ မင်ကလာသိန်ခါ သိမ်သံမုတ်အံသောငှါ စည်သူမင်ကြီ ရိုယ်တ် နွှာရုယ်ကိုဝ် နိုင်ပေရုယ် ဆုပေ၏၊ လဝတိုဝ် စွန့်ခသော ရွာရကိုဝ် သိမ်သံမိုတ်ခဒင်ဟု ဆုယူ၏၊ သိမ်လည်သံမိုတ် ရ၏။-'

'-သကရစ် ၆၁၈ သူကြွယ်သမန်စတာ မဇ္ဈိမဒေသအရပ်မှ လာလတ်ရုယ် လက်တ်ရာနှိုက် နိယ်လတ်၏၊ စည်သူမင်ကြီး သိမ်တ်ရှိယ်=မ္လိယ်အရပ်နှိုက် ဂ္လောင်

www.burmeseclassic.com

တေည်လိုဝ်ရကာ ဥပလဝန်မဟာထေကိုဝ် အခွင်တောင်၏၊ ငတယကာသူကြွယ် မှတ်ရာအရပ်လျှင် တည်ဟု အခွင် မူ စိယ်၏၊ ကူလေ တေည်လိုဝ်ရကာ ထေည်ရကိန်စိမ် သောငှာ ကုလာကျောင်လေ ပ္လု၏၊ မ္လတ်စွာသော ဓောတ မဖုရား သျှင်ကိုဝ်စာ ထဝယ်ငါတောင် ကူတွင် ပ္လု၏၊ မဟာဥပလဝန် ထေနိုက်ဟိသော သရိရထဝ်ာ မဟာ ပေါဝ်ိက သုကြွယ်ပါသော သရိရထတ် ထတ်၂ပါးကိုဝ် ရှယ်ကြုတ်တာထပ် ငွယ်ကြုတ်တာထပ် အပကား ကျောက် စေတီ ရှုယ်ထီလေဆောင်၏၊ ထိုဝ်မှတပါ သူမ္လတ်တိုဝ်မှ ရာသထတ်ကာ မျာ၏၊ ဖုရာသွိုင်ကိုဝ် ရှယ်အတိလေ ကွံ၏၊ မုစလိန်=ကမင်အရပ်လေရုံ၏၊ ရှယ်အတိလေ ကံ၏၊ ရှယ်တန်စာလေ ဆောင်၏၊ ထွတ်တဝ်ကြာပပ်ရှုယ်အတိ ရှုထီလေ ဆောင်၏၊ အဆန်တကြယ် ရုပ်တိပ္လည်သော တသူမှုလောက် မ္လောက်သော ကြိယ်ဆမိတိုင်လေ ထာ၏၊ သာသနာငါထောင် ကုန်ညြင် တည်စိမ်သောငှါ မိ၂ဖုရာ နိုက်လုပ်ကွ္လဝသော မဟာထေ စသောအရှာသင်ခါတိုဝ် ပစ်စည်ဖ္လစ်စိမ်သောငှါ ထိလိုင်သျှင်မင်ကြိ လက်တ် ထောက်ရှယ် ရိယ်သောက်ရာ ငခြိုယ်ခ္လိုင်ကိုဝ် မင်ထာ လဝငခြိယ်နိုက်ဝယ်ရှယ် တရက်ပ္လိယ်မင်ကြီနိုက် ရိယ် စင်တ်ခံရှယ် လျှုသော ငခြွယ်ခ္လိုင် မ္လိယ်ကား-' စသည်ဖြင့် ပြည့်စုံစွာ ရေးထိုးမှတ်တမ်းတင်ထားလေသည်။

သမန္တစာဘုရားနေရာတွင် ပုဂံ နရပတိမင်းကြီးက လဝလူမျိုးတို့အား ကန်စောင့်အဖြစ် ရွာတည်ထားရှိခဲ့ သည်။ လဝတို့သည် အရှေ့ဘက်ကုန်းသို့ ရွှေပြောင်း သွားကြသည့် ရွာရာဟောင်းမြေကို နရပတိစည်သူမင်းက စစ်သူကြီး မင်္ဂလသိင်္ခါကို ရဲဆုပေးခဲ့သည်။ စစ်သူကြီး မင်္ဂလသိင်္ခါက ထိုမြေနေရာတွင် သိမ်သမုတ်ကာ တည် ထားခဲ့သည်။ စစ်သူကြီးမင်္ဂလသိင်္ခါ၏ကောင်းမှု သိမ်ကား ယခုအခါ သိမ်တိုင်ဟောင်းများသာ ကြွင်းကျန်တော့သည်။ ထိုမူလသိမ်နေရာတွင် သိမ်အဆောက်အအုံအသစ်က အစားထိုးတည်ဆောက်ထားပြီ ဖြစ်သည်။

တရုတ်ပြေးမင်းလက်ထက်တွင် လက်တော်ရာအရပ် တွင် နေထိုင်သည့် သူကြွယ်သွန်စတာက စစ်သူကြီး မင်္ဂလသိင်္ခါ သိမ်တော်၏ အရှေ့ဘက်မြေပေါ်တွင် ကျောင်း တည်လိုသဖြင့် ဆရာတော် မဟာဥပလဝန်မထေရ်ထံ အခွင့်တောင်းသည်။ မဟာဥပလဝန်မဟာထေရ်က ခွင့်ပြု သဖြင့် ကူတည်သည်။ သံဃာတော်များ သီတင်းသုံးနိုင်ရန် ကုလားကျောင်းတည်သည်။ ဂူအတွင်းတွင် ဉာဏ်တော် (၅)တောင်ရှိသည့် ဂေါတမဘုရားရှင်ကိုယ်စား ဗုဒ္ဓရုပ်ပွား တော် တည်ထားခဲ့သည်။-ဘုရားတွင် သူကြွယ်သွန်စတာ မဇ္ဈိမဒေသ၊ မဟာဗောဓိက ပင့်ဆောင်လာခဲ့သည့် သရီရ ဓာတ်တော်များနှင့် ဥပလ်ဝန်မဟာထေရ်တွင်ရှိသည့် သရီရ ဓာတ်တော်များကို ရွှေကြုတ်၊ ငွေကြုတ် ကျောက်စေတီ တွင် ထည့်သွင်းမြှုပ်နှံကာ ဌာပနာခဲ့သည်။ သူကြွယ် သွန်စတာ တည်ထားသဖြင့် သွန် စတာဘုရားဟု အမည်တွင်ခဲ့ သည်။


အရှေ့ဘက်မုခ်ဦး ခြင်္သေ့ကြီးများ

စစ်ကိုင်းခေတ် ရွှေတောင် တက်မင်း (သက္ကရာဇ် ၆၉၈- ၇၀၁) လက်ထက်တွင် အသင်္ခ ယာစောယွမ်း၏ မိဖုရားကြီးနှင့် ကျစွာမင်း ညီနောင်တစ်စုနှင့် စိုး မင်းကိုယ်တော်ကြီး မိသားစုတို့ သည် မင်းတုန်းအရပ်တွင် တိမ်း ရှောင်ပုန်းခိုနေကြရာမှ စစ်ကိုင်း သို့ ပြန်လာခဲ့ကြသည်။ သွန်စတာ ဘုရားသို့ ရောက်ရှိတည်းခိုကြစဉ် ကျစွာမင်းသည် မြိနာရောဂါ

www.burmeseclassic.com



သမန္တစာဘုရားရှိ ရှစ်မျက်နှာစေတီ

...ည်းထန်နေဟန်ရှိသည်။ ဘုရား ...င်ပြင်ပေါ်သို့ပင် တက်ရောက်ဖူး ...ော်နိုင်ခြင်း မပြုနိုင်ရှာချေ။

သို့ဖြစ်၍ မယ်တော်မိဖုရား ကြီးက သားတော် ဝတ်ဆင်တော် ...သည့် ဖျင်တော်ကိုယူကာ ဘုရား ...င်အား လှမ်းလှူ၍-

"ငါ့သားတော်အသက်မသေ၊ ...နာမှ ထမြောက်၍ မင်းအဖြစ် ...ရှိသော် ကြီးစွာသော ကောင်းမှု ...ပါအံ့"ဟု ဆုပန်နက်ခဲ့သည်။

ထိုသို့ဆုပန်သည့်အတိုင်း မြို့ ...တော်သို့ ရောက်ရှိလေသောအခါ ...စ်သူကြီးအနန္တပကြံ၏ ကူညီမှု ...ကြောင့် ကျစွာမင်းသည် စစ်ကိုင်းထီးနန်း စိုးစံခွင့်ရရှိခဲ့ ...သည်။ ထို့ကြောင့် ကျစွာမင်းနှင့် မယ်တော်မိဖုရားကြီး ...တို့သည် ဆုတောင်းပြည့်ဝသည့် သွန်စတာဘုရားရှင်ကို ...ရွှေချိန်ပိဿာ(၁၀)ဖြင့် ရွှေအတီချစေခဲ့သည်။ ဝတ်မိုး ...တ်မြေများစွာတို့ကိုလည်း ကျောက်စာရေးထိုး လှူဒါန်း ...တော်မူခဲ့ကြသည်။ ဆုတောင်းဆုပန် ပြည့်ဝကြောင်းကို ...သည်း ကျောက်စာတွင် ရေးထိုးမှတ်တမ်းတင်ခဲ့သည်။"

ယခုအချိန်တွင် ပိုမိုထင်ရှား ကျော်ကြားသင့်သော် ...သည်း သမန္တစာဘုရား၏ ထူးခြားသည့်သမိုင်းမှာ တိမ် ...မြုပ်နေလျက် ရှိနေသည်ကို တွေ့ရသည်။ သမန္တစာဘုရား ...၏ ဝန်းကျင်ပတ်လည်တွင် ရှေးဟောင်းစေတီပုထိုး များ ...စွာကို တွေ့ရှိနေရသဖြင့် ရှေးမင်းအဆက်ဆက်တို့သည် ...ကိုးကွယ်ခဲ့ကြကြောင်း ဖော်ပြနေပေသည်။ ဘုရား၏ အရှေ့ဘက်မုခ်၏ လက်ဝဲဘက်ရှိ ဂူဘုရားအတွင်း နံရံ ...များပေါ်တွင် ရှေးဟောင်းနံရံဆေးရေးပန်းချီလက်ရာ အနည်း ...ငယ် ကြွင်းကျန်နေသေးသည်ကို လေ့လာတွေ့ရှိရသည်။ အခြားသော စေတီပုထိုးများမှာ မူလလက်ရာများ မရှိ ...တော့။ ပြန်လည်ပြုပြင် တည်ထားခဲ့ကြသဖြင့် အသစ်၊ အသစ် လက်ရာများဖြင့်သာ ကြည်ညိုဖူးတွေ့ရတော့သည်။

သမန္တစာဘုရားသည် ဆုတောင်းပြည့်ဝသည့် တန်ခိုး ကြီးဘုရားမျှသာမဟုတ်၊ သမိုင်းတန်ဖိုး ကြီးမားသည့် ဘုရားတစ်ဆူ ဖြစ်ပေသည်။ သမိုင်းမှတ်တမ်းမော်ကွန်း ကျောက်စာလည်း ခိုင်ခိုင်မာမာ တည်ရှိသည်။ ချောင်းဦး နယ်၊ အမြင့်ဒေသသို့ ရောက်ရှိလျှင် မဖြစ်မနေ ဝင်ရောက် ဖူးမြော်လေ့လာသင့်သည့် တန်ခိုးကြီးဘုရားတစ်ဆူ ဖြစ် ပေသည်။

ပုဂံခေတ်၊ စစ်ကိုင်းခေတ်မှ စတင်၍ ထင်ရှားကျော် ကြားခဲ့သည့် သမန္တစာဘုရားဗုဒ္ဓရုပ်ပွားတော်ကြီးသည် ပြန်လည်မွမ်းမံ ပြုပြင်ထားသဖြင့် အတိုင်းအတာ၊ အလုံး အထည်အားဖြင့် ပြောင်းလဲမှု မရှိချေ။ မူလလက်ရာ မဟုတ်တော့သော်လည်း ကြည်ညိုဖွယ် ဖူးမြော်တွေ့ရှိနိုင် ပေသည်။ သမန္တစာဘုရား၏ ပရိဝုဏ်အတွင်းတွင် ရှစ် မျက်နှာစေတီအပါအဝင် ပြန်လည်ပြုပြင် တည်ဆောက် ထားသည့် ရှေးဟောင်းစေတီတော်(၁၀)ဆူခန့် တည်ရှိ သည်။ မုစလိန္ဒာနဂါးမင်းနှင့် ဘုရားရှင်၊ နဂါးရုံစေတီ၊ ဘုရားရှင်နှင့် ရဟန္တာအရှင်မြတ်များ ဆွမ်းခံကြွတော်မူ ဟန်၊ ဆင်စီးမြင်းရံဘုရား၊ ရှင်သီဝလီပုံတော် စသည့် ကြည့်ရှုလေ့လာ ဖူးမြော်ဖွယ်ရာများ တည်ရှိသည်။

ခရီးတာလည်း မဝေးကွာလှပါ။ မုံရွာခရိုင်၊ ချောင်း ဦးမြို့ကို ရောက်ရှိပါက သမိုင်းဝင်ဆုတောင်းပြည့် သမန္တ စာဘုရားသို့ ဝင်ရောက်ဖူးမြော်ကြပါဟု တိုက်တွန်းလိုပါ သည်။

**နန္ဒာဝင်းလွင်**

www.burmeseclassic.com

www.burmeseclassic.com

## တောင်ငါးလုံးကာခို ရာဇဂြိုဟ်ရှိ

# ဝေဘာရတောင် နှင့် ပဏ္ဍဝမာသဂိါယနာ

တွန်းအားရှင်

**တောင်ငါးလုံးမှာ တံတိုင်းပမာ ဝိုင်းရံကာ**

တောင်ငါးလုံးကာခို ရာဇဂြိုဟ်ဆိုသည့် ဆောင်ပုဒ်အတိုင်း ဝေဘာရတောင်၊ ဝေပုလ္လတောင်၊ ပဏ္ဍဝတောင်၊ ဂိဇ္ဈကုဋ်တောင်နှင့် ဣသိဂိလိတောင်ဟူသော ထိုထိုသော တောင်တန်းများ ပတ်ချာဝိုင်းလည် တံတိုင်းသဖွယ် ကာရံထားသော ရာဇဂြိုဟ်မြို့သို့ ဘုရားဖူးအဖွဲ့သည် ဒါနဗုဒ္ဓဂယာဘုရားဖူးအဖွဲ့၏ အစီအစဉ်ဖြင့် (၂၀၁၅)ခုနှစ်၊ မတ်လ (၁၉)ရက်နေ့ နံနက်စောစောတွင် ရောက်ရှိကြသည်။

ဘုရားဖူးအဖွဲ့တွင် သံဃာတော်(၂)ပါးနှင့် ဘုရားဖူး ဓမ္မမိတ်ဆွေ(၃၀)တို့ လိုက်ပါလာကြသည်။ နာလန္ဒာ တရုတ်-မြန်မာ ဘုန်းတော်ကြီးကျောင်းတွင် တည်းခိုကြသည်။ ကျောင်းအမည်မှာ တရုတ်-မြန်မာကျောင်းဟု ဆိုသော်လည်း သီတင်းသုံးနေသော ရဟန်းများမှာ ရခိုင်သံဃာတော်များသာ ဖြစ်ကြသည်။ ကျောင်းထိုင်ဆရာတော်ကြီးမှာ ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်က ဖြစ်သည်။

**ရာဇဂြိုဟ်တစ်ခွင် ဘုရားဖူးခရီးနှင်**

ထို့နေ့နံနက်ပိုင်းတွင် နာလန္ဒာရှိ အရှင်သာရိပုတ္တရာစေတီတော်နှင့် ဘာသာခြားလူမျိုးများတို့ ဖျက်ဆီးခြင်းကို ခံလိုက်ခဲ့ရသော လွမ်းမောဖွယ်ရာ နာလန္ဒာတက္ကသိုလ်ဟောင်းကို သွားရောက်ဖူးမြော်လေ့လာခဲ့ကြသည်။ ထို့နောက် တည်းခိုရာကျောင်းသို့ ပြန်လာကာ နေ့လယ်စာစား ခဏနားကြသည်။ မွန်းလွဲ(၁)နာရီတွင် မိမိတို့ဘုရားဖူးကားဖြင့် နာလန္ဒာတက္ကသိုလ်သံစ်၊ ဗိမ္ဗိသာရအကျဉ်းထောင်၊ ဆွန်ဘဏ္ဍာတိုက်၊ ဇီဝကသရက်ဥယျာဉ်၊ အဇာတသတ်ဓာတ်တော်တိုက် ၊ကမ္ဘာငြိမ်းချမ်းရေး ဝိရှသျှန္တိစေတီတော်နှင့် ဗုဒ္ဓမြတ်စွာ သီတင်းသုံးတော်မူခဲ့ရာ ဂိဇ္ဈကုဋ်တောင် စသောနေရာများကို သွားရောက်ဖူးမြော်ကြည်ညိုလေ့လာကြသည်။

**ဝေဘာရတောင်ထက် ခရီးဆက်**

နောက်တစ်နေ့နံနက် မတ်လ (၂၀)ရက်နေ့တွင် ဘုန်းတော်ကြီးကျောင်းမှာပင် နံနက်စာ ထမင်းကြော်နှင့် လက်ဖက်ရည်တို့ကို သုံးဆောင်ကြပြီး နံနက်(၆)နာရီခွဲတွင် ခရီးဆက်ကြရာ ဝေဘာရတောင်ခြေသို့ နံနက်(၇)နာရီတွင် ရောက်ရှိကြသည်။ နွေဦးကာလဖြစ်သော်လည်း ရာသီဥတုက နံနက်ပိုင်းတွင် ချမ်းတစိမ့်စိမ့်နှင့် ဆောင်းဥတု၏ အငွေ့အသက်များ မကုန်သေးသဖြင့် နေရထိုင်ရ အဆင်ပြေလှ၏။ တချို့ဘုရားဖူးများမှာ အနွေးထည်ပါးပါးလေးတောင် ဝတ်လာကြသည်။

ရာဇဂြိုဟ်သည် လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်ကာလက အလွန်ကြီးကျယ်စည်ကားထင်ရှားလှသော မြို့ကြီးပြကြီး ဖြစ်ခဲ့သည်။ ယခုအခါ မြို့သိမ်မြို့ငယ်ကလေး အဆင့်ခန့်သာ

www.burmeseclassic.com

www.burmeseclassic.com

ရှိသော်လည်း ရေပူစမ်းနှင့် မြို့ဟောင်းကြောင့် နာမည်ကျော်ကြား လူသိများပေသည်။

ဝေဘာရတောင်သည် အတိုင်းတိုင်း အပြည်ပြည် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာသူများ၊ လေ့လာရန်လာသူများ၊ ရေပူစမ်းတွင် ရေချိုးရန် လာကြသူများကြောင့် တစ်နေ့တာခြား အလွန်ပင်စည်ကားလျက်ရှိသည်။ တောင်ခြေရင်းတွင် ဈေးဆိုင်များရှိသည်။ ထိုဈေးဆိုင်များကြားမှ ဖြတ်ကျော်ကာ အပေါ်အမြင့်သို့ တက်သော လမ်းကလေးအတိုင်း ရေပူစမ်းအဆင့်ဆင့် တက်သွားရသည်။

ဝေဘာရတောင်မှာ အမြင့်ပေ(၂၅၀၀)ခန့်ရှိသည်ဟု သိရသည်။ အသက်အရွယ် ကြီးသူများနှင့် ကျန်းမာရေးကောင်းသူများက ခြေကျင်မတက်နိုင်ပါက အထမ်းသမားများနှင့် တက်ကြရသည်။ တစ်ဦးလျှင် အိန္ဒိယရူပီးငွေ(၁၁၀၀) ပေးရသည်။ စာရေးသူ ယခင်က (၂၀၁၁) ခုနှစ် တစ်ခေါက်လာတုန်းက ရူပီးငွေ (၈၀၀)သာ ပေးရသည်။ ယခုအခါ ရူပီးငွေ(၃၀၀) ဈေးတက်သွားခြင်းဖြစ်သည်။ အိန္ဒိယနိုင်ငံမှာလည်း မိမိတို့ မြန်မာနိုင်ငံမှာလို ဈေးတက်နေပါသလားဟု မိမိနှင့်အတူလာသူ စာရေးသူ၏ မိတ်ဆွေ ဦးမြသာကို ထုတ်ဖော်ပြောမိသည်။ အထမ်းသမားနှင့် တက်သူမှာ မိမိတို့ဘုရားဖူးအဖွဲ့မှ ဆယ်ဦးပင် မပြည့်။ စာရေးသူမှာ ယခင်တစ်ခေါက် လာတုန်းက အထမ်းသမားနှင့် တက်သွားသဖြင့် ရေပူစမ်းတွင် ရေချိုးနေကြသူများကို အေးအေးဆေးဆေး လေ့လာကြည့်ရှုခွင့် မရခဲ့ပေ။

**ရေချိုးသည့်အခါ ဓာတ်စနစ်မှာ ပွင့်လင်းမြင်သာ ရုပ်လုံးပေါ်လာ**

ယခုအကြိမ်တွင်ကား မိမိနှင့်အတူ ဦးမြသာ၊ ဦးသန်းစိန်နှင့် ဦးစောထွန်းတို့ ပါလာသဖြင့် ခြေကျင်တက်ကာ ရေပူစမ်းမှာ ရေချိုးနေကြသည့် ဓာတ်နိမ့်ဓာတ်မြင့် အဆင့်ဆင့်ကို ဂဃနဏလေ့လာကာ မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ယူနိုင်ခဲ့ပေသည်။ ရေပူများမှာ ဝေဘာရကျောက်တောင်မှထွက်၍ စီးဆင်းနေခြင်းဖြစ်သည်။ အောက်မှ တက်သွားလျှင် ပထမဆုံးတွေ့ရသော ရေပူစမ်းမှာ ဓာတ်နိမ့်တို့ ရေချိုးသောနေရာ ဖြစ်သည်။ စမ်းချောင်းမှ စီးနေသော ရေများကို စမ်းချောင်းထဲဆင်း၍ လူများစွာတို့ ရေချိုးနေကြသည်။ သူတို့က အခွင့်အရေးတစ်ပန်းသာသည်မှာ ရေချိုးရင်း ဆပ်ပြာတိုက်ခွင့်ရသည်။ ဆပ်ပြာတိုက်ပြီး စမ်းချောင်းမှာပင် ရေချိုး၍ရသည်။

အပေါ်မှ ဓာတ်မြင့်တို့မှာ ရေချိုးရင်း ဆပ်ပြာတိုက်ခွင့် မရ။ ရေချိုးရုံသာ ချိုးရသည်။ ဆပ်ပြာကို ရေချိုးခန်းမှာ သွားတိုက်ရသည်။ ဆပ်ပြာပြောင်အောင် တိုက်ပြီးမှ စမ်းချောင်းတွင် ရေပြန်ချိုးရသည်။ အလယ်မှ သတ်မှတ်နေရာတွင် ဓာတ်လတ်များ ရေချိုးရသည်။ အမျိုးသား၊ အမျိုးသမီး၊ ငယ်သူ၊ ကြီးသူ အတူတူ ပျော်ပျော်ပါးပါး ရေချိုးနေကြသည်။ ရေပူစမ်းတစ်လျှောက်လုံးမှာ ရေချိုးသူများနှင့် စည်ကားလျက် ရှိနေသည်။ အပေါ်ဆုံး သတ်မှတ်နေရာတွင် ဓာတ်မြင့်များက ရေချိုးကြသည်။ စမ်းချောင်း၏ ဘေးဘက်မှာ ရေချိုးခန်းများလည်း ရှိသည်။ ရေချိုးခန်းများမှာ ရေချိုးနေသူများရှိသလို စမ်းချောင်းထဲမှာ ရေချိုးနေသူတို့လည်း များစွာရှိသည်။ ဤရေပူစမ်းတွင် ရေချိုးခြင်းဖြင့် (၉၆)ပါးရောဂါများ ပျောက်သည်။ ကိလေသာအညစ်အကြေးများ ကင်းစင်ပျောက်သည်ဟူသော ယုံကြည်ချက်ဖြင့် ဓာတ်နိမ့်၊ ဓာတ်လတ်၊ ဓာတ်မြင့်များစွာ လာရောက်ရေချိုးကြခြင်း ဖြစ်သည်။



ရေပူစမ်းသို့ ရေချိုးရန် လာကြသူများ

www.burmeseclassic.com

www.burmeseclassic.com

သူ့နေရာနှင့်သူ ဓာတ်နီမှိ၊ ဓာတ်လတ်၊ ဓာတ်မြင့် သတ်မှတ်ခံယူပြီး ကိုယ့်နေရာနှင့်ကိုယ် ရေချိုးကြသည်မှာ အံ့သြစရာပင်။ အိန္ဒိယအစိုးရအနေဖြင့် ဓာတ်စနစ်ကို ဖျက်သိမ်းလိုက်ပြီဟု သိရသည်။ သို့ရာတွင် လက်တွေ့မြင်တွေ့နေရသော ရေချိုးသည့်နေရာများတွင်မူကား ဓာတ်စနစ်များမှာ ထင်ထင်ရှားရှား သက်ဝင်လှုပ်ရှားနေသည်ကို မြင်တွေ့ရသည်မှာ မယုံနိုင်စရာပင်။ အိန္ဒိယအစိုးရအနေဖြင့် သိလျက်နှင့် ရှေ့နှုတ်ပိတ်နေခြင်းမှာလည်း အကြောင်းတစ်ခုခု ရှိလိမ့်မည်ဟု စာရေးသူ သုံးသပ်မိသည်။ စာရေးသူတို့ မိတ်ဆွေတစ်စုမှာ ဓာတ်စနစ်အရ ခွဲခြားရေချိုးနေကြပုံများကို သူက မီးတဝင်းဝင်း ကိုယ်က မီးတလင်းလင်းဖြင့် အပြိုင်အဆိုင် ဓာတ်ပုံရိုက်ယူခဲ့ပြီးနောက် ဝေဘာရတောင်ပေါ် ခြေကျင်တက်ကြသည်။

<u>အရှင်မဟာကဿပ သီတင်းသုံးခဲ့ရာ ပိပ္ပလိလိုဏ်ဂူနေရာ</u>

တောင်ပေါ်သို့ တက်သည့်အခါ မယိုင်မလဲရအောင် ထိန်းသိမ်းနိုင်ရန် ဝါးလုံးငယ်တုတ်တစ်ချောင်းစီကို အိန္ဒိယရူပီးငွေတစ်ဆယ် ပေး၍ ဝယ်ယူကြရသည်။ ရေပူစမ်းမှ ဝေဘာရတောင်ထက်သို့ ဆက်တက်လျှင် လက်ယာဘက်တွင် ကျောက်တုံးများ ဆင့်စီထားသော လေးထောင့်ပုံစံကျောက်ဂူငယ်တစ်ခုရှိသည်။ အလျား(၈၅)ပေ၊ အနံ(၈၁)ပေရှိသည်ဟု သိရသည်။ အရှင်မဟာကဿပ သီတင်းသုံးခဲ့ရာ ပိပ္ပလိလိုဏ်ဂူဟု ခေါ်ဆိုကြသည်။

ထိုနေရာတွင် မိမိတို့နှင့် အတူလိုက်ပါလာသော နာလန္ဒာ တရုတ်-မြန်မာ ကျောင်းတိုက်မှ ဆရာတော်ဒေါက်တာနန္ဒက မိမိတို့ ဘုရားဖူးအဖွဲ့များအား အရှင်မဟာကဿပလိုဏ်ဂူ အကြောင်းကို ရှင်းပြပြီး ဘုရား၊ တရား၊ သံဃာ ဂုဏ်တော်များနှင့် ပဋ္ဌာန်း(၂၄)ပစ္စည်းကို ညီညီညာညာ ရွတ်ဖတ်ပူဇော်ကြသည်။ ထို့နောက် ဗောဇ္ဈင်သုတ်ကို ဆက်လက်ရွတ်ဖတ် ပူဇော်ကြသည်။

အရှင်မဟာကဿပမထေရ်သည် ဘုရားရှင်သာသနာတော်၌ လက်ယာတော်ရံ အရှင်သာရိပုတ္တရာနှင့် လက်ဝဲတော်ရံ အရှင်မောဂ္ဂလာန် အဂ္ဂသာဝက နှစ်ပါးပြီးလျှင် တတိယအရေးပါအရာရောက်ဆုံးသော မဟာသာဝကကြီးဖြစ်သည်။ ဘုရားရှင်နှင့် အဂ္ဂသာဝကကြီး နှစ်ပါးတို့ အသီးသီး ပရိနိဗ္ဗာန်ပြုတော်မူပြီးနောက်ပိုင်းတွင် ဘုရားရှင်၏ သာသနာတော်ကို အရှင်မဟာကဿပ မထေရ်ကြီးက တာဝန်ယူ ဦးစီးဦးဆောင် ပြုလာခဲ့သည်။ အရှင်မဟာကဿပ ရဟန္တာအရှင်မြတ်သည် ဘဝတစ်သက်တာ ကာလပတ်လုံး တောကျောင်း၌သာ သီတင်းသုံးတော်မူခြင်း၊ ပံ့သုကူသင်္ကန်းကိုသာ ဝတ်ရုံတော်မူခြင်း၊ အမြဲတမ်း ဆွမ်းခံ၍ ဘုဉ်းပေးခြင်း၊ အိမ်စဉ်မပြတ် ဆွမ်းရပ်ခြင်း စသော ဓုတင်(၁၃)ပါးစလုံးကို ဆောက်တည်ကျင့်သုံးသော သာသနာတော်၏ စံပြပုဂ္ဂိုလ်ကြီးဖြစ်သည်။ ထို့ကြောင့်လည်း မြတ်ဗုဒ္ဓကိုယ်တော်တိုင် ဓုတင်(၁၃)ပါး တည်ဆောက်နိုင်သည့် အထူးမြတ်ဆုံး ပုဂ္ဂိုလ်အဖြစ် ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးမြှောက်တော်မူခဲ့ပေသည်။

<u>ပထမသင်္ဂါယနာတင်ခဲ့ရာ သတ္တပဏ္ဏိလိုဏ်ဂူရှိရာသို့</u>

မိမိတို့မှာ အရှင်မဟာကဿပလိုဏ်ဂူ (ပိပ္ပလိလိုဏ်ဂူ)မှ ကျောက်လှေကားလမ်းအတိုင်း (၁၅)မိနစ်ခန့် ဝေဘာရတောင်ပေါ်သို့ တက်သွားလျှင် မတ်စောက်ဖြစ်နေသော နေရာများကို ကျော်လွန်ပြီး တောင်ကုန်းပေါ်သို့ ရောက်ရှိသွားသည်။ ယင်းနေရာတွင် ဘုရားဖူးများ အနားယူနိုင်ရန် ဂူများနှင့် ဥဿျှစ်ပင်ကြီးများ ရှိသည်။ ထိုနေရာမှ ရှေ့သို့ တက်သွားလျှင် လက်ဝဲ,လက်ယာတွင် ခရီးသည်များ အနားယူရန် နေရာများနှင့် ဂူကျောင်း



ဝေဘာရတောင် သတ္တပဏ္ဏိလိုဏ်ဂူနေရာတွင် ဘုရားဖူးအချို့ ဝေလုလာနေကြစဉ်

www.burmeseclassic.com

www.burmeseclassic.com



ပထမသင်္ဂါယနာတင်ခဲ့ရာ ဝေဘာရတောင် သတ္တပဏ္ဏိလိုဏ်ဂူရှေ့တွင်
ဆရာတော်ဒေါက်တာနန္ဒက သင်္ဂါယနာတင်ပုံကို ရှင်းပြစဉ်

သုံးကျောင်း၊ ဟိန္ဒူဘုရားကျောင်း တစ်ကျောင်းကို တွေ့ရသည်။

ထိုကျောင်းများကို ဖြတ်ကျော်၍ ရှေ့သို့ ပေ(၁၀၀)ကျော်ခန့် ဆက်တက်သွားလျှင် မန်ကျည်းပင်ကြီး တစ်ပင်နှင့် လက်ခဲ့လက်ယာ ဂိုန်းကျောင်း (၂)ကျောင်းကို ထပ်မံတွေ့ရှိရသည်။ ယင်းကျောင်းနှစ်ကျောင်းကို ဖြတ်ကျော်ပြီး တောင်ကုန်းပေါ်သို့တက်သွားလျှင် ရှေ့ဟောင်း ရာဇဂြိုဟ်မြို့ရိုး တံတိုင်းကြီးကို တွေ့ရှိရသည်။ ထိုတံတိုင်းဟောင်းမှာ အချို့နေရာ၌ (၃)ပေခန့်ထိ အမြင့်ကျန်နေသေးသည်။ နောက်ဆုံးတွေ့ရှိသည့် ဂိုန်းကျောင်းနှစ်ကျောင်းမှ ရှေ့သို့ ဆက်မတက်တော့ဘဲ လက်ယာဘက် ဂိုန်းကျောင်းငယ်အနီးမှကပ်လျက် ကျောက်လှေကား(၆၅)ထစ်ခန့် အောက်သို့ လျှောဆင်းသွားလျှင် သတ္တပဏ္ဏိလိုဏ်ဂူရှိရာသို့ ရောက်ရှိသည်။

ထိုနေရာတွင် ဂူနှစ်ဂူရှိပြီး ယင်းဂူနှစ်ခုလုံး တောင်ဘက်အခြမ်း သဘာဝကျောက်တောင်နံရံကြီး အပေါ်၌ တည်ရှိကာ မြောက်ဘက်သို့ မျက်နှာမူထားသည်။ ဂူနှစ်ဂူအနက် အနောက်ဘက်ဂူမှာ အထဲတွင် ပေ(၃၀)နီးပါးထိ လူနှစ်ရပ် သုံးရပ်စာခန့် မြင့်ပြီး အတွင်းသို့ ပို၍ပို၍ ကျဉ်းသွားသည်။ အရှေ့ဘက်ဂူမှာ ဝင်ဝတွင်သာ အနည်းငယ် ကျယ်ပြီး အထဲသို့ အလွန်ပင် ကျဉ်းသွားသည်။ တောင်ခြေမှ လိုဏ်ဂူရှိရာသို့ (၄၅)မိနစ်ခန့် တက်ရသည်။ လိုဏ်ဂူများရှေ့တွင်ရှိသော မြေနေရာမှာ အရှေ့-အနောက် ပေ(၁၂၀)ခန့် ရှည်လျားပြီး အနံအားဖြင့် တောင်-မြောက် အရှေ့ဘက်မှ (၂၄)ပေနှင့် အနောက်ဘက်တွင် (၁၂)ပေသာ ကျန်နေတော့သည်။ လွန်ခဲ့သော နှစ်ပေါင်း(၂၅၀၀) ကျော် ကာလက ဤနေရာမှာ သံဃာ(၅၀၀)ဖြင့် သင်္ဂါယနာတင်ခဲ့ရာ ထိုခေတ် ထိုအချိန်ကာလက မြေအကျယ်အဝန်းနှင့် နှိုင်းစာကြည့်လျှင် ယခုလက်ရှိ အခြေအနေမှာ အကျယ်အဝန်းအတော်ပင် ကွာခြားနေကြောင်း မှန်းဆသိရှိနိုင်သည်။ ဤသို့ဖြစ်ရခြင်းမှာ နှစ်ပေါင်း(၂၅၀၀) ကျော် ဖြတ်သန်းလာခဲ့ရသော ရှည်လျားသည့် ကာလအတွင်း ဘာသာခြားတို့၏ ဖျက်ဆီးခံရမှုနှင့် သဘာဝဒဏ်၏ နှိပ်စက်ညှဉ်းပန်းမှုကို အခြားနေရာများထက် အလူးအလှိမ့်ခံခဲ့ရပုံပေါ်သည်။

တရားသဘောအရ ကြည့်မည်ဆိုပါက ဖြစ်ပေါ်လာသမျှသော ရုပ် နာမ် ဓမ္မ သင်္ခါရတရားတို့သည် ဖြစ်ပြီးလျှင် ပျက်ရမည့်သဘော ရှိကြောင်းကို ဖော်ပြနေပါပကောဟု စာရေးသူ စိတ်အစဉ်ဝယ် နှလုံးသွင်းကာ ဖြေသိမ့်နိုင်ခဲ့ပေသည်။ စာရေးသူတို့ ဘုရားဖူးအဖွဲ့ ဤသတ္တပဏ္ဏိလိုဏ်ဂူရှေ့သို့ ရောက်ရှိသည့်အခါ အခြားသောဘုရားဖူးအဖွဲ့တချို့ မိမိတို့ထက်အရင် ရောက်ရှိနေရာယူနေကြလေပြီ။ ဂူထဲသို့ ဝင်ရောက်လေ့လာရန်အတွက် ခဏစောင့်ရသည်။ သို့ရာတွင် မိမိတို့ ဘုရားဖူးအဖွဲ့မှာ ပါသူတိုင်း ဂူထဲသို့ ဝင်ရောက် မလေ့လာကြ၊ အပြင်မှနေပြီး ကြည့်ရှုသူများသည်။ ဂူထဲသို့ ဝင်ရောက်လေ့လာသူများ ပြန်ထွက်လာသည့်အခါ လူလည်းစုံပြီ၊ ထိုင်စရာနေရာလည်း ရရှိပြီဖြစ်သဖြင့် ဂူရှေ့ရှိ လွတ်နေသော မြေကွက်လပ် တစ်နေရာတွင် နေရာယူ ထိုင်လိုက်ကြသည်။

ထိုအခါ မိမိတို့နှင့်အတူ လိုက်ပါလာသော နာလန္ဒာ တရုတ်-မြန်မာကျောင်းမှ ဆရာတော် ဒေါက်တာနန္ဒကထံမှ ဘုရားဖူးများ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ၎င်းနောက် ပဋ္ဌာန်း(၂၄)ပစ္စည်း ပရိတ်တော်များကို ညီညာဖြိုဖြိုးရွတ်ဖတ်ပူဇော်ခြင်း၊ မေတ္တာပို့ခြင်း၊ အမျှပေးဝေခြင်းတို့ကို ဆောင်ရွက်ကြပြီး (၁၀)မိနစ်ခန့် တရားရှုမှတ်ကြသည်။ ထို့နောက် ဆရာတော်ဒေါက်တာနန္ဒက ပထမ

www.burmeseclassic.com

www.burmeseclassic.com

အကြိမ် သင်္ဂါယနာတင်ပုံကို ရှင်းလင်းမိန့်ကြားသည်မှာ ဤသို့ဖြစ်သည်။

**ပထမသင်္ဂါယနာတင်ခြင်း**

မဟာသက္ကရာဇ်(၁၄၈)ခုနှစ်၊ ကဆုန်လပြည့် အင်္ဂါနေ့တွင် မြတ်စွာဘုရားသည် ကုသိနာရုံ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်တွင် ပရိနိဗ္ဗာန်ပြုတော်မူချိန် ဖြစ်သည်။ အရှင်အနုရုဒ္ဓါ၊ အရှင်အာနန္ဒာ အပါအဝင် အခြားတပည့်ကြီးများ မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်ပြုခါနီး အနီးအနားတွင် ရှိနေကြသော်လည်း ဘုရားရှင်၏ ဒုတိယမြောက် တပည့်ကြီး အရှင်မဟာကဿပမှာ ခရီးလွန်နေ၍ ဘုရားရှင်၏ အနီးအနားတွင် မရှိခဲ့ပေ။ ဘုရားရှင် ပရိနိဗ္ဗာန်ပြု၍ (၇)ရက်မြောက်နေ့တွင် အရှင်မဟာကဿပသည် နောက်ပါရဟန်းငါးရာနှင့်အတူ ပါဝါပြည်မှ ကုသိနာရုံသို့ ကြွလာတော်မူလျက် ရှိသည်။

လမ်းခရီးတွင် အာဇီဝကာ တက္ကတွန်းတစ်ဦးက မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်ပြုတော်မူသည့် နေရာမှ မန္ဒာရဝနတ်ပန်းတစ်ခုကို အရိုးတပ်ပြီး ထီးကဲ့သို့ဆောင်းကာ ကုသိနာရုံဘက်မှ လာနေသည်။ အရှင်မဟာကဿပမှာ ထိုအာဇီဝကာ တက္ကတွန်းကိုမြင်၍ ငါကား မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်စံတော်မူကြောင်းကို သိရှိထားပြီး ဖြစ်သည်။ သို့သော် ငါ့နောက်က လိုက်ပါလာကြသည့် ပုဂ္ဂိုလ်များထဲမှ အချို့မှာ ဘုရားရှင်ကို တစ်ကြိမ်တစ်ခါမျှပင် မဖူးမြော်ကြသေး။ ဘုရားရှင်ကို ဖူးမြော်ရန် မျှော်လင့်ချက်ကြီးစွာဖြင့် ခရီးဝေးမှ လိုက်လာကြပြီး ကုသိနာရုံသို့ရောက်မှ ဘုရား ပရိနိဗ္ဗာန်စံတော်မူကြောင်း သိကြရလျှင် ထိန်းမနိုင် သိမ်းမရ ငိုကြွေးမြည်တမ်းကြ၍ လူအများ ကဲ့ရဲ့ဖွယ်ရာ ဖြစ်နေလိမ့်မည်။ ယခုကပင် အသိပေးထားလိုက်လျှင် ကုသိနာရုံသို့ ရောက်သည့်အခါ အတော်ပင် စိတ်သက်သာခွင့် ရသွားကြပေလိမ့်မည်ဟု စဉ်းစားတော်မူသည်။

သို့ဖြစ်၍ အရှင်မဟာကဿပမှာ အာဇီဝက တက္ကတွန်းကိုကြည့်၍ "အို ဒါယကာ- သင် အဘယ်အရပ်က လာသနည်း။ ငါတို့ဆရာ မြတ်စွာဘုရားကိုကော သိသလော" ဟု မေးမြန်းတော်မူလေသည်။

ထိုအခါ အာဇီဝက တက္ကတွန်းက သူ ကုသိနာရုံမှ လာခဲ့ကြောင်း၊ သင်တို့ဆရာ ဂေါတမဗုဒ္ဓ ပရိနိဗ္ဗာန်စံဝင်တော်မူသည်မှာ ခုနစ်ရက်တောင် ရှိပြီဖြစ်ကြောင်း၊ သူ မယခု ယူဆောင်လာသည့် မန္ဒာရဝနတ်ပန်းကြီးမှာလည်း သင်တို့ဆရာ ဂေါတမဗုဒ္ဓ ပရိနိဗ္ဗာန်ပြုရာမှ ယူလာခဲ့ကြောင်း အတိအကျ ပြောပြလေသည်။

ထိုသတင်းကို ကြားရသည့်အခါ အရှင်မဟာကဿပနှင့်အတူလိုက်ပါလာသော ရဟန်းတော်များအနက် အချို့ပုဂ္ဂိုလ်များမှာ ရှိုက်ကြီးတငင်ဖြစ်ကာ မြေကြီးပေါ်တွင် လူးလိမ့်၍ ငိုကြလေသည်။

ယင်းအချိန်၌ပင် အတူပါလာသည့် အာတုမာမြို့သား တောထွက်ရဟန်းကြီးက "ငါ့ရှင်တို့ မငိုကြွေးကြနှင့်။ ငါတို့ ယခုအချိန်ကစပြီး ဂေါတမဗုဒ္ဓလက်ထဲမှ လွတ်မြောက်ကြပြီ။ ဂေါတမဗုဒ္ဓသည် ငါတို့အား အလွန်ချုပ်ချယ်လွန်းသည်။ ဤဟာကို မလုပ်ရ၊ ဤသို့ မပြောရ စသည်ဖြင့် နေရာတကာ စည်းစနစ် တင်းကျပ်လွန်းသည်။ ငါတို့ ယခုအခါ လုပ်ချင်သည့် အရာကို သာလုပ်ပြီး မလုပ်ချင်သည့် အရာများကို မလုပ်ဘဲ နေနိုင်ကြပြီ" ဟု ဝမ်းသာအားရ ပြောဆိုလေသည်။



တာရေးသူတို့ ဘုရားဖူးအဖွဲ့မှ ဧဝေဘာရတောင်ပေါ်သို့ အာထမ်းသမားနှင့်တက်ခဲ့သော အမျိုးသမီးတစ်ဦး

အရှင်မဟာကဿပမှာ တော ထွက်ရဟန်းကြီးစကားကို ကြား ရ၍ အလွန်ပင် တုန်လှုပ်မှု ဖြစ် သည်။ မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန် တော်မူ၍ အလောင်းတော်ကိုပင် မီးမသင်္ဂြိုဟ်ရသေး ဤသို့သော

www.burmeseclassic.com

တရားမျိုးကို ပြောဆိုနေကြပြီဟု သံဝေဂကြီး ဖြစ်တော်မူသည်။ အရှင်မဟာကဿပ ရဟန်းပြု၍ မြတ်ဗုဒ္ဓထံ လာသည့်နေ့က ကိုယ်တော်တိုင် သုံးဂါဝုတ်ဝေးသည့် ခရီးတိုင်အောင် ကြွရောက်ကြိုဆိုတော်မူခဲ့သော ဘုရားရှင်သည် ယခုအခါ တပည့်ကြီးအား နောက်ဆုံးအနေဖြင့် နံ့သာထင်းပုံပေါ်က ကြိုဆိုတော်မူနေလေပြီ။

အရှင်မဟာကဿပနှင့် နောက်ပါ ရဟန်းငါးရာတို့ ကုသိနာရုံသို့ ရောက်သည့်အခါ ဘုရားရှင်အလောင်းတော်ကို ထားရာ မကုဋဗန္ဓနသို့ တန်းကြွတော်မူလျက် အရှင်မဟာကဿပ အပါအဝင် ရဟန်းတော်အားလုံး လက်အုပ်ကိုယ်စီချီကာ အလောင်းတော် တင်ထားသည့် နံ့သာထင်းပုံကို သုံးကြိမ်သုံးခါ လှည့်လည်ခဲ့ကြသည်။

ထို့နောက် ဘုရားရှင်၏ ခြေတော်ရှိရာ နေရာတွင် ဦးတင်ကာ နောက်ဆုံးပူဇော်ခြင်းဖြင့် ပူဇော်ကန်တော့ပြီးချိန်မှာပင် နံ့သာထင်းပုံ တစ်ခုလုံး မီးတဟုန်းဟုန်း တောက်လောင်သွားလေသည်။

ဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူပြီးနောက် အလောင်းတော်ကို (၇)ရက်တိုင်တိုင်၌ ပူဇော်ကြသလို မြတ်ဗုဒ္ဓ၏ ဓာတ်တော်များကိုလည်း (၇)ရက်တိုင်တိုင် ကြီးကျယ်ခမ်းနားစွာ ပူဇော်ကန်တော့ကြသည်။ ဘုရားရှင် ပရိနိဗ္ဗာန်ပြုစဉ် အနယ်နယ်အရပ်ရပ်က မကြွရောက်နိုင်ကြသော ရဟန်းသံဃာများမှာလည်း ဓာတ်တော်ပူဇော်ပွဲကို ကြွဖြစ်အောင် ကြွလာကြ၍ မဖျိုမဖြေသရှိ သံဃာအားလုံး ကုသိနာရုံသို့ ရောက်နေကြသလားဟု ထင်ရလောက်အောင်ပင် သံဃာပရိသတ်ကြီးမှာ ကြိတ်ကြိတ်တိုး စည်ကားနေသည်။ အတိုင်းတိုင်းအပြည်ပြည်မှ ဓာတ်တော်ပင့်ဆောင်ရန် လာကြသော မင်းများကို ဒေါနပုဏ္ဏားကြီးက ညီတူညီမျှ ခွဲဝေပေးသဖြင့် ဓာတ်တော်ခွဲဝေပွဲကြီးလည်း ငြိမ်းချမ်းစွာ ပြီးဆုံးသွားခဲ့သည်။

မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်ဝင်စံတော်မူပြီး (၁၅)ရက်မြောက်နေ့တွင် အရှင်မဟာကဿပသည် ကုသိနာရုံသို့ အနယ်နယ် အရပ်ရပ်မှ ကြွရောက်နေကြသော သံဃာတော်အားလုံးကို အကြောင်းကြား၍ အစည်းအဝေးကြီးတစ်ခု ကျင်းပလိုက်သည်။ ထိုအစည်းအဝေးတွင် အရှင်မဟာကဿပက သူ ကုသိနာရုံသို့ ကြွရောက်လာစဉ်က လမ်းခရီးတွင် ကြားသိခဲ့ရသော အာတုမာမြို့သား သုဘဒ္ဒ ရဟန်းကြီး၏ စကားကို အခြေခံကာ ဓမ္မဝါဒီပုဂ္ဂိုလ်များ မကွယ်ပျောက်သေးမီ၊ အဓမ္မဝါဒီပုဂ္ဂိုလ်များ မထွန်းကားသေးမီ မြတ်ဗုဒ္ဓ ဟောကြားတော်မူခဲ့သော တရားတော်များကို သင်္ဂါယနာတင်သင့်ကြောင်း တင်ပြ၏။

အရှင်မြတ်ကြီး၏ တင်ပြချက်ကို ကြွရောက်လာကြသော ရဟန်းပရိတ်သတ် အားလုံးတို့က တစ်ခဲနက် ထောက်ခံအားပေးကာ သင်္ဂါယနာတင်ရန်အတွက် သံဂီတိကာရက ပုဂ္ဂိုလ်များကိုလည်း အရှင်ဘုရားကိုယ်တိုင် ရွေးချယ်တော်မူရန် သံဃာအားလုံးက အရှင်မဟာကဿပအား လျှောက်ထားတောင်းပန်ကြသည်။

အရှင်မဟာကဿပသည် သင်္ဂါယနာတင်ရာ၌ ပါဝင်ကြမည့် သံဂီတိကာရက ပုဂ္ဂိုလ်များကို ရွေးချယ်သည့်အခါ ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ပုဂ္ဂိုလ်များကို ချန်ထား၍ ပိဋကတ်သုံးပုံကို နှံ့နှံ့စပ်စပ် တတ်ကျွမ်းပြီး အရှိန်အဝါကြီးမားသော ပဋိသမ္ဘိဒါပတ္တ ရဟန္တာအရှင်မြတ်ကြီး (၄၉၉)ပါးကို ရွေးချယ်တော်မူလိုက်သည်။ ထို(၄၉၉)ပါးထဲတွင် အရှင်မဟာကဿပ ကိုယ်တိုင်လည်း အပါအဝင်ဖြစ်သည်။ အမှန်အားဖြင့် အရှင်မြတ်ကြီး ရွေးချယ်လိုသည့် သံဂီတိကာရကစာရင်းမှာ



အရှင်မဟာကဿပလိုဏ်ဂူ (ပိပ္ပလိလိုဏ်ဂူ) နေရာတွင် ဗေဘာရှင်တောင် ရွတ်ဖတ်ပြီးနောက် ဆရာတော် ဒေါက်တာနန္ဒ ဂူအကြောင်း ရှင်းပြနေစဉ်

www.burmeseclassic.com

သံဃာတော်(၅၀၀)အတိဖြစ်၍ နောက်ထပ်တစ်ပါး လိုအပ်လျက် ရှိနေလေသည်။

သံဂီတိကာရက စာရင်းတွင် အရှင်မဟာကဿပ အနေဖြင့် အရှင်အာနန္ဒာကို သူကိုယ်တိုင် ရွေးချယ်လိုသော်လည်း အများသဘောတူညီမှုဖြင့် ရွေးချယ်ကြစေရန် တမင်သက်သက် ချန်ထားခဲ့ခြင်း ဖြစ်ပေသည်။ ထိုအခါ သံဃာအစည်းအဝေးသို့ ကြွရောက်လာကြသည့် အမြော်အမြင် ကြီးမားသော ရဟန်းတော်များက အရှင်မဟာကဿပအား-

'အရှင်ဘုရား--အရှင်အာနန္ဒာသည် သေက္ခပုဂ္ဂိုလ်အဆင့်မျှသာ ရှိသေးပါသော်လည်း သံဂီတိကာရကပုဂ္ဂိုလ်စာရင်းတွင် အရှင်အာနန္ဒာကို ရွေးချယ်တော်မူပါဘုရား။ အရှင်အာနန္ဒာသည် မြတ်ဗုဒ္ဓနောက်တော်မှ ထက်ကြပ်မကွာ လိုက်ပါပြီး မြတ်ဗုဒ္ဓ ဟောကြားတော်မူခဲ့သော တရားတော် အားလုံးနီးပါးကို ကြားနာထားသူ၊ အာဂုံဆောင်ထားသူ ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အရှင်အာနန္ဒာကို ရွေးချယ်ခြင်းဖြင့် အဂတိလိုက်ရာလည်း မရောက်ပါဘုရား'ဟု တောင်းပန်လျှောက်ထားကြ၍ အရှင်အာနန္ဒာကိုပါ ရွေးချယ်ကာ သံဂီတိကာရက(သင်္ဂါယနာတင်ရာ၌ ရွက်ဖတ်မည့်ပုဂ္ဂိုလ်) အပါး(၅၀၀)တိတိ သတ်မှတ်တော်မူလိုက်သည်။

ထို့နောက် သံဂီတိကာရက အရှင်မြတ်များက သင်္ဂါယနာတင်မည့်နေရာကို စဉ်းစားသည့်အခါ မြတ်ဗုဒ္ဓအများဆုံး သီတင်းသုံးတော်မူခဲ့သည့် သာဝတ္ထိပြည်ကို ရှေးဦးစွာ စဉ်းစားခဲ့ကြသည်။ သို့သော် ကောသလမင်းကြီးနှင့် ဗန္ဓုလစစ်သူကြီးတို့ မရှိသည့်နောက်ပိုင်းတွင် သာဝတ္ထိပြည်၏ နိုင်ငံရေးအခြေအနေမှာ မတည်ငြိမ်ဖြစ်နေသည်။ ယင်းကြောင့်လည်း မြတ်ဗုဒ္ဓ၏ ဓာတ်တော်များကို ကိုးကွယ်ပူဇော်ရန်အတွ က် လာရောက်ပင့်ဆောင်ကြသော အဖွဲ့များတွင် ကောသလတိုင်းက မပါလာခြင်း ဖြစ်သည်။ ထို့သို့ သာဝတ္ထိပြည်၏ နိုင်ငံရေးမငြိမ်သက်မှု ဂယက်ကြောင့် ယင်း၌ သင်္ဂါယနာတင်မည့် အစီအစဉ်ကို အရှင်မြတ်ကြီးက ပြန်လည်ရုပ်သိမ်းလိုက်ကြရသည်။

သံဂီတိကာရက ပုဂ္ဂိုလ်များက ဒုတိယအနေဖြင့် မြတ်ဗုဒ္ဓ ဒုတိယအများဆုံး ဝါဆိုဝါကပ်တော်မူခဲ့သော နေရာနှင့် သာသနာအစည်ကားဆုံး နေရာဖြစ်သော ရာဇဂြိုဟ်ပြည်ကို စဉ်းစားတော်မူသည်။ ရာဇဂြိုဟ်တွင် မင်းပြောင်းမင်းလွဲဖြစ်ကာ မငြိမ်မသက်ဖြစ်ခဲ့သော်လည်း ပြန်လည်ငြိမ်သက်ပြီး အသားကျသွားပြီဖြစ်သည်။ သုနီဓနှင့် ဝဿကာရ အမတ်ကြီးတို့၏ ကူညီပံ့ပိုးပေးမှုကြောင့် အဇာတသတ်မင်းသည် မဂဓတိုင်းကြီးကို ပိုင်ပိုင်နိုင်နိုင် အုပ်ချုပ်နိုင်ပြီဖြစ်သည်။ အဇာတသတ်မင်း ကိုယ်တိုင်ကလည်း အသက်အရွယ်ကြီးရင့်လာသည်နှင့်အမျှ ဘာသာရေးဘက်ကို ပို၍စိတ်ဝင်စားလာနေပြီဖြစ်သည်။ သို့ဖြစ်၍ သင်္ဂါယနာတင်နေကြချိန်တွင် တကယ်လို့ လိုအပ်လာလျှင် အာဏာစက်ဖြင့် အခိုင်အမာ ဆောင်ရွက်ပေးနိုင်မည် ဖြစ်သည်။

ထို့နောက် ရာဇဂြိုဟ်တွင် ကျောင်းတိုက်ကြီးပေါင်း (၁၈)တိုက်ရှိနေ၍ သံဂီတိကာရကပုဂ္ဂိုလ်များ နေရေး ထိုင်ရေးအတွက်လည်း ချောင်ချောင်လည်လည်ရှိသည်။ မြို့သူမြို့သား ဒကာ,ဒကာမများကလည်း စေတနာသဒ္ဓါတရားကောင်းကြသဖြင့် သင်္ဂါယနာတင်ကြမည့် ပုဂ္ဂိုလ်များအတွက် ဆွမ်းရေး ပန်းရေးနှင့်ပတ်သက်၍ ပြည့်စုံဖူလုံမှု ရှိနိုင်သည်။ ဤသို့သောအခြေအနေ အရပ်ရပ်တို့ကို သုံးသပ်တော်မူပြီးနောက် ရာဇဂြိုဟ်ပြည်ကို သင်္ဂါယနာတင်မည့် နေရာအဖြစ် အတိအကျ ဆုံးဖြတ်တော်မူခဲ့ကြသည်။ ထို့အပြင် ရာဇဂြိုဟ်တွင် သံဂီတိကာရက ပုဂ္ဂိုလ်များမှအပ အခြားမည်သည့်ပုဂ္ဂိုလ်မျှ ဝါမဆိုရဟုလည်း ကမ္မဝါစာ ရွတ်ဖတ်ကာ အများသဘောတူ ဆုံးဖြတ်ချက်ချ အတည်ပြုလိုက်ကြသည်။

ထိုသို့ နေရာအတိအကျ သတ်မှတ်ပြီးနောက် အရှင်မဟာကဿပ အပါအဝင် သံဂီတိကာရက ပုဂ္ဂိုလ်များသည် ရာဇဂြိုဟ်ပြည်သို့ ကြွချီလာကာ ရာဇဂြိုဟ်တွင် သင်္ဂါယနာတင်မည့် အကြောင်းကို အဇာတသတ်မင်းကြီးအား မိန့်ကြားတော်မူကြသည်။

ထိုအခါ မင်းကြီးကလည်း ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး 'အရှင်ဘုရားတို့ဘက်ကသာ သာသနာရေးဆိုင်ရာကိစ္စများကို စိတ်ချမ်းသာ ကိုယ်ချမ်းသာ ဆောင်ရွက်တော်မူကြပါဘုရား။ တပည့်တော်ဘက်ကလည်း လိုအပ်သော တာဝန်ဟူသမျှကို ဆောင်ရွက်ပေးပါမည်ဘုရား'ဟု ပြန်လည်လျှောက်ထားခဲ့သည်။

သင်္ဂါယနာတင်မည့် အရှင်မြတ်များက ဖွဲ့စုပ်ဆောက်

www.burmeseclassic.com

ညွှဲ နေရာကို ဝေဘာရတောင်နံပါး စရည်းပင်ပေါက်ရာ သတ္တပဏ္ဏိလိုဏ်ဂူကြီးရှေ့ကို ရွေးချယ်သတ်မှတ်ပြီး အဇာတသတ်မင်းကြီးအား မိန့်ကြားတော်မူကြသည်။ သို့ရာတွင် ရာဇဂြိုဟ်ရှိ ကျောင်းတိုက်ကြီးများတွင် သံဂီတိတာရက ပုဂ္ဂိုလ်များ သီတင်းသုံးရန် တကယ်တမ်း နေရာထိုင်ခင်း ချကြသောအခါ အချို့ကျောင်းတိုက်များမှာ ပျက်စီးနေကြပြီး အချို့ကျောင်းတိုက်ကြီးများတွင်လည်း အမှိုက်သရိုက်များ ပြည့်နှက်ကာ အတော်ပင် ဆိုးဝါးနေကြလေသည်။ အကြောင်းမှာ မြတ်ဗုဒ္ဓပရိနိဗ္ဗာန်ပြုတော်မူရာ ကုသိနာရုံသို့ ရာဇဂြိုဟ်ရှိ သံဃာအားလုံးနီးပါး လိုက်ပါသွားသောကြောင့် ရာဇဂြိုဟ်မြို့တွင် ဆွမ်းခံသည့်အချိန်၌ပင် သက်နှံ့ဝင်းဝင်းဝါဝါနှင့် ရဟန်းသံဃာများ နည်းပါးသွားပြီး ကျောင်းတိုက်ကြီးများ အားလုံးလည်း ခြောက်ကပ်ကျန်ခဲ့နေကာ ထိန်းသိမ်းစောင့်ရှောက်မည့်ပုဂ္ဂိုလ်များ မရှိသလောက် နည်းပါးသွားခဲ့သောကြောင့် ဖြစ်သည်။

ထိုအကြောင်းကို အဇာတသတ်မင်းကြီးအား အကြောင်းကြားလိုက်သဖြင့် မင်းကြီးကိုယ်တိုင် လက်သမားများကို စေလွှတ်ကာ ကျောင်းတိုက်ကြီးများကို တစ်လအတွင်းမှာ ပြန်လည်ပြုပြင် ဆောက်လုပ်စေခဲ့သည်။ အဇာတသတ်မင်းသည် ကျောင်းတိုက်ကြီးများကို ပြုပြင်ပြီးနောက် သင်္ဂါယနာတင် မဏ္ဍပ်ကြီးကို အခိုင်အမာဖြစ်အောင် အလျင်အမြန်ဆုံးလည်း ပြီးစီးအောင် အစွမ်းကုန်တည်ဆောက်စေခဲ့သည်။ သို့ဖြစ်၍ မကြာမီအတွင်းမှာပင် ခမ်းနားထည်ဝါသော သင်္ဂါယနာမဏ္ဍပ်ကြီး ပြီးစီးသွားလေသည်။ မဏ္ဍပ်ကြီးမှာ တောင်နံရံကို ကျောကပ်ပြီး မြောက်ဘက်သို့ မျက်နှာမူထားသည်။

ရတနာသုံးပါးတို့၏ ဘုန်းတန်ခိုး၊ အဇာတသတ်မင်း၏ ဘုန်းတန်ခိုးတို့ကြောင့် သင်္ဂါယနာတင်မဏ္ဍပ်ကြီးမှာ အံ့မခန်း ကြီးကျယ်ခမ်းနားသည်။ မဏ္ဍပ်တိုင်များ၊ နံရံများ၊ စောင်းတန်းများ၊ မျက်နှာကြက်များ ဆင်ယင်ထားသည်မှာ ဘောင်းကင်သို့ ထပျံလုမတတ်ဖြစ်နေသည်။ တွဲလွဲဆွဲထားသော ပန်းပွင့်ပန်းခိုင်များ၊ ခြယ်သထားသော အပြောက်အမွမ်းများကလည်း မင်းခမ်းမင်းနားထက် ကြီးကျယ်ပြောင်မြောက်သည်။ ခင်းထားသော ကောဇောအခင်းများကလည်း အဖိုးအနဂ္ဃထိုက်ပြီး ရဟန္တာအရှင်မြတ်ကြီးများနှင့် အပ်စပ်လိုက်ဖက်မှုရှိအောင် ဆင်ယင်ထားသည်။ ရာဇဂြိုဟ် တစ်မြို့လုံးရှိ အလှများကို ထိုမဏ္ဍပ်ကြီးတွင် စုပြုံပြီး တည်ဆောက်လေသလားဟု ထင်ရလောက်အောင် တင့်တယ်ကြီးကျယ်လှသည်။

တစ်ခါက ခမည်းတော်မင်းကြီးကို သတ်ပြီး ဘုရင်ရာထူးကို ရယူခဲ့မှုကြောင့် ပြည်သူတို့၏ ဇာတွေးခွက်တွင် မျောနေခဲ့ရသော အဇာတသတ်ဘုရင်ကြီးသည် အသက်အရွယ် ကြီးရင့်လာသည်နှင့်အမျှ သတိသံဝေဂ ရလာသည်။ သာသနာရေး၊ ဘာသာရေးဆိုင်ရာ ကိစ္စရပ်များတွင်လည်း စေတနာဖြူစင် သန့်ရှင်းစွာဖြင့် ကူညီပံ့ပိုးပေးလာသည်။ ထို့ကြောင့် မင်းကြီးအပေါ် ပြည်သူများ တစ်စ,တစ်စ ကြည်ညိုလေးစားလာခဲ့ကြပြီး သင်္ဂါယနာတင် မဏ္ဍပ်ကြီး ဆောက်လုပ်ပြီးစီးသွားချိန်မှာ အဇာတသတ်မင်းကြီးအပေါ် ပြည်သူလူထု ကြည်ညိုမှုများမှာ ယခင်ကထက် ပိုမိုတိုးပွားသွားလေသည်။

သင်္ဂါယနာတင် မဏ္ဍပ်ကြီးကလည်း ခံ့ညားထည်ဝါစွာ ပြီးစီးနေလေပြီ။ အဇာတသတ်မင်းကြီးကလည်း သူ့ဘက်က လိုအပ်သမျှတာဝန်ကို ဆောင်ရွက်ပေးရန် အသင့်ရှိပါကြောင်း လျှောက်ထားပြီးပြီ။ အရှင်မဟာကဿပအပါအဝင် သံဂီတိကာရကအဖွဲ့ဝင် ရဟန္တာအရှင်မြတ်ကြီး



[illegible]


www.burmeseclassic.com

www.burmeseclassic.com

များလည်း ရာဇဂြိုဟ်မြို့တွင်းရှိ ကျောင်းတိုက်ကြီးအသီးသီးတို့တွင် ကျန်းမာစွာဖြင့် ဝါဆိုဝါကပ်လျက် ရှိနေတော်မူကြသည်။ အားလုံး အဘက်ဘက်က ပြီးပြည့်စုံ၍ မနက်ဖြန်တွင် သင်္ဂါယနာတင်ပွဲကြီး စတင်ကျင်းပတော့မည်ဖြစ်သည်။

ထိုသို့ အဘက်ဘက်က ပြီးပြည့်စုံနေသည့်ကြားက တစ်ခုမပြည့်ဘဲ ကျန်ရှိနေသေးသည်။ ယင်းမှာ အရှင်အာနန္ဒာမထေရ်မြတ်၏ သောတာပန်အဆင့်သာ ရှိသေး၍ ရဟန္တာ မဖြစ်သေးသည့်ကိစ္စပင် ဖြစ်သည်။ အတူနေ သီတင်းသုံးဖော်များ တစ်ပါးပြီးတစ်ပါး ရဟန်းကိစ္စ ပြီးစီးသွားကြသော်လည်း အရှင်အာနန္ဒာမှာ ဘုရားရှင်၏ ဝေယျာဝစ္စများကို ဆောင်ရွက်ရင်း ဘုရားရှင် ဟောကြားတော်မူအပ်သော တရားဒေသနာ မှန်သမျှကို တစ်လုံးတစ်ပါဒမျှ မချွတ်ယွင်းရအောင် နာယူမှတ်သားရင်း မြတ်ဗုဒ္ဓထံတော်သို့ ရောက်လာကြသော ဒကာ၊ ဒကာမများကို အဆင်ပြေအောင် ဆောင်ရွက်ပေးရင်း သောတာပန်ဘဝဖြင့် အနှစ်လေးဆယ်ကျော်သွားခဲ့ပြီး သင်္ဂါယနာမတင်မီ ကာလတိုင်အောင်ပင် ဖြစ်သည်။

"အာနန္ဒာ..သင်သည် ကောင်းမှုကုသိုလ်များ ပြုလုပ်ခဲ့ ပြီးသူဖြစ်သည်။ တရားအားထုတ်လျှင် မကြာမီ အာသဝေါကင်းကွာ ရဟန္တာဖြစ်လာလိမ့်မည်"

ဤသည်မှာ အရှင်အာနန္ဒာအား ဘုရားရှင် မိန့်ကြားတော်မူခဲ့သော စကားတော်ပင် ဖြစ်သည်။

အရှင်အာနန္ဒာသည် မြတ်စွာဗုဒ္ဓ၏ စကားတော်ကို ဦးထိပ်ပန်ဆင်ပြီး မနက်ဖြန် သင်္ဂါယနာမတင်မီ ရဟန္တာဖြစ်ကိုဖြစ်ရမည်ဟု အခိုင်အမာ ဆုံးဖြတ်ချက်ချကာ ထိန မိဒ္ဓရန်နှင့် အကင်းရှင်းဆုံး စင်္ကြံလျှောက်ခြင်း ဣရိယာပုထ်ဖြင့် တစ်ညလုံး စင်္ကြံလျှောက်လျက် တရားရှုမှတ်ခဲ့သည်။ စင်္ကြံလျှောက်ပြီး အရဏ်တက်ခါနီးတွင် ခင်းထားသော အိပ်ရာပေါ်၌ လှဲချလိုက်သည့်အခိုက် ဦးခေါင်းကလည်း ခေါင်းအုံးပေါ်သို့ မကျသေး။ ခြေနှစ်ချောင်းကလည်း မြေကြီးပေါ်က ကြွတင်လိုက်ပြီ။ ထိုအချိန်တွင်ပင် အရှင်အာနန္ဒာ၏ ရဟန်းကိစ္စ ပြီးဆုံးတော်မူခဲ့သည်။ အရှင်အာနန္ဒာ ရဟန္တာဖြစ်လေပြီ။ မြတ်စွာဘုရား၏ သာသနာတော်မှာ ရပ်စဉ်လည်းမဟုတ်၊ သွားစဉ်လည်းမဟုတ်၊ ထိုင်စဉ်လည်းမဟုတ်၊ လျောင်းစဉ်လည်းမဟုတ်၊ ဣရိယာပုထ်လေးပါးက လွတ်ကွာပြီး ရဟန္တာဖြစ်သည်မှာ အရှင်အာနန္ဒာ တစ်ပါးတည်းသာ ရှိသည်။

အရှင်အာနန္ဒာ ရဟန္တာဖြစ်သည်ကို အခြားရဟန်းများက မသိကြ။ မိုးသောက်သောအခါ ရဟန်းတော်(၄၉၉) ပါးလည်း ဆွမ်းဘုဉ်းပေးပြီး သပိတ်၊ သင်္ကန်းတို့ကို သိမ်းဆည်းကြသည်။ ထို့နောက် သင်္ဂါယနာတင်မည့် မဏ္ဍပ်ကြီးရှိရာသို့သွားပြီး ထေရ်စဉ်အလိုက် သတ်မှတ်ထားသည့်နေရာမှာ ထိုင်ကြသည်။ ကွက်လပ်ဖြစ်နေသည့်နေရာကို တချို့ရဟန်းများက အချင်းချင်း မေးကြသည်။ သိသည့်ရဟန်းက အရှင်အာနန္ဒာ၏နေရာဟု ပြန်ဖြေသည်။ အရှင်အာနန္ဒာက မိမိ ရဟန္တာဖြစ်ပြီဆိုသည်ကို သိစေချင်သဖြင့် အခြားရဟန်းများနှင့်အတူတူ မလိုက်လာခဲ့ပေ။ သံဃာတော်များက အရှင်အာနန္ဒာကို တောင့်တလိုက်သည့်အခါကျမှ မဟာပထဝီကို ဝင်လျှိုးပြီး သူ့အတွက်သတ်မှတ်ထားသည့်နေရာ ဘွားခနဲ ကိုယ်တော်ကို ပြလိုက်သည်။ ထိုသို့ပြလိုက်မှသာ အရှင်အာနန္ဒာ ရဟန္တာဖြစ်ကြောင်းကို သံဃာတော်အားလုံး သိသွားကြသည်။ ထိုအချိန်မှာ သင်္ဂါယနာတင်ဖို့ သတ်မှတ်ထားသော ရဟန္တာ(၅၀၀) ပြည့်သွားလေပြီ။

ထို့နောက် ဆရာတော်ဒေါက်တာနန္ဒကက ပထမသင်္ဂါယနာတင်ပုံကိုလည်း ယခုကဲ့သို့ ဆက်လက်ရှင်းပြသည်။

သင်္ဂါယနာတင်ပွဲကြီးတွင် အရှင်မဟာကဿပက ပုစ္ဆက (မေးမြန်းသည့်)ပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်တော်မူပြီး ဖြေကြားသည့် ပုဂ္ဂိုလ်များအဖြစ် ဝိနည်းပိုင်းဆိုင်ရာတရားတော်များကို အရှင်ဥပါလိမထေရ်က ဆောင်ရွက်တော်မူသည်။ ထိုသို့ မေးဖြေပြီးသမျှ တရားတော်များကို သံဂီတိကာရက ပုဂ္ဂိုလ်များ အပြန်အလှန် ဆွေးနွေးညှိနှိုင်းကြပြီး အားလုံးသဘောတူညီကြသည့်အခါ အရှင်မြတ်များအားလုံး သံပြိုင်ရွတ်ဖတ်တော်မူကာ အတည်ပြု သတ်မှတ်တော်မူကြသည်။

ဝိနည်းပိုင်းဆိုင်ရာများကို စုပေါင်းရွတ်ဆို အတည်ပြုပြီးနောက် သုတ္တန်နှင့် အဘိဓမ္မာတို့ကို အရှင်မဟာကဿပက မေးမြန်းပြီးလျှင် အရှင်အာနန္ဒာက ဖြေကြားတော်မူသည်။ ထိုသုတ္တန်၊ အဘိဓမ္မာ၌လည်း ဝိနည်းတုန်းကနည်းတူ အရှင်မဟာကဿပက မေးမြန်း၍ အရှင်အာနန္ဒာ

www.burmeseclassic.com

ခဲ့ကြပြီးနောက် ၄င်းဒေသနာတော်နှင့် ပတ်သက်၍ သံဂီတိကာရကပုဂ္ဂိုလ်များ အကျေအလည် ဆွေးနွေးတိုင်ပင်ခဲ့ကြသည်။ အားလုံး သဘောတူညီကြသည့်အခါ သံပြိုင် စုပေါင်းရွတ်ဖတ်တော်မူပြီး အပြီးသတ် အတည်ပြုတော်မူကြသည်။ ထိုသို့ သံဂီတိကာရက အရှင်မြတ်ကြီးများ သံပြိုင်စုပေါင်း ရွတ်ဖတ်တော်မူခြင်းကိုပင် သင်္ဂါယနာတင်သည်ဟု ဆိုသည်။

သင်္ဂါယနာတင် ရဟန္တာအရှင်မြတ် အပါး(၅၀၀)တို့သည် မြတ်ဗုဒ္ဓ ဟောကြားတော်မူခဲ့သော တရားတော်များအား ပန်းပွင့်များကို စနစ်တကျ သီကုံးဘိသကဲ့သို့ ဤကား ဝိနည်း၊ ဤကား သုတ္တန် အစရှိသည်တို့ဖြင့် အစီအစဉ်တကျ သီဆိုရွတ်ဖတ်တော်မူလာခဲ့ကြသော သင်္ဂါယနာတင်ပွဲကြီးသည်ကား ဝါခေါင်လပြည့်ကျော် (၅)ရက်နေ့မှစ၍ ကျင်းပတော်မူခဲ့ရာ (၇)လပြည့်သော အချိန်ကာလတွင် အောင်မြင်စွာ ပြီးဆုံးတော်မူခဲ့လေသည်။

ဤသို့ မြတ်ဗုဒ္ဓ၏ ဒေသနာတော်များကို ရဟန္တာအရှင်မြတ်ကြီးများကိုယ်တော်တိုင် (၇)လပတ်လုံး ရွတ်ဖတ်ပူဇော် သင်္ဂါယနာတင်ခဲ့ကြသော ဤသတ္တပဏ္ဏိလိုဏ်ဂူ အနီးတစ်ဝိုက်တွင် သံဃာတော်များ သံပြိုင်ရွတ်ဖတ်ပူဇော်ရော်မူခဲ့သော ဓမ္မသံစဉ်များသည် ယနေ့ထက်တိုင် ပဲ့တင်ခတ်လျက်ရှိနေသည့်အလား စာရေးသူ၏စိတ်ဝယ် ခံစားနေမိသည်။

ဆရာတော်ဒေါက်တာနန္ဒက ရှင်းပြမိန့်ကြားပြီးသည့်အခါ အိန္ဒိယစံတော်ချိန် နံနက်(၁၀)နာရီခန့် ရှိနေပြီ။ စာရေးသူတို့ ဘုရားဖူးအဖွဲ့သည် ခြေကျင်တက်လာကြသူများ ခြေကျင်ဆင်းကြပြီး အထမ်းနှင့် တက်လာသူများကလည်း အထမ်းသမားများနှင့် ဆင်းကြသည်။ တောင်အောက်သို့ ရောက်ရှိသည့်အခါ အသင့်စောင့်နေသော ဘုရားဖူးကားပေါ်သို့ တက်ကြပြီး ဝေဠုဝန်ဥယျာဉ်သို့ ခရီးဆက်ကြပါသည်။ စာရေးသူ၏ စိတ်အာရုံမှာကား ဝေဘာရတောင်ပေါ်မှာ လွန်ခဲ့သော နှစ်ပေါင်း(၂၅၀၀)ကျော်ခန့်က သံဃာတော်(၅၀၀)နှင့် ပထမသင်္ဂါယနာတင်ခဲ့သော ပုံရိပ်ကို တရေးရေး မြင်ယောင်နေမိပါတော့သည်။

**တွန်းအားရှင်**


# ဆရာဦးသိန်းဝင်း

B.A (Geog:), ဒ.ဘ.နဝ (တ.ဆ-၁၄၃၂)

# ပြည်တော်စံ

တိုင်းရင်းဆေးကုခန်း

နှလုံး၊ အသည်း၊ ကျောက်ပေါင်း၊ အာရုံကြော အားနည်း၊ လေဝန်း/လေဖြတ်၊ ကိုယ်ခံအားကျခြင်း၊ အကြောနှင့်ပတ်သက်သော ရောဂါများ ကုသပေးပါသည်။

✤ လေဖြတ်ရောဂါ ဝေဒနာရှင်များ အထူးကုသပေးပါသည် ✤

# လေဖြတ်ခြင်းကို

## ကြိုတင်ကာကွယ်ပါ

**လေဖြတ်မည့် လက္ခဏာများ**

* ဦးခေါင်းနောက်စေ့တွင် ခေါင်းကိုက်ခြင်း
* မျ... နှင့် ...က်စိကြွက်သားတို့ ဆတ်ခနဲ လှုပ်ရှားခြင်း
* ပစ္စည်းများ ...င် မကြာခဏ လွတ်ကျခြင်း
* ခြေ၊ လက်များ ထုံကျဉ်ခြင်း
* လမ်းလျှောက်လျှင် ခြေဆွဲနေခြင်း
* စကားပြော လေးခြင်း

စသည့် လက္ခဏာများ တွေ့ရှိခံစားရလျှင် ကြိုတင်၍ ဆေးစားခြင်း၊ အကြောဖွင့်ခြင်းတို့ကို ပြုလုပ်ပါက လေဖြတ်ခြင်းကို ကြိုတင်ကာကွယ်နိုင်ပါသည်။

ဆေးခန်းဖွင့်ချိန် - နံနက်(၁၁း၀၀)နာရီမှ ညနေ(၄း၃၀)နာရီထိ (တနင်္လာနေ့ ပိတ်သည်)

အမှတ်(၁၉)၊ (၁၁၂)လမ်း၊ (ဗိုလ်မင်းရောင်လမ်းမ)၊ မင်္ဂလာတောင်ညွန့်မြို့နယ် (ရဲစခန်းရှေ့)

☎ ၀၉ ၇၈၅၁၄၂၆၈၃ ၊ ၀၉ ၃၁၆၅၂၇၂၄


www.burmeseclassic.com

www.burmeseclassic.com

ထက်ဘုန်းလူ

# မဟာမြိုင် အရှင်စန္ဒာသူရိယဘုန်းဘုရားကြီး၏
# ပြည်တော်ဝင်အဓိဋ္ဌာန်အောင်ပွဲ
(သို့မဟုတ်)
# လူပြည့်(၄၈)နှစ်ခရီး

ဆရာဦးခင်မောင်သန်းက ကြိုတင်ဖုန်းဆက်ထားတာဆိုတော့ ဂျာနယ်တိုက်တစ်တိုက်မှာ ကိစ္စပြီးပြီးချင်း မြို့ထဲ (ဗိုလ်ချုပ်ပက်လမ်း)ဘက် ဦးတည်လိုက်ပါတယ်။ ရောက်ရမယ့်အချိန်ထက် တစ်နာရီလောက် နောက်ကျနေပြီဖြစ်လို့ အခု မွန်းလွဲ(၂)နာရီ ရန်ကုန်အပူချိန် (၄၁)စင်တီဂရိတ်ကို အန်တုပြီး ကားမှတ်တိုင်ဆီ သွက်သွက်လျှောက် မရှေးမနှောင်းဆိုသလို ဝေါခနဲ ထိုးရပ်လာတဲ့ ဘတ်(စ်)


မဟာမြိုင်ဘုန်းဘုန်းကြီး၊ အရှင်စန္ဒာသူရိယ

ကားတစ်စီးပေါ် ထီးကမန်းကတန်းပိတ်ပြီး တက်လိုက်တယ်။ ဘယ်ဘက်ခြမ်းတစ်ဖက်တည်း တန်းလျားထိုင်ခုံရှည်မှာ ခရီးသည်တွေ အပြည့်ထိုင်လို့။ အဲဒီနားကပ်ပြီး မတ်တတ်ရပ်လျက်က နှစ်ယောက်၊ စာရေးသူရဲ့ ရွေးချယ်ခွင့်ဟာ ရိုးရှင်းပါတယ်။ မတ်တတ်ရပ် နှစ်ယောက်လိုပဲ ခြေအညောင်းခံမယ် နေအပူမခံဘူးပေါ့။

ဟောတစ်ယောက်,ဟောတစ်ယောက်နဲ့ ခရီးသည်တွေ တက်လာပေမယ့် နေရောင်ခြည်စူးစူးရဲရဲ ကျရောက်ရာ ညာဘက်တစ်ခြမ်းလုံးကို လှည့်ကြည့်ရုံ ကြည့်ပြီး မထိုင်ကြတော့။ တချို့ ထိုင်ပြီးမှ ပြန်ထကြ။ ခုတလော ရန်ကုန်ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်းက (၉.၅)ကျော်ကျော်မှာ ရှိနေတတ်တာလေ။ ကားထွက်တော့မှ လေအနည်းငယ် တိုးရှဲဝင်လာလို့ စိတ်သက်သာရာရလိုက်ပါတယ်။

ဒါပေမဲ့ ဖြစ်စဉ်ကိုကြည့်ပြီး သြော်..သဘောပေါ်မှာဆို ရုပ်ပျက်ဆင်းပျက် တစ်ခြမ်းစောင်းကြီးပေါ့။

မြစ်ဝကျွန်းပေါ်သားပီပီ စာရေးသူရင်ထဲမှာ ရိုက်ခတ်လာတဲ့ စကားလုံးတွေပါ။ လူသားတွေ ဖြစ်တည်နေထိုင်ခွင့်ရတဲ့ ကမ္ဘာလောကကြီးမှာ အတ္တရှေ့သွားပြု တစ်ဖက်စောင်းနင်း ကိစ္စတွေကလည်း ရှင်သန်နေဆဲ မဟုတ်လား။ ဒါပေမဲ့ အများစုက လိုလားနှစ်သက် လက်ခံကြတာတော့ မဟုတ်ပါဘူး။ လောကစံခေါင်းစဉ်အောက်မှာ ဒုက္ခဆိုတာကြီးက အခြေခံအုတ်မြစ်ဆိုရင် ဘယ်သူမပြု မိမိမှုကဏ္ဍမှာ အကုသိုလ်တရားတွေကို လျှော့နိုင်သမျှ လျှော့ချပြီး မြတ်ဗုဒ္ဓရဲ့ အခါကို သိခြင်းသည် အလွန်ကောင်းမြတ်သည်။ စကားတော်နဲ့ စဉ်းစားဆင်ခြင် သုံးသပ်ကြည့်ဖို့လိုအပ်မယ် ထင်ပါတယ်။

မကြာမတင်မှာပဲ လမ်းတစ်ဆစ်ချိုး ကွေ့ဝင်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com

နေရောင်ကို ကျောပေး မောင်းနှင်ရတဲ့ အနေအထားဖြစ်သွားလို့ အညောင်းမခံနိုင်သူတွေ ညာဘက်ခုံတန်းလျားမှာ ဝင်ထိုင်ကုန်ကြပါပြီ။ တချို့က လေးလေးမှန်မှန်၊ တချို့က အသည်းအသန်၊ ဘဝရဲ့ ပုံရိပ်တွေလား။ စာရေးသူ အပါအဝင် နေ့စဉ် လှုပ်ရှားသွားလာသူ အတော်များများ မီးရထား၊ ဘတ်(စ်)ကားတွေနဲ့ မကင်းနိုင်ကြလေတော့ ဘရိတ်ဆောင့်နင်းတတ်တဲ့ ဒရိုင်ဘာကို သည်းခံရ၊ ကားပိတ်တာတွေ၊ မီးပွိုင့်တွေကို သည်းခံရနဲ့။



(၁၀၈)စီးငှက်ပျောပွဲကြီး ထင်ယင်ကာ မဟာမြိုင်ဓာတ်နန်းက မဟာမြိုင်ဘုန်းဘုန်းကြီးနှင့် အဘဘိုးဘိုးအောင်

လွန်ခဲ့တဲ့ တစ်ပတ်လောက်က ဆရာဦးခင်မောင်သန်းနဲ့ သူ့အိမ်မှာ–ဆုံကြတော့–

'သည်းခံတယ်ဆိုတာက ကျွန်တော်တို့ သာမန်ပုထုဇဉ်တွေ သာမန်အားဖြင့်သာ လုပ်ဆောင်နိုင်ကြတာလေ။ အပြောလွယ်ပြီး လေ့ကျင့်ရမယ့် ကိစ္စဖြစ်လို့ မြင့်မြတ်တဲ့ ပုဂ္ဂိုလ်တွေအတွက်တော့ တည်တည်ငြိမ်ငြိမ်ပါပဲ'

ဆရာဦးခင်မောင်သန်း စကားကို စာရေးသူ မငြင်းဆယ်နိုင်ပါ။ သာမန်လူတွေအနေနဲ့ တချို့တစ်ကြိမ်၊ နှစ်ကြိမ်၊ တချို့ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်အထိဆိုလျှင် သံပတ်ကုန်သွားပြီ။ သတ်မှတ်ချက်တွေ၊ ဘောင်တွေနဲ့ တိုင်းတာပြီး နောက်တစ်ကြိမ်မှာ တုံ့ပြန်ဖို့ အဆင်သင့်။ ဘာပဲဖြစ်ဖြစ် လူဦးရေထူထပ်လှတဲ့ စာရေးသူတို့ ရန်ကုန်မြို့ကြီးမှာ သည်းခံရမယ့် ကိစ္စတွေ များပါတယ်။ ကိုယ့်ကိုယ်ကိုယ် လူလိမ္မာစာရင်း သွင်းမယ်ဆိုရင်တော့ လေ့ကျင့်ယူရပါလိမ့်မယ်။ ထားတော့။

အခု စာရေးသူသွားနေတဲ့ အမှတ်(၆၇/၆၉)(ပထမထပ်)၊ ဗိုလ်ဆွန်ပက်လမ်းဆိုတာ ဆရာဦးခင်မောင်သန်းရဲ့ မဟာမြိုင်ဓာတ်နန်းပါ။ တစ်နည်းပြောရရင် ဘုန်းဘုရားကြီး အရှင်စန္ဒာသူရိယရဲ့ မဟာမြိုင်ဓာတ်နန်းပေါ့။ အဲဒီအဆောက်အအုံကြီး တစ်ခုလုံး စတင်တည်ဆောက်စဉ်ကာလက မဟာမြိုင်ဘုန်းဘုန်းကြီးနဲ့ ဘုန်းဘုရားကြီး ဘိုးပေါက်ဆိန် (ခေါ်) ဦးဝိဇ္ဇာဓရတို့နှစ်ပါး အုတ်မြစ်ချခဲ့တာလို့ ဆိုပါတယ်။

မဟာမြိုင်ဘုန်းဘုန်းကြီးဟာ မင်းတုန်းမင်းကြီးရဲ့မြေးတော်၊ ကနောင်မင်းသားရဲ့သား ထိပ်တင်မှတ်နဲ့ ရှင်ဆင့်မယ်တို့က မွေးဖွားသန့်စင်ခဲ့တဲ့ ထိပ်တင်လှ အမည်ရ ပုဂ္ဂိုလ်ဖြစ်ပါတယ်။ မင်းမျိုးမင်းနွယ်ဖြစ်ပေမယ့် ရာထူး၊ အာဏာ၊ စည်းစိမ်အတွက် စွမ်းဆောင်မှု မပြုခဲ့ပါဘူး။ အချိန်နဲ့ နေရာအတွက်လည်း လောဘအညစ်အကြေး စွန်းထင်းမှုကို သည်းခံသုတ်သင်ဖယ်ရှားကာ သာသနာ့ဝန်ထမ်း ရှင်ရဟန်းအဖြစ် ဘဝမှန် ရွေးချယ်နိုင်ခဲ့ပါတယ်။ အဲဒီနောက် ရွှေဘိုခရိုင်၊ ဒီပဲယင်းနယ် မဟာမြိုင်တောမှာ ဘုရားအလောင်းအလျာတို့ ကျင့်ကြံဆောက်တည်လေ့ရှိတဲ့ ဓုတင်(၁၃)ပါး အကျင့်ကို ခုနစ်ဝါတိတိ ကျင့်ကြံကြိုးကုတ် အားထုတ်ပါတယ်။ ခုနစ်ဝါပြည့်တဲ့အခါ မဟာမြိုင်တောမှ ထွက်ခွာပြီး ရွှေတိဂုံစေတီတော်မြတ်ကြီးမှာ အောင်မြေနင်းပြီး တနင်္ဂနွေထောင့်က ဇရပ်တစ်ဆောင်ကို ကျောင်းသင်္ခမ်းအမှတ်ပြု သီတင်းသုံးနေထိုင်ခဲ့ပါတယ်။

ဘုန်းဘုန်းကြီးဟာ ရွှေတိဂုံမှ စမ်းချောင်း၊ ကြည့်မြင်တိုင်ဘက်ကို ဆွမ်းခံကြွလေ့ရှိပြီး အိမ်တော်လို့ သတ်မှတ်ခံထားရတဲ့ ဟုမ်းလမ်းအိမ်တစ်အိမ်တစ်ခုက ထိုင်ဆွမ်းပင့်လျှောက်တဲ့အတွက် ဒုတိယကမ္ဘာစစ်အတွင်းမှာ ကွဲကွာသွားခဲ့တဲ့ ဆွေတော်မျိုးတော်တွေနဲ့ ပြန်ဆုံကာ နေရာပြောင်းရွှေ့ဖို့ ကြုံလာပါတယ်။ ဆွေတော်မျိုးတော်တွေဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ဆရာဦးခင်မောင်သန်း၊ ရွှေမိုးငွေမိုးရွာသွန်းဖြိုးစေဥ်ဓာတ်နန်းမှ အလင်းတန်းများ ထွက်ပေါ်လာစဉ်

တဲ့ ဘကြီးတော် လင်းပင်မင်းသား၊ အရီးတော် ထိပ်ခေါင်တင်ဖုရားကြီး၊ တော်ဖုရားလေး၊ ထိပ်တင်မကြီး၊ ထိပ်တင်မလေးတို့က ဗားကရာမြယုဂန်ကျောင်းတိုက်သို့ ပင့်ဆောင်သီတင်းသုံးစေပါတယ်။

မင်္ဂလမ်းရှာမှီး၊ မြိုင်တောကြီးမှ၊ ခိုမှီးထွက်ခွာ၊ ခုနစ်ဝါဒ္ဓ၊ ပဏ္ဏာပေါင်းကြို၊ ရွှေဂုန်မြို့တွင်၊ မှိုင်းညို့ဥယျာဉ်၊ တိုက်တော်ပြင်၌၊ ရွှေစင်ပြုဖန်၊ မြယုဂန်တည့်၊ ဝေဟန်တုမှီး၊ ကျောင်းတော်ကြီးကို၊ ဦးစီးညာပိုင်၊ မဟာမြိုင်ဟု၊ ပုံ့လိုင်ကျော်ဟည်း၊ ရွှင်ပျော်ညီးက၊ စောထီးသာသနာမြင့်ရှည်ကြာသို့ စတဲ့ မဟာမြိုင်ကမ္ပည်းကျောက်စာထဲကအတိုင်း ကြည့်မြင်တိုင်ဘူတာရုံလမ်းမှာရှိတဲ့ မြယုဂန်ကျောင်းတိုက်ကြီးဟာ မဟာမြိုင်ဥယျာဉ်ကျောင်းတိုက်အမည်သစ်နဲ့ ကျောင်းဒါယိကာမကြီး ဒေါ်ခင်ညွှန့်ရဲ့ ကုသိုလ်သဒ္ဓါအဟုန်ကို ဖော်ညွှန်းဖြစ်တည်ခဲ့ပါတယ်။ ဒေါ်ခင်ညွှန့်ဆိုတာက ဦးခင်မောင်သန်းရဲ့ အဘွားပါ။

ကျွန်တော် ကလေးအရွယ်လောက်ကတည်းက



ရွှေမိုး ငွေမိုးရွာနေသော ဦးခင်မောင်သန်း

မဟာမြိုင်ဥယျာဉ်ကျောင်းကြီးကို ကျွန်တော့်အဘွား ဝယ်ယူလှူဒါန်းခဲ့တာပါ။ မှတ်တမ်းအရ ကျောင်းတိုက်အတွင်းမှာ ထူးခြားချက်တွေ ရှိခဲ့ပါတယ်။ ကျောင်းတိုက်ကို ဝင်ဝင်ချင်း အမြင့်နံ့ရံမှာ ဇော်ဂျီရုပ်သင်္ကေတနဲ့ အဆောင်က စကြာမင်းအဆောင်လို့ ခေါ်ပါတယ်။ စကြာမင်း ကြွလာလေ့ရှိတယ်တဲ့။ အဆောင်ထဲမှာ ဆွမ်း၊ သစ်သီး၊ ပန်း၊ အမွှေးရနံ့တွေ အမြဲသင်းပျံ့နေတယ်။ ဘုန်းဘုန်းကြီးရဲ့ စံကျောင်းနားမှာ ဘယ်သူမှ မစိုက်ပျိုးဘဲ ကံ့ကော်ပင်ကြီးတစ်ပင် ရှင်သန်ပေါက်ရောက်နေတာလည်း အံ့သြစရာပါ။

နိမိတ်ပြအနေနဲ့ ပြောရရင် အရိမေတ္တေယျဘုရားပွင့်တော်မူတဲ့အခါ အမှီပြုရာ ကံ့ကော်ပင်ပေါ့။ နောက်တစ်ခုက ရှမ်းပြည်နယ်ဘက်က မြင်းဖြူကြီးတစ်ကောင်နဲ့ စစ်ကိုင်းက မြင်းညိုကြီးတစ်ကောင်ဟာ တစ်ရက်၊ နှစ်ရက်သာ ခြားပြီး မဟာမြိုင်ကျောင်းကို ရထားနဲ့ ရောက်လာတာပါ။ ပြီးတော့ ကြီးမားလှတဲ့ တောက်တဲ့ကြီးတစ်ကောင်လည်း ရှိသေးတယ်။ သာမန်အချိန်မှာ အော်သံမကြားရပေမယ့် သူတော်စင် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တွေကျောင်းကို ကြွရောက်လာပြီဆိုရင်တော့ (၉)ကြိမ်တိတိ အော်မြည်တတ်တယ်တဲ့လေ။ နောက်တစ်ခါ ဘုန်းဘုန်းကြီးနဲ့ ပဋ္ဌာန်းဆက်ရှိတဲ့ ဆင်ဖြူတော်ကြီး နှစ်ကောင်ရဲ့ ပုံတူကို လက်ရာမြောက်စွာနဲ့ ထုလုပ်ဖို့ ဆင်ဖြူတော်ရုံဆောက်ပြီး ထားပေးတာလည်း ရှိတယ်။ မိုးတွင်းမှာ ပွင့်တတ်တဲ့ ပတ္တမြားဂမုန်းကိုတော့ ဘုန်းဘုန်းကြီး စိုက်ပျိုးခဲ့တာပါ။ ပွင့်ပြီဆိုရင် ပတ္တမြားလုံးလို နီရဲပြီး ဘေးအန္တရာယ်ကင်းဖို့၊ လာဘ်ရွှင်ဖို့ အစွမ်းကုန် ပွင့်တော့တာတဲ့။

နောက် မှတ်မိတာလေး တစ်ခု ရှိသေးတယ်။ ဘုန်းဘုန်းကြီးက ပန်းပွင့်ခြောက်တွေကိုလည်း သိမ်း

www.burmeseclassic.com

www.burmeseclassic.com



သံဃာတော်အရှင်သူမြတ်များကို ဆွမ်းကပ်လှူဒါန်းစဉ်

ဆိုင်ပြီး ဉာဏ်တော်(၁၈)လက်မ စေတီ တည်ခဲ့တဲ့ ပန်းပေါင်းစုံ စေတီကလည်း ထူးထူးခြားခြား ရောင်ခြည်တော် လွှတ်တယ်လို့ သိရတယ်။

ဦးခင်မောင်သန်းက ပြော ဘတ်စကို ရပ်ထားလိုက်ရင်း သူ့ သူမ ယူဆောင်ပေးလာတဲ့ ကော်ဖီ ဗန်းကို ထိုင်ဟန်မပျက် လှမ်းယူ လိုက်ပါတယ်။

◆◆◆

ဘုန်းဘုန်းကြီးနဲ့ ပတ်သက် သချ္ချ မှတ်တမ်းမှတ်ရာတွေထဲမှာ အဖွဲ့ယဦးတင်မောင် ဖိုထိုးပေးတဲ့ ဓာတ်လုံးတွေကို သိဒ္ဓိ တင်ပေးပြီး ဒကာ,ဒကာမတွေရဲ့ စီးပွားဂုဏ်အင်္ဂါ တိုး တက်ဖြာဝေအောင်လည်း စွမ်းဆောင်ပေးရုံမျှမက ပုဂံ ရွှေစည်းခုံဘုရား၊ အညာသီဟတောဘုရား၊ ကန်တော့ခံ ဘုရား၊ မန္တလေး စန္ဒာမုနိဘုရား၊ စစ်ကိုင်း ရတနာစေတီ၊ ဆင်ဖြူများရှင် ဘုရားစေတီတွေကို ပြန်လည်မွမ်းမံ ပြင် ဆင်ခဲ့ပြီး ရန်ကုန်ခြောက်မိုင်ခွဲ ဒူးဘန်းလမ်းမှာ မဟာ အတုလရံသီဘုရား၊ ခရမ်းမြို့ နံ့ယောရွာမှာလည်း စေတီ ဘုရား တည်ခဲ့ပါတယ်။ ယနေ့ ဝိဇ္ဇာဘိုးတော်အပေါင်းရဲ့ အောင်မြေဖြစ်တဲ့ ကျောက်တန်းပါဒကြီးရှိ ကျိုက်ကမော့ စေတီကို ဘုန်းဘုန်းကြီးကိုယ်တိုင် ချုံနွယ်ပိတ်ပေါင်း ရှင်းလင်းဖော်ဆောင်ကာ (၁၂၉၃)ခုနှစ်မှာ ပြင်ဆင်မွမ်းမံ ခဲ့တယ်။ မူလဘုရားဒါယကာမှာ တလိုင်းမင်းဘိုးစော ဖြစ်ပါတယ်။

ကောဇာသက္ကရာဇ်(၁၃၂၁)ခုနှစ်က မန္တလေးမှာ ကျင်းပခဲ့တဲ့ မန္တလေးမြို့တည် နန်းတည် နှစ်(၁၀၀)ပြည့် (မန်းရာပြည့်) ပွဲတော်ကြီးမှာလည်း ရန်ကုန်မှပရိသတ်နှင့် အတူ ဘုန်းဘုန်းကြီးကိုယ်တော်တိုင် ကြွကာ ဧည့်ခံ ရွှေ မဏ္ဍပ် ဆောက်လုပ်ပြီး (၇)ရက်တိုင်တိုင် စတုဒိသာအလှူ ပွဲကြီး ပြုလုပ်ပေးခဲ့ပါတယ်။ မန်းရာပြည့် သီချင်းပြိုင်ပွဲ မှာတော့ ဂီတစာဆို လင်းခေးလုလင် ရေးစပ်တဲ့ မန်း ရာပြည့်သီချင်းနဲ့ ပြိုင်ပွဲဝင်ခဲ့တဲ့ အဆိုတော် မာမာအေး ပထမဆု ရခဲ့တယ်လို့ စာရေးသူ မှတ်သားမိပါတယ်။

အဘွားဒေါ်ခင်ညွန့်ဟာ သူ မကွယ်လွန်ခင် (၅)နှစ် အလိုမှာ မန္တလေးတောင်အနောက်ဘက်စောင်းတန်းမှာရှိ တဲ့ ဦးခန္တီတန်ဆောင်းမုခ်ဦးပြာသာဒ်ကို လှူဒါန်းခဲ့ပြီးတော့ (၁၉၆၅)ခုနှစ်မှာ ကွယ်လွန်ခဲ့ပါတယ်။ အဘွားက နဂါး မယ်တော်(မြစိမ်းမယ်တော်)ကြီးအဖြစ်နဲ့ စောင့်ရှောက်နေ တာကို အဲဒီတုန်းက ကျွန်တော် မသိခဲ့ဘူးဗျ။ ဘုန်းဘုန်း ကြီး ထွက်ရပ်လမ်းစံမြန်းခဲ့တဲ့ (၁၉၆၉)ခုနှစ်၊ ဧပြီလ (၈)ရက် နောက်ပိုင်းကျမှ အဘွားက ကျွန်တော့်ကို အိပ် မက်ပေးပြီး ဘုန်းဘုန်းကြီးနဲ့အတူ ပြည်တော်ဝင်ကြွလို့ ခုနှစ်ရက်သားသမီးတွေကို စောင့်ရှောက်တယ်ဆိုတာ သိခဲ့ ရတယ်။

ရွှေတိဂုံဘုရားရဲ့ အောင်မြေမှာ နှစ်သိန်းလေးသောင်း ဆီမီးပေါင်းများစွာနဲ့ ဝသုန္ဓရေနတ်မင်းကြီးကို သက်သေ ထားကာ ထွန်းညှိပူဇော်ပြီး ကုသိုလ်ပြုသွားခဲ့တဲ့ ဘုန်းဘုန်း ကြီးကို ကျွန်တော် ဓာတ်နန်းဖြစ်တည်ခဲ့တဲ့အချိန်ကစပြီး ရှင်မထီး၊ ရှင်အဇ္ဇဂေါဏ၊ ဓမ္မစေတီမင်းခေါင်၊ ဦးအောင် ရသေ့၊ ဆံရှည်ကိုယ်တော်၊ ဦးဓမ္မစာရီ အစရှိသော လူ ဝိဇ္ဇာဓိုရ်၊ ဘီလူးဝိဇ္ဇာဓိုရ်၊ နတ်ဝိဇ္ဇာဓိုရ်၊ ပြဒါးဝိဇ္ဇာဓိုရ်၊ သံဝိဇ္ဇာဓိုရ်၊ ဆေးဝိဇ္ဇာဓိုရ်၊ အင်းဝိဇ္ဇာဓိုရ်၊ စမဝိဇ္ဇာဓိုရ်၊ ဝိဇ္ဇာဓိုရ်အပေါင်းတို့ကို အစိုးရတော်မူသော ပညာဓိက၊ သဒ္ဓါဓိက၊ ဝီရိယဓိကနှင့် ပြည့်စုံတော်မူသော အရိမေတ္တေ ယျဘုရားဆုပန်ကြီးပန် ဘုရားအလောင်းတော်၊ ယက်ဘန်း စင်တောင်ဆရာတော် ဦးဩဘာသဘွဲ့ခံ မဟာမြိုင်စန္ဒာ



www.burmeseclassic.com

သူရိယဘုရားကြီး အရှင်သူမြတ်၏ ခြေတော်အစုံ ကြာပဒုမ္မာကို အဟံပါရမီအဘင်း တပည့်ရင်းဖြစ်တော်မူသော တပည့်တော်သည် ရှိသေမြတ်နိုး လက်ဆယ်မိုး၍ ဦးခိုက်ရှိခိုးကန်တော့ပါ၏ဘုရား။

ကန်တော့ချီးနဲ့ နှစ်စဉ် တန်ဆောင်မုန်းလပြည့်ဘုရားပွဲ၊ ဧပြီလမှာ ပြုလုပ်တဲ့ အမိဋ္ဌာန်အောင်ပွဲတွေကို ဆွေတော်မျိုးတော်တွေအတွက် မပျက်မကွက် ဆောင်ရွက်ခဲ့ပါတယ်။ ဒီနှစ်ကတော့ ဘုန်းဘုန်းကြီးရဲ့ လူ့ပြည် (၄၈) နှစ်ခရီးလို့ ဆိုရမှာပါ။

ဘုန်းဘုန်းကြီး ရှိစဉ်ကတည်းက တပည့်တိုက်အုပ်ဆရာတော် ဦးဝိဇယ သီတင်းသုံးတဲ့ ကျောင်းအပေါ်ထပ်အဆောင်ဘုရားခန်းမှာ အင်းရွှေမောင်းကြီးတစ်ခု ချိတ်ဆွဲထားခဲ့ပါတယ်။ အတွင်းပိုင်းမှာ အင်းအစီအရင်တွေ ရေးထိုးထားတဲ့ အင်းရွှေမောင်းကြီးကို (၉)ချက်တိတိ တီးခတ်လိုက်ပြီဆိုရင် ဓာတ်ပိုင်းဆိုင်ရာ၊ နတ်ပိုင်းဆိုင်ရာ၊ သိုက်ပိုင်းဆိုင်ရာ ပုဂ္ဂိုလ်တွေ၊ မယ်တော်တန်ခိုးရှင်တွေ၊ ဝိဇ္ဇာတွေအားလုံး ကြွရောက်လာကြပါတယ်။ သာသနာပြုအစည်းအဝေး ပြုလုပ်မယ့်အချိန်၊ တန်ဆောင်မုန်းလပြည့်ပူဇော်ပွဲနဲ့ အခြားအရေးကြီးတဲ့ အချိန်တွေမှာသာ မောင်းကို ထုရတယ်လို့ ဆိုပါတယ်။

ဦးခင်မောင်သန်းဟာ ဘုန်းဘုန်းကြီးရဲ့ အလိုဆန္ဒအတိုင်း တစ်နှစ်လျှင်နှစ်ကြိမ် တန်ဆောင်မုန်းဘုရားပွဲနဲ့ ပြည်တော်ဝင်ပွဲကို စဉ်ဆက်မပြတ် ကျင်းပပြုလုပ်ခဲ့တယ်။ (၂၀၁၄၊ ၂၀၁၅၊ ၂၀၁၆)ခုနှစ် သုံးနှစ်ဆက်တိုက် ပြည်တော်ဝင်သည့်ဘုရားပွဲ တန်ဆောင်မုန်းပွဲနှင့် အမိဋ္ဌာန်အောင်ပွဲဆိုပြီး ဧပြီလမှာ ကျင်းပခဲ့ပါတယ်။ မဟာမြိုင်ဓာတ်နန်းသို့လာလျှင် အောင်ပြီ၊ ရွှေနိဗ္ဗာန်ရောက်မည်ဆိုတဲ့ ဂိတ်ကြားမှုနဲ့အတူ မြန်မာနိုင်ငံက ဆွေတော်မျိုးတော်တွေသာမက နိုင်ငံရပ်ခြားက ပဋ္ဌာန်းဆက်ရှိသူတွေပါ အမိဋ္ဌာန်အောင်မြင်ခဲ့ကြပါတယ်။

◆ ◆ ◆

ကားစပယ်ယာ အော်သံက စာရေးသူ အတွေးကို ဖြတ်တောက်ပစ်လိုက်တဲ့အချိန်မှာ သိမ်ကြီးဈေးမှတ်တိုင်ကို ရောက်နေပါပြီ။ ကားပေါ်က ဆင်းပြီး မဟာဗန္ဓုလလမ်းအတိုင်း ဆူးလေစေတီကို မျက်နှာမူပြီး လျှောက်လှမ်းခဲ့။



(၂၀၁၄)ခုနှစ်၊ တန်ဆောင်မုန်းလပြည့်
ပြည့်တော်ဝင်ဘုရားပွဲနှင့် ဆရာဦးခင်မောင်သန်း

ဒီနေ့ (၂၀၁၆)ခုနှစ်၊ ဧပြီလ (၃၀)ရက်၊ စနေနေ့ ဘုန်းဘုန်းကြီးရဲ့ လူ့ပြည်(၄၈)နှစ်ခရီး အမိဋ္ဌာန်အောင်ပွဲနေ့ပါ။ မဟာမြိုင်ဓာတ်နန်းကိုဖြင့် စာရေးသူ ဒုတိယမွှ ရောက်ရပြန်ပါတယ်။ ရုတ်တရက် ဦးခင်မောင်သန်းဆီက ဖုန်းဝင်လာလို့ တောင်းပန်စကားဆိုရင်း ဗိုလ်ချွန်ပက်လမ်းထဲ ချိုးဝင်လိုက်ပါတယ်။ လှေကားခြေရင်း ရောက်တာနဲ့ ရွှင်လန်းနိုင်ကြပါစေ သီချင်းက ဆီးကြိုလို့။ သရုပ်ဆောင်အကယ်ဒမီဦးညွန့်ဝင်း သီဆိုအောင်မြင်ခဲ့တဲ့ သီချင်းပါ။ ခုကြားနေရတာက အမျိုးသမီးတေးသံရှင် တစ်ယောက်ရဲ့ အသံနဲ့ပါ။

"×××ချမ်းသာခြင်း သုခနဲ့××× ပြည့်စုံနိုင်ကြပါစေလေ××× ဘေးဘယာတွေလည်း ကင်းကာ ×××× ရှင်းလင်းကြပါစေတော့လေ××× ရွှင်လန်းချမ်းမြေ့ပါစေ××× ရတနာရွှေငွေ××× ရတနာရွှေငွေ××× ထိန်ထိန်တောက်အောင်သာပဲ××× စိတ်နှောက်ကိုယ်ပါ လိုရာပြည့်စုံစေ"

အော်ဂင်သံ၊ ခြောက်လုံးပတ်သံတွေနဲ့ ဖြာဝေနေဆဲမှာ လှေကား တစ်ထစ်ချင်း၊ တစ်ထစ်ချင်း စာရေးသူ့ခြေလှမ်းတွေလည်း သွက်လို့။

ရက်ဘုန်းထွ

www.burmeseclassic.com

သက်တော်(၈၀)နှင့် ဝါတော်(၄၅)ဝါ ပြည့်ခဲ့ပြီ။

သည့်အတွက် ဘုရားရှင်အဖို့ အားအင်ကုန်ခန်းကာ ပန်းလျနေခဲ့ပေပြီကော။ လှမ်းနေသော ခြေတို့မှာလည်း ယိုင်ယိုင်နဲ့နဲ့။ သည်အတွက် အရှင်အာနန္ဒာက အနီးကပ် ဖေးကူထားရသည်။

"အရှင်ဘုရား..ဂိမှာန်နွေလရဲ့ အပူရှိန်ဟာ ပြင်းလွန်းလှပါတယ်ဘုရား။ ဒါ့အပြင် အရှင်ဘုရားဟာ ဝမ်းတော်လားခဲ့ရတဲ့အတွက် အားအင်တွေ ကုန်ခန်းလို့ နေထိပန်းနဲ့ မခြား နွမ်းလျနေပါတယ်ဘုရား။ သည့်အတွက် အရိပ်အာဝါသကောင်းတဲ့ တစ်နေရာရာမှာ နားခိုသီတင်းသုံးသင့်ပါတယ်ဘုရား"

ရှင်အာနန္ဒာ၏ လျှောက်ထားသံ၌ ကြေကွဲဝမ်းနည်းသံတွေ လွှမ်းယှက်၍နေလေသည်။ ကြေကွဲဝမ်းနည်းမှု မဖြစ်ဘဲရော နေပါမည်တဲ့လား။ သည်နေ့ သည်ရက်ကား မဟာသက္ကရာဇ်(၁၄၈)ခုနှစ်၊ ကဆုန်လပြည့်နေ့ဖြစ်ပြီး သည်နေ့မှာပင် ဘုရားရှင်က မိမိပရိနိဗ္ဗာန်ပြုတော့မည့်အကြောင်း မိန့်ဆိုခဲ့သည် မဟုတ်ပါလား။

"ချစ်သားအာနန္ဒာ..သည်နေရာမှာ ရပ်နားသီတင်းသုံးဖို့ မသင့်သေးပါဘူး။ ဟီရညဝတီမြစ်ရဲ့ ဟိုမှာဘက်ကို ငါတို့ကြွရမယ်။ ကုသိနာရုံပြည် မလ္လာမင်းတို့ရဲ့ အင်ကြင်းဥယျာဉ်ကိုရောက်မှပဲ နားနေသီတင်းသုံးကြတာပေါ့ကွယ်"

ဘုရားရှင်မှ သည်သို့မိန့်ဟလာတော့ အာနန္ဒာအဖို့ မည်သို့မျှ စောဒက မတက်သာတော့ဘူး။ အလွန်မတန်လေးစားကြည်ညို အားကိုးချစ်ခင်ရသော ဘုရားရှင်အား ဖေးမတွဲခေါ်လျက် တစ်လှမ်းချင်း လျှောက်လှမ်းခဲ့တော့သည်။

သို့နှင့်ပင် မလ္လာမင်းတို့ စံပျော်မြူးရာ အင်ကြင်းဥယျာဉ်သာအတွင်းသို့ လှမ်းဝင်နိုင်ခဲ့ကြသည်။ ဝင်ဝင်ချင်း

# နန္ဒာမိုးကြွယ်
## တန်ပိုးရှိစွာထိုပူဇွာ



www.burmeseclassic.com

www.burmeseclassic.com

ဆိုသလို တွေ့မြင်လိုက်ရသည်က အင်ကြင်းနှစ်ပင်။ ထိုအင်နှစ်ပင်၌ တစ်ပင်သည် မြောက်ဘက်၊ ကျန်တစ်ပင်သည် တောင်ဘက်။ သို့သော်ငြား အပင်၏ ကိုင်းဖျားကိုင်းနား အခက်အလက် ရိုးတံအသွယ်သွယ်တို့က တစ်ပင်နှင့်တစ်ပင် ယှက်သွယ်နေလျက်သား။ ပြီးတော့ အင်ကြင်းဖူး၊ အင်ကြင်းပွင့်တွေက တဝေဝေ။ တောင်လေအသွဲ့မှာတော့ အင်ကြင်းရနံ့တွေက ဆွတ်ပျံ့ရီဝေနေကြပြီတော။

'ချစ်သားအာနန္ဒာ··ငါဘုရားရှင်အဖို့ အားအင်ကုန်ခန်းလို့ ပင်ပန်းတော်မူလှပြီကွယ်။ သည်ညောင်စောင်းကို ယူလို့ အင်ကြင်းပန်းနှစ်ပင်ကြားမှာ မြောက်ဘက်ကို ခေါင်းပြုပြီး ခင်းလိုက်ပါတော့'

'တင်ပါ့ဘုရား'

ဘုရားရှင် မိန့်မှာသည့်အတိုင်းပင် အာနန္ဒာလည်း ညောင်စောင်းကို နေရာတကျ ခင်းလိုက်သည်။ ထိုအခါ ဘုရားရှင်လည်း ညောင်စောင်းထက်၌ မြောက်အရပ်သို့ ဦးခေါင်းပြုကာ လဲလျောင်းတော်မူလိုက်သည်။ ထိုစဉ်မှာပင် မလ္လာမင်းတို့သည် ဥယျာဉ်တော်ထွက်ရန်အတွက် ရောက်ရှိလာကြရာမှ ဘုရားရှင်ကို တွေ့မြင်လိုက်ကြရလေသည်။ ထိုမလ္လာမင်းတို့မှတစ်ဆင့် ကုသိနာရုံတစ်ပြည်လုံး ပျံ့နှံ့သွားကာ ရဟန်းပရိသတ်၊ လူပရိသတ်၊ နတ်ဗြဟ္မာပရိသတ်များ ရောက်ရှိလာကြပြီး ဘုရားရှင်အား ဦးခိုက်ပူဇော်ကြချေ၏။ ဝမ်းပန်းတနည်း ကြေကွဲဆွတ်မြ လွမ်းတဆုံး ကြိမ်မီးအုံးသည့်အလား အပူလုံးကြွလျက် ရှိုက်ငင်ငိုကြွေးကြကုန်၏။

သည်အထဲမှာမှ အားလုံးထက်ပိုကဲသူမှာ ရှင်အာနန္ဒာပဲ ဖြစ်တော့သည်။

သူ့အဖြစ်ကား ဘုရားရှင်နှင့် အနီးကပ်နေခဲ့ရသူ ဖြစ်လင့်ကစား အာသဝေါကင်းကွာသည့် ရဟန္တာ မဟုတ်သေး၊ အရဟတ္တဖိုလ် မဆိုက်သေး။ သည့်အတွက်ကြောင့်လည်း ရင်အစုံသည် သိမ့်သိမ့်တုန်မျှ လှိုက်ခုန်လျက် မျက်ရည်များ ပိုးပိုးပေါက်ပေါက် ကျဆင်းလျက်ရှိတော့သည်။

'ငါသိပ်ချစ်ရတဲ့၊ ကြည်ညိုဦးခိုက်ရတဲ့ နောင်တော်ဘုရားရှင်ဟာ မကြာခင်မှာပဲ ငါတို့ကို မျက်ကွယ်ပြုသွားတော့မယ်။ နောင်တော်ဘုရားရှင် မရှိတော့တဲ့အခါ တွေ့ကြုံလာရမယ့် အခက်အခဲ ပြဿနာတွေကို ပြေလည်အောင် ဘယ်လိုများ ဖြေရှင်းရမှာပါလိမ့်။ အထူးသဖြင့် ရဟန်းသံဃာတော်တွေနဲ့ မာတုဂါမတို့ရဲ့ ဆက်ဆံရမယ့် အရေးပဲ။

ရဟန်းသံဃာတော်တွေ ဆိုတာဟာ သူတစ်ပါးကို၊ တစ်နည်းအားဖြင့် ဒကာ,ဒကာမတွေကို မှီခိုပြီး အသက်မွေးကြရတဲ့သူတွေဖြစ်တယ်။ ဒါကြောင့် မာတုဂါမတွေနဲ့ ကင်းလို့ မဖြစ်ပေဘူး။ အမြဲတစေ မဟုတ်တောင် အခါအခွင့်သင့်တဲ့အခါမှာ ပြောဆိုဆက်ဆံကြရမှာပဲ။ အဲသည်လို ပြောဆိုဆက်ဆံကြရတဲ့အခါ ရဟန်းသံဃာတော်တွေအနေနဲ့ ဘယ်လိုဘယ်ပုံ ပြောဆိုကျင့်ကြံရမယ်၊ နေထိုင်ရမယ် ဆိုတာကို သိထားဖို့လိုတယ်။ ဒါကြောင့် နောင်တော် ဘုရားရှင် ပရိနိဗ္ဗာန် မပြုသေးခင်မှာ မေးလျှောက်ရရင် ကောင်းလိမ့်မယ်'

သည်သို့သော စိတ်အကြံကို ဘုရားရှင်အဖို့ အဘယ်သို့များ သိထားနေပါလိမ့်။

'ချစ်သားအာနန္ဒာ··သင်သိလိုတဲ့ကိစ္စကို လျှောက်ထားပါ'

သည်သို့ကြိုတင်သိနေခြင်းကပင် အံ့ဩဖွယ်ကောင်းလှပေတော့သည်။ သို့သော်ငြား ရှင်အာနန္ဒာ မအံ့ဩတော့။ ဘာကြောင့်ဆို နောင်တော်ဘုရားရှင်သည် အတုလံ-အတုမရှိ ဘုန်းတော်၊ ဉာဏ်တော်၊ ကံတော်အနန္တတို့နှင့် ပြည့်စုံတော်မူသည့် ပုဂ္ဂိုလ်မြတ်ကြီးပင် မဟုတ်ပါကလား။

'အရှင်ဘုရား··ရဟန်းသံဃာတွေဆိုတာဟာ ဒါယကာ,ဒါယိကာမတွေကို မှီခိုလို့ အသက်မွေးကြရသူတွေ ဖြစ်ကြပါတယ်ဘုရား။ သည့်အတွက်ကြောင့် မာတုဂါမတွေဟာ ရဟန်းသံဃာတော်တွေရှိရာ ကျောင်းတော်၊ ကျောင်းသင်္ခမ်းကို လာရောက်ပြီး ဆည်းကပ်ကြ၊ လှူဒါန်းကြပါလိမ့်မယ်ဘုရား။ အဲသည်အခါ ရဟန်းသံဃာတော်တွေအနေနဲ့ မာတုဂါမတွေအပေါ် ဘယ်လိုများ ကျင့်ကြံဆက်ဆံရမယ်ဆိုတာကို သိလိုပါတယ်ဘုရား'

ရှင်အာနန္ဒာအဖို့ လိပ်ခဲတည်းလည်းဖြစ်နေသော ကိစ္စရပ်ကို တင်ပြလျှောက်ထားလိုက်ရသည့်အတွက် ရင်ထဲ၌ အတန်ငယ် ပေါ့ပါးသွားရသည်။

'ချစ်သားအာနန္ဒာ··ကိလေသာကို ပယ်ခွာလိုတဲ့ ရဟန်းတွေဆိုတာဟာ စည်းစောင့်ဖို့ရာ လုံခြုံတဲ့နေရာမှာ နေတဲ့ နွားတွေလိုပဲ။ တံခါးလုံခြုံတဲ့ကျောင်းမှာ နေသင့်

www.burmeseclassic.com

www.burmeseclassic.com

တယ်။ မာတုဂါမတို့ ရောက်လာကြတဲ့အခါ ရုပ်အဆင်း အင်္ဂါကို မတွေ့မမြင်အောင် နေနိုင်ဖို့ လိုတယ်။ သူတို့ရဲ့ ရုပ်အဆင်းကို မတွေ့မမြင်သမျှ ရုန့်ရင်းတပ်မက်တဲ့ ရာဂ စိတ် ဖြစ်ပေါ်မလာနိုင်ဘူး။ တွေ့မြင်ရမယ်ဆိုရင် ရာဂစိတ် ဖြစ်ပေါ်နိုင်ချေ ရှိပေရဲ့။ ဒါကြောင့် မာတုဂါမကို မမြင် ရတဲ့ မတွေ့ရတဲ့ နေရာမှာ နေထိုင်ဖို့ လိုပါတယ်။ သည် လိုမျိုး နေထိုင်တာဟာ ပဋိပတ်ကျင့်စဉ်ဖြစ်တာမို့ မတွေ့ မမြင်အောင် နေကြဖို့လိုပေတယ် ချစ်သား'

ဘုရားရှင် ဖြေကြားချက်က ရှင်းသည်။ သို့သော် ငြား ရှင်အာနန္ဒာအဖို့ စောဒကတက်စရာ အချက်အလက် တွေ ရှိနေပါသေးသည်။ ဒါကိုလည်း ရှင်းလင်းစွာ သိ ထားဖို့ လိုပေသည်။

'အရှင်ဘုရား..ရဟန်းသံဃာတော်တွေဆိုတာ ဆွမ်း ခံထွက်ကြရပါတယ်ဘုရား။ အဲသည်အခါ မာတုဂါမတို့ ဟာ လောင်းလှူဖွယ်ဝတ္ထုတို့ကို လှူလာတဲ့အခါမျိုးမှာ မတွေ့ မမြင်ဖို့ မလွယ်တော့ပါဘူး။ အဲသည်လို တွေ့မြင်ရ တဲ့အခါ ဘယ်လိုမျိုးကျင့်ကြံရမယ်ဆိုတာကို မိန့်တော်မူ ပါဘုရား'

'ချစ်သားအာနန္ဒာ..တကယ်လို့ ဆွမ်းခံထွက်ကြတဲ့ အခါ မာတုဂါမတို့နဲ့ ဆုံပြီ မြင်ပြီ ဆိုပါစို့။ သည်အခါ စကားမပြောဘဲနေပါ။ သည်လိုမျိုး စကားမပြောဘဲနေ ခြင်းဟာ မြတ်သောပဋိပတ် မြတ်သောဆက်ဆံရေးပဲ ဖြစ် ပါတယ်။

ချစ်သားအာနန္ဒာ.. ယောကျ်ားတစ်ယောက်ဟာ ထက်မြနေတဲ့ သန်လျက်ကို ကိုင်ဆောင်ပြီး ငါနဲ့ စကားဆို ခဲ့ ပြောခဲ့ရင် သင့်ခေါင်းကို ဖြတ်ပစ်မယ်လို့ ဆိုလာခဲ့ရင် ဦးခေါင်းကို အဖြတ်ခံပြီး အဲသည်ယောကျ်ားနဲ့ စကားပြောဆိုရခြင်းက မြတ်ပါသေးတယ်။ မာတုဂါမတွေ နဲ့ စကားပြောဆိုခြင်းကတော့ မမြတ်ပေဘူး။ နောက် တစ်ခါ ဘီလူးမတစ်ကောင်က ငါ့ကို ခေါ်ပြောခြင်းမပြု ရင် သင့်ရဲ့အသားကို စားပစ်မယ်လို့ ဆိုလာခဲ့ရင် ဘီလူးမ အစားကိုခံပြီး ခေါ်ပြောခြင်းဟာ မြတ်ပါသေးတယ်။ မာတုဂါမတွေနဲ့ ခေါ်ပြောခြင်းကတော့ မမြတ်ပေဘူး'

'အရှင်ဘုရား..ဘာကြောင့်ဆိုတာ သိချင်ပါတယ် ဘုရား'

'ချစ်သားအာနန္ဒာ..ဘာကြောင့်လဲဆိုတော့ မာတု ဂါမတွေနဲ့ စကားပြောဆိုမိမယ်ဆိုရင် ချစ်ကျွမ်းဝင်မိပါ လိမ့်မယ်။ ချစ်ကျွမ်းတဝင်ဖြစ်ရာက ရာဂစိတ်တွေ ရှိလာ ခဲ့ရင် အထူးထူးသောကိစ္စကို ကြံစည်ခြင်းဆိုတဲ့ သက်ပွ ရာဂ ဖြစ်ပေါ်လာတတ်ပါတယ်။ အဲသည် သက်ပွရာဂဖြစ် လာတဲ့အခါ တဏှာဥပါဒါန်တို့ဖြစ်လာပြီး သီလတရား တွေ ကျိုးပေါက်ပျက်စီးသွားပါလိမ့်မယ်။ အကျင့်သိက္ခာ သမာဓိတွေ ညစ်နွမ်းသွားပါလိမ့်မယ်။ သည်အခါ အပါယ် လေးပါးကို ဆိုက်ရောက်ပါလိမ့်မယ်။ ဒါကြောင့်မို့ မာတု ဂါမတွေကို စကားပြောဆိုခြင်းဟာ မမြတ်ဘူးရယ်လို့ ငါ မိန့်ကြားတာပေါ့ ချစ်သား'

ဒါလည်း ရှင်းပေသည်။ သို့ရာတွင် အလုံးစုံတော့ မဟုတ်။ စောဒကတက်ဖွယ်ရာအချို့ ရှိပါသေးသည်။

'အရှင်ဘုရား..တပည့်တော် မေးလျှောက်စရာ ကျ ပါသေးတယ်။ မာတုဂါမတွေဟာ သူတို့သိတဲ့ ပြဿနာ အတွေ့အတွေ့ကို မေးလျှောက်ဖို့ရာ ကျောင်းကို လာကြပါ လိမ့်မယ်။ ကျောင်းကို ရောက်တဲ့အခါ မပြန်ဘဲနဲ့ တစ်ေ ကုန် တစ်နေခန်း မေးမြန်းခြင်း ပြုချင်ပြုကြပါလိ မယ်။ ဒါမှမဟုတ် ဥပုသ်သီတင်း ဆောက်တည် စောင့်သုံးလိုလို့ သီလတောင်းချင်လည်း တောင်း ကြပါလိမ့်ဦးမယ်။ တရားဟောပေးဖို့ရာ တောင်း လျှောက်ထားချင် လျှောက်ထားကြပါလိမ့်ဦးမယ်။ ဒါမှမဟုတ် ရဟန်းသံဃာတော်တွေရဲ့ ပြုဖွယ်ကိ ဝေယျာဝစ္စတွေကိုလည်း ကူညီလုပ်ကိုင်ပေး ပေးကြပါလိမ့်ဦးမယ်။

အရှင်ဘုရား..အဲသည်လိုအခါမျိုးမှာ စကားပြော ခြင်းမပြုဘဲ တုံဏှိဘာဝေလုပ်နေခဲ့ရင် ရဟန်းသံဃာ



www.burmeseclassic.com

ဘာ ဆွံ့နေ၊ အ,နေကြပါကလား၊ နားပင်းနေကြပါလား၊ လောကရေးရာ ပေါင်းသင်းဆက်ဆံမှုကို ဘာမျှနားမလည်ကြပါကလားလို့ ဆိုကြပါလိမ့်မယ်ဘုရား။ အဲဒါကြောင့် ရွှေသာလို့ မာတုဂါမတွေနဲ့ စကားပြောရမယ်ဆိုရင် ဘယ်လိုများ နှလုံးသွင်းရမယ်ဆိုတာ မိန့်တော်မူပါဘုရား'

'ကောင်းပေပြီ အာနန္ဒာ၊ သင့်အမေးကို ငါဖြေပါ့မယ်။ သေချာစွာနာယူပါ။ ကျောင်းကို ရောက်လာကြတဲ့ မာတုဂါမတွေနဲ့ စကားမပြောမဖြစ် ပြောရတော့မယ်ဆိုရင် အမေအရွယ်၊ အမိအရွယ် ရှိတဲ့သူတွေကို ငါ့အမေပါလား၊ ငါ့အမိပါလားရယ်လို့ နှလုံးသွင်းပါ ချစ်သား။ စိတ်သဘောထားပါ ချစ်သား။ နှမအရွယ်ရှိတဲ့ မာတုဂါမဆိုရင် ငါ့နှမပါလား၊ ငါ့ညီမပါလားလို့ စိတ်သဘောထား နှလုံးသွင်းပါ ချစ်သား။ သမီးလောက်ရှိတဲ့ မာတုဂါမဆိုရင်လည်း ငါ့သမီးပါလားလို့ အမှတ်ထားပြီး ဆက်ဆံကြပါ။

ချစ်သားအာနန္ဒာ..ဘယ်လိုပဲဖြစ်ဖြစ် မာတုဂါမတွေနဲ့ စကားပြောဆိုရတဲ့အခါမျိုးမှာ အထူးသဖြင့် သတိကြီးစွာထားလို့ ဆက်ဆံပြောဆိုပါ ချစ်သား'

'တင်ပါ့ဘုရား။ တပည့်တော် ရှင်းရှင်းလင်းလင်း သဘောပေါက်နားလည်သွားပါပြီ အရှင်ဘုရား'

'သာဓု..သာဓု..သာဓု'

အာနန္ဒာအဖို့တော့ ဘုရားရှင်၏ နောက်ဆုံးအချိန်ကလေး၌ ရဟန်းသံဃာတော်နှင့် မာတုဂါမတို့၏ ဆက်ဆံရေးကို နားလည်သဘောပေါက်လိုက်ပေပြီ။ နားလည်သဘောပေါက်သည်နှင့်အမျှ ရဟန်းသံဃာတော်တို့ကိုလည်း ဖြန့်ဝေပေးရဦးမည်။

ဤသို့ အရှင်အာနန္ဒာ၏ လုပ်ဆောင်ချက်သည် ဗုဒ္ဓဘာသာ၏ အနာဂတ်အတွက် ကြီးမားလှစွာသော တန်ဖိုးတစ်ရပ် ဖြစ်လေတော့သည်တကား။

**နန္ဒာမိုးကြယ်**

ကျမ်းကိုး

* ဗုဒ္ဓကိုယ်တိုင် ဖြေကြားခဲ့ရသော ပြဿနာများ (ဒဂုန် ဦးစန်းငွေ)။


ချက်ချင်းသောက်-လက်ငင်းပျောက်




နှစ်ပေါင်း(၂၀)ကျော် အစာအိမ် လေထိုးလေအောင့် ဝေဒနာရှင်များအတွက် အထူးဖော်စပ် လှူဒါန်းကုသပြီး ဝေဒနာရှင် ရဟန်း၊ ရှင်လူ၊ ပြည်သူများ၏ ပျောက်ကင်း ထောက်ခံတောင်းဆိုမှုကြောင့် စေတနာ၊ ဝါသနာကို အရင်းခံ၍ ထုတ်လုပ်ဖြန့်ချိလိုက်သော 'အစာအိမ်ရောဂါ လေနာ ရောဂါဝေဒနာရှင်များအတွက် အထူးသင့်လျော်သော ဆေးစွမ်းကောင်းတစ်လက်' ဖြစ်ခြင်းကြောင့် သုံးစွဲသူများအတွက် တန်ဖိုးလုံးဝဆုံးရှုံးခြင်း မရှိစေရ။

အမှတ်တံဆိပ်

အစာအိမ်လေနိုင်သောက်ဆေး

ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် 0114 Y 010697

ပျောက်ကင်းနိုင်သော ရောဂါများ

အစာအိမ်ရောဂါ၊ လေထိုးလေအောင့်၊ အစာများအစာမှား၍ မအီမလည်ဖြစ်ခြင်း၊ အစာအိမ်အချဉ်ပေါက်ခြင်း၊ အစာမကြေ ရင်ပြည့်ရင်ကယ်၊ ဝမ်းဖောဝမ်းပျက်ခြင်း၊ လေနှင့်ဝမ်း မကျဲခြင်း၊ အစာအိမ်နှင့်ပတ်သက်သော ရောဂါများအတွက် ယုံကြည် စိတ်ချစွာဖြင့်သုံးစွဲနိုင်ပါသည်။

ပင်ရင်း - ဦးမြသွေး၊ အမှတ်(၆၈၉)၊ ဘယသကြိန်လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

☎ ၀၉ ၃၁ ၃၅ ၁၅ ၉၆ ၊ ၀၉ ၃၁ ၀၅ ၉၉ ၃၂


www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှအဆက်)

(၁၁)

'ရထားထိန်းလုလင် ရောက်ရှိနေပြီဖြစ်ပါကြောင်း အကြောင်းပြု ပန်ကြားလာပါသည်ဘုရား'

မောင်းမရံရွှေတော်တစ်ဦးက ရှိကျိုးစွာ ဦးညွှတ်ခစား၍ လျှောက်ထားလာသော စကားဖြစ်သည်။ ဖခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏ တင်းကျပ်သော သံမဏိစည်းကမ်းအရ သိဒ္ဓတ္ထကုမာရမင်းသားနှင့် မိဖုရားယသော်ဓရာတို့ စံနေတော်မူရာ နန်းဆောင်အတွင်းသို့ မည်သည့်ယောကျာ်းသား တစ်စုံတစ်ဦးမျှ ဝင်ခွင့်မရှိ။ ကျူးကျော်လာခဲ့လျှင် သေဒဏ်။ မည်သည့်အကြောင်းကြောင့် ဝင်ရောက်ရပါသလဲဟု အစစ်အဆေးအမေးအမြန်းမရှိ။ ထိလိုက်သည့် တစ်ခဏမှာပင် ရုတ်ခြည်းညှိုးရော်ခွေယိုင်ကျ သွားရသည့် ထိကရုံးနွယ်တို့နှယ်သာ ဥပမာထားရတော့မည်။ သိဒ္ဓတ္ထကုမာရနှင့် မိဖုရားယသော်ဓရာတို့၏ နန်းဆောင်အတွင်းသို့ ခြေတစ်လှမ်းကျူးဝင်မိသော မည်သည့်ယောကျာ်းသားမဆို ထိကရုံးနွယ်တို့အလား တစ်မုဟုတ်ချင်း



www.burmeseclassic.com

www.burmeseclassic.com

အဆက်အစီရင်ခံကြရမည် ဖြစ်၏။ ဤသည်က ဖခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏ နှမ်းတစ်စေ့စာမျှ မလျှော့သော ညွှန်ကြားချက်ပင်။

ထို့ကြောင့် အကြောင်းတရား တစ်စုံတစ်ရာ ထူးခြားတွေ့ဆုံ လျှောက်ကြားရန်ကိစ္စ ပေါ်ပေါက်လာခဲ့ပါက ဤသို့လျှင် အရှင်မင်းသား၏ မောင်းမခြွေရံများမှတစ်ဆင့်သာ အကြောင်းကြား သတင်းပို့ကြရစမြဲ။ သို့တိုင် အကြောင်းသတင်းစကား ပါးလာသူမှာ ယောကျ်ားဖြစ်ခဲ့လျှင် နန်းတော်ဆောင် ပရိဝုဏ်၏ အစောင့်အကြပ်ရဲမက်တို့၏ သတ်မှတ်နေရာမှ ကျူးကျော်ခွင့်မရှိ။ ထိုအနီးသတ်နယ်နိမိတ် အစွန်အဖျားမှသာလျှင် သတင်းစကား ပေးပို့နိုင်ခွင့်ရှိသည်။

အတွင်းဆောင်သို့ ရောက်ဖို့အထိမူ တစ်ဆင့်ပြီး တစ်ဆင့်သော အခြွေအရံ မောင်းမမိဿံတို့က ထိုကြားရောက်လာသော သတင်းကို ပို့ပေးကြမည်ဖြစ်သည်။ ယခုလည်း ထိုထိုနည်းလမ်းအတိုင်းပင် ရထားထိန်းလုလင်သည် နန်းတော်ဆောင်၏ပြင်ပ၌ ရောက်ရှိနေပြီဖြစ်ကြောင်း သတင်းစကား ရောက်ရှိလာခြင်းပင်။

'ကောင်းပြီ။ မကြာမတင်ခင်အတွင်း ငါ ထွက်တော်မူလာခဲ့မည်ဟု အကြောင်းပြန်လိုက်'

ရုံရွှေတော်မောင်းမငယ်က ဦးညွှတ်အရိုအသေပြုပြီးနောက် အဆောင်တော်မှ ပြန်လည်ထွက်ခွာသွား၏။



# နန္ဒာစိုး (ဆင်ဖြူကျွန်း)

## သုမိတ္တာနီဒါန်းအစ အန္တိမ ယသော်ဓရာ

www.burmeseclassic.com

'ဘယ်ကိုကြွမြန်းမလို့လဲ မောင်တော်'

ယသော်ဓရာဒေဝီက မေးလိုက်သည်။ ရွှန်းလက်ကြည်စင်သော သူမ၏ မျက်လုံးများထဲတွင် အံ့အားသင့်ခြင်း၏အရိပ်တို့ ထင်ဟပ်လျက်ရှိ၏။ အကြောင်းမူ သူမ၏ အရှင်မင်းသားသည် အတူစံပျော်ရာ နန်းဆောင်မှသည် အပြင်လောကသို့ ထွက်ခဲလှသောကြောင့် ဖြစ်၏။ နန်းဆောင်ထဲ၌ စိတ်ရွှင်လန်းဖွယ်ရာ အဖျော်ဖြေတော် တင်ဆက်ကြမည့် အဆိုရှင်၊ အတီးရှင်၊ အကပညာရှင်တွေ ပြည့်ပြည့်စုံစုံ ရှိနေသည်ပဲ မဟုတ်လား။

'စိတ်အညည်းပြေပေါ့ ချစ်နှမရယ်။ ဉယျာဉ်တော်ကို အပျော်အပါး တောကစားထွက်မလားလို့ အာသီသပေါ်လာတာနဲ့ မင်္ဂလာရထားကို ဆင့်ဆိုလိုက်တာပဲ။ ဘာလဲ၊ ချစ်နှမက ကန့်ကွက်လိုလို့လား'

'ဟင့်အင်း‥မကန့်ကွက်လိုပါဘူး မောင်တော်၊ မောင်တော့်အလိုဆန္ဒပြုသမျှကို ချစ်နှမ ဘယ်တုန်းက ဖီလာဆန့်ကျင် ပြုခဲ့ဖူးလို့လဲ။ အခုလည်း သိချင်ရုံသက်သက်နဲ့ မေးလိုက်တာ တစ်ခုပါပဲ။ ကောင်းပါတယ်။ ဉယျာဉ်တော်မှာဆိုတော့ စိမ်းစိမ်းလန်းလန်း သဘာဝပန်းမန်တွေနဲ့၊ ကျေးငှက်သာရကာတွေနဲ့၊ တောတောင်ရေမြေစိမ့်စမ်း ရေတံခွန်တွေနဲ့၊ သူတို့သဘာဝအတိုင်း မြူးထူးပျော်ပါးနေကြမယ့် သားရဲတိရစ္ဆာန်တွေနဲ့၊ သန့်ရှင်းလတ်ဆတ် အေးမြနေမယ့် လေပြည်လေညင်း တသုန်သုန်နဲ့ မောင်တော်စိတ်အညည်း ပြေတော်မူမှာပါ'

ဘယ်လောက်အလိုက်တသိ ရှိလိုက်လှတဲ့ မယ်ယသော်တဲ့လဲ။ သိဒ္ဓတ္ထမင်းသားသည် ချစ်လှစွာသော မိဖုရားကို အမြတ်တနိုး ကြည့်လိုက်မိပြန်၏။ မိမိတို့ ဘဝနှစ်ခုစတင်ပေါင်းဖက်ကြဖို့ ထိမ်းမြားမင်္ဂလာပြုခဲ့သည့်နေ့မှစ၍ ယနေ့ယခုအထိ (၁၂)နှစ်နီးပါးတိုင်သော ကာလရှည်ကြီးတစ်လျှောက်လုံးတွင် မိမိ၏အလိုဆန္ဒပြုသမျှကို တစ်ကြိမ်တစ်ခါမှ မကန့်ကွက် မပယ်ဖျက်ခဲ့ဘဲ လိုက်လျောသဘောတူပေးခဲ့သည်ချည်း။ မိမိပြုခဲ့သမျှသော အရာဋ္ဌာန၊ ကိစ္စကြီးငယ်တိုင်းတွင် ကျေနပ်ဝမ်းမြောက်ခြင်းဖြင့် မျှတကြည်ဖြူခဲ့သည်ချည်း။ ဤသည်ကို ကာယကံမြောက်လက်တွေ့အားဖြင့်သော်လည်းကောင်း၊ ဝစီကံမြောက် ညှိနှိုင်းတိုင်ပင် ပြောဆိုကြရာ၌လည်းကောင်း၊ မနောကံမြောက် သိမ်မွေ့နူးညံ့သော စိတ်နှလုံးသဘောထားများအရလည်းကောင်း ကြုံတွေ့သိရှိခဲ့ရပြီး ဖြစ်သည်မဟုတ်လား။

မင်းသားသည် ရှုမငြီးသည့် ကြင်ရာတော်မိဖုရား၏ ရွှေသားနှယ် ဝင်းမွတ်လှပသော မျက်နှာကလေးကို ကြင်နာမြတ်နိုးစွာ ငုံ့ငေးကြည့်ရှုနေလျက်မှပင် ဤလောက၌ ရှိနေသည်ဆိုသည့် ဇနီးမယားခုနစ်မျိုးအကြောင်းကို ဖျတ်ခနဲ သတိရလာမိပြန်တော့၏။

(၁) အကြင်မယားသည် တစ်ပါးသော ယောကျ်ားတို့၌ တပ်မက်သောစိတ်ရှိ၏။ မိမိ၏လင်သားကို ပြစ်မှား၏။ အကျိုးစီးပွားမဲ့ကို အလိုရှိ၏။ ဥစ္စာဖြင့် ဝယ်ထားသော ကျွန်ကဲ့သို့ မထီမဲ့မြင်ပြု၏။ လင်ကို သေစေသည်အထိ သတ်အံ့သောငှာ လှံ့လပြုတတ် ကြံဆောင်တတ်၏။ ထိုသို့သဘောရှိသော မယားကို သူသတ်နှင့်တူသော မယားဟု ဆိုအပ်၏။

(၂) အကြင်မယားသည် လယ်လုပ်ခြင်း၊ ကုန်သွယ်ခြင်း အတတ်ပညာ တစ်စုံတစ်ရာဖြင့် အမှုထမ်းဝန်ဆောင် ခြင်းစသည်တို့ဖြင့် လင်သားရှာဖွေရရှိ အပ်နှံလာသော ဥစ္စာပစ္စည်းတို့မှ အနည်းငယ်မျှပင်ဖြစ်စေ၊ အချို့အဝက်ကိုဖြစ်စေ လင်မသိအောင် တိတ်တဆိတ်ယူငင် ကဲ့ဖက်ထားလိုသော သဘောမျိုးရှိ၏။ ထိုမယားကို ခိုးသူနှင့်တူသော မယားဟု ဆိုအပ်၏။

(၃) အကြင်မယားသည် အိမ်မှုကိစ္စတို့ကို လုပ်ကိုင်ခြင်း မရှိဘဲ ပျင်းရိ၏။ အစားကြူး၏။ အမျက်ထွက်တတ်၏။ မကောင်းသောစကားကို ဆိုတတ်၏။ အလုပ်လုပ်ကိုင်နေသော လင်သားကို မဖြောင့်တန်းအောင် နှိပ်စက်တတ်၏။ ဤသို့သဘောရှိသော မယားကို အရှင်သခင်နှင့်တူသော မယားဟု ဆိုအပ်၏။

(၄) အကြင်မယားသည် ခပ်သိမ်းသောအခြင်းအရာအားဖြင့် လင်၏အကျိုးစီးပွားကို အလိုရှိ၏။ အမိသည် သားကို စောင့်ရှောက်သကဲ့သို့ လင်နှင့်တကွ လင်ရှာဖွေ ရရှိအပ်သော စီးပွားဥစ္စာကိုလည်း စောင့်ရှောက်၏။ ထိုသို့သောမယားကို အမိနှင့်တူသော မယားဟု ဆိုအပ်၏။

(၅) အကြင်မယားသည် နှမကြီး၊ နှမငယ်တို့က မိမိ၏အစ်ကို၊ မောင်တို့ကို ရိုသေခြင်းရှိသကဲ့သို့ မိမိ၏လင်သားကို ရိုသေ၏။ လင်၏အလိုကိုလိုက်၏။ လင်ကို ညွတ်သော ကြင်နာခြင်းရှိ၏။ ထိုသို့သော မယားကို နှမနှင့်တူသော မယားဟု ဆိုအပ်၏။



www.burmeseclassic.com

www.burmeseclassic.com

(၆) အကြင်မယားသည် လင်ကိုမြင်လျှင် ကြာမြင့်စွာ ခွဲခွာနေခဲ့ရသော အဆွေခင်ပွန်း ရောက်ရှိလာသည်ကို မြင်တွေ့ရသကဲ့သို့ ဝမ်းမြောက်၏။ လင်ကို လုပ်ကျွေး၍ သီလနှင့်ပြည့်စုံစွာ နေထိုင်၏။ ထိုသို့သဘောရှိသော မယားကို အဆွေခင်ပွန်းနှင့်တူသော မယားဟု ဆိုအပ်၏။ (၇) အကြင်မယားသည် မိမိ၏လင်က မိမိအား သေမြင်းအဆုံးစွန်ဒဏ်ခတ်အံ့ဟု ခြိမ်းခြောက်သည့်တိုင် လင်အား အမျက်မထွက်ဘဲ သည်းခံနိုင်စွမ်း၏။ လင်၏အလိုသို့ အသက်စွန့်၍လိုက်၏။ ထိုသို့သောမယားကို ကျွန်နှင့်တူသော မယားဟု ဆိုအပ်၏။

မင်းသားသည် ဤသို့အားဖြင့် လောက၌ ရှိနေသည်ဆိုသော မယားခုနစ်မျိုးတို့အကြောင်းကို သိရှိထားပါ၏။ သို့ဆိုလျှင် မိမိ၏မိဖုရား ယသော်ဓရာဒေဝီသည် နံပါတ်စဉ်(၄)မှ (၇)အတွင်း အကျုံးဝင်သော အမိနှင့်တူသော၊ နှမနှင့်တူသော၊ အဆွေခင်ပွန်းနှင့်တူသော၊ ကျွန်နှင့်တူသော မယားစာရင်းဝင်ပေတည်း။ သူသတ်နှင့်တူသော၊ ခိုးသူနှင့်တူသော၊ အရှင်သခင်နှင့်တူသော မယားအမျိုးအစားတို့နှင့် လားလားမျှ မပတ်သက်သော မယားကောင်း မယားမြတ်ဖြစ်၏။ ယခုပင်ကြည့်၊ မိမိက နန်းဆောင်မှ မထွက်ခွာရသေး။ သို့သော် မိမိသွားရောက်မည့် ဥယျာဉ်တော်၏ သဘာဝအတိုင်း မွေ့လျော်ကြည်မောသာယာဖွယ်ကောင်းပုံကို စိတ်မျက်စိတွင် ထင်ဟပ်မြင်ဆောင်လာအောင် ဖွဲ့နွဲ့ပုံဖော် ပြောကြားတွန်းအားပေးဆော် ရပေသည်ဟု တသိမ့်သိမ့် ကျေနပ်မိရပြန်ပေပြီ။

မင်းသိဒ္ဓတ္ထသည် ရင်ထဲ၌ လှိုင်းထလာသည့် ပီတိမြင့်ပင် ထပ်ဆင့်မေးခွန်းထုတ်လိုက်မိရပြန်၏။

'သည်လိုဖြင့် မောင်တော့်လိုပဲ စိတ်အညည်းတော်ပြေရအောင် ဥယျာဉ်တော် တောကစားခရီးကို ချစ်နှမပါ အတူလိုက်ပါလိုလို့လားကွယ်'

သည်တော့ ယသော်ဓရာဒေဝီက ပြုံးလေသည်။ ထိုအပြုံးသည် မြူတိမ်ကင်းသော လပြည့်ည၏ ငွေလမင်းနှယ် ကြည်စင်ရွှန်းပ၏။ နားလည်ကြင်နာစွာ လိုက်လျောကြည်ဖြူပေးခြင်းမှအပ အခြားမည်သည့် မလိုတမာအမျက်အစိဗ္ဗာယ်မျှ မြူတစ်မှုန်စာ ကပ်ငြိဆက်နွှယ်မှု မပါဝင်သည့် ပကတိအေးငြိမ်းသောအပြုံး။ ယသော်ဓရာဒေဝီသည် ထိုအပြုံးကလေးဖြင့်ပင် ညွှတ်သက်စွာ ခေါင်းခါယမ်းပြ၏။ ခေါင်းအခါတွင် ရွှေစင်ပြန့်ပြူးသည့် နဖူးပြင်ရှေ့ဘက်သို့ ဖြာဝဲကျနေသည့် ဆံယဉ်စကလေးများက လေပြည်အဟပ်တွင် လူပ်ခတ်သွားသည့် မြပုရစ်ဖူးကလေးများသဖွယ် တငြိမ့်ငြိမ့်လွန့်လူးသွားကြလေသည်။

'မောင်တော်ရယ်··ဥယျာဉ်တော်ဆိုတာက ဥယျာဉ်မှူးတွေရဲ့ စွမ်းပကားနဲ့ လှပတင့်တယ် ရှုချင်စဖွယ်ဖြစ်အောင် တမင်စိုက်ပျိုးယုယ အလှဆင်ထားတဲ့ ပန်းစုံတောတွေရှိသလို အဲဒီနယ်နိမိတ်အတွင်းမှာပဲ သူ့အလိုအလျောက် သဘာဝတရားကြီးက နှင်းအပ်ထားတဲ့ သစ်ကြီးဝါးကြီး၊ ရေမြေတောတောင် စိမ့်စမ်းချောက်ကြားအသွယ်သွယ်လည်း ရှိနေမယ် မဟုတ်လား။ အဲဒီနယ်မြေမှာ တောကစားထွက်မယ်ဆိုတာ ချစ်နှမတို့လို မိန်းမသားတွေရဲ့ အရာဌာနမှ မဟုတ်တာဘဲ။ နှမတော်ပါလိုက်ပါလာခဲ့ရင် မောင်တော့်အဖို့ရော ကိုယ်စိတ်နှစ်ပါးထင်ရှားလွတ်ကင်း ပျော်ပါးခြင်း မရှိနိုင်တဲ့အပြင် နှမတော်ရဲ့ အခြေအရံမိန်းမသားတွေအတွက် နောက်ဆံတင်းငင်နဲ့ စိုးရိမ်ကြောင့်ကြတော်မူနေရပေလိမ့်မယ်။ လွတ်လွတ်လပ်လပ် ပျော်ပါးမြူးထူးနိုင်မှာမဟုတ်ဘဲ။ နှမတော်တို့အတွက် စိတ်အနှောင့်အယှက် ဖြစ်နေရပေလိမ့်မယ်။ သည်ခရီးမှာ နှမတော်လိုက်ပါဖို့ လုံးဝမတောင်းဆိုပါဘူး မောင်တော်။ နှမတော် စိုးရိမ်မိတာ တစ်ချက်ပဲ ရှိပါတယ်။ အဲဒီစိုးရိမ်မှုရဲ့ မူလအခြေအကြောင်းရင်းကိုတော့ လျှောက်ကြားခွင့်ပေးပါ မောင်တော်'

'မိန့်တော်မူပါဦး ချစ်နှမရယ်၊ ဘယ်အတွက်ကိုများ စိုးရိမ်နေမိရပြန်သလဲဆိုတာ'

ယသော်ဓရာက ရုတ်ခြည်း ပြန်မဖြေ။ သို့ရာတွင် သူမ၏ နှုတ်ခမ်းတော်နှင်းဆီဖူးမှ ချိုမြအပြုံးက အဖူးအငုံမှသည် ဖူတ်ခနဲ ပွင့်အာလာသည်သို့ လန်းစွင့်လာခဲ့၏။

'မောင်တော်က မေးလာခဲ့လို့သာ နှမတော်က ဖြေကြားရမှာပါလေ။ တကယ်ပြန်တွေးမိတော့လည်း နှမတော်ရဲ့ စိုးရိမ်မှုက သည်ပထဝီမြေအလွှာ ပျောက်ဆုံးသွားမှာကို ကြောင့်ကြပြီး တစ်ညကိုသုံးကြိမ် မြေအပြင်ကို ဆင်းဆင်း စမ်းသပ်ကြည့်ရှုကြတယ်ဆိုတဲ့ မျောက်သတ္တဝါတွေလို အဓိပ္ပာယ်မဲ့ စိုးရိမ်မှုမျိုးသာ ဖြစ်တယ်လို့ ကိုယ့်ဘာသာပြန် အဖြေရမိပါရဲ့။ နှမတော် စိုးရိမ်မိလိုက်တယ်ဆိုတာက တခြားမဟုတ်ပါဘူး မောင်တော်ရယ်။

www.burmeseclassic.com

www.burmeseclassic.com

ဥယျာဉ်တော်မှာ တောကစားထွက်တော်မူတဲ့အခါ ဥယျာဉ်မှူးတို့ ပြုစုပျိုးထောင် ပြုပြင်စီရင်ထားအပ်တဲ့ အယဉ်နယ်မြေ မဟုတ်တော့တဲ့ သဘာဝအတိုင်းရှိနေမယ့် တောကြီးတောင်ကြီး စိမ့်ကြီးမြိုင်ကြီး လျှိုမြောင်ချပ်ကြား စုံရပ်အကြားသို့တိုင်များ မောင်တော်ရောက်ရှိသွားခဲ့ရင် ကြိုတင်မမြင်သာတဲ့ တောရိုင်းပျော်မြူး သားရဲအထူးထူးနဲ့ ရင်ဆိုင်တွေ့မိပြီး အန္တရာယ်တစ်စုံတစ်ရာ ကျရောက်လာမှာကို ထိတ်ခနဲ စိတ်ထဲ တွေးလိုက်မိလို့ပါ။ ဒါပေမဲ့ အခုတော့..'

'အခုတော့ ဘယ်လိုဖြစ်သလဲ နှမတော်'

ယသော်ဓရာသည် မိမိကိုယ်မိမိ လှောင်ပြောင်သရော်လိုက်သည့်အလား တိုးသဲ့စွာ ခပ်ဖွဖွရယ်မောလိုက်လေသည်။ ထိုရယ်သံသည် ငွေဆည်းလည်း(ဆွဲလဲ)တို့ကို ညင်သာစွာ လှုပ်ခတ်လိုက်ဘိသကဲ့သို့ သာယာညင်းပျောင်း၏။ ကြည်စင်သော မျက်နက်ဝန်းတို့သည်လည်း ထိုရယ်မောမှု၏ တွန်းအားကြောင့် ရွှန်းလက်လာကြ၏။

'သြော်..မောင်တော့်အတွက် အစိုးရိမ်ကြီးတတ်လိုက်လေခြင်းလို့ ကိုယ့်ကိုယ်ကိုယ် ပြန်သတိပြုမိသွားလို့ အခု နှမတော်ရယ်မိတာပါ မောင်တော်ရယ်။ နှမတော်ရဲ့ ပကတိအသိစိတ်မှာ ဆင်ခြင်တုံတရားကလေး ပြန်ဝင်လာတယ် မောင်တော်ရဲ့။ သိလား'

'ပြောပါဦး ချစ်နှမရယ်'

ယသော်ဓရာဒေဝီ၏ တင်းပြည့်သော ပခုံးသားကလေးကို ယုယစွာ ထွေးဖက်လိုက်ရင်း မေးလိုက်မိပြန်၏။

'သြော်..ဆန်းဆန်းထွေထွေ မဟုတ်ရပါဘူး မောင်တော်ရယ်။ နှမတော်က သိထားပြီးသားပဲလေ။ မောင်တော်ဟာ ယောက်ျားမြတ်တို့ တတ်မြောက်ကျွမ်းကျင်အပ်တဲ့ အဋ္ဌာရသတစ်ဆယ့်ရှစ်ရပ်သော ပညာတွေကို တစ်ဖက်ကမ်းခပ် တတ်မြောက်ပြီးသူဖြစ်တယ်။ အဲဒီပညာတွေရဲ့ အစွမ်းအာနိသင်နဲ့ပဲ ကိုယ့်ကိုယ်ကိုယ် ကောင်းစွာစောင့်ရှောက် လုံခြုံစေနိုင်သူတစ်ဦးဖြစ်တယ်။ စိတ်မချနိုင်စရာ အကြောင်းတရားဟူသရွေ့ ရွေးစေ့ငယ်တစ်စေ့မျှမရှိသူတစ်ဦး ဖြစ်တယ်ဆိုတာကို ပြန်သတိရလာမိလို့ပါ။ နောက်ထပ် အဲဒီမှာ ထပ်လောင်းအားဖြည့်ပေးလာတဲ့ အချက်တစ်ခုက မောင်တော်က ရွှေနန်းဆောင်ရဲ့ပြင်ပဥယျာဉ်တော်ကို ထွက်တော်မူမယ်လို့ သိလိုက်၊ ကြားလိုက်ခဲ့ပြီးပြီဆိုကတည်းက မောင်တော်ရဲ့မွေးဖခင် ခမည်းတော် သုဒ္ဓေါဓနအရှင်က သည်အတိုင်း ကြည့်နေတော်မူမတဲ့လား။ မောင်တော်ရဲ့ လမ်းခရီးနှင့်တကွ ဥယျာဉ်တော်ရဲ့ အယဉ်၊ အရိုင်း နယ်မြေနှစ်ရပ်စလုံးမှာ ထူထပ်တဲ့ အစောင့်အကြပ် အရံအတား စစ်မက်အမှုတော်ထမ်းရဲမက်များနှင့် အမှတ်မထင်ကျရောက်လာနိုင်တဲ့ အန္တရာယ်အသွယ်သွယ်ကို ကြိုတင်ရှင်းလင်း တားဆီးချေဖျက်ထားတော်မူပြီးလောက်ပြီပေါ့။ အဲဒီအချက်တွေကို နှမတော်က နောက်ပိုင်းကျမှ ပြန်တွေးသိ ဆင်ခြင်လာမိရတယ်လေ။ ဒါကြောင့် နှမတော်က မဟာပထဝီမြေအပြင် ပျောက်ကွယ်သွားမှာစိုးလို့ တစ်ညကို သုံးကြိမ် မိမိအိပ်ရာကထဆင်းဆင်း စမ်းသပ်ကြရာတယ်ဆိုတဲ့ မျောက်သတ္တဝါတွေလို အစိုးရိမ်ကြီးတတ်ရန်ကောလို့ ကိုယ့်ကိုယ်ကိုယ် ပြန်ရယ်မောမိတာပါ မောင်တော်။ အင်း..တကယ် ပြန်သတ္တုချမယ် ဆိုရင်တော့လည်း ဒါဟာ ရယ်မောစရာ မဟုတ်ပါဘူး မောင်တော်။ ကြောက်မက်ဖွယ် အင်အားကြီးလှတဲ့ ချစ်ခြင်းမေတ္တာရဲ့ ရိုက်ခတ်မှုအဟုန်ပါ'

သိဒ္ဓတ္ထမင်းသား၏ နှလုံးသားသည် ဟိမဝန္တာ၏ ရေခဲဆောင်းနှင်းဖုံး တောင်တန်းတို့အလယ်သို့ ပစ်ချခံလိုက်ရသည့်နှယ် စိမ့်ခနဲ အေးမြဆွတ်ကျဉ်သွား၏။ ယသော်ဓရာ၏ ပခုံးသားပြည့်ပြည့်ထက်သို့ လှမ်းတင်ထွေးဖက်ထားမိသော လက်ချောင်းများတွင် ချစ်မေတ္တာသွေး၏ ပူနွေးသောဖိအားများ တစ်မုဟုတ်ချင်း ပြုဆင်းတိုးဝှေ့သွားခဲ့ကြ၏။ ထို့ကြောင့် ပခုံးသားနှစ်ဖက်ကို တင်းတင်းဆုပ်ညှစ်၍ ဖျတ်ခနဲဆွဲလှည့်လိုက်ကာ မျက်နှာချင်းတည့်တည့်ဆိုင်၍ အလိုင်သား အလောတကြီး မေးခွန်းထုတ်မိလိုက်ရပြန်လေသည်။

'ဘာတဲ့ရယ် ချစ်နှမ၊ ထပ်ပြီးမိန့်တော်မူလိုက်စမ်းပါဦး။ ကြောက်မက်ဖွယ် အင်အားကြီးလှတဲ့ ချစ်ခြင်းမေတ္တာရဲ့ ရိုက်ခတ်မှုအဟုန်တဲ့လား။ ချစ်နှမ သည်လိုမိန့်တော်မူလိုက်တာဟာ အမှန်ပဲလား'

ယသော်ဓရာဒေဝီ၏ ပြည့်တင်းသော ပခုံးသားနှစ်ဖက်ကို တင်းတင်းဆုပ်ကိုင်လျက်ရှိသော သိဒ္ဓတ္ထမင်းသား၏ လက်ဖျားတို့သည် လိပ်ပြာတောင်ပံခတ်သည့်သဖွယ် တဆတ်ဆတ် တုန်ယင်လျက်ရှိ၏။ ယသော်ဓရာဒေဝီက

www.burmeseclassic.com

www.burmeseclassic.com

အပွတ်ဖျတ်ရွှန်းလဲ့တောက်ပနေသော မျက်နက်ဝန်းများဖြင့် ရွှန်းရွှန်းစားစားကြီး မော့ကြည့်လိုက်၏။ သူတို့၏ အကြည့်ချင်းဆုံချိန်သည် လိပ်ပြာတောင်ပံတခတ်စာမျှသာ ကာတီအားဖြင့် ကြာမြင့်လိမ့်မည်ဖြစ်သော်လည်း လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်တိုင် ဆက်နွှယ်ပေါင်းကူးခဲ့သော ချစ်ခြင်းမေတ္တာတို့၏ မရေတွက်သာသော အရှိန်အဟုန်တို့က အပြင်းထန်ဆုံးသော မုန်တိုင်းတစ်ခုအောက်မှ ပင်လယ်လှိုင်းတံပိုးတို့ ရိုက်ခတ်ထကြွသည့်နှယ်သာ ရှိကြပေတော့မည်။

'အမှန်ပါပဲ မောင်တော်၊ နှမတော်ဟာ မောင်တော်ရဲ့ ပါရမီဖြည့်ဖက် ဇနီးကြင်ရာပါ။ တဒိတ်ဒိတ်ခုန်နေတဲ့ နှလုံးသွေး လှုပ်ခတ်သံတို့နဲ့အမျှ ဘဝကိုပုံ နှလုံးသည်းညွှာကို အစုံလိုက်ပုံပေးပြီး ချစ်ခဲ့၊ ကြင်နာမြတ်နိုးခဲ့ရသူဖြစ်တယ်ဆိုတာ နတ်မင်း၊ ဗြဟ္မာမင်းတို့ကို သက်သေထား တိုင်တည်ဝံ့ပါရဲ့။ ဟောဒီလောကမှာ တုံ့ပြန်မှုမျှော်လင့်ချက်ကင်းစွာ အချစ်နိုင်ဆုံးသူဟာ ကြီးစွာသော မိဘတို့ရဲ့ မေတ္တာတရားကလွဲလျှင် နှမတော်တစ်ဦးသာ ရှိပါလိမ့်မယ်၊ ဖြစ်ပါလိမ့်မယ်လို့ ရဲရဲကြီးလျှောက်ထားပါရစေလား မောင်တော်ဘုရား'

'ဟောဒီလောကမှာ တုံ့ပြန်မှု မျှော်လင့်ချက်ကင်းစွာ အချစ်နိုင်ဆုံးသူဟာ ကြီးစွာသော မိဘတို့ရဲ့ မေတ္တာတရားကလွဲလျှင် နှမတော်တစ်ဦးသာ ရှိပါလိမ့်မယ်၊ ဖြစ်ပါလိမ့်မယ်လို့ ရဲရဲကြီးလျှောက်ထားပါရစေလား မောင်တော်ဘုရားတဲ့လား မယ်ယသော်ရယ်'

ထိုစကားလုံးတို့သည် မင်းသိဒ္ဓတ္ထ၏ နှလုံးသားပြင်ထဲသို့ စူးရှသော၊ ချွန်မြသော အပ်အစင်းပေါင်း အထောင်အသောင်းတို့ကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ရိုက်သွင်းခံလိုက် ရသကဲ့သို့ စူးနစ်လှုပ်ခတ်သွားစေ၏။ သို့သော် ချစ်ခြင်းမေတ္တာနှင့်ပတ်သက်၍ ဤမျှရဲရင့်ဝင့်စားကြီးကျယ်ခမ်းနားသော စကားကို ဆိုရပါမည်လောဟု မယ်ယသော်အပေါ်၌ ဆံခြည်တစ်မျှင် မြူတစ်မှုန်စာမျှပင် အလေးမခနဲ့ ပြက်ရယ်မပြုဝံ့ပါ။ လက်ခနဲ မော့ကြည့်သော အကြည့်တစ်ပြက် လှိုက်လှဲတုန်ခါနေသည့် အသံ တစ်ပိုင်းတစ်စမှာပင် ချစ်ခြင်းဖြင့် လှုပ်ခတ်တက်ဝင် ခုန်လှုပ်နေမည့် နှလုံးသားတို့ကို တိုက်ရိုက်မြင်သာအောင် ရင်အလွှာ ရင်အကာကို နှစ်ခြမ်းခွဲ၍ လှစ်ဟပြလိုက်သည်ကဲ့သို့ ရှိနေသည် မဟုတ်ပါလား။

'မောင်တော် အကြွင်းမဲ့ ယုံကြည်ပါတယ် ချစ်နှမရယ်'

မင်းသိဒ္ဓတ္ထသည် ယသော်မေခင်၏ ရွှေရောင်ပြန့်ပြူးနေသည့် နဖူးပြင်ထက်သို့ အနမ်းတစ်ပွင့် ခြွေချလိုက်၏။ ပရမာဏုမြူမျှပင် ရမ္မက်တဏှာ ကိလေသာမပါဝင်သော ပကတိအဖြူထည်ချစ်မေတ္တာမှ မွေးဖွားပေးလိုက်သော အနမ်းသာ ဖြစ်ပါလိမ့်မည်။ ချစ်မြတ်နိုးခြင်းသက်သက်ဖြင့် တည်ဖွဲ့သက်ဝင်လာသော ထိုအနမ်းသည် အင်အား အရှိန်အဟုန် ကြီးမားသလောက် တစ်ပြိုင်နက်တည်းမှာလည်း လေအဟုန်၌ဝဲ၍ နူးညံ့သိမ်မွေ့စွာ မြေပြင်ပေါ်သို့ ကြွေကျခိုနားလာသော မြတ်ပန်းတော်ဝင် ငွေသဇင်တစ်ခက်နှယ် ညှို့သက်မွေးပျံ့နေပေလိမ့်မည်။ ယသော်ရောသည် ရွှန်းလက်စိုမြတောက်ပနေသော မျက်နက်ဝန်းကြီးများဖြင့် မင်းသိဒ္ဓတ္ထ၏ မျက်နှာပြင်ကို မော့ကြည့်လိုက်သည်။

'ကဲ‥မောင်တော်လည်း ထွက်ခွာတော်မူဖို့ အချိန်လင့်နေပါလိမ့်မယ်။ နှမတော် မောင်တော့်အတွက် ဘာတွေများ ပြင်ဆင်ဖြည့်ဆည်းပေးဖို့ လိုအပ်နေပါသေးသလဲ။ နှမတော်ကိုယ်တိုင်ပဲ လိုအပ်သမျှအဝဝကို ဖြည့်ဆည်းပေးလိုက်ပါရစေ။ မိန့်တော်မူပါဦး မောင်တော်'

မင်းသိဒ္ဓတ္ထ ခေါင်းခါပြလိုက်သည်။

ဟင့်အင်း၊ သည်ခရီးမှာ သည်ထီးဆောင်းဖို့က အားလုံး ပြင်ဆင်ပြီးသားလေ။

'သက်သောင့်သက်သာပဲ စံနေတော်မူခဲ့ပါ နှမတော်။ မောင်တော့်အတွက် ဘာတစ်ခုမျှ ပြင်ဆင်ဖြည့်စွက်ပေးစရာ မလိုအပ်ပါဘူး။ နောက်တော်ပါးက လိုက်ပါကြမယ့်ငယ်ကျွန်မင်းချင်း လူငယ်အများက အစစအရာရာ ဖြည့်ဆည်းဆောင်ရွက်ကြပြီး ဖြစ်ပါလိမ့်မယ်။ ကဲ‥မောင်တော် သွားမယ်နော် နှမတော်'

'ကောင်းလှပါပြီ မောင်တော်ဘုရား၊ မောင်တော် စိတ်နှလုံး ရွှင်လန်းကြည်သာနိုင်ခဲ့ပါစေလို့ ဆုမွန်ကောင်း တောင်းခြွေနေရစ်ပါ့မယ်ဘုရား'

ဤသို့အားဖြင့် မင်းသိဒ္ဓတ္ထသည် စံနေတော်မူရာ ရမ္မနန်းတော်ဆောင်မှ ထွက်တော်မူလာခဲ့၏။ မင်းသား၏ စိတ်နှလုံးသည် ဥယျာဉ်တော်သို့ ထွက်ခွာရမည့်ခရီး

www.burmeseclassic.com

အတွက် ချမ်းမြေ့ကြည်လင်လျက်ရှိ၏။

'အရှင်မင်းသား ကြွချီတော်မူလာပါပြီ။ လိုက်ပါကြမည့် အမှုလုပ် မင်းချင်းအပေါင်းတို့ ကိုယ့်တာဝန်နှင့်ကိုယ် အသင့်ရှိကြစေ'

ရမ္မနန်းတော်ဧရိယာမှ စတင်ထွက်ခွာသည်နှင့်ပင် အသင့်စောင့်ကြိုနေသော ရှေ့တော်ပြေး မင်းချင်းလုလင်၏ ဟစ်ကြွေးနှိုးဆော်လိုက်သံက ဝန်းကျင်တစ်ခုလုံးကို ဖုံးလွှမ်းသွား၏။ အလောင်းတော် အရှင်မြတ်နှင့် အနီးကပ်လိုက်ပါကြရမည့် လက်ရွေးစင် ရဲမက်စစ်သည်တို့သည်လည်း ရုပ်သေးရုပ်ကို တစ်ချက်တည်း ကြိုးဆွဲလိုက်သည့်ပမာ မိမိတို့ထိုင်နေရာမှ ငေါက်ခနဲထလိုက်ကြကာ ဆီးကြိုအရိုအသေပြုကြကုန်၏။ မင်္ဂလာရထားပေါ်တွင်ကား လင်းလေး၊ မြား၊ ကျည် အစတည်သော လက်နက်မျိုးငါးပါးက အရန်သင့်ရောက်ရှိနေပြီးဖြစ်၏။ ထိုမင်္ဂလာရထား၏နောက်နှင့် ဝဲယာတို့မှ ခြွေရံစောင့်ရှောက်လိုက်ပါကြမည့် စစ်သည်ရဲမက်အစ တောကျွမ်းမှုဆိုးများအဆုံး အားလုံးသော အမှုလုပ်တို့၏ ရထားများသည်လည်း အဆင်သင့်။ ထိုရထားတို့၏နောက်တွင် အပန်းဖြေချိန် စားသောက်ဖွယ်ရာ ချက်ပြုတ်ပြင်ဆင်ပေးမည့် စားတော်ကဲများနှင့် ချက်ပြုတ်ပြီး သုံးဆောင်ဖွယ်ရာ ထမင်းဟင်းလျာမှသည် သစ်သီးဝလံအဆုံး လိုအပ်ချက်မရှိ တင်ဆောင်ထားပြီး ရထားတို့ အသင့်တန်းစီ ရပ်တန့်ထားကြလေ၏။

'အရှင်မင်းသား‥ဤမင်္ဂလာရထားတော်ပေါ်သို့ ကြွတော်မူပါဘုရား'

ရထားထိန်းက လေးမြတ်စွာအရိုအသေပြု၍ ဆီးကြိုလိုက်၏။ မင်းသိဒ္ဓတ္ထသည် မင်္ဂလာရထားကို တစ်ချက်ငေ့ကြည့်လိုက်၏။ ဆွတ်ဆွတ်ဖွေးဖွေးဖြူစင်သည့် ပဒုမ္မာကြာအဆင်းရှိသော အာဇာနည်မြင်းလေးကောင် က,သော မင်္ဂလာရထားသည် မြေအပြင်တွင် စိုင်းပြေးရုံမက အထက်ဝဠာမိုးကောင်းကင်ထက်သို့ပင် အရှိန်အဟုန်ဖြင့် မြူးကြွပျံတက်တော့မည့်အလား ဝင့်ဝင့်ကြွားကြွား ရပ်တန့်လျက် စောင့်ကြိုနေ၏။ ကတ္တီပါဇာအခင်းဖြင့် ညှိသက်စွာသော ထိုင်ခုံသည် ဤခရီး၌ မင်းသားအား မနာမကျင် မပင်ပန်းစေဘဲ သိမ်မွေ့စွာသောအတွေ့ဖြင့် သယ်ဆောင်သွားပါမည်ဟု မပြောသော်လည်း ပြောသည်သို့ ငွားငွား စွင့်စွင့် ငုံလင့်နေ၏။ မင်းသိဒ္ဓတ္ထသည် ရထားထိန်း၏ လျှောက်ထားချက်အတိုင်း မင်္ဂလာရထားပေါ်သို့ တက်လိုက်ပြီး ကတ္တီပါထိုင်ခုံ၌ အလိုက်သင့် ဝင်ထိုင်လိုက်၏။

'ငါတို့၏ဦးခိုက်ရာ အရှင်မင်းသားလည်း မင်္ဂလာရထားပေါ်၌ ရောက်ရှိပါပြီ။ အရှင်မင်းသား၏ တောကစားခရီးစဉ် စတင်ကြပါစို့.ရောင်းရင်းသင်္ဂဟများခင်ဗျား'

ရထားထိန်းသည် ရထားရှေ့ဦးမှ မတ်တတ်ရပ်လိုက်ကာ ဝန်းကျင်အားဘီဝဲယာအနှံ့သို့ ကြွေးကြော်အချက်ပေးလိုက်၏။ အခြားသော နောက်တော်ပါရထားတို့မှ ရထားမှူးများကလည်း မိမိတို့ရထားများ ထွက်ခွာရန် အသင့်ဖြစ်နေပြီ ဖြစ်ကြောင်း တံခွန်၊ အလံများ ထောင်၍ ပြလိုက်ကြ၏။ မင်းဥယျာဉ်သို့ ခရီးစဉ်ကား အရှန်သင့်ဖြစ်ပေပြီ။ သို့ရာတွင် မင်းသားနှင့် နောက်တော်ပါများသာ ဤတောကစား ခရီးစဉ်အတွက် အဆင်သင့်ရှိနေကြသည် မဟုတ်။ ထိုအချိန်နှင့် တစ်ပြိုင်နက်တည်း၌ ဤခရီးစဉ်အတွက် ဆီးကြိုနေကြမည့် နတ်မင်းတို့ကလည်း အဆင်သင့် ရှိနေကြပါ၏။ အဘယ်ကြောင့် အဆင်သင့်ရှိနေကြပါသနည်း။

ဘဒ္ဒလောကအတွက် သစ္စာတရားကို ရှာဖွေမည့် အလောင်းတော်မင်းသားအား နိမိတ်ကြီးလေးချက်ကို ပြသရန်အလို့ငှာ ထိုအချိန်အခါကို စောင့်စားငံ့မျှော်နေခဲ့ကြသောကြောင့် ဖြစ်ပေတော့သည်။

'ရှမ်း'

လေထဲသို့ ဝှေ့ယမ်းလိုက်သော ရထားထိန်း၏ ကြာပွတ်သံသည် ပထမနိမိတ်ရှိနေရာ နတ်မင်းတို့ စောင့်စားနေရာ အရပ်ဆီသို့ တိုးဝင်ရောက်ရှိသွားစေဖို့ မင်္ဂလာရထားဘီးတွေကို စတင်ရွေ့လျားရန် အချက်ပေးလိုက်သံဟု မည်သူမျှမသိ။ ထိုကြာပွတ်သံ ထွက်ရှိလာအောင် လေထဲသို့ ဝှေ့ယမ်းကာ ဖန်တီးလိုက်သော ရထားထိန်းကိုယ်တိုင်လည်းမသိ။ ထိုမင်္ဂလာရထားထက်တွင် စီးနင်းလိုက်ပါလာသော မင်းသိဒ္ဓတ္ထကိုယ်တိုင်လည်းမသိ။ မင်းသား၏ မင်္ဂလာရထား ထွက်ခွာသည်နှင့် အခြားသော စားတော်ကဲတို့၏ ရထားနှင့် အနီးကပ်လိုက်ပါစောင့်ရှောက်မည့် စစ်သည်ရဲမက်၊ မြင်းသည်တော်တို့၏ မြင်းများလည်း နောက်တော်ပါးမှတစ်ပြိုင်နက် သက်

www.burmeseclassic.com

www.burmeseclassic.com

ချွမ်းများ လိုက်ပါလာကြ၏။

မင်းသိဒ္ဓတ္ထ၏စိတ်သည် ရွှင်လန်းချမ်းမြေ့လျက်ရှိ၏။ နန်းတော်ဆောင်အတွင်း၌သာ အထိန်းအယများ၊ အချော်တော် အမြေတော်များ၏ ပြုစုဖျော်ဖြေမှုများနှင့် အချိန်ကုန်ခဲ့သည်ဖြစ်ရာ နန်းတော်ဆောင်၏ ပြင်ပမြင်ကွင်းများသည် မင်းသား၏ အကြား၊ အမြင် ခံစားမှုတို့ကို အသစ်တစ်ဖန် ဆွဲဆောင်ညှို့ငင်ထားနိုင်စွမ်း ရှိနေ၏။ အသစ်ပြန်လည်မွေးဖွားလာသူ တစ်ဦးကဲ့သို့ စိမ်းလန်းသော သဘာဝရေမြေ တောတောင်ဝန်းကျင်၏ ရင်ခွင်သို့ ဆိုက်ဆင်ဖြတ်သန်း ခိုနားရခြင်း၏ အတွေ့သည် မွေ့လျော်ဖွယ်အတိ၊ ညွတ်နူးဖွယ်အတိ။

ဤသို့အားဖြင့် မင်းဥယျာဉ်သို့ ဆိုက်ရောက်ရန် ခရီးတစ်ဝက်ကျိုးခဲ့၏။ ထိုခရီးတစ်ဝက်မှာပင် နတ်မင်းတို့၏ ပထမနိမိတ် ပဥ္စလက်က စောင့်ကြို့လျက်ရှိလေပြီ။ သို့ရာတွင် နတ်မင်းတို့၏ ဖန်ဆင်းချက်အရ မင်းသားနှင့် ရထားထိန်းတို့ နှစ်ဦးတည်း လိုက်ပါလာသော မင်္ဂလာရထားအသာလျှင် နတ်မင်းတို့ပြသသော ပထမနိမိတ်မြင်ကွင်းကို မြင်နိုင်ကြ၏။ အတူတကွ လိုက်ပါလာကြသော မင်းသည်တော်များနှင့် စားတော်ကဲတို့၏ရထားမှ စားဖိုမှူးအဖွဲ့များသည် ထိုမြင်ကွင်းကို မမြင်နိုင်ကြ။ သူတို့သည် အလောင်းမင်းသား၏ မင်္ဂလာရထားကို ချန်ထားရစ်ခဲ့ကာ ရှေ့သို့သာ အပြင်းစိုင်း၍ မောင်းနှင်ဖြတ်သန်းသွားကြလေသည်။

"အချင်းရထားထိန်း၊ ရထားကို ခဏရပ်လိုက်စမ်း"

မင်းသား၏နှုတ်များမှ ပွင့်အံလာသော အမိန့်ကြောင့် ရထားထိန်းသည် မြင်းလေးကောင်၏ ဇက်ကြိုးတို့ကိုဆွဲ၍ ရပ်တန့်လိုက်လေသည်။ ပြီးနောက် အရှင်သခင်မင်းသားအား အလန့်တကြား လှည့်ကြည့်လိုက်၏။ မင်းသားသည် သူ့ကိုကြည့်နေခြင်း မဟုတ်သည်ကို တွေ့ရမှ သက်ပြင်းပူလုံးကြီးကို ကြိတ်၍ချလိုက်ရ၏။ မှန်သည်၊ မင်းသား၏ ဝိုင်းစက်ပြူးကျယ်သော မျက်လုံးများမှ အံ့အားတသင့် အကြည့်များသည် မင်္ဂလာရထား၏ ရှေ့တူရူသို့သာ စူးစိုက်လျက်ရှိ၏။ တစ်ပြိုင်နက်တည်းမှာပင် နေနှင့်လတို့ကို အထူးအဆန်း စတင်မြင်တွေ့ရသော ကမ္ဘာဦးလူသား တစ်ဦးသဖွယ် အံ့ဩတုန်လှုပ်ခြင်း၏ အရိပ်အငွေ့တို့ လျှပ်လျှပ် ထင်ဟပ်နေသော မင်းသား၏ မျက်လုံးများ



ကို ရထားထိန်းက မြင်တွေ့လိုက်ရ၏။ ဒိန်းခနဲ သူ့ရင်ခုန်သံကိုသူ ပြန်ကြားလိုက်မိသလို ရှိ၏။

"အရှင်မင်းသား‥ရထားကို ဘာကြောင့်အရပ်ခိုင်းရပါသလဲဘုရား။ ကျွန်တော်မျိုးတို့ဟာ မင်းဥယျာဉ်တော ခြိုင်အစပ်ကိုရောက်ဖို့ ခရီးတစ်ဝက်ကျိုးရုံမျှ ရှိပါသေးတယ် အရှင်မင်းသား"

ရထားထိန်းသည် ကြောက်လန့်တုန်လှုပ်ခြင်းဖြင့် ဆတ်ဆတ်ခါ တုန်ယင်နေသောလေသံနှင့် မေးလျှောက်လိုက်၏။ သူ့တစ်ကိုယ်လုံးသည်လည်း သူ့လေသံနှင့်မခြား တုန်ယင်လျက်ရှိ၏။ သူသိသည်။ မင်းသား၏ ဖခမည်းတော်သည် ဤကပိလဝတ်ပြည်၏ အထွတ်အခေါင်ဘုရင် သုဒ္ဓေါဒနမင်းကြီးဖြစ်၏။ မင်းကြီးသည် သူ၏သားတော် သိဒ္ဓတ္ထကုမာရမင်းသားကို တစ်သက်တာလုံး မြက်ဖျားနှင်းတစ်ပွင့် မြေပြင်သို့ လျှောကျသွားမည်ကို စိုးနောင့်ဘိ အလား အရိပ်တကြည့်ကြည့် စောင့်ကြည့်ကာ ပြုစုပျိုးထောင်လာခဲ့သည်ကိုလည်း ရထားထိန်းက သိပြီးဖြစ်၏။ ယခုခရီးစဉ်ဝယ် ဤမင်းသားကသာ အလိုမမျှခဲ့ပါသော် သူ့အတွက် သေဒဏ်မှလွဲ၍ အခြားမရှိပါပြီ။ ထို့ကြောင့် ခန္ဓာကိုယ်တစ်ခုလုံး မထိန်းသိမ်းသာလောက်အောင် တဆတ်ဆတ်တုန်ယင်လျက် အကြောက်ကြီး ကြောက်၍

www.burmeseclassic.com

နေမိခြင်း ဖြစ်၏။ သို့သော် မင်းသားကို ငုံကြည့်လိုက်သောအခါ မင်းသားသည် ရထားရှေ့ဘက် လမ်းနံဘေးဆီသို့သာ အာရုံကိုင်းညွတ်စွာ ငေးကြည့်နေသည်ကို တွေ့ရ၏။ ပြီးတော့ မင်းသား၏ မျက်ဝန်းရိပ်များတွင် ထင်ဟပ်လာနေသော ထိတ်လန့်ကြောက်ရွံ့ခြင်း၏ အရိပ်အယောင်များကိုသာ တွေ့မြင်နေရ၏။ ထိုခဏမှာပင် မင်းသားက မြွက်ဟစကား ဆိုလာလေသည်။

"အချင်းရထားထိန်း··ကိုယ်တော်တို့ရထားရဲ့ ရှေ့ဘက် လမ်းနံဘေးကို ရှုကြည့်လိုက်စမ်းပါဘိ"

ရထားထိန်းသည် မင်းသားညွှန်ပြရာ ရထား၏ရှေ့ဘက် လမ်းနံဘေးသို့ လှမ်းကြည့်လိုက်၏။ မြင်လိုက်ရသောမြင်ကွင်းကြောင့် ရထားထိန်းမှာ အံ့သြသွား၏။ မြင်ကွင်းမှာ ထူးဆန်းလှသောကြောင့် အံ့သြသွားခြင်းမျိုးတော့ မဟုတ်။ ရထားထိန်းအဖို့ ရပ်ထဲရွာထဲမှာ နေ့စဉ်လို မြင်တွေ့နေရသည့် ထူးမခြားနားသော ပုံရိပ်မျိုးသာဖြစ်၏။ အခြားမဟုတ်၊ သက်ကြားအိုသူအိုတစ်ဦး၏ ပုံရိပ်သာဖြစ်သည်။ ရထားထိန်း၏ နေ့စဉ်ပတ်ဝန်းကျင်တွင် သည်လိုမျိုး သူအိုတွေမှ မမြင်ချင်အဆုံး ပေါများလှ၏။ နေ့စဉ်လည်း သွားရင်းလာရင်း တစ်ဦးမဟုတ်တစ်ဦးကို မြင်တွေ့နေရသည်မို့ ရိုးစင်းနေပြီဖြစ်သည်။ သည်လိုဖြင့် အဘယ်ကြောင့် ဤမြင်ကွင်းအတွက် ရထားထိန်းက အံ့သြသွားရချေသနည်း။ အဖြေက ရှင်းပါသည်။ မင်းသား ထွက်တော်မူလာသော ဤခရီးစဉ်၏ ဤသို့သော ခရီးတစ်ဝက် ဤနေရာဌာနတွင်မှ အိုမင်းရွတ်တွနေပြီဖြစ်သော ဤအဘိုးအိုက အဘယ်ကြောင့် ရောက်ရှိနေရလေသနည်းဟု အံ့သြသွားရခြင်းဖြစ်သည်။ မင်းသား ထွက်တော်မူမည့် လမ်းတစ်လျှောက်၌ ဤသို့ မတင့်တယ်သော မြင်ကွင်းမျိုး လုံးဝမရှိစေရအောင် ဖခမည်းတော် သုဒ္ဓေါဓနမင်းကြီးက ကြိုတင်ဖယ်ရှား ရှင်းလင်းထားနှင့်ကြရန် စစ်သည်ရဲမက်တို့ကို အမိန့်ပေးထားခဲ့ပြီးသား မဟုတ်ပါလော။ စစ်သည်ရဲမက်တို့ကလည်း ထိုအမိန့်တော်နှင့်အညီ ဥယျာဉ်တော်သို့သွားရာ ခရီးလမ်းတစ်လျှောက်၌ အနိဋ္ဌာရုံမြင်ကွင်းတွေ ကင်းရှင်းအောင် ကြိုတင်ရှင်းလင်းထားခဲ့ကြပြီ မဟုတ်ပါလော။ သည်ကြားထဲကမှ သူအိုကို ဘွားခနဲ ထိပ်တိုက်တိုး မြင်တွေ့ရသည်မှာ အတော်အဆန်းတကြယ် အံ့သြဖွယ်သာ ဖြစ်တော့၏။

ရထားထိန်းသည် မြင်တွေ့ရသော သူအိုဆိုသည့် အရှုခံရုပ်ဒြပ်အတွက် အံ့သြခြင်းမဟုတ်၊ ကြိုတင်ဖယ်ရှား ရှင်းလင်းထားနှင့်ကြသည့်ကြားထဲကမှ တိုက်တိုက်ဆိုင်ဆိုင် အချိန်ကိုက်တွေ့ရှိလာရသော မြင်ကွင်းတစ်ခုလုံးအတွက် အံ့သြမိခြင်းသာ ဖြစ်တော့၏။

သူတို့မြင်တွေ့နေရသော သူအိုကတော့ မြင်ရသည်ကပင် အတော်စိတ်ညှိုးချုံးဖွယ်ကြီးဖြစ်၏။ သူ၏ခါးတို့သည် ကိုင်းညွတ်နေ၏။ ဆံပင်တွေက တစ်ခေါင်းလုံး ဆွတ်ဆွတ်ဖြူဖွေးနေ၏။ ပျော့တွဲနေသော အသားအရေ တို့က ရွတ်ဝ,ှနေကာ အကြောပြိုင်းပြိုင်းထနေသည်က အထင်းသား။ ပပ်ကြားအက် လယ်မြေကဲ့သို့ အရေး အကြောင်းတ်၊ဖြင့် ထင်ဟပ်ရှုံ့တွနေသော နှုတ်ခမ်းတို့ အောက်တွင် သွားတွေ မရှိတော့သဖြင့် နှုတ်ခမ်းပေါက် သည် ချိုင့်ဝင်နေ၏။ မျက်တွင်းပောက်ပက်များထဲမှ မျက် လုံးတွေမှာ မည်သည့် အရောင်အဝါမျှ မရှိတော့အောင် မှေးမှိန်နေ၏။ ထိုသူအိုကြီးသည် ချည့်နဲ့သောလက်မှ ကိုင် ထားသည့် တောင်ဝှေးတစ်ချောင်းကို အားပြုကာ တလှုပ် လှုပ် တရွေ့ရွေ့ တစ်လှမ်းချင်း တစ်လှမ်းချင်းကိုမှ အနိုင် နိုင်လှမ်းသွားနေရ၏။ ကိုင်းညွတ်လျက်ရှိသောခါးက ကွေး ကွေးကိုင်းကိုင်း။ လေပြင်းတစ်ချက် ဆောင့်တိုးလိုက်လျှင် ပင် လဲပြိုကျသွားတော့မယောင်။ နတ်မင်းတို့၏ ဖ လက်စတင်လေပြီ ဖြစ်တော့၏။

ရထားထိန်းအဖို့ကမူ ဤသို့သော သူအိုသူမင်းတွေ ရပ်ထဲရွာထဲ မြင်ရတွေ့ရစမြဲမို့ အထူးအထွေမဟုတ်။ သို့ သော် မင်းသိဒ္ဓတ္ထအဖို့ကမူ အထူးအထွေဖြစ်သည်။ ထိတ် လန့် တုန်လှုပ်ဖွယ်လည်း ဖြစ်သည်။ ဖခင်သုဒ္ဓေါဓနမင်း ကြီး၏ အထူးအစီအမံ အရံအတားတို့ကြောင့် လူသား ဟူသည်မှာ နုနယ်ခြင်း၊ ပျိုမျစ်ခြင်း၊ တက်ကြွရွှင်လန်း ခြင်း၊ မြန်ဆန်သွက်လက်စွာ သွားလာလှုပ်ရှားလျက်ရှိခြ စသည့်အခြင်းအရာများဖြင့်သာ ပူးတွဲလျက် သူရှုမြင်ခဲ့ သည်မဟုတ်လော။ ယခုကဲ့သို့သော မတင့်မတယ် မြ မရာ ပုံပန်းသဏ္ဌာန်မျိုးဖြင့် မြင်တွေ့လာရဖို့ဝေးစွ၊ ဤ လောက၌ လူအဖြစ်နှင့် ဤပုံစံကြီးမျိုး ရှိလိမ့်မည်ဟု မှတ်ထင်မထားခဲ့မိ။

မင်းသား၏ မျက်လုံးတို့သည် ပြူးကျယ်လျက်ရှိ သူ၏ နှုတ်ခမ်းတို့သည်လည်း ပါးစပ်အစေ့ဘင်းသား

www.burmeseclassic.com

www.burmeseclassic.com

ဆိုရမည်ကဲ့သို့ ဟင်းလင်းပွင့်လျက်ရှိ၏။ သူ၏ နှလုံးသားသည်လည်း ထိတ်လန့်ခြင်းဖြင့် တဒုန်းဒုန်း ခုန်လှုပ်နေသည်။

မင်းသားသည် တုန်ယင်သော လေသံတို့ဖြင့် မေးလိုက်၏။

'အချင်းရထားထိန်း..ထိုသူကို သင်သိပါသလား။ သူဟာ လူတစ်ယောက်ရော ဟုတ်ရဲ့လား'

'သူဟာ လူတစ်ယောက်ပါပဲ အရှင်မင်းသား။ အမည်နာမ၊ မျိုးရိုးဇာတိကို မသိသော်လည်း လူအများအတွက် တစ်ပြေးညီ သတ်မှတ်ထားတဲ့ သတ်မှတ်ချက်အရဆိုရင်တော့ သူ့ကို သူအိုလို့ ခေါ်နိုင်ပါတယ်။ အသက်အရွယ်ကြီးရင့်အိုမင်းလာပြီဖြစ်တဲ့ ဘယ်လူသားကိုမဆို သူအိုလို့ တစ်ပြေးညီသတ်မှတ် ခေါ်ဆိုနိုင်ပါတယ် အရှင်'

'သူဟာ မွေးဖွားလာကတည်းက သည်ပုံစံပဲလား ရထားထိန်း'

မင်းသားက ထပ်မေးသည်။ ရထားထိန်းက ခေါင်းခါပြလိုက်၏။

'မဟုတ်ပါဘူး အရှင်မင်းသား။ သူဟာ မွေးဖွားလာစဉ်က နုနယ်ခြင်းနဲ့ စတင်ခဲ့သူပါ။ တဖြည်းဖြည်း အရွယ်ရောက်လာတဲ့အခါ ပျိုမျစ်ခြင်းနဲ့အတူ အားကောင်းမောင်းသန် ရှင်သန်လှုပ်ရှားခဲ့ပါတယ်။ သူ့ခါးတွေမှာ ခိုင်မတ်တောင့်တင်းခြင်း ရှိခဲ့ဖူးပါတယ်။ တင်းရင်းပြည့်ဖြိုးတဲ့ အသားအရေတွေ၊ အလိုရှိရာကို လျင်မြန်သွက်လက်စွာ သွားလာလှုပ်ရှား ဆောင်ရွက်နိုင်စွမ်းတဲ့ အင်အားဗလတွေကို သူပိုင်ဆိုင်ခဲ့ဖူးပါတယ်'

'အခု အဲဒီအခြင်းအရာတွေ ဘယ်ကိုရောက်သွားကြသလဲ ရထားထိန်း'

'သူ့ဆီက နုနယ်ပျိုမျစ်ခြင်းတွေ၊ အင်အားဗလတွေ၊ စွမ်းဆောင်နိုင်ရည်တွေ ဟူသမျှကို ဇရာလို့ခေါ်တဲ့ အိုမင်းခြင်းတရားက ခိုးယူသိမ်းပိုက်သွားခဲ့ပါပြီ အရှင်မင်းသား'

'ဘာ..ဇရာလို့ခေါ်တဲ့ အိုမင်းခြင်းတရားက ခိုးယူသိမ်းပိုက်သွားခဲ့ပြီတဲ့လား။ အဲဒီအခါကျရင်..'

'အဲဒီအခါကျရင်တော့ အခု အရှင်မင်းသား မြင်တွေ့နေရတဲ့ သူအိုကြီးလိုပဲ ခပ်သိမ်းသော လူသားတိုင်း မလွဲမသွေ တွေ့ကြုံခံစားကြရမှာပါပဲဘုရား။ တစ်ချိန်က ကြည်လင်တောက်ပခဲ့တဲ့ မျက်လုံးတွေဟာ မှုန်မှေးသိဝေပြီး အမြင်အာရုံတွေ ခန်းခြောက်လာကြပါတယ်။ တစ်ချိန်က ချွတ်ချွတ်သံမျှ ဖျတ်ခနဲ ကြားခဲ့ရတဲ့ နားတွေကလည်း အကြားအာရုံတွေ ဆုတ်ယုတ်သွားကြပါတယ်။ တစ်ချိန်က မည်းနက်သန့်စွမ်းခဲ့တဲ့ ဆံပင်တွေကလည်း ဆွတ်ဆွတ်ဖွေးဖြူ၊ တစ်ချိန်က တင်းပြည့်သန်မာချောမွေ့ခဲ့တဲ့ အသားအရေတွေကလည်း ပျော့တွဲရွတ်တွ ဆံဖြူ သွားကြွေ အသားအရေခြောက်ခန်း ခြေတစ်လှမ်းသော်မျှ တောင်ဝှေးအကူနဲ့ ခုတုတုယောင်နန တရွရွကလေးလှမ်းရဖို့ မနည်းအားထုတ် လှမ်းကြွရတဲ့အဖြစ်ကို ရောက်ကြရပါလိမ့်မယ်။ ဒါဟာ အိုမင်းခြင်းသဘော၏ ပကတိအမှန်တရားပဲ ဖြစ်ပါတယ် အရှင်မင်းသား'

'ကဲ..တော်ပြီ၊ ဆက်မပြောနဲ့တော့ ရထားထိန်း၊ အဆုံးစွန်သိလိုတဲ့ အချက်ကိုပဲ မေးတော့မယ်။ အဲဒီအိုမင်းခြင်းသဘောဟာ ငါ့မှာရော ရှိနေသလား။ ငါ့ရဲ့ ဖခမည်းတော်၊ ငါမြတ်နိုးရတဲ့ ငါ့ရဲ့ကြင်ယာယသော်ဓရာတို့မှာရော ရှိနေကြသလား'

'အရှင်မင်းသား..အရှင်နှင့်တကွ လောကရှိ ခပ်သိမ်းသူတို့သည်လည်း အိုမင်းခြင်းဇရာသဘောတရား ရှိကြပါကုန်၏ဘုရား'

ဒိန်းခနဲ ခုန်လှုပ်လိုက်သော မင်းသား၏ နှလုံးသားသည် လည်မျိုတစ်လျှောက်မှ ဆန်တက်လာသော နှုတ်ခမ်းဝများမှတစ်ဆင့် အပြင်သို့ လွင့်စဉ်ပြေးထွက်သွားတော့မည့်အလား မိမိကိုယ်မိမိ ထင်မှတ်မှားလိုက်မိလေသည်။ စောစောက ကြည်လင်ချမ်းမြေ့နေခဲ့မှုတို့သည် နွားရိုင်းတစ်အုပ် ဖြတ်သန်းသွားသော စမ်းချောင်းရေအလျဉ်သဖွယ် နောက်ကျိညစ်ညူးသွားခဲ့ရတော့သည်။ ပဋိသန္ဓေတည်မှု ဇာတိ၏နောက်တွင် အိုမင်းခြင်းဇရာသည် မည်သည့်သတ္တဝါကိုမျှ ချမ်းသာမပေးဘဲ နောက်ပါးမကွာ လိုက်ပါလျက် ရှိနေပေသည်။ ဤကား မည်သည့် အာဏာရှင်၊ တန်ခိုးရှင်မျှ မတုပ မတွန်းလှန် မချေဖျက်သာသော အမှန်တရားကြီးပေတကားဟူသော ထိတ်လန့်ခြင်း သံဝေဂသည် မင်းသား၏ အသိတရားနယ်ပယ်ကို လွှမ်းမိုးစီးနင်း သိမ်းပိုက်သွားခဲ့လေပြီ။

'အချင်းရထားထိန်း..မင်္ဂလာရထားကို ငါ၏ နန်းတော်ဆီသို့ ပြန်လှည့်လိုက်တော့။ ငါ ဥယျာဉ်တော်သို့ သွားရောက်ပျော်ပါးမည့်ခရီးကို ဖျက်သိမ်းလိုက်ပြီ'



www.burmeseclassic.com

www.burmeseclassic.com

မင်းသားထံမှ ထွက်ပေါ်လာသော စကားသံကြောင့် ရထားထိန်းမှာ သောင်မတင်ရေမကျ ဖြစ်သွားရ၏။ မူလက ရည်ရွယ်သတ်မှတ်ခဲ့သောခရီးသို့ ရောက်ရန်မှာ တစ်ဝက်သာ ကျိုးသေးသည်။ ယခု လမ်းတစ်ဝက်မှာပင် ပြန်လှည့်ရမည် ဆိုသောအခါ သားတော်ကို ခရီးဆုံးရောက်အောင်မပို့ဘဲ လှည့်ပြန်လာခဲ့ရကောင်းလားဟု ပြည်ကြီးအရှင် ဘုရင်သုဒ္ဓေါဒနမင်းကြီး သိရှိသွားလျှင် အပြစ်ဖြစ်မည်ကိုလည်း ကြောင့်ကြရသေး၏။

'ဘာဖြစ်လို့လဲ အရှင်မင်းသား၊ ကျွန်တော်မျိုးတို့ခရီးက တစ်ဝက်ကျိုးခဲ့ပါပြီ။ နောက်မကြာခင်မှာပဲ မင်္ဂလာဥယျာဉ်တော် ခရီးအဆုံးသို့ ရောက်ပါတော့မယ်။ ခေတ္တသည်းခံတော်မူပါဘုရား'

'မဟုတ်ဘူး ရထားထိန်း၊ ငါ့မှာ ဥယျာဉ်တော်မှာ ပျော်ပါးကစားဖို့ထက် အများကြီးအရေးပါတဲ့ တွေးမျှော်ဆင်ခြင်စရာ ကိစ္စသစ်တစ်ခု ပေါ်ပေါက်လာခဲ့ပြီ။ ဒါကြောင့် နန်းတော်ကိုသာ ပြန်လှည့်ပါတော့။ ငါ လိုက်ပါမလာမှန်း သိကြတဲ့အခါ ရှေ့ကသွားနှင့်ကြတဲ့သူတွေလည်း ပြန်လှည့်လာကြပေလိမ့်မယ်။ အခု ငါတို့ မင်္ဂလာရထား ပြန်လှည့်လာခြင်းအတွက်လည်း သင့်မှာ အပြစ်တစ်စုံတရာ မရှိစေရဘူး။ ဒါကို ငါတာဝန်ယူတယ်'

သည်တော့မှ ရထားထိန်းမှာ လည်မျိုသို့ဆို့တက်လာသော အစိုးရိမ်အပူပင်အလုံးကြီး ပြန်ပြုတ်ကျသွား၏။

'ကောင်းလှပါပြီ အရှင်မင်းသား'

ရထားထိန်းသည် မင်္ဂလာရထားကို နောက်ဘက်သို့ ပြန်လှည့်လိုက်၏။ ဒါသည် မင်းသား၏ အနီးကပ်အမိန့်ဖြစ်သည်။ သူ လွန်ဆန်ခြင်းငှာ မစွမ်းသာ။ မင်းသားကလည်း ဤကိစ္စကို သူတာဝန်ယူမည်ဟု ပဋိညာဉ်ပေးပြီးပြီပဲ။

'ရှမ်း'

လေဟုတ်ထဲသို့ ဇွေ့ယမ်းလိုက်သော ရထားထိန်း၏ ကြာပွတ်သံနှင့်အတူ မင်္ဂလာရထား၌ ကထားသော ဆွတ်ဆွတ်ဖြူဖွေး ပဒုမ္မာကြာအဆင်းအရောင်အသွေးနှင့် အာဇာနည် မြင်းလေးကောင်၏ တစ်ခဲနက်သော ခွာသံတဖြောင်းဖြောင်းက ဝန်းကျင်တစ်ခိုဝယ် သောင်းသောင်းညံ ဖြောင်းဆန်ဟည်းထသွား၏။ သို့သော် ဘဒ္ဒလောကရှိ သတ္တဝါဝေနေယျအပေါင်းတို့၏ လွတ်မြောက်ရာလမ်းအတွက် အစပြုလာပြီဖြစ်သော သစ္စာတရား၏ ဖွဖွသော ခြေသံကိုတော့ မည်သူမျှ မကြားသိနိုင်ကြသေး။ နိမိတ်ကြီးလေးပါး၏ အဦးအစဖြစ်သော သူအိုပြယုဂ်သည် သစ္စာတရား၏ ရှေ့တော်ပြေး ခြေသံဖွဖွသာဖြစ်သည်ကို ထိုသစ္စာတရားကို အမှန်တကယ်ရှာဖွေမည့် မင်းသိဒ္ဓတ္ထကိုယ်တိုင်ပင်လျှင် မကြားသိနိုင်သေး။ အရှိန်အဟုန်ဖြင့် နန်းတော်သို့ ပြန်ပြေးနေသော မင်္ဂလာရထားထက်မှ မင်းသား၏ အတွေးအသိထဲ၌ ထိတ်လန့်တုန်လှုပ်ခြင်းဖြင့် ယှဉ်သော ဆင်ခြင်မှုတစ်ခုသာ ကြီးစိုးငြိတွယ် ပူးတွဲလိုက်ပါလာခဲ့၏။ အခြားမဟုတ်။

'ငါကိုယ်တိုင်၊

ငါ့ကျေးဇူးရှင် ဖခမည်းတော်နှင့် ငါ့နိုင်ငံတော်၊

ငါမြတ်နိုးရသည့် ချစ်နှမယသော်ဓရာနှင့် ဆွေတော်မျိုးတော်များ၊

ထို့ထက်မက ငါနှင့်အတူ ရှင်သန်လျက်ရှိသော သတ္တဝါဝေနေယျအားလုံး။

အိုမင်းခြင်းဆိုတဲ့ ဇရာတုံးအောက်က ပိပြားနေတဲ့ဖားတွေ ဖြစ်နေခဲ့ကြတာပါကလား။

သည်ဇရာဆိုတာ ငါအဦးဆုံး စတွေ့ရတဲ့ ငါ့ရဲ့ပထမရန်သူ။ သည်ရန်သူကို ငါ ဘယ်လိုအနိုင်တိုက်ရမှာလဲ။ ငါ တတ်မြောက်ကျွမ်းကျင်ပြီးဖြစ်တဲ့ အဋ္ဌာရသတစ်ဆယ့်ရှစ်ရပ်တွေလောက်နဲ့ သည်ရန်သူကို ဖြိုခွင်းနိုင်ဖို့ လိုအပ်ချက်တွေ ရှိနေသေးတာ သေချာတယ်။ သည်အတွက် နည်းလမ်းဗျူဟာကို ငါရှာဖွေရပေတော့မယ်ဟူသော ဆင်ခြင်မှုသံဝေဂ တစ်ခုမှလွဲ၍ မင်းသား၏အာရုံကို အခြားမည်သည့်အရာကမှ မလွှမ်းမိုးနိုင်။

သို့ရာတွင် အလောင်းတော်မင်းသား၏ ဤခရီးစဉ်တွင် ပထမနိမိတ်ကြီးဖြစ်သော သူအိုနိမိတ်ကို ထင်လင်းစွာ ပြသနိုင်ခဲ့ကြပြီးဖြစ်သော နတ်မင်းအပေါင်းတို့ကမူ လောက၏ ကယ်တင်ရာဖြစ်သော ဘုရားရှင်တစ်ဆူ ပွင့်ထွန်းတော်မူရေးအတွက် ပထမတာဝန်ကြီး တစ်ရပ်ကို ကျေပွန်ခဲ့ကြလေပြီဟု ဝမ်းမြောက်စွာ လက်ပမ်းပေါက်ခတ်ခဲ့ကြပြီ ဖြစ်လေသည်။

(ဆက်လက်ဖော်ပြပါမည်)

နန္ဒာစိုး(ဆင်ဖြူကျွန်း)

www.burmeseclassic.com

www.burmeseclassic.com



ကုန်းဘောင်ခေတ်ဦးသို့ သမိုင်းနှစ်သစ်မကူးမီ အချိန်ပိုင်းတွင် လေးမျက်နှာမြို့၌ ဗညားဒလဘွဲ့ခံ မွန်မြို့စား တစ်ဦး စိုးစံနေထိုင်ခဲ့ဖူးကြောင်း သိရပေသည်။

အလောင်းဘုရား၏ ဒုတိယသားတော် ဆင်ဖြူရှင် လက်ထက်၌ သမန္တာဘွဲ့ခံ ပုံ့နင်းကြီးတစ်ဦးသည် ဝေနံမြစ်ကြောင်းတွင် ရုံးစိုက်ရန် ဗညားဒလ၏ မြို့ဟောင်းနေရာ၌ မြို့သစ်တည်ထောင်ခဲ့လေသည်။ ထိုစဉ်က မြို့၏ ကျက်သရေဆောင်အဖြစ် တင့်မောသပ္ပာယ်စွာ တည်ထားကိုးကွယ်ခဲ့သော မုခ်ဝလေးမျက်နှာရှိ၍ ရှေးဟောင်းစေတီ တစ်ဆူကို အကြောင်းပြု၍ မြို့၏အမည်ကို လေးမျက်နှာဟု မှည့်ခေါ်ခဲ့ကြလေသည်။

# ကိုရွှေမြသန်း(သမိုင်း)

# ခန်ကိုင်းတောင်မိုး ရွှေဟင်္သာဆရာတော်ဘုရား၏ အမှတ်ရစရာ ယေဘုယျတဝမှ အချိုးအကွေ့များ

**ဇာတိဒေသ**

ဝေနံမြစ်၏ အနောက်ဘက်ကမ်းတစ်နေရာ၌ ရခိုင်ရိုးမတောင်တန်းကြီးကို နောက်ခံပြုလျက် မြို့ကလေး တစ်မြို့ တည်ရှိနေပေသည်။ ထိုမြို့ကလေးကား လေးမျက်နှာမြို့ကလေးပေတည်း။

လေးမျက်နှာမြို့၏ ရှည်လျားဝေးကွာလှသော အတိတ်သမိုင်းကြောင်းသည် ပီပြင်ခြင်း မရှိတော့ချေ။

လေးမျက်နှာမြို့သည် ငြိမ်းချမ်းသာယာသော မြို့လေး တစ်မြို့ဖြစ်သည်။ လေးမျက်နှာမြို့ရပ်ကွက်များ၌ ပရိတ်ကျောင်း ခေါ် ဓမ္မာရုံများ ဆောက်လုပ်ထားကြသည်။ ညချမ်းအခါ ရပ်ကွက်ရှိ သက်ကြီးရွယ်အိုများသည် ဆီမီး၊ ပန်း၊ ရေချမ်းတို့ကို ယူဆောင်၍ မိမိတို့ကိုယ်စီဖြင့် ပရိတ်ကျောင်းများသို့ ဝတ်တက်ပတ်ကာ သွားလေ့ရှိကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ဘုရားဝတ်ပြုအပြန် လမ်းတစ်လျှောက်တွင် ကြေးညော်သံများ ကြားကြရသည်။ ရင်းနှီးသူတို့၏ အိမ်ရှေ့ရောက်တိုင်း အမျှ..အမျှပေါ့ အမျှဝေသွားလေ့ရှိရာ အိမ်ရှင်များကလည်း ဝမ်းမြောက်နှမော် သာဓုခေါ်ကြသည်။ လေးမျက်နှာမြို့၏ ညဦးယံကား သာတောင့်သာယာ ကြည်နူးဖွယ် ရှိလှပါပေသည်။

(၁၂၅၅)ခုနှစ်၏ ဆောင်းဦးရာသီ ဖြစ်၏။

ဝေန်မြစ်ရိုးတွင် ရေခိုးရေငွေ့တွေ တလူလူထလျက် ရှိပြီး ရခိုင်ရိုးမတွင် တောင်ခိုးတွေဝေနေ၏။ လမင်းသည် နှင်းမှုန်ပျပျကျနေစဉ် မလင်းတလင်းသာ၍ စောစောဝင်ရန် အန့်ပြင်နေသည်။ ထိုစဉ် အသက်(၄၀)အရွယ်ရှိ ဒေါ်ရွှေသော့မှ ပဌမမြောက် သားရတနာကို မီးရှူးသန့်စင် ဖွားမြင်ခဲ့လေသည်။

အချိန်ကား မြန်မာသက္ကရာဇ်(၁၂၅၅)ခုနှစ်၊ နတ်တော်လဆန်း (၇)ရက်၊ ကြာသပတေးနေ့၊ (၁၈၉၃)ခုနှစ်၊ ဒီဇင်ဘာလ (၁၄)ရက်၊ ည(၉)နာရီ မိနစ်(၃၀)ဖြစ်သည်။ အဖ ဦးကျော်စိမ်း ဖြစ်သည်။

<u>ထယ်စဉ်ဘဝ ကံကောင်းလှ</u>

ဆရာတော်လောင်းလျာ မောင်သန်းကို ဖခင်ဦးကျော်စိမ်းသည် အောက်ပါအန္တရာယ်ကင်းဂါထာလေးကို ညအိပ်ရာဝင်တိုင်း ချပေးလေ့ရှိ၏။ မောင်သန်းက ပီကလာ ပီကလာ လိုက်ဆိုသည်။

ဗုဒ္ဓဿဟံ သီတလံ မေတ္တံ ဂဏှာမိ

ဓမ္မဿဟံ သီတလံ မေတ္တံ ဂဏှာမိ

သံဃဿဟံ သီတလံ မေတ္တံ ဂဏှာမိ။

ဘုရား၏ အေးမြသောမေတ္တာကို အကျွန်ုပ် ခံယူပါ၏။ တရား၏ အေးမြသောမေတ္တာကို အကျွန်ုပ် ခံယူပါ၏။ သံဃာ၏ အေးမြသောမေတ္တာကို အကျွန်ုပ် ခံယူပါ၏ဟူ၍ ဖြစ်ပါသည်။

ကံ,ကံ၏အကျိုးကို ယုံကြည်သဖြင့် လွတ်လပ်မှုအပြည့်အဝရှိသော ဗုဒ္ဓဘာသာဝင် မိကောင်းဖခင်တို့၏ ရင်ခွင်၌ လူဖြစ်လာရခြင်းသည် ကံကောင်းလှပေသည်။

တစ်နေ့ ဝါဆိုဝါခေါင် ရေဖောင်ဖောင် တက်နေချိန်ဖြစ်သည်။ မောင်သန်းတို့အိမ်သည် တာရိုးကြီး၏ အပြင်ဘက်တွင်ရှိ၍ တာရိုးကြီးနှင့် တံတားကူးထားသည်။ ရေကြီးချိန်တွင် တံတားအောက်၌ ရေတသွင်သွင် စီးလျက်ရှိသည်။

မောင်သန်းသည် မိမိအိမ်နှင့် ကူးထားသော တံတားတိုင်ကိုကိုင်၍ ရေချိုးနေသည်။ ခပ်ရွယ်ရွယ် လူငယ်တစ်စုသည် တာရိုးကြီးအနီး ရေကူးကစားရင်း ရေစီးတွင် မျောကြသည်။ မောင်သန်းသည် သူတို့ကိုကြည့်ရင်း ရေစီးတွင် မျောကြည့်ချင်နေသည်။

'ဟဲ့..လုပ်ကြပါဦး၊ ဟိုမှာ ကလေး ရေထဲ မျောပါသွားပြီ'

မောင်သန်း ရေစီးတွင် ပက်လက်ကလေး မျောပါသွားသည်။ လူကြီးများအလစ်တွင် အရဲစွန့်ကာ တံတားတိုင်ကို လက်လွှတ်ပြီး ရေပေါ်တွင် ပက်လက်လှန်လိုက်ခြင်း ဖြစ်သည်။

ထူးဆန်းသည်မှာ မိမိငယ်စဉ်က ရေထဲ၌ ပက်လက်လှန်နေလျှင် ရေမမြုပ်ဘဲ ရေပေါ် တက်လာခြင်းဖြစ်သည်။ ရေမမြုပ် ရေပေါ် တက်သည်ကိုသိ၍ မကြာခဏ ရေချိုးရင်း ပက်လက်လှန် မျောချကာ ကစားတတ်သည်။ ငယ်စဉ်က ရေမကြောက်၊ အသက်ကြီးသောအခါ၌ကား ရေမပေါ်တော့ဟု ရွှေဟသာ်ဆရာတော်က ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိတွင် ရေးသားတော်မူသည်။

ငယ်စဉ်က ငွေခြေချင်း၊ နားပန်တို့ကို ဝတ်ဆင်ခဲ့ရသေးသည်။ မြန်မာ့ခေတ်အရှိန်အဝါ ရှိသေးသည်ဖြစ်၍လည်း ချိတ်ပုဆိုးကို ဝတ်ခဲ့ရသေးသည်။ ချိတ်ပုဆိုး၊ ငွေခြေချင်း၊ နားပန်တို့ကို ဝတ်ဆင်ထားသော ကလေးငယ်ကို ယခုခေတ်လူငယ်တို့မြင်လျှင် တောဆန်လှသည်ဟု ပြုံးကြမည်သာ ဖြစ်သည်ဟု ဆရာတော် ရေးသားတော်မူသည်။

<u>ရန်ကုန် ကမာကဆစ်သို့</u>

(၁၂၅၉)ခုနှစ်၊ တပို့တွဲလ။

ဝေန်မြစ်ရိုးတွင် နှင်းခိုးတွေဝေနေစဉ် ထရံကာ မိုးအိမ်ကလေးကို ပိတ်ဆို့ပြီး ဦးကျော်စိမ်း၊ ဒေါ်ရွှေသော့တို့သည် ဒေါ်ရွှေသော့၏မိခင် ဒေါ်ဦးနှင့် ရန်ကုန်သို့ ရွှေ့ပြောင်းခဲ့ကြလေသည်။

လေးမျက်နှာမှ ဟင်္သာတသို့ သင်္ဘောစီး၊ ဟင်္သာတမှ ရန်ကုန်သို့ သင်္ဘောစီးကြရသည်။ သန့်ရှင်းသပ်ရပ်သည့် နှစ်ထပ်သင်္ဘောကြီးဖြစ်သည်။ ကျွန်းပတ်သင်္ဘောဟု ခေါ်ကြသည်။ ရန်ကုန်ဝင်သောအခါ ဒေးဒရဲမြစ်

www.burmeseclassic.com

ဒီဆိုင်သခွတ်ချောင်းမှ လှည့်ဝင်ရသည်။ တွဲတေးတူး မြောင်း မရှိသေး။ [တွဲတေးတူးမြောင်းကို ၁၉၁၆-၁၇ မှ ဖွင့်လှစ်သည်။ အလျား(၂၂)မိုင်ခန့် ရှိသည်။]

ရန်ကုန်ဝင်ခါနီးတွင် အဘွားဒေါ်ဦးက ရွှေတိဂုံစေတီတော်ကြီးကို လှမ်းပြပြီး ရှိခိုးဦးချစေသည်။ ကလေးဖြစ်၍ အတိမ်အနက် မသိသော်လည်း စိတ်ထဲတွင် ကြည်နူးသွားသည်။ ရန်ကုန်ဆိပ်ကမ်းတွင် ဆင်း၍ သမ္ဗန်ဖြင့် ကမာကဆစ်သို့ ကူးကြသည်။

**ကျောင်းအပ်**

မောင်သန်းကို ကမာကဆစ်ရွာအနောက်ပိုင်းရှိ ဦးရန်ရှင်းကျောင်းသို့ အပ်ကြသည်။ မင်္ဂလာသုတ်မှစ၍ သင်ရ၏။ မောင်သန်း (၆)နှစ်သားအရွယ်တွင် ပရိတ်ကြီးကုန်၏။ လုံးဆင့် ပါဌ်ဆင့်ပါမကျန် စာကောင်းကောင်း ဖတ်တတ်နေပြီ။

အေဘီအမ်ကျောင်းတွင် မောင်သန်းသည် ပဌမတန်းမှ စတက်ရပြီး အင်္ဂလိပ်စာသင်ရသည်။ အတန်းပိုင်ဆရာမသည် အင်္ဂလိပ်စာကျွမ်းကျင်သည်။ အသင်အပြကောင်းသည်။ အသံထွက် ပီသသည်။

ဦးကျောက်စိမ်းတို့ သိမ်ကြီးဈေးတွင် ငှက်ပျောသီးဆိုင်ရောင်းရာ အလွန်ရောင်းကောင်းသည်။ အရောင်းအဝယ်ကောင်းသဖြင့် (၂)နှစ်၊ (၃)နှစ်အတွင်း စီးပွားတက်လာသည်။

**ဖခင်မကျန်းမာ မိခင်ကွယ်လွန်**

ငှက်ပျောသီးဆိုင်ဖွင့်ပြီး (၃)နှစ်ခန့်ကြာသောအခါ ဦးကျောက်စိမ်း အကြီးအကျယ်မကျန်းမမာဖြစ်လေသည်။ မောင်သန်း ကျောင်းထွက်ရ၏။ မကျန်းမာသောအခါ လေးမျက်နှာသို့ ပြန်ကြသည်။ မောင်သန်းလည်း အတူလိုက်ပါ၍ လေးမျက်နှာတွင် ဦးကျောက်စိမ်း မိဘများဖြစ်သည့် ဦးအင်း၊ ဒေါ်ချို (အသက် ၈၀ ကျော်)တို့နှင့် အတူနေသည်။ မောင်သန်း၏မိခင် ဒေါ်ရွှေသော့ကား အဘွားဒေါ်ဦးနှင့် ကမာကဆစ်တွင် နေခဲ့သည်။

**(၁၂၆၅)ခုနှစ်၊ နှင်းမှုန်ပျပျ နတ်တော်လ**

ဒေါ်ရွှေသော့ လေဖြတ်၍ မောင်သန်းကို ကမာကဆစ်သို့ လွှတ်စေလိုဟု စာလာသည်။

ဦးကျောက်စိမ်း မကျန်းမမာဖြစ်နေ၍ (၁၀)နှစ်ရွယ်သားငယ်ကို လူကြုံဖြင့် ကမာကဆစ်သို့ ထည့်လိုက်ရသည်။ ဒေါ်ရွှေသော့မှာ ကျန်းမာရေး ပိုမိုယိုယွင်းကာ တပို့တွဲလ မကုန်မီ ကွယ်လွန်လေသည်။

**မိကျောင်းရဲဘုန်းတော်ကြီးကျောင်းတွင် ကျောင်းနေ**

မိခင်ဆုံးပြီးနောက် မောင်သန်းကို မိကျောင်းရဲ ဘုန်းတော်ကြီးကျောင်းသို့ ပြောင်းရွှေ့ပညာသင်စေသည်။

**လေးမျက်နှာတာဝတိံသာပွဲ**

မောင်သန်း ငယ်စဉ်က လေးမျက်နှာမြို့၌ ရပ်ကွက်တိုင်းလိုလိုပင် ဆွမ်းလောင်းအသင်းများ တည်ထောင်ထားကြပြီး တနင်္ဂနွေနေ့တိုင်း ဆွမ်းကြီးလောင်းလှူလေ့ရှိသည်။ အသင်းအဖွဲ့များသည် အဖိတ်နေ့တွင် ဗြောဖြင့် အလှူခံထွက်ပြီး ဥပုသ်နေ့တွင် ဆွမ်းတော်ကြီး ကပ်ကြသည်။

လေးမျက်နှာမြို့တွင် နှစ်စဉ် သီတင်းကျွတ်လပြည့်နေ့တိုင်း ဝါကျွတ်ပွဲတော်နှင့်တွဲဖက်၍ တာဝတိံသာဘုရားပွဲကျင်းပသည်။ ရှင်တော်ဘုရားသည် တာဝတိံသာနတ်ပြည်၌ ဝါတွင်း(၃)လပတ်လုံး မယ်တော်မိနတ်သားကို ကျေးဇူးဆပ်သည့် အဘိဓမ္မာတရားတော်မြတ်ကို ဟောကြားတော်မူသည်။ သီတင်းကျွတ်လပြည့်နေ့တွင် လူ့ပြည်သို့ ပြန်လည်ကြွတော်မူသည်။

မြင်းမိုရ်တောင်ထိပ်မှ သင်္ကဿနဂိုရ်ပြည်အထိ ရွှေ၊ ငွေ၊ ပတ္တမြား စောင်းတန်းသုံးသွယ် ဖန်ဆင်းပြီး အလယ်ပတ္တမြားစောင်းတန်းမှ ရှင်တော်ဘုရား ကြွလှမ်းတော်မူရာ နတ်၊ ဗြဟ္မာများကို ဝဲယာ ရွှေ၊ ငွေ စောင်းတန်းနှစ်သွယ်မှ ခြံရံလိုက်ပါကြသည်။

ထိုအကြောင်းအရာကို ပန်းချီပန်းပု အနုလက်ရာများဖြင့် သရုပ်ဖော်ကာ တာဝတိံသာပွဲ ဆင်နွှဲကြခြင်းဖြစ်သည်။ မြို့လုံးကျွတ် ရပ်ကွက်အသီးသီးက ဓာတ်စုံခင်းကျင်းကာ မြို့တွင်း၌ လှည့်လည်ပြသကြ၏။

မောင်သန်းတို့ အလယ်ရပ်မှ ဓာတ်ဆရာမှာ ကာလသားခေါင်း ကိုဘိုးသာ ဖြစ်သည်။ ကိုဘိုးသာက မောင်သန်းကို မင်းသားအဖြစ် လျာထားပြီး သီချင်းတစ်ပုဒ်လေ့ကျင့်စေသည်။ သီချင်းမှာ ရာသီဘွဲ့လေးချိုးဖြစ်သည်။

**ရှင်ပြုခြင်း**

(၁၂၆၉)ခုနှစ်၊ မောင်သန်း (၁၄)နှစ်၊ နယုန်လ ဖြိုင်ဖြိုင်ကျသည့်အချိန်။

ဦးကျောက်စိမ်းသည် မောင်သန်းကို ရှင်ပြုပေးသည်။ ရှင်ပြုပွဲကို မိကျောင်းရဲကျောင်းတိုက်တွင် ခမ်းနားသိုက်

www.burmeseclassic.com

မြို့တ်စွာ ကျင်းပသည်။

မိကျောင်းရဲဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရှင်ဖြစ်သည်။ ကြာသပတေးသား၊ ဘွဲ့မည် ရှင်ပဒုမ။ အိမ်မှ ပို့သော ဆွမ်းကို မစား၊ ဆွမ်းခံလိုက်သည်။ ဆွမ်းစားရာ၌ ဇလုံ၊ ပန်းကန်ဖြင့် မစား၊ သပိတ်ဖြင့် စားသည်။

နေ့စဉ်မှန်မှန် ဆွမ်းခံ၍သာ စားသောအကျင့်မှာ ပိဏ္ဍပါတ်ဓုတင်အကျင့်၊ သပိတ်ဖြင့် စားသောအကျင့်မှာ ပတ္တပိဏ္ဍိက်ဓုတင်အကျင့်ဟု ကိုရင်မောင်သန်း မသိ။

**<u>တုံကင်းစီးဘဝ</u>**

မောင်သန်း (၁၆)နှစ်အရွယ် ရှင်လိင်ပြန်ကာ ဦးဆောက်စိမ်း စပါးယူရေးကိစ္စများကို ကူညီသည်။ တစ်နေ့၌ ဝယ်ယူပြီး စပါးအချို့ကို တုံကင်း(၂)စီးဖြင့် ရန်ကုန်ပို့ရန် စီစဉ်သည်။ မောင်သန်း တုံကင်းစီးအဖြစ် လိုက်သည်။

ဆောင်းရာသီနံနက်ခင်း နှင်းမှုန်တွေ ဝေနေ၏။ နှင်းအလည်းကျ၊ ရေငွေ့ကလည်းထ ရှေ့နောက်ဝဲယာ မည်သည်ကိုမျှ မမြင်ရ။ ဆန်တက်လာသည့် သမ္ဗန်များ၊ သင်္ဘောများ ရှောင်တိမ်းနိုင်ရန် တုံကင်းများသည် သံပုံးတီး၍ စုန်ကြရသည်။

'ဟော့··သင်္ဘောသံ ကြားတယ်ဟေ့'

ရှေ့တည့်တည့်မှာ သင်္ဘောခုတ်သံကို ကြားကြရသည်။ သင်္ဘောကို မမြင်ရ။ စက်သံပို၍ နီးလာသည်။ ကိုက်(၅၀)အကွာရောက်သော် ရေနံတင်သင်္ဘောကြီးကို ဝိုးတဝါး မြင်ကြရ၏။ သင်္ဘောမှာ ရေနံတွဲကြီးနှစ်တွဲကို တစ်ဖက်တစ်ချက် တွဲလျက်ရှိသည်။ မြစ်လယ်တွင် ညအိပ်နားပြီး ထွက်ရန် စက်နှိုး ကျောက်နုတ်နေသည်။

တုံကင်း(၂)စီးသည် သင်္ဘောနှင့် ဝဲဘက်ရှိ တွဲသမ္ဗန်ကြီးအကြားကို ဗဟိုပြုပြီး မျောနေသည်။ တုံကင်းကုလားများ ပျာလောင်ခတ်ကာ အော်ကြသည်။ တုံကင်းဘေးသို့ရောက်အောင် တက်များဖြင့် ခတ်ထုတ်ကြသည်။ ရေစီးကလည်း သန်လှသည်။ တုံကင်း(၂)စီးလုံး သင်္ဘောနှင့် တွဲသမ္ဗန်ကြား တိုးဝင်လုလု။ သင်္ဘောမှူး ကပ္ပတိန်က သင်္ဘောဦးကို ယာဘက်သို့ ငဲ့စောင်းပြီး ကျောက်ကြိုးအန်းလန်းဖြင့် ရှေ့တိုးကာခုတ်မောင်းလိုက်၍ သေကံရောက် သက်မပျောက် ပွတ်ကာသီကာ လွတ်သွား၏။

ဒီရေကား ကျနေဆဲ။ ဒေးဒရဲမြစ်အဆုံး၌ ဒီဆိုင်ခေါ် ကျွန်းငူအကွေ့တွင် ရောမဝဲကြီးတစ်ခုရှိသည်။ ဒေးဒရဲမြစ်၊ သခွတ်ချောင်း၊ ပင်လယ်ဝ သုံးခုအဆုံဖြစ်၏။ မောင်သန်းတို့ တုံကင်းသည် ဝဲကြီးနှင့် ရေစီး(၂)ခု အကြားမှ သခွတ်ချောင်းသို့ရောက်အောင် ရွက်အားဖြင့် ဖြတ်ဝင်ကြရသည်။ မောင်သန်း လိုက်ပါလာသော တုံကင်းသည် နောက်မှဖြစ်သည်။ ခရီးတစ်ဝက်ခန့် ရောက်ခဲ့ပြီ။ ရုတ်တရက် တက်မကိုင်လက်တံ ကျိုးသွားသည့် တုံကင်းသည် ဝဲအစတွင် လည်နေ၏။ အပိုပါလာသည့် မျောသားကို လက်တံလုပ်ပြီး တက်မကိုထိန်းကာ ဆန်တက်သည်။ တက်မကိုင် လက်တံရိုး ကျိုးပြန်သည်။ တုံကင်းသည် ဝဲကြီးအတွင်းသို့ ကျလုလုရှိနေပြီ။ ကျသွားလျှင် နစ်မြုပ်ရန်သာရှိသည်။ တုံကင်းကုလားများ အသက်မရှူအား။ မျောသားဖြင့် တက်မကိုင်လက်တံ ထပ်မံပြုလုပ်ရပြန်သည်။ ရှေ့နောက် တက်မနှစ်ခုဖြင့်ထိန်းကာ ဆန်တက်ရသည်။ တစ်နာရီနီးပါး ကြိုးစားရကာ ဝဲမှလွတ်၍ သခွတ်ချောင်းဝ ရောက်သည်။

သခွတ်ချောင်းကား မိကျောင်းပေါ၍ လှေနံဘေးတွင် အမှတ်တမဲ့ မထိုင်ရ။ ရန်ကုန်သို့ ညနေခင်းအချိန်ရောက်သည်။ ပုဇွန်တောင်ချောင်း စပါးချသည့် စက်ရုံရှေ့တွင် ဆိုက်သည်။ တုံကင်းစီးသည် စပါးသယ်၍ မပြီးမချင်း တုံကင်းမှ မဆင်းရ။ ထိုညက တုံကင်းသည် ညသန်းခေါင်ကျော်တွင် ကျောက်ကြိုးပြတ်၍ မျောကာ အခြားတုံကင်းများကို ဝင်ဆောင့်သည်။ တုံကင်းစီး ဒုက္ခများကား မပြီးသေး။

မိုးစင်စင်လင်းပြီ။ စက်ရုံသို့ စပါးများ သယ်ယူကြသည်။ ပြီးမှ တုံကင်းစီး တုံကင်းမှ ဆင်းရသည်။

**<u>လူ့ဘောင် ငြီးငွေ့ခြင်း</u>**

တုံကင်းစီးလုပ်ပြီးနောက် မောင်သန်း စိတ်ပြောင်းသွားသည်။ လူ့ဘောင်လောက၌ နေရမည်ကို ငြီးငွေ့စက်ဆုပ်လာသည်။ သင်္ဘောကြီးနှင့် ရေနံတွဲကြီးအောက် ရောက်လုနီး ကြုံခဲ့ရ၏။ ဒီဆိုင်ဝဲကြီးထဲသို့ ရောက်ခဲ့ရ၏။ ပင်လယ်ဘက်သို့ မျောပါမည့်ဘေးမှ လွတ်ခဲ့ရ၏။ သခွတ်ချောင်းမှ မိကျောင်းအန္တရာယ်ကိုလည်း ကျော်ခဲ့ရသည်။ ပုဇွန်တောင်ချောင်းတွင် ညဥ့်နက်သန်းခေါင် ကျောက်ကြိုးပြတ်ပြီး ကံကောင်း၍ တုံကင်းမနစ်ခဲ့။ မောင်သန်းအတွက် သံဝေဂဝတ္ထုများတည်း။



www.burmeseclassic.com

www.burmeseclassic.com

ဖခင်၏ စပါးဝယ်ယူရေးအလုပ်ကို ကူညီရင်း လူတွေအကြောင်း သိခဲ့ရသည်။ အချင်းချင်း ကလိန်ကျပုံ၊ အမြတ်ထုတ်ရေးအတွက် ဉာဏ်နီဉာဏ်နက် သုံးကြပုံများကို ကိုယ်တွေ့မြင်ခဲ့ရ၏။ မရိုးမသား ကောက်ကျစ်သူများနှင့် ဆက်ဆံရမည်ကိုတွေးကာ စိတ်ပျက်မိသည်။ ကောင်းရောင်းကောင်းဝယ် အလုပ်သည် သမ္မာအာဇီဝအလုပ်ပင် ဖြစ်စေကာမူ မုသားမပါ လက်ကမချော။

ရှေ့ရေးနောက်ရေး အမျိုးမျိုးတွေးကာ သာသနာ့ဘောင်ဝင်ရန် မောင်သန်း ဆုံးဖြတ်တော့သည်။

**သာသနာ့ဘောင်သို့ဝင်ခြင်း**

(၁၂၇၁)ခုနှစ်၊ ကဆုန်လတွင် မောင်သန်းကို ဒုတိယအကြိမ် ရှင်ပြုပေးကြသည်။ မကြာမီပင် ဖခင်ကြီး ကွယ်လွန်လေသည်။ ပို၍ပင် သံဝေဂရလာသည်။ သာသနာ့ဘောင်တွင် ရာသက်ပန်နေတော့မည်ဟူသော ဆုံးဖြတ်ချက်သည် ခိုင်မြဲလာသည်။ ဝါဆိုအမီ မော်လမြိုင် ထွက်ခဲ့သည်။ မော်လမြိုင်မြို့ ကျိုက်သုတ်စေတီတော်အနီးတွင် ပြည်ကျောင်းတိုက် ရှိသည်။ မြို့လယ်ဖြစ်သော်လည်း ဆိတ်ငြိမ်သည်။

မုံရွာလယ်တီဆရာတော်ကြီး မော်လမြိုင်သို့ ကြွတော်မူလာရာ ပြည်ကျောင်းတွင် သီတင်းသုံး၍ ရွှေတောင်တန်းမွှာရုံ၌ တရားဟောပါသည်။ မော်လမြိုင်မှ ကတိုးကော့နပ်သို့ လယ်တီဆရာတော်ကြီး ကြွတော်မူရာ ကိုရင်မောင်သန်း ဆရာတော်ကြီးနောက် လိုက်ခဲ့ဖူးပါသည်။

**ကျောင်းတော်ရာ ရွှေကျင်တိုက်သို့**

မော်လမြိုင်တွင် (၂)နှစ်ကြာသော် စာချဆရာ ဦးဝါယမသည် ရန်ကုန်မြို့ ကျောင်းတော်ရာ ရွှေကျင်တိုက်သို့ ပြောင်းရွှေ့ရာ ကိုရင်မောင်သန်းကို ခေါ်သွား၏။ စစ်ကိုင်းတိုင်း၊ ထန်းတပင်မြို့ဇာတိ၊ ထန်းတပင်ဆရာတော် ဦးသောဘိတ၏ ဘုံပျံကျောင်းတွင် နေရသည်။ ထန်းတပင်ဆရာတော်က ကိုရင်မောင်သန်းကို ပဏ္ဍိတဟု ဘွဲ့ပြင်ပေးသည်။ ကျောင်းတော်ရာ ရွှေကျင်ဆရာတော်ကြီးသည် (၁၂၇၄)ခုနှစ်၊ နယုန်လဆန်း (၁၀)ရက်တွင် ရွှေဟင်္သာတောရ၌ ဝါကပ်ရန် ညောင်တုန်းသို့ ကြွတော်မူသည်။ ကိုရင်ပဏ္ဍိတ ဆရာတော်ကြီးနှင့်အတူ လိုက်ပါခဲ့ရသည်။

ကျောင်းတော်ရာ ရွှေကျင်ဆရာတော်ကြီးကိုယ်တော်တိုင် ကိုရင်ပဏ္ဍိတကို တိုက်အုပ်စံကျောင်းဆရာတော်ထံ အပ်နှံတော်မူသည်။ စံကျောင်းဆရာတော်သည် သဒ္ဒါကြီး ပို့ချရာ၌ တိုတိုကျဉ်းကျဉ်း ပို့ချသည်။ နေ့စဉ် ရှေ့မဆက်မီ ပို့ချပြီးသုတ်များမှ တစ်နေ့ တစ်ပုဒ်ဆွာ ထုတ်မေးပြီး ရှေ့မှာပင် ဖြေရသည်။ မြန်မြန်မှန်မှန် ဖြေဆိုနိုင်သူကို မျက်နှာသုတ်ပဝါ၊ လက်ကိုင်ပဝါ၊ ဆပ်ပြာခဲ၊ ဗလာစာအုပ်၊ မင်အိုး စသည် ဆုချလေ့ရှိသည်။ ဆုအများဆုံး ရသူမှာ ကိုရင်ပဏ္ဍိတဖြစ်သည်။ စံကျောင်းဆရာတော်က ပဏ္ဍိတသိရီဟူသော နောက်ဆုံးတွင်မည့်ဘွဲ့ကို ပေးတော်မူသည်။

**ရဟန်းဖြစ်ခြင်း**

(၁၂၇၅)ခုနှစ်၊ ဝါဆိုလဆန်း (၅)ရက်တွင် ကိုရင်ပဏ္ဍိတသိရီကို ဦးကြီး၊ ဒေါ်ကြီးများဖြစ်သော ဦးလူကြီး၊ ဒေါ်မှုံတို့က ရဟန်းခံသည်။ သိမ်ဦးကျောင်းအနီး သိမ်တော်ကြီးတွင် မိကျောင်းရဲဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်သည်။

ရဟန်းခံပြီး ညောင်တုန်းသို့ ကြွသည်။ ဝါဆိုလဆန်း (၁၄)ရက်တွင် ရွှေဟင်္သာတောရ သီလဝိသောဓနီ သိမ်တော်ကြီး၌ သိက္ခာထပ်သည်။ ကျောင်းတော်ရာ ရွှေကျင်ဆရာတော်ကြီးက ဥပဇ္ဈာယ်ဆရာအဖြစ်ဖြင့် ချီးမြှောက်တော်မူပြီး စံကျောင်းဆရာတော်၊ တိုက်အုပ်ဆရာတော်တို့က ကမ္မဝါဆရာအဖြစ် ချီးမြှောက်ကြသည်။ ရွှေနံ့သာကျောင်းဘုန်းကြီး ဦးသုရိယက ရဟန်းလောင်းဆုံးမသည်။ ကာရကသံဃာ အပါး(၄၀)ကျော် ပါဝင်ဆောင်ရွက်ကြသည်။

ရဟန်းဒကာ၊ ရဟန်းအမများမှာ ညောင်တုန်းမြို့ ဦးကျော်ဒွန်း၊ ဒေါ်ကြည်နှင့် ဦးချက်၊ ဒေါ်ဒွန်းတို့ ဖြစ်ကြသည်။

ဤသည်တို့ကား စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာ အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ဘုရား၏ ငယ်ဘဝ အမှတ်တရ အချိုးအကွေ့များပင် ဖြစ်ပါကြောင်းဟု ဟူ သာ။

ကိုရွှေမြသန်း(သမိုင်း

**မှီငြမ်း**

ဦးသန်းဝင်း(ညောင်ဦး)၏ စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာ အဘိဓဇမဟာရဋ္ဌဂုရုဆရာတော်ဘုရား။

www.burmeseclassic.com

www.burmeseclassic.com

ပုဗ္ဗေစ ကတပုညတာ ဧတံမင်္ဂလ-မုတ္တမံ။

ရှေးရှေးဘဝများစွာက ပြုလုပ်ခဲ့ဖူးသော ကောင်းမှု ကုသိုလ်ကံ ရှိခဲ့ခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

မင်္ဂလာတရား သုံးဆယ့်ရှစ်ပါးထဲမှာ ရှေးရှေးဘဝ, ဘဝများစွာက ပြုလုပ်ခဲ့ဖူးသော ကောင်းမှုကုသိုလ်ကံ အထူးရှိခဲ့ဖူးသူဟာလည်း တစ်ပါးအပါအဝင် ဖြစ်နေပြန် ပါတယ်။ ရှေးဘဝကုသိုလ် ကံဆိုလို့ အများအားဖြင့်က ဘာကိုပဲ မြင်တတ်ကြပါသလဲလို့ဆိုရင် ဒါန ကုသိုလ်ကံ တစ်ခုလောက်ကိုသာ လှမ်းမြင်မိတတ်ကြပါတယ်။

တကယ်တော့ ရှေးရှေးဘဝ များစွာက ပြုလုပ်ခဲ့ဖူး သော ကောင်းမှုကုသိုလ် ကံဆိုတာ ဒါန ကောင်းမှု ကုသိုလ်ကံ တစ်ခုတည်းနဲ့လောက် တော့ ပြည့်စုံလုံ လောက်ပြီလို့တော့ ပြောလို့ မရနိုင် ပါဘူး။ ဒါန ကောင်းမှု ကုသိုလ်ကံ အပြင် သီလကောင်းမှု ကုသိုလ်ကံနဲ့ ဘာဝနာကောင်းမှု ကုသိုလ်ကံများလည်း ပါပါမှ ပြည့်စုံလုံလောက်သော ဘဝတစ်ခုကို ပိုင်ဆိုင်ကြရတဲ့ ပုဗ္ဗေစ ကတပုညတာ မင်္ဂလာအစစ်ဖြစ်မှာ ဖြစ်ပါတယ်။

ဘာလို့လဲဆိုတော့ ဒါန ရှေးကောင်းမှုကုသိုလ်ကံ ပါလာခဲ့သူဟာ စည်းစိမ်ဥစ္စာ ကြွယ်ဝချမ်းသာသော ဘဝ ကိုသာ ပိုင်ဆိုင်ကြရတာပါ။ သီလရှေးကုသိုလ်ကံ ပါလာခဲ့ ကြသူကျပြန်တော့ အသက်ရှည် ခြင်း၊ အနာရောဂါကင်းရှင်းခြင်း၊



# ကျော်ကျော်ဦး (ဒါးသီး)

## ရှေးကုသိုလ်တော်နှင့် ဥမ္မာဒန္တီ



www.burmeseclassic.com

www.burmeseclassic.com

ရုပ်ရည်ရူပကာယ ချောမောလှပစေခြင်းဆိုတဲ့ ဘဝကိုပိုင်ဆိုင်ကြရပါတယ်။ ဘာဝနာရှေးကုသိုလ်ကံများပါ အထူးပါလာခဲ့ကြသူများကျတော့ ပဋိသန္ဓေစိတ်မှာ အ,လောဘ၊ အ,ဒေါသ၊ အ,မောဟဆိုတဲ့ ဟိတ်သုံးပါးနဲ့ ယှဉ်လာခဲ့ကြလို့ ဉာဏ်ရည်ထက်မြက်သူဖြစ်ကာ အဆင့်မီတဲ့ လူသားတစ်ယောက် ဘဝပိုင်ရှင်ကို ရရှိကြရပြန်ပါတယ်။

ဒါကြောင့် လူသားတစ်ယောက်ရဲ့ ရှေးကုသိုလ်ကံဟာ အများထင်မြင်နေကြသလို ဒါနကုသိုလ်ကံလောက်သာ ပါလာခဲ့ကြပြီး သီလရှေးကုသိုလ်ကံနဲ့ ဘာဝနာရှေးကုသိုလ်ကံ ချို့တဲ့လာခဲ့ကြမယ်ဆိုရင် ဒါနရှေးကုသိုလ်ကံကြောင့်သာ ချမ်းချမ်းသာသာ ပြည့်ပြည့်စုံစုံ မပူမပင်ကြောင့်မကြ နေရပေမယ့် သီလရှေးကုသိုလ်ကံနဲ့ ဘာဝနာရှေးကုသိုလ်ကံ ချို့တဲ့မှုကြောင့် အနာရောဂါက ထူပြော၊ ဉာဏ်ရည်က အဆင့်မမီ ဖြစ်ရလို့ ဒီလူသားတစ်ယောက်ရဲ့ ဘဝတစ်ခုဟာ ပုဗ္ဗေစ ကတပုညတာ မင်္ဂလာတရားတော်နဲ့ ကိုက်ညီပါတယ်လို့ ဘယ်သူများ ပြောနိုင်ပါ့မလဲ။

တကယ်တော့ ဒါန၊ သီလ၊ ဘာဝနာ ရှေးကုသိုလ်ကံ သုံးမျိုးစလုံး ပါလာခဲ့သူ ဆိုတာကတော့ အင်မတန်မှ ရှားပါးလှပါတယ်။ တချို့က ဒါနရှေးကုသိုလ်ကံ တစ်မျိုးလောက်သာ ပါလာခဲ့ကြပါတယ်။ တချို့ကတော့ ဒါနရှေးကုသိုလ်ကံနဲ့ သီလရှေးကုသိုလ်ကံ နှစ်မျိုးလောက်သာ ပါလာခဲ့ကြပါတယ်။ တချို့ကျပြန်တော့ သီလရှေးကုသိုလ်ကံနဲ့ ဘာဝနာရှေးကုသိုလ်ကံ နှစ်မျိုးပါလာခဲ့ကြပြီး ဒါနရှေးကုသိုလ်ကံ ချို့တဲ့လာခဲ့တဲ့သူများလည်း တွေ့နေရပြန်ပါတယ်။ သုံးမျိုးစလုံး ပြည့်စုံလာတဲ့သူကတော့ အင်မတန် ရှားရှားပါးပါးပါပဲ။ ဒါကြောင့်မို့လည်း ပုဗ္ဗေစကတပုညတာ မင်္ဂလာတရားဟာ သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားထဲက တစ်ပါးအပါအဝင် ဖြစ်လာခဲ့တာပေါ့။

ရှေးတုန်းက ဥမ္မာဒန္တီမင်းသမီးလေး အကြောင်းကို အားလုံး ကြားဖူးကြမယ်လို့ ထင်ပါတယ်။ ဥမ္မာဒန္တီမင်းသမီးလေးဟာ သိဝိတိုင်း၊ အရိဋ္ဌပူရမြို့က ကုဋေချမ်းသာ ကြွယ်ဝချမ်းသာသော သူဌေးကြီးတစ်ဦးရဲ့ သမီးရတနာလေး တစ်ယောက်ပါ။ ပစ္စည်းကလည်း ချမ်းသာ၊ ဉာဏ်ရည်ကလည်း ထက်မြက်၊ ရုပ်ရည်ရူပကာယကလည်း ဘယ်လောက်များ ချောမောလှပသလဲလို့ဆိုရင် မြင်ရသူတိုင်း မူးမေ့သွားလောက်အောင် ဖြစ်ကုန်ကြပါတယ်။ ဥမ္မာဒန္တီရဲ့အလှကို မရကြလို့ ရူးသွပ်ကုန်ကြပါတယ်။ မိဖုရားရတနာ အချောအလှတွေများစွာ ပိုင်ဆိုင်နေတဲ့ သိဝိဘုရင်မင်းမြတ်တောင် ဥမ္မာဒန္တီမင်းသမီးလေးကို တွေ့မြင်ပြီး ရူးသွပ်စိတ်ဖောက်ပြန်သွားတယ်ဆိုပဲ။ ဒါကြောင့် သူမရဲ့ အမည်ကို ပါဠိလို ဥမ္မာဒန္တီ၊ မြန်မာလို ရိုးရိုးရှင်းရှင်းလေး ဘာသာပြန်ဆိုလိုက်တော့ မြင်ရသူတိုင်း ရူးသွပ်တယ်ပေါ့။

အဲဒီ ဥမ္မာဒန္တီမင်းသမီးဟာ အခုလို စည်းစိမ်ဥစ္စာနဲ့ ပြီးပြည့်စုံကာ ရူပကာယ ချောမောလှပရတဲ့ မင်းသမီးဘဝကို ဘာကြောင့်ပိုင်ဆိုင်ရပါသလဲလို့ဆိုတော့ ဥမ္မာဒန္တီမင်းသမီးလေးရဲ့အတိတ် ပုဗ္ဗေစ ကတပုညတာဟာ အင်မတန်မှ မွန်မြတ်လှစွာသော ရှေးဟောင်းမှုကုသိုလ်တော်ကြီးပဲ ဖြစ်ပါတယ်။

ဥမ္မာဒန္တီမင်းသမီးလေးဟာ ကဿပဘုရားရှင် လက်ထက်တော်အခါက ဗာရာဏသီပြည်မှာ အလွန်ဆင်းရဲခဲ့တဲ့ အမျိုးသမီးလေး တစ်ယောက်ပါ။ တစ်နေ့မှာ အဲဒီဗာရာဏသီပြည်ကြီးမှာ နက္ခတ်ရိုးရာပွဲသဘင်ကြီး ကျင်းပပြုလုပ်တော့ ဂုဏ်သရေရှိတဲ့ သူဌေးသူကြွယ် အမျိုးသမီးတွေဟာ ဝတ်ပန်းလုံချည်ကို ဝတ်ဆင်ကာ ပွဲတော်အခမ်းအနားကို ဆင်နွှဲကြပါတယ်။

ဆင်းရဲတဲ့ အမျိုးသမီးလေးဟာ အဲဒီနက္ခတ်ပွဲသဘင်ကို လာကြတဲ့ သူဌေးသူကြွယ် အမျိုးသမီးများ ဝတ်ဆင်ထားကြတဲ့ ဝတ်ပန်းလုံချည်ကို တွေ့မြင်ခဲ့ရပြီး ဝတ်ပန်းလုံချည်ကို ဝတ်လိုတဲ့စိတ်ဆန္ဒဟာ ထိန်းမရသိမ်းမရ ဖြစ်သွားခဲ့ပါတယ်။ ဒီတော့ အမျိုးသမီးလေးဟာ အိမ်ပြန်ရောက်တော့ ဝတ်ပန်းလုံချည်ကို ဝတ်ချင်ကြောင်း မိဘများကို ပူဆာပါလေရဲ့။ ဒါနဲ့ မိဘဖြစ်သူများက ဝတ်ပန်းလုံချည်ဟာ တန်ဖိုးကြီးကြောင်း၊ သူဌေးသူကြွယ်များသာ ဝတ်နိုင်ကြောင်း၊ ကိုယ်လို သူဆင်းရဲတစ်ယောက်က ဝတ်ပန်းလုံချည်ကို ဝယ်ယူဝတ်ဖို့ဆိုရင် သူဌေးသူကြွယ်များ အိမ်မှာ သုံးနှစ်သုံးမိုး ကျွန်အမှုဝင်လုပ်ပြီးမှ ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သမီးဖြစ်သူကို နားချပြောဆို နှစ်သိမ့်တော်မူပါတယ်။

သူဆင်းရဲမလေးဟာ ဝတ်ပန်းလုံချည်ကို ဝတ်ချင်သော စိတ်ဆန္ဒက ပြင်းပြနေတော့ သူဌေးကြီးတစ်ဦးရဲ့

www.burmeseclassic.com

အိမ်မှာ သူကိုယ်တိုင်ပဲ သုံးနှစ်သုံးမိုးကျွန်အမှုကို ထမ်းဆောင်ခဲ့ပါတယ်။ ကိုယ်ကျင့်သီလ ကောင်းမွန်စွာဆောက်တည်ပြီး မိမိကိုယ်ပိုင်အလုပ်ကဲ့သို့ သဘောထားကာ အလုပ်ကို မနိုမကပ်ဘဲ လုပ်ကိုင်ဆောင်ရွက်ပေးသော အမျိုးသမီးလေးဟာ သုံးနှစ်မပြည့်ခင်မှာဘဲ ဝတ်ပန်းလုံချည်ကို ဝယ်ယူနိုင်ဖို့ ပိုက်ဆံစုဆောင်းနိုင်ခဲ့ပါတယ်။

သူဆင်းရဲမလေးဟာ ဝတ်ပန်းလုံချည်ကို ဝယ်ယူပြီး ပြုံးရွှင်သော မျက်နှာအသွင်ဖြင့် အိမ်ကို ပြန်လာခဲ့ပါတယ်။ အိမ်အပြန်လမ်းခရီးမှာ ရေကန်ကြီးတစ်ကန်ကို တွေ့တော့ ဒီရေကန်ကြီးမှာ ရေဆင်းချိုးပြီးမှ ဝတ်ပန်းလုံချည်ကို ဝတ်ဆင်ကာ အိမ်ပြန်မယ်လို့ ဆုံးဖြတ်ချက်ကို ချလိုက်ပါတယ်။

ဒီအချိန်မှာ ရေချိုးနေတုန်း သက်န်းများကို သူခိုးခိုးခံရလို့ သစ်ရွက်သင်္ကန်းဖြင့် ခြွမ်းခံကြွရောက်လာသော ရဟန္တာမထေရ်မြတ်ကြီးကို အမှတ်မထင် တွေ့မြင်လိုက်ရလေရော တစ်ကြိမ်တစ်ခါမှ မတွေ့ဖူးသော အတွေးတစ်ချက်က သူ့ခေါင်းထဲကို ဒိုင်းခနဲ ဆိုဝင်လာပါလေရဲ့။

သြော်··ငါဟာ အခုလို ဝတ်ပန်းလုံချည်ကို ဝတ်ဆင်ရဖို့အရေးကို သူဌေးကြီးရဲ့အိမ်မှာ သုံးနှစ်သုံးမိုး ကျွန်ခံခဲ့ရပါလား။ ငါဟာ ရှေးရှေးဘဝ,ဘဝများစွာက ပုဗ္ဗေစ ကတပုညတာ မင်္ဂလာချို့တဲ့ခဲ့ရပါလား။ မရှိလို့မလှူ မလှူတော့ မရှိတဲ့။ ငါ ဒီဘဝမှာ ဒါနကောင်းမှု မပြုလုပ်ခဲ့ရင် နောက်နောင်ဘဝတွေမှာလည်းပဲ ဒီလိုပဲ သူဆင်းရဲမ ဖြစ်ရဦးမှာပါလား။ ဒီတော့ ငါဟာ သူဆင်းရဲမဘဝမှ လွတ်မြောက်အောင် နောက်နောင် ဒီလိုမျိုး သူဆင်းရဲမ မဖြစ်ရလေအောင် သူဌေးကြီးရဲ့အိမ်မှာ သုံးနှစ်သုံးမိုး ကျွန်ခံပြီးမှ ဝယ်ယူနိုင်ခဲ့တဲ့ ဟောဒီဝတ်ပန်းလုံချည်ကို ငါမဝတ်တော့ပါဘူး။ အခုကြွလာသော ရဟန္တာကိုယ်တော်မြတ်ကြီးကိုပဲ ဦးဦးဖျားဖျား လောင်းလှူလိုက်ပါတော့မယ်လို့ ဆုံးဖြတ်ချက်ကို ချလိုက်ပြီး ရဟန္တာကိုယ်တော်မြတ်ကြီးအား သူ့လက်ထဲမှ ဝတ်ပန်းလုံချည်ကို လောင်းလှူလိုက်ပါတော့တယ်။

သူဆင်းရဲမလေးဟာ ဝတ်ပန်းလုံချည်ကို ရဟန္တာကိုယ်တော်မြတ်ကြီးအား လှူဒါန်းလိုက်သောအခါ သူလိုချင်သော ဆုကိုလည်း တောင်းဆိုလိုက်ပါသေးတယ်။

"အခုလို ဝတ်ပန်းလုံချည်ကို လောင်းလှူဒါန်းလိုက်ရသော ကောင်းမှုကုသိုလ် စေတနာကြောင့် နောက်နောင်ဘဝဆက်တိုင်း,ဘဝဆက်တိုင်း အခုလို သူဆင်းရဲမဘဝမှ လွတ်မြောက်ရပါလို၏။

ဆောက်တည်ခဲ့လေသမျှ စင်ကြယ်သော သီလကုသိုလ်ကံ စေတနာကြောင့် မြင်သူတကာ ရှုံးသွပ်လောက်အောင် ဖြစ်ရတဲ့ အလှပိုင်ရှင်တစ်ယောက် ဖြစ်ရပါလို၏"လို့ ဆုတောင်းလိုက်ကာ မိမိရဲ့ ရုပ်၊ နာမ်၊ ဓမ္မ၊ သင်္ခါရ တရားများအပေါ်ကို မမြဲခြင်း အနိစ္စ၊ ဆင်းရဲခြင်း ဒုက္ခ၊ အစိုးမရခြင်း အနတ္တ လက္ခဏာရေး တရားများတင်ကာ ရှုမြင်ဆင်ခြင်လိုက်ပါတော့တယ်။

သူဆင်းရဲမလေးဟာ အဲသလို ပြုလုပ်ခဲ့လေသော ပုဗ္ဗေစ ကတပုညတာ ရှေးကောင်းမှုကုသိုလ်ကံကြောင့် ဥမ္မာဒန္တီရယ်လို့ အလွန်ချောမော အလွန်လှပ မြင်ရသူတိုင်း ရှုံးသွပ်ရရှာတဲ့ သိဝိတိုင်းက ကုဋေရှစ်ဆယ် ကြွယ်ဝချမ်းသာတဲ့ သူဌေးသမီးလေးဘဝကို ပိုင်ဆိုင်ခဲ့ရခြင်းပဲ ဖြစ်ပါတယ်။

ဥမ္မာဒန္တီမင်းသမီးလေးရဲ့အတိတ် ပုဗ္ဗေစ ကတပုညတာ ကောင်းမှုကုသိုလ်အထူးကို ပြန်လည်သုံးသပ်ကြည့်ကြရအောင်ပါ။

ဥမ္မာဒန္တီမင်းသမီးလေးရဲ့ အတိတ်ကောင်းမှုကုသိုလ်တော်ဟာ အင်မတန်မှ သန့်ရှင်းစင်ကြယ်သော ပုဗ္ဗေစ ကတပုညတာ ကုသိုလ်တော်ကြီးပဲ ဖြစ်ပါတယ်။ ဥမ္မာဒန္တီ အလောင်းအလျာ သူဆင်းရဲမလေး လောင်းလှူဒါန်းလိုက်သော အလှူခံပုဂ္ဂိုလ်ဟာ ကိလေသာစင်ကြယ်ပြီးသော လယ်ယာမြေကောင်းသဖွယ်ဖြစ်တဲ့ ရဟန္တာကိုယ်တော်မြတ်ကြီးပဲ ဖြစ်လေတော့ ရေခံမြေခံဟာ အလွန်ကောင်းမွန်နေပါတယ်။ နောက်ပြီး သူမ ပြုလုပ်လှူဒါန်းလိုက်သော ကောင်းမှုကုသိုလ်တော် မျိုးစေ့ဟာလည်း သူဌေးကြီးရဲ့အိမ်မှာ သုံးနှစ်သုံးမိုး ကျွန်ခံပြီးမှ သမ္မာအာဇီဝကျစွာ ရရှိသော ငွေကြေးဖြင့် ဝယ်ယူခဲ့လေသော ဝတ်ပန်းလုံချည် ဖြစ်နေပြန်ပါတယ်။

လယ်ယာမြေက မြေခံရေခံကလည်း ကောင်းမွန်စိုက်ပျိုးသော မျိုးစေ့ကလည်း သန့်ရှင်းစင်ကြယ်သော မျိုးကောင်းမျိုးသန့် ဖြစ်လေတော့ အချိန်ကျ၍ [illegible] သီးသောအခါမှာ သူဆင်းရဲမလေးအဖို့ ကုဋေရှစ်ဆယ် ကြွယ်ဝချမ်းသာလေသော သူဌေးသမီးလေးဘဝကို ပိုင်

www.burmeseclassic.com

ခဲ့ရခြင်းပဲ ဖြစ်ပါတယ်။

နောက်ပြီး မြင်ရသူတိုင်း ရူးသွပ်သွားရလေအောင် ...ည့်ရူပကာယက ချောမောလှပရခြင်းရဲ့ အကြောင်း ...ကို ပြန်လည်သုံးသပ်ကြည့်လိုက်မယ်ဆိုရင်လည်း ...င်းရဲမလေးဟာ ကိုယ်ကျင့်သီလကို ကောင်းမွန်စွာ ...င့်ထိန်းပြီး သူဌေးကြီးရဲ့ အလုပ်ကိစ္စတွေကို ကိုယ့် ...ပ်လို သဘောထားပြီး မခိုမကပ်ဘဲ စေတနာကောင်း ... လုပ်ကိုင်ဆောင်ရွက်ပေးခဲ့သော သီလပုဗ္ဗစ ကတ ...တာ ကုသိုလ်ကံ အထူးကြောင့်လည်း မြင်သူတကာ ...တိုင်း ရူးသွပ်သွားရလေအောင် ချောမောလှပသော ...ဒန္တီ မင်းသမီးလေး ဖြစ်ရပြန်ပါတယ်။

သူဆင်းရဲမလေးဟာ သမ္မာအာဇီဝကျစွာ ရှာဖွေ ...ဆောင်းထားသောငွေကြေးဖြင့် ဝယ်ယူခဲ့လေသော အင် ...နီမှ တန်ဖိုးကြီးမားတဲ့ ဝတ်ပန်းလုံ့ချည်ကို ရဟန္တာ ...သံတော်မြတ်ကြီးအား လောင်းလှူဒါန်းသော အချိန် ...လည်း သူလိုချင်သောဆုကို တောင်းရုံတင်မကသေးဘဲ ...ရဲ့ ရုပ်၊ နာမ်၊ ဓမ္မ၊ သင်္ခါရတို့ရဲ့အပေါ်ကို မမြဲခြင်း အနိစ္စ၊ ဆင်းရဲခြင်း ဒုက္ခ၊ အစိုးမရခြင်း အနတ္တ လက္ခဏာရေး တရားများဖြင့် ဆင်ခြင်လိုက်သော ဘာဝနာကုသိုလ်တော်ကြီးကိုပါ အလွတ်မပေးဘဲ ကောင်းကောင်းကြီး အသုံးချလိုက်ပါသေးတယ်။

ဒါကြောင့် ဥမ္မာဒန္တီမင်းသမီးလေးရဲ့ ရှေးရှေးဘဝ ဘဝက ပုဗ္ဗစ ကတပုညတာ ကောင်းမှုကုသိုလ်တော်ကြီးဟာ ဒါနပုဗ္ဗစ ကတပုညတာ၊ သီလပုဗ္ဗစ ကတပုညတာ၊ ဘာဝနာပုဗ္ဗစ ကတပုညတာဖြင့် သုံးမျိုးစလုံး ပါလာခဲ့ခြင်းကြောင့် အဘက်ဘက်မှ ပြောစရာ မလိုလောက်အောင်ကို ပြီးပြည့်စုံနေခြင်းပဲ ဖြစ်ပါတော့တယ်။

**ကျော်ကျော်ဦး(ဒါးဘီး)**

<u>ကျမ်းကိုး</u>

၁။ ဗုဒ္ဓဘာသာကောင်းတစ်ယောက်
(သာသနာရေးဝန်ကြီးဌာန)။
၂။ မင်္ဂလာတရား (အရှင်ဇနကာဘိဝံသ)။
၃။ မင်္ဂလသုတ် ကိုယ်တိုင်လေ့လာ
သင်ကြားဆည်းပူးခဲ့ခြင်း။


**မန္တလေး-နေပြည်တော် ဆရာလှဌေး မြေးတပည့်**

# ဆရာမကြီး ဒေါ်စောဦးစံ (ရှမ်းပြည်)

**B.A (History)**

**ဗေဒင် လက္ခဏာ ဝေဒပညာရှင်**

စီးပွားရေး၊ အိမ်ထောင်ရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကိစ္စအဝဝကို ရှမ်းပညာစစ်စစ် အံ့ဖွယ်နက်နဲဆန်းကြယ်သော အထူးယတြာများဖြင့် ထက်မြက်စွာ ဆောင်ရွက်ပေးသည်။

ပူပြင်းလှသည့် နှလုံးသားခံစားချက်ရှိသူများ အေးချမ်း၊ ပျော်ရွှင်၊ တည်ငြိမ်၊ သာယာသော ဘဝအလှ ရရှိစေရန် ဆရာမကြီးထံ လာရောက်ဆွေးနွေးနိုင်ပါသည်။

(တနင်္ဂနွေ၊ တနင်္လာ)နေ့များမှအပ နေ့စဉ် ဟောခန်းဖွင့်ပါသည်။

ဟောခန်း - အမှတ်(၁၆)၊ အနောက်ဘက်မုခ်၊ ကျိုက်ဝိုင်းဘုရား၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဟောခန်း(အိမ်) - တိုက်-၇၉(၅-လွှာ)၊ အောင်ဇေယျာလမ်း၊ (၁)ရပ်ကွက်၊ သမိုင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ☎ ၀၉ ၇၃၂၄၀၇၉၆ ၊ ၀၉ ၃၂၂၂ ၇၇ ၈၇


www.burmeseclassic.com

www.burmeseclassic.com

# မုံရွာ နေဇာ
# လင်ပြိတ္တာနှင့် လူသားမယား



**အမေတစ်ခု သားတစ်ခုဘဝမှ**

သာဝတ္ထိပြည်ဖွား အမျိုးသားတစ်ယောက်
သူသည် လူလိမ္မာတစ်ယောက် ဖြစ်၏။ မွေးသမိ
ကျေးဇူးရှင်ကို ဂူပုထိုးသို့ ရှိခိုးဦးတင် အစဉ်ပြုစုလုပ်ကျွေ
နေသူပင်။ အမေတစ်ခု သားတစ်ခု ဘဝကို သမ္မာအာဇီဝ အသက်မွေးမှုဖြင့် ရပ်တ
နေတာပါ။

သားကြီး အရွယ်ရောက်လာပြီဖြစ်၍ မိခင်ကြီးက မိဘဝတ္တရားရှိသည်
အညီ တစ်ရွာတည်းနေ ရက်ကန်းသည် မိန်းကလေးတစ်ဦးနှင့် လက်
ထိမ်းမြားပေး၏။ အမေ သဘောတူ ပေးစားထားသော အမှဲ့ချွေးမ အလိ

www.burmeseclassic.com

ထားကို အလိမ္မာအိမ်ပါ ဆိုတဲ့အတိုင်း အိမ်မှာ ခေါ်ထား ထိုက်သည်။ ချစ်လိုက်ကြတာ တုန်လို့။ လင်က မယားကို ကြင်နာ၊ မယားကလည်း လင်ကိုယုယ အတွဲညီလှပါ၏။ ကံရေးတဲ့ဖူးစာတော့ မဟုတ်၊ အမေပေးစားတဲ့ ဖူးစာ ပေတကား။

သို့သော် သူတို့နှစ်ယောက်၏ အချစ်သံသရာ-မရှည် ကြာခင်မှာပင် ဘဝကံကြမ္မာက ခွဲပစ်လိုက်သည်။ ညား ခါ ဇနီးမောင်နံဘဝမှာ အားရအောင်မှ မချစ်ရသေး သူငယ်ချင်းများနှင့်အတူ ရေချိုးသွားရင်း ကံဆိုးသူ လင် ယောကျ်ားခမျာ မြွေကိုက်ခံရကာ သေသွားပါသည်။ သူ ၏ စိတ်ထဲမှာတော့ အိမ်က မယားအလှ ခင်မကိုသာ သူ့ဖွတမ်းတရင်း ဘဝခြားသွားလေသည်။

ပီယေဟိ ဝိပ္ပယောဂေါ ဒုက္ခော ဓမ္မစကြာတရား တွင် မြတ်ဗုဒ္ဓ ဟောကြားထား၏။ ချစ်သူတို့နှင့် သေကွဲ ရှင်ကွဲ ခွဲခွာရခြင်းသည် ကြီးမားသော ဆင်းရဲဒုက္ခ တစ် မျိုးပေတကား။

ချစ်မယားလေးကို စွဲလမ်းသောစိတ်ဖြင့် သေသွား သော လင်ယောက်ျားသည် ဝေမာနိကပေတ ခေါ် လူတို့ နှင့် တစ်စပ်တည်း ဖြစ်တည်နေသော ပြိတ္တာ(တစ္ဆေ) ဖြစ် သွားလေသည်။ ပြိတ္တာဆိုသော်လည်း လူ့ဘဝတုန်းက သီလ်ကောင်းမှုပြုခဲ့ခြင်း၊ မိခင်ကြီးကို လုပ်ကျွေးခဲ့ခြင်း ကြောင့် နတ်စည်းစိမ်တမျှ ဘုံဗိမာန်နှင့်တကွ ခံစားရပါ ၏။ ခံစားရပါ၏။

သို့သော် သူ့မှာ လိုအပ်နေတာက ချစ်လှစွာသော မယား အိမ်သူချစ်သက်ထား။

**ချစ်မယားလေးကို စွဲလမ်းတဲ့စိတ်**

နတ်၌ဖြစ်သော ဘုံဗိမာန်၊ နတ်၌ဖြစ်သော အစား အစာ၊ နတ်၌ဖြစ်သော အဆင်တန်ဆာ၊ နတ်၌ဖြစ်သော ဥယျာဉ်၊ ရေကန်တို့ဖြင့် ကောင်းမွန်စွာ ခံစားရသော်လည်း ဗိမာန်ရှင် မပျော်ပါ။ သူ၏ အပျော်များမှာ လူ့ပြည်တွင် ကျန်ရစ်ခဲ့ယောင်တကား။

ဤဗိမာန်မှာ ချစ်သူနှင့် အတူစံရအောင် မည်သို့ကြံ ဆည်ရပါမည်နည်း။ ချစ်သူကို ဤဗိမာန်ပေါ်ရောက်အောင် ဘယ်လိုခေါ်ဆောင်ရပါမည်နည်း။

လူသားနှင့် ပြိတ္တာ ဘဝချင်း ခြားနေရသည့်ဒုက္ခ။

ဗိမာန်ရှင်သည် ပစ္စေကဗုဒ္ဓါကျောင်းသို့ သွားကာ တရားနာပြီး တရားနှင့် ဖြေပါ၏။ မပြေပါ။ သို့ရာတွင် တစ်နေ့သောအခါ သင်္ကန်းချုပ်နေသော ဗုဒ္ဓါကို တွေ့မြင် ရသဖြင့် အကြံတစ်ခု ရရှိသွား၏။

'အရှင်ဘုရား··အပ်ချည်များ လိုအပ်ပါသလားဘုရား'

'သင်္ကန်းချုပ်ရန် အပ်ချည်တော့ လိုအပ်နေတယ် ဒကာ'

လှူဒကာ ယောင်ဆောင်ထားသောသူ့ကို ပစ္စေကဗုဒ္ဓါ က အမိန့်ရှိလိုက်ခြင်း ဖြစ်သည်။

လူ့ပြည်မှာ ကျန်ရစ်ခဲ့သော ချစ်သူမယားနှင့် အတူ နေရန် သူ့ဗိမာန်သို့ ရောက်ရှိလာရေးအတွက် အလှူဒါန တစ်ခုပြုရန်ဖြစ်ရာ အရှင်ပစ္စေကဗုဒ္ဓါကို အကြံပြုလျှောက် ထားလိုက်၏။

'အရှင်ဘုရား··သင်္ကန်းချုပ်ရန် အပ်ချည်လိုအပ်နေ ပါက ဟောဒီရွာ တောင်ပိုင်းမှာနေတဲ့ ရက်ကန်းသည်ထံ သို့ ကြွပြီး အလှူခံတော်မူပါဘုရား'

ထိုအိမ်မှာ ချစ်ဇနီး၏ အိမ်ပါတည်း။

အချိန်ကား နေဝင်ဆည်းဆာအချိန်။

နေမှိန်မှိန် တိမ်တောင်တိမ်လိပ်တို့မှာ လိမ္မော်ရောင်၊ အနီရောင် သန်းလျက်။

ရက်ကန်းသည်မသည် အိမ်ရှေ့သို့ ကြွရောက်ကာ ရပ်တန့်တော်မူနေသော အရှင်ပစ္စေကဗုဒ္ဓါထံပါးသို့ ချဉ်း ကပ်သွားပြီး မေးမြန်းလျှောက်ထားလိုက်သည်။

'အရှင်ဘုရား··ဘာအလိုရှိပါသလဲဘုရား။ မိန့်တော် မူပါ'

'အဘယ်နှမ··သင်္ကန်းချုပ်ရန် အပ်ချည်လိုအပ်နေပါ တယ်'

ရက်ကန်းသည် အမျိုးသမီးသည် အသင့်ရှိနေသော အပ်ချည်တစ်လုံးကိုယူ၍ ပစ္စေကဗုဒ္ဓါအရှင်မြတ်အား လှူ ဒါန်းလိုက်၏။

ချစ်ဇနီး၏ လှုပ်ရှားမှုကို ထက်ကြပ်မကွာ ကြည့်နေ ပါသော ဗိမာန်ရှင် လင်ယောက်ျားသည် 'အရဲစွန့်ကာ ချစ်သူ၏ မိခင်ထံ ချဉ်းကပ်ပြီး သမီးကို တောင်းလေတော့ သည်။

'ဒီသူငယ် တယ်ခက်ပါလား။ ငါ့သမီးကို ဟင်းရွက် ကန်စွန်းများ အောက်မေ့နေသလား။ ရဲတင်းလိုက်တာ။ မင်း ဘယ်သူလဲ'



www.burmeseclassic.com

www.burmeseclassic.com

မှန်ပါသည်။ ဗိမာန်ရှင်သည် သူ့တွင်ရှိသော အရည်အချင်းကို မပြဘဲ သာမန်လူတစ်ယောက်ပုံစံဖြင့် သွားရောက်ခြင်း ဖြစ်သည်။

သို့ဖြင့် ဗိမာန်ရှင်က သူ့တွင်ရှိသော အရည်အချင်းဖြင့် ထိုအိမ်ရှိ အိုးခွက်ပန်းကန် မှန်သမျှကို ရွှေအိုး၊ ရွှေခွက်၊ ရွှေပန်းကန်များဖြစ်အောင် ဖန်တီးလိုက်၏။

ပြီးတော့-

'ဤပစ္စည်းများကား နတ်ပေးသောပစ္စည်းများဖြစ်သည်။ ဤအိမ်ရှင်မှတစ်ပါး တခြားမည်သူမျှမယူရ' ဟူ၍ ကမ္ပည်းစာတန်း ထိုးထားလိုက်သည်။

ပြိုးပြိုးပြက်ပြက် ဝင်းဝင်းလက်လက် ဖြစ်သွားသော အိုးခွက်ပန်းကန်များနှင့် စာတန်းကြည့်ကာ အံ့သြခြင်းမက အလွန်အံ့သြသွားလေသည်။

ဤအခါကျမှ မိခင်ဖြစ်သူသည် ဗိမာန်ရှင်၏ အစွမ်းအစကို လက်တွေ့သိမြင်ကာ သမီးနှင့် သဘောတူလေ၏။

ဤသို့ဖြင့် ဗိမာန်ရှင်သည် ထိုအိမ်မှာပင် ချစ်ဇနီးဟောင်းနှင့် သုံး၊လေးရက် ပေါင်းသင်းနေထိုင်ပြီးနောက် ချစ်ဇနီးအား မထားခဲ့ရက်သဖြင့် သူ၏ဗိမာန်သို့ ခေါ်ဆောင်သွားလေသတည်း။

## အချိန်တန်လျှင် အိမ်ပြန်ချင်တဲ့စိတ်

ဗိမာန်ရှင်၏ယောက္ခမ၊ ဇနီး၏မိခင်သည် ဗိမာန်ရှင်ထားခဲ့သော ပစ္စည်းများဖြင့် အလှူခံပုဂ္ဂိုလ်၊ ဖုန်းတောင်းယာစကာများအား လှူဒါန်းစွန့်ကြဲပေးကမ်းကာ နေလေ



တော့၏။ သမီးပြန်လာခဲ့သော် ဤပစ္စည်းများကို ပေးအပ်ရစ်ကြပါဟု မှာကြားကာ သက်တမ်းစေ့နေပြီး သေလွန်သွားလေသည်။

နှစ်ပေါင်း(၇၀၀) ကြာသွားခဲ့ပြီ။

လူသားတို့၏ သက်တမ်းသာ တိုတောင်းပြီး နတ် အသူရာ၊ ဗြဟ္မာတို့၏ အသက်ကား ရှည်လျားလှပါဘိ။ လူ့ပြည်တွင် ဗုဒ္ဓဂေါတမဘုရားရှင် ပွင့်ထွန်းခဲ့လေပြီတည်း။ ဗြဟ္မာတို့၏ သက်တမ်းဖြင့်ကား ဘာများမကြာ သေးဟု ထင်ရသော်လည်း လူသားမိခင်၏ သမီးဖြစ်သော ဗိမာန်ရှင်ဝိမာနပြိတ္တာ၏ ဇနီးဖြစ်သော အမျိုးသမီးမှာ ငြီးငွေ့လာလေပြီ။ အစစအရာရာ ဗိမာန်ပေါ်မှာ မောင်တော်သခင်နှင့် စံပျော်ရွှင်မြူးနေရသော်လည်း လူသံ မကြားရ မမြင်ရ၊ လူတွေနှင့် မဆက်ဆံရသောအခါ ပျင်းရိငြီးငွေ့လာသည်မှာလည်း သဘာဝကျပါသည်။ လူ့ပြည်တွင် ကျန်ရစ်ခဲ့သည့် မိခင်ကြီးကိုလည်း မကြာခဏ သတိရ၏။

ဗိမာန်ရှင်၏ မယားသည် စဉ်းစားခန်းဝင်ရင်း အိပ်စက်မပျော်ဖြစ်နေရာ ဗိမာန်ရှင်က 'ရှင်မ··ဘာကြောင့် အိပ်စက်မပျော် ဖြစ်နေတာလဲ' မေး၏။

'ဒီဗိမာန်ကြီးမှာ မောင်နဲ့ အတူနေရတာ မပျော်ဘူးလား'

'မပျော်လို့တော့ မဟုတ်ပါဘူး။ အမေ့ကို သတိရလို့ပါ။ ကျွန်မကို လူ့ပြည်သို့ ပြန်ပို့ပေးပါလား မောင်တော်ရယ်'

'ရှင်မ၊ စဉ်းစားပါ။ ရှင်မ ဤဗိမာန်သို့ ရောက်ခဲ့သည်မှာ နှစ်ပေါင်း(၇၀၀) ကြာသွားပြီ။ ရှင်မ လူ့ပြည်ပြန်သွားရင် လူ့ပြည်သက်တမ်းက တိုတိုလေးမို့ ရှင်မရဲ့ မိခင်၊ ဆွေမျိုးဉာတကာတွေ တစ်ဦးတစ်ယောက်မှ ရှိတော့မှာ မဟုတ်တော့ဘူး။ ရှင်မကိုယ်တိုင်လည်း လူ့ပြည်ပြန်ရောက်သွားရင် ယခုပုံစံအတိုင်း နုနုပျိုပျို ရွှန်းရွှန်း အရွယ် ရှိတော့မှာမဟုတ်။ မျက်စိမှုန်၊ နားထိုင်း၊ ပါးပြင် ခါးကိုင်း၊ သွားကြွေ၊ အသားအရေတွေ ယိုယွင်းပြီး အို မစွမ်း အသွားအိုကြီး ဖြစ်သွားမှာကို သတိထားမိရဲ့လား ဒီတော့ကာ ဘာကြောင့် လူ့ပြည် ပြန်ချင်ရတာတုံး။ တော်နဲ့ပဲ ပျော်ပျော်ကြီး စံနေပါတော့လား

နောက်ဆုံးတွင် ဗိမာန်ရှင် လင်ပြိတ္တာသည် လူ့

www.burmeseclassic.com

ကို လူ့ပြည်သို့ ပြန်ပို့ပေးလိုက်လေသတည်း။ ပြိတ္တာဘုံဘောနသို့ ပြန်မသွားခင် တွယ်တာရစ်ငင်သော သံယောဇဉ်ကြိုး ချစ်မယားကို တဖွဖွမှာကြားလေသေး၏။

'လူ့ပြည်မှာ ဒါန၊ ကုသိုလ်ကောင်းမှုတွေ ပြုလုပ်ပါ။ ပြီးတော့ မောင်တော်နဲ့ အတူနေဖို့ရန် ဆုတောင်းပါ ရှင်မ'

<u>ပြိတ္တာပြန် အဘွားကြီးဘဝသို့</u>

ဗိမာန်ရှင် လင်ယောကျ်ား ပြောခဲ့သည့်အတိုင်းပင် လူ့ပြည် ပြန်ရောက်သွားသောအခါ အဘွားအိုကြီးစင်စစ်ဖြစ်နေပါပြီ။ သူမကို ပြိတ္တာပြန် အဘွားကြီး၊ ပြိတ္တာပြန် အဘွားကြီးဆိုပြီး လာရောက်ကြည့်ရှုကြသည်။ ပြိတ္တာဘုံအကြောင်း မေးမြန်းကြသည်။ သူမကလည်း အကြောင်းစုံကို ပြောပြလိုက်သည်။

'သူငယ်ချင်းတို့၊ သားတို့,သမီးတို့၊ ကုသိုလ်ကောင်းမှုကို စွမ်းနိုင်သလောက် ကြိုးစားပြုလုပ်ကြပါ။ ကုသိုလ်ဒါန မပါကြသော ပြိတ္တာ(တစ္ဆေ)တို့၏ ညည်းတွားသံများ၊ ဆင်းရဲဒုက္ခခံစားရပုံများကို ငါကိုယ်တိုင် ကြားခဲ့၊ မြင်ခဲ့ရသည်။ ကုသိုလ်ကောင်းမှု မပြုခဲ့ရလေခြင်းဟု ယူကျုံးမရ နှောင်တ,ရနေကြသည်။ သူငယ်ချင်းတို့၊ သားတို့, သမီးတို့ ဒါနကုသိုလ်မပါလျှင် သံသရာဘဝခရီး သွားသူတိုင်း ရရာဘဝမှာ ဆင်းရဲဒုက္ခ ရောက်ကြသည်။ ဒါကြောင့် ဒါနကုသိုလ် ရိက္ခာကောင်းကို အချိန်မီ အရွယ်ကောင်းတုန်း စုဆောင်းသိုမှီးကြပါကုန်လော့'

ဤကား ပြိတ္တာပြည်ပြန် အဘွားကြီး၏ ကိုယ်တွေ့တရားနှင့် တိုက်တွန်းနှိုးဆော်မှုများ ဖြစ်ပါ၏။

(၇)ရက်မြောက်သောနေ့။

ပြိတ္တာပြန် အဘွားကြီး လူ့ပြည်သို့ရောက်ရှိ၍ (၇) ရက်ပြည့်သောနေ့မှာပင် ကွယ်လွန်သွားလေသည်။ ကွယ်လွန်ပြီး နောက်ဘဝတွင် သူပြုလုပ်ခဲ့သော ကုသိုလ်ဒါနများကြောင့် တာဝတိံသာနတ်ပြည်သို့ ရောက်ရှိသွားလေသတည်း။

**နမော သမ္မာသမ္ဗုဒ္ဓဿ**

**မုံရွာ–နေဇာ**

*ပေတဝတ္ထု အဋ္ဌကထာ၊ ဥဗ္ဗရိဝဂ်၊ သုတ္တပေတဝတ္ထုကို ဖတ်ချင်စဖွယ်ဖြစ်အောင် ခြယ်မှုန်းရေးသားပါသည်။*


# တောင်တွင်းကြီးမဟာတံခွန်

## နိုင်ငံကျော် ဝိဇ္ဇာ မဟိဒ္ဓိ သိဒ္ဓိ ဂမ္ဘီရ [အကြားအမြင်] ပညာရှင်

**အမှတ်–၄၃၇(၇–လွှာ) ကျိုက္ကဆံလမ်း၊ အစွန်လွှတ်ဈေးရှေ့၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**

**☎ ၇၀၈၆၂၀၊ 📱 ၀၉ ၅၀ ၆၉၇၆၄၊ ☎ (၀၁) ၄၀၁၁၆၅**

အပိုမပြောလိုပါ။ တစ်ကြိမ်တစ်ခါ ဆွေးနွေးကြည့်ရှုမှုဖြင့် စိတ်ကျေနပ်မှုရစေမည်။ အိမ်ထောင်ရေးမပြေလည်သူများ ဆရာကြီးနှင့် အမြန်ဆုံးဆက်သွယ်ဆွေးနွေးပါ။ ထီပေါက်ကိန်းရှိ/မရှိ ပြတ်ပြတ်သားသားသိရမည်။ လစဉ်အလိုက် ထိုးသင့်သော အက္ခရာစိုးမိုးဂဏန်းများကို စနစ်တကျ စိစစ်တွက်ချက်၍ တိကျစွာလမ်းညွှန်ပေးမည်။ ရာထူးအတက်အကျ၊ နိုင်ငံခြားသွားရကိန်းရှိ/မရှိ၊ သွားရမည့်နိုင်ငံ၊ ပညာရေးအခြေအနေ (စာမေးပွဲအောင်/ရှုံး).. စသည်ဖြင့် တိတိကျကျ ဟောကိန်းထုတ်ပေးမည်။ ဘဝကံကြမ္မာမကောင်း၍ ဆင်းရဲဒုက္ခများနှင့် တွေ့ကြုံနေရသူများအား မြန်မာ့ရိုးရာအင်္ဂဝိဇ္ဇာ ဓာတ်ယတြာပညာရပ်များဖြင့် ကံကြမ္မာမြင့်တင် ပါရမီဖြည့် ကူညီပေးနေသည်။ ဟောကိန်းတိကျမှန်ကန်မှုအတွက် ရာနှုန်းပြည့်တာဝန်ယူသည်။

www.burmeseclassic.com

# ကိုမောင်သန်းဝင်း
## မိမိသည်သာ မိမိအတွက်
## မီးအိမ်ဖြစ်ပါစေ




ဘယ်သူမပြု မိမိမှု ဆိုတဲ့စကားရှိတယ်။ မိမိကိုယ်ကို မိမိ အမှီပြုလို့ ကုသိုလ်အမှုကိုလည်း လုပ်ဆောင်လို့ရတယ်။ အကုသိုလ်အမှုကိုလည်း လုပ်ဆောင်လို့ရတယ်။ အောင်မြင်ရေး လမ်းကြောင်းပေါ်ကိုလည်း ဝီရိယရှိစွာ တက်လှမ်းနိုင်ခွင့်ရှိသလို ဝီရိယမဲ့စွာနဲ့ အောက်သို့လည်း ဆင်းနိုင်တယ် ဆိုတယ်။

ဗုဒ္ဓရှင်တော်မြတ်ကလည်း မိမိတို့ဘဝ လွတ်မြောက်ဖို့၊ မိမိတို့ တစ်ဦးချင်းအပေါ်မှာ တည်တယ်။ ဘဝသန့်စင်အောင်ရော ဘဝညစ်နွမ်းအောင်ကိုပါ မိမိတို့ကိုယ်တိုင် လုပ်နေကြတာဖြစ်တယ်လို့ ဟောကြားတော်မူခဲ့ပါကြောင်း ဗုဒ္ဓစာပေမှာ လာရှိပါတယ်။

ဓမ္မပဒမှာ ဘယ်လိုဆိုထားသလဲဆိုရင် ဗုဒ္ဓ(ဘုရား)တို့မည်သည် သွန်သင်ဆုံးမလမ်းပြသည့် ဘုရားများသာဖြစ်ကုန်၏။ အကျိုးသက်ရောက်ရန်မှုကား မိမိတို့ကိုယ်တိုင် ကျင့်ကြံအားထုတ်ကြရာ၏။ အမှန်အတိုင်း သတိတရရှိသော သူသည်သာ အကုသိုလ်အနှောင်အဖွဲ့များမှ လွတ်မြောက်ရာ၏။

ထို့ပြင် အကြင်သူသည် တက်လှမ်းချိန်တိုင်ပါလျက် နိုးကြားထကြွမှု ကင်းဘိ၏။ ငယ်ရွယ်သန်စွမ်း ဖျတ်လတ်မှုရှိပါလျက် ဝီရိယကင်းမဲ့စွာ မှိုင်တွေနေဘိမှု၊ စိတ်ဓာတ်ခွန်အားနည်းကြဘိမှု၊ လုံ့လကြိုးကုတ် အားထုတ်မှုမရှိမူ မည်သည့်နည်းနှင့်မျှ လမ်းမှန်သို့ မရောက်ကြကုန်။ လုံ့လ



www.burmeseclassic.com

www.burmeseclassic.com

ကြိုးကုတ် အားထုတ်ခြင်းသည်သာ ထာဝစဉ်မပျောက် ကွက်သော လမ်းပါတည်းဟူ၍လည်း ဆိုထားပါတယ်။

အဲဒါနဲ့ပတ်သက်လို့ ဗုဒ္ဓရှင်တော်မြတ်က တပည့် သာဝကတွေကို ပရိနိဗ္ဗာနသုတ်မှာ ဟောကြားတော်မူထား တာ ရှိပါသေးတယ်။

မိမိသည် မိမိအတွက် မီးအိမ်ဖြစ်ပါစေ။ မိမိကိုယ် သည်သာ မိမိခိုလှုံရာဖြစ်ပါစေ။ မိမိမှတစ်ပါး အခြားသော သူတို့အား ခိုလှုံရာအဖြစ် မရှာဖွေပါနှင့်။ အကြင်သူသည် မိမိအတွက် မီးအိမ်အလား၊ မိမိအတွက် ခိုလှုံရာအလား ဖြစ်ကြဘိမူ ဗောဓိဉာဏ်ကို ရှာကြံသောသူများအလား အဝ၏ ထိပ်ဆုံးသို့ မုချမသွေ ရောက်ကြပေအံ့ပါတဲ့။

သတ္တဝါချရရင် မိမိကိုယ်ကိုမိမိတို့ အားကိုးသမှုပြုဖို့ ဆပဲပေါ့။ ဟုတ်ပါပြီ၊ မိမိကိုယ်ကိုမိမိတို့ အားကိုးပြီး ဘဝရဲ့ အမြင့်လမ်းကြောင်းပေါ်ကို တက်လှမ်းကြဖို့ပဲ ဖြစ် ပါတယ်။ ဒီတော့ ဘယ်လိုတက်လှမ်းကြမလဲဆိုတာ လို လာပြီလေ။

မြန်မာစကားမှာရှိတယ်။ ဆရာ မရှိရင် ငါးပိဖုတ်တာ တောင် နည်းလမ်းမကျပါဘူးတဲ့။ အဲဒီတော့ ဆရာကောင်း ဆရာမြတ်ကို ရှာဖွေပြီး အဲဒီဆရာကောင်းဆရာမြတ်တွေ ညွှန်ပြခဲ့တဲ့ နည်းလမ်းအတိုင်း ကျင့်ကြံကြိုးကုတ် အား ထုတ်ကြဖို့ပဲ မဟုတ်လား။

ဆိုခဲ့သလို ဆရာကောင်း ဆရာမြတ်ဆိုတာက အဝေး မှာ ရှာဖို့ မလိုပါဘူး။ အနီးဆုံးမှာ ရှိနေပါတယ်။ တချို့ သူတွေက နီးလွန်းလို့ မမြင်ကြလေသလားမသိ။ မမြင်ပေ မယ့် ရှိနေပါတယ်။ အဲဒီဆရာမှန် ဆရာမြတ်ကြီးကတော့ ဗုဒ္ဓရှင်တော်မြတ်ကြီးပါပဲ။

ရှေးဦးစွာပေါ့လေ။ ဗုဒ္ဓဆိုတာ ဘာလဲ။ ကွက်ကွက် ကွင်းကွင်း မြင်လာအောင် အကြမ်းဖျင်း ပြောကြည့်မယ် နော်။

ဗုဒ္ဓဆိုတာ ဗောဓိဉာဏ်ကို ရရှိပြီးသူလို့ ခေါ်ဆို တယ်။ ဗောဓိကတော့ ဉာဏ်ပညာလို့ အဓိပ္ပာယ်ရတယ်။ အမြော်အမြင်၊ အကျင့်သီလတွေနဲ့ ပြီးပြည့်စုံတဲ့သဘော ပါ။ ဒီဗောဓိဉာဏ်ကို လူသားတစ်ယောက်အနေနဲ့ ကိုယ် တိုင် ကျင့်ကြံအားထုတ်ရင် ရနိုင်တယ်လို့ ဆိုတယ်။

ဗုဒ္ဓဆိုတဲ့ ဝေါဟာရကတော့ သဗ္ဗညုတဉ္ဉာဏ် တော်ကို ရရှိသူ (Enlightened One) ၊ သိသောသူ (A Knower) လို့ အဓိပ္ပာယ်ရပါတယ်။

အဲဒီဗုဒ္ဓအဖြစ်ကို လိုလားတောင့်တပြီး ကျင့်ကြံတဲ့ သူကို ဗုဒ္ဓအလောင်းအလျာလို့ ခေါ်ပါတယ်။ အဲဒီဗုဒ္ဓ အလောင်းအလျာ သိဒ္ဓတ္ထဟာ ဘယ်လိုကျင့်ကြံအားထုတ် ပြီး ဗုဒ္ဓအဖြစ်ကို ရရှိတော်မူခဲ့ပါသလဲ။

ဘာအကျင့် ဘာနည်းတွေလဲ ဆိုတာကို စေ့ငုကြည့် ကြရရင်–

(၁) မိမိရဲ့ စည်းစိမ်ဥစ္စာတွေကို မပြောထားနဲ့၊ အသက် ကိုပင် လာပြီးအလှူခံမယ့်သူရှိရင်တောင် ပေးကမ်းစွန့်ကြဲ မယ်ဆိုတဲ့ ဒါနပါရမီ။

(၂) အသက်ကိုပင် အသေခံပြီး စောင့်ထိန်းအပ်တဲ့ သီလ ကို စောင့်ထိန်းမယ်ဆိုတဲ့ သီလပါရမီ။

(၃) စည်းစိမ်ဥစ္စာ ဟူသမျှတွင် သာမန်လူသားတို့ အတပ် မက်ဆုံးဖြစ်တဲ့ ထီးနန်းစည်းစိမ်ကိုပင်လျှင် စွန့်ပယ်၍ တောထွက်ခြင်း၊ တစ်နည်းအားဖြင့် ဤစည်းစိမ်ဥစ္စာ ရတနာဆိုတဲ့ တရားစုတို့မှ လွတ်မြောက်အောင် ရုန်းထွက် တဲ့ နိက္ခမပါရမီ။

(၄) အသက်၊ စည်းစိမ်ချမ်းသာကိုပင် ပဓာနမပြုဘဲ အမှန်တရားကိုသာ ကိုယ်စားပြုတဲ့ သစ္စာပါရမီ။

(၅) ရှိရှိသမျှသော တရားတို့ကို ဟုတ်တိုင်းမှန်ရာအတိုင်း ခွဲခြားစိတ်ဖြာပြီးသိနိုင်တဲ့ အသိဉာဏ်ကို ဆည်းပူးတည် ဆောက်တဲ့ ပညာပါရမီ။

(၆) အသက်အိုးအိမ်စည်းစိမ် ဟူသမျှကို ပဓာနထားဘဲ သမုဒ္ဒရာပင်လယ်ပြင်ကြီးကိုပင် လက်ပစ်ကူး စွန့်စားဝံ့ သော မဆုတ်မနစ်တဲ့ ဖွဲ့၊ လုံ့လထုတ်မှု ဝီရိယပါရမီ။

(၇) မိမိရဲ့ သားသမီး၊ ဇနီးကိုသာမက မိမိရဲ့အသက်ကို ပင် လုပ်ကြံသတ်ဖြတ်မည့်သူ ဖြစ်ပါစေ။ မည်ကဲ့သို့မျှ မတုံ့ပြန်ဘဲ သည်းခံတဲ့အကျင့်ကို တည်ဆောက်တဲ့ ခန္တီ ပါရမီ။

(၈) ရှိရှိသမျှသော သတ္တဝါတို့ကို မိမိ၏ ရင်သွေးရင် နှစ် သားသမီးအစစ်ကဲ့သို့ ချစ်ခင်ကြင်နာခြင်း စိတ်ဓာတ် ကို တည်ဆောက်သည့် မေတ္တာပါရမီ။

(၉) မိမိပြုအံ့ဟု ရည်မှန်းထားတဲ့ မြင့်မြတ်တဲ့အရေးကိစ္စ အဝဝကို ဆောင်ရွက်ရာတွင် မည်သည့်ဘေးအန္တရာယ်နှင့် ရင်ဆိုင်ရစေကာမူ မဆုတ်မနစ်လုပ်ကိုင်တဲ့ အလေ့အကျင့် ကို တည်ဆောက်တဲ့ အဓိဋ္ဌာန်ပါရမီ။

www.burmeseclassic.com

www.burmeseclassic.com

(၁၀)မည်သူ့ကိုမျှ ချစ်လည်းမချစ်၊ မုန်းလည်း မမုန်းတဲ့ လွန်ကဲတဲ့ စိတ်ခံစားမှုမျိုးကို မမွေးမြူတတ်တဲ့ ဥပေက္ခာ ပါရမီစတဲ့ ပါရမီဆယ်ပါးကို ကျင့်ကြံပြီး ဗုဒ္ဓအဖြစ်ကို ရရှိခဲ့ပါတယ်။

အဆိုပါ ပါရမီဆယ်ပါးကို တစ်ပါးချင်း စိစစ်သုံးသပ်ကြည့်မိမယ်ဆိုရင် သာမန်လူသားတွေအဖို့ လန့်စရာကြီးတွေပါ။ ဒါပေမဲ့လို့ သမ္မာသမ္ဗောဓိဆုကို ပန်ထားကြတဲ့ အလောင်းတော်ကြီးတွေဟာ သံသရာဘဝအဆက်ဆက်မှာ ဆက်ကာ၊ဆက်ကာ သူတို့ရဲ့ ကိုယ်ရည်ကိုယ်သွေးကို အစမ်းသပ်ခံရင်း ပါရမီတွေကို ဖြည့်ဆည်းကြရပါတယ်တဲ့။

ပစ္စေကဗုဒ္ဓါဆု၊ အဂ္ဂသာဝကဆု၊ မဟာသာဝကဆု၊ ပကတိသာဝကဆုလို့ဆိုတဲ့ ဥတ္တမပုရိသ ဆုကြီးပန်ကြသူတိုင်းဟာ မိမိတို့ဖြစ်လိုရာ အမြင့်ဆုံး၊ အမြတ်ဆုံး ဘဝကို အလွယ်တကူလေးနဲ့ ရောက်ကြရတာ မဟုတ်ပါဘူး။ လိုရာဆုတစ်ခုကို ရအောင်လို့ ပါရမီဆယ်ပါးကို ဖြည့်ကျင့်ကြရတယ်လို့ ဆိုပါတယ်။

ဒါကြောင့် ဘဝရဲ့တိုးတက်မြင့်မားမှုလမ်းကို လျှောက်လှမ်းနေကြသူတွေဟာ အောင်မြင်မှုတွေ အဆင့်ဆင့်ရနိုင်ရေးအတွက် ခက်ခဲနက်နဲလှတဲ့ သူတော်ကောင်းအကျင့်တွေကိုကျင့်ကြံပြီး မိမိတို့ရဲ့ ကိုယ်ရည်ကိုယ်သွေးတွေကို ထင်ရှားအောင် ပြသသွားကြရင် ပိုမကောင်းပေဘူးလား။ ကောင်းတယ်လို့ ဖြေကြမှာပါ။ ထားပါတော့။

တကယ်တော့ ကျွန်တော်တို့အားလုံးဟာ ရုန်းထွက်ရခက်ခဲ ကျဉ်းကျပ်တဲ့ ဆင်းရဲဒုက္ခကြီးထဲကို ရောက်နေကြတာပါ။ ဆင်းရဲအကျဉ်းအကျပ်ဆိုတာက လောဘ၊ ဒေါသ၊ မောဟ စတဲ့ ဒုက္ခဆင်းရဲတွေ ပြည့်နှက်နေတဲ့ ရုပ်ခန္ဓာကြီးကို ရရှိထားခဲ့လို့ပါပဲ။

ဒီတော့ မလွဲမသွေရင်ဆိုင်နေကြရတဲ့ ဒုက္ခတွေ၊ သုခတွေ စတဲ့ လောကဓံတရားတွေကို ရင်ဆိုင်တွေ့ဆုံပြီး အောင်မြင်မှုလမ်းကြောင်းတွေပေါ် လှမ်းတက်ကြဖို့ပဲပေါ့။ အဲဒီလိုရုန်းထွက်ရခက်ခဲတယ်ဆိုတဲ့ ကျဉ်းကျပ်လှပါတယ်ဆိုတဲ့ ဆင်းရဲဒုက္ခတွင်းကြီးထဲက လွတ်မြောက်အောင် ကျင့်ကြံအစမ်းသပ်ခံရင်း ဘဝရဲ့ ကောင်းမွန်တဲ့ အခွင့်အလမ်းတွေကို ရရှိသွားခဲ့ကြသူတွေ မနည်းလှပါဘူး။ တစ်နည်းအားဖြင့် သူတို့ဟာ တွေ့ကြုံလာရတဲ့ ဒုက္ခဆင်းရဲတွေကို ကြံ့ကြံ့ခံလို့ သူတော်ကောင်းအကျင့်တွေကို ကျင့်ပြီး အမွန်းအကျပ်တွေကြားက လွတ်မြောက်ခဲ့ကြရသူတွေပဲပေါ့။

ဆိုရရင် အမွန်းအကျပ်တွေကြားက အောင်မြင်စွာ လွတ်မြောက်ဖို့အတွက် လောကဓံတရားတွေကို ဒုက္ခဆင်းရဲ ဆိုတာတွေကို ဘယ်လိုကြံ့ကြံ့ခံသလဲ၊ ဝင်ရောက်လာတဲ့ မဆုံမဖြစ် တွေ့ကြုံနေရတဲ့ ခါးသီးမှုတွေရဲ့ ထိုးနှက်ချက်တွေကို ဘယ်လိုအစမ်းသပ်ခံ ရင်ဆိုင်ပုံကြသလဲ။ အဲဒီလို အစမ်းသပ်ခံရင်းက မိမိတို့ရဲ့ ခိုင်ကျည်လှတဲ့ ယုံကြည်မှု စွမ်းပကားသတ္တိ၊ အရည်အချင်းတွေကို ဘယ်ပုံဘယ်နည်း ပြသခဲ့ကြသလဲဆိုတာ သိထားဖို့ပါ။

လောကမှာ ငြီးငွေ့ခြင်းမရှိတဲ့အဖြစ် စွန့်လွှတ်နိုင်တဲ့ သတ္တိကို အစမ်းသပ်ခံတာ။ အစမ်းသပ်ခံတယ် ဆိုတာကလည်း တကယ်ပဲ အဲဒီအရည်အချင်း မိမိမှာ ရှိ၊မရှိ ခိုင်ကျည်မှုရှိ၊မရှိ ထင်ရှားအောင် ဖော်ထုတ်ပြသတာပါပဲ။ အဲဒါကို ဒါနပါရမီလို့ ကျမ်းဂန်မှာ ပါရှိပါတယ်။

အချို့ကျတော့ မိမိရဲ့ ကိုယ်၊ နှုတ်၊ အမူအရာတွေကို ကောင်းစွာစောင့်ထိန်းပြီး အကုသိုလ်တရားတွေကို ကြဉ်ရှောင်ဖို့အတွက် ဆောက်တည်ခဲ့ကြတဲ့သီလကို အစမ်းခံကြပါတယ်။ ဒါကို သီလပါရမီလို့ ကျမ်းဂန်မှာ ပါရှိပါတယ်။

အချို့ကျတော့ ဘဝဘေးတို့ကိုမြင်ပြီး ဘဝဘေးက ထွက်မြောက်အောင်လို့ ကာမရဲ့အဖြစ် ဘဝရဲ့အပြစ်တွေက လွတ်မြောက်ရှောင်ထွက်ပြီး တသီးတခြားနေနိုင်အောင် ကြိုးစားကြပါတယ်။ ဒီလိုထွက်မြောက်ဖို့ ကြိုးစားခြင်းဟာ ဒီအရည်အချင်းရှိ၊မရှိ ဆိုတာကို အစမ်းခံခြင်းဖြစ်တယ်။ ဒါကိုတော့ နေက္ခမပါရမီလို့ ဆိုပါတယ်။

အချို့သော ပုဂ္ဂိုလ်များကတော့ ဘဝတစ်ဘဝမှာ မှန်ကန်တဲ့ သဘောတရားတွေကို ထိုးထွင်းသိမြင်ဖို့အတွက် ကြိုးစားကြပါတယ်။ ဉာဏ်ပညာဆိုတဲ့ ကိုယ်ရည်ကိုယ်သွေးတွေ ကြီးမားထက်မြက်အောင် ဆောက်တည်ကြတယ်။ ပြီးတော့ မိမိမှာ တကယ်ပဲ ဒီပညာတွေ ပြည့်စုံခြင်းရှိ၊မရှိဆိုတာကို အစမ်းသပ်ခံကြရပါတယ်။ ဒါကို ပညာပါရမီလို့ ဆိုပါတယ်။

ဆုပန်ထားတဲ့ ပုဂ္ဂိုလ်တွေဟာ အားထုတ်ကြံဆောင်ရင်း မိမိစိတ်ကို မလျှော့မရဲ ခိုင်မာတင်းရင်းအောင်



www.burmeseclassic.com

www.burmeseclassic.com

ရပ်ပြီး ဘယ်အလုပ်ကိုပဲလုပ်လုပ် ဆုပ်နစ်ခြင်းမရှိအောင် မိမိရဲ့ ကိုယ်ရည်ကိုယ်သွေးကို ပြုစုပျိုးထောင်ကြပါတယ်။ ဒါကိုတော့ ဝီရိယပါရမီလို့ ဆိုပါတယ်။

လူတွေဟာ လောကဓံတရားတွေနဲ့ ရင်ဆိုင်တွေ့ကြုံကြရတဲ့အခါ မခံမရပ်နိုင်ဘဲ ကျဆုံးသွားတတ်ကြပါတယ်။ ဒါဟာ ဘာဖြစ်လို့လဲဆိုတော့ သည်းခံနိုင်တဲ့ ကိုယ်ရည်ကိုယ်သွေး မရှိလို့ပါဘဲ။ သည်းခံတယ်ဆိုတာ မိမိအပေါ် ကျူးလွန်တဲ့ မတရားမှုကိုပင် လက်တုံ့မပြန်ပါဘူး။ မိမိကိုယ်မှဖြစ်တဲ့ ဒေါသမာန်မာနတွေကိုပယ်ပြီး ဒေါသနဲ့မလှုပ်တဲ့စိတ်နဲ့ နေနိုင်တဲ့ ဂုဏ်သတ္တိပါ။ ဒီလိုခံနိုင်ရည် အစွမ်းသတ္တိကို အစမ်းသပ်ခံတာဟာ ခန္တီပါရမီလို့ ဆိုပါတယ်။

လောကမှာ လူတွေဟာ မုသာဝါဒ၊ အဓမ္မဝါဒဆိုတဲ့ မှန်ကန်ဖြောင့်မတ်ခြင်းမရှိတဲ့ တရားတွေနဲ့ ခေတ်အဆက်ဆက် ရင်ဆိုင်ကြရပါတယ်။ အဲဒီမမှန်တရားတွေကို မမှန်တရားပြုလုပ်ကျက်စားရာ လူ့လောကမှာ မိမိက မဟုတ်မမှန်တာကို မကြံဘူး၊ မပြောဘူး၊ မလုပ်ဘူး။ ယုံကြည်ကိုးစား အနှစ်သာရမျိုးပါပဲ။ ကိုယ်အမှု၊ နှုတ်အမှု စိတ်ဖြူဖြောင့်မှုကိုသာ အလေးထားတဲ့ ဂုဏ်သတ္တိအရည်အသွေးကို အစမ်းသပ်ခံတာဟာ သစ္စာပါရမီပါ။

လူသားတွေ ဖောက်လွဲဖောက်ပြန်ဖြစ်ကြတာဟာ မိမိတို့ရဲ့ဆုံးဖြတ်ပြီး စိတ်အတိုင်းတည်တံ့အောင် မကြံနိုင်မကျင့်နိုင်ကြလို့ ဖြစ်ကြတာပါ။ ဆုကြီးပန်ပုဂ္ဂိုလ်တွေကတော့ ဒီလိုမဟုတ်ပါဘူး။ မိမိတို့ရဲ့ ဆုံးဖြတ်ပြီးဖြစ်တဲ့ ဘဝရည်မှန်းချက်ကြီးတွေပေါ်မှာ မရွေ့မခိုင် ကြံ့ခိုင်စွဲမြဲတည့်သဘော ရှိကြပါတယ်။ ဒီလို မိမိရဲ့ ဘဝရည်မှန်းချက် မပြောင်းလဲတဲ့သဘော၊ ဆုံးဖြတ်ပြီး ကိစ္စအတွက် အသက်ကို ပဓာနမထားပါဘဲ ရပ်တည်တဲ့သဘော။ အဲဒီလို ကိုယ်ရည်ကိုယ်သွေးကို အစမ်းသပ်ခံတာကိုတော့ အဓိဋ္ဌာန်ပါရမီလို့ ခေါ်ပါတယ်။

ကိုယ်ကျိုးကိစ္စကိုသာ အလွန်အကျူး ဦးစားပေးလွန်းတဲ့ ဒီလောကကြီးထဲမှာ တစ်ပါးသောသတ္တဝါတွေ အကျိုးစီးပွားချမ်းသာအတွက်ကို ထူးထူးခြားခြား ဦးစားပေးပြီး ဆောင်ရွက်မှုကိစ္စ။ အဲဒီလို ဆောင်ရွက်ရခြင်းကို ဝမ်းမြောက်ဝမ်းသာဖြစ်တဲ့စိတ်ဓာတ်ကို မေတ္တာလို့ဆိုပါတယ်။ အဲဒီလို မိမိအကျိုး၊ မိမိချမ်းသာထက် သူတစ်ပါးအကျိုးကို၊ သူတစ်ပါးချမ်းသာကို မြတ်သောစိတ်နဲ့ ဆောင်ရွက်တတ်တဲ့ ကိုယ်ရည်ကိုယ်သွေးကို အစမ်းခံတာကိုတော့ မေတ္တာပါရမီလို့ ခေါ်ပါတယ်။

လူတွေ အမှောက်အမှား ပြုကြတာဟာ ချစ်လို့၊ မုန်းလို့ဆိုတဲ့ စိတ်ထားအပေါ်မှာ အများကြီးတည်ပါတယ်။ ဓမ္မသဘော မဟုတ်ပါဘူး။ ဓမ္မသဘောဆိုတာက သဘာဝကို အညီအမျှရှုတာပါ။ ရေဟာမြင့်ရာက နိမ့်ရာကို စီးဆင်းသွားတာဟာ နိယာမတစ်ခုပါပဲ။ မီးဟာ ပူပြီးလောင်ကျွမ်းတာဟာ သူ့သဘောပါပဲ။ သဘာဝမှာ ဖြစ်ပျက်တာတွေဟာ သူ့သဘော သူဆောင်နေကြပါတယ်။ ဒါကို ချစ်စရာလည်း မလိုဘူး။ မုန်းစရာလည်း မလိုပါဘူး။ သတ္တဝါတွေရဲ့ အဖြစ်အပျက်တွေဟာလည်း ဘယ်သူမပြု မိမိမှု မိမိကံအတိုင်းသာဖြစ်တယ်ဆိုတာ မြင်အောင်ရှု၊ အညီအမျှ သဘောထားရှိပြီး လျစ်လျူရှုနိုင်တာဟာလည်း လူ့ရဲ့ ကိုယ်ရည်ကိုယ်သွေးတစ်ရပ် ဖြစ်ပါတယ်။ အဲဒီ အရည်အသွေးတွေကို စမ်းသပ်ခံခြင်းကတော့ ဥပေက္ခာပါရမီလို့ ဆိုပါတယ်။

ချုပ်ကြပါစို့ရဲ့။ သူတော်ကောင်းဟူသမျှ ကျင့်ကြံခဲ့ပါသော ဆုကြီးပန်ကြသူများ အစမ်းသပ်ခံခဲ့ကြပါသော ဘုရားအလောင်းတော်ကြီးများ ဖြည့်ဆည်းတော်မူခဲ့ပါသော ပါရမီဆယ်ပါးကို စွမ်းနိုင်သလောက် ကျင့်ကြံကျိုးကုတ် အားထုတ်ရင်း တစ်နည်းအားဖြင့် လောကဓံတရားများကို ရင်ဆိုင်အစမ်းသပ်ခံရင်း ဘဝရဲ့အောင်မြင်မှုလမ်းကြောင်းအပေါ် ရောက်ရှိနိုင်ဖို့ သုခချမ်းသာအကျိုးကို ရရှိနိုင်ဖို့နဲ့ မိမိရရှိထားခဲ့ပြီးသော ကိုယ်ရည်ကိုယ်သွေးများကို ခိုင်ကျည်ပါကြောင်းပြသရင်း လျှောက်လှမ်းကြဖို့သာ ဖြစ်ကြောင်းပါ။

ဤသို့ဆိုလျှင်…။

**ကိုမောင်သန်းဝင်း**

**ကျမ်းကိုး**

* ဗုဒ္ဓဝါဒပြဿနာများ (ဆရာတော် ဦးအရိယဓမ္မ၊ ဘီအေ၊ ဘုံအေ)။
* အရှင်သေဋ္ဌိလ၏ ဗုဒ္ဓတရားအဆီအနှစ်များ (သစ္စာရှင် မြန်မာပြန်)။
* ရွှေတောင်တက်ဒဿန (ဆန်းလွင်)။

www.burmeseclassic.com

www.burmeseclassic.com

ကျေးကျွန်များ၏ လုပ်အားသည် ရှေးခေတ်က နိုင်ငံကြီးများ၏ စီးပွားတိုးတက်မှုကို များစွာအထောက်အပံ့ပေးခဲ့ပြီး ထိုတိုင်းပြည်များမှ ကြီးကျယ်ခမ်းနားသောအဆောက်အအုံများကို ယခုခေတ်၌ တွေ့ကြရပါလျှင် ထိုအဆောက်အအုံလက်ရာကြီးများမှာ ကျွန်တို့ လုပ်အားချွေး၊ သွေး၊ အသက်တို့သုံး၍ တည်ဆောက်ခဲ့ကြောင်းကို နားလည်ရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ မြန်မာရာဇဝင်သမိုင်းကြောင်းထဲ၌ ရှိခဲ့ဖူးသည့် ကျွန်များအကြောင်းကို ဖတ်မှတ်သိမိသည်တို့မှ ပြန်လည်ကောက်နုတ် ရေးသားတင်ပြလိုက်ပါ၏။

♦ ♦ ♦

ယခုခေတ်တွင် တွေ့ရှိရသော အနောက်နိုင်ငံ၊ အရှေ့နိုင်ငံတို့မှ သမိုင်းစာအုပ်စာတမ်းများတွင် ရှေးကာလက

# မင်းသိကျော်

## ရာဇဝင်ထဲက ကျွန်များ



www.burmeseclassic.com

www.burmeseclassic.com

ကျွန်စနစ်များ၊ ကျွန်များအကြောင်းကို ရေးသားလေ့ လွန်စွာနည်းပါးသည်။ အဘယ်ကြောင့်ဆိုသော် ထိုခေတ်များက အောက်တန်းနောက်တန်းကျလှသော သူများအဖြစ်သတ်မှတ်အရေးမထားဘဲ သူတို့အကြောင်း မှတ်တမ်းတင်ရန် မလိုဟု သဘောထားကြသည်။ အောက်တန်းနောက်တန်းကျလှသော သူတို့အကြောင်း မှတ်တမ်းများ လွန်စွာရှားပါး၍ ဖြစ်သည်။ ကျွန်တော်လှန်ရေးလုပ်သော ရောမအင်ပါယာမှ စပါတေးကပ်အကြောင်းလောက်သာ ထင်ရှားခဲ့ပြီး ရုပ်ရှင်များကြောင့် လူသိများလာခဲ့ကြသည်။

ရှေးမြန်မာရာဇဝင်များဖြစ်ကြသော ဦးကုလား၏ မဟာရာဇဝင်ကြီးနှင့် မှန်နန်းရာဇဝင်တို့၌ ကျွန်အကြောင်း ပေါ်သလောက် ဖြစ်သည်။ သို့သော် ပုဂံသမိုင်းဦး၌ ရှင်ဘုရင်များ ဖြစ်ခဲ့ကြသည့် မင်းစဉ်အမှတ်(၂၅) မြင်းကျွေးခင်းနှင့် အမှတ်(၃၆) စလေငခွေးမင်းတို့သည် မူလက သူဌေးများ ဝယ်ယူထားသော ကျွန်များဖြစ်၍ နောက်ပိုင်းဘုရင်များကို လုပ်ကြံသတ်ဖြတ် နန်းတက်လာသူများဟု ရှဲရှဲဝှဲဝှဲ ရေးခဲ့ကြသည်။

ကျွန်များအကြောင်းကို ပုဂံဝန်ထောက် ဦးတင်က သူ၏ မြန်မာမင်းများ အုပ်ချုပ်ပုံစာတမ်း ဒုတိယပိုင်း၌ ဖော်ပြ၍ မြန်မာနိုင်ငံတွင် ကျွန်ဖြစ်ရသော အကြောင်းများကို ရှင်းပြခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ကျွန်ဖြစ်ရသော အကြောင်းများမှာ-

**သုံ့ကျွန်၊ လက်ရကျွန်၊ ဖမ်းရကျွန်**

ဤအမျိုးအစားမှာ စစ်ပွဲများနှင့်သက်ဆိုင်၍ ရင်ဆိုင်တိုက်ခိုက်စဉ် လက်နက်ချ အရှုံးပေးသူများ၊ ရန်သူနယ်မြေ မြို့ရွာတို့မှ ဖမ်းဆီးကျွန်ပြုခြင်း ခံရသူအားလုံး ပါဝင်သည်။

**ငွေဝယ်ကျွန်**

မြို့ကြီးများ၊ မြို့တော်များတွင် ကျွန်များလာရောက်ရောင်းချခြင်း၊ တစ်ဦးဦးက လာရောက်ဆက်သွယ် ရောင်းချခြင်းကို ဝယ်ယူထားသော ကျွန်များ။

**မိဘမှလာသော အမွေကျွန်**

မိဘသေဆုံးပြီး သားသမီးများ ဆက်ခံရရှိသော ကျွန်အမျိုးအစား။

**သက်ဆောင်ရကျွန်**

ရှင်ဘုရင်ကဖြစ်စေ၊ မင်းညီမင်းသား၊ မှူးမတ်၊ သူဌေးများကဖြစ်စေ မေတ္တာလက်ဆောင်ပေးခြင်း ခံရသော ကျွန်များ။

**သားပေါက်ကျွန်**

မိမိပိုင်ဆိုင်သော ကျွန်အုပ်စုအတွင်းမှ အိမ်ငေတင်သည် ကျွန်များမှ ပေါက်ဖွားလာသူများ။

**တရားနိုင်ကျွန်**

အမှုအခင်းဖြစ်၍ တရားရှုံးက ပေးရသောကျွန်၊ ဒဏ်မဆောင်နိုင်၍ ကျွန်ခံရသောကျွန် စသည်များ။

**ထမင်းစားကျွန်ခံ**

အလွန်ဆင်းရဲ၍ စီးပွားပျက်ပြီး မိမိဘာသာ မရပ်တည်နိုင်သဖြင့် အသိအကျွမ်းထံတွင် ကျွန်ခံသော အမျိုးအစား၊ ၎င်း၏ဝမ်းစာကို ကျွန်ပိုင်ဆိုင်သူ အရှင်သခင်က တာဝန်ယူ ကျွေးမွေးရသည်။

**အကြွေးကျွန်**

ငွေအသပြာများ ချေးငှား၍ နှစ်ရှည်လများ အတိုးအရင်း မပေးဆပ်နိုင်သဖြင့် ကျွန်ခံရသူ။

**လွတ်လပ်မှုရပြီးမှ ကျွန်ခံလာသည့်ကျွန်**

ကျွန်ပိုင်ရှင်က လွတ်လပ်မှုပေးသော်လည်း မိမိဘာသာ မရပ်တည်နိုင်၍ ကျွန်ဘဝတွင် ဆက်နေသူများ၊ ကျွန်အိုများနှင့် ရဟန်းဝတ်ပြီး မပျော်မွေ့၍ လူထွက်လာသူ ကျွန်ဟောင်းများ ပါဝင်သည်။

ကျွန်များကို ပိုင်ရှင်က လုပ်အားခ မပေးဘဲ ခိုင်းစေနိုင်သော်လည်း ၎င်းတို့ စားဝတ်နေရေး တာဝန်ယူပေးရသည်။

အထက်ပါတို့မှာ ကျွန်ဖြစ်ရခြင်း အကြောင်းအရင်းပေါ်တွင် မူတည်၍သာ ခွဲခြားမှုဖြစ်ပြီး ပုဂံခေတ်တွင် အလွန်အရေးကြီးသော ကျွန်အမျိုးအစားများ အဆင့်များကို အောက်ပါအတိုင်း သိသိသာသာ ခွဲခြားရေးမှတ်လေ့ရှိသည်။

(က) <u>ပုဂံကျွန်</u>

ပုဂံကျွန်ဆိုသည်မှာ နေပြည်တော်ပုဂံတွင် အရှင်နှင့်အတူနေရငေ ကျွန်များဖြစ်သည်။ ၎င်းတို့တွင် မင်းညီမင်းသား၊ ရား၊ မှူးမတ်၊ အလွန်ကြွယ်ဝသော သူဌေးကြီးများ၏ ထီးမိုးယာဉ်ခံ ကျွန်များ၊ ထီးမိုးပေးရသူ၊ ဝေါယာဉ်ထမ်းရသူ၊ ဆင်,မြင်းများ ကြည့်ရသူ၊ အဆောင်အယောင်၊ ရေတကောင်း၊ ကွမ်းခွက်၊ လက်ဖက်ခွက်၊

www.burmeseclassic.com

ဖိနပ် စသည်များ သယ်ပေးရသူ၊ တင်းတိမ်ကာရံမှုနှင့် အိမ်ဝေယျာဝစ္စ ဆောင်ရွက်ရသူ၊ ထမင်းချက်၊ ခဝါသည်နှင့် ပန်တျာအတီးအမှုတ်များ ပြုလုပ်ရသော အနုပညာသည် ကျွန်များ ပါဝင်သည်။ ကုလားကျွန်အများကို ဤအမျိုးအစား ကျွန်များ၌ တွေ့ရပါသည်။

ထိုပုဂံကျွန်မျိုးအပြင် သီးသန့်ပညာသည်များ ဦးဆောင်သော အတတ်ပညာရှင် ကျွန်အစုလည်း ရှိသေးသည်။ ၎င်းတို့မှာ ပန်းပဲ၊ ပန်းရန်၊ အုတ်ဖုတ်၊ အုတ်ရွှေ၊ ပန်းတော့၊ ပန်းတမော့၊ ပန်းချီ၊ လက်သမားတို့နှင့် တွဲထားသည်။ လက်မှုပညာ ကျွမ်းကျင်သူများဖြစ်၍ အထူးတန်ဖိုးရှိသော ကျွန်စုဖြစ်သည်။

**(ခ) လယ်ယာကျွန်**

အဓိကအားဖြင့် ပုဂံမြို့တော်၏ အပြင်ပ နယ်ဒေသရပ်ရွာများတွင် အားမဦးချ ထွန်ယက်စိုက်ပျိုးကြသော မြေကွက်များနှင့် ဒွန်တွဲ၍ နေထိုင်ခဲ့ကြသူများကို ကျွန်အဖြစ်သို့ သွတ်သွင်းခံရသူများဖြစ်သည်။ ဤကျွန်များမှာ မိဘဘိုးဘွား မြေကွက်များပေါ်တွင် နေထိုင်၍ ထွန်ယက်စိုက်ပျိုးသူများဖြစ်ပြီး ၎င်းတို့ကို မြေယာနှင့် တွဲဖက်၍ ဖော်ပြလေ့ရှိကြသည်။ ကျောက်စာများတွင် အမည်ဖော်လေ့ မရှိပါ။ ဤအစုသည် ကျွန်ဦးရေ၏ အများဆုံး ပါဝင်နေသူများ ဖြစ်ပါသည်။ စိုက်ပျိုးရေးလုပ်အားရှင်များ ဖြစ်ပါသည်။

**(ဂ) သာသနာကျွန်များ**

ပုဂံသည် ဗုဒ္ဓဘာသာသာသနာ ထွန်းကားရာဖြစ်၍ မင်းနှင့်တကွ သူဌေးသူကြွယ်များကပါ မိမိတို့တည်ဆောက်လှူဒါန်းသော ဘုရား၊ ကျောင်း၊ ဂူများ၊ စေတီပုထိုးများ၊ ပိဋကတ်တိုက်များနှင့် သံဃာတော် နေစရာ ဝိဟာရကျောင်းပေါင်းများစွာ၌ ဝေယျာဝစ္စလုပ်ဆောင်ရန် ကျွန်များ လှူလေ့ရှိရာ ပုဂံကျွန်များနှင့် လယ်ယာကျွန်များကို လှူခြင်းဖြစ်၍ ကျွန်အများ သာသနာကျွန်ဖြစ်ရသည်။ သာသနာကျွန်တွင် ဘုရားကျွန်များက အဆင့်အတန်းမြင့်သည်။ တစ်ခါတစ်ရံ အလှူရှင်ကိုယ်တိုင် သာသနာကျွန်၊ ဘုရားကျွန်ဟု အမည်ခံသည်။

**ပိဋကတ်ကျွန်**

ဤကျွန်များမှာ ဒုတိယအမျိုးအစား အဆင့်၌ရှိ၍ ဦးရေနည်းသည်။

**ကျောင်းကျွန်**

ကျောင်းရှိ သံဃာများကို လုပ်ကျွေး၍လှူသော သာသနာကျွန် တတိယအဆင့်ဖြစ်၍ တစ်ခါတစ်ရံ ကျောင်းထိုင်ဘုန်းကြီးကို အမည်တပ်၍ လှူသည်လည်း ရှိသည်။

ယခုဖော်ပြပြီးသော ကျွန်အကြောင်းအရာ အားလုံးသည် ပုဂံခေတ် ကျွန်စစ်သားမင်းကြီး နတ်ရွာစံစံမိကာလမှ ပုဂံပျက်ပြီး ဒုတိယမွန်ဂိုစစ်ရောက်သော ကောဇာသက္ကရာဇ်(၆၆၂)၊ အေဒီ(၁၃၀၀)အတွင်း ကျောက်စာတိုင်းလိုလို၌ တွေ့ရမည် ဖြစ်သည်။

ထို့အပြင် ကျွန်များကို အသက်အရွယ်ဖြင့်လည်း သတ်မှတ်ဖော်ပြလေ့ရှိရာ အမည်ရှေ့ရှိ နာမဝိသေနများကို အောက်ပါအတိုင်း သိရှိနိုင်ပါသည်။

ဖုတ် - အလုပ်လုပ်နိုင်သော ကျွန်ယောက်ျား၊

င - သာမန်အမည်၏ ရှေ့တွင်သုံးသော ယခုခေတ် ဦး၊ ကို၊ မောင်၊ င,တို့နှင့်တူသော အသုံးအနှုန်း။ ထိုခေတ်က င,သည် ယခုခေတ်ကဲ့သို့ နှိမ်ချသောအသုံး မဟုတ်ပါ။

အိုဝ်၊ အိဝ် - သာမန်အမျိုးသမီး အမည်ရှေ့က တပ်သော ဒေါ်၊ မ၊ မိတို့နှင့် အလားတူ အသုံးအနှုန်း။

အိမ်ထောင်ဝ် - အိမ်ထောင်ဦးစီး။

ငြီ၊ ငြီမ - ညီ၊ ညီမ။

သမိ - သမီး။

မျာ၊ မျာငယ် - မယား၊ မယားငယ်။

ကမဲ - ကမ်ဲ့သူ မုဆိုးမ။

ဖထိုဝ် - ဖထွေး

နိစိုင်၊ ပုစု - နို့စို့နေသော ကလေးငယ်။

စာတတ် - စားတတ်စကလေး (၁ နှစ်မှ ၄ နှစ်)။

အိုဖုခ် - အိုးပုတ်ဖြင့် ကစားသောအရွယ် (၅ နှစ်မှ ၇ နှစ်)။

အမှုရ - လက်တိုလက်တောင်း ခိုင်းရသော (၈ နှစ်မှ ၁၂ နှစ်)အရွယ်။

မျက်ရ - မြက်ရိတ်နိုင်သောအရွယ် (၁၃ နှစ်မှ ၁၆နှစ်) စသည် ဖြစ်ပါသည်။

♦ ♦ ♦

ဖော်ပြခဲ့ပြီးသော (က) လယ်မြေနှင့် ကျွန်မိသားစုတို့ တစ်ပေါင်းတည်းဖြစ်ခြင်း၊ (ခ) မြေဝယ်ယူရောင်းချလှူ



www.burmeseclassic.com

www.burmeseclassic.com

ရလျှင် မြေပေါ်တွင် လုပ်ကိုင်သူ မိသားစုပါ ကျွန်များအဖြစ် ပါဝင်သွားခြင်း၊ (ဂ) မြေပိုင်ရှင် သင်ကြီးများသည်မြေ တစ်ပါတည်း လယ်ကျွန်များကိုပါ ဝယ်ယူ၍ လယ်ယာကုန်ထုတ်လုပ်မှုကို ကွပ်ကဲစီမံနေသော အရင်းရှင်ကြီးများ ဖြစ်နေခြင်းကို ကမ္ဘည်းကျောက်စာအလျှု မှတ်တမ်းများဖြင့် ဖော်ပြပါမည်။

**မြဇေတီ ဂူပြောက်ကြီးကျောက်စာ**

မြန်မာဘာသာ၊ ပျူဘာသာ၊ မွန်ဘာသာနှင့် ပါဠိဘာသာတို့ဖြင့် ကောဇာသက္ကရာဇ်(၄၇၄)ခုနှစ်၊ အေဒီ(၁၁၀၂)ခုနှစ်၌ ရေးထိုးသော ရာဇကုမာရမင်းသား၏ ကျောက်စာမှာ မြန်မာစာ၏ မှတ်တိုင်ဟုပင် ခေါ်ဆိုရပါမည်။

ဤကျောက်စာပါ အပိုဒ်အချို့ကို ယခုခေတ်စကားပြေဖြင့် ဖော်ပြရလျှင်-

ဤအရိမဒ္ဒနာပုရ်မည်သော ပြည်နိုက်၊ ဂြိတြိဘုဝနာဒိတျစမ္မရာဇ်မည်သူ မင်းဖြစ်၏။ ထိုမင်းပယ်မယား တစ်ယောက်သော်ကား တြိလောကဝဋံသကာဒေဝီ မည်၏။ ထိုပယ်မယား၏ သားတမူလည်း ရာဇကုမာရ် မည်၏။ ထိုမင်း ကျွန်သုံးရွာတည်း ပယ်မယားပေး၏။ ထိုပယ်မယား သေခဲ့ရကား ထိုပယ်မယာ၏ တန်ဆာနှင့် ကျွန်သုံးရွာကို ပယ်မယားသား ရာဇကုမာရ်ကို ပေးပေ၏ဟုအစချီ၍ ကျန်စစ်သားမင်းကြီး၊ သူ၏ ချစ်လှစွာသော မိဖုရား သုံးလောကဦးဆောက်ပန်း (သမ္ဘူလ)နှင့် သားတော် ရာဇကုမာရ်တို့၏ ကြည်နူးဖွယ်ရာ မေတ္တာစာတမ်းကို ရေးထိုးခဲ့သည်။

ရှင်ဘုရင်ကြီးက မိဖုရား သေဆုံးသောအခါ ကျွန်သုံးရွာဖြစ်ကြသည့် ရပယ်ရွာ၊ ဟန်ဗိုရွာနှင့် သက်တို့နေသော မုနလောန်ရွာကြီးသုံးရွာ မင်းသားအား အမွေဆက်ခံစေပုံ၊ ရှင်ဘုရင်ကြီး အသက်အရွယ်ကြီးရင့်၍ သေလုနီးပါး နာနေချိန်၌ မင်းသားက မိမိရထားသော မိခင်၏ တန်ဆာရတနာများကို ထုခွဲရောင်းချ၍ ရွှေဘုရားဆင်းတုတော် တစ်ဆူကို ထုလုပ်ပြီး ရှင်ဘုရင်ကြီး လက်တော်နှင့် ရေစက်ချကုသိုလ်ကောင်းမှုပြုသည်။ ထိုဆင်းတုတော်အား ဂူပြောက်ကြီးဂူ ဘုရားကျောင်းတော်၌ ဌာပနာ၍ မိမိရထားသော ကျွန်သုံးရွာကို ဘုရားကြီးကာလရှည်စွာ တည်တံ့စေရေးကို ရည်ရွယ်၍ အလုပ်အကျွေးပြုစေရန် ကျွန်သုံးရွာအား လှူလိုက်ကြောင်းကို ကမ္ဘည်းထိုး ဖော်ပြရေးသားထားသည်။

**နရသိင်္ခဉစ္စနာမင်း၏ တောင်နန်းမိဖုရားကြီး အစောကျောက်စာ**

မိဖုရားကြီးသည် မြောက်ဂုနီဘုရားရှင်ကို တည်ခဲ့ရာတွင် ကုသိုလ်ကောင်းမှုကို (၆၀၃)ခုနှစ်၊ အေဒီ(၁၂၄၂)ထိုးကျောက်စာတွင် လယ်(၂၆၀)၊ ဥယျာဉ်(၂)ခု၊ ရွာလယ်ကျွန် (၁၇၈)ဦးကို ဖော်ပြပြီး ပုဂံကျွန်များကိုမူ အမည်တပ်၍ ၎င်းတို့ကျွမ်းကျင်သော နရည်းတြာသည်၊ စည်သည်ပသာသည်၊ ပန်တျာ စသည်ဖြင့် အမည်နာမနှင့်တွဲ၍ ဖော်ပြသည်ကို တွေ့ရသည်။ သီးခြားထပ်၍လှူသော အလှူစာရင်း၌လည်း ရွာကျွန်များကို လယ်နှင့်တွဲ၍ ဖော်ပြပြန်ပြီး ပုဂံကျွန်များကို အမည်နာမနှင့်တကွ ဖော်ပြသည်ကို တွေ့ရှိရပါသည်။

**ကျစွာမင်းမိထွေးကျောက်စာ**

မွေးဖွားစဉ် မိခင်မိဖုရား သေဆုံး၍ ကျစွာကလေးငယ်ကို မြောက်နန်းမိဖုရားက နို့တိုက်ကျွေးမွေးလာခဲ့ရာ ကျစွာမင်း ဘုရင်ဖြစ်သောအခါ ထိုမိထွေးအား သီးသန့်လယ်မြေများ ပေးခဲ့ရုံသာမက မင်းသားကြီး သိင်္ခဗိလည်း ကွယ်လွန်သောအခါ အမွေစုများ၊ ဖွားတော်မိဖုရားကြီး အစောမြကန်၏ အမွေများကိုပါ မိထွေးတော် မိဖုရားကြီးအား လွှဲပေးခဲ့သည်။ (၆၀၁)ခုနှစ်တွင် မိထွေးကြီးက ဘုရားကျောင်းများ ဆောက်လုပ်လှူဒါန်းရာ၌ မိမိ၏ ဆင်လွတ်ရွာလယ် မြေပယ်(၉၀၀)နှင့်အတူ ကျွန်မိန်းမ(၆၉)၊ ကျွန်ယောကျ်ား (၃၇)ဦးတို့အား ဘုရားသို့ လှူရာတွင် အမည်များ ဖော်ထုတ်ရေးသားခဲ့သော်လည်း အမွေရသော လယ်မြေများကို ဖော်ပြရာ၌ ၎င်းလယ်ကျွန်ဦးရေများကိုသာ သာမန်ဖော်ပြ၍ မြေကွက်ပေါ်ရှိ ကျွန်များဟု သဘောသက်ရောက်စေပါသည်။

**သံပျင်အစလာဗိရစ် ဒါနပတိမောင်နှံကျောက်စာ**

သက္ကရာဇ်(၆၀၄)ခုနှစ်တွင် ကူမဲတောင်တောကျောင်းအလှူတွင် အချို့သော မြေကွက်များကို ဖော်ပြရာ၌ လယ်များကို ဖော်ပြပြီး ကျွန်အကုန်ဟု ရေးသည်မျိုးလည်း တွေ့ရသည်။

**ညောင်ရမ်းကြီးသမီး၏ အလှူကျောက်စာများ**

ညောင်ရမ်းကြီးသမီး မင်းသားကြီး သက်သ၏ မယားသည် အိမ်ရာကျောင်းဘုရား၊ တောကျောင်းဘုရား



www.burmeseclassic.com

www.burmeseclassic.com

နှင့် မိခင်၊ မိကြီး အိုထက်ပြည့်သင် အိမ်ရာကျောင်းဘုရားများ၌ အလှူပေးရာတွင်မူ ပုဂံကျွန်များသာမက လယ်ယာကျွန်များအမည်နှင့် လယ်ယာများကို သေချာစွာ ဖော်ပြထားသည်။

**<u>မင်းသမီးအစောကြွမ်းကျောက်စာ</u>**

ဥစ္စနာမင်းနှင့် သမ္ဘူလ (သုံးလူတြိလောကစန္ဒာ) မိဖုရားတို့ သမီးတော်ကြီး အစောကြွမ်းသည် သက္ကရာဇ် (၆၂၀)(၆၁၀ မဟုတ်ပါ)တွင် မိမိပိုင် ပုဂံကျွန်(၁၁၆)ဦး အပါအဝင် ကျွန်စုစုပေါင်း(၁၂၅၀)၊ လယ်ပယ်ပေါင်း (၃၇၇၉)တို့ကို မိမိပြုသော ဘုရား၊ ပိဋကတ်တိုက်နှင့် သင်္ဃအုတ်ကျောင်းကြီးတို့အတွက် လှူခဲ့ပါသည်။

ဤအလှူအတွက် ရေးထိုးသော ကျောက်စာ၌ လယ်ယာများရှိရာဒေသ၊ လယ်ပယ်အကျယ်အဝန်းနှင့် ၎င်းတို့အပေါ် ထွန်ယက်စိုက်ပျိုးသော လယ်ယာ၊ ကျွန်ဦးရေများကို အသေးစိတ်ခွဲခြားဖော်ပြခဲ့ပါသည်။ ပုဂံ၌ ကျွန်များကိုမူ အမည်နာမပါ တပ်၍ ဖော်ပြခဲ့သည်။ မိမိ၏ အနီးအပါး ခိုင်းစေသော ပုဂံကျွန်(အိမ်ကျွန်)မိန်းမ (၂၂)ဦး၊ ယောကျ်ား(၂၄)ဦးကိုလည်း ကျွန်ဘဝမှ လွတ်ပေး၍ ၎င်းတို့အား မိမိကောင်းမှုကို ထောက်ပံ့ကြရန် တိုက်တွန်းထားခဲ့ပါသည်။

ဤကျောက်စာတွင် ကျွန်များနှင့် မြေယာများ ဒွန်တွဲနေမှုကို ပေါ်လွင်ဆုံး ဖော်ပြရာ ၎င်းကျောက်စာ၌-

* ကျောက်ဆည်ကြီးလယ် ပယ်(၈၀)၊ ကျွန်(၁၆၈)၊
* ကျောက်ဆည်ငယ်လယ် ပယ်(၃၃၀)၊ ကျွန်(၁၉၅)၊
* ကျောက်တံခါးလယ် ပယ်(၈၀)၊ ကျွန်(၅၁)၊
* တောင်ပြိုးလယ် ပယ်(၅၀)၊ ကျွန်(၅)၊
* ထနောင်းကြည်ရွာသစ် ပယ်(၁၀၀)၊ ကျွန်(၅၀)၊
* ပင်းတလဲလယ် ပယ်(၃၀)၊ ကျွန်(၁၇)၊
* ကန်တိလီလယ် ပယ်(၃၈၄)၊ ကျွန်(၇၄)၊
* မြင်းမူလယ် ပယ်(၅၀၀)၊ ကျွန်(၁၀၀)နှင့် ထေရ်(၅၀)၊
* ကူခန်းလယ် ပယ်(၂၀)၊ ကျွန်(၁၃)၊
* မပြင်းမြေ ပယ်(၁၀၀၀)၊ ကျွန်(၅၀) စသည်ဖြင့်

လယ်မြေနှင့် ကျွန်များ တွဲ၍ ပြသထားသည်မှာ မြေကွက်နှင့် ကျွန်တို့ ဒွန်တွဲလျက် ရှိသည်ကို ဖော်ပြသည်။

သက္ကရာဇ်(၅၆၀)ထိုး ဓမ္မရာဇက ဘုရားကျောက်စာတွင်မူ မြေကွက်များနှင့်တွဲလျက် လယ်ကျွန်များအပြင် ခိုင်းနွားကောင်ရေပါ ဖော်ပြသည်ကို တွေ့ရပါသည်။

**<u>ရဟန်းသံဃာများနှင့် ပတ်သက်သောကျွန်များ</u>**

နယ်ပယ်ဒေသများ၌ လယ်ယာလုပ်ကွက်များနှင့် လယ်ယာစိုက်ပျိုးရေးလုပ်ရသောကျွန်များ ဒွန်တွဲရှိနေမှုကို တွေ့ရှိရပြီးနောက် ထိုလယ်ယာစိုက်ပျိုးရေး ကျွန်ဦးရေတွင် ရဟန်းထေရ်များ စာရင်းကိုပါ ထည့်ဝင်ပြသထားသည်ကို ကျောက်စာအချို့၌ တွေ့ရ၍ နယ်တွင်ရှိသော လယ်ကျွန်များ ရဟန်းခံခွင့် ရသည်။ သို့မဟုတ် လွတ်လပ်နေချိန်၌ မြေကွက်ပေါ်တွင် လုပ်ကိုင်စားသောက်သောသူများမှ ရဟန်းဖြစ်နေသူများကို မြေကွက်များ ဆုပေးလက်ဆောင်ပေးခဲ့ရသောအခါ ကျွန်ဖြစ်သွားသူ စာရင်း၌ ထည့်သွင်းခံရသည်ကိုမူ ကွဲပြားခြင်း မရှိပါ။ သို့သော် ကျွန်စာရင်းတွင် ရဟန်းများ ပါဝင်နေသည်ကို တွေ့ရှိရပါသည်။

ဤသို့ ရဟန်းကို ကျွန်စာရင်းသွင်းခံရသလို တစ်ဖက်မှလည်း ထင်ရှားသော ထေရ်ကြီးများ၌ ကျွန်အမြောက်အမြား ပိုင်ဆိုင်နေသည်ကို (၅၁၂)ခုတွင် ရေးထိုးသော မန္တလေးနန်းတွင်းရောက် ကျောက်စာအမှတ် (၁၄)တွင် မဟာထေနာဂသမိန်သည် ကျွန်(၃၄)ယောက်နှင့် လယ်လှူကြောင်း ကမ္ပည်းရေးထိုးခဲ့ပါသည်။ အလားတူပင် (၅၄၇)ခုနှစ်တွင် နန်းတောင်များမင်း၏ မင်းဆရာသင်ကြီးဓမ္မပါလ်ကို စနေသွန်ဘုရားကျောင်းများ အလှူလုပ်ပြီး ကုလားကျွန်(၂၄)ယောက်ကိုလှူ၍ ရှင်ဘုရင်ကျန်းမာစေကြောင်း၊ အသက်ရှည်စေကြောင်း ဆုတောင်းသော ကျောက်စာတိုင် ရေးထိုးခဲ့ပါသည်။

ဤသည်တို့ကား မြန်မာ့ရာဇဝင်သမိုင်းကြောင်းထဲ၌ ရှိခဲ့ဖူးသည့် ကျွန်များအကြောင်း အရိပ်အမြွက်သာ ဖြစ်ပါကြောင်းဟု ဆိုစကားပြုရင်းဖြင့်သာ‥။

**မင်းသီကျော်**

**<u>မှီငြမ်း</u>**

* ပုဂံဝန်ထောက်ဦးတင်၏ မြန်မာမင်းများ အုပ်ချုပ်ပုံစာတမ်း။
* မောင်မောင်မြင့်၏ ပုဂံအင်ပါယာမှ မင်းသုံးပါး မင်းမိဖုရားခေတ်။



www.burmeseclassic.com

www.burmeseclassic.com

# ဆရာဘုန်းမြတ်မင်း

နက္ခတ္တဗေဒ (ကံကြမ္မာ) အကြံပေးပညာရှင်



ဂျပန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်ကြီးများအား ဇာတာနှင့် လက္ခဏာ စစ်ဆေး၍ ဘဝတွင် မျှော်မှန်းထားသလောက် 'အထူး' အောင်မြင်မှုများ ရရှိလိမ့်မည်ဟု ကြိုတင်ဟောကိန်းထုတ်နေသော ဆရာဘုန်းမြတ်မင်း

ကံပွင့်လိုသူတိုင်း ရွှေဘုန်းပွင့်ဘုရားကို ဖူးကြရတယ်။ အောင်မြင်လိုသူတိုင်း ဆရာဘုန်းမြတ်မင်းနှင့် ဆုံကြရပြန်ပါတယ်။ ဒီတော့ ဆရာနဲ့တွေ့ရင် ဘာတွေထူးလာမလဲ။ တစ်ချိန်က လျှမ်းလျှမ်းတောက် စီးပွားအောင်မြင်ခဲ့တဲ့ သင်ဟာ ယခုကာလအတွင်း စီးပွားတွေ ကျလာတယ်။ မှုခင်းပြဿနာတွေ ကြုံနေခဲ့တယ် မဟုတ်လား။ အဲဒါ ဘာကြောင့်လဲ။ သင့်လက်ထဲမှာ နိုင်ငံကူးလက်မှတ် ရှိနေမယ်။ ငွေလည်း ရှိနေတယ်။ ဒါပေမဲ့ နိုင်ငံခြား ထွက်လို့ မရသေးဘူး။ အဲဒါ ဘာကြောင့်လဲ။ ငွေကြေး၊ စီးပွား အဆင်ပြေပြန်တော့ အချစ်ရေး၊ အိမ်ထောင်ရေး ကမောက်ကမ ဖြစ်ရပြန်တယ်။ ဒါဟာလည်း ဘာကြောင့်လဲ။ လုပ်တိုင်း မဖြစ်၊ ဖြစ်တိုင်း မမြဲတာက ဘာကြောင့်လဲ။ တကယ်တော့ ဒါတွေဟာ ညီမျှခြင်းတစ်ခုမျှသာ ဖြစ်တယ်။ အတိတ်အကြောင်းတရားရှိမှ ပစ္စုပ္ပန်အကျိုးတရား ဖြစ်တယ်။ အနာသိမှ ဆေးရှိမယ်။ ဒီကော့ ဆရာက သင့်အကြောင်းတွေ သိနေပြီဆိုတော့ ဆရာ့မှာ ဆေးရှိနေပြီပေါ့။ ဂမ္ဘီရသော့ကလေး တစ်ချောင်းကို လှည့်လိုက်ရုံနဲ့ သင့်အောင်မြင်ရေးလမ်းကြောင်း ပွင့်သွားရုံသာရှိမယ်။ သင် ရောက်လာဖို့ကသာ အဓိကလိုပါတယ်။ ငံကြော်ငြာဖတ်ရုံနဲ့တော့ လက်တွေ့ မသိ မမြင်နိုင်ပါ။ ကိုယ်တွေ့လာမှ ကိုယ်တွေ့ ခံစားခွင့် ရရှိလာမယ်။

ဆရာနှင့် ဆွေးနွေးလိုလျှင် ကြိုတင်၍ ဖုန်းဆက်ပါ။


ဆရာဘုန်းမြတ်မင်း၊ အမှတ်(၁၅)၊ ရွှေဘုန်းပွင့်ဘုရားဈေးတန်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

၀၉ ၅၁ ၈၄၉၀၅

www.burmeseclassic.com

www.burmeseclassic.com

# အဿခ်ယာ
# ပုဏ္ဏားအိုနှင့် သားလေးယောက်



လွန်လေပြီးသော အခါကာလက ဖြစ်သည်။ သာဝတ္ထိပြည်၌ ချမ်းသာကြွယ်ဝသော ပုဏ္ဏားတစ် ယောက် ရှိ၏။ တရားသဖြင့် အသက်မွေးဝမ်းကျေ ပြုကာ အသပြာရှစ်သိန်း ပိုင်ဆိုင်သော သူကြွယ်ပုဏ္ဏား ကြီးအဖြစ် ထင်ရှား၏။ ထိုပုဏ္ဏားကြီးတွင် အရွယ်

www.burmeseclassic.com

www.burmeseclassic.com

…ကသော သားလေးယောက်ရှိ၏။ ထိုသားလေးယောက်သည် အချိန်တန်အရွယ်ရောက်၍ ကြင်ဖက်ရှာကာ အိမ်ထောင်ပြုကြသောအခါ ဖခင်ပုဏ္ဏားကြီးက မိဘတို့ ဓလ္လေ့ရှိသည့်အတိုင်း သားတစ်ဦးကို အသပြာတစ်သိန်း စီ ပေးကာ တင့်တောင့်တင့်တယ် ဖြစ်စေ၍ အိမ်ထောင် ခွဲပေးလိုက်လေသည်။

ဖခင်ပုဏ္ဏားကြီးတွင် အသပြာလေးသိန်း ကျန်ရှိနေသည်ကို သားလေးယောက်က သိထားကြ၏။ ကာလကြာသော် ပုဏ္ဏားကြီး၏ဇနီး ကွယ်လွန်လေသည်။

ထိုအခါ သားလေးယောက်တို့က တိုင်ပင်ကြသည်။ ဖခင်ပုဏ္ဏားကြီးသည် အရွယ်ရှိသေးသည်ဖြစ်၍ အခြားပုဏ္ဏေးမ တစ်ယောက်ကို ယူချေသော် ရနိုင်သေး၏။ ထိုအခါ ထိုပုဏ္ဏေးမနှင့်ရ၍ သားသမီးများ ပွားများလာသော် ဖခင်တွင်ရှိသော အသပြာလေးသိန်းကို တို့မရဘဲ ပျောက်ပျက်သွားနိုင်သည်။ ထို့ကြောင့် ဖခင်ကြီးအား နောက်အိမ်ထောင်မပြုရန် နည်းမျိုးစုံနှင့် တားဆီးကြအံ့ဟု တိုင်ပင်ကြလေသည်။

သားလေးယောက်က ဖခင်ပုဏ္ဏားကြီးအိမ်သို့ တစ်ယောက်တစ်လှည့်စီ သွားရောက်ကြ၍ ဖခင်ကြီးအား ခြေဆုပ်လက်နယ် ပြုပေးကြသည်။ ထိုသို့ပြုရင်း အသက်ကြီးမှ အိမ်ထောင်ပြုပါက ဒုက္ခများရသည့် အကြောင်းကို ပုဏ္ဏားကြီး နားဝအောင် ပြောပြကြလေသည်။ ထို့အပြင် ဖခင် ပုဏ္ဏားကြီးအား သားတို့အိမ်တွင် တစ်လှည့်စီ စားသောက်နေထိုင်သွားပါဟု ပြောကြလေသည်။

ပုဏ္ဏားကြီးသည် သားများ၏ စေတနာကို သဘောပေါက်သွားသောကြောင့် သူ့တွင် ကျန်ရှိသော အသပြာလေးသိန်းနှင့် ပစ္စည်းကြီးငယ်တို့ကို လေးပုံခွဲဝေကာ သားလေးယောက်အား အညီအမျှ ခွဲဝေပေးလိုက်လေသည်။ ထို့နောက် သားများအိမ်တွင် တစ်လှည့်စီ နေတော့မည်ဟု ပြောကာ ပထမဦးစွာ သားအကြီးဆုံးအိမ်တွင် လိုက်နေလေသည်။

ရက်,လအတန်ကြာသော် အလုပ်မရှိဘဲ စားသောက်နေထိုင်လျက်ရှိသော ယောက္ခမပုဏ္ဏားကြီးကို ချွေးမအကြီးက ငြိုငြင်လာ၏။

တစ်ရက်တွင် ရေချိုး၍ ပြန်လာသော ပုဏ္ဏားကြီးကို ချွေးမအကြီးက တံခါးဝတွင် ရပ်လျက်-

'သားအကြီးဆိုပြီး တစ်ပြားတစ်ချပ်မျှ ပိုမပေးဘဲ ဒီလောက်ရက်များကြာရှည်အောင် အမြဲနှိုးသား ထိုင်စားနေရသလား။ တခြားသားတွေ ရှိတယ်ဆိုတာရော မေ့နေပြီလား'ဟု ပြောဆိုလေသည်။

ပုဏ္ဏားကြီးသည် ထိုစကားကြောင့် ချွေးမကို စိတ်ဆိုးကာ အိမ်မှ ထွက်လာပြီး သားလတ်အိမ်တွင် သွား၍ နေထိုင်လေသည်။ သားလတ်အိမ်တွင်လည်း ကြာလာသောအခါ ချွေးမ၏ ငြူစူစောင်းမြောင်း ပြောဆိုခြင်းကို ခံရပြန်၏။ ဤသို့ဖြင့် သားလေးယောက်လုံး၏အိမ်တွင် တစ်လှည့်စီ နေထိုင်ပါသော်လည်း မယားတို့၏ ကုန်းချောစကားဖြင့် သားတို့ပါ နားယောင်၍ ဖခင်ပုဏ္ဏားကြီးကို မလိုတမာဖြစ်လာကြသည်။ ချွေးမတို့က ပုဏ္ဏားကြီးကို နှင်ထုတ်ကုန်ကြ၏။

ပုဏ္ဏားကြီးသည် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ သောကများစွာဖြင့် ဝမ်းရေးအတွက် ဖြစ်သလို ရှာဖွေစားသောက်နေရာက ကြံရာမရဖြစ်ကာ ထမင်းတစ်လုတ်အတွက် သက်န်းကို ကိုယ်တွင်ပတ်ပြီး ရဟန်းအဖြစ် ဆွမ်းခံစားလေတော့သည်။ ထိုကဲ့သို့ ဆွမ်းခံစားနေရင်း ရက်,လကြာရှည်လာသော် အိုမင်းရင့်ရော်ခြင်းအဖြစ်ကို ရောက်လေတော့သည်။

အစားဆင်းရဲခြင်း၊ အအိပ်အနေဆင်းရဲခြင်းတို့ကြောင့် ကျန်းမာရေး ချို့ယွင်းသောဘဝကို ရောက်ရှိသွားတော့သည်။ အသက်အရွယ်ကြီး ကျန်းမာရေး ချို့ယွင်းကာ ခိုကိုးရာမဲ့သော အခြေအနေကို ရောက်ရှိသွားသောကြောင့် ကြံရာမရဖြစ်ကာ တောင်ဝှေးကိုဆွဲလျက် မြတ်စွာဘုရားရှင်ထံသို့ ရောက်ရှိသွားလေတော့သည်။

မြတ်စွာဘုရားရှင်သည် ရှေ့တွင် ရောက်ရှိလာသော ပုဏ္ဏားအိုကြီးနှင့် ပဋိသန္ဓာရစကား ပြောကြားရင်း သားလေးယောက်နှင့် ချွေးမတို့၏ နှင်ထုတ်ခြင်းခံရ၍ ဆင်းရဲလှသည့် ဘဝအကြောင်းကို ကြားသိရလေလျှင် မြတ်စွာဘုရားက-

'အသင်ပုဏ္ဏားကြီး··ဤဂါထာကို သင်ကြား၍သွားလော့။ လူတို့စုစည်းမိသော အရပ်တွင် သင်၏ သားများရောက်လာသည့်အခါ ဤဂါထာကို ရွတ်ဆိုလော့'ဟု သင်ကြားပေးလိုက်လေသည်။

ပုဏ္ဏားကြီးသည် လူသူစုစည်းရာအရပ်တွင် မိမိ၏

www.burmeseclassic.com

သားများ ဝတ်ကောင်းစားလှဝတ်ဆင်၍ လာကြသည်ကို မြင်လျှင် မြတ်စွာဘုရား သင်ကြားပေးလိုက်သော ဂါထာကို လှုပုံအလယ်၌ ရွတ်ဆိုလေသည်။

ထိုဂါထာ၏ အဓိပ္ပာယ်မှာ-

"သားကလေးတွေ မွေးလာလို့ ငါ့မှာ ဝမ်းသာလိုက်ရတာ။ သားကလေးတွေ ကြီးပွားပါစေလို့ တောင့်တလိုက်ရတာ။ အခု ဒီသားတွေက သူ့မယားတွေနဲ့ တိုင်ပင်ကြပြီး ခွေးတွေက ဝက်ကို အိမ်ထဲက မောင်းထုတ်သလို မောင်းထုတ်လိုက်ကြတယ်။

သူတော်မဟုတ်၊ ယုတ်မာတယ်ဆိုကြတဲ့ ရက်စက်တွေဟာ သားတွေယောင်ဆောင်ပြီး ငါ့ကို အဖေ၊ အဖေလို့ ခေါ်ကြတယ်။ ဒီသားတွေက အရွယ်လွန်ကာ သေခါနီးနေတဲ့ ငါ့ကို စွန့်ပစ်လိုက်ကြတယ်။

အိုမင်းသွားလို့ အသုံးချမရတဲ့မြည်းကို အစာမကျွေးကြသလို ငါ့ကို နှင်ထုတ်ကြတယ်။ သားမိုက်တို့ရဲ့ အဖေဖြစ်တဲ့ ငါ့မှာတော့ အိုကြီးအိုမနဲ့ အိမ်ပေါက်စေ့မှာ တောင်းစားနေရတယ်။

ငါ့သားတွေက ငါ့ကို မရှိသေကြ။ ငါ့တောင်ဝှေးက သာလျှင် နွားဆိုးကိုလည်း မောင်းနိုင်တယ်။ ခွေးဆိုးကိုလည်း မောင်းနိုင်တဲ့အတွက် ငါ့တောင်ဝှေးက မြတ်ပါသေးတယ်။



တောင်ဝှေးက အမှောင်ထဲမှာ သူ့ကို ရှေ့က သွားတယ်။ ရေထဲသွားရင် အတိမ်အနက် စမ်းလို့ရတယ်။ ခြေချော်လို့ရှိရင် တောင်ဝှေးရဲ့အစွမ်းကြောင့် ထောက်တည်ရာရတယ်."

ပုဏ္ဏားကြီးက ဤကဲ့သို့ ရွတ်ဆိုလိုက်သောကြောင့် သားလေးယောက်တို့သည် ဆောက်တည်ရာမရ ထိတ်လန့်သွားကြလေသည်။ ထိုခေတ် ထိုအခါက လူတို့သည် အမိ,အဖပစ္စည်းကို စားသောက်ပြီး အမိ,အဖတို့ကို လုပ်ကျွေးသမှုမပြုလျှင် သတ်သင့်သတ်ထိုက်သည်ဟူသော အစဉ်အလာရှိသည့်ခေတ်ဖြစ်၍ ထိုဂါထာကို ကြားရသော သားတို့သည် ပုဏ္ဏားကြီး၏ ခြေထောက်ကို ဖက်၍ အသက်ချမ်းသာပေးပါဟု တောင်းပန်ကြသည်။

လူအပေါင်းတို့ကလည်း သင်တို့သည် ယနေ့မှစ၍ ဖခင်အိုကြီးကို မလုပ်ကျွေး မပြုစုပါက ငါတို့သတ်မည်ဟု ပြောဆိုကြလေသည်။

သားတို့သည် ဖခင်ပုဏ္ဏားကြီးအား အိမ်သို့ ကောင်းစွာ ခေါ်ဆောင်ပြီး မယားတို့အား ကြိမ်းမောင်းလျက် ကောင်းစွာသော အာဟာရတို့ဖြင့် ကျွေးမွေးပြုစု၏။ ဆီလိမ်းနှိပ်နယ်ပြီ သင့်တင့်လျောက်ပတ်စွာ နေစေ၏။ ဤသို့ဖြင့် ပုဏ္ဏားကြီးမှာ ချမ်းသာစွာ နေရလေတော့သည်။

ပုဏ္ဏားကြီးသည် လေး,ငါးရက်ခန့်ကြာသော် မိမိကိုယ်ကိုမိမိ စဉ်းစားဆင်ခြင်ကြည့်ပြီး ဤစည်းစိမ်ချမ်းသာသည် ရဟန်းဂေါတမကို အမှီပြု၍ ရရှိခြင်းဖြစ်သည်။ ရဟန်းဂေါတမသည် ကျေးဇူးကြီးလှပေသည်ဟု စဉ်းစားပြီး ပုဆိုးတစ်စုံကိုယူ၍ မြတ်စွာဘုရားထံ သွားရောက်ကပ်လှူလေသည်။

မြတ်စွာဘုရားသည် ပုဏ္ဏားကြီးလှူဒါန်းသော ပုဆိုးကို အလှူခံတော်မူပြီး ပုဏ္ဏားကြီးအား တရားဟောတော်မူလေသည်။ ပုဏ္ဏားကြီးလည်း သရဏဂုံ၌ တည်လေ၏။

ထို့နောက် ပုဏ္ဏားကြီးက-

"အရှင်မြတ်ဘုရား..ယခုအခါ သားတို့သည် လေးမျိုးကုန်သော စားဖွယ်တို့ဖြင့် အမြဲမပြတ် လုပ်ကျွေးကြပါသည်။ ထိုလေးမျိုးအနက်မှ အရှင်ဘုရားတို့အား နှစ်မျိုးပေးလှူပါ၏။ နေ့စဉ် ကြွရောက်အလှူခံပါဟု လျှောက်

www.burmeseclassic.com

www.burmeseclassic.com

သည်၏။

ထိုအခါ မြတ်စွာဘုရားသခင်က-

"ပုဏ္ဏားကြီး··ကောင်းလှပေ၏။ ငါဘုရားတို့သည် နှစ်သက်သောအချိန်မှ နှစ်သက်သောအရပ်ကို သွားလေ့ရှိသည်"ဟု မိန့်တော်မူလေသည်။

ပုဏ္ဏားကြီးသည် အိမ်သို့ရောက်လျှင် နှစ်မျိုးသော အဟာရတို့ဖြင့် လှူဒါန်းရန် မြတ်စွာဘုရားအား ပင့်ခဲ့ကြောင်း သားတို့ကို ပြောပြ၏။ သားတို့က ကျေနပ်ကြကုန်၏။ ဘုရားရှင်သည် နောက်တစ်နေ့မှစ၍ သားလေးယောက်အိမ်ကို တစ်လှည့်စီ ကြွသွား၏။ သားတို့က ဘုရားရှင်အား ပူဇော်သမှုပြုကြ၏။

တစ်နေ့၌ သားကြီးက မင်္ဂလာအလှူ ပြုလိုပါသည်ဟု ဖခင်အား တိုင်ပင်၏။ ထိုအလှူအတွက် ရဟန်းဂေါတမကိုပင့်ရန် ဖခင်ပုဏ္ဏားကြီးက တိုက်တွန်း၏။ သားကြီးက ကျေနပ်အားရစွာနှင့် ဖခင်အား ရဟန်းငါးရာနှင့်တကွ ပင့်ဖိတ်နိုင်း၏။

နောက်တစ်နေ့တွင် မြတ်စွာဘုရားရှင်သည် ရဟန်းငါးရာနှင့်တကွ သားကြီးအိမ်သို့ ကြွရောက်တော်မူလေသည်။ ဆွမ်းအနုမောဒနာတွင် အမိအဖတို့ကို လုပ်ကျွေးခြင်းမှာ ရှေးပညာရှိတို့၏ အစဉ်အလာပေတည်းဟု မိန့်တော်မူပြီး ကောဒသသကနိပါတ်၊ မာတုပေါသက ဆင်မင်းဇာတ်ကို ဟောကြားတော်မူလေသည်။

မိခင်ကို လုပ်ကျွေးသော မာတုပေါသက ဆင်မင်းဇာတ်ကို အကျယ်ဟောတော်မူပြီး နှိမ်နင်းရန်ခဲယဉ်းသော ပြင်းထန်စွာ အမုန်ရစ်သည့် ဓနပါလဆင်သည် အဖမ်းအဆီးခံရသဖြင့် အစာကိုမစားဘဲ မိမိနေရာ ဆင်တောကိုသာ အောက်မေ့၍နေ၏။ ထိုပုဏ္ဏားသားလေးယောက်တို့သည် နူးညံ့သောနှလုံးရှိပြီးဖြစ်ကြ၍ မြတ်စွာဘုရားက လျောက်ပတ်သည်ကိုသိ၍ သစ္စာတရားကိုပြလျက် တရားဟောတော်မူလေသည်။

ဒေသနာတော်၏ အဆုံး၌ သားတို့သည်လည်းကောင်း၊ ချွေးမတို့သည်လည်းကောင်း သောတာပတ္တိဖိုလ်၌ တည်ကြလေကုန်၏။

**အသင်္ချာ**

<u>ကျမ်းကိုး</u>

* ဓမ္မပဒ၊ နာဂဝဂ်၊ သုံးခုမြောက်ပုဏ္ဏားကြီးဝတ္ထု။


# ဆရာကြီးဦးအောင်ထွန်း

**[အကြောပြင်ပညာရှင်]**

အကြောပြင်ပညာဆိုတာ ဝေဒနာခံစားနေရတဲ့ အကြောကို အားသုံးဖိနှိပ်ပြီး နာကျင်တဲ့ဝေဒနာအဖြစ် အာရုံပြောင်းကုသရတဲ့ပညာ မဟုတ်သလို မလိုအပ်ဘဲ ဆေးပူတွေလိမ်း၊ ပတ်တီးစည်းပြီး လူနာရဲ့စိတ်ကို လှည့်စားရတဲ့ ပညာလည်း မဟုတ်ပါဘူး။ ဝေဒနာရှင်ရဲ့ ခံစားရတဲ့ အကြောလေးတွေကို မနာကျင်စေဘဲ အချိန်တိုမိနစ်ပိုင်းအတွင်း သက်သာအောင် ပြုပြင်ပေးတဲ့ပညာ ဖြစ်ပါတယ်။

ကျွန်တော် ဒီနည်းတွေကို အသုံးချပြီး-

- ခါးနာ၊ ဒူးနာ၊ ကျီးပေါင်းတက်၊ လက်ကိုက်၊ လက်ကပ်နဲ့ ထုံနာကျင်နာတွေကို (၁၅)မိနစ်အတွင်း၊
- အခြားအကြောရောဂါတွေကို မိနစ်ပိုင်းအတွင်း၊
- လေဖြတ်စ (၂၄ နာရီအတွင်း) လူနာတွေကို တစ်ပတ်အတွင်းကောင်းအောင် ကူညီနေပါတယ်။
- လေဖြတ်ခံရပြီး ပုံမှန်ခြေ,လက် မလှုပ်ရှားနိုင်သူများအား အမြန်ဆုံးကောင်းမွန်အောင် ပြုပြင်ပေးသည်။
- ဝေဒနာကို ပျောက်ကင်းနိုင်ခြင်းရှိ/မရှိ၊ ပျောက်ကင်းမည့်အချိန်ကိုပါ တစ်ပါတည်း ခန့်မှန်းပေးပါမည်။

တွေ့ချိန် - နေ့စဉ် (၉)နာရီ မှ ညနေ(၅)နာရီအတွင်း

**အမှတ်(၅၇)၊ (၄)လမ်း၊ မာလာမြိုင်ရပ်၊ ခုတ်ကျင်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**

**(ပါရမီလမ်းမကြီးနှင့် ကျောချင်းကပ်လမ်း) ဖုန်း - ၀၉ ၇၃ ၂၄၂၄၄၂ ၊ ၀၉ ၂၅၀ ၁၅၄၇၅၀**




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



## မောင်လှမယ်ဦး (မော်လမြိုင်)

# ဘောဇဘုရင်နှင့် ပညာရှိ ကာလိဒါသ (၈)

<u>…လီဒါသ ရယ်မောလို့ မိုးရွာပြီ</u>

ဘောဇဘုရင်ကြီးမင်းပြုနေတဲ့ ဓာရာနာဂရတိုင်းကြီး …ာ ဒီမိုကရေစီစနစ်နဲ့ အုပ်ချုပ်ခြင်း၊ အုပ်ချုပ်သူ ခေါင်း …ာင် ဘောဇဘုရင်ကြီးကလည်း မင်းကျင့်တရားဆယ် …နဲ့ ပြည့်စုံခြင်း၊ ဆရာကာလီဒါသ အမှူးရှိတဲ့ မှူးမတ် …များစုကလည်း ပြည်သူ့ဘဏ္ဍာတွေကို ကိုယ်ကျိုး …တွက် မသုံးခြင်း၊ တောင်သူလယ်သမားတွေရဲ့ လယ် …မြေတွေကို မတရား ကိုယ်ကျိုးမသိမ်းခြင်းတို့ကြောင့် …ရာနာဂရတိုင်းကြီးမှာ တခြားတိုင်းများနဲ့မတူ သာယာ …ပြောပြီး ပြည်သူပြည်သား တွေလည်း စိတ်ချမ်းသာကြ …လို့ အတိုင်းတိုင်းအပြည်ပြည်ကလည်း အတုယူ အား …နေကြတယ်။

သည်သာယာဝပြောတဲ့ တိုင်းနိုင်ငံတော်ကြီးဟာ သည်နှစ်တော့ ဘယ်လိုစည်းပေါက်ကျန်တယ် မသိပါဘူး။ မဖြစ်ဖူးတဲ့ မိုးခေါင်ခြင်းကို အလူးအလဲ ခံစားနေကြရတယ်။ မိုးခေါင်နေလို့ စိုက်ပျိုးရေးလည်းမလုပ်နိုင်တော့ ပြည်သူပြည်သားတွေ စားဝတ်နေရေးခက်ခဲလာပြီး ဘောဇဘုရင်ကြီးနဲ့ ဝန်ကြီးမှူးမတ်တွေကို ပြည်သူပြည်သားတွေက ဆန္ဒပြ တောင်းဆိုနေကြတာ။ ပြည်သူ့ဟာစ်တိုင်နေရာမှာ နေ့စဉ် လူတွေ ပြည့်လို့နေတယ်။

ဘောဇဘုရင်ကြီးမှာလည်း သူအုပ်ချုပ်တဲ့ ဓာရာတိုင်းကြီးမှာ မဖြစ်စဖူး မိုးခေါင်နေတာမို့ ပြည်သူတွေအတွက် ရင်မအေးဘဲ ချက်ချင်းပင် ရဟန်း၊ ရသေ့၊ ပုဏ္ဏားဖြူ၊ ပုဏ္ဏားညို၊ ဟူးရားတို့ ချက်ချင်းဆင့်ခေါ်ပြီး ဘာကြောင့်မိုးခေါင်နေရသလဲ ဆိုတာကို တွက်ချက်အဖြေထုတ်ခိုင်းပါတယ်။

www.burmeseclassic.com

ရဟန်းပညာရှိ၊ လူပညာရှိတို့က အသေအချာတွက်ချက်ပြီး အားလုံးတူညီစွာ လျှောက်ထားလိုက်တာက 'ပညာရှိ ဆရာကာလီဒါ ရယ်မောမှသာ မိုးရွာသွန်းပါလိမ့်မယ်' လို့ ထွက်ဆိုကြတယ်။

ဘောဇဘုရင်ကြီးလည်း ချက်ချင်းပဲ ဆရာကာလီဒါသကို ခေါ်စေပြီး မိုးရွာလာစေရန် ရယ်မောခိုင်းပါတယ်။

'ဆရာကာလီဒါသ··မရယ်မပြုံးဘဲ တည်တည်ကြီး ရှိနေပါတယ်။ လုံးဝလုံးဝကို မရယ်မောပါ'

ဘောဇဘုရင်ကြီးလည်း တိုင်းပြည်ပေါ်မှာရှိတဲ့ လူရွှင်တော် ပျော်တော်ဆက်တွေကို ဆင့်ခေါ်ပြီး ဆရာကာလီဒါသ ရယ်လာစေရန် ပြက်လုံးတွေ ထုတ်ခိုင်းပြီး ရယ်မောအောင် လုပ်စေပါတယ်။ လူရွှင်တော်တွေကလည်း ရယ်စရာ ပြက်လုံးတွေ အမျိုးမျိုးထုတ်ကြတော့ ဘောဇဘုရင်ကြီးနဲ့ မိဖုရား၊ မှူးမတ်တွေအားလုံး ရယ်မောကြပေမယ့် ဆရာကာလီဒါသကတော့ နကမွတ္တိ လုံးဝမရယ်ရေးချ မရယ်ပါဘူး။

သည်တော့ ဘောဇဘုရင်လည်း စိတ်ဆိုးပြီး ဆရာကာလီဒါသကို တိုင်းပြည်က ထွက်ခိုင်းလိုက်လို့ ဆရာကာလီဒါသလည်း နန်းတော်က ထွက်သွားပြီး မြို့ပြင် တည်းခိုဇရပ် ထောင့်တစ်ထောင့်တွင် ငြိမ်သက်စွာထိုင်ပြီး စဉ်းစားနေတော့တယ်။

ဆရာကာလီဒါသ ဇရပ်ထောင့်မှာထိုင်ပြီး စဉ်းစားနေစဉ်မှာပဲ မျက်မမြင်လင်မယားနှစ်ယောက်ရောက်လာပြီး ဆရာကာလီဒါသရဲ့ ညာဘက်ထောင့်မှာ နေရာယူလိုက်ကြတယ်။ မျက်မမြင်လင်မယားနဲ့ မရှေးမနှောင်းမှာဘဲ သားပျောက် လိုက်ရှာနေတဲ့ ဖခင်တစ်ဦး ရောက်လာပြန်ရော။ ထိုသူသည် လွတ်တဲ့တစ်နေရာမှာ သွားထိုင်ပြီး သားအတွက် သောကပွားလို့ တိတ်ဆိတ်စွာ နေထိုင်ပြီး စဉ်းစားနေတယ်။

သားပျောက်ဖခင် ရောက်လာပြီး မကြာခင်အချိန်တွင်းမှာပဲ ကြံကုန်သည်တစ်ဦး သူ့ကြံလှည်းနဲ့ ရောက်လာပြီး ကြံလှည်းကို ဇရပ်ရှေ့မှာ ရပ်ထားပြီး ဇရပ်ပေါ် တက်လာကာ လွတ်တဲ့နေရာမှာ တိတ်ဆိတ်စွာ ထိုင်နေလိုက်ပြီး ကိုယ့်အတွေးနဲ့ကိုယ် တိတ်ဆိတ်စွာ ထိုင်နေကြတယ်။

သည်အချိန်မှာ မျက်မမြင်လင်မယားနှစ်ဦးက ဇရပ်ပေါ်မှာ သူတို့နှစ်ယောက်ပဲ ရှိတယ်ထင်ပြီး တစ်ဦးနဲ့တစ် ဦး အချစ်ကျီစယ်နေပြီး အချစ်ကြမ်းနေကြတယ်။ တစ် လောကလုံးမှာ သူတို့နှစ်ဦးပဲ ရှိနေတယ်ထင်ပြီး မိုးမမြင် လေမမြင် ဖြစ်နေကြတာပေါ့။

'ဘယ့်နှယ်လဲ အချစ်ရယ်··အခုလို တို့နှစ်ဦးတည်း လွတ်လွတ်လပ်လပ် ချစ်နေရတာ ဘယ်လောက်ကောင်း လဲ အချစ်ရယ်'

'ဘယ့်နှယ်ပြောပါလိမ့် မောင်ရယ်။ မောင့်ရဲ့ အချစ် ကြောင့် ခင့်မှာ လောကသုံးပါးကိုပင် မြင်သွားပါပြီ အချစ် ရယ်'

သည်မှာ သူ့အတွေးနဲ့သူ တွေးနေတဲ့ သားပျောက် ဖခင်က မျက်မမြင်ယောက်ျား ပြောတာကို မကြားဘဲ မိန်းမပြောလိုက်တဲ့ လောကသုံးပါးကိုပင် မြင်သွားပါပြီ ဆိုတာကိုပဲ ကြားလိုက်ရတော့ သည်အမျိုးသမီးက အကြား အမြင်ရသူပဲ ဖြစ်ရမယ်။ လောကသုံးပါးတောင် မြင်နိုင် တာဆိုတော့ ငါ့သား ဘယ်မှာရှိတယ် ဆိုတာကိုလည်း သူမ သိမှာပဲလို့ ဝမ်းသာအားရနဲ့ မေးလိုက်တော့တယ်။

'ခင်ဗျားက လောကသုံးပါးကိုတောင် မြင်နိုင်သူဆို တော့ ကျွန်ုပ်သား ဘယ်မှာရှိနေတယ်ဆိုတာကို မြင်နိုင် မှာပဲနော်။ တစ်ဆိတ် ကြည့်ပေးစမ်းပါဗျာ။ ကျွန်ုပ်သား ဘယ်ဒေသ၊ ဘယ်အရပ်မှာ ရှိနေတယ် ဆိုတာကို ကျေးဇူး မမေ့ပါဘူးဗျာ'

လူမရှိဘူး။ သူတို့လင်မယားနှစ်ယောက်ပဲ ရှိနေတယ် လို့ ထင်နေတဲ့ မျက်မမြင်မိန်းမက အလန့်တကြားနဲ့ သူ့ ယောက်ျား မျက်မမြင်ကို သည်လို ပြောလိုက်ပါတယ်။

'အဲတော့··လူရှိတယ်တော့'

မျက်မမြင်မိန်းမရဲ့အသံကို ကြားလိုက်ရတဲ့ ကြံကု သည်က သူ့ကြံတွေ လူခွဲနေပြီ အထင်နဲ့ အော်ပြောလို ပြန်တယ်။

'ဟေ့··ငါ့ကြံ အချောင်းတစ်ရာတိတိ ရှိတယ်နော် မယူကြနဲ့။ ယူရင် ငါနဲ့ တွေ့မယ်ကွ'

မျက်မမြင် မိန်းမရယ်၊ သားပျောက် ဖခင်ရယ်၊ ကြံ ကုန်သည်တို့သုံးဦး ကိုယ့်အတွေးနဲ့ကိုယ် တစ်ယော တစ်ပေါက် ပြောလိုက်တဲ့ စကားတွေကို ကြားလိုက်ရ ဆရာကာလီဒါသမှာ မရယ်ရ မနေနိုင်တော့ဘဲ ဟား



www.burmeseclassic.com

www.burmeseclassic.com

ဟက်ပက်ပက် ထရယ်လိုက်မိတော့တယ်။

ဆရာကာလီဒါသ ဟာက်ဟာက်ပက်ပက် ရယ်မော လိုက်တာကြောင့် ကောင်းကင်တစ်ပြင်လုံး မိုးသားတွေ ညည်းမှောင်တက်လာပြီး မိုးကြီး အဆက်မပြတ် သဲသဲမဲမဲ ရွာချလိုက်ပါတော့တယ်။

ဘောဇဘုရင်နဲ့တကွ တိုင်းသူပြည်သားတို့လည်း ဆရာကာလီဒါသ ရယ်မောပြီလို့ဆိုကာ ပျော်ရွှင်နေကြ တော့တယ်။

ဘောဇဘုရင်ကြီးလည်း ဆရာကာလီဒါသ ဘယ်မှာ ရှိနေမလဲလို့ ကိုယ်တိုင်ထွက်ပြီးရှာတော့ မြို့ပြင်ဇရပ်မှာ ထိုင်နေတာကိုတွေ့လို့ ပြုံးပြုံးရွှင်ရွှင်နဲ့ ပခုံးဖက်ပြီး နန်း တော်ကို ပြန်ခေါ်ခဲ့ပါတော့တယ်။

'အချင်းကာလီဒါသ..အသင် အခု ဘာကြောင့်ရယ် မောရတာလဲ။ ဘာများရယ်စရာ တွေ့လို့လဲကွယ့်။' အခု အသင် ရယ်မောလို့ မိုးကြီး ရွာပေပြီ။ အသင့်ကို ကျွန်ုပ် ကျေးဇူးအထူးတင်တယ်'

ဘောဇဘုရင်ကြီးက ကျေးဇူးတင်ကြောင်း ပြောပြီး ရယ်ရတဲ့ အကြောင်းကို မေးလိုက်တော့ ကာလီဒါသ ကလည်း သူ ဇရပ်ပေါ်မှာ တွေ့မြင်ကြားသိလိုက်တဲ့ အမောက်ကမမြင်ကွင်းနဲ့ အသံတွေကို ပြောပြလိုက်တော့ ဘောဇဘုရင်နှင့် မှူးမတ်အားလုံး အတောမသတ် ရယ် မောကြတော့တယ်။

<u>သူရူးမကောင်းကြံ ကိုယ်သာခံ</u>

ဓာရာနာဂရတိုင်းကြီးအရှင် ဘောဇဘုရင်ကြီးကိုယ် တိုင်က ပညာဉာဏ်ကြီးမားသူဖြစ်ပြီး ပညာရှိတွေကို လည်း လေးစားချစ်ခင်မြှောက်စားတဲ့ ဘုရင်ဖြစ်တယ်။ ဘောဇဘုရင်ကြီးမှာ အတိုင်းတိုင်းအပြည်ပြည်က ပညာရှိ များ လာရောက်ခစားကြတာကိုလည်း ဝမ်းမြောက်စွာနဲ့ ကြိုဆိုလက်ခံတယ်။ နောက် ပညာရှိသုခမိန်တို့ရဲ့ သား များကိုလည်း ပညာသင်ကြားစေပြီး ပညာတတ်များ ဖြစ် လာရင် ဘောဇဘုရင်ထံပါးမှာသာ ခစားစေလို့ ဘောဇ ဘုရင်ကြီးထံမှာ ပညာရှိအမတ်ပေါင်း တစ်ထောင်လေးရာ ကျော်လောက် ရှိပါတယ်။ သည်ပညာရှိတွေရဲ့ အချုပ်က တော့ ဆရာကာလီဒါသ ပညာရှိကြီးပါပဲ။

ဘောဇဘုရင်ကြီးက ဆရာကာလီဒါသကို ချစ်ခင် တွယ်နှီးတာရယ်၊ အချိန်တိုင်း အကြံဉာဏ်ယူတာရယ်၊ အခွင့်အရေးပေးတာရယ်နဲ့ နောက်ပညာရှိအမတ် တစ် ထောင့်လေးရာကျော်ရဲ့ အကြီးအမှူးဖြစ်နေတာမို့ ကျန်တဲ့ ပညာရှိတွေက မလိုလားကြဘူး။ ဆရာကာလီဒါသ ရှိနေ လို့ သူတို့အားလုံး လာဘ်ပိတ်နေတာလို့ထင်ပြီး မလိုမုန်း ထား တခြားကို လွှင့်သွားရအောင် ကြံဆောင်မှဖြစ်မယ်လို့ အားလုံးရဲ့စိတ်ထဲမှာ စွဲနေကြတယ်။

တစ်နေ့တော့ ဆရာကာလီဒါသကို မလိုလားတဲ့ မှူး မတ်တွေက တစ်နေရာမှာ စုဝေးတိုင်ပင်နေကြတယ်။

အမတ်တစ်ဦးက ဦးစွာ ပြောလာတယ်။

'ကျွန်ုပ်တို့ ထောင့်လေးရာကျော်သော ပညာရှိတို့ အနက် အသက်ကြီးရင့်သောသူတို့ကို ရွေးထုတ်ရမယ်။ သည်အထဲမှာ ကာလီဒါသ ပါကိုပါရမယ်။ အသက်ကြီး ရင့်သူကိုရွေးပြီး ဗာရာဏသီမြို့ကို သွားစေကာ ရဟန်း ပြုစေရမယ်။ သည်လိုလုပ်ပေးလိုက်လို့ သူတို့လည်း ကုသိုလ်တိုးပွားကြမယ်။ သည်ထဲမှာ ကာလီဒါသလည်း ပါသွားမှာမို့ ကျွန်ုပ်တို့ အကျိုးကြီးသွားနိုင်တယ်'

အသက်ကြီးတဲ့ အမတ်တွေ ရဟန်းပြုသွားရင် တို့ များအတွက် အကျိုးများသလို တို့နေရာမှာ တို့ရဲ့သားတွေ ကို နေရာပေးမှ သင့်မယ်လို့ သဘောတူကာ ဆရာကာလီ ဒါသကို ဆွေးနွေးဖို့ ဆရာကာလီဒါသထံကို သွားခဲ့ကြ တယ်။

'အို ကဝိမြတ်..ငါတို့သည် အသက်တွေ ကြီးရင့် ကုန်ကြပေပြီ။ သည်လောကကြီးသည် မမြဲချေ။ ငါတို့၏ ခန္ဓာကိုယ်အတ္တဘောကြီး သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ အစုအဝေးကြီးသာ ဖြစ်ပေ မယ်။ ဒါကြောင့် ဤ သံသရာမှ လွတ် မြောက်ကြောင်း တရားကို ရှာမှီး သင့်ပေပြီ။



www.burmeseclassic.com

www.burmeseclassic.com

သို့တွက်ကြောင့် ကျွန်ုပ်တို့ ဗာရာဏသီမြို့ကို သွားပြီး ရဟန်းပြုကြရန် ဆုံးဖြတ်ထားကြတယ်။ အသင်ရော လိုက်ပြီး ရဟန်းပြုနိုင်,မပြုနိုင် သင့်ရဲ့ သဘောထားကို သိဖို့ လာခဲ့တာပါပဲ။ ဒါကြောင့်မို့ အသင်ကဝိရဲ့ သဘောထားကို သိပါရစေ'

ဆရာကာလီဒါသက ဒီအမတ်ယုတ်တွေရဲ့ အကောက်ဉာဏ်ကို သိပေမယ့် မိမိရဲ့အကြံစည်ကို မသိစေဘဲ ဝမ်းသာအားရတဲ့ မျက်နှာနဲ့ လက်ခံလိုက်တယ်။ အားလုံးက သဘောတူကြပြီးဖြစ်လို့ တစုတဝေးတည်း ဘောဇဘုရင်ကြီးထံဝင်၍ သူတို့ရဲ့အကြံကို လျှောက်ထားခွင့်တောင်းကြတယ်။ ဘောဇဘုရင်ကြီးကလည်း ဝမ်းသာအားရ သဘောတူလိုက်တယ်။

'အို··ပညာရှိအပေါင်းတို့၊ အသင်တို့ ခွင့်တောင်းတာက အလွန်ဝမ်းမြောက်စရာကောင်းတဲ့ စကားပါ။ အသင်တို့ ရဟန်းပြုခဲ့ရင် အသင်တို့နေရာမှာ အသင်တို့ရဲ့သားတွေကို အစားထိုးခန့်ထားပေးဖို့ ကျွန်ုပ် ကတိပေးတယ်'

ဘောဇဘုရင်ကြီးထံက အမိန့်ရပြီမို့ ဆရာကာလီဒါသနဲ့ အမတ်အပေါင်းတို့လည်း နောက်တစ်နေ့မနက်မှာ ဗာရာဏသီမြို့ကို ရဟန်းပြုကြရန် ထွက်ခွာသွားကြတော့တယ်။ ဗာရာဏသီမြို့ကို ရောက်ကြတော့ နရဆိံဟဘာရတီ ဘွဲ့တော်ရှိတဲ့ ဆရာတော်ထံ သွားရောက်၍ သူတို့အား ရဟန်းပြုပေးဖို့ တောင်းပန်ကြတယ်။ ဆရာတော် နရဆိံဟဘာရတီကလည်း ရဟန်းပြုပေးရန် သဘောတူလိုက်ပါတယ်။

'အသင်တို့ လူတွေများနေကြလို့ တစ်ပြိုင်တည်း ရဟန်းပြုမပေးနိုင်ပါ။ တစ်နေ့ကို တစ်ဦးကျစီသာ ရဟန်းပြုပေးနိုင်မယ်'



ပညာရှိအပေါင်းတို့ကလည်း ရဟန်းပြုခွင့်ရလို့ တည်းခိုရာကိုပြန်ပြီး ဘယ်သူ ရဟန်းအရင်ပြုကြမလဲလို့ မေးလိုက်တော့ အားလုံးက ဆရာကာလီဒါသကို ဦးစွာ ရဟန်းပြုကြဖို့ တိုက်တွန်းကြတယ်။

'ရဟန်းပြုကြဖို့ ဦးစွာ ကြံစည်ကြတာက အသင်တို့ပဲ ဖြစ်နေတာမို့ အသင်တို့ပဲ အရင်ရဟန်းပြုကြပါ။ ကျွန်ုပ်ကတော့ နောက်ဆုံးမှပဲ ရဟန်းပြုပါတော့မယ်'

ဆရာကာလီဒါသ ပြောတာလည်း မှန်နေလို့ ဦးစွာ အမတ်တွေ တစ်နေ့ တစ်ဦးကျ ရဟန်းပြုကြတော့တယ်။ ရဟန်းပြုမယ့် ရဟန်းလောင်းတွေက မိမိတို့ အယူဝါဒ အလျောက် သင်္ကန်းတောင်းကို ရွတ်ဆိုကြတယ်။

ကဒါ ဝါရာဏ ဆယာမ မရထင်္ဂနိရိုစဆီ၊
ဝဆန် ဝဆန် ကောက်ပီနံရှိရဆီ နိဒစာနိဂျာဟုပုဋ္ဌမ်း
အယေဂေါက်ရိန္နာထတိပုရဟာရရှမ္မို
တြိနယနပြဆိဒေတျာကြိုရှန္တိမိယှမိဝ
နေယှယာမိဒိဝဆံ။ (သဂဌ္ဌဂါထာ)

(ဗာရာဏသီပြည်၏ ဂင်္ဂါမြစ်ကမ်း၌ ဘယ်တော့များ သွား၍နေရပါမည်နည်း။ ဖန်ရည်စွန်းသော အဝတ်ကိုဝတ်၍ ဦးခေါင်း၌ ဒေါက်ချာကိုဆောင်း၍ ဘယ်အခါ နေရပါမည်နည်း။ အို··လူသုံးပါးတို့၏ ကိုးကွယ်ရာဖြစ်သော ဘုရားရှင်၊ အို··သုံးလုံးသော မျက်စိရှိသော ဘုရားရှင်၊ နှစ်သက်ဝမ်းမြောက်တော်မူပါလော့။)

အထက်ပါ သင်္ကန်းတောင်းနည်းနဲ့ တစ်နေ့ တစ်ယောက်ကျ ရသော့ရဟန်းပြုကြပြီး နောက်ဆုံး ဆရာကာလီဒါသသာ ကျန်တော့တယ်။ သည်အခါ ဆရာတော် နရဆိံဟဘာရတီက အသင် အလိုဆန္ဒ ရှိသည့်အတိုင်း သင်္ကန်းတောင်းချေတော့လို့ ဆရာတော်က အမိန့်ပေး လိုက်တော့ ဆရာကာလီဒါသက ဂါထာတစ်ပုဒ်နဲ့ သင်္ကန်း တောင်းလိုက်ပါတယ်။

ကဒါ ကန္တာဝါရေ ပရိမလ မိလတပုယှ ပယနေ
ရှယာန ယာမာမ ယားကုကျယုဂမဟံ ဝက္ခဆိဝဟံ
အယေဆိနိဂစေ မုဂစေကျပလနယနေ ကျန္တြံ
ပြဆိဒေတျာ ကြိုရှန္တိ မိယှမိဝ နေယှယာမိဒိဝဆံ
(သကဌ္ဌဂါထာ)

www.burmeseclassic.com

ငါသည် မိန်းမတို့ရဲ့ ပျော်စံရာ ဘုံဗိမာန်၌ နံ့သာတို့ ...ရှိသော ပန်းမွှေ့ရာထက်ဝယ် (၁၆)နှစ်အရွယ် လှပ ...တယ်သော သမီးကညာနဲ့ ဘယ်အခါတော့များ အိပ် ...ည်နည်း။ အို..ချစ်နှမ၊ အို..ကောင်းခြင်းငါးဖြာနဲ့ ...သောချစ်နှမ၊ အို..တုန်လှုပ်သောမျက်စိရှိသောနှမ၊ ...ပြည့်ဝန်းနဲ့တူသောချစ်နှမ ဝမ်းမြောက်တော်မူပါ ... ဝမ်းမြောက်ခြင်း ပြုပါလော့'

...သည်သက်နိုးတောင်းနဲ့ သက်နိုးတောင်းလိုက်တဲ့ ...ကာလီဒါသကို နရဆိဘာရတီဆရာတော်က ညည်း ...င်း မိန့်ကြားလိုက်ပါတယ်။

'ကာလီဒါသ..သင့်ရဲ့စိတ်တွင် ရာဂထူပြောနေသေး ...။ ငါ ရဟန်းမပြုပေးနိုင်'

'အရှင်ဘုရား..အဘယ်ကဲ့သို့ အမိန့်ရှိပါသနည်း။ ...ည့်တော်သည် အရှင့်ထံ၌ ပညာရှိများနဲ့အတူ ရဟန်း ... ခွင့်ပန်စဉ်က သဘောတူပြီး မဟုတ်ပါလား။ အရှင် ...ရားထံ၌ အခြားနည်းလမ်းများရှိလျှင် အမိန့်ရှိတော်မူ ...ရား'

ဆရာတော်က ဒေါသတကြီး ထပ်ပြောလိုက်ပါ ...။

'ငါ နားမလည်။ သင်သည် အကယ်စင်စစ် ရဟန်း ...ပါက အခြားဆရာတော်ကျောင်းကိုသွားပြီး ရဟန်း ...။ ငါ ရဟန်းမပြုပေးနိုင်',

'အရှင်ဘုရား..တပည့်တော်က အခု ရဟန်းပြုသွား ... ရဟန်းအပေါင်းတို့နဲ့အတူတူ ရဟန်းပြုဖို့ ကတိပြုထား ...တယ်။ သည်ကတိကို အဘယ်သို့ ပြုရပါမည်နည်း'

'သင်သည် ရဟန်းပြုလို၏။ ငါက ရဟန်းမပြုပေး။ ...အတွက် သင့်မှာ အပြစ်တစ်စုံတစ်ရာ မရှိ'

ဆရာတော်ရဲ့ မိန့်ကြားလိုက်တဲ့စကားကို ကြားလိုက် ... ဆရာကာလီဒါသက ရဟန်းဝတ်ကုန်ကြပြီးဖြစ် ... သုခမိန်တို့ဘက်ကိုလှည့်ပြီး လျှောက်ထားလိုက် ...။

'အို..ရဟန်းအပေါင်းတို့၊ ဤကိစ္စမှာ ကျွန်ုပ်၌ အပြစ် ...။ ဆရာတော်က တပည့်တော်ကို ရဟန်းမပြုပေး၍ ...လုပ်ရပါ။ ဒါကြောင့် ရဟန်းမပြုရဘဲ သည်နေရာ ... ဘာမှအကျိုးရှိမည်မဟုတ်။ ဒါကြောင့် ကျွန်ုပ် ... ပြန်ရပါမည်'

ဆရာကာလီဒါသက ရဟန်းသစ်တို့ကို လျှောက် ထားပြီး ဓာရာနဂရတိုင်းကို ပြန်လာတော့တယ်။ ဓာရာ နဂရနန်းတော်ကို ရောက်ရှိပြီး ဘောဇဘုရင်ကြီးကို အကျိုးအကြောင်း လျှောက်ထားတော့ ဝမ်းမြောက်ဝမ်းသာ ဖြစ်တော့တယ်။

ပညာရှိငယ်အပေါင်းတို့လည်း ဆရာကာလီဒါသ ပြန်ရောက်လာတာကို သိကြကုန်လို့ အလွန်စိတ်မကောင်း ဖြစ်ကြပြီး ဖခင်တို့လည်း ရဟန်းဖြစ်ကုန်တာ ကြားသိရ လို့ အကြောင်းစုံ သိကြရအောင် ဆရာကာလီဒါသထံ ရောက်လာပြီး သတင်းမေးကြတယ်။

'သင်တို့ရဲ့ ဖခင်များသည် ကျွန်ုပ်အား ကျော့ကွင်း ထောင်ကြတယ်။ ဒါပေမဲ့ ကိုယ့်ထိုက်နဲ့ကိုယ့်ကံ ဆိုသလို သူတို့ထောင်တဲ့ ကျော့ကွင်းသည် သူတို့ကိုသာ ပြန်မိပေ မယ်။ အမောင်တို့ဖခင်တွေ တရားကျော့ကွင်းကို မိကြလို့ ကုသိုလ်ကောင်းတယ်လို့ ဆိုရမှာပေါ့ကွယ်'

ဆရာကာလီဒါရဲ့စကားကို ကြားလိုက်ရတဲ့ ပညာရှိ ငယ်တို့လည်း နောင်တကြီးစွာရကြပြီး ဆရာကာလီဒါသ ကိုလည်း ပိုလို့ကြောက်ရွံ့ ရှိသေကြတော့တယ်။

**ဆရာကာလီဒါသ ကယ်လိုက်ရတဲ့ ပုဏ္ဏား**

ဓာရာနဂရတိုင်းကြီးနဲ့ မနီးမဝေး ကျေးရွာတစ်ရွာ တွင် အလွန်ဆင်းရဲတဲ့ ပုဏ္ဏားကြီးတစ်ယောက် ရှိတယ်။ ပုဏ္ဏားဆိုတာ ပုဏ္ဏားတို့တတ်အပ်တဲ့ ဗေဒင်သုံးပုံ၊ ဗေ ဒင်လေးပုံ၊ ကြယ်တာရာနဲ့ နက္ခတ်ကြည့်နည်း၊ နိမိတ်၊ တဘောင်၊ စနည်း၊ သီချင်း၊ ဘဝေါတို့ကို အနည်းအကျဉ်း သာ တတ်ကျွမ်းလို့ ဆင်းရဲပင်ပန်းစွာ လုပ်ကိုင်စားနေရသူ ဖြစ်တယ်။

ဘယ်လောက်ပင်ပင်ပန်းပန်း လုပ်ကိုင်စားသောက် နေပေမယ့် ဝမ်းမဝ ခါးမလှတဲ့ ဘဝနဲ့ပဲ နပန်းလုံးနေကြ ရတယ်။ တစ်နေ့တော့ သည်ပုဏ္ဏား စဉ်းစားတော့တယ်။

ငါနေတဲ့ရွာနဲ့ မနီးမဝေးမှာရှိတဲ့ ဓာရာနဂရတိုင်းကြီး အရှင် ဘောဇဘုရင်ကြီးသည် ပညာရှိတွေကို ချီးမြှောက် သလို ဆင်းရဲသား ပြည်သူပြည်သားတွေကိုလည်း သနား ကြင်နာပြီး ပေးကမ်းစွန့်ကြဲတယ်လို့ ကြားရတယ်။ ငါ သွားထံ အကူအညီသွားတောင်းရင် ကောင်းမှာပဲလို့ စဉ်း စားမိတယ်။

မင်းစိုးရာဇာတို့ထံကို သွားလျှင် ဗလာချည်း သွား

www.burmeseclassic.com

www.burmeseclassic.com

လို့ မသင့်လျော်ဘူးလို့ နီတိကျမ်းမှာ ဆိုထားတာကို အမှတ်ရလိုက်ပြန်တယ်။

ရိတ္တပါဏိနာ၊ ပယုယေကျ၊ ရာဂျာနံ ဒေဝတာံဂုရုံ။
ဒိုက်ဝဂျံ ဘိယှဂျံ တတြံ၊ ဖလေန ဖလမာဒိရှေ့။
(သကဠဂါထာ)

ဘုရင့်ထံမှောက်ကိုလည်းကောင်း၊ နတ်နန်း၊ နတ်ကွန်းသို့လည်းကောင်း၊ ဆရာထံသို့လည်းကောင်း၊ ဆေးဆရာထံသို့လည်းကောင်း၊ မိတ်ဆွေ၏ အိမ်သို့လည်းကောင်း လက်ဆောင်မပါဘဲ မသွားရာ။ အကြောင်းမူ အကျိုးပြုသဖြင့် တုံ့ပြန်သော အကျိုးကို ရရှိတတ်၏။

သို့တွက်ကြောင့် ပုဏ္ဏားလည်း မည်သည့်လက်ဆောင်ယူသွားရရင် ကောင်းမလဲလို့ စဉ်းစားလိုက်ပါတယ်။

ငါသည် အလွန်ဆင်းရဲ၏။ အဖိုးတန်လက်ဆောင်ကို ပေးရန် ငါ မတတ်နိုင်။ အဖိုးနည်းနည်းနဲ့ ထိရောက်တာကို ပေးမှ သင့်မည်။ ငါသည် ဘောဇဘုရင်ကြီးကို ချီသော အရသာရှိသော အရာဝတ္ထုကို လက်ဆောင်ပေးပါက ဘုရင်မင်းမြတ် ဝမ်းမြောက်ဝမ်းသာဖြစ်လိမ့်မည် စဉ်းစားပြီး ကြံညိုချောင်းတို့ကို အလှူခံပြီး ပုဆိုးဟောင်းနဲ့ပတ်ကာ ဘောဇဘုရင်ကြီးစံရာနန်းတော်သို့ ထွက်ခဲ့တော့တယ်။

ပုဏ္ဏားလည်း ဘောဇဘုရင်ကြီးရဲ့ နန်းရင်ပြင်ကို ရောက်တော့ စောနေသေးလို့ ညီလာခံအတက်ကိုစောင့်ရင်း တံခါးစောင့်ကို ခွင့်ပန်ပြီး ကြံချောင်းထုပ်ကို ဘေးမှာထားပြီး နန်းတော်တိုင်ကို မှီထိုင်နေရင်း အိပ်ပျော်သွားတော့တယ်။

တံခါးစောင့်က ပုဆိုးဟောင်းထဲက ကြံချောင်းတွေကို ထုတ်ယူလိုက်ပြီး ထင်းချောင်းအစားလဲထားလိုက်တော့တယ်။ ညီလာခံတက်လာတဲ့ ပညာရှိမှူးမတ်တွေရဲ့ စကားပြောသံတွေ ကြားလိုက်ရလို့ ပုဏ္ဏားကြီးလည်း နိုးလာတော့တယ်။ ညီလာခံစတယ်ဆိုရင်ပဲ ပုဏ္ဏားကြီးက ကြံချောင်းထုပ်ကို ချိုင်းမှာညှပ်ပြီး ညီလာခံထဲကို ဝင်လာတာကို ညီလာခံတက်လာတဲ့ မှူးမတ်တွေက ပုဏ္ဏားကို ဝိုင်းကြည့်နေကြတယ်။

ပုဏ္ဏားလည်း ဘောဇဘုရင်ကြီးကို ကြံချောင်းတွေဆက်သ,မယ်ဆိုပြီး အဝတ်ထုပ်ကို ဖြေလိုက်တော့ ကြံချောင်းတွေ မဟုတ်တော့ဘဲ ထင်းချောင်းတွေဖြစ်နေလို့ အံ့ဩပြီး ဘာမှမဆိုနိုင်ဘဲ ဖြစ်နေတော့တယ်။

ဘောဇဘုရင်ကြီးလည်း ထင်းချောင်းတွေ ယူလာပြီး သူ့အား ပြက်ရယ်ပြုရပါမည်လားလို့ ဒေါသအမျက်ထွက်ပြီး အမိန့်ချဖို့ပြင်နေစဉ် ပုဏ္ဏားရဲ့ သနားစဖွယ်မျက်နှာကို တွေ့လိုက်ရတဲ့ ဆရာကာလိဒါသလည်း ဘောဇဘုရင်ကြီး အမျက်တော်ပြေစေရန် လျှောက်ထားလိုက်ပါတယ်။

'အို··အရှင်မင်းမြတ်၊ ထိုပုဏ္ဏားသည် အရှင်မြတ်ထံကို ထင်းချောင်းများ ယူလာခြင်းမှာ ဤသို့ရည်ရွယ်ချက် ဖြစ်ပါတယ်'

သည်လိုလျှောက်ထားပြီး အမျက်ပြေဂါထာတစ်ပုဒ်ကို ရွတ်ဆိုလိုက်ပါတယ်။

ဒဂ္ဓံ ခဏ္ဍဝမ ဂျူနေဗလိနာ ရမျဒရမိုက်လွဲယိုတံ။
ဒဂ္ဓါ ဝါယုဆုတေန ဟေမန ဂရိလံ ကာပုနဆွေကာဘူ။
ဒဝမို လိုကမုခေါ် ဟာရေန မဒနာ ကိတေန ယုတ္တံ တြိတံ။
ဒရိဒရတံ ဂျနတာ ပကာရကာမိဒံ ကေနာပိ ဒဂ္ဓံ နဟိ။

သစ်ပင်ကြီးငယ် အသွယ်သွယ်တို့ဖြင့် လှပတင့်တယ်သော ခဏ္ဍတောအုပ်ကို အရဂျုနသည် မီးပုံတိုက်၍ ပြာဘဝသို့ရောက်စေ၏။ ရဝဏ ဒသဂီရိ၏ နေထိုင်ရာ ရွှေဖြင့်ပြီးသော သီဟိုဠ်ကျွန်းကို ဟနုမာန်သည် ပြာဘဝသို့ရောက်စေ၏။ အလုံးစုံသော လောကကို ချမ်းသာစေတတ်သော မာဒနာကို မဟာဒေဝသည် ပြာဘဝသို့ရောက်စေ၏။ အလုံးစုံသောသူတို့အား ဒုက္ခပေးတတ်သော ဆင်းရဲတရားကို မည်သူမျှ ပြာဘဝသို့ မရောက်စေပါတကား။ ထို့ကြောင့် အရှင်မင်းမြတ်··ဤထင်းချောင်းများဖြင့် ကျွန်ုပ်၏ ဆင်းရဲခြင်းတို့ကို ပြာဘဝသို့ရောက်အောင် ဆောင်ပေးတော်မူပါ။

'မင်းမြတ်··ပုဏ္ဏားအိုကြီးက ဤသို့ရည်ရွယ်ခြင်းသာ ဖြစ်ပါတယ်ဘုရား'

ဘောဇဘုရင်ကြီးလည်း ဆရာကာလိဒါသ လျှောက်ထားမှုသည် ဥပမာတင်စားပုံတွေ လှပလွန်းလို့ ကျေနပ်ဝမ်းမြောက်တော်မူပြီး ပုဏ္ဏားအိုကြီးအား ဆုတော်ငွေ တစ်ထောင် ပေးသနားတော်မူလိုက်တော့တယ်။

www.burmeseclassic.com

www.burmeseclassic.com

ဆုငွေတစ်ထောင်ရသွားတဲ့ ပုဏ္ဏားအိုကြီးလည်း ဘောဇဘုရင်ကြီးနဲ့ ဆရာကာလီဒါသတို့ကို ဝတ်ပြုပြီး ညီလာခံမှ ထွက်ခွာသွားတယ်။ ဒါပေမဲ့ ပုဏ္ဏားက နောက်ကို တစ်ဖန် လှည့်ပြန်ကြည့်ပြီး ထွက်ခွာသွားတာကို ဘောဇဘုရင်ကြီးမြင်တော့ ပုဏ္ဏားအိုကြီးကိုပြန်ခေါ်ပြီး မေးမြန်းလိုက်တယ်။

'ပုဏ္ဏားကြီး..အဘယ်ကြောင့် နောက်ကို လှည့်ကြည့်ပြီးမှ ပြန်ရသနည်း'

'အို..အရှင်မင်းမြတ်၊ နှစ်ပေါင်းများစွာ ကျွန်ုပ်အား နှိပ်စက်ခဲ့သော ဤဆင်းရဲသည် ယခုအခါ နောက်၌ကျန်ရစ်ခဲ့တာမို့ နောက်ကိုလှည့်ကြည့်ပြီး နှုတ်ဆက်ခဲ့ခြင်း ဖြစ်ပါတယ်'

ပုဏ္ဏားအိုကြီးရဲ့စကားကို ကြားလိုက်ရတဲ့သူအပေါင်းတို့က ရယ်မောကြကုန်တယ်။ ပုဏ္ဏားအိုကြီးကတော့ သူ့ရွာကို ပြန်သွားပါတော့တယ်။

**တိုယ့်ငါးချဉ် ကိုယ်ချဉ်သူ (သို့မဟုတ်) တစ်သိန်းတန်သော ဂါထာပျက်**

ဘောဇဘုရင်ကြီးကိုယ်တိုင်က ပညာကို လိုလားပြီး ပညာရှိမင်းဖြစ်တာကြောင့် ပညာရှိဆိုသူများကိုလည်း ချစ်ခင်လေးစားသူ ဖြစ်ပါတယ်။ နောက် ဘယ်တိုင်းပြည်က ပညာရှိပင်ဖြစ်ပါစေ၊ ဘောဇဘုရင်ကြီးနှစ်သက်တဲ့ ဂါထာအသစ်အဆန်းကို ဆက်သလာပါက ကောင်းတဲ့ဂါထာဖြစ်လျှင် ထိုပညာဂါထာကို နှစ်သက်ပါက ဆုငွေတစ်သိန်း ဆုချီးမြှင့်တယ်လို့ ဓာရတိုင်းတင်မဟုတ်၊ အတိုင်းတိုင်း အပြည်ပြည်ထိပါ ကျော်ကြားနေပါတယ်။

တစ်နေ့တော့ တခြားနိုင်ငံမှ ပညာရှိ ရှုတံဂျယ ဆိုသူက ကိုယ်ရည်သွေးဂါထာတစ်ပုဒ်ကို သူ့တပည့်တစ်ဦးနဲ့ ပို့လာတယ်။ ထိုရှုတံဂျယ ပညာရှိဆိုသူသည် သူ့ကိုယ်သူ ကိုယ်ရည်သွေးထားပြီး အခြားပညာရှိတွေကို ပုတ်ခတ်ထားတဲ့ ဂါထာသာ ဖြစ်နေတယ်။ သူရေးလာတဲ့ ဂါထာက သည်လိုပါ။

အပရှုဗဒ်ရှုတံမာဃော။
ဝါရဝေါက်ကျုရှုတကြယမ်။
ကာလီဒါဆေ နဂဏှာယန္တေ
ကဝိချေကရှုတံဂျယ။

မေဃကဗျာကျမ်း၌ ဂါထာတစ်ရာ မှားနေ၏။ ဘာရဝီကျမ်း၌ ဂါထာသုံးရာ မှားနေ၏။ ကာလီဒါသ ရေးသားသောကဗျာ၌ အမှားတို့သည် မရေမတွက်နိုင်ဖြစ်၏။ သို့ရာတွင် ကဗျာတတ်သိ ပညာရှိသည် ကျွန်ုပ် ရှုတံဂျယ တစ်ဦးတည်းသာ ရှိသတည်း။

မနက်ခင်း ဆရာကာလီဒါသ မြို့အပြင်ဘက်ကို လမ်းလျှောက်ထွက်ခဲ့ရင်း တောအုပ်အဝင်အဝမှာ ရှုတံဂျယပညာရှိရဲ့ တပည့်လက်ထဲမှာ စာတစ်စောင်ကိုင်ထားတာတွေ့ရလို့ ဘာစာမျိုးဖြစ်မလဲလို့ စူးစမ်းချင်လာတယ်။

'မိတ်ဆွေ..မိတ်ဆွေရဲ့ လက်ထဲက စာက ဘာစာဖြစ်သလဲ။ ဘယ်သူ့ကို ပေးဖို့လဲကွယ့်'

'ကျွန်ုပ်ဆရာ ရှုတံဂျယကဓာရနဂရ တိုင်းပြည်အရှင် ဘောဇဘုရင်ကြီးကို ဆက်သလိုက်တဲ့ ဂါထာပါ'

'ဟုတ်လား မိတ်ဆွေ၊ ဂါထာဆို ကျွန်ုပ် ဝါသနာပါတယ်။ မိတ်ဆွေရဲ့ဆရာက နာမည်ကြီးသူပဲ။ သူ့ဂါထာကို ဖတ်ချင်ပါတယ်။ ပေးဖတ်လို့ ရမလား မိတ်ဆွေ'

'ဖတ်ကြည့်လို့ ရပါတယ်။ ရော့..ဖတ်ကြည့်ပါခင်ဗျာ'

ရှုတံဂျယတပည့်က သူ့ဆရာရေးထားတဲ့ဂါထာကို ဆရာကာလီဒါသကို ပေးဖတ်လိုက်တယ်။ ဆရာကာလီဒါသက ဂါထာကို အစအဆုံးဖတ်ကြည့်ပြီး အက္ခရာတစ်



www.burmeseclassic.com

www.burmeseclassic.com

လုံး လိုနေတယ်လို့ ပြောလိုက်တယ်။

'သင့်ရဲ့ဆရာ ရှတံဂျယ ရေးလိုက်တဲ့ ဂါထာက အလွန်ကောင်းမွန်လှပါတယ်။ ဒါပေမဲ့ သင့်ရဲ့ဆရာ မေ့လျော့နေလို့ အပရုပဒံ ဆိုတဲ့ပုဒ်မှာ (အ)ကို ရေးချမပါဘဲ ရေးထားတယ်။ အကို (အာ)လို့ ပြင်လိုက်ရင် အလွန်ကောင်းမွန်တဲ့ သဒ္ဒါအနေအထားမှန်သွားမှာမို့ ဘောဇဘုရင်ကြီးကလည်း အလွန့်အလွန် ချီးကျူးခံရမှာမလွဲပါ'

'အို..ပညာရှိကြီး၊ အခုလိုထောက်ပြပေးတာ အလွန်ကျေးဇူးတင်ပါတယ်။ ကျွန်ုပ်ဆရာရဲ့ဂါထာကို ပြင်ရေးပေးနိုင်ရင် ပြင်ရေးပေးပါခင်ဗျာ'

ဆရာကာလိဒါသက ဂါထာစာရွက်ကိုယူပြီး အပရုပဒံ ဆိုတဲ့ပုဒ်ကို (အ)မှ (အာ)လို့ ရေးချထည့်ပေးလိုက်တော့ ကဗျာအဓိပ္ပာယ် ပြောင်းလွဲသွားတော့တယ်။

သည်လို အဓိပ္ပာယ်ပြောင်းသွားတာကို ရှတံဂျယတပည့်ကလည်း မသိသလို ဆရာကာလိဒါသကို နာမည်သာ ကြားဖူးထားပေမယ့် လူချင်းမတွေ့ဖူးတော့ အခုစာပြင်ပေးလိုက်သူကာ ဆရာကာလိဒါသမှန်း မသိရှာဘဲ ပြင်ရေးပြီးတဲ့စာကိုယူပြီး ဘောဇဘုရင်ကြီးထံ ယူဆောင်သွားပြီး ဘောဇဘုရင်ကြီးကို ဆက်သလိုက်တယ်။

'အရှင်မင်းမြတ်..ကျွန်ုပ်ဆရာ ရှတံဂျယဆိုသူ ပညာရှိကြီးက အရှင်မင်းကြီး ဖတ်စေဖို့ ဂါထာကောင်းတစ်ပုဒ် ရေးပေးဆက်သလိုက်ပါတယ်ဘုရား'

ဘောဇဘုရင်ကြီးကလည်း ဘယ်လိုဂါထာကောင်းလဲဆိုပြီး ရှတံဂျယတပည့်ကိုပဲ ဖတ်ခိုင်းလိုက်တယ်။

အာပရုပဒံရှတံ မာဃေ
ဝါရဝေါက်ကျုရှတကြေယမ်။
ကာလိဒါဆေ နဂဏ္ဍာယန္တေ
ကဝိချောကရှတံဂျယ။

မိုးရေ၏ အမည်အမျိုးတရာကို မေဃဂါထာမှ သိရ၏။ သုံးရာကို ဘာရဝီကျမ်း၌ သိရ၏။ ကာလိဒါသ၏ ရေးသားသော ဂါထာတို့၌ မိုးရေ၏ အမျိုးအစားတို့သည် မရေမတွက်နိုင်အောင် များပြားစွာ သိရ၏။ ရှတံဂျယ၏ စာ၌မူကား တစ်မျိုးတည်းသာ တွေ့ရ၏။

ထိုဂါထာ ဆုံးသွားတော့ ဂါထာရေးသား ဆက်သခဲ့တဲ့ ရှတံဂျယဆိုသူကို ပညာရှိတို့က လှောင်ပြောင်ကဲ့ရဲ့ ကြကုန်တော့သည်။ တပည့်ဖြစ်သူလည်း အရှက်ကွဲပြီး ဘောဇဘုရင်ကြီး ညီလာခံခန်းမထဲမှ အမြန်ဆုံးထွက်ခွာသွားတော့တယ်။

တပည့်လုပ်သူ ရှတံဂျယထံ ပြန်ရောက်ပြီး မြို့အဝင်တောအုပ်စပ်မှာ လူတစ်ဦးက ဂါထာကို ယူကြည့်ပြီး (အ)ကို (အာ)လို့ ပြင်လိုက်ပုံ၊ ညီလာခံခန်းမထဲရောက်ပြီး ဖတ်ပြတော့ မှူးမတ်တွေက ပြက်ရယ်ပြုကြတာကို သူ့ဆရာကို ပြန်ပြောပြလိုက်တယ်။

ရှတံဂျယလည်း တပည့်ရဲ့စကားကို ကြားလိုက်ရလို့ ကြီးစွာနောင်တရပြီး ဓာရာနာဂရတိုင်းကနေ တခြားတိုင်းပြည်ကို ထွက်ခွာသွားတော့တယ်။

**လှုပ်ရှားကစားနေတဲ့ မျက်လုံးလေးများ**

ဓာရာနာဂရတိုင်းကြီးရဲ့ မင်းဧကရာဇ် ဘောဇဘုရင်ကြီးသည် ပြည်သူပြည်သားတို့ရဲ့ နေရေးထိုင်ရေး၊ စားရေးသောက်ရေး၊ ပညာသင်ကြားရေး စသည်တို့ကို အလွန်မှ ဂရုစိုက်သောမင်း ဖြစ်တယ်။

အောက်ခြေတာဝန်ရှိတဲ့ မှူးမတ်တွေကိုသာ လွှဲမထားဘဲ ကိုယ်တိုင်ပင် မြို့တွင်းကို လှည့်လည်ကြည့်ရှုလေ့လာလေ့ရှိတယ်။ အခုလည်း ဘောဇဘုရင်ကြီးနဲ့ ဆရာကာလိဒါသတို့နှစ်ဦး ဓာရာနာဂရမြို့တော် သာယာရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးမှ အစပြုပြီး မြို့ရဲ့အင်္ဂါနဲ့ ပြည့်စုံအောင် ဆောင်ရွက်ကာ မြို့တော်စည်ပင်သာယာရေးတို့ကို ကိုယ်တိုင်ကိုယ်ကျ လှည့်လည်စစ်ဆေးရန် ဆရာကာလိဒါသနဲ့အတူ ထွက်လာရင်း တစ်ခုသောတိုက်ပြတင်းပေါက်မှ အမျိုးသမီးငယ် တစ်ဦးကို မြင်လိုက်ရတယ်။

ဘောဇဘုရင်ကြီးသည် သည်အမျိုးသမီးငယ်ရဲ့ ထူးထူးခြားခြား လှုပ်ရှားနေပြီး အမူအရာတို့မှာလည်း တစ်စုံတစ်ရာကို ဖုံးကွယ်လို့မရအောင် ထင်ထင်ရှားရှား မြင်တော်မူလို့ ကဗျာတစ်ပုဒ်စပ်ဆိုပြီး နောက်ကပါလာတဲ့ ဆရာကာလိဒါသကို မျက်လုံးလေးများမှာ ဖုံးကွယ်၍မရအောင် အဘယ်ကြောင့်လှုပ်ရှားနေသနည်းဆိုတဲ့ ကဗျာကို ရွတ်ဆိုပြလိုက်တယ်။

'အချင်းကာလိဒါသ..သည်ကဗျာရဲ့ ဆိုလိုရင်း အဓိပ္ပာယ်ကိုရောက်အောင် ထိမိတဲ့ ကဗျာတစ်ပုဒ် စပ်ဆိုပြပေတော့'

ဆရာကာလိဒါသလည်း ဘောဇဘုရင်နဲ့ ဆိုလိုရင်း

www.burmeseclassic.com

www.burmeseclassic.com



ကို သိလိုက်ရလို့ အောက်ပါအဓိပ္ပာယ်ပါ တင်စားမှုပါတဲ့ ဘျာ တစ်ပုဒ်ကို ချက်ချင်း လက်တန်းစပ်ဆိုပေးလိုက် တယ်။

မင်းကြီး··

(၁) နေမင်းကြီးသည် တိမ်တောင်တိမ်လိပ်တို့နောက်၌ ပုန်းကွယ်ခြင်းအားဖြင့် ပုန်းကွယ်၍ ရနိုင်ပါတယ်။

(၂) ငွေလစန္ဒာကို လဆုတ်လကွယ်ဖြစ်သောရက်၌ ဖုံးကွယ်၍ ရနိုင်ပါတယ်။

(၃) ရေစက်ရေပေါက်တို့သည် မြေအတွင်း၌ ဖုံးကွယ်၍ ရနိုင်ပါတယ်။

(၄) ငါးများကို ရေနောက်ဖြင့် ဖုံးကွယ်၍ ရနိုင်ပါတယ်။

(၅) သူခိုးများသည် နေ့အခါ၌ ဖုံးကွယ်၍ ရနိုင်ပါတယ်။

(၆) ဥဒေါင်းငှက်တို့သည် တန်ခူးလအခါ၌ မည်သူမျှ မမြင်ရအောင် ဖုံးကွယ်၍ ရနိုင်ပါတယ်။

(၇) စွန်ငှက်များသည် ဝါတွင်းသုံးလ၌ ဖုံးကွယ်၍ ရနိုင် ပါတယ်။

သို့ပေမယ့် မိန်းမငယ်တို့၏ မျက်လုံးသည် အမူအရာ တစ်မျိုးမျိုးနဲ့ ဖုံးကွယ်ထားသော်လည်း မည်သို့ဖုံးကွယ် ၍ ရနိုင်ပါမည်နည်း။

ဆရာကာလီဒါသက ဘောဇဘုရင်ကြီးကို မိန်း ကလေးတို့မျက်လုံးများ ဖုံးကွယ်၍မရနိုင်ပုံကို ဥပမာတို့ နဲ့ တင်စားဖြေဆိုခဲ့ပြီး ဆက်လို့မေးလျှောက်လိုက်တယ်။

'အရှင်မင်းမြတ်··အရှင်သည် တစ်ခုသော လေသာ ပြတင်းမှ မိန်းမပျိုတစ်ယောက်ရဲ့ မျက်လုံးအစုံကို မြင် တော်မူသောကြောင့် ထိုကဗျာကို စပ်ဆိုတော်မူပြီး ကျွန်ုပ် ကို ဖြေကြားခိုင်းခြင်း မဟုတ်လော'

'ဟုတ်ပေတယ် ကာလီဒါသ၊ အသင့်ရဲ့ ကဗျာကို ကျွန်ုပ် သဘောကျလွန်းလို့ ပညာကျော်ဘွဲ့ကို ကျွန်ုပ် ချီးမြှင့်လိုက်တယ်။ သင့်ကို နန်းတော်ပြန်ရောက်ရင် အမေး ပုစ္ဆာတစ်ပုဒ် မေးရဦးမယ်။ အခုတော့ မြို့သာယာရေး အတွက် လိုက်လံကြည့်ကြဦးစို့ ကာလီဒါသရေ'

ဘောဇဘုရင်ကြီးနဲ့ ဆရာကာလီဒါသတို့ မြို့တော် ကို လိုက်လံကြည့်ရှုပြီး ဆောင်ရွက်စရာရှိတာကို ဆောင် ရွက်လို့ပြီးတော့ နန်းတော်ကို ပြန်ခဲ့ကြတယ်။ နန်းတော် သို့ရောက်ပြီး ပြုပြင်ဖွယ်ရာကိစ္စတွေကို ဆိုင်ရာမှူးမတ် တွေကို ညွှန်ကြားပြီး ပုစ္ဆာဖြေဆိုရန် စောင့်နေတဲ့ ဆရာ ကာလီဒါသကို 'ကျီး၊ ကွဲ၊ ပုပ်ဟူသော အက္ခရာစကား သုံးမျိုးကို မည်သို့မည်ပုံ ချီးကျူး၍ ရနိုင်သနည်း။ တစ်ခု စီရဲ့ အဓိပ္ပာယ်ကို ခွဲခြားပြီး ဖြေဆိုပေတော့ မောင်မင်း မဟာပညာကျော်ကြီးရေ'

'အရှင်မင်းမြတ်··

နံပါတ်(၁) ကြံများသည် ကျိုးမှ ခြွေမှ ကြံရည်ကို ရပါတယ်။ ကြံရည်ရမှ သကြား၊ ကြံသကာ ချက်ပြီး သုံးဆောင်ရပါတယ်။ သည်အခါ ကြံရဲ့ အကျိုးကျေးဇူး များကို ကြံများ ကျိုးမှ ရနိုင်ပါတယ်။

အမှတ်(၂)ပုစ္ဆာ အဖြေကတော့ ဝါများသည် အသီး မှ ပေါက်ကွဲ၍ ထွက်လာသောအခါမှသာ ဝါဂွမ်းကို ရနိုင်၍ ထိုဝါဂွမ်းမှ ဗိုင်းငင်၍ ချည်ကို ရရှိပါတယ်။ ထိုချည်မှ အဝတ်အထည် စသည်တို့ ရနိုင်ပါတယ်။ ထို့ ကြောင့် ဝါတို့ ကွဲမှသာလျှင် ကျေးဇူးရှိပေ၏။

အမှတ်(၃)အက္ခရာပုစ္ဆာကတော့ ချဉ်ပေါင် အစရှိ သော လျှော်ပင်မျိုးတို့သည် ရေနှင့် အပုပ်စိမ်ပြီးမှ ထု ထောင်းကာ လျှော်ကြိုးအစရှိသည်တို့ အသုံးချ၍ ရပါ တယ်။ အစိမ်းလိုက်သုံး၍ မရပါ။ ထို့ကြောင့် လျှော်များ သည် ပုပ်မှသာ အကျိုးရှိပါတယ် အရှင်မင်းမြတ်'

ဆရာကာလီဒါသက ကျိုးကြောင်းဆီလျော်တဲ့အဖြေ ကို ဘောဇဘုရင်ကြီး ကြားလိုက်ရတော့ အားရကျေနပ်မှု ပြည့်စုံလေပြီး ပညာကျော်ဘွဲ့နဲ့ ညီညွတ်ပါပေတယ်လို့ ချီးမြှောက်ပြီး ဆုလာဘ်တွေပါ ပေးသနားလိုက်ပါတော့



www.burmeseclassic.com

www.burmeseclassic.com

တယ်။

**အမေးပုစ္ဆာ လေးဖြာအဖြေရှာ**

ဓာရာနာဂရတိုင်း ဘောဇဘုရင်ကြီးရဲ့ နိုင်ငံတော်တွင် ပညာရှိပေါင်း(၁၄၀၀)ကျော်ရှိနေပြီး အတိုင်းတိုင်းအပြည်ပြည် ခက်ခဲနက်နဲတဲ့ ပုစ္ဆာတွေကို လွယ်ကူစွာ ဖြေရှင်းပေးနိုင်ခြင်း၊ ဘောဇဘုရင်ကြီးကလည်း ပညာရှိတွေကို လေးစားချစ်ခင်တာကြောင့် အတိုင်းတိုင်းအပြည်ပြည်က ပညာရှိများပင် လာရောက်ခိုလှုံကြတယ်။

တစ်နေ့မှာတော့ တိုင်းတစ်ပါးက သံအဖွဲ့တစ်ဖွဲ့ ရောက်လာပြီး 'ပညာရှိသုခမိန်တွေ ပေါများလှတဲ့ ဓာရာနာဂရတိုင်းနိုင်ငံတော်မှာ ရှိနေကြတဲ့ ပညာရှိအပေါင်းတို့ကို ပုစ္ဆာလေးခု မေးလိုပါတယ်။ ဖြေဆိုနိုင်ကြမယ်လို့လည်း မျှော်လင့်ပါတယ်'လို့ ဘောဇဘုရင်ကြီးကို လျှောက်ထားတော့ ဘောဇဘုရင်ကြီးကလည်း ခွင့်ပြုလိုက်လို့ တိုင်းတစ်ပါးသားပညာရှိကြီးက ပုစ္ဆာလေးခုကို မေးပါတော့တယ်။

သည်ပုစ္ဆာတွေကတော့-

(၁) ဣတ္ထိမည်ရ ထိုမိန်းမသည် ဣတ္ထိမာယာ သဲကိုးဖြာနှင့် ဘယ်သူ့ကို ဘာလုပ်နိုင်သနည်း။
(၂) သမုဒ္ဒရာ အဏ္ဏဝါသည် ဘာကို မဝါးမျိုနိုင်သနည်း။
(၃) အလျှံပြောင်ညီး ရှားမီးကျီးလျှင် ချည်းနှီးမစွမ်း ဘာကို မလောင်ကျွမ်းသနည်း။
(၄) ဘဝသေနင်း ရှင်သေမင်းသည် ဘယ်သင်းကိုအသေ မသတ်နိုင်သနည်း။

အထက်ပုစ္ဆာလေးမျိုးကို တိုင်းတစ်ပါး ပညာရှိ မေးမြန်းနေချိန်မှာ ညီလာခံထဲကို ဆရာကာလီဒါသ ရောက်ရှိလာခြင်း မရှိသေးပါဘူး။ အခု ညီလာခံထဲမှာရှိနေတဲ့ ပညာရှိ အမည်ခံသူတွေကလည်း သူဖြေနိုး ငါဖြေနိုးနဲ့ အချိန်အတော် ကြာညောင်းသွားလေတယ်။

ဤပညာရှိသည် ငါတို့အား ပညာစမ်းလို၍ လာခြင်းဖြစ်ပြီး အခုမေးတဲ့ ပုစ္ဆာလေးရပ်ကို ဖြေဆိုနိုင်ခြင်း မရှိပါက ညီလာခံတစ်ခုလုံးသာမက ဓာရာနာဂရတိုင်းပြည်ကြီးနဲ့ ငါတို့ရဲ့အရှင် ဘောဇဘုရင်မင်းကြီးပါ အရှက်လုံးလုံး ကွဲရတော့မယ်လို့ ပူပင်သောကရောက်ရှိနေကြတယ်။

ဓာရာနာဂရတိုင်း အမတ်တို့ နောက်ဆုံး အရှုံးပေးရတော့မယ့် အခြေကို ရောက်ရှိနေစဉ် ဆရာကာလီဒါသ ညီလာခံထဲကို ဝင်လာတာ တွေ့လိုက်ရလို့ အမတ်အားလုံး ဝမ်းသာသွားကြတယ်။

ဆရာကာလီဒါသလည်း အားလုံးရဲ့ မျက်နှာတွေကို ကြည့်ရှုအကဲခတ်လိုက်တော့ ပြဿနာပေါ်နေပြီဆိုတာကို ဖော်ပြနေလို့ မသိသလိုဘဲ မေးလိုက်တယ်။

'အို..ပညာရှိအပေါင်းတို့၊ ဘာများပြဿနာရှိနေကြလို့ပါလဲ။ မျက်နှာတွေလည်း မကောင်းကြပါလားကွယ်ရို့'

အမတ်တစ်ဦးက တိုင်းတစ်ပါးမှ ပညာရှိ မေးလာတဲ့ အမေးပုစ္ဆာလေးမျိုးကို ရွတ်ဆိုပြလိုက်ပြီး ကျွန်ုပ်တို့ ဖြေဆိုနိုင်ခြင်းမရှိလို့ အသင့်ကိုသာ အားကိုးရတော့မယ်လို့ ပြောလိုက်တယ်။

'မပူကြလင့် အမတ်အပေါင်းတို့၊ ကျွန်ုပ် ဖြေဆိုပေးပါမည်'ဆိုပြီး အမေးပုစ္ဆာလေးခုကို ဖြေဆိုပေးလိုက်ပါတယ်။

ပုစ္ဆာ(၁)က သားရတနာ ဖွားမြင်ရရှိသော မိန်းမသည် ထိုသား ကြီးပြင်းလာလျှင် ဣတ္ထိမာယာ သဲကိုးဖြာနဲ့ ထိုသားကို မလှည့်စား၊ မဖြားယောင်း မသွေးဆောင်နိုင်ချေ။

ပုစ္ဆာ(၂)က သမုဒ္ဒရာ အဏ္ဏဝါသည် မည်မျှလောက်နက်ရှိုင်းကျယ်ဝန်းစေကာမူ မည်သည့်သစ္စာတရားကိုမျှ ဝါးမျိုနိုင်ခြင်း မရှိချေ။

ပုစ္ဆာ(၃)က အရှိန်ပြောင်ညီး ရှားမီးကျီးပင် ဖြစ်လင့်ကစား ကံတရားတို့၏ အကျိုးဆက်အာနိသင်ကို မလောင်ကျွမ်းနိုင်ချေ။

ပုစ္ဆာ(၄)က ဘဝသေနင်း ရှင်သေမင်းသည် သတင်းကြီးလှ မည်နာမကို သေအောင် မသတ်နိုင်ချေ။

'ကျွန်ုပ်ဖြေဆိုတာ မှန်ပါသလား ဧည့်သံအရာရှိ ပညာရှိကြီးခင်ဗျား'

'အသင်ပညာရှိကြီး ဖြေဆိုတာ အားလုံးမှန်ပါတယ်။ ကျွန်ုပ် သင့်ကို ရိုသေလေးစားစွာ လက်အုပ်ချီပြီး အရှိအသေပြုပါတယ်'

ပညာရှိတို့ရဲ့ စိတ်ဓာတ်ကို အတုယူစေချင်ပါတယ်။

**ကောင်းကျိုးလိုရာပြည့်စေ**

**မောင်လှယဉ်(ပေါ်လမြိုင်)**

www.burmeseclassic.com

www.burmeseclassic.com

ဂန္ဓိရ-ဆရာလှမျိုး(B.Sc)

# (၇)ငှနေ့သားသမီးများကောင်းကျိုးရစေ ဘုရားခုနစ်ဆူ ရှိခိုးပူဇော် ယတြာချေ



စာရေးသူ လွန်ခဲ့သော (၁၀)နှစ်ကျော်ခန့်က ပုဇွန်တောင်ဘက်တွင် ဗေဒင်ပညာလေ့လာလိုက်စားရာ ပညာပေးသော ဆရာသခင်မှ ဘုရား(၇)ဆူရှိခိုးနည်း ပေးလိုက်ပါသည်။ ထိုနည်းကို တစ်ကြိမ်၊ နှစ်ကြိမ် ပြုလုပ်ပြီး ဆက်၍ မလုပ်ဖြစ်ပါ။ လွန်ခဲ့သော တစ်လကျော်ခန့်က ဓမ္မမိတ်ဆွေတစ်ဦးက ဘုရားခုနစ်ဆူ ကပ်လှူပူဇော်နည်း



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့ငါးကြိမ် ဘုရားရှိခိုးနည်းစာအုပ် လာပေး သည်။ ကျွန်ုပ်လည်း ရှေ့ပိုင်းလောက်ဖတ်ပြီး ဆက်မဖတ် ခဲ့ပါ။

ယခု တောင်-မြောက်လမ်းဆုံ မြို့ဦးစေတီတွင် ခင်ယောခန်း ဖွင့်ဖြစ်သောအခါ အားလပ်ချိန်၌ စာရေး တော် ပြုလုပ်သည်။ မဖတ်ရသေးသောစာအုပ် ပြန် ကသည်။ မဂ္ဂဇင်း၊ ဂျာနယ်အတွက် ဆောင်းပါးရေး သည်။

ဘုရားခုနစ်ဆူပူဇော်နည်းစာအုပ် ဖတ်သောအခါ အပိုင်းတွင် ဘုရားတစ်ဆူချင်းပင့်၊ ဘုရားပင့်ပြီးပါက ဘုရားရှိခိုးနှင့် ဆုတောင်းဗုဒ္ဓထောမနာနှင့် ဆုတောင်းပုံ ဖော်ပြထားသည်။ ဘုရားရှိခိုးဂါထာအနက်လည်း ဖော် ပြထားပါသည်။ ဆောင်းပါးအနေဖြင့် ရေးမယ်ဆိုက အခန်း ဆက် ဖြစ်သွားနိုင်ပါသည်။ တစ်ဖန် (၂၈)နံသင့် ဘုရား ရှိခိုးနည်း၊ ကံဟောင်းဖွင့် တနင်္ဂနွေသား ဘုရားလေးဆူ ရှိခိုးနှင့် ဆုတောင်းလည်း ပါရှိသည်။ ကံပွင့်လာဘ်ပွင့် ဘုရားရှိခိုးနည်းလည်း လူသိများသည်။ စာရေးသူ ရေး သားထုတ်ဝေသော ခုနစ်နေ့သားသမီးများ ကံပွင့် လာဘ် ပွင့် ယတြာများ စာအုပ်တွင် ဖော်ပြပေးထားသည်။ ကံ ပွင့် လာဘ်ပွင့် အမွေးတိုင်ထုပ်တွေမှာလည်း ဖော်ပြပေး ထားတာ တွေ့မြင်ရသည်။ အက္ခရာအလိုက် နံသင့်ဘုရား ခုနစ်ဆူ ပူဇော်ခန်းလည်း ပါသည်။ တနင်္ဂနွေသားသမီး များ တနင်္ဂနွေ အမည်ရှင်များ ရှိခိုးပူဇော်သင့်ပါသည်။ ယခု စာရေးသူအနေဖြင့် ပထမဆုံး နမောတဿ ပမာဏ ကိုမိုး၍ ဘုရားခုနစ်ဆူရှိခိုးနည်းကို စတင်ဖော်ပြပါမည်။

**နမောတဿ ပမာဏကိုမိုး၍**
**ဘုရား(၇)ဆူ ရှိခိုးပူဇော်နည်း**

၁။ နမောတဿ (ဝိပဿီဿ)
ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ
၂။ နမောတဿ (သိခီဿ)
ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ
၃။ နမောတဿ (ဝေဿဘူဿ) ၏
ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ
၄။ နမောတဿ (ကက္ကုသန္ဓဿ)
ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ
၅။ နမောတဿ (ကောဏာဂမနဿ)
ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ
၆။ နမောတဿ (ကဿပဿ)
ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ
၇။ နမောတဿ (ဂေါတမဿ)
ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အသက်ရှည်စေလိုမှု မိမိနံတူဘုရားက စ၍ ပူဇော်၊ အကြံပြီးမြောက်စေလိုမှု မိမိမွေးနံမှ သုံးဆူမြောက်ဘုရား ကစ၍ ပူဇော်၊ လာဘ်ရစေလိုမှု မိမိမွေးနံမှ လေးဆူ မြောက် ဘုရားကစ၍ ပူဇော်၊ နေရာမြဲစေလိုမှု၊ မိတ် ကောင်းတွေ့စေလိုမှု မိမိမွေးနံမှ (၇)ဆူမြောက်ဘုရားမှ စ၍ ပူဇော်ရှိခိုးလေဟု ဖွင့်ဆိုထားပါသည်။ အချို့က (ရာဟု)ဂြိုဟ်နေရာတွင် နောင်ပွင့်မည့် အရိမေတ္တေယျ ထည့်ပူဇော်ထားပါသည်။

ဘုရားခုနစ်ဆူမှာ ဝိပဿီ၊ သိခီ၊ ဝေဿဘူ၊ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ မြတ်စွာဘုရားတို့ ဖြစ်ပါသည်။ တနင်္ဂနွေနံတူဘုရားမှာ သိခီဖြစ်သည်။ နံတူ ဘုရား ခုနစ်ဆူမှာ အောက်ပါအတိုင်း ဖြစ်သည်။

(၁) တနင်္ဂနွေနံတူ သိခီမြတ်စွာဘုရား၊
(၂) တနင်္လာနံတူ ဝေဿဘူမြတ်စွာဘုရား၊
(၃) အင်္ဂါနံတူ ကကုသန်မြတ်စွာဘုရား၊
(၄) ဗုဒ္ဓဟူးနံတူ ကောဏာဂုံမြတ်စွာဘုရား
(၅) ကြာသပတေးနံတူ ကဿပမြတ်စွာဘုရား၊
(၆) သောကြာနံတူ ဂေါတမမြတ်စွာဘုရား၊
(၇) စနေနံတူ ဝိပဿီမြတ်စွာဘုရား။

တနင်္ဂနွေသားသမီး အသက်ရှည်လိုမှု မိမိ၏ နံတူ ဘုရားမှစ၍ ဘုရားခုနစ်ဆူစလုံးကို ရှိခိုးပူဇော်ရမည်။ ဘုရားရှိခိုး အရှည်နည်း မရပါက နမောတဿကို မိုး ပူဇော်ရမည်။ တနင်္ဂနွေသား အကြံပြီးမြောက်စေလိုမှု သုံး ဆူမြောက် (ကကုသန်)ဘုရား၊ လာဘ်ရစေလိုမှု လေးဆူ မြောက် (ကောဏာဂုံ)၊ နေရာမြဲ မိတ်ကောင်းတွေ့ (ဝိ ပဿီ) မြတ်စွာဘုရားမှစ၍ ပူဇော်ရမည်။ ထိုသို့ပူဇော် ရာတွင် ထီး၊ တံခွန် အရောင်(၇)မျိုးဖြင့် ပူဇော်ခြင်း၊ ဆီမီးအလင်းတိုင်(၇)တိုင်၊ ရေတော်(၇)ခွက်၊ သစ်သီး(၇) လုံး စသည်တို့ ပါရှိရပါမည်။ အမိက ထီး၊ တံခွန် (၇) ခုစီ ဘုရားရှေ့ တင်လှူပူဇော်ရပါမည်။ ကျန်နေ့သားသမီး သည် တနင်္ဂနွေနေ့အတိုင်း ပူဇော်ရမည်။ တစ်ကြောင်း

www.burmeseclassic.com

ပုတီးတစ်ပတ်စိပ် ပူဇော်နိုင်ပါသည်။

ဘုရားခုနစ်ဆူ ရှိခိုးပူဇော်နည်း စာအုပ်တွင် ယတြာချေ ဘုရား(၇)ဆူ ရှိခိုးနည်းကို အောက်ပါအတိုင်း ရေးသားဖော်ပြပေးထားပါသည်။

(၁) **တနင်္ဂနွေနံ့ညွှံ့မှု** တနင်္ဂနွေနံ၏ ဆပွတ်ဖြစ်သော သောကြာနေ့သား ဂေါတမဘုရားကို သက်စေ့ ရှိခိုးပူဇော်၍ မိမိအလိုရှိရာဆုကို တောင်းရာ၏။

(၂) **တနင်္လာညွှံ့မှု** တနင်္လာနံ၏ ဆပွတ်ဖြစ်သော စနေနေ့သား ဝိပဿီဘုရားကို သက်စေ့ ရှိခိုးပူဇော်၍ မိမိအလိုရှိရာဆုကို တောင်းရာ၏။

(၃) **အင်္ဂါနံ့ညွှံ့မှု** အင်္ဂါနံ၏ ဆပွတ်ဖြစ်သော တနင်္ဂနွေနေ့သား သိခီဘုရားကို သက်စေ့ရှိခိုးပူဇော်၍ မိမိအလိုရှိရာဆုကို တောင်းရာ၏။

(၄) **ဗုဒ္ဓဟူးနံ့ညွှံ့မှု** ဗုဒ္ဓဟူး၏ ဆပွတ်ဖြစ်သော တနင်္လာနေ့သား ဝေဿဘူဘုရားကို သက်စေ့ရှိခိုးပူဇော်၍ မိမိအလိုရှိရာဆုကို တောင်းရာ၏။

**ရာဟုနံ့ညွှံ့မှု** ရာဟု၏ ဆပွတ်ဖြစ်သော တနင်္လာနေ့သား ဝေဿဘူဘုရားကို သက်စေ့ ရှိခိုးပူဇော်၍ မိမိအလိုရှိရာဆုကို တောင်းရာ၏။

(၅) **ကြာသပတေးနံ့ညွှံ့မှု** ကြာသပတေး၏ ဆပွတ်ဖြစ်သော အင်္ဂါနေ့သား ကကုသန်ဘုရားကို သက်စေ့ ရှိခိုးပူဇော်၍ မိမိအလိုရှိရာဆုကို တောင်းရာ၏။

(၆) **သောကြာနံ့ညွှံ့မှု** သောကြာဆပွတ် ဗုဒ္ဓဟူးနေ့သားကို ကောဏာဂုံဘုရားကို သက်စေ့ ရှိခိုးပူဇော်၍ မိမိအလိုရှိရာဆုကို တောင်းရာ၏။

(၇) **စနေနံ့ညွှံ့မှု** စနေ၏ဆပွတ် ကြာသပတေးနေ့သား ကဿပဘုရားကို သက်စေ့ ရှိခိုးပူဇော်၍ မိမိအလိုရှိရာဆုကို တောင်းရာ၏။

ဥပမာ-အိမ်၊ အလုပ်၊ ဦးစီး(အုပ်ချုပ်ရေး)၊ အဆောက်အအုံ စသည့် တနင်္ဂနွေနံများ အကြီးအကဲ၊ အုတ်၊ အိုး၊ အုပ်စု စသည့်ကိစ္စအဝဝအတွက် သောကြာနေ့သား ဂေါတမမြတ်စွာဘုရားမှာ ပူဇော်ဆုတောင်းပါ။

အကယ်၍ ဘုရားထုလုပ် ကိုးကွယ်ပူဇော်မည်ဆိုပါက တနင်္ဂနွေသားသမီးတစ်ဦး မွေးနံဖြစ်သော အင်သား၊ အုန်းသားနှင့် ဘုရားထု၊ သရက်သား၊ ရဲယိုပင်အသား၊ ဝါးသား၊ ရွက်လှသား စသည်ကို ပလ္လင်ပြုလုပ်ရသည်။ စာထဲတွင် သရက်ဖြူသားဟု ရေးထားပါသည်။ ပလ္လင်ထက် ဘုရားပုံတော် ဦးစားပေး ပြုလုပ်ရသည်။

နေ့အလိုက်မှာ တနင်္ဂနွေအပေါ်မှ ရေတွက်ရပြီး-

တနင်္လာသားသမီး - ကျွန်း၊ ကံ့ကော်

အင်္ဂါသားသမီး - ညောင်၊ ဆီး၊ စစ်ဆေးသား

ဗုဒ္ဓဟူးသားသမီး - လင်းလွန်း၊ ဝါး၊ ရွက်လှ

ကြာသပတေးသားသမီး - ပျဉ်းမ၊ ပေါက်သား

စသည်ဖြင့် မွေးနံအသားကို ဘုရားထု ဘွဲ့ပေးပါ။

မိမိနေအိမ်တွင် ဘုရားဘွဲ့တော်ပေး၍ ပူဇော်နိုင်ပါသည်။

တနင်္ဂနွေနံအတွက် သောကြာနေ့ဖွား ဂေါတမဘုရားကို ရှိခိုးပူဇော်လိုပါက-

သောကြာနေ့တွင် ဖွားမြင်တော်မူ၍ ဗုဒ္ဓဟူးနေ့တွင် ဘုရားဖြစ်တော်မူသော ဂေါတမဘုရားရှင်အား မေ (...) မည်ခေါ် တပည့်တော်သည် နမော-ပူဇော်ဝပ်စင်း ရှိခိုးပါ၏ ဂေါတမမြတ်စွာဘုရား။

ဘုရားတပည့်တော် (...)နေ့သား အမည်သည် တနင်္ဂနွေနံ အိုးအိမ်အဆောက်အအုံကိစ္စ အခက်အခဲနှင့် ကြုံနေရပါသည် အရှင်ဘုရား။ ဘုရားတပည့်တော်၏ တနင်္ဂနွေနံနှင့် ပတ်သက်သော အိုးအိမ်၊ အဆောက်အအုံ ကိစ္စအခက်အခဲများပျောက် မင်္ဂလာဖြိုးမောက် ကောင်းကျိုးရအောင် (ဝါ) တနင်္ဂနွေဂြိုဟ်မင်း၏ မကောင်းကျိုးပျောက် ကောင်းကျိုးရောက်အောင် စောင့်ရှောက်စောင်မခြင်း ပြုတော်မူပါ သဗ္ဗညုတသခင် ဂေါတမအရှင်မြတ်ဘုရားဟု ပူဇော်ဆုတောင်းပါ။

**တနင်္ဂနွေသားသမီး** - ထီး၊ တံခွန်၊ ကြက်လျှာ ပန်းရောင်။

**တနင်္လာသားသမီး** - အဖြူရောင်၊

**အင်္ဂါသားသမီး** - ကြက်သွေးရောင်၊

**ဗုဒ္ဓဟူးသားသမီး** - အစိမ်းရောင်၊

**ကြာသပတေးသားသမီး** - အဝါရောင်၊

**သောကြာသားသမီး** - အဖြူရောင်တို့ကို အသုံးပြုပါ။

စာရေးသူ ဗေဒင်ဟောပြောနေသော ပြည်သူ့ရှုပ်သာ မဟာဆုတောင်းပြည့်စေတီ (ခေါ်) ပြည်ဦးဆေတောင်ဘက်မုခ် စာရေးသူ ဟောခန်းနှင့် ကပ်နေသော

www.burmeseclassic.com

www.burmeseclassic.com

...တံခွန် ရောင်းသည့်ဆိုင်တွင် လေ့လာကြည့်ရှု ...ရောင်မျိုးစုံ (၇)မျိုး၊ (၈)မျိုး ရှိသည်။ အချို့က ရှုပဟုန် ...သည်။ ရာဟုဆိုပါက ကော့... ကို ပူဇော်၍ ဗုဒ္ဓဟူး ...သို ကြက်လျှာအရောင်မှာ အညို၊ အနက် ပြောင်း... ...သည်။

ဘုရားခုနစ်ဆူ ပူဇော်ရာတွင် ထီး၊ တံခွန်၊ ကုက္ကား၊ ...ရေတော်၊ သစ်သီး၊ ကန်တော့ပွဲ တတ်နိုင်သလောက် ...ပါ။ ဤလောကတွင် ဗုဒ္ဓမြတ်စွာဘုရားထက် မြတ် ...ပုဂ္ဂိုလ်လည်း မရှိ။ ဘုရားထက်သာသော အလှူခံ ...လ်လည်း မရှိ။ ထို့ကြောင့် ဘုရားကို ဘုရားဂုဏ် ...ာ် အာရုံပြုကာ ဒါနပါရမီ ဖြည့်ဆည်းပေးပါ။

ပူဇော်သူမှ အမှာပြုထားသည်မှာ ဗုဒ္ဓတို့ယတြာ၊ ...ဿဝါတို့၏ အဓိပတိဟူ၍လည်းကောင်း၊ သုံးပါးရတနာ ...မြတ်စွာသည် လိုရာသိဒ္ဓိ ကောင်းကျိုးဆောင်ဟူ၍ ...ည်းကောင်း ကျမ်းဆရာတို့ မိန့်ရှိသော အဆိုကြောင့် ...စီးဒသာ၊ ဇာတာစန်းလဂ် စသည် ညံ့၍ပင်ဖြစ်စေ၊ ...ကောင်းကျိုးချမ်းသာ လိုရာသိဒ္ဓိ ပြီးစီးစေလို၍ပင်ဖြစ်စေ ဗုဒ္ဓယတြာကို အမြဲမသွေ ပြုသင့်ပြုထိုက် ပြုအပ်လှပေ၏။ ပြုကြလေဟု ဆိုလို၏။

ဘုရားခုနစ်ဆူ ရှိခိုးပူဇော်နည်း သုံး,လေးမျိုး ရှိပါသည်။ သိဒ္ဓိ...ဘုရားရှိခိုး သိဒ္ဓိသဿပီစ၊ နမတ္ထု၊ သမ္ဗုဒ္ဓတာ နကမ္ဘိ... ...ဘုရား...ကို အနက်ပြန် ပူဇော်ကြသည်။

ထို့ကြောင့် အထက်တွင် ဖော်ပြထားသော နမောတဿနှင့် မိုးရှိခိုးပူဇော်ပြီး လိုရာဆန္ဒ ဆုတောင်းနည်းမှာ ပို၍လွယ်ကူ ထိရောက်ပါသည်။


**နမောတဿ (ဝိပဿီဿ)**

**ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

ဘဂဝတော-ဘုန်းတော်(၆)ပါးနှင့် ပြည့်စုံတော်မူသော၊ အရဟတော-နတ်၊ လူ၊ သတ္တဝါ အားလုံးတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်သော ဝိပဿီမြတ်စွာဘုရားအား၊ တဿ-ဘုရားတပည့်တော်သည်၊ နမော-ရှိသေမြတ်နိုး ရှိခိုးပူဇော်ပါ၏ မြတ်စွာဘုရား။

ပြီးမှ လိုရာဆန္ဒကို ဆုတောင်းမှုပြုပါ။

**ဂမ္ဘီရဆရာလှမျိုး(B.Sc)**





ရွှေမြင်း®
(အမှတ်တံဆိပ်)
ကျိုးပေါင်းလိမ်းဆေး
သုံးစွဲနိုင်သောရောဂါများ
...ည်ပင်းကျိုးပေါင်း။ ပခုံးဆစ်ကျိုးပေါင်း။ ခြေဆစ်လက်ဆစ်၊ ဒူးဆစ်ကျိုးပေါင်းတက်ခြင်းနှင့် အဆစ်လွဲ၊ အဆစ်အမျက်ကိုက်ခဲခြင်း။ အုံးလွဲခြင်းဝေဒနာများ။ အရိုးအကြောနာ ရောင်ရမ်းခြင်း။ ...နာ၊ ခါးနာ၊ ဇက်ကြောထိုးခြင်းနှင့် ထုံကျင်ကိုက်ခဲခြင်းတို့အတွက် သုံးစွဲနိုင်ပါသည်။
(မှတ်ချက်) ။ ။ အညောင်းထိုင်သူများ။ တရားထိုင်သူများနှင့် အားကစားသမားများအတွက် "အကြောပြေ ဓာတ်ကြေလိမ်းဆေး" အဖြစ်လည်း အသုံးပြုနိုင်ပါသည်။
သုံးစွဲကြည့်ပါ၊ထူးခြားကြောင်း လက်တွေ့ခံစားရမည်။
"အမှန်ကန်ဆုံးရွေးချယ်မှု"
...ကုန်အမှတ်တံဆိပ်မှတ်ပုံတင်အမှတ် - TMR 010304 (0216)
...ထုတ်လုပ်ခွင့်လိုင်စင်အမှတ် - ...
...ကြော်ငြာခွင့်ပြုချက်အမှတ် - ...
တိရစ္ဆာန်အဆီ၊အရက်နှင့် ငှင်းတို့နှင့်ဆက်စပ်သောပစ္စည်းများ (လုံးဝ)မပါဝင်ကြောင်းအာမခံပါသည်။
ဆေးလက်ကားရရှိနိုင်သည့်ဆေးဆိုင်ကြီးများ
...(သိမ်ကြီးဈေး)၊ အာရောဂျ (၂၄ လမ်းထိပ်၊ သိမ်ကြီးဈေး)၊ ဆန်ဦးအောင်ဆေးဆိုင် (သိမ်ကြီးဈေး)၊ မင်္ဂလာဈေးရှိ သုခချမ်းသာဆေးဆိုင်၊ ...သားဆေးဆိုင်၊ အာရောဂျဆေးဆိုင်၊ ကျေးဇူးရှင်ဆေးဆိုင်၊ ကိုသက်နိုင်ဆေးဆိုင် နှင့် ပြည်တော်သာဆေးဆိုင် (ဗိုလ်ချုပ်ဈေးသစ်) တို့တွင် ...ဝယ်ယူရရှိနိုင်ပါသည်။
ဆက်သွယ်ရန် - 09 49 255192


www.burmeseclassic.com

www.burmeseclassic.com

### ပုရောဟိတ် ဆရာဦးမြတ်စံ

# တာရိုဗေဒနှင့်

# ကျွန်ုပ်၏ ကိုယ်တွေ့လေ့လာမှုများ

(၁၉၈၉)ခုနှစ်တွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့သို့ အလုပ်လုပ်ရန် မြန်မာနိုင်ငံမှ ထွက်ခွာခဲ့ပါသည်။ ကြိုတင် ရောက်နေသော မိတ်ဆွေများ၊ အင်္ဂလိပ်စာ တပည့်များ က လေဆိပ်တွင် လာကြိုပြီး အနုစာဝါရီကွန်ဒိုတွင် နေရာ ချပေးလိုက်ပါသည်။ အခန်းရှင်မှာလည်း မြန်မာနိုင်ငံသား ဖြစ်ပြီး ကွန်ပျူတာနှင့် အင်္ဂလိပ်စာသင်ကြားသော ဆရာ တစ်ဦးဖြစ်၍ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လေးစားမှု ဖြင့် ဆက်ဆံကြပါသည်။ စာရေးသူ မသိနားမလည်သော ဒေသန္တရနှင့် ဘာသန္တရ (Language) တို့ကို သင်ကြား ပေးပါသည်။

ထိုဆရာ၏ အကူအညီဖြင့်ပင် ၎င်း၏ ဘေးခန်းကို တစ်ဦးတည်း ငှားရမ်းနေထိုင်ခွင့် ရခဲ့ပါသည်။ မူလရည် ရွယ်ချက်အတိုင်း လက္ခဏာဗေဒင်ဟောခြင်း၊ အင်္ဂလိပ်စာ ပြခြင်းတို့ကို ဆောင်ရွက်ခွင့် ရရှိခဲ့ပါသည်။ သို့သော် ချက်ချင်း အင်္ဂလိပ်စာဆရာ တာဝန်ကို ထမ်းဆောင်ခွင့် မရပါ။ စက်မှုတက္ကသိုလ်တစ်ခုတွင် အင်္ဂလိပ်ဘာသာ ဆရာအဖြစ် လျှောက်ထားလိုက်ပါသည်။

ဗေဒင်လက္ခဏာ ဟောချိန်မှာ ည(၆)နာရီမှ (၁၀) နာရီအထိ ဖြစ်ပါသည်။ ယိုးဒယားလူမျိုးများ အလုပ် ဆင်းချိန်တွင် ဗေဒင်လာမေးကြသောကြောင့် ဖြစ်ပါသည်။ တစ်ဖက်မှလည်း မြန်မာနိုင်ငံမှ ဂျပန်၊ အမေရိကန်၊ အင်္ဂလန် အစရှိသော နိုင်ငံများသို့ ကျောင်းတက်လိုသူများ ဆွေးနွေးပွဲ(Seminar)၊ ပညာတော်သင်များအတွက် လေ ဆိပ်မှတစ်ဆင့် သွားလိုရာခရီးသို့ (Transit) ကူညီလမ်း ညွှန် ပို့ဆောင်ပေးသော ဝန်ဆောင်မှုကိုပါ ဆောင်ရွက်ခဲ့ ပါသည်။ PHOENIX GENERAL SERVICES ဟု အမည်ပေး၍ လုပ်ဖော်ကိုင်ဖက် (၂)ဦးဖြင့် ဆောင်ရွက် လျက်ရှိပါသည်။ PHOENIX ၏ အဓိပ္ပာယ်မှာ မီး လောင်ပြီး ပြာပုံထဲမှထ၍ အသက်ရှင်သော ဒဏ္ဍာရီထဲမှ တန်ခိုးရှိသောငှက်ဟူ၍ ဖြစ်ပါသည်။ အသက်တစ်ရာ ကျော် နေထိုင်ပြီး မီးပုံတွင်း ထိုးဆင်းကာ ၎င်း၏ ခန္ဓာ ကိုယ်ကို မီးလောင်ပြီး မီးထဲကူး၍ တစ်ဖန်ပြန်၍ အသက် ရှင်ကာ နောက်အသက်အနှစ်တစ်ရာ နေနိုင်သည်ဟု ပြော လေ့ရှိကြပါသည်။

နေ့ပိုင်းတွင် ဝန်ဆောင်မှုလုပ်ငန်းလုပ်ပြီး ရံဖန်ရံခါ C & C Guest House တွင် On Call ဗေဒင်လက္ခဏာ သွားဟောပေးလေ့ရှိပါသည်။ ဗေဒင်လက္ခဏာစိတ်ဝင်စား သော နိုင်ငံခြားသားများအား ဟောပြောပေးရခြင်း ဖြစ်ပါ သည်။ ညဏ်ပူဇော်ခအဖြစ် တစ်ဦးလျှင် တစ်နာရီ US$ 20 (ဒေါ်လာနှစ်ဆယ်) ရရှိပါသည်။

၎င်းတို့၏ တောင်းဆိုချက်အရ ဘန်ကောက်မြို့တွင် သွားလိုရာကို ဦးဆောင်၍ လမ်းညွှန်သူ(Guide) သဘော မျိုးအဖြစ် ကူညီဆောင်ရွက်ပေးခဲ့ပါသည်။ C & C ဆို သည် Chart and Chou (ခင်ပွန်းက ယိုးဒယား၊ ဇနီးက တရုတ်လူမျိုးတို့၏နာမည်)ဟူ၍ ဖြစ်ပါသည်။

စာရေးသူကဲ့သို့ပင် TAROT လာ၍ ဟောသော အီဂျစ်သူကလေး Ms. HAROOMI လည်း ရှိပါသည်။ နိုင်ငံခြားသားများ စိတ်ဝင်စားရာ ပညာရပ်ကို ဆွေးနွေး ကြပါသည်။ စာရေးသူနှင့် အီဂျစ်သူ HAROOMI တို့မှာ စီးပွားရေးလုပ်ဖော်ကိုင်ဖက်များ ဖြစ်ကြပါသည်။ HA- ROOMI (ဟာရွန်မီ)က ATHEN APARTMENT တွင် နေထိုင်ပါသည်။ ATHEN APARTMENT တွင် ဦးသန်းထွန်း၊ ဒေါ်ဝါဝါဝင်းရွှေတို့ နေထိုင်ကြပြီး ဓာတ်ပုံ ဓာတ်ကြီး ကလျာဇာတ်ကား ရိုက်ကူးနေချိန်လည်း ဖြစ်ပါ သည်။ နာမည်ကြီး အလှဖန်တီးရှင် မိန်းမလျာတော်တော် များများ ဤ ATHEN APARTMENT တွင် နေထိုင်

www.burmeseclassic.com

www.burmeseclassic.com

ကြပါသည်။ ယိုးဒယား၊ ဘန်ကောက်တွင် လာရောက်သင်တန်းတက်နေကြခြင်း ဖြစ်ပါသည်။


တစ်နေ့ C & C Guest House တွင် နိုင်ငံခြားသားများ၏ ဖိတ်ကြားချက်အရ သွားရောက်၍ ဗေဒင်လက္ခဏာ ဆွေးနွေးဟောပြောပြီးသောအခါ ဟာရွှန်မီနှင့် သတ်ဖက်ရည် သောက်ရင်း စကားလက်ဆုံကျနေမိပါသည်။ သူမကလည်း ကျွန်ုပ်၏ဗေဒင်လက္ခဏာပညာဖြင့် အနာဂတ်ကာလ ကံကြမ္မာကို သိချင်ရှာပါသည်။ ကျွန်ုပ်ကလည်း တတ်ထားသောပညာဖြင့် စနစ်တကျ ဟောပြောပေးလိုက်ပါသည်။ သူမကလည်း သူမ နားလည်တတ်ကျွမ်းသော TAROT ကတ်ဖြင့် ကျွန်ုပ်အား ဟောပြောပေးပါသည်။ C & C Guest House ၏ ခြံဝင်းထဲ သစ်ပင်အောက်တွင် အနားယူရန် စီစဉ်ထားသော စားပွဲ၊ ကုလားထိုင်တွင် စနစ်တကျ နေရာယူ ဟောပြောခဲ့ခြင်း ဖြစ်ပါသည်။

တားရော့ကတ် မဟောပြောမီ အီဂျစ်မှ ယူလာသော အမွှေးနံ့သာခဲကို မီးရှို့ပြီး အီဂျစ်ဆိုင်ရာ နတ်ဘုရားများကို ပင့်ဆောင်၍ အာရုံခံ ဆုတောင်းပါသည်။ အီဂျစ်အချစ်နတ်မိမယ် (နတ်ဘုရား) APHRODITE ကို နှုတ်မှ ပင့်ဆောင်၍ တားရော့ဗေဒင်ဟောခွင့် တောင်းခံသည်ဟု သိရပါသည်။ ဥရောပဘက်တွင် VENUS ဟုခေါ်သော အချစ်နတ်သမီးပုံစံ ဖြစ်မည် ထင်ပါသည်။

ကျွန်ုပ်က ပထမဦးဆုံးကတ်တစ်ခုကို ဆွဲထုတ်လိုက်ပါသည်။ Card NO VIII KNIGHT စစ်ရထားကတ် ဖြစ်ပါသည်။ တက်ကြွလန်းဆန်းပြီး ခွဲသတ္တိဖြင့် ပြည့်စုံသော မင်းပျိုမင်းလွင် တစ်ဦးက မြင်းနှစ်ကောင်ဆွဲသော ရထားကို စီးကာ လက်တစ်ဖက်ကလည်း ဓားလွှတ်ကို စွဲကိုင်ထားပါသည်။ ရဲရင့်သော စိတ်ဖြင့် အရာရာကို



တာရေးသုထဲ လာမေးသော အမျိုးသမီး ဆွဲထုတ်လိုက်သည့်ကတ်



တာရေးသူ ဆွဲထုတ်လိုက်သော စစ်ရထားကတ်

www.burmeseclassic.com


အောင်ပွဲခံနိုင်ရမည်ဟူ[illegible]ပုံစံ[illegible]မြင်[illegible] နေဟန် ဖြစ်ပါသည်။

ဘရွန်မီက ထိုကတ်ကို [illegible] (အစ်ကိုကြီးစံ)က ဘဝ[illegible] သော စရဏကျင့်စဉ်မျာ[illegible] တိုးတက်ကြံဆောင်နိုင်မည်ဖြစ်ကြောင်း[illegible] နေသော General Service[illegible] သိမ်းပြီး စစ်ရထားသယ်ဆောင်ရာ[illegible]ရမည်ဖြစ် ကြောင်း ဟောပြောပါသည်။ စာရေးသူ ကျွန်ုပ်အား ၄င်း၏ အိတ်ထဲတွင် ဆောင်ထားသော စစ်ရထားပုံ ကြေးပြားကို အဆောင်အဖြစ် လက်ဆောင်ပေးလိုက်ပါသည်။ ယခုထက်တိုင် ကျွန်ုပ် အဆောင်အဖြစ် သိမ်းထားလိုက်ပါသည်။

တစ်ဦးနှင့်တစ်ဦး ရင်းနှီးသွားသောအခါ တားရော့ပညာတတ်ချင်ကြောင်း ပြောသောအခါ ချက်ချင်းသင်၍ မရကြောင်း၊ သူမသည်ပင်လျှင် Golden Rays အဖွဲ့ဝင် [illegible]ဖြစ်[illegible]မှ (၁၂)နှစ်သမီးအရွယ်မှ ယခု (၂၅)နှစ်အရွယ်ထိ (၁၃)နှစ်တိုင် နှလုံးသားမှ ခံစားချက်ဖြင့် သင်[illegible]ကြောင်း သိရပါသည်။ မိဘမျိုးရိုးမှာ ကုလားအုတ်[illegible]ဖြင့်[illegible]မ်းကျောင်းပြုကြရာ [illegible]ဖြစ်သော သ[illegible]းတွက်ရှိရာ လာအို[illegible]ယား၊ ထိုင်းနိုင်ငံသို့ လာရောက်လေ့လာရင်း [illegible] ဘဝရပ်တည်မှုအတွက် TAROT ဟောပြောခြင်းကို လုပ်ကိုင်နေကြောင်း ပြောပြပါသည်။ ထိုစဉ်က မြန်မာပြည်တွင် သစ်မွှေးကို စနစ်တကျ စိုက်ပျိုးနိုင်ခြင်း မရှိသေးပါ။

စာရေးသူ ကျွန်ုပ်က ကုလားအုတ်စီးချင်ကြောင်း၊ မစီးဖူးကြောင်း ပြောသောအခါ သူမက တားရော့ပညာကို CONSIDER လုပ်ပြီးလေ့လာပါ။ Mr. San (အစ်ကိုကြီးစံ၊ ဆရာမြတ်စံ အတိုကောက်)ကို ကုလားအုတ်စီးရင်း ပြန်ဆုံကြတာပေါ့ဟု ရယ်သွမ်းသွေးလျက်ပြောပါသည်။

သိပ်မကြာလိုက်ပါ၊ ကျွန်ုပ်နေထိုင်သော ANUSA-






www.burmeseclassic.com

www.burmeseclassic.com

MART CONDOMINIUM သို့ ဟာရွန်မီနှင့် အမျိုးသားတစ်ဦး လာရောက်တွေ့ဆုံ နှုတ်ဆက်ပါသည်။ ဟာရွန်မီ၏ မိတ်ဆက်ပေးမှုအရ အတူပါလာသော အမျိုးသားမှာ သူ၏ချစ်သူဖြစ်ပြီး ဂရိလူမျိုးတစ်ဦး ဖြစ်ပါသည်။ ဂရိနိုင်ငံ၊ အေသင်မြို့(ATHEN) တွင် နေထိုင်ပြီး သင်္ဘောကပ္ပတိန်(MASTER MARINER) တစ်ဦးဖြစ်ကြောင်း၊ ဘန်ကောက် ကလောင်တိုင်ဆိပ်ကမ်းတွင် သင်္ဘောဆိုက်စဉ် ချစ်သူ ဟာရွန်မီထံ လာလည်ခြင်းဖြစ်ကြောင်း ပြောပြပါသည်။

မကြာမီ သူတို့နှစ်ဦး လက်ထပ်ပြီး ဘဝတစ်ခုကို ထူထောင်မည်ဟု သိရပါသည်။ ဟာရွန်မီ၏ ခင်ပွန်းလောင်း အမည်မှာ MR. AJHU MINOS [အဂျူးမိုင်နော့(စ်)]ဟူ၍ ဖြစ်ပါသည်။ နှစ်ဖက်မိဘများ သဘောတူသဖြင့် အီဂျစ်သို့လည်း မပြန်၊ ဂရိနိုင်ငံသို့လည်း မပြန်ဘဲ ကြားနိုင်ငံတစ်ခုတွင် မင်္ဂလာဆောင်ပြီး နေထိုင်ကြမည်ဟု သိရပါသည်။ ဂမ္ဘီရပညာများ ဆည်းပူးနိုင်ရန် အိန္ဒိယနိုင်ငံကို ရွေးချယ်ထားကြောင်း သိရပါသည်။

ကျွန်ုပ်လည်း စက်မှုတက္ကသိုလ်တစ်ခုတွင် အင်္ဂလိပ်စာပြရင်း ရေကြည်ရာမြက်နုရာဆိုသလို ဟောင်ကောင်၊ ထိုင်ဝမ်၊ ကိုရီးယား အစရှိသော Far East Orient Country တို့တွင် လှည့်လည်၍ ဗေဒင်လက္ခဏာ ဟောပြောခြင်းကို ဆောင်ရွက်ခဲ့ပါသည်။ အလားတူ ဟာရွန်မီပေးထားသော Chariot ကြေးပြားဝိုင်းလေးကို အဆောင်အဖြစ် နေ့စဉ် နမ်းရှုံ့ခဲ့ပါသည်။ TAROT ပညာကို ရလိုကြောင်း၊ မာစတာသခင်များထံ တောင်းခံခဲ့ပါသည်။ သို့သော် မှန်းချက်နှင့် နမ်းထွက်မကိုက်ပါ။ THE RIDER TAROT DECK အထုပ်တစ်ထုပ်ကို ဝယ်ယူပြီး ကတ်ပြားများကို တစ်ချပ်ချင်း လေ့လာကြည့်ပါသည်။ ကတ်ထည့်သော ဘူးထဲတွင် ပါသော Book Let စာအုပ်ငယ်အပါအဝင် သီးခြား NANCY GAREN ရေးသားသော TAROT MADE EASY စာအုပ်ကို ဝယ်၍ဖတ်ကြည့်ပါသည်။

သို့သော် အားရကျေနပ်စွာ ဟောပြောနိုင်ခြင်း မရှိခဲ့ပါ။ ကျွန်ုပ်မှာ တားရော့ရူး(Tarot Crazy) တစ်ဦးအဖြစ်သို့ ရောက်ရှိပါသည်။ လက္ခဏာ(Palmistry)၊ သင်္ချာဗေဒ (Numerology) စာအုပ်တို့ကို ရောက်ရှိရာတိုင်းပြည်၏ Book Store တို့တွင် ရှာဖွေဝယ်ယူ ကျက်မှတ်ဟောပြောခဲ့ပါသည်။ သို့သော် ဟာရွန်မီ ဟောပြောသကဲ့သို့ အားရကျေနပ်ခြင်းမရှိကြောင်း ဝန်ခံလိုပါသည်။

မြန်မာနိုင်ငံသို့ ခွင့်ဖြင့် ပြန်လာစဉ် ကာလအတွင်း ဆရာကြီးဦးကျော်ရင်ထံ ဆန်းဗေဒင်ပညာ သင်ကြားရင်း နိုင်ငံခြားမှာ တွေ့ကြုံခဲ့ရသော TAROT ကတ်ဟောပြောခြင်းကို ပြောပြပါသည်။ ဆရာကြီးမှ ဗေဒင်ဟောပြောရာတွင် မှန်ကန်ခြင်းကို အထောက်အကူပြုသော ဗေဒင်၊ မှော်၊ ဆေးနှင့် ဂါထာကျင့်စဉ်ကို ထပ်ပေးပါသည်။ အလားတူ ရက္ခစိုးမှော်ပညာကိုလည်း တစ်ဆင့်တက်ပေးပါသည်။ ထူးခြားဖြစ်စဉ်ကတော့ စာရေးသူ၏ အိပ်မက်ထဲတွင် အိန္ဒိယလူမျိုးလို ပုဂ္ဂိုလ်တစ်ဦးက စာရေးသူ၏ နဖူးအား လာ၍ ၎င်း၏ လက်ညှိုး၊ လက်ခလယ်၊ လက်သူကြွယ် သုံးချောင်းဖြင့် ထိတွေ့၍ သိဒ္ဓိများ ပေးပါသည်။

ဆရာကြီးဦးကျော်ရင်အား အိပ်မက်အကြောင်း ပြောသောအခါ အဲဒါ ကဝါလမိုင်းဆရာကြီး ဖြစ်ဖို့များတယ်။ ငါကလည်း အဘိညာဉ်မရတော့ ခန့်မှန်းပြောရတာပေါ့ကွယ်ဟု ရှင်းပြပါသည်။ စာရေးသူလည်း ဗေဒင်အရာတွင် ရှေးဘဝ၊ နောက်ဘဝအကြောင်း ဟောပြောနိုင်သော ကဝါလမိုင်းဆရာကြီး ပုံစံကို ရည်မှန်း၍ ပန်းပုဆရာအား ပန်းပုထုစေကာ ပန်း၊ နွားနို့၊ နံ့သာ၊ အလင်းတိုင်များ ပူဇော်၍ TAROT ကတ်ပညာဖြင့် ဟောပြောခြင်းကို ညစဉ် တောင်းခံပါသည်။ ဟာရွန်မီပေးခဲ့သော Chariot ကြေးပြားအဝိုင်းနှင့် TAROT ကတ်အထုပ်ကို ကဝါလမိုင်း ဆရာသခင်ကြီး၏ ရှေ့တွင်ထား၍ ညစဉ် ဆုတောင်းခဲ့ပါသည်။

ဆောင်းဦးပေါက်တစ်ညတွင် မြူနှင်းမှုန်တွေကြားမှ ဟာရွန်မီ ဆုတောင်းလေ့ရှိသော APHRODITE အချစ်နတ်ဘုရားဟု ထင်ရသော သူတော်စင်တစ်ပါးကို အိပ်မက်ထဲ မြင်တွေ့လိုက်ရပါသည်။ နတ်ဘုရားမ ကျွန်ုပ်အား လက်ညှိုးထိုး၍ CONSIDER ဟု အဓိပ္ပာယ်ရသော စကားလုံးကို ပြန်၍ပြောနေသယောင်ဖြစ်ပါသည်။ ကျွန်ုပ်မှ CONSIDER ကို အဓိပ္ပာယ်ဖော်ပြပေးရန် တောင်းဆိုလိုက်ပါသည်။

နံနက်လင်းသောအခါ ကျွန်ုပ်၏ ခေါင်းအုံးဘေးတွင် ဖတ်လက်စစာအုပ် အတွင်းဖုံး၌ အောက်ပါစာလုံးများကို

www.burmeseclassic.com

www.burmeseclassic.com



Tarot Card No VII Chariot ပုံ မူရင်း၊
စာရေးသူအား အိန္ဒိယလူမျိုး ဟာရွန်မီက လက်ဆောင်ပေးခဲ့သည်။

E-Esoteric

အန္တေ၀ါသိက ပညာဖြစ်၍ Shambella မှ ဆရာသခင်များထံမှ တပည့်ခံ၍ မေတ္တာစိတ်ဖြင့် ခံယူသင်ကြားရမည် ဖြစ်ပါသည်။ မဟာမြိုင် (ခေါ်) Shambella အကြောင်း အသေးစိတ်ကို နောက်မှ ရှင်းပြပါမည်။

R-Reasonable

ကျိုးကြောင်းဆီလျော်သော ဟောပြောခြင်းကို ဆိုလိုပါသည်။ မြန်မာစကားပုံတွင် ဘုန်းကြီးဆိုလျှင် ဘီးမ၀င် ဆိုသကဲ့သို့ သံဃာတော်တစ်ပါးအား ဘီး၀င်မည်ဟု ဟောလျှင် ကျိုးကြောင်းဆီလျော်မှု မရှိပါ။

မထင်မရှား ရေးထားသည်ကို တွေ့ရပါသည်။

**TAROT CARD ကို အဓိပ္ပာယ်ဖော်ဆောင်ရာတွင် လိုက်နာရမည့် အချက်များ**

C-Colour

အရောင်တွေ၏ အဓိပ္ပာယ်ကို နားလည်ရပါမည်။ အရောင်၏စွမ်းအားကို နားလည်ရပါမည်။

O-Objective

ကတ်တွင် ဖော်ပြထားသော ကတ်၏ အညွှန်းနှင့် မိမိသိလိုသော အချက်ကို ချိန်ညှိရပါမည်။

N-Natural

သဘာ၀ကပေးသော စွမ်းအင်၊ စရဏ၊ ဂမ္ဘီရကျင့်စဉ်ဖြင့် အာရုံသွင်းရပါမည်။

S- Sense မသိစိတ် unconcious က ဖော်ပြသော အကြောင်းအရာများကို သိစိတ် Concious က အဓိပ္ပာယ်ဖော်ရမည် ဖြစ်ပါသည်။

I-Idea

စိန္တာမယဉာဏ်ဟုခေါ်သော အကြံကောင်း ဉာဏ်ကောင်းတို့ဖြင့် တွေးတောကြံဆရပါမည်။

D- Direction

အရပ်မျက်နှာ (သို့မဟုတ်) Vector (လားရာ)ကို Tarot Card တွင် ဖော်ပြသော ရုပ်ပုံ၏အညွှန်းကို သိရှိနားလည်ရပါမည်။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကို ညွှန်းကြောင်း သိရပါမည်။

အထက်ပါညွှန်ကြားချက်အတိုင်း TAROT CARD များကို ဖော်ပြပါ အချက်(၈)ချက်ဖြင့် တစ်ကတ်ချင်း ချစ်သူမျက်နှာကြည့်သကဲ့သို့ ကြည့်မ၀ ရှုမ၀ လေ့လာခဲ့ပါတော့သည်။ (၂၀၁၃)ခုနှစ်၊ ဖေဖော်၀ါရီလကုန်ခါနီးတွင် အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာသို့ ဘုရားဖူးသွားခွင့်ရသော အခါ တာ့ဂျ်မဟာလ်နှင့် AGRA FORTE (ခံတပ်နီ)သို့ သွားရောက်လေ့လာရာ ကုလားအုတ်လှည်းကြီးကိုစီး၍ သွားရပါသည်။ ဒုလ္လဘရဟန်း ၀တ်ထားသဖြင့် ကုလားအုတ်လှည်းမောင်းသူနှင့် ဘေးချင်း ယှဉ်ထိုင်ရပါသည်။ အနောက်တွင် အမျိုးသမီး၊ အမျိုးသား ဘုရားဖူးများ လိုက်ပါလာကြပါသည်။

TAJ MAHAL (တာ့ဂျ်မဟာလ်)အ၀င် ဂိတ်၀တန်းစီသောအခါ ဟာရွန်မီနှင့် ၄င်း၏ခင်ပွန်း၊ သမီး(၂)ဦးတို့ ဆုံဖြစ်ကြပါသည်။ အနှစ်(၂၀)ကျော်ကြာပြီ ဖြစ်သော်လည်း မှတ်မိကြပါသည်။ ဟာရွန်မီက Mr. San (အစ်ကိုကြီးစံ) ကုလားအုတ်စီးခဲ့ပြီ မဟုတ်လားဟု ပြုံး၍ ပြောပါသည်။ ၄င်း၏ဟောချက် မှန်နေပါသည်။ ကျွန်ုပ်ကလည်း Chariot ကြေးပြားဝိုင်း အဆောင်ကလေးကို ထုတ်ပြလိုက်ပါသည်။

သူတော်ကောင်းစိတ် ထားရှိပြီး (၇)နေ့သားသမီးအား ကူညီလမ်းညွှန်လေ့ရှိသော သဒ္ဓမ္မ တော်စင်အဖွဲ့

www.burmeseclassic.com

www.burmeseclassic.com



အီဂျစ်နတ်ဘုရား Gods of Egypt မှ
ဟာရွန်မီက စာရေးသူအား (၁၉၈၉)ခုနှစ်တွင် လက်ဆောင်ပေးခဲ့သည်။

ဆရာသခင်အချို့သည် THEOSOPHY သီအိုဆိုဖီအသင်းတွင် ရှိကြောင်း သိရသဖြင့် ကဆုန်လပြည့်ဝိသာခါနေ့တွင် အသင်းတည်ရာ (၄၉)လမ်း၊ ဗိုလ်တထောင်မြို့နယ်သို့ သွားရောက်ဂါရဝပြုခဲ့ပါသည်။ ဆရာသခင်တို့၏ မေတ္တာရှင်အားက ကျွန်ုပ်အား တားရော့ဆရာဒင် ဟောပြောခြင်း အတတ်ပညာ လေ့လာရာတွင် လွန်စွာမှ အထောက်အကူပြုပြီး ဉာဏ်ပွင့်လင်းစေပါသည်။

တစ်နေ့ ကျွန်ုပ်ထံ ဗေဒင်လာမေးလေ့ရှိသော အိမ်ထောင်ရှင် အမျိုးသမီးတစ်ဦးက ၎င်း၏ခင်ပွန်းအတွက် စင်ကာပူနိုင်ငံတွင် အလုပ်လုပ်နေရာမှ အောက်ပါအတိုင်း မေးခွန်း(၂)ခု မေးပါသည်။

(၁) ယခုလက်ရှိအလုပ်မှ နောက်အလုပ်တစ်ခုကို ပြောင်းရန် ကောင်း,မကောင်း၊

(၂) S PASS P.R သို့ လျှောက်လျှင် ရ,မရဟူ၍ ဖြစ်ပါသည်။

စနစ်တကျ တားရော့(ဒ်)ကတ်ကို နှီးခြင်း၊ သူတော်စင်ကြီးများ ပင့်ဖိတ်၍ သိဒ္ဓိတောင်းခံခြင်းကို ဟာရွန်မီပြုလုပ်သကဲ့သို့ တားရော့(ဒ်)ပရိက်ကို ပြုလုပ်လိုက်ပါသည်။ လာမေးသော အမျိုးသမီးအားလည်း သိလိုသောကိစ္စကို မှန်ကန်စွာ သိရှိနိုင်ရန် ဆုတောင်း၍ ကတ်ကို ရွေးထုတ်စေပါသည်။ Card NO IV EMPEROR ဖြစ်ပါသည်။ Card တွင် ဖော်ပြသော ပုံပါအကြောင်းအရာမှာ ရာဇပလ္လင်ပေါ်တွင် ခံ့ညားစွာထိုင်နေသော ဧကရာဇ်တစ်ပါးဖြစ်ပြီး ဦးခေါင်းထက်တွင် သရဖူဆောင်းထားပါသည်။ လက်ယာဘက်လက်တွင် အီဂျစ်နတ်ဘုရားတို့ကိုင်ဆောင်သော ကျိုင်းတံ(အာဏာစက်) ဖြစ်ပါသည်။ ထိုဖြစ်ရာ ဘုရင်ဧကရာဇ်သည် တိုင်းသူပြည်သားများ အာယာဝပြောရေးအတွက် အရည်အချင်းပြည့်ဝစွာ မင်းကျင့်တရားနှင့်အညီ အုပ်ချုပ်နေသည့် သဘောကို ဆောင်ပါသည်။

အမျိုးသမီးအား နံပါတ်(၁)မေးခွန်းကို ဖြေရလျှင် လက်ရှိအလုပ်ကို လုပ်နေသော ခင်ပွန်းဖြစ်သူသည် မိမိ၏ လုပ်ပိုင်ခွင့်အာဏာကို စနစ်တကျ တတ်ကျွမ်းနားလည်စွာဖြင့် ထိန်းချုပ်ဆောင်ရွက်သွားမည်ဖြစ်၍ အလုပ်ပြောင်းစရာ မလိုပါဟူ၍ ဖြစ်ပါသည်။

နံပါတ်(၂)မေးခွန်းကို ဖြေရလျှင် S PASS ဖြင့် အလုပ် လုပ်ကိုင်နေရာမှ MOI (Ministry of Immigration) လူဝင်မှု ကြီးကြပ်ရေးဝန်ကြီးဌာန၏ ခွဲတမ်းအရ Permanent Residence ကို လျှောက်လျှင် ကံကြမ္မာ၏ ကူညီထောက်ပံ့မှုဖြင့် P.R ရမည်ဟု အဟောထုတ်လိုက်ပါသည်။ ယခုအခါ ထိုအမျိုးသမီးမှာ P.R ရရှိထားသော ခင်ပွန်းထံသို့ သွားလည်ရင်း ဆရာမှာလိုက်သော AE WAITE Tarot Deck တစ်ထုပ်ဝယ်၍ ဆရာ့အား လာ၍ လက်ဆောင်အဖြစ် ကန်တော့ပါသည်။

• ဟာရွန်မီ(HAROOMI) ၏ အဘွားဖြစ်သူသည် ထိုစဉ်က မျိုးရိုးစဉ်ဆက် နေရောင်ခြည်၏စွမ်းအား(အာကာသ,ကသိုဏ်း)ရှုသော အဖွဲ့ဝင်ဖြစ်ပြီး GOLDEN RAYS ရွှေရောင်စဉ်ဟု အမည်ပွာယ်ရပါသည်။ ထို့ကြောင့် နေ့စဉ် ကျွန်ုပ်သည် နေဝင် နေထွက်တွင် ဒိဝါတပတိ ဂါထာကို ရွတ်ဆိုလေ့ရှိပါသည်။ တာရိုဝေဒကို စိတ်ဝင်စားသော ပါရမီရှင်များ ပေါ်ပေါက်ပါစေဟု ဆန္ဒပြုလိုက်ပါသည်။

ရောင်စဉ်ဖြာမှ အောင်မြင်ပါမည်။

မေတ္တာရှည်စွာဖြင့်
ပုရောဟိတ် ဆရာဦးမြင့်
ဖုန်း - ၀၉ ၅၁ ၇၆၆၄၆

www.burmeseclassic.com

www.burmeseclassic.com

# သံယောဇဉ်ကြိုး

ပုရောဟိတ် ဆရာဦးမြတ်စံ

တစ်နေ့ ကျွန်ုပ်၏ခေတ်ခန်းတွင် ဘုရားစင်နှင့်တကွ သူတော်စင်ကြီးများ၏ပုံတော်များကို သန့်ရှင်းရေးလုပ် နေစဉ် အမျိုးသမီးတစ်ယောက် အူယားဖားယားဝင်လာပြီး 'ဆရာရယ်··ကျွန်မသမီးလေးကို ကယ်ပါဦး ဆရာ'ဟူ၍ အရင်းမရှိ အဖျားမရှိ ပြောချလိုက်ပါသည်။

ကျွန်ုပ်ကလည်း ကျွန်ုပ်၏ ခေတ်ခန်းတွင် သန့်ရှင်း ရေးလုပ်နေသဖြင့် (၁၅)မိနစ်ခန့်တော့ စောင့်စေလိုကြောင်း ဆက်တီတွင် ခဏထိုင်၍ ကျွန်ုပ်ရေးသားသော အသုံးချ ဂမ္ဘီရဝေဒစာအုပ် ပထမတွဲကို ဖတ်ရှုရင်း စောင့်နေရန် ပြောလိုက်ပါသည်။ တစ်နည်း ကျွန်ုပ်၏စာအုပ်ကို ကြော် ငြာဝင်လိုက်ခြင်း ဖြစ်ပါသည်။

တစ်အောင့်လောက်ကြာသော် 'အစ်မကြီး··ဗေဒင် မေးဖို့ဆိုရင် ကျွန်တော်ရဲ့ အယူတော်မင်္ဂလာ ဗေဒင်ဟော ခန်းကို ကြွခဲ့ပါ'ဟု ဖိတ်မန္တကပြုလိုက်ပါသည်။

ကျွန်ုပ်က-

'ဗေဒင်မေးမှာ ဘယ်သူ့အတွက်လဲ'

ဟု မေးရာ-

'ဆရာရယ်··ကျွန်မသမီးပါ။ တစ်ဦးတည်းသော သမီးလေးပါ။ အခု စင်ကာပူနိုင်ငံ ရောက်နေပါတယ်။ အခု သူ့ကို မြန်မာပြည်ကို ပြန်ခေါ်ချင်ပါတယ်။ ဟိုမှာ သူ ဒုက္ခရောက်နေတယ်လို့ သိရပါတယ်'ဟု ပြောလည်း ပြော ငိုလည်း ငိုနေပါသည်။

ကျွန်ုပ်ကပင် သူထုတ်ပေးသော သမီးပုံနှင့် မွေး သက္ကရာဇ် ဗေဒင်ဟောသော မှတ်တမ်းစာအုပ်တွင် ရေး သွင်းပြီး မိန်းကလေး၏ ဇာတာကို အဟောထုတ်လိုက် ပါသည်။

ကျွန်ုပ်ကပင်-

'အစ်မကြီးကိုတော့ ပြောရမှာ အားနာပါတယ်။ ဒါ ပေမဲ့ ဆရာဝန်နဲ့ လူနာလိုပဲ အနာရောဂါရဲ့ အတိမ်အနက် ကို သိရမှ ဆေးချက်(ကုသချက်)ကို ခန့်မှန်းလို့ရပါတယ်။ ဆေးချက်က ပြင်းမှာလား၊ ပုံမှန်ပဲ ကုရမလား သိမှာပေါ့' ဟု ရှင်းပြလိုက်ပါသည်။

ထိုအခါ အမျိုးသမီးကြီးက-

'ဆရာရယ်··ကုန်ချင်သလောက် ကုန်ပါစေ။ ကျွန် သမီးလေး ပြန်လာတာပဲ လိုချင်ပါတယ်'ဟု မျက်ရည် ကို လက်ကိုင်ပဝါဖြင့် သုတ်ရင်း ပြောပါသည်။

ကျွန်ုပ်က လက်ထဲမှ ဘောပင်ကို စားပွဲပေါ် အသာ ချရင်း-

'အစ်မကြီးသမီး ကေသီဟာ စင်ကာပူကို သွား တာ အလုပ်လုပ်ဖို့ပဲ မဟုတ်ဘူး၊ ကျောင်းတက်ဖို့လည်း မဟုတ်ဘူး၊ လူမှုရေးကိစ္စအတွက် ဖြစ်ပါတယ်။ အခု ဟိုနိုင်ငံမှာ Over Stay (ဗီဇာရက်လွန်ခြင်း) ဖြစ်နေ လောက်ပြီ။ ကြိမ်ဒဏ်တွေဘာတွေ ထိနေပါဦးမယ်'ဟု အဟောထုတ်လိုက်ပါသည်။

ထိုအခါကျမှ မိန်းကလေး၏မိခင် အသက်(၅၀) ကျော်ခန့်ရှိသော အမျိုးသမီးကြီးမှာ ၎င်း၏သမီး ကိုယ် ရေးကိုယ်တာ ကိစ္စကို မရှက်မကြောက် မကွယ်မဝှက် ဖွင့်ပြောပါတော့သည်။

'သမီးကလေး နာမည်က ကေသီပါဆရာ။ ကျွန် တို့က ဧရာဝတီတိုင်းဒေသကြီး မြစ်ဝကျွန်းပေါ် မြို့ တစ်မြို့မှာ အီလက်ထရွန်းနစ် လူသုံးကုန်ပစ္စည်း နာမည်ကြီး BRAND တစ်ခုကို ကိုယ်စားလှယ် ပေးနေပါတယ်။ အစစအဆင်ပြေပါတယ်။ အဆင် တာက ကျွန်မသမီး ကေသီပါ။ တက္ကသိုလ်က ဘွဲ့ရ

www.burmeseclassic.com

www.burmeseclassic.com

တော့ ကျွန်မတို့ လုပ်ငန်းမှာ ဦးစီးစေခဲ့ပါတယ်။ အဲဒီမှာ ပြဿနာစတော့တာပဲ ဆရာရေ။ ဆိုင်ကီစွက်ကို လုံးဝလွှဲအပ်တော့ ငွေရေးကြေးရေးတွေ ပါလာတာပေါ့ ဆရာရယ်။ အဲဒီမှာတင် လောင်းကစားလုပ်တဲ့ ကောင်လေးက သူ့ကို မျက်စိကျပြီး ပထမတော့ မေတ္တာစစ်နဲ့ ချစ်သယောင်ပြုပြီး (၁)လုံး၊ ဘောလုံး၊ (၂)လုံး(နှစ်လုံးတိုက်)၊ (၃)လုံးချဲကိစ္စတွေ ပါလာပြီး ကုမ္ပဏီကို ပြန်သွင်းရမယ့်ငွေတွေ မသွင်းဘဲ လောင်းကစား သံသရာလည်နေပါတယ်။ သူ့ကောင်လေးရဲ့ မြှောက်ထိုးပင့်ကော် လုပ်ပေးမှုကြောင့် လက်ခွဲဒိုင် သဘောမျိုးနဲ့ အလျော်အစား သိန်းရာချီ ကုန်နေပါပြီ ဆရာ'ဟု ၎င်းသမီး၏ အခြေအနေကို ရှင်းပြရင်း ပါလာသော သောက်ရေသန့်ဘူးကို တစ်ကျိုက်မော့ချလိုက်ပါသည်။

ထို့နောက်မှ စကားဆက်၍-

'ကုမ္ပဏီက ငွေတောင်းခံလွှာတွေ၊ ငွေစာရင်းရှင်းတမ်းတွေ လာတော့မှ ငွေတွေက လက်လွှန်သွားပါပြီ ဆရာ။ ဒါနဲ့ပဲ ကျွန်မတို့ရဲ့လုပ်ငန်းကို သူ့ဆီက ပြန်သိမ်းပြီး အိမ်မှာပဲ နားနေခိုင်းခဲ့ပါတယ်။ ဒါပေမဲ့ ဇာတ်လမ်းက ဆုံးမသွားပါဘူး ဆရာရယ်။ ကောင်လေးက နည်းမျိုးစုံနဲ့ ဖြားယောင်းသွေးဆောင်တော့ ရန်ကုန်က နာမည်ကြီး တရားစခန်းမှာ တရားစခန်းဝင်ပြီး တရားထိုင် ဘာသာရေး လုပ်ရင်း စိတ်အနားပေးတဲ့အနေနဲ့ သီလရှင်ဝတ်ဖို့ ပူဆာပါလေရော ဆရာရယ်။ ကျွန်မတို့ မိဘလုပ်သူတွေက အရမ်းဝမ်းသာသွားကြပြီး တရားစခန်းဝင်ရင် သုံးဖို့ ပိုက်ဆံ၊ သီလရှင်ဝတ်မယ်ဆိုလည်း တစ်ပါးကျောင်းလေးနဲ့ သီတင်းသုံးနိုင်ဖို့ ငွေကြေးတွေ အလုံအလောက် ပေးလိုက်ပါတယ်။ ဘယ်ဟုတ်မလဲ၊ တရားစခန်းကို အဝင်မပြီး စင်ကာပူကို သူ့ကောင်လေးနဲ့အတူ ထွက်ပြေးပါလေရောလား ဆရာရယ်'ဟု ရှင်းပြပါသည်။

တစ်ဖန် သက်ပြင်းရှည်ချပြီး စကားဆက်ပြန်ပါသည်။

'စင်ကာပူမှာကျတော့လည်း ကျွန်မတို့ ကိုယ်စားလှယ်ယူတဲ့ ကုမ္ပဏီက ပုဂ္ဂိုလ်တွေက ကေသီနဲ့ သူ့ကောင်လေး ဘဝပျက်နေတာကို ဓာတ်ပုံရိုက်ပြီး ပို့လိုက်ပါတယ်။ အလောင်းအစားမလုပ်ရတော့ TABLET (မူးယစ်ဆေး) ဘက် လှည့်သွားကြပါတယ်။ နေ့တိုင်း တက်ဘလက်ကြောင်(တောင်ဘလက်ကြက်)ဖြစ်ပြီး လူရုပ်ကို မပေါ်ဘူး ဖြစ်နေပါတယ်။ စင်ကာပူရဲက မူးယစ်ဆေးနဲ့ မိသွားရင် သေဒဏ်လား၊ ထောင်ဒဏ်လား အဲဒါကိုပဲ စိတ်ပူနေမိပါတယ်'ဟု ရှင်းပြပါသည်။

ထိုအခါ ကျွန်ုပ်က အထက်ပါ ကေသီဆိုသော ကောင်မလေး၏ အရှုပ်ပုံဇာတ်လမ်းကို ပြန်လည်သုံးသပ်ပြီး မိခင်ဖြစ်သူက သမီးဖြစ်သူအား အိမ်သို့ အမြန်ပြန်လာစေလိုခြင်း၊ ပြန်လာပြီး အိမ်၌ မြဲစေလိုခြင်း၊ မိဘစီးပွားရေးလုပ်ငန်းတွင် လက်ပွန်းတတီး လုပ်ကိုင်စေလိုခြင်း စသော တစ်ချက်ခုတ် နှစ်ချက်၊ သုံးချက် ပြတ်စေလိုသော ဆန္ဒများ ပေါ်လွင်နေပါသည်။

ကျွန်ုပ်ကပင် ဆက်၍-

'အစ်မကြီးသမီး ကေသီ ပြန်လာအောင် လုပ်လို့ရပါတယ်။ ဒါပေမဲ့ အစ်မကြီးရဲ့ခင်ပွန်း ကောင်မလေးရဲ့ဖခင်က ကျွန်တော်ပြောသလို လုပ်ရပါမယ်'ဟု ရှင်းပြလိုက်ပါသည်။

ထိုအခါ အမျိုးသမီးကြီးက-

'ဆရာရယ်..လင်စုံမယားဖက် မွေးထားတဲ့ သမီးကို သူ့အဖေက ယတြာလုပ်မှ ရမယ်ဆိုရင် တစ်မျိုးကြီးပါလား။ ကျွန်မ ကြားဖူးတာတော့ အဲဒီလိုပြန်ခေါ်ဖို့ အင်းတွေ၊ ဆေးတွေ၊ ဓာတ်ရိုက်ဓာတ်ဆင်ယတြာတွေ လုပ်ရင် ကာယကံရှင်က ပြန်မလာချင်ရင် ရောဂါရ သေတယ်ဆို ဟုတ်လား ဆရာ'ဟု မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် သမီးအတွက် ရတက်မအေးဘဲ မေးပါသည်။

ထိုအခါကျမှ ဆရာတော် အရှင်သံဝရ သင်ကြားပေးခဲ့သော အင်္ဂဝိဇ္ဇာ ဓာတ်ရိုက်ဓာတ်ဆင်ပညာတွင် သံယောဇဉ်ကြိုးအကြောင်းကို ပြန်လည်အမှတ်ရစေပါသည်။

ထိုအခါကျမှ ကျွန်ုပ်လည်း-

'စောစောက အစ်မကြီး ပြောသလို ဓာတ်ရိုက်ဓာတ်ဆင် ယတြာလုပ်လို့ အစ်မကြီးသမီး မသေပါဘူး။ အကောင်း ပကတိနဲ့ ပြန်လာမှာပါ။ သမီးအတွက် ဖခင်ဖြစ်သူက ယတြာလုပ်ပေးရတယ် ဆိုတာကလည်း လောကမှာ ဖိုဓာတ်၊ မဓာတ်၊ သံလိုက်စကားနဲ့ပြောရင် သံလိုက်ချောင်းရဲ့ တောင်အစွန်းချင်း တွန်းကန်သလို မြောက်အစွန်းချင်း တွန်းကန်လို့ပါ။ တောင်အစွန်းနဲ့ မြောက်အစွန်းဆိုရင် သံလိုက်ချောင်းချင်း ဆွဲကပ်နေလို့ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

ဒါကြောင့် သံယောဇဉ်ကြိုး ဆွဲငင်အား သဘောကို နားလည်ပါမှ ယတြာပြုလို့ ရပါတယ်'ဟု ရှင်းပြလိုက်ပါသည်။

ငှင်းနောက် ကျွန်ုပ်ကပင်-

ဥပမာပြောရရင်-

(၁) သား ပြေးလျှင် အမေ

(၂) သမီး ပြန်လာစေလျှင် အဖေ

(၃) မယား ပြေးလျှင် ခင်ပွန်းဖြစ်သူ

(၄) လင်ယောကျာ်း ပြန်လာစေလိုလျှင် ဇနီးမယား

(၅) အိမ်တွင်ရှိသော အခိုင်းအစေ၊ အလုပ်သမားနှင့် ဆွေမျိုးဝမ်းကွဲများ ပြေးလျှင် (ဆပွတ်သားသမီး) ကျားပြေးလျှင် မ၊ မ,ပြေးလျှင် ကျားက ဆောင်ရွက်ရပါမည်။ သူ့ကိုနိုင်လို ဆကိုနိုဟု အင်္ဂဝိဇ္ဇာပညာတွင် ရှိပါသည်။

ပထမဦးစွာ ပြန်လာစေလိုသူ၏ အသုံးပြုခဲ့သော အဝတ်အစား၊ လက်ကိုင်ပဝါ၊ ခေါင်းအုံးစွပ်တို့ကို ကြိုတင်စုဆောင်းရပါမည်။ အထက်ပါ ပစ္စည်းများ ရပြီဆိုလျှင် ခေါင်းတူနံတူ ခေါင်းသားကို ရှာရပါမည်။ ယခု ဇေဒင်လာမေးသော အစ်မကြီး၏ သမီးအမည်မှာ ကေသီဖြစ်၍ ကျွန်းသားကို ကျားအတွက်ဆိုလျှင် ခေါင်းသားကို ညာလက်ညှိုးနှင့် တိုင်း၍ဖြတ်ပါ။ မိန်းမဆိုလျှင် ဘယ်ဘက်လက်သန်းဖြင့် ကျွန်းသား(ခေါင်းသား)ကို တိုင်း၍ဖြတ်ပါ။ ဆရာလုပ်သူက ခေါင်းသားတွင် ကေသီပြန်လာစေဟု အရင်းမှ အဖျားသို့ ရေးပါ။ ထို့နောက် ပြန်လာစေလိုသူ၏ အဝတ်အစားကို ခေါင်းသားတွင်ပတ်၍ ကြိုးနီဖြင့်ချည်ပြီး ထိုသူ၏အိပ်ရာ ခေါင်းအုံးအောက်တွင် ထားပါ။ ကေသီ အမြန်ပြန်လာပါဟု နှုတ်မှလည်း (၇)ခေါက်ရွတ်ပေးပါ။ နာမည်ပေး၍ အရေးတိုင်ခြင်း ဖြစ်ပါသည်။

ဂါထာကို ပြန်လာစေလိုသူ၏ သက်စေ့အတိုင်း ဘုရားဒင်ရှေ့တွင် ကာယကံရှင်၏ မိဘ၊ ညီအစ်ကိုမောင်နှမ၊ ဆရာ၊ တပည့် စသည်ဖြင့် သံယောဇဉ်ကြိုးရှိသော သူကရွတ်ဆိုရပါမည်။ ပြန်လာစေလိုသူ၏ မွေးနံသက်စေ့ ရက်အတိုင်း ရွတ်ပါ။ မွေးနေ့မှစ၍ ရွတ်ပါ။

မိုင်းကိုင်စက္ကူတွင် ဖော်ပြပါ အင်းကိုချပြီး ဆီမီးခွက်တွင် မဆစ်ဆီ(နှမ်းဆီ)ထည့်၍ ထွန်းပါ။ ခေါင်းအုံးပေါ်တွင် တင်၍ ထွန်းပါ။ ခေါင်းအုံးမရလျှင် ပြန်လာစေလိုသူ၏ အပေါ်ပိုင်း အဝတ်အစားကို မီးစာပြု၍ ထွန်းနိုင်ပါသည်။ ဖယောင်းတိုင်တွင် မိုင်းကိုင်စက္ကူကို အင်းချပြီး မီးထွန်းလျှင်လည်း ရပါသည်။ သို့မဟုတ် ခေါင်းတူနံတူ ခေါင်းသားပေါ်တွင် ထွန်းလျှင်လည်း ရပါသည်။

**အဠာနမေတ်အင်း**

| | | | | | |
|---|---|---|---|---|---|
| အိမ် | တံ | အ | ယံ | တ | ပြန် |
| ဥုံ | တံ | ထာ | ဇိ | ဠာ | ပ |
| ဂ | ဝိ | အ | မေ | သော | နံ |
| ဘိ | ယျ | ဝေါ | မေ | ရှ | နံ |
| တာ | န | ပ | ဝေ | ရော | ကာ |
| စေ | က္ခ | ပေ | ဝံ | က္က | လာ |

**အဠာနမေတ်အင်းဆံ (ဂါထာ)**

*ဥုံ··အဠာနမေတ်*

*ဘိက္ခဝေ*

*အနဝကာသော*

*ယံ ပစ္စပက္ကမေန*

*တတာဂတ်*

*ဇိဝိတာ*

*ဝေါရောပေယျ။*

(၇)ခေါက် ရွတ်ပါ။

ခေါင်းအုံးအဆင်သင့်ရှိသောသူများ အိမ်သို့ ပြန်လာပြီး အိမ်၌ မြဲစေရန် အိမ်တွင်းမှာ အိမ်ရှေ့ဘက်သို့ မျက်နှာလှည့်၍ ကြည့်မှန်ကို ချိတ်ထားပါ။ မှန်နှင့် ရှေ့တူရူတွင် ခေါင်းအုံးကို ချိတ်ထားခြင်းဖြင့် ကြည့်မှန်တွင် အိမ်၌ မြဲစေလိုသူ၏ပုံ ပေါ်နေစေခြင်းဖြင့် အိမ်၌ မြဲနေစေပါမည်။

နောက်အစီအရင်တစ်ခုမှာ အိမ်၌ မြဲစေလိုသူ၏ ခေါင်းအုံးမှာ ပထမ အဠာနမေတ်အင်းကိုချ၍ ဘုရားစင်အောက်တွင် မှောက်၍ထားပါ။ (ခေါင်းအုံးသည် ကိုယ်တစ်ပိုင်းပုံ ဖြစ်ရမည်။) နောက်ခေါင်းအုံးတစ်ခုကို အိမ်၌ မြဲစေလိုသူ၏ အိပ်ရာတွင် အိပ်ရာအောက်၌လည်းကောင်း ခေါင်းအုံးအောက်၌လည်းကောင်း မှောက်၍ထားပါ။ အိမ်၌ မြဲနေပါမည်။

www.burmeseclassic.com

www.burmeseclassic.com

[...]ချမ်းမြို့ ပြည်တော်ပြန် ဂါထာနှင့် အင်း

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| ဣ | တိ | ပိ | ပိ | ဋ္ဋ | က | တ္တ | ယံ | အ | နိ | စ္စံ |
| သာ | ဣ | န္တော | သ | ဟံ | သာ | သူ | ရိ | ယော | သြောင်း | ဒု |
| စ | သ | တ္တ | ဘ | ယံ | သ | ဗ္ဗ | ဘ | ယံ | န | က္ခံ |
| သ | ယံ | စ္စ | သ | မု | ပ္ပ | န္နံ | ခ | ဇေ | မော | အ |
| နံ | ဘ | ဋ္ဌိ | ဓ | မ္မံ | နိ | ရော | ယ | ယျော | မေ | နု |
| ဋ္ဌာ | ဂ္ဂိ | ပ | ဂါ | မ | တိ | ဓ | ဓ | ဇေ | တ္တာ | တ္တံ |
| ဝ | အ | တံ | ရာ | ခ | မ္မံ | ဓ | မ္မံ | ယ | နံ | သ |
| တိ | ယံ | ခ် | ဝိ | မ္မံ | ဓ | ယ | ဝ | တု | ရာ | တ္တ |
| သ | ဘ | သ | စ္စံ | နိ | အ | လံ | ဂ် | မ | ဓ | ဗော |
| တု | က | ဒ | ဥ | ယံ | ဘ | ရ | စော | ယံ | ဘ | ဇ္ဈ |
| စ | ဂ္ဂေါ | မ | ကော | ဂီ | ဋ္ဌ | အ | ယော | ရိ | အ | ဂေါ် |

ဣတိပိ၊ ပိဋ္ဋကတ္တယံ အနိစ္စံ ဒုက္ခံ အနတ္တံ၊
အဇ္ဈဗောဇ္ဈဂေါ် အရိယော အင်္ဂီကောမဂ္ဂေါ၊
စတုသတိပဋ္ဌာနံ သဗ္ဗသဣန္တော၊
သဟာသာသူရိယော၊
သြောင်း· နမော မေတ္တာနံ ရာဇဘယံ၊

စောရဘယံ ဥဒကဘယံ၊
အဂ္ဂိဘယံ. သတ္တဘယံ သဗ္ဗဘယံ၊
ဇေယျာဇေယတုမင်္ဂလံ၊
အနိစ္စံ သခ်တံ ပဋ္ဌိစ္စ သမုပ္ပန္နံ ခယဓမ္မံ ဝယဓမ္မံ၊
ဝိရာဂဓမ္မံ နိရောဓ ဓမ္မံ ခမတိ။

တစ်လခန့်ကြာသော် ကျွန်ုပ်၏ H.P တွင် Viber
[...]ာစ်ဆင့် သီလရှင်ဆရာလေး ဒေါ်ဂုဏဝတီ (ခေါ်)
[...]ာသီ၏ ဓာတ်ပုံကို မိခင်ဖြစ်သူက ပို့လိုက်ပါသည်။

မေတ္တာရည်၍
ပုရောဟိတ် ဆရာဦးမြင့်[...]
ဖုန်း – ၀၉ ၅၁ [...]၆၄၆

www.burmeseclassic.com

ဦးဝင်းအောင်သိန်းထွန်း(မြန်မာ့ဗေဒင်)

# မဟာဘုတ်ဗေဒင်၊ ကောဇာဂြိုဟ်တိုင်နှင့်

# (၁၃၇၈)ခုနှစ် မြန်မာနိုင်ငံဖြစ်စဉ်

(၁၃၇၈)ခုနှစ်

**မဟာဘုတ်ဂြိုဟ်ခွင်**

| | | |
|---|---|---|
| | ၃ | |
| ၅ | ၁ | ၄ |
| ၂ | ၆ | ၇ |

**ကောဇာဂြိုဟ်တိုင်**

၅ ဗေယျ
၁ ဝရ
၄ လာဘ
၇ ဒွယျ
၃ ဇျယ
၆ မရဏ
၂ ကိစ္စ

(၁)

မြန်မာ့ဗေဒင်တွင် မဟာဘုတ်နှင့် ကောဇာဂြိုဟ်တိုင် တွက်နည်းရှိရာ ကောဇာဂြိုဟ်တိုင်သည် မြန်မာသက္ကရာဇ် (၁၃၇၈)ခုနှစ်ကို အခြေခံထား၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။ (၁၃၇၈)ခုနှစ်၏ ကောဇာဂြိုဟ်တိုင်နှင့် မဟာဘုတ်ဗေဒင် တွက်ကိန်းအရ ကြာသပတေးသည် ကောဇာတိုင် ဗေယျဂြိုဟ်တွင်ရှိ၍ မဟာဘုတ်ဗေဒင်၌ အထွန်းဖြစ်ပါသည်။ ဗေယျနှင့် အထွန်းသည် ဂြိုဟ်(၇)လုံးအနက် အကောင်းဆုံး ဖြစ်ပါသည်။ ကြာသပတေးဂြိုဟ်သည် အထွန်းဖြစ်၍ မြေဓာတ်အားဖြင့် မြန်မာနိုင်ငံကို စိုးမိုးထားပါသည်။ ကြာသပတေးဂြိုဟ် စိုးမိုးထား၍ မြန်မာနိုင်ငံသည် ထိပ်တန်းနိုင်ငံအဖြစ် ရပ်တည်သည့်နှစ် ဖြစ်ပါသည်။ မြန်မာလူမျိုးများ အမျိုးဂုဏ် မြင့်မားပြီး ကမ္ဘာ၌ မြန်မာနိုင်ငံသည် ဝင့်ကြွားဂုဏ်ထည်သည့်နိုင်ငံ ဖြစ်လာပါမည်။

မြန်မာနိုင်ငံ၌ မြေဈေးများ တက်လာမည်။ အမျိုးသမီးများ အခွင့်အရေးရရှိမှု မြင့်မားလာမည်။ လယ်ယာမြေပြဿနာ မြင့်မားလာမည်။ စိုက်ပျိုးမြေများ အစိုးရက ဖော်ဆောင်ပေးရမည်။ မြန်မာနိုင်ငံသုံးငွေ နိုင်မာတိုးတက်လာမည်။ တွင်းထွက်ရတနာ ငွေအထွက်ကောင်းမည်။ ငွေသတ္တုသိုက် အသစ်များ တွေ့ရှိမည်။ နိုင်ငံတကာဈေး ကွက်၌ ငွေဈေးကောင်းမည်။ ဝယ်လိုအား ကောင်းမည်။ ပညာရေးပြုပြင်ပြောင်းလဲမှု ဖြစ်ပေါ်မည်။ ပညာရှိများ ထင်ရှားလာမည်။ ရဟန်းပညာရှိ၊ လူပညာရှိများ ပေါ် ပေါက်လာမည်။ မြန်မာနိုင်ငံနှင့် မိတ်ဖက်ပြုလိုသော ကမ္ဘာ့အင်အားကြီးနိုင်ငံများ၏ အကူအညီရရှိလိမ့်မည်။

မြန်မာနိုင်ငံ၌ ထေရဝါဒဗုဒ္ဓဘာသာ ကမ္ဘာတစ်ဝှမ်း နေလို လလို ထင်ရှားပြန့်ပွားလိမ့်မည်။ မြန်မာနိုင်ငံတွင်း ၌ သာသနာ့သန့်ရှင်းရေးလုပ်ငန်းကြီး ဓမ္မနှင့် အဓမ္ म ဝါဒီများ အားပြိုင်မှု ရှိလာမည်။ သတ္တမအကြိမ်မြောက် သင်္ဂါယနာတင်ပွဲကြီး ဖြစ်ပေါ်နိုင်သည့် အကြိုပြင်ဆင်မှု များ ရှိလာမည်။

(၂)

တနင်္ဂနွေဂြိုဟ်သည် ကောဇာတိုင်၌ ဝရဂြိုဟ်တွင်ရှိ ၍ မဟာဘုတ်ဗေဒင်၌ သိုက်ဖြစ်ပါသည်။ မြန်မာနိုင်ငံ အကြီးအကဲများသည် မြန်မာနိုင်ငံ တိုးတက်ဖွံ့ဖြိုးရေး အတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ပြီး မြန်မာနိုင်ငံ၏ ပြည်သူလူထုမှ အားပေးထောက်ခံမှုဖြ

www.burmeseclassic.com

မြန်မာနိုင်ငံသည် ပထမနှစ်မှာပင် ဖွံ့ဖြိုးတိုးတက်မှု ရရှိသွားမည်။ နိုင်ငံတော်အကြီးအကဲများ စိတ္တသုခ၊ ကာယသုခ ပြည့်စုံပြီး တိုင်းပြည်တိုးတက်ရေး ဆောင်ရွက်နိုင်လိမ့်မည်။ နိုင်ငံတော်အကြီးအကဲများထဲမှ တနင်္ဂနွေသားသမီးများသည် မြန်မာနိုင်ငံအတွက် ဆန်းသစ်သော နိုင်ငံရေးပြုပြင်ပြောင်းလဲမှုကို ဖော်ဆောင်လိမ့်မည်။

အိုးအိမ်အဆောက်အအုံများ တိုးတက်ဆောက်လုပ်မှုရှိလာပြီး မြန်မာနိုင်ငံ၏ အိုးအိမ်မဲ့ ပြည်သူများအတွက် နေထိုင်စရာ အိုးအိမ်များ ရရှိလာလိမ့်မည်။ အိမ်ဈေးတက်မည်။ မြန်မာနိုင်ငံ တွင်းထွက်သတ္တု ကြေးနီသိုက်များအသစ်တွေ့ရှိလိမ့်မည်။ မြန်မာနိုင်ငံထွက် ကြေးနီ ကမ္ဘာဈေးကွက်၌ ဈေးကောင်းရမည်။ မြန်မာနိုင်ငံ၌ တောင်ယာသီးနှံ ငရုတ်သီးအထွက်နှုန်း ကောင်း၍ ဈေးကောင်းရမည်။

ပြည်သူများ စိတ်ထားမြင့်မားတက်ကြွလာပြီး မြန်မာနိုင်ငံအတွက် ပြည်သူတို့၏ စိတ်ဓာတ်ခွန်အား အပြည့်အဝရရှိလိမ့်မည်။ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ တိုင်းအဆင့် ဖြောင့်မတ်မှန်ကန်သော အုပ်ချုပ်ရေးပိုင်း လူကြီးများ ပေါ်ပေါက်လာမည်။ တရားဥပဒေများ ဖြောင့်မတ်မှန်ကန်မှု ရှိလာမည်။

ကျန်းမာရေးကဏ္ဍတွင် အရိုးနှင့်ပတ်သက်သော ကုထုံးသစ်ကို ဆေးဘက်ဆိုင်ရာ သုတေသနပညာရှင်များ၊ ဆရာဝန်ကြီးများ တွေ့ရှိလိမ့်မည်။ အိမ်နီးချင်း ထိုင်းနိုင်ငံနှင့် ဆက်ဆံရေး ကောင်းမွန်လာလိမ့်မည်။ မြန်မာနိုင်ငံ ရွှေ့ပြောင်းအလုပ်သမားများအတွက် အခွင့်အလမ်းသစ်များ ပေါ်ပေါက်လာမည်။ မြန်မာနိုင်ငံ၏ စက်မှုထွက်ကုန်ကဏ္ဍတွင် အဝတ်အထည်များ ပိုမိုထုတ်လုပ်နိုင်လိမ့်မည်။ အုန်းသီး ဈေးကောင်းရမည်။ အသီးများ အောင်မြင်ဖြစ်ထွန်းမည်။ အုန်းခြံလုပ်ငန်းရှင်များ စီးပွားရေး တိုးတက်ဖြစ်ထွန်းမည်။ တိုင်းရင်းသား ကတူး(ရှမ်း)လူမျိုးများနှင့် ငြိမ်းချမ်းရေးဖော်ဆောင်၍ မဟာမိတ်ဖြစ်လာမည်။

(၃)

ဗုဒ္ဓဟူးဂြိုဟ်သည် မဟာဘုတ်ဗေဒင်၌ ရာဇတံခွန်တွင် ကျရောက်နေပြီး ကောဇာဂြိုဟ်တိုင်၌ လာဘဂြိုဟ်အိမ်တွင် ကျရောက်နေရာ မြန်မာနိုင်ငံတွင် တွင်းထွက်ကျောက်ကျောက်စိမ်းများ ဝယ်လိုအား ကောင်းမည်။ ကျောက်စိမ်းလုပ်ငန်းကို အစိုးရက ချုပ်ကိုင်နိုင်ပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များ လက်ဝါးကြီးအုပ်မှု ရပ်ဆိုင်းသွားမည်။ နိုင်ငံတော်အတွက် ကျောက်စိမ်းနှင့် တွင်းထွက်ရတနာကျောက်အမျိုးမျိုး ရောင်းရငွေဖြင့် တိုင်းပြည်ဘဏ္ဍာငွေ တိုးတက်လာမည်။ ရွှေဈေးကြီးမြင့်မှု ရပ်တန့်သွားမည်။ ရွှေသည် တိုင်းပြည်ဘဏ္ဍာပစ္စည်း ဖြစ်လာမည်။

အနုပညာလုပ်ငန်းများ အစိုးရ၏ ကူညီထောက်ပံ့မှုဖြင့် တိုးတက်လာမည်။ အနုပညာရှင်များ ပြည်သူအတွက် အကျိုးပြုအနုပညာကောင်းများ ဖန်တီးနိုင်မည်။ အစိုးရ



www.burmeseclassic.com

www.burmeseclassic.com

ကြီးကြပ်မှုဖြင့် အနုပညာသင်တန်းကျောင်းများ ဖွံ့ဖြိုးတိုးတက်လာမည်။ အနုပညာမျိုးဆက်သစ်များ ထွန်းပေါက်လာမည်။

မြန်မာနိုင်ငံအတွက် ကုန်ကြမ်းပစ္စည်းများဖြစ်သည့် ဝါ၊ ဝါဂွမ်း၊ လဲ၊ ဝါး စိုက်ပျိုးခင်းများ အစိုးရက ကြီးကြပ်လုပ်ဆောင်မှုဖြင့် တိုးတက်လာမည်။ မြန်မာနိုင်ငံတွင် တရားဥပဒေ ကြီးစိုးမှန်ကန်လာပြီး လာဘ်စားမှုတိုက်ဖျက်ရေး အောင်မြင်လိမ့်မည်။ မြန်မာနိုင်ငံ၏ ဒုတိယအကြီးအကဲများ တာဝန်ယူလုပ်ကိုင်မှုအခွင့်အရေး ပိုရရှိလာလိမ့်မည်။

နိုင်ငံခြားဆက်ဆံရေးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဆက်ဆံရေး မြန်မာနိုင်ငံက အသာစီးရလိမ့်မည်။ မြန်မာနိုင်ငံနှင့် ကုန်သွယ်ရေး၊ စီးပွားရေးလုပ်ငန်းများ၊ ဈေးကွက်များ တရားဥပဒေအရ မှန်ကန်သော စာချုပ်စာတမ်းများဖြင့် ဆောင်ရွက်ခြင်း ရှိလာမည်။ မြန်မာနိုင်ငံအစိုးရ၏ဩဇာ တက်လာမည်။ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံဆက်ဆံရေး ပွင့်လင်းမြင်သာမှု ရှိလာမည်။ နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာမှု ထိန်းချုပ်နိုင်မည်။ နိုင်ငံခြားသား တရားမဝင်ဝင်ရောက်လာမှု ဟန့်တားနိုင်မည်။

(၄)

မဟာဘုတ်ဗေဒင်၌ စနေဂြိုဟ်သည် ပုတိဂြိုဟ်၌ရှိပြီး ကောဇာတိုင်တွင် ဒွယျဂြိုဟ်၌ ရှိနေပါသည်။ အမေရိကန်၊ အင်္ဂလန်၊ ဩစတြေးလျ၊ ပြင်သစ်၊ အိန္ဒိယနိုင်ငံများနှင့် သံတမန်ဆက်ဆံရေး ကောင်းမွန်လာမည် ဖြစ်သော်လည်း ကြွေးမြီဟောင်း ကိစ္စရပ်များ ဖြစ်ပေါ်လာမည်။ အလုပ်သမားများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ဝါဒဖြန့်ပဋိပက္ခ ရှိလာမည်။ တွင်းထွက်သတ္တုဖြစ်သော အဖြိုက်နက်၊ သံ အထွက်ကျဆင်းမည်။ သံသတ္တုလိုအပ်ချက် ရှိလာမည်။ အထည်ချုပ်လုပ်ငန်း ထွက်ကုန်ဝယ်လိုအား ကျဆင်းမည်။

ရခိုင်ပြည်၌ ဘင်္ဂါလီကုလားပြဿနာ ကြီးထွားလာမည်။ ရိုဟင်ဂျာအမည်ခံ ကုလားများပြဿနာ နိုင်ငံတကာ၏ ဖိအားပေးမှု ခံရမည်။ သစ်တောပြုန်းတီးမှုများခဲ့၍ သစ်တော၊ သစ်ပင် ရှင်သန်ရေး စီမံချက်များဖြင့် ဆောင်ရွက်မှု ပေါ်ပေါက်လာမည်။ ဆားအထွက်နှုန်း ကျဆင်း၍ ဆားဈေးတက်လာမည်။ တွင်းထွက်ကျောက်မီးသွေး အထွက်ကျဆင်းမည်။ ကျောက်မီးသွေးသုံး စက်ရုံများ ရပ်ဆိုင်းသွားလိမ့်မည်။ ဒေသန္တရ၊ ပြည်နယ် တိုင်းအဆင့် စက်ရုံများ ရပ်ဆိုင်းသွားလိမ့်မည်။

နွားများ ရောဂါထူပြောမည်။ နွားရူးရောဂါပျံ့နှံ့ပြီး လူများသို့ ကူးစက်နိုင်သည်။ နွားများ သတ်ခြင်း၊ နွားသားစားခြင်း ရှောင်ကြဉ်ရန်လိုသည်။ အဆိပ်ရှိ မြွေသတ္တဝါများ နေအပူရှိန်ကြောင့် တွင်းအောင်းနေရာမှ မြေပေါ် ထွက်လာပြီး အသွားအလာများမည်။ လယ်သမားဦးကြီးများ မြွေအန္တရာယ် သတိထားကြရမည်။ တောင်တက်သမားများ အန္တရာယ်ကြီးမားစွာ ရင်ဆိုင်ကြရမည်။ နို့ထွက်ပစ္စည်းများ ဈေးကျဆင်းမည်။

(၅)

မဟာဘုတ်ဗေဒင်၌ အင်္ဂါနံသည် အဓိပတိဂြိုဟ်ခွင်၌ရှိပြီး ကောဇာတိုင်၌ ဗျယဂြိုဟ်ခွင်၌ ရှိနေသည်။ စစ်ဘက်ဆိုင်ရာ ပုဂ္ဂိုလ်များ၊ တပ်မတော်အတွင်း အကြီးအမှူးရာထူးတိုးတက်မှုရရှိခြင်း၊ ဩဇာထက်မြက်မှုရရှိခြင်း၊ အရာရာခေါင်းဆောင်မှု နေရာရရှိခြင်းများ ဖြစ်ပေါ်မည်။ ဆန်၊ ဆီ၊ ဆား၊ စားသောက်ကုန်များ အထွက်နည်း၍ တိုင်းပြည်ရိက္ခာအတွက် စိုးရိမ်ဖွယ်ရာ ဖြစ်ပေါ်နိုင်သည်။ စက်မှုလုပ်ငန်း တိုးတက်မှု နှေးကွေးမည်။ နိုင်ငံခြားမှ မော်တော်ကားတင်သွင်းမှု ကန့်သတ်ချက်ရှိလာမည်။

ပြည်သူများအတွက် ကျန်းမာရေးဆိုင်ရာ ဆေးဝါးများ လိုအပ်ချက်ရှိလာမည်။ ဆေးဘက်ဆိုင်ရာ၊ စစ်ဘက်ဆိုင်ရာ ရာထူးများ ပြောင်းလဲမှုရှိမည်။ ရွှေဈေးကျမည်။ ရိုးတွင်းခြင်ဆီရောဂါ၊ အားအင်ယုတ်လျော့သောရောဂါ ပိုမိုဖြစ်ပွားမည်။ အစိုးရ ဝန်ထမ်းများ စည်းကမ်းပျက်၍ အရေးယူခံရမှု များမည်။

(၆)

မဟာဘုတ်ဗေဒင်၌ သောကြာသည် ဘင်္ဂအိမ်၌ရှိ၍ ကောဇာတိုင်၌ မရဏဂြိုဟ်ခွင်၌ ရှိနေသည်။ ပုလဲရတနာ အထွက်နည်းမည်။ ဈေးကွက်ပြောင်းလဲမှုရှိမည်။ အလေ အလွှင့်ဆုံးရှုံးမှု များမည်။ ပုလဲလုပ်ငန်းဌာနတွင် အမှု ဟောင်းများ ပေါ်မည်။ ပုလဲလုပ်ငန်းဝန်ထမ်းများ ဒေ ရန် တွေ့မည်။ ဥပဒ်များမည်။ သံပရာသီး၊ ရှောက်သီး ချဉ်ပေါင်၊ ကင်ပွန်းချဉ် ဟင်းသီးဟင်းရွက်များ ပျက်ဖြစ် ပိုး ဖျက်ဆီးခြင်း ခံရမည်။ အမျိုးသား၊ အမျိုးသမီး သုံး

www.burmeseclassic.com

ကျဆင်းမှုရောဂါ ဖြစ်ပေါ်တတ်သည်။ အဖြူရောင် ည်းများ ဆုံးရှုံးပျက်စီးမှုများမည်။

ခရီးသွားလုပ်ငန်း၌ ဘေးအန္တရာယ်များ ဖြစ်ပေါ် တတ်သည်။ ပြည်တွင်း,ပြည်ပ ခရီးသွားသူများ ဘေး ရာယ်နှင့် အနှောင့်အယှက် တွေ့ကြုံရခြင်းများ ဖြစ် နိုင်၍ လုံခြုံရေးဂရုစိုက်ရမည့် အချိန်ကာလဖြစ်သည်။ ထောင်ရှင်မများ လောကဓံတရားများ တွေ့ကြုံရင် ကြရမည်။ ခရီးသွားလုပ်ငန်း ကျဆင်းနိုင်သည်။

(၇)

တနင်္လာဂြိုဟ်သည် မဟာဘုတ်ဗေဒင်၌ မရဏဂြိုဟ် ၌ရှိပြီး ကောဇာတိုင်၌ ကိန္ဒြဂြိုဟ်ခွင်၌ ရှိနေသည်။ ထွက်ပစ္စည်းဈေး ကျဆင်းမည်။ ပြည်သူများ ကျန်း ရေးအတွက် သွေးလိုအပ်ချက် ရှိလာမည်။ မိသားစုများ တွက် ငွေကြေးလိုအပ်ချက် ရှိလာမည်။ အစိုးရစာသင် ကျောင်း၊ ကျူရှင်ကျောင်းများ ပညာရေးသင်ကြားမှု ညှိ လုပ်ဆောင်မှု ဖြစ်ပေါ်မည်။ ကျူရှင်ကျောင်းများ စိစစ် ကြရမည်။

ရှမ်းတိုင်းရင်းသားအချင်းချင်း စိတ်ဝမ်းကွဲမှု ဖြစ်ပေါ် မည်။ လက်နက်ကိုင်အဖွဲ့များအချင်းချင်း တိုက်ခိုက်သတ် ဖြတ်ကြလိမ့်မည်။ ငြိမ်းချမ်းရေးအတွက် အစိုးရနှင့် လိပ်ခဲ တည်းလည်း ညှိနှိုင်းမရ ဖြစ်တတ်သည်။ ရှမ်းပြည်နယ်၏ စိုက်ပျိုးရေး၊ ကျန်းမာရေး ကျဆင်းပြီး လက်နက်ကိုင် ပဋိပက္ခ ပြင်းထန်လာမည်။ ပြည်ထောင်စုအစိုးရ၏ ငြိမ်း ချမ်းရေးလုပ်ငန်းမှ ခွဲထွက်လိမ့်မည်။

မာလကာသီး၊ ကုံကော်ပန်း ရှားမည်။ ဂုဏ်သရေရှိ အမျိုးသား၊ အမျိုးသမီးမိခင်များ သားသမီးကြောင့် ဂုဏ် သိက္ခာကျဆင်းရတတ်သည်။ လငပုပ်ဖမ်းမည်။ လကြတ် တတ်သည်။ ဒီရေအတက်ကြမ်းမည်။ လျှော်လှုပ်မှု မကြာ ခဏ ဖြစ်တတ်သည်။ ပင်လယ်ကမ်းစပ်၊ မြစ်ကမ်း၊ ချောင်းကမ်းနေ တံငါရေလုပ်သားများ အန္တရာယ်ရှိသည်။

အထက်ပါ မဟာဘုတ်ဗေဒင်နှင့် ကောဇာဂြိုဟ်တိုင် တွက်ကိန်းသည် မြန်မာသက္ကရာဇ်(၁၃၇၈)ခုနှစ်အတွက် သာ ဖြစ်ပါသည်။

**ဦးအောင်သိန်းထွန်း(မြန်မာ့ဗေဒင်)**


# မြန်မာပြည် ဆရာ ဦးမင်းသန်းထိုက်

တဆ ၃၃၅၈ **အနာပေါက် အထူးကုသမားတော်** အသင်းဝင်ကတ် ၂၅၇

ခန္ဓာကိုယ် အတွင်း,အပြင် အကျိတ်မျိုးစုံ၊ မှိုနာ၊ ကင်ဆာ၊ အမြစ်ပွားနာ ရောဂါအမျိုးမျိုးကို မခွဲမစိတ်၊ မဖြတ်မလှီး၊ စုတ်အပ်မထိုး၊ ဆေးရည်အမျိုးမျိုး ထိုးမသွင်း၊ အနာလုပ်မကုပ်၊ ဆွမကုပ်၊ အမြစ်သတ်၊ ဆေးအုံ၊ ဆေးအုပ်ထားရုံဖြင့် အမြစ်အားလုံး သေကျေပြီး အမြစ် မကျန်ရအောင် ကုသပေးနေတယ်။ အမြစ်တွေ အစုစုအပြုံပြုံ ထွက်လာအောင် ဆေးက ဆွဲစုပ်ပေးနိုင်တဲ့ ဆေးစွမ်းကောင်း ကိုယ့်ပြည်တွင်းမှာ ရှိနေတယ်။ ဂရင်ဂျီနာ၊ လိပ်ခေါင်း အတွင်း,အပြင် မခွဲမဖြတ်၊ မပူမစပ်၊ ရက်ပိုင်းအတွင်း သက်သာရမယ်။ ခရုသင်း၊ သမင်ဖြူ (၁၂)မျိုး၊ ကိုယ်အရေပြား၊ ဆင်နှင်းခူ၊ ဝဲနှင်းခူ (အစို၊ အခြောက်) မည်သည့်ရောဂါမျိုးကိုမဆို ဆေးမများစေရ၊ ကုထုံးမများစေရ၊ အနာနဲ့ဆေး တည့်အောင်ပေး ပျောက်ရေး မခက်ပါ၊ အနာနဲ့ဆေး ကိုက်အောင်ပေး သောက်ရေး မခက်ပါ။

**မကုသခင် လာရောက်ဆွေးနွေးပါ။**

အမှတ်-၄၄၄၊ ရွှေဘုံသာ(အထက်လမ်း)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၉ ၂၅၂ ၀၆၇ ၇၃၀၊ ၀၉ ၃၁ ၀၇ ၃၆ ၁၉

တစ်နေ့သောအခါသမယတွင် ကျွန်တော့်မဟိဒ္ဓိဗေဒင်ဟောခန်းသို့ မကွေးမြို့နယ်၊ မြင်ကွန်းအုပ်စု အတွင်းရှိ သာယာကုန်းရွာကလေးမှ ဒေါ်ထားထားဟူသော အမျိုးသမီးကြီးတစ်ဦး ရောက်လာလေသည်။

ထိုဒေါ်ထားထားသည် စိတ်သဘောထား ဖြောင့်မတ်သူဖြစ်၏။ ရိုးသားပွင့်လင်းစွာ ပြောဆိုတတ်သည်။ သူမသည် မိသားစုတာဝန်ကို အညာဒေသထွက် ထန်းလျက်၊ သနပ်ခါး၊ ပဲလှော်၊ ပဲကြော်နှင့် ရာသီပေါ် သီးနှံများကို ရောင်းချရင်း ဖြေရှင်းနေသူတစ်ဦးလည်း ဖြစ်ပေ၏။ ထို့ပြင် ရံဖန်ရံခါ နိုင်ငံတော်ထီကိုလည်း ရောင်းသေးသည်။ ထို့ကြောင့် ဒေါ်ထားထားတို့ မိသားစုလေးသည် အဆင်ပြေလွန်းလှသည့် မိသားစုထဲတွင် မပါဝင်ပေမယ့်လည်း စားနိုင်သောက်နိုင် မိသားစုလေးတော့ ဖြစ်သည်။

၎င်းဒေါ်ထားထားသည် သူမ ဈေးမရောင်းသောနေ့ရက်များတွင် ကျွန်တော့်ထံလာပြီး သူမ,မသိသော ဗေဒင်ပညာရပ်များ၊ သူမ,မသိသော လူမှုရေးကိစ္စအခက်အခဲများ၊ သူမ,မသိသော ထူးခြားဆန်းပြားသော လောကီ, လောကုတ္တရာ ကိစ္စရပ်များကို မေးမြန်းလေ့ရှိ၏။ ကျွန်တော်ကလည်း ဖီလိုဆိုဖာကြီး ဂိုက်ဖမ်းပြီး သိသမျှ၊ ဖတ်မှတ်ဖူးသမျှ မှန်သရွေ့ သူမကို ရှင်းပြပေးလေ့ရှိသည်။

ယခုလည်း သူမ ရောက်လာပြန်ပါပြီ။

# စိတ်နေစရိုက် ဟောမှုကြိုက် သာထက်ဇော်(မကွေး)



ထိုဒေါ်ထားထားသည် ကျွန်တော့်ဆီ ရောက်လာတိုင်း ဘာစကားတစ်ခွန်းမျှ မပြောရသေးခင် တို့ဆရာရေဟူသည့် အာလုပ်စကားဖြင့် အစပျိုးလေ့ရှိသည်။

'တို့ဆရာရေ..တို့ဆရာဆီကို မနက်အစောကြီးကတည်းက လာဖို့ပြင်နေတာ။ အခုမှပဲ ရောက်တော့တယ်'

'ဘာတွေ ဘယ်လိုလုပ်နေလို့ နောက်ကျသွားရတာလဲ။ ဆိုစမ်းပါဦး'

'တခြားဟုတ်ရိုးလား တို့ဆရာရေ၊ ကျူပ်သာ... ယောက်မွေးဖို့ အိမ်ခေါ်လာတဲ့ ခွေးနဲ့ ကြောင်တွေကြော... ပေါ့။ တကတည်းမှ်ပဲ ပြော,မပြောချင်ဘူး။ အိမ်မ... ခွေးမွေး ဆိုသလိုပဲ လူစာရှာစားရတာ ခက်ရတဲ့အ... ခွေးတွေ၊ ကြောင်တွေ မွေးဖို့လုပ်လာတယ်။ ဒါတင်ပဲလ... ဆိုတော့ မဟုတ်သေးဘူး။ ပွေပွေလီလီ ကြွက်အဖြူ... ကောင်ပါ မြို့ဟောင်းရပ်ကွက်ထဲက မအေးသွယ်အိမ်... ဝယ်လာတယ်တဲ့။ အိမ်မှာ မွေးထားရင် ကြွက်အ... (အိမ်ကြွက်တွေ) ထွက်ပြေးတယ်ဆို ဟုတ်လား ဆ...

'ဟုတ်တော့ ဟုတ်တယ်ဗျ။ ဒါပေမဲ့မဟုတ်ဘူး...'

'တို့ဆရာစကားကလည်း ဘယ်လိုပါလိမ့်'

'ဒီလိုပါ ဒေါ်ထားထားရယ်၊ ကျူပ်ဟောခန်း... ဗေဒင်လာမေးဖူးတဲ့ အမျိုးသမီးကြီးတစ်ယောက်က ကြွ... ပေါလို့ဆိုပြီး အခုလို ကြွက်ဖြူကြီးတစ်ကောင် ပေးခဲ့... တယ်ဗျ။ ဒေါ်ထားထား ပြောသလိုပဲ အစပထမတော့... ကျူပ်ဟောခန်းထဲက ကြွက်တွေ

www.burmeseclassic.com

ဘယ်ရှေ့ပင် ထွက်သွားသလဲ မသိဘူး။ ကြွက်ဖြူကြီး ရောက်လို့ တစ်ပတ်ကာလအတွင်းပေါ့။ အဲ..တစ်ပတ် လည်း ကျော်လာရော အမယ်မင်း..ကျုပ်ကြွက်ဖြူကြီးနဲ့ အိမ်ခံကြွက်မည်းတွေ မဟာမိတ်ဖွဲ့ပြီး ထမင်းတစ်ပန်း ကန်ထဲ အတူတူစားကြပါပေါ့လား။ စဉ်းစားသာကြည့် တော့ ဒေါ်ထားထားရေ။ ဟား..ဟား..ဟား'

'ထားပါတော့။ ခွေးတွေ၊ ကြောင်တွေ၊ ကြွက်တွေ အကြောင်း။ ဒါနဲ့ ဒီနေ့ ဆရာက ကျုပ်ကို ဘယ်လိုဗေဒင် ဟောကိန်းမျိုး သင်ပေးမှာလဲ'

'ခင်ဗျား အခုပြောနေတဲ့ ခွေး၊ ကြောင်၊ ကြွက် ဟောကိန်းပေါ့'

'အမယ်လေး တို့ဆရာရေ၊ ဟုတ်မှလည်း ပြောပါ'

'မယုံကြည်ရင် မသင်နဲ့ပေါ့ဗျာ။ ကဲ..လာရာလမ်း ကို မြန်မြန်ကြွ'

'စိတ်မရှိပါနဲ့ တို့ဆရာရယ်။ ကျုပ်က ခွေး၊ ကြောင်၊ ကြွက်အကြောင်း ပြောမိတာနဲ့ ဆရာက ကျုပ်ကို ပြန်ပြီး စ်ဘယ်ထင်လို့ ပြောရတာပါ'

'ကဲ..ဒါဆိုရင် မှတ်စုစာအုပ်ထုတ်။ ပထမဆုံး ဗေ ဒင်မေးလာသူရဲ့ အင်္ဂလိပ် မွေးလ၊ မွေးရက်၊ တိရစ္ဆာန် ထဲက ဘာအကောင်ကိုယ်စားပြုတယ်ဆိုတာ ရှာဖွေရလိမ့် မယ်။ ဥပမာ-ခင်ဗျားရဲ့မွေးရက်က ဒီဇင်ဘာလ (၁၅) ရက် ဆိုပါတော့ဗျာ။ အဲဒါဆိုရင် အခု ကျုပ်ပြောပြမယ့် ဇယားတွေထဲကနေ ရှာဖွေကြည့်လိုက်။ ရှာလိုက်တဲ့အခါ ဒီဇင်ဘာလ (၁၅)ရက်ဟာ ခွေးဖြစ်နေတာ တွေ့ရလိမ့် မယ်။ တွေ့ပြီဆိုရင် ခွေးဆိုတဲ့ ခေါင်းစဉ်အောက်က ဟော ကိန်းကို ဖတ်ကြည့်လိုက်ရုံပဲလေ။ ဘာမျှထွေထွေထူးထူး ခက်ခက်ကြီး မဟုတ်ပါဘူး။

**ဇန်နဝါရီလ**

(၁)ရက်မှ (၉)ရက်အထိ ခွေး။
(၁၀)ရက်မှ (၂၄)ရက်ထိ ကြွက်။
(၂၅)ရက်မှ (၃၁)ရက်ထိ ခြင်္သေ့။

**ဖေဖော်ဝါရီလ**

(၁)ရက်မှ (၅)ရက်အထိ ကြောင်။
(၆)ရက်မှ (၁၄)ရက်ထိ ချိုးငှက်။
(၁၅)ရက်မှ (၂၁)ရက်ထိ လိပ်။
(၂၂)ရက်မှ (၂၈)ရက်ထိ ကျားသစ်နက်။

**မတ်လ**

(၁)ရက်မှ (၁၂)ရက်ထိ မျောက်။
(၁၃)ရက်မှ (၁၅)ရက်ထိ ခြင်္သေ့။
(၁၆)ရက်မှ (၂၃)ရက်ထိ ကြွက်။
(၂၄)ရက်မှ (၃၁)ရက်ထိ ကြောင်။

**ဧပြီလ**

(၁)ရက်မှ (၃)ရက်ထိ ခွေး။
(၄)ရက်မှ (၁၄)ရက်ထိ ကျားသစ်နက်။
(၁၅)ရက်မှ (၂၆)ရက်ထိ ကြွက်။
(၂၇)ရက်မှ (၃၀)ရက်ထိ လိပ်။

**မေလ**

(၁)ရက်မှ (၁၃)ရက်ထိ မျောက်။
(၁၄)ရက်မှ (၂၁)ရက်ထိ ချိုးငှက်။
(၂၂)ရက်မှ (၃၁)ရက်ထိ ခြင်္သေ့။

**ဇွန်လ**

(၁)ရက်မှ (၃)ရက်ထိ ကြွက်။
(၄)ရက်မှ (၁၄)ရက်ထိ လိပ်။
(၁၅)ရက်မှ (၂၀)ရက်ထိ ခွေး။
(၂၁)ရက်မှ (၂၄)ရက်ထိ မျောက်။
(၂၅)ရက်မှ (၃၀)ရက်ထိ ကြောင်။

**ဇူလိုင်လ**

(၁)ရက်မှ (၉)ရက်ထိ ကြွက်။
(၁၀)ရက်မှ(၁၅)ရက်ထိ ခွေး။
(၁၆)ရက်မှ (၂၆)ရက်ထိ ချိုးငှက်။
(၂၇)ရက်မှ (၃၁)ရက်ထိ ကြောင်။

**ဩဂုတ်လ**

(၁)ရက်မှ (၁၅)ရက်ထိ မျောက်။
(၁၆)ရက်မှ (၂၅)ရက်ထိ ကြွက်။
(၂၆)ရက်မှ (၃၁)ရက်ထိ လိပ်။

**စက်တင်ဘာလ**

(၁)ရက်မှ (၁၄)ရက်ထိ ချိုးငှက်။
(၁၅)ရက်မှ (၂၇)ရက်ထိ ကြောင်။
(၂၈)ရက်မှ (၃၀)ရက်ထိ ခွေး။

**အောက်တိုဘာလ**

(၁)ရက်မှ (၁၅)ရက်ထိ မျောက်။
(၁၆)ရက်မှ (၂၇)ရက်ထိ လိပ်။



www.burmeseclassic.com

www.burmeseclassic.com

(၂၈)ရက်မှ (၃၁)ရက်ထိ ကျားသစ်နက်။

**နိုဝင်ဘာလ**

(၁)ရက်မှ (၁၆)ရက်ထိ ခြင်္သေ့။

(၁၇)ရက်မှ (၃၀)ရက်ထိ ကြောင်။

**ဒီဇင်ဘာလ**

(၁)ရက်မှ (၁၆)ရက်ထိ ခွေး။

(၁၇)ရက်မှ (၂၅)ရက်ထိ မျောက်။

(၂၆)ရက်မှ (၃၁)ရက်ထိ ချိုးငှက်။

**ခွေး**

မိတ်ဆွေရဲ့ မွေးရက်ဟာ ခွေးဖြစ်ပါက အလွန်သစ္စာရှိကာ စိတ်သဘောထားကောင်းမွန်သူ ဖြစ်ပါမယ်။ မိတ်ဆွေရဲ့ သစ္စာတရားကြီးမားမှုကို သံသယလုံးဝဖြစ်စရာမလိုပါ။ မိတ်ဆွေဟာ အလုပ်နဲ့ပတ်သက်ပြီး ရိုးသားဖြောင့်မတ်ကာ အလုပ်ကိုလည်း လေးစားသူ ဖြစ်ပေလိမ့်မယ်။ ဒါ့ပြင် ရိုးသားဖြောင့်မတ်သူလည်း ဖြစ်ပါမယ်။ အများတကာနဲ့ ပေါင်းသင်းဆက်ဆံရာတွင် မိမိကိုယ်မိမိ ရိုကျိုးနှိမ့်ချ ဆက်ဆံတတ်ပေလိမ့်မယ်။ ဒါကြောင့်မို့ မိတ်ဆွေအပေါင်းအသင်းများ အလယ်တွင် အများတကာရဲ့ ချစ်ခင်မှုကိုရရှိပြီး ကံကောင်းပေလိမ့်မယ်။ မိတ်ဆွေဟာ မိမိနဲ့ လိုက်ဖက်တဲ့ အဝတ်အစားများကို ရွေးချယ်ဝတ်ဆင်တတ်ပြီး အသစ်အဆန်းကို မက်မောတတ်သူလည်း ဖြစ်ပေလိမ့်မယ်။ ဒါကြောင့်မို့ ခေတ်မီအဝတ်အစားများ မဝယ်နိုင်သော အချိန်အခါများမှာ စိတ်ဓာတ်ကျလေ့ရှိပါမယ်။ ခွေးမွေးရက်ဖွား မိတ်ဆွေဟာ ဘဝကို သက်သက်သာသာ ကျော်ဖြတ်ကြရသူများဖြစ်ပြီး အပေါင်းအသင်းများအလယ်တွင် ထင်ပေါ်ကျော်ကြားသူလည်း ဖြစ်ပေလိမ့်မယ်။ မိတ်ဆွေဟာ သိက္ခာရှိတဲ့ အပေါင်းအသင်းများနဲ့သာ ပေါင်းသင်းဆက်ဆံလေ့ရှိသူလည်း ဖြစ်ပေတယ်။

**ကြွက်**

မိတ်ဆွေရဲ့မွေးရက်ဟာ ကြွက်ဖြစ်ပါက အပေါင်းအသင်းတွေကို နောက်ပြောင်တတ်သူဖြစ်ပါလိမ့်မယ်။ မိတ်ဆွေရဲ့မျက်ဝန်းအစုံမှာလည်း ပျော်ရွှင်သောအငွေ့အသက်များကြောင့် လူတိုင်းကို ဆွဲဆောင်နိုင်စွမ်းရှိပါလိမ့်မယ်။ ဒါကြောင့် လူအများက မိတ်ဆွေကို ခင်မင်ကျွမ်းဝင်လိုကြသလို ပွဲလမ်းသဘင်တွေမှာလည်း မိတ်ဆွေကို ရှိနေစေချင်ကြပါလိမ့်မယ်။ မိတ်ဆွေက စိတ်တိုစိတ်ဆတ်သူ ဖြစ်ပါတယ်။ စကားအထအနကောက်တတ်ပါမယ်။ စကားအမှားမခံတတ်ပါဘူး။ ဒါကြောင့် မိတ်ဆွေအပေါင်းအသင်းတွေနဲ့ မကြာခဏဆိုသလို စကားအတိုက်အခံပြင်းခုန်ရတတ်ပါလိမ့်မယ်။ တကယ်လို့ တစ်ဦးတစ်ယောက်က စကားများ ပြောဆိုလာခဲ့ရင်လည်း သည်းခံခွင့်မလွှတ်တတ်ကြပါဘူး။

**ခြင်္သေ့**

မိတ်ဆွေရဲ့ မွေးရက်ဟာ ခြင်္သေ့ဖြစ်ပါက တိရစ္ဆာန်ခြင်္သေ့ရဲ့စရိုက်နဲ့ ဆန့်ကျင်စွာ ငြိမ်းချမ်းရေးကို လိုလားနှစ်သက်သူ ဖြစ်ပါလိမ့်မယ်။ ရန်မုန်းသမှုကို ရှောင်ရှားလေ့ရှိပြီး တင်းမာတဲ့ အခြေအနေမျိုးတွေကိုလည်း လက်မခံတတ်သူ ဖြစ်ပါမယ်။ အိမ်ထဲမှာ ငြိမ်ကုပ်နေရတာမျိုးထက် ပြင်ပမှာ ပျော်မွေ့တတ်သူဖြစ်ကာ တစ်နေရာတည်းမှာ ကြာရှည်ကြာမြင့်နေထိုင်ဖို့ မနှစ်သက်သူလည်း ဖြစ်ပါတယ်။ မွေးရာပါ ခေါင်းဆောင်ဗီဇရှိသူ ဖြစ်ပါတယ်။ လုပ်ငန်းခွင်မှာ အပေါင်းအသင်းတွေကို အလုပ်တွင်ကျယ်စေရန် နည်းပရိယာယ်ကြွယ်ဝစွာနဲ့ စည်းရုံးနိုင်စွမ်းရှိသူလည်း ဖြစ်ပါတယ်။ မိတ်ဆွေဟာ လူအများရဲ့ ချစ်ခင်မြတ်နိုးမှုကို လိုလားကာ တစ်စုံတစ်ယောက်က မိမိကိုယ်ဂရုစိုက်ပြီဆိုရင် ကိုယ်က သူ့ဂရုစိုက်တာထက်ပိုပြီး အပေါင်းများစွာ တုံ့ပြန်မှုပေးတတ်ပါတယ်။ စိတ်သဘောကောင်းလွန်းတာမို့ အပေါင်းအသင်းတွေက မိတ်ဆွေကို မြှောက်ပင့်ခိုင်းတတ်ကြပါတယ်။ ဂရုစိုက် နေထိုင်သင့်ပါတယ်။

**ကြောင်**

မိတ်ဆွေရဲ့ မွေးရက်ဟာ ကြောင်ဖြစ်ပါက မိတ်ဆွေဟာ အလွန်ပဲ ချစ်စရာကောင်းပါလိမ့်မယ်။ မိတ်ဆွေဟာ တစ်ခါတစ်ရံမှာတော့ လိုတာထက်ပိုပြီး ရက်တတ်သူတစ်ယောက်ပါ။ ဖြတ်ထိုးဉာဏ်ကောင်းမယ်။ တစ်ယောက်တည်း အေးအေးဆေးဆေးနေရတာကို ပိုပြီးသဘောကျနှစ်ခြိုက်လိမ့်မယ်။ မိတ်ဆွေဟာ အရာရာတိုင်းကို အေးသေချာစွာ သိလိုစိတ်ပြင်းပြတတ်ပြီး တစ်စုံတစ်ခု လေ့လာပြီဆိုရင်လည်း ရေကုန်ရေခန်း လေ့လာတတ်လိမ့်မယ်။ သာမန်အခြေအနေမှာ မိတ်ဆွေဟာ တည်ငြိမ်



www.burmeseclassic.com

www.burmeseclassic.com

အေးဆေးသူဖြစ်ပေမယ့် အရေးကြုံလာရင်တော့ မီးတောင်ကြီး တစ်ခုလို ပေါက်ကွဲတတ်ပါသေးတယ်။ မိတ်ဆွေဟာ ခေတ်မီဆန်းသစ်တဲ့ အဝတ်အထည်တွေကို သဘောကျနှစ်သက်တတ်တယ်။ ပတ်ဝန်းကျင်ကလည်း မိတ်ဆွေကို ခေတ်မီသူတစ်ယောက်အဖြစ် သတ်မှတ်ပေးလိမ့်မယ်။ မိတ်ဆွေဟာ မိမိပတ်ဝန်းကျင်က လူအများနဲ့သာ လိုက်လိုက်လှဲလှဲ ပြောဆိုဆက်ဆံတတ်ပေမယ့် မရင်းနှီးတဲ့ သူစိမ်းများနဲ့တော့ စကားပြောဆိုဖို့ ခက်ခဲနေပါလိမ့်မယ်။ အပေါင်းအသင်း ပေါင်းသင်းရာတွင် လူရွေးပြီး ပေါင်းသင်းဆက်ဆံတတ်ပေလိမ့်မယ်။

**ထိပ်**

မိတ်ဆွေရဲ့ မွေးရက်ဟာ လိပ်ဖြစ်ပါက စိတ်ကောင်းနှလုံးကောင်းရှိသူဖြစ်ပြီး အကောင်းမြင်တတ်သူလည်း ဖြစ်ပါလိမ့်မယ်။ မိတ်ဆွေရဲ့ ကြင်နာမှုတွေကို ပတ်ဝန်းကျင်က အမြဲတဲစေဂရုစိုက်မိကြတာ ရှိလိမ့်မယ်။ တစ်စုံတစ်ယောက် မှားယွင်းနေတာကို တွေ့ကြုံစေဦးတော့ ပြုပြင်ပေးရန် ဝန်လေးနေပါမယ်။ ဘယ်သူနဲ့မှ ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းရန် အစီအစဉ်မရှိချေ။ ဒါကြောင့်လည်း ပတ်ဝန်းကျင်မှ အပေါင်းအသင်းမိတ်ဆွေများက မိတ်ဆွေကို ချစ်ခင်ကြပါလိမ့်မယ်။ လူတစ်ဦးတစ်ယောက်ကောင်းကြောင်းကိုလည်း မပြောတတ်ပါဘူး။ ဘယ်သူ့အပေါ်မဆို ချစ်ခင်မှုတွေ ပေးအပ်ပေမယ့်လည်း ကိုယ့်အပေါ်မှာကျတော့ တုံ့ပြန်မှုအားနည်းတာ တွေ့ရလိမ့်မယ်။ မိတ်ဆွေဟာ အရာရာမှာ ရက်ရောတတ်သူတစ်ယောက်လည်း ဖြစ်လိမ့်မယ်။

**ချိုးငှက်**

မိတ်ဆွေရဲ့ မွေးရက်ဟာ ချိုးငှက်ဖြစ်ပါက ပျော်ပျော်ရွှင်ရွှင်နေထိုင်တတ်လေ့ရှိကာ ဘဝတွင် ကံကောင်းသူတစ်ဦးလည်း ဖြစ်ပါလိမ့်မယ်။ မိတ်ဆွေရဲ့ ပတ်ဝန်းကျင်အခြေအနေ ဘယ်လိုပင်ရှိစေကာမူ ပျော်ရွှင်စွာနေထိုင်လေ့ရှိပါတယ်။ စိတ်ရှုပ်ထွေးစရာ၊ စိတ်ဆိုးစရာ ကိစ္စရပ်တွေနဲ့ ပြဒါးတစ်လမ်း သံတစ်လမ်း ရှိနေတတ်တာ မိတ်ဆွေရယ်ပါ။ ရောက်လေရာနေရာတိုင်းမှာ ကိုယ့်ရဲ့ ပျော်ရွှင်မှုတွေကိုလည်း တစ်ပါးသူတွေကို မျှဝေပေးတတ်လိမ့်မယ်။ အပေါင်းအသင်းတွေကြားမှာ မိတ်ဆွေက ခေါင်းဆောင်ဖြစ်လိမ့်မယ်။ ကိုယ့်ရဲ့ မိတ်ဆွေအပေါင်းအသင်းတွေရဲ့ အရေးကိစ္စတိုင်းကိုလည်း နှစ်သိမ့်အားပေးကူညီတတ်လိမ့်မယ်။ အပေါ်စီး အထက်စီးကနေပြီး မဆက်ဆံတတ်သူ။ သူများက ဆက်ဆံလာရင်လည်း မကြိုက်သလို သူတို့နဲ့ဝေးအောင်လည်း နေလိမ့်မယ်။ မိတ်ဆွေဟာ လုပ်ငန်းခွင်မှာ စနစ်တကျ လုပ်ကိုင်ဆောင်ရွက်တတ်သူ ဖြစ်ပါတယ်။ အထူးသတိပြုဖို့ကတော့ မိတ်ဆွေဟာ ချစ်လွယ်တတ်သူတစ်ဦး ဖြစ်ပါတယ်။

**ကျားသစ်နက်**

မိတ်ဆွေရဲ့ မွေးရက်ဟာ ကျားသစ်နက်ဖြစ်ပါက လျှို့ဝှက်တတ်သူတစ်ယောက် ဖြစ်ပါလိမ့်မယ်။ ပတ်ဝန်းကျင်ဖိအား ဘယ်လောက်ပဲ များပြားပါစေ အလွယ်တကူ ဖြေရှင်းနိုင်စွမ်းရှိသူ ဖြစ်ပါတယ်။ တစ်ခါတစ်ရံ အပေါင်းအသင်းတွေနဲ့ အတင်းပြောရတာကို ဝါသနာပါလိမ့်မယ်။ မိတ်ဆွေဟာ ဆန္ဒရှိတဲ့အတိုင်း ဖြစ်အောင်ကြိုးစားတတ်ပေမယ့် ရံဖန်ရံခါတွင်မတော့ လက်တွေ့ဖြစ်နိုင်စွမ်းမရှိတာ ကြုံရလိမ့်မယ်။ အဲဒီအခါမျိုးမှာ မိတ်ဆွေတချို့နဲ့ ဆက်ဆံရေးပျက်ပြားသွားတတ်တာ ရှိပေလိမ့်မယ်။ အမှန်တော့ မိတ်ဆွေဟာ သူတစ်ပါးကို ကူညီတတ်သူတစ်ဦးပါ။

**မျောက်**

မိတ်ဆွေရဲ့ မွေးရက်ဟာ မျောက်ဖြစ်ပါက စိတ်မရှည်တတ်သူ၊ တက်ကြွမှုလွန်ကဲသူ ဖြစ်လိမ့်မယ်။ အရာခပ်သိမ်းကို အမြန်ဆုံး ပြီးမြောက်လိုသူလည်း ဖြစ်ပါလိမ့်မယ်။ ရိုးသားဖြူစင်တဲ့ နှလုံးသားပိုင်ရှင်ဖြစ်ကာ လူအများရဲ့ အာရုံစိုက် အလေးထားမှုကို ခံယူလိုသူလည်း ဖြစ်ပါတယ်။ မိမိရဲ့ လုံခြုံမှုကို အထူးဂရုစိုက်တတ်သူ တစ်ဦးဖြစ်ပြီး ကိုယ့်ဂုဏ်သတင်းနဲ့ပတ်သက်၍ အငြိအစွန်းရှိလာပြီဆိုရင် လူတိုင်းကို လိုက်လံဖြေရှင်းတတ်သူ ဖြစ်ပါတယ်။ ဒါကြောင့်မို့လည်း ဘယ်အလုပ်ကိုမဆို မလုပ်ခင်ကတည်းက သတိကြီးစွာထားတတ်သူတွေလည်း ဖြစ်ပါတယ်။ ဆန္ဒမဲ့အာရုံရဲ့ နှိုးဆော်မှုကြောင့် အန္တရာယ်ကျရောက်မယ့် ဒုက္ခဘေးမှ မကြာခဏ ကင်းဝေးပါလိမ့်မယ်။ မိတ်ဆွေဟာ ငွေကြေးကို တန်ဖိုးထားတတ်သူလည်း ဖြစ်ပါတယ်။

ဓမ္မောဟာဝေ ရက္ခတိ ဓမ္မစာရိ
သာထက်ဇော်(နေကွေး)

www.burmeseclassic.com

## (၁၃၇၈)ခုနှစ်

# ဆန်းကျင်ဂြိုဟ် အဟောနှင့်ယတြာ

သုခစုစံ(ကျိုက်လတ်)

ဆန်းကျမ်းဗေဒင်ပညာတွင် ဆန်းကျင်ဂြိုဟ် အယူအဆ ရှိပါသည်။ မူလနာမက္ခရတိုင်နှင့် ကောဓာနာမက္ခရတိုင်တို့ကို ယှဉ်တွဲထူရာမှ ဆန်းကျင်ဂြိုဟ် ဖြစ်ပေါ်လာသည်။ ထိုကဲ့သို့ တိုင်နှစ်တိုင်ကို ယှဉ်တွဲထူရာတွင် ဖြစ်ပေါ်လာသော တူညီသည့် ဂြိုဟ်များကို ဆန်းကျင်ဂြိုဟ်ဟု ခေါ်ပါသည်။

<u>ဆန်းကျင်ဂြိုဟ်များ</u>

| မူလနာမက္ခရတိုင် | ကောဓာနာမက္ခရတိုင် | |
|---|---|---|
| ဓေယျ | ဓေယျ | → အကောင်းဆန်းကျင်ကြီး |
| ဝရ | ဝရ | → အကောင်းဆန်းကျင်လတ် |
| လာဘ | လာဘ | → အကောင်းဆန်းကျင်လေး |
| ဒွယ | ဒွယ | → ဒွယဆန်းကျင် |
| ဗျာယ | ဗျာယ | → အဆိုးဆန်းကျင်လေး |
| မရဏ | မရဏ | → အဆိုးဆန်းကျင်လတ် |
| ကိစ္စ | ကိစ္စ | → အဆိုးဆန်းကျင်ကြီး |

ထို့ကြောင့် မဟာဘုတ်(၆)ကြွင်းနှစ် ဖြစ်သည်။

(၁၃၇၈)ခုနှစ်တွင် ဆန်းကျင်ဂြိုဟ်နှင့် ပတ်သက်၍ ကြုံတွေ့ရမည့် ဟောချက်များနှင့် ပြုလုပ်ရမည့် ယတြာများကို (၇)နေ့သားသမီးအားလုံး ကြိုတင်သိထားရန် စေတနာရှေ့ထား၍ ရေးသားတင်ပြပေးလိုက်ပါသည်။

| နာ | ကော |
|---|---|
| ၀ | ၅ |
| ၃ | (၁) |
| ၆ | ၄ |
| ၂ | ၀ |
| ၅ | ၃ |
| (၁) | ၆ |
| ၄ | ၂ |

**မဟာဘုတ်(၁)ကြွင်း** - (၁၃၁၀၊ ၁၃၁၇၊ ၁၃၂၄၊ ၁၃၃၁၊ ၁၃၃၈၊ ၁၃၄၅၊ ၁၃၅၂၊ ၁၃၅၉၊ ၁၃၆၆၊ ၁၃၇၃) ခုနှစ်ဖွားတို့သည် (၁၃၇၈)ခုနှစ်တွင် တနင်္ဂနွေ အကောင်းဆန်းကျင်လတ် ဖြစ်ပါသည်။

ထို့ကြောင့် အထက်လူကြီးတို့၏ ငြိုငြင်ခံရသူများ နေရာကောင်းရတတ်၊ ရာထူးတိုးတတ်သည်။ အဆင်မပြေ အခက်အခဲဖြစ်နေသော အလုပ်အကိုင်များ ကောင်းလာမည်။ အဆင်ပြေလာမည်။ အစွမ်းထက်သော အင်းများ ဝင်လာတတ်သည်။ အင်းပညာကို စိတ်ဝင်စားလာမည်။ ဖခင်ကျန်းမာရေး ကောင်းလာမည်။ အိုးသစ်အိမ်သစ် ဖြစ်လာမည်။ အိမ်ထောင်ရေးများ သာယာလာမည်။ တနင်္ဂနွေသားသမီးများ အလုပ်တွင် စိတ်မဝင်စားသည့်ကြားက အဆင်ပြေနေတတ်သည်။ ထွက်မည့်အလုပ် မထွက်ဖြစ်ဘဲ ဆက်လုပ်ရတတ်သည်။ အလုပ်နှင့်ပတ်သက်ပြီး အခက်အခဲတွေ အလွန်စိတ်ညစ်စရာ ကြုံတွေ့ရပြီးမှ ထွက်ပေါက်တွေ့တတ်၊ အောင်မြင်တတ်သည်။

ယတြာ-တနင်္ဂနွေနေ့ နံနက်(၈)နာရီမှ (၁၀)နာရီအတွင်းတွင် ရဟန်းသံဃာကို အာလူးကြော်တစ်ပန်းကန် ကပ်လှူပါ။ မွန်းလွဲ(၂)နာရီမှ ညနေ(၄)နာရီအတွင်းတွင် တောင်းရမ်းသူများအား အာလူးကြော်တစ်ထုပ် လှူဒါန်းပါ။

| နာ | ကော |
|---|---|
| ၁ | (၅) |
| ၄ | ၁ |
| ၀ | ၄ |
| ၃ | ၀ |
| ၆ | ၃ |
| ၂ | ၆ |
| (၅) | ၂ |

www.burmeseclassic.com

www.burmeseclassic.com

**မဟာဘုတ်(၂)ကြွင်း** - (၁၃၀၄၊ ၁၃၁၁၊ ၁၃၁၈၊ ၁၃၂၅၊ ၁၃၃၂၊ ၁၃၃၉၊ ၁၃၄၆၊ ၁၃၅၃၊ ၁၃၆၀၊ ၁၃၆၇၊ ၁၃၇၄)ခုနှစ်ဖွားတို့သည် (၁၃၇၈)ခုနှစ်တွင် ကြာသပတေး အကောင်းဆန်းကျင်ကြီး ဖြစ်ပါသည်။

ထို့ကြောင့် ထူးခြားသော ပညာရပ်များ၊ ဂမ္ဘီရပညာရပ်များ ရရှိတတ်သည်။ ပညာရေးအစပိုင်း အခက်အခဲတွေ့တတ်ပြီး နောက်ပိုင်း မမျှော်လင့်ဘဲ ထူးထူးခြားခြား အောင်မြင်မည်။ ညံ့နေသော ပညာရေး၊ မလိုက်နိုင်သော ပညာရေးများ ကောင်းမွန်လာမည်။ ကျမည်ထင်သော ပညာရေး အောင်မြင်လာမည်။ မိတ်ဆွေ၊ ဆရာသမားတို့၏ အကျိုးပြု ကူညီခံရမည်။ အတွေးအခေါ်ကောင်းများ ပေါ်မည်။ မြေ၊ အမွေကိစ္စတို့ အဆင်ပြေ အောင်မြင်မည်။ ကြာသပတေးသားသမီးများ အထက်လမ်းဆရာ၊ ဘိုးတော်၊ ထူးခြားသော ပုဂ္ဂိုလ်များနှင့် တွေ့ကြုံရတတ်ပြီး ခ,စမှု ခံရတတ်သည်။ ဂမ္ဘီရပညာရပ်များ၊ ဂန္ဓာရီပညာများ သင်လိုလေ့လာလိုစိတ် ပေါ်မည်။ လုပ်သမျှ အလုပ်များ အစပိုင်း ဘယ်လောက်အခက်အခဲတွေ့တွေ့ အောင်မြင်မှုရတတ်သည်။ ပညာရေးတွင် အခက်အခဲနှင့် အောင်မြင်မည်။ ဆရာသမားတို့ အကျိုးပြုမည်။

**ယတြာ**-ကြာသပတေးနေ့ နံနက်(၆)နာရီမှ (၈)နာရီအတွင်းတွင် ဘုရားရှင်ကို ပန်းသီး(၅)လုံး ကပ်လှူပါ။ ညနေ(၄)နာရီမှ (၆)နာရီအတွင်းတွင် ခွေးလေခွေးလွင့်များကို ပဲကြော်(၅)ခု ကျွေးပါ။

| နာ | ကော |
| --- | --- |
| (၂) | ၅ |
| ၅ | ၁ |
| ၁ | ၄ |
| ၄ | ၀ |
| ၀ | ၃ |
| ၃ | ၆ |
| ၆ | (၂) |

**မဟာဘုတ်(၃)ကြွင်း** - (၁၃၀၅၊ ၁၃၁၂၊ ၁၃၁၉၊ ၁၃၂၆၊ ၁၃၃၃၊ ၁၃၄၀၊ ၁၃၄၇၊ ၁၃၅၄၊ ၁၃၆၁၊ ၁၃၆၈၊ ၁၃၇၅) ခုနှစ်ဖွားတို့သည် (၁၃၇၈)ခုနှစ်တွင် တနင်္လာ အဆိုးဆန်းကျင်ကြီး ဖြစ်ပါသည်။

ထို့ကြောင့် ငွေကြေးပြေလည်နေရာမှ အခက်အခဲကြုံတွေ့ရတတ်၊ ငွေကုန်ကြေးကျများတတ်၊ အကြွေးတင်တတ်သည်။ အချစ်ရေးတွင် ပြဿနာပေါ်မည်။ မိခင်ကျန်းမာရေး ညံ့တတ်သည်။ အလှူမင်္ဂလာကိစ္စများ စိတ်ဆင်းရဲစရာ ကြုံရတတ်သည်။ ခြေထောက်ထိခိုက်ဒဏ်ရာရတတ်သည်။ ခွေးကိုက်၊ ကားတိုက် ခံရတတ်သည်။

တနင်္လာသားသမီးများ ငွေကြေးအခက်အခဲတွေ့၊ ငွေအကြောင်းမဲ့ ကုန်နေတတ်၊ ငွေကြေးအမှု ဖြစ်တတ်သည်။ ဘာလုပ်လုပ် အဆင်မပြေ အခက်အခဲ တွေ့ရတတ်သည်။ ချစ်သူနှင့် လမ်းခွဲရတတ်သည်။ ခါး၊ ခြေထောက်တွင် ဝေဒနာပေါ်တတ်သည်။

**ယတြာ**-တနင်္လာနေ့ နံနက်(၆)နာရီမှ (၈)နာရီအတွင်း ဘုရားရှင်ကို ကိတ်မုန့်(၂)ခု ကပ်လှူပါ။ ညနေ(၄)နာရီမှ (၆)နာရီအတွင်းတွင် ခွေးလေလွင့်များကို ကြံသကာ (သို့မဟုတ်) ခေါက်မုန့်(၂)ခု ကျွေးပါ။

| နာ | ကော |
| --- | --- |
| ၃ | ၅ |
| (၆) | ၁ |
| ၂ | ၄ |
| ၅ | ၀ |
| ၁ | ၃ |
| ၄ | (၆) |
| ၀ | ၂ |

**မဟာဘုတ်(၄)ကြွင်း** - (၁၃၀၆၊ ၁၃၁၃၊ ၁၃၂၀၊ ၁၃၂၇၊ ၁၃၃၄၊ ၁၃၄၁၊ ၁၃၄၈၊ ၁၃၅၅၊ ၁၃၆၂၊ ၁၃၆၉၊ ၁၃၇၆)ခုနှစ်ဖွားတို့သည် (၁၃၇၈)ခုနှစ်တွင် သောကြာ အဆိုးဆန်းကျင်လတ် ဖြစ်ပါသည်။

ထို့ကြောင့် ခရီးသွားလျှင် အခက်အခဲ၊ ဘေးဥပဒ်တွေ့တတ်သည်။ သွေးထွက်သံယိုဖြစ်တတ်၊ သွေးသားမသန့် ဖြစ်တတ်သည်။ မိန်းကလေးများ မီးယပ်ရောဂါဖြစ်တတ်သည်။ ယောကျ်ားလေးများ မိန်းမရှိက ကျန်းမာရေးညံ့တတ်သည်။ ဆွေမျိုးများနှင့် ပြဿနာပေါ်တတ်သည်။ သွားကိုက်၊ သွားကျိုး ဖြစ်တတ်သည်။ သီလပျက်သူတို့၏ ဒုက္ခပေးခြင်း ခံရတတ်သည်။ အနုပညာ အသံထွက်ပစ္စည်းတို့ ပျက်မည်၊ ထွက်မည်။



www.burmeseclassic.com

www.burmeseclassic.com

သောကြာသားသမီးများ ကျန်းမာရေးညံ့တတ်သည်။ သွားမည့်ခရီးစဉ် ပျက်တတ်သည်။ သွေးတိုးခြင်း၊ သွေးသားမသန့်ခြင်း ဖြစ်မည်။ မိန်းကလေးများ သွေးမမှန်ဖြစ်တတ်သည်။ ယောက်ျားလေးများ မိန်းမနှင့် မကြာခဏ စကားများပြီး စိတ်ညစ်ရတတ်သည်။ ချော်လဲ၍ သွေးထွက်သံယို ဖြစ်တတ်သည်။

ယတြာ-သောကြာနေ့ နံနက်(၈)နာရီမှ (၁၀)နာရီအတွင်းတွင် ရဟန်းသံဃာကို သင်္ကန်း (သို့မဟုတ်) သရက်သီး(၆)လုံး (သို့မဟုတ်) သစ်သီး(၆)မျိုး ကပ်လှူပါ။ မွန်းလွဲ(၂)နာရီမှ (၄)နာရီအတွင်းတွင် တောင်းရမ်းသူများအား သဘော်သီး(၆)စိတ် လှူဒါန်းပါ။

| နာ | ကော |
|---|---|
| ၄ | ၅ |
| ၀ | ၁ |
| ၃ | ၄ |
| ၆ | ၀ |
| ၂ | ၃ |
| ၅ | ၆ |
| ၁ | ၂ |

**မဟာဘုတ်(၅)ကြွင်း** - (၁၃၀၇၊ ၁၃၁၄၊ ၁၃၂၁၊ ၁၃၂၈၊ ၁၃၃၅၊ ၁၃၄၂၊ ၁၃၄၉၊ ၁၃၅၆၊ ၁၃၆၃၊ ၁၃၇၀) ခုနှစ်ဖွားတို့သည် (၁၃၇၈)ခုနှစ်တွင် အင်္ဂါ အဆိုးဆန်းကျင်လေး ဖြစ်ပါသည်။

ထို့ကြောင့် စိတ်ညစ်စရာ ကြုံရတတ်သည်။ အတိုင်အတော ခံရတတ်သည်။ လူအများ၏ ဝေဖန်ခံရမည်။ စက်ပျက်,ပျက်နေ၍ သောကတွေ့ရမည်။ အစွပ်အစွဲ ခံရတတ်သည်။ ယောက်ျားလေးများ စိတ်လေမည်။ မိန်းကလေးများ နတ်ပူးသလို ဖြစ်တတ်သည်။ အောက်လက်ငယ်သားများအတွက် ပူပန်ရမည်။ ခင်ပွန်းအတွက် ရတက်မအေး ဖြစ်ရမည်။

အင်္ဂါသားသမီးများ အလုပ်ထဲ စိတ်မဝင်စားတတ်ပါ။ အများ၏ ဝေဖန်ပြစ်တင်ခံရတတ်၊ အပြောအဆို ခံရမည်။ ဆေးမှား၊ အစားမှားတတ်သည်။ မိန်းကလေးများ ပယောဂဖြစ်တတ်သည်။

ယတြာ-အင်္ဂါနေ့ နံနက်(၁၀)နာရီမှ မွန်းတည့်(၁၂)နာရီအတွင်းတွင် ကိုရင်ကို ဆီးသီး(၃)လုံး (သို့မဟုတ်) စမူဆာ(၃)ခု ကပ်လှူပါ။ မွန်းတည့်(၁၂)နာရီမှ မွန်းလွဲ(၂)နာရီအတွင်းတွင် သူစိမ်းကလေးကို ဆီးထုပ်(၃)ထုပ် ကျွေးမွေးပါ။

| နာ | ကော |
|---|---|
| ၅ | ၅ |
| ၁ | ၁ |
| ၄ | ၄ |
| ၀ | ၀ |
| ၃ | ၃ |
| ၆ | ၆ |
| ၂ | ၂ |

**မဟာဘုတ်(၆)ကြွင်း** - (၁၃၀၈၊ ၁၃၁၅၊ ၁၃၂၂၊ ၁၃၂၉၊ ၁၃၃၆၊ ၁၃၄၃၊ ၁၃၅၀၊ ၁၃၅၇၊ ၁၃၆၄၊ ၁၃၇၁) ခုနှစ်ဖွားတို့သည် (၁၃၇၈)ခုနှစ်တွင် စနေ ဒွယဆန်းကျင် ဖြစ်ပါသည်။

ထို့ကြောင့် အတိုက်အခံ၊ အနှောင့်အယှက်၊ ရန်တို့များနေတတ်သည်။ ပြဿနာများ ဖြေရှင်းနေရတတ်၊ အမှုများ ဖြစ်တတ်သည်။ အာဏာပိုင်တို့နှင့် အဆင်မပြေ ဖြစ်တတ်သည်။ အပူလောင်၊ ဓာတ်လိုက်တတ်သည်။ နားအူ၊ နားလေထွက်၊ အကြောနှင့်ဆိုင်သော ဝေဒနာတို့ ဖြစ်တတ်သည်။ ကိုယ်ဝန်ရှိသူများ အမြွှာပူး မွေးတတ်သည်။

စနေသားသမီးများ အမှု(၂)ကြိမ် ရင်ဆိုင်ရတတ်သည်။ စိတ်ညစ်စရာများ၊ ပြဿနာများ ကြုံတွေ့ရတတ်သည်။ အပူလောင်တတ်သည်။

ယတြာ-စနေနေ့ နံနက်(၁၁)နာရီမှ မွန်းလွဲ(၁)နာရီအတွင်းတွင် ဆရာသမား တစ်ဦးဦးကို နွားနို့လှူဒါန်းပါ။

| နာ | ကော |
|---|---|
| ၆ | ၅ |
| ၂ | ၁ |
| ၅ | ၄ |
| ၁ | ၀ |
| ၄ | ၃ |
| ၀ | ၆ |
| ၃ | ၂ |

www.burmeseclassic.com

www.burmeseclassic.com

**မဟာဘုတ်(ဝ)ကြွင်း** - (၁၃၀၂၊ ၁၃၀၉၊ ၁၃၁၆၊ ၁၃၂၃၊ ၁၃၃၀၊ ၁၃၃၇၊ ၁၃၄၄၊ ၁၃၅၁၊ ၁၃၅၈၊ ၁၃၆၅၊ ၁၃၇၂)ခုနှစ်ဖွားတို့သည် (၁၃၇၈)ခုနှစ်တွင် ဗုဒ္ဓဟူး အကောင်းဆန်းကျင်လေး ဖြစ်ပါသည်။

ထို့ကြောင့် ရွှေထည်ပဟောင်းများ ဝင်လာမည်။ ဝမ်းကိုက်၊ ဝမ်းလျှော၊ ဝမ်းပျက်၊ လေထိုး၊ လေအောင့် ဖြစ်ပြီး ဝမ်းသာစရာသတင်းစကား ကြားရတတ်သည်။ ထွက်သွားသော ရွှေတို့ ဝင်လာမည်။ ရှင်သီဝလိရုပ်ပွားတော် ကြွလာတတ်၊ လက်ဆောင်ရတတ်သည်။ သားသမီး၊ ညီအစ်ကိုမောင်နှမများ အဆင်ပြေလာမည်။

ဗုဒ္ဓဟူးသားသမီးများ အခက်အခဲများတွေ့ပြီး ဝမ်းသာစရာ ကြုံတွေ့မည်။ ဝမ်းလေနှင့်ဆိုင်သော ရောဂါရှိက သတိသာပျောက်ကင်းတတ်သည်။ ကျန်းမာရေးညံ့ပြီး ဝဖြိုး ကျန်းမာလာမည်။ လုပ်သမျှ အခက်အခဲကြားက အောင်မြင်မှုတချို့ ရတတ်သည်။

**ယတြာ**-ဗုဒ္ဓဟူးနေ့ နံနက်(၁၀)နာရီမှ မွန်းတည့်(၁၂)နာရီအတွင်းတွင် ကိုရင်ကို လိမ္မော်သီး(၄)လုံး ကပ်လှူပါ။ မွန်းတည့်(၁၂)နာရီမှ မွန်းလွဲ(၂)နာရီအတွင်းတွင် သူစိမ်းကလေးများကို ဝက်သားတုတ်ထိုး ကျွေးပါ။

ယတြာများကို တစ်လလျှင် (၁)ကြိမ်ခန့် လစဉ် ဆောင်ရွက်သွားရပါမည်။ ဆန်းကျင်ယတြာများကို ဆောင်ရွက်ခြင်းဖြင့် အဆိုးဆန်းကျင်သမားများအနေဖြင့် အဆိုးများ ပြေလျော့ လျော့နည်း ပျောက်ကွယ်စေကာ အကောင်းဆန်းကျင်သမားများအနေဖြင့် ကောင်းကျိုးများကို အတိုက်အခံ၊ ရန်အနှောင့်အယှက် ကင်းရှင်းစွာဖြင့် ရရှိခံစားကြရမည် ဖြစ်ပါသည်။

**စကားချုပ်**

အကောင်းဆန်းကျင်သမားများသည် ကောင်းကျိုးများကို ရရှိမည်ဖြစ်သော်လည်း ဆန်းကျင်ဂြိုဟ်၏ သဘောသဘာဝအရ အတိုက်အခံ၊ အနှောင့်အယှက်ရန်များနှင့် မကင်းတတ်ပါ။

**ကောင်းမွှအကြောင်းပြု တောင်းဆုပြည့်ပါစေ**

**သုခစုစံ(ကျိုက်လတ်)**

နှစ်ပေါင်း(၃၀)ကျော် အကြားအမြင် ပေါသက်ရှိခဲ့သော

# ဆရာကြီးအရဟံဆရာအောင်

အကြားအမြင် ဂမ္ဘီရပညာပါရမီရှင်

ဖော်လမြိုင်၊ ခေါင်းဆေးကျွန်း။ ပဲခူး ဒေးဒွန်ပါ။ သန်လျင် ကျောက်တန်း ဘုရားတည်နယ်လှည့်သာသနာပြု

- ပညာရေးကိစ္စများ၊ စာမေးပွဲအတွက် လိုအပ်ချက်များ၊ နိုင်ငံခြားကိစ္စ၊ သင်္ဘောလိုက်ရန်နှင့် အလုပ်အကိုင်ဝင်ငွေကောင်းရန်ကိစ္စ။
- စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရန်ကိစ္စ၊ တိုက်အိမ်၊ ခြံ၊ မြေ၊ ကား အမြန်ရောင်းဝယ်ရေး၊ ဆိုင်၊ ကုမ္ပဏီ၊ ပွဲရုံလုပ်ငန်း မော်ဒယ်လုပ်ငန်းများ အမည်ပေးခြင်း၊ အချစ်ရေး မင်္ဂလာအခါပေးခြင်း၊ ကလေးနာမည်ပေးခြင်း၊ အိမ်ထောင်ရေးကိစ္စများ (မူလအိမ်ထောင်ရှင်ဘက်မှသာ ဆောင်ရွက်သည်)၊ ပစ္စည်းပျောက်၊ လူပျောက်။
- ရာထူးတိုးတက်ရေး၊ ပြောင်းလဲရေး၊ တည်မြဲရေး၊ အကြွေးကိစ္စများ၊ အမှုအခင်းကိစ္စများ၊ သားသမီးများကို လိမ္မာယဉ်ကျေးပြီး မိဘစိတ်တိုင်းကျဖြစ်စေရန်တို့ကို ဓာတ်ရိုက်၊ ဓာတ်ဆင် အာမခံ၍ ဆောင်ရွက်သည်။ ကံစမ်းလုပ်ငန်းများနှင့် ထိုကိစ္စများအတွက် အထူးဆောင်ရွက်သည်။

နေ့စဉ် - နံနက်(၇း၀၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီ (တနင်္လာနေ့ပိတ်သည်)

မင်္ဂလာဟောခန်း - အမှတ်(၈)၊ ဆူးလေဘုရားအဝိုင်း၊ ရန်ကုန်မြို့။

ဖုန်း - ၀၉ ၇၃၁ ၅၃၁၈၈၊ (၀၅၆)၂၁၆၀၉ (အိမ်)

အိမ် - နေ့စဉ် ညနေ(၆း၀၀)နာရီနောက်ပိုင်း၊

အမှတ်(၁၇) အောင်နီလာလမ်း၊ အောင်မင်္ဂလာရပ်၊ သန်လျင်၊ နံ့သာကုန်းမှတ်တိုင်။ ဖုန်း-၀၉ ၅၁ ၁၂၁၄၆

www.burmeseclassic.com

www.burmeseclassic.com

# အလင်းတံခါးနှင့် ခရီးသွား

ကျော်မိုးလွင်(ဝါးခယ်မ)

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့ တစ်ဖက်ကမ်းရပ်ကွက် ကျွန်ုပ်နေသော ရွာသစ်ရပ်ကွက်တွင် အလင်းတံခါးစာကြည့်တိုက် ဖွင့်ထားပါသည်။

စာရေးဆရာမ မြမန္တလာက ကျုံမငေးမှ စာအုပ်၊ ဂျာနယ်မျိုးစုံ (၅၇၀)အုပ်ကို ဝါးခယ်မမြို့နယ် အသင်းမှတစ်ဆင့် လှူလာခဲ့ပါသည်။ ကျေးဇူးအထူးတင်မိရ၏။

ကျွန်ုပ်ပေးခဲ့သောအမည် အလင်းတံခါးဖွင့်လိုက်ခြင်းပင် ဖြစ်ပါသည်။

စာရေးဆရာကြီး မန်းဖိုးအေး(ဝါးခယ်မ)ကလည်း တစ်ကျော့ပြန် ဖုန်ကျားရှင် သူရေးသော စာအုပ်ကြီးကို အလင်းတံခါးဖွင့်သောအနေနှင့် ကိုယ်တိုင်လာရောက် လှူဒါန်းသွားခဲ့ပါသည်။

အလင်းတံခါးစာကြည့်တိုက်တွင် ကျွန်ုပ်မှာ နာယကအဖွဲ့ဝင်တစ်ဦး ဖြစ်ပါသည်။

တင်မောင်မောင်(ပေါက်ကုန်း)မှာ စာကြည့်တိုက်ဥက္ကဋ္ဌ ဖြစ်ပါသည်။

စာကြည့်တိုက်တွင် အလှည့်ကျတာဝန်များ ခွဲထားပါသည်။ ကျွန်ုပ်နှင့် ကျောင်းဆရာ ဦးမောင်မောင်တင်မှာ ကြာသပတေးနေ့ညနေပိုင်း တာဝန်ယူဖွင့်လှစ်ရပါသည်။

စာကြည့်တိုက်ဖွင့်ပြီးနောက် ကျွန်ုပ်အတွက် စာရေးရန် တစ်နေရာ ရလာခဲ့ပါသည်။

အိမ်မှာက မြေးနှစ်ယောက် နှောင့်ယှက်၍ ယခင်ကလို လွတ်လွတ်ကင်းကင်း စာရေးနိုင်ခြင်း မရှိတော့ပါ။

ကြာသပတေးနေ့ ညနေတစ်ခင်းတွင် ဖြစ်ပါသည်။ ကျွန်ုပ်ကို အိမ်မှာမတွေ့၍ အိမ်ကိုမေးကာ ကျွန်ုပ်ထံ အသိအကျွမ်း အမျိုးသမီးတစ်ဦး ရောက်လာခဲ့ပါသည်။

'ဆရာက ဒီမှာတာဝန်ကျနေတာကိုး။ စိတ်တော့မရှိပါနဲ့ ဆရာရယ်။ သိချင်တာ တစ်ခုရှိလို့ပါ'

အမျိုးသမီးကြီးက ပြောရင်း ကျွန်ုပ်ညာဘက်ရှိ ခုံတွင် ဝင်ထိုင်လိုက်ပါသည်။

သည်နေရာက ဗေဒင်ဟောခန်း မဟုတ်ပါ။ စာကြည့်တိုက်သာ ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်က ကျောင်းဆရာ ဦးမောင်မောင်တင်ကို လှမ်းကြည့်လိုက်မိသည်။

'လူရှင်းနေတာပဲ။ ဆရာမိုး ပြောချင်တာပြောပါ'

ဆရာဦးမောင်မောင်တင်မှာ စာကြည့်တိုက်အတွင်းရေးမှူး ဖြစ်ပါသည်။

အတွင်းရေးမှူးထံမှ ခွင့်ပြုချက်ရ၍ ကျွန်ုပ်က အမျိုးသမီးသိချင်သည့်ကိစ္စကို မေးကြည့်လိုက်သည်။

'ဒီလိုပါ ဆရာရယ်၊ ကျွန်မမောင်လေး တောတွေဆင်းပြီး ဈေးလှည့်ရောင်းတာ ပြန်မလာတာကြာလို့ ဘာဖြစ်နေသလဲဆိုတာ သိချင်လို့ပါ။ လက်ကိုင်ဖုန်းကလည်း ဒီမှာမေ့ကျန်ခဲ့တယ် ဆရာရယ်'

'သိချင်တာ ဒါပဲလား'

ခရီးလွန်နေသူ ရောက်,မရောက် သိနိုင်သည့်နည်းက ကျွန်ုပ်တွင်ရှိနေ၍ ကျွန်ုပ်က အမျိုးသမီးကို မေးလိုက်သည်။

'အဲဒါလေးသိရရင် တော်ပါပြီ ဆရာရယ်'

စင်စစ် ကျွန်ုပ်သည်မှာ ဗေဒင်မကြည့်ချင်ပါ။ သိချင်တာ တစ်ခုဆို၍သာ ကြည့်ရခြင်း ဖြစ်ပါတော့သည်။

လွယ်သော်လည်း ဤနည်းက မှန်လွန်းလှသည်။ စာရွက်တစ်ရွက်ယူကာ ဤသို့ရေး

www.burmeseclassic.com

| | |
|---|---|
| န | သ |
| အ | ဣ * |

ခရီးလွန်သူ ရောက်၊မရောက် သိချင်သူ အမျိုးသမီးကြီးကို ကြိုက်ရာရွေး သက်ညှိုးထောက်ပြရန် ပြောလိုက်ပါသည်။

အမျိုးသမီးကြီးက ခရေပွင့်ပြထားသော (ဣ)အက္ခရာကို လက်ညှိုးနှင့် ထောက်ပြလိုက်ပါသည်။ အဖြေက ပေါ်ပါပြီ။

'ခင်ဗျားမောင်လေး ဒီနေ့ ဒါမှမဟုတ် မနက်ဖြန် ပြန်ရောက်ပါလိမ့်မယ်။ ဘာသာရေးပစ္စည်း တစ်မျိုးပါ ပါလာနိုင်တယ်'

အမျိုးသမီးကြီး ကျေနပ်သွားကာ ကျွန်ုပ်အား ကန်တော့၍ ပြန်ထွက်သွားပါသည်။

အက္ခရာများက ဖော်ပြသော ဟောကိန်းမှာ-

န - နဂိုအတိုင်းဖြစ်၍ ပြန်မလာသေးပါ။

သ - ပြန်လာရန် အသင့်ပြင်နေပြီ ဖြစ်ပါသည်။

အ - ပြန်လာသည်မှာ လမ်းတစ်ဝက် ရောက်နေပါပြီ။

ဣ - ထမင်းချက်ထားပေတော့ဟူ၍ ဆိုသောကြောင့် ခဏမကြာ ရောက်လာတော့မည်ဟု ဆိုလိုပါသည်။

ဘာသာရေးပစ္စည်း တစ်မျိုးမျိုးပါမည်ဟု ဆက်စပ် ကျွန်ုပ်ဟောလိုက်ခြင်းမှာ အမျိုးသမီးကြီး ခတ်ထားသော သင်္ကန်းရောင်(အဝါ)ကိုကြည့်ကာ ဟောလိုက်ခြင်း ဖြစ်ပါတော့သည်။

နောက်တစ်နေ့မနက်တွင် အမျိုးသမီးကြီးက ဝမ်းသာအားရ ကျွန်ုပ်က သတင်းပေးလာခဲ့ပါသည်။ ဆရာဟောတာ အားလုံးမှန်ပါသည်ဟူ၍ ဖြစ်သတည်း။

ကျော်မိုးလွင်(ဝါးခယ်မ)


ယတြာဆရာမ ဒေါက်တာခင်မျိုးတင့်
Ph.D (Hon - Doctor of Astrology)
[နက္ခတ္တဗေဒ၊ မြန်မာ့ဗေဒင်၊ နဝင်းစီးပညာ]
အရေးကြီးတဲ့ ကိစ္စရှိရင် လာခဲ့ပါ။
အမျိုသမီးများ၏ အခက်အခဲများကို ဦးစားပေးဆောင်ရွက်ပေးပါသည်။
စာမေးပွဲ၊ အောင်ပွဲဝင် ယတြာများ၊ ထိရောက်ထက်မြက်သော နဝင်းစီးပွဲယတြာများ ဆောင်ရွက်ပါသည်။
အခန်း(၄)၊ အနောက်ဘက်မုခ်၊ မြသော့နှစ်ကောင်အနီး၊ မဟာဝိဇယစေတီ၊ ရန်ကုန်မြို့။ ☎ ၀၉ ၅၀ ၇၅၈ ၂၇





ဒေါက်တာယတြာဆေဒီ
Ph.D (India)., M.Sc (Chemistry)
ရှေ့ဖြစ်တွေ၊ နောက်ဖြစ်တွေ လုပ်မနေနဲ့
ဘာဖြစ်နေလဲ၊ ဘာဖြစ်ချင်လဲ၊ ဘာလုပ်ပေးရမလဲ
လက်ရှိကြုံတွေ့နေတဲ့ အခက်အခဲတွေ ဖြေရှင်းဖို့အတွက်
ထိထိမိမိ ဓာတ်ရိုက်၊ ဓာတ်ဆင် ယတြာဆောင်ရွက်လိုလျှင်...
ကြိုတင်
ရက်ချိန်းယူပါ
လူမှုရေးပိုင်း၊ ဂုဏ်သိက္ခာပိုင်းနှင့် ပတ်သက်၍ ကိုယ်ရေးလုံခြုံမှုကို အာမခံပါသည်။
အမှတ်(၆၆)၊ အခန်း(၄)၊ ဒုတိယထပ်၊ တုန်ဈေးတန်းလမ်း၊(အောက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ☎ ၀၉၅ ၁၀၇၃၅

www.burmeseclassic.com

အခုတလော အကြားအမြင်ဗေဒင်ကိစ္စနဲ့ ပတ်သက်ပြီး တော်တော်လေး ပြောရဆိုရ ဖြစ်ပါတယ်။ ကျွန်တော်ပဲ တကယ်အကြားအမြင်ရတဲ့ပုဂ္ဂိုလ်နဲ့ မတွေ့မကြုံ မဆုံမစည်းရသေးလို့ဘဲလား မသိဘူး။ အဲဒီအကြားအမြင်ရတယ်ဆိုတဲ့ကိစ္စကို မယုံကြည်နိုင်သေးဘူး ဖြစ်နေတယ်။ တစ်ခု ကျွန်တော် နားလည်လက်ခံထားတာက ဗေဒင်လောကမှာ အကြားအမြင်လို့ ထင်ရလောက်တဲ့ ဘာသချင်္ချာ ဘာကိန်းဂဏန်းမှ ချမတွက်ဘဲ ကရားရေလွှတ် တတွတ်တွတ် ဟောလို့ ပြောလို့ရတဲ့ ဗေဒင်ပညာရပ်တွေ အမြောက်အမြား ရှိနေတယ် ဆိုတာပါပဲ။

ဘာသချင်္ချာ ဘာကိန်းဂဏန်းမှ ချမတွက်ပေမယ့် ဗေဒင်ဆရာရဲ့ စိတ်ထဲမှာတော့ တွက်ချက်တဲ့ပညာ (သို့ မဟုတ်) စဉ်းစားတွေးခေါ် ကောက်ချက်ဆွဲတဲ့ ပညာရပ် တစ်ခုခု ရှိနေတာ အမှန်ဧကန်ပါပဲ။ ကျွန်တော် ဆိုလို ချင်တာက ဘယ်တန်ခိုးရှင်၊ ဘယ်မဟိဒ္ဓိပုဂ္ဂိုလ်၊ သိဒ္ဓိ ပုဂ္ဂိုလ်ကမှ အကြားအမြင်ပေးထားတာ မဟုတ်ဘဲ၊ စာ ရွက်ပေါ်မှာ ချမတွက်ဘဲ စိတ်တွက်,တွက်တဲ့ ဗေဒင်ပညာ ရပ်တွေတော့ အမြောက်အမြားရှိတာ မှန်တယ်ဆိုတာပါ ပဲ။ ဒီကိစ္စနဲ့ ပတ်သက်လို့ လည်း ဆောင်းပါး(၃-၄)ပုဒ် ကျွန်တော် ရေးသားတင်ပြ ခဲ့ပြီး ဖြစ်ပါတယ်။




ဟော..အခုလည်း အဲဒီ အကြားအမြင်ဆိုတဲ့ ဗေဒင် ကိစ္စကိုပဲ တင်ပြရပြန်ပါပြီ။ အကြောင်းကတော့ တစ်နေ့ မှာ ကျွန်တော့်မိတ်ဆွေ ပင် စင်စား မူလတန်း ကျောင်း အုပ်ဆရာကြီးတစ်ဦးနဲ့အတူ မျက်နှာစိမ်း ညှိသည်တစ်ဦး ကျွန်တော့်အိမ်ကို ရောက်လာ ခြင်းက စတာပါပဲ။

ကျွန်တော့် မိတ်ဆွေက မတွေ့ကြရတာ ကြာပြီဖြစ်လို့ ကျွန်တော့်ထံ အလည်အပတ် လာတာပါ။ အဲဒီမျက်နှာစိမ်း ပုဂ္ဂိုလ်က ကျွန်တော့်မိတ်ဆွေ နဲ့အတူ လိုက်ပါလာတာ ဖြစ် ပါတယ်။

ထုံးစံအတိုင်းပါပဲ။ ကျွန် တော့်မိတ်ဆွေက သူနဲ့အတူ ပါလာသူကို အိမ်ရှင် ကျွန် တော်နဲ့ မိတ်ဆက်ပေး တယ်။ မိတ်ဆက်ပေးခြင်း သူ့မိတ်ဆွေကို-



www.burmeseclassic.com

www.burmeseclassic.com

'ဆရာက ဗေဒင်တွေဘာတွေလည်း ဟောပေးနေ တယ်လေ။ ဒါပေမဲ့ ဗေဒင်ဆရာတော့ မဟုတ်ဘူးပေါ့ဗျာ။ ဆောင်းပါးတွေလည်း ရေးတယ်လေ' စသဖြင့် ပြော ရှင်းပြပါတယ်။

ညွှန့်သည်လှစိမ်းက လေးစားအထင်ကြီးတဲ့ မျက် လုံးတွေနဲ့ ရွှန်းရွှန်းစားစားကြည့်ရင်း ခေါင်းညိတ်ရင်း ထောင်နေရာက -

'သိရ၊တွေ့ရတာ သိပ်ဝမ်းသာတယ်ဗျာ။ ကျွန်တော် က အရင်က ဗေဒင်ပညာကို သိပ်ယုံတာ မဟုတ်ဘူးဗျ။ ခဲ့တဲ့တစ်နှစ်ကျော်ကျော်လောက်ကမှ မုံရွာမှာ အကြား မြင်ဆရာမနဲ့ တွေ့တော့မှပဲ ဗေဒင်ကို တစ်အားယုံကြည် လေးစားသွားတာ' လို့ ပြောလာပါတယ်။

သူ့စကားထဲမှာ အကြားအမြင်ဆရာမလို့ ပါလာတဲ့ အတွက် ကျွန်တော်က -

'ဘယ်လိုအကြားအမြင်နဲ့ ဟောလိုက်လို့လဲ တစ် ဆိတ် ရှင်းပြနိုင်ရင်'

'အာ··အတော့်ကို ထူးပါတယ်ဆရာ။ ကျွန်တော့် သက္ကရာဇ်လည်း မမေးဘူး။ သူက ဘာဘော့ပင်မှ လည်း မကိုင်ဘူး။ နာမည်ဘယ်လိုခေါ်လဲလို့မေးပြီး ဟောက်လျှောက်ဟောတော့တာပဲဗျ။ ကျွန်တော်ဆို မှန် လွန်းလို့ ကြက်သီးမွေးညင်းတွေတောင် ထသွားတယ်။ တကယ်၊တကယ်ပါပဲ ဆရာရယ်' တဲ့။

ကျွန်တော် ပြုံးလိုက်မိပါတယ်။ သူ့ကို နာမက္ခရ ဗေဒင်ပညာနဲ့ ဟောပေးလိုက်တာကို သူက အကြားအမြင် လို့ ယူဆဟန်တူပါတယ်။ ဒါမှမဟုတ် ဗေဒင်ဆရာမ ကိုယ်တိုင်က သူ့ကိုယ်သူ အကြားအမြင်ရ ဗေဒင်ဆရာမ လို့များ ကြွေးကြော်ထားလေသလားမသိ။ ကြုံတုန်းကြိုက် တုန်းမို့ ရှေးပညာရှင်ကြီးတွေရဲ့ နာမက္ခရဗေဒင်ပညာ အကြောင်းကို ပြောပြလေမှပဲလို့ ဆုံးဖြတ်လိုက်ပြီး -

'အဲဒီအကြားအမြင် ဗေဒင်ဆရာမ ဟောလိုက်တဲ့ အချက်တွေထဲမှာ မိတ်ဆွေဟာ သူတစ်ပါးအကျိုးကို အား ခွန်စိုက် ဆောင်ရွက်လုပ်ကိုင်ပေးတတ်ပေမယ့် အဲဒီ ဆောင်ရွက်ချက်အပေါ်မှာ အခွင့်အရေးမယူတတ်တဲ့ လူ စားပဲလို့များ ပါသလား'

ကျွန်တော့်အမေးကြောင့် မျက်နှာစိမ်းညွှန့်သည်က မျက်ခုံးအစုံ ပင့်တက်သွားပြီး ဟာ··ပါတယ်၊ပါတယ်လို့ ထောက်ခံလာပါတယ်။ ကျွန်တော် ထပ်ပြီးပြုံးလိုက်မိပါ တယ်။ ပြီးတော့မှ -

'ဒါတင် ဘယ်ကဦးမလဲ၊ ခင်ဗျား ဘယ်လိုပဲကောင်း တာတွေလုပ်လုပ် လူအတော်များများက သိပ်ပြီးအကောင်း မထင်တတ်ကြဘူး။ အကောင်းအပြောမခံရတတ်ဘူး။ ခင်ဗျားကိုယ်တိုင်ကလည်း ရေရှည်မြဲတဲ့ အလုပ်ကို သိပ် မလုပ်တတ် မလုပ်ချင်ဘူးလို့များ ပါသေးလား'

ဒီတစ်ခါတော့ မျက်ခုံးနှစ်ဖက်သာမကတော့ဘဲ ပါး စပ်ပါဟသွားပြီး တစ်ကိုယ်လုံး လှုပ်လှုပ်ရှားရှားဖြစ်သွား ပြီး 'အဲ··အဲ··အဲဒါလည်း ပါတယ်ဆရာ။ ဆရာ ဘယ် လိုသိတာလဲ' တဲ့။

သူ့အမေးကြောင့် ကျွန်တော့်မိတ်ဆွေ ပင်စင်စား ကျောင်းအုပ်ဆရာကြီးကပါ တဟားဟားနဲ့ ရယ်ပါတော့ တယ်။ ကျွန်တော် ကျေကျေနပ်နပ် ပီတိဖြစ်စွာနဲ့ ပြုံး လိုက်မိပြန်ပါတယ်။

'မိတ်ဆွေ··သိပ်အံ့သြသွားသလား၊ မအံ့သြပါနဲ့။ ဒီ ထက် အံ့သြစရာတွေ ဆက်ပြောပြပါဦးမယ်။ သူတစ်ပါး အတွက်တော့ မိတ်ဆွေဟာ တကယ့်မိတ်ကောင်းဆွေ ကောင်း ဖြစ်နေပေမယ့် မိမိအတွက်တော့ မိတ်ကောင်းဆွေ ကောင်း ရှားပါးနေသူပဲ ဖြစ်တယ်။ သာတုန်းနား အခွင့် အရေးအတွက် ပေါင်းပြီးတော့ သူတို့ အလိုမရှိတော့ဘူး ဆိုရင် ကျောင်းဆိုတဲ့ မိတ်ဆွေတုတွေကြားမှာ နေနေရတာ ပဲ မဟုတ်လား'

'ဟုတ်တယ်ဆရာ၊ အဲဒီအကြားအမြင်ဗေဒင်ဆရာမ ကလည်း ဟောတယ်။ မိတ်ဆွေကောင်း ကျွန်တော့်မှာ မရှိဘူးတဲ့။ ဆရာတို့ ဟောတာချင်း တူကြတယ်'

'နောက်ထပ် တူမယ့်အချက် ရှိသေးတယ်ဗျ။ ခင် ဗျားဟာ စိတ်သဘောထား နူးညံ့ပျော့ပျောင်းပြီး သည်းခံ တတ်မယ်။ အရက်အကြောက် ဟိရိသြတ္တပ္ပကြီးတယ်။ ဘယ်သူ့အပေါ်မဆို ရိုးရိုးသားသား ခင်မင်တတ်တယ်။ ကိုယ်ကျိုးစွန့် ကူညီတတ်တယ်။ ဒါပေမဲ့ ခင်ဗျား စပ်တူ လုပ်ဖူးတဲ့ အလုပ်တိုင်းမှာ အလိမ်ခံရ၊ အရှုံးပေါ်ခဲ့ရတာ ချည်းပဲ ဖြစ်မယ်'

'အာ··အဲဒီကိစ္စပေါ့ ဆရာရယ်၊ အကြားအမြင် ဆရာမဆီ ရောက်သွားတာ။ အဲဒီကိစ္စ သွားမေးတာပေါ့။ သူက အဲဒီလိုဟောတော့ ပြန်ရနိုင်ပါဦးမလားလို့မေးတော့

www.burmeseclassic.com

www.burmeseclassic.com

ရဖို့တော့ မလွယ်တော့ဘူးတဲ့ ဟောတယ်။ ဟုတ်တယ် ဆရာ၊ မရတော့ဘူး'

'ခင်ဗျားဗျာ··လိမ်သွားပါပြီဆိုမှတော့ ဘယ်လိုလုပ်ပြီး ပြန်ရနိုင်ပါတော့မလဲ။ စဉ်းစားပဲကြည့်ပါဦး' လို့ ရယ်ချင်စိတ်ကိုထိန်းပြီး ပြောလိုက်ရပါတယ်။

ကျွန်တော်ရော၊ အကြားအမြင်ဆရာမ ဆိုသူရော ဟောကိန်းတွေက တူနေတဲ့အတွက် သူသာမက ကျွန်တော့်မိတ်ဆွေ ပင်စင်စားဆရာကြီးပါ ပဟေဠိလို ဖြစ်နေဟန်တူပါတယ်။ ကျွန်တော်ကိုယ်တိုင်ဇာလည်း ဘာသင်္ချာဘာကိန်းဂဏန်းမှ ချမတွက်ဘဲ၊ မွေးသက္ကရာဇ်မမေးပါဘဲ၊ ယုတ်စွအဆုံး ဘောပင်နဲ့တောင် မကိုင်ဘဲ ပြောနေတာကိုး။

'ခင်ဗျားက ဉာဏ်တော့ ကောင်းပါတယ်။ ဒါပေမဲ့ ပညာကို အပင်ပန်းခံ အောက်ကျခံပြီးမှ တတ်ခဲ့ရ၊ ယူခဲ့ရတယ်။ အဲဒီရယူခဲ့တဲ့ပညာကို အသုံးချပြီး စီးပွားရှာတတ်သူ ဖြစ်တယ်။ အဲဒီလိုလေးများ အကြားအမြင်ဆရာမ ဟောတာထဲမှာ မပါဘူးလား။

'ပါတယ် ဆရာ၊ အဲဒါတွေလည်း အမှန်တွေချည်းပါပဲ။ ပြီးတော့ ကျွန်တော့်အိမ်ထောင်ရေးနဲ့ပတ်သက်လို့လည်း'

'ဟုတ်တယ်၊ ခင်ဗျားက အဆင့်အတန်း တူညီတဲ့ အိမ်ထောင်ဖက်ကို ရခဲ့တာပဲ။ အဲ··ဒါပေမဲ့ ခင်ဗျားဩဇာထက် သူ့ဩဇာက ပိုလွှမ်းနေမယ်။ ဆရာလုပ်တယ်မယ်။ ဒါပေမဲ့ စီးပွားရှာရာမှာတော့ ခင်ဗျားဇနီးက တက်ညီလက်ညီ စီးပွားတူတူရှာမှာပါ။ အင်း··ခင်ဗျားတို့ ရထားတဲ့ သားသမီးတွေကလည်း အလိမ္မာလေးတွေပါ။ မိဘစကား ကို နားထောင်ကြတဲ့ သားကောင်း သမီးကောင်းလေးတွေပါ။ ဟုတ်တယ် မဟုတ်လား'

သူ့အိမ်ထောင်ရေး အကြောင်းကို အကြားအမြင်ဆရာမ ဟောတာ သူ မပြောမီ ကျွန်တော်က အတင်းဝင်ပြီး ပြောလိုက်မိပါတယ်။ လူမှုရေးစည်းကမ်းအရ ကြည့်ရင်တော့ တစ်ဦးစကားမဆုံးမီ တစ်ဦးကဝင်ပြီး စကားပြောလိုက်တာဟာ အင်မတန်ရိုင်းပျတဲ့ အပြုအမူမျိုး ဖြစ်ပါတယ်။ ဒါပေမဲ့ အခုကိစ္စမှာတော့ အကြားအမြင်ဆရာမ ဟောချက်နဲ့ ကျွန်တော် ဘယ်လောက်ထပ်တူကျတယ်ဆိုတာ သိစေချင်တဲ့အတွက် သူ့စကားမဆုံးမီ အတင်းဝင်ပြောလိုက်မိခြင်း ဖြစ်ပါတယ်။ အဲဒီလို ဝင်ပြောလိုက်တဲ့အတွက်လည်း သူ့စိတ် ကသိကအောက်ဖြစ် မသွားဘဲ အံ့ဩမှုဒီဂရီစိတ်တွေသာ ယိုဖိတ်သွားမှာ သေချာပါတယ်။ ဒါကြောင့်လည်း သူက အံ့ဩတွေဝေစွာ ကျွန်တော့်ကို မေးလာပါတယ်။

'ဆရာကရော အကြားအမြင်လား ဆရာတဲ့' လေ

ကျွန်တော် ခေါင်းကို ဖြည်းညင်းစွာ ယမ်းပြရင်း ပြုံးနေလိုက်မိပါတယ်။ ကျွန်တော့်အပြုအမူကြောင့် သူ ပိုအံ့ဩသွားဟန်တူပါတယ်။ အကြားအမြင်မဟုတ်ပါဘဲ ဘာကြောင့် အကြားအမြင်ဆရာမနဲ့ ဟောချက်တွေ ထပ်တူနီးပါးမျှ ကိုက်ညီနေရသလဲပေါ့။ ကျွန်တော့်မိတ်ဆွေ ပင်စင်စား ကျောင်းအုပ်ကြီးကလည်း မျက်လုံးပုတ်ခတ် ပုတ်ခတ်လုပ်ရင်း ကျွန်တော့်ကို ပြုံးပြုံးကြီး ကြည့်နေပါတယ်။

ကျွန်တော်ပြောမှ ဖြစ်တော့မယ်။ မပြောပြရင် တောင်ထင်မြောက်ထင်နဲ့ မြန်မာ့ဗေဒင်ကို ဖျက်ဆီးခံရတော့မယ်။ ရှေးဘိုးဘေးဘီဘင်တို့ တီထွင်ခဲ့ကြတဲ့ မြန်မာ့ဗေဒင်ပညာ စစ်စစ်ကို ဘယ်ပုဂ္ဂိုလ် ခတ်ကိန်းပြီး ဟောသလိုလို ဘယ်မဟိဒ္ဓိပညာရှင်၊ သိဒ္ဓိရှင်ကပဲ အကြားအမြင်ပေးထားသလိုလို ဖြစ်ကုန်ကြတော့မယ်။ ဒီတော့ ကျွန်တော်ရှင်းမှ ဖြစ်တော့မယ်။ ဒီဆောင်းပါးကို ယခုဖတ်နေသူကိုယ်တိုင် လည်း ဘာပညာလဲဟ။ ခေါင်းစွဲလား၊ နတ်ပူးလား၊ ရက္ခစိုးမှော်လား စသဖြင့် ထင်ယောင်ထင်မှား ဖြစ်နေနိုင် ပါတယ်။ ဒီတော့ ရှင်းပြမှ ဖြစ်တော့မယ်ပေါ့။

ဧည့်စိမ်းရဲ့ နာမည်က ဦးထွန်းရီပါ။ ကျွန်တော့်မိတ်ဆွေ ပင်စင်စားကျောင်းအုပ်ဆရာကြီး မိတ်ဆက်ပေးစဉ်က သူ့နာမည်ကို သိလိုက်ရပါတယ်။ အဲဒီ ဦးထွန်းရီ ကိုယ်တိုင် မှုံရွာက အကြားအမြင်ဆရာမအကြောင်း ပြောပြစဉ်က မွေးသက္ကရာဇ်မမေး၊ ကိန်းဂဏန်းသင်္ချာ လုံးဝ မချ။ နာမည်ဘယ်လိုခေါ်လဲ မေးရုံနဲ့ ဟောဟောဒိုင်းဒိုင်း ဟောတယ်လို့ ပါဝင်တဲ့အတွက် နာမက္ခရဗေဒင်ပညာ ဆိုတာ ကျွန်တော် သိလိုက်ပြီး ဖြစ်ပါတယ်။

နာမက္ခရနာမည် ဗေဒင်နည်းပညာ အမြောက်အမြား ထဲက တံခွန်၊ မင်းရာဇာ (သို့မဟုတ်) အနိုး၊ သီဟရာဇာ ခွေး၊ နွား၊ မြင်း၊ ဆင်၊ ကျီး၊ လင်းတ ဟောနည်းဆိုတာ ရှိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒါကြောင့်မို့ ဒီနည်းဟုတ်၊မဟုတ် သိလိုတဲ့အတွက် ဦးထွန်းရီကို-

'အဲဒီအကြားအမြင်ဗေဒင်ဆရာမ ဟောလိုက်တဲ့ အချက်တွေထဲမှာ မိတ်ဆွေဟာ သူတစ်ပါးအကျိုးကို အား သွန်ခွန်စိုက် ဆောင်ရွက်လုပ်ကိုင်ပေးတတ်ပေမယ့် အဲဒီ ဆောင်ရွက်အပေါ်မှာ အခွင့်အရေးမယူတတ်တဲ့ 'လူစား မျိုးများ ပါသလား' လို့ စကားတောက်ကြည့်ပိုက်ပါ တယ်။

ဦးထွန်းရီက ပါကြောင်း ဝန်ခံလိုက်တဲ့အတွက် နာမက္ခရဗေဒင်(၈)မျိုး အဟောဆိုတာ သေချာသွားပါ တယ်။

နာမက္ခရဗေဒင်(၈)မျိုး သေချာတဲ့အတွက် ဦးထွန်းရီ ဟာ (အခိုး) သို့မဟုတ် (မင်းရာဇာ) ပါဝင်တယ်ဆိုတာ လည်း ကျွန်တော်သိလိုက်ပြီး ဖြစ်ပါတယ်။ ဒါကြောင့် (အခိုး) သို့မဟုတ် (မင်းရာဇာ) ဟောနည်းကို ကျွန်တော် ဟောပြောပြလိုက်တာပါ။ သိရင် ဘာမှဆန်းကြယ်တဲ့ကိစ္စ မဟုတ်သလို အများထင်မြင်နေကြသလို အကြားအမြင် ပညာလည်း မဟုတ်ပါဘူး။ ဒါကြောင့်မို့ ကျွန်တော့်မိတ် ဆွေ အငြိမ်းစားကျောင်းအုပ်ဆရာကြီးနဲ့ ဦးထွန်းရီသိဖို့ ဟာအကြားအမြင်မှ မဟုတ်ရပါဘူးဗျာ။ ကျွန်တော်တို့ရဲ့ ဘိုးဘွားဘီဘင် ရှေးပညာရှင်ကြီးတွေ ရှာဖွေစူးစမ်း တီ ထွင်ပေးသွားခဲ့ကြတဲ့ နာမည်ကို ဟောတဲ့ ပညာရပ်ပါ။ လည်မဝယ်သေးတဲ့ ဗေဒင်ဆရာ အမည်ခံတွေကတော့ နည်းနည်းပါးပါး ချွတ်ယွက်မှ ဒီအဖြေရမှာဖြစ်ပေမယ့် လူ ညွှန်လည်တဲ့ ဗေဒင်ဆရာ၊ ဗေဒင်ဆရာမ အမည်ခံတွေက တော့ စိတ်တွက်နဲ့တွက်ပြီး အဖြေထုတ်တာပေါ့။

လူတစ်ယောက်မှာ နာမည်ရှိတယ်။ အဲဒီနာမည်မှာ ဆည့်သွင်းမှည့်ခေါ်ထားတဲ့ အက္ခရာနဲ့အလိုက် တန်ဖိုး ဂဏန်းတွေရှိတယ်။ အဲဒီတန်ဖိုးဂဏန်းတွေကိုပေါင်းပြီး ပေါင်းကိန်းကို (၈)နဲ့ စားလိုက်ရင် ရလာတဲ့အဖြေဟာ ကံခွန်လား၊ အခိုးလား၊ ခြသေ့်လား၊ ခွေးလား စသဖြင့် ပေါ်လာတယ်။

ဥပမာ-အခု ဦးထွန်းရီဆိုရင် (ထွန်း)ရဲ့ ဂဏန်းတန်ဖိုး က (၇)၊ (ရီ)ရဲ့ ဂဏန်းတန်ဖိုးက (၃) ပေါင်းလိုက်ရင် (၁၀)ရတယ်။ အဲဒီ(၁၀)ကို (၈)နဲ့စားရင် (၂)ကြွင်းရော။ (၂)ကြွင်းတော့ အခိုး သို့မဟုတ် မင်းရာဇာပေါ့။ သူ့အမျိုး အစားနဲ့သူ့ ဟောကိန်းတွေ အသီးသီးရှိတယ်လေ။ အဲဒီ ဟောကိန်းတွေအရ ဦးထွန်းရီကို ကျွန်တော် ဟောပြော ပြခဲ့တာပါ။ ဘယ်ပုဂ္ဂိုလ်ကမှ အကြားအမြင်ပေးလာတာ မဟုတ်ပါဘူး။ ဒါလောက်ဆိုရင် ရှင်းမှာပါ။

ကျွန်တော့်စကားဆုံးတော့ နှစ်ဦးသားလုံး အပြုံး မျက်နှာတွေနဲ့ ဖြစ်သွားကြပါတယ်။ အဲဒီအပြုံးတွေဟာ မြန်မာ့ဗေဒင်လောကစစ်စစ်ကို သဘောကျနှစ်မြို့က်သွား ကြတဲ့ အပြုံးတွေပဲ ဖြစ်ပါတယ်။ သဘောပေါက်နားလည် လက်ခံသွားတဲ့ အပြုံးတွေပဲ ဖြစ်ပါတယ်။ တစ်နည်းအား ဖြင့် လူသာ[illegible] အထင်ကြီးနေတဲ့ အကြားအမြင်ဆိုတာ သိဒ္ဓိပည[illegible]ာရှင် အစွမ်းမဟုတ်ဘဲ မြန်မာ့ ရိုးရာ ဗေဒင်ပည[illegible] အတွေးအခေါ်ပညာ၊ အတွက် အချက်ပညာသာဖြစ်ကြောင်း နားလည်သွားကြတဲ့ အပြုံး တွေပဲ ဖြစ်ကြမှာပါ။

ဘာပဲဖြစ်ဖြစ် ရိုးသားသန့်စင်တဲ့ ဗေဒင်မေးပရိသတ် အပေါ်မှာ မရိုးမသား ဟိတ်ကြီးဟန်ကြီးတွေနဲ့ ဘယ် ပုဂ္ဂိုလ်ဓာတ်ကိန်းလို့၊ ဘယ်ပုဂ္ဂိုလ်စောင့်ရှောက်လို့ အကြား အမြင်ရ ဗေဒင်ဆရာ၊ဆရာမတွေရဲ့ လျှို့ဝှက်ဖုံးတစ်ချပ်ကို ဖွင့်ခနဲ မြင်သွားကြရင်ကို ကျွန်တော် ဖော်ထုတ်ရကျိုးနပ် လှပါပြီ။ ထိုထိုသော အကြားအမြင်ရဆိုသော ပုဂ္ဂိုလ်များ ကမူ ငွေစုမျက်စောင်းထိုးလာကြမည်ကိုလည်း ကေန်စဝ ဖြစ်ပါသည်။ ကျွန်တော် ကျေနပ်စွာ ခံယူရဲပါတယ်။

အကယ်တန္တ အမှန်အကန် အကြားအမြင်ရနေကြ သူ ဖြစ်ပါအံ့၊ လူတစ်ယောက် ဉာဏ်ပူဇော်ခ (၅၀၀၀) ကျပ်၊ (၁၀၀၀၀)ကျပ် ဗေဒင်ဟောခလေးကို မက်မော မနေဘဲ နိုင်ငံတော်အစိုးရသိန်းထီမှ အမြင့်ဆုံးဆုငွေ နှစ်မျိုး လောက်ကို လစဉ်လတိုင်း အက္ခရာဂဏန်း ကွက်တိထိုး ယူကြပါ။ ခုနစ်နေ့သားသမီးများကို ကူညီသောအားဖြင့် လည်း အမှန်တကယ် ဆုကြီးဝင်မည့် အက္ခရာဂဏန်း များကို ချီးမြှင့်ပေးကြပါလို့ပဲ မေတ္တာရပ်ခံချင်ပါတယ်။

ဗေဒင်ဝါသနာရှင်များအနေနဲ့လည်း ထိုအကြားအမြင် ပုဂ္ဂိုလ်အား တွေ့ကြုံဆုံစည်းခွင့်ရပါက ထီဆုကြီးအက္ခရာ နှင့် ဂဏန်းကိုသာ အမိအရတောင်းခံကြပါဟူ၍ တိုက် တွန်းလိုက်ရပါကြောင်းခင်ဗျား။

ပညာရှင်အပေါင်းကို မညှောင်းသောဂါရဝဖြင့်

မင်းနေထွန်း(ကင်္ဘာလှ)

www.burmeseclassic.com

www.burmeseclassic.com



# ပူတယ်လေ ဆယ်နွေကဲ တောယုနန္ဒာ (မေ့ရင်ခွင်)

ယခုနှစ်နွေသည် ကုန်လွန်ခဲ့ပြီးသော နွေများနှင့်မတူ အောင် ပူပြင်းလေသည်။ အယ်လ်နီညို၏ သက်ရောက် မှုက သက်ရှိသတ္တဝါများသာမက အပင်ကြီး၊ အပင်ငယ် များလည်း ခံစားကြရသည်။ ပူလိုက်သည်မှာ ခံစားရသူ တို့ ပင်ပန်းသည်ထက် ပိုကဲ၍ နွမ်းကြလေသည်ပေါ့။ လေအေးစက်၊ လေပန်ကာ၊ ရေပန်ကာ စသည်ဖြင့် နာ မည်အမျိုးမျိုးတပ်သော လူသုံးပစ္စည်းမျိုးစုံတို့သည် အပူ ဒဏ်ကို သက်သာစေရန် ဖန်တီးပေးကြသည်။ သို့သော် ခလုတ်ပိတ်လိုက်သည်နှင့် ပူပြန်ပါရော။ မည်သို့မျှမတတ် နိုင်။ နံနက်မိုးလင်း နေထွက်သည်နှင့် စ၍ပူသော အပူ သည် နံနက် ရှစ်နာရီ၊ ကိုးနာရီခန့်တွင် အတော်ပူလေပြီ။ ထိုအပူတို့ထက် ပူသောအပူကို ရင်ဝယ်ပိုက်၍ သဘာဝ အပူဒဏ်ကို ထီးမိုးပြီး မသာယာသော မျက်နှာဖြင့် စာ

ရေးသူ၏ အမည်ကို မေး၍ အိမ်တွင်းသို့ ဝင်ရောက်လာ သော အမျိုးသမီးကြီးတစ်ဦးကို တွေ့ရလေသည်။

မိတ်ဆွေတစ်ဦးက ညွှန်ပြလိုက်သဖြင့် ဆရာမနှင့် တိုင်ပင်ချင်လို့ပါဟု ဆိုပြန်ပါသည်။

စာရေးသူလည်း နေရာထိုင်ခင်းပေးပြီး သောက်ရေ တစ်ခွက်၊ အအေးတစ်ခွက်ဖြင့် ဧည့်ဝတ်ပြု၍ အအော စေပါသည်။

အမောပြေသောအခါ "သားသမီးအတွက် ပူရတဲ့အ

www.burmeseclassic.com

များ ဘာနဲ့ နှိုင်းယှဉ်ရမှန်းတောင် မသိတော့ပါဘူး ဆရာမ ရယ်'ဟု အစချီကာ ရင်ထဲက· အပူများကို အပြင်သို့ စီးဆင်းစေပါတော့သည်။

သူမ၏ အပူစီးကြောင်းကို ပြန်ပြောပြရပါလျှင် အမျိုး သမီးကြီး၏ အမည်မှာ ဒေါ်ကြည်ကြည်၊ ခင်ပွန်းသည်က ဦးအောင်မောင်၊ သားသမီးငါးယောက် မွေးဖွားသန့်စင်ထား သည်။ အကြီးဆုံးက သားယောက်ျားဖြစ်၍ ကျန်လေးဦး မှာ မိန်းကလေးများ ဖြစ်ကြသည်။ သားယောက်ျားလေး က အိမ်ထောင်ကျပြီး ယောက္ခမများနှင့် နေထိုင်သည်။ အိမ်၌ သမီးမိန်းကလေးများသာ ကျန်သည်။

အကြီးဆုံး မိန်းကလေးက ပညာရေးတွင် စိတ်မဝင် စားသဖြင့် ဆယ်တန်း တစ်ခါကျဖြင့် ပညာရေးပြီးဆုံးပြီး အိမ်မှုကိစ္စဖြင့်သာ အချိန်ကုန်လေသည်။ နောက်တစ်ဦးက အဆေးသင်ဖြင့် ကျောင်းပြီး၍ ကုမ္ပဏီတစ်ခုတွင် အလုပ် ဝင်နေသည်။ နံပါတ်သုံးသမီးက ကျောင်းပြီးရန် တစ်နှစ် လိုသေးသည်။ အငယ်ဆုံးက ဆယ်တန်းအောင်ပြီး ပထမ နှစ် တက်နေသည်။ ပြဿနာက ထိုအငယ်ဆုံး သမီးမိန်း ကလေး ဖြစ်နေသည်။

ထိုမိန်းကလေးသည် အထက်တန်းကျောင်းသူ ဘဝ ကတည်း သူမ၏ အသက်နှင့် မတိမ်းမယိမ်းကွာသော အတန်း ဖော် ကောင်လေးတစ်ဦးနှင့် ချစ်ကြိုက်သည်။ ထိုကောင် လေးသည် ရုပ်ကလေး ချောသည်။ မိဘက အသင့်အတင့် ချမ်းသာသည်။ သို့သော် ပညာရေး၌ ညံ့သည်။ မိဘအလို လိုက် ခံရသော သားသမီးတို့၏ ထုံးစံအရ လိုချင်သမျှ အကုန်ရသည်။ အောင်စာရင်း ထွက်သောအခါ မိန်း ကလေးက အောင်မြင်၍ ယောက်ျားလေးက ကျရှုံးသည်။ တက္ကသိုလ်သို့ မိန်းကလေးက တက်ရောက်ခွင့် ရရှိသွား သည်။

တက္ကသိုလ်တက်ခွင့် ရသွားသော မိန်းကလေးအား ယောက်ျားလေးက စိတ်မချဟုဆိုကာ ခိုးရာလိုက်ပြေး ရန် တောင်းဆိုသည်။ မိန်းကလေးက ငြင်းဆန်သည်။ ယောက်ျားလေးကလည်း ဖွဲ့မလျှော့ အတင်းတောင်းဆို သည်။ နောက်ဆုံးတွင် နှစ်ဦးသဘောတူ တရားရုံး၌ စာချုပ်တဆိတ် လက်မှတ်ရေးထိုး လက်ထပ်ရန် သဘော တူလိုက်လေသည်။

ထိုအကြောင်းကို သိရှိသွားသော အစ်မဖြစ်သူက အိမ်ကို ပြန်ပြောသည်။ မိဘ၊ အစ်ကို၊ အစ်မများက ဆူပူကြိမ်းမောင်းကြသည်။ တားမြစ်ကြသည်။ အစ်ကိုက ထိုးကြိတ်သည်။ အစ်မများက ဆူပူသည်။ အဖေဖြစ်သူက ရှက်လှချည်ရဲ့ဟု ဆိုသည်။ အမေဖြစ်သူက ငိုသည်။ မျက်ရည်များဖြင့် သမီးကို တားသည်။

အိမ်ထောင်တစ်ခု ထူထောင်ရန် အဆင်သင့်မဖြစ် ကြသေးကြောင်း၊ ယောက်ျားလေးရော မိန်းကလေးပါ အသက်အရွယ် ငယ်ကြသေးသဖြင့် အိမ်ထောင်ပြုရန် စောသေးကြောင်း၊ အသက်အရွယ်ရလာလျှင် ခွင့်ပြုမည် ဖြစ်ကြောင်း ငိုတစ်လှည့်၊ ချော့တစ်လှည့်ဖြင့် သမီးကို တားသည်။ သို့သော် အလွန်မိုက်သော သမီးက သမီး ထိုက်နှင့် သမီးကံသာ ရှိပါစေဟု ပြန်ဖြေလေသည်။

နောက်တစ်နေ့ ကျောင်းသွားခါနီး အမေဖြစ်သူက စောစောပြန်ခဲ့နော် သမီးဟု မှာကြားလိုက်သော်လည်း ထိုနေ့တွင် မိန်းကလေး အိမ်သို့ ပြန်မလာတော့ဘဲ ချစ်သူ နောက် လိုက်ပြေးသွားတော့သည်။

ဤသည်ကား ဒေါ်ကြည်ကြည်၏ အပူစီးကြောင်း ပင် ဖြစ်သည်။ ဘာလုပ်ရမှန်း မသိ၍ စာရေးသူထံ ရောက် လာခြင်း ဖြစ်လေသည်။

စာရေးသူက မိန်းကလေး၏ မွေးနေ့သက္ကရာဇ်ကို တတ်သိသမျှ ဗေဒင်ပညာဖြင့် ဆန်းစစ်ကြည့်မိလေသည်။ ထို့နောက် ဒေါ်ကြည်ကြည်အား ဘာလုပ်ချင်ပါသလဲဟု မေးရာ မိခင်တစ်ယောက်၏ ယူကျုံးမရ၊ နာမြော်တ,သ ဖြစ်ခြင်းတို့ကြောင့် သမီးငယ် ပြန်လာစေချင်သည်။ ပြန် လာအောင် လုပ်ပေးပါဟု ဆိုသည်။ ကွဲသွားသော ဖန် ခွက်သည် ပြန်ဆက်၍ မရသကဲ့သို့ လွန်သွားပြီးသော ကိစ္စသည် မူလအတိုင်း ပြန်မဖြစ်နိုင်တော့ပါ။ ထိုသဘော တရားကို လက်ခံရန် ဒေါ်ကြည်ကြည်အား နားချရပါ သည်။ မိန်းကလေးအား ပြန်လာရန် ပြုလုပ်ခြင်းသည် မလုပ်စကောင်း၊ မိဘအသိုက်အမြုံကို စွန့်ခွာ၍ ကိုယ်ပိုင် အသိုက်အမြုံ ထူထောင်သွားသော မိန်းကလေးအား ပြန် လာစေခြင်းသည် သူတို့၏ အသိုက်အမြုံကို ဖျက်ဆီးခြင်း ဖြစ်သည်။ မလုပ်သင့်ပါဟု ဖျောင်းဖျရပါသည်။ သမီးနှင့် သမက်အား ပြန်လည်လက်ခံ အသိအမှတ်ပြုပေးပြီး နှစ် ဖက်မိဘများက ထိန်းသိမ်းစောင့်ရှောက်ပေးခြင်းသည်သာ အကောင်းဆုံးဖြစ်ကြောင်း ပြောပြရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

လူငယ်နှစ်ဦးအတွက် လိုအပ်သော အဆောင်ယတြာများ ပေးကာ မိဘတို့က ခွင့်လွှတ်၍ အိုအောင်မင်းအောင် ပေါင်းရစေရန် ဆုတောင်းပေးကြပါဟု မှာလိုက်ရလေသည်။

ဒေါ်ကြည်ကြည် ပြန်သွားသော် သူမ၏ အပူစီးကြောင်း အရှိန်သည် စာရေးသူအား ထင်ဟပ်လာပါတော့သည်။

လူငယ်နှစ်ယောက်၏ ဇာတာခွင်သည် စိတ်ချရသော ဇာတာခွင် မဟုတ်ပေ။ မိန်းကလေး၏ ဇာတာခွင်တွင် ယောကျ်ားလေးသည် မရဏတွင် တည်ရှိ၍ ယောကျ်ားလေး၏ ဇာတာခွင်တွင် မိန်းကလေးသည် ဘင်္ဂတွင် ရှိနေသည်။ ယောကျ်ားလေးသည် တနင်္ဂနွေသား ပုတိဖွား ဖြစ်သည်။

| | | |
|---|---|---|
| | ၄ | |
| ၆ | ၂ | ၅ |
| ၃ | ၀ | (၁) |

**တနင်္ဂနွေသား ပုတိဖွား**

| | | |
|---|---|---|
| | ၂ | |
| ၄ | (၀) | ၃ |
| ၁ | ၅ | ၆ |

**စနေသမီး သိုက်ဖွား**

ထို့ထက်ပိုဆိုးသည်မှာ မိန်းကလေးသည် (၅)ကြွင်းဖွား စနေသမီး ဖြစ်နေသည်။ ထိုမိန်းကလေးသည် မိမိ၏ မရဏတွင်ရှိသော တနင်္ဂနွေသားကို ယူသည့်အတွက် သူမ၏ အနာဂတ်အတွက် ရင်လေးမိပါသည်။ သို့အတွက် သူမတို့လင်မယား အိုအောင်မင်းအောင်ပေါင်းရရန် ရည်ရွယ်၍ ဘုရားယတြာ ပြုလုပ်သင့်ကြောင်းနှင့် ပြုလုပ်နိုင်ရန်ကို ပြောပြလိုက်သည်။

(၅)ကြွင်းအမျိုးသမီး မိန်းကလေးများသည် ဆယ်ကျော်သက် အရွယ်တွင် အိမ်ထောင်ကျတတ်ကြသည်။ အိမ်ထောင်စောစော ကျတတ်၍ အိမ်ထောင်မတည်မြဲတတ်ပေ။ အိမ်ထောင်ဆက် များတတ်သည်။ သို့သော် ဂုရုဖွားသည် ဂုရုရုပ်ရည် ပီသခြင်း၊ အင်္ဂါဖွားသည် အင်္ဂါရုပ်ရည် ပီသခြင်းတို့ ဖြစ်ခဲ့ပါမူ အိမ်ထောင်ရေး နိုင်မြဲမှုအတွက် မျှော်လင့်ချက်ရှိပေသည်။ အထွန်းနေရာတွင်ရှိသော နေ့နံသားဖြစ်သည့် ဗုဒ္ဓဟူးသား မိမိထက် အသက်အနည်းငယ်ကြီးသူ ဖြစ်ခဲ့လျှင်သော်လည်းကောင်း ရာဇဖွား အင်္ဂါသားဖြစ်၍ ငယ်ရွယ်စဉ် အိမ်ထောင်ကျခဲ့သော်လည်း အိမ်ထောင်ရေးခိုင်မြဲတတ်သည်။ အဓိပတိတွင်ရှိသော တနင်္လာသားနှင့် အိမ်ထောင်ကျခဲ့သော် ခွဲနေရတတ်သော်လည်း စီးပွားတက်၍ ဘဝတွင် အနေလှပတတ်သည်။

(၅)ကြွင်းအမျိုးသမီးငယ်များသည် ဆယ်ကျော်သက် အရွယ်၌ ရှိသောအချိန်တွင် မိမိ၏အသက်နှင့် ရွယ်တူဖြစ်သော တနင်္ဂနွေသား၊ ကြာသပတေးသား၊ သောကြာသားများနှင့် အိမ်ထောင်ကျခဲ့လျှင် အိမ်ထောင်ရေးရေရှည်ခိုင်မြဲဖို့ မသေချာလှပေ။ (၅)ကြွင်းဖွား မိန်းကလေးများအတွက် (၂၆)နှစ်နှင့် (၂၈)နှစ်တွင် အိမ်ထောင်ကျက် ပေါ်ပြီး အထက်က ပြောပြခဲ့သည့် ဗုဒ္ဓဟူးသား၊ တနင်္လာသား အင်္ဂါသားများ ဖြစ်ခဲ့လျှင် လွန်စွာတင့်တယ်သော အိမ်ထောင်ရရှိတတ်သည်။ ထိုသို့မဟုတ်၍ အိမ်ထောင်မကျဖြစ်ခဲ့သော် အပျိုကြီးအဖြစ် နေထိုင်ရတတ်သည်။ ထိုကဲ့သို့ ဖြစ်ခဲ့လျှင် မိသားစု၏ တာဝန်ကို ယူရသည်က များသည်။ မိသားစုများသည် မိမိကို မှီခိုကြရသည်။ အကြောင်းအမျိုးမျိုးဖြင့် အားကိုးကြသည်။

တစ်ဖန် အသက်(၄၀)ပတ်ဝန်းကျင်ခန့်တွင် အချို့အတွက် ကံဇာတာတက်၍ ချစ်သူခင်သူ ပေါ်လာ၍ အိမ်ထောင်ကျက် ပေါ်လာပြန်သည်။ ထိုသို့ကြုံခဲ့သော် မိမိထက် ငယ်ရွယ်သူများ၊ အိမ်ထောင်ပျက်များ၊ မုဆိုးဖိုများနှင့် တွေ့ကြုံရတတ်သည်။ အိမ်ထောင်ရှိသူ၏ နှောင့်ယှက်ခြင်းကိုလည်း ခံရတတ်သည်။

ထိုသို့သော အကြောင်းအရာများကို ချင့်တွက်၍



www.burmeseclassic.com

www.burmeseclassic.com

ခါကြည်ကြည်၏ သမီးငယ်ကလေးအတွက် စိတ်ပူပန်သည်။ အိမ်ထောင်ဦးတွင် မိဘများ မျက်ရည်ကျ ပူဆွေးခဲ့ရခြင်းသည် မကောင်းပေ။ မိဘမျက်ရည်ဖြင့် ထူထောင်သော အိမ်ထောင်သည် ဒုက္ခများတတ်သည်ဟု လူကြီးသူမများ ပြောခဲ့ဖူးသည်ကိုလည်း အမှတ်ရမိသည်။ မိဘမျက်ရည်ဟု ဆိုရာတွင် ဝမ်းသာပီတိဖြင့် ကျသော မျက်ရည်ကို မဆိုလိုပေ။ ယခုအဖြစ်အပျက်တွင် မိန်းကလေး၏ မိခင်သည် ပူဆွေးသောကဖြင့် ကျခဲ့သော မျက်ရည်ဖြစ်၍ မိန်းကလေးအတွက် မကောင်းပေ။ ဘုရား၊ တရား မမြဲ၍ ကုသိုလ်ကံ အားနည်းချိန်တွင် ဆိုးဝဲ ပူဆွေးစရာများ ကြုံရပေတော့မည်။

ကြုံဖူးသော (၅)ကြွင်းအမျိုးသမီးတစ်ယောက်သည် ငယ်ရွယ်စဉ်ကာလ၌ အိမ်ထောင်မကျခဲ့ပါ။ အလုပ်အကိုင်များလည်း အဆင်ပြေချောမွေ့ပါသည်။ အပျိုကြီးဖြစ်၍ မိသားစုတာဝန်ကို အများဆုံး ယူရသည်။ တစ်ဦးတည်းသော အစ်မကမွေးသော တူ၊ တူမများအတွက် မိခင်ထက် ပို၍တာဝန်ယူရသည်။ အစ်မလင်မယားသည် မည်သည့်အလုပ်မှ မည်မည်ရရမရှိဘဲ ညီမကိုသာ မှီခိုနေသည်။ အသက်ဆယ်ကျော်၌ ပတ်ဝန်းကျင်တွင် အိမ်ထောင်ရှိ အမျိုးသား တစ်ဦး၏ နှောင့်ယှက်ခြင်းကို များစွာခံရသည်။ ထိုအိမ်ထောင်ရှိ အမျိုးသားသည် ရပ်ဆွေရပ်မျိုး တစ်ရုံးတည်း အတူလုပ်နေသော အိမ်ထောင်သည် ဖြစ်သည်။ ပိုးဆင်းရဲခြင်းကို လွန်စွာခံစားရသည်။ မခံမရပ်နိုင်သည့် အဆုံးတွင် ရုံးမှ အထက်လူကြီးများအား တိုင်ကြားသောအခါ ထိုအမျိုးသား နယ်ပြောင်းခံရပြီးမှ အေးငြိမ်းသွားတော့သည်။

(၅)ကြွင်းသမားများသည် အများအားဖြင့် အိမ်ထောင်စောစောကျတတ်ပြီး အိမ်ထောင်ဆက်များသူများ အဖြစ် တွေ့ရှိရသလို အပျိုကြီးဘဝဖြင့် မိသားစု၏ အားကိုးအားထားပြု ခံရသူများအဖြစ်လည်း တွေ့ရှိရတတ်သည်။ (၅)ကြွင်းသမား အများစုသည် ပညာရေးအတွက် ဆိုရလျှင် ဉာဏ်ကောင်းကြသည့်သူများ ဖြစ်သည်။ သို့သော်လည်း ကြိုးစားလျှင် များများရတတ်သူများ ဖြစ်သည်။ သို့သော် ထိုသူတို့ကိုယ်တိုင် ကြိုးစားအားထုတ်လိုမှု အားနည်းကြသည်။ ပင်ကိုစိတ်၏ ကြိုးစားအားထုတ်မှု လွန်စွာမှသာ ပညာရေးနှင့်ပတ်သက်ပြီး အထက်သို့ ရောက်



ကြသည်။ အများစုသည် ငယ်စဉ်က ဖခင်နှင့် ခွဲနေရတတ်သည်။ ဖခင်၏ ပြုစုယုယမှုကို မခံကြရပေ။

(၅)ကြွင်းသမား အများစုသည် မိသားစုအတွင်းတွင်လည်း စကားအပြောအဆို အဆင်မပြေမှုများ မကြာခဏ ကြုံတွေ့ရတတ်သည်။ (၅)ကြွင်းသမားများ၏ စိတ်သောကပေးဒဏ်ကို ၎င်း၏ မိသားစုသည် များစွာခံရတတ်သည်။ သို့သော် (၅)ကြွင်းသမားများသည် မိသားစုကို ချစ်သောစိတ်၊ တာဝန်ယူလိုသောစိတ်သည် လွန်စွာပြင်းထန်သည်။ ထိုအတူ (၅)ကြွင်းသမားအ များစုသည် မျက်စိမကောင်းတတ်ကြပေ။

(၅)ကြွင်းသမားများကို ဆယ်ကျော်သက်အရွယ်တွင် ဆုံးမရခြင်းမှာ နာခံတတ်မှု နည်းပါး၍ ငယ်စဉ်ကပင် မိခင်က (၅)ကြွင်းသားသမီးတို့ကို ရင်ခွင်တွင်ထည့်၍ အကောင်းအဆိုးကို နားလည်အောင် ပြောပြထားရမည်။ (၅)ကြွင်းသားသမီးတို့တွင် တနင်္ဂနွေသားသမီးမှအပ ကျန် နေ့သားသမီးများသည် မိခင်၏ စကားကို နားထောင်လွယ်ကြသည်။ အစပိုင်းတွင် ခေါင်းညိတ်နားထောင်ဖို့ ခက်ခဲသော်လည်း အမိစကားသည် ဖခင်စကားထက် ပို၍ နားထောင်တတ်ကြသည်။

လူလတ်ပိုင်းတွင် မိမိထက်ငယ်သော တစ်ခုလပ်၊ မုဆိုးဖို၊ အိမ်ထောင်ရှိသူများ၏ ကမ်းလှမ်းမှုများ တွေ့ကြုံရတတ်သဖြင့် (၅)ကြွင်းသမားများသည် အထက်ပါ အချက်များကို မမေ့မလျော့ ဂရုစိုက်သင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

(၇)နေ့သားသမီးများ ကျက်သရေတိုး၍ ရောဂါကင်းရှင်းကြပါစေ။

မေတ္တာဖြင့်

စောယုနန္ဒာ(ရောင်ခွင်)

www.burmeseclassic.com

www.burmeseclassic.com

# ဟန်ဆောင်မာယာ အချစ်များ

ကြည်ဝင်း(ဟာသီတာ)

ဤကမ္ဘာလောကကြီးထဲ၌ အပြင်ပန်းမှ အမြင်အားဖြင့် သာယာချမ်းမြေ့သည်ဟု ထင်ရသော အိမ်ထောင်ရှင် အမြောက်အမြားရှိကြ၏။ မှန်ပေ၏။ ရိုးရိုးသာမန်အမြင်အားဖြင့် မျက်မှောက်တွင် တွေ့ကြုံနေရသည်တို့ကို မစဉ်းစားဘဲ ဟိုမောင်နဲ့မယ် (သို့မဟုတ်) ဦးနဲ့အဒေါ်တို့ကတော့ စံပြစုံတွဲတွေပဲ။ စကားများ ရန်ဖြစ်တာလည်း မကြားဖူးဘူး။ အတော့်ကို သာယာပျော်ရွှင်ကြမှာပဲနော်ဟု ပြောကြပေလိမ့်မည်။

သို့သော် ဤကဲ့သို့ ပြောဆိုကြခြင်းမှာ အပေါ်ယံရှေ့မှန်ကြီထားသည်ကိုသာကြည့်၍ ပြောဆိုကြခြင်းမျှသာ ဖြစ်၏။ ငွေကြေးဥစ္စာဓန ဖုံးလွှမ်းပြီး လက်ထပ်ထိမ်းမြားခဲ့ကြသော ငွေရှင်ကြေးရှင် အမျိုးသား၊ အမျိုးသမီးတို့၏ အသိုင်းအဝိုင်းတွင် မိမိတို့၏ ပင်ကိုခံစားချက်များကို ဖုံးကွယ်ထားပြီး အပေါ်ယံ အပြုံးပန်းပွင့်နေသူများ ဒုနှင့်ဒေး ရှိ၏။

ကျွန်ုပ်၏ လက္ခဏာဆွေးနွေးခန်းအတွင်း၌ မကြာခဏ အလှည့်အပတ် အကွေ့အကောက်များကို ဖော်ထုတ်နိုင်ခဲ့၍ ဖြစ်ရပ်မှန်များကို ဖွင့်ဟဝန်ခံခဲ့ကြရသည်ချည်းသာ ဖြစ်၏။

အချို့သော သူတို့က ရင်ဖွင့်လာကြသည်မှာ-

'ကိုင်ရို··ကျွန်တော့်အိမ်ထောင်ရေးဟာ မကောင်းဘူး ဆရာ။ ပျော်ရတယ်လို့ မရှိခဲ့ပါဘူး။ စိတ်ဆင်းရဲနေရပါတယ်။ ဒါပေမဲ့ ဆရာ့ကို ကျွန်တော့်အမျိုးသမီးအကြောင်း ပြောပြခွင့်ပြုပါလား ဆရာ။ ကျွန်တော့်ရင်ထဲမှာ ခံစားနေရတာတွေကို တင်ပြချင်လွန်းလို့ပါ။

ဒီလိုပါ ဆရာ။ ကျွန်တော့်ဇနီးဟာ မယားဝတ္တရားလည်း ကျေပါတယ်။ အိမ်ထောင်ကြီး တစ်ခုလုံးကိုလည်း ထိန်းသိမ်းနိုင်တဲ့ အရည်အချင်းရှိပါတယ်။ ဒါပေမဲ့ ကျွန်တော် သူ့ကို နည်းနည်းလေးမှ မချစ်ဘူး ဆရာ။ ပေါင်းသင်းနေရတာကိုက တစ်မျိုးကြီး။ ဆားမပါတဲ့ ဟင်းလို အရသာမရှိဘူး။ ကျွန်တော်ဟာ ဒီဘဝမှာ ဒီလိုပဲ နေရတော့မှာလား ဆိုတာကို သိပ်ပြီး သိချင်ပါတယ် ဆရာ'

ထိုကဲ့သို့ပင် မိန်းမများကလည်း ဆိုကြပြန်၏။

'ကျွန်မဘဝမှာ အိမ်ထောင်ပြုလိုက်တဲ့နေ့က စပြီး အချစ်ဆိုတာ မြေမြှုပ်စတေးလိုက်ရသလိုပါပဲ ဆရာရယ်။ ဒီတော့ ရှေ့မှာလည်း တစ်ရက်ပြီးတစ်ရက်၊ တစ်လပြီး တစ်လ အချိန်တွေသာ ကုန်သွားမယ်၊ ပျော်မယ်လို့ မထင်တော့ပါဘူးရှင်'

ယင်းပြဿနာမျိုးကို တင်ပြရန် အမျိုးသမီးများလည်း ကျွန်ုပ်ထံ ရောက်လာတတ်ပြန်၏။ အများအားဖြင့် ၎င်းတို့၏ ခင်ပွန်းသည်များ အငယ်အနှောင်းထားသည်ကို တစ်နည်းမဟုတ် တစ်နည်းဖြင့် သိရှိလာကြပြီးနောက်ဆုံး၌ ကွာရှင်းတတ်ကြလေသည်။

သာယာပျော်ရွှင်နေသည့် စုံတွဲတို့ကို ကြည့်၍ အိမ်ထောင်ပြုခြင်းအားဖြင့် ပျော်ရွှင်လိမ့်မည်ဟု မယူဆသင့်ပေ။ စုံတွဲအများစုတို့သည် စိတ်ဆင်းရဲမှုကို ခံစားနေကြသည်က များပေသည်။ ဤကဲ့သို့ဖြစ်ရခြင်း၏ အကြောင်းရင်းမှာ လက်ထပ်ကြမည့် ကျား၊ မ ဟူသည့် ပုဂ္ဂိုလ်တို့သည် လက်မလွန်မီ သိလျက်နှင့် မျက်စိမှိတ် ဖွတ်လုံးတတ်ကြ၍ ဖြစ်ကြပေသည်။

အချစ်၌ မျက်စိမရှိဟူသော စကားသည် အမှန်တရားကို လှစ်ဟပြနေ၏။ ထိုကဲ့သို့ပင် ကာမဂုဏ်ရမ္မက်ကလည်း မပြုလုပ်ထိုက်သော အချက်များကို ဖုံးလွှမ်း၍ မျက်ကွယ်ပြုတတ်ပေ၏။

ကျွန်ုပ်အနေဖြင့် ဟန်ဆောင်မာယာ အချစ်များ ကင်ပွန်းတပ်လိုသည့် နမူနာပေါင်းများစွာကို တွေ့ကြုံခဲ့ဖူး၏။ အပေါ်ယံတွင် ရှေ့မှန်ကြီထားသကဲ့သို့ အပြင်ပန်း အမြင်အားဖြင့် စံပြခင်ပွန်းကောင်း (သို့မဟုတ်) ဇနီးမယား တစ်ယောက်ဟု ထင်ရမည်ဖြစ်သော်လည်း အမှန်တရားကို ဖုံးကွယ်၍ အတွင်း၌ သပွတ်အူလိုက်ကာ နောက်ဆုံး၌ အများရှေ့မှောက်၌ ဘူးပေါ်သလို ပေါ်ပေါက်ခဲ့ကြရတာ ပေသည်။

www.burmeseclassic.com

ကြာသပတေးဂြိုဟ်ခုံပေါ်မှ အစပျိုးသည့် နှလုံးလမ်းကြောင်း ပိုင်ရှင်တို့သည် သံယောဇဉ်ထားမိသူများအပေါ်၌ မေတ္တာတရားအပြည့်အဝဖြင့် အသက်ကိုပင် စတေးရဲသည့် စိတ်ထားမျိုး ရှိကြ၏။


စနေဂြိုဟ်ခုံပေါ်မှ နှလုံးလမ်းကြောင်း အစပျိုးသည့် လမ်းကြောင်းပိုင်ရှင်တို့သည်ကား အထက်ပါအချည်အချင်းများနှင့် ဖီလာဆန့်ကျင်ဖြစ်ပြီး တစ်ကိုယ်ကောင်းဆန်တတ်၏။ မာန်ထောင်တတ်၏။ စံနမူနာတင်လောက်သည့် သံယောဇဉ်မျိုးလည်း မရှိပေ။

ဤအမှတ်အသားပါသည့် သူမျိုးအား ဇနီး (သို့မဟုတ်) ခင်ပွန်း တော်မိသူသည် အကုသိုလ်ဝင်သည်နှင့် တူလှ၏။ ဘယ်သူသေသေ ငတေမာပြီးရောဟု ဆိုသကဲ့သို့ ကိုယ်ကျိုးကိုသာ ကြည့်တတ်ပြီး ပဓ္စည်းဥစ္စာ မက်မောသည့် စိတ်ထားမျိုး ရှိ၏။

ပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင် စံပြအိမ်ထောင်သည် တစ်ယောက်ဟု ထင်လောက်အောင်လည်း ဟန်ဆောင်သည့်အပြုံးဖြင့် လှည့်စားတတ်၏။ သက်မဲ့အရာ၌ တစ်စုံတစ်ယောက် အားကျလောက်အောင် စပ်စပ်စုစု ပြောဆိုတတ်၏။

ဟန်ဆောင်မာယာများသော အချစ်များသည် အပြင်ပန်းအမြင်အားဖြင့် အစစအရာရာ အဆင်ပြေပြေဖြစ်သော်လည်း သွေးအေးအေးနှင့် ကိုယ်ကျိုးအတွက် ရှေးရှုတတ်သော နှလုံးသားပိုင်ရှင်တို့မှာ ယောကျ်ားသားများသာမက စနေဂြိုဟ်စိုးမိုးသည့် အမျိုးသမီးတို့သည်လည်း မကောင်းမှု အထွေထွေကို ပြုမူတတ်၏။

၄င်းတို့သည် မာယာတစ်သိန်း အပလိန်းအနန္တနှင့် လင်သားအပေါ်၌လည်းကောင်း၊ ချစ်သူအပေါ်၌လည်းကောင်း ကိုယ်ကျိုးကိုသာ ကြည့်ပြီး သစ္စာမဲ့တတ်၏။




နှလုံးလမ်းကြောင်းသည် လက်ခလယ်အောက် စနေဂြိုဟ်ခုံပေါ်မှ အစပြုနေပါမူ ၄င်းပုဂ္ဂိုလ်သည် တဏှာပေမ မက်မောမှုကိုသာလျှင် အဓိကထား၍ ချစ်ခင်မြတ်နိုးတတ်ခြင်း၊ ရှာလိုဝန့်တိုသည့် စိတ်ထားများရှိခြင်း၊ အိမ်ထောင်ဖက်အပေါ်တွင် သစ္စာမတည်ကြည်ခြင်း၊ ကိုယ်ချင်းမစာနာတတ်ခြင်း၊ လိပ်မျိုးကဲ့သို့ မိမိဘက်ကိုသာ ယက်တတ်ခြင်း စသော စိတ်ထားများ ရှိတတ်ပါသည်။

www.burmeseclassic.com

အချစ်နှင့်လည်း လှည့်စားတတ်၏။

ဤကဲ့သို့သော အမျိုးသမီးများ၏ လက်ဝါးပြင်ပေါ်၌ နှလုံးလမ်းကြောင်းသည် စနေဂြိုဟ်ခုံပေါ်မှ အစပျိုးစမြဲဖြစ်၏။ ဤအမှတ်အသားမျိုးပါသည့် လက္ခဏာရှင် တစ်ဦး၏ ဖြစ်ရပ်ဆန်းတစ်ခုကို ကျွန်ုပ်တွေ့ကြုံခဲ့ရဖူး၏။

တစ်နေ့သ၌ လူရွယ်တစ်ဦးသည် ကျွန်ုပ်ထံသို့ ရောက်ရှိလာ၏။ ထိုလူငယ်မှာ ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝပြီး ရိုးသားသောလူတစ်ဦး ဖြစ်၏။

လူငယ်က သူနှင့် စေ့စပ်ထားသော အမျိုးသမီးနှင့် ပတ်သက်၍ ဝေခွဲမရနိုင်လောက်အောင် မတင့်မကျ ဖြစ်နေသဖြင့် သူ၏လက္ခဏာသာမက အမျိုးသမီး၏ လက္ခဏာကိုပါ စစ်ဆေးပေးရန် မေတ္တာရပ်ခံလာ၏။

'ဆရာကိုင်ရီ..ကိုယ်ထင်ရင် ခုတင်ဟာ ရွှေနန်းဖြစ်တယ်ဆိုတာ ကျွန်တော့်အဖို့တော့ မှန်နေပြီ။ ဘာပြုလို့လဲဆိုရင် ကျွန်တော့်အမျိုးသမီးဟာ ဒီကမ္ဘာကြီးမှာတော့ အတော့်ကို ရှားမှ ရှားလောက်ပါပေတယ်။ သိပ်ပြီးတော့ အံ့သြဖို့ကောင်းတဲ့ အမျိုးသမီးလို့လည်း ပြောချင်ပါတယ်။ တကယ်ပါ ဆရာ။ နတ်သမီးလေးလိုလည်း လှပါတယ်။ နောက်ပြီး ပြုစုယုယတဲ့နေရာမှာ အို..မပြောပါနဲ့တော့ ဆရာရယ်။ ဘယ်ယောကျ်ားပဲဖြစ်ဖြစ် လက်ခံမှာ သေချာပါတယ်။ အခု ကျွန်တော် သူနဲ့ လက်ထပ်ရမယ့်နေ့ကို စောင့်နေတာ။ တစ်နေ့တစ်နေ့နဲ့ စိတ်မရှည်နိုင်တော့ပါဘူး'

လူငယ်လူရွယ်တို့သည် ချစ်မိပြီဆိုပါလျှင် အပြစ်အနာအဆာကို လုံးဝမမြင်တော့ဘဲ မိုးမမြင် လေမမြင် သာယာတတ်သည်မှာ ဓမ္မတာပင်ဖြစ်သည်။ သို့နှင့် ကျွန်ုပ်သည် အမျိုးသမီး၏ လက္ခဏာကို စစ်ဆေးပြီးမှ ထင်မြင်ယူဆချက်များကို ဟောကြားတော့မည်ဟု လူရွယ်အား အဖြေပေးလိုက်ရ၏။

များမကြာမီ ကျွန်ုပ်ထံသို့ ထိုအမျိုးသမီး ရောက်လာ၏။ ကျွန်ုပ် စည်းကမ်းသတ်မှတ်ပေးထားသည့်အတိုင်း တစ်ဦးတည်း ရောက်လာခြင်းလည်း ဖြစ်၏။ လက္ခဏာစစ်ဆေးသည့်အခါ လူတစ်ဦးတစ်ယောက်၏ အတွင်းရေးကို ဆန်းစစ်တွက်ချက် ဟောပြောရသည်ဖြစ်ရာ အခြားတစ်ဦးရှေ့တွင် ဟောပြောရန် အလျဉ်းမသင့်လျော်၍ ယင်းသို့ အထူးမှာကြားလိုက်ရခြင်းလည်း ဖြစ်၏။

အမျိုးသမီးမှာ ထိုလူငယ် ချီးမွမ်းသည့်အတိုင်း ကိုယ်လက်အင်္ဂါ တည်ဆောက်ပုံမှအစ ရုပ်ရည်မှာ ပြောဖွယ်ရာ မရှိလောက်အောင် တင့်တယ်လှပေ၏။ သို့သော် နှုတ်ခမ်းအစုံ၏သွင်ပြင်လက္ခဏာကိုကြည့်၍ အဆိပ်အတောက်ဖြစ်မည့် စကားများကို ပြောဆိုတတ်ကြောင်း အထောက်အထား တစ်ကွက်ကို ကျွန်ုပ် တွေ့လိုက်ရ၏။

သူမ၏လက်မှာ အချိုးအစား ပြေပြစ်သဖြင့် ကျန်းမာရေးကောင်းသည်ကို ညွှန်ပြနေသည့်အပြင် စိတ်ဆန္ဒပြင်းထန်သည်ကိုပါ သိသာနိုင်ပေသည်။ သို့သော် လက်ဝါးပြင်ပေါ်ရှိ နှလုံးလမ်းကြောင်းကို စစ်ဆေးကြည့်သည့်အခါတွင်မူ ကျွန်ုပ်သည် မိန်းမလည်တစ်ယောက်၏ ရှေ့မှောက်တွင် ရောက်နေကြောင်းကို သိရတော့၏။

သူမ၏ နှလုံးလမ်းကြောင်းမှာ စနေဂြိုဟ်ခုံ၏ အခြေမှ အစပျိုးပြီးလျှင် အလွန်ပင် တိုလှသည်ကို တွေ့ရ၏။

ကျွန်ုပ်၏လေ့လာမှတ်သားခဲ့သမျှသော အတွေ့အကြုံဗဟုသုတများအရ ဤနှလုံးလမ်းကြောင်းသည် သံယောဇဉ်အလျဉ်းကင်းမဲ့ပြီး သံယောဇဉ်နှောင်ကြိုး၏ အရသာကိုလည်း မခံစားတတ်။ အတ္တကိုယ်ကျိုးကိုသာ ဦးစားပေးစဉ်းစားတတ်သည့် သဘောတရားကို ဆောင်နေ၏။

ထိုအမျိုးသမီး၏ နှလုံးလမ်းကြောင်းကို ကျွန်ုပ် စစ်ဆေးလိုက်သည်နှင့် ဟန်ဆောင်တတ်သောအချစ်၊ မေတ္တာနှင့် သံယောဇဉ်များ မထားတတ်သည့် အကျင့်သိက္ခာမရှိသော လူတစ်ယောက်ဟု ကောက်ချက်ချလိုက်မိ၏။

တစ်နည်းအားဖြင့် မိမိကိုယ်ကျိုးအတွက် ကာမဂုဏ်ညွှတ်ကွင်းဖြင့် သားကောင်များကို ထောင်ဖမ်းတတ်သည့် ဗီဇရှိသူဟု ဆိုနိုင်ပေသည်။ အမျိုးသမီး၏ ရုပ်ရည်ရူပကာကြောင့် ကျွန်ုပ်ပင် ယုန်ထင်ကြောင်ထင် ထင်မိလိုက်သေး၏။ သူငယ်မမှာ ရုပ်ရည်မက်မောလောက်သည့် အရည်အချင်းရှိသဖြင့် ဤကဲ့သို့လည်း ဖြစ်ထိုက်ပေသည်။

ထို့နောက် အသေးစိတ် ဆက်လက်ကြည့်ရှုစစ်ဆေးကြည့်သည့်အခါတွင်မူ အမျိုးသမီးမှာ မွေးရာပါ ပိုင်းလုံးတစ်ယောက် ဖြစ်နေသည်ကို တွေ့ရသည့်အပြင် အိမ်ထောင်ရေးရှုပ်ထွေးမည့် ဖြစ်ရပ်များနှင့် လင်ကွာ မယားကွာ ကိစ္စရပ်များကြောင့် တရားရုံးတွင်သာမက ရာဇဝတ်ရုံးသို့ပင် ရောက်ရမည့် အခြေအနေကို တွေ့ရတော့၏။ ဤအချက်များကြောင့် ကျွန်ုပ်ထံ လာရောက်အကူအညီ

www.burmeseclassic.com

www.burmeseclassic.com

ဆောင်းခံသည့် လူငယ်အဖို့ ယင်းအမျိုးသမီးအား အိမ်ထောင်ပြုခြင်းအားဖြင့် ဒုက္ခနှင့် ရင်ဆိုင်ရမည်မှာ မလွဲတော့ပေ။

ကျွန်ုပ်သည် အမျိုးသမီးအား မိမိကိုယ်ကျိုးအတွက်သာလျှင် မကြည့်ဘဲ ကိုယ်ချင်းစာတရားထားရန်နှင့် လည်ကျွန်းသောဘီး ချီးသင့် ဆိုသကဲ့သို့ တစ်နေ့တွင် ဒုက္ခနှင့်ရင်ဆိုင်ရတတ်သည့်အတွက် အလည်မလွန်စေရန် တိုတိုနှင့် လိုရင်းအချက်များကို ဟောပြောလိုက်လေတော့၏။

အမျိုးသမီးသည် ကျွန်ုပ်၏ ဟောကိန်းများနှင့် သတိပေးချက်များကို မမှုသည့်အနေဖြင့် တခစ်ခစ် ရယ်မောလိုက်ပြီး-

'ဆရာက ကျွန်မကို ပိုင်းလုံးလို့ ထင်နေသလား။ ဒါကတော့ ကျွန်မကိုယ်ကျိုးကို ကျွန်မ ကြည့်ရမှာပဲ။ ဒီလိုကြည့်လို့ ဘယ်သူ့ကို မှုရမှာလဲ'

အမျိုးသမီးသည် ကျွန်ုပ်နှင့် စကားလေး,ငါးခွန်းမျှ ပြောဆိုပြီးနောက် ထွက်ခွာသွားတော့၏။

နောက်တစ်နေ့၌ သူမ၏ ချစ်သူသည် ကျွန်ုပ်ထံ ရောက်လာပြီး အငမ်းမရ မေးရှာ၏။

ကျွန်ုပ်အနေဖြင့် တစ်ဖက်သတ်ချစ်နေသူ တစ်ဦးအား အပြောရခက်နေ၍ တတ်နိုင်သမျှ ထိန်းကျောင်းပြီး ကြိုတင်ကာကွယ်နိုင်ရန် ပရိယာယ်ဆင်၍ ပြောပြရတော့၏။

သို့သော် လူငယ်သည် ကျွန်ုပ်၏ ပြောစရာများကို နားအထောင်သည့်အပြင် စိတ်များပင် ဆိုးလိုက်ချေသေး၏။ ချစ်စိတ်မွန်နေသော ပုဂ္ဂိုလ်အား ဖျောင်းဖျ၍မရသည့် အတွေ့အကြုံများက ကျွန်ုပ်အား လက်တွေ့သင်ကြားပေးခဲ့သည်နှင့်အမျှ ထိုသူငယ်ကိုလည်း လက်လျှော့လိုက်ရတော့၏။ ဤကဲ့သို့သော သူများသည် ခလုတ်ထိမှ အမိအားတတ်ကြသကဲ့သို့ မကြာမီ အမြင်မှန်ရလိမ့်မည်ဟု ကျွန်ုပ် အတပ်သိနှင့်၏။ ဤကိစ္စရပ်တွင် ထူးထူးဆန်းဆန်း ဖြစ်ရပ်နှင့် နိဂုံးချုပ်လိမ့်မည်ကိုလည်း ကျွန်ုပ် မြင်ယောင်နေမိ၏။

ဤကျမ်းစာအုပ်ကို ရေးသားနေချိန်၌ ကျွန်ုပ်၏ဘေးတွင် သတင်းစာတစ်စောင်မှ ဖြတ်ထားသော ထိုလူငယ်နှင့် ပတ်သက်သည့် ဖြတ်ပိုင်းတစ်ခုသည် ရှိနေ၏။

လူငယ်မှာ ယခုအချိန်အထိ အသက်ရှင်နေသေးသည့်အတွက် သူ၏အမည်ကို ဖော်ပြရန် မသင့်လျော်သဖြင့် ချန်လှပ်ထားခဲ့ရပါ၏။ လူငယ်သည် အမျိုးသမီးနှင့် တရားဝင်လက်ထပ်ပြီးသည့် နောက်ပိုင်း၌ လင်ကြီးပေါ်လာကာ မယားခိုးဘဝသို့ ရောက်ရလေတော့၏။ လင်ကြီးဖြစ်သူကလည်း လူငယ်ထံမှ ကြမ်းချီတစ်ခါ ချော့ချီတစ်လှည့်နည်းအမျိုးမျိုးဖြင့် ရသမျှ ချိုင်လေတော့၏။

အမျိုးသမီးသည် လူငယ်အား ချစ်ဟန်ဆောင်၍ သံသယမရှိစေရန် တဏှာရမ္မက်ဖြင့် အတတ်နိုင်ဆုံး ဖုံးကွယ်ထား၏။ သို့သော် အမှန်တရားဟူသည် ဖုံးကွယ်၍ မရနိုင်ပေ။

တစ်နေ့သ၌ အမျိုးသမီး၏ ကြံရာပါ လင်ကြီးထံသို့ ပေးပို့ရန် ရေးသားထားသော စာတစ်စောင်ကို မတော်တဆ ရရှိလိုက်တော့၏။ ထိုစာ၌ အမျိုးသမီးရေးသားထားသော အချက်အလက်များမှာ လူငယ်အတွက် အထောက်အထား ပြည့်ပြည့်စုံစုံ ပါရှိနေလေတော့၏။

'တဏှာရူးဟာ အခုထက်ထိ ကျွန်မ ခြယ်လှယ်သလို ခံနေသေးတယ်။ သူ့မှာ ချမ်းသာသရွေ့ ကုန်အောင် ပြုပြီးမှ ပြန်လာခဲ့မယ်'

ထိုစာ၌ ပါရှိသော အထောက်အထားများဖြင့် အမျိုးသမီးနှင့် ကြံရာပါအား ရုံးတင်၍ ရာဇဝတ်မှုဖြင့် တရားစွဲဆိုတော့၏။ အမျိုးသမီးသည် ကိုယ်နှင့် ရင်းနှီးပြီး ယောက်ျားတို့အား အေးစားပြတိုက်ခြင်းလည်း ဖြစ်ပေ၏။

'ကောင်မလေးဟာ ရုပ်ရည်နဲ့မလိုက်အောင် အကြင်နာတရား ကင်းမဲ့လိုက်တာဗျာ' ဟု စုံထောက်တစ်ဦးက ဆိုလာ၏။

တစ်ဦးကမူ-

'ကောင်မလေးဟာ ဗီဇကိုက မကောင်းတာဗျ။ အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ မအေ့ပစ္စည်းတောင် အလွတ်မပေးဘူး။ အားလုံး ဖျောင်ခဲ့ဖူးတယ်လို့ ဆိုတယ်ဗျ'

ကျွန်ုပ် တွက်ချက်ရရှိသမျှသည် ကွက်တိအံဝင်ခွင်ကျ ဖြစ်နေလေတော့၏။ ဟန်ဆောင်သည့် မာယာအချစ်တွင် ဤအမျိုးသမီးကဲ့သို့ ဟန်ဆောင်မှုသည် ကြောက်မက်ဖွယ်ရာ အကောင်းဆုံး ဖြစ်ပေတော့သည်။

**ကြည်ဝင်း(ဟသ်ာတ)**


<u>ကျမ်းကိုး</u>

(၁) Cheiro's Life, Love and Marriage

(၂) ဗိုလ်ညွန့်မောင် သိပ္ပံလက္ခဏာဗေဒစွယ်စုံကျမ်း


www.burmeseclassic.com

www.burmeseclassic.com

ဇာတာဟူသည် နက္ခတ္တဝေဒ ဗေဒင်ပညာအရ တွက်ထုတ်ထားတဲ့ ဘဝဖြစ်စဉ်ပြ သင်္ကေတပုံစံ ဇယားကွက်လေးပင် ဖြစ်ပါသည်။ လူတစ်ဦး (သို့မဟုတ်) ဖြစ်စဉ်တစ်ခုကို ခုနှစ်၊ ရက်၊ လ၊ အချိန်နာရီ၊ နေရာဒေသတို့ဖြင့် အတိအကျ တွက်ယူရပါသည်။

သို့သော် ဤဆောင်းပါး၌ မင်းကတော် ဖြစ်နိုင်သော ဇာတာကို တင်ပြရာတွင်ကား တစ်ဦးတစ်ယောက်၏ မွေးသက္ကရာဇ်၊ လ၊ ရက်၊ အချိန်နာရီ၊ မွေးဒေသများဖြင့် တွက်ထုတ်ထားခြင်း မဟုတ်ပါ။ ဗေဒင်ဝါသနာရှင်များအားလုံးပင် ဤသို့ပါလျှင် ဤသို့ဖြစ်နိုင်သည်ဟု သိထားစေလို၍ ဗေဒင်အဲ့ဟောတေးထပ်တွင် ပါဝင်သည့် ဇာတာပုံကို စေတနာအားဖြင့် ရေးသားတင်ပြခြင်းသာ ဖြစ်ပါသည်။

အကယ်၍ မေးခွန်းအသွင် ခေါင်းစီးထားခဲ့ပါမူကား 'သင့်ဇာတာ သင်သိပြီလား' လို့ ထားရပေမည်။ မည်သူမဆို မိမိဘဝ မိမိဇာတာခွင်ကို အနည်းနှင့်အများ သိထားသင့်၏။ သိထားလျှင် ဆင်ခြင်တုံတရားဖြင့် ဘဝကို ပြုပြင်နိုင်တဲ့ အခွင့်အလမ်း ရှိပါသည်။ ဗေဒင်ဆိုလျှင် မယုံနှင့်လို့ ဟောပြောရေးသားသူတို့၏ စကားကို နားဝယ်ထား၍ ဗေဒင်ကို မယုံ၊ ဇာတာခွင်ကို မသိလျှင် မိမိဘဝဖြစ်စဉ်ကို စိတ်မဝင်စား၊ မိမိအခြေအနေကို မသိခြင်းမှလွဲလို့ ဗေဒင်ဆရာ၌သော်လည်းကောင်း၊ ဗေဒင်ကျမ်း၌သော်လည်းကောင်း နစ်နာခြင်း တစ်စုံတစ်ရာ မရှိပါချေ။

မယုံကြည်၊ စိတ်မဝင်စား၍ အလေးမထားသူ၏ ဘဝသည်သာလျှင် အခွင့်အလမ်းကောင်းနှင့် လွဲရတတ်သလို မဖြစ်သင့်သော ဆိုးကျိုးများ မိမိဘဝ၌ ဖြစ်ပေါ်လာခြင်းကိုလည်း နဖူးတွေ့ဒူးတွေ့ ခံစားရတတ်ပါသည်။ ဗေဒင်ဆရာတစ်ယောက်အနေဖြင့် အခွင့်အလမ်းနှင့် လွဲချော်သွားသူကို တွေ့ဖူးသလို မဖြစ်သင့်တဲ့ ဆိုးကျိုးများ ဖြစ်ပေါ်လာပြီး လောကခံကို အလူးအလဲ ခံစားသွားရသူများကိုလည်း တွေ့ဖူးပါသည်။

အခါအားလျော်စွာ ဆောင်းပါးရေးကာ တင်ပြရသည်လည်း ရှိ၏။ မတင်ပြဘဲ လျှို့ဝှက်ထားရသည်လည်း ရှိပါသည်။ မကြာသေးမီက စာရေးသူ ရေးသား တင်ပြလိုက်တဲ့ 'မဟောရက်ပါ မဗေဒါရယ်' ဆောင်းပါးသည် တကယ်လက်တွေ့ပင် ဖြစ်၏။ စိတ်ကူးယဉ် မဟုတ်ပါ။ ယင်းဆောင်းပါး၌ ဖော်ပြထားသော ဇာတာရှင် အမျိုးသမီးဘဝကို ပြန်လည်သတိရသူများ ရှိနေဦးမည် ထင်ပါသည်။



# မင်းကတော်ဇာတာ ဆရာကံထူး
(ဝေဒသုဓတာသီ)

အပျိုစင်ဘဝကို စွန့်လွှတ်ရ၊ ကိုယ်ဝန်ဆောင် မိခင်ဘဝကို မလိုချင်ဘဲ ချစ်သူရဲ့ စွန့်ခွာခြင်းကိုလည်းခံရ၊ ဂုဏ်သိက္ခာဆိုတာကို ဘေးချိတ်ပြီး အသက်ကို လုယူနေ မိမိဝန်းကျင်ကို စွန့်ခွာပြီး တစ်နယ်တစ်ကျေး မိဝေး ဖဝေးမှာ တစ်ယောက်တည်း ဒုက္ခခံနေရ၊ ဘယ်မိန်းကလေး ထိုသို့ဖြစ်ချင်ပါမည်နည်း။ မဖြစ်ချင်သော်လည်း ဇာတာကို မသိ၊ ကံကြမ္မာကို နား မလည်၊ ဘဝကို မဆင်ခြင်နိုင်က ခံရပေမည်။

ထိုသို့ ခံနေရတဲ့ မိန်းကလေးတစ်ယောက်ရဲ့ ငိုကြွေးသံကို ဗေဒင်ဆိုလျှင် မယုံနှင့်လို့ သွေးထိုးသပ်လျှိုကာ ဟောပြောရေးသားသူများ သိမည်မဟုတ်ပေ။ ကျွေခံစား မည်လည်း မဟုတ်ပေ။ ဗေဒင်ဆရာက ဗေဒင်ပညာအ


www.burmeseclassic.com

www.burmeseclassic.com

သိမြင်၍ ဟောပြလျှင် မိမိက သိမြင်သဖြင့် ဆင်ခြင်နိုင်ရေား အခွင့်အလမ်းလည်း လက်မလွတ်နိုင်သလို ဆိုးကျိုးလောကဓံ ဒုက္ခနှံလည်း နစ်စရာ မရှိပေ။ တကယ်တော့ ဗေဒင်ပညာဆိုတာ ဘဝလမ်းညွှန် ပညာပါ။

ထို့ကြောင့် မည်သူမဆို မိမိဇာတာ၊ မိမိကံကြမ္မာကိုတော့ သိကိုမှ သိထားသင့်ပါသည်။ ဤဆောင်းပါး၌ဆောက်ကျူးလေးရော မိန်းကလေးပါ အားလုံးသိထားသင့်တဲ့ ဇာတာနှစ်မျိုးကို တင်ပြဆွေးနွေးပါမည်။

ပထမဇာတာက ဆောင်းပါးခေါင်းစီးပါအတိုင်း မင်းကတော်ဇာတာပုံ ဖြစ်ပါသည်။ အောက်ပါ ဇာတာပုံကို ကြည့်လိုက်ပါ။




ဗေဒင်တေးထပ်ကတော့ 'မွေးလဂ်မှ လေးတန့်၊ ဆောင်ပျံ့လို့ တူစုံ၊ မြွေ ခြသေ့် ကြွက် ဂဠုန်၊ စန်းငွေသုန် ပျော်ပါး၊ မင်းကတော် ဇာတာမှန်၊ ဝေကန်ဟောတော့ မမှား' ဟူ၍ ဖြစ်ပါသည်။ အဓိပ္ပာယ်က မူလဇာတာ ရာသီစက်တွင် (La) သို့မဟုတ် (လ)ဟု သင်္ကေတပြထားတဲ့ လဂ်ရှိရာမှ ရေတွက်လျှင် (၄)ခုမြောက် ဗန္ဓုဘာဝ၌ ပုံတွင်ပြထားသည့်အတိုင်း တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ကြာသပတေး၊ စနေ ဆိုတဲ့ ဂြိုဟ်ငါးလုံး ပူးယှဉ်ရပ်တည်ပါမူ ဇာတာရှင်သည် မင်း (သို့မဟုတ်) မင်းကတော် ဖြစ်နိုင်သည်ဟူ၍ ဖြစ်ပါသည်။

'ယာဉ်စီးလို့ ထီးကာ၊ ကြီးတေဇာ မောက်ကြွား၊ ရာဇယုဂ် ရပြောဟု၊ ရှာန်ပျော်ပါး ရသေ့မှာ' လို့ ဆိုထားသည့်အတွက် ဤဇာတာရှင်မျိုးသည် ရာဇယုဂ်ရသည်ဟု ရှာန်အဘိညာဉ်ရတဲ့ ဗေဒင်ကျမ်းတတ် ရသေ့မြတ်တို့ သင်ညွှန်မှာကြားထားကြောင်း၊ ဆင်စီးလို့ မြင်းရံယာဉ်စီးလို့ ထီးကာ ပေးရလောက်အောင် ဘုန်းတန်ခိုးတေဇာ မြင့်မားကြောင်း နားလည်ရပါသည်။ ဗေဒင်ဆရာဆိုလျှင် ဤသို့ ဟောပါဟု ဆိုလိုပါသည်။

မိမိတို့ မူလဇာတာ ရာသီစက်မှာ ထိုကဲ့သို့ ဂြိုဟ်ငါးလုံး တစ်ခွင်တည်းမှာ ပူးယှဉ်ရပ်တည်သလား။ ရပ်တည်နေလျှင် မိမိဘဝကို ငါဟာ မင်း (သို့မဟုတ်) မင်းကတော် ဖြစ်ထိုက်တဲ့လူပဲလို့ သိထားရပေမည်။ သိထားလျှင် မဖြစ်ခင် ကြားကာလ၌ အနှောင့်အယှက်၊ အဟန့်အတားများ မကျရောက်ရအောင် သတိဆောင်ပြီး ထိန်းထိန်းသိမ်းသိမ်း နေထိုင်ပြုမူ ပြောဆိုသင့်ပါသည်။ အပြောမတတ် အနေမတော်လို့ ဘေးဥပဒ်တစ်ခုခုက ရောက်သွားလျှင် မင်း၊ မင်းကတော် မဖြစ်နိုင်တော့ဘဲ လွဲသွားနိုင်ပါသည်။

ဘေးဥပဒ်အန္တရာယ်များ ကြားဖြတ်ကျမလာရအောင် သတိဆောင်ပြီး ဘဝခရီး လျှောက်လှမ်းပါမှ ဇာတာပါအတိုင်း မင်း၊ မင်းကတော် ဖြစ်လာနိုင်ပါသည်။

မင်း၊ မင်းကတော်ဖြစ်မည့် အချိန်ကာလ မရောက်မီ ပြစ်မှုဆိုင်ရာ ဥပဒေတစ်ခုခု ကျူးလွန်မိလို့ မင်း၊ မင်းကတော် ဖြစ်ရမည့်ကာလ၌ ထောင်ထဲ ရောက်နေလျှင် မည်သို့မျှ မဖြစ်နိုင်တော့ချေ။ အချိန်ကာလ မရောက်ခင် အပျိုစင်ဘဝ ကုန်ဆုံးပြီး အိမ်ထောင်ရှင်ဘဝ၊ တစ်ခုလပ် မုဆိုးမဘဝ ရောက်နေပါကလည်း မင်း၊ မင်းကတော် မဖြစ်နိုင်တော့ချေ။

ထိုသို့ ဘေးဥပဒ်အန္တရာယ်များ ကျရောက်နိုင်ခြင်းသည်ကား ဗေဒင်ပညာရှုထောင့်မှကြည့်လျှင် ကောဇာ ဂြိုဟ် အကူးအပြောင်းကြောင့် ဖြစ်ပါသည်။ ယင်းကို ဗေဒင်ပညာက တွက်ထုတ်ပေးနိုင်၊ ဟောပြောပေးနိုင်၏။ ဗေဒင်ပညာမှတစ်ပါး အခြားပညာရပ်ဖြင့် တွက်ထုတ်ဟောပြောနိုင်ခြင်း မရှိပေ။ ပညာရပ်ဟု မဆိုသာတဲ့ ဘာဝနာနည်းလမ်းဖြင့် အထက်တန်းကျကျ ပေါက်ရောက်အောင်မြင်သူများလည်း သမာဓိအဆင့်အားလျော်စွာ သိနိုင်ကြပေသည်။

သို့သော် ထိုပုဂ္ဂိုလ်မြတ်တို့သည် လောကီမှုကို ရှောင်ရှားတော်မူကြ၏။ ဟောပြောခြင်း မပြုကြပေ။ ထို့ကြောင့် ဗေဒင်ပညာတစ်ခုတည်းဟု ညွှန်းဆိုခဲ့ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် မည်သူမဆို မိမိဘဝဇာတာကို သိမြင်ထား



www.burmeseclassic.com


www.burmeseclassic.com

သင့်ကြောင်း စေတနာစကား ဆိုလိုက်ပါရစေ။ ထိုတေးထပ်၌ မင်းကတော်ဇာတာအပြင် အခြားဇာတာတစ်မျိုးကိုလည်း တစ်ဆက်တည်း ရေးသားထားပါသည်။ စိတ်ဝင်စားစရာကောင်းပြီး သိထားသင့်တဲ့ ဇာတာပါ။

တေးထပ်ကတော့ 'ငါးတန့်ဝယ် ဥန္နုရ၊ ဆယ်တန့်က ရေနတ်ရာဇာ၊ ကြီးနိုင်မှု သူ့ပညာ၊ နိုင်းမစာ ဝေဖြိုးလို့ ခြိုးခြံတဲ့ ဣန္ဒြေ၊ မြဲသီလပေ၊ ဤလောက လူ့ပြည်မှာ၊ ဂုဏ်သရေ ထွန်းပါလိမ့်လေး'ဟူ၍ ဖြစ်ပါသည်။အဓိပ္ပာယ်ကတော့ မူလဇာတာ ရာသီစက်တွင် လဂ်မှ (၅)တန့် ပုဗ္ဗရာဘဝ၌ ကြာသပတေးဂြိုဟ် ရပ်တည်ပြီး (၁၀)တန့် ကမ္မဘာဝ၌ စနေဂြိုဟ် ရပ်တည်ပါမူ ထိုဇာတာရှင်သည် ဉာဏ်ပညာ ကြီးမြတ်၏။ ဣန္ဒြေသိက္ခာ ရှိ၏။ အကျင့်သီလ အာစာရနှင့် ပြည့်စုံ၏။ ဂုဏ်ကျက်သရေ ယှက်ဝေလန်း၏ဟူ၍ ဖြစ်ပါသည်။

စာရေးသူရဲ့ 'ရွှေဖူးစာ ဗေဒင်ဟောခန်း'သို့ ရောက်လာတဲ့ ဇာတာရှင် သမီးပျိုတစ်ဦးရဲ့ ဇာတာနှင့် တိုက်တိုက်ဆိုင်ဆိုင် ထပ်တူကျနေ၍ နိုင်းယှဉ်ဖော်ပြပါဦးအံ့။

နာမည်က မဝတ်ရည်ကိုတဲ့။ မွေးသက္ကရာဇ်ကတော့ (၁၇-၁၀-၁၉၉၀)၊ ညနေ(၅)နာရီ (၁၅)မိနစ်၊ ကျုံးပျော်မွေးပါ။ လက်ရှိအလုပ်ကတော့ မူလတန်းပြ ကျောင်းဆရာမလေး လုပ်နေပါသည်။ အဆိုပါ မွေးစာရင်းမှတ်တမ်းအရ ဇာတာဖွဲ့လိုက်တဲ့ခါ အောက်ပါအတိုင်း ထွက်ပေါ်လာပါသည်။




မိန်လဂ်၊ ကန့်စန်း ဇာတာရှင်ပါ။ လဂ်ကနေ ရေတွက်လျှင် (၅)တန့်မြောက် ပုဗ္ဗရာဘဝ၌ ကြာသပတေးဂြိုဟ် ရပ်တည်နေပါသည်။ ကြာသပတေး၏ ဥစ်အိမ်လည်းဖြစ်၍ (၅)တန့်၌ ရပ်တည်ခြင်းသည် သာမန်အားဖြင့် ရပ်တည်ခြင်း မဟုတ်သေးပေ။ ဥစ်အဖြစ် အမြင့်ဆုံး အနေအထားဖြင့် ရပ်တည်ခြင်း ဖြစ်ပါသည်။

အံသာ၊ လိတ္တာဖြင့် အတိအကျ စစ်လျှင်တော့ ဥစ်အံသာကို ကျော်နေပါသည်။ (၁၆)အံသာ၊ (၅၆)လိတ္တာ ရှိပါသည်။ ဥစ်ရာသီ ကသစ်နဝင်း စီးထားပါသည်။ ထို့ကြောင့် ငါးတန့်ဝယ် ဥန္နုရ ဆိုတဲ့ အင်္ဂါရပ်နှင့် ညီနေပါသည်။ (၁၀)ခွင်မြောက် (၁၀)တန့်ဘာဝဖြစ်တဲ့ မေရာသီမှာ သုည(၀)သင်္ကေတပြ စနေဂြိုဟ် ရပ်တည်နေပါသည်။ ထို့ကြောင့် ဆယ်တန့်ကရေ နတ်ရာဇာ ဆိုတဲ့ အင်္ဂါရပ်လည်း ပြည့်စုံနေပါသည်။

ထို့ကြောင့် ကြီးနိုင်မှု သူ့ပညာ၊ နိုင်းမစာ ဝေဖြိုးလို့ ခြိုးခြံတဲ့ ဣန္ဒြေ၊ မြဲသီလပေ၊ ဤလောက လူ့ပြည်မှာ ဂုဏ်သရေ ထွန်းပါလိမ့်လေး ဆိုတဲ့ တေးထပ်အတိုင်း ဖြစ်မည်မှာ သေချာ၏။ အကြောင်းတစ်ပါး ရှာနေစရာ မလိုတော့ပေ။ ဤအတိုင်းပင် စာရေးသူလည်း ဟောလိုက်ပါသည်။


ဇာတာရှင် မဝတ်ရည်ကို သဘောတော့ကျ၏။ သို့သော် ပျော်မဆုံး မော်မဆုံးကား မဖြစ်သွားပေ။ အဘယ့်ကြောင့်ဆိုသော် လက်ရှိမှာ မူလတန်းပြ ကျောင်းဆရာမ အဆင့်မျှသာ ရှိနေပြီး မျှော်လင့်နေတဲ့ ရာထူးကလည်း တိုးမလာသေးသောကြောင့် ဖြစ်ပါသည်။

ဗေဒင်ဆရာအဟောနှင့် သူ့ဘဝက အံဝင်ခွင်ကျ မရှိလှဟု ယူဆနေဟန်တူပါသည်။ သို့သော် စာရေးသူကလည်း နည်းနည်းမှ လျှော့မဟောပေ။ အဘယ့်ကြောင့်ဆိုသော် နဝင်းစက်ကို ကြည့်ပြန်ကလည်း တနင်္လာနှင့် ဗုဒ္ဓဟူး သောမဂြိုဟ် နှစ်လုံးက ဥစ်နဝင်း စီးနေသည်ကို တွေ့ရသောကြောင့် ဖြစ်ပါသည်။ နဝင်းဇာတာကိုသာ လှမ်းကြည့်လိုက်ပါ။

တနင်္ဂနွေ နိစ်နဝင်းစီး၍ အားနည်းသည်ဟု ဆိုရမည် ဖြစ်သော်လည်း နိစ်ဝဂ္ဂုတ္တမနဝင်းမို့ အားနည်းသည်ဟု မဆိုသာချေ။ ထို့ကြောင့် နည်းနည်းမှ လျှော့မဟောခြင်း ဖြစ်ပါသည်။

သို့သော် လက်ရှိအနေအထားအရ ဘဝက ထင်သလို မဟုတ်လေတော့ သဘောမတွေ့နိုင်တဲ့ဆရာမလေးက ဘဝင်မကျတဲ့ အကြောင်းကို လျှက်လုံးလေး

www.burmeseclassic.com




ခေါ့ကြည့်ရင်း 'ဟုတ်ပါ့မလား ဆရာရယ်' လို့ မဝံ့မရဲ ဆိုရှာ၏။ စာရေးသူကလည်း 'ဟုတ်တာပေါ့ သမီးရယ်၊ မဟုတ်ဘဲ ဆရာ ဘယ်ဟောပါ့မလဲ' လို့ အာမခံစကား ဆိုလိုက်ပါသည်။

ပြီးတော့မှ 'ကဲ..လိုက်ရေး' ဟု ဆိုကာ ကောဇာ ကြာသပတေးဂြိုဟ် အနေအထားကိုကြည့်ပြီး '(၁၂-၈-၂၀၁၆)မှ (၁၂-၉-၂၀၁၇)အထိ တစ်နှစ်တာကာလမှာ ဘဝရည်ရွယ်ချက် ရည်မှန်းချက်များ အောင်မြင်လိမ့်မယ်' လို့ ဟောပြလိုက်ပါသည်။

'ဘာတွေ ရည်ရွယ်ထားလဲ' လို့ မေးကြည့်တော့ မဖြေဘဲ ပြုံးနေ၏။ အလိုက်သိစွာပင် 'အေး..အဲဒါ အောင်မြင်သွားလိမ့်မယ်' လို့ ပြောလိုက်ပါသည်။

စန်းဥစ်ရသူပီပီ စကားပြော အလွန်ကောင်း၏။ စကားကို အချက်ကျကျ ပြောတတ်သလို မေးလည်း မေးတတ်ပါသည်။

ယတြာပေးတော့မလို့ 'ကဲ..ရေး၊ ယတြာ' လောက်ပဲ စာရေးသူ ပြောတော့မလို့ အားယူစဉ်မှာပင် 'ဆရာက လည်း ကျန်သေးတယ်' တဲ့။

'ကဲ..ဘာကျန်သေးလဲ၊ ပြော' ဆိုတော့ 'အဲဒီ ဆရာ ဟောသလို ဘယ်တော့ဖြစ်လာမှာလဲ' တဲ့။

ဒါက ပညာပဲ၊ ချန်ထားတာ။ အချိန်အခါ မရောက်သေးလို့ တမင်တကာကို ချန်ထားတာ။ နောက်ထပ် ငါးနှစ်လောက်စောင့်ရဦးမည်။ သို့သော် မပြောလျှင် ဘဝင်ကျပြီမည် မဟုတ်။ ထို့ကြောင့် ဆန္ဒပြည့်သွားအောင်လို့ 'သမီးအသက် သုံးဆယ်ကျော်မှ ဖြစ်လာမှာ' လို့ ဟောလိုက်ပါသည်။ မှန်၏၊ ဇာတာရှင်သည် ယခုအခါ ရာဟုထူလဒဿာ စားနေပါသည်။ ထို့ကြောင့် အခြေအနေ သိပ်မကောင်းသေး။ ဟောတဲ့အတိုင်း မဖြစ်နိုင်သေးခြင်း ဖြစ်ပါသည်။

(၅-၁-၂၀၂၁)မှ (၅-၁-၂၀၃၇)အထိ (၁၆)နှစ်တာ ကာလတွင် ဥစ်ကသစ်ဂြိုဟ် ကြာသပတေး ထူလဒဿာ စားပါမည်။ (၅)တန့်တွင် ရပ်တည်သော ကြာသပတေး ဥစ်ထူလဒဿာ စားလာသောအခါ၌ ဇာတာရှင်သည် မြင့်သည်ထက်မြင့်၊ တင့်သည်ထက် တင့်လာမည်။ အစစ အရာရာ အဆင်တပြေနှင့် ဘဝအဆင့်အတန်း တိုးတက် မြင့်မားလာမှာ သေချာ၏။ နတ်မေးနေစရာ မလိုတော့ပါ။

ထို့နောက်တစ်ဖန် စနေထူလဒဿာ စားလာပေဦးမည်။ ကမ္ဘဘာဝ၌ ရပ်တည်ဂြိုဟ်ပေမို့ အလုပ်အကိုင်များ မှန်းသည်ထက် အောင်မြင်လာမည်။ ကာလအားဖြင့် (၁၉) နှစ်ပါ။ အသက်(၆၆)နှစ်ထိ ဖြစ်ပါသည်။ ထို့နောက် ဗုဒ္ဓဟူးထူလဒဿာ စားဦးအံ့။ ဥစ်ဝဂ္ဂုတ္တမန ဝင်းစီးထားတဲ့ ဂြိုဟ်ပါ။ မကောင်းစားဘဲ နေပါအံ့လော။ ကောင်းစားမည့်မှာ သေချာ၏။ အိုဇာတာကောင်းသည်ဟု ဆိုရပေမည်။

ထို့ကြောင့် စာရေးသူက 'သမီး အိုခါကျရင် ဆရာကို မမေ့နဲ့နော်' လို့ အတည်ပေါက် နောက်လိုက်ပါသည်။

အစတွင် တင်ပြခဲ့တဲ့ မင်းကတော် ဇာတာမှာလည်း ဆရာမလေး မေးသကဲ့သို့ပင် 'ဘယ်တော့ဘယ်ခါများ ကတော်ဖြစ်လာမှာလဲ' လို့ မေးချင်သူ ရှိနေမည် ထင်ပါသည်။ မေးလည်း မေးသင့်ပါသည်။ သို့သော် ယင်းအတွက် တိကျသောအဖြေ မပေးနိုင်ပါ။ အဘယ့်ကြောင့် ဆိုသော် တစ်ဦးတစ်ယောက်၏ ဇာတာကို အတိအကျ တွက်ထုတ်ပြီး ဟောပြောထားခြင်း မဟုတ်သောကြောင့် ဖြစ်ပါသည်။

မှန်၏။ မည်သူ့ဇာတာမှ မဟုတ်ဘဲ ရာသီစက်ဇာတာတွင် ဤသို့ပါလျှင် ထိုဇာတာရှင်သည် မင်း (သို့မဟုတ်) မင်းကတော် ဖြစ်နိုင်သည်ဟု ဗေဒင်ကျမ်းတွင် ဆိုထားသည့်အတိုင်း တင်ပြခြင်းသာ ဖြစ်ပါသည်။ တစ်ဦးတစ်ယောက်ရဲ့ ဇာတာကို အတိအကျ တွက်ထုတ်လို့ မင်းကတော်ဇာတာဟု တွေ့ရှိပါမူကား ထိုဇာတာက ဖော်ပြထားသည့် ဒသာစားများကို ကြည့်ပြီး ဘယ်တော့ဘယ်ခါ ဖြစ်လိမ့်မည်ဟု အတိအကျ ဟောနိုင်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com

မင်းကတော်ဖြစ်နိုင်ကြောင်းပြတဲ့ ဂြိုဟ်ငါးလုံး ပူးယှဉ်ရပ်တည်မှု နည်းဥဒေသတွင် ပါဝင်တဲ့ မည်သည့်ဂြိုဟ် စားနေသည်ကို ဒသာအရ ကြည့်ရှုသိမြင်နိုင်ပါသည်။ ယင်းဒသာစားရာ အခါကာလကိုလည်း တစ်ပါတည်း သိနိုင်ပါသည်။ ထို့ကြောင့် ထိုဂြိုဟ်ဒသာစားရာ အခါကာလကိုကြည့်ပြီး ဘယ်တော့ ဘယ်ခါလောက်မှာ မင်းကတော်ဖြစ်နိုင်ကြောင်း ဟောနိုင်ပေသည်။

မင်းကတော်သည် အဆင့်အမျိုးမျိုးရှိနေသောကြောင့် ဘယ်လောက်မြင့်တဲ့ မင်းကတော် ဖြစ်နိုင်ကြောင်းကိုလည်း အခြားဂြိုဟ်များရဲ့ အနေအထားများအရ သိနိုင်ပါသည်။ ထို့ကြောင့် အခါမလင့်ခင် မိမိကံဇာတာ အနေအထားကို သိထားသင့်လှ၏။ သိထားမှ ဆောင်ရန်၊ ရှောင်ရန်များကို ကြိုတင်ကာ ရှောင်နိုင်၊ ဆောင်နိုင်ပေမည်။

မိမိကံကြမ္မာ အနေအထားကို သိမထားပါက ဆောင်ရန်၊ ရှောင်ရန်များကို မရှောင်နိုင်၊ မဆောင်နိုင်ပေ။ မရှောင်နိုင်၊ မဆောင်နိုင်လျှင် ကြားဖြတ်ဝင်ရောက်လာတတ်သော ဘေးဥပဒ်အန္တရာယ်များမှ ကင်းဝေးနိုင်ခြင်း မရှိပေ။ ဘေးဥပဒ်အန္တရာယ်များ မကင်းရှင်းနိုင်လျှင် မင်းကတော်ဖြစ်မည့် အခွင့်အလမ်း မွေးကတည်းက ပါလာပါလျက် မင်းကတော် မဖြစ်နိုင်တော့ချေ။ အကြောင်းက မိမိဇာတာခွင်ကို စစ်ဆေးခြင်းမရှိ၍ မသိနိုင်သောကြောင့် ဖြစ်ပါသည်။

ထို့ကြောင့် မင်းကတော် ဖြစ်ဖြစ်၊မဖြစ်ဖြစ်၊ ဖြစ်ဖို့ အခွင့်အလမ်း ပါပါ၊မပါပါ မိမိတို့ဇာတာကို စစ်ဆေးကြည့်သင့်၏။ စစ်ဆေးကြည့်ပါမှလည်း မိမိကံဇာတာ အနေအထားကို သိနိုင်ပါသည်။ ကံဇာတာအနေအထားကို သိနိုင်ပါမှ ကောင်းဆိုးနှစ်တန် လောကဓံကို သိနိုင်ပေမည်။ ထို့ကြောင့် မိမိဘဝကို စိတ်ဝင်စားသူတိုင်း မိမိဇာတာကို စိတ်ဝင်စားသင့်ကြောင်း စေတနာစကား ဆိုပါရစေ။

အားလုံး ရွှင်လန်းချမ်းမြေ့နိုင်ကြပါစေသော

ဆရာကံထူး(ဝေဒသုတေသီ)
၀၉ ၄၀ ၁၅၃ ၄၄ ၉၉

အဘဆရာကြီး မင်းသိင်္ခ ၏ တပည့်ရင်း

ဆရာ မိုးသစ်ခိုင်

Myanmar Astro Research Bureau
Hony Research (RayKhar Ganita) (Group-18)
B.A in (Astrology) Jyotish Sastri
Dip. (Astrology) Jyotish Bharati
M.A.R.P (Kolkata) (India)



မိတ်ဆွေ
ဘဝဆိုတာ လွင့်မျောနေတဲ့ အိပ်မက်တစ်ခု မဟုတ်တာ အသေအချာပါပဲ။
ဒီတော့ သင်ဟာ ဘယ်တော့ ဘာဖြစ်မလဲ ဆိုတာ ကြိုတင်ပြီး သိထားရင် မကောင်းပေဘူးလား။
ကျွန်ုပ်က သင့်ကံကြမ္မာ အတက်အကျ အနိမ့်အမြင့်ကို ရက်၊ လ၊ နှစ်နဲ့တကွ တိကျစွာ တွက်စစ်လို့ ဟောပြောပေးရပါအံ့

အမှတ်(၁၄၀)၊ ဦးချစ်မောင်လမ်း၊ နှစ်ကျိပ်ရှစ်ဆူ ဇေယျာရုံအနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉ ၇၃၀ ၈၁၂၁၉



www.burmeseclassic.com

www.burmeseclassic.com

# [၂၀၁၆]ခုနှစ် နက္ခတ်ဗေဒင်ဟောစာတမ်း

## နက္ခတ်တာရာများက ဖော်ပြနေတဲ့ သင့်ဘဝရဲ့ တစ်လတာကံကြမ္မာ

❤ ❤ ❤ ဆရာကံထူး(ဝေဲဒသုတေသီ) ★ ★ ★

နက္ခတ်တာရာများနှင့် ယှဉ်တွဲမွေးဖွားလာကြတဲ့ လူသားတို့ပင် ဦးထိပ်ရွက်တင်ကာ သယ်ဆောင်လာခဲ့ကြသဖြင့် လူ့ဘဝအား ခြယ်လှယ်ခွင့်ရနေကြတဲ့ ကောင်း,ဆိုးနှစ်တန် ကုသိုလ်၊ အကုသိုလ်လောကဓံကို အနီးစပ်ဆုံးမှန်ကန်အောင် တွက်ထုတ်ပေးနိုင်သော ပညာကား ဗေဒင်ပညာပင်ဖြစ်ပါသည်။ အတိတ်ကံကောက်ကြောင်းပန်းချီကို ဤသို့ဤပုံဟု သိမြင်မထားဘဲ ပစ္စုပ္ပန်ကို အလှဆင်လျှင် ကြည်လင်လှပ၊ နူကြွရွတဲ့ ဘဝပန်းချီ ဖြစ်မလာနိုင်သည့်အပြင် မလှစီးပွား၊ ရေနစ်ဆားသို့ ပျက်ပြားသွားရတတ်ပါသည်။ သင့်ကြိုးစားမှုက နွားချီကို နို့ညှစ်မိသကဲ့သို့ ခုတ်ရာတခြား ရှရာတခြား အလွဲလွဲအမှားမှား ဖြစ်နေတတ်ပါသည်။ ဆရာချစ်တဲ့ ဂမ္ဘီရပရိသတ်များ ထိုသို့ဖြစ်မသွားစေလိုပါ။ ထို့ကြောင့် ဘဝနှင့်ဆန္ဒ ထပ်တူကျနိုင်စေဖို့ရာ အတွေးသစ်များ လင်းလက်လာစေရေးအတွက် နက္ခတ်ဗေဒင်ဖြင့် ကူညီဖေးမ လမ်းပြပေးလိုက်ပါသည်။

မသိသူတွေ ကျော်သွားပြီး သိသူတွေ ဖော်စားကြမည့် ဤကဏ္ဍပါ ဇယားများကို ကမ္ဘာ့မဒီရီယံမျဉ်းဖြတ်တဲ့ ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်၊ အရှေ့လောင်ဂျီတွဒ်(၉၇° ၃၂')၊ မြောက်လတ္တီတွဒ်(၁၆° ၂၁')ကို အခြေခံကာ လ,အလိုက် နေထွက်,နေဝင်ချိန်များဖြင့် တွက်ထုတ်ထားပါသည်။ မိမိ မွေးလ၊ မွေးရက် ပါရှိရာ ဇယားကွက်၌ မွေးချိန်ကို ရှာကြည့်ရုံဖြင့် ဘေးတွင်ယှဉ်တွဲပြထားသော ရာသီလဂ်ကို အလွယ်တကူသိနိုင်ပေသည်။ ဂမ္ဘီရချစ်သူများအနေဖြင့် မိမိရာသီလဂ်ကို အတိအကျသိထားလိုပါက ဖုန်း-၀၉ ၄၀ ၁၅၃ ၄၄၉၉ သို့ ဆက်သွယ်ပါ။ ကွန်ပျူတာဖြင့် ဇာတာဖွဲ့ပြီး မိနစ်(၂၀)အတွင်းမှာ ပြန်လည်ဖြေကြားပေးပါမည်။ ရာသီလဂ် သိရုံသက်သက်ဆိုပါက ဇာတာဖွဲ့ခ ပိုက်ဆံလုံးဝပေးစရာမလိုပါ။ အသင့်ဖွဲ့ပြီးဇာတာ ရှိနေပါက ထိုဇာတာပါ လဂ်အတိုင်းပင် ဟောကွက်တွင် ဖတ်ရှုနိုင်ပါသည်။

ဇန်နဝါရီလ (၁၄)ရက်မှ ဖေဖော်ဝါရီလ (၁၂)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| [illegible] - ၈:၄၀ | မကာရ |
| [illegible] - ၁၀:၄၀ | ကုမ် |
| [illegible] - ၁၂:၄၀ | မိန် |
| [illegible] - ၁၄:၄၀ | မိဿ |
| [illegible] - ၁၆:၄၀ | ပြိဿ |
| [illegible] - ၁၈:၄၀ | မေထုန် |
| [illegible] - ၂၀:၄၀ | ကရကဋ် |
| [illegible] - ၂၂:၄၀ | သိဟ် |
| [illegible] - ၂၄:၄၀ | ကန် |
| [illegible] - ၂:၄၀ | တူ |
| [illegible] - ၄:၄၀ | ဗြိစ္ဆာ |
| [illegible] - ၆:၄၀ | ဓနု |

ဖေဖော်ဝါရီလ (၁၃)ရက်မှ မတ်လ (၁၃)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆:၄၀ - ၈:၄၀ | မကာရ |
| ၈:၄၀ - ၁၀:၄၀ | ကုမ် |
| ၁၀:၄၀ - ၁၂:၄၀ | မိန် |
| ၁၂:၄၀ - ၁၄:၄၀ | မိဿ |
| ၁၄:၄၀ - ၁၆:၄၀ | ပြိဿ |
| ၁၆:၄၀ - ၁၈:၄၀ | မေထုန် |
| ၁၈:၄၀ - ၂၀:၄၀ | ကရကဋ် |
| ၂၀:၄၀ - ၂၂:၄၀ | သိဟ် |
| ၂၂:၄၀ - ၂၄:၄၀ | ကန် |
| ၂၄:၄၀ - ၂:၄၀ | တူ |
| ၂:၄၀ - ၄:၄၀ | ဗြိစ္ဆာ |
| ၄:၄၀ - ၆:၄၀ | ဓနု |

မတ်လ (၁၄)ရက်မှ ဧပြီလ (၁၂)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆:၁၀ - ၈:၁၀ | မိန် |
| ၈:၁၀ - ၁၀:၁၀ | မိဿ |
| ၁၀:၁၀ - ၁၂:၁၀ | ပြိဿ |
| ၁၂:၁၀ - ၁၄:၁၀ | မေထုန် |
| ၁၄:၁၀ - ၁၆:၁၀ | ကရကဋ် |
| ၁၆:၁၀ - ၁၈:၁၀ | သိဟ် |
| ၁၈:၁၀ - ၂၀:၁၀ | ကန် |
| ၂၀:၁၀ - ၂၂:၁၀ | တူ |
| ၂၂:၁၀ - ၂၄:၁၀ | ဗြိစ္ဆာ |
| ၂၄:၁၀ - ၂:၁၀ | ဓနု |
| ၂:၁၀ - ၄:၁၀ | မကာရ |
| ၄:၁၀ - ၆:၁၀ | ကုမ် |

ဧပြီလ (၁၃)ရက်မှ မေလ (၁၃)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၀၅:၄၅ - ၀၇:၄၅ | မိဿ |
| ၀၇:၄၅ - ၀၉:၄၅ | ပြိဿ |
| ၀၉:၄၅ - ၁၁:၄၅ | မေထုန် |
| ၁၁:၄၅ - ၁၃:၄၅ | ကရကဋ် |
| ၁၃:၄၅ - ၁၅:၄၅ | သိဟ် |
| ၁၅:၄၅ - ၁၇:၄၅ | ကန် |
| ၁၇:၄၅ - ၁၉:၄၅ | တူ |
| ၁၉:၄၅ - ၂၁:၄၅ | ဗြိစ္ဆာ |
| ၂၁:၄၅ - ၂၃:၄၅ | ဓနု |
| ၂၃:၄၅ - ၀၁:၄၅ | မကာရ |
| ၀၁:၄၅ - ၀၃:၄၅ | ကုမ် |
| ၀၃:၄၅ - ၀၅:၄၅ | မိန် |

www.burmeseclassic.com

www.burmeseclassic.com

မေလ (၁၄)ရက်မှ
နွန်လ (၁၄)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅:၂၅ - ၇:၂၅ | ပြိဿ |
| ၇:၂၅ - ၉:၂၅ | မေထုန် |
| ၉:၂၅ - ၁၁:၂၅ | ကရကဋ် |
| ၁၁:၂၅ - ၁၃:၂၅ | သိဟ် |
| ၁၃:၂၅ - ၁၅:၂၅ | ကန် |
| ၁၅:၂၅ - ၁၇:၂၅ | တူ |
| ၁၇:၂၅ - ၁၉:၂၅ | ဗြိစ္ဆာ |
| ၁၉:၂၅ - ၂၁:၂၅ | ဓနု |
| ၂၁:၂၅ - ၂၃:၂၅ | မကာရ |
| ၂၃:၂၅ - ၁:၂၅ | ကုမ် |
| ၁:၂၅ - ၃:၂၅ | မိန် |
| ၃:၂၅ - ၅:၂၅ | မိဿ |

နွန်လ (၁၅)ရက်မှ
ဝါဆိုလ (၁၅)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅:၂၀ - ၇:၂၀ | မေထုန် |
| ၇:၂၀ - ၉:၂၀ | ကရကဋ် |
| ၉:၂၀ - ၁၁:၂၀ | သိဟ် |
| ၁၁:၂၀ - ၁၃:၂၀ | ကန် |
| ၁၃:၂၀ - ၁၅:၂၀ | တူ |
| ၁၅:၂၀ - ၁၇:၂၀ | ဗြိစ္ဆာ |
| ၁၇:၂၀ - ၁၉:၂၀ | ဓနု |
| ၁၉:၂၀ - ၂၁:၂၀ | မကာရ |
| ၂၁:၂၀ - ၂၃:၂၀ | ကုမ် |
| ၂၃:၂၀ - ၁:၂၀ | မိန် |
| ၁:၂၀ - ၃:၂၀ | မိဿ |
| ၃:၂၀ - ၅:၂၀ | ပြိဿ |

ဝါဆိုင် (၁၆)ရက်မှ
ဩဂုတ်လ (၁၆)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅:၃၀ - ၇:၃၀ | ကရကဋ် |
| ၇:၃၀ - ၉:၃၀ | သိဟ် |
| ၉:၃၀ - ၁၁:၃၀ | ကန် |
| ၁၁:၃၀ - ၁၃:၃၀ | တူ |
| ၁၃:၃၀ - ၁၅:၃၀ | ဗြိစ္ဆာ |
| ၁၅:၃၀ - ၁၇:၃၀ | ဓနု |
| ၁၇:၃၀ - ၁၉:၃၀ | မကာရ |
| ၁၉:၃၀ - ၂၁:၃၀ | ကုမ် |
| ၂၁:၃၀ - ၂၃:၃၀ | မိန် |
| ၂၃:၃၀ - ၁:၃၀ | မိဿ |
| ၁:၃၀ - ၃:၃၀ | ပြိဿ |
| ၃:၃၀ - ၅:၃၀ | မေထုန် |

ဩဂုတ်လ (၁၇)ရက်မှ
စက်တင်ဘာလ (၁၆)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅:၄၀ - ၇:၄၀ | သိဟ် |
| ၇:၄၀ - ၉:၄၀ | ကန် |
| ၉:၄၀ - ၁၁:၄၀ | တူ |
| ၁၁:၄၀ - ၁၃:၄၀ | ဗြိစ္ဆာ |
| ၁၃:၄၀ - ၁၅:၄၀ | ဓနု |
| ၁၅:၄၀ - ၁၇:၄၀ | မကာရ |
| ၁၇:၄၀ - ၁၉:၄၀ | ကုမ် |
| ၁၉:၄၀ - ၂၁:၄၀ | မိန် |
| ၂၁:၄၀ - ၂၃:၄၀ | မိဿ |
| ၂၃:၄၀ - ၁:၄၀ | ပြိဿ |
| ၁:၄၀ - ၃:၄၀ | မေထုန် |
| ၃:၄၀ - ၅:၄၀ | ကရကဋ် |

စက်တင်ဘာလ (၁၇)ရက်မှ
အောက်တိုဘာလ (၁၆)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅:၅၀ - ၇:၅၀ | ကန် |
| ၇:၅၀ - ၉:၅၀ | တူ |
| ၉:၅၀ - ၁၁:၅၀ | ဗြိစ္ဆာ |
| ၁၁:၅၀ - ၁၃:၅၀ | ဓနု |
| ၁၃:၅၀ - ၁၅:၅၀ | မကာရ |
| ၁၅:၅၀ - ၁၇:၅၀ | ကုမ် |
| ၁၇:၅၀ - ၁၉:၅၀ | မိန် |
| ၁၉:၅၀ - ၂၁:၅၀ | မိဿ |
| ၂၁:၅၀ - ၂၃:၅၀ | ပြိဿ |
| ၂၃:၅၀ - ၁:၅၀ | မေထုန် |
| ၁:၅၀ - ၃:၅၀ | ကရကဋ် |
| ၃:၅၀ - ၅:၅၀ | သိဟ် |

အောက်တိုဘာလ (၁၇)ရက်မှ
နိုဝင်ဘာလ (၁၅)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅:၅၅ - ၇:၅၅ | တူ |
| ၇:၅၅ - ၉:၅၅ | ဗြိစ္ဆာ |
| ၉:၅၅ - ၁၁:၅၅ | ဓနု |
| ၁၁:၅၅ - ၁၃:၅၅ | မကာရ |
| ၁၃:၅၅ - ၁၅:၅၅ | ကုမ် |
| ၁၅:၅၅ - ၁၇:၅၅ | မိန် |
| ၁၇:၅၅ - ၁၉:၅၅ | မိဿ |
| ၁၉:၅၅ - ၂၁:၅၅ | ပြိဿ |
| ၂၁:၅၅ - ၂၃:၅၅ | မေထုန် |
| ၂၃:၅၅ - ၁:၅၅ | ကရကဋ် |
| ၁:၅၅ - ၃:၅၅ | သိဟ် |
| ၃:၅၅ - ၅:၅၅ | ကန် |

နိုဝင်ဘာလ (၁၆)ရက်မှ
ဒီဇင်ဘာလ (၁၅)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆:၅၅ - ၈:၅၅ | ဗြိစ္ဆာ |
| ၈:၅၅ - ၁၀:၅၅ | ဓနု |
| ၁၀:၅၅ - ၁၂:၅၅ | မကာရ |
| ၁၂:၅၅ - ၁၄:၅၅ | ကုမ် |
| ၁၄:၅၅ - ၁၆:၅၅ | မိန် |
| ၁၆:၅၅ - ၁၈:၅၅ | မိဿ |
| ၁၈:၅၅ - ၂၀:၅၅ | ပြိဿ |
| ၂၀:၅၅ - ၂၂:၅၅ | မေထုန် |
| ၂၂:၅၅ - ၂၄:၅၅ | ကရကဋ် |
| ၂၄:၅၅ - ၂:၅၅ | သိဟ် |
| ၂:၅၅ - ၄:၅၅ | ကန် |
| ၄:၅၅ - ၆:၅၅ | တူ |

ဒီဇင်ဘာလ (၁၆)ရက်မှ
ဇန်နဝါရီလ (၁၃)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆:၅၅ - ၈:၅၅ | ဓနု |
| ၈:၅၅ - ၁၀:၅၅ | မကာရ |
| ၁၀:၅၅ - ၁၂:၅၅ | ကုမ် |
| ၁၂:၅၅ - ၁၄:၅၅ | မိန် |
| ၁၄:၅၅ - ၁၆:၅၅ | မိဿ |
| ၁၆:၅၅ - ၁၈:၅၅ | ပြိဿ |
| ၁၈:၅၅ - ၂၀:၅၅ | မေထုန် |
| ၂၀:၅၅ - ၂၂:၅၅ | ကရကဋ် |
| ၂၂:၅၅ - ၂၄:၅၅ | သိဟ် |
| ၂၄:၅၅ - ၂:၅၅ | ကန် |
| ၂:၅၅ - ၄:၅၅ | တူ |
| ၄:၅၅ - ၆:၅၅ | ဗြိစ္ဆာ |

## (၂၀၁၆)ခုနှစ်၊ အောက်တိုဘာလအတွက် နက္ခတ်မေဒင်ဟောစာတမ်း

### မိဿလဂ် (Aries)



ကျန်းမာရေး ကောင်းနေမည်။ သို့သော်
နဂိုက အစာအိမ်လေမှာ အခံရှိသူများက
တော့ (၄)ရက်နေ့မှ (၂၁)ရက်အတွင်း
ပြန်ပေါ်လာတတ်၍ မတည့်တဲ့ အစား
အစာများ ရှောင်ပါ။ အလုပ်အကိုင် အဆင်ပြေနေမည်။
အချစ်ရေးဖန်တီးသူများ အတိုက်အခံတွေ့ပြီးမှ အဆင်ပြေ
မည်။ အတတ်ပညာ၊ အသိပညာ၊ အတန်းပညာ ဘာပဲ
ဖြစ်ဖြစ် ပညာသင်လှူငယ်များ အတိုက်အခံ၊ အနှောင့်
အယှက်များကြောင့် လမ်းစဉ်မှားကို အမှန်ထင်ကာ အ
သံသရာ လည်နေတတ်၏။ အိမ်ထောင်ပြုရန် စီစဉ်ထ
သူများ (၁၄)ရက်နှင့် (၃၁)ရက်ကြား သတ်မှတ်ထားပါ
မထင်မှတ်ဘဲ ပျက်သွားတတ်၏။ ထို့ကြောင့် အိမ်ထော
ပြုဖို့ ရည်ရွယ်ထားလျှင် (၁၃)ရက်ကို နောက်ဆုံးထ
မင်္ဂလာဆောင်ပါ။ ကျက်သရေမင်္ဂလာနှင့် ပြည့်စုံပြီး ဂု
သိက္ခာ တိုးတက်မြင့်မားနေမည်။ မနာလိုသူ့ရဲ့ ဟန့်တ

www.burmeseclassic.com

www.burmeseclassic.com

ချောင့်ယှက်ခြင်းကို ကျော်လွှားနိုင်မည်။ ရပ်ဝေးမှ သတင်းကောင်းတစ်ခု ကြားရတတ်၏။ ဘာပဲပြောပြော ဝင်ငွေကောင်းနေမှာ သေချာ၏။ သို့သော် စုငွေမရှိဖြစ်နေမည်။ ထို့သို့ဆိုစေ ဤလတွင် အကောင်းဘက်သို့ ဦးတည်နေမည်။ ကံကောင်းရက်အဖြစ် (၁၇၊ ၁၈)ရက်များကို သတ်မှတ်လိုက်ပါ။

ယတြာ

ဆီးယိုထုပ်(၉)ထုပ် ဘုရားဆွမ်းကပ်ပြီး ရွှန်းတဲ့ အခါ အင်္ဂါသားသမီးများကို ကျွေးမွေးလိုက်ပါ။ အဆင်ပြေသွားပါလိမ့်မည်။

## ပြိဿလဂ် (Taurus)



(၁၃)ရက်ထိ အတိုက်အခံ အနှောင့်အယှက်များ မကြုံစဖူး အကြုံထူးနေမည်။ (၁၄)ရက်နောက်ပိုင်း ပျောက်သွားလိမ့်မည်။ (၃)ရက်ကနေ (၁၆)ရက်ထိ ဝင်ငွေကောင်းနေမည်။ အချစ်ကို ဘဝလို့ ထင်နေသူများ ဘဝအဓိပ္ပာယ် ပြည့်စုံသွားလိမ့်မည်။ ပညာရှင် ကျောင်းသားလူငယ်များဆိုပါက ဉာဏ်စွမ်းဉာဏ်စ ထူးပြသနိုင်မည့် ကာလပါ။ အိမ်ထောင်ရှင်များ အိမ်ထောင်ဖက်ကြောင့် စိတ်ညစ်စရာ ကြုံတွေ့ရတတ်၏။ အိမ်ထောင်မရှိသေးသူများ အိမ်ထောင်ပြုဖို့ စိုင်းပြင်းနေတတ်ပါသည်။ အနှစ်နာခံ ဂုဏ်သိက္ခာကျခံပြီးမှ အိမ်ထောင်ပြုဖြစ်သွားမည်။ စာပေအသိုင်းအဝိုင်းနှင့် ဆေးပညာဆိုင်ရာ အသိုင်းအဝိုင်းက လူများဆိုပါက ဂုဏ်သိက္ခာတက်မြင့်မားခြင်း ရှိပေမည်။ ရေနှင့်ပတ်သက်တဲ့ လုပ်ငန်းရှင်များ ရေက ရွှေဖြစ်သည်ဟု ထင်မှတ်ရလောက်အောင် အဆင်ပြေ အောင်မြင်နေမည်။ အကြင်နာသံယောဇဉ်ဖြင့် အုပ်ချုပ်တဲ့ လူကြီးသူမများ အထူးအောင်မြင်ပြီး အကျိုးအမြတ် ကောင်းကောင်းရလိမ့်မည်။ ကိုယ်ပိုင်လုပ်ငန်း ဖွင့်သူများ တစ်ခုမဟုတ်တစ်ခု အခက်အခဲတွေ့လိမ့်မည်။ (၁၉၊ ၂၀)ရက်များကို ကံကောင်းရက်များအဖြစ်ဆောင်၊ (၃၊ ၄)နှင့် (၁၀၊ ၁၁)ရက်များကို ရှောင်ပါ။

ယတြာ

သောကြာနံသင့်ပစ္စည်း သေတ္တာဟောင်းကို သန့်ရှင်းရေးလုပ်ပေးလိုက်ပါ။ အညှီအဆိုးများ ကင်းစင်သွားလိမ့်မည်။

## မေထုန်လဂ် (Gemini)



မိသားစုတွက်ရော ကိုယ့်ဘဝတွက်ပါ ရွှေ၊ လှေ၊ ဝီရိယ အရမ်းကောင်းနေမည်။ အကျိုးအမြတ်လည်း မြိုးမြိုးမြက်မြက် ခံစားရမည်။ ထင်မှတ်မထားတဲ့ အကြင်နာသံယောဇဉ် နုနုရွရွလေး ဘဝထဲသို့ ရောက်လာမည်။ နေအိမ်အတွက် စိတ်သောကရောက်နေသူများ လုံးဝအဆင်ပြေသွားလိမ့်မည်။ ဦးနှောက်အာရုံကြော အားနည်းပြီး မေ့သလိုလို ဖြစ်နေတတ်၏။ အလုပ်အကိုင် အထူးကောင်းပြီး အကြွေးများ ပြန်လည်ပေးဆပ်နိုင်မည်။ နိုင်ငံရပ်ခြား နယ်စပ်ဒေသတွင် သွားရောက်လုပ်ကိုင်နေသူများ ပို၍အဆင်ပြေမည်။ ယခင် မလုပ်ဖြစ်၍ ရပ်တန့်ထားရသည်များကို ပြန်လည်လုပ်ကိုင်နိုင်မည်။ ချစ်သူရဲ့ အားမလိုအားမရ ပြောဆိုခြင်း ခံနေရသူများ ယခုလတွင် အားမလျှော့ပါနှင့်။ ချစ်တဲ့သူရေလို့ တိုးတိုးလေး ပြောလိုက်ပါ။ နှစ်ပတ်အတွင်း တကယ်အဆင်ပြေသွားသည်ကို တွေ့ရပေလိမ့်မည်။ ပြစ်ဒဏ်ကျခံနေရတဲ့ လက်နက်ကိုင် ဝန်ထမ်းများ ပြစ်ဒဏ်မှ လွတ်သွားပေမည်။ သို့သော် သုခကိုတော့ လှမ်းမကိုင်နိုင်သေးပါ။ အထည်အလိပ်၊ ထီး၊ ဖိနပ်နှင့် ကုန်မာရောင်းဝယ်သူများ ထင်ထားသည့်အတိုင်း ဖြစ်မလာနိုင်၍ အရင်းအနှီး လျှော့ထားမှ တော်ကာကျမည်။ စာအုပ်စာပေ၊ စည်းရုံးရေး၊ ရှေ့နေ၊ ပွဲစားလုပ်ငန်းကို လုပ်ကိုင်သူများ ဝင်ငွေလည်းတိုး နာမည်လည်း ကြီးပါလိမ့်မည်။ (၁၅၊ ၁၆)ရက်များကို ကံကောင်းရက်အဖြစ် ဆောင်ပြီး (၅၊ ၆၊ ၇) သုံးရက်ကို ရှောင်ပါလေ။

ယတြာ

ထန်းလျက် ငါးဆယ်သားဝယ်ပြီး မွေးနေ့တွင် ခွေးကို အစာကျွေးလိုက်ပါ။ အတွေးသစ်များ ပေါ်လာပြီး အောင်မြင်မှုရလိမ့်မည်။

## ကရကဋ်လဂ် (Cancer)

ငွေကြေး အချစ်ရေး အဆင်အပြေကြီးတော့ မဟုတ်ပါ။ ချစ်ချစ်၊မချစ်ချစ် အိမ်ထောင်ပြုချင်နေသူတော့

www.burmeseclassic.com

www.burmeseclassic.com



ပြုဖြစ်သွားမှာပါ။ ရှေးမှတစ်ပါး အခြားသော တွင်းထွက်ပစ္စည်းများကို ရောင်းဝယ်လျှင်၊ အကျိုးတူ ပူးပေါင်းလုပ်ကိုင်လျှင် အနှောင့်အယှက်၊ အတိုက်အခံ မကင်းပါ။ ဆေးဝါး၊ ဓာတုနှင့် ဆန်၊ ဆီ၊ ဆားရောင်းဝယ်သူများ ဤလတွင် များများဝယ်ပြီး နည်းနည်းပဲ ထုတ်သင့်ပါသည်။ ပညာသင်လူငယ်များ ပညာသင်တစ်ပိုင်းတစ်စနှင့် လက်နက်ကိုင်ချင်စိတ် ပေါက်နေတတ်၏။ အပြတ်အသတ်ချေမှုန်းမည် ဆိုတဲ့စိတ်ကို ခဏတာ ဖယ်ရှားပေးနိုင်မှ သင့်ပညာရေး အောင်မြင်မည်။ ဂုဏ်သိက္ခာ၊ အကျင့်သီလကို အရင်းအနှီးပြုလုပ်ကိုင်သူများ အထူးအဆင်ပြေမည်။ စက်မှုဝန်ထမ်း၊ လျှပ်စစ်ဝန်ထမ်းများ ရာထူးကျခြင်း၊ ပြစ်ဒဏ်ခံရခြင်း ရှိတတ်၍ အထူးသတိထားပါ။ လောဘဆန္ဒအလိုသို့ မလိုက်မိအောင် မိမိစိတ်ကို ထိန်းသိမ်းထားပေးပါ။ ဗေဒင်ဆရာ၊ စာရေးဆရာများကတော့ ပြုံးပြုံးလေးနှင့် ငွေဝင်နေမည်။ ပဲ၊ နှမ်း တောင်သူများ၊ ဟိုတယ်နှင့် ခရီးသွားလာရေးဆိုင်ရာ လုပ်ငန်းရှင်များ၊ ဓိမ်ခံပစ္စည်း ထုတ်လုပ်သူများ ယခုလတွင် အဆင်ပြေပြီးရင်းပြေနေမည်။ မည်သည့် လုပ်ငန်းရှင်မဆို (၁၀၊ ၁၁၊ ၁၂)ရက်များကို ဆောင်ပြီး (၁၃၊ ၁၄)ရက်များကို ရှောင်ပါလေ။

**ယတြာ**

နို့စိမ်းခေါက်ဆွဲဝယ်ပြီး မိသားစုထဲမှ မိမိထက် ငယ်ရွယ်သူအား စေတနာပါပါ ကျွေးမွေးလိုက်ပါ။ ဝေဒနာများ ကင်းစင်သွားပေလိမ့်မည်။

## သိဟ်လဂ် (Leo)



ဟင်းလို့ သက်ပြင်းချနေရမည် ထင်ပါသည်။ ကိုယ်ရေးကိုယ်တာ ရည်မှန်းချက်များ မအောင်မြင်နိုင်ဘဲ နှောင့်နှေးကြန့်ကြာနေမည်။ ကျန်းမာရေး ညံ့ပ်မကောင်းနိုင်ပါ။ အိပ်မပျော်တဲ့ ရောဂါတစ်မျိုး ခံစားနေရတတ်၏။ စိတ္တဇအတွေးများ ဖာတ်သိမ်းဖို့ မိမိ အလေးဂရုပြုရသူထံသို့ ခဏသွားလိုက်ပါ။ အတွေးစများရပ်ကာ ဘဝတွက် အဖြေရှာနိုင်ပြီး ပျော်ရွှင်ရလိမ့်မည်။ အခြေခံစားကုန်နှင့် မီးဖိုချောင်သုံးပစ္စည်း ရောင်းဝယ်သူများ အရောင်းအဝယ် ကောင်းပါလျက် စိတ်ပျက်စရာ ကြုံတွေ့ရတတ်ပါသည်။ ဘာသာရေးစာပေများ ထုတ်ဝေဖြန့်ချိတဲ့ ရဟန်းရှင်လူများ ကုသိုလ်ရရဖြင့် ဝင်ငွေမျှတနေမည်။ အကျင့်စရဏဖြင့် ဘာဝနာမယ ကုသိုလ်ထူး ဆည်းပူးသူများ မဂ်ဉာဏ် ဖိုလ်ဉာဏ် မဟုတ်သည့်တိုင် ရဉာဏ်လို့ခေါ်တဲ့ ကိုယ်ပိုင်အသိတစ်ခု ရရှိသွားနိုင်ပါသည်။ သိပ္ပံလက်ဖာတာရှင်များ ယခုလတွင် လောဘဖြင့် လုပ်ခြင်းထက် ပညာဖြင့် လုပ်ခြင်းက ပိုအောင်မြင်စေမည်။ စစ်သည်တော်များ ရာထူးဌာနနှုရ တိုးတတ်ပါသည်။ အဆိုတော် တေးဂီတမှုလွဲလို့ ကျန်အနုပညာရှင်များ အဆင်မပြေနိုင်ပါ။ ဝါသနာ၊ စေတနာအရ သင်ကြားပြသနေကြတဲ့ ဆရာ၊ ဆရာမများ စာသင်ခန်းတွင် ပျော်ရွှင်သကဲ့သို့ ဘဝတွင် ပျော်ရွှင်ရလိမ့်မည်။ အားလုံးပဲ အထူးသတိပြုရမှာက အစာအိမ်လေနာ ရောဂါပါ။

**ယတြာ**

အမှောင်ထဲ သွားခြင်းမှရှောင်ပြီး အိပ်ခါနီးတိုင်း ဆီမီးထွန်းညှိပူဇော်ပါ။ အမှား အမှောင်အမိုက်များ ကင်းစင်သွားလိမ့်မည်။

## ကန်လဂ် (Virgo)



ပထမပတ် နှစ်ရက်၊ သုံးရက်အတွင်း ဆေးရုံ၊ ဆေးခန်း ရောက်ရတတ်ပါသည်။ စိတ်မပူပါနှင့်၊ ငါးရက်နှောက်ပိုင်း သက်သာပျောက်ကင်းပြီး ကျန်းမာလာမည်။ ယခင်က ရည်ရွယ်တိုင်း ပျက်နေခဲ့တဲ့ ရည်မှန်းချက်ကို ယခုလတွင် ဖြစ်အောင် အကောင်အထည်ဖော်လိုက်ပါ။ မုချအောင်မြင်ပါလိမ့်မည်။ သို့သော် သတိထားရမှာက အကြီးအကဲဟန်ဆောင်တဲ့ အကြီးအကဲကို ရှောင်ပါ။ လူကုံထံအသိုင်းအဝိုင်းမှ မွေးဖွားတဲ့ အနုပညာရှင်များ နှစ်ပတ်အတွင်း အရမ်းထင်ရှားလာပြီး စာချုပ်စာတမ်း ကတိကဝတ် ဖျက်သိမ်းခြင်းစတဲ့ အကြောင်းတစ်ခုခုကြောင့် ရပ်တန့်ခြင်း ဆုံးရှုံးနစ်နာခြင်းများ ကြုံတွေ့ရတတ်ပါသည်။ အိမ်ခြံမြေ ရောင်းဝယ်သူများ မှန်းချက်နှင့် နှမ်းထွက်မကိုက်နိုင်ပါ။ အိမ်ထောင်ပြုလိုသူများ ပြုဖြစ်သွားမည်။ အိမ်ထောင်ရှိသူများ အိမ်ထောင်ရေးသာယာမည်။ သို့မဟုတ် ဖက်စပ်လုပ်ငန်းမှ အကျိုး



www.burmeseclassic.com

www.burmeseclassic.com

အမြတ် ခံစားရမည်။ နိုင်ငံခြားသွားရန် စီစဉ်နေသူများ အောင်မြင်သွားမည်။ ရောက်ပြီးနေသူများ ငွေကြေး စုမိဆောင်းမိရှိမည်။ ဘဝရည်ရွယ်ချက် ပန်းတိုင်သို့ ရောက်မည်။ အဆိပ်၊ ပိုးသတ်ဆေး ရောင်းဝယ်သူများ ပိတ်ပင်တားမြစ်ခံရတတ်၏။ (၁၃၊ ၁၄)နှင့် (၁၇၊ ၁၈)ရက်များကို ရှောင်ပါ။

**ယတြာ**

မွေးနေ့တွင် ကြွေ (သို့မဟုတ်) ကြေးပန်းကန်ပြားပေါ်တွင် တင်ပြီး သောက်တော်ရေ(၅)ခွက် ဘုရားကို ဆက်ကပ်ပါ။ လိုအင်ဆန္ဒ ပြည့်ဝရလိမ့်မည်။

## တုလာ (Libra)



ကျောင်းသားဆိုလျှင် စာကြွေး၊ လူကြီးဆိုလျှင် အလုပ်ကြွေး၊ ပိုက်ဆံကြွေး တင်နေမည်။ သို့မဟုတ် ဖျားနာခြင်း ရောဂါဝေဒနာတစ်ခုခု ဖြစ်နေတတ်၏။ အလှပြင် အလှဆင်၊ အလှကုန်နှင့် ပတ်သက်သူများ လူသိမခံချင်၍ ဖုံးဖိထားသည်များ လူအများ သိသွား၍ အရှက်ရနေတတ်ပါသည်။ အလုပ်အကိုင်ကတော့ စိတ်တိုင်းကျဖြစ်ဖို့ မလွယ်ပါ။ ကြိုးစားသလောက် အကျိုးခံစားရတဲ့ ကာလပါ။ စိတ်ရှုပ်ထွေးလာပြီး တတိယပတ်နှင့် စတုတ္ထပတ်တွင်းမှာ ဆေးရုံ၊ ဆေးခန်းသို့ ရောက်သွားတတ်၏။ သစ်သီးပွဲရုံ၊ သစ်သီးရောင်းဝယ်ရေး၊ သစ်လုပ်ငန်း၊ အလှပြင် အလှဆင်၊ သရုပ်ဆောင်များကတော့ ဘဝနှင့်ဆန္ဒ ထပ်တူကျနေမည်။ ပညာရေးဝန်ထမ်းများ ပညာရေးစီမံကိန်းကြောင့် ကိုယ်ရော စိတ်ပါ ပင်ပန်းနေမည်။ ကျောင်းသားများ ပညာရေးကို စိတ်မဝင်စား ဖြစ်နေတတ်၏။ ဆရာဝန်၊ ဆရာဝန်မများ၊ ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများ ဆေးကျောင်းသား/သူများ ရည်မှန်းချက် အောင်မြင်မည်။ ဘာသာရေးနှင့် ဆက်စပ်တဲ့ စီးပွားရေး လုပ်ငန်းရှင်များ ငွေကြေးစုမိဆောင်းမိရှိမည်။ စကားပြောများပြီး ဂုဏ်သိက္ခာကို ရှေ့တန်းတင်လွန်းသူများ ဂုဏ်သတ်နွမ်းတတ်ပါသည်။ အိပ်မက်ဆိုးများ မကြာခဏ မက်နေတတ်၏။ မည်သည့် ကိစ္စမဆို (၁၃-၁၄)နှင့် (၂၁၊ ၂၂)ရက်များကို မိမိဘဝအတွက် ကံကောင်းရက်ဟု မှတ်ပါ။ လဆန်း(၁၊ ၂)နှင့် လကုန်ခါနီး (၂၇၊ ၂၈၊ ၂၉)ရက်များကို ရှောင်ပါလေ။

ယတြာ - ပိုက်ဆံအိတ် အဟောင်းကိုစွန့်ပစ်ပြီး မိမိမွေးနေ့တွင် ငါးစာလိပ်စာ ကျွေးပါ။ အခက်အခဲများ ကျော်လွှားနိုင်ပေလိမ့်မည်။

## ဗြိစ္ဆာလဂ် (Scorpio)



ငွေကြေး စုမိဆောင်းမိရှိမည်။ မှတ်ဉာဏ်များ ပိုအားကောင်းနေမည်။ သို့သော် ကျန်းမာရေးကတော့ သိပ်မကောင်းသေးပါ။ ဆောက်လုပ်ရေးကုမ္ပဏီများ၊ ဝန်ထမ်းများ၊ ရွှေလုပ်ငန်းရှင်များ၊ မြေစာရင်းဝန်ထမ်းများ၊ သာသနာရေးဝန်ထမ်းများ လာဘ်လာဘဝင်ငွေ အထူးကောင်းနေမည်။ လက်ဆောင်ပစ္စည်းများလည်း ရလိမ့်မည်။ မည်သည့်ဝန်ထမ်းမဆို ပြန်တမ်းဝင်အရာရှိအဆင့်ဆိုပါက လက်အောက်ငယ်သား ဒုက္ခပေးတတ်၏။ အထူးသတိထားပါလေ။ အိမ်ထောင်ရှင်များ အိမ်ထောင်ရေး သာယာဖွယ် နည်းပါးမည်။ အချစ်ရေးမှာ စိတ်တိုင်းကျ အဆင်ပြေနေမည်။ ချစ်သူမရှိသေးသူများ ချစ်သူတွေ့လိမ့်မည်။ အိမ်ထောင်ပြုလိုသူများ ပြုဖြစ်သွားမည်။ ကျောင်းသားလူငယ် ပညာသင်အရွယ်များ ပညာရေးကောင်းမည်။ သင်တန်းတက်ရန် ကြံစည်နေသူများ အဆင်ပြေသွားမည်။ ဘယ်သူက ဘာပြောပြော မိမိဆန္ဒကို ဇွဲ၊လုံ့လကြီးစွာ အကောင်အထည်ဖော်နေမည်။ သွပ်၊ သံ စတဲ့ ကုန်မာရောင်းဝယ်သူများ ရောင်းအားကျဆင်းနေတတ်၏။ လဆန်းပိုင်း၊ လကုန်ပိုင်း တစ်ခုခု၌ မြတ်နိုးဖွယ်ရာ လက်ဆောင်ပစ္စည်းများ ရတတ်ပါသည်။ ဆောင်ရမှာက (၁၅၊ ၁၆)၊ ရှောင်ရမှာက (၃၊ ၄)နှင့် (၃၀၊ ၃၁)ရက်များပါ။

**ယတြာ**

ကံ့ကော်ညွန့်(၉)ညွန့်ကို မိမိမွေးနေ့တွင် မိမိ အာရုံကျရာ ဘုရားသို့သွားပြီး မွေးနံထောင့် ဂြိုဟ်တိုင်ဘုရားတွင် လှူဒါန်းပါ။

## ဓနုလဂ် (Sagittarius)

အလုပ်အကိုင်ကတော့ အဆင်ပြေမှာ သေချာပါသည်။ အလုပ်ရှာနေသူများ အလုပ်ရမည်။ ရာထူး အာဏာ၊ ပညာ၊ ဂုဏ်သိက္ခာ တစ်ခုခုဖြင့် လုပ်ကိုင်နေသူများ

www.burmeseclassic.com

www.burmeseclassic.com



သူများထက် ပိုအဆင်ပြေမည်။ ဝင်ငွေတိုးသလို စုငွေလည်း တိုးမည်။ စက်ဘီး၊ ဆိုင်ကယ်၊ ကား ဝယ်ဖို့ ရည်ရွယ်နေသူများ ဝယ်ဖြစ်သွားမည်။ အဆင်ပြေလာနေပြီဆိုတော့မှ မလုပ်ချင် မကိုင်ချင် ဖြစ်နေတတ်၏။ ပျင်းရိစိတ်ကို ဝီရိယဖြင့် နှိပ်ကွပ်ပေးနိုင်လျှင် သင့်ဆန္ဒ အောင်ကို အောင်မြင်မည့် ကာလပါ။ ယခင်က အတိုက်အခံလုပ်နေသူများ စိတ်ထားပြောင်းကာ အကူးပေးလာလိမ့်မည်။ အိမ်ထောင်ရေးကတော့ သာယာလိုက် မသာယာလိုက် ဖြစ်နေမည်။ သားသမီးအရွယ်ဆိုပါက မိခင်၏ အကြင်နာသံယောဇဉ်ကို အပြည့်အဝ ခံစားရမည့် ကာလပါ။ ဂုဏ်သရေရှိလူကြီးများ မိမိဘဝထဲသို့ ရောက်လာတတ်၏။ အကြံကောင်း ဉာဏ်ကောင်းများ ပေးလာလိမ့်မည်။ အလုံးအခဲ မရသော်လည်း သုံးတတ်လျှင် အတုံးလိုက် အခဲလိုက်ရသကဲ့သို့ပင်။ အရာရာ အဆင်ပြေနေသည်ဟု ဆိုနိုင်လင့်ကစား မထင်မှတ်ဘဲ အရှက်ရတတ်၍ သတိတော့ အထူးထားပါ။ ဟောထားသည့်အတိုင်း မဖြစ်လာသေးသူများ ဘဂဝါဂုဏ်တော်ကို သာ တစ်နေ့ (၉)ပတ် ပုံမှန်စိပ်လိုက်ပါ။

ယတြာ - မေတ္တာသုတ်ပရိတ်တော်ကို အချိန်ရတိုင်း ခဏ ခဏရွတ်ပေးပါ။ အခွင့်အလမ်းကောင်းများ မိမိထံသို့ ရောက်လာလိမ့်မည်။

## မကာရလဂ် (Capricon)



ယခင်နှင့်မတူ တစ်မူထူးခြားကာ ဂုဏ်သိက္ခာ တိုးတက်မြင့်မားနေမည်။ လေပူခံပြီး ရင်ခေါင်းနှင့် ဝမ်းဗိုက်ကို ဥပဒ်ပေးတတ်၏။ သို့သော် စိုးရိမ်စရာ မရှိနိုင်ပါ။ ရစရာရှိသည်များ မရနိုင်ဘဲ ခက်ခဲနေမည်။ စာအုပ်စာပေနှင့် ဆေးဝါးရောင်းဝယ်သူများ ဆုံးရှုံးမှု များနေတတ်ပါသည်။ ထို့ကြောင့် အရင်းအနှီးလျှော့ပြီး လုပ်ကိုင်ပါ။ လဆန်း(၃)ရက်အတွင်း ဖျားနာတတ်၏။ ရေခဲရေ မသောက်ပါနှင့်။ ရှေ့နေ၊ ပွဲစား၊ တရားဟော ဓမ္မကထိကများ အထူးဝင်ငွေကောင်းနေမည်။ သားသမီးကောင်းကျိုးခံစားရမည်။ သားသမီးကြောင့် ဂုဏ်ကျက်သရေ ယှက်ဝေလန်းနေမည်။ အုပ်ချုပ်ရေးပိုင်း ကိုင်ရတဲ့ ဝန်ထမ်းဟူသမျှ အထူးသတိထားပါ။ ပြဿနာ အိမ်ပေါ် ရောက်လာတတ်ပါသည်။ စိုက်ပျိုးမွေးမြူရေးနှင့် ပတ်သက်တဲ့ သင်တန်းပညာတစ်ခုခု သင်ယူရတတ်ပါသည်။ သင်ရလျှင် ကောင်း၏။ အလှကုန်၊ အထည်အလိပ် ရောင်းဝယ်သူများ ရောင်းရေးဝယ်တာ ကောင်းနေမည်။ ရောင်းကောင်းရုံတင်မက နာမည်ထွက်ကာ ဂုဏ်တက်နေမည်။ ပညာရေးဝန်ထမ်းများ၊ အိုးအိမ်ဦးစီးဌာန ဝန်ထမ်းများ ရာထူးတိုးတတ်၏။ အစပိုင်းတွင် ဟုတ်မလိုလိုနှင့် ဝင်ဝင်ရှုပ်တတ်တဲ့ လူကြီးသူမများကို အထူးသတိပြုပြီး ရှောင်ပါ။ မုန့်ပဲသရေစာ ရောင်းချသူများ လုပ်ငန်းသေးသေးနှင့် ဝင်ငွေများများ ရမည်။ အရက်၊ ဘီယာပါတဲ့ စားသောက်ဆိုင်များ တစ်ခုမဟုတ်တစ်ခု ပြဿနာတက်တတ်၏။ မည်သူမဆို မကာရလဂ် မှန်ပါက (၁၀၊ ၁၁၊ ၁၂) (၃) ရက်ကို ကံကောင်းရက်အဖြစ် ဆောင်ပြီး (၂၅၊ ၂၆)ရက်များကို ရှောင်ပါ။

ယတြာ

ခရမ်းသီးနှင့် ဝက်သား ရောချက်ပြီး အာရုံဆွမ်း လောင်းလှူပါ။ အညံ့အဆိုးများ သက်သာပျောက်ကင်းသွားလိမ့်မည်။

## ကုမ်လဂ် (Aquarius)



လုပ်ငန်းဆောင်တာ အလုပ်အကိုင်က တော့ အထိုက်အလျောက် အဆင်ပြေ ပါတယ်။ သို့သော် အိမ်ထောင်ရေးက စိတ်မချမ်းမြေ့စရာ များနေတတ်၏။ သူများနှင့် ပူးပေါင်းလုပ်ဆောင်ရတဲ့ အလုပ်ကို အတတ်နိုင်ဆုံး သတိထားပါ။ အလိုလိုနေရင်း ပြဿနာဖြစ်လာတတ်ပါသည်။ ပညာသင်လူငယ်တချို့ မမျှော်လင့်ဘဲ ပညာရေးရပ်တန့်သွားတတ်၍ အပေါင်းအသင်းများကို အထူးသတိထား ပေါင်းသင်းပါ။ အိမ်ထောင်ဖက်ကို မျက်ခြည်ပြတ်မခံပါနှင့်။ ဖောက်ပြန်မှားယွင်းမှုအား ဖုံးဖိ ကြိုးစားရင်း သင့်အသက်ကို ရည်ရွယ်လာတတ်ပါသည်။ ချစ်သူနှင့် ကွေကွင်းနေရသူများ ချစ်သူသစ်တွေ့ပြီး ကန်တဲ့ အကြင်နာသစ်ကို ရရှိခံစားရလိမ့်မည်။ မည်သူ ဆိုစေ သင့်လက်ထဲတွင် ငွေစုမိဆောင်းမိပြီးသား ဖြစ် မည်။ သင့်အတွက် ၊ အကောင်းဆုံးရက်များက (၂



www.burmeseclassic.com

www.burmeseclassic.com

၂၂)ရက်များဖြစ်ပြီး မကောင်းဆုံးကတော့ (၁၀၊ ၁၁၊ ၁၂)ရက်များ ဖြစ်ပါသည်။

**ယတြာ** - ငါးသေတ္တာဘူး(၃)ဘူးကို ဆရာလေး(၃)ပါးအား ခွဲလှူလိုက်ပါ။ အနာရောဂါကင်းရှင်းပြီး စိတ်ချမ်းသာရလိမ့်မည်။

## မိန်လဂ် (Pisces)



ဝမ်းဖောဝမ်းရောင် အနည်းငယ်ဖြစ်တတ်သည်ကလွဲလို့ ကျန်းမာရေးကောင်း မွန်နေမည်။ ယခင်နှစ်ကပင် ကြံစည်ခဲ့သော လုပ်ငန်းတစ်ခု ယခုလတွင် လုပ်ဖြစ်သွားမည်။ အိမ်ထောင်ရေး အထူးသာယာကောင်းမွန်မည်။ အိမ်ထောင်မရှိသေးသူများ အိမ်ထောင်ကျမည်။ မည်သည့်ကိစ္စမဆို ကိုယ်ရောစိတ်ပါ တက်ကြွနေမည်။ ကုမ္ပဏီဖက်စပ်လုပ်ငန်း လုပ်ကိုင်သူများ သိသိသာသာ အောင်မြင်မည်။ အရင်းအနှီး တိုးမြှင့်လုပ်ကိုင်ပါ။ ဘိလပ်မြေ၊ အုတ်၊ သဲ၊ ကျောက် ရောင်းဝယ်သူများ အမြတ်အစွန်းကောင်းမည်။ သစ်တောရေးရာဝန်ထမ်းများ စည်းကမ်းမလိုက်နာပါက အထိနာတတ်ပါသည်။ အခန့်မသင့်လျှင် ရာထူးပင် ပြုတ်သွားတတ်ပါသည်။ အိမ်ခန်းရောင်းဝယ်လိုသူများ လောလောဆယ် အဆင်မပြေနိုင်ပါ။ အုန်းသီးဒိုင်များ အလုပ်မဖြစ်ဘဲ ရပ်တန့်သလိုမျိုး ဖြစ်နေတတ်၏။ စိန်ရွှေငွေ ရတနာဆိုင်များ အထူးရောင်းအားကောင်းမည်။ ချစ်သူနှင့် အဆက်အသွယ်ပြတ်နေသူများ (၂၃၊ ၂၄၊ ၂၅)ရက်များတွင် အဆက်အသွယ်ရလိမ့်မည်။ (၁၅၊ ၁၆)ရက်များကိုဆောင်၊ (၃၊ ၄၊ ၃၀၊ ၃၁)ရက်များကို ရှောင်ပါ။

**ယတြာ**

မိမိမွေးနေ့တွင် သခွားသီးဝယ်ပြီး အိမ်ရှိဘုရားကို သစ်သီးဆွမ်း ကပ်လှူပါ။ ပြီးလျှင် မိမိအိပ်ရာကို ရေမွှေးပက်ဖျန်းလိုက်ပါ။

ရွှင်လန်းချမ်းမြေ့ကြပါစေဗျာ

**ဆရာကံထူး(ဝေဒသုတေသီ)**


☎ ၀၉ ၄၀ ၁၅၃ ၄၄ ၉၉




# သုခရတနာ

## ဓမ္မစာပေဖြန့်ချိရေး

- ပဋ္ဌာန်းပါဠိတော်
- ပရိတ်ကြီး(၁၁)သုတ်ပါဠိတော်
- ဓမ္မစကြာနှင့် အနတ္တလက္ခဏသုတ် ပါဠိတော်
- တရဏပရိတ် အဘိဏှသုတ်နှင့် ပရိမိတ္တဇာလသုတ် ပါဠိတော်



အမှတ်-၃၅၂(ပထမထပ်)၊ ဘားလမ်း(မဟာဗန္ဓုလပန်းခြံလမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၇၃၁ ၉၉၄၂၅ ၊ ၀၉ ၇၃၀ ၇၆၄၉၄




www.burmeseclassic.com

www.burmeseclassic.com



ဆရာရန်အောင်ဟိန်း(B.Sc)

## (၂၀၁၆)ခုနှစ်၊ အောက်တိုဘာအတွင်း

# ဓနသိဋ္ဌိနက္ခတ်နယ်ပယ်ပေါ် လက်နှင့်မှန်းတည့်မျဉ်းဖြတ်ဇယား

(၂၀၁၆)ခုနှစ်၊ အောက်တိုဘာလအတွင်း ဓနသိဋ္ဌိနက္ခတ် နယ်ပယ်ပေါ် လက်နှင့် မှန်းတည့်မျဉ်း ဖြတ်ကျော်မည့် အချိန်ဇယားကို အထူးတွက်ချက်၍ ဖော်ပြပေးလိုက်ပါသည်။ ယင်းအချိန်ပိုင်းများတွင် မဟာဝေဒဗွမန္တန် အစရှိသော လာဘ်ဝင်ဂါထာများ ရွတ်ပွားခြင်း၊ လာဘ,နေဆိုင်ရာ ယတြာအစီအရင်များ ဆောင်ရွက်ခြင်းဖြင့် အကျိုးထူးများစွာ ခံစားရပါလိမ့်မည်။

အထူးမှာ (၁၁-၁၀-၂၀၁၆) ည(၈း၄၅း၀၄)နာရီမှ (၁၂-၁၀-၂၀၁၆) ည(၈း၁၇း၀၉)နာရီအတွင်းတွင် စန်း (ခေါ်) တနင်္လာဂြိုဟ်သည် ဓနသိဋ္ဌိနက္ခတ်၏ နယ်ပယ်ပေါ်သို့ ကောဇာသွားခြင်းဖြင့် ရောက်ရှိဖြတ်ကျော်နေပါမည်။

သို့ဖြစ်ပါ၍ လက်ဖြတ်ကျော်ခြင်းအတွက် (၁၂-၁၀-၂၀၁၆) မွန်းလွဲ(၂း၁၈း၂၄)နာရီမှ (၃း၀၄း၂၅) နာရီအတွင်းနှင့် မှန်းတည့်မျဉ်းဖြတ်ကျော်ခြင်းအတွက် (၁၁-၁၀-၂၀၁၆) ည(၈း၄၅း၀၆)နာရီမှ (၈း၅၃း၃၉) နာရီအတွင်းနှင့် (၁၂-၁၀-၂၀၁၆) ည(၇း၅၈း၀၅)နာရီမှ (၈း၁၇း၀၉)နာရီ အတွင်းတို့တွင် လာဘ,နေဆိုင်ရာများကို အထူးဆောင်ရွက်နိုင်ကြပါသည်။

**ဆရာရန်အောင်ဟိန်း(B.Sc)**



www.burmeseclassic.com

www.burmeseclassic.com

## (၂၀၁၆)ခုနှစ်၊ အောက်တိုဘာလအတွင်း

[illegible]

| ရက် | စဝင်ချိန် | ထွက်ခွာချိန် |
|---|---|---|
| ၁ | ၁၅း၀၁း၃၉ | ၁၅း၄၇း၄၀ |
| ၂ | ၁၄း၅၇း၄၃ | ၁၅း၄၃း၄၄ |
| ၃ | ၁၄း၅၃း၄၇ | ၁၅း၃၉း၄၈ |
| ၄ | ၁၄း၄၉း၅၁ | ၁၅း၃၅း၅၃ |
| ၅ | ၁၄း၄၅း၅၅ | ၁၅း၃၁း၅၇ |
| ၆ | ၁၄း၄၂း၀၀ | ၁၅း၂၈း၀၁ |
| ၇ | ၁၄း၃၈း၀၄ | ၁၅း၂၄း၀၅ |
| ၈ | ၁၄း၃၄း၀၈ | ၁၅း၂၀း၀၉ |
| ၉ | ၁၄း၃၀း၁၂ | ၁၅း၁၆း၁၃ |
| ၁၀ | ၁၄း၂၆း၁၆ | ၁၅း၁၂း၁၇ |
| ၁၁ | ၁၄း၂၂း၂၀ | ၁၅း၀၈း၂၁ |
| ၁၂ | ၁၄း၁၈း၂၄ | ၁၅း၀၄း၂၅ |
| ၁၃ | ၁၄း၁၄း၂၈ | ၁၅း၀၀း၂၉ |
| ၁၄ | ၁၄း၁၀း၃၂ | ၁၄း၅၆း၃၃ |
| ၁၅ | ၁၄း၀၆း၃၆ | ၁၄း၅၂း၃၈ |
| ၁၆ | ၁၄း၀၂း၄၁ | ၁၄း၄၈း၄၂ |
| ၁၇ | ၁၃း၅၈း၄၅ | ၁၄း၄၄း၄၆ |
| ၁၈ | ၁၃း၅၄း၄၉ | ၁၄း၄၀း၅၀ |
| ၁၉ | ၁၃း၅၀း၅၃ | ၁၄း၃၆း၅၄ |
| ၂၀ | ၁၃း၄၆း၅၇ | ၁၄း၃၂း၅၈ |
| ၂၁ | ၁၃း၄၃း၀၁ | ၁၄း၂၉း၀၂ |
| ၂၂ | ၁၃း၃၉း၀၅ | ၁၄း၂၅း၀၆ |
| ၂၃ | ၁၃း၃၅း၀၉ | ၁၄း၂၁း၁၀ |
| ၂၄ | ၁၃း၃၁း၁၃ | ၁၄း၁၇း၁၄ |
| ၂၅ | ၁၃း၂၇း၁၇ | ၁၄း၁၃း၁၈ |
| ၂၆ | ၁၃း၂၃း၂၂ | ၁၄း၀၉း၂၃ |
| ၂၇ | ၁၃း၁၉း၂၆ | ၁၄း၀၅း၂၇ |
| ၂၈ | ၁၃း၁၅း၃၀ | ၁၄း၀၁း၃၁ |
| ၂၉ | ၁၃း၁၁း၃၄ | ၁၃း၅၇း၃၅ |
| ၃၀ | ၁၃း၀၇း၃၈ | ၁၃း၅၃း၃၉ |
| ၃၁ | ၁၃း၀၃း၄၂ | ၁၃း၄၉း၄၃ |

## (၂၀၁၆)ခုနှစ်၊ အောက်တိုဘာလအတွင်း

[illegible]

| ရက် | စဝင်ချိန် | ထွက်ခွာချိန် |
|---|---|---|
| ၁ | ၂၀း၄၁း၂၀ | ၂၁း၃၂း၅၈ |
| ၂ | ၂၀း၃၇း၂၄ | ၂၁း၂၉း၀၂ |
| ၃ | ၂၀း၃၃း၂၈ | ၂၁း၂၅း၀၆ |
| ၄ | ၂၀း၂၉း၃၂ | ၂၁း၂၁း၁၁ |
| ၅ | ၂၀း၂၅း၃၆ | ၂၁း၁၇း၁၅ |
| ၆ | ၂၀း၂၁း၄၀ | ၂၁း၁၃း၁၉ |
| ၇ | ၂၀း၁၇း၄၅ | ၂၁း၀၉း၂၃ |
| ၈ | ၂၀း၁၃း၄၉ | ၂၁း၀၅း၂၇ |
| ၉ | ၂၀း၀၉း၅၃ | ၂၁း၀၁း၃၁ |
| ၁၀ | ၂၀း၀၅း၅၇ | ၂၀း၅၇း၃၅ |
| ၁၁ | ၂၀း၀၂း၀၁ | ၂၀း၅၃း၃၉ |
| ၁၂ | ၁၉း၅၈း၀၅ | ၂၀း၄၉း၄၃ |
| ၁၃ | ၁၉း၅၄း၀၉ | ၂၀း၄၅း၄၇ |
| ၁၄ | ၁၉း၅၀း၁၃ | ၂၀း၄၁း၅၁ |
| ၁၅ | ၁၉း၄၆း၁၇ | ၂၀း၃၇း၅၅ |
| ၁၆ | ၁၉း၄၂း၂၁ | ၂၀း၃၄း၀၀ |
| ၁၇ | ၁၉း၃၈း၂၅ | ၂၀း၃၀း၀၄ |
| ၁၈ | ၁၉း၃၄း၃၀ | ၂၀း၂၆း၀၈ |
| ၁၉ | ၁၉း၃၀း၃၄ | ၂၀း၂၂း၁၂ |
| ၂၀ | ၁၉း၂၆း၃၈ | ၂၀း၁၈း၁၆ |
| ၂၁ | ၁၉း၂၂း၄၂ | ၂၀း၁၄း၂၀ |
| ၂၂ | ၁၉း၁၈း၄၆ | ၂၀း၁၀း၂၄ |
| ၂၃ | ၁၉း၁၄း၅၀ | ၂၀း၀၆း၂၈ |
| ၂၄ | ၁၉း၁၀း၅၄ | ၂၀း၀၂း၃၃ |
| ၂၅ | ၁၉း၀၆း၅၈ | ၁၉း၅၈း၃၇ |
| ၂၆ | ၁၉း၀၃း၀၂ | ၁၉း၅၄း၄၁ |
| ၂၇ | ၁၈း၅၉း၀၇ | ၁၉း၅၀း၄၅ |
| ၂၈ | ၁၈း၅၅း၁၁ | ၁၉း၄၆း၄၉ |
| ၂၉ | ၁၈း၅၁း၁၅ | ၁၉း၄၂း၅၃ |
| ၃၀ | ၁၈း၄၇း၁၉ | ၁၉း၃၈း၅၇ |
| ၃၁ | ၁၈း၄၃း၂၃ | ၁၉း၃၅း၀၁ |

www.burmeseclassic.com

ဆရာရန်အောင်ဟိန်း(B.Sc)

# ရင်သားကင်ဆာ နှင့် ကေ·ပီ စနစ်

ရင်သားကင်ဆာသည် အမျိုးသမီးများတွင် အဖြစ်များသည်။ အသက်အန္တရာယ်အထိပေးသော ရောဂါမျိုးဖြစ်သည်။ ကေ·ပီ စနစ်အရ ရင်သားကင်ဆာကို ဆုံးဖြတ်ရာတွင် အောက်ပါ အချက်များကို ထည့်သွင်းစဉ်းစားရမည်။

၁။ **ကရကင့်ရာသီ**သည် ရင်သား၊ ရင်ဘတ်၊ ညှပ်ရိုး၊ ဝမ်းဗိုက်၊ အစာအိမ်တို့ကို ဖော်ညွှန်းပြသည်။

၂။ **(၄)တန့်ဘာဝ**သည် ရင်သား၊ အဆုတ် စသည်တို့ကို ဖော်ညွှန်းပြသည်။

၃။ **၂လ်ာဂြိုဟ်**သည် ရင်သား၊ မျက်စိအမြင်အား၊ စိတ်တို့ကို ဖော်ညွှန်းပြသည်။


၄။ **ပုဗ္ဗဖုသျှနက္ခတ် စတုတ္ထပါဒ်**သည် ရင်ဘတ်၊ အဆုတ်များ၊ ပန်ကရိယ စသည်တို့ကို ဖော်ညွှန်းပြသည်။


၅။ **ဖုသျှနက္ခတ်**သည် အဆုတ်များ၊ ဝမ်းဗိုက်၊ ညှပ်ရိုးများကို ဖော်ပြသည်။

၆။ **အသဠိတ္ထနက္ခတ်**သည် အဆုတ်များ၊ အသည်း၊ ပန်ကရိယ စသည်တို့ကို ဖော်ညွှန်းပြသည်။

ရောဂါဝေဒနာအတွက်ကား (၆)တန့်ဘာဝ သန္နိ ဘုတ္တိနက္ခတ်ဖြင့် ဆုံးဖြတ်ရသည်။ ကျွန်ုပ်နှင့် ဆရာ အောင်ဆက်တို့ (၁၉၈၈)ခုနှစ်က ဘာသာပြန်ခဲ့သော 'ရှေ ပြေး ဆေးနက္ခတ္တဗေဒ' စာအုပ်တွင် ရင်သားကင်ဆာနှင့် ပတ်သက်၍ ကေဆူဘာရာမန်းနီးယမ်းက အောက်ပါ အတိုင်း ရေးသားခဲ့သည်။

'ရင်သားကင်ဆာသည် အမျိုးသမီးများတွင် အဖြစ် များသည်။ ကရကင့်ရာသီတွင် ၂လ်ာဂြိုဟ် အမြင်အယှဉ် ဆိုး ကြုံပါက သားအိမ်၊ ဝမ်းဗိုက်တွင်းနှင့် ရင်သားတို့ တွင် ရောဂါရတတ်သည်။ ကိတ်ဂြိုဟ်သည် ဆဲလ်များ နှင့် တစ်ရှူးများကို စိုးမိုးဖော်ပြကာ ကုမရသော ရောဂါ မျိုးဆီ ဦးတည်သွားစေတတ်သည်။ စနေ၊ အင်္ဂါဂြိုဟ်တို့ ၂လ်ာဂြိုဟ်နှင့် ဆက်စပ်နေပါက သားအိမ် (သို့မဟုတ်) ရင်သားကင်ဆာ ခံစားရစေတတ်သည်။ (၆)တန့်ဘာဝ သန္နိဘုတ္တိနက္ခတ် သခင်ဂြိုဟ်သည် ၂လ်ာဂြိုဟ်ဖြစ်ပြီး ပါပဂြိုဟ်များ၏ အမြင်အယှဉ်ဆိုး ခံရကာ (၄)တန့်ဘာဝ နှင့်လည်း ဆက်သွယ်ပါမူ ရင်သားကင်ဆာ ဖြစ်စေနိုင်




www.burmeseclassic.com

www.burmeseclassic.com

သည်'

ယခု လက်တွေ့ဇာတာ တစ်စောင်အား သုံးသပ် ပြပါမည်။

အောက်ဖော်ပြပါ ဇာတာမှာ စရီမာတီချန္ဒရကန်သီ ၏ ဇာတာဖြစ်သည်။ သူမကို (၂-၁၂-၁၉၆၉) နံနက် (၁း၂၇)နာရီတွင် (၁၈ံ ၂၇')မြောက်၊ (၈၃ံ ၄၀')အရှေ့ (ရာဇမ်၊ ရှရီကာကူလမ်)တွင် မွေးဖွားခဲ့သည်။ ဇာတာမှာ အောက်ပါအတိုင်း ဖြစ်သည်။

ဤဇာတာရှင်တွင် ရင်သားကင်ဆာရောဂါ ခံစားနေရကြောင်း စောစီးစွာ စစ်ဆေးတွေ့ရှိခဲ့ရပြီး ခွဲစိတ်ကုသမှု ခံယူကာ ယခုအခါတွင် ကောင်းစွာ ကျန်းမာနေပြီ ဖြစ်သည်။

ဇာတာအား သုံးသပ်ပြပါမည်။ (၆)တန့်ဘာဝ သန္ဓိဘုတ္တိနက္ခတ် သခင်ဂြိုဟ်သည် ဗုဒ္ဓဟူးဖြစ်သည်။ ကန်လက်အတွက် ဗုဒ္ဓဟူးသည် ဘာဓကသခင်ဂြိုဟ် ဖြစ်သည်။ (၄၊ ၇)တန့်သခင် ဖြစ်သည်။ ဗုဒ္ဓဟူးသည် လဂ်ဘာဝ

## Smt Chandra Kanthi

*Sun Rise: 05:11:43 AM Sun Set: 05:17:32 PM Dasa Day: 365.25 D*
*Nithya Yo Vaidhrti Hora: Moon Karana: Balav*

| | | | |
|---|---|---|---|
| VII 09:54:04 | VIII 09:27:19<br>Sa[R] 09:40:49 | IX 09:41:12 | Fo 06:16:43<br>X 09:47:00 |
| Ra 23:32:14<br>VI 10:26:11 | Name: Smt Chandra Kanthi<br>Gender: Male<br>Date: Tuesday, 02/Dec/1969<br>Time: 01:27:00 SID: 06:13:39<br>Lat: 18:27:00 N Lon: 83:40:00 E<br>Place: RAZAM, ANDHRA PRADI | | XI 10:00:38 |
| Ma 26:25:00<br>V 10:00:38 | Ayanamsa: 23° 20' 49"<br>[KP-Ayanamsa]<br>Star: Magha, Pada 4<br>Star Lord: Ketu<br>Rasi: Leo Rasi Lord: Sun<br>Lagna: Virgo Lagna Lord: Mer<br>Tithi: Krishna Paksha, Ashtami<br>Bal. Dasa: Ketu 0 Y, 5 M, 8 D | | XII 10:26:11<br>Mo 12:29:41<br>Ke 23:32:14 |
| IV 09:47:00 | Me 24:43:14<br>Su 16:07:02<br>III 09:41:12<br>Ne 05:30:00<br>Ve 03:09:32 | II 09:27:19<br>Ju 04:02:07 | Pl 03:46:56<br>I 09:54:04<br>Ur 14:36:56 |

### Cuspal Positions

| Cusp | Star(Pada) | Sgl | Stl | Sbl | Ssl | Sssl |
|---|---|---|---|---|---|---|
| 1 | U.Phalguni(4 | Me | Su | Ve | Ke | Su |
| 2 | Swati(1) | Ve | Ra | Ju | Ke | Ve |
| 3 | Anuradha(2) | Ma | Sa | Ve | Sa | Ve |
| 4 | Moola(3) | Ju | Ke | Sa | Mo | Su |
| 5 | Sravana(1) | Sa | Mo | Mo | Mo | Ma |
| 6 | Satabhisha(2 | Sa | Ra | Ju | Ra | Ma |
| 7 | U.Bhadra(2) | Ju | Sa | Ve | Me | Mo |
| 8 | Aswini(3) | Ma | Ke | Sa | Sa | Ve |
| 9 | Krittika(4) | Ve | Su | Ve | Mo | Su |
| 10 | Aridra(1) | Me | Ra | Ju | Ve | Me |
| 11 | Pushyami(3) | Mo | Sa | Ve | Me | Su |
| 12 | Magha(4) | Su | Ke | Sa | Ve | Ke |

### Planetary Positions

| Planet | Star(Pada) | Sgl | Stl | Sbl | Ssl | Sssl |
|---|---|---|---|---|---|---|
| Su | Anuradha(4) | Ma | Sa | Ju | Su | Me |
| Mo | Magha(4) | Su | Ke | Me | Ma | Mo |
| Ma | Dhanishta(1) | Sa | Ma | Ju | Sa | Me |
| Me | Jyeshta(3) | Ma | Me | Ra | Sa | Sa |
| Ju | Chitra(4) | Ve | Ma | Ve | Ju | Ma |
| Ve | Visakha(4) | Ma | Ju | Ra | Mo | Me |
| Sa[R] | Aswini(3) | Ma | Ke | Sa | Me | Me |
| Ra | P.Bhadra(2) | Sa | Ju | Sa | Ra | Ve |
| Ke | P.Phalguni(4 | Su | Ve | Sa | Ra | Sa |
| Ur | Hasta(2) | Me | Mo | Ju | Me | Ju |
| Ne | Anuradha(1) | Ma | Sa | Me | Me | Ve |
| Pl | U.Phalguni(3 | Mo | Su | Sa | Ve | Su |
| Fo | Mrigasira(4) | Me | Ma | Mo | Mo | Mo |

### Dasa Summary

| Bhukti | From | Bhukti | From | Bhukti | From |
|---|---|---|---|---|---|
| **Ketu Dasa** | | **Venus Dasa** | | **Sun Dasa** | |
| 10-May-1963 - 10-May-1970 | | 10-May-1970 - 10-May-1990 | | 10-May-1990 - 10-May-1996 | |
| Ketu | 10-May-1963 | Venus | 10-May-1970 | Sun | 10-May-1990 |
| Venus | 07-Oct-1963 | Sun | 10-Sep-1973 | Moon | 29-Aug-1990 |
| Sun | 06-Dec-1964 | Moon | 10-Sep-1974 | Mars | 01-Mar-1991 |
| Moon | 12-Apr-1965 | Mars | 10-May-1976 | Rahu | 07-Jul-1991 |
| Mars | 12-Nov-1965 | Rahu | 11-Jul-1977 | Jupiter | 01-Jun-1992 |
| Rahu | 09-Apr-1966 | Jupiter | 10-Jul-1980 | Saturn | 19-Mar-1993 |
| Jupiter | 27-Apr-1967 | Saturn | 11-Mar-1983 | Mercury | 03-Mar-1994 |
| Saturn | 02-Apr-1968 | Mercury | 11-May-1986 | Ketu | 09-Jan-1995 |
| Mercury | 13-May-1969 | Ketu | 10-Mar-1989 | Venus | 15-May-1995 |
| **Moon Dasa** | | **Mars Dasa** | | **Rahu Dasa** | |
| 10-May-1996 - 10-May-2006 | | 10-May-2006 - 10-May-2013 | | 10-May-2013 - 10-May-2031 | |
| Moon | 10-May-1996 | Mars | 10-May-2006 | Rahu | 10-May-2013 |
| Mars | 10-Mar-1997 | Rahu | 07-Oct-2006 | Jupiter | 23-Jan-2016 |
| Rahu | 10-Oct-1997 | Jupiter | 26-Oct-2007 | Saturn | 16-Jun-2018 |
| Jupiter | 10-Apr-1999 | Saturn | 02-Oct-2008 | Mercury | 22-Apr-2021 |
| Saturn | 09-Aug-2000 | Mercury | 12-Nov-2009 | Ketu | 08-Nov-2023 |
| Mercury | 10-Mar-2002 | Ketu | 09-Nov-2010 | Venus | 26-Nov-2024 |
| Ketu | 10-Aug-2003 | Venus | 06-Apr-2011 | Sun | 27-Nov-2027 |
| Venus | 10-Mar-2004 | Sun | 06-Jun-2012 | Moon | 21-Oct-2028 |
| Sun | 11-Nov-2006 | Moon | 11-Oct-2012 | Mars | 22-Apr-2030 |
| **Jupiter Dasa** | | **Saturn Dasa** | | **Mercury Dasa** | |
| 10-May-2031 - 10-May-2047 | | 10-May-2047 - 10-May-2066 | | 10-May-2066 - 10-May-2083 | |
| Jupiter | 10-May-2031 | Saturn | 10-May-2047 | Mercury | 10-May-2066 |
| Saturn | 28-Jun-2033 | Mercury | 13-May-2050 | Ketu | 06-Oct-2068 |
| Mercury | 10-Jan-2036 | Ketu | 22-Jan-2053 | Venus | 03-Oct-2069 |
| Ketu | 16-Apr-2038 | Venus | 02-Mar-2054 | Sun | 03-Aug-2072 |
| Venus | 22-Mar-2039 | Sun | 02-May-2057 | Moon | 09-Jun-2073 |
| Sun | 22-Nov-2041 | Moon | 14-Apr-2058 | Mars | 09-Nov-2074 |
| Moon | 10-Sep-2042 | Mars | 14-Nov-2059 | Rahu | 06-Nov-2075 |
| Mars | 10-Jan-2044 | Rahu | 22-Dec-2060 | Jupiter | 25-May-2078 |
| Rahu | 16-Dec-2044 | Jupiter | 30-Oct-2063 | Saturn | 30-Aug-2080 |

### Significators - Planets View

| Planet | (A) | (B) | (C) | (D) |
|---|---|---|---|---|
| Su+ | 8 | 3 | 5, 6 | 12 |
| Mo+ | 12 | 12 | | 11 |
| Ma | 5 | 5 | 3, 8 | 3, 8 |
| Me | 3 | 3 | 1, 10 | 1, 10 |
| Ju | 5 | 1 | 3, 8 | 4, 7 |
| Ve | 1 | 2 | 4, 7 | 2, 9 |
| Sa | 12 | 8 | | 5, 6 |
| Ra+ | 1 | 6 | 4, 7 | |
| Ke | 2 | 12 | 2, 9 | |
| Ur | 12 | 1 | 11 | |
| Ne | 8 | 2 | 5, 6 | |
| Pl | 3 | 12 | 12 | |
| Fo | 5 | 9 | 3, 8 | |

*Rahu acts as agent for: Mo, Ju, Sa.*
*Ketu acts as agent for: Su, Mo, Ma.*

*(A) - Planets in Occupant's stars*
*(B) - Occupant of house*
*(C) - Planets in Owner's stars*
*(D) - House Owner*

*+ These planets do not have any planets in their stars*



www.burmeseclassic.com

www.burmeseclassic.com





တွင် ရပ်တည်နေကာ (၃၊ ၈)သခင်ဂြိုဟ်အဖြစ် (၅)တန့်၌ ရပ်တည်နေသော အင်္ဂါပိုင် နက္ခတ်ကို စီးထားသည်။ (၈)တန့်ဘာဝက နာတာရှည်ရောဂါကို ဖော်ပြသည်။ ၅တေးဂြိုဟ်သည် ကန်လက်အတွက် ဖွံ့ဖြိုးကြီးထွားသော ကင်ဆာကျိတ်များကို ဖော်ပြသည်။ (ဘာဓကသခင်ဖြစ်၍ပါတည်း။)

ရာဟုဂြိုဟ်သည် စနေပိုင်ရာသီ (၆)တန့်ဘာဝတွင် ရပ်တည်ပြီး ဘာဓကသခင် လဂ်ဘာဝရပ် ၅တေးပိုင် နက္ခတ်ကို စီးထားသည်။ ထို့ပြင် အချင်းချင်း (၉)တန့်၊ (၅)တန့် အမြင်ဖြင့် အပြန်အလှန် အမြင်ကြံ့နေကြသည်။ ဤအချက်က ပြင်းထန်သော ကင်ဆာကဲ့သို့ ရောဂါကို ခံစားရစေခြင်းကို အထောက်အပံ့ ပြုပေးနေပါသည်။

ယခုအခါ ကင်ဆာကို စိုးမိုးဖော်ပြသော ၂လံ်ာဂြိုဟ်ကို သုံးသပ်ပြပါမည်။ ၂လံ်ာဂြိုဟ်သည် (၁၂)တန့်ဘာဝတွင် ကိတ်နက္ခတ်ကိုစီးကာ ကိတ်ဂြိုဟ်နှင့်ပင် ပူးယှဉ်ရပ်တည်နေပါသည်။ ယင်းက ပြင်းထန်သော ရောဂါကို ခံစားရစေခြင်းကိုပင် ဖော်ပြပေးပါသည်။

(၄)တန့်ဘာဝ သန္ဓိသည် ၅တေးပိုင်ရာသီ၊ ကိတ်နက္ခတ်၊ စနေဘုတ္တိနက္ခတ်ပေါ် ကျရောက်နေသည်။ ၅တေးသည် (၆)တန့်ဘာဝ သန္ဓိဘုတ္တိနက္ခတ် သခင်ဂြိုဟ်လည်းဖြစ်ပြီး ကိတ်သည် (၁၂)တန့်တွင် ၂လံ်ာဂြိုဟ်နှင့် ပူးယှဉ်ရပ်တည်နေသည်။ စနေသည် (၆၊ ၅)သခင်အဖြစ် (၈)တန့်တွင် ရပ်တည်ခြင်းက ကုရခက်သော ရောဂါမျိုးကို ခံစားရစေနိုင်ပါသည်။

၂လံ်ာထူလဒသာတွင်း၌ (၁၂)တန့်တွင် ကိတ်နှင့် ပူးယှဉ်ဆက်သွယ် ရပ်တည်သောဂြိုဟ် ဖြစ်သော်လည်း ၂လံ်ာသည် (၁၁)တန့်တွင် ရပ်တည်ခြင်း၊ (၅)တန့်ဘာဝ သန္ဓိ၏ ဘုတ္တိနက္ခတ် သခင်ဂြိုဟ်ဖြစ်ခြင်း၊ ယင်းပိုင်သော နက္ခတ်၊ ဘုတ္တိနက္ခတ်တို့ပေါ် မည်သည့်ဂြိုဟ်မှ စီးနင်းမနေခြင်းတို့ကြောင့် (၅၊ ၁၁)တန့် (ရောဂါပျောက်ခြင်း) အတွက် အားကောင်းစွာ အကျိုးဆောင်နေကြောင်း တွေ့ရပါမည်။ ထို့ပြင် ၂လံ်ာသည် (၁၊ ၁၀)တန့်သခင်အဖြစ် (၃)တန့်ဘာဝ၌ ရပ်တည်နေသော ၄ဟူးပိုင် ဘုတ္တိနက္ခတ်ကို စီးထားခြင်းကလည်း အသက်ရှည်မည်ကို အာမခံချက် ပေးထားပါသည်။

၂လံ်ာထူလတွင် ဖြကြာ ဘုတ္တိဒသာသည် (၂၀၀၄)ခုနှစ်၊ မတ်လမှ (၂၀၀၅)ခုနှစ်၊ နိုဝင်ဘာလထိ စားဝင်ပါမည်။ ဖြကြာဂြိုဟ်သည် လဂ်ဘာဝရပ်၊ (၄၊ ၇)သခင်ဂြိုဟ် ၅တေးပိုင် နက္ခတ်ကို စီးနင်းထားပါသည်။ ၅တေးဂြိုဟ်သည် (၆)တန့်ဘာဝ သန္ဓိဘုတ္တိနက္ခတ် သခင်ဂြိုဟ်ဖြစ်ခြင်းကြောင့် ရောဂါကို စောစီးစွာ စစ်ဆေးသိရှိနိုင်ခဲ့ရပါသည်။ ယင်းအတွက် ဇာတာရှင်၏ ရောဂါအားခွဲစိတ်ကုသကာ အသက်ဘေးမှ လွတ်စေခဲ့ရခြင်း ဖြစ်ပါသည်။

ဤနေရာ၌ (၇)တန့်ဘာဝ သန္ဓိဘုတ္တိနက္ခတ်သခင်ဂြိုဟ်လည်း ဖြကြာပင်ဖြစ်ကာ သူ၏ ခင်ပွန်းသည် ဆရာဝန် ဖြစ်ပေရကား ဇနီး၏ ရောဂါကို အချိန်မီ စစ်တမ်းထုတ်နိုင်ခဲ့ကာ သူမကို အသက်ဘေးမှ ကယ်တင်နိုင်ခဲ့ပါသည်။

**ဆရာရန်အောင်ဟိန်း(B.S**


ကျမ်းကိုး

* K.P Navaratnamala.




www.burmeseclassic.com

www.burmeseclassic.com



ဂမ္ဘီရပရိသတ်မေး၍

ဆရာရန်အောင်ဟိန်း ဖြေသည့်

# ဂမ္ဘီရမဂ္ဂဇင်း (ဗေဒင် အမေး-အဖြေ ကဏ္ဍ)

ဂမ္ဘီရမဂ္ဂဇင်း၏ ဗေဒင် အမေး-အဖြေကဏ္ဍတွင် မေးမြန်းလိုပါက မေးလိုသောအချက်ကို အတိအကျ(လိုတိုရှင်း) ရေးသား၍ အောက်ဖော်ပြပါလိပ်စာအတိုင်း လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ဂမ္ဘီရ မဂ္ဂဇင်း

အမှတ်-၁၈၂(က)(မြေညီထပ်)၊ ၃၃-လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

- မေးသူ၏အမည် ------------------------------
- မွေးနေ့ (နှစ်၊ လ၊ ရက်) ------------------------------
- မွေးဖွားရာ မြို့/ရွာ ------------------------------
- အချိန်နာရီ (နေ့/ည) ------------------------------

**မေးခွန်းများ**

(၁) ------------------------------------------------

(၂) ------------------------------------------------

(၃) ------------------------------------------------


www.burmeseclassic.com

www.burmeseclassic.com




**ဦးမြင့်အောင်**

**(၁၁-၅-၁၉၆၉၊ ၁၄း၁၀ နာရီ၊ ရန်ကုန်မြို့)**




၁။ *မည်သည့်လုပ်ငန်းဖြင့် တိုးတက်အောင်မြင်နိုင်မလဲ။*

ဇာတာရှင်အတွက် ကိတ်ထူလဒသာသည် (၃၀-၆-၂၀၁၁)မှ (၃၀-၆-၂၀၁၈)ထိ စားဝင်နေပါသည်။ ကိတ်ဂြိုဟ်သည် (၁) တန့်တွင် (၅၊ ၈)သခင် ၅တေးနှင့် ပူးယှဉ်ရပ်တည်နေသည်။ (၁)တန့်သခင် (၉)တန့်ရပ် ၁နွေပိုင်နက္ခတ်ကို စီးပြီး (၈)တန့်ဘာဝရပ် (၉-တန့်ရာသီ၊ ၈-တန့်ဘာဝ) (၆၊ ၇)သခင် စနေပိုင်နက္ခတ်ကို စီးထားသည်။ မည်သည့် စီးပွားရေးလုပ်လုပ် အထက်ပါ ကာလတွင် စီးပွားမဖြစ်သည့်ပြင် ရှုံ,ကုန် ဖြစ်စေတတ်သည်။ (၃၀-၆-၂၀၁၈) နောက်ပိုင်း စားဝင်မည့် (၃၊ ၁၀)တန့်သခင် ၆ကြာထူလ ဒသာတွင်မှ စီးပွားဖြစ်နိုင်ပေသည်။

၂။ *ကျန်းမာရေးနှင့်ပတ်သက်၍ သတိပြုရမည့်ကာလ။*


(၂၄-၅-၂၀၁၆)မှ (၃-၇-၂၀၁၇)ထိ ကိတ်ထူလ၊ စနေဘုတ္တိဒသာ စားဝင်သည်။ ကိတ်သည် (၅၊ ၈)သခင် ၅တေးနှင့် လဂ်ဘာဝတွင် (၂-တန့်ရာသီ) ပူးယှဉ်ရပ်တည်ပြီး (၆၊ ၇)သခင် (၈)တန့်ဘာဝရပ် (၉-တန့်ရာသီ) စနေပိုင် ဘုတ္တိနက္ခတ်ကို စီးထားသည်။ စနေသည် (၆၊ ၇)သခင် ဖြစ်သည်။ ယင်းကာလတွင် ကျန်းမာရေးသတိပြုရမည်။

၃။ *သာသနာပြုနိုင်သောပုဂ္ဂိုလ် ဖြစ်မည်လား။*

(၁၀)တန့်သခင် ၅တေး လဂ်ဘာဝ (၂-တန့်ရာသီ) တွင် ရပ်၍ ကိတ်နှင့်ပူးကာ (၂၊ ၁၀)သခင် ၅တေး ရာဟုတို့နှင့် အပြန်အလှန် အမြင်ကြံ့နေသည်။ သာသနာပြုပုဂ္ဂိုလ် မဖြစ်နိုင်ပါ။

**မောင်နေဝင်း**

**(၂၁-၄-၁၉၉၇၊ ၂း၁၀ နာရီ၊ တောင်ကြီးမြို့)**




၁။ *မည်သည့်လုပ်ငန်းမျိုးနှင့် အသက်မွေးသင့်ပါသလဲ။*

(၁၀)တန့်သခင် ၆ကြာ (၄)တန့်တွင် ၄ဟူး၊ ၁နွေ တို့နှင့် ပူးယှဉ်နေ၏။ စားသောက်ကုန်၊ လျှပ်စစ်ပစ္စည်း အလှကုန်၊ ယာဉ်ကား၊ အိမ်ဆောက်ပစ္စည်း၊ ဆက်သွယ် ရေးသုံးပစ္စည်းဆိုင်ရာ လုပ်ငန်းမျိုးများမှာ လုပ်ရတတ် သည်။ (၂-၇-၂၀၁၆)မှ (၈-၅-၂၀၁၉)အတွင်း စီးပွား ရေး တိုးတက်ဖြစ်ထွန်းမည့် ကာလဖြစ်သည်။

၂။ *ကြီးပွားချမ်းသာမည့်ကံ ပါ,မပါ။*

(၂)တန့်သခင် စနေ (၃)တန့်ဘာဝတွင် ရပ်တည် သည်ကို (၇)တန့်သခင် ၂လာ်က (၈)တန့်မှ အမြင်ကြံ့ ထားသည်။ အလတ်စား ကြီးပွားတတ်ပါသည်။ သို့သော် သက်လတ်တန်း ရောက်ပြီးမှ ကြီးပွားမှုကြုံမည်။

၃။ *ဖူးစာရှင်၏ ပုံသဏ္ဍာန်၊ အိမ်ထောင်ရေးကံ ကောင်း မကောင်း။*

(၇)တန့်သခင် ၂လာ် ကန်ရာသီတွင် ရပ်တည်သည် အသားလတ်၊ အရပ်,ခန္ဓာကိုယ် အလတ်စား၊ မျက်နှာ


www.burmeseclassic.com

www.burmeseclassic.com

သွယ်မည်။ မျက်နှာတွင် မှည့် (သို့မဟုတ်) အမှတ် ပါတတ်သည်။ အိမ်ထောင်ကံ သင့်ပါသည်။

**ဦးအောင်ကျော်ဆန်း**

**(၂၀-၅-၁၉၇၁၊ ၂၁း၄၀ နာရီ၊ ရန်ကုန်မြို့)**




၁။ *လက်ရှိလုပ်ကိုင်နေသော စီးပွားရေးလုပ်ငန်း တိုးတက်မှု အလားအလာ။*

(၁-၁၂-၂၀၁၃)မှ (၁-၂-၂၀၁၇)ထိ ဗြိကြာထူလ၊ စနေဘုတ္တိဒသာ စားဝင်သည်။ ဗြိကြာဂြိုဟ်သည် (၄)တန့်ဘာဝ (၅-တန့်ရာသီ)တွင် (၇၊ ၁၀)တန့်သခင် ၄ဟူးနှင့် ပူးယှဉ်ရပ်တည်သည်။ ဗြိကြာသည် (၈)တန့်ရပ်၊ ကိတ်ဂြိုဟ်ပိုင်နက္ခတ် (၁၁)တန့်ဘာဝ (၁၂-တန့်ရာသီ)ရပ် ၅တေးပိုင် ဘုတ္တိနက္ခတ်ကို စီးထားသည်။ စနေသည် (၅)တန့်ဘာဝ (၆-တန့်ရာသီ)တွင် (၉)တန့်သခင် ၁နွေနှင့် ပူးယှဉ်ရပ်တည်သည်။ စနေသည် (၂၊ ၃)သခင်ဖြစ်သည်။ အသင့်အတင့် အောင်မြင်မှုမျိုးသာ ရနိုင်သေးသည်။

၂။ *အတော်အသင့် ပြည့်စုံသောဘဝတွင် နေရမည်လား။*


လဂ်သခင် ၅တေး (၁၁)တန့်ဘာဝ (၁၂-တန့်ရာသီ)တွင် ရပ်တည်၍ (၂)တန့်သခင် စနေ (၅)တန့်ဘာဝ (၆-တန့်ရာသီ)တွင် ရပ်တည်၏။ အသင့်အတင့် ပြည့်စုံသော ဘဝတွင် နေသွားရဖို့ ရှိသည်။ အသက်(၅၀)နှစ်အလွန်တွင် ဖြစ်မည်။

၃။ *ထီဆုကြီးပေါက်ကံ၊ ကာလ။*

(၃)တန့်သခင် စနေ (၆)တန့်ရာသီ (၅-တန့်ဘာဝ)တွင် (၉)တန့်သခင် ၁နွေနှင့် ပူးယှဉ်ရပ်တည်၏။ ဘဝတွင် ထီပေါက်ကံ ရှိသော်လည်း ဆုမကြီးမားတတ်ပါချေ။ ထီပေါက်ကံသည်လည်း အသက်(၅၀)နှစ်ကျော်မှ အားရှိမည်။

**မသန္တာအောင်**

**(၁၇-၁၂-၂၀၀၁၊ ၁၅း၁၅ နာရီ၊ ရန်ကုန်မြို့)**




၁။ *ပညာရေးတွင် ထူးချွန်အောင်မြင်မည်လား။*

(၄)တန့်သခင် ၂လ်ာဂြိုဟ် (၁၀)တန့်တွင် ရပ်တည်၍ (၄)တန့်အား ပြန်မြင်ထားသည်။ ပညာရေးအဆင့် မမြင့်လှပါ။ အသင့်အတင့် (အလတ်စား) အောင်မြင်မည်။

၂။ *ဘဝတွင် မည်သည့်အဆင့်အတန်းမျိုးနှင့် နေရမည်နည်း။*

လဂ်သခင် အင်္ဂါဂြိုဟ် (၁၁)တန့်တွင် ရပ်၍ (၂)တန့်သခင် ဗြိကြာဂြိုဟ် (၈)တန့်တွင် ရပ်ကာ (၂)တန့်ရပ် (၁၀၊ ၁၁)တန့်သခင် စနေဂြိုဟ်နှင့် အပြန်အလှန် အမြင်ကြုံနေသည်။ ဘဝအဆင့် မြင့်မားစွာ နေရတတ်သော်လည်း သက်လတ်ပိုင်းလွန်ပြီးမှ နေရပေမည်။


၃။ *မိဘကို ကျေးဇူးဆပ်နိုင်မည်လား။*

(၄)တန့်သခင် (၁၀)တန့် ရပ်၍ (၉)တန့်သခင် (၃)တန့်တွင် ရပ်သည်။ မိဘကို ကျေးဇူးဆပ်ခွင့် ကြုံပါမည်။

**ဒေါ်တင်တင်ဦး**

**(၃၀-၉-၁၉၇၀၊ ၂၁း၀၀ နာရီ၊ ပဲခူးမြို့)**

၁။ *လက်ရှိလုပ်ကိုင်နေသော စီးပွားရေး တိုးတက်မှု အခြေအနေ။*




www.burmeseclassic.com

www.burmeseclassic.com

(၃-၄-၂၀၁၆)မှ (၃-၁၂-၂၀၁၈)ထိ ၅တေးထူလ၊ ဖြကြာဘုတ္တိဒသာ စားဝင်သည်။ ၅တေးသည် (၆၊ ၉) သခင်အဖြစ် (၄)တန့်ဘာဝတွင် (၄၊ ၁၁)တန့်သခင် ဖြကြာနှင့် ပူးယှဥ်ရပ်တည်သည်။ ဖြကြာသည် (၄၊ ၁၁)တန့်သခင်အဖြစ် မိမိပိုင် တူရာသီ (၄)တန့်တွင် ၅တေးနှင့် ပူးယှဥ်ရပ်တည်သည်။ လုပ်ငန်း မတည်ငြိမ်မှု အခြေအနေ အချို့ ကြုံတွေ့ရကာ တိုးတက်မှု ရှိသင့်သလောက် မရှိ ဖြစ်နေရတတ်သည်။

၂။ *လာမည့်နှစ်များအတွက် ကံဇာတာ သိလိုပါသည်။*


(၃)တန့်ရပ် (၂)တန့်သခင် (လဂ်သခင်နှင့်ပူး) ၁နွေ၏ ဘုတ္တိဒသာ စားဝင်မည့် (၃-၁၂-၂၀၁၈)မှ (၂၁-၉-၂၀၁၉)အတွင်း လုပ်ငန်း၊ ငွေကြေး တိုးတက်မှု ကြုံပါမည်။

၃။ *ကျန်းမာရေးနှင့် ပတ်သက်၍ သတိပြုသင့်သော အကြောင်းအရာ။*

(၂)နှစ်အတွင်း အစာအိမ်၊ အသည်းဆိုင်ရာ သတိပြုပါလေ။

## ကိုရန်အောင်

**(၂၀-၅-၁၉၇၁၊ ၂၁း၄၀ နာရီ၊ ရန်ကုန်မြို့)**




၁။ *နေထိုင်ရမည့် အဆင့်အတန်း။*

လဂ်သခင်ကြိုဟ် ၅တေး (၁၂)တန့်ဘာဝတွင် ရပ်တည်ပြီး (၂)တန့်သခင်ဂြိုဟ် စနေ (၆)တန့်ဘာဝတွင် ရပ်တည်နေသည်။ ၁နွေကို (၂၊ ၃)တန့်သခင် စနေပူး၍ ၅တေးနှင့် အပြန်အလှန် အမြင်ကြုံထားကြသည်။ ဘဝကံ အရ အလတ်စား(လူလတ်တန်းစား) ဘဝမျိုးတွင် နေသွားရပါမည်။

၂။ *အိမ်ထောင်ရေးကံ။*


(၇)တန့်သခင် ၄ဟူး (၅)တန့်တွင် (၆၊ ၁၁)တန့်သခင် ဖြကြာဂြိုဟ်နှင့် ပူးယှဥ်ရပ်တည်သည်။ အိမ်ထောင်ကျ နောက်ကျတတ်ခြင်းမျိုးမှတစ်ပါး အိမ်ထောင်ကံ မညံ့ပါ။

၃။ *ကျန်းမာပျော်ရွှင်သော ဘဝတစ်ခု ပိုင်ဆိုင်ခွင့်ရမည်လား။*

လဂ်သခင်ဂြိုဟ် ၅တေး (၁၂)တန့်တွင် ရပ်၍ (၆) တန့်ဘာဝရှိ ၁နွေ၊ စနေတို့နှင့် အမြင်ကြုံနေသည်။ ကျန်းမာရေးကြောင့် ပျော်ရွှင်သောဘဝမျိုး မရတတ်ပါ။

## ဒေါ်မြမြဝင်း

**(၂၅-၂-၁၉၆၀၊ ၁၂း၅၅ နာရီ၊ ရန်ကုန်မြို့)**




၁။ *အိုဇာတာ ကောင်းပါမည်လား။*

လဂ်သခင် ၄ဟူးဂြိုဟ် (၁၀)တန့်တွင် ရပ်၍ အသက်ရှည်တတ်သော ဇာတာဖြစ်သည်။ အသက်(၆၀)နောက်ပိုင်းတွင် ၄ဟူးထူလဒသာသည် (၇၆)နှစ်ထိ စားဝင်ပေမည်။ (၁၊ ၄)တန့်သခင်အဖြစ် (၁၁)တန့်တွင် ရပ်တည်သည်။ သို့အတွက် အသက်ကြီးပိုင်းတွင် ငွေကြေးချို့တဲ့မှု မရှိဘဲ နေရတတ်သည်။ အိုဇာတာ ကောင်းသည်ဟု ဆိုရပါမည်။

၂။ *အိုးပိုင်အိမ်ပိုင်နှင့် နေရမည်လား။*

(၄)တန့်သခင် ၄ဟူး (၁၁)တန့်တွင် ရပ်၍ ဘဝတွင် အိမ်ပိုင်နှင့် နေရမည့်ကိန်း ရှိသည်။ (၂၀၂၀)ပြည့်နှစ်နောက်ပိုင်းတွင် ဖြစ်ပေမည်။

၃။ *နိုင်ငံခြား (သို့မဟုတ်) မွေးရပ်မြေ အခြေချရမည့်ကာလ။*

လဂ်သခင် ၄ဟူး (၁၁)တန့်ရပ်၍ (၄)တန့်သခင် ၁နွေ (၁၀)တန့် ရပ်ခြင်းက မိမိမွေးရပ်မြေတွင် ခေါင်းချ




www.burmeseclassic.com

www.burmeseclassic.com

ရမည့် ဇာတာဖြစ်သည်။ (၉)တန့်သခင် စနေ၏ ဒသာသည် (၂၀၁၁)ခုနှစ်မှ (၂၀၂၀)ပြည့်နှစ်ထိ စားဝင်ပေရာ ယင်းကာလအတွင်း နိုင်ငံခြားတွင် နေရမှုများ ရှိရတတ်သည်။ အသက်(၆၀)နှစ်နောက်ပိုင်းတွင်ကား မွေးရပ်မြေတွင် ပြန်အခြေချရဖို့ ရှိသည်။

**N.N.H**

**(၄-၁-၁၉၇၅၊ ၃း၄၅ နာရီ၊ ကလေးမြို့)**




၁။ *ထီပေါက်ကိန်း ရှိ,မရှိ။*

(၃)တန့်သခင် စနေ (၈)တန့်တွင် ရပ်တည်၍ (၂)တန့်ရပ် (၈၊ ၁၁)တန့်သခင်ဂြိုဟ် ၄ဟူး၊ (၁၀)တန့်သခင်ဂြိုဟ် ၁နွေတို့နှင့် အပြန်အလှန် အမြင်ကြုံနေသည်။ စနေဂြိုဟ်ကို (၄)တန့်ရပ် (၂၊ ၅)သခင် ၅တေးဂြိုဟ်က (၅)တန့် အထူးမြင် ကြုံထားသည်။ ထီစပ်တူပေါက်မည့်ကံ ရှိသည်။ ယခုအခါ ၅တေး ထူလ၊ ၄ဟူး ဘုတ္တိဒသာသည် (၂၁-၁၂-၂၀၁၇)ထိ စားဝင်နေပေမည်။ ယင်းကာလ မကျော်မီ ထီပေါက်ဖို့ ရှိပါသည်။

၂။ *မိဘကို အလုပ်အကျွေးပြုနိုင်မလား။*


(၄)တန့်သခင် စနေ (၈)တန့်တွင် ရပ်တည်၍ (၉)တန့်သခင် ၂လ်ာ (၁၁)တန့်တွင် ရပ်တည်သည်။ မိဘကို ထောက်ပံ့ခွင့် ကြုံပါမည်။

၃။ *စီးပွားရေးအခြေအနေ။*

(၂၊ ၅)တန့်သခင် (၄)တန့်ရပ် ၅တေး ထူလဒသာ၊ တန့်ရပ် (၈၊ ၁၁)တန့်သခင် ၄ဟူး (၁၀-တန့်သခင် နှင့်ပူး) ဘုတ္တိဒသာသည် (၂၁-၁၂-၂၀၁၇)ထိ စားဝင်မည်ဖြစ်ပေရာ ယင်းကာလအတွင်း စီးပွားရေးတိုးတက်ကြုံပေမည်။

**မညိုညိုလှ**

**(၄-၁-၁၉၇၅၊ ၃း၄၀ နာရီ၊ ကလေးမြို့)**




၁။ *စီးပွားရေး အခြေအနေ။*

(၁၀)တန့်ဘာဝတွင် ကောဇာ ၅တေးသည် (၉-၅-၂၀၁၆)တွင် ဝကြသွားရာမှ အတည့်ပြန်သွားပြီး (၂)တန့်ဘာဝရှိ (၁၀)တန့်သခင် ၁နွေ၊ (၈၊ ၁၁)တန့်သခင် ၄ဟူး၊ (၄)တန့်ရှိ မူလ ၅တေးတို့ကို အမြင်ကြုံနေ၍ စီးပွားရေး နှောင့်နှေးတုံ့ဆိုင်းမှုက လွတ်ကာ တိုးတက်မှုများ ရလာပါလိမ့်မည်။ ၅တေး ထူလ၊ ၄ဟူး ဘုတ္တိဒသာသည် (၂၉-၁၂-၂၀၁၇)ထိ စားဝင်မည့်ဖြစ်ရာ ယင်းကာလအတွင်း စီးပွားတိုးတက်လာဖို့ ရှိနေပေသည်။

၂။ *ငွေဆုံးရှုံးနိုင်သလား။ မဆုံးရှုံးနိုင်ပါက ပြန်ရမည့်ကာလ။*

ငွေဆုံးရှုံးနိုင်စရာ မရှိပါ။ တစ်စိတ်တစ်ပိုင်းတော့ လျော့၍ ရဖို့ရှိနေသည်။ (၂၀၁၇)ခုနှစ်၊ ဧပြီလမကျော်မီ ပြန်ရဖို့ရှိသည်။

၃။ *သာသနာပြုခွင့် ရှိ,မရှိ။*

(၂၅-၁-၂၀၂၇)ထိ စားဝင်မည့် ၅တေး ထူလဒသာသည် (၂၊ ၅)သခင်အဖြစ် (၄)တန့်တွင် ရပ်ကာ (၁၀)တန့်ဘာဝနှင့် (၈)တန့်ရပ် (၃၊ ၄)သခင် စနေအား (၅)တန့် အထူးမြင်ထားပေရာ သာသနာပြုရန် မမြင်သေးပါ။

---

**ဆရာရန်အောင်ဟိန်း(B.Sc)**

(ခရစ်ရှနားမူတီးပဒ္ဓတိ ရွှေဆောင်နက္ခတ်ပညာရှင်)
အမှတ်-၂၁၃(ပ-ထပ်)၊ ၃၂-လမ်း(အထက်)၊
(CLOVER ဟိုတယ်အနီး)၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၃၁ ၁၉၈ ၆၂၊
၀၉ ၂၆၁ ၄၄ ၇၇ ၆၆ ၊ ၀၉ ၇၉၅ ၄၁ ၃၉၄

www.burmeseclassic.com

www.burmeseclassic.com



မင်းမဟော်ညွှန်

# နက္ခတ်ဗေဒ ရက်မြတ်ကောင်းအချိန်အခါ

## (၂၀၁၆)ခုနှစ်၊ အောက်တိုဘာလအတွက် ဈေးကွက်ခန့်မှန်းချက်

သိဟ်ရာသီ၌ ၄ဟူးဂြိုဟ်နှင့် ရာဟုဂြိုဟ်တို့ တည်ရှိချိန်တွင် ဆန်စပါး မပေါမရှားကာ ဈေးတန့်၍ ပုံးရည်၊ ထင်းရှူးဆီ၊ ချင်းစိမ်း ရှားသဖြင့် ဈေးကစားအံ့။ ကန်ရာသီ၌ ၁နွေဂြိုဟ်၊ ၄ဟူးဂြိုဟ်၊ ၆ကြာဂြိုဟ်တို့ တည်ရှိနေချိန်တွင် ဆန်စပါးရှား၍ မိုးကောင်းအံ့။ ဗြိစ္ဆာရာသီ၌ စနေဂြိုဟ်နှင့် ၆ကြာဂြိုဟ်တို့ ရှိချိန်တွင် ဆန်စပါး မပေါမရှား ရှိအံ့။ လူအပေါင်းတို့ ကိုယ်စိတ် အေးချမ်း၍ ဘေးရန်ကင်းအံ့။ မနုရာသီ၌ ၃ဂါဂြိုဟ် တည်ရှိနေသဖြင့် သစ်၊ ထင်း၊ ထောပတ်၊ ဝါဂွမ်း၊ ကျွဲ၊ နွားတို့ အဖိုးဈေး တက်အံ့။

**၂-၁၀-၂၀၁၆ (တနင်္ဂနွေနေ့)**

**(၁၃၇၈)ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁)ရက်**



ပစ္စည်းဥစ္စာ ပေါများသောယုဂ် ရရှိသဖြင့် ယနေ့ ဘုရားတည်၊ အနေကစာတင်ရန်၊ လက်ထပ်မင်္ဂလာပွဲ ကျင်းပရန်၊ ဆံရိတ်၊ ဆံသ ပြုလုပ်ရန်၊ လက်ဝတ်ရတနာ ဝတ်ဆင်ရန်၊ အလှုပြင်ရန်၊ အဆောက်အအုံ ပန္နက်ရိုက်ရန်၊ အိမ်၊ခြံ၊မြေ၊ယာဉ်၊စက်ပစ္စည်း ရောင်းဝယ်ရန်၊ ပြည်တွင်း၊ ပြည်ပ ခရီးသွားရန်၊ မိတ်ဆုံစည်ခံပွဲ ကျင်းပရန်၊ စာအုပ်စာပေ ဖြန့်ချိရန်၊ မေတ္တာရေးရာ စကားပြောရန်၊ အောင်ဘာလေထီ ထိုးရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ သိုက်ဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အေးချမ်းမောင်၊ မအေးချမ်းမေ··ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အဖြူရောင်ဖြစ်ပြီး တောင်အရပ်တွင် စန်းပွင့်မည်။

**၄-၁၀-၂၀၁၆ (အင်္ဂါနေ့)**

**(၁၃၇၈)ခုနှစ်၊ သီတင်းကျွတ်လဆန်း (၃)ရက်**



ဂုဏ်ကျက်သရေ တိုးပွားသောယုဂ် ရရှိသဖြင့် ယနေ့ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ရေနံ၊ဓာတ်ငွေ့နှင့် ဓာတ်သတ္တု တူးဖော်ရန်၊ ရေတွင်း၊ရေကန်၊အဝီစိတွင်း တူးဖော်ရန်၊ လယ်ယာ၊ဥယျာဉ် သီးနှံများ ရိတ်သိမ်း၊ဆွတ်ခူးရန်၊ စာပေကျမ်းဂန် ရေးသားပြုစုရန်၊ ဂီတ၊အနုပညာဆိုင်ရာ အဆို၊အက၊သရုပ်ဆောင်ခြင်းများ စတင်ရန်၊ အလှုကုန်ပစ္စည်း ရောင်းဝယ်ရန်၊ ကုမ္ပဏီထူထောင်ရန်၊ အစုရှယ်ယာဝင်ရန်၊ ဘဏ်စာရင်းဖွင့်ရန်၊ ခရီးသွားရန်၊ စာအုပ်ထုတ်ဝေရေးလုပ်ငန်း စတင်ရန်၊ ငွေကြေး... ဆောင်ရွက်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အဓိပတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၃း၀၀)နာရီမှ (၄း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဇော်ဝင်းမောင်၊ မစန္ဒာမြင့်··ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ မိုးပြာရောင်ဖြစ်ပြီး အနောက်အရပ်တွင် စန်းပွင့်မည်။

**၅-၁၀-၂၀၁၆ (ဗုဒ္ဓဟူးနေ့)**

**(၁၃၇၈)ခုနှစ်၊ သီတင်းကျွတ်လဆန်း (၄)ရက်**



အထွတ်အမြတ်ဖြစ်သောယုဂ် ရရှိသ... ယနေ့ ရေတွင်း၊ရေကန်၊အဝီစိတွင်း ... ဖော်ရန်၊ အဆောက်အအုံ ပန္နက်ရိုက်... ကျင်းတူး၊အုတ်မြစ်ချရန်၊ စေတီ၊ပုထိုး ... ပြင်ရန်၊ ယာဉ်၊စက်ပစ္စည်း ဝယ်ယူရန်၊ အောင်ဘာလေ... ထိုးရန်၊ အနုပညာ၊သရုပ်ဆောင်လုပ်ငန်း ဆောင်ရွက်... နာမည်ပေးကင်ပွန်းတပ်ရန်၊ စပါးကျီသွင်းရန်၊ လ... သီးနှံ ဆွတ်ခူးရိတ်သိမ်းရန်၊ အချစ်ရေးကိစ္စ ဆောင်...



www.burmeseclassic.com

www.burmeseclassic.com

ရန်၊ စာပေကျမ်းဂန် ရေးသားရန်၊ ဂီတအနုပညာလုပ်ငန်း ဆောင်ရွက်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာရာဇဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းတည့်(၁၂း၀၀)နာရီမှ မွန်းလွဲ(၁း၃၀)နာရီအတွင်း ရှောင် မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလို ပါက မောင်ဝင်းမြင့်မောင်၊ မဝေဖူးမြင့်..ဟု ပေးနိုင်ပါ သည်။ ယတြာအရောင်မှာ အစိမ်းရောင်ဖြစ်ပြီး မြောက် အရပ်တွင် စန်းပွင့်မည်။

**၆-၁၀-၂၀၁၆ (ကြာသပတေးနေ့)**

**(၁၃၇၈)ခုနှစ်၊ သီတင်းကျွတ်လဆန်း (၅)ရက်**



အမှုကိစ္စ ပြီးစီးသောယုဂ် ရရှိသဖြင့် ယနေ့ အနုပညာလုပ်ငန်းများ စတင်ရန်၊ လယ်ယာမြေ ထွန်ယက်ရန်၊ လုပ်ငန်းသစ် စတင်ရန်၊ အလုပ်သစ်လျှောက်ရန်၊ ကျောက်မျက်ရတနာ ရောင်းဝယ်၊ဝတ်ဆင်ရန်၊ အဝတ်အထည် ချုပ်လုပ်ရန်၊ ကင်ပွန်းတပ်မင်္ဂလာနှင့် ရဟန်းခံရှင်ပြုပွဲ ကျင်းပရန်၊ ဆေးဝါးသစ် ဖော်စပ်ရန်၊ ဆေးခန်းဖွင့်ရန်၊ အလုပ်ကုန်ပစ္စည်း စတင်ထုတ်လုပ် ဖြန့်ချိရန်၊ ကုမ္ပဏီလုပ် ငန်း စတင်ရန်၊ မေတ္တာစကား တောင်းဆိုရန်၊ အဝတ်သစ် ဝတ်ဆင်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွား သော ကလေးမှာ အထွန်းဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းလွဲ(၁း၃၀)နာရီမှ ညနေ(၃း၀၀)နာရီအတွင်း ရှောင်မွေး လျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်မြတ်မင်းမောင်၊ မမြင့်မြတ်မေ..ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အဝါရောင်ဖြစ်ပြီး မြောက်အရပ်တွင် စန်းပွင့်မည်။

**၇-၁၀-၂၀၁၆ (သောကြာနေ့)**


**(၁၃၇၈)ခုနှစ်၊ သီတင်းကျွတ်လဆန်း (၆)ရက်**



ကြံစည်သမျှ ပြီးမြောက်သောယုဂ် ရရှိသဖြင့် ယနေ့ သိပ္ပံနှင့် ဝိဇ္ဇာဆိုင်ရာ ပညာရပ်များ သင်ယူရန်၊ စာပေကျမ်းဂန် ရေး သားပြုစုရန်၊ ပန်းချီ၊ပန်းပု စသော ပန်း(၁၀)မျိုးလုပ်ငန်းများ ဆောင်ရွက်ရန်၊ အိမ်၊ခြံ၊မြေ၊ယာဉ်၊ ကော်ပစ္စည်း ရောင်းဝယ်ရန်၊ ပြည်တွင်း၊ပြည်ပ ခရီးသွား ရန်၊ အချစ်ရေးနှင့် မေတ္တာရေးရာကိစ္စ ဆောင်ရွက်ရန်၊ အလုပ်စာပေ ဖြန့်ချိရေးလုပ်ငန်း စတင်ရန်၊ အောင်ဘာ လေထီ ကံစမ်းရန်၊ ပျိုးနုတ်၊ကောက်စိုက်ရန်၊ စပါးကျီ သွင်းရန်၊ ဆေးဝါးထုတ်လုပ်၍ ဆေးခန်းဖွင့်ရန်၊ အလုပ်ကုန် ပစ္စည်းသစ် စတင်ထုတ်ဝေရန်၊ အလုပ်သစ်လျှောက်ရန်၊ အိမ်၊ခြံ၊မြေ ရောင်းဝယ်ရန်၊ အနုပညာလုပ်ငန်း စတင်ရန် တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေး မှာ ဘင်္ဂဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀း၃၀) နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဟိန်းဆက်ညွန့်၊ မဟန်သူမြင့်..ဟု ပေးနိုင်ပါသည်။ ယနေ့ မြောက်ရပ်တွင် စန်းပွင့်၍ ယတြာအရောင်မှာ ကြက်သွေးရောင်ဖြစ်သည်။

**၉-၁၀-၂၀၁၆ (တနင်္ဂနွေနေ့)**

**(၁၃၇၈)ခုနှစ်၊ သီတင်းကျွတ်လဆန်း (၈)ရက်**



မင်္ဂလာအပေါင်းနှင့် ပြည့်စုံသောယုဂ် ရရှိသဖြင့် ယနေ့ အိမ်၊ခြံ၊မြေ ရောင်းဝယ်ရန်၊ သိပ္ပံနှင့် ဝိဇ္ဇာဆိုင်ရာ ပညာရပ်များ သင်ယူရန်၊ ရတနာသစ် ဝတ်ဆင်ရန်၊ စာရေးကိရိယာဆိုင် ဖွင့်ရန်၊ ပြည်တွင်း၊ပြည်ပ ခရီးသွားရန်၊ လယ်ယာဥယျာဉ်ခြံလုပ်ငန်း စတင်ဆောင်ရွက်ရန်၊ ရတနာပစ္စည်း ရောင်းဝယ်၊ဝတ်ဆင်ရန်၊ အဝတ်အထည် ဒီဇိုင်းသစ် ချုပ်လုပ်၊ဝတ်ဆင်ရန်၊ သယံဇာတ ကျောက်မျက်ပစ္စည်း စူးစမ်းရှာဖွေရန်၊ ဆည်မြောင်းတာတမံ ဆောက်လုပ်ရန်၊ ရေတွင်း၊ရေကန်၊အဝီစိတွင်း တူးဖော်ရန်၊ စာပေကျမ်းဂန် ရေးသားပြုစုရန်အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ သိုက်ဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီ အတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အေးချမ်းမောင်၊ မအေးချမ်းမေ.. ဟု ပေးနိုင်ပါသည်။ ယနေ့ အရှေ့အရပ်တွင် စန်းပွင့်၍ ယတြာအရောင်မှာ အဖြူရောင် ဖြစ်သည်။

**၁၁-၁၀-၂၀၁၆ (အင်္ဂါနေ့)**

**(၁၃၇၈)ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁၀)ရက်**



ပစ္စည်းဥစ္စာ ဆုတ်ယုတ်သောယုဂ် ရရှိသော်လည်း အထက်မျှော်နက္ခတ် ရရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ အနေ ကဇာတင်ရန်၊ ထီးတော်တင်ရန်၊ လုပ်ငန်း

www.burmeseclassic.com

ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ မီဒီယာများတွင် ကြော်ငြာထည့်ရန်၊ အမည်ကင်ပွန်းတပ်ရန်၊ ဦးခေါင်းတွင် ရတနာဝတ်ဆင်ရန်၊ အဆောက်အအုံ အုတ်မြစ်ချရန်၊ အုတ်စီရန်၊ ကျောက်သွေးလောင်းရန်၊ အိမ်တိုင်ထူရန်၊ အိမ်တက်လှေကား ထောင်ရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ အထက်လူကြီးများထံ အစီရင်ခံစာ တင်သွင်းရန်၊ ပြည်တွင်း,ပြည်ပလေကြောင်းခရီးသွားရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ အဓိပတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၃း၀၀)နာရီမှ (၄း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဇော်ဝင်းမောင်၊ မစန္ဒာမြင့်··ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ ခရမ်းရောင်ဖြစ်ပြီး တောင်အရပ်တွင် စန်းပွင့်မည်။

**၁၂-၁၀-၂၀၁၆ (ဗုဒ္ဓဟူးနေ့)**

**(၁၃၇၈)ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁၁)ရက်**



ကြီးပွားတိုးတက်သောယုဂ် ရရှိသဖြင့် ယနေ့ ရဟန်းခံ,ရှင်ပြုနှင့် နားသမင်္ဂလာပွဲကျင်းပရန်၊ လုပ်ငန်း,ကုမ္ပဏီ ဆိုင်းဘုတ်တင်ရန်၊ သာသနာ့အလံ လွှင့်ထူ၍ ထီးတော်တင်ရန်၊ နတ်ကွန်းတည်ရန်၊ အုတ်တံတိုင်းနှင့် ဝင်းထရံခတ်ရန်၊ ဦးခေါင်းတွင် ရတနာဝတ်ဆင်ရန်၊ အဆောက်အအုံ အုတ်မြစ်ချရန်၊ အုတ်စီရန်၊ အိမ်တိုင်ထူရန်၊ အိမ်တက်,လှေကားထောင်ရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ လယ်ယာသီးနှံ ဆွတ်ခူးရိတ်သိမ်းရန်၊ ပျိုးနုတ်,ကောက်စိုက်ရန်၊ နှစ်ရှည်သီးနှံပင် စိုက်ပျိုးရန်၊ အထက်လူကြီးများထံ အစီရင်ခံစာ တင်သွင်းရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ ရာဇဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော,မွန်းတည့်(၁၂း၀၀)နာရီမှ မွန်းလွဲ(၁း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဝင်းမြင့်မောင်၊ မယမင်းမေ··ဟု ပေးနိုင်ပါသည်။ ယနေ့ အနောက်အရပ်တွင် စန်းပွင့်၍ ယတြာအရောင်မှာ အဝါရောင် ဖြစ်သည်။

**၁၅-၁၀-၂၀၁၆ (စနေနေ့)**

**(၁၃၇၈)ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁၄)ရက်**

တိထိရက်မြတ်ယုဂ်နှင့် အထက်မျှော်နက္ခတ် ရရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ သာသနာ့အလံ လွှင့်ထူ၍



ထီးတော်တင်ရန်၊ ဘုရားအနေကဇာတင်ရန်၊ နာမည်ကင်ပွန်းတပ်ရန်၊ မြေသန့်မင်္ဂလာ ပြုလုပ်ရန်၊ ဆေးစွမ်းကောင်း ဖော်စပ်ရန်၊ ဆေးခန်းဖွင့်ရန်၊ လယ်ယာဥယျာဉ်ခြံလုပ်ငန်း ဆောင်ရွက်ရန်၊ ဦးခေါင်းတွင် ရတနာဝတ်ဆင်ရန်၊ အဆောက်အအုံ အုတ်မြစ်ချ,အုတ်စီရန်၊ အိမ်တိုင်ထူရန်၊ အိမ်တက်,လှေကားထောင်ရန်၊ အိမ်သစ်,တိုက်သစ် ပြောင်းရွှေ့ရန်၊ မျိုးစေ့ချ,အပင်စိုက်ရန်၊ ပန်းချီ,ပန်းပုစသော ပန်း(၁၀)မျိုးလုပ်ငန်းများ ဆောင်ရွက်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ပုတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၉း၀၀)နာရီမှ (၁၀း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ထူးဇော်မောင်၊ မတင်ဆွေမြင့်ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အညိုရောင်ဖြစ်ပြီး မြောက်အရပ်တွင် စန်းပွင့်မည်။

**၁၆-၁၀-၂၀၁၆ (တနင်္ဂနွေနေ့)**

**(၁၃၇၈)ခုနှစ်၊ သီတင်းကျွတ်လပြည့်**



ဂုဏ်ကျက်သရေ တိုးပွားသောယုဂ် ရရှိသဖြင့် ယနေ့ အမည်ကင်ပွန်းတပ်ရန်၊ ရဟန်းခံ,ရှင်ပြုရန်၊ စေ့စပ်,လက်ထပ်မင်္ဂလာ ရက်ရွေးရန်၊ အလှူပြင်ရန်၊ လက်ဝတ်ရတနာ ဝတ်ဆင်ရန်၊ အိမ်,ခြံ,မြေ,ယာဉ်,စက်ပစ္စည်း ရောင်းဝယ်ရန်၊ ပြည်တွင်း,ပြည်ပ ခရီးသွားရန်၊ မိတ်ဆုံ ဧည့်ခံပွဲ ကျင်းပရန်၊ အချစ်ရေးရာ စကားပြောရန်၊ စာအုပ်စာပေ ဖြန့်ချိရန်၊ အောင်ဘာလေထီ ကံစမ်းရန်၊ ဘာသာရေးကုသိုလ်ပွဲ ကျင်းပရန်၊ ဂိုဏ်းဆရာများ ပွဲတက်ဆော်ထိုးရန်၊ ပီယသိဒ္ဓိဆေးစွမ်းများ ဖော်စပ်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ သိုက်ဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အေးချမ်းမောင်၊ မအေးချမ်းမေ··ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အနီရောင်ဖြစ်ပြီး အရှေ့အရပ်တွင် စန်းပွင့်မည်။

**၂၁-၁၀-၂၀၁၆ (သောကြာနေ့)**

**(၁၃၇၈)ခုနှစ်၊ သီတင်းကျွတ်လဆုတ် (၅)ရက်**

ပစ္စည်းဥစ္စာ ပေါများသောယုဂ် ရရှိသဖြင့် ယနေ့

www.burmeseclassic.com

www.burmeseclassic.com



ဂါထာ,မန္တန် သိဒ္ဓိတင်ရန်၊ ရတနာပစ္စည်းရှာဖွေရန်၊ စေ့စပ်ကြောင်းလမ်းရန်၊ ကုမ္ပဏီနှင့် အရောင်းဆိုင်များ ဆိုင်းဘုတ်တင်ရန်၊ ခွဲစိတ်ကုသမှု ခံယူရန်၊ အောင်ဘာလေထီ ကံစမ်းရန်၊ ဘဏ်စာရင်း ဖွင့်ရန်၊ စာချုပ်လက်မှတ် ရေးထိုးရန်၊ စာပေလုပ်ငန်း ဆောင်ရွက်ရန်၊ အချစ်ရေး စကားပြောရန်၊ အိမ်,ခြံ,မြေ,ယာဉ်,စက်ပစ္စည်း ရောင်းဝယ်ရန်၊ ပြည်တွင်း,ပြည်ပ ခရီးသွားရန်၊ လက်ထပ်မင်္ဂလာပွဲ ကျင်းပရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ဘင်္ဂဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းလွဲ(၁း၃၀)နာရီမှ ညနေ(၃း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်သက်နိုင်မင်း၊ မသိမ့်သိမ့်မေ..ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ ဖက်ဖူးရောင်ဖြစ်ပြီး အနောက်အရပ်တွင် စန်းပွင့်မည်။

## ၂၂-၁၀-၂၀၁၆ (စနေနေ့)

## (၁၃၇၈)ခုနှစ်၊ သီတင်းကျွတ်လဆုတ် (၆)ရက်



မင်းချီးမြှောက်ခံရသောယုဂ် ရရှိသဖြင့် ယနေ့ သိပ္ပံ,ဝိဇ္ဇာဆိုင်ရာ ပညာရပ်များ သင်ယူရန်၊ စေ့စပ်,လက်ထပ်ပွဲ ကျင်းပရန်၊ ရေတွင်း,ရေကန်,အဝီစိတွင်း တူးရန်၊ အလှကုန်ပစ္စည်း ထုတ်လုပ်ဖြန့်ချိရောင်းချရန်၊ အလုပ်သစ်လျှောက်ရန်၊ မြေသန့်မင်္ဂလာ ပြုလုပ်ရန်၊ နိုင်ငံတော် ပြိုင်ပွဲ,ပြပွဲများအတွက် စတင်ပြင်ဆင်ရန်၊ မိတ်ဆုံစားပွဲ ကျင်းပရန်၊ စက်ပစ္စည်း ရောင်းဝယ်ရန်၊ စာအုပ်စာပေ ဖြန့်ချိရန်၊ အောင်ဘာလေထီ ကံစမ်းရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ပုတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၉း၀၀)နာရီမှ (၁၀း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ထူးဇော်မောင်၊ မတင်ဆွေမြတ်..ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အဖြူရောင်ဖြစ်ပြီး မြောက်အရပ်တွင် စန်းပွင့်မည်။

## ၂၃-၁၀-၂၀၁၆ (တနင်္ဂနွေနေ့)

## (၁၃၇၈)ခုနှစ်၊ သီတင်းကျွတ်လဆုတ် (၇)ရက်

ဂုဏ်ကျက်သရေ တိုးပွားသောယုဂ် ရရှိသဖြင့် ယနေ့ မီဒီယာများတွင် ကြော်ငြာထည့်သွင်းရန်၊ သာသနာ့အလှူ



လှူဒါန်း၍ ထီးတော်တင်ရန်၊ ရဟန်းခံ,ရှင်ပြုရန်၊ လက်ထပ်မင်္ဂလာပွဲ ကျင်းပရန်၊ ဦးခေါင်းတွင် ရတနာဝတ်ဆင်ရန်၊ အဆောက်အအုံအတွက် အုတ်မြစ်ချ,အုတ်စီ,ကျောက်သွေးလောင်းရန်၊ တိုင်ထူ,လှေကားထောင်ရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ အထက်သို့ အစီရင်ခံစာ တင်သွင်းရန်၊ အုတ်တံတိုင်းနှင့် ဝင်းထရံခတ်ရန်၊ အလှူမဏ္ဍပ်၊ မုခ်ဦးပြာသာဒ် ဆောက်လုပ်ရန်၊ ဥယျာဉ်ခြံ သီးနှံများ ဆွတ်ခူးရန်၊ ပြည်တွင်း,ပြည်ပ လေယာဉ်ခရီး သွားလာခြင်းများအတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ သိုက်ဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီ မှ (၆း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အေးချမ်းမောင်၊ မအေးချမ်းမေ..ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ ပန်းရောင်ဖြစ်ပြီး အရှေ့မြောက်အရပ်တွင် စန်းပွင့်မည်။

## ၂၄-၁၀-၂၀၁၆ (တနင်္လာနေ့)

## (၁၃၇၈)ခုနှစ်၊ သီတင်းကျွတ်လဆုတ် (၈)ရက်



ချမ်းသာကြွယ်ဝသောယုဂ် ရရှိသဖြင့် ယနေ့ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ရေနံ,ဓာတ်သတ္တုနှင့် သယံဇာတပစ္စည်း ရှာဖွေရန်၊ ရေတွင်း,ရေကန်,အဝီစိတွင်း တူးဖော်ရန်၊ နာမည်ပေးကင်ပွန်းတပ်ရန်၊ ပြည်တွင်း,ပြည်ပ ခရီးထွက်ရန်၊ လယ်ယာမြေ ထွန်ယက်ရန်၊ လယ်ယာသီးနှံပင်များ စိုက်ပျိုးရန်၊ စေ့စပ်ကြောင်းလမ်းပွဲ ကျင်းပရန်၊ ဆိုင်းဘုတ်တင်ရန်၊ ပညာစသင်ရန်၊ အိမ်,ခြံ,မြေ ရောင်းဝယ်ရန်၊ ကျောက်မျက်ရတနာ သွေးရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ မရဏဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀း၃၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ချစ်ဆွေမြင့်၊ မခိုင်ဆွေမိုး..ဟု ပေးနိုင်ပါသည်။ ယနေ့ မြောက်အရပ်တွင် စန်းပွင့်၍ ယတြာအရောင်မှာ အဖြူရောင်ဖြစ်သည်။

## ၂၆-၁၀-၂၀၁၆ (ဗုဒ္ဓဟူးနေ့)

## (၁၃၇၈)ခုနှစ်၊ သီတင်းကျွတ်လဆုတ် (၁၀)ရက်

အဆောက်အအုံ တည်ရသောယုဂ် ရရှိသဖြင့် ယနေ့



www.burmeseclassic.com

www.burmeseclassic.com



ရပဟန်းခံ ၊ရှင်ပြုရန်၊ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ရေတွင်း၊ ရေကန်၊ အဝီစိတွင်း တူးဖော်ရန်၊ စာပေကျမ်းဂန် ရေးသားပြုစုရန်၊ ဆံရိတ်၊ ဆံသ ပြုရန်၊ အဆောက်အအုံ ပန္နက်ရိုက်ရန်၊ ကုမ္ပဏီထူထောင်ရန်၊ အစုရှယ်ယာဝင်ရန်၊ အလုပ်သစ်လျှောက်ရန်၊ ကုန်ပစ္စည်းသစ်များ ဈေးကွက်သို့ ဖြန့်ချိရန်၊ ဘဏ်စာရင်းဖွင့်ရန်၊ မေတ္တာရေးရာ စကားပြောရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ရာဇဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းတည့်(၁၂း၀၀)နာရီမှ မွန်းလွဲ(၁း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဝင်းမြင့်မောင်၊ မယမင်းမေ‥ဟု ပေးနိုင်ပါသည်။ ယနေ့ အရှေ့အရပ်တွင် စန်းပွင့်၍ ယတြာအရောင်မှာ ပန်းရောင်ဖြစ်သည်။

## ၂၇-၁၀-၂၀၁၆ (ကြာသပတေးနေ့)
## (၁၃၇၈)ခုနှစ်၊ သီတင်းကျွတ်လဆုတ် (၁၁)ရက်



မိတ်သင်္ဂဟ ပေါ်များသောယုဂ် ရရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ အနေကဇာတင်ရန်၊ ထီးတော်တင်ရန်၊ အုတ်တံတိုင်းနှင့် ဝင်းထရံခတ်ရန်၊ အလှူမဏ္ဍပ်၊ မုခ်ဦးပြာသာဒ် ဆောက်ရန်၊ ဆိုင်သစ်ဖွင့်၍ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ ပန်း(၁၀)မျိုးလုပ်ငန်းများ စတင်ဆောင်ရွက်ရန်၊ အိမ်တက် လှေကားထောင်ရန်၊ တိုင်ထူရန်၊ လေကြောင်းခရီးသွားရန်၊ သီးနှံဆွတ်ခူးရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အထွန်းဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းလွဲ(၁း၃၀)နာရီမှ ညနေ(၃း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်မြတ်မင်းမောင်၊ မမြတ်မြတ်မေ‥ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ ငွေရောင်ဖြစ်ပြီး တောင်အရပ်တွင် စန်းပွင့်မည်။

## ၃၀-၁၀-၂၀၁၆ (တနင်္ဂနွေနေ့)
## (၁၃၇၈)ခုနှစ်၊ သီတင်းကျွတ်လကွယ်

ဥစ္စာပစ္စည်း ပေါ်များသောယုဂ် ရရှိသဖြင့် ယနေ့ ငွေကြေးကိစ္စ ဆောင်ရွက်ရန်၊ အနုပညာလုပ်ငန်း စတင်ရန်၊ လယ်ယာမြေ ထွန်ယက်ရန်၊ လက်ထပ်ပွဲ ကျင်းပရန်၊



ဆံရိတ်၊ ဆံသရန်၊ မြေသန့်မင်္ဂလာ ပြုလုပ်ရန်၊ အိမ်ပြောင်းရန်၊ ဆေးဝါး၊ အလှကုန် ထုတ်လုပ်ရန်၊ ဆေးခန်းဖွင့်ရန်၊ ကုန်ရောင်းဝယ်ရန်၊ သစ်ပင်စိုက်ပျိုးရန်၊ ကုမ္ပဏီလုပ်ငန်းများ စတင်ရန်၊ စာအုပ်ထုတ်ဝေရေး လုပ်ကိုင်ရန်၊ ဆိုင်းဘုတ်တင်၍ ဆိုင်သစ်ဖွင့်ရန်၊ မေတ္တာရေးရာကိစ္စ ဆောင်ရွက်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ သိုက်ဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အေးချမ်းမောင်၊ မအေးချမ်းမေ‥ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အဝါရောင်ဖြစ်ပြီး အနောက်အရပ်တွင် စန်းပွင့်မည်။

## ၃၁-၁၀-၂၀၁၆ (တနင်္လာနေ့)
## (၁၃၇၈)ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁)ရက်



မင်းချီးမြှောက်ခံရသောယုဂ် ရရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ အနေကဇာတင်ရန်၊ ရပဟန်းခံ ၊ရှင်ပြုရန်၊ လက်ထပ်မင်္ဂလာပွဲ ကျင်းပရန်၊ အမည်ကင်ပွန်းတပ်ရန်၊ ဆံရိတ်၊ ဆံသ ပြုရန်၊ လက်ဝတ်ရတနာ ဝတ်ဆင်ရန်၊ အလှပြင်ရန်၊ အဆောက်အအုံ ပန္နက်ရိုက်ရန်၊ အိမ်၊ ခြံ၊ မြေ၊ ယာဉ်၊ စက်ပစ္စည်း ရောင်းဝယ်ရန်၊ ခရီးသွားရန်၊ မိတ်ဆုံပါတီ ညစာစားပွဲ ကျင်းပရန်၊ စာအုပ်စာပေ ဖြန့်ချိရန်၊ ကုမ္ပဏီ ထူထောင်ရန်၊ အဝတ်အထည် ရက်လုပ်ရန်၊ လယ်ယာမြေ ထွန်ယက်ရန်၊ သီးနှံရိတ်သိမ်းရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ မရဏဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀း၃၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ချစ်ဆွေမြင့်၊ မခိုင်ဆွေမိုး‥ဟု ပေးနိုင်ပါသည်။ ယနေ့ တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အပြာရောင်ဖြစ်သည်။

သဗ္ဗေသတ္တာ သုခိတာ
မင်းမပေါ်ဦးပွန်
ဖုန်း-၀၉ ၂၅၀ ၆၇ ၃၃၄

www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




တိုင်းရင်းဆေးဝါးမှတ်ပုံတင် **0412 YR 004687**
လိုင်စင် ၇/၂၀၀၀၊ တာဆထလ (တိုး)-၁၃၁၂

အထိကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့
# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ်တာဆဝက(စာနယ်ဇင်း)၁၃၀/၀၁၁၀၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ။ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်။ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား။ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်။ ဇီဝတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်။ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား"

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းလေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး၊ အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ၊ ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်၊ အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး၊ဝမ်း၊လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ၊ တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျှော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံမက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းတာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့။ ကျွန်တော်လည်း သုံးမယ်ဗျာ။ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

**ရန်ကုန်မြို့ မန္တလေးမြို့နှင့် မုံရွာမြို့ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိပေးနေပါပြီ။**


ပင်ရင်း - **မုံရွာ-ဆရာမိုး** တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း

အမှတ်-၈၂/၁၅၆၊ ပေတာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၈၇၊ ၀၉-၅၁-၀၀၆၁၂

မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၁၁ လိုင်းခွဲ (၁၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ (၁၄၇)

www.burmeseclassic.com

www.burmeseclassic.com



# ငါး စားသုံးခြင်း၏ ကောင်းကျိုးများ

ဟိန်း(ဘူမိ)

**ကောင်းကျိုးများ**

* ကင်ဆာကို တိုက်ဖျက်ပေးခြင်း
* နှလုံးကို ကာကွယ်ပေးခြင်း
* ကိုယ်ခံအားစနစ်ကို ထောက်ပံ့ပေးခြင်း
* မှတ်ဉာဏ်ကို တိုးမြင့်စေခြင်း
* ရိုးဆစ်ရောင်ရမ်းခြင်းကို သက်သာစေခြင်း

ယနေ့ခေတ် လူအများတို့က ငါးကြီးဆီကို ကျန်းမာရေး ဖြည့်စွက်စာအဖြစ် မှီဝဲနေကြချေပြီ။ ငါးကြီးဆီသည် ကျန်းမာရေးကို အမှန်တကယ်ပင် အထောက်အကူ ပြုပေးပါသည်။

ငါးတွင် အိုမီဂါ(၃) ဖက်တီးအက်စစ် ကြွယ်ဝလှပေသည်။ ယင်းသည် ခန္ဓာကိုယ်အတွက် လိုအပ်သော်လည်း ခန္ဓာကိုယ်က မထုတ်လုပ်ပေးနိုင်သောအရာ ဖြစ်ပေသည်။ သင့်အနေနှင့် ယင်းအဆီဓာတ်ကို အစားအစာအဖြစ် စားသုံးခြင်းမှ ရနိုင်ပေသည်။ ယင်းနှင့် အလားတူ အရေးပါသော အရာမှာ အိုမီဂါ(၆) ဖက်တီးအက်စစ် ဖြစ်သည်။ အာဟာရဗေဒ ပညာရှင်များက ယခုအခါတွင် ယင်းဓာတ်နှစ်မျိုး၏ မျှတညီညွတ်မှုက နှလုံးကျန်းမာရေးအတွက် အရေးပါလှကြောင်း သိလာကြချေပြီ။ ထို့ပြင် ယင်းအဆီအက်စစ် နှစ်မျိုးက အရိုးအဆစ် ရောင်ရမ်းခြင်း၊ စိတ်ရောဂါများနှင့် အခြား ကျန်းမာရေးပြဿနာ အတော်များများပေါ် ကောင်းကျိုးဖြစ်ပေါ်စေကြောင်းလည်း တွေ့ရှိလာခဲ့ကြချေပြီ။

သင့်စားသောက်ပုံကို မည်သို့မျှတညီညွတ်စေပါမည်နည်း။ အိုမီဂါ(၆)အတွက်ကား ပြဿနာမရှိလှပါချေ။ ခရက်ကာများ၊ ကွတ်ကီးများ၊ ပေါင်မုန့်ကဲ့သို့ ဖုတ်ထားသော မုန့်များ၊ ဟင်းရွက်သုပ်များ၊ ဆီကြော်စားစရာများမှ ရရှိနေနိုင်ပါသည်။ အိုမီဂါ(၆)သည် စားသုံးဆီများတွင် ပါရှိတတ်ပေသည်။ သို့သော် အိုမီဂါ(၃)အတွက်ကား ပြဿနာဖြစ်နေရပေသည်။ ယင်းအဆီအက်စစ်သည် ငါးများနှင့် အစိမ်းရောင် ဟင်းသီးဟင်းရွက်များတွင် အများဆုံး ပါရှိပေသည်။ အသင့်စား မုန့်များတွင် ယင်းတို့ကို ထည့်သွင်းအသုံးမပြုကြခြင်းကား အနံ့မကောင်းစေတတ်၍ ဖြစ်ပါသည်။ အိုမီဂါ(၃)သည် ကင်ဆာကျိတ်များ ဖွံ့ဖြိုးကြီးထွားခြင်းကို နှေးကွေးသွားစေနိုင်သည်။ ယင်းနှင့် ဆန့်ကျင်၍ အိုမီဂါ(၆)ကား ကင်ဆာကျိတ်များကို ဖွံ့ဖြိုးကြီးထွားစေရန် အထောက်အကူ ပြုပေးတတ်ပေသည်။

အိုမီဂါ(၃)တွင် ပါသော အက်စတာဇန်သင်း(astaxanthin) က အရေပြားကင်ဆာကိုလည်း ကာကွယ်ပေးပါသည်။ ပန်းနုရောင် ဆော်လ်မွန်ငါးများနှင့် အနီရောင် ပုစွန်ထုပ်ကြီး(lobster) တို့တွင် အက်စ်တာဇန်သင်း ပါဝင်ခြင်းက နေရောင်ခြည်၏ ခရမ်းလွန်ရောင်ခြည်တပေးမည့် အန္တရာယ်ကို သဘာဝအလျောက် ကာကွယ်ပေးနိုင်ပေသည်။ အရေပြားကင်ဆာသည် နေလောင်ခြင်းနှင့် ဆက်စပ်မှု ရှိတတ်၍ မိမိကိုယ်ကို သတိပြုကာကွယ်ထားရပေမည်။ ကြွက်များအား အက်စ်တာဇန်သင်းကို စားစရာများတွင် ထည့်၍ ကျွေးကာ နေရောင်ခြည်နှင့် တူညီသော ခရမ်းလွန်ရောင်ခြည်အောက်တွင် ထားပေးရာ အန်တီအောက်ဆီးဒင့် မကျွေးထားသော ကြွက်များထက် အရေပြားပျက်စီးမှု လျော့နည်းမှုရှိကြောင်း တွေ့ရှိခဲ့ကြရသည်။

ဖက်တီးအက်စစ် အတော်များများကို ဖြည့်စွက်စားသုံးပေးခြင်းက အရေပြားကျန်းမာရေးကို အထောက်အကူပြုကာ အသားအရေကို ကြည့်၍ ကောင်းစေကြောင်း တွေ့နေပါသည်။ အရေပြား ခြောက်သွေ့တတ်သူများတွင် အဆီဓာတ်ကို ပိုမိုလိုအပ်ပေသည်။ အိုမီဂါ(၃) စားသုံးပေးခြင်းက အရေပြားကို လွှမ်းမိုးတောက်ပစေနိုင်သည်။

သုတေသနများ ပိုမိုပြုလုပ်ရန် လိုအပ်နေသေးသော်



www.burmeseclassic.com

www.burmeseclassic.com

သည်း ငါးများစွာ စားသုံးခြင်းက ကင်ဆာကို တိုက်ဖျက်ဆေးနိုင်ကြောင်း အထောက်အထားများစွာ တွေ့နေရချေပြီ။

**နှလုံးကို ကာကွယ်ပေးခြင်း**

လေ့လာချက်များအရ ငါးကြီးဆီသည် သင့်သွေးကြောများ မာကျစ်မှုကို မဖြစ်စေအောင် ထိန်းသိမ်းပေး၍ သွေးကြောများ ပွင့်နေစေသောကြောင့် နှလုံးခုန်နှုန်းမှန်နေအောင် အကူအညီ ပေးနိုင်ကြောင်း တွေ့ရှိရပါသည်။ သွေးကြောများ ပွင့်နေစေခြင်းကြောင့် နှလုံးရောဂါနှင့် လေဖြတ်ခြင်းဘေးများမှ ကာကွယ်ပေးနိုင်ပါသည်။

ဥရောပရှိ အမျိုးသား(၂၀၀၀)ခန့်ပေါ် နှစ်(၂၀)ခန့်ကြာ လေ့လာထားချက်များအရ ဆော်လ်မွန်နှင့် ပင်လယ်ငါးသလောက်(mackerl) တို့ကို စားသုံးလေ့ရှိသူများသည် နှလုံးရောဂါဖြစ်ပွားမှု နည်းပါးလှကြောင်း တွေ့ရှိခဲ့ကြရပေသည်။ အဆီနည်းသော ဖလောင်ဒါ (flounder) သို့မဟုတ် ဟက်ဒေါ့(haddock) ကဲ့သို့ ငါးများ စားသုံးသူများတွင်ကား ထိုသို့ ကာကွယ်ပေးမှု မရခဲ့ကြောင်း တွေ့ရှိခဲ့ကြရပါသည်။

မကြာသေးမီက ဆရာဝန်(၂၀၀၀၀)ကျော်၏ ရေရှည်လေ့လာစူးစမ်းမှုအရ အနည်းဆုံး တစ်ပတ်လျှင် တစ်ကြိမ် အဆီများငါးမျိုး စားသုံးပေးပါက တစ်လလျှင် တစ်ကြိမ်ခန့်သာ စားသုံးသူထက် နှလုံးရောဂါ တိုက်ခိုက်ခံရမည့်ဘေးမှ သိသာစွာ တားဆီးပေးနိုင်ကြောင်း သိရပါသည်။ သွေးဆုံးပြီး အမျိုးသမီးများကို တစ်နေ့လျှင် ငါးကြီးဆီ(၈)တောင့်နှုန်းဖြင့် တစ်လခန့် သောက်သုံးစေခဲ့ရာ ကော်လက်စထရောပမာဏ သိသာစွာ ကျဆင်းသွားစေကြောင်း တွေ့ရှိခဲ့ရပေသည်။ ယင်းအချက်က သွေးဆုံးပြီး အမျိုးသမီးများ၏ နှလုံးရောဂါဖြင့် သေဆုံးရမှုနှုန်း မြင့်မားနေခြင်းအတွက် သတင်းကောင်းတစ်ရပ် ဖြစ်ပေသည်။


**ကိုယ်ခံစွမ်းအားစနစ်ကို ထောက်ကူထိန်းသိမ်းပေးခြင်း**

သင့်တွင် အရိုးအဆစ်ရောင်ရောဂါ၊ သွေးကြောများ မာကျစ်သောရောဂါ၊ ပန်းနာရင်ကျပ်ရောဂါ စသည်ဖြင့် ခံစားနေရပါက သင့်ကိုယ်တွင်း ခုခံအားစနစ်က သင့်အား ပြန်၍ ဒုက္ခပေးနေချေပြီ။ ယင်းအခြေအနေမျိုးတွင် သင့်အတွက် ကိုယ်တွင်းခုခံအားစနစ် အားနည်းနေ၍ အခြားရောဂါပိုးဝင်ခြင်း စသည်ကို ခုခံပေးရန် ခက်ခဲနေတတ်သည်။ ဤအခြေအနေမျိုးအတွက် ငါးများ စားသုံးပေးခြင်းက သင့်ကိုယ်ခံအားစနစ်ကို ပြန်လည်ကောင်းမွန်စေကာ မိမိဘာက်သား ပြန်ဖြစ်စေနိုင်ပေသည်။

အိုမီဂါစားစရာ(The Omega Diet) စာအုပ်ရေးသူ ဒေါက်တာအာတီးမစ်ပီ ဆင်မိုပူးလော့စ်က အိုမီဂါ(၃) ဖက်တီးအဆီများ(omega-3 fats) သည် ကိုယ်ခံအားစနစ် အလိုအလျောက် ပျက်ယွင်းမှုနှင့် တိုက်ရိုက်ဆက်စပ်နေကြောင်း သုံးသပ်ခဲ့သည်။

'ယခုအခါ ကိုယ်ခံအားစနစ် ပျက်ယွင်းမှုအတွက် အိုမီဂါ(၃) အဆီများ အသုံးပြုခြင်းဖြင့် ထိန်းချုပ်ဟန့်တားကာ အထောက်အကူပြုပေးနိုင်ကြောင်း ကျွန်ုပ်တို့ သိလာရချေပြီ' ဟု သူမက ဆိုခဲ့ပါသည်။

သုတေသီများက ငါး၏ အဆီသည် ခန္ဓာကိုယ်တွင်း ရောင်ရမ်းမှုကို ဖြစ်စေနိုင်သော အင်ဇိုင်းကို ဟန့်တားပေးနိုင်ကြောင်း တွေ့ရှိခဲ့ကြရသည်။ အရိုးအဆစ် ရောင်ရမ်းသူများ ငါးကြီးဆီ စားသုံးခြင်းဖြင့် နံနက်ပိုင်း အိပ်





www.burmeseclassic.com

www.burmeseclassic.com



ရာထတွင် အရိုးအဆစ်နေရာများ တောင့်တင်းမာကျောမှု လျော့ပါးနေတတ်ကြောင်း တွေ့ရှိခဲ့ကြရသည်။ ငါး၏ အဆီသည် ကိုယ်တွင်းခုခံအားစနစ် အလိုအလျောက် ချွတ်ယွင်း၍ ဖြစ်ပေါ်သော သွေးကြောများ၊ တစ်ရှူးမျှင်များ မာကျောမှုကိုလည်း လျော့ပါးစေရန် အထောက်အကူပြုပေးပါသည်။ စားသုံးမှုတွင် အိုမီဂါ(၆) အဆီများ ထပ်မံဖြည့်စွက်ပေးခြင်းဖြင့် ပြင်းထန်သော ရောဂါအခြေအနေမျိုး မရောက်စေရန် ထိန်းပေးထားနိုင်ပေသည်။

ရင်ကျပ်ရောဂါသည် နှစ်စဉ် ကလေးသူငယ်များပေါ် ပိုမိုထိခိုက်စေကြောင်း တွေ့ရှိနေရသည်။ ယင်းမှာ အခြားကိုယ်ခံအား အလိုအလျောက် ချွတ်ယွင်းမှုနှင့် ပတ်သက်နေသည်။ အချို့သုတေသီများက အိုမီဂါ(၆) မြင့်မားစွာ စားသုံးသော ကလေးများတွင် ဖြစ်တတ်သည်ဟု ဆိုခဲ့ကြသည်။ သို့သော် တစ်ပတ်အတွင်း ငါးကို မကြာခဏ စားသုံးတတ်သော ကလေးများတွင် ရင်ကျပ်ပန်းနာ အဖြစ်နည်းကြောင်း တွေ့ကြရပြန်သည်။ လူကြီးများတွင် ငါးစားသုံးခြင်းဖြင့် ပန်းနာရင်ကျပ်ရောဂါအတွက် အထောက် အကူပြုပေးနိုင်ခြင်း ရှိ/မရှိကား မရှင်းလင်းလှသေးပါချေ။

**ကျောက်ကပ်ရောဂါကို နှေးကွေးစေခြင်း**

ငါး၏ အဆီသည် ကျောက်ကပ်အတွက် အားဆေး (tonic) သဖွယ် ဖြစ်ပေသည်။ ကျောက်ကပ်ရောဂါ ပြင်းထန်စွာ ခံစားနေရသူ (Ig A nephropathy) (၅၅)ဦးတို့အား ငါးအဆီကို (၂)နှစ်ကျော်ကျော် ကျွေးခဲ့ရာ ရောဂါအခြေအနေ တဖြည်းဖြည်း လျော့ကျသွားခဲ့သည်ကို တွေ့ရှိခဲ့ကြရသည်။ သုတေသီများက ဆေးတု(placebo) ဖြင့်လည်းကောင်း၊ ငါးအဆီ ပေးကျွေး၍လည်းကောင်း အုပ်စုခွဲ၍ ဆက်လက် ဆန်းစစ်လေ့လာခဲ့ရာ ငါးအဆီကို ရေ



ရှည်စားသုံးသူများတွင် ရောဂါအခြေအနေကို တည်ငြိမ်စွာ ထိန်းချုပ်ထားနိုင်ကြောင်း တွေ့ရှိခဲ့ကြရသည်။

**ဦးနှောက်ကို ကာကွယ်ပေးခြင်း**

ငါးသည် ဦးနှောက်အတွက် စားစရာဟူသော ပြောကြားချက်မျိုးကို သင် ကြားဖူးပါသလော။ ယင်းအချက် မှန်ကန်ပါသည်။ သုတေသီများက မိခင်နို့ တိုက်ကျွေးသော ကလေးငယ်များသည် နို့ဘူးတိုက်ကျွေးသော ကလေးငယ်များထက် အသိဉာဏ် ပိုထက်မြက်ကြောင်း တွေ့ရှိခဲ့ကြသည်။ ယင်းမှာ မိခင်၏ နို့တွင် အိုမီဂါ(၃) ပါ၍ ဖြစ်သည်။

ယင်းမှာ ကလေးငယ်များအတွက် အထောက်အကူပြုပေးသည် မဟုတ်ဘဲ လူကြီးများတွင် အသက်အရွယ် အိုမင်းလာပါက ငါးစားသူများက မစားသူများထက် ဦးနှောက်စွမ်းအား ပိုကောင်းကြောင်း တွေ့ရှိခဲ့ကြရသည်။

ငါး၏ အဆီသည် ခေါင်းကြီးကိုက်ရောဂါ (migraine) ခံစားနေကြရသူများကို အနည်းနှင့်အများ ဆိုသလို သက်သာစေနိုင်ကြောင်း တွေ့ရှိခဲ့ရပါသည်။ အိုမီဂါ(၃)သည် စိတ်ရောဂါ ခံစားရသူများ (စိတ်ဓာတ်ကျရောဂါ၊ စိတ်ကစဉ့်ကလျားရောဂါနှင့် စိတ်ဖောက်ပြန်သော ရောဂါမျိုးထိပင်)အတွက် ထိရောက်စွာ အထောက်အကူပြုပေးကြောင်း တွေ့ရှိရပါသည်။ အချို့ ဆရာဝန်များက ခေတ်သစ် လူမှုအဖွဲ့အစည်းတွင် အိုမီဂါ မညီမျှသော စားသောက်မှုပုံစံရှိသော လူ့အဖွဲ့အစည်းမျိုး၌ စိတ်ရောဂါကို ကပ်ရောဂါသဖွယ် ခံစားရကြောင်း သုံးသပ်တွေးထင်လာခဲ့ကြချေပြီ။

ဟိန်း(ဘူမိ)

ကျမ်းကိုး * Eat and Heal by the Editors of FC & A Medical Publishing.



www.burmeseclassic.com

www.burmeseclassic.com

ဘုရားသုံးဆူ တည်ဖို့ရန်အတွက် အဘဝိဇ္ဇာတို့ရဲ့ အိပ်မက်ပေးစေခိုင်းချက်အရ

အထူးအမိဋ္ဌာန်ဖြင့် သာသနာပြုလျက်ရှိသော



# ဆရာမကြီး အေးမိုးမိုး

**စိတ်မနောအာရုံ အကြားအမြင်လက္ခဏာဖြင့် (၇)ရက်သားသမီးများတို့မှာ ဖြစ်ပေါ်တတ်သည့်**

ပညာရေး၊ စီးပွားရေး၊ အချစ်ရေးနှင့် အိမ်ထောင်ရေး၊ ကလေးအမည်ပေးခြင်း၊ ဆိုင်အမည်ပေးခြင်း၊ အိမ်၊ မြေ၊ ကား၊ တိုက်ခန်း၊ မြေကွက် ရောင်းရန့်၊ဝယ်ရန်နှင့် ရာထူးတိုးရန်အတွက် အပြောင်းအရွှေ့ ပြုလုပ်ခြင်း၊ မင်္ဂလာရက်ရွေးခြင်းနှင့် တခြားသောကိစ္စအဝဝ အားလုံးတို့ကိုပါ အထူးယတြာ၊ တတ်ရိုက်တတ်ဆင်ပညာဖြင့် ဆရာမကြီးက မေတ္တာ၊ စေတနာ ရှေ့ထားပြီး အထူးဆောင်ရွက် ကူညီပေးနေပါသည်ရှင်။ အားလုံးသော ခုနစ်ရက်သားသမီးအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

---

ရွှေတိဂုံဘုရားတောင်ဘက်မုခ်၌ရှိသော မဟာဝိဇယဘုရား(မြောက်ဘက်မုခ်)၊ ဓာတ်နန်းအမှတ်(၇)၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း − ၀၉ ၂၅၉၉၈၅၂၅၂၀ ၊ ၀၉ ၄၂၀၀၂၁၆၈

---

# ဆရာမကြီး အေးမိုးမိုး မှ

ကျွန်မထံ လာရောက် ဗေဒင်လာမေးခဲ့ကြသော ရပ်နီးရပ်ဝေးက မိတ်ဆွေများနှင့် တပည့် သားသမီးအပေါင်း အားလုံးတို့ကို သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ရန်အတွက် အသိပေးလိုက်ရပါတယ်။ (၁-၁-၂၀၁၁)နေ့မှစပြီး (၂၀၁၆)ခုနှစ်၊ မေလအထိ ဆရာမ ဗေဒင်ဟောပြောခဲ့သော (၇)နေ့သားသမီးအပေါင်းတို့ရဲ့ ဆရာမအား ညဏ်ပူဇော်ခငွေကို တစ်နေ့တာ ရရှိသောငွေ၏ (၅)ပုံ (၂)ပုံ တုသိုလ်ပြုလာတာဆိုရင် ရွှေဟောင်းဘုရားစေတီ (၂)ဆူ ပြုပြင်ခြင်း၊ အများသုံး သောက်ရေကန် (၁)ခု လှူဒါန်းခြင်း၊ ဇရပ် (၂)ခု လှူဒါန်းခြင်း၊ ဘုန်းကြီးကျောင်း ပြုပြင်ခြင်း၊ ပြည် ရွှေဘုံသာဘုရားမှာ လူလျောက်လမ်း လှူဒါန်းခြင်း၊ ငွေဘုံသာဘုရားမှာ မြဘုရား (၁)ဆူ လှူဒါန်းခြင်း၊ ဘုရားကျောင်းဆောင်အသစ် ဆောက်လုပ် လှူဒါန်းခြင်း၊ ရွှေတိဂုံဘုရားရဲ့ အလယ်ပစ္စယာမှာရှိသော သီလရှင်ကျောင်း ပြုပြင်လှူဒါန်းခြင်း၊ ရဟန်းသံဃာ (၅)ပါးအား နေ့စဉ် ဆွမ်းလောင်းလှူခြင်း အစရှိတဲ့ အလှူဒါနများအပြင် သက်ကြီးရွယ်အို အဘိုး၊ အဘွားများကိုလည်း လှူဒါန်းခဲ့ပါသည်။ ထိုလှူဒါန်းမှုအစုစုကို လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့အား အမျှပေးဝေပါတယ်ရှင်။

www.burmeseclassic.com

'ဟင်··ဆရာတော်က ဘယ်လိုပါလိမ့်'

ညနေစောင်း နေဝင်ဆည်းဆာ၏အလှကို လှည့်ပတ်ခံစားကြည့်ရှုရင်း သာယာကြည်နူးနေမိစဉ် ဆွမ်းစားဆောင်ထဲ၌ တွေ့မြင်လိုက်ရသောမြင်ကွင်းကြောင့် ကိုခင်မောင်၏စိတ်ထဲ တစ်မျိုးတစ်မည် ဖြစ်သွားခဲ့ရသည်။ စောစောက ကြည်လင်ပျော်ရွှင်နေသော စိတ်ခံစားမှုမှန်သမျှ တစ်ခဏအတွင်း ပျောက်ရှသွားခဲ့ရပြီ။ ပြင်ဦးလွင်မြို့၏ ဆည်းဆာနတ်သမီးက သွေးဆောင်ဖြားယောင်းထားသဖြင့် မိနစ်အတော်ကြာ သာယာနေခဲ့မိသော နှလုံးအိမ်သည်လည်း ယခုများက နားလည်ရခက်သည့် ပဟေဠိပုဒ်စာများဖြင့် ပြည့်နှက်မွန်းကျပ်သွားခဲ့ရပြီ။

နေထိုင်ရမည်ပင်။ ခရီးတွေ လျှောက်ထွက်နေရသည့်အခါ တိုင်း တီတီတာတာ ပြောဆိုတတ်နေပြီဖြစ်သော သမီး ငယ်နှင့် ဇနီးသည်ကိုလည်းကောင်း၊ အေးချမ်းဆိတ်ငြိမ် လှသည့် သီရိအိမ်ဂေဟာလေးကိုလည်းကောင်း သတိရ တမ်းတမိပေမယ့် ဘယ်တတ်နိုင်ပါ့မလဲ။ ပျော်ရာမှာ



## ကိုခင်မောင်

### ဝိပါက်ကြမ္မာငင်၍

## တိရစ္ဆာန်အဖြင့် အသက်ရှင်နေရသူ

သံဃာတော်ဆိုတာ ညနေ ဆွမ်းဘုဉ်းပေးလို့မှမရဘဲ။ ယောဂီတောင် စားခွင့်မရှိဘူးဆိုမှတော့ သံဃာတော်တွေက သာပြီးဆိုးမှာပေါ့။ ဆရာတော်တန်မဲ့ ဘာဖြစ်လို့များ ဝိကာလဘောဇနာဆိုတဲ့ သီလကို မစောင့်ထိန်းတာပါလိမ့်။

ထိုသို့သော အတွေးနှင့်အတူ ဆွမ်းစားဆောင်ထဲ၌ ညနေ ဆွမ်းဘုဉ်းပေးနေသော ကျောင်းထိုင်ဆရာတော်ကို ကိုခင်မောင် အတန်ကြာ ငေးကြည့်နေမိလေသည်။

ကိုခင်မောင်သည် ဤအရပ် ဤဒေသတွင် နေထိုင်ကြီးပြင်းခဲ့သူ မဟုတ်သလို ဤအရပ် ဤဒေသ၌ ရာသက်ပန်နေထိုင်မည့်သူလည်း မဟုတ်။ ကိုခင်မောင်က ပျားလုပ်ငန်းဌာနမှ အစိုးရဝန်ထမ်းတစ်ဦး။ ပြင်ဦးလွင်တွင် တာဝန်ကျသဖြင့် ခဏတစ်ဖြုတ် လာရောက်အခြေချ နေထိုင်ရခြင်းသာ။ ခဏတစ်ဖြုတ်ဆိုပေသိ တစ်ရက်၊ နှစ်ရက်တော့မက။ ပျားပုံးတွေ နေရာမရွှေ့မချင်း ဤဘုန်းကြီးကျောင်းတွင် သုံး,လေးလမျှ နေထိုင်ရပေဦးမည်။ အစိုးရဝန်ထမ်းပီပီ တာဝန်ကျရာဒေသမှာ ပျော်၏၊ မပျော်၏ မတွေးအား။ မည်သို့ပင်ဖြစ်ပါစေ၊ အဆင်ပြေအောင်

မနေရ တော်ရာမှာ နေရမှ အဆင်ပြေမည့် ဘဝပဲ

ပျားပုံးများက မနက်ဖြန်မနက်မှ ပြင်ဦးလွင်မြို့ ရောက်ရှိလာကြမည် ဖြစ်ပေမယ့် ကိုခင်မောင်က စောင့်ရှောက်ရန် တာဝန်ရှိသူမို့ သူတို့တစ်တွေ မ ခင်ကတည်းက ဦးစွာရောက်ရှိနေနှင့်ပြီ။ မြန်မာပြည် နံတစ်လျှားလုံးသို့ အလုပ်တာဝန်ဖြင့် ပြေပြစ်အောင် လာနေရသော ကိုခင်မောင်အဖို့ ဘယ်အရပ်ရောက်ရော တည်းရန်ခိုရန်က ခဲယဉ်းမှုမရှိတော့။ ဗုဒ္ဓဘာသာ

www.burmeseclassic.com

www.burmeseclassic.com




တစ်နိုင်ငံဖြစ်သော

ကြောင့် ဘယ်ဒေသ၌မဆို အနည်းဆုံး ဘုန်းကြီးကျောင်းတစ်ကျောင်းတော့ ရှိစမြဲပဲလေ။ သည်တော့ ရောက်သည့်အရပ်တိုင်း ဘုန်းကြီးကျောင်းမှာပဲ တည်းခိုနေထိုင်ဖြစ်ခဲ့၏။ ယောက်ျားဆိုတော့လည်း ကရိကထက နည်းပါးသည် မဟုတ်လား။

ပြင်ဦးလွင်သို့ ရောက်သည့်အခါ ပျားဌာနနှင့်လည်းနီး မြို့နှင့်လည်း အလှမ်းမဝေးသည့် ရေချမ်းအိုးကျေးရွာ အနီးရှိ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းတွင် ကိုခင်မောင် ဝင်ရောက်တည်းခိုဖြစ်ခဲ့သည်။ ကျောင်းတိုက်ကြီးမှာ လွန်စွာမှ ကြီးမားခဲ့ထည်



www.burmeseclassic.com

www.burmeseclassic.com

သလို ကျောင်းထိုင်ဆရာတော်ကလည်း သက်တော်(၆၀) ကျော်အရွယ်။ ညိုလတ်သော အသားနှင့် ခံ့ညားသော ရုပ်လက္ခဏာရှိပြီး အလွန်သပ္ပာယ် ကြည်ညိုဖွယ် ကောင်းလှသည်။ စာသင်တိုက် မဟုတ်သဖြင့် တစ်ကျောင်းလုံးမှ ကျောင်းထိုင်ဆရာတော်၊ ဦးပဥ္စင်းတစ်ပါး၊ ကိုရင်နှစ်ပါးနှင့် ကပ္ပိယကြီးတို့သာရှိ၍ ကိုခင်မောင်အတွက် အနေအထိုင် ကျဉ်းကျပ်စရာမရှိ။ လွတ်လွတ်လပ်လပ် ရှိပါ၏။

ပထမဆုံး ရောက်ရှိသည့်နေ့၌ပင် ဆရာတော်၏ ထူးခြားချက်ကို ကိုခင်မောင် သတိပြုမိလိုက်သည်။ ထိုအချက်က ကိုခင်မောင်၏စိတ်ကို ညစ်ညူးရှုပ်ထွေးသွားစေသည်။ သံဃာတော်တစ်ပါးက ဝိနည်းနှင့်မညီ သီတင်းသုံးနေသည်ကို တွေ့ရသော ဗုဒ္ဓဘာသာဝင်တစ်ယောက်အဖို့ အဘယ်မှာ စိတ်ပျော်ရွှင်နိုင်ပါတော့မလဲ။ ဆရာတော်တန်မဲ့ ညနေစာ ဆွမ်းဘုဉ်းပေးနေပါလားဟူသော အတွေးက ဆရာတော်အပေါ်တွင် ထားရှိသော ကိုခင်မောင်၏ စိတ်ကို အကြည်ညိုယုတ်လျော့သွားစေခဲ့၏။

'ငါ့တူကြီး··လုပ်ငန်းကိုင်ငန်း အဆင်ပြေရဲ့လား'

'အဆင်ပြေပါတယ်ခင်ဗျ ဦးဝေလ'

'အေးကွယ်၊ လိုတာရှိ ပြောနော်။ ဆရာတော်က ငါ့တူကြီးတို့ လိုလေသေးမရှိအောင် ဂရုစိုက်ဖို့ မှာထားတယ်ကွယ့်။ ဆရာတော်က သူတစ်ပါးအပေါ်မှာ စေတနာ သိပ်ကောင်းတဲ့သူပေါ့'

'ဩော်··ဟုတ်ကဲ့'

ရောက်ခါစနှင့်မတူဘဲ ကိုခင်မောင်၏ ပြောပုံဆိုပုံများ သွက်လက်ခြင်းကင်း၍ ဖင့်နွဲ့နေသည်ကို ကပ္ပိယကြီးက သတိပြုမိသွားဟန်ဖြင့် ကိုခင်မောင်၏ မျက်နှာကို အသေအချာစိုက်ကြည့်လိုက်ပြီး တစ်စုံတစ်ရာကို သဘောပေါက်သွားကာ ခေါင်းတညိတ်ညိတ်နှင့် သက်ပြင်းရှိုက်လိုက်သည်။

'အင်း··မောင်ရင်က ဆရာတော် ညနေ ဆွမ်းဘုဉ်းပေးတဲ့ကိစ္စကို ဘဝင်မကျ ဖြစ်နေပုံရတယ်'

'ဗျာ··ဟို··ဟို··မဟုတ်'

ကပ္ပိယကြီး၏စကားက ကိုခင်မောင့်ရင်ထဲ ထိုးထွင်း၍ မြင်နေသည့်အလား တစ်ထပ်တည်းကျနေသောကြောင့် ကိုခင်မောင် အနေကျပ်သွားရသည်။ ငြင်းဆိုမည့်စကားကို အထစ်ထစ်အငေါ့ငေါ့ ပြောလိုက်တော့ ကပ္ပိယကြီးက လက်ကာပြ၏။

'အားမနာပါနဲ့ ငါ့တူ၊ ဆရာတော်က အဲဒီကိစ္စကို ရိပ်မိပြီးသားပါ။ အင်းလေ··ဆရာတော်ကတော့ ငါ့တူ စိတ်အနှောင့်အယှက် ဖြစ်မှာစိုးလို့ ဒီအကြောင်း စကားမစဖို့ မှာထားပါသေးတယ်။ ပြီးခဲ့တာတွေလည်း ပြီးပါစေတော့။ အတိတ်ကို ဇာတ်ကြောင်းပြန်ရင်း တန်ဖိုးကြီးလှတဲ့ လက်ရှိအချိန်ကို အကုန်ဆုံးမခံပါနဲ့တဲ့။ ဒါပေမဲ့'

စကားကို ထိုနေရာတွင် ခဏရပ်ကာ ကပ္ပိယကြီးက ကိုခင်မောင်၏ မျက်နှာကို လေးနက်စွာ စိုက်ကြည့်လိုက်လေသည်။ မည်းပြောင်စူးရှသော ကပ္ပိယကြီး၏ အကြည့်များက မိမိ၏ ခန္ဓာကိုယ်ကို ထွင်းဖောက်မြင်တွေ့နေလေသလားဟုပင် ကိုခင်မောင် တွေးတောလိုက်မိ၏။ ခဏကြာမှ ကပ္ပိယကြီးက စကားကိုဆက်သည်။

'ဒါပေမဲ့ ငါ့တူကြီး ရှင်းရှင်းလင်းလင်း သိသင့်တယ် ထင်လို့။ နောက်ပြီး ယူတတ်ရင် တရားရနိုင်၊ တရားကျနိုင်မယ့် ဖြစ်ရပ်မှန်အကြောင်းအရာတစ်ခုဖြစ်နေလို့ ငါ့တူကြီးကို ဦးလေးက ပြောပြဖို့ စဉ်းစားမိတာပါ'

'ဘာများလဲ ဦးဝေလခင်ဗျ'

'ဝိပါက်ကြမ္မာငင်လို့ တိရစ္ဆာန်ရဲ့အစနဲ့ အသက်ဆက်နေရတဲ့ လူတစ်ယောက် အကြောင်းပေါ့ကွယ်'

'ဗျာ··ဘယ်လို၊ တိရစ္ဆာန်ရဲ့အစနဲ့ အသက်ဆက်နေတဲ့လူ ဟုတ်လား'

'အေး··ဟုတ်တယ်'

'ဘယ်သူ့ကို ဆိုလိုတာပါလိမ့် ဦးဝေလရယ်'

'ဆရာတော့်ကို ပြောတာပေါ့ ငါ့တူ'

'ဗျာ··ဒါဆို··ဒါဆို ဆရာတော်ရဲ့အစက'

'တိရစ္ဆာန်တစ်ကောင်ရဲ့အစပဲ။ အမဲအစလား၊ ဆိတ်အစလားဆိုတာတော့ ဦးလေးလည်း ခွဲခြားမသိဘူး။ ဒါပေမဲ့ သေချာတာက ကြမ္မာငင်တုန်းက အသက်သေမလို ဖြစ်ခဲ့ရပြီး ကံကောင်းလို့မသေဘဲ တိရစ္ဆာန်ရဲ့အစနဲ့ အစားထိုး အသက်ဆက်နေရတဲ့ ဆရာတော့်အကြောင်းကွယ့်'

'ဟာ··ဘယ်လိုဖြစ်ရတာလဲဗျာ'

'အင်း··ဒီအကြောင်းကို ပြောချင်လို့လည်း ငါ့တူကို ဦးလေးရောက်လာတာပဲ။ ပြောပြပါ့မယ်။ ဒီလိုပါ မောင်ခင်မောင်'

◆◆◆

www.burmeseclassic.com

www.burmeseclassic.com

မြန်မာနိုင်ငံ၏အထက် ရှမ်းပြည်နယ် မြောက်ပိုင်းဒေသ။ ကာလက မြန်မာ့လွတ်လပ်ရေးရခါစ။ နေထိုင်ရာ ဇာတိဒေသ၌ စီးပွားရေးအဆင်မပြေသဖြင့် လူငယ်လေး မောင်ပုညသည် ဝင်ငွေကောင်းမည့် စီးပွားရေးတစ်ခုခုကို လုပ်ဆောင်ရန် ရှမ်းပြည်နယ်မြောက်ပိုင်းသို့ တစ်ယောက်တည်း ထွက်လာခဲ့သည်။ အရွယ်က ဘာရှိဦးမှာလဲ။ လူပျိုပေါက် (၁၇)နှစ်အရွယ်။ ဝင်ငွေကောင်းကောင်းရရှိရန်အတွက် အလုပ်လုပ်ဖို့ မြူးကြွသွက်လက်နေသည့်အချိန်ပေါ့။

မောင်ပုညက ကံကောင်းသည့် ဇီးကွက်ငယ်လေး။ ရောက်သည့်နေ့၌ပင် ပွဲရုံကြီးတစ်ရုံတွင် စာရေးတန်းခန့်ခြင်းခံရ၏။ စကားပြောညက်သောပြီး သွက်လက်ချက်ချာသော ကိုပုညကလေးကို လူတော်တော်များများက ချစ်ခင်နှစ်သက်ကြသည်။ အလုပ်ဝင်ပြီး ရက်ပိုင်းအတွင်းမှာပဲ အလုပ်သမားများ၊ လာရောက်ဝယ်ယူသော ဖောက်သည်များနှင့် သိကျွမ်းရင်းနှီးသွားခဲ့ပြီ။

ကမ္ဘောဇဒေသ ရှမ်းပြည်နယ်ဒေသလေးသည် အလွန်အေးစိမ့်သာယာသော ဂေဟာစကဲ့ဝန်းလေးဖြစ်သည်နှင့်အညီ အသီးအနှံများလည်း ပေါများလှသည်။ ရှမ်းအစားအစာများကို နှစ်ခြိုက်ခုံမင်စွာ စားသုံးတတ်သော မောင်ပုညက မိုးလင်းကနေ မိုးချုပ် အပြင်စာများကိုသာ ဝယ်ယူစားသောက်လေ့ရှိသည်။ အများဆုံး စားတတ်သည်က ဆေးထိပ်မှ ရှမ်းခေါက်ဆွဲ၊ တို့ဟူးနွေးနှင့် ဆန်စီးကဲ့သို့ ရှမ်းအစားအစာများ။ နေထိုင်ရသည်ကလည်း ပွဲရုံနံဘေးရှိ အလုပ်သမားတန်းလျားလေးတွင်ဖြစ်သဖြင့် ဈေးနှင့်လည်း သိပ်မဝေးကွာလှ။ တစ်ယောက်တည်းသမားလည်းဖြစ်၊ ချက်ရပြုတ်ရမှာလည်းပျင်းတော့ အပြင်စာများကိုသာ ဝယ်ယူစားသောက်နေရသည်ပေါ့။ သို့သော် များမကြာမီ၌ မောင်ပုညတစ်ယောက် စိုင်ကော်၍ ချူပေါ်ကျလာသည်။ အစုစိုစရာ ဟင်းလျာများက တန်ခိုးရှင်က ဖန်ဆင်းပေးသည့်အလား မောင်ပုည၏ ရှေ့တော်မှောက်သို့ ရောက်ရှိလာခဲ့လေပြီ။

'ကိုပုည··ဒီမှာ ထမင်းချိုင့်လာပို့တာ'

'ဟာ··အားနာစရာကြီးဗျာ။ မလုပ်ပါနဲ့'

'အားနာစရာ မလိုပါဘူး။ ကိုယ့်အချင်းချင်း ကူညီကြရမှာပေါ့။ နန်း ကြည့်နေတာ ကိုပုညက ထမင်းဟင်းချက်စားပုံ မပေါ်ဘူး။ အပြင်စာချည်းပဲ စားနေသလားလို့'

'အဟဲ··ဟုတ်တယ်ခင်ဗျ။ လူကလည်းလူငယ်၊ နေတာကလည်း တစ်ယောက်တည်းဆိုတော့ ချက်ပြုတ်မစားဖြစ်ပါဘူး။ ရှမ်းခေါက်ဆွဲတို့၊ တိုဟူးနွေးတို့နဲ့ ပြီးသွားတာပါပဲ'

'အို··ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ။ ကြာလာရင် ကျန်းမာရေးထိခိုက်နိုင်တာပေါ့။ မဖြစ်ပါဘူး။ နန်းကပဲ နေ့တိုင်း ထမင်းချိုင့်ပို့ပေးမယ်နော် ကိုပုည'

'အာ··မလုပ်ပါနဲ့ဗျာ။ ကျွန်တော် အဆင်ပြေပါတယ်။ နန်းသာ အလုပ်များနေပါမယ်။ မပို့ပါနဲ့'

'မရဘူးနော်။ တို့က ကိုပုညကို ခင်တယ်ဆိုတာ သိတယ်မဟုတ်လား။ လာပို့မှာပဲ။ မငြင်းရဘူး'

'မလုပ်ပါနဲ့ နန်းရယ်။ နန်းက အလုပ်ရှင်လည်း အလုပ်ရှင်၊ နောက်ပြီး ခင်မင်ရင်းနှီးလို့ ထမင်းချိုင့်ပို့ပေးတာမှန်း သိပေမယ့် ဘေးလူတွေက တစ်မျိုးတစ်မည် ထင်ကုန်မှာ စိုးလို့ပါ။ နန်းရဲ့ ဂုဏ်သိက္ခာအတွက် အားနာလို့ပါဗျာ။ ကျွန်တော့်အတွက် ဒုက္ခမရှာပါနဲ့'

'ဟင်··ကိုပုညကလည်း လူတွေကို ဂရုစိုက်နေတာလား။ နန်းကတော့ အရေးမစိုက်ပေါင်။ အရေးကြီးတာက ကိုယ်လုပ်ချင်တာကို လုပ်ရဖို့ပဲ။ ဒါပဲ နန်း တွေးတယ်။ ဘာလဲ ကိုပုညက နန်းကို မခင်ဘူးလား'

'မဟုတ်··မဟုတ်ပါဘူး၊ ခင်ပါတယ်။ နန်းက မိတ်ဆွေကောင်း တစ်ယောက်ပါ။ ဒါပေမဲ့ ကိုပုညလိုလူနဲ့ ရင်းရင်းနှီးနှီးနေရင် တခြားအလုပ်သမားတွေက နန်းကို ကဲ့ရဲ့မှာစိုးလို့'

'အို··နန်း ဂရုမစိုက်တတ်ပါဘူးလို့ ပြောပြီးသားကို။ တော်တော့။ ရော့··ကိုပုည လျှာလည်သွားလိမ့်မယ်။ ဟင်းသုံးခွက်လုံးကို ကုန်အောင် စားပစ်ရမယ်နော်'

'ကျေးဇူးတင်ပါတယ် နန်းရယ်'

ထမင်းချိုင့်ကို မောင်ပုည လက်ခံထားလိုက်တော့မှ နန်းရတနာဆိုသော လှပျိုဖြူလေးလည်း စိတ်ကျေနပ်ချမ်းမြေ့ကာ ထွက်ခွာသွား၏။ ထမင်းချိုင့်ဖွင့်ကြည့်တော့ သူမ ပြောသွားသည့်အတိုင်း ဟင်းများက မနည်းမနော။ မောင်ပုညတော့ သည်နေ့ည ဗိုက်ခွေးနမ်းတော့မည်။

အသားညိုညို ကိုယ်လုံးကိုယ်ဖန်ကျစ်ကျစ်နှင့် ကြည့်



www.burmeseclassic.com

www.burmeseclassic.com

ပျော်ရွှပျော် ရုပ်ရည်မျှသာရှိသော မောင်ပုညဟာ အချစ်ရေးနှင့် ပတ်သက်လာလျှင်တော့ မဆွတ်ခင်ကတည်းက ညွတ်ချင်နေသော မိန်းကလေးများနှင့် မကြာခဏ ကြုံကြိုက်ခဲ့ရသည်ချည်း။ မြင်းက မလှုပ်ဘဲ ခုံက လှုပ်နေတာသာ များသည်။ မောင်ပုညက ရုပ်ရည်ချောမောခံ့ညားလွန်းသောသူတစ်ယောက် မဟုတ်သော်ငြားလည်း ရိုးသားကြိုးစားခြင်း၊ ဖော်ရွေပြုံးချိုနေခြင်း၊ စကားပြောညက်ညောခြင်းတို့ကြောင့် မိန်းမသားအများစု၏ စိတ်ဝင်စားမှုကို ခံခဲ့ရသည်။ မောင်ပုညက ခပ်ခွာခွာနေသည့်တိုင် လိပ်ပြာလေးနောက် တကောက်ကောက်လိုက်နေသော ပန်းပွင့်ငယ်များပမာ မောင်ပုညရှိရာဆီသို့ မိန်းမပျိုလေးများက ရောက်လာတတ်ကြပြီး မောင်ပုညကို လက်ဆောင်အမျိုးမျိုး ပေးကမ်းကြသည်။ စကားလုံးအမျိုးမျိုးဖြင့် ချဉ်းကပ်ကာ လမ်းကြောင်းပေးကြသည်။ အကယ်၍ မောင်ပုညသာ စကားစလိုက်ပါက အဆင်ပြေသွားမည်မှာ မလွဲသေချာ။

ထိုကိုတွယ်ထဲတွင် နန်းရတနာဟာလည်း အပါအဝင်ပါပဲ။ နန်းရတနာက မောင်ပုည ဝင်ရောက်အလုပ်လုပ်ကိုင်နေသော ပွင့်သစ်စပွဲရုံကြီး၏ပိုင်ရှင် ဦးစောထွန်းရတနာ၏ တစ်ဦးတည်းသောသမီး ဖြစ်သည်။ အသက်(၂၀)ဝန်းကျင်ခန့်သာ ရှိဦးမည်ဖြစ်သော နန်းရတနာသည် အရည်အချင်းရှိပြီး သွက်လက်ချက်ချာသော မိန်းမပျိုလေး။ ပွင့်သစ်စပွဲရုံကြီး၏ လုပ်ငန်းများအားလုံးကို သူကပဲ ဦးစီးလုပ်ကိုင်နေပြီဖြစ်၍ မန်နေဂျာဆိုလျှင်လည်းမမှား။ ထိုသို့အရည်အချင်း ဂျောင်းဂျောင်းပြေးအောင် တော်သော နန်းရတနာလေးက မောင်ပုညလို အညတရစာရေးလေးကိုမှ အားလုံးထဲတွင် အခွင့်အရေးပေးကာ ဆက်ဆံလာခဲ့သည်။ နားနေချိန်တိုင်း မောင်ပုညနေထိုင်ရာ တန်းလျားသို့လာကာ အာလာပသလ္လာပ စကားများကို ရယ်မောပျော်ရွှင်စွာပြောဆိုနေတတ်သည်။ ပွဲရုံပိုင်ရှင်၏ သမီးဖြစ်နေ၍ မောင်ပုညမှာ နှင်လည်း မနှင်ရဲဘဲ သူမ၏စိတ်ကြိုက် အလိုက်အထိုက် ဆက်ဆံနေရပေမယ့် စိတ်ရင်းထဲ၌တော့ နန်းရတနာနှင့် မပတ်သက်လိုခဲ့။

သည်လိုဆိုတော့ နန်းရတနာက ရုပ်ဆိုးအကျည်းတန်လှသဖြင့် နောက်ပိုးဘဝ ရောက်နေရတာပဲ ဖြစ်မည်ဟု မတွေးထင်လိုက်ပါနှင့်။ အသားအရောင်မှာ နှင်းပွင့်လို ဖြူဆွတ်နေပြီး ပါးကလေးများကလည်း စတော်ဘယ်ရီသီးလေးပမာ နီရဲတွတ်နေကာ ရယ်လိုက်တိုင်း မှေးပိတ်သွားသော မျက်လုံးအစ်အစ်ကလေးများဖြင့် အလွန်ချစ်စဖွယ်ကောင်းသူလေး။ ဆံနွယ်နက်နက်လေးများကို အမြဲလိုလို ကျစ်ဆံမြီးကျစ်ထားတတ်သော နန်းရတနာ၏ အလှတရားသည် စော်ဘွားမင်းသမီးတစ်ယောက်အလား တင့်တယ်ခံ့ညားကာ ကျက်သရေရှိနေလေသည်။ ဤမျှချောဤမျှလှပြီး အရည်အချင်းနှင့် ဥစ္စာနေပါ ပြီးပြည့်စုံသော မိန်းကလေးမျိုးကို အဘယ်မှာများ ရှာဖွေတွေ့နိုင်ပါမလဲ။ အထူးသဖြင့် မောင်ပုညလို သာမန်ရုပ်ရည်နှင့် ဆင်းရဲသားတစ်ယောက်အဖို့ စိတ်ကူးယဉ်၍ပင် မဖြစ်နိုင်သော အနေအထား။ အကယ်၍ မောင်ပုညသာ လက်သွက်ခြေသွက်ဆိုလျှင် ယခုဘောက်ဆို ချစ်သူများပင် ဖြစ်နေလောက်ပြီ။

"ဒီမယ် ကိုပုည၊ ဒီလိုမျိုး တစ်သက်လုံးနေတော့မှာလား"

"ဖေဖေတို့ကတောင် မေးနေကြပြီ။ မောင်ပုညနဲ့ သမီးနဲ့က ရိုးရိုးမိတ်ဆွေမှ ဟုတ်ရဲ့လားတဲ့။ ဟင်း··ဟင်း"

"ကိုလှုပျို့ရေ··ငေးငိုင်နေရင် ဘေးထိုင်သွားရမှာနော်"

စသည်ဖြင့် နေ့စဉ် စေတနာဗရပွနှင့် ထမင်းချိုင့်လာပို့ပေးနေသော နန်းရတနာကပင် စိတ်မရှည်တော့၍ ထင် မိန်းကလေးတန်မဲ့ စကားစလာတတ်ပြီ။ နန်းရတနာကို မောင်ပုည အားနာသည်။ အမြဲတမ်းလည်း ထမင်းချိုင့်လာမပို့ပေးရန် ပြောဆိုတောင်းပန်သည်။ သို့ပေမယ့် ခေါင်းမာပြီး ရည်မှန်းချက်ရောက်အောင် တစိုက်မတ်မတ် ကြိုးစားတတ်သော နန်းရတနာက မောင်ပုည၏စကားကို ရယ်ပွဲသာဖွဲ့ပစ်လိုက်သည်။ ထမင်းချိုင့်ပို့မြဲ ရေလာမြောင်းပေးဆဲပင်။

မောင်ပုညသာ လောကီရေးရာ လူ့ဘုံဘဝထဲမှာ ပျော်ဝင်မွေ့လျော်နေသူ တစ်ယောက်သာဆိုလျှင် နန်းရတနာလို မိန်းကလေးမျိုးကို ချစ်မြတ်နိုးသွားမိမည်မှာ အသေအချာ။ ဤမျှချောမောလှပပြီး ဂုဏ်နေရှိသည့် မိန်းမပျိုလေးကို ဘယ်ကာလသားများ လက်လွှတ်ခံပါ့မလဲ။ သို့ပေမယ့် မောင်ပုည၏ အတွေးကတော့ အများနှင့်မတူ။ မောင်ပုညသည် အိမ်ထောင်ရက်သားပြုရန် စိတ်ကူးမရှိသူတစ်ဦးဖြစ်သည်။ မွေးမိခင်၊ ကျွေးဖခင်တို့၏ ကျေးဇူးတရားကို

www.burmeseclassic.com

ပြန်လည်တုံ့ဆပ်ရင်း ဘဝကို တစ်ကိုယ်တည်း ဖြတ်သန်း ရန်သာ စဉ်းစားထားသူဖြစ်၏။ သို့ကြောင့် အတတ်နိုင်ဆုံး မိန်းမများနှင့် ခပ်ကင်းကင်းနေထိုင်ခဲ့သည်။ သို့သော် ဘဝ က ဖန်လာပုံက သူက မပတ်သက်သော်လည်း ဟိုက မနေကြပြန်။ ယခုလည်း နှစ်လလုံးလုံး တစ်ဖက်သတ် စိတ်ကူးဖြင့် ထမင်းချိုင့်လာပို့ပေးနေခဲ့သော နန်းရတနာ။ မောင်ပုညက မပို့ပေးရန် အတန်တန်တားမြစ်သည့်တိုင် ခွတ်တရွတ်ပို့ပေးနေခဲ့ပြီး မျှော်လင့်သလို ဖြစ်မလာတော့ ပြဿနာရှာလေပြီ။

'ဒီမယ် ကိုပုည၊ ရှင် တော်တော်အလိုက်မသိတဲ့လူ ပဲ'

'ခင်ဗျာ။ ဘာကိစ္စများဖြစ်လို့လဲ နန်း။ ကျွန်တော် လုပ်ထားတဲ့ စာရင်းတွေများ မှားနေလို့လား'

'အလုပ်ကိစ္စကို ပြောနေတာ မဟုတ်ဘူး။ ရှင်နဲ့ ကျွန်မရဲ့ကိစ္စကို ပြောနေတာ'

'ဗျာ'

'ဘာမှမသိချင်ယောင်ဆောင်မနေနဲ့။ စားတုန်းက စားခဲ့ပြီး အခုမှ ရူးသလို ပေါသလို မလုပ်ချင်စမ်းပါနဲ့'

'နန်းက ဘာကိုဆိုလိုချင်တာလဲဆိုတာ ကျွန်တော် တကယ်မသိလို့ပါ'

'ရှင့်ကို ကျွန်မ နှစ်လလုံးလုံး ထမင်းချိုင့်ပို့ပေးခဲ့ တယ်လေ။ အဲဒီအတွက် ရှင် ကျွန်မကို ဘာပြန်ပေးခဲ့ သလဲ'

'ဟို..နန်းက ဘာလိုချင်လို့လဲ။ ထမင်းလခလား။ ဟို..ကျွန်တော့်မှာ ပိုက်ဆံ'

'တော်စမ်းပါ။ ရူးချင်ယောင်ဆောင်နေပြန်ပြီ။ ရှင့် အပေါ်မှာ ကျွန်မ ဘယ်လိုသဘောထားလဲဆိုတာ ရှင် မသိစရာ မရှိပါဘူး။ အခုတော့ အားလုံးက ကျွန်မကို မေးငေါ့နေကြပြီ။ အဲဒီအတွက် ရှင့်မှာ တာဝန်ရှိတယ်'

'ဒါ..ဒါဆိုရင်လည်း ကျွန်တော် အလုပ်ထွက်ပါ့ မယ်။ ကျွန်တော် လွန်ခဲ့တာတွေရှိရင်လည်း တောင်းပန် ပါတယ် နန်းရယ်။ ကျွန်တော်က ဘယ်လိုမှ မရည်ရွယ်ခဲ့ ပါဘူး'

ကိုပုည လှည့်ထွက်လာခဲ့သည်။ ဒေါသတကြီး ပြော ဆိုနေသော နန်းရတနာလည်း မျှော်လင့်သလို ဖြစ်မလာ၍ ပါးစပ်အပိုင်းသားဖြင့် ကျန်ရစ်ခဲ့လေ၏။

သို့သော် မောင်ပုည အလုပ်မထွက်လိုက်ရ။ နန်း ရတနာ၏ဖခင် 'ပွဲရုံပိုင်ရှင်ကြီးကိုယ်တိုင် မောင်ပုညကို အလုပ်ပြန်ခန့်လိုက်ခြင်း ဖြစ်သည်။ ပွဲရုံပိုင်ရှင်ကြီး ဦးစော ထွဋ်ရတနာက မောင်ပုည၏ ရိုးသားကြိုးစားမှုနှင့် လုပ် ရည်ကိုင်ရည်တို့အပေါ်တွင် သဘောကျ နှစ်ခြိုက်နေပုံရ သည်။ နောက်ပြီး ဘာခိုင်းခိုင်း ဖင်ပေါ့ပေါ့ဖြင့် စေတနာ ပါပါ လုပ်ဆောင်တတ်သော မောင်ပုည၏ စိတ်ရင်းကို လည်း သိနားလည်နေသောကြောင့် အလုပ်ထွက်ခွင့်မပြု ဘဲ လစာပင် တိုးပေးခဲ့၏။ လုပ်ငန်းခွင် ပြန်ရောက်သည့် အခါ နန်းရတနာနှင့် မကြာခဏ ပြန်လည်တွေ့ဆုံနေရပေ မယ့် မောင်ပုညအဖို့တော့ အမှားမရှိသူပီပီ နေရထိုင်ရ မခက်ခဲ့ပါ။ ဖော်ရွေပျူငှာတတ်သူမို့ အလုပ်ကိစ္စအကြောင်း ပြောရသည့်အခါတွင်လည်း အရင်ကလိုပဲ ပြုံးပြုံးချိုချို ဖြင့်သာ ဆက်ဆံခဲ့သည်။ မောင်ပုည၏ ဆက်ဆံရေးက ပြောင်းလဲမှုမရှိသော်လည်း နန်းရတနာဘက်ကတော့ ဆန့် ကျင်ဘက် ဖြစ်သွားခဲ့ပြီ။ မောင်ပုညအပေါ်တွင် မောက် မောက်မာမာ ဆက်ဆံရုံမက ပြဿနာလည်း အမြဲရှာ သည်။ မဆီမဆိုင်သော စကားလုံးများဖြင့်လည်း စကား နာထိုးလေ့ရှိ၏။ သို့သော်လည်း မောင်ပုည သည်းခံနေ လိုက်သည်။ အလုပ်ရှင်နှင့် အလုပ်သမားပဲလေ။ ဒီ လောက်တော့ ရှိမှာပေါ့ဟူ၍သာ သဘောထားခဲ့သည်။

လပိုင်းခန့်အကြာတွင် နန်းရတနာ အချိုးတစ်မျိုး ပြောင်းသွား၏။ မောင်ပုညအပေါ်တွင် အရင်ကလို ရင်း ရင်းနှီးနှီး ပြန်လည်ဆက်ဆံလာသည်။ သူတစ်ပါးအပေါ် သံသယဝင်လေ့မရှိသော မောင်ပုညကတော့ နန်းရတနာ တစ်ယောက် စိတ်ပြေသွားခဲ့၍ဖြစ်မည်။ (သို့မဟုတ်) သူမ ၏ ဖခင်က အလုပ်ရှင်တစ်ယောက်အနေဖြင့် အလုပ် သမားများအပေါ် ပုဂ္ဂိုလ်ရေးနှင့်ဆိုင်သည့် အာဃာတများ ကို ရှေ့တန်းတင်ကာ ရောနှောမဆက်ဆံသင့်ကြောင်းကို ပြောဆိုဆုံးမလိုက်၍ ဖြစ်မည်ဟု သာမန်မျှသာ တွေးခဲ့ သည်။ များမကြာမီ၌ နန်းရတနာ၏ အကြံအစည်မှာ သာမန်မဟုတ်ကြောင်းကို မောင်ပုည ကွင်းကွင်းကွက် ကွက် သိမြင်လိုက်ရပါပြီ။ ထိုသို့သိမြင်ရလောက်အောင် လည်း ထိမှန်ချက်က ပြင်းလှသည်ပဲကိုး။

◆ ◆ ◆

'အား..သေပါပြီ။ ဗိုက်ထဲက..ဗိုက်ထဲက အောင့်

www.burmeseclassic.com

www.burmeseclassic.com

လိုက် နာလိုက်တာ'

အော်ဟစ်ညည်းညူနေသော မောင်ပုညရဲ့ အသံကြောင့် အခန်းချင်း ကပ်လျက်နေ အလုပ်သမားများက မောင်ပုညီဆီသို့ ပြေးလာကြည့်ကြသည်။ မောင်ပုညမှာ ချွေးသီးချွေးပေါက်များကျကာ အိပ်ရာထက်မှာ လူးကာလိမ့်ကာဖြင့် အော်ဟစ်ညည်းတွားနေလေ၏။ မောင်ပုညဘာဖြစ်နေတာလဲ၊ ဘာဖြစ်သွားတာလဲ ဆိုတာကို လုပ်ဖော်ကိုင်ဖက်များလည်း မသိ။


'မောင်ပုည··မင်း ဘာဖြစ်လို့လဲ။ ဗိုက်နာလို့လား'

'အား··ဦးလေးမြ၊ ကယ်··ကယ်ပါဦး။ ကျွန်တော့်··ကျွန်တော့်ဗိုက်ထဲမှာ အရမ်း··အရမ်းနာနေလို့'

'ဟာ··ဒါဆို အစာအိမ်နာတာလားမသိ။ မဖြစ်ဘူးကွ ဆေးရုံပို့မှပဲ'

ဦးလေးမြဆိုသော အသက်(၆၀)ကျော်အရွယ် အဘိုးအိုက စဉ်းစားချင့်ချိန်ကာ မောင်ပုညကို ဆေးရုံပို့လိုက်၍သာ တော်တော့သည်။ မောင်ပုညတစ်ယောက် ဆေးရုံသို့သာ အချိန်မီမရောက်ခဲ့လျှင် အပိုင်းပိုင်း ပြတ်တောက်နေသော အူများနှင့်အတူ အသက်နှင့်ခန္ဓာ ခွဲခွာရတော့မည်သာ။

မောင်ပုညကို စမ်းသပ်ကြည့်ရှုသည့်အခါတွင် ဆေးရုံရှိ ဆရာဝန်ကြီးများပင် အံ့အားသင့်သွား၏။ မောင်ပုညဝမ်းထဲရှိ အူများမှာ အပိုင်းပိုင်းပြတ်တောက်နေလေပြီ။ ထိုအချိန်က ယနေ့ခေတ်ကဲ့သို့ ခေတ်မီစက်ပစ္စည်းများလည်း ပေါများခြင်း မရှိသေး၍ ခွဲစိတ်ကုသရန် မလွယ်ကူလှသလို အသက်ရှင်ရန် အခွင့်အရေးမှာလည်း နည်းပါးလွန်းလှသည်။ သို့သော် နိုင်ငံရပ်ခြားမှ ရောက်ရှိနေသော ရုရှားဆရာဝန်ကြီး မက်ဒရစ်က တတ်ကျွမ်းသည့် ဆေးပညာဖြင့် လူနာကို အကောင်းဆုံးဖြစ်အောင် ကုသပေးခဲ့သည်။ အပိုင်းပိုင်း ပြတ်တောက်နေသော အူများကို ခွဲစိတ်ဖယ်ရှားပြီး တိရစ္ဆာန်တစ်ကောင်၏ အူဖြင့် အစားထိုး ပေးခဲ့သည်ဟု ဆို၏။ ထိုရုရှားဆရာဝန်ကြီး မက်ဒရစ်၏ စကားအရဆိုလျှင်



ထိုစဉ်က တိရစ္ဆာန်အူဖြင့် အစားထိုး ခွဲစိတ်မှုကို ပြုလုပ်ပြီး အသက်ရှင်သန်သူမှာ မောင်ပုညသာလျှင် ပထမဆုံးလူနာဖြစ်ကြောင်း သိရှိခဲ့ရ၏။

ဆေးရုံတွင် ဝေဒနာသက်သာပျောက်ကင်းချိန်အထိ တက်ရောက်ကုသခဲ့ပြီးနောက် မွေးရပ်ဇာတိသို့ မောင်ပုညတစ်ခါတည်း ပြန်လာခဲ့တော့သည်။ မောင်ပုည လောကီလူ့ဘောင်ဝယ် ဆက်လက်နေထိုင်လိုစိတ် မရှိတော့ပေ။ လူတို့သည် ကြောက်မက်ဖွယ် ကောင်းလှပါဘိ။

သူ့အလိုကို အခါခါဖြည့်လည်း မဖြည့်တစ်ခါ ရှိလာပါမူ ကြီးစွာရန်ဘူ မှတ်ထင်ယူ၏ ဆိုသည့်အတိုင်း လူတို့သည် မိမိနှင့် စိတ်သဘောထားချင်း အသေးအဖွဲမျှ မတိုက်ဆိုင်လျှင်တောင် ရန်သူကြီးမှတ်ကာ သူတစ်ပါး ပျက်စီးရာပျက်စီးကြောင်းကို ကြံစည်တတ်ကြသည်ကို မောင်ပုညတစ်ယောက် ကိုယ်တိုင်တွေ့ကြုံ ရင်ဆိုင်ဖူးခဲ့ပါပြီ။ မောင်ပုညသည် လူတကာအပေါ်တွင် စိတ်သဘောထား ကောင်းကောင်းထားကာ မောင်လို နှမလို ဆွေမျိုးလိုသာ သဘောထားဆက်ဆံခဲ့သည်။ သူတစ်ထူး နစ်နာပါစေဟူသော စိတ်အကြံမျိုးမထားဘဲ တစ်ဖက်လူ စိတ်ချမ်းသာအောင် အကောင်းဆုံး ကြိုးစားနေထိုင်ခဲ့သည်။ သို့သော် နန်းရတနာသည် သူမဘာသာသူမ တစ်ဖက်သတ် ချစ်စိတ်ဝင်ကာ မောင်ပုည၏အနီးသို့ ချဉ်းကပ်လာခဲ့သူ။ မောင်ပုညက အခါခါငြင်းသည့်တိုင် ပေကပ်နေသောသူ။ သူ့စေတနာနှင့်သူ ပဏ္ဏာဆက်ခဲ့သူ။ ရည်ရွယ်သည့်အတိုင်း ဖြစ်မလာဘဲ မောင်ပုညက ချစ်စကားလည်း မဆို မောင်နှမလိုသာ ဆက်လက်ခင်မင်နေသည့်အခါဝယ် နန်းရတနာတစ်ယောက် ဒေါသပုံထကာ ပေါက်ကွဲတော့သည်။ မောင်ပုညကို အမျိုးမျိုးယိုးစွပ်တော့သည်။ သည်မျှနှင့် နန်းရတနာက မကျေနပ်နိုင်သေးဘဲ မောင်ပုည၏ ဘဝတစ်ခုလုံး ပျက်စီးပြိုကွဲသွားအောင် အဆိုးယုတ်ဆုံးနည်းဖြင့် နောက်ဆုံးအကြိမ်၌ ကြံစည်ခဲ့သည်။

ထိုနေ့ မနက်က မောင်ပုညဆီသို့ နန်းရတနာရောက်လာသည်။ လက်ထဲမှာလည်း စတီးချိုင့်တစ်ချိုင့်နှင့်။ နန်းရတနာက သူမ မှားခဲ့သမျှကို ခွင့်လွှတ်ပေးပါရန် လာရောက်တောင်းဆိုခြင်း ဖြစ်သည်။ မောင်ပုညအပေါ်တွင်လည်း အစ်ကိုတစ်ယောက်လိုသာ သဘောထားပါတော့မည်ဟု ဆို၏။ မောင်ပုညအဖို့ ဝမ်းသာပျော်ရွှင်စရာပေါ့။

www.burmeseclassic.com

www.burmeseclassic.com

အလုပ်ရှင်လည်းဖြစ်၊ မိတ်ဆွေလည်းဖြစ်သည့် နန်းရတနာနှင့် ခင်ခင်မင်မင် ရိုးရိုးသားသား နေထိုင်ရတော့မည်။ နှစ်ယောက်သား ပြန်လည်သင့်မြတ်သွားပြီမို့ မောင်ကို မျက်နှာပူစရာ၊ စိတ်ညစ်စရာလည်း မရှိတော့သဖြင့် အလုပ်ကို ပို၍ကြိုးစားလုပ်ရတော့မည်ဟုတွေးကာ ပြုံးရွှင်သွားခဲ့ရသည်။ နန်းရတနာ လာပို့သော နန်းကြီးသုပ်ကို သူမ၏ ရှေ့တွင်ပင် စိတ်ကျေနပ်အောင် စားပြလိုက်သည်။ စားပြီးသည်မြင်မှ သူမ ပြန်သွား၏။ နန်းကြီးသုပ်မှာ အရသာတစ်မူထူးပြီး စား၍ကောင်းလှသည်။

နာရီဝက်ခန့်ပင်မကြာ မောင်ပုည၏ဝမ်းထဲမှ ရစ်ကာရစ်ကာ နာကျင်လာသည်။ အစပိုင်းက သာမန်မျှ အစာမကြေရုံမှတ်သဖြင့် ကြိတ်မှိတ်သည်းခံနေပေမယ့် တဖြည်းဖြည်းနှင့် ဝေဒနာက ပိုပိုဆိုးလာသည်။ ဗိုက်ထဲကို တစ်စုံတစ်ယောက်က ဓားနှင့် ထိုးမွှေနေသကဲ့သို့ အသည်းခိုက်လောက်အောင် နာကျင်ခံစားလာရသည်။ အူတွေ၊ ကလီစာတွေကို ဆွဲထုတ်ခံနေရသလို နာကျင်လွန်းသဖြင့် မောင်ပုညမှာ လူးကာလှိမ့်ကာ အော်ဟစ်နေရ၏။

သို့ဖြင့် မောင်ပုည၏ အော်သံကို အခန်းချင်းကပ်လျက်မှ အလုပ်သမားများက ကြားသိသွားခဲ့၍ ဆေးရုံသို့ အချိန်မီ ပို့ဆောင်လိုက်သောကြောင့်လည်းကောင်း၊ ဆေးရုံတွင်လည်း ကျွမ်းကျင်သော ဆရာဝန်ကြီးများ ရောက်ရှိနေသော အချိန်ဖြစ်၍လည်းကောင်း၊ မောင်ပုည ကိုယ်တိုင်ကလည်း သေကံမရောက် သက်မပျောက်နိုင်သေးသောကြောင့်လည်းကောင်း ယခုကဲ့သို့ ပြန်လည်ကျန်းမာလာရခြင်း ဖြစ်သည်။

မည်သို့ပင်ဖြစ်ပါစေ မောင်ပုညကတော့ လူ့လောကကို စိတ်နာစိတ်ကုန်သွားခဲ့ပါပြီ။ တရားရိပ်ခိုကာ ဘုရား၏ တရားတော်များကို ကျင့်ကြံအားထုတ်ရင်း မြတ်ဗုဒ္ဓ၏ သားတော်အဖြစ်နှင့် ရာသက်ပန်နေထိုင်သွားတော့မည်ဟု မောင်ပုည ဆုံးဖြတ်ခဲ့လိုက်ပါပြီ။

◆◆◆

'သြော်··ဆရာတော်ရဲ့ အဖြစ်က ကံကောင်းလို့ အသက်ရှင်ခဲ့ရတာပါလား'

'ဟုတ်ပါတယ် မောင်ခင်မောင်။ နောက်ပြီး ငါ့တူ စိတ်ရှင်းအောင် ပြောပြရရင် ဆရာတော်က မကြာသေးမီကမှ အစာအိမ်ကို ထပ်ပြီးခွဲစိတ်ခဲ့ရသေးလို့ ဆရာဝန်တွေရဲ့ ညွှန်ကြားချက်အရရော သံဃာတော်ကြီးတွေရဲ့ ခွင့်ပြုချက်အရပါ ညနေ ဆွမ်းဘုဉ်းပေးနေရတာပါ။ ဒါကြောင့် ဒီအတွက်နဲ့တော့ ဆရာတော်ရဲ့အပေါ်မှာ အကြည်ညိုမပျက်ပါနဲ့ကွယ်'

'မဖြစ်ပါဘူး ဦးဝေလရယ်၊ အစောက စိတ်ခုမိတဲ့အတွက်တောင် စိတ်မကောင်းဖြစ်မိပါတယ်။ ဒါနဲ့ ကျွန်တော် မရှင်းတာတစ်ခုရှိလို့ မေးလို့ရမလား ဦးဝေလ'

'ဘာများလဲ ငါ့တူ'

'ဟို··နန်းရတနာဆိုတဲ့ အမျိုးသမီးက ကိုပုညကို ပိုးသတ်ဆေးခတ်ပြီး လုပ်ကြံလိုက်တာလား။ ဒါမှမဟုတ် ဟို··ပညာရပ်နဲ့ ဒုက္ခပေးတာလား'

'အင်း··ဒါကတော့လည်း တွေးစရာပဲ။ ဘယ်အရာနဲ့ လုပ်သလဲဆိုတာကိုတော့ လုပ်တဲ့သူက အသိဆုံးဖြစ်ပါလိမ့်မယ်။ ကဲ··ဦးလေးလည်း လုပ်စရာလေးတွေရှိလို့ ခွင့်ပြုဦးကွယ်။ သြော်··လိုတာရှိရင် အားမနာနဲ့နော် မောင်ခင်မောင်'

'ဟုတ်ကဲ့ခင်ဗျ၊ စိတ်ချပါ။ ကျေးဇူးတင်ပါတယ်'

ဦးဝေလဆိုသော ကပ္ပိယကြီးက သူပြောကြားလိုသည်များကို ရှင်းလင်းပြတ်သားစွာ ဖြေရှင်းပြောပြခဲ့ရ၍ ကျေနပ်ဝမ်းသာဟန်ဖြင့် ကိုခင်မောင်၏အနားမှ တရွေ့ရွေ့ ထွက်ခွာသွားတော့သည်။ သူရိန်နေမင်းက ဂျူတီချိန် ပြီးဆုံးသွားပြီမို့ မြေပြင်သို့ ဖြည်းဖြည်းချင်း နိမ့်ဆင်းလာနေပြီ။

လှပတင့်တယ်သော ပြင်ဦးလွင်မြို့ကလေး၏ ညနေခင်းအဆင်းကို ငေးရှုကြည့်နေသော ကိုခင်မောင်၏ ရင်ထဲမှာတော့ စောစောက ဦးဝေလပြောပြသွားသည့် အကြောင်းအရာများကို ခြုံငုံတွေးတောရင်း လူတို့၏ ဆန်းကြယ်ကောက်ကွေးလှသည့် စိတ်သဘောတရားများအပေါ်၌ အံ့သြမဆုံး ဖြစ်နေမိသည်။ ဘာမဟုတ်သည့်ကိစ္စကလေးအပေါ် မကျေနပ်သဖြင့် သူတစ်ပါး၏ အသက်ဝိညာဉ် ပျက်ပြားသွားစေလောက်အောင် လုပ်ကြံရက်သူတို့၏ အတွင်းစိတ်နှင့်ပတ်သက်၍ ကိုခင်မောင် နားမလည်နိုင်သေး။ မည်သို့ပင်ဖြစ်ပါစေ၊ ပြုသူအသစ် ဖြစ်သူအဟောင်းပင် မဟုတ်ပါတကား။

စေတနာရှေ့ထားလျက်

ဂျီနွန်းကို

www.burmeseclassic.com

'ဩော်··ကိုခင်မောင်မောင်တို့ ဇနီးမောင်နှံတွေပဲ။ လာကြ၊ လာကြ။ ခင်ဗျားတို့ အစ်မနဲ့တောင် မနေ့က သတိရလို့ ပြောဖြစ်သေးတယ်'

'ဟောတော့၊ ဖြူဖြူတို့ ဖုန်းမဆက် ဘာမဆက် ရောက်လာကြတယ်။ တော်ပါသေးရဲ့'

'ဖုန်းမဆက်ရင် မလာရဘူးလား မမနုရာ'

'အဲဒီသဘော ပြောတာ မဟုတ်ပါဘူး။ တော်တို့ အစ်ကိုကြီးက လမ်းလျှောက်ထွက်ရင်း လမ်းမှာ အသိ မိတ်ဆွေတွေနဲ့ တွေ့သွားရင် ကျောက်ချနေတတ်လို့ လွဲသွားမှာ စိုးတယ်။ ဒီမောင်တွေ၊ ဒီညီမတွေနဲ့ မတွေ့ကြတာ ကြာတော့ အလွဲမခံနိုင်ဘူး တော်ရေ။ ဖုန်းရထားရင် အဆင်သင့် စောင့်နေရုံပဲ။ ဟုတ်ဘူးလား ဖြူဖြူ'

'အစ်မရေ··ဖြူဖြူက ဖုန်းဆက်ထားဖို့ အစ်မမောင်ကို ပြောပါတယ်။ မဆက်ဘူးတဲ့။ ရုတ်တရက်တွေ့မှ အံ့အားသင့်ပြီး ပျော်သွားမှာတဲ့'

ကိုခင်မောင်မောင်ဆိုတာက ကျွန်တော်နဲ့ လုပ်ဖော်ကိုင်ဖက် အရာရှိတစ်ဦးပါ။ ရန်ကုန်တိုင်းအတွင်းက ရုံးကြီးတစ်ရုံးမှာ အတူတကွ အတူထမ်းဆောင်ကြရင်း ကျွန်တော် သက်ပြည့်ပင်စင်ယူချိန်က သူက ငယ်သေးလို့ ဆက်လက်တာဝန်ထမ်းဆောင်ဆဲပေါ့။ ကျွန်တော်နဲ့သူဟာ တာဝန်ထမ်းဆောင်စဉ်ကာလတုန်းက မြို့လယ်က အရာရှိရိပ်သာကြီးမှာ အိမ်နီးချင်းတွေအဖြစ် နေခဲ့ကြဖူးတယ်။ ကျွန်တော် ပင်စင်ယူခဲ့ပြီးတဲ့နောက်လည်း သူတို့က တာဝန်ထမ်းဆောင်ရင်း အဲဒီအရာရှိရိပ်သာကြီးမှာပဲ နေဆဲပေါ့'

သူ့ဇနီး ဖြူဖြူ၊ ဩော်··နာမည်အပြည့်အစုံကတော့ ဖြူဖြူတင့်တယ်ပါ။ သူက မြို့ထဲက ကျောင်းတစ်ကျောင်းမှာ အထက်တန်းပြ ဆရာမတစ်ဦးပါ။ သားသမီးမရှိကြ

# ဝင်းသောင် (ရမည်းသင်း)

# ခွေးနက်ကြီးနဲ့ ဒေါ်စာ





www.burmeseclassic.com

www.burmeseclassic.com

ဘူး။ ရုံးပိတ်ရက်မျိုးတွေမှာတော့ ဇနီးမောင်နှံနှစ်ဦး စိတ်တူကိုယ်တူ ဘုရားကျောင်းကန် သွားတဲ့အခါသွား၊ ဈေးထယ်ထွက်တဲ့အခါထွက် ပျော်ပျော်ပါးပါး နေကြတဲ့သူတွေပေါ့။

'ဒါနဲ့ ကိုခင်မောင်မောင်တို့ ဆိုင်းမဆင့် ဗုံမဆင့် ရောက်လာကြတာ ဘာအကြောင်းထူးများ ရှိလို့တင်'

'ဒီနေ့ အစ်ကိုညီမ မွေးနေ့လေ။ ရွှေတိဂုံဘုရားကြီး ကြာသပတေးထောင့်မှာ ပန်း၊ ရေချမ်း၊ ဆီမီး ဖယောင်းတိုင်(အလင်းတိုင်)၊ အမွှေးတိုင် သက်စေ့လှူတယ်။ ပြီး ဘုရားကြီး ရွှေသင်္ကန်းကပ်လှူမယ်ဆိုတဲ့ စိတ်ကူးရှိလို့ ဒီနေ့မနက် စောစောကတည်းက ဘုရားသွားပြီး ဆောင်ရွက်ပြီးခဲ့ကြပါပြီ။ နောက် ဗေဒင်အလိုအရ မိဘ၊ ဆရာသမားလို လေးစားရတဲ့ သက်ကြီးဝါကြီးသူကို အလှူဒါနပြုရမယ်လို့ အဟောရှိထားတာမို့ အစ်ကိုနဲ့ အစ်မကြီး ဒေါ်မြသန်းနုတို့ကို လာပြီး ကန်တော့ကြတာပါ'

'ဟောဒါက မမနုအတွက် ဓားကြီးပါတိတ် ဝမ်းဆက်၊ အစ်ကိုအတွက်ကတော့ ဦးဂျမ်းလုံချည်၊ ရွှေပုစွန်ကိတ်(၁)ဘူး၊ ပန်းသီး(၁၀)လုံး'

'တန်ဖိုးမနည်းပါလား ဖြူဖြူရယ်။ သစ်သီးလေး မုန့်လေးလောက်ဆို ပြီးတာကို များလိုက်တာ ညီမရယ်'

'ပါးပါးလေးပါ မမနုရယ်။ တို့အစ်မကတော့ အားနာရမှာ နာနေပြီ'

လာရင်းကိစ္စကို ကိုခင်မောင်မောင်က ပြောပြနေစဉ်မှာပင် ၎င်း၏ဇနီးဖြစ်သူ ဆရာမဖြူဖြူတင့်တယ်က ကန်တော့မယ့် ပစ္စည်းများကို တစ်ခုချင်းထုတ်၊ ကျောက္ကာဇန်းတွင်ထည့်ကာ ကိုခင်မောင်မောင်နှင့် ဇနီးတို့က ကျွန်တော်တို့ ဇနီးမောင်နှံကို ကန်တော့ကြသည်။ ကျွန်တော်တို့ကလည်း အစဉ်အလာအတိုင်း ဆုပေးလိုက်ပါသည်။

'ဒါနဲ့ ဖြူဖြူရေ..ညီမတို့ ကြည့်တာ ဗေဒင်လား၊ လက္ခဏာလားဟင်။ တော်တော်မှန်လားကွယ့်'

ဆုပေးရင်း တစ်ဆက်တည်း ဗေဒင်၊ လက္ခဏာအကြောင်း ဒေါ်မြသန်းနုက ဖြူဖြူတင့်တယ်ကို မေးလိုက်သည်။

'လက္ခဏာဟောတာ မဟုတ်ပါဘူး။ မဂ္ဂဇင်းကြီးတစ်စောင်မှာ လစဉ် ဟောစာတမ်းပါတယ်။ အဲဒါ ညီမ ဖတ်ကြည့်ပြီး ညီမက ကြာသပတေးသမီးမို့ ကြာသပတေးနေ့ သားသမီးတွေအတွက် ဟောစာတမ်းအတိုင်း ဖတ်ပြီး အကြံပြုထားတဲ့ ယတြာလေးတွေ ချေပါတယ်'

'အဲဒီလို လစဉ်ဟောစာတမ်းတွေထဲမှာ ညီမအတွက် ကောင်းတဲ့အချက်တွေ ပါသလို မကောင်းတဲ့အချက်တွေလည်း ပါတာ တွေ့ရပါတယ်။ မကောင်းတဲ့အချက်တွေ ပါရင်လည်း ယတြာချေဖို့ ဘယ်လိုယတြာချေရမယ်ဆိုတာ ဖော်ပြထားပါတယ်။ ချေခိုင်းတဲ့ ယတြာကလည်း အခက်အခဲ မရှိပါဘူး။ ထမင်းစားရေသောက် ဆိုတာလို လွယ်လွယ်လေးတွေကို လုပ်ခိုင်းတာပါ။ ဥပမာ-ဘုရားကို နွားနို့တစ်ခွက် ကပ်လှူပါ။ သက်ကြီးရွယ်အို အတိုး၊ အဘွား တို့အား ပေါင်မုန့်လှူပါ။ ခိုစာကျွေးပါ ဆိုတာမျိုးပေါ့ မမနုရယ်'

'ဖြူဖြူ သဘောပေါက်တာကတော့ ယတြာဆိုတာ ကောင်းတာဆိုလည်း မှန်အောင်ပေါ့။ မကောင်းတာဆိုလည်း လွဲဖယ်သွားအောင်၊ ပပျောက်အောင် လုပ်တဲ့သဘောလို့ ယုံကြည်ထားပါတယ်။ ဒါကြောင့် ဟောတဲ့ ဟောစာတမ်းကို သေသေချာချာဖတ်ပြီး ပေးထားတဲ့ ယတြာကို ယုံယုံကြည်ကြည် လုပ်ပါတယ်။ ဖြူဖြူ စိတ်မကြည်မလင် သောကဖြစ်ရတဲ့ကိစ္စ ဖြူတို့မောင်နှမ အိမ်တွင်းရေးအမွေကိစ္စတချို့ရှိလို့ တစ်ဦးနဲ့တစ်ဦး စိတ်ဝမ်းကွဲကြမလို ဖြစ်ရတဲ့ကိစ္စတွေ ဟောစာတမ်းမှာပါတဲ့ ဟောကြားချက်တွေနဲ့ ကိုက်ညီနေတာတွေ့လို့ ဟောစာတမ်းမှာ ပေးထားတဲ့ ယတြာအတိုင်း ယုံယုံကြည်ကြည် ဆောင်ရွက်ကြည့်ပါတယ်။ အားလုံး အဆင်ချောသွားတယ်။ ကိုက်ဆိုင်တယ်လို့ ဆိုရအောင်လည်း ဖြူဖြူလုပ်ကြည့်တာ (၅)ကြိမ်မက အောင်မြင်ခဲ့တာမို့ ဘယ်လိုပြောရမလဲ ယုံသင့်ယုံထိုက်ရင် ယုံရမှာပေါ့နော် မမနု'

'ဒါပေါ့ ဖြူဖြူရယ်..အရာရာတိုင်းမှာ အကြံအဖန်အတုတွေ ရှိတတ်သလို အစစ်အမှန် ပညာရှင်တွေလည်း ရှိတတ်တာပဲ။ ဂေါတမမြတ်စွာဘုရား အလောင်းတော် မင်းသား မိခင်ဝမ်းကြာတိုက်က မီးရှူးသန့်စင် ဖွားမြင်မြင်ချင်း အခြား၊အခြားသော ပုဏ္ဏားဖြူ၊ ပုဏ္ဏားညိုများက စကြဝတေးမင်း ဖြစ်မယ်။ မင်းဧကရာဇ် စင်စစ်အမှန်ဖြစ်မယ် စသည်၊စသည် အဟောရှိပေမယ့် တစ်ဦးတည်းသော ပုဏ္ဏားဗေဒင်ပညာရှိက အများထက်ထူးပြီး ဘုရားစင်စစ် ဧကန်ဖြစ်မယ်လို့ ဟောခဲ့တယ်။ အဲဒီပုဏ္ဏားဗေဒင်

www.burmeseclassic.com

www.burmeseclassic.com

ပညာရှိ ဟောတဲ့အတိုင်းပဲ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါ ဝေနေယျ အားလုံးတို့ရဲ့ ပူဇော်အထူးကို ခံယူတော်မူထိုက်တဲ့ မြတ်စွာဘုရားစင်စစ် ဇာကန်ဖြစ်ခဲ့တာ အထင်အရှား ပဲလေ'

'ကိုခင်မောင်မောင်တို့ နံနက်စာ အသင့်ဖြစ်ပြီလို့။ ညီမမချိုမြ အချက်ပြနေပြီ။ စားကြမယ်ဆို အသင့်ပဲ'

'ကျွန်တော်တို့ကြောင့် မမနုနဲ့ မချိုမြတို့ အလုပ်ရှုပ် ကုန်ကြပြီ'

'မရှုပ်ပါဘူးတော်။ တစ်ယောက်၊ နှစ်ယောက်စာက တော့ ရေခဲသေတ္တာထဲမှာ သားငါးအသင့်ဆောင်ထားပါ တယ်။ ဟောဒီမှာကြည့်၊ ငါးသေတ္တာနဲ့ စည်သွတ်ဘူး လည်း ရှိပါတယ်'

'ဘယ်လိုလဲ မချိုမြ၊ ကျွန်တော်တို့ကို ထမင်းကျွေး မယ်ဆို ဟင်းကောင်းမှနော်။ ဘာဟင်းတွေ ချက်ထားတုံး'

'ကိုခင်မောင်မောင်နဲ့ ဖြူဖြူ အကြိုက်တွေမှာပါ။ ဆိတ်သားဆီပြန်၊ ပဲနီလေးဟင်းချို၊ ဆတ်သားခြောက် မီးဖုတ်၊ ရှောက်သီးသုပ်၊ ပုသိမ် ဘာလချောင်ကြော်၊ မြစ် ကြီးနား တညင်းသီးစီးစီးလေး ပြုတ်ထားတယ်'

'ဖြူဖြူရေ..အစ်ကို အိုက်တင်ခံမယ်လို့ ကြံထားတာ မဖြစ်တော့ဘူး။ အစ်ကိုတော့ မချိုမြဟင်းအမည်တွေ ပြော လိုက်ကတည်းက အရမ်းစားချင်သွားပြီ'

ကိုခင်မောင်မောင်ရဲ့ အမေးကို မချိုမြက ဟင်း အမည် တစ်ခုချင်း ရွတ်ပြလိုက်ရာ ကိုခင်မောင်မောင်က သူ၏ချစ်ဇနီး ဖြူဖြူကို ထမင်းဝိုင်းသို့ ဆွဲခေါ်ကာ အရင် ဝင်ထိုင်ရင်း ခပ်ပျော်ပျော် ပြောလိုက်သည်။

'ကျွန်တော့်မိသားစုနဲ့ သူတို့ ဇနီးမောင်နှံက အရမ်း ခင်မင်ကြတယ်လေ'

ကျွန်တော်တို့ ပျော်ပျော်ပါးပါး ထမင်းစားဖြစ်ကြပါ သည်။

◆◆◆

ကျွန်တော့်ဇနီး ဒေါ်မြသန်းနုနဲ့ ဖြူဖြူ၊ မချိုမြတို့က စားသောက်ပြီး ပန်းကန်ခွက်ယောက်များ ဆေးကြော သိမ်းဆည်းရင်း မီးဖိုဆောင်ထဲတွင် စကားဝိုင်းဖွဲ့ဖြစ်သလို ကျွန်တော်နဲ့ ကိုခင်မောင်မောင်တို့က ဧည့်ခန်းတွင် စကား ပြောဖြစ်ကြပါသည်။

'ကဲ..ကဲ..ညီအစ်ကိုနှစ်ယောက် စကားလည်းပြော၊ အချိုလည်းစား၊ ရေနွေးကြမ်းလည်း သောက်ပြီးမှ ကော်ဖီ တိုက်မယ်။ ဟောဒါ ထားဝယ်က ဒူးရင်းယိုနဲ့ နာနတ်ယို သိပ်ကောင်းတယ်။ လိုတာရှိရင် လှမ်းပြီး အသံပြုပေါ့ နော်'

ဒေါ်မြသန်းနုသည် ကျွန်တော်နဲ့ ကိုခင်မောင်မောင် တို့အား အစားအစာနဲ့ ရေနွေးစီစဉ်ပေးကာ မီးဖိုဆောင်သို့ ပြန်ဝင်သွားသည်။

'ဒါနဲ့ အစ်ကိုက စာရေးဆရာတစ်ယောက်မို့ စာဖတ် အားကောင်းမယ်။ ကျွန်တော့်ထက် အတွေ့အကြုံလည်း ပိုရှိမယ်ဆိုတာ ယုံကြည်ပါတယ်'

'စကားပလ္လင် ဒီလောက်ခံနေပုံထောက်ရင် ဘာ မေးမှာလဲ ကိုခင်မောင်မောင်'

'တခြားမဟုတ်ပါဘူး အစ်ကို။ သရဲပူးတယ်၊ သရဲ စီးတယ် ဆိုတာမျိုး တချို့စာပေမဂ္ဂဇင်းတွေမှာ ဖတ်ဖူး တယ်။ တချို့လူတွေ ပြောသံလည်း ကြားဖူးတယ်။ ကျွန် တော်ကိုယ်တိုင် တစ်ခါမှ မကြုံဖူးလို့ မယုံကြည်ပါဘူး။ ဒါပေမဲ့ အခုတလော မြဝတီရုပ်သံကလာတဲ့ ကိုရီးယား ဇာတ်လမ်းတွဲလေးက အရမ်းကို စိတ်ဝင်စားဖို့ ကောင်း တယ်။ မင်းသမီးလေးအမည်က ချိုဖမ်တဲ့။ ရုပ်ကလေး ကလည်းချော၊ သူ သရုပ်ဆောင်ရတဲ့ ဇာတ်ရုပ်ကလည်း သနားကြင်နာဖွယ်ရာကောင်းတဲ့ ဇာတ်ရုပ်ကို သရုပ် ဆောင်ရတာမို့ ရုပ်သံကြည့်ပရိသတ်တွေက မင်းသမီး လေးကို ချစ်ခင်နှစ်သက် သနားကြင်နာကြပါတယ်။ အဲဒီ ပရိသတ်ထဲမှာ ကျွန်တော်နဲ့ ဖြူဖြူလည်း ပါတယ် ဆိုပါ တော့။

အဲဒီဇာတ်လမ်းတွဲထဲမှာ မင်းသမီးလေးရဲ့ဝမ်းထဲ သရဲဝင်ပူးနေတယ်ဆိုတဲ့ ပြကွက်ပါတာ။ အစ်ကိုတို့လည်း သတိထားမိကြမယ် ထင်ပါတယ်။ အဲဒါကို အစ်ကို ဘယ် လိုထင်မြင်လဲ။ လက်ခံနိုင်သလား။ ဖြစ်ရော ဖြစ်နိုင်ပါ့ မလားဟင်'

'ဟုတ်ကဲ့ ကိုခင်မောင်မောင်။ ကျွန်တော် ထင်မြင် ယူဆတာကို မပြောခင် လွန်ခဲ့တဲ့(၁၉၅၂)ခုနှစ် ကျွန်တော် ဆယ်ကျော်သက်အရွယ်က မျက်မြင်တွေ့ခဲ့ဖူးတဲ့ ဖြစ်ရပ် တစ်ခု ခင်ဗျားကို ပြောပြမယ်'

'ဟုတ်ကဲ့၊ ပြောပါ အစ်ကို'

ကျွန်တော် စကားစလိုက်သည်နှင့်တစ်ပြိုင်နက် ကို



www.burmeseclassic.com

www.burmeseclassic.com

ခင်မောင်မောင်တစ်ယောက် နားထောင်ချင်ကြောင်း ချက်ချင်းပြောဆို အဖြေပေးလာသည်။

'ခင်ဗျားသိတဲ့အတိုင်း ကျွန်တော့်ဇာတိက မြေလတ်ဒေသက မြို့တစ်မြို့ပါ။ မြေလတ်ဒေသထုံးစံအတိုင်း ဆွေမျိုးတွေဟာ တစုတဝေးတည်း အုပ်စုဖွဲ့နေလေ့ရှိကြတယ်။ ဥပမာ-မြို့အရှေ့ဘက်မှာ ဆွေမျိုးစုတွေ နေကြတယ် ဆိုပါတော့။ အဲဒီအရပ်ကို အရှေ့ပိုင်း၊ အနောက်ဘက်မှာဆို အနောက်ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း စသဖြင့် သတ်မှတ်သုံးနှုန်းခေါ်လေ့ရှိကြတယ်။

အရှေ့ပိုင်းမှာ ကျွန်တော်တို့အဘွား ဒေါ်ငွေသောင်(နဂါးနက်မိသားစု)တွေနေပြီး တောင်ပိုင်းမှာတော့ အဘွားဒေါ်ရွှေတုတ်၊ အဘွား ဒေါ်ငွေအောင်၊ အဘွား ဒေါ်ရွှေဖောင် မိသားစုတွေ နေကြတယ်။

ကျွန်တော်ပြောချင်တာက ဆွေမျိုးအများစု စုဝေးနေထိုင်ကြတဲ့ တောင်ပိုင်းအကြောင်းပဲ။ အဲဒီတောင်ပိုင်းဆိုတဲ့နေရာက ကြည်တော်ကုန်းရပ်ကွက်ထဲမှာ ရှိပါတယ်။

ကျွန်တော်တို့ ဆွေမျိုးစုတွေ စုဖွဲ့နေကြတဲ့ ပိုင်းတွေထဲမှာတော့ တောင်ပိုင်းက အုပ်စုအများဆုံးနဲ့ ပိုင်းလည်းအကျယ်ဝန်းဆုံးပဲ။ ဆွေမျိုးစုတွေ အလေးထားရမယ့် အဘိုး,အဘွားတွေလည်း အများဆုံးရှိတဲ့ နေရာပေါ့။

ပိုင်းကြီးက အလွန်ကျယ်ပါတယ်။ ဒါကြောင့် (၁၉၄၈)ခုနှစ် လွတ်လပ်ရေးရပြီးစအချိန် တစ်နည်းပြောရရင် သူတစ်လူငါတစ်မင်း ဖြစ်နေတဲ့ကာလ နေ့မြင်ညပျောက် ဆိုတဲ့ကာလမို့ မြို့စွန်မြို့ဖျားရွာတွေ၊ ရပ်ကွက်တွေဆို မလုံခြုံလှဘူး။ အခုကာလလို တရားဥပဒေစိုးမိုးတဲ့ကာလ မဟုတ်တော့ မအေးချမ်းဘူး၊ မငြိမ်းချမ်းဘူး။ ဒါကြောင့် ဝေးလံတဲ့ ကျေးရွာများကလူတွေ၊ မြို့စွန်မြို့ဖျားက လူတွေ အထူးသဖြင့် သူကြီးတွေ ကြေးရတတ်လယ်ရှင်ယာရှင်တွေ အများအားဖြင့် မြို့ပေါ် ပြောင်းရွှေ့နေထိုင်လာကြတယ်။

ကျေးရွာတွေမှာ အသက်ဘေး မလုံခြုံလို့ မြို့ကိုပြေးလာရပေမယ့် နေစရာနေရာက မရှိကြဘူး။ အဲဒီတော့ ကျယ်ဝန်းတဲ့ ဘုန်းတော်ကြီးကျောင်းဝင်းထဲမှာ ဆရာတော်များရဲ့ ခွင့်ပြုချက်နဲ့ နေရတဲ့သူတွေရှိသလို ဆွေမျိုးရင်းချာများထံ မှီခိုနေကြရသူတွေလည်း ရှိကြတယ်။ အဲဒီအခြေအနေမျိုးကြောင့် ကျွန်တော့်အမေရဲ့ ညီမဝမ်းကွဲ ဒေါ်တင်တင်မိသားစုဟာ ကျွန်တော်တို့ နေထိုင်တဲ့ တောင်ပိုင်းကို ရောက်လာကြတာပါ။

ဒေါ်တင်တင်တို့နေတဲ့ သင်ကုန်းလေး(သိမ်ကုန်းလေး) ရွာဆိုတာက တကယ်တော့ ကျွန်တော်တို့မြို့ တောင်ဘက်မှာရှိတဲ့ ရွာတစ်ရွာပါ။ မြို့နဲ့(၂)မိုင်လောက်ပဲ ဝေးပါတယ်။ ဒါပေမဲ့ ခေတ်ကာလက လွတ်လပ်ရေးရပြီးစ နိုင်ငံရေးအဖွဲ့တွေ တစ်ဖွဲ့နဲ့တစ်ဖွဲ့ သွေးစည်းညွတ်မှုမရှိ အမြီးကျက် အမြီးစား ခေါင်းကျက် ခေါင်းစားတဲ့ခေတ်ကာလ၊ ကုလားထိုင်လုကြတဲ့ကာလ၊ ဘယ်သူသေသေ ငတေမာပြီးရောဆိုတဲ့ ခေတ်ဆိုးခေတ်ကျပ်ကြီးဆိုတော့ အုပ်ချုပ်မှုကင်းမဲ့တဲ့ ရွာသိမ်ရွာငယ်ရျိုးတွေမှာ မနေဝံ့ကြလို့ မြို့ပေါ် တက်နေရတဲ့ သဘောပါ။

မြို့ပေါ်မှာရော စိတ်ချရသလားဆိုတော့ သူဌေးသူကြွယ် လယ်ရှင်ယာရှင်၊ မြေရှင်ကြေးရတတ်တွေ ကိုယ့်အိမ်မှာကိုယ် ရဲရဲဝံ့ဝံ့ ပြောင်ပြောင်တင်းတင်း မနေရဲကြဘူး။ ညရောက်ပြီလားဆို တခြားအိမ်သွား ပုန်းအိပ်ကြရတယ်။

ကျွန်တော်တို့မြို့မှာလည်း အုပ်ချုပ်မှုယန္တရားက မပီပြင်သေးတော့ မြို့လူထုဟာ ကစဥ့်ကလျားကြီး မဖြစ်ကြပေမယ့် ဗန်းစကားနဲ့ပြောရရင် အထိုင်မကျသေးတဲ့ အခြေအနေပါပဲ။ ဒီကြားထဲ မြွေပူရာကင်းမှောက် ဆိုတာလို သင်ကုန်းလေး(သိမ်ကုန်းလေး)ရွာမှာ ဝလုံးတွေ ပေါ်တယ်တဲ့။ ကျေးရွာမှာရှိတဲ့ အဘိုး,အဘွားတွေ၊ ဆရာတော်ကြီးတွေကိုလည်း အိပ်မက်ပေးတယ်တဲ့။ အိပ်မက်က ဘယ်လိုပေးတာလဲဆိုတော့ ရွာသူရွာသားတွေ အမြန်ပြောင်းကြတဲ့။ ရွာမှာ ဆက်နေကြရင် ကပ်ဆိုက်မယ်တဲ့။ ဒီကြားထဲ တောမီးလောင် တောကြောင်လက်ပမ်းပေါင်းခတ်ဆိုသလို သူခိုး၊ ဓားပြကလည်း ပူလာတော့ ရွာမှာ မနေရဲကြတော့ဘဲ ပြောင်းပြေးကြတာနဲ့ ရွာပျက်သွားတာ ဒီနေ့အထိပဲ'

ရွာမှာ ဝ,အက္ခရာတွေ ပေါ်တယ်ဆိုတာ မယုံတာနဲ့ ကျွန်တော်ရယ်၊ တင်မောင်ရယ်၊ ဖိုးပြူးရယ် သူငယ်ချင်း(၃)ယောက် စက်ဘီးကိုယ်စီနဲ့ သွားကြည့်ဖြစ်ပါတယ်။ စက်ဘီးနဲ့ဆို (၁၀)မိနစ်လောက် နင်းသွားရင် ရွာရောက်တာမို့ အပန်းမကြီးပါဘူး။ အဲဒီအချိန်က ကျွန်တော်တို့ ဆယ်ကျော်သက်တွေဆိုတော့ စူးစမ်းချင်စိတ် ပေကြတယ်။ ကြောက်စိတ်လည်း မရှိကြပါဘူး။

www.burmeseclassic.com

www.burmeseclassic.com

'အစ်ကိုရေ..ဝအက္ခရာတွေ ပေါ်တယ်ဆိုတာ အမှန်ပဲလား'

'အမှန်ပဲဗျ။ မန်ကျည်းပင်၊ တမာပင်၊ ကုက္ကိုပင်တွေနဲ့ အုန်းပင်၊ ထန်းပင်တွေမှာ ထင်ထင်ရှားရှား တွေ့ရတယ်။ ကျောင်း၊ ကန်၊ ဇရပ်တွေ ဘုရားပြို ဘုရားပျက်တွေမှာလည်း တွေ့ရတယ်။ ဒီဝ,အက္ခရာတွေ ဘယ်အချိန်က ပေါ်လာတာလဲမေးတော့ မနေ့ညဦးပိုင်းအထိ ဘာအက္ခရာမှ မရှိပါဘူးတဲ့။ တစ်စုံတစ်ယောက်က ခြောက်လှန့်တဲ့ သဘောနဲ့ ရေးတာရော မဖြစ်နိုင်ဘူးလားဆိုတော့ မဖြစ်နိုင်ဘူးတဲ့။ ဘာကြောင့်လဲဆိုတော့ ဒီလောက်များတဲ့ ဝ,အက္ခရာတွေ ဒီလောက် မြန်မြန်ဆန်ဆန် ဘယ်သူမှ မရေးနိုင်ဘူးတဲ့။ ပြီးတော့ ထန်းပင်၊ အုန်းပင်တွေမှာဆို အမြင့်ပိုင်းတွေမှာ ပေါ်နေတာတဲ့။ တကယ်လို့ လူတက်ရေးတာဆို ရွာကလူ တစ်ယောက်ယောက် မြင်မှာပေါ့လို့ ပြောကြတယ်။

ဒီအတိုင်းဆိုတော့ ရွာသူရွာသားတွေ ပြောတာလည်း မှန်တာပဲ။ ဘာကြောင့်လဲဆိုတော့ စောစောက ပြောတဲ့ အပင်တွေဟာ သင်ကုန်းလေး(သိမ်ကုန်းလေး)ရွာမှာ အများကြီးပဲ။ ရှိသမျှအပင်တွေ အားလုံးမှာ ဝ,အက္ခရာတွေ ပေါ်နေတာလေ။ ဒီလောက်အချိန်တိုအတွင်း ဒီလောက်များတဲ့ ဝ,အက္ခရာတွေ ဘယ်သူရေးနိုင်မှာလဲနော်

အနီးအပါးရွာက လူတွေရော ရမည်းသင်း၊ တပ်ကုန်း၊ ပျော်ဘွယ်မြို့က လူတွေပါ အထူးအဆန်းမို့ လာကြည့်ကြတာ ပွဲလမ်းတမျှ စည်ကားတယ်။ လူတွေ အမြောက်အမြား လာကြည့်ကြသလို ထင်ကြေးအမျိုးမျိုးလည်း ပေးကြတယ်။ ဘာတွေပဲ ထင်ကြေးပေးပေး တကယ်တော့ ဘာမှဖြစ်မလာဘူး။ အဲ..အဲ..သင်ကုန်းလေး(သိမ်ကုန်းလေး)ရွာတော့ ပျက်သွားတယ်။

ဒီလိုနဲ့ သင်ကုန်းလေး(သိမ်ကုန်းလေး)ရွာက ပြောင်းလာတဲ့ ကျွန်တော့်အမေရဲ့ ညီမဝမ်းကွဲ ဒေါ်တင်တင်တို့ မိသားစုဟာ ကျွန်တော်တို့တောင်ပိုင်း၊ ကြည်တော်ကုန်းရပ်မှာ သောင်တင်ပြီး နေဖြစ်သွားတယ် ဆိုပါတော့ဗျာ'

♦ ♦ ♦

ဒေါ်တင်တင်မိသားစုမှာလည်း အိမ်ထောင်စုဝင် များများစားစား မဟုတ်ပါဘူး။ အဒေါ် ဒေါ်တင်တင်၊ သား ကိုလှဆောင်၊ ချွေးမ မယဉ်ကြည် ဒီသုံးယောက်ပဲ။ ကိုလှဆောင်နဲ့ မယဉ်ကြည်တို့က အိမ်ထောင်ကျတာ မကြာသေးတော့ သားသမီးမရှိသေးဘူး။ အခု ခင်ဗျားမေးတဲ့ မေးခွန်းကို ကျွန်တော်ဖြေဖို့အတွက် ကျွန်တော့်အစ်ကို ဝမ်းကွဲ ကိုလှဆောင်နဲ့ သူ့ရဲ့ဇနီး ကျွန်တော့်မရီး မယဉ်ကြည်တို့အကြောင်း ကျွန်တော့်မျက်မြင်ကိုယ်တွေ့ တွေ့ဖူးတာကို ပြောပြမှာပါ။

ဒေါ်တင်တင်တို့မိသားစု တောင်ပိုင်းကို ပြောင်းလာလာချင်း ကျွန်တော်တို့ အိမ်အောက်မှာ ခေတ္တခဏ နေကြပါတယ်။ အရှည်သဖြင့် အိမ်အောက်မှာ မနေသင့်လို့ ကျွန်တော့်မိဘတွေရဲ့ အစီအမံနဲ့ တောင်ပိုင်းထဲက မြေလွတ်မှာ အိမ်လေးတစ်လုံး ဆောက်ပေးကြပါတယ်။ ကျွန်တော်တို့ ဝိုင်းရဲ့ အနောက်တောင်ထောင့် ထန်းသုံးပင်အောက်မှာပါ။ သစ်ပေါ် ဝါးပေါ်တော့ အိမ်ကလေးက တောင့်တောင့်တင်းတင်းနဲ့ နေချင်စရာ ကောင်းပါတယ်။ အဘိုးကတော့ အဲဒီအချိန်က သွပ်မရှိလို့ ထန်းလက်မိုးပါတယ်။

အဲဒီအိမ်လေးကို ဦးစီးဆောက်တာက အမေ့မောင် ဦးလေးကိုမြဒင်က ဦးစီးပြီး သူ့သူငယ်ချင်းတွေနဲ့ နေ့ချင်းပြီး ဆောက်ကြတာပါ။ ညနေပိုင်း အိမ်ပြီးတော့ ဦးလေးမြဒင်နဲ့အဖွဲ့ဟာ အရက်ဝိုင်းဖွဲ့ကြပါတယ်။ အမြည်းကတော့ ထုံးစံအတိုင်း ဦးလေးမြဒင် ကံမြင့်ရွာက မှာထားတဲ့ အမဲသားကို ကြော်တာပါ။ အဲဒီအမဲသားတွေ တုံးတစ်လုပ်နေကတည်းက ကျွန်တော့်မရီး မယဉ်ကြည်ဟာ စိတ်မူမမှန်သလို စဖြစ်တာကို ဒေါ်တင်တင်နဲ့ ကျွန်တော့်အစ်ကို ကိုလှဆောင်တို့ သတိပြုမိကြတယ်တဲ့။

မယဉ်ကြည်ဟာ ပါးပေါ် မျက်ရည်တွေ စီးကျလာပြီး အံကြိတ်လိုက်၊ လက်သီးဆုပ်လိုက် ဖြစ်လာတာကို ဒေါ်တင်တင်နဲ့ ကိုလှဆောင်တို့ကမြင်တော့ အိမ်အသစ်လေးပေါ်မှာ ဝိုင်းဖွဲ့ပြီး အရက်သောက်မှာကို မကြိုက်လို့ ဖြစ်နေတာလို့ ထင်ကြတယ်လေ။

'ဟဲ့..မယဉ်ကြည်၊ မင်း ဘယ်လိုဖြစ်နေတာလဲ။ ဒါ အိမ်သစ်ဆောက်ပြီးတဲ့ အထိမ်းအမှတ်နဲ့ ဦးလေးတို့အဖွဲ့ ပျော်ပျော်ပါးပါး သောက်ကြစားကြဖို့ လုပ်နေတာ ဒါ ဦးလေးကိုယ်တိုင် စီစဉ်တာဟ။ ငါပါ အရက်သောက်မယ် ထင်လို့လား။ ငါ မသောက်တတ်တာ ခင်းလည်း သိသားနဲ့ ဦးလေးမြဒင်သိရင် မကောင်းဘူးနော်။ မယဉ်

www.burmeseclassic.com

www.burmeseclassic.com

ကြည် မင်းအချိုးကိုပြင်'

'အဲဒီမှာ ပွဲစကြမ်းတော့တာပဲ။ ကိုခင်မောင်မောင်ရေ'

'ဘယ်လိုကြမ်းတာလဲ အစ်ကို၊ ဘယ်လိုကြမ်းတာလဲ'

'မီးဖိုဆောင်အသစ်လေးထဲမှာ ဒေါ်တင်တင် အသင့်ကြော်ထားတဲ့ အမဲကြော်ဇလုံကြီးကို ကျွန်တော့်မရီး မယဉ်က ဆွဲယူပြီး အိမ်နောက် ရေကြမ်းပြင်ဝိုင်း အပြင်ဘက်ကို ပက်ပစ်လိုက်တယ်'

'ဟာ..နမြောဖို့ကောင်းလိုက်တာ အစ်ကိုရယ်'

'ဟုတ်တယ်၊ ဒေါ်တင်တင်ဆို ဆွေ့ဆွေ့ခုန်သွားတာပဲ။ သူ့ချွေးမက သူ့ကို ဒီလိုလုပ်ဝံ့မယ် မထင်ဘူးလေ။ နောက်ပြီး ဒီလိုကြော်လှော်ထားတာက တခြားလူအတွက် မဟုတ်ဘူး။ သူ့မောင်ဝမ်းကွဲ ဦးလေးမြဒင်အတွက် နေ့ချင်းပြီး အိမ်ဆောက်ပေးထားတဲ့ ကျေးဇူးကလည်း ရှိတယ်လေ'

ဦးလေးမြဒင်တို့ အဖွဲ့ကို ကျေးဇူးတင်လွန်းလို့ သူကိုယ်တိုင် အမဲသားကို အနေတော်တုံးတစ်၊ ချင်းရည်စိမ်၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီတွေနဲ့ မွှကြော်ထားတာ တောင်ဝိုင်း တစ်ဝိုင်းလုံး မွှေးကြိုင်နေတာပဲ။ ဘယ်သူမှမစားရဘဲ သွန်ပစ်ရက်လေခြင်းလို့ တဖျစ်တောက်တောက်ပြောရင်း ဒေါ်တင်တင် ရင်နာနေမိတယ်။

'အစ်ကိုဦးလေးမြဒင်တို့ အဖွဲ့လည်း မမြည်းလိုက်ရဘူးပေါ့နော်'

'ဘယ်မြည်းရမှာလဲ ကိုခင်မောင်မောင်ရယ်။ အလုပ်သိမ်း အစသတ်ပြီး ဝိုင်းထဲမှာရှိတဲ့ ရေတွင်းသွား ရေချိုးနေတုန်း မယဉ်ကြည်က သွန်ပစ်တာကိုး'

'နောက်တော့ ဘယ်လိုဆက်ဖြစ်လဲဟင်'

'ဦးလေးမြဒင်က ရေမိုးချိုး အေးအေးဆေးဆေးမှ သောက်မယ်၊ စားမယ် ကြံထားတာ။ မှန်းချက်နဲ့ နှမ်းထွက် မကိုက်တော့ ဦးမြဒင်က သူ့အစ်မ ဒေါ်တင်တင်ကို မေးတာပေါ့'

'ဒေါ်တင်တင်နဲ့ ကိုလှဆောင်တို့ကလည်း ဘာမှ ကွယ်ဝှက်မနေဘဲ အဖြစ်မှန်ကို ပြောပြလိုက်ကြတယ်'

'ကျွန်တော်လည်း စိတ်တိုလွန်းလို့ သူ့ကို ရိုက်မယ်လို့ လက်နဲ့ရွယ်တုန်းရှိသေးတယ် နောက်ဖေး ရေကြမ်းကပြင်မှာ လဲကျပြီး သူ့ပါးစပ်က အမြှုပ်တွေ ထွက်လာတယ်။ နောက်တော့ သတိရလာပြီး ကျွန်မ ဘာဖြစ်သွားတာလဲ။ ကျွန်မ ဘာဖြစ်တာလဲလို့ မေးတယ်'

'ဟေ..ဒါဆို ငါ သဘောပေါက်ပြီ။ ဒီမှာ လှဆောင်.. မင်းမိန်းမကို ဘာမှ အပြစ်မပြောနဲ့။ ညနေက အမဲသားလာပို့တဲ့ ငပွေးနဲ့ တစ်ကောင်ကောင် ကပ်ပါလာပြီး နှောင့်ယှက်သွားတာကွ'

'ကဲ..ကဲ..ငါ့မိန်းမ၊ မကြီးဆီသွား ပဲကြီးလှော်နဲ့ ကြက်သွန်များများ သုပ်ပေးပါလို့ပြော။ လှဆောင်..မင်း စောင့်ယူခဲ့'

'အဲဒီနေ့ကစပြီး ကျွန်တော့်မရီး မယဉ်ကြည်ဟာ တစ်လမှာ (၂)ကြိမ်လောက် သရဲပူးကပ်ခံရပြီး နှောင့်ယှက်တာ ခံရတယ်။ အဲဒီအချိန်မျိုးမှာဆို မယဉ်ကြည်ဟာ ငိုလိုက် ရယ်လိုက် ဖြစ်တော့တာပဲ။ ဖြစ်လေ့ဖြစ်ထရှိတဲ့ အချိန်ကတော့ ညနေ နေဝင်ရီသရော (၄)နာရီနဲ့ (၈)နာရီ အတွင်းလောက်မှာ ဖြစ်လေ့ရှိတယ်'

'အဲဒီအနှောင့်မဖြစ်အောင် ဘာလုပ်ရမလဲလို့ တတ်ကျွမ်းတဲ့ဆရာနဲ့ပြတော့ ခေါ်စာပစ်ရမယ်တဲ့။ ခေါ်စာပစ်တဲ့အခါမှာလည်း အမဲသားငါးဟင်းလျာနဲ့ ပစ်ရမယ်။ ဟင်းမဟုတ်ဘဲ သားစိမ်းငါးစိမ်းနဲ့လည်း ပစ်နိုင်တယ်လို့ ဆရာက ပြောတယ်'

'ခေါ်စာပစ်တယ်ဆိုတာ ဘယ်လိုလုပ်တာလဲ အစ်ကို'

'အလွယ်ပြောရရင်တော့ ကိုခင်မောင်မောင်ရယ်၊



www.burmeseclassic.com

သရဲ၊ တစ္ဆေ၊ စုန်း စတာတွေကို အစာကျွေးတဲ့ သဘော ပေါ့ဗျာ'

'အဲဒီလို ခေါစာပစ်တော့ အစ်ကို့မရီးရဲ့ ဝေဒနာတွေ ပျောက်သွားလား'

'တစ်လ(၂)ကြိမ်လောက် ဖြစ်ရာကနေ နှစ်လမှ (၁) ကြိမ်လောက် ဖြစ်သွားတယ်။ အစတော့ မှတ်နီးနီးပဲ။ ဒါပေမဲ့ နောက်တော့ တစ်ရက်ခြား၊ နှစ်ရက်ခြားလောက် ဖြစ်လာတယ်။ အဲဒါကိုက အလုပ်ကြီးတစ်လုပ် ဖြစ်နေတော့ မိသားစုအားလုံး စိတ်မချမ်းသာဘူးဗျ။

နောက်ဆုံးတော့ ဆရာတစ်ယောက် ပြောင်းပြကြည့်ပါတယ်။ အဲဒီဆရာကလည်း ခေါစာပစ်ရမယ်လို့ ပြောတာနဲ့ပဲ မဟုတ်သော်ရှိ ဟုတ်သော်ရှိ နောက်ဆုံးလုပ်ကြည့်မယ်ဆိုပြီး အမဲသားဟင်းနဲ့ ထမင်းကို ဆန်ကောထဲမှာ ထည့် ခေါစာပစ်ကြည့်ပါတယ်'

'အခြေအနေဘယ်လိုလဲ အစ်ကို'

'ဒီတစ်ကြိမ်တော့ ထူးခြားတယ်ဗျ'

'ဟုတ်လား အစ်ကို၊ စိတ်ဝင်စားစရာပဲ'

'ခေါစာပစ်ထားတဲ့ ဆန်ကောနား ခွေးနက်ကြီးတစ်ကောင် ရောက်လာတယ်။ ပြီးတော့ အေးဘီကို အကဲခတ်တဲ့သဘောနဲ့ ဟိုကြည့်သည်ကြည့် ကြည့်တယ်။ စိတ်ချလောက်ပြီဆိုမှ ခေါစာတွေကို ငုံ့စားတယ်။ အဲဒီအချိန်မှာ ဘယ်အချိန်ကတည်းက စောင့်ဆိုင်းနေလဲမသိတဲ့ ဦးလေးမြဒင်ဟာ ရေထမ်းတံပိုးကြီးနဲ့ ခွေးနက်ကြီးကို သိမ်းရိုက်တာ ချက်ကောင်းထိသွားတယ် ထင်ပါရဲ့။ အသံဆိုးအသံနက်ကြီးနဲ့ တဂိန်ဂိန်အော်ပြီး မှောင်ထဲကို ထွက်ပြေးပျောက်ကွယ်သွားတယ်'

'နောက်တစ်ပတ်လောက်ကြာတော့ ကျွန်တော်တို့ အရှေ့တောင်ဘက်မှာရှိတဲ့ (...)ရွာက ဒေါ်ဖွားကြီးတစ်ယောက် အောက်ပိုင်းသေပြီး အိပ်ရာထဲ လဲနေတဲ့သတင်း ရတယ်။ ဒီထက်ထူးခြားတာကတော့ ဒေါ်ဖွားကြီးဟာ အိပ်ရာထဲ လဲနေရာက မထနိုင်သော်လည်း မြဒင် ငါ့အကြောင်း သိစေရမယ်။ ဒင်းကို အသေသတ်မယ်လို့ ကျိန်ဆဲနေကြောင်း သတင်းရတာပါပဲ'

'ကျွန်တော့်အစေနဲ့ အဘွားတွေဆို ဦးလေးမြဒင်အတွက် အားလုံးစိတ်ပူကြတယ်။ ဦးလေးမြဒင်ဆိုတာကလည်း ခေတ်ကာလမကောင်းတဲ့ကြားထဲ ရွာရိုးကိုးပေါက် ရွာစဉ်လျှောက်ပြီး အရက်သောက်တဲ့လူလေ။ ဒေါ်ဖွားကြီး ဆိုတာက အောက်လမ်းအတတ်၊ စုန်းအတတ်တွေနဲ့ လူတွေကို ပြုစားတတ်ကြောင်း မကောင်းသတင်း ကျော်စောသူတစ်ယောက် ဖြစ်တယ်မဟုတ်လား'

'ဒါနဲ့ အစ်ကို့မရီး နောက်တော့ ဘာဖြစ်သွားလဲ အစ်ကို'

'ဦးလေးမြဒင် ခွေးနက်ကြီးကို ရိုက်လွှတ်ပြီးတဲ့ နောက်ပိုင်း ကျွန်တော့်မရီး ငိုလိုက် ရယ်လိုက် ဖြစ်တဲ့ ကိစ္စတွေ မဖြစ်တော့ဘူး။ နောက်ပြောင်းကုတဲ့ ပယောဂ ဆရာကြီးကလည်း ဒီကိစ္စမျိုးတွေ တော်တော်နိုင်နင်းတဲ့ သဘောရှိတယ်'

'အဲ..အဲ..တိုက်ဆိုင်တာပဲလား၊ ဒေါ်ဖွားကြီး ကလဲ့စားပဲလားတော့ မပြောတတ်ဘူး။ ကျွန်တော့်မရီး မယဉ်ကြည်ဟာ သူ အစွဲကပ်နေတဲ့ ကာလမှာပဲ သမီးလေးတစ်ယောက် မွေးဖွားလာခဲ့တယ်။ အဲဒီသမီးလေးက အောက်ပိုင်းသေတဲ့ရောဂါ မွေးကတည်းကပါလာလို့ မသန်စွမ်း ရှာဘူး'

'အို..သနားစရာကောင်းလိုက်တာ အစ်ကိုရာ'

'ဟုတ်ပါတယ်။ အများကတော့ အောက်လမ်းစုန်း အတတ်နဲ့ ဒေါ်ဖွားကြီးက ကလဲ့စားချေသွားတာလို့ ပြောတာပဲ။ အဲဒီအချိန် အဲဒီအခါက ပိုလီယိုရောဂါဆိုးလည်း မပေါ်သေးတော့ ထင်ရာမြင်ရာ ကောက်ချက်ဆွဲပြောကြတော့တာပဲ။ အတိအကျ ဘယ်သူမှ မပြောနိုင်ကြပါဘူး ကိုခင်မောင်မောင်'

'ကျွန်တော့်အထင်တော့ ကျွန်တော့်မရီး မယဉ်ကြည်ဟာ သားသမီးမီးဖွားလိုက်လို့ သွေးသားပြောင်းပြီး ကောင်းသွားသလားလို့ ကျွန်တော်တွေးမိတယ်။ နောက်ပြီး အမဲသားတွဲဆွဲလာတဲ့ ငပွေးဟာ တစ္ဆေ၊ သရဲရှိတယ်လို့ ကျော်စောတဲ့ ကန်ပေါင်ရိုးတစ်လျှောက်က လာတဲ့အတွက် တစ္ဆေသရဲကပ်ပါလာပြီး မယဉ်ကြည်မှာ ပူးကပ်နှောင့်ယှက်တယ်။ စွမ်းတဲ့ဆရာနဲ့တွေ့တော့ ခွာသွားတယ်လို့လည်း တွေးမိပြန်တယ်။ ကဲ..ကိုခင်မောင်မောင်ရေ ခင်ဗျားမေးထားတဲ့ မေးခွန်းအတွက် ဒီလောက်ဆို ခင်ဗျား ကိုယ်တိုင် အဖြေထုတ်ကြည့်ပေတော့'

ဝင်းသောင်(ရွှေပြည်သင်း)



www.burmeseclassic.com

www.burmeseclassic.com



# ကောင်းသော်

## လူယောင်ဆောင်

နာနာဘာဝ

အင်ကြင်းမြိုင်ရွာထိပ်တွင် ဆုံစည်းရာ စားသောက်ဆိုင် ရှိသည်။ ကားလမ်းများ ဆုံရာဖြစ်၍ နေရာဒေသနှင့် ဆိုင်အမည်မှာ လိုက်ဖက်နေပါသည်။ အရှေ့၊ အနောက်၊ တောင်၊ မြောက် ဆုံရာဒေသလည်း ဖြစ်သည်။ အရှေ့ ရှမ်းပြည်နယ်၊ အနောက်ရခိုင်၊ မြောက်ဘက် ကချင်ပြည်နယ်နှင့် တောင်ဘက် ဧရာဝတီတိုင်းသို့ တိုက်ရိုက်လမ်းပေါက်ပါသည်။

ပြည်နှင့် မကွေးနယ်စပ် မင်းတုန်းမြို့ နယ်စပ်၌ရှိသော အင်ကြင်းမြိုင်ရွာသည် မြို့လောက် မကြီးသော်လည်း ကားလမ်း အချက်အချာကျသောကြောင့် အလွန်စည်ကားပါသည်။ ကုန်တင်ကားကြီးများ ညအိပ် ရပ်နားရန် နေရာအကျယ်အဝန်းကောင်းပြီး နှစ်ပေါင်း များစွာ ကာလကြာက ညောင်ပင်ကြီးများရှိသဖြင့် အဝေးပြေးကားများ နားခိုရန် အဆင်ပြေလှသည်။ ညဘက်တွင် အရပ်လေးမျက်နှာမှ ရောက်ရှိနားခိုကြသော ကားကြီးများ ရှိသဖြင့် မြန်မာပြည်တွင်းက သတင်းများ ချက်ချင်း ရပါသည်။ ခရီးသည်ချင်း စုပေါင်းဆွေးနွေးခွင့်ရသဖြင့် ညဘက် ရန်သူကို မကြောက်ရဘဲ ပိုမိုရင်းနှီးခွင့်ရှိပါသည်။ ထိုသို့ အရပ်လေးမျက်နှာ ပေါင်းဆုံရာ အရပ်တွင် ဆုံစည်းရာဟု အမည်ပေးထားသော စားသောက်ဆိုင်မှာ (၂၄)နာရီ စည်ကားလျက် ရှိနေပါသည်။

အင်ကြင်းမြိုင်ရွာတွင် မော်တော်ယာဉ်များ ညအိပ်ရပ်နားလေ့ရှိသဖြင့် စားသောက်ဆိုင်ပေါင်းများစွာ၊ တည်းခိုဆောင် များစွာရှိပါသည်။ ဆုံစည်းရာဆိုင်သည် တစ်ဆိုင်တည်း ရွာထိပ်တွင် သီးသန့်ရှိနေပြီး ထမင်းဟင်းလက်ရာ အလွန်ကောင်းပါသည်။ အခြားဆိုင်များနှင့် မတူဘဲ တစ်ခါစားမိလျှင် စွဲသွားလောက်သဖြင့် ဆုံစည်းရာကို မမေ့နိုင်အောင် ရှိကြသည်။

ကားသမားများသည် လမ်းခရီးတွင် မည်သည့်ဆိုင်ကိုမှ မဝင်ဘဲ ဆုံစည်းရာသို့သာ အရောက်လေ့ရှိ

www.burmeseclassic.com

သည်။ ရွာနှင့် သီးခြားရှိပြီး သစ်ရိပ်ဝါးရိပ် ကောင်းသဖြင့် အလွန်အေးချမ်းပါသည်။

ဆုံစည်းရာစားသောက်ဆိုင်၏ အောက်ထပ်တွင် စားသောက်ဆိုင် ဖွင့်ထားပြီး အပေါ်ထပ်တွင် တည်းခိုဆောင် ဖြစ်သည်။ တည်းခိုခန်းသည် သန့်ရှင်းသပ်ရပ်သဖြင့် တည်းခိုသူများ စိတ်ကြိုက်ဖြစ်သည်။ ရွာထိပ်တွင် တစ်ခုတည်းသော တည်းခိုခန်းဖြစ်၍ အမြဲ လူပြည့်နေတတ်သည်။ စားသောက်ဆိုင်တွင် ကိုယ်ပိုင်မီးစက်ဖြင့် တည်းခိုသူများ အဆင်ပြေအောင် စီစဉ်ပေးသည်။ ထမင်းဆိုင်သည် ညကိုးနာရီထိုးသည်နှင့် ဆိုင်ပိတ်လေ့ရှိပြီး မနက်စောစောတွင် လက်ဖက်ရည်ဆိုင် ဖွင့်လေ့ရှိသည်။

အပေါ်ထပ်တွင် ဆိုင်ပိုင်ရှင် ဒေါ်အိုဇာက တည်းခိုခန်းအတွက် မောင်မောင်နောင်၊ မောင်မောင်အောင် အမြွာ မြေးနှစ်ယောက်နှင့် တာဝန်ယူ ကြီးကြပ်ပါသည်။ အောက်ထပ်ဆိုင်ကိုမူ သားကြီးကိုလှက တပည့်များနှင့် တာဝန်ယူပါသည်။

နေဝင်စအချိန် ခရီးသည်တစ်ဦး ရောက်လာသည်။ အသက်နှစ်ဆယ်ခန့် ကျောပိုးအိတ်တစ်လုံးသာ ပါသည့် လူရွယ်တစ်ဦး ဆိုင်ထဲသို့ ဝင်လာသည်။ ဆိုင်ပိုင်ရှင် ကိုလှက ထိုလူရွယ်ကို ကြိုဆိုလျက်ရှိပါသည်။

'ထမင်းသုံးဆောင်မှာလားခင်ဗျာ။ တစ်ယောက်တည်းလား'

'ထမင်းလည်း စားပါ့မယ်။ အဓိက,က တည်းခိုခန်း ရချင်လို့ပါ'

'တည်းခိုခန်းက မရနိုင်တော့ဘူး၊ လူပြည့်နေပြီ။ ရွာထဲက တည်းခိုခန်းတွေမှာတော့ ရနိုင်ပါလိမ့်မယ်'

'ကျွန်တော်က ဒီမှာပဲ တည်းခိုချင်တာပါ။ ဖြစ်နိုင်အောင် စီစဉ်ပေးပါဗျာ'

'အခန်းလွတ် မရှိတော့ပါဘူး။ အခန်းအားလုံး ပြည့်နေပါပြီ'

ဆိုင်ရှင်က အခန်းလွတ် မရှိပါဘူးဟု ပြောနေသည်ကို ထိုလူရွယ်က လက်မလျှော့သေးဘဲ ဆက်၍မေးလိုက်သည်။

'နောက်ဆုံး အခန်းအမှတ်(၁၃)တောင် မရနိုင်တော့ဘူးလားဗျာ'

'ဗျာ‥အခန်းအမှတ်(၁၃)အကြောင်း သိလို့လား။ အဲဒီအခန်းတော့ ရနိုင်ပါလိမ့်မယ်။ ခင်ဗျား နေရဲလို့လား'

'နေရဲပါတယ်ဗျာ။ ကျွန်တော့်ကို အဲဒီအခန်းသာ ရအောင် စီစဉ်ပေးပါဗျာ။ အဲဒီအခန်းရမယ်ဆိုရင် ရွာထဲ သွားစရာ မလိုတော့ဘူး။ ထမင်းတစ်ပွဲ ချပေးပါ'

ဆိုင်ရှင်က ထမင်းတစ်ပွဲ ချပေးလိုက်သည်။ လူရွယ်သည် ထမင်းဝအောင် စားလိုက်ပြီး ကျသင့်ငွေ ရှင်းပေးကာ ဆိုင်ရှင်ကို ပြောလိုက်သည်။

'ကဲ‥ညစာကိစ္စတွေ ပြီးပြီ။ ညအိပ်ဖို့ပဲ ကျန်တော့တယ်။ အခန်းအမှတ်(၁၃)ကို ပို့ပေးတော့ဗျာ'

'ရပါတယ်။ ကျုပ်နောက်က လိုက်ခဲ့ပါ'

လူရွယ်သည် ဆိုင်ရှင်နောက်သို့ လိုက်သွားသည်။ ဆိုင်အပေါ်ထပ်သို့ တက်ခဲ့ကြသည်။ ရုံးခန်းသို့ ရောက်သည့်အခါ ဒေါ်အိုဇာကို အသင့်တွေ့ရ၍ ကိုလှက ပြောလိုက်သည်။

'အမေ‥ဒီဧည့်သည်က အခန်းအမှတ်(၁၃)မှာ တည်းခိုချင်ကြောင်း ပြောလို့ ခေါ်လာခဲ့တာပါ'

ဒေါ်အိုဇာသည် လူရွယ်ကို သေသေချာချာကြည့်၍ မေးလိုက်သည်။

'မောင်ရင်က အခန်းအမှတ်(၁၃)အကြောင်း အရင်က ကြားဖူးသလား'

'ဟုတ်ကဲ့၊ ကြားဖူးပါတယ်'

'ဘာတွေ ကြားဖူးတယ်ဆိုတာ ပြန်ပြောပြပါဦး'

'တစ်ခါက ရခိုင်အမျိုးသားတစ်ဦး အဲဒီအခန်းမှာ တည်းခိုရင်း ကြိုးဆွဲချသေးတယ်။ နောက်ပိုင်း အဲဒီအခန်းမှာ အခြောက်အလှန့်တွေရှိလာလို့ ဒီအခန်းကို ဘယ်သူ့ကိုမှ ပေးမတည်းတော့ဘဲ ပိတ်ထားတဲ့အကြောင်း သိထားပါတယ်'

'ဒါတွေ သိထားလျက်နဲ့ မောင်ရင်က မကြောက်ဘူးလား'

'ကျွန်တော် မကြောက်တတ်ပါဘူး'

'မောင်ရင်က တစ်ညတည်းလား'

'ကျွန်တော်က ကြာလိမ့်မယ်။ ကျွန်တော့်ဆရာ မလာမချင်း ဒီက စောင့်ရမှာဆိုတော့ ဘယ်လောက်ကြာမယ် မမှန်းနိုင်ဘူး။ ဆရာလာတဲ့အထိ စောင့်ရမှာပါ'

'ရက်ကြာတာက ပြဿနာမရှိပါဘူး။ မောင်ရင်က ဒီအခန်းအကြောင်းကို သိတယ်၊ မကြောက်လို့ နေရဲတယ်



www.burmeseclassic.com

www.burmeseclassic.com

ဆိုရင် ခွင့်ပြုရမှာပေါ့'

'ကျွန်တော့်ကို လက်ခံပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော့်ဘက်က တောင်းဆိုစရာတစ်ခု ရှိပါတယ်ခင်ဗျ'

'ဘာတွေများလဲကွယ်၊ ပြောကြည့်ပါဦး'

'ကျွန်တော်က တည်းခိုခန်းမှာ ညအိပ်ရုံသက်သက်ပဲ နေမှာပါ။ မနက်လင်းတာနဲ့ မနက်စာစားပြီး တောထဲသွား၊ လိုချင်တဲ့ဆေးပင် ရှာရမယ်။ ညမိုးချုပ်မှ ပြန်ရောက်မယ်။ ကျွန်တော် နောက်ကျရင် ညစာ ချန်ထားပေးဖို့ပါ'

'နောက်ရော ဘာရှိသေးသလဲ'

'နောက်ဆုံးတစ်ခုက ကျွန်တော့်မှာ ငွေနည်းနေလို့ နေ့စဉ် စားစရိတ်ကို ကျွန်တော်ပြန်မှ တည်းခိုခန်းခနဲ့ ပေါင်းရှင်းခွင့်ပြုပါ'

'ဒီကြားထဲ မင်းပြန်မလာရင် တို့ ဘာလုပ်ရမလဲ'

'ကျွန်တော်က ကျွန်တော့်ဆရာ လာသည်အထိ စောင့်ရမယ်ဆိုတော့ ဆရာမလာမချင်း ဒီက ထွက်ခွာလို့ မရပါဘူး။ ဒါကလည်း ဆရာမှာတဲ့အတိုင်း ပြောရတာပါ။ ဆရာက ဒီဆိုင်က စောင့်ရမယ် ဆိုလို့ပါ'

'မင်းဆရာက ဘယ်သူလဲ'

'အဘဦးရွှေဖျိုင်း'

'ဘယ်က ဦးရွှေဖျိုင်းလဲ'

'ပုပ္ပားကပါ'

'မင်းက အဘရဲ့ တပည့်လား'

'ဟုတ်ပါတယ်'

'ဦးရွှေဖျိုင်းရဲ့ တပည့်ဖြစ်ကြောင်း ဘာအထောက်အထား ရှိသလဲ'

လူရွယ်သည် သူ့အိတ်ထဲက ဓာတ်ပုံတစ်ပုံကို ထုတ်ပြသည်။ ဓာတ်ပုံမှာ ပုပ္ပားတောင်ကို နောက်ခံထားလျက် ဝတ်ဖြူစင်ကြယ်နှင့် အဘိုးကြီးက လက်တစ်ဖက်က တောင်ဝှေး၊ ကျန်လက်တစ်ဖက်က ပုတီးကိုကိုင်လျက် လူရွယ်နှင့် တွဲလျက်ရိုက်ထားသော ဓာတ်ပုံဖြစ်သည်။

'မင်းနာမည်က'

'အောင်မောင်းပါ'

လူရွယ်က မှတ်ပုံတင်ကို ထုတ်ပြလိုက်သည်။ ဒေါ်အိုဇာသည် မှတ်ပုံတင်ကိုကြည့်ပြီး အောင်မောင်းကို လက်ခံလိုက်သည်။

'မင်းက အဘဦးရွှေဖျိုင်းနဲ့ အတူနေတာလား'

'ဟုတ်ပါတယ်ခင်ဗျာ။ သူက လိုက်လာမယ်ပြောပြီး ကျွန်တော့်ကို အရင်လွှတ်လိုက်လို့ ကျွန်တော် ဆေးမြစ်ရှာရင်း အရင် ထွက်လာခဲ့တာပါ'

'မင်းက အဘဦးရွှေဖျိုင်းရဲ့ တပည့်ပါပြောရင် ပြီးပါတယ်ကွယ်။ အဘက တို့နဲ့ ရင်းနှီးပါတယ်။ ဒီဆိုင်ကို တစ်နှစ်တစ်ခေါက် မှန်မှန်ရောက်ပါတယ်'

ဒေါ်အိုဇာသည် ပြောပြောဆိုဆို အခန်းအမှတ်(၁၃) သော့ကို ထုတ်ပေးလိုက်သည်။ အောင်မောင်းသည် သော့ကို ယူလျက် အခန်း(၁၃)ကို ရှာဖွေခဲ့ရာ နောက်ဆုံးအစွန်ခန်းရောက်မှ တွေ့ရသည်။ အခန်းဖွင့်ပြီး အထဲသို့ ဝင်ခဲ့သည်။ အခန်းအမှတ်(၁၃)နှင့် မျက်နှာချင်းဆိုင်တွင် ရေချိုးခန်းနှင့် အိမ်သာရှိသည်။ အခန်းမှာ ရှင်းနေပါသည်။ ခုတင် တစ်လုံး၊ သင်ဖြူးဖျာ၊ ခေါင်းအုံး တစ်လုံး၊ စောင်တစ်ထည်သာ တွေ့ရသည်။ အောင်မောင်းသည် ရေချိုးရန် ရေချိုးခန်းသို့ ထွက်ခဲ့သည်။ ရေချိုးပြီး ရေချိုးခန်းက ထွက်လိုက်သည်နှင့် လူနှစ်ဦးက စတင်၍ နှုတ်ဆက်ပါသည်။

'မိတ်ဆွေက ဒီအခန်းမှာ တည်းမှာလား'

'ဟုတ်ပါတယ်'

'ဒီတစ်ညတည်းလား'

'ကြာချင် ကြာမယ်'

'ကျုပ်က အခန်း(၁၂)ကပါ။ ခင်ဗျားသတ္တိကိုတော့ ချီးကျူးတယ်။ ကျွန်တော်က အခန်း(၁၂)မှာ မဖြစ်မနေ အခန်းမရလို့ နေရတာ။ ညဘက်မှာတော့ အခန်း(၁၃)က အသံတွေ ကြားရတယ်။ ခင်ဗျားရောက်လာတော့ အားရှိလိုက်တာဗျာ။ ကျုပ်ပြန်ရင် ကျုပ်အခန်း ပြောင်းနေပေါ့'

'ရပါတယ်။ ကျွန်တော် မကြောက်ပါဘူး။ ခင်ဗျားတို့ ဒီညကစပြီး စိတ်ချလက်ချသာ အိပ်ကြပါ'

'ဝမ်းသာတယ်ဗျာ။ ကျုပ်တို့က ညဘက်ဆို အိမ်သာတောင် မသွားရဲတာ။ ဒီအနီးအနား အခန်းက လူတွေအတွက် အားရှိသွားတာပေါ့'

'ကျွန်တော်က ဒါတွေ အယုံအကြည် မရှိတော့ မကြောက်တတ်ပါဘူး။ သူတို့က ခြောက်လှန့်ချင် ခြောက်ပါစေ၊ ဂရုမစိုက်ပါဘူး'

www.burmeseclassic.com

www.burmeseclassic.com

သူတို့ကိုရှင်းပြပြီး အောင်မောင်း အခန်းထဲ ဝင်ခဲ့သည်။

အောင်မောင်းသည် နောက်နေ့တွင် နံနက်စောစော အိပ်ရာက ထကာ ကြိုတင်မှာထားသော နံနက်စာကို အဝစားပြီး တောထဲသို့ ထွက်ခဲ့သည်။ အခြားအခန်းများက လူများ နိုးလာသောအခါ အောင်မောင်းမရှိတော့သဖြင့် အခန်းအမှတ်(၁၃)၏အကြောင်း မေးခွင့်မရနိုင်တော့ပါ။

တစ်နေ့လုံး တောထဲသို့သွားနေပြီး ညဆယ်နာရီခန့်မှ ပြန် ရောက်လာကာ အသင့်မှာထားသော ညစာကို အခန်းထဲမှာ စားလိုက်ပါသည်။ နောက်နေ့တွင်လည်း နံနက်စောစော တည်းခိုခန်းမှထွက်ကာ ညမှ ပြန်ရောက်သဖြင့် အခြားသူများနှင့် တွေ့ဆုံခွင့် မရပါ။ ဒေါ်အိုဇာ ပြောပြချက်အရသာ အောင်မောင်း ညဘက် ပြန်လာကြောင်း သိရခြင်း ဖြစ်သည်။

ဒေါ်အိုဇာသည် သူကိုးကွယ်သော အဘဦးရွှေဖျိုး၏ တပည့်တစ်ဦးဖြစ်၍ အောင်မောင်း လိုအပ်သမျှ အားလုံး ဖြည့်ဆည်းပေးခဲ့ရသည်။ ပိုင်ရှင် ဒေါ်အိုဇာကိုယ်တိုင်က လေးလေးစားစား ဆက်ဆံသဖြင့် အခြားလူများကလည်း အောင်မောင်းကို ဂရုတစိုက် ရှိနေကြပါသည်။

အောင်မောင်း တည်းခိုခန်းသို့ရောက်လာပြီး ခြောက်ရက်မြောက်နေ့တွင် အံ့သြဖွယ် သတင်းတစ်ရပ်ကို ကြားရတော့သည်။ နံနက်စောစော ဆုံစည်းရာဆိုင် ဖွင့်လိုက်သည်နှင့် အင်ကြင်းမြိုင်ရွာသားများဖြစ်သည့် ထူးအံ့၊ စံသာနှင့် ငပွားတို့ သုံးယောက် ရောက်ရှိလာပါသည်။ ထိုရွာသားများမှာ ဆိုင်ရှင် ကိုလှနှင့် သူငယ်ချင်းများဖြစ်၍ ရင်းနှီးနေသူများပီပီ သိလိုသမျှကို မေးမြန်းကြသည်။

'အခန်းအမှတ်(၁၃)မှာ တည်းနေတဲ့ ဧည့်သည် ရှိသလား'

'ကိုအောင်မောင်းလား၊ ရှိပါတယ်'

'ရှိရင် သူ့ကို ခဏတွေ့ပါရစေဗျာ'

'အခုတော့ မရှိတော့ဘူး။ သူက နံနက်စောစော တောထဲကို ထွက်သွားပြီ'

'ညက သူ ဒီမှာ ပြန်အိပ်သလား'

'ဟုတ်ကဲ့၊ အိပ်ပါတယ်။ သူ့အတွက် ချန်ထားပေးတဲ့ ညစာကို သူ့အခန်းမှာ ယူစားပါတယ်'

'သည်မနက်ရော ဒီတည်းခိုခန်းက ထွက်သွားတာ သေချာရဲ့လား'

'သေချာပါတယ်ဗျာ။ သူ့အတွက် နံနက်စာ စီစဉ်ပေးလိုက်ရတာပဲ'

'ခင်ဗျားကိုယ်တိုင်ရော ကိုအောင်မောင်းကို တွေ့ရဲ့လား'

'တွေ့တာပေါ့ဗျာ။ ကျုပ်ကိုတောင် နှုတ်ဆက်သွားသေးတယ်'

ဆိုင်ရှင် ကိုလှ၏ ဖြေကြားချက်များကို နားထောင်နေကြသော်လည်း ထိုလူသုံးယောက်မှာ ယုံကြည်မှုမရှိသဖြင့် ကျေနပ်ဟန်မရှိလှ။

သူတို့သုံးယောက်အနက် ကိုစံသာက ပြောပါသည်။

'ဒီလို ကိုလှရဲ့၊ ခင်ဗျားကို အထပ်ထပ်မေးလို့ စိတ်မရှိပါနဲ့ဗျာ။ ကျုပ်တို့သုံးယောက်က တောထဲမှာ သစ်ခုတ်တော့ အဲဒီ ကိုအောင်မောင်းကို နေ့တိုင်း တောထဲမှာ တွေ့လို့ မှတ်မိနေတာ'

'ဟုတ်တယ်လေ၊ ကိုအောင်မောင်းက နေ့တိုင်း တောထဲသွားတော့ ခင်ဗျားတို့နဲ့တွေ့တာ ဘာဆန်းလို့လဲဗျာ'

'အေး··ဟုတ်တယ်။ အခု ဆန်းတဲ့အကြောင်း ပြောချင်တယ်'

'ဟုတ်ပါတယ် ကိုလှ၊ ကျုပ်တို့သုံးယောက် တောထဲကို နေ့တိုင်း သစ်ခုတ်သွားရတော့ ကိုအောင်မောင်းကို တွေ့နေရတယ်။ သူ ဒီတည်းခိုခန်း အခန်း(၁၃)မှာ တည်းရဲတဲ့လူအဖြစ် မှတ်မိနေခဲ့တာပါ။ မနေ့က ညနေ ကျုပ်တို့ အလုပ်ကအပြန် သစ်ပင်ကြီးတစ်ပင်လဲကျပြီး ကိုအောင်မောင်းကိုယ်ပေါ်မှာ ပိနေလို့ အသက်ရှင်လိုရှင်ငြား သူ့ကို သစ်ပင်အောက်က ခဲရာခဲဆစ် ဆွဲထုတ်ကြတယ်။ ဒါပေမဲ့ သူ အသက်မရှိတော့ပါဘူး'

ကိုစံသာက သူတို့အတွေ့အကြုံကို ပြောပြခြင်း ဖြစ်ပါသည်။

'မဟုတ်သေးဘူး။ တစ်ခုခုတော့ မှားနေပြီထင်တယ်။ ကိုအောင်မောင်း ညက ပြန်လာတယ်ဗျ။ ဒီမနက် စောစော ပြန်ထွက်သွားတာကိုလည်း သေသေချာချာ မြင်လိုက်ရတယ်'

'ကိုလှပြောလို့သာ ကြားရတယ်။ ယုံဖို့ ခက်နေတယ်။ အခု ကျုပ်တို့ တောထဲသွားမှာပဲ။ သေချာတဲ့အကြောင်း အပြန်ဝင်ပြောပါ့မယ်။ ကဲ··ကျုပ်တို့ သွားပြီ'

www.burmeseclassic.com

www.burmeseclassic.com

ထူးအံ့တို့ သုံးယောက်က ကိုလှကို နှုတ်ဆက်ပြီး တောဘက်သို့ ထွက်သွားကြသည်။ ကိုလှက သူတို့သုံးယောက်၏ ပြောစကားကို လုံးဝအယုံအကြည်မရှိသဖြင့် စိတ်ထဲ အမှတ်မထားဘဲ လုပ်စရာရှိသည့် အလုပ်များကို ဆက်လုပ်နေခဲ့သည်။

ထိုနေ့ ညက ကိုစံသာတို့ သုံးယောက်ကို မျှော်ကြည့်သော်လည်း လုံးဝလာရောက်တာမရှိဘဲ မိုးချုပ်ချိန်တွင် ကိုအောင်မောင်း ပြန်လာသည်ကိုသာ တွေ့ရပါသည်။ ကိုစံသာတို့ သုံးယောက် လူမှား၍မြင်ခြင်း ဖြစ်ရမည်ဟု ယူဆလိုက်ရသည်။ သူတို့ ပြောကြားချက်များမှာ ယုံကြည်စရာ မရှိသည့်အတွက် ထိုအကြောင်းကို မည်သူ့ကိုမှ မပြောတော့ဘဲ မေ့ပျောက်လိုက်ရသည်။

ကိုအောင်မောင်းမှာ ညစဉ် ပုံမှန်ပြန်လာမြဲ ဖြစ်ပါသည်။ တစ်နေ့ ဆိုင်အလုပ်သမား ဘကြီးမှုန်ထံမှ ထူးဆန်းသော စကားကို ကြားလိုက်ရသည်။

'မောင်လှ ညက အိုးထဲမှာကျန်တဲ့ ဝက်သားဟင်းတွေ လုံးဝမရှိတော့ဘူး။ အိုးထဲက ဟင်းကို တစ်ယောက်ယောက် စားသွားပုံရတယ်'

'ဘကြီးမှုန် ဒီအခန်းထဲမှာ ရှိနေတာပဲ။ ဘကြီးမှုန် မတွေ့လိုက်ဘူးလား'

'မတွေ့လိုက်လို့ပါကွယ်'

'နောက် အဲဒီလိုမဖြစ်အောင် ဂရုပြုပေါ့ဗျာ'

ထိုကိစ္စသည် ထိုနေရာတွင် မပြီးပြတ်နိုင်။ နောက်နေ့တွင် အလားတူ ပြဿနာများကို ကြားရပြန်သည်။ ညဘက် ဟင်းအိုးမှဟင်းများ ပျောက်မြဲ ပျောက်နေပါသည်။ ဟင်းပျောက်သည်ထက် ဟင်းအိုးတွင် ပြောင်လက်အောင် စားသွားသဖြင့် ခွေးများ ဝင်စားသည်ဟု ထင်ရသည်။ ထိုပြဿနာ၏ အဖြေကို ဖော်ထုတ်မှ ဖြစ်တော့မည်။ သူခိုးကို စောင့်ဖမ်းရန် အလုပ်သမားများနှင့် တိုင်ပင်ကြသည်။

သူခိုးဖမ်းမည့် လူအားလုံး မှောင်ရိပ်တွင် အသီးသီး စောင့်ကြည့်နေကြသည်။ ည(၁၂)နာရီအထိ မည်သည့် ထူးခြားချက်မှ မတွေ့ရဘဲ ခြင်ကိုက်ခြင်းကိုသာ အလူးအလဲ …နကြရသည်။ ဘကြီးမှုန်က ကိုလှကို အားနာသဖြင့် ပြောလိုက်သည်။

'မောင်လှ‥မင်း နားလိုက်၊ တို့တွေအားလုံး ရှိနေတာပဲ။ သူခိုးလာရင် မိရမှာပါ။ ထူးခြားရင် မင်းကို ပြောပါ့မယ်'

ကိုလှသည် ကုလားထိုင်တစ်လုံးကိုချ၍ စောင်ပါးလေးတစ်ထည်ကိုခြုံကာ မျက်စိမှိတ်ပြီး မှေးနေခဲ့သည်။ မည်မျှကြာအောင် အိပ်ပျော်သွားသည် မသိရပါ။ သူ့ကို တစ်စုံတစ်ယောက်က လှုပ်နှိုးနေသဖြင့် လန့်သွားပါသည်။

'မောင်လှ‥ထ‥ထ‥ဆိုင်ထဲကို သူခိုးဝင်သွားပြီ'

ဘကြီးမှုန်၏ စကားသံကြောင့် ကိုလှက လက်ထဲက ဓာတ်မီးကို ဆုပ်ကိုင်ရင်း ထရပ်လိုက်သည်။ သူတို့ အုပ်စု ခြေကိုဖော့နင်းရင်း ဆိုင်ထဲသို့ ဝင်ခဲ့ကြသည်။ အားလုံး ညင်သာစွာ အခန်းထဲ ဝင်ခဲ့ကြသည်။ အခန်းထဲသို့ အားလုံးရောက်သည်နှင့် ဘကြီးမှုန်က မီးခလုတ်ကို ဖွင့်လိုက်ရာ တစ်ခန်းလုံး လင်းထိန်သွားပါသည်။ မြင်လိုက်ရသည့် မြင်ကွင်းက အံ့သြစရာကောင်းပါသည်။ ဟင်းအိုးကြီးကို ဖွင့်၍ အားပါးတရ စားသောက်နေသူတစ်ဦးကို တွေ့လိုက်ရသည်။ ကျောခိုင်းပြီး စားသောက်နေသဖြင့် မျက်နှာကို မမြင်ရဘဲ ဖြစ်နေစဉ် ရုတ်တရက် မီးလင်းလာသဖြင့် စားသောက်နေသူမှာ စားလက်စ ဒန်အိုးကို ပစ်ချခဲ့ပြီး တည်းခိုခန်းအပေါ်သို့ ပြေးတက်သွားပါတော့သည်။

ကိုလှသည် ပြေးသွားသူနောက်သို့ ပြေးလိုက်ခဲ့သည်။ ရှေ့က ပြေးသူသည် အခန်းများကျော်ပြီး အမြန်ပြေးနေသည်ကို မြင်ရသည်။ ထိုလူကို မီအောင် မလိုက်နိုင်သော်လည်း သူ၏ ပြေးလမ်းအတိုင်း ဓာတ်မီးနှင့် မျက်ခြည်မပြတ်အောင် ကြည့်ရင်း ပြေး၍လိုက်ခဲ့သည်။ အခန်းအမှတ်(၁၃)သို့ ဝင်ရောက်ပျောက်ကွယ်သွားသည်ကိုသာ နောက်ဆုံး မြင်လိုက်ရပါသည်။ ကိုလှ ငေးငိုင်ကြည့်နေစဉ် ဘကြီးမှုန် ရောက်လာပါသည်။

'မောင်လှ၊ တို့ ဘယ်လိုလုပ်မလဲ။ အခန်းထဲ ဝင်လိုက်မလား'

'မလိုက်ပါနဲ့။ နောက်နေ့ စောင့်ကြည့်ကြတာပေါ့'

'ဒါဆိုလည်း တို့ ပြန်ဆင်းကြမယ်'

ထိုညက ကိုလှရော ဘကြီးမှုန်ပါ လုံးဝအိပ်မပျော်ကြတော့ပါ။ နောက်နေ့ သူခိုးဖမ်းရန် အစီအစဉ် ဆွဲကြသည်။ အခန်း(၁၃)တွင် ယခင်ကတည်းက မကျေပ် မလွတ်သူ ရှိနေကြောင်း သိထားပြီးကြသော်လည်း ယခု

www.burmeseclassic.com

www.burmeseclassic.com

ကဲ့သို့ အစားအသောက် ခိုးစားခြင်း မရှိခဲ့သဖြင့် စဉ်းစားရခက်နေပါသည်။ နောက်ညတွင် ဟင်းအိုးများအားလုံးချထားပြီး သူခိုးကို မိအောင်ဖမ်းရန် ဆုံးဖြတ်လိုက်ကြသည်။

နောက်နေ့ နံနက်စောစောတွင် အောင်မောင်းသည် သွားရိုးသွားစဉ်အတိုင်း တောသို့ ထွက်သွားပါသည်။ အောင်မောင်း ထွက်သွားသည်နှင့် ကိုလှသည် စံသာတို့သုံးယောက်ကို စောင့်မျှော်နေခဲ့သည်။ သူတို့သုံးယောက်မှာ ဆိုင်သို့ မလာသဖြင့် ကိုလှက လိုက်ခေါ်မှ ခြံစပ်တွင် ရပ်နေကြသည်ကို တွေ့ရသည်။

ကိုစံသာက စ၍ပြောပါသည်။

'ထူးဆန်းတာတော့ အမှန်ပဲ။ တို့ မနက်စောစော ရောက်သွားတော့ သစ်ပင်ပိတ်နေရာမှာ လဲကျနေတဲ့ သစ်ပင်က လွဲလို့ ဘာမှမတွေ့ရဘူး။ ဒါကြောင့် တို့လည်း မပြောတတ်အောင် ရှိနေလို့ မင်းကို လာမပြောတာပါ'

ကိုလှအတွက် အံ့သြစရာများကိုသာ ကြားနေပါသည်။

ဆုံစည်းရာတွင် အံ့သြစရာများ ကြုံတွေ့နေရချိန်တွင် အဘ ရောက်လာပါသည်။ အဘဦးရွှေဖျိုင်း ရောက်လာတိုင်း ဘုရားခန်းတွင် နေရာစီစဉ်ပေးနေကျ ဖြစ်သည်။ ဒေါ်အိုဇာသည် အဘကို ကြိုဆိုလိုက်ပြီး ဘုရားခန်းတွင် စီစဉ်ပေးလိုက်သည်။ အဘဦးရွှေဖျိုင်းက ဒေါ်အိုဇာကို ပြောလိုက်သည်။

'မောင်လှနဲ့ ဘိုးမှုန်တို့ ရှိသလား။ သူတို့ကို ခေါ်လိုက်'

လူငယ်လေးတစ်ဦးက သွားခေါ်သဖြင့် ကိုလှနှင့် ဦးဘိုးမှုန်တို့ ရောက်လာသည်။ အားလုံးကိုကြည့်ပြီး အဘက မေးလိုက်သည်။

'အောင်မောင်း ဘယ်မှာလဲ'

ကိုလှနှင့် ဦးဘိုးမှုန်တို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေကြစဉ် ဒေါ်အိုဇာက ဖြေလိုက်သည်။

'အခန်းအမှတ်(၁၃)မှာ တည်းပါတယ် အဘ'

'အခု ရှိသလား။ သွားခေါ်စမ်း'

'အခုတော့ မရှိဘူး အဘ။ တောထဲ သွားနေတယ်။ မိုးချုပ်မှ ပြန်လာမယ်'

ကိုလှက ဝင်၍ ပြောလိုက်သည်။

'အောင်မောင်းအခန်းကို ငါ ကြည့်ချင်တယ်'

ဒေါ်အိုဇာက သော့တွဲယူပြီး ရှေ့ကသွားသဖြင့် အားလုံး နောက်က လိုက်သွားကြသည်။

ဒေါ်အိုဇာက အခန်း(၁၃)ကို ဖွင့်ပြလိုက်သည်။ အဘသည် အခန်းထဲသို့ မဝင်ဘဲ အပြင်ကကြည့်ပြီး စိတ်ပျက်စွာ ခေါင်းခါပြလိုက်သည်။

'ငါထင်တဲ့အတိုင်း ဖြစ်ကုန်ပြီ'

အဘက ပြောလိုက်သော်လည်း မည်သူမှ အဓိပ္ပာယ် မဖော်ပြနိုင်အောင် ရှိနေကြသည်။

'အောင်မောင်း မရှိတော့ဘူး'

အဘက ထပ်ပြောလိုက်သဖြင့် အားလုံးထိတ်လန့်သွားကြသည်။ အဘက ဆက်ပြောပါသည်။

'အောင်မောင်း ရောက်လာပုံက အသက်ရှင်တဲ့ပုံစံမဟုတ်တော့ဘူး။ ဒီကောင် ဒုက္ခရောက်နေပြီဆိုတာသိလို့ ငါ လာကြည့်တာ။ ခုတော့ ငါထင်တဲ့အတိုင်း ဖြစ်နေပြီ။ ငါ့ဆီကို ငိုယိုပြီး ရောက်လာတာကြောင့် ငါ လာခဲ့တာ'

'အောင်မောင်းက မိုးချုပ်မှ ပြန်လာပြီး နံနက်စောစော တောထဲကို ဆေးမြစ်ရှာဖို့ သွားလေ့ရှိပါတယ် အဘ'

ဒေါ်အိုဇာက အဘကို ရှင်းလင်းပြောပြသော်လည်း အဘက လက်မခံပါ။

'အခုလက်ရှိ ရှိနေတာ အောင်မောင်း မဟုတ်တော့ဘူး။ အောင်မောင်းအယောင်ဆောင်ထားတဲ့ နာနာဘာဝပဲ'

'ဗျာ'

မောင်လှက အံ့အားသင့်သွားပါသည်။

'အောင်မောင်း သေပြီဆိုတာ မင်းတို့ မသိကြဘူးလား'

အဘကို မည်သူမှ ပြန်မပြောနိုင်တော့ဘူး။ မောင်လှနှင့် ဦးဘိုးမှုန်တို့ တစ်ဦးကိုတစ်ဦး အဓိပ္ပာယ်ရှိသော အကြည့်နှင့် ကြည့်နေကြမိသည်။

'အေး‥မနက်ရောက်ရင် အဖြစ်မှန်ကို အားလုံးတွေ့ကြရတော့မှာပါ။ ကဲ‥မောင်လှက ဟောဒီပြာတွေကို အောင်မောင်းအိပ်ရာပေါ်မှာ ဖြူးထားလိုက်ပါ။ ဒီည ဟိုကောင် ပြန်လာပြီး ဒီအိပ်ရာမှာအိပ်ရင် မိုးလင်းမှာ ရှင်းလုံးပေါ်မှာပဲ'

မောင်လှက အဘပေးသည့် ပြာများကို ယူသွားပြီး အိပ်ရာပေါ် ဖြူးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

'အောင်မောင်း ညပြန်လာရင် အဘ သူ့ကို တွေ့ချင်သေးသလား'

'အောင်မောင်းမဟုတ်တဲ့ နာနာဘာဝကောင်ကို တွေ့ရော မလိုဘူး'

အဘသည် ဘုရားခန်းသို့ ဝင်သွားပါသည်။

ထိုညက အောင်မောင်း ညဦးနက်မှ ပြန်ရောက်လာသည်။ ကိုလှနှင့် ဦးဘိုးမှန်တို့က သတိထားကြည့်နေသည်။ ညနစ်နာရီခန့်တွင် ဟင်းအိုးကို လာရောက်စားနေသော အောင်မောင်းကို သူ့တို့ ဘာမှမလုပ်ကြဘဲ ငေးကြည့်နေကြသည်။

နောက်နေ့ နံနက်စောစော အခန်း(၁၃)ကို အားလုံး အာရုံစိုက်၍ ကြည့်နေကြပါသည်။ ထူးခြားချက်မှာ အောင်မောင်း အခန်းထဲက လုံးဝထွက်မလာခြင်း ဖြစ်သည်။ ခြောက်နာရီထိုးသော်လည်း အခန်းထဲက အောင်မောင်း ထွက်မလာ၊ ခုနစ်နာရီတွင်လည်းမလာ။

ရှစ်နာရီ ထိုးသည်နှင့် အဘက ဦးဆောင်ပြီး အောင်မောင်း၏ အခန်းသို့ သွားခဲ့သည်။ ဒေါ်အိုဇာက အခန်းတံခါးကို ဖွင့်လိုက်သည်နှင့် အလွန်ဆိုးဝါးလှသော အပုပ်နံ့က ထွက်လာသည်။ ထိုအပုပ်နံ့၏ဒဏ်ကို မည်သူမျှ မခံနိုင်အောင် ရှိနေကြသည်။ အဘက အားလုံးကို ရှင်းပြလိုက်ပါသည်။

'ကဲ..တွေ့ကြ မြင်ကြရပြီ မဟုတ်လား။ အောင်မောင်း အစစ်က မရှိတော့ဘူး။ အောင်မောင်းရဲ့ ခန္ဓာကိုယ်မှာ တွဲကပ်ပြီး လိုက်လာတဲ့ ဒီနာနာဘာဝကောင်က စားချင် သောက်ချင်လို့ လူအယောင်ဆောင်နေတာ။ ကျုပ်တို့ အချိန်မီ သိလိုက်ရလို့ တော်သေးတာ။ မသိရရင် သူ ဘယ်လောက်စားသောက်နေမလဲဆိုတာ မှန်းဆကြည့်ကြတော့။ ကဲ..ဒီကိစ္စ ဒီမှာပြီးပြီ။ မနက်ဖြန် ဒီအခန်းမှာ အောင်မောင်းကို ရည်စူးပြီး ဘုန်းကြီးငါးပါးပင့်ပြီး ဆွမ်းကပ် အမျှဝေဖို့ စီစဉ်ကြပေတော့'

အားလုံးကိုပြောပြီး အဘ ဘုရားခန်းသို့ ဝင်သွားပါသည်။ ကျန်လူများမှာ စကားမပြောနိုင်လောက်အောင် ထိတ်လန့်တုန်လှုပ်လျက် ရှိနေကြပါတော့သည်။

ကောင်းသော်


# ဆရာကြီးရာဇာဇော်ဝင်း(LL.B)

နာမည်ပေးကင်ပွန်းတပ် နက္ခတ္တဗေဒအကြားအမြင် လျှို့ဝှက်နက်နဲသောပညာဖြင့် အနာဂတ်ဟောကိန်းများ



ရင်သွေးငယ်များ နာမည်ပေးခြင်း၊ ကင်ပွန်းတပ်ရက် အခမဲ့ရွေးပေးခြင်း၊ ရှေးမှုမပျက် နာမည်လှလှလေးများ ရွေးချယ်ပေးခြင်း၊ ရင်သွေးငယ်များ ဘဝတစ်သက်တာဟောစာတမ်း၊ ကုမ္ပဏီများ နာမည်ရွေးခြင်း၊ ကုန်အမှတ်တံဆိပ်များ၊ အောက်ခံအရောင်စာလုံးများ၊ ကုမ္ပဏီဖွင့်ပွဲ အချိန်၊ နာရီ၊ နေ့ရက်များ၊ မြန်မာဇာတာ၊ အင်္ဂလိပ်ဇာတာ၊ မြန်မာဟောစာတမ်း၊ အင်္ဂလိပ်ဟောစာတမ်း၊ နိုင်ငံခြားမှ မြန်မာများအတွက် နာမည်ပေးခြင်း စသည့် နာမည်ပေး ပါရဂူ ဆရာကြီးတစ်ဦးဖြစ်ပါသည်။ (ဉာဏ်ပူဇော်ခ ၇၀၀၀-ကျပ်) သံတမန်ဝန်ထမ်း အင်္ဂလိပ် နာမည်နှင့် မိဘနာမည် တွဲဖက်၍ အထူးဆောင်ရွက်ပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များ ခွဲစိတ်မွေးဖွားမည့် ရက်ကောင်းရက်မြတ်ကို နာရီ၊ မိနစ်၊ စက္ကန့် အပါအဝင် လိုအပ်သောယတြာများ OG ဆရာဝန်နှင့် တိုင်ပင်ပြီးပါက ဆက်သွယ်နိုင်သည်။ လူကြီးများအတွက် ရက်၊ လ၊ နှစ် ပိုင်းခြားထားသော ဟောစာတမ်းများ လက္ခဏာဖြင့်ဟောခြင်း၊ နိုင်ငံခြားသင်္ဘောသားများ လိုင်းကောင်းကောင်းရစေရန်၊ နိုင်ငံခြားသွားသူများ မိမိရောက်သည့်နိုင်ငံတွင် အဆင်ပြေစေရန်၊ ချစ်သူမောင်နှံများ စုံတွဲဇာတာ စစ်ဆေးခြင်း၊ အကြွေးပြန်ရစေရန် အမှုနိုင်/မနိုင်၊ ပညာရေး ထူးချွန်မှုရှိ/မရှိ၊ အိမ်ထောင်ရေးတွင် အနှောင့်အယှက်များ ဖယ်ရှားပေးခြင်း၊ ရုပ်ရည်ချောမောသော်လည်း အဆင်မပြေဖြစ်နေသည့် လူပျိုကြီး၊အပျိုကြီးများ ကံပွင့်အောင်ပြုလုပ်ခြင်း၊ အိမ်၊ မြေ၊ကား ရောင်းထွက်စေရန် ဆောင်ရွက်ပေးခြင်း၊ အင်းပညာ၊ ဝိဇ္ဇာအစီအရင်ပညာ၊ ဓာတ်ရိုက် ဓာတ်ဆင်ပညာများဖြင့် ဆရာ့ထံရောက်လျှင် သင် အောင်မြင်စေရမည်ဟု မှတ်ပါ။ (နှုတ်ဟောဉာဏ်ပူဇော်ခ ၅၀၀၀-ကျပ်) နာမည်ပေးခြင်းနှင့် ဟောစာတမ်းများ ဒီနေ့အပ်လျှင် မနက်ဖြန်ရမည်။ နယ်သို့ VPL ဖြင့်လည်းကောင်း၊ ဘဏ်မှ ငွေလွှဲလျှင် ချက်ချင်းပို့ပေးမည်။ နယ်မှ မွေးသက္ကရာဇ်၊ နေရပ်လိပ်စာ ဖော်ပြ၍ မေးမြန်းနိုင်ပါသည်။ ရန်ကုန်မြို့အတွင်း နာမည်ပေးနှင့် ဟောစာတမ်းများကို ငွေကြိုပေးစရာ မလိုဘဲ ပို့ပေးမည်။ ဖုန်းသာ ဆက်လိုက်ပါ။ အမှတ်-၁၀၉(A)(မြေညီထပ်)၊ (၉၄)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ (ပိတ်ရက်မရှိ)

☎ (01)394727, (01)399426, 📱 09 7300 9994, 09 51 52521

www.burmeseclassic.com

# အာကာသ (သာစည်)

# ခံဆူးခံချွန် ဆီးဆူးဆီးချွန်



သမုန်းပင်ရွာတွင်နေသော ဆေးကုဆရာကြီး ဦးမြကို တစ်ရွာလုံးက မဆိုထားနှင့်၊ ရွာနီးချုပ်စပ်များကပါ မသိသူ မရှိကြပေ။ ဆေးကုဆရာဆို၍ တိုင်းရင်းဆေးဆရာ၊ ဆရာဝန်၊ ဆေးမှူး အစရှိသည်ထဲကတော့မဟုတ်။ အထက်လမ်းပညာ မည်ကာမတ္တနှင့် ဂါထာမန္တန် မန်းမှုတ်ပြီး ပယောဂကုသောဆရာ ဖြစ်သည်။

အသက်ငါးဆယ်ခန့်ရှိသော ဦးမြသည် အသားဖြူဖြူ ဒေါင်ကောင်းကောင်း ချည်တဘက်ကြီး ခေါင်းပေါင်း၍ ချည်တိုက်ပုံ ဝါကြန့်ကြန့်အား အဝတ်များလေ့ရှိသည်။ နှစ်နံစပ် ချည်ပုဆိုးခပ်မှိန်မှိန် ဖိုးရိုးဖားရားကိုဝတ်၍ လက်ထဲတွင် တုတ်ကောက်တစ်ချောင်းကလည်း ပါလိုက်သေးသည်။

ဦးမြ လမ်းသွားလျှင် ခေါင်းကိုစိုက်၍ ဆိုးဆိုးဆတ်ဆတ် သွားတတ်ပြီး လမ်းသွားရင်းနှင့် မည်သူ့ကိုမှ နှုတ်ဆက်ခြင်း၊ စကားစမြည်ပြောဆိုခြင်းအလေ့ မပြုလုပ်ပေ။ အစဉ်းမသိသူ တချို့တလေက "မင်းကြီးမြ..ဘယ်သွားမှာတုံး" ဟု လူမှုရေးသဘောအရ နှုတ်ဆက်သည်ပင် မကြိုက်ချင်။ အပူသီးသော ဦးမြကား နေရာတင် တန့်ခနဲရပ်ပြီး ချက်ချင်း လှည့်ပြန်သွားတတ်သည်။

ဆေးကုဆရာကြီး ဦးမြသည် စုန်း၊ ကဝေ၊ ဇော်ဂနီတို့ကို နိုင်သည်ဟူ၍ ကျော်စောလျက်ရှိ၏။ ဇောက်တီးဇောက်ထိုးနိုင်သော ဦးမြကား လူနာအား ခပ်ကြမ်းကြမ်းဆက်ဆံ၍ ဥုံဖွမန်းမှုတ်တန်မှုတ်၊ မဟုတ်လျှင် ပါသောတုတ်နှင့် ရိုက်တန်လျှင် ရိုက်ပစ်တတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



စုန်း၊ ကဝေတို့ကား လူကိုသာ ပြုစားနိုင်ကြသည် မဟုတ်ဘဲ လူတို့ပိုင်ဆိုင်သော လယ်ယာ၊ ချောင်းမြောင်း၊ ကျွဲ၊ နွားများကိုလည်း ပြုစားနိုင်သည် ဆို၏။ ရေကြီး မိုးခေါင် သီးနှံခင်းများ ပျက်စီးအောင်နှင့် လူကို တိရစ္ဆာန် ဖြစ်သည်အထိ ဖန်တီးနိုင်ကြသည် ဆိုကုန်၏။

ရောမခေတ် မတိုင်မီကပင် နှစ်ပေါင်းများစွာကစ၍ အီဂျစ်ပြည်တွင် စုန်းအတတ်ထွန်းကားခဲ့သည်ဟု ဆိုကြ၏။ စုန်းအတတ်ကို တတ်သူတို့အား ရာဇဝတ်မှု ကျူးလွန်သည်ဟူ၍ ပညတ်ထား၏။ စုန်းဟုတ်သည်၊ မဟုတ်သည်ကို အပ်ဖြင့်ထိုးပြီး စမ်းသပ်ကာ သိနိုင်သည်ဟု ဆို၏။ စုန်းဖြစ်လျှင် စုန်း၏ကိုယ်ပေါ်တွင် အပ်ရာထင် ကျန်ခဲ့စေကာမူ နာကျင်ခြင်းမရှိဟု ဆိုသည်။

စုန်းတို့ကို အမေရိကန်ပြည်ထောင်စု၊ ဆေလမ်မြို့တွင် မျှရိတန်ဂိုဏ်းဝင်တို့က စီရင်ကြသည်။ ဂျာမနီ၊ အင်္ဂလန်၊ ပြင်သစ်၊ စပိန်နှင့် အီတလီနိုင်ငံတို့တွင်လည်း ဝတ်ကျောင်းများ၌ စီရင်လေ့ရှိကြသည်။ ပူးကပ်ခြင်း ခံရသူတို့သည် နတ်မိစ္ဆာအမည်ကို အလွယ်တကူ အော်နိုင်သော်လည်း ဘုရားရှင်၏ အမည်ကိုမူ မဆိုနိုင်ကြောင်း တွေ့ရသည်။

မြန်မာတို့၏ ရှေးဟောင်းအယူတွင် စုန်းသည် အရောင်အဝါတောက်ပ၍ လူကို ဖမ်းစားနိုင်သော တန်ခိုးရှိသည်ဟု ယုံကြည်ကြသည်။ ခြေစုန်း၊ ခေါင်းစုန်း၊ ကိုယ်စုန်း၊ မောက်လုံးစုန်း၊ မောက်ပြားစုန်း၊ အိန္ဒိတလိန့်စုန်းနှင့် ကဝေမြောက်စုန်းဟူ၍ ခုနစ်မျိုးရှိသည်။

ခြေစုန်းသည် သစ်သီးသစ်ပွင့်ကိုသာ စား၍ ခြေနှင့် ခြေရာကို ကိုယ်တိုင်ကိုင်ရမှ ဖမ်းစားနိုင်သည်ဖြစ်သဖြင့် ရှာသူဟု ခေါ်၏။ ခေါင်းစုန်းသည် သစ်သီးမှည့်၊ အချို အချဉ်ကိုစား၍ အရိပ်ကိုလည်းကောင်း၊ ခြေရာသော်လည်းကောင်း ကိုယ်တိုင်ထိရမှ ဖမ်းစားနိုင်၍ နဖူးသာပ်ဟု

www.burmeseclassic.com

ခေါ်၏။ ကိုယ်စုန်းကား မစင်ချေးခြောက်ကိုသာ စားပြီး အရိပ်ကိုသော်လည်းကောင်း၊ ကိုယ်ကိုသော်လည်းကောင်း၊ ကိုယ်တိုင်ထိရမှ ဖမ်းစားနိုင်သဖြင့် ဆင်ကွပ်ဟုလည်း ခေါ်ကြ၏။

မောက်လုံးစုန်းသည် အသွေး၊ အသား၊ အရေကို စားသောက်၍ ကိုယ်တိုင် မြင်ရ၊ ထိရ၊ နမ်းရှုပ်ရမှ ဖမ်းစားနိုင်ပြီး စုန်းဟုပဲ ခေါ်ကြ၏။ မောက်ပြားစုန်းကား အသည်း၊ အူ၊ အမြစ်တို စား၍ မောက်လုံးစုန်းကဲ့သို့ ကိုယ်တိုင် မြင်ရ၊ ထိရ၊ နမ်းရှုပ်ရမှသာ ဖမ်းစားနိုင်သဖြင့် ရှာသမီးဟု ခေါ်ကြ၏။

အိန္ဒတလိန္ဒစုန်းသည်ကား အကြော်အလျော် အဆိမ့်ကို စား၍ အမည်နာမသိရုံမျှနှင့် ခိမိလက်အောက် (၃၇) မင်းနတ်တို့ကို စေပါးခိုင်းခန့် ဖမ်းစားနိုင်ပြီး ဓော်ဂနီဟု ခေါ်၏။ ကဝေမြောက်စုန်းကမူ လူ့သွေး၊ လူသား၊ လူရိုးတို့ကို စား၍ အမည်နာမသိရုံမျှဖြင့် မိမိလက်အောက်နတ်တို့ကို စေပါးခိုင်းနိုင်သဖြင့် ကဝေဟုပဲ ခေါ်ဝေါ်ကြသည်။

ခြေစုန်း၊ ခေါင်းစုန်း၊ ကိုယ်စုန်းတို့သည် လူကို သေအောင်အထိ မဖမ်းစားနိုင်ဘဲ ကျန်စုန်းများကသာ လူကို သေစေသည်အထိ ဖမ်းစားနိုင်သည်ဟု ဆိုကြ၏။ ခြေစုန်း၊ ခေါင်းစုန်း၊ ကိုယ်စုန်း၊ မောက်လုံးစုန်း၊ မောက်ပြားစုန်းတို့သည် ယင်းတို့ ကိုးကွယ်ရာနတ် မရှိသဖြင့် ကိုယ်တိုင်သာ ဖမ်းစားကြရ၏။ အိန္ဒတလိန္ဒစုန်းနှင့် ကဝေမြောက်စုန်းတို့ကမူ အထူးကိုးကွယ်သောနတ်များ ရှိခြင်းကြောင့် ယင်းနတ်တို့ကို စေစား၍ ဖမ်းစားနိုင်သည်ဟု ဆို၏။

ဤကား ဦးမြ ပြောလေ့ပြောထရှိသော စုန်းနှင့်ပတ်သက်သည့် စကားများဖြစ်၏။ ဦးမြသည် သူဝါသနာပါသော ပညာဖြင့် စုန်း၊ ကဝေ အစရှိသည်တို့အကြောင်း ပြောနေရလျှင် ကွမ်းဝါးမေ့၊ ထမင်းစားမေ့၊ မစားရ ဝစချင့်ဖွယ် ပြောလေ့ရှိသည်။

ရပ်ထဲ ရွာထဲတွင် စုန်းမျိုးဟူပြီး မလှစုန်းယိုး မရှိခိုးနိုးနှင့် ယိုးစွပ်ခံရသူ တချို့တလေရှိရာ ဆွေစဉ်မျိုးဆက်အလိုက် ဖယ်ကြဉ်ခြင်း ခံနေကြရသည်။ အများတကာက သူတို့ကို အရောတဝင်မလုပ်ကြဘဲ ဆက်ဆံခြင်း မပြုကြပေ။ တတ်နိုင်သမျှရှောင်၍ ပေးစရာရှိပေးပြီး ကျွေးစရာရှိ ကျွေးကြသော်လည်း သူတို့က ကျွေးသောအစားအစာကိုမူ ဘာသိဘာသာ မသိကျိုးကျွန်ပြုကာနေပြီး မစားဘဲနေကြသည်။

ခက်သည်က စုန်းတတ်သည်ဟု ပြောဆိုခံရနေသူများကလည်း စကားစမြည်ပြောလျှင် တို့ပြုပြီး ပြောရမှာ အားရသည်လားမသိ။ လူချင်းတွေ့လျှင် တို့ချင်၊ ကလေးမြင် ခေါင်းပုတ်၊ ထိပ်ပုတ် လုပ်ချင်ကြ၏။ တချို့လည်း ပြုစားမခံရအောင်ဆိုပြီး တန်ပြန်သည်ဆိုကာ လာတို့သောလက်ကို ပုတ်ချပစ်၊ ပြန်တို့ပစ်ကြသည်။

တစ်အိမ်အိမ်တွင် နေထိုင်မကောင်း မကျန်းမမာရှိပြီဆိုလျှင် လူနာမေး လာသလိုလိုနှင့် တငုတ်တုတ်တုတ်ထိုင်ကာ ရှေ့နားက သူတို့ လူနာရှင် ကြိုက်မှန်းမသိ မကြိုက်မှန်းသိ အခွင့်သာသည်နှင့် လူနာကို ဟိုစမ်းဒီစမ်း လုပ်ချင်ကြသေး၏။ အထင်ရှားဆုံးကား အသုဘရှိသော နေရာဆို သူတို့ မခွာကြတော့။ လက်ဝါးချင်း တဖြန်းဖြန်းရိုက်၍ အပူသည်လုပ်ကာ ငိုပြတတ်ကြလေသည်။

ပါတီ၊ ကောင်စီခေတ်က ဖြစ်သည်။ အမုန်းပင်အုပ်စု ရွာတွင် ဥက္ကဋ္ဌဖြစ်သော ဦးတင်မြင့်သည် လုပ်ငန်းကိစ္စ ပြီးစီး၍ မိုးကြီးစုန်းစုန်းချုပ်မှ ရွာထဲကနေ အိမ်ပြန်လာ၏။ ရှေ့မလှမ်းမကမ်းတွင် ရေနံဆီခွက်မီးအိမ် တကိုင်ကိုင်နှင့် သူ့အိမ်ဆီ သွားနေသူ လူတစ်ယောက်ကို တွေ့လိုက်ရ၍ ခဏရပ်ပြီး အကဲခတ်ကြည့်လိုက်သည်။

ကျေးရွာခလေ့စရိုက်အရ အမှုကို အိမ်လာပြီး တိုင်တန်းလေ့ရှိရာ တချို့က စကားကြောရှည်ပြီး တော်ရုံနှင့် မပြန်ကြ။ အလိုက်ကန်းဆိုး မသိသူနှင့် တွေ့ပြီဆိုလျှင် စားချိန် မစားရ၊ နားချိန် မနားရဘဲ ညည့်ခံပြောဆိုရရာ ပင်ပန်းပေါင်း များလှပေပြီ။ သို့ကြောင့် ဦးတင်မြင့်သည် ရုံဖန်ရံခါဆိုသလို ရှောင်သင့်ရှောင် တိမ်းသင့်လျှင် တိမ်းနေတတ်လေသည်။

'တင်မြင့်ရှိလားဟဲ့'

စုန်းတတ်သည်ဟု နာမည်ကြီးနေသော ဒေါ်ဘုမ၏ အသံ ဖြစ်သည်။

'ငါ့လယ်လေး ဖိုးမောင် နွားစားပစ်လို့ပါဟယ်။ တိုင်ချင်လို့ပါ'

ဒေါ်ဘုမကား စကားတပြောပြော မီးအိမ်တကိုင်ကိုင်နှင့် အိမ်ပေါ် တက်သွားသည်။ သုံးပင်၊ လေးပင်၊ ရှစ်တောင်တိုင်၊ ထရံကာ သွပ်မိုးအိမ်ဖြစ်၍ ပခုံးတစ်တိုက်ခန့်

www.burmeseclassic.com

www.burmeseclassic.com

မြင့်သည်။ ဦးတင်မြင့်သည် အိမ်ပေါ် တက်မသွားသေးဘဲ ထရံနားကပ်ပြီး နားစွင့်ကြည့်သည်။

'ကိုတင်မြင့် နေ့ခင်းကတည်းက ရွာထဲ ထွက်သွားတာ ဘယ်အချိန်ပြန်လာမယ်မှန်းလည်းမသိဘူး ဒွေးလေး။ မနက်ကျမှ လာတိုင်ပါလား။ ကျွန်မ ပြောထားလိုက်မယ်လေ'

ဦးတင်မြင့်၏ ဇနီးက လှစ်နေအောင် ပါးနပ်သည်။ ဒေါ်ဘုမကို စိမ်ပြေနပြေ ထိုင်စောင့်နေမည်စိုးရွံ့၍ ပြီးစလွယ် ပြောလိုက်သည်။

'ခုလေးတင် အပြင်က လူသံကြားသလားလို့ပါ'

အသံဗလံမပေးဘဲ နားထောင်နေသော ဦးတင်မြင့်သည် လွှတ်ခနဲ ပြောလိုက်သော ဒေါ်ဘုမ၏စကားကြောင့် တွန့်ခနဲ၊ ရှိန်းခနဲ ဖိန်းခနဲ ဖြစ်သွားသည်။ ဦးတင်မြင့်လည်း မနေသာတော့၍ ချောင်းဟန့်သံပေးပြီး အိမ်ပေါ် တက်သွားရသည်။ သူ့စိတ်တွင် ဒေါ်ဘုမ စုန်းတတ်သည်ဆိုကြရာ ဟုတ်များ ဟုတ်နေသလားဟုလည်း ရန့်မကင်း ဖြစ်မိလေသည်။

စုန်းတတ်သည်ဟု ကျော်စောနေသူ နောက်တစ်ယောက် ရှိသေးသည်။ သူ့နာမည်ကား ဒေါ်ဂွက်ကြီးတဲ့။ အသားမွဲမည်းမည်း၊ ပြူးတူးပြဲတဲ့နှင့် အရပ်ရှည်မျောမျော ရှိရသည့်ထဲ သွားက ငေါနေအောင် ခေါလိုက်ချေသေး။ ဒေါ်ဂွက်ကြီးကား စကားကို ဘောက်ဆတ်ဆတ် ပြောလေ့ရှိ၍ သူ့ရုပ်မြင်ရုံ၊ သူ့စကားသံ ကြားရုံနှင့်ပင် ကြောက်စရာ ကောင်းလှပေသည်။

တစ်နေ့က အပျိုဖြန်းမလေး သင်းနုကို လူပြုစားသည်ဆို၍ ဦးမြအားပင့်ပြီး ကုကြသည်။ ဦးမြလည်း မန်းမှုတ်ထုတ်ရာ မရသဖြင့် ပါလာသော ကြိမ်တုတ်ဖြင့် ခပ်နာနာ ဖိရိုက်ပစ်သည်။ ကလေးမလေး သင်းနုလည်း မြှော့မြှော့သာ ကျန်ပြီး ထန်းသီးကြွေခိုက် ကျီးနင်းခိုက် လားတော့မသိ။ နောက်တစ်နေ့တွင် ဒေါ်ဂွက်ကြီး အိမ်ပေါ်က လိမ့်ကျလို့ မထနိုင်ဘူးတဲ့ဟု ဟိုးလေးတကျော် ဖြစ်သွားခဲ့သည်။

ပယောဂကုသော ဆရာတချို့သည် တစ်ခါတစ်ရံတွင် စုန်းနှင့် တစ္ဆေကို လွဲမှားထင်မှတ်တတ်ရာ စုန်းဟု ယိုးစွပ်ခံရသူကို အထင်မှားအမြင်မှားဖြစ်တတ်ကြသည်။ ဤတွင် ယိုးစွပ်ခံရသူကို မထီမဲ့မြင်ပြုကြ။ စောင်းချိတ်သရော်ကြနှင့် ခွန်းကြီးခွန်းငယ်ပြောရပြီး ခိုက်ရန်ဖြစ်ကာ လူကြီးအိမ်ရောက်၊ ရဲစခန်းရောက် ဖြစ်ကြရသည်။

◆◆◆

'ဘယ်ဆရာနဲ့ ကုထားသေးတုံး'

လူနာ၏ ခေါင်းရင်းတွင် တင်ပျဉ်ခွေ၍ မြိန့်မြိန့်ကြီး ထိုင်နေသော ဦးမြသည် လူနာရှင်ဖြစ်သော ကိုအောင်နှင့် မခင်လှတို့ကို လှမ်းမေး၏။ ထရံကာ မြေစိုက် သက်ငယ်မိုးအိမ်လေးအတွင်းတွင် ရေနံဆီမီးခွက် မှိန်ဖျော့ဖျော့ ထွန်းထား၍ လူနာ၏နံဘေးတွင် ကိုအောင်နှင့် မခင်လှတို့ လင်မယား ထိုင်နေကြ၏။ ဦးမြ၏အမေးကို အဖြေခက်သွားဟန်ရှိသော လင်မယားနှစ်ယောက်စလုံးက ရွှေခနဲ ပြင်ထိုင်လိုက်ကြလေ၏။

'ဟို..အောက်လမ်းကုနေတဲ့ ဆင်တဲရွာက ငထောင်မဟုတ်လား။ ဒီကောင့်ပညာလောက်နဲ့ ဘယ်ရမတုန်းကွာ။ စုန်းမက ကဝေအဆင့် ရှိတဲ့ထဲကကွ။ မင်းတို့ သမီးကို သူ လိုတာမရလို့ တစ်ချက်လွှတ် လုပ်ထားတာ'

ဦးမြသည် တည်ထားသော ကွမ်းခွက်ထဲက ကွမ်းရွက်ကိုယူ၍ ထုံးတို့၊ ကွမ်းသီးစိတ် အဆာထည့်လျက်နှင့် လူနာကို အကဲခတ်နေသည်။ တစ်ချက်လွှတ် လုပ်ထားသည်ဆို၍ ကိုအောင်နှင့် မခင်လှတို့က ရိုးတိုးရွတ ပျာယီးပျာယာဖြစ်ကာ ထိုင်ရ ထရတော့မလို ရေနံအိုးဖင် တည်မရဖြစ်နေကြသည်။

'အဲလိုဆို ဘယ်လိုလုပ်ကြမလဲ မင်းမြ ဆရာ။ ကျုပ်သမီးလေးကို ကယ်..ကယ်ပါဦးတော်'

မခင်လှသည် ဦးမြ၏အနီးသို့ စကားအထစ်ထစ်ပြော၍ တုန်တုန်ယင်ယင်နှင့် တရွေ့ရွေ့တိုးသွား၏။ ကိုအောင်ကလည်း မကြံစည်တတ်ဘဲရှိရာ ဖက်ကြမ်းဆေးလိပ်တိုကို မီးမပါဘဲနှင့် ပေါက်ဆတ်,ပေါက်ဆတ်လုပ်ကာ ဖွာနေလေ၏။

ကိုအောင်နှင့် မခင်လှတို့တွင် အပျိုအရွယ် သမီးငယ် သက်သက်နွယ် ဆိုသူလေး တစ်ယောက်ရှိသည်။ ကြုံရာကျပန်း အလုပ်သမားများဖြစ်ကြ၍ သက်သက်နွယ်ကား ကျောင်းစာတစ်ဝက်တစ်ပျက်နှင့် ကျောင်းက ထွက်ကာ အလုပ်လုပ်လျက်ရှိသည်။ မိဘများနှင့် ဒိုးတူပေါင်ဖက် လုပ်ကိုင်နေသော သက်သက်နွယ်သည် ကောက်စိုက်ကာ အပြန်တွင် နေထိုင်မကောင်း ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

သမုန်းပင်ရွာနှင့် မနီးမကမ်းရှိသော ဆင်တဲရွာတွင် အောက်လမ်းပညာနှင့် ဆေးကုနေသော ကိုဖိုးထောင်သည် သူ့ပညာနှင့်သူ နာမည်ကြီး၏။ အရွယ်ကလည်း အလွန် မကြီးသေး၍ ကိုထောင်ဟု အဖျားဆွတ်ခေါ်ကြ၏။ ကိုထောင်ကား အောက်လမ်းကုဆရာဆိုသော်လည်း ဦးမြလို မဟုတ်။ ပြောဆိုတိုင်ပင်ရ လွယ်၏။ အတိုအရှည် ပွင့်ပွင့် လင်းလင်း ညှိနှိုင်း၍ ကောင်း၏။ ထို့ကြောင့် သက်သက်နွယ်၏ ဝေဒနာအား ကိုထောင်နှင့် သင့်လျော်မည်ထင်၍ ပင့်ကာ ကုစားနေ၏။ သို့သော်လည်း အခြေအနေက ထူးခြားမလာခဲ့ပေ။

ကယောင်ကတမ်း ပြူးတူးကြောင်တောင် ဖြစ်နေသော သက်သက်နွယ်၏ ရောဂါကား နောက်ဆုတ်မသွားဘဲ ရှိနေသည်။ အများတကာကလည်း ဦးမြ ကောင်းသည်ဟု တစ်ယောက်တစ်ပေါက် ဆိုကြပြန်၍ ဦးမြကို ပြောင်းပြီး ပင့်ထားသည်။ ဦးမြကား သူ့ရှေ့က ဆရာ တစ်ပါးပါး ဝင်ထားလျှင် မကြိုက်ချင်။ ထို့ကြောင့် ကိုအောင်နှင့် မခင်လှသည် ဦးမြ၏ အမေးကို မသိကျိုးကျွန် လုပ်၍ ဘာသိဘာသာ နေနေကြလေသည်။

'ရေတစ်ခွက်ပေး'

ဦးမြသည် စက္ကူနှင့် ထုပ်ထားသော ဆေးထုပ်လေးကို ကိုင်၍ ဆေးဖျော်ဆေးတိုက်ရန် ရေတောင်းလိုက်၏။ ကတုန်ကယင်နှင့် ရေခပ်ပေးနေသော မခင်လှ လက်ထဲမှ ရေခွက်ကို လှမ်းယူ၍ လက်ဖက်ရည်သောက်ပန်းကန်ထဲ ဆေးထည့်ကာ ဆေးဖျော်၊ ဆေးစပ် လုပ်နေ၏။

'ကဲ‥ကဲ‥ဆေးတိုက်ရအောင်'

ဦးမြကား ဆေးခွက်တကိုင်ကိုင်နှင့် လူနာရှိရာဘက်သို့ တရွေ့ရွေ့တိုးလာ၏။ သက်သက်နွယ်သည် ခေါင်းငယမ်းယမ်း တလူးလူးတလိမ့်လိမ့်လုပ်ကာ ဆေးတိုက်မခံဘဲ လုပ်နေ၏။ ကိုအောင်တို့ လင်မယားက သက်သက်နွယ်ကို မလှုပ်သာအောင် ကိုင်တွယ်ချုပ်ပေးထားကြ၏။

ဦးမြသည် သက်သက်နွယ်၏ ပါးစပ်ထဲသို့ ဆေးရည်ဝင်အောင် ဖွတ်အတင်းတိုက်သည်။ တစ်ဝက်တစ်ပျက် ဝင်သွားသော ဆေးရည်များကို သက်သက်နွယ်က ဖူးခနဲ မှုတ်ထုတ်လိုက်သည်။ ဆေးရည်များကား ဦးမြ၏ မျက်နှာကြီးတစ်ခုလုံး စိုရွှဲကုန်သည်။

မျက်နှာကြီးနီ၍ ရှက်ကိုးရှက်ကန်း ဖြစ်သွားသော ဦးမြသည် ခေါင်းရင်းတွင်ချထားသော ကြိမ်တုတ်ကို လှမ်းယူ၍ တရွယ်ရွယ်လုပ်ပြီး ကျန်နေသော ဆေးရည်အား ထပ်တိုက်ပြန်၏။ သက်သက်နွယ်ကား တိုက်သောဆေးကို မသောက်ဘဲ ရုန်းကန်နေရာမှ ဦးမြလက်ထဲက ဆေးခွက်အား ပုတ်ချပစ်လေသည်။

'နင် ဘာတုံး၊ ငါ့ကို စမ်းတာလား။ ဖြန်း‥ဖြန်း‥'

'အောင်မယ်လေး‥သေပါပြီ အမေရယ်'

တဖြန်းဖြန်း တဗျင်းဗျင်းရိုက်သံ၊ အောင်မယ်လေး ကြောက်ပါပြီ၊ သေပါပြီဟု အော်ဟစ်ညည်းတွားသံနှင့် အတူ သက်သက်နွယ် ငြိမ်ကျသွားသည်။ ကိုအောင်လည်း သမီး၏ဖြစ်အင်ကို မကြည့်ရက်တော့၍ ဦးမြ၏ လက်ထဲမှ ကြိမ်တုတ်ကို ဆွဲလုထားသည်။

'မောင်အောင်‥မင်းသမီးကို အောက်လမ်းကုတဲ့ ငထောင်က သူမွေးထားတဲ့ စုန်းတွေနဲ့ လက်တည့်စမ်းပြီး လုပ်ထားတာ။ အတော်လေး ပြန်ထုတ်ယူရလိမ့်မယ်။ ရော့‥ရော့‥ဒီဆေးလေး ချော့မော့ပြီး တိုက်ထားနှင့်။ မနက်ဖြန်ကျမှ ငါလာခဲ့တော့မယ်'

အိမ်အပြင်မှ ချေးတစ်ကောင် ထိုးဟောင်သံ ကြားလိုက်ပြီး လှစ်ခနဲ အပေါက်ဖွင့်၍ ဝင်လာရာ ကိုထောင် ဖြစ်နေသည်။ ကိုထောင်သည် ဦးမြအား စူးစူးဝါးဝါး လှမ်းကြည့်လိုက်ပြီး မည်သူ့ကိုမျှ နှုတ်မဆက် စကားစမြည် မပြောဆိုဘဲ ချာခနဲလှည့်၍ ပြန်ထွက်သွားသည်။ ကြောင်အမ်းအမ်းဖြစ်နေသော ကိုအောင်တို့ လင်မယားလည်း ဦးမြကိုလည်း အားနာ၊ ကိုထောင်ကိုလည်း နှုတ်မဆက်လိုက်ရ၍ အားတုံ့အားနာ မလုံမလဲဖြစ်ကာနေကြသည်။

ဦးမြလည်း ကွမ်းခွက်ကိုဆွဲယူ၍ ကွမ်းတစ်ယာ,ယာပြီး ပါးစောင်ထဲ ထိုးထည့်လိုက်သည်။ ခဏမျှအကြာတွင် ကြိမ်တုတ်ကောက်ကိုကိုင်၍ တုံ့ပယ်,တုံ့ပယ်နှင့် ပြန်သွားလေသည်။

နောက်တစ်နေ့ မနက်ခပ်စောစောတွင် မခင်မြနှင့် ခွေမျိုးမကင်းသော ကျောင်းဆရာလေး ကိုရွှေအောင် ရောက်ချလာသည်။ ဆေးရုံ၊ ဆေးခန်း သွားရန် စီစဉ်ခိုင်းသည်။ ဆယ်မိုင်ခရီးမျှရှိသော ဝမ်းသာလမ်းခွဲကားဂိတ်ကို နွားလှည်းနှင့်သွားပြီး ယင်းမှ ကြုံရာကား စီးပြီး

www.burmeseclassic.com

မိတ္ထီလာ ဆေးရုံသွားကြရန် ဖြစ်သည်။

'မဖြစ်ဖူးထင်တယ် ဆရာလေး၊ မင်းမြက သူများနဲ့ တူတာ မဟုတ်ဘူး။ တော်ကြာ စိတ်ဆိုးနေမှဖြင့်'

'ရော်··မမခင်မြကလည်း ပယောဂဟုတ်မှန်းမသိ၊ မဟုတ်မှန်းသိနဲ့ ရိုက်နှက်ပြီး ကုနေတာ ကိုယ့်သမီးကို ဒီအတိုင်း ကြည့်နေတော့မှာလား။ ဒီအရွယ်ဆိုတော့ ချွေးငုပ် သွေးငုပ်ဖြစ်ပြီး ကယောင်ချောက်ချားဖြစ်ချင်လည်း ဖြစ်နေမှာပေါ့။ မပြောတတ်ဘူးလေ'

'ဆရာလေး ပြောတာ ဖြစ်နိုင်တယ် မယ်မြ။ တို့လည်း ဝိုင်းဝန်းပြီး စရိတ်ထောက်ကြမှာပေါ့။ ဆေးရုံသွားဖို့သာ မြန်မြန်လုပ်ပါအေ'

ကိုအောင်၏ ဦးမင်း ဘကြီးထိန်ပါ ရောက်လာပြီး ဆေးရုံသွားရန် စီစဉ်ကြသည်။

သက်သက်နွယ်အား နွားလှည်းတစ်တန် ကားတစ်တန်နှင့် မိတ္ထီလာဆေးရုံကြီးသို့ သွားရောက်ကုသကြသည်။ ဆရာဝန်က အလာနောက်ကျသဖြင့် လူနာရှင်အား အပြစ်တင်သည်။ သက်သက်နွယ်၏ ရောဂါဝေဒနာက ကိုရွှေအောင် ပြောသည့်အတိုင်း ငုပ်အားကြီးနေခြင်းဖြစ်သည်။ ဆေးရုံတွင် တစ်ပတ်မျှသာ နေလိုက်ရပြီး လူကောင်းပကတိ ဖြစ်သွားခဲ့လေသည်။

◆◆◆

ညဉ့်ကိုးနာရီထိုးပြီဖြစ်၍ သမုန်းပင်တစ်ရွာလုံး တိတ်ဆိတ်ငြိမ်သက်ခါစ ရှိနေချေ၏။ ရွာအလယ်တွင်ရှိသော တီဗီရုံမှ ဇာတ်ကားပြီးခါနီး၍ ထုံးစံအတိုင်း ဇာတ်ကားထဲမှ ငိုရှိုက်သံ၊ အလွမ်းသယ်နေသံ ခပ်သဲ့သဲ့ကြားနေ၏။ ခဏအကြာတွင် လူသူရှုတ်ရှက် ခွေးတဝုတ်ဝုတ်နှင့် ပြန်လာသံများ ကြားရပြီး တဖြည်းဖြည်း ဆိတ်ငြိမ်သွားလေသည်။

အိမ်ရှေ့တန်းလျားပေါ်တွင် သမီးပြန်အလာကို စောင့်၍ ပုတီးစိပ်နေသော ဒေါ်ကျင်မေသည် ဇာတ်ကားပြီး၍ ပြန်လာသော သူ့သမီးကို အိပ်ရာဝင်ရန် ပြောနေ၏။ ဦးမြကား အိမ်ပေါ်ရှိ ဘုရားဆောင်ရှေ့တွင် သုတ်တော်၊ ဂါထာတော်များ ပူဇော်ပြီးသဖြင့် တရားထိုင်ရန် ပရိက်ပြုကာ တရားတောင်းနေလေ၏။

'ဝုတ်··ဝုတ်··ဝုတ်··ဝုတ်··ဝုတ်၊ ဆရာရှိလားခင်ဗျ။ ဆရာပင့်ချင်လို့ပါ'

ထိုစဉ် ရုတ်တရက် ခွေးညီကြီး ထိုးဟောင်လိုက်ပြီး လူသူတစ်စိမ်းအသံကိုလည်း ကြားလိုက်ရသည်။

'ကိုမြ ဘုရားဝတ်တက်နေတယ်။ လာ··ခဏထိုင်ပြီး စောင့်ပါဦး'

ဒေါ်ကျင်မေက နေရာထိုင်ခင်းပေးရင်း ပြန်လည်နှုတ်ဆက်နေသံ ဖြစ်သည်။

'ကြာကြာထိုင်လို့ မဖြစ်ဘူးဗျ။ နွားလှည်းတန်းလန်းကြီး ရပ်ထားရတာ။ လူနာက အရေးကြီးလို့ပါ'

ဆရာမြလည်း အထင်အရှား ကြားနေသော အသံဗလံများကြောင့် မနေသာတော့ပေ။ တရားရှုမှတ်နေလျှင် ကြန့်ကြာဦးမည်ဖြစ်၍ တရားမထိုင်သေးဘဲ ဘုရားဦးချပြီး နေရာမှ ထလိုက်သည်။ အဟမ်းခနဲ ချောင်းဟန့်သံပေးပြီး အိမ်အောက်သို့ ဆင်းလာသည်။

သုံးပင် လေးပင် ကိုးတောင်တိုင် ထရံကာ သက်ငယ်မိုးအိမ်ဖြစ်၍ အိမ်ရှေ့တွင် သွပ်ဖီထုပ်ထားသည်။ စားပွဲတန်းလျားတစ်စုံ ချထားပြီး ထိပ်တည့်တည့်တွင်လည်း ဝါးနှင့်လုပ်သော ပက်လက်ထိုင်ခုံတစ်ခု ရှိသည်။ အိမ်ဒိုင်းစွန်းတွင် ချိတ်ဆွဲထားသော ဘက်ထရီဖန်သီး မီးရောင်က မှိန်ဖျော့ဖျော့ ရှိနေသည်။

ဦးမြသည် ဝါးထိုင်ခုံအား ဆွဲယူထိုင်ရင်း တန်းလျားပေါ်မှ ကုပ်ချောင်းချောင်းထိုင်နေသော ဧည့်သည်ကို အကဲခတ်လိုက်သည်။ အသားမည်းမည်း၊ အပေါ်ဝတ်အင်္ကျီ မပါဘဲ ခေါင်းကိုစိုက်လျက် ထိုင်နေသော ဧည့်သည်ကား ပုဆိုးဟောင်းတစ်ထည်အား ခပ်အုပ်အုပ်ခေါင်းစည်းပေါင်းထားသည်။

'ဘယ်ရွာက လာပင့်တာတုံးဗျ'

ဦးမြက ယာပြီးခါစ ကွမ်းယာကို ပါးစပ်ထဲ ခွံ့လိုက်ရင်း ဧည့်သည်အား မေး၏။

'အင်ကြင်းမြိုင်တဲကုန်းကပါ။ တောင်ပေါ်တက်ပြီး သစ်ခုတ်ရာကအပြန် တဲရောက်တော့ ကမူးရှူးထိုးဖြစ်ပြီး ကယောင်ကတမ်းတွေပြော မစားနိုင် မသောက်နိုင် တငိုငို တရယ်ရယ် လုပ်နေလို့ပါ'

ဧည့်သည်က ခေါင်းစိုက်လျက်နှင့် တရစပ် တွန်းပြောသွားသည်။

'ရက္ခစိုးနေတဲ့အပင် ခုတ်မိပြီနဲ့တူတယ်'

ဦးမြသည် ကွမ်းတံတွေးထွေးရင်း ပြောလိုက်၍ တစ်



www.burmeseclassic.com

www.burmeseclassic.com

ခဏမျှ စဉ်းစားနေသည်။

'ညကြီးမင်းကြီးတော့ မလိုက်ပါရစေနဲ့ဗျာ။ အခု ခင်ဗျားပြောတဲ့ အင်ကြင်းမြိုင်တဲကုန်းကို ကျုပ် ကောင်းကောင်း သိပါတယ်။ မနက်ကျတော့ လာခဲ့ပါ့မယ်'

'အဲ··အဲ··အဲလို မလုပ်ပါနဲ့ဆရာ။ ဆရာ့အားကိုးပြီး အဝေးက လာပင့်ရတာ။ နွားလှည်း ကောက်လာပါတယ်။ အပြန်ကိုလည်း လိုက်ပို့ပေးပါမယ်'

ဧည့်သည်က ထိုင်ချည် ထချည်လုပ်၍ ဖွတ်တရွတ် ပြောနေသည်။ ဦးမြလည်း လေးငါးမိုင်ခန့်ဝေးသော တဲကုန်းမှ အားကိုးရှာပြီး လာပင့်သဖြင့် အားတုံ့အားနာဖြစ်သွားသည်။ အတန်ကြာ စဉ်းစားပြီးနောက် အိမ်ပေါ်တက်ကာ ဆေးလွယ်အိတ် သွားယူလေသည်။

သမုန်းပင်ရွာ၏ အရှေ့တွင်ရှိသော အင်ကြင်းမြိုင်တဲကုန်းသည် စမုံချောင်းကိုကျော်၍ တောချုံတောတန်း၊ ချောင်းကြိုမြောင်းကြားများ၏ အလွန့်တွင်ရှိသည်။ ရှမ်းရိုးမတောင်ခြေတွင်ဖြစ်၍ ရွာအသီးသီးမှ သစ်ဝါးလာရောက် လုပ်ကိုင်သူတို့၏ လူနေတဲ လေးငါးတဲခန့်ရှိသည်။

စီးပွားရေးအမြင်ရှိသူတချို့က ဈေးပေါပေါနှင့်ရသော တောင်ပေါ် ထွက်ကုန်များနှင့် ရောင်းဝယ်ဖလှယ်ရန်အလို့ငှာ ဈေးဆိုင်လေးများ ဖွင့်ထားကြသည်။ ပျဉ်ထမ်း၊ ဝါးချ၊ တောင်ပေါ်ကျ ပစ္စည်းများ လူးလာတုံ့ခေါက် သယ်ပိုးနေကြသူများ၊ တရားမဝင် သစ်၊ ဝါး တောင်ပေါ်ထွက်ပစ္စည်း လာရောက်လုပ်ကိုင်သူများ၊ မှောင်ခိုဝယ်ရောင်း ပွဲစားများနှင့် အတန်ငယ် စည်ကားသောနေရာ ဖြစ်သည်။

'ခင်ဗျားတို့ တဲကုန်းသွားတဲ့လမ်းရော ဟုတ်ရဲ့လား ဗျ။ လမ်းမှားလာပြီနဲ့ တူတယ်'

ဦးမြသည် တစ်ခါမှမမြင်ဖူးသော ရှုခင်းတောတောင်လမ်းပန်းများကို တွေ့လာသဖြင့် ရှေ့က လှည်းသမားကို မေး၏။ လဆန်းခါစဖြစ်၍ ခပ်ကွေးကွေး လ,ကလေးကား အနောက်တွင် ကွယ်ပျောက်ငုပ်လျှိုးသွားလေပြီ။ သွားနေလာနေကျလမ်း မဟုတ်မှန်းသိ၍ နွားလှည်းသမားကို မေးရာ စကားစမြည် ပြန်လည်ပြောဆိုခြင်းမရှိဘဲ သူ့နွားသူသာ တွင်တွင်မောင်းနေလေသည်။

သစ်သားဒေါက်တွင် သံပင်ပတ်ထားသော လှည်းဘီးဖြစ်၍ မြေကြီးအား လှည်းဘီးခုတ်သံ တကြွတ်ကြွတ် ထွက်ပေါ်နေသည်။ ဆင်းချည်တစ်ခါ တက်ချည်တစ်လှည့် နိမ့်တုံမြင့်တုံသွားနေသော နွားလှည်းသည် ရုံခါ လျှိုထဲ အနိမ့်ထဲ ဆင်းသွား၍ ရုံခါတွင် မြေပြန့်ပြန့် ကုန်းမို့မို့ထက်၌ သွားနေသည်။

ညဉ့်နက်ချိန်ဖြစ်လာ၍ တစ်ခွင်တစ်ပြင်လုံးတွင် ပိန်းပိတ်မှောင်မည်းနေသည်။ ဦးမြသည် ကြယ်၏ အလင်းရောင် ဝေဝါးဝါးနှင့် ဇရပ်ပျက်တစ်ခုအား လှမ်းမြင်လိုက်၍ ဘေးပန်းတို့ကို မျက်စိကစားကြည့်ရာ သုသာန်တစ်ခု ဖြစ်နေမှန်း သတိထားမိလိုက်သည်။

ယခင်က ဦးမြ သွားနေကျ ဒီလမ်းပေါ်တွင် အာ သုသာန်မှမရှိ။ အင်ကြင်းမြိုင်တဲကုန်းသို့ သွားသော လမ်းကား မဖြစ်နိုင်ချေ။ သူ့အား နယ်စိမ်းပြီး မလိုက်မည်စိုး၍ လိမ်လည်ပင့်လာခြင်း ဖြစ်မည်။ ဦးမြသည် စဉ်းစားရင်း ခံတွင်းချဉ်လာ၍ ကွမ်းတစ်ယာစမ်းယာပြီး ဝါးရန် လွယ်အိတ်ထဲမှ ကွမ်းထုပ် နှိုက်လိုက်သည်။

'ကျွီ··ဝေါင်း··ဝေါင်း··ဝုတ်··ဝုတ်'

ထိုစဉ် ကျွီခနဲမြည်ကာ တန့်ခနဲ နွားလှည်း ရပ်သွားပြီး တဝုတ်ဝုတ် တဝေါင်းဝေါင်း ခွေးဟောင်သဖြင့် ရောက်ရှိပြီဟု ဦးမြ သဘောပေါက်လိုက်သည်။ ဦးမြလည်း ဆေးအိတ်ကိုလွယ်၍ ကြိမ်တုတ်ကိုယူပြီး လှည်းပေါ်က ဖင်လျှောဆင်းလိုက်သည်။ ချက်ချင်းလို နွားလှည်း မောင်းထွက်သွားသဖြင့် စကားနည်းသော လှည်းမောင်းသမားအား ဦးမြက နှုတ်ပင်မဆက်လိုက်ရပေ။

သက်ငယ်မိုး မြေစိုက်တဲငယ်လေးအတွင်းတွင် မီးရောင်မှိန်ဖျော့ဖျော့ ထွန်းထားသည်။ ခပ်စောစောက ဟောင်နေသော ခွေးတို့လည်း နွားလှည်းနောက် လိုက်သွားကြသည်လား မသိ။ ဦးမြလည်း လှည်းဖြုတ်ပြီး ပြန်လာဦးမည် အထင်နှင့် မိုးတိုးမတ်တတ်ရပ်ရင်း လှည်းသမား အလာကို စောင့်နေသည်။

ပတ်ဝန်းကျင်တစ်ခွင်လုံးသည် ညဉ့်နက်လာသည်နှင့်အမျှ ဆိတ်ငြိမ်တိတ်ဆိတ်၍နေသည်။ ဦးမြလည်း ရ စောင့်နေမည့်အတူတူ တဲရှိရာဘက်သို့သွားပြီး အသံပေး ကြည့်ဦးမည်ဟု စိတ်ကူးပေါက်သွားသည်။ ကျဉ်းကျ ကျုတ် တဲကလေးအား အင်ကြင်းသား၊ ဝါးများနှင့် ခ နောင်တည်ဆောက်ထား၍ ဒူးဆစ်ခန့်အမြင့်တွင် ကွပ် ပျစ်ထိုးထားသည်။

လူနာဖြစ်ဟန်တူသူ တစ်ယောက်ကား ဝါးကွပ်ပျ

www.burmeseclassic.com

www.burmeseclassic.com

ထက်တွင် တစ်ဖက်သို့ လဲလျောင်းအိပ်နေသည်။ ဦးမြလည်း တဲအပေါက်နား ရောက်လာမည့်အတူ ချောင်းဟန့်သံပေးပြီး တဲအတွင်းသို့ ခေါင်းငုံ့ကာ ဝင်လာခဲ့သည်။ မထူးတော့သည်နှင့် လူနာ၏ခေါင်းရင်း ကွပ်ပျစ်ထက်တွင် တက်ထိုင်လိုက်သည်။

ရေနံဆီမီး ဝါကြန့်ကြန့် မှိန်ဖျော့ဖျော့နှင့် မြင်နေရသော လူနာကား စောင်ကို ခေါင်းမြီးခြုံထားပြီး တုတ်တုတ်မျှပင် မလှုပ်။ ဦးမြလည်း လူနာနိုးလာရန် ချောင်းဟန့်ကြည့်သည်။ သန်းခေါင်လေပြည်လေးတစ်ချက် ဝေ့လိုက်သဖြင့် တဖြုန်းဖြုန်းထပျံသွားသော ငှက်တစ်အုပ်အသံ။ ဖြိုးဖြိုးဖြောက်ဖြောက် ကြွေကျနေသော သစ်ရွက်သံတို့ကို တဲ၏အပြင်တွင် ကြားနေရသည်။

ဦးမြလည်း ထပ်မံ၍ ချောင်းဟန့်ကြည့်ပြန်သည်။ လူနာရှင်လည်း တစ်ဦးတလေမျှမရှိ။ ခပ်စောစောက လှည်းသမားလည်း ပြန်ပေါ်မလာ။ ဦးမြတစ်ယောက်တည်း အကျိုးအကျပ်တွေ့နေပြီ။ စိတ်ထဲတွင်လည်း စနိုးစနောင့်ဖြစ်၍လာသည်။ ဆရာတစ်ပါးလုပ်ကာ လူနာနှင့်တွေ့နေပြီးမှ ဆေးမကုဘဲ ထပြန်သွားရမည်က မဟုတ်လေသေး။ ပြန်သည်ထားဦး၊ ညကြီးသန်းခေါင်ဖြစ်၍ လမ်းပန်းလည်း မမှတ်မိတော့။

ထိုစဉ် လူနာထံမှ အင်း..အဲဟူသော ညည်းညူသံ ထွက်ပေါ်လာ၍ အနည်းငယ် လှုပ်ရှားစပြုလာသည်။

'ဒီဘက် လှည့်ပါဦး၊ စမ်းသပ်ကြည့်ရအောင်'

ဦးမြက တလှုပ်တုတ်တုတ် လုပ်လာသော လူနာကို မေးသည်။

'မှန်းစမ်း'

လူနာ၏ နဖူးကို စမ်းကြည့်ရန် မျက်နှာပေါ်တွင် အုပ်ထားသော စောင်ကိုလည်း တစ်ရှိန်တည်း ဆွဲခွာလိုက်သည်။

'ဟင်..ဘယ်လိုကြီးပါလိမ့်'

ဦးမြလည်း လွှတ်ခနဲ အသံထွက်သွားပြီး တွန့်ခနဲဖြစ်ကာ ကြက်သီးမွေးညင်း တဖြင်းဖြင်း ထသွားလေသည်။ မျက်ကလူးဆန်ပျာနှင့် သွားကြီးများ ငေါ်ထွက်နေသော လူနာက ကြောက်မက်ဖွယ်ရာကြီးသဖွယ် ဖြစ်နေသည်။

အရိုးပြိုင်းပြိုင်းထက် အရေပါးပါးတင်လျက်ရှိသော လူနာဆီမှ ပုပ်အဲ့အဲ့အနံ့ ထွက်ပေါ်လာရာ အနံ့က ဆိုးရွားလွန်းလှသည်။ လူနာကား လူကောင်းပကတိကဲ့သို့ ဆတ်ခနဲ ထိုင်ချလိုက်ပြန်ရာ ဆရာမြလည်း ရှိန်းခနဲ ဖိန်းခနဲဖြစ်ကာ ထူပူသွားပြီး အနည်းငယ် နောက်ဆုတ်သွားသည်။

ရန့်မကောင်းဖြစ်လာသော ဦးမြကား ဘုရားဂုဏ်တော်ရောက်တတ်ရာရာအား စိတ်ထဲမှ ကြိတ်၍ရွတ်သည်။ ဆေးအိတ်ကို ကောက်လွယ်ပြီး ကြိမ်တုတ်ကိုကိုင်ကာ တဲအပြင်ထွက်ရန် ထိုင်ရာက ထလိုက်သည်။ ထိုအခိုက် လူနာက ဦးမြဘက်သို့ ငေါက်ခနဲနေအောင်လှည့်ပြီး လျှာခင်ကြီးထုတ်၍ ညစ်ကျူနေသော သွားများပေါ်အောင် ရယ်ကျဲကျဲ လုပ်ပြနေသည်။

ဦးမြလည်း ကွပ်ပျစ်ပေါ်မှဆင်းရန် ဟန်ပြင်လိုက်စဉ် လူနာဟန်ဆောင်ထားသော နာနာဘာဝကောင်သည် ဖြုန်းစားဖြင်းစား အောက်သို့ဆင်းသွားကာ တဲ၏အပေါက်ဝမှ ရပ်နေလေသည်။

'နင် ဘယ်သူတုံး။ ငါ့ပညာကို စမ်းနေတာလား။ လမ်းဖယ်မပေးရင် နင့်ကို အသေလုပ်ပစ်မယ်'

ခေါင်းနားပန်းကြီး၍ ထူလပိန်းဖြစ်နေသော ဦးမြကား ဟန်ကိုယ့်ဖို့ မာန်သူဖို့ထားကာ အသံတုန်တုန်ခိုက်ခိုက်နှင့် ပြောလိုက်သည်။ နာနာဘာဝကောင်ကား လမ်းဖယ်မပေးရုံသာမက ဦးမြရှိရာ ကွပ်ပျစ်ဆီသို့ တရွေ့ရွေ့ တလှုပ်လှုပ် တိုးလာနေသည်။

စုတ်ဖွာရှည်လျားသော ဆံပင်၊ ပြူးကျယ်သော မျက်လုံး၊ ကြီး၍ကားနေသော နားရွက်၊ ပါးစပ်ကလည်း လျှာခင်ကြီးကိုထုတ်လျက် သွားရည်တများများ ကျနေသည်။ ဦးမြသည် နောက်ဆုတ်မသွားဘဲ ရွေ့ကာရွေ့ကာ တိုး၍လာနေသော တစ္ဆေကောင်ကြီးကို ကြိမ်တုတ်ဖြင့် ဆီးရိုက်ရန် ချိန်ရွယ်ထားသည်။

'နင် ဘာကောင်တုံး။ ကဲဟာ'

'ဖြုန်း'

'ကဲဟာ'

'ဖြုန်း'

'အောင်မယ်လေး သေပါပြီ'

ဦးမြသည် ဖွတ်တရွတ် ချဉ်းကပ်လာနေသော အကောင်ကြီးကို ဖြုန်းခနဲ ,ဖြုန်းခနဲ ကြိမ်တုတ်နှင့် အား



www.burmeseclassic.com

www.burmeseclassic.com

ကုန်သုံး၍ ရိုက်ချလိုက်သည်။ ယင်းအကောင်ကြီးက ဦးမြ၏ ဂါထာမန္တန်မန်းမှုတ်ထားသော ကြိမ်တုတ်ဒဏ်ကို မခံနိုင်၍ ငယ်သံပါအောင်အော်ပြီး တဲအပြင်သို့ တရမန်းကြမ်း ထွက်ပြေးသွားသည်။

ဦးမြလည်း ရတနာသုံးပါး၏ဂုဏ်နှင့် အထက်လမ်းပညာအစွမ်းကို ဒိဋ္ဌသိလိုက်ရပြီး အားတက်သရော ဖြစ်သွားချေသည်။ သန်းခေါင်ကျော် လင်းအားကြီးတွင် သုတ်ဖျန်းလိုက်သော လေပြည်လေညင်းလေးကလည်း ဦးမြ၏ ရင်ကို အေးသွားစေသည်။ တဲနှင့်လွတ်ရာသို့ စမ်းတဝါးဝါး ပြန်လျှောက်လာသော ဦးမြသည် ခလုတ်တိုက်လိုက် ဆူးချုံခွလိုက်နှင့် ရောက်တတ်ရာ ထွက်လာခဲ့လေသည်။

♦ ♦ ♦

'ကိုမြ‥ကိုမြ‥ထတော့လေ။ မျက်နှာလေးဘာလေး သစ်ပြီး ထမင်းကြမ်းစားရအောင်'

ဒေါ်ကျင်မေ၏အသံ ဖြစ်သည်။

'ကိုမြ‥ထကြည့်ပါဦး။ နေတောင် အတော်မြင့်နေပြီ'

ဦးမြ ခေါင်းထောင်ကြည့်ရာ ဆွမ်းခံဝင်ချိန်ဖြစ်၍ ကြေးစည်သံ၊ ဆွမ်းတော်ဗျို့ အော်သံများပင် ကြားနေရချေပြီ။ မနက်စော ဆွမ်းချက်ချိန်ကျမှ အိမ်ပြန်ရောက်လာရာ တစ်ချိုးတည်း အိပ်ပျော်သွားပြီး ယခုမှပင် ဒေါ်ကျင်မေ နှိုး၍ အိပ်ရာက နိုးလာလေသည်။

'ဟိုဘက် ဆင်တဲရွာကကောင်လေး စောင့်နေတာ တောင် ကြာလှပြီ။ မနေ့ညက သူ့အဖေ တောင်ခြေက အချိန်မရှိမှ ပြန်ရောက်ပြီး အော်အင်လူးလိမ့်နေလို့တဲ့။ အဲဒါ သူ ကိုယ်တိုင်က ဆရာမြကို ပင့်ပေးပါ။ တောင်းပန်ပြီး ဝန်ချချင်လို့ဆိုလား မှာလိုက်တယ်တဲ့'

'နေပါဦး။ ဆင်တဲရွာကဆိုတော့ ဘယ်သူ့သားတဲ့တုံး'

'ကိုထောင့်သားလို့ ပြောတာပဲ'

ဒေါ်ကျင်မေ၏စကားဆုံးသည်နှင့် ဦးမြသည် ငေါက်ခနဲထထိုင်လိုက်သည်။ မနေ့ညက အဖြစ်အပျက်များကိုလည်း အိပ်မက်များလားဟု တွေးတောနေမိသည်။

'ကဲ‥ကဲ‥ကျုပ် ထမင်းကြမ်းစားဖို့ ပြင်နှင့်ချေမယ်။ မျက်နှာသစ်ပြီး လာခဲ့ပေတော့'

ဒေါ်ကျင်မေလည်း နေရာက ပြောပြောဆိုဆိုနှင့် ထသွားလေသည်။

ယမန်နေ့ညက အဖြစ်အပျက်ကား ကိုထောင်သည် သူတတ်သော အောက်လမ်းပညာနှင့် ဆရာမြကို သွေးတိုးစမ်းကြည့်ခြင်း ဖြစ်သည်။ သို့သော်လည်း ဦးမြ၏ အထက်လမ်းပညာအား ကိုထောင်၏ အောက်လမ်းပညာက တကယ်တမ်း မယှဉ်နိုင်ပေ။

ဦးမြကား အထက်လမ်း ပယောဂကု ပညာအား အဆုံးစွန်အောင် မတတ်သော်လည်း ဘာသာတရား ရှိသေ ကိုင်းရှိုင်းသူ ဖြစ်သည်။ ဗုဒ္ဓဂုဏ်၊ ဓမ္မဂုဏ်၊ သံဃာ့ဂုဏ်အား မည်သည့်အခါမှ မေ့လျော့သည်မရှိဘဲ သတိကြီးကြီးထားလေ့ရှိသည်။

မဟာဗောဓိမြိုင်ဆရာတော်ကြီးသည် မဟာမြိုင်တောကြီးစခန်း အကျွတ်အလွတ်ကျောင်းတော်ကြီးတွင် (၁၃၇၃)ခုနှစ်၊ တန်ခူးလပြည့်ကျော် (၁၀)ရက်နေ့က ထိုင်းလူမျိုး နှစ်ဦးကို တရားဟောကြားတော်မူသည်။

ထိုင်းတစ်ဦးက ဘုရားသားတော် ဖြစ်ချင်ပါတယ်ဘုရားဟု လျှောက်သည်။ ဆရာတော်ကြီးက သတိရှိရင် ဘုရားသား၊ သတိမရှိရင် အလကားပဲဟု မိန့်ကြားတော်မူခဲ့ဖူးသည်။

ထို့ကြောင့် ရတနာသုံးပါး၏ ဂုဏ်တော်အား အပ္ပမာဒ-မမေ့မလျော့ခြင်းသည် ဘုရား၏သားတော် မည်ပါပေသည်။ အဒ္ဓါ ဣမာယ ပဋိပတ္တိယာ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏမှာ ပရိမုစ္စိဿာမိတဲ့။ ဘုရားရှိခိုး ဝတ်တက်ခြင်း၊ ပရိမေတ္တာဘာဝနာ အခါခါစီးဖြန်းရွတ်ဖတ်ခြင်းတည်းဟူသော ပဋိပတ်အကျင့်မြတ်၏ အကျိုးကား ကြီးမားနက်ရှိုင်းလှသည်။

ဦးမြသည် အမြဲမပြတ်လေ့ကျင့်အပ် တိုးပွားစေအပ်သော အာစိဏ္ဏကံကုသိုလ်အား မမေ့လျော့ အစဉ်တစိုက် ပြုလုပ်လျက်ရှိသည်။ ယင်းကုသိုလ်ကပင် သူ၏အသက်ကို ကယ်သွားသည်ဆိုလျှင် မှားမည်မဟုတ်ပါပေ။

မည်သို့ရှိစေကာမူ ခံဆူးချွန်သလို ဆီးဆူးလည်း ဆီးဆူးအလျောက် ချွန်သည်ဖြစ်၍ သတိတော့ထားရပါလိမ့်မည်။

**အာကာသ(သာစည်)**

**<u>မှီငြမ်း</u>**

* မြန်မာ့စွယ်စုံကျမ်း အတွဲ(၄)။

www.burmeseclassic.com

ကျွန်ုပ်နှင့် ရင်းနှီးခင်မင်သော ကိုထွန်းဖေတို့မိသားစုမှာ ဆင်းရဲချို့တဲ့သူများ ဖြစ်၏။ ထိုသို့ ဆင်းရဲသော်လည်း သားသမီး(၅)ယောက်မျှရှိရာ စားဝတ်နေရေးပင် အခက်အခဲရှိကြ၏။ ကိုထွန်းဖေမှာ အရောင်းအဝယ်လုပ်ငန်းကို ရိုးသားစွာ လုပ်ကိုင်စားသောက်နေသူဖြစ်၏။ သူ၏ဇနီးသည်" မစိန်မေကလည်း လုပ်ကိုင်စားသောက်တတ်သူ မဟုတ်လေရာ ယောကျ်ားဖြစ်သူ ကိုထွန်းဖေ ရှာဖွေကျွေးမွေးသမျှနှင့်သာ ရောင့်ရဲတင်းတိမ်စွာ စားသောက်နေထိုင်တတ်သူဖြစ်၏။ သားသမီး(၅)ယောက်အနက် လေးယောက်မှာ ကျောင်းသားများဖြစ်ကြ၍ မိသားစုစားဝတ်နေရေးအပြင် ကျောင်းစရိတ်ကိုပါ ရှာဖွေသဖြင့် ကိုထွန်းဖေမှာ နားရက်မရှိ လုပ်ကိုင်ရှာဖွေရရှာ၏။

'အင်း..ဝင်ငွေကလည်း မိသားစုက များရတဲ့အထဲ အခု နောက်တစ်ယောက်ကပါ တိုးလာပြန်ဦးမယ်ဆိုတော့ အင်း..ငါတော့ သေမှ နားရမယ့်ကိန်းဆိုက်ပြီ'

'ရှင်ကလည်းရှင်..သားသမီးရတာနာဆို၊ ဒီကိုယ်ဝန်ရတာ ဘာညည်းစရာရှိလဲရှင်။ သူ့ဟာနဲ့သူ ဖြစ်လာမှာပေါ့။ ခါတိုင်းကလေးတွေလည်း ဒီလိုပဲ မွေးလာခဲ့တာ ငါးယောက်တောင်ရှိပြီ။ ခုမှများ အဆန်းလုပ်လို့'

'အေးပါကွာ၊ ငါလည်း ပင်ပန်းတာတွေ များလို့ ညည်းတွားမိသွားတာပါ။ ဖြစ်လာမှတော့ ဘာတတ်နိုင်မှာလဲ'

မစိန်မေ ကိုယ်ဝန်(၅)လကျော်တွင် ဗိုက်ကလေး တပူပူ ဖြစ်လာသည်။ ထိုဗိုက်တပူပူနှင့်ပင် အိမ်အလုပ်များကို ဝိုင်းကူလုပ်ရသည်။ ကိုထွန်းဖေခမျာလည်း ရက်အား မထားဘဲ အရောင်းအဝယ်အလုပ်ကို အားစိုက်ထုတ်လုပ်ရသည်။ အရောင်းအဝယ်အလုပ်က နည်းနည်းပါးလေရာ ဝင်ငွေလည်း နည်းနည်းသာရရှိသဖြင့် မစိန်မေ မီးဖွားရက်၌ လက်ထဲမှာ ငွေမရှိမှာ ကိုထွန်းဖေ နည်းနည်းစိုးရိမ်မိသည်။

မစိန်မေ ကိုယ်ဝန်(၇)လကျော်တော့ ပူနေသော ဗိုက်

# ချစ်မင်းသူ
## လူကြောက်



www.burmeseclassic.com

www.burmeseclassic.com

ကလေးက အနည်းငယ် ပြန်ပိန်သွားသည်။ ထိုအခါ ကိုထွန်းဖေရော မစိန်မေပါ မျက်လုံးပြူးသွားကြရ၏။ မစိန်မေတွင် ရောဂါတစ်ခုခုဝင်၍လားဟု ယူဆကြ၏။ မစိန်မေ ကိုယ်တိုင်လည်း သူ့ကိုယ်သူ 'လိပ်ပြာမသန့်ဖြစ်ရ၏။ သို့ရာတွင် မစိန်မေမှာ ဘာရောဂါမှမဖြစ်။ စားကောင်းသောက်ကောင်း၊ နေကောင်းထိုင်ကောင်းနှင့် ရုံက်ပေါင်းများစွာကို ဖြတ်ကျော်ကာ ကိုယ်ဝန်(၉)လကျော်ကိုရောက်လာ၏။

မစိန်မေ ယခင် ကလေးတွေ မီးဖွားသလို မီးဖွားခဲ့၏။ အရပ်လက်သည်နှင့်မို့ အိမ်မှာ မီးဖွားရသည်ဖြစ်ရာ ငွေကုန်ကြေးကျ သိပ်မများ။ ကလေးမီးဖွားမှု ရင့်ကျက်ခဲ့ပြီးသော မစိန်မေအတွက် ကလေးမီးဖွားရသည့် အလုပ်မှာ သိပ်ထူးဆန်းသည့် ရေးကြီးခွင်ကျယ်အလုပ် မဟုတ်တော့။ အရပ်လက်သည်ကလည်း လုပ်သက်ကြာပြီး အပြစ်အနာအဆာကင်းသူ တစ်ယောက်ဖြစ်ရာ အစစအရာရာ စိတ်ချရ၏။

'စိတ်တော့မကောင်းဘူး ဖြစ်နေတယ်။ ညည်းမွေးတဲ့ ကလေးက လူခြောက်ကလေး ဖြစ်နေတယ်'

'ရှင်'

မစိန်မေ ကြားကြားချင်း သတိလစ်ချင်သလို ဖြစ်သွား၏။ သို့သော် သူမစိတ်ကို ထိန်းချုပ်ကာ မွေးဖွားပေးနိုင်ခြင်း ပီတိကိုယူ၍ မိခင်၏ အားမာန်ကို ပြန်သွင်းယူလိုက်၏။ ကိုထွန်းဖေက အိမ်ရှေ့ခန်းမှကြား၍ မစိန်မေရှိရာ မီးနေခန်းထဲသို့ ဝင်လာ၏။

'ဟာ..ဟင်'

မစိန်မေဘေး၌ရှိနေသော မွေးပြီးစ ကလေးငယ်ကို ကြည့်ကာ ကိုထွန်းဖေ အံ့သြသွား၏။ မည်းမှောင်၍ လက်တစ်ဝါးသာသာမျှသာရှိသော မွေးပြီးစ ကလေးကိုကြည့်ကာ ကိုထွန်းဖေ နှာခေါင်းရှုံ့သွား၏။ စိတ်ပျက်ပျက်ဖြင့် မီးနေခန်းတွင်းမှ အပြင်ခန်းသို့ ပြန်ထွက်လာလိုက်၏။ အပြင်ခန်းမှာ အတော်ကြာအောင် ထိုင်၍ တွေးနေမိ၏။

မစိန်မေက မီးဖွားပြီးစမို့ အသာလေး မှိန်းနေ၏။ ကိုထွန်းဖေ မီးနေခန်းအတွင်းသို့ ပြန်ဝင်သွားကာ စောစောက မစိန်မေ မွေးဖွားပေးထားသည့် မည်းမည်းမှောင်မှောင် လက်တစ်ဝါးသာသာအရွယ် ကလေးငယ် လူခြောက်လေးကို မ,ယူလာလိုက်သည်။ အပြင်ခန်းမှာ ထင်းထင်းလင်းလင်းကြည့်တော့ လူကောင်းကဲ့သို့ ကိုယ်လက်အင်္ဂါစုံလင်သည်ကို တွေ့ရသည်။ ယောက်ျားအင်္ဂါပါ၍ ယောက်ျားလေးဟု သိရသည်။ သို့ရာတွင် လူစဉ်မမီသော ကလေးမို့ ကိုထွန်းဖေ မွေးရမှာကို စိတ်ပျက်မိသည်။ ရှက်လည်းရှက်မိသည်။

ထို့ကြောင့် လူခြောက်လေးကို မ,သယ်ယူလာကာ အိမ်မှ ထွက်လာခဲ့သည်။ ကွင်းပြင်စပ်သို့သွား၍ မြေတူးကာ လူခြောက်လေးကိုမြှုပ်ပြီး အိမ်သို့ ပြန်လာခဲ့သည်။

အိမ်ရောက်တော့ ခေတ္တထိုင်၍ အတွေးနယ်ချဲ့နေစဉ်–

'ကိုထွန်းဖေ..ကိုထွန်းဖေ၊ ခဏ..ခဏလာပါဦးရှင်'

အိပ်ခန်းထဲမှ မစိန်မေ အော်ခေါ်သံကြား၍ ကိုထွန်းဖေ အပြေးသွား၏။ မစိန်မေ ရင်တုန်ပန်းတုန်ဖြင့် သူ၏ရင်ဘတ်လေးကို ဖိထားရင်း ကိုထွန်းဖေကို တိုးတိုးလေး ပြော၏။

'ကိုထွန်းဖေ..ရှင် ကလေးကို မြေမြှုပ်ထားခဲ့တယ်ဆို ဟုတ်လား'

'နေပါဦး၊ အဲဒါ မင်းက ဘယ်လိုလုပ်သိတာလဲ။ ငါက အခုပဲ အဲဒီလူခြောက်လေးကို မြေမြှုပ်ပြီး ပြန်လာတာ။ မင်းကို နောက်မှ အေးအေးဆေးဆေး ပြောပြမလို့။ မင်းက အခု ဒါကို သိနေတယ်ဆိုတော့'

'ဟုတ်တယ် ကိုထွန်းဖေ၊ ကျွန်မကို ခုလေးတင် အိပ်မက်ပေးတာ။ သူ့ကို မြေမြှုပ်ထားတယ်တဲ့။ အဲဒါ လာကယ်ပါလို့ ပြောတယ်။ သူက ကျွန်မတို့ဆီ ရောက်လာတာ ကျွန်မတို့မိသားစုကို ကူညီချင်လို့ လာတာပြောတယ်။ ဘာပဲပြောပြော ကိုထွန်းဖေ သူ့ကို သွားပြန်ပြီး အိမ်ကို ခေါ်လာခဲ့ပါရှင် နော်'

'ငါကတော့ မမွေးချင်ဘူး မစိန်မေ။ လူစဉ်မမီတဲ့ ကလေးဆိုပြီး အပြောခံရမှာ ငါရှက်တယ်။ တို့မှာလည်း တခြားသားသမီးတွေ ရှိပြီးသားပဲဟာ။ သူ့ကိုမွေးပြီဆိုကတည်းက ကျွေးတဲ့ကိစ္စက ပိုလာပြီ။ ပြီးတော့ သူက ဘာတွေပူဆာဦးမယ်ဆိုတာ မသိဘူး။ မင်း နည်းနည်း စဉ်းစားပါဦးကွာ'

'ကိုထွန်းဖေရယ်..ကျွန်မက အမေပါ။ သူ့ကို လူစဉ်မမီဘဲ မွေးခဲ့ပေမယ့် တခြားသားသမီးတွေလို အနေ့အခင်နဲ့

www.burmeseclassic.com

www.burmeseclassic.com

မွေးခဲ့ရတာပါ။ သူက ကျွန်မတို့သားသမီးပါ။ ကိုယ့်သားသမီးကို စွန့်ရလောက်အောင် ကျွန်မတို့ မမွဲသေးပါဘူးရှင်။ တစ်နေ့ စေတနာအကျိုးပေးပါလိမ့်မယ်။ သူ့ကိုသာ ပြန်ပြီး အိမ်ခေါ်လာခဲ့ပါ'

ကိုထွန်းဖေ ဘာမျှမပြောတော့။ မစိန်မေကို ကြည့်ရသည်မှာ ကလေးမွေးဖွားလိုက်ရ၍ ပင်ပန်းနွမ်းနယ်နေသည်ကို တွေ့ရ၏။ မီးနေတွင်းမှာဖြစ်၍ မစိန်မေ စိတ်မကောင်းဖြစ်သွားခဲ့သော် ကျန်းမာရေးချို့တဲ့ပြီး ရောဂါတစ်ခုခုရသွားတတ်၏။ သည်အကြောင်းကိုသိ၍ ကိုထွန်းဖေ စိတ်လျှော့ကာ မစိန်မေအလိုကျ လူခြောက်ကလေးကို မြေမြှုပ်ထားရာမှ ပြန်တူးဖော်ကာ အိမ်သို့ ယူလာလိုက်၏။

မစိန်မေ မီးနေခန်းက ထွက်ပြီးသည့်နောက် အိမ်မှုကိစ္စအားလုံးကို ပြန်ပြီးလုပ်ကိုင်ရသကဲ့သို့ ကိုထွန်းဖေကလည်း သူ၏ အရောင်းအဝယ်လုပ်ငန်းကို ထုံးစံအတိုင်း ပြန်လုပ်ကိုင်ရ၏။ ယခုနောက်ပိုင်း ကိုထွန်းဖေ၏ အရောင်းအဝယ်လုပ်ငန်းက အဆင်ပြေသဖြင့် လက်ထဲမှ ငွေစလေးများ ရှင်လာ၏။ မိသားစုစားဝတ်နေရေး ချောင်လည်လာသည့်အပြင် မစိန်မေအတွက် ရွှေတိုရွှေစလေးများပင် ဆင်မြန်းပေးနိုင်သည်အထိ စီးပွားရေးက တိုးတက်ကောင်းမွန်လာခဲ့၏။

စီးပွားရေးပြေလည်လာသဖြင့် ကိုထွန်းဖေနှင့် မစိန်မေတို့မိသားစု ဝမ်းသာပျော်ရွှင်ခဲ့ကြ၏။ သို့ရာတွင် လူခြောက်ကလေးကိုကား သာမန်မျှသာ ကျွေးမွေးထားရှိ၏။ ထမင်းစားချိန် ထမင်းကျွေးရ၏။ ရေတိုက်ချိန် ရေတိုက်ရ၏။ အိပ်ချိန်တွင် စက္ကူဘူးခွံလေးထဲ၌ အခင်းတစ်ခုခင်းကာ ကျကျနနဖြင့် မစိန်မေအနီးတွင် ထားသိပ်ရ၏။ လူခြောက်ကလေး လိုချင်တာမှန်သမျှ မစိန်မေကို အိပ်မက်ပေး၍ ပြောလေ့ရှိ၏။ မစိန်မေကလည်း လူခြောက်ကလေး ပြောသည့်အတိုင်း လိုက်လုပ်ပေးလေ့ရှိ၏။ သည်လိုနှင့် လူခြောက်လေး နှစ်နှစ်သားကျော်အရွယ်ရောက်လာ၏။

'ကျွန်တော် အိမ်ထဲမှာချည်းနေရတာ ပျင်းလာတယ်။ ကျွန်တော့်ကို အပြင်မှာ လမ်းထွက်လျှောက်ဖို့ ခေါ်သွားပေးပါ။ အင်္ကျီအဝတ်အစားကိုလည်း လဲပေးပါ'

တစ်နေ့ မစိန်မေကို အိပ်မက်ပေးရာ လူခြောက်ကလေးဆန္ဒအတိုင်း မစိန်မေက လိုက်လုပ်ပေးလိုက်၏။ ထိုနေ့မှစ၍ မစိန်မေ လူခြောက်ကလေးနှင့်အတူ နေ့တိုင်း လမ်းထွက်လျှောက်ရ၏။ လမ်းထွက်မလျှောက်ဖြစ်သော နေ့တွင် လူခြောက်ကလေးက အိပ်မက်ပေး၍ စိတ်ဆိုးကြောင်း မစိန်မေကို ပြော၏။

ယခင်က လူခြောက်ကလေးကို နေ့နေ့ညည စက္ကူဘူးခွံလေးထဲထည့်၍ ပစ်ထားနိုင်ခဲ့သော်လည်း နောက်ပိုင်းတွင် လမ်းလျှောက်ပေးရသည့် အလုပ်တစ်ခုက မစိန်မေအတွက် အလုပ်ပိုလာ၏။ ကိုထွန်းဖေကား လူခြောက်ကလေးကို တစ်ခါတစ်ရံ သတိရဟန်ပင်မရှိချေ။ အလုပ်သွား အလုပ်ပြန်နှင့်သာ မေ့မေ့ပျောက်ပျောက်နေခဲ့၏။

တစ်နေ့-

'အမေကသာ ကျုပ်ကို ဂရုစိုက်တာ။ အဖေက ကျုပ်ကို ရှိတယ်တောင် မအောက်မေ့ဘူး။ ကျုပ်ကို ကိုင်တောင် ကြည့်ဖော်မရဘူး။ ကျုပ်က စိတ်ဆိုးလာရင် ထွက်သွားမှာနော်'

မစိန်မေကို လူခြောက်ကလေးက ထပ်၍အိပ်မက်ပေးပြီး ပြော၏။ ထိုအကြောင်းကို မစိန်မေက ကိုထွန်းဖေကို ပြောပြ၏။ သို့ရာတွင် ကိုထွန်းဖေက အလေးမထား။

'နေပါဦး၊ ငါက သူ့ကို ချီထားရအောင်ကလည်း သူ့ကိုယ်က ဘယ်လိုချီထားလို့ရမှာလဲ။ သူနဲ့ လမ်းထွက်လျှောက်ဖို့ကလည်း ဘယ်လိုလျှောက်မလဲ။ သူ့ကို အိတ်ကပ်ထဲထည့်ပြီး လျှောက်မှပဲ ဖြစ်မှာပေါ့။ ငါ့မှာလည်း အလုပ်အကိုင် အဆင်ပြေနေတုန်း ကြိုးစားပမ်းစားရှာနေရတာလေ။ သူ့ကို ဂရုမစိုက်နိုင်ပါဘူးကွာ။ မင်းသာ ဂရုစိုက်လိုက်ပါ'

ကိုထွန်းဖေပြောလည်း ပြောစရာ။ လူခြောက်ခန္ဓာကိုယ်လေးက လက်တစ်ဝါးစာသာရှိလေရာ သူ့ကို သေချာသတိထားကြည့်မှ မြင်ရ၏။ သတိမထားမိက မမြင်နိုင်။ ကိုထွန်းဖေ၏ သားသမီးများပင် ဂရုမစိုက်ကြ။ ဂရုစိုက်မိသည့်အခါများတွင်လည်း လူခြောက်ကလေးမှာ သူတို့၏ ကစားစရာအရုပ်ကလေး တစ်ရုပ်လို ဖြစ်ရ၏။ ထိုအခါ လူခြောက်ကလေးက မစိန်မေကို အိပ်မက်ပေးကာ တိုင်၏။ ထို့ကြောင့် မစိန်မေက သူ၏ သားသမီးများကို လူခြောက်ကလေးကို မထိမတို့ရန် ဟန့်တားထားရလေ၏။

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့ ကိုထွန်းဖေ၏ ညီအရင်းတစ်ယောက် နယ်မှ ရောက်လာရာ၏။ ထိုအခါ ကိုထွန်းဖေနှင့် မစိန်မေ မသွားဖြစ် သွားကြရ၏။ ထိုခရီးတွင် မစိန်မေက လူခြောက်ကလေးကို ခေါ်သွားချင်၏။ ကိုထွန်းဖေက မခေါ်ချင်သဖြင့် သမီးအကြီးဆုံးကို သေချာဂရုစိုက်ရန် မှာကြားပြီး နာရေးသို့ သွားခဲ့ကြ၏။ နာရေးတွင် သုံးရက်နေကာ ပြန်လာခဲ့ကြ၏။ အိမ်ပြန်ရောက်တော့ လူခြောက်ကလေးမှာ ပုံပျက်နေ၏။ ခေါင်းတစ်ခြမ်းပဲ့၍ ခြေတစ်ချောင်းကျိုးနေရှာ၏။

မစိန်မေက သူ့သား လူခြောက်ကလေးကို ထွေးပွေ့ရင်း ဝမ်းနည်းကာ ငိုကြွေးမိ၏။ ကျန်သားသမီးများကိုလည်း ဆူပူရ၏။ ထိုညတွင် လူခြောက်ကလေးက မစိန်မေကို အိပ်မက်ပေး၏။"

"ကျုပ်က ခင်ဗျားတို့ကို ပေးဖို့ တမင်လာခဲ့တာ။ အကယ်ပေးခဲ့တယ်။ ဒါပေမဲ့ ခင်ဗျားတို့က ကျုပ်ကို ဖြစ်သလို ထားတယ်။ ဟိုတစ်ယောက်ကဆို ကျုပ်ကို ရိုတယ်လို့တောင် မထင်ဘူး။ ကျန်မိသားစုတွေကလည်း ကျုပ်ကို နှိပ်စက်ကြတယ်။ အဲဒါကြောင့် ကျုပ် ခင်ဗျားတို့မိသားစုနဲ့ မနေတော့ဘူး။ သွားပြီ"

နံနက်မိုးလင်းတော့ လူခြောက်ကလေးမှာ အသက်မရှိတော့။ ထိုအကြောင်းစုံကို ကိုထွန်းဖေကို ပြောပြတော့ ကိုထွန်းဖေ သက်ပြင်းချ၏။ ကျန်မိသားစုဝင်တွေလည်း စိတ်မကောင်းဖြစ်ကြ၏။ သည်တစ်ခါတော့ ကိုထွန်းဖေတစ်ယောက် လူခြောက်ကလေးကို အပြီးအပိုင်မြှုပ်လိုက်ရ၏။

လူခြောက်လေး မရှိတော့သည့်နောက်ပိုင်း ကိုထွန်းဖေ၏ အလုပ်အကိုင်မှာ အဆင်မပြေဖြစ်လာ၏။ သိသိသာသာ စီးပွားရေးကျဆင်းသွား၏။ မစိန်မေက လူခြောက်ကလေးရှိစဉ်က စီးပွားတက်ခဲ့ရပုံများကို ပြန်ပြောပြ၏။ သည်အခါတွင် ကိုထွန်းဖေ လူခြောက်ကလေးကို သတိရတမ်းတမ်းတတဖြစ်မိ၏။

သို့သော် လူခြောက်ကလေးက သူတို့ထံမှ အပြီးအပိုင်ထွက်သွားလေပြီ မဟုတ်ပါလား။

ချစ်မင်းသူ

"လိမ်းဆေးအပူနဲ့ မပျောက်တဲ့ ရောဂါမှန်သမျှ ဒီဆေးကိုသာ လိမ်းကြည့်ပါ။"



စန်းသော်တာ

အမှတ်တံဆိပ်

ကွမ်းရွက်ဆီလိမ်းဆေး (အအေး)



အကိုက်အခဲပျောက်လိမ်းဆေး။

ရင်လူးဆေး။

အနာကျက်ဆီ၊ အဖြစ် သုံးနိုင်သည်။

(ကွမ်းရွက်အဆီထုတ်၍ သိပ္ပံနည်းကျ ဖော်စပ်ထားသည်)

အဆစ်ရောင်ကိုက်၊ လေးဖက်နာ၊ ကျိုးပေါင်း၊ အကြောတက်ခေါင်းအုံ၊ ဇက်လေ။ မျက်ကြောကိုက်တို့ကို အကိုက်အခဲပျောက်ဆေး အဖြစ် သုံးစွဲနိုင်ပါသည်။

ကလေးချွဲကျပ်၊ ချောင်းဆိုး၊ အစာမကြေ လေထိုးလေအောင့် စသည်တို့ကို ရင်လူးဆေး အဖြစ် သုံးစွဲနိုင်ပါသည်။

အပူနာ၊ Bed Sores ၊ အပူကျိတ်၊ အပူလောင်၊ နှုတ်ခမ်းကွဲ၊ ခြေကွဲနာ၊ လိပ်ခေါင်း။ စသည်တို့ကို အနာကျက်ဆီ အဖြစ် သုံးစွဲနိုင်ပါသည်။

(3in1) ဆေးအစွမ်းဖြင့် သုံးစွဲသူတိုင်း လန်းဆန်းစေမည်။

ဖြန့်ချိရေး- ကိုဝင်းမြင့်+မသောဇိ ၁၅လမ်းနှင့်ကမ်းနားလမ်းထောင့်၊ ရန်ကုန်မြို့၊ ဖုန်း-၂၂၆၃၈၂

ပင်ရင်း- စန်းသော်တာဆေးတိုက်၊ R-1 (102) ယုန်းလှိုင်အိမ်ရာ၊ ဧည့်သံလွင်၊ ဟုမ်းလမ်းရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ဖုန်း-၅၀၉၀၆၈။

www.burmeseclassic.com

ကျွန်တော်က အပျော်သမား။ စိတ်ဆင်းရဲစရာဆိုလို့ ဘာမှမတွေးတတ်တဲ့လူမျိုး။ တစ်ရက်တော့ ကျောင်းနေသူငယ်ချင်း မြင့်အောင်နေတဲ့ ထန်းပင်ကုန်းရွာကို အလည်လိုက်သွားခဲ့တယ်။ မြို့နဲ့ သိပ်မဝေးလှဘူး။ ဒါနဲ့ အမေ့ကို ပြောပြီး မြင့်အောင်နေတဲ့ ထန်းပင်ကုန်းရွာကို လိုက်သွားခဲ့တယ်ဆိုပါတော့။

အဟဲ··ကျွန်တော်က ကျောင်းနေစဉ်ကတည်းက ထန်းရည်ခါးကို နည်းနည်းပါးပါး သောက်တတ်တာကလား။ ထန်းပင်ကုန်းရွာ တစ်ဝိုက်မှာက ထန်းပင်တွေဆိုတာ ဒုနဲ့ဒေးနဲ့ ရှိနေတာကလားဗျာ။ ထန်းရည်ဆိုတာ ပေါမှပေါ၊ ကောင်းမှကောင်းပေါ့။ ကျွန်တော့်အတွက်တော့ ဘာအကြိုက် နှမ်းထောင်းပေါ့နော်။

ညနေပိုင်းလည်းရောက်ရော ကျွန်တော်တို့နှစ်ယောက်သား ထန်းတဲကို ရောက်ခဲ့ကြတယ် ဆိုပါတော့။ အဲဒီနေ့ညမှာ သူတို့ရွာနှင့် မလှမ်းမကမ်းမှာရှိတဲ့ရွာမှာ ဘုရားပွဲရှိတယ်ဆိုတဲ့ သတင်းကလည်း ရထားတယ်။ ထန်းရည်သောက်ပြီး ပွဲဈေးကိုသွားပြီး တစ်ခုခုစားကြဖို့ စီစဉ်ထားကြသေးတယ်လေ။ ထန်းတဲက ရွာချင်းဆက် လမ်းမကြီးနဲ့ နည်းနည်းအလှမ်းဝေးတော့ ပွဲသွားတဲ့ လှည်းသံ၊ လူသံတွေကို ခပ်သဲ့သဲ့သာ ကြားနေရတယ်။

ထန်းတဲရောက်တော့ မြင့်အောင်တို့အိမ်က ခိုးယူလာခဲ့တဲ့ ငါးရံခြောက်ကိုဖုတ်ပြီး ထန်းရည်အမြည်းလုပ်ရင်း သောက်ကြတာပေါ့နော်။ ထန်းရည်ခါးလေးက ကြည်လို့ လို့ ပလုံစီနေလိုက်တာများ မြို့ပေါ်က ဘီယာအတိုင်းပါပဲ။ နောက်ပြီး ထန်းရည်ခါးစစ်စစ်ဆိုတော့ ချိုမြမြ ရှတတအရသာနဲ့မို့ သောက်ကောင်းကောင်းနဲ့ နှစ်ယောက်သား သောက်လိုက်ကြတာ နေရောင်ပြောင်းပြီး ညနေစောင်းအမှောင်ထုက အလင်းရောင်ကို လုယူသွားကြတော့မှ ကျွန်တော်တို့နှစ်ယောက် ထန်းတဲက ပြန်လာခဲ့ကြတယ်။ လမ်းမကြီးပေါ်မှာတော့ လူသွားလူလာ မရှိသလောက်ပါဘဲ။ ခြေလှမ်းမှန်မှန်နဲ့ လူသွားလမ်းလေးအတိုင်း လျှောက်လာခဲ့ရာက ရွာဆက်လမ်းမကြီးပေါ် ရောက်လာကြတယ်။

'ဗျို့ဆရာတို့··ဘုရားပွဲကို သွားကြမလို့လား။ လာလေ၊ ကျုပ်လှည်းနဲ့ လိုက်ခဲ့ပါလား။ ကျုပ်လည်း ပွဲကို သွားမလို့ဗျ'

ခေါင်းငိုက်စိုက်နဲ့ နှစ်ယောက်သား လျှောက်လာ





www.burmeseclassic.com

www.burmeseclassic.com

လိုက်ကြတာ ခေါ်သံကြားလို့ ကြည့်လိုက်တော့မှ လမ်းမပေါ်မှာ လူတစ်ယောက်နဲ့ လှည်းတစ်စီးက ရပ်ပြီးနေတာကို မသဲမကွဲ မြင်လိုက်ကြတယ်လေ။

'ပွဲသွားမှာဆို လိုက်မယ်လေ။ ကျုပ်တို့လည်း ပွဲဈေးကို သွားမလို့ပဲ။ လာကွာ၊ တို့ ခြေကျင်လျှောက်ရတာ သက်သာတာပေါ့။ ဟိုကျမှ တစ်ခုခုစားကြမယ်'

ပြောရင်း ကျွန်တော်နဲ့ မြင့်အောင် နှစ်ယောက်သား ရပ်ထားတဲ့လှည်းပေါ်ကို တက်လိုက်ကြတယ်။ ကျွန်တော်တို့လည်း လှည်းပေါ်ရောက်ရော လှည်းသမားက လမ်းမကြီးအတိုင်း မောင်းလာတော့တာ။ အဲဒီညက ပွဲရှိပေမယ့် လမိုက်ရက်ကြီးဗျ။ ပွဲကချီနေတဲ့ ဆိုင်းသံကတော့ အတိုင်းသား ကြားနေရတာပါပဲ။

ကျွန်တော်တို့လည်း ထန်းရည်ခါး အရှိန်လေးနဲ့ ငိုက်မျဉ်းသွားလိုက်၊ လှည်းဆောင့်တဲ့အခါ မျက်လုံးပွင့်သွားလိုက်နဲ့ လှည်းပေါ်မှာ မှိန်းပြီး လိုက်လာခဲ့တော့တာပါပဲဗျာ။ ကိုက်နှစ်ရာလောက်လည်း ရောက်လာရော ကျွန်တော်တို့လည်း မေ့ခနဲ အိပ်ပျော်သလိုလို ဖြစ်သွားရာက ဘာမှမသိတော့ပါဘူး ဆိုပါတော့လေ။

◆◆◆

ကျွန်တော့်နားထဲမှာ ပထမအစတော့ ပွဲက တီးနေတဲ့ ဆိုင်းသံ ဗုံသံတွေက နီးကပ်လာရာက တဖြည်းဖြည်း ပိုပိုဝေးကွာသွားသလို ခံစားလိုက်ရပြန်တယ်။ ခဏကြာတော့ ဆိုင်းသံ ဗုံသံတွေ တစ်စ,တစ်စ ပိုမိုကျယ်လောင်လာတာမို့ ပွဲခင်းနဲ့ နီးကပ်လာပြီလို့ပဲ တွေးလိုက်မိတယ်။ ခက်တာက ကျွန်တော့်မျက်စိကို ဖွင့်ဖို့ ကြိုးစားကြည့်တော့လည်း မရဘဲ ဖြစ်နေရတယ်လေ။ လူတွေရဲ့ သွားလာလှုပ်ရှားတဲ့ အသံတွေလည်း နားထဲကို ဝင်လာတယ်။ မီးရောင်တွေကိုလည်း မြင်လာရတယ်။

ဒါနဲ့ မှေးစင်းနေတဲ့ မျက်လုံးကို ဖွင့်ကြည့်ပြီး မြင့်အောင်ကို ဗုတ်နှိုးလိုက်တယ်။ ဒီတော့မှ သူလည်း အိပ်ရာက နိုးထလာတဲ့ လူတစ်ယောက်လို မျက်လုံးကို ပွတ်သပ်ကြည့်ပြီး ဟိုလှည့်ကြည့် ဒီလှည့်ကြည့် လုပ်ရင်း-

'ဟ..တို့ ပွဲဈေးကိုတောင် ရောက်လာပါရောလား။ ဗျို့..လှည်းဆရာ၊ ကျုပ်တို့ ဒီမှာပဲ ဆင်းတော့မယ်။ ကျေးဇူးတင်ပါတယ်ဗျာ။ လှည်းကို ရပ်ပေးပါဦး'

မြင့်အောင် ပြောလိုက်တာနဲ့ လှည်းသမားက ရပ်ပေးလိုက်ပါတယ်။ သူက ခေါင်းမှာ တဘက်ကြီး ပေါင်းထားလေတော့ ဘယ်သူဘယ်ဝါဆိုတာ မမြင်လိုက်ရပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့က အရေးထားမနေဘဲ လှည်းပေါ်က ဆင်းခဲ့ကြတာပေါ့နော်။

ကျွန်တော်တို့လည်း လှည်းက ဆင်းရော ဟီး..ဟီး..ဟီးဆိုတဲ့ လှည်းသမားရဲ့ လှောင်ပြောင်ရယ်မောလိုက်သံလိုလို ကြားလိုက်ရတယ်။ ဒါပေမဲ့ လှည်းကို ဆက်မောင်းသွားတာနဲ့ ကျွန်တော်တို့နှစ်ယောက် စားသောက်ဆိုင်ရှိတဲ့ ဈေးတန်းဘက်ကို ထွက်လာခဲ့ကြတယ်။ ကျွန်တော်က ဒီဘက်ကို ကောင်းကောင်းမရောက်ဖူးလို့လား မသိဘူး၊ ဘုရားပွဲလာတဲ့လူတွေ ကြည့်ရတာ ကျွန်တော့်မျက်စိထဲမှာ တစ်မျိုးတော့ ထူးခြားနေသလို ခံစားလိုက်ရတယ်။ ဒါပေမဲ့ ဒီကိစ္စက အရေးမကြီးဘူးဗျ။ ဗိုက်က တောင်းဆိုနေပြီလေ။ နောက်ဆုံးတော့ အသုပ်ဆိုင်တစ်ဆိုင်မှာ ဝင်ထိုင်ပြီး မုန့်နှစ်ပွဲ မှာလိုက်တယ်။ ခဏကြာတော့ မှာတဲ့မုန့်နှစ်ပွဲ လာချပေးတယ်။ ဝမ်းက ဆာဆာမို့ စားလိုက်မဟဲ့လို့ တွေးထားပေမယ့် လာချပေးသွားတဲ့ မုန့်ပွဲကို ကြည့်လိုက်တော့ ဆာလောင်နေတဲ့ စိတ်တွေ အကုန်ပျောက်သွားရပြီး အော်ဂလီဆန်တဲ့ အဖြစ်မျိုးကို ရောက်သွားခဲ့ရတာပါပဲဗျာ။ မုန့်ရောင်းတဲ့ အမျိုးသမီးက ကျွန်တော်တို့ မှာလိုက်တဲ့ မုန့်ပွဲကို မသတီစရာ ပစ္စည်းတွေနဲ့ ပြင်ဆင်ပေးလိုက်ပုံများ အံ့ရော။

စဉ်းစားကြည့်လေ၊ လူတွေစားတတ်တဲ့ အစားအစာတွေထဲမှာ တီကောင်တွေ အထွေးလိုက်နဲ့ ဘာအမွေးတွေမှန်း မသိတဲ့ အရာတွေနဲ့ ရောထွေးပြီး ပြင်ပေးလိုက်တာများ ဆာတဲ့စိတ်တွေတောင် ပျောက်ကုန်သွားတော့တာပါပဲဗျာ။

ကျွန်တော်နဲ့ မြင့်အောင်တို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး စားသောက်ဆိုင်က ထပြန်လာခဲ့ကြတယ်။ ကျွန်တော်တို့လည်း ထပြန်ရော မုန့်ရောင်းတဲ့ဆိုင်က ဝိုင်းပြီး ဟားလိုက်ကြသေးတယ်ဗျာ။ အံ့ရောပဲ။ စားသောက်ဖို့ အဆင်မပြေတာနဲ့ ထပြန်လာခဲ့ကြပြီး ပွဲစင်နားကို တိုးကပ်ရင်း ဆာလောင်မှုကို ဖြေဖျောက်ခဲ့ကြတယ်ပဲ ဆိုပါတော့နော်။ ပွဲဇာတ်စင်ကတော့ အပျံစားဗျ။ ဇာတ်ပွဲ အမည်ကို ဖတ်ကြည့်လိုက်တော့ ယမမင်းတည်ထောင်ခဲ့သော ဘဝခြားသူတို့ ကတဲ့ ဇာတ်ပွဲတဲ့ဗျာ အံ့ရောပဲ။

www.burmeseclassic.com

www.burmeseclassic.com

ဇာတ်စင်ပေါ်မှာ ကနေတဲ့ အဖျော်ယိမ်းကို ကြည့်လိုက်မိတော့ မျက်လုံးပြူးထွက်သွားတော့တာပါပဲဗျာ။ စဉ်းစားသာ ကြည့်လိုက်ကြပါတော့။ ကနေတဲ့ ယိမ်းသမလေးတွေက အဝတ်အစားတွေ မပါကြဘူး။ အဝတ်အစားတွေ မပါလို့ ကိုယ်တုံးလုံးတွေလည်း မဟုတ်ဘူး။ ကျွန်တော် ပြောတာကို မျက်စိတော့ လည်မသွားကြနဲ့ဦး။ ပြောရရင်တော့ ကနေတဲ့ ယိမ်းသမလေးတွေက လူတွေ မဟုတ်ဘူးဗျ။ ဘာအဝတ်တန်ဆာမှ ဝတ်မထားတဲ့ အရိုးခြောက်တွေဗျ။ အရိုးခြောက်တွေ ဇာတ်ခုံပေါ်မှာ ကနေလိုက်ကြတာလေ ကနေတာကတော့ အညီသားဗျ။

ကျွန်တော်တို့ နှစ်ယောက်လည်း မတိုင်ပင်ကြဘဲနဲ့ ဝုန်းခနဲ ထိုင်ရာကနေထပြီး ထွက်လာခဲ့ကြရတာပေါ့နော်။ ကျွန်တော်တို့ နောက်မှာတော့ ရယ်မောသံတွေက စီစီညံလို့ ကျန်ရစ်ခဲ့ကြလေရဲ့။ ဒီရွာဘုရားပွဲက ဘယ်လိုဇာတ်ပွဲမျိုးကိုများ ငှားလာသလဲ မသိဘူး။

'ငါတော့ ဒီလိုဇာတ်ပွဲမျိုးနဲ့ စားသောက်ဆိုင်မျိုးကို တစ်ခါမှ မကြုံဖူးပါဘူးကွာ။ အံ့ပါရဲ့'

နှစ်ယောက်သား ဇာတ်ပွဲစင်နားကနေ ပြန်ထွက်လာတော့ မြင့်အောင်က ပြောလိုက်သေးတယ်။ ကျွန်တော့်စိတ်ထဲမှာတော့ တစ်စုံတစ်ရာတော့ လွဲမှားနေပြီဆိုတာ သတိထားလိုက်မိတယ်။

'အဲဒါ အရေးမကြီးဘူးကွ။ ငါ ဗိုက်ဆာလာပြီ။ တခြားဆိုင်တစ်ဆိုင် သွားထိုင်ကြရင် ကောင်းမလားလို့ ဘယ့်နှယ်လဲ။ မင်းရော မဆာဘူးလား။ ဒီတစ်ခါ အသုပ်ဆိုင် မသွားဘဲ အကြော်ဆိုင်ကို သွားကြတာပေါ့'

'ငါလည်း ဆာတာပေါ့။ ဒါပေမဲ့ ဆိုင်တွေကို အရမ်းဝင်ထိုင်လို့ မဖြစ်သေးဘူးကွ။ ဘေးကနေ အသာအကဲခတ်လေ့လာကြည့်ပြီးမှ ဝင်ထိုင်ကြတာပေါ့။ ဟုတ်ဘူးလား'

'အေး·· အဲဒါ ကောင်းတယ်။ လာ··ဟိုနားက အကြော်ဆိုင်ကို သွားလေ့လာကြည့်ကြတာပေါ့ကွာ' ဟု နှစ်ယောက်သားတိုင်ပင်ပြီး အကြော်ဆိုင်တစ်ဆိုင်အနီးသို့ လျှောက်သွားခဲ့ကြတယ်လေ။

ထိုအကြော်ဆိုင်ဝယ် စားသောက်သူ သိပ်မများလှပါချေ။ ဝင်မထိုင်ခင် ခင်းကျင်းထားတဲ့ အကြော်ဗန်းတွေကို လှမ်းကြည့်လိုက်ကြတယ်။ လား··လား··ပုတ်သင်ညိုတွေကို အကောင်လိုက် ကြော်ထားလိုက်တာများ ကြက်သီးထစရာ။ နောက်တစ်ဗန်းကို ကြည့်လိုက်ပြန်တော့ ဖားပြုတ်တွေ၊ မြွေတွေကို ကြော်ထားလိုက်တာဆို ခြေကားရား လက်ကားရားတွေ။ ချထားတဲ့အရွက်တွေ ကြည့်လိုက်တော့ ပဒိုင်းသီးနဲ့ ပဒိုင်းရွက်တွေပါလား။ ကျွန်တော်တို့ နှစ်ယောက် တစ်ယောက်ကို တစ်ယောက်ကြည့်ပြီး နားလည်သဘောပေါက်လိုက်သလို ဖြစ်သွားကြတယ်။

♦ ♦ ♦

'အခြေအနေ သိပ်မဟန်ဘူးဟေ့။ တို့ ပွဲဈေးက အမြန်ပြန်မှ ဖြစ်မယ်။ မင်း ဟန်မပျက်စေနဲ့နော်'

တစ်ဦးနဲ့တစ်ဦး ခေါင်းညိတ်အသိအမှတ်ပြုလိုက်ကြပြီး ဘုရားပွဲဈေးတန်းကနေ မသိမသာ ထွက်လာခဲ့ကြရတော့တာပေါ့။ ခပ်လှမ်းလှမ်းရောက်တော့ မြင့်အောင်က အံ့သြထိတ်လန့်စွာ အော်ပြောလိုက်ပါတော့တယ်။

'အဲဒါမှ ဒုက္ခပဲ။ ငါတို့ ရောက်နေတဲ့နေရာ ဘယ်နေရာဆိုတာကို မသိတော့ဘူးကွ။ ဒီနေရာကို ငါ တစ်ခါမှ မရောက်ဖူးဘူးကွ။ ငါ ရောက်ဖူးတဲ့နေရာမျိုးလည်း မဟုတ်ဘူးဆိုတာတော့ သေချာတယ်။ ညကြီးမင်းကြီးဆိုတော့ ဘယ်နေရာဆိုတာ မှန်းဆမရဘဲ ဖြစ်နေတယ်ကွ'

ဗုဒ္ဓေါဟုသာ ကျွန်တော့်စိတ်ထဲမှာ မှတ်ချက်ချလိုက်မိတော့တာပေါ့နော်။ ဘယ်လိုပဲဖြစ်ဖြစ် အရေးကြီးတာက ဇာတ်ပွဲနဲ့ ဝေးဖို့ကသာ အရေးကြီးဆုံးမဟုတ်လား။

ကျွန်တော်တို့ နှစ်ယောက်လည်း မပြေးရုံတစ်မည် လမ်းလျှောက်ပြန်လာခဲ့ကြတယ်။ ကျွန်တော်တို့ မျက်စိလည်နေသလား မသိဘူး။ ကျွန်တော့် မျက်စိထဲတော့ ဘယ်လောက်လျှောက်လျှောက် ဒီနေရာကိုပဲ ရောက်နေတယ်လို့ ထင်နေခဲ့မိတာကလား။ ကြာတော့ ကျွန်တော် ငြိမ်မနေနိုင်တော့ဘူးလေ။

'ဟကောင် မြင့်အောင်၊ ငါတို့တော့ တစ်ခုခုဖြစ်နေပြီ ထင်တယ်။ ဘယ်လောက်သွားသွား ဒီနေရာကိုပဲ ပြန်ရောက်နေတယ်ထင်တယ်ကွ။ ကြည့်လည်းလုပ်ပါဦးကွာ'

'အေး··ငါလည်း အဲသလို ထင်နေတာ။ မင်း ကြောက်နေမှာစိုးလို့ ငါ မပြောဘဲနဲ့နေတာ'

မြင့်အောင်က အဲသလိုပြောလိုက်မှ ကျွန်တော့်ခေါင်းမှာ ဖောင်းပွကြီးထွားလာပြီး ကျောပြင်အား ရေခဲပြင်ပေါ် ပက်လိုက်ဘိသို့ စိမ့်ခနဲ အေးစက်သွားတော့တာပါပဲ။ ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်တော့လည်း မှော

www.burmeseclassic.com

www.burmeseclassic.com

နဲ့မည်းမည်း။ ကိုယ်မကျွမ်းတဲ့ ဒေသဆိုတော့ ဘယ်နေရာ ဘာရှိမှန်းမသိ။ မြင့်အောင်ကို အားကိုးရအောင်လည်း သူကိုယ်တိုင်က ဘယ်ဆီကိုရောက်နေမှန်း မသိလေတော့ အစ်မရေ..အမေ့သားတော့ ဒုက္ခကောင်းကောင်းကြီးတွေ့ နေရပြီဗျလို့ အော်ဟစ်လို့သာ ငိုချင်စိတ်တွေ ပေါက်လာတော့တာပေါ့နော်။

'တို့..ဒီအတိုင်း ဆက်သွားနေရင် မောရုံပဲရှိမယ်။ နေရာကတော့ ရွှေမှာမဟုတ်ဘူး။ ဓာတ်ပွဲဈေးတန်းနဲ့လည်း ဝေးလာပြီ ထင်ပါတယ်။ ဆိုင်းသံ ဗုံသံတွေ ဝေးကျန်ရစ်ခဲ့ပြီ။ တစ်နေရာရာမှာ ဝင်အိပ်ကြရင် ကောင်းမယ်ထင်တယ်ကွ'

'အေး..ငါလည်း အဲသလို တွေးနေမိတာ။ လာ.. ဟိုရှေ့နားက သစ်ပင်အုပ်ကိုတော့ ရောက်အောင်သွားကြည့်ကြရအောင်။ အဲဒီမှာအိပ်ပြီး မနက်မှ အိမ်ပြန်ကြတာပေါ့။ မိုးလင်းရင်တော့ တို့ ဘယ်နေရာ ရောက်နေသလဲဆိုတာ သိမှာပါ'

မြင့်အောင် ပြောစကားကြောင့် ကျွန်တော့်စိတ်တွေ အားတက်သွားမိသည်ကတော့ အမှန်ပင်။ ထို့ကြောင့် နှစ်ယောက်သား သစ်ပင်အုပ်ရှိရာသို့ ဆက်လက်ချီတက်လာခဲ့ကြပါတော့တယ်။ ကံကောင်းထောက်မ၍လား မဆိုနိုင်ပါ။ ငါးမိနစ်ခန့် လျှောက်သွားမိကြသည်နှင့် သစ်ပင်အုပ်ရှိရာသို့ ရောက်လာခဲ့ကြပါတော့တယ်။ သစ်ပင်အုပ်ရဲ့ အောက်မှာ လူနာဇရပ် တစ်ခုကို တွေ့လိုက်ကြတော့ သည်လိုတော့လည်း အဆင်ပြေလိုက်ဘိခြင်းလို့ တွေးလိုက်မိပါရဲ့။ လူရော စိတ်ရော ပင်ပန်းလာတာကြောင့်လား မဆိုတတ်ဘူး၊ ဇရပ်ပေါ်မှာ နှစ်ယောက်သား လှဲချလိုက်တာ စကားတောင် မပြောဖြစ်ကြပါဘူး။ စိုးရိမ်ထိတ်လန့်စရာတွေလည်း မရှိတော့ တောင်တွေးမြောက်တွေးနဲ့ အိပ်ပျော်သွားလိုက်ကြတယ် ဆိုပါတော့နော်။

◆◆◆

'ဟ..ကောင်ကြီး၊ ထ..မိုးလင်းနေပြီ။ ထတော့'

ပခုံးကို ပုတ်နှိုးလိုက်တော့ ကျွန်တော် ဖျတ်ခနဲ အိပ်ရာက နိုးလာခဲ့ရတာပေါ့။ မျက်လုံးတွေ ပွတ်သပ်ကြည့်ပြီး ကြည့်လိုက်တော့ အရှေ့ဘက်ဆီက ရောင်နီသန်းလာတာကို မြင်လိုက်ရတယ်လေ။ ပွဲပြန်တွေ ပြန်လာတာ မတွေ့ မြင်ရလို့လည်း ပွဲဈေးနဲ့ ဝေးလာပြီလို့ အောက်မေ့လိုက်မိတယ်။

'မင်းပတ်ဝန်းကျင်ကိုလည်း ပြန်လှည့်ကြည့်ပါဦးကွ။ တကယ်ဆို တို့က သတ္တိကောင်းတွေဟ'

မြင့်အောင် ပြောလိုက်မှ ကျွန်တော်လည်း ဇရပ်ပတ်ဝန်းကျင်ကို ဝေ့ဝိုက်ကြည့်လိုက်ပါရဲ့။ အလို..မြတ်စွာဘုရား၊ ကယ်တော်မူပါ။ လက်စသတ်တော့ ညက ကျွန်တော်တို့ အိပ်ခဲ့သည်က သင်္ချိုင်းဇရပ်ကြီးပါလားလို့ အတွေးပေါက်ပြီး အနီးနားကို ကြည့်လိုက်ပြန်တော့ အုတ်ဂူတွေနဲ့ မြေပုံမို့မို့တွေကို မြင်လိုက်ရတာကလားဗျာ။ မနက်ခင်းရောက်လို့သာပေါ့၊ မနေ့ညကသာ သိခဲ့ရင် မတွေးဝံ့အောင်ပါပဲကလား။

'ဘာဘာညာညာ တွေးမနေနဲ့ ကိုယ့်လူ။ ထ..ရွာကို ပြန်ကြမယ်'

'ဒါဆို တို့ရောက်တဲ့ နေရာက ဘယ်နေရာဆိုတာ မင်းသိပြီပေါ့။ ဟုတ်လား'

'အေး..ဟုတ်တယ်။ ဒါ မြေနီကုန်းရွာသုသာန်လေ။ တို့ရွာနဲ့ သုံးမိုင်လောက် ဝေးတယ်'

ကျွန်တော်က ဘာမှဆက်မပြောပါလေတော့။ မြင့်အောင် ဦးဆောင်ရာကို နောက်က လိုက်လာခဲ့ရတော့တာပေါ့။ အပြန်လမ်းမှာ ညကအဖြစ်ကို တွေးမိပြီး အိပ်မက်လေလား ဝိုးတဝါးပင် ဖြစ်ခဲ့ရသည်ကတော့ အမှန်ပင်။ နံနက်ခင်းမို့ လမ်းလျှောက်ရသည်မှာ သိပ်မပင်ပန်းလှ။

'နေပါဦး။ မနေ့ညက တို့ရောက်ခဲ့တဲ့ ဓာတ်ပွဲနေရာကိုရော မင်းသိလား'

'အင်း..တိတိအပ်အပ်သေချာတော့ မသိဘူးကွ။ ဒါပေမဲ့ မနက်မိုးလင်းလို့ တို့နှစ်ယောက် မြေနီကုန်းရွာသုသာန်ကို ရောက်လာခဲ့ကြတယ် ဆိုတော့..'

မြင့်အောင်က သူပြောရမည့်စကားကို စဉ်းစားတွေးခေါ်နေဟန် တူပါတယ်။ ရုတ်တရက် မပြောသေး။ ခဏကြာလောက်မှ ဆက်ပြောလိုက်တယ်။

'မနေ့ညက တို့ မြေနီကုန်းရွာသုသာန် ရောက်လာခဲ့တာဆိုတော့ ဓာတ်ပွဲအသံတွေက အနောက်ဘက်မှာ ကျန်ခဲ့တာလေ။ အဲဒီတော့ တို့ရောက်ခဲ့တဲ့နေရာဟာ အောင်သာလေးရွာကြားမှာ ဟိုလွန်ခဲ့တဲ့ နှစ်နှစ်လောက်က ဓာတ်ကားတစ်စီးမှောက်ပြီး ဓာတ်သားတွေ သေသွားတဲ့နေရာပေါ့။ လှည်းကြဲနဲ့ခေါ်တဲ့ လူကလည်း မကောင်းဆိုးဝါး

www.burmeseclassic.com

တစ်ကောင်ပဲ ဖြစ်ရမယ်ကွ။ ဒါကြောင့် တို့ကို စောင့်ခေါ်ပြီး အောင်သာလေးရွာကြားကို ခေါ်သွားခဲ့တာဖြစ်မယ်။ တို့ ကြည့်ခဲ့ရတဲ့ ဇာတ်စင်ပေါ်မှာ ကပြတဲ့ ယိမ်းသမတွေ၊ ပွဲဈေးတန်းမှာရောင်းတဲ့ ဈေးသည်တွေဟာ မကောင်းဆိုးဝါး ကျွတ်ကောင်တွေကွ။ ခုမှတွေးပြီး ငါ ကြက်သီးတွေတောင် ထလာခဲ့တာကလားကွာ။ တို့အတွက်တော့ ထူးဆန်းတဲ့ ဖြစ်ရပ်တစ်ခုပေါ့ကွာ။ ဒါပေမဲ့ ဒီဖြစ်ရပ်တွေကို ဘယ်သူ့မှ ပြန်ပြောမနေနဲ့နော်။ အရူးတွေ ဖြစ်သွားမယ်၊ သိလား'

ထန်းပင်ကုန်းရွာအနီးရောက်တော့ မနေ့ ညနေက မြင့်အောင်နဲ့ ကျွန်တော်တို့ကို ပွဲဈေးလိုက်ဖို့ခေါ်တဲ့ လှည်းသမားကို သွားပြီး သတိရလိုက်တယ်။ တကယ်တော့ မကောင်းဆိုးဝါးတစ်ကောင်ရဲ့ လှည့်ပတ်ဖြားယောင်း ခေါ်ဆောင်ရာကို လိုက်သွားမိတဲ့ ကျွန်တော်တို့ရဲ့ အဖြစ်က ပြန်ပြောရမှာတောင် ခပ်ခက်ခက်ဖြစ်နေရတာပေါ့။ ဒါကြောင့် မြင့်အောင်က ဒီအကြောင်းတွေကို ဘယ်သူ့မှ ပြန်မပြောပြနဲ့လို့ ပိတ်ပင်ထားတာလေ။

ရွာနားရောက်တော့ အရှေ့မိုးကောင်းကင်မှာ နေရောင်က ထိန်လင်းနေပြီး ဘာသာရေးအရဆိုရလျှင် ကံ၊ ကံ၏အကျိုး ဆိုဘိသို့ ကျွန်တော်တို့ ပြုလုပ်ခဲ့တဲ့ အကုသိုလ်အရ လူ့ဘဝဖြစ်ပါလျက်နဲ့ နာနာဘာဝ မကောင်းဆိုးဝါးတို့ရဲ့ ဖြားယောင်းသွေးဆောင်ခြင်းကို ခံရလို့ တုန်လှုပ်ချောက်ချား ရှုံ့ရှာစရာတွေနဲ့ ကြုံတွေ့ခဲ့ရတဲ့ အကြောင်းရင်းက ကျွန်တော့်အဖို့ စဉ်းစားစရာ ဖြစ်ရပ်များသာ ဖြစ်ခဲ့ရပါတယ်နော်။

ဆိုရရင်တော့ ဇနိတံ ပါကံ ဇနေတိဆိုတဲ့ ဘုရားဟောအတိုင်း မိမိပြုလုပ်ခဲ့တဲ့ ကောင်းမှု၊ မကောင်းမှုကို အခြေခံပြီး ကျွန်တော်တို့ ဖြစ်ပျက်တွေ့ကြုံခဲ့ရတာဟာ သံဝေဂရစရာဆိုတာကို ဝန်ခံရမယ်လို့ ပြောချင်ပါတယ်လေ။ အဲဒါကြောင့် လူ့လောကမှာ ကောင်းကျိုး၊ မကောင်းကျိုးဆိုတာ ကိုယ်လုပ်တဲ့ လုပ်ရပ်ပေါ်မှာ မူတည်နေတယ်ဆိုတာ သင်ခန်းစာအဖြစ် ရေးသားတင်ပြလိုက်ပါတော့တယ်။

**အလင်္ကာသူရ**

---


ကြယ်ဖြူမင်း

အမှတ်တံဆိပ်

ဆီးချို၊ သွေးချိုသောက်ဆေး

ဆီးချိုသွေးချိုကြောင့် မကြာခဏ ရေငတ်ခြင်း၊ ဆီးမကြာခဏသွားပြီး ဆီးအောင့်၊ ဆီးကျန်ခြင်း၊ ခြေထိပ်လက်ထိပ် ထုံကျဉ်ကိုက်ခဲခြင်း၊ ဖရှူးထွက်များ၍ ကိုယ်ခန္ဓာအားအင်ကုန်ခန်း နုံးချိခြင်း၊ မောပန်းနွမ်းနယ်၍ ခြေလက် မသယ်ချင်ခြင်း၊ လေးလံထိုင်းမှိုင်းခြင်း၊ မျက်စိ ဝေဝါးမှုန်ခြင်း၊ ယားနာပေါက်ခြင်း၊ အနာနှင့်တကွ ထိခိုက်ရှနာများ မပျောက်နိုင်ခြင်း၊ ဝမ်းချုပ်ခြင်း တို့ကို သုံးစွဲနိုင်ပါသည်။

အမြို့မြို့ရှိ မြန်မာ့ဆေးမျိုးစုံဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။



ပင်ရင်း

ကြယ်ဖြူမင်း ဆေးတိုက်

အမှတ်(၄၅၁)၊ သမိန်ဗရမ်းနှင့် ဖအောင်မြေလမ်းထောင့်၊ (၁၆)ရပ်ကွက်၊ မြောက်ဒဂုံ။

☎ ၀၉-၇၃၀၁၄၀၄၄ ၀၉-၅၀၀၁၄၃၆၊ ၀၉-၅၁၁၉၀၇၂၊ ၀၉-၅၁၉၈၇၈၅

မှတ်ပုံတင် - TMR ၀၁၁၂၉၄(၀၆၁၅)

လိုင်စင် ၂/၂၀၁၃ဇာတထလ၊(၂၃၈၅)

ဖြန့်ချိရေး

တိုဝင်းမြင့်+ဒေဒေးသီ (ဆေးမျိုးစုံဆိုင်) (၁၅)လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့

www.burmeseclassic.com


နိုင်ငံတကာ အတွေ့အကြုံရှိ ပညာရှင်

# ပူရောဟိတ်ဆရာ ဦးမြတ်စံ

B.Sc., M.Sc(Q)., English Language (UFL)., EDS (MOFA)

**ဆန်းကျမ်းဗေဒင်၊ လက္ခဏာ၊ ဂမ္ဘီရပညာ၊ ဓာတ်ရိုက်ဓာတ်ဆင်သကြားပညာရှင်**

## အယူတော်မင်္ဂလာဗေဒင်ဟောခန်း

ကျွန်ုပ်၏ ကျင့်ကြံအားထုတ်ရသော သီလ၊ သမာဓိ၊ ပညာ၊ စရဏ၊ သမထစွမ်းအားတို့ဖြင့် (၇)ရက်သားသမီးတို့၏

ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ အချစ်ရေး၊ အိမ်ထောင်ရေး၊ အမှုအခင်းကိစ္စများအား

ကူညီလမ်းညွှန် ဖြေရှင်းပေးနေပါသည်။

ဝိဇ္ဇာထိပ်ခေါင် အဘအောင်မင်းခေါင်နှင့်တကွ ဝိဇ္ဇာရှစ်သောင်း ဆရာအပေါင်း၊

အနန္တစကြဝဠာမှ ဆရာသခင် သူတော်စင်ကြီးများ၏ သိဒ္ဓိ၊ မဟိဒ္ဓိ စွမ်းအားဖြင့် ကျွန်ုပ်ကိုယ်တိုင်စီရင်အပ်သော

အနန္တဒီပံဖယောင်းတိုင်၊ အနန္တသိဒ္ဓိ အင်း၊ စမ၊ ယတြာအစီအရင်များ ပီယလာဘ်ဖွင့်

**ဂမ္ဘီရအဆောင်များ ပူဇော်ခြင်းဖြင့်**

ဘဝအောင်မြင်မှုကို ရယူပါ။

သား, သမီးရတနာများအတွက် မွေးဖွားချိန်မင်္ဂလာအခါပေးခြင်း၊ ထန်းဖူး၊ ရက်ချုပ်ဇာတာဖွဲ့ပေးခြင်း၊

မြန်မာ့ရိုးရာ နာမက္ခရာဏမင်္ဂလာနှင့်အညီ ကလေးနာမည်ပေးခြင်း၊

နိုင်ငံခြားခရီး (ပညာရေး၊ အလုပ်အကိုင်၊ သင်္ဘောတက်ရန်)

S pass, P.R, Shore Job, Oversea Student Visa အဆင်ပြေစေရန် စီစဉ်ပေးခြင်း၊

အိမ်၊ ခြံ၊ မြေ၊ ကား၊ ကျောက်မျက်ရတနာ၊ ကုန်ပစ္စည်းများ အမြန်ရောင်းထွက်ရန်

အာမခံဖြင့် **အထူးယတြာ** စီရင်ပေးပါသည်။

**Prediction in English Language is offered.**

ရုံးခန်းလိပ်စာ ❖ အမှတ်-၁၅(B) (ပထမထပ်)၊ (၁၄၉)လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ (သီတာလမ်းမှတ်တိုင်အနီး)၊

ဆွေးနွေးချိန် ❖ နံနက်(၉:၀၀)နာရီမှ ညနေ(၃:၀၀)နာရီအထိ

09 51 76646, ☎ 200 298, E-mail Address : myatsan5@gmail.com

Website : http://sayamyatsan.blogspot.com

ကြိုတင်ရက်ချိန်းယူပါ




www.burmeseclassic.com

www.burmeseclassic.com

ယခုရေးသားဖော်ပြလတ္တံ့သော အဖြစ်အပျက်သည် တကယ့်ဖြစ်ရပ်မှန် ဖြစ်လေ၏။ ထိုစဉ်က ကျွန်တော်၏ အသက်မှာ (၁၅)နှစ်ဟု ထင်သည်။ ကျော်လျှင် တစ်နှစ် ထက်မပိုပေ။

ကျွန်တော့်ဖေဖေ ဂီတာ အေဝမ်းကြည်အေး (ခေါ်) ဒါရိုက်တာသန်းကျော်ဌေး ရိုက်ကူးသော လူလှနှင့် ရူပ သိုက်သမိုင်း ရုပ်ရှင် ဇာတ်ကားကြီး၌ ကျောင်းကြီး (၂)လ ပိတ်၍ လိုက်ပါခဲ့ခြင်း ဖြစ်၏။ ဖေဖေ့ အတွက် ဝေယျာဝစ္စလုပ်ကိုင်ပေးခြင်း၊ ဇာတ်လမ်းမှတ်တမ်းတင် လိုက်ရေးပေးခြင်း၊ ဇာတ်ညွှန်းကူဖတ်ပေးပြီး လိုအပ်သည်များကို ရေးမှတ် ရသည့် အမှုကို ပြုပေးရလေ၏။

၎င်းဇာတ်ညွှန်းကို စာရေးဆရာကြီး ဒဂုန်ဦးစန်းငွေ က ရေးသားပေးပြီး မင်းသားမှာ ခင်မောင်ဇင်၊ မင်းသမီး စံရှားတင်၊ ဒေါ်မြလေး၊ တာတေကြီးနှင့် ရှေးဟောင်း အနုပညာရှင်များ ပါဝင်ကြ၏။



## ဒါရိုက်တာ မျိုးကော်အောင်

## ကျွန်တော်နှင့် ရွှေကိုယ်တော်တို့ မောင်နှမ



www.burmeseclassic.com

www.burmeseclassic.com

ပဲခူး၊ ဒီစတြိတ် ကဝမြို့နယ်၊ ဖလေးရွာရှိ သမိုင်းဝင် ကျိုက်မတ်ကော်ဘုရားသိုက်သမိုင်း ဇာတ်ကား ရိုက်ကူးခြင်း ဖြစ်လေ၏။ ကျွန်တော်မှာ ဖေဖေ့၏မိခင် အဘွား ဒေါ်သိန်းမေ၏ မွေးဇာတိရွာဖြစ်၍ ဆွေမျိုးသားချင်းများ နှင့် တွေ့ဆုံခြင်းနှင့် ဖေဖေ့အတွက် တွဲဖက်အကူအဖြစ် ကျွန်တော် ဝါသနာအလွန်ပါသည့် အနုပညာအတွက် လေ့လာမှုအဖြစ် လိုက်ခဲ့ခြင်းပင် ဖြစ်၏။

ထိုနေ့က ဖေဖေတို့ တစ်ရက်တာ ဖလေးရွာနှင့် ကျိုက်မတ်ကော်ဘုရားနီးတစ်ဝိုက်တွင် ဇာတ်ဝင်ခန်းအချို့ကို ရိုက်၍အပြီး တည်းခိုနားနေကျဖြစ်သော အဘွားညီမ၏ နှစ်ထပ်အိမ်ဆောင်ကြီးသို့ ပြန်၍ နားကြလေ၏။

ထိုစဉ် ကျွန်တော်သည် နားခိုစခန်းကို လိုက်မသွားသေးဘဲ နေလည်း မဝင်သေး၍ ကျိုက်မတ်ကော်စေတီ ဘုရားရင်ပြင်သို့ တစ်ယောက်တည်း ချန်၍ ထွက်လာခဲ့သော၏။ စေတီဆီမှ ဆည်းလည်းသံသည် ကျွန်တော့်အတွက် လွန်စွာမှ သာယာနာပျော်ဖွယ် ကောင်းလေ၏။ လေသည် ငြိမ့်ငြိမ့်လေး တိုက်ခတ်နေသောကြောင့် စေတီဆီမှ ဆည်းလည်းသံတို့သည်လည်း တချွင်ချွင်ဖြင့် ငြိမ့်ငြိမ့် ညောင်းညောင်း မြည်လျက်နေပေ၏။

ကျွန်တော်သည် ဘာကြောင့်ရယ်လို့ အတိအကျ မပြောနိုင်သော်လည်း ထိုဆည်းလည်းသံတို့သည် ကျွန်တော့်ရင်အား လွမ်းချင်၊ ဆွေးချင်စိတ်ကို ဖြစ်ပေါ်စေလေ၏။

အနုပညာဓာတ်ခံရှိသောကြောင့် ဖြစ်မည်ထင်ပေ၏။ စေတီသို့ ရောက်သောအခါ၌ နေဝင်ဆည်းဆာအချိန်ဖြစ်နေ၍ လူသူတစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရပေ။ ပကတိ ငြိမ်ချက်သားကောင်း၍ တိတ်ဆိတ်လျက်ရှိလေ၏။ ဆည်းလည်းသံကိုမူ လေတိုက်တိုင်း တစ်ချက်,တစ်ချက် ကြားနေရလေ၏။

'ချွင်··ချွင်··ချွင်'

ဆည်းလည်းသံကို နားစွင့်ခံစားနေစဉ် ၎င်းတချွင်ချွင် ဆည်းလည်းသံသည် ကျွန်တော်၏ နောက်ကျောဘက်ဆီမှ ကြားလိုက်ရသလို ခံစားလိုက်ရသောကြောင့် နောက်သို့ လှည့်လိုက်လေ၏။

'ဟင်'

အသက်(၇)နှစ်၊ (၈)နှစ်အရွယ် ကောင်လေးတစ်ယောက် သျှောင်ပေစူးလေးဖြင့် ရုတ်တရက် မြင်လိုက်ရသဖြင့် ကျွန်တော်၏နှုတ်မှ အမှတ်မထင် ဟင်ဟူ၍ အာမေဋိတ်သံ ထွက်သွားလေ၏။ ၎င်းကောင်လေး၏ လက်နှစ်ဖက်တွင် ခြူဆည်းလည်းများ ကိုင်ဆွဲထားသည်ကို မြင်တွေ့ရလေ၏။

'ညီလေး··မင်းတစ်ယောက်တည်းလား၊ လူကြီးတွေ မပါဘူးလား'

ဟု ကျွန်တော်က စပ်စပ်စုစုမေးလိုက်ရာ ၎င်းညီငယ်က-

'မပါဘူးခင်ဗျ၊ ကျွန်တော်တစ်ယောက်တည်း ဘုရားဖူးလာတာ'ဟု ပြန်၍ ဖြေကြားလေ၏။

'ဒါထက် ငါ့ညီနာမည် ဘယ်လိုခေါ်လဲ'ဟု ကျွန်တော်က ဆက်မေးရာ ထိုညီငယ်က ရွှေကိုယ်လေးလို့ ခေါ်ပါတယ်'ဟု ပြန်၍ ဖြေကြားပြန်လေ၏။

ရွှေကိုယ်လေးဟူသော အမည်သည် ကျွန်တော်၏ အကြားအာရုံ၌ ထူးဆန်းနေသကဲ့သို့ ရှိလေ၏။ ရွှေကိုယ်လေး၏ ပုံပန်းသဏ္ဍာန်၊ အဆင်းသဏ္ဍာန်တို့မှာ ထူးဆန်းသည်ဟု ထင်လေ၏။ အသားရောင်ဖြူ၍ မျက်နှာအကျ တင့်တယ်ချောမောလှ၏။ နှာတံပေါ်ပေါ်၊ မျက်ဝန်း တောက်တောက်၊ နှုတ်ခမ်းစွေစွေ၊ ဝတ်စားဆင်ယင်မှုမှာလည်း ရာဇဝင်ထဲကလို ရင်ဖုံးအင်္ကျီနှင့် ပုဆိုးမှာလည်း ပိုးပုဆိုးချိတ်နှင့် သျှောင်ပေစူးကို သပ်သပ်ရပ်ရပ် ဖြီးလိမ်းထားပြီး ပိုးပဝါလွှမ်းထား၍ မင်းသားငယ်တစ်ပါးအလား ကျွန်တော့်ဖေဖေ ရိုက်ကူးနေတဲ့ ရာဇဝင်ကားထဲ ခေတ္တခဏ ရောက်သွားသကဲ့သို့ ထင်လိုက်ရပေတော့၏။ ညီငယ်ကတော့ ကျွန်တော့်ကို ပြုံးတုံ့ပြုံးလှဲ ကြည့်နေတော့၏။

'နေစမ်းပါဦးကွယ်။ ရွှေကိုယ်လေး တစ်ယောက်တည်းဆိုတော့ ဘုရားကို အမြဲလာဖူးတာလား'ဟု ကျွန်တော်က မေးလိုက်၏။

ရွှေကိုယ်လေးက-

'ဘုရားဖူးမယ်၊ ပြီးတော့ အစ်မတော်ကို စောင့်မယ်။ ပြီးရင် ပြန်မယ်'ဟု ပြောလေ၏။

'ဒါထက် ရွှေကိုယ်လေးရဲ့ အစ်မတော် လာမယ် ဟုတ်လား။ ညီလေးတို့က ဘယ်မှာနေကြတာလဲ။ ဒီနေ့ အနားမှာလား။ ဒီနားက ရွာတွေမှာလား'ဟု ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com

က ဆက်၍ ရွှေကိုယ်လေးကို မေးလိုက်လေ၏။

'ကျွန်တော်တို့ နေတဲ့နေရာကို ဘယ်သူကပဲမေးမေး အဖြေမပေးရဘူးလို့ အစ်မတော်က ပြောထားလို့ ကျွန်တော် မပြောနိုင်ဘူး အစ်ကို'ဟု ရွှေကိုယ်လေးက လိမ္မာပါးနပ်စွာ ပြန်၍ပြောလေ၏။

'ဩော်..ဟုတ်လား။ မပြောချင်လည်း ရပါတယ် ညီလေးရာ။ အစ်ကိုတို့က ဒီကျိုက်မတ်ကော်ဘုရားသမိုင်းနဲ့ ဖလေးရွာပတ်ဝန်းကျင်မှာ ကိုယ့်ဖေဖေက ဒါရိုက်တာ ထုတ်လုပ်သူအဖြစ် ရုပ်ရှင်လာရိုက်ကြတာပါ'ဟု ကျွန်တော်က ပြောလိုက်လျှင် ရွှေကိုယ်လေးက 'ကျွန်တော်တို့ သိထားပါတယ်'ဟု ပြန်၍ပြောလေ၏။

ကျွန်တော့်အနေဖြင့် အလွန်အားနာတတ်သော ညီလေးပါလားဟု ကျွန်တော့် ရင်ထဲ၊ စိတ်ထဲက ကောက်ချက်ချ ရေရွတ်လိုက်လေ၏။

ထိုစဉ် မြွေတွန်သံလိုလို-

ရှီး..ရှီး..ရှီး..ရှီး အသံနှင့်အတူ ချွင်..ချွင်..ချွင်..ချွင် ဆည်းလည်းသံကိုပါ ကြားလိုက်ရလေ၏။

များမကြာတင်မီ စေတီရင်ပြင်ပေါ်သို့ မိန်းကလေးတစ်ယောက် ရောက်လာလေ၏။ ၎င်းမိန်းကလေးမှာလည်း တစ်ပတ်လျှိုဆံထုံးလေးဖြင့် မြန်မာဇာတ်မင်းသမီးကဲ့သို့ ထိုင်မသိမ်းအင်္ကျီ၊ လုံချည် ဝတ်စားဆင်ယင်ပုံက ကျွန်တော့်အမြင် ခပ်ဆန်းဆန်း ဖြစ်နေလေသည်။ ဖေဖေ ရိုက်ကူးနေတဲ့ သိုက်သမိုင်းဇာတ်ကားထဲက ဥစ္စာစောင့်မလေးများလားဟု စိတ်ထဲက ထင်မိလေ၏။

သည်တွင် ရွှေကိုယ်လေးက-

'အစ်မတော်လာပြီ'ဟု နောက်သို့ လှည့်ကြည့်၍ ဆိုလေ၏။

'အခုလာနေတာ မင်းရဲ့အစ်မတော်လား ညီလေး'ဟု ကျွန်တော်က မေးလိုက်ရာ ဟုတ်တယ်ဟု ရွှေကိုယ်လေးက တိုတိုပြတ်ပြတ်ပင် ပြန်၍ဖြေလေ၏။

'ညီလေး..မင်းရဲ့အစ်မတော်နဲ့ အစ်ကို့ကို မိတ်ဆက်ပေးပါလား'

ဟု ကျွန်တော်က ပြောလိုက်လျှင် ၎င်းရွှေကိုယ်လေးက-

'ကျွန်တော့်အစ်မတော်က ဘယ်သူနဲ့မှ စကားမပြောဘူးခင်ဗျ'ဟု ဖြေကြားလေ၏။

'ဘာဖြစ်လို့ မပြောတာလဲ ညီလေး'

ဟု ကျွန်တော်က ဆက်မေးလေလျှင် ရွှေကိုယ်လေးက-

'အစ်မတော်က စကားမပြောတတ်ဘူး။ အ,နေတာ'ဟု ကျွန်တော့်ကို မျက်မှောင်ကြုတ်၍ကြည့်ပြီး ဖြေလေ၏။

ကျွန်တော့်အနေနဲ့ ရွှေကိုယ်လေးကို မေးလိုက်မိတာ မှားပြီဟု စိတ်ထဲက နောင်တ,ရမိလေ၏။ ရွှေကိုယ်လေး၏ အစ်မတော်ကိုလည်း အကဲခတ်ကြည့်လိုက်မိလေ၏။

'အေးကွာ၊ အစ်ကို မသိလို့ပါ ညီလေး'ဟု ကျွန်တော်က တောင်းပန်လိုက်လေ၏။

ထိုစဉ်၌ ရွှေကိုယ်လေး၏အစ်မတော် ဆိုသူသည်လည်း ကျွန်တော်တို့ရှိရာအနားသို့ ရောက်ရှိ၍လာလေ၏။

သူမသည် အလွန်ချောမောလှပသော မိန်းကလေးတစ်ယောက် ဖြစ်လေ၏။ စကားမပြောတတ်ဘဲ အ,နေသောကြောင့် ကျွန်တော် သနားကရုဏာသက်မိလေ၏။

သူမသည် ကျွန်တော့်ကို တစ်ချက်ကြည့်ပြီး ရွှေကိုယ်လေးကို လက်ဆွဲ၍ ခေါ်ဆောင်သွားလေ၏။

ကျွန်တော်လည်း သူတို့ကိုကြည့်ပြီး ကမန်းကတန်းပင်-

'နောက်မှ တွေ့ကြမယ် ညီလေး'ဟု လှမ်း၍ နှုတ်ဆက်လိုက်လေ၏။

ထို့နောက် ကျွန်တော်လည်း စေတီရင်ပြင်ပေါ်မှ ရွှေကိုယ်လေးနဲ့ အစ်မတော်မောင်နှမ နှစ်ယောက်ကို မြင်ကွင်းထဲမှ ပျောက်သွားသည်အထိ ငေးကြည့်နေမိလေတော့၏။

♦♦♦

ကျွန်တော် နှစ်ထပ်အိမ်ဆောင်ကြီး နားနေခန်းသို့ ပြန်ရောက်သောအခါ ဖေဖေ၊ ဇာတ်ညွှန်းရေးတဲ့ဆရာ ဒဂုန်ဦးစန်းငွေတို့က ဆူလေတော့၏။

'ဖိုးသံ..ဘယ်လျှောက်သွားနေတာလဲ။ ဒီမှာဖြင့် ရှာလိုက်ရတာ ခေါင်းတောက်နေပြီ။ ခုထိ အောင်ရွှေ မရောက်သေး (ဖေဖေ့လက်ရင်းတပည့်)'ကို ပြောဆိုခြင်းဖြစ်ကာ ဆူလေ၏။

ဆရာဒဂုန်ဦးစန်းငွေကလည်း-

'ဒီနေရာက ပေါ့ပေါ့မထင်နဲ့ မောင်ဖိုးသံ ရှေးယခင်



www.burmeseclassic.com

www.burmeseclassic.com

ဘတည်းက သိုက်တွေ၊ ဥစ္စာစောင့်တွေ အရမ်းပေါတာ ကွယ်။ မင်းကို လိပ်ပြာနုတ်သွားလိမ့်မယ်'ဟု ခြောက်လှန့် ပြောဆိုလေ၏။

ကျွန်တော်ကလည်း ဥစ္စာစောင့်တို့၊ နတ်တို့၊ တစ္ဆေ သရဲတို့ကို သိပ်ပြီးအယုံအကြည်ရှိသူ မဟုတ်ပေ။ ထို့ ကြောင့် ကျွန်တော် ဘာတစ်ခွန်းမှ မပြောဘဲ နှုတ်ဆိတ် နှုတ်ပိတ်၍သာ နေလိုက်လေတော့၏။

မနက်ဖြန် ရိုက်ကူးရေးရှိသည်။ ရိုက်ကူးရမည့် အခန်း ဥ်များကို ရွေးထုတ်ရန် ဖေဖေက ကျွန်တော် အခန်းစဉ် များကို ရှာဖွေပြီး စောစောအိပ်ရန် ပြောလေ၏။

ကျွန်တော် အိပ်ရာဝင်ခဲ့သော်လည်း ကျွန်တော့်မှာ တော်တော်နှင့် အိပ်မပျော်နိုင်ပေ။ ရွှေကိုယ်လေးနှင့် သူ၏ အစ်မတော်ဆိုသူကို စိတ်ကူးအာရုံထဲ ဝင်ရောက်လာလေ ၏။

ရုပ်ရည်ကလေး ချောမောလှပ၍ စကားမပြောနိုင်ရှာ သော ရွှေကိုယ်လေးရဲ့အစ်မတော် အ,အမလေးကို ကျွန် တော် ပြန်မြင်ယောင်ရင်း စိတ်ထဲ သနားကရုဏာသက်၍ နေမိလေ၏။

တော်တော်ကြီးညဥ့်နက်မှ ကျွန်တော် မှေးခနဲ အိပ် ပျော်သွားသည် ထင်၏။

◆◆◆

ရုပ်ရှင်အဖွဲ့သားတို့၏ နံနက်ခင်း ဆူဆူညံညံ အသံ ဗလံများကို ကြားလိုက်ရသောကြောင့် ဆတ်ခနဲ ကျွန် တော် အိပ်ရာမှ လန့်နိုးထလိုက်ရ၏။ အိပ်ရေးက သိပ် ဝချင်ပေ။

'ဖိုးသံ..ထ၊ အောင်ဒွေးကို ထမင်းကြော် သွားယူ ခိုင်းပြီးစား။ ပြီးရင် ဓာတ်ညွှန်းဖိုင်နဲ့ ဦးလေးဦးစန်းငွေကို ပါ့ဆီ လာဖို့ ပြောလိုက်'ဟု ဖေဖေက ပြောပြီး သူ့အခန်း ရှိရာသို့ လျှောက်၍ သွားလေ၏။

ကျွန်တော်လည်း ကမန်းကတန်း မျက်နှာသစ်၍ ကို အောင်ဒွေး ယူလာပေးသော ထမင်းကြော်ပန်းကန်ကို ယူ လိုက်လေ၏။

'မင်းအတွက် ငါးခြောက်ထောင်းကြော်နဲ့ ကြက်ဥ ကြော် လုပ်ပေးထားတယ်'ဟု ဖေဖေ့တပည့် ကိုအောင် ဒွေးက ထမင်းကြော်ပန်းကန်ကို လှမ်း၍ပေး၏။

ကျွန်တော်ကြိုက်သော ငါးခြောက်ထောင်းကြော်မှာ စားချင်စဖွယ်ဖြစ်၏။ ကျွန်တော် ကောင်းကောင်းစားလိုက် လေ၏။ စားသောက်၍ ပြီးသောအခါ နွားနို့စစ်စစ် တစ် ခွက် လာပေး၍ သောက်လိုက်လေ၏။

ထို့နောက်တော့ ဖေဖေနှင့် အဖွဲ့သားတွေအားလုံး အပြင်ရိုက်ကွင်း ဘုရားအနီးပတ်ဝန်းကျင်နှင့် ကြာဖြူကန် ဘက်သို့ ထွက်၍ ရိုက်ကြလေ၏။ ကျွန်တော်က ဖေဖေ ရိုက်ကူးသမျှ ဓာတ်ဝင်ခန်းများကို ဓာတ်လမ်းမှတ်တမ်း တင်အဖြစ် လိုက်၍ ရေးမှတ်ရလေ၏။

နေ့လယ်ကျတော့ ရုပ်ရှင်ရိုက်ကူးရေး ခဏနားကြ ၏။ နေ့လယ်စာ ရှူတင်ထမင်းကို ကြာဖြူကန်မှာပင် နွားလှည်းနှင့် ထမင်းလာပို့၍ အဖွဲ့သားတစ်စုလုံး ပျော် ပျော်ပါးပါး သောက်ကြစားကြလေ၏။

နေ့လယ်နေအရှိန်ကြောင့် တစ်နာရီလောက် နားခွင့် ရသောကြောင့် ကျွန်တော်သည် ကျိုက်မတ်ကော်စေတီ ရင်ပြင်ဘက်ဆီသို့ ခဏလောက် သွားချင်စိတ် ပေါ်လာ လေ၏။

ခဏသွားမည်ဟု ပြင်ဆင်လိုက်စဉ်မှာပင် ဖေဖေ ရောက်လာပြီး-

'ဖိုးသံ..ဆရာဦးစန်းငွေကို ဘုရားခြေရင်း ညောင်ပင် ခေါင်းလောင်းမှာ သိုက်ချုပ်ဘိုးဘိုး၊ စုန်းမကြီး ဒေါ်မြလေး နဲ့ တာတေကြီးတို့ သုံးယောက် ကိုလူလှ အဖမ်းခံရပြီး





www.burmeseclassic.com

www.burmeseclassic.com

သိုက်နန်းရှင် ရှပ၊ သိုက်ချုပ်ဘိုးဘိုးကို အစီရင်ခံပုံကို ပေဟာဒီထဲမှာ အကြမ်းရေးထားတယ်။ ဆရာ့ကို ယခု အခန်းပြီးရင် ရိုက်ဖို့ သေသေချာချာ ရေးပေးခိုင်းလိုက်။ ဆက်တင် ချဲလေးနဲ့ ကျော်နိုင်တို့ကိုလည်း လိုအပ်တဲ့ ပစ္စည်း ယူခိုင်းထား'ဟု ကျွန်တော့်ကို မှာပြီးနောက် ရိုက်ကွင်းသို့ ထွက်သွားလေ၏။

ကျွန်တော်လည်း ဖေဖေမှာသည့်အတိုင်း အကြမ်း ရေးပေးထားသော စာရွက်နှင့် ဇာတ်ညွှန်းရေးဆရာ ဦးစန်း ငွေထံ သွားရောက်ပြီး အကျိုးအကြောင်း ရှင်းပြလေ၏။ ဆက်တင် ချဲလေးနှင့် ကျော်နိုင်ကို အမေဒေါ်မြလေး ဝတ်စားဆင်ယင်မှု၊ ဦးတာတေကြီး ဝတ်စားဆင်ယင်မှု တို့ကို ပြင်ဆင်ခိုင်းလိုက်လေ၏။

ဖေဖေကတော့ ဇာတ်ဝင်ခန်းအချို့ကို ကြာဖြူကန် အနီးအနားမှာပင် ဆက်ရိုက်နေလေ၏။ ကျွန်တော်လည်း ဖေဖေမှာထားသည့်ကိစ္စများ ပြီးပြတ်သွား၍ ကျွန်တော် သွားချင်နေသော ကျိုက်မတ်ကော်စေတီဘက်သို့ သုတ် ခြေတင်၍ သွားရောက်လေ၏။

စေတီရင်ပြင်သို့ ရောက်သောအခါ ယခင်အတိုင်း တိတ်ဆိတ်ငြိမ်သက်လျက် ရှိလေ၏။ သို့ရာတွင် ဆည်း လည်းသံတို့ကမူ တချင်ချင်ဖြင့် ကြားနေရလေ၏။

ဘုရားရင်ပြင်တစ်နေရာ ညောင်ကြတ်ပင်ကြီးအောက် တွင် ရွှေကိုယ်လေးနှင့် အစ်မတော် မောင်နှမနှစ်ယောက် ကို တွေ့လိုက်ရလေ၏။ ၎င်းတို့မောင်နှမသည် ကျွန်တော် ရောက်ရှိနေသည်ကို သိကြပုံမရကြပေ။ စကားကောင်း နေကြပုံရ၏။

ကျွန်တော်သည် သူတို့ မမြင်သာအောင် သစ်ပင် အကွယ်တစ်ခုမှ ဝင်ပုန်းကာ သူတို့စကားသံကို နားစွင့် ၍ ထောင်နေမိလေ၏။

'မောင်လေး··အဲဒီရုပ်ရှင်လာရိုက်တဲ့ လူတွေနဲ့ သိပ် ပြီး မရောနဲ့နော်။ သိပ်ရောရင် အစ်မတော်တို့ ဘာတွေလဲ ဆိုတာ သူတို့ သိသွားလိမ့်မယ်။ လူဆိုတာ ယုံရတာ မဟုတ်ဘူး'ဟု ရွှေကိုယ်တော်လေး၏ အစ်မတော်ဆိုသူ ပြောဆိုသံကို ကြားလိုက်ရသောကြောင့် ကျွန်တော် အံ့သြ သွားရလေ၏။

အစ်မတော်က စကားမပြောတတ်ဘူး။ အ,နေသည် ဟု ရွှေကိုယ်လေး ပြောခဲ့ဖူးသော စကားကို ကြားခဲ့ရ သောကြောင့် ဖြစ်လေ၏။

'အစ်မတော်က စိုးရိမ်လွန်းနေတာပါ။ မောင်လေး နှုတ်လုံပါတယ်။ အဲဒီရုပ်ရှင် အစ်ကိုက အရမ်းခင်မင် ကောင်းပါတယ်။ သူ့ကို ကြည့်ရတာ လူကောင်းတ ယောက်မှန်း ကျွန်တော့်အနေနဲ့ မမေးဘဲ သိပါတယ် မောင်လေး သူ့ကို ရွှေမန်ကျည်းသီး တစ်တောင့်လော လက်ဆောင်ပေးချင်တယ်။ အစ်မတော် ခွင့်ပြုမလားဟင်' ဟု ရွှေကိုယ်လေး၏ စကားကိုလည်း ကြားရလေ၏

'အစ်မတော်··ခွင့်မပြုနိုင်ဘူး မောင်လေး။ အဲဒီ ကျည်းသီးတစ်ဘောင့်က ရွှေတစ်ဆယ်သားကျော်တ မောင်လေး။ လူ့ဘားတွေဆိုတာ လောဘ၊ မောဟ၊ ဒေါ ရှိကြတယ်။ အစ်မတော်တို့လို သိုက်စောင့်(ဥစ္စာစောင့် တွေနဲ့ မတူကြဘူးကွယ့်။ အစ်မတော်တို့ ဥစ္စာသိုက် လာပြီး မသမာတဲ့လူတွေနဲ့ လောဘ၊ မောဟတက် တူးကြရင် နေစရာမရှိ၊ စားစရာမရှိဘဲ ထွက်ပြေးကြရ မယ်။ သိုက်ချုပ်ဘိုးဘိုးရဲ့ ဒဏ်ခတ်မှုကိုလည်း ခံစာ မယ် မောင်လေး။ သိုက်နန်းနဲ့ ပတ်သက်တဲ့ပစ္စည်း ပစ္စည်းမှ ပေးဖို့ မစဉ်းစားပါနဲ့ မောင်လေး။ အစ်မတော် ပြောတာ နားလည်ပါတယ်နော်'

'ဟုတ်ကဲ့ အစ်မတော်၊ မောင်လေး နားလည် တယ်'

ထိုစဉ်မှာပင် 'ဖိုးသံရေ··ဖိုးသံရေ'ဟူသော တပည့် ကိုအောင်ဒွေး၏ အသံပြဲပြဲကြီးနှင့် အော်ခေါ် ကို ကြားလိုက်ရ၏။ ကျွန်တော်ကြားလိုက်ရသလို ကိုယ်လေးတို့ မောင်နှမလည်း ကြားလိုက်ပုံရ၏။

ဖေဖေတို့ ရုပ်ရှင်အဖွဲ့သားတွေ ဘုရားရင်ပြင်ဘက် လျှောက်လာနေတာကို လှမ်းကြည့်ပြီး ရွှေကိုယ်တော် တို့ မောင်နှမဆီ ပြန်လှည့်ကြည့်လိုက်တော့ စော ညောင်ကြတ်ပင်ကြီးအောက်တွင် သူတို့ ရှိမနေကြ ပေ။ ကိုယ်ရောင်ဖျောက်သွားသည်လား၊ ရှောင်ထွက် သည်လားတော့ ကျွန်တော် မသိပေ။

ကျွန်တော် သိလိုက်သည်ကတော့ ဖေဖေတို့နှင့် လျှင် ကျွန်တော်ကြုံတွေ့ခဲ့ရသော ရွှေကိုယ်တော်တို့ နှမ အကြောင်းအရာ အဖြစ်အပျက်များကို ပြောမ ဟူသော အသိပင် ဖြစ်ပေတော့သတည်း။

ဒါရိုက်တာမိုးဇော်

www.burmeseclassic.com

# နှလုံးသုခ သွေးသန့်အားတိုးဆေး



နှလုံးသုခ(သွေးသန့်)
0601 Y 2128

ဤဆေးသည် နှလုံးတုန်၊ ရင်ခုန်ခြင်း၊ မောပန်း၊ မူးဝေခြင်း၊ နှလုံးစူးအောင့်ခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်း၊ အိပ်မပျော်၊ စားမဝင်သူများ၊ စိတ်နှလုံးနောက်သူများ၊ သွေးဆုံးမီးယပ် ရောဂါသည်များ၊ မီးယပ်သွေးဆင်းလွန်သူများနှင့် အထူးသင့်လျော်ပါသည်။


အမျိုးသား၊ အမျိုးသမီးများ အထွေထွေအားနည်းခြင်းအတွက် အားဆေးကောင်းတစ်လက်ဖြစ်သည်။

ကလေးငယ်များအား ရွှေးစေ့ခန့် မပြတ်ခွန့်ပေးပါက ကျောက်၊ ဝက်သက် စသောရောဂါများအတွက် ကာကွယ်နိုင်ပါသည်။

**လူကြီး** – ဆေးတစ်ပဲသားခန့်
တစ်နေ့ (၂)ကြိမ်မှ (၃)ကြိမ် သောက်သုံးသင့်သည်။

**ဖြန့်ချိရေး**
မော်လမြိုင်ဖြန့်ချိရေး - ၆၁၅(A)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့၊ ☎ ၀၅၇-၂၁၈၃၆

# အကြောသုခ ဒဏ်ကြေလိမ်းဆေး



အကြောသုခ(ဒဏ်ကြေလိမ်းဆေးအဆီ)
0203 Y 4340



0203 Y 4340



အကြောသုခ(ဒဏ်ကြေလိမ်းဆေးအရည်)
0502 Y 3750

ဤလိမ်းဆေးသည် အရိုးအဆစ် နာကျင်ကိုက်ခဲခြင်း၊ အဆစ်လွဲခြင်း၊ အကြောတင်၊ အကြောညှပ်၊ အကြောထုံးခြင်း၊ ဖက်ကြောတက်ခြင်း၊ ထုံကျင်ကိုက်ခဲခြင်း၊ ကြွက်သားများ နာကျင်ကိုက်ခဲခြင်း၊ လေငန်းရောဂါတို့ကိုပါ အထူးပျောက်ကင်းစေပါသည်။

**ဖြန့်ချိရေး**
မော်လမြိုင်ဖြန့်ချိရေး - ၆၁၅(A)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့၊ ☎ ၀၅၇-...၃၆

www.burmeseclassic.com

www.burmeseclassic.com

ဒုရဲအုပ်အောင်ကျော်သည် ထိန်ပင်ကြီးတစ်ပင်အောက်ရှိ မြက်ခြောက်များပေါ်တွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေရာမှ တစ်စုံတစ်ခုသော လှုပ်ရှားမှုတစ်ခုကြောင့် ဆတ်ခနဲ အိပ်ရာက နိုးလာသည်။ သူသည် အအိပ်အနေနည်း၍ အအိပ်ဆတ်သူ တစ်ယောက်ဖြစ်သောကြောင့် တစ်စုံတစ်ခုသော အသံကြားတိုင်း ဖျတ်ခနဲနိုးလာတတ်သည်။ သူသည် အိပ်နေရာမှ မထသေးဘဲ မျက်စိကိုမှိတ်ကာ အသံကို နားစွင့်နေလိုက်သည်။

တောင်စောင်းတစ်ခုမှ တစ်စုံတစ်ခု လိမ့်ကျသွားသံနှင့်အတူ သစ်ပင်သစ်ကိုင်းတို့ကို တိုးဝှေ့၍ဆင်းသွားသော လှုပ်ရှားသံများကို ကောင်းစွာကြားလိုက်ရသည်။ နောက်ထပ်လိမ့်ကျလာသော အသံများကိုလည်း ထပ်မံကြားလိုက်ရသောကြောင့် အိပ်ရာမှ လူးလဲထလိုက်သည်။ ခါးကြားမှ သေနတ်ကိုလည်း မောင်းထိန်းခလုတ်ကို ဖွင့်လိုက်ကာ မောင်းကွင်းထဲသို့ လက်ညှိုးသွင်း၍ အသင့်အနေအထားဖြင့် ရပ်လိုက်သည်။

ဒုရဲအုပ်အောင်ကျော်သည် အရပ်ထောင်ထောင်မောင်းမောင်းနှင့် အားကစားလိုက်စားမှုကြောင့် ကိုယ်ကာယတောင့်တင်းသူ ဖြစ်၏။ နက်မှောင်သော ဆံပင်များတွင် မြက်ခြောက်များ၊ ဖုန်များ ကပ်လျက်ရှိသည်။ သူသည် အသံလာရာ တောင်ကြောဆီသို့ လှမ်းကြည့်လိုက်သောအခါ မိန်းမပျိုတစ်ယောက် ပြေးဆင်းလာသည်ကို တွေ့လိုက်ရသည်။ သူမသည် အန္တရာယ်တစ်စုံတစ်ခုနောက်မှ လိုက်လာသည့်အလား ဒရောသောပါးနှင့် ပြေးလာခြင်းဖြစ်သည်။

မိန်းမပျိုသည် ဒုရဲအုပ်အောင်ကျော်နှင့် (၁၅)ကိုက်လောက်အကွာတွင်ရှိသော ချုံပုတ်များအကြားသို့ ပြေးဝင်သွားကာ ကုန်းကြောကလေးမှတစ်ဆင့် မြေပြင်ဆီသို့ ပြေးမည်အပြုတွင် ဒုရဲအုပ်အောင်ကျော်က သူမနောက်သို့ အပြေးကလေး ဆင်းလိုက်သွားသည်။ ထိုအခါ နောက်မှ လိုက်လာသော အသံကြား၍ မိန်းမပျိုက လှည့်ကြည့်လိုက်သောအခါ ဒုရဲအုပ်အောင်ကျော်က-




ရောင်ခြည်သန်းနေပြီ ဖြစ်သောကြောင့် နံနက်ခင်း နေရောင်ခြည်ဖျော့ဖျော့က သစ်ပင်ကြို သစ်ပင်ကြားမှ ထိုးဖောက်ဝင်ရောက်လာသည်။ ထိုအချိန်တွင် တောင်ကြောတစ်လျှောက်မှ ပြေးဆင်းလာသော ခြေသံများကို သဲကွဲစွာကြားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com

'ဟော့..မပြေးနဲ့လေ'

ဒုရဲအုပ်အောင်ကျော်အား လှည့်အကြည့်လိုက်တွင် ရှေ့မှ ကန့်လန့်ဖြတ်လဲကျနေသော သစ်ကိုင်းတစ်ကိုင်းကို ခလုတ်တိုက်ကာ မိန်းမပျိုက ဟပ်ထိုးလဲကျသွားတော့သည်။ ဒုရဲအုပ်အောင်ကျော်က အနားသို့ ရောက်လာ၍ သူမအား ပွေ့ထူလိုက်သည်။

'ဘယ်နားနာသွားသေးလဲ'

'... ...'

'ဘာဖြစ်လို့ ပြေးရတာလဲ'

'မ..မ..မပြေးပါဘူး'

မိန်းမပျိုက မောနေ၍ လေကို ခပ်ပြင်းပြင်းရှူနေရသောကြောင့် သူမ၏ မို့မောက်သော ရင်အစုံမှာ နိမ့်ချည်မြင့်ချည် ဖြစ်နေသည်။ သူမသည် အသားမဖြူမညို မျက်နှာသွယ်သွယ်နှင့် ယောကျ်ားဝတ်ရှပ်အင်္ကျီကိုဝတ်ကာ ထဘီတိုတိုနှင့် ဖြစ်သည်။ အသက်အရွယ်က ခန့်မှန်းခြေ နှစ်ဆယ်ကျော်လောက်သာ ရှိပေဦးမည်။

သူမ၏ မျက်နှာသွင်ပြင်သည် ကြောက်ရွံ့ထိတ်လန့်သော အမူအရာများ ပြည့်နှက်နေလျက် ဆံပင်နှင့် ကိုယ်ပေါ်တွင် သစ်ရွက်ခြောက်များ၊ အမှိုက်များ ကပ်လျက်ရှိသည်။

ဒုရဲအုပ်အောင်ကျော်က ခြောက်လုံးပြူးကိုထုတ်ကာ-

'လက်နှစ်ဖက်မြှောက်ထားလိုက်ပါ'

မိန်းမပျိုက လက်နှစ်ဖက်ကို မြှောက်၍-

'ရှင် သေနတ်နဲ့ ချိန်ထားလဲ ကျွန်မဆီမှာ ရှင့်ကို ခုခံစရာ ဘာလက်နက်မှ မပါပါဘူးရှင်'

ထိုအခါကြမှ ဒုရဲအုပ်အောင်ကျော်သည် တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့်-

'ကဲ..ကဲ..လက်တွေ ချထားလို့ရပါပြီ'

မိန်းမပျိုက ဒုရဲအုပ်အောင်ကျော်အား အကဲခတ်၍-

'ရှင်က ဘယ်သူလဲ'

'ခင်ဗျားက မဝင်းမာ မဟုတ်လား။ ကျုပ်အကြောင်းကိုတော့ ခင်ဗျား သိစရာ မလိုပါဘူး'

'ရှင်က ကျွန်မနာမည်တောင် သိနေတယ်ဆိုတော့ ရှင်က ရဲတစ်ယောက်ပဲ ဖြစ်ရမယ်'

'ကျုပ်က ဒုရဲအုပ်တစ်ယောက်ပဲ။ ခင်ဗျားအစ်ကိုအတွက် ဒီတောထဲကို ရောက်လာတာ'

'ရှင်တစ်ယောက်တည်းလား'

'ကျုပ်ကို မေးစရာမလိုဘူး။ ခင်ဗျားရဲ့အစ်ကို အုံ့မောင် တစ်ယောက် ဘယ်မှာရှိတယ်ဆိုတာသာပြော'

မဝင်းမာက ဒုရဲအုပ်အောင်ကျော်ကို အထူးအဆန်းသတ္တဝါတစ်ယောက်နှယ် ပြန်ကြည့်လိုက်သည်။

'ရှင်တစ်ယောက်တည်း လူစွမ်းကောင်းလုပ်ပြီး လာဖမ်းရင် ရှင့်ကို သတ်ပစ်လိုက်မှာပေါ့။ ကျွန်မအစ်ကို အုံ့မောင်ဆီမှာ တပည့်တွေ အများကြီးရှိတယ်ဆိုတာ ရှင်သဘောပေါက်ရဲ့လား'

ဒုရဲအုပ်အောင်ကျော်က ပြုံးလိုက်သည်။

'ခင်ဗျားအစ်ကို အုံ့မောင်မှာ တပည့်တွေ အများကြီးရှိသလို ကျုပ်ဆီမှာလည်း အုံ့မောင်ကိုဖမ်းဖို့ လူတွေအများကြီး ရှိတယ်ဆိုတာရော နားလည်ရဲ့လား။ တောထဲမှာ ခင်ဗျားအစ်ကိုနောက် လိုက်ရင်း လူစုကွဲသွားလို့ ကျုပ်တစ်ယောက်တည်း ဖြစ်နေတာ။ ဒါတွေ ထားစမ်းပါလေ။ ကျုပ်ကို အကူအညီပေးရင် ခင်ဗျားအစ်ကိုအတွက် အများကြီး သက်သာမယ်။ ခင်ဗျား ကျုပ်နဲ့ အတူလိုက်ခဲ့ရင် သိပ်အဆင်ပြေမယ်'

'ရှင် ဒီနေရာကိုရောက်လာတာ အံ့ဩတယ်။ တောင်ကြောကဆင်း၊ တောင်ကြားကဖြတ်ပြီး လာလမ်းအတိုင်း ပြန်သွားရင် ဒီနားတစ်ဝိုက်မှာ ကျွန်မအစ်ကိုရဲ့ တပည့်တွေ အများကြီးရှိတယ်။ ရှင့်အတွက် အသက်ရှင်ဖို့ လမ်းမရှိဘူးဆိုတာ သိရဲ့လား'

ဒုရဲအုပ်အောင်ကျော်က သူမကို ပြုံးကြည့်ပြီး သေနတ်ကို အောက်စိုက်၍ ကိုင်ထားသည်။

'ခင်ဗျားအစ်ကို အုံ့မောင်အကြောင်း တိုတိုပြောပြစမ်းပါ'

'ကျွန်မတို့အားလုံး လေးယောက်ရှိတယ်။ ကျွန်မရယ်၊ အစ်ကိုအုံ့မောင်ရယ်၊ သူ့တပည့် နှစ်ယောက်ရယ်'

'တပည့်နှစ်ယောက်က ထွန်းမောင်နဲ့ မြသောင်း မဟုတ်လား။ ဆက်ပြောပါ'

'လွန်ခဲ့တဲ့ ခြောက်လလောက်က ကျွန်မအစ်ကိုက ဓားပြမှုနဲ့ ထောင်ကျသွားတယ်။ ရဲဘက်စခန်းရောက်တော့ ထွက်ပြေးလာတယ်။ သူ့တပည့်နှစ်ယောက် ထွန်းမောင်နဲ့ မြသောင်းတို့နဲ့အတူ ထွက်ပြေးရင်း ကားလမ်းတွေမှာ ဓားပြတိုက် လုယက်မှုတွေ လုပ်နေကြတော့ ရှင်တို့အဖွဲ့

www.burmeseclassic.com

က သူ့ကို အသေရရ အရှင်ရရ လိုချင်နေကြတယ်။ ကိုအံ့မောင်ဟာ လူဆိုးတစ်ယောက်ဆိုပေမယ့် ကျွန်မရဲ့ အစ်ကိုအရင်း မဟုတ်လား။ ဒါကြောင့်မို့ သူ့အတွက် စိုးရိမ်ပြီး ကျွန်မ သူ့ဆီကို လာတွေ့တာ။ သူ့ကို အမျိုးမျိုးချော့မော့ပြီး လက်နက်ချဖို့ပြောပေမယ့် မရပါဘူးရှင်'

'ဪ..ခင်ဗျားက အစ်ကိုအပေါ်မှာ အတော် သံယောဇဉ်ကြီးတာကိုး'

'အစ်ကိုဆိုတော့ သူသေသွားမှာကို မကြည့်ရက်ဘူး။ ရှင် သူ့ကို ဖမ်းမယ်ဆိုရင် မသတ်ပါဘူးလို့ ကတိပေးရမယ်။ ဒါဆိုရင် ရှင့်ကို အကူအညီပေးမယ်'

'ခင်ဗျားပြောတဲ့စကားက စဉ်းစားစရာပဲ'

'အစ်ကို သေမှာစိုးရိမ်လို့ ကျွန်မအစ်ကိုရှိတဲ့နေရာကို ပြောလာတာ။ ရှင်တို့က သူ့ကိုတွေ့ရင် အသေသတ်မယ်ဆိုတာ ကျွန်မ သိတယ်'

'ကျွန်မ အစ်ကိုတို့လူစုနဲ့ အတူနေလာတာ တစ်လကျော်ပြီ။ ကျွန်မပြန်သွားရင် သူတို့ရှိတဲ့နေရာကို ရှင်တို့သိသွားမှာကို စိုးရိမ်တယ်။ ဒါကြောင့်မို့ ဒီမနက် အိပ်မောကျနေတဲ့အချိန်မှာ ထွက်ပြေးလာတာပဲ'

'ကျုပ်သိချင်တာက ဒီနေရာကနေ မော်တော်ကားလမ်းဘက်ရောက်အောင် သွားနိုင်တဲ့လမ်းက ဘယ်မှာလဲ'

'ထွက်ပေါက်ကတော့ တစ်ပေါက်တည်းပဲရှိတယ်။ ဒီတောင်ကြောကနေ ဆင်းသွားပြီး မြေပြင်လမ်းအတိုင်း လျှောက်ရမယ်။ အဲဒီမြေပြင်လမ်းကလည်း တောင်ကုန်းနှစ်ခုကြားကနေ ဖောက်ထားတာ။ သိန်းမောင်နဲ့ မြသောင်းက အဲဒီတောင်ကုန်း နှစ်ခုထိပ်ကနေ တစ်ဖက်စီစောင့်နေကြတာ။ ကျွန်မ ထွက်ပြေးလာပြီ ဆိုကတည်းက သူတို့က တောင်ကြားလမ်းကို စောင့်ကြည့်နေကြတာ။ ရှင် ထွက်ပြေးဖို့ မလွယ်ပါဘူး'

'ညဘက်အချိန် ပြေးရင်ရော'

'ဒီနေ့က (၁၄)ရက်နေ့လား၊ လပြည့်နေ့လား မမှတ်မိဘူး။ ဒါပေမဲ့ လက ထိန်ထိန်သာနေတာ တောင်ကုန်းပေါ်က လှမ်းကြည့်ရင် လူမပြောနဲ့ ယုန်တစ်ကောင် ဖြတ်ပြေးတာတောင် မြင်နေရတာ။ ရှင်ထွက်ပြေးရင် အေးအေးဆေးဆေး သေနတ်နဲ့ လှမ်းပစ်ကြမှာပေါ့'

'အင်း..ဒါပေမဲ့ လွတ်အောင်တော့ ပြေးရမှာပဲ။ ကဲ..အခု သွားကြရအောင်'

'ဘယ်ကိုသွားမှာလဲ'

'ခင်ဗျားအစ်ကိုရှိတဲ့ နေရာကိုပေါ့'

'ရှင် ကျွန်မပြောတာ မှတ်မိပါတယ်နော်။ ရှင့်ကတိတည်ရမယ်'

'စိတ်ချပါ။ ကျုပ်ကတော့ မသတ်ပါဘူး။ ကျုပ်လူတွေနဲ့တွေ့လို့ ဝိုင်းပြီးပစ်ကြရင်တော့ ကျုပ်လည်း မတတ်နိုင်ဘူး'

'ကောင်းပြီလေ။ ဒါဆိုရင် လိုက်ပြပါ့မယ်'

◆◆◆

အံ့မောင်သည် ပျဉ်းမနားမြို့နယ်တစ်ဝိုက်ရှိ တောတောင်ထူထပ်သောနေရာများတွင် ပုန်းအောင်းပြီး တပည့်နှစ်ယောက်နှင့်အတူ ကားလမ်းတွင် ဓားပြတိုက်တတ်သူဖြစ်သည်။ ဒုရဲအုပ်အောင်ကျော်နှင့်အဖွဲ့သည် အံ့မောင်တို့အဖွဲ့အား ဖမ်းဆီးရန် ကြိုးစားသော်လည်း သုံးလေးကြိမ်မျှတော့လွဲကလေးလွဲကာ လွတ်မြောက်သွားသူဖြစ်သည်။ အံ့မောင်သည် တောကျွမ်းသည်။ သေနတ်ပစ်ကျွမ်းသည်။ အရှောင်အတိမ်းကောင်းသည်။ ဒါကြောင့်မို့ သေနတ်ပစ်ကျွမ်းကျင်၍ လျှင်မြန်သွက်လက်သော ဒုရဲအုပ်အောင်ကျော်ကို အထူးတာဝန်ပေးကာ အံ့မောင်ရှိသောသတင်းရရှိသည့်နေရာသို့ တိတ်တဆိတ်ထွက်လာခဲ့ခြင်းဖြစ်သည်။

တောထဲတွင် အံ့မောင်တို့အဖွဲ့နှင့် ပစ်ကြခတ်ကြရင်းလမ်းစပျောက်ကာ ဒုရဲအုပ်အောင်ကျော်တစ်ယောက်တည်း သတ်သတ်လူစုကွဲသွားကာ တောထဲတွင် တစ်ည အိပ်လိုက်ရသည်။

အံ့မောင်၏ညီမ မဝင်းမာ၏ လမ်းပြမှုဖြင့် ဒုရဲအုပ်အောင်ကျော်သည် တောင်ပေါ်သို့ သတိကြီးစွာဖြင့် တက်လာခဲ့သည်။ တောင်ထိပ်သို့ မရောက်မီတွင် မဝင်းမာက တစ်နေရာတွင်ရပ်ကာ အောင်ကျော်ကို အချက်ပြလိုက်သည်။ သေသေချာချာကြည့်လျှင် ဝါးရုံကြီးဟု ထင်စရာဖြစ်သော်လည်း ဝါးရုံ၏တစ်ဖက် ခပ်နိမ့်နိမ့်ချိုင့်ကလေးတစ်ခုတွင် အံ့မောင်၏ စခန်းချရာ အင်ဖက်မိုးတဲကလေးတစ်လုံးကို ဘွားခနဲ တွေ့လိုက်ရသည်။

အံ့မောင်သည် တဲရှေ့ရှိ မီးဖိုအနီး သစ်ငုတ်တစ်ခုတွင် ထိုင်ကာ ဝါးဆစ်ပိုင်းခွက်တစ်ခုဖြင့် ရေနွေးကြမ်းသောက်နေသည်။ အံ့မောင်သည် မဝင်းမာလို ကိုယ်လုံးကိုယ်ပေါက် သေးသေးသွယ်သွယ်ဖြင့် ရုပ်ချင်းလည်း ဆင်



www.burmeseclassic.com

www.burmeseclassic.com

သည်။ အသားအရေက နေလောင်ထားသောကြောင့် ညို ရောင်သန်းနေကာ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး၊ ဆံပင်မွေး က မရိပ်မဖြတ်တာကြာ၍ အတော်ရှည်လျားနေသည်။

မဝင်းမာကို ဖြုန်းခနဲ မြင်လိုက်ပြီးနောက်မှ ဒုရဲအုပ် အောင်ကျော်ကို တွေ့လိုက်ရသောအခါ အုံ့မောင်က အနီး တွင်ရှိသော ရိုင်ဖယ်သေနတ်ကို ကောက်ကာ ချိန်လိုက် သည်။ အောင်ကျော်က မဝင်းမာ လက်မောင်းကိုကိုင်ကာ သူ့ရှေ့မှာ ကာထား၍ ခြောက်လုံးပြူးဖြင့် ပြန်ချိန်လိုက် သည်။

'အုံ့မောင်··မင်း လက်နက်ချလိုက်ရင် မင်းအတွက် အကောင်းဆုံးဖြစ်လိမ့်မယ်။ ငါက ဒုရဲအုပ်တစ်ယောက်ပဲ။ မင်း အေးအေးဆေးဆေး အဖမ်းခံလိုက်ပါ'

ဒုရဲအုပ်အောင်ကျော်၏ စကားကြောင့် အုံ့မောင် သည် တွေခနဲ တစ်ချက်ဖြစ်သွားသည်။ သေနတ်ကိုင် ထားရင်း ငိုင်နေသည်။

'အစ်ကို··လက်နက်ချလိုက်ပါ။ ကျွန်မက သူ့လက် ထဲ ရောက်နေတယ်'

မဝင်းမာ စကားပြောနေချိန်တွင် အုံ့မောင်က မြေပြင် ပေါ်သို့ လှဲအိပ်လိုက်ပြီး ကိုယ်ကို တစ်ပတ်လှိမ့်ချလိုက် သည်။ ထိုအချိန်တွင် အောင်ကျော်၏သေနတ်ကို မဝင်းမာ က ရုတ်တရက်လှမ်းဆွဲလိုက်သောကြောင့် မဝင်းမာအား တွန်းဖယ်နေစဉ် အုံ့မောင်ဆီမှ သေနတ်သံတစ်ချက် ထွက် ပေါ်လာသည်။ သေနတ်ကျည်ဆန်သည် အောင်ကျော်၏ ခေါင်းပေါ်မှ ရှီးခနဲမြည်ကာ ဖြတ်ကျော်သွားသည်။

ဒုရဲအုပ်အောင်ကျော်က မဝင်းမာကို တွန်းဖယ်ကာ မြေပြင်ပေါ်သို့ လှဲအိပ်လိုက်ပြီး သေနတ်မောင်းကို ဆွဲညှစ် လိုက်သည်။ ကျည်ဆန်က သစ်ပင်တစ်ပင်ကို ထိမှန်သွား သည်။ အုံ့မောင်က တောင်ဆင်ခြေလျှောအတိုင်း အောက် ကို ဆင်းပြေးတော့သည်။ အောင်ကျော်က နောက်ကနေ ပြေးလိုက်ရင်း ကျည်တစ်တောင့်ကို ပစ်လွှတ်လိုက်သော် လည်း အုံ့မောင်ကို မထိ။ မဝင်းမာကလည်း သူ့အစ်ကို အုံ့မောင်အတွက် အောင်ကျော်နောက်မှ နောက်ကနေ ပြေးလိုက်သွားသည်။ အုံ့မောင်က သစ်ပင်များအကြားမှ တစ်ဟုန်ထိုး ပြေးဆင်းသွားသောကြောင့် အောင်ကျော်နှင့် အတော်ဝေးဝေးကို ရောက်သွားသော်လည်း အောင် ကျော်က အုံ့မောင်ပြေးသွားသည့် နေရာကိုမှန်းကာ နောက် ထပ် ကျည်နှစ်တောင့် ပစ်လွှတ်လိုက်ပြန်သည်။

'မပစ်ပါနဲ့ အစ်ကိုကြီးရယ်။ မပစ်ပါနဲ့'

အုံ့မောင်ကို မျက်ခြည်ပြတ်သွားသည့်အပြင် နောက်မှ အော်၍ ပြေးလာသော မဝင်းမာ၏အသံကြောင့် အောင် ကျော်သည် ရပ်လိုက်ပြီး နောက်ကို လှည့်ကြည့်လိုက် သည်။ ထိုအခါ မဝင်းမာက အောင်ကျော်ကို ရိုင်ဖယ် သေနတ်ဖြင့် ချိန်ရွယ်ထားသည်ကို တွေ့လိုက်ရသည်။ အုံ့မောင် ပစ်ချထားခဲ့သော သေနတ်ဖြစ်သည်။

'ရှင့်သေနတ်ကို ချထားလိုက်စမ်းပါ ရဲအုပ်ကြီး။ ကျွန်မက မိန်းမသားဆိုတော့ သေနတ်ပစ် မကျွမ်းဘူးလို့ တော့ ရှင် အထင်မမှားနဲ့ ရဲအုပ်ကြီး။ ကျွန်မအစ်ကို သင်ပေးထားလို့ ကောင်းကောင်းပစ်တတ်ပါတယ်'

'ဒိုင်း'

မဝင်းမာက သေနတ်ကို အပေါ်သို့ထောင်ကာ တစ် ချက် ပစ်ပြလိုက်သည်။ အောင်ကျော်က မတတ်သာတော့ ၍ သေနတ်ကို မြေပေါ်သို့ ပစ်ချလိုက်ရသည်။

'မင်းကို ညှာတာသလောက် မင်းက ငါ့အပေါ် ရက်စက်တယ် မဝင်းမာ'

'ရှင် ကျွန်မအစ်ကိုကို ပစ်သတ်မှာ စိုးလို့ပါ'

'ငါယောကျ်ားပါ။ ကတိတည်ပါတယ်။ သေအောင် ပစ်ဖို့ ငါ မကြိုးစားပါဘူး'

အောင်ကျော်က မဝင်းမာကို ပြောပြီး တစ်ဆက် တည်း အုံ့မောင်နောက်သို့ ပြေးလိုက်သွားတော့သည်။ တောင်ခြေတွင် လူသွားလမ်းကလေးတစ်ခု တွေ့ရသည်။ ထိုလမ်းကလေးမှ လွန်သွားသော် ရေစီးအားသန်သော ရေတံခွန်တစ်ခုရှိသည်။ ရေတံခွန်က ကျောက်တုံးကျောက် ခဲများကို ဖြတ်ကျော်ကာ အရှိန်ပြင်းပြင်းနဲ့ စီးနေသည်။ တောင်ခြေသို့ ရောက်သောအခါ အုံ့မောင်က ရေတံခွန်ကို ဖွဲကောင်းကောင်းဖြင့် ဖြတ်ကျော်နေသည်။ အောင်ကျော် ကလည်း အုံ့မောင်ကို လက်ရဖမ်းဆီးရန် ရေတံခွန်အတွင်း သို့ ပြေးဆင်းသွားသည်။ ရေက အရှိန်ပြင်းပြင်းနှင့် စီး နေသည့်အပြင် အလယ်တွင် ကျောက်ဆောင်ကျောက် တုံးများ ရှိနေသောကြောင့်, အောင်ကျော်အတွက် ထင် သလောက် အုံ့မောင်နောက်ကို လိုက်ရန် အခက်အခဲ တွေ့နေသည်။

တစ်နေရာတွင် အုံ့မောင်က ကျောက်တုံးတစ်ခုနှင့်

www.burmeseclassic.com

ထိုက်မိကာ ဒယီးဒယိုင် ဖြစ်သွားသည်။ ထိုအခွင့်ကောင်းကိုယူ၍ အောင်ကျော်က အုံ့မောင်ဆီသို့ အားစိုက်ကာ အရောက်သွားလိုက်သည်။ အောင်ကျော်က အနားသို့ ရောက်လာသည်ကို သိသည်နှင့် အုံ့မောင်က ရေစီးနှင့် မျောမပါစေရန် ကျောက်တုံးတစ်ခုကို လက်နှင့်ဖက်တွယ်ထားရန် ကြိုးစားလိုက်သည်။ သို့သော် လက်နှင့်ကျောက်တုံး မထိဘဲ အုံ့မောင် ရေထဲသို့ နစ်မြုပ်သွားတော့သည်။

ခပ်လှမ်းလှမ်းတွင် အတော်နက်သော ချောက်ကြီးက ရှိနေသည်။ ရေတံခွန်အတွင်းမှ ရေများက ထိုချောက်ထဲသို့ အရှိန်နှင့် စီးဆင်းကာ အောက်ဘက်သို့ မျောပါသွားခြင်းဖြစ်သည်။ အောင်ကျော်က အုံ့မောင် မျောပါမသွားစေရန် ကျောက်ဆောင်တစ်ခုကို လက်နှင့် ဖက်တွယ်ကာ အုံ့မောင်ပခုံးကို ဖမ်းဆွဲထားလိုက်သည်။ ကမ်းပေါ်မှ မဝင်းမာ၏ အော်သံကိုလည်း ရေသံနှင့်အတူ ကြားနေရသည်။ အုံ့မောင်က အရူးတစ်ယောက်ပမာ အောင်ကျော်၏ လည်ပင်းကို လက်တစ်ဖက်ဖြင့် ဖျစ်ညှစ်ရန် ကြိုးစားလိုက်သည်။ အောင်ကျော်က တိမ်းရှောင်လိုက်သောကြောင့် ဖမ်းမမိလိုက်ချေ။ ထို့နောက်တစ်ဖန် အောင်ကျော်၏ခါးကို တစ်အားဖက်ထားလိုက်ပြန်သည်။

အုံ့မောင်က သူ့အသက်ရှင်ရန် အောင်ကျော်၏ အကူအညီကို ရလိုဟန်မတူဘဲ အောင်ကျော်ကို သူနှင့်အတူ ရေထဲသို့ မျောပါစေရန် ကြိုးစားနေကြောင်း အောင်ကျော်က သဘောပေါက်လိုက်သဖြင့် လက်နှစ်ဖက်ဖြင့် အောင်ကျော်၏ခါးကိုဖက်ရန် ကြိုးစားလိုက်ချိန်တွင် အောင်ကျော်က လက်တစ်ဖက်က ကိုင်ထားသော ကျောက်ဆောင်ဘက်သို့ ကိုယ်ကို ကျုံ့လိုက်ရာ အုံ့မောင်မှာ သူ့အရှိန်နှင့် သူ ရေထဲသို့ မျောပါသွားလေတော့သည်။

အုံ့မောင်သည် ရေစီးထဲသို့ တလိမ့်ခေါက်ကွေး ပါသွားပြီးနောက် နက်ရှိုင်းသော ရေတံခွန်ချောက်ကြီးထဲသို့ ကျသွားတော့သည်။ ကမ်းပေါ်တက်ကာ ချောက်အတွင်းသို့ ငုံ့ကြည့်ရှာဖွေသော်လည်း အုံ့မောင်ကို အရိပ်အရောင်မျှပင် မတွေ့ရတော့ချေ။ မဝင်းမာ၏ အော်ခေါ်သံကြောင့် အောင်ကျော်သည် ရေတံခွန်မှို ခက်ခဲစွာဖြတ်ကာ တစ်ဖက်ကမ်းစပ်သို့ ပြန်လာခဲ့ရသည်။ မဝင်းမာကား ကမ်းစပ်တွင် ထိုင်ကာ ငိုရှိုက်နေလေသည်။

◆◆◆

တောင်ကြားလမ်းအတိုင်း မြင်းနှစ်ကောင် တဖြည်းဖြည်း ဖြတ်လာနေသည်။ ရှေ့က မြင်းပေါ်တွင် ထိုင်နေသော လူကို နောက်က ဂျာကင်အင်္ကျီအဟောင်းကြီး ဝတ်ကာ မြက်ဦးထုပ်ဆောင်းထားသောလူက သေနတ်နှင့် ချိန်ကာ သွားနေခြင်းဖြစ်သည်။ ရှေ့က မြင်းပေါ်တွင် ထိုင်နေသောလူသည် ဒုရဲအုပ်အောင်ကျော်ဖြစ်၍ နောက်က ဘောင်းဘီရှည်၊ ဂျာကင်အင်္ကျီအဟောင်းနှင့် မြက်ဦးထုပ် ခပ်ငိုက်ငိုက် ဆောင်းထားသူက အုံ့မောင်ပုံစံမျိုး ဖမ်းထားသော မဝင်းမာ ဖြစ်သည်။

အောင်ကျော်၏ အစီအစဉ်အတိုင်း အုံ့မောင်က အောင်ကျော်ကို ဖမ်းလာ၍ အုံ့မောင် တပည့်နှစ်ယောက် ဖြစ်သော ထွန်းမောင်နှင့် မြသောင်းတို့နှစ်ယောက် စောင့်နေသောကြောင်း ကုန်းကလေး နှစ်ခုအကြားမှ တောင်ကြားအတိုင်း ဖြတ်လာပါက သူတို့ကို တွေ့သွားနိုင်သောကြောင့် သူတို့နှစ်ယောက်၏ သေနတ်ပစ်ကွင်းက လွတ်အောင် ကြိုးစားရခြင်း ဖြစ်သည်။

'ကဲ..မဝင်းမာ၊ ကျုပ်ပြောတဲ့အတိုင်းသာ တစ်သ[...] မတိမ်း လုပ်ပေတော့။ ရှေ့နားက တောင်ချိုးကလေးနား ရောက်ရင် ကျုပ်က ရုတ်တရက် မြင်းကိုပုတ်ပြီး ထွက်ပြေးတဲ့ပုံစံမျိုး လုပ်မယ်။ ခင်ဗျားက ကျုပ်ကို သေနတ်နဲ့ နှစ်ချက်ပစ်ရမယ်။ ထိအောင်တော့ မပစ်နဲ့ပေါ့ဗျာ။ ပထမ တစ်ချက်လွဲမယ်။ ဒုတိယတစ်ချက်မှာ ကျုပ်က ထိချင် ယောင်ဆောင်ပြီး မြင်းပေါ်ကနေ အောက်ကိုကျသွားမယ်။ အဲဒီအခါမှာ ခင်ဗျားက ကျုပ်ကို ချုံပုတ်ထဲကို ဆွဲယူသွားလိုက်။ ကျန်တာ ကျုပ်ဆက်လုပ်မယ်။ သဘောပေါက်တယ်နော်'

'ဟုတ်ကဲ့၊ ပေါက်ပါတယ်'

'ကျုပ်တို့လွတ်လမ်းက ဒါပဲရှိတော့တာ။ ကဲ..လုပ်ငန်းစမယ်'

တောင်ချိုးကလေးနားအရောက်တွင် အောင်ကျော်က မြင်းကိုပုတ်ကာ တစ်ဟုန်ထိုး ထွက်ပြေးတော့သည်။ ထိုအခါ မဝင်းမာက ရိုင်ဖယ်သေနတ်ကိုချိန်ကာ တစ်ချက် ပစ်ထည့်လိုက်သည်။ နောက်ထပ်တစ်ချက်တွင် အောင်ကျော်က မှန်ချင်ယောင်ဆောင်ကာ မြင်းပေါ်မှ အောက်ကို ပစ်ကျသွားသည်။ အောက်မကျခင် အောင်ကျော်က ကုန်းနှီးနောက်တွင် ချည်ထားသော စောင်လိပ်ကြီး

www.burmeseclassic.com

ပက်လက်လန်ကျသွားဟန်ဖြင့် ဆွဲချသွားသည်။ စောင်လိပ်ထဲတွင် အောင်ကျော်က သေနတ်ကို ဝှက်ထားသော ကြောင့် ဖြစ်သည်။

အောင်ကျော် ကျသွားသည့်နေရာသို့ မဝင်းမာက မြင်းစီးပြီး ရောက်လာကာ မြင်းပေါ်မှ ဆင်းလိုက်ပြီး အောင်ကျော်ကို ချုံပုတ်တစ်ခုရှိရာသို့ တရွတ်တိုက် ဆွဲယူသွားလိုက်သည်။ ချုံအကွယ်တွင် အောင်ကျော်က မဝင်းမာကို ကြည့်ကာ ပြုံးလိုက်သည်။

'မဝင်းမာရဲ့ လှုပ်ရှားမှုက တကယ့်သဘာဝကျပါတယ်။ ထွန်းမောင်နဲ့ မြသောင်းကတော့ ကျုပ်ကို တကယ်သေသွားပြီလို့ ထင်သွားမှာပဲ'

'ကျွန်မကလည်း ရင်တထိတ်ထိတ်နဲ့ ပစ်ရတာရှင့်'

'ကျုပ်နာမည် ဒုရဲအုပ်အောင်ကျော်လို့ ခေါ်ပါတယ်'

'ကျွန်မလည်း ကိုအောင်ကျော်ကို ကြားဖူးပါတယ်။ သေနတ်ပစ် ကျွမ်းတယ်လို့လည်း သိရတယ်'

'ဟုတ်ကဲ့၊ ဒါပေမဲ့ ကျုပ်ဟာ လူတစ်ယောက်ကို အသေပစ်သတ်ဖို့ အင်မတန် ဝန်လေးပါတယ်'

'ယုံပါတယ် ကိုအောင်ကျော်။ ကိုအုံ့မောင်ကို (၃၊ ၄)ချက်ပစ်တာတောင် မမှန်ဘူးဆိုတော့ ရှင်ဟာ ကျွန်မ အစ်ကိုကို အသေမသတ်ချင်ဘူးဆိုတာ သိသာပါတယ်'

'ကျွန်တော် အသေမသတ်ချင်ပေမယ့် သူ့အကုသိုလ်နဲ့သူ ဖြစ်သွားတာတော့ ကျွန်တော်လည်း မတတ်နိုင်ဘူးပေါ့ဗျာ'

'ကဲ··ကျွန်မ မြင်းစီးပြီး ထွက်ပြေးတော့မယ်။ ရှင့်ဟာရှင် နောက်က အေးအေးဆေးဆေးပဲ လိုက်ခဲ့ပေတော့'

'စိတ်ချ မဝင်းမာ၊ ကျွန်တော့်အတွက် စိတ်မပူပါနဲ့။ နောက်လည်း ကံမကုန်ရင် ဆုံကြသေးတာပေါ့'

မဝင်းမာက မြင်းစီးကာ ထွက်သွားပြီးနောက် ဒုရဲအုပ် အောင်ကျော်သည် စိတ်ချလက်ချစွာဖြင့် ချုံအကွယ်မှ ထွက်ခွာလာခဲ့တော့သည်။

**မောင်မြင့်မား(ဗိုလ်ကလေး)**

<u>ဝန်ခံချက်</u>

IAN HAMILTION ၏ WANTED ALIVE ကို ဆီလျော်အောင် မြန်မာမှုပြုထားခြင်း ဖြစ်ပါသည်။


စိတ်မနောအာရုံ အကြားအမြင် လက္ခဏာ

ဆရာမကြီး ဒေါ်အေးမိုးမိုး၏သမီး

ဆရာမထက်ဦးခိုင် သိပ္ပံလက္ခဏာဗေဒပညာ



(၇)ရက်သားသမီးအပေါင်းတို့မှာ ဖြစ်ပေါ်တတ်သည့် ပညာရေး၊ စီးပွားရေး၊ အချစ်ရေးနှင့် အိမ်ထောင်ရေး၊ အမည်ပေးခြင်း၊ ကလေးအမည်ပေးခြင်း၊ ဆိုင်အမည်ပေးခြင်း၊ အိမ်၊ မြေ၊ ကား၊ တိုက်ခန်း၊ မြေကွက်၊ ရောင်းရန်၊ ဝယ်ရန်နှင့် ရာထူးတိုးရန်အတွက် ပြောင်းရွှေ့မင်္ဂလာရက် ရွေးခြင်းနှင့် အခြားသောကိစ္စအဝဝ အားလုံးတို့ကိုပါ ဆရာမက မေတ္တာ၊ စေတနာ ရှေ့ထားပြီး "အထူး" စီစဉ် ဆောင်ရွက်ကူညီပေးနေပါသည်ရှင်..

အားလုံးသောသူအပေါင်း ကိုယ်စော စိတ်ပါ ကျန်းမာပြီး ချမ်းသာကြပါစေ...

မဟာဝိဇယဘုရား အနောက်ဘက်မုခ်၊ လိပ်ကန်အနီး၊ ဆိုင်ခန်းအမှတ်(၂)၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့။ Ph : 09 253 361 368


www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့နှစ်ယောက် ရန်ကင်းတောင်ပေါ်သို့ ရောက်သွားကြသောအခါ ဆရာကောက်ဆိုင်အား ဆရာကြီးမြစကြာမှ မည်ကဲ့သို့ မှာလိုက်သည်မသိ၊ ဘုရားတန်ဆောင်း တစ်ခုအတွင်းသို့ဝင်၍ ပုတီးစိပ်နေပြန်သည်။ ဥစ္စာစောင့်မတွေနှင့် ဆုံတွေ့ရလျှင် သူနိုင်ငါနိုင် ပညာပြိုင်ရမည်ဖြစ်၍ သီလ၊ သမာဓိ စွမ်းအားကို ပါဝါမြင့်လာအောင် အမိဋ္ဌာန်ဝင်နေသလား မသိချေ။

ထို့ကြောင့် ကျွန်ုပ်မှာ အကျိုးအကြောင်း တိုင်ပင်ပြောဆိုရအောင်ပင် အခက်ကြုံနေရပါတော့သည်။ ဥစ္စာစောင့်တွေကို တွေ့မြင်လို . တွေ့မြင်ရငြား စိတ်ဖြင့် အဆောက်အအုံတွေအစုံတွင် လိုက်လံကြည့်ရှု ရှာဖွေနေပြန်သည်။ ၎င်းဥစ္စာစောင့်မတွေသည် ကမ္ဘဇိဒ္ဓိတန်ခိုးဖြင့် ရောက်နေမှန်းသိလျှင် ကျွန်ုပ်အား လာရောက်ခေါ်လိမ့်မည်ဟု ဆရာကြီး မြစကြာမှ အတန်တန် မှာလိုက်သည်။

သို့ဖြစ်၍ ဥစ္စာစောင့်မတွေ ရန်ကင်းတောင်ပေါ် လိုက်လာမည်လောဟု ဘုရားဖူးသူတွေထဲ ကျွန်ုပ် လိုက်ကြည့်နေမိပြန်သည်။ သို့သော်တစ်ဦးတစ်ယောက်၏ အစအနကိုပင် မမြင်မိချေ။

'ဘယ်လိုလဲကွ မောင်ခင်မောင်ဦးရ၊ မင်းကို ဖိတ်ခေါ်ထားတဲ့ သူတို့လူသိုက်ကို မြင်တွေ့လိုက်ပြီလား' ဟု ပုတီးစိပ်ပြီး၍ ဆရာကောက်ဆိုင်မှ မေးလိုက်ပြန်သည်။

# အောင်ကျော်စွာ

## ရန်ကင်းတောင်က ဥစ္စာစောင့်သိုက်





www.burmeseclassic.com


www.burmeseclassic.com

'ကျွန်တော်လည်း မပြတ်ကြည့်နေတာပါပဲ။ ဒါပေမဲ့ အခုအချိန်ထိတော့ ဥစ္စာစောင့်မတစ်သိုက် ပေါ်မလာသေးဘူးဗျ'

'အင်း..သူတို့ ရောက်မလာဘူးလို့တော့ တစ်ထစ်ချ မှတ်မထားနဲ့။ သူတို့ရဲ့ စွမ်းအင်တန်ခိုးက ရုပ်အမျိုးမျိုး ဖန်ဆင်းပြီး ရုပ်ပြောင်းထားပြန်ရင် ဘယ်သိနိုင်မလဲ။ အဲဒါကို သတိထားဦးကွ'

ဆရာကောက်ဆိုင်က ပြောပြီး ဘုရားဘဏ်လှည့်၍ ပုတီးစိပ်နေပြန်၏။ ထို့ကြောင့် ကျွန်ုပ်လည်း အနားမှ ထလာကာ တန်ဆောင်းတစ်နေရာမှ ဘုရားဖူးတွေကို ကြည့်နေပြန်သည်။ ထိုစဉ် တောင်အောက်မှ ရယ်သံတွေ ဆူညံစွာနှင့် မိန်းမတစ်သိုက်အသံကို ကြားရသည်။ ကျွန်ုပ် စိတ်တွင် သူတို့ပဲ ဖြစ်နေရော့သလားဟု အောက်မေ့လိုက်သည်။

ဟုတ်လိုဟုတ်ငြား ဆရာကောက်ဆိုင်ရှိသော တန်ဆောင်းမှ ထွက်လာလိုက်သည်။ ပြီးတော့ အကွယ်တစ်နေရာတွင် ထိုင်နေလိုက်သည်။ အသံတွေသာ ကြားနေရသော်လည်း မည်သူမည်ဝါဟု မသိရသေး။





www.burmeseclassic.com

www.burmeseclassic.com

သူတို့ပင်ဖြစ်ပါစေဟု စိတ်ထဲမှ ဆုတောင်းနေမိသည်။ တစ်အောင့်လောက် ကြာချိန်တွင် အပေါ် ပြေးတက်လာသော မိန်းမတွေကို တွေ့မြင်လိုက်သည်။ သူတို့မှ သူတို့အစစ်ဖြစ်နေ၍ ရင်တွေက အလိုလိုခုန်လာသည်။ သို့သော် သူမတို့သည် ကျွန်ုပ် ထိုင်နေရာဘက်သို့ လှည့်၍ပင် မကြည့်ကြချေ။

သူမတို့မှာ တစ်ဖက်သို့ လှည့်သွားကာ ဘုရားဖူးလာသူတွေကဲ့သို့ပင် ပျော်ရွှင်စွာဖြင့် ရောနှောသွားနေကြသည်။ ကျွန်ုပ်လည်း သူတို့ မမြင်ရအောင် အောက်ဘက်သို့ ဆင်းလိုက်သွားခဲ့သည်။ အတန်ကြာသောအခါ ပြန်ဆင်းလာကြသော မချောတို့ကို တွေ့လိုက်ရပြန်သည်။ သူမတို့သည် မနေ့က မန္တလေးတောင်ပေါ်မှာကဲ့သို့ ရင်းနှီးစွာ ဆက်ဆံပါ့မလားဟု စိုးရိမ်မိသေးသည်။

သူမတို့က ကျွန်ုပ်အား မမြင်သေး၍လော မသိပါ၊ သူတို့အချင်းချင်းသာ ရယ်မောလာနေကြသည်။

ကျွန်ုပ်အနား ရောက်သောအခါ အကြီးအကဲ ခေါင်းဆောင်က အံ့သြသလိုဖြစ်ကာ-

'ဟော..ရှင် ဘယ်တုန်းက ဒီကိုရောက်နေတာလဲ'

'ဩော်..ခင်ဗျားတို့နဲ့ လာတွေ့နေပြန်ပြီ။ ကျွန်တော်ရောက်နေတာ နည်းနည်းကြာပြီ။ လျှောက်ကြည့်နေတယ်ဆိုပါတော့'

'ကျွန်မတို့အိမ်ကြီးဘက် လာခဲ့ပါလို့ မှာထားလျက်နဲ့ မဝင်တာလဲ။ အခု လိုက်လည်မယ် မဟုတ်လား'

'နေပါစေဗျာ၊ အားနာပါတယ်။ တောင်ပေါ်မှာပဲ ရှောက်ကြည့်ပါရစေဦး'ဟု အိုက်တင်ခံကာ တမင်ပြောလိုက်သည်။

ကျွန်ုပ်အပြောစကားကြောင့် သူမတို့သည် ဝိုင်းရယ်လိုက်ကြပြီး-

'အားမနာပါနဲ့၊ ကျွန်မတို့က အတော်ခင်မင်လို့ ခေါ်တာနော်။ ကျွန်မတို့ အိမ်ကြီးကို တော်တော့်လူ ဝင်လို့ရတယ် မှတ်သလား။ ရှင့်ကို ခင်မင်လို့ခေါ်တာ။ ရှင့်အဖော်တွေရော မပါဘူးလား။ ဘယ်မှာ ကျန်ရစ်ခဲ့တာလဲ'ဟု မေးနေပြန်သည်။

အကယ်၍ သူတို့သည် တောင်ပေါ်တွင် ဆရာကောက်ဆိုင်အား တွေ့လာခဲ့ပါမူ သိလျက်နှင့် ကွယ်ဝှက်သလို ထင်ဦးမည်။ စကားကို မယုတ်မလွန်ဖြေရပေမည်။

'အခုလည်း တကွဲတပြားစီ ဖြစ်နေတာပဲဗျ။ လာတာတော့ နှစ်ယောက်ပါ။ ကျွန်တော်လည်း နေရာအတိအကျ မသိတာနဲ့ လျှောက်သွားနေတာက ခင်ဗျားတို့နဲ့ ချိန်းထားသလို ဖြစ်နေတာပါပဲဗျာ'ဟု ပြောလိုက်သည်။

သူမတို့က သဘောကျသွားသလို ရယ်လိုက်ပြီးမှ ခေါင်းဆောင်လုပ်သူက-

'ကဲ..ကဲ..ပြောနေတာလည်း ကြာပြီ။ ကျွန်မတို့နဲ့ လိုက်ခဲ့ပါ။ ဟိုရောက်မှ အေးအေးဆေးဆေး ပြောဆိုပြီး ကြည့်ရှုစရာတွေ ကြည့်သွားပေါ့' ပြောသဖြင့် သူမတို့နှင့် အတူ လိုက်လာခဲ့သည်။

ရန်ကင်းတောင်ခြေရင်းသို့ ရောက်သောအခါ အကြီးအကဲလုပ်သူသည် အဖော်မိန်းကလေးနှစ်ယောက်အား သူတို့နေရာသို့ သွားရောက်ပြင်ဆင်ခိုင်းလိုက်သည်။ အကြံသမား ကျွန်ုပ်သည် သူတို့ခေါ်သွားသောလမ်းကို အမှတ်တမဲ့ ဂရုပြုမှတ်ထားလိုက်သည်။

တဖြည်းဖြည်း လာသောအခါ မြေနီလမ်းဘေး တစ်ဖက်တစ်ချက်တွင် စကားဝါပန်းပင်တွေ အစီအရီစိုက်ထားသည်ကို တွေ့မြင်နေရသည်။

'ဒီလမ်းက ကျွန်မတို့ ကိုယ်ပိုင်လမ်းလေးရှင့်။ ဟိုတောင်စွယ်အကွယ်မှာ ကျွန်မတို့နေရာပေါ့။ ရုတ်တရက် မမြင်နိုင်ဘူး။ တွေ့ကရာလူတွေ ဝင်ထွက်မှာစိုးလို့ ဘယ်လိုလုပ်ထားတယ်ဆိုတာ ရှေ့မှာ တွေ့ရမှာပေါ့။ ကဲ--လာ..လာ'

ပြောပြောဆိုဆို ခေါ်သွားသဖြင့် ကျွန်ုပ်လည်း လိုက်ရပြန်သည်။

နောက်မှ လိုက်လာကြသော ဥစ္စာစောင့်မလေးတွေကလည်း သူတို့အကြီးအကဲ စကားကို နားထောင်ကြဟန် တူသည်။ ဝင်ရောက်စွက်ဖက် မပြောသော်လည်း သတိထား လိုက်နေရသည်။ အရေးကြုံလျှင်မူ ဆရာကြီးမြစကြာ ပေးလိုက်သော အင်းဆေးနှင့် ပေါက်မည် ကြံစည်ထားသည်။ ယခု ကျွန်ုပ်အား လမ်းတစ်လျှောက်လုံး ပြသရင်း ဖန်ဆင်းထားလေသလော၊ (သို့မဟုတ်) လက်ဦးလွှတ်လိုက်သော ဥစ္စာစောင့်မလေးနှစ်ယောက် ဖန်ဆင်းထားလေသလောဟု အောက်မေ့မိသည်။

ယခုအတိုင်း ပြုလုပ်ထားပုံမှာ သူမတို့သည် ဥစ္စာစောင့်မတွေသာ မဟုတ်ပါက အတော်ချမ်းသာသော

www.burmeseclassic.com

www.burmeseclassic.com

လူကုံထံတွေသာ ဖန်တီးလုပ်ကိုင်နိုင်သော လမ်းမျိုးပင် ဖြစ်သည်။

သို့ဖြင့် တဖြည်းဖြည်းလှမ်းလာကြရာ အကြီးအကဲလုပ်သူသည် လှပစွာပွင့်နေသော ပန်းတစ်ပွင့်ကို လက်ညှိုးထိုးပြလျက် သူ၏ အဖော်တစ်ယောက်ကို အခူးခိုင်းလိုက်ပြန်သည်။ ချက်ချင်းပင် သွားခူးပြီး ယူလာသဖြင့် ကျွန်ုပ်အား လာပေးသည်။ ကျွန်ုပ်လည်း ရုတ်တရက် မယူသေး။

ကြောင်၍ ထူးဆန်းသလိုလုပ်ကာ ကြည့်နေမိစဉ်-

'ယူပါရှင့်။ ဒီပန်းမျိုးကို ရှင်တို့ မြို့ထဲ၊ ရွာထဲမှာ စိုက်လို့ရတာမျိုး မဟုတ်ဘူး။ အတော်သန့်သန့်ရှင်းရှင်း စိုက်ရတယ်။ အနံ့ကလည်း အတော်မွှေးတာ။ တခြားပန်းနဲ့ မတူဘူး။ ရှင့်ကို အတော်ခင်လို့ ကျွန်မတို့က ပေးတာပါ။ ယူပြီး နမ်းကြည့်ပါလား။ ဘယ်လိုအနံ့ရှိတယ်ဆိုတာ သိရအောင်'ဟု ပြောသဖြင့် ပန်းကိုယူ၍ နမ်းကြည့်လိုက်သည်။

နှာခေါင်းနားတွင် တေ့လိုက်စဉ်မှာပင် ယခင် သူမတို့ထံမှ မွှေးကြိုင်စွာ ထွက်လာသော အနံ့ကဲ့သို့ရလာသဖြင့် မသိမသာ ရှူလိုက်သည်။

ထိုသို့ ပန်းကို ရှူလိုက်သောအခါ ကျွန်ုပ်စိတ်ထဲတွင် သာမက မျက်စိထဲမှာပင် မိုက်ခနဲ ဖြစ်သွားသည်ကို သိလိုက်ရသောအခါ ဆရာကြီးမြစကြာ ပေးလိုက်သော အင်းအဆောင်အား လက်ဖြင့် စမ်းသပ်မိပါတော့သည်။ ဥစ္စာစောင့်မတွေက ကျွန်ုပ်အား တစ်စုံတစ်ခု ပြုလုပ်လိုက်လေပြီလောဟု အောက်မေ့မိပါသည်။ ချက်ချင်းပင် ကျွန်ုပ်လည်း လာရာလမ်းနောက်သို့ လှည့်ကြည့်လိုက်ပြန်သည်။

ဖြတ်သန်းလျှောက်ခဲ့သောလမ်းမှာ ကျွန်ုပ်လာစဉ်ကလို မဟုတ်တော့ချေ။ ထင်လိုက်သည့်အတိုင်း သူတို့၏ ကမ္ဘာဓိဋ္ဌိတန်ခိုးနှင့် ဖန်ဆင်းထားသောလမ်းဟု သိလိုက်ရသည်။ အကြီးအကဲ အမျိုးသမီးသည် ကျွန်ုပ်လှည့်ကြည့်လိုက်သည်ကိုပင် တစ်စုံတစ်ခု ဖြစ်တော့မည်ကဲ့သို့ဖြစ်ကာ များပျာသလဲဖြစ်သွားသည်။ ကျွန်ုပ်လည်း ဟန်လုပ်ကာ ပြုံးမြွေဆည်လိုက်ရပါတော့သည်။

'ကျွန်မစိတ်ထဲမှာ နောက်က တစ်စုံတစ်ယောက် လိုက်လာသလို ထင်လိုက်လို့ပါရှင်'ဟု ပြောလိုက်သည်။

ကျွန်ုပ်ကလည်း ရော၍ 'ဟုတ်တယ်ဗျ။ ကျွန်တော်လည်း ဒါကြောင့် လှည့်ကြည့်မိတာပဲ'ဟု ပြောလိုက်ရပါသည်။

အမှန်စင်စစ် ကျွန်ုပ်ကား သူပြောသလို မဟုတ်ပါ။ သက်သက်စိတ်မချတော့၍ လှည့်ကြည့်ခြင်းသာဖြစ်သည်။ ကျွန်ုပ်အား ဆရာကြီးမြစကြာ ပေးလိုက်သောဆေးမှာ အမှန်ပင် ဆိုင်ရာအစောင့် ရှိလိမ့်မည်ဟု ထင်မှတ်မိပါသည်။

ကျွန်ုပ်က အဆောင်ဆေးအင်းကို စမ်းသပ်၍ နောက်ကို လှည့်ကြည့်လိုက်သောအခါတွင် သူမတို့ ဥစ္စာစောင့်မတွေ အခုလို တုန်လှုပ်ချောက်ချား တစ်မူထူးခြားသွားရခြင်းမှာ အကြောင်းတစ်စုံတစ်ရာ ရှိပါလိမ့်ဦးမည်။

ထို့ကြောင့် ချက်ချင်းပင်ဆိုသလို အကြီးအကဲခေါင်းဆောင် ဥစ္စာစောင့်မသည် သူ့အဖော်တွေဘက်သို့ လှည့်လိုက်ကာ-

'ကဲ··ညီမတို့ရေ၊ နောက်က ဘယ်သူတွေ လိုက်လာတယ်ဆိုတာ စောင့်ကြည့်ပါဦး'ဟု လှမ်းပြောလိုက်သည်။

ထိုစကားကြောင့် ကျန်သော ဥစ္စာစောင့်မတွေလည်း နောက်သို့ လှည့်ကြည့်နေကြပြန်သည်။

ခေါင်းဆောင် ဥစ္စာစောင့်မက-

'ကဲ··လာပါရှင်၊ ကျွန်မတို့နှစ်ယောက်တည်း အရင်ဝင်သွားရအောင်'ဟုပြော၍ ကျွန်ုပ်အား ခေါ်လိုက်သည်။

ထို့ကြောင့် အရှေ့ဘက်ကြည့်လိုက်ရာ ကျွန်ုပ်တို့ ရှေ့သို့ သွားရမည့်လမ်းမှာ သာသာယာယာ ရှိပေသည်။ နောက်ပိုင်းမှာကား အစမထင်အောင် ဖြစ်နေသဖြင့် လမ်းမဓတ်မိအောင် ပြန်လည် ဖျောက်ဖျက်ထားခြင်း ဖြစ်မည်ဟု အောက်မေ့



www.burmeseclassic.com

မိပါတော့သည်။

လက်ယာဘက် ကွေ့လိုက်သောအခါတွင်မူ ကျွန်ုပ် တွေ့မြင်လိုက်ရသည်မှာ ဥယျာဉ်ခြံကြီးတစ်ခုအလယ်တွင် ပထမတန်းကောင်းသော အိမ်ကြီးတစ်ဆောင်ကို တွေ့မြင် လိုက်ရသည်။ ၎င်းအိမ်ကြီးအတွင်းတွင်လည်း လူတွေသွား လာနေသလို တွေ့မြင်ရပြန်သဖြင့် အထူးအံ့ဩနေမိပြန် သည်။

ဤနေရာ ဤဌာနတွင် ယခုကဲ့သို့သော အဆောက် အအုံနှင့် ကျကျနနပြုလုပ်ထားသည်မှာ ရုတ်တရက် တွေး ကြည့်လျှင် ထူးဆန်းသလိုဖြစ်နေသည်။ သတိထားလိုက် သောအခါ စိတ်ထဲမှာ တစ်မျိုးဖြစ်သွားပြန်ပါတော့သည်။ ဥစ္စာစောင့်မတွေသည် မာယာပရိယာယ်ဖြင့် ကျွန်ုပ်အား ခေါ်သွားပြီး ခြံကြီးအဝင်ဝသို့ ရောက်သောအခါ မအံ့ဩ ဘဲ မနေနိုင်အောင် မြင်တွေ့နေရလေသည်။

တံခါးကဲ့သို့ ပြုလုပ်ထားသော နေရာတစ်ဖက်တစ် ချက်တွင် မန္တလေးတောင်ပေါ်တွင် ပြုလုပ်ထားသော မြွေ ကြီးနှစ်ကောင်ကဲ့သို့ဟု ပြောရသော်လည်း အနေအထား ကွဲပြားစွာနှင့် မြွေကြီးနှစ်ကောင်ကို တွေ့လိုက်ရပါတော့ သည်။ ၎င်းမြွေကြီးနှစ်ကောင် မျက်လုံး များကိုကြည့်၍ အသက်ရှိသော မြွေ ကဲ့သို့ပင် ဖြစ်နေသောကြောင့် ကျွန်ုပ်သည် ရှေ့သို့ဆက်၍ မသွားဝံ့တော့ချေ။ ရပ်၍နေလိုက်သော အခါ-



'လာသာ လာပါ။ ကျွန်မလည်း ပါနေတာပဲ။ ဘာမှ ကြောက်စရာ မရှိပါဘူး။ သူတစ်ပါးတွေ ဝင်လာမှာစိုးလို့ တမင် ဟန့်တားထားတာပါ။ ဒါကြောင့် ရှင့်ကို ပြော တယ် မဟုတ်လား။ ကျွန်မတို့ အိမ်နေရာကို တော်တော့် လူ ဝင်လို့ မရပါဘူးလို့ ပြောခဲ့တယ် မဟုတ်လား'ဟု ရယ်ရယ်မောမော ပြောလိုက်လေသည်။

တကယ့်မြွေကြီး နှစ်ကောင်အစစ် ဖြစ်သောကြောင့် သာလျှင် ကျွန်ုပ်အား ပြောလိုက်သည်ဟု အောက်မေ့လိုက် မိကာ သာ၍ပင် မသွားရဲအောင် ချီတုံချတုံ ဖြစ်နေပါတော့ သည်။

ထိုအခိုက်မှာပင် အိမ်ကြီးဘက်ဆီမှ လက်ဦး တောင် ခြေက လွှတ်လိုက်သော ဥစ္စာစောင့်မနှစ်ယောက်သည် အိမ်ထဲမှ ထွက်လာပြီး-

'ကဲ..မမတို့၊ ဘာဖြစ်လို့ ရပ်နေကြတာလဲ။ ကျွန်မ တို့ အဖော်တွေရော ဘယ်မှာကျန်ရစ်ခဲ့ကြတာလဲဟင်'ဟု မေးလိုက်သည်။

ကျွန်ုပ်က သူမတို့ စိုးရိမ်နေမှုကို ဂရုမစိုက်သည့် အနေဖြင့်-

'ခင်ဗျားတို့နေရာ အိမ်ကြီးက ကောင်းလွန်းပြီး တယ် သာယာလှတယ်ဗျာ'

ဟု မြှောက်ပင့်ပြောလိုက်သောအခါ အကြီးအကဲ လုပ်သူ အမျိုးသမီးမျက်နှာသည် ရွှင်လန်းလာပြီး-

'အတွင်းမှာဆိုရင် ရှင်ထင်တာထက် ထူးဆန်းသေး တယ်။ လာ..လာ..အတွင်းကို ဝင်ရအောင်'ဟု ခေါ်လိုက် သောအခါ ကျွန်ုပ်၏ မျက်စိကလည်း မြွေကြီးနှစ်ကောင် ဆီကို ရောက်သွားသဖြင့် ဖြတ်မသွားရဲသေးဘဲ ဖြစ်နေပါ တော့သည်။

ထို့ကြောင့် ဥစ္စာစောင့်မသည် ကျွန်ုပ်ဖြစ်ပုံကိုကြည့် ၍ တဟားဟားနှင့် ရယ်လိုက်ပြီးလျှင် အိမ်အတွင်းဘက် သို့ကြည့်ကာ တစ်စုံတစ်ယောက်ကို လက်ယပ်ခေါ်လိုက် သည်။ ကျွန်ုပ်ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားရပြန်သည်။ အဘယ်ကြောင့်ဆိုသော် ငိုင်း၍ အတွင်းကို ဆွဲငင်ခေါ် သွားကြမည်လောဟု အောက်မေ့နေမိသည်။ ကျွန်ုပ်အကြံ အစည်မှာ အကယ်၍ တစ်စုံတစ်ခု လုပ်ပါက ဆရာကြီး မြစကြာ အဆောင်ဆေးနှင့် ပေါက်မည်ဟု ဆုံးဖြတ်ထား သည်။

www.burmeseclassic.com

သို့သော် မည်သည့်အရာမှ မထွက်ပေါ်လာသဖြင့် ရပ်၍နေလိုက်ရာ 'လာသာ လာပါရှင်။ ဘာများကြောက်ရွံ့နေတာလဲ။ ရှင့်မှာလည်း အားကိုးအားထားရှိသားပဲ' ဟု တိုက်ရိုက်ပြောလိုက်သောအခါတွင် ကျွန်ုပ်မှာ သာ၍မျက်လုံးပြူးသွားပါတော့သည်။

ကျွန်ုပ်ကလည်း ကာကွယ်ထားသော အကြံအစည်ကို သူတို့ မသိအောင် ဖုံးဖုံကွယ်နိုင်သမျှ ဖုံးဖိမည်ဟု ကြံစည်ထားပါသည်။ ယခုမှာမူ ကျွန်ုပ်၏ အတွင်းစိတ်၊ အပြင်စိတ်တွေကိုပင် ထုတ်ဖော်၍ ပြောရုံမျှသာမက ဆရာကြီးမြစကြာ ပေးလိုက်သော အင်းအဆောင်ရှိသည်ကိုပင် သူတို့ သိသွားကြပြီလား။ ထို့ကြောင့်သာလျှင် ကျွန်ုပ်အား ယခုကဲ့သို့ ပြောဆိုလိုက်လေသလောဟု အောက်မေ့မိသေးသည်။ ဥစ္စာစောင့်မ ခေါင်းဆောင်က အထက်ပါအတိုင်း ပြောလိုက်သဖြင့် ကျွန်ုပ်မှာ မျက်လုံးပြူး၍ သူ့ကိုပင် ပြန်၍ကြည့်နေလိုက်မိတော့သည်။

ထိုခဏ၌ ကျွန်ုပ်၏စိတ်ထဲတွင် အကြံတစ်ခုရရှိလာခဲ့သည်။ ဘာပဲဖြစ်ဖြစ် မသိလေဟန်ဆောင်မှ သင့်တော်မည် မဟုတ်ပါလော။

သူမတို့ပြောသော စကားများကို မပယ်ရှားဘဲ-

'သွားတော့ သွားချင်တယ်ဗျ။ ဟိုမြွေကြီးနှစ်ကောင်က ကျွန်တော့်ကို စိုက်ကြည့်နေကြတာက ကြောက်စရာကြီး ဖြစ်နေတယ်'

'ဟော..ဟော..ကြည့်ပါလား။ မျက်တောင်ခတ်နေတယ်' ဟု ကျွန်ုပ်က ပြောပြောဆိုဆို ပြလိုက်သည်။

'ရှင်စိတ်ထင်လို့ ဖြစ်တာပါ။ ဒီအတိုင်းပါပဲ။ ကဲ..ကဲ..လာပါ။ ကျွန်မနဲ့ အတူတူဝင်မယ်။ လာ..လာ..ကျွန်မအနားကို ကပ်ပြီးလိုက်။ ကျွန်မ ရှေ့ကသွားမယ်' ဟု ကျွန်ုပ်အား ခေါ်၍ ဝင်သွားသည်။

ကျွန်ုပ်လည်း အစောင့်မြွေကြီးနှစ်ကောင်နှင့် တစ်လံကျော်ကျော် ရောက်သောအခါ မြွေမျက်စိထဲတွင် နီရဲသော အဆင်းနှင့်တကွ အရောင်တွေပါ ထွက်နေသလားဟု အောက်မေ့ပြီး မြွေကြီးတွေပါ ရပ်၍ ကြည့်နေမိပါတော့သည်။

ထိုအခိုက်မှာ အတွင်းဘက်မှ ထွက်လာသော ယခင်ဥစ္စာစောင့်မလေး နှစ်ယောက်သည် မြွေကြီးနှစ်ကောင်အနားတွင် ရုတ်တရက် သွား၍ရပ်လိုက်ပြီး ကျွန်ုပ်အား ရယ်၍ ကြည့်နေကြပြန်သည်။ ကျွန်ုပ်မှာ ကြောက်သော်လည်း မရဲဘဲ ကျွဲပြိုစီးမိသူလို သူမတို့ပိုင်နက် ရောက်နေပြီဟု သိရကာ ဆရာကြီးမြစကြာ ပေးထားသော အဆောင်အင်းဆေးကိုသာ မကြာ၊မကြာ စမ်းသပ်ကြည့်နေမိတော့သည်။

မြွေကြီးနှစ်ကောင်မှာ အနားကပ် ကြည့်လေလေ တကယ့်မြွေကြီးကဲ့သို့ ဖြစ်နေသဖြင့် အတွင်းသို့ ဖြတ်ဝင်သွားသောအခါ စောင့်နေသော ဥစ္စာစောင့်မသည် ကျွန်ုပ်လက်ကို အတင်းဆွဲလိုက်သည်။

'ဖြည်းဖြည်းသွားပါရှင့်။ အတွင်းက မြင်သွားရင် ရှင့်ကို တစ်မျိုးထင်နေကြဦးမယ်' ဟု ပြောလိုက်ပြန်သဖြင့် ကျွန်ုပ်မှာ အသာရပ်လိုက်ကာ ဣန္ဒြေလုပ်ရပြန်သည်။

ဟန်ကိုယ့်ဖို့ဆိုသလို လုပ်လိုက်ရသော်လည်း ဥစ္စာစောင့်မက ကျွန်ုပ်ထက်ကို ဆွဲကိုင်လိုက်ကတည်းက ကြက်သီးမွေးညင်းတွေ တဖြန်းဖြန်းထသွားသည်မှာ အတော်ပင် ထူးခြားလေသည်။ ကျွန်ုပ်၏စိတ်ထဲမှာ အတွင်းက ဥစ္စာစောင့်မ ပြောလိုက်ပုံမှာ သူတို့အတွင်းဘက်မှ အစောင့်တွေ ထွက်ပေါ်လာဦးမည်လောဟု အောက်မေ့ပြီး အသာရပ်စောင့်ကြည့်နေမိပြန်သည်။

ချက်ချင်းဆိုသလိုပင် မြွေကြီးနှစ်ကောင်အနား ကျွန်နေရစ်သော ဥစ္စာစောင့်မ နှစ်ယောက်အား ကျွန်ုပ်က လှည့်၍ ကြည့်လိုက်မိပြန်သည်။ ၄င်းတို့နှစ်ယောက်မှာ ဘယ်နေရာသို့ ပျောက်ကွယ်သွားသည် မသိသောကြောင့် ရုတ်တရက် လန့်သွားမိသည်။

'ဟော..သူတို့ ချက်ချင်းပျောက်သွားပြီ။ ဘယ်ထွက်သွားကြတာလဲဗျ'

ဟု အသံတုန်တုန်ယင်ယင်နှင့် မေးလိုက်သောအခါ ခေါင်းဆောင်အမျိုးသမီးက ကျွန်ုပ်အား ပြုံးရယ်ပြလိုက်ပြီး-

'လမ်းမှာ ကျန်ရစ်တဲ့ ကျွန်မညီမတွေဆီကို သွားတာပါ။ ခဏကြာရင် သူတို့ လိုက်လာကြမှာပေါ့။ ကဲ..ကဲ..လာ..လာ..အိမ်ထဲ ဝင်ကြည့်ရအောင်' ဟု ပြောဆို၍ ခေါ်သွားလေသည်။

ကျွန်ုပ်လည်း ရှေ့ကိုကြည့်လိုက်၊ နောက်ကိုကြည့်လိုက် လုပ်ပြီးလျှင် ခေါင်းဆောင်ဥစ္စာစောင့်မနှင့် အတူယှဉ်တွဲ၍ အိမ်ကြီးအတွင်းဘက်သို့ လျှောက်လာရတော့

www.burmeseclassic.com

www.burmeseclassic.com

သည်။

ထိုအခါ ကျွန်ုပ်၏ နှာခေါင်းထဲတွင် ယခင် မန္တလေး တောင်ပေါ်၌ သူတို့ဆီက မွှေးကြိုင်လှသောအနံ့ကို ရလိုက်ပြန်သောအခါ စိတ်ထဲတွင် အဘယ်ကဲ့သို့ ဖြစ်သွားသည် မသိ။ ကြည်လင်လန်းဆန်းလာသလို ဖြစ်လာရပြန်သည်။ ထိုအခိုက်မှာပင် နောက်နားဆီမှ ဆူညံစွာ ထွက်ပေါ်လာသောအသံတွေကို ကြားလိုက်ရသဖြင့် လှည့်ကြည့်မိသည်။ လမ်းမှာ ကျွန်ရစ်ခဲ့သည်ဆိုသော သူမတို့ ဥစ္စာစောင့် တစ်သိုက်လုံးပင် မြွေကြီးနှစ်ကောင် အနားမှကပ်၍ လာနေကြသည်။

'သူတို့တောင် အခုလို သွားလာနိုင်တာ ရှင်က ဘာကြောက်နေရတာလဲ။ လာပါ' ဟု ပြောဆို၍ ကျွန်ုပ်အား အိမ်ကြီးအတွင်းသို့ ခေါ်လာသဖြင့် လိုက်ပါခဲ့ရလေသည်။

ထူးဆန်းသည်မှာ ကျွန်ုပ်စိတ်ထဲတွင် ကြည်နူးလာသလို ဖြစ်လာသည်။ ရရှိနေသော အနံ့တို့မှာလည်း ပိုမို မွှေးကြိုင်လာသည်။ တစ်ခါတစ်ရံ အမွှေးနံ့ ထွက်ပေါ်သော နေရာကို လိုက်လံရှာဖွေ၍ ကြည့်နေပြန်သည်။

အနီးနားတွင်ကား ပန်းပင်တွေအမျိုးမျိုး စိုက်ပျိုးထားသည်ကို တွေ့လိုက်ရသော်လည်း ဘယ်ပန်းပင်က အနံ့မှန်း မသိရသဖြင့် ကျွန်ုပ်သည် လမ်းသွားနေရင်းပင် ပန်းပွင့်တွေကို ခူးချင်စိတ်ပေါက်လာပါတော့သည်။

အိမ်ကြီးနှင့် ဝါးတစ်ရိုက်ခန့်အကွာသို့ ရောက်သောအခါ ကျွန်ုပ်နှင့်အတူ သွားနေသော ဥစ္စာစောင့်မသည် နောက်က လိုက်လာသော သူတို့က ရပ်၍ကြည့်လိုက်ပြီးလျှင် -

'ဘယ်လိုလဲ ညီမတို့ရေ၊ နောက်က ဘာများ အကြောင်းထူးသလဲကွယ့်' ဟု မေးလိုက်ပြန်သည်။

'ဘယ်သူမှ လိုက်မလာပါဘူး မမ။ ကျွန်မတို့လည်း အတော်ကြာအောင် စောင့်နေသေးတယ်။ ဘာမှမရှိပါဘူး' ဟု ပြောလိုက်မှ ကျွန်ုပ်စိတ်ထဲတွင် ဆရာကောက်ဆိုင်ကို သတိရလာတော့သည်။

ကျွန်တော်ရှိရာသို့ လိုက်လာလေမလားဟု အောက်မေ့မိပြီး သူမတို့၏ အကြောင်းကိုလည်း သိချင်ပြန်သဖြင့် ဟန်လုပ်လိုက်ပြီးလျှင် -

'ဒီနေရာကို လူတွေ သွားလာနေကြတာပဲလား။ အခု ကျွန်တော်တို့ လာတာကိုမြင်လို့ လိုက်လာရင်ရော မဖြစ်နိုင်ဘူးလားဗျ' ဟု မေးလိုက်သောအခါ အားလုံးပင် ဝိုင်း၍ ရယ်လိုက်ကြတော့သည်။

'ဒီနေရာကို ဘယ်သူ့ကိုမှ ဝင်ခွင့်မပြုဘူး။ တွေ့ကရာလူကို ဝင်ခွင့်ပြုရင် ကျွန်မတို့လည်း အခုလို နေနိုင်ပါ့မလား။ ဒါကြောင့် အစောင့်အဖြစ် မြွေကြီးနှစ်ကောင်ကို ထားခဲ့ရတယ်။ တခြားအစောင့်တွေလည်း ရှိသေးတယ်။ ရှင်က ကျွန်မတို့နဲ့အတူ ဝင်လာလို့သာ မမြင်မတွေ့ရတာပါ။ ကဲ‥ညီမတို့ရေ၊ အပြင်ဘက် အစောင့်တွေ ချထားပြီးပြီလားဟေ့။ ပြီးရင် မြွေကြီးနှစ်ကောင်ကိုလည်း လွှတ်ပေးလိုက်။ တံခါးကိုလည်း ပိတ်လိုက်တော့' ဟု ပြောလိုက်သောအခါမှ ကျွန်ုပ်မှာ အထူးပင် အံ့သြမိကာ သူမတို့ ဥစ္စာစောင့်မတွေကို ငေးမောကြည့်ရှုနေမိပြန်သည်။

'ဟုတ်ကဲ့ မမ၊ ကျွန်မတို့ အစောင့်တွေကိုတော့ ထားခဲ့ပြီးပြီ။ မြွေကြီးနှစ်ကောင်ကိုလည်း လွှတ်လိုက်တော့မယ်။ စိတ်ချပါ မမ' ဟု ဥစ္စာစောင့်မလေး နှစ်ယောက်သည် မြွေကြီးနှစ်ကောင်ရှိရာ တံခါးဝအနားသို့ ပြန်သွားကြသည်။

၎င်းနောက် သူမတို့ ဘယ်လိုလုပ်လိုက်သည် မသိပါ။ ကျွန်ုပ်ဝင်လာသော တံခါးမှာလည်း ရုတ်တရက် ပိတ်သွားပြီးသည်နှင့် ရှိခနဲ ရူးရှူးစွာသောအသံနှင့် မြွေကြီးနှစ်ကောင်မှာလည်း လှုပ်ရှားကာ အပြင်ဘက်သို့ ထွက်သွားသည်ကို တွေ့မြင်လိုက်ရပါတော့သည်။

'ကဲ‥ဘယ်လိုလဲ။ ကျွန်မတို့နေတာဟာ စိတ်မချရဘူးလား။ ဘယ်သူလာလို့ ဒီသိုက်အိမ်ကြီးထဲ ဘယ်သူဝင်လာရဲမလဲ။ ရှင်တွေ့ခဲ့တဲ့ မြွေကြီးနှစ်ကောင်ဟာ အရှင်မဟုတ်ဘူးရှင့်၊ အသက်ရှိတယ်။ ကျွန်မတို့မှာ မြွေကြီးတွေ အခုလို မလှုပ်မယှက်နေနိုင်အောင် ဆေးအကာအကွယ်တွေ ဆောင်ထားရတယ်။ ရှင့်မှာလည်း ဒီလိုအဆောင် အကာအကွယ်တွေ ပါလာတယ် မဟုတ်လား။ ရှင်က ကျွန်မတို့ကို မသိချင်ဟန်ဆောင်မနေပါနဲ့တော့။ ကျွန်မတို့ အားလုံးသိပါတယ်။ လာပါ၊ အထဲဝင်ကြရအောင်' ဟု ပြောပြောဆိုဆိုနှင့် ခေါ်နေပြန်သည်။

ဤတွင် ကျွန်ုပ်မှာ ဥစ္စာစောင့်မတွေ ပြောစကားတွေကို ဘာမှပြန်မပြောနိုင်အောင်ဖြစ်ကာ တံခါးသွား[illegible] သော ဥစ္စာစောင့်မတွေ ပြန်ရောက်လာသောအခါ၌ အိ[illegible]

www.burmeseclassic.com

www.burmeseclassic.com

ကြီးဘက်သို့ လာကြပါတော့သည်။ သူတို့ပြောသော စကားတွေထဲမှာ ကျွန်ုပ်မှာ ဆေးတွေပါလာကြောင်း ထုတ်ဖော်ပြောနေသဖြင့် မထူးတော့ဟု အောက်မေ့လိုက်ရသည်။ ယခု ဥစ္စာစောင့်မတွေ ခေါ်ရာသို့ လိုက်လာသော်လည်း အကောက်ကြံစည်ပါက လက်မနှေးရန် တားရပေမည်။ သူမတို့က ကမ္ဘာ့ဖိဒ္ဓိတန်ခိုးဖြင့် လုပ်ကြံမည်သာဖြစ်သည်။

သို့သော်လည်း ကျွန်ုပ်တွင် ဆရာကြီးမြစကြာ ပေးထားသော အဆောင်ဆေးကြောင့် မလုပ်နိုင်ဘဲ ဖြစ်နေဟန်တူပေသည်။ မည်သို့ပင်ဖြစ်စေ သူတို့ စိတ်ကောင်းထားပါက ကျွန်ုပ်ကလည်း ဘာမှလုပ်ရန် အကြောင်းမရှိပေ။ ယခု သူမတို့နှင့်နေသမျှ ဆရာကောက်ဆိုင်နှင့် ဆရာကြီးမြစကြာတို့ အထူးအရေးသာလျက် ရှိနေပေတော့သည်။

သို့ဖြင့် အိမ်ကြီးအတွင်း ဝင်လိုက်သည်နှင့် ကျွန်ုပ်ထင်သည့်အတိုင်း မဟုတ်၊ ပြင်ဆင်ပြုလုပ်ထားသည်မှာ သေသပ်လှသဖြင့် စိတ်ထဲတွင် တကယ့်လူတွေလို နေကြပါလားဟု သိရသည်။ ရှေးဟောင်းပစ္စည်းတွေမှာ ရွှေတဝင်းဝင်းနှင့် ပြုလုပ်ထားလေရာ ကျွန်ုပ်၏စိတ်ထဲတွင် ဘယ်အချိန်ကာလမှာ ဥစ္စာစောင့်သိုက်ဖြစ်ပေါ်နေသလဲဟု မေးကြည့်ချင်မိသည်။ ရုတ်တရက် မမေးဝံ့သေးဘဲ ရပ်ကြည့်နေမိသည်။

'ကဲ..ကဲ..ထိုင်ပါရှင်။ ရောက်လာချိန်မှာ အားနာမနေပါနဲ့။ ရှင်လည်း ကျွန်မတို့လိုဘဲ နေနိုင်ပါတယ်ရှင်' ဟု ပြောဆို၍ ကျွန်တော့်အား သလွန်နှင့်တူသော နေရာကို ညွှန်ပြလေသည်။

'ဘယ်ဖြစ်မလဲဗျ။ ဒါ ဘုန်းကံရှိတဲ့သူတွေ ထိုင်တဲ့နေရာမျိုးဗျ' ဟု ကျွန်ုပ်က ပြန်ပြောလိုက်သည်။

'ကဲပါ၊ ထိုင်မှာသာ ထိုင်ပါရှင်။ ဒီနေရာဟာ ကျွန်မတို့ ပိုင်နက်နေရာပါ။ ကျွန်မတို့က ထိုင်ပါဆိုရင် ရှင်ဘာမှမဖြစ်ပါဘူး။ ကျွန်မတို့တောင် ထိုင်သေးတာပဲ။ ကဲ..ကဲ..လာပါ' ဟု ကျွန်ုပ်အား ပြောသည်။

သူမကိုယ်တိုင်လည်း ပြောပြောဆိုဆို သလွန်ပေါ် ဝင်ထိုင်လိုက်သောအခါ ကျွန်ုပ်လည်း ထိုင်လိုက်ရသည်။

ထိုစဉ် အတွင်းဘက်မှ ဆူညံစွာထွက်ပေါ်လာသော အသံတို့ကို ကြားရသဖြင့် ထိတ်ခနဲဖြစ်သွားသည်။ သလွန်ပေါ်မှ ရုတ်တရက် ထရပ်လိုက်သောအခါ ဥစ္စာစောင့်



မလေးတွေက သဘောကျစွာ ပိုင်း၍ ရယ်လိုက်ကြပြန်သည်။

အစ်မကြီးလုပ်သူက သူမတို့ကို လက်ဖြင့် တားလိုက်ကာ-

'ကဲ..ညီမတို့၊ အတွင်းထဲမှာ လုပ်စရာရှိတာလုပ်ကြ။ ဧည့်သည်လာတာ ကျွေးမွေးဖို့ ပြင်ဆင်ကြပေါ့။ အထဲမှာလည်း ဆူညံနေကြတယ်။ သွားကြ။ မမအလိုရှိမှ ခေါ်မယ်။ ဒီမှာ ဧည့်သည်နဲ့ စကားပြောဦးမယ်' ဟု ပြောလွှတ်လိုက်သဖြင့် အားလုံးပင် ကျွန်ုပ်အား ပြုံးစိစိလုပ်ပြကာ အတွင်းသို့ ဝင်သွားသည်။

'ရှင့်စိတ်ထဲမှာ ဒီအတွင်းထဲရောက်လာတော့ ကြောက်နေလား'

'ကြောက်တယ်လို့ မဟုတ်ပါဘူး၊ ဆန်းပြားမှုတွေ တွေ့တော့ အံ့ဩနေတာပေါ့။ ကျွန်တော် ကုသိုလ်ထူးလို့တော့ အောက်မေ့မိတယ်'

'ရှင့်ကို ပြောပြီးပြီမဟုတ်လား။ ဒီနေရာက ကျွန်မတို့ အသက်လောက်ပဲလို့ ပြောထားတယ်လေ'

'ဟုတ်သားပဲ။ ကျွန်တော် သတိမေ့သွားလို့ပါ။ ဒီမှာ ခင်ဗျားတို့ချည်းပဲ အခုလို နေကြတာလားဗျ'

ဟု မေးလိုက်သောအခါ ဥစ္စာစောင့်အစ်မကြီးသည် မျက်နှာတည်လိုက်ပြီး-

'ရှင် ဝေ့လည်ကြောင်ပတ်ပြောနေတာ မကောင်းပါဘူး။ ကျွန်မတို့ ဘယ်လိုအမျိုးအနွယ်ဆိုတာ ရှင်သိနေတယ် မဟုတ်လား' ဟု ဖြောင့်ဖြောင့်မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်၏ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားပြီး ငိုင်ကြည့်နေမိသည်။

'ကျွန်မတို့ဟာ ဥစ္စာစောင့်တွေဆိုတာ ရှင်သိတယ်မဟုတ်လား'ဟု မေးလိုက်သောအခါ ကျွန်ုပ်မှာ သိတယ်ဟု ပြောရမှာ အတော်ဝန်လေးသလို ဖြစ်နေမိပြန်သည်။ သို့သော် ဘူးငြင်း၍လည်း မဖြစ်ချေ။

'ခင်ဗျားတို့နေရာ ဝင်လာကတည်းက ဥစ္စာစောင့်တွေ ဖြစ်လေမလားလို့ တွေးမိပါတယ်။ အခုလိုမပြောဘဲ ခင်မင်စွာနဲ့ ခေါ်လာတော့ အံ့ဩနေမိတာ အမှန်ပါ'

ဟု ကျွန်ုပ်က ပြုံးရယ်လျက် ပြောလိုက်သောအခါ သူမက-

'ရှင်ဟာ အခုထိ ဝေ့လည်ကြောင်ပတ် ပြောနေတုန်းပါလား။ အခု ဒီနေရာ ခေါ်လာရတာက အတော့်ကို ခင်မင်လို့ပါ။ ကြံစည်ဖို့လည်း စိတ်ကူးမရှိပါဘူး။ ဒါပေမဲ့ သိုက်ထဲက ပစ္စည်းတွေကိုတော့ လောဘစိတ်မထားပါနဲ့နော်။ အကယ်၍ လိုချင်တာရှိရင် ကျွန်မကို ပြောပါ။ ကျွန်မတို့ သုံးနိုင်စွဲနိုင်တဲ့ အရာဝတ္ထုဆို ရှင့်အတွက် သစ္စာပြုပေးနိုင်ရင် ပေးပါ့မယ်'ဟု ပြောလိုက်သဖြင့် ကျွန်ုပ်မှာ ပိုမိုအံ့ဩသွားရပြန်သည်။

'တော်ပါတော့ဗျာ။ အခုလိုပြောတာ ကျေးဇူးတင်ပါတယ်။ သိုက်က ပစ္စည်းကို မယူချင်ပါဘူး။ ကျွန်တော် သိချင်တာက ခင်ဗျားတို့ဘယ်လိုနေလို့ ဘယ်လိုရည်ရွယ်သလဲဆိုတာ သိချင်တာပါ'



'ဒါတွေက နောက်သိရမှာပါ။ အခု ရှင်နဲ့ စကားပြောရတာ ရှင့်နာမည်လည်း မသိရသေးဘူး။ ဒီတော့ ရှင့်နာမည် ဘယ်လိုခေါ်လဲ'

'ဟဲ··ဟဲ··ဟုတ်ပါရဲ့ဗျာ။ တစ်ယောက်ကို တစ်ယောက် မသိကြဘဲ ပြောနေကြတာ တကယ်တော့ ကျွန်တော်က မေးမလို့ပါ။ ကျွန်တော့်နာမည်ကတော့ ခင်မောင်ဦးလို့ ခေါ်ပါတယ်။ ခင်ဗျားနာမည်ကရောဟင်'

'အကြီးမလို့ပဲ မှတ်ထားပါ။ ဒီသိုက်တွင်းမှာ သစ္စာသမာဓိရှိသူဆို ဘာမှမဖြစ်စေရပါဘူး။ စိတ်ချလက်ချသာနေပါ။ ဒီကို ရောက်လာသူတွေထဲမှာ လူသားဆိုလို့ နှစ်ယောက်တည်း ရှိပါသေးတယ်။ ကိုယ်ကျိုးမငဲ့ဘဲ ကောင်းမှုကုသိုလ်တွေလုပ်နေတဲ့ ရသေ့ကြီးဦးခန္တီဆိုတဲ့ ပုဂ္ဂိုလ်နဲ့ ရှင်ကိုယ်တိုင်ပဲပေါ့'

'အခု ဒီပုဂ္ဂိုလ်ကြီး မလာတော့ဘူးလား'ဟု ကျွန်ုပ် မေးကြည့်သည်။

'ဦးခန္တီက ဘဝတစ်ပါး ပြောင်းသွားရှာပြီရှင့်။ ဒီပုဂ္ဂိုလ်ကြီးရှိစဉ်က ကျွန်မတို့က အမြဲလှူဒါန်းပါတယ်။ လှူဒါန်းဖို့လည်း အမိန့်ရထားပါတယ်။ ဒါကြောင့် ကျွန်မတို့က ကမကထ ပြုလုပ်လှူခဲ့ကြတာပါ'

'ခင်ဗျားတို့ ဥစ္စာစောင့်သိုက်က လှူဒါန်းနေတာကို ရသေ့ကြီးဦးခန္တီကရော သိရဲ့လား'

'သိပါတယ်။ ဒါပေမဲ့ လူယုံတော် တစ်ယောက်က ကျွန်မတို့ လှူဒါန်းနေတာကို အလွဲသုံးစား လုပ်လေ့ရှိတယ်။ လက်ဦးအစတုန်းကတော့ ကျွန်မတို့က ကြည့်နေသေးတယ်။ မလုပ်ဖို့လည်း သတိပေးတယ်။ ဒါပေမဲ့ ကျွန်မတို့ပြောတာ နားမထောင်ဘူး။ သာသနာအတွက် လှူဒါန်းတာကို အပိုင်စီးမယ်လို့ ကြံတာမို့ တောင်အောက်မှာ အစောင့်အဖြစ် ထားလိုက်ရတော့တယ်'ဟု ပြောသဖြင့် ဥစ္စာစောင့်မတွေသည် ကမ္ဘဇိဒ္ဓိတန်ခိုးဖြင့် ပြုလုပ်သည်တို့ကို ထုတ်ဖော်မပြောချေ။ သာသနာနှင့်ပတ်သက်၍ သူတို့ ပါဝင်လှူဒါန်းနေပါက အတော်ပင် သတိထားသင့်ကြောင်း သိရပါတော့သည်။

ထို့နောက် ကျွန်ုပ်က မရဲတရဲဖြင့် သူမတို့ မည်သို့သောကြောင့် ဥစ္စာစောင့်မတွေ ဖြစ်လာရပုံ အကြောင်းကို သိရှိချင်နေမိပြန်သည်။

သို့သော် အပေါင်းတွေ အသစ်ဖြစ်လာကာ စိတ်

www.burmeseclassic.com

www.burmeseclassic.com

ခက်ထန်လာမည်ကိုလည်း စိုးရိမ်ရပြန်သဖြင့် သူမ အရိပ်အကဲကို အကဲခတ်ကြည့်လိုက်ရာ-

'ဘာလဲရှင့် ကိုခင်မောင်ဦး၊ ရှင်က ဘာသိချင်ပြန်လို့လဲ'ဟု ဘွင်းဘွင်းနှင့်ရှင်းရှင်း မေးလာပြန်သည်။

'ကျွန်တော် အခုသိချင်နေတာက ခင်ဗျားတို့ အခုလို ဥစ္စာစောင့်မဘဝ ရောက်လာရတဲ့ အကြောင်းပါပဲဗျာ'

'အင်း..ကျွန်မက ပြောတော့ ပြောချင်ပါတယ်။ အခုလို နောက်ကြောင်းတွေပြောရမှာ ဝမ်းနည်းစရာကောင်းတယ်ရှင့်။ ဒါပေမဲ့ ကျွန်မဝန်ခံထားတာက ရှင်သိချင်တာမှန်သမျှ ပြောပြမယ်လို့လေ။ ဒါပေမဲ့ ရှင့်ဘက်က သစ္စာကတိတော့ ထားရမယ်'

'ဟုတ်ကဲ့၊ သစ္စာကတိ ထားပါ့မယ်'ဟု ကျွန်ုပ်က သစ္စာဆိုလိုက်ရလေသည်။

'အဲဒီသစ္စာကတော့ ကျွန်မတို့ညီမတွေအကြောင်းကို ဘယ်သိုက်ဆရာကိုမှ မပြောပါဘူးဆိုတဲ့ ကတိစကားပါ' ဟု ပြောလိုက်သည်။

ကျွန်ုပ်လည်း ဝမ်းမြောက်စွာနှင့်ပင်-

'တခြားသိုက်ဆရာတွေကိုလည်း လုံးဝပြန်မပြောပြပါဘူး။ နောက်ပြီး ခင်ဗျားတို့စောင့်နေရတဲ့ ပစ္စည်းတွေကိုလည်း လက်ဖျားနဲ့တောင် မတို့ပါဘူး။ ဒီသစ္စာကတိကို ကျွန်တော့်အသက်နဲ့လဲပြီး တာဝန်ယူပါတယ်ဗျာ'ဟု ပြောလိုက်ရပါသည်။

'တော်တော်လည်း တာဝန်ယူရဲပါလားရှင့်။ သိုက်ဆရာဆိုတာမျိုးက သိုက်အတွင်းထဲ ရောက်လာမှ ဘာမှမယူဘဲ နေပါ့မလား။ အခု ရှင်ပြောတဲ့ ထွက်ရပ်လမ်းလိုက်စားသူ ဆရာမျိုးဆိုရင် ကျွန်မတို့ကလည်း ဘာမှပြောနေစရာ မလိုပါဘူး။ ဒါပေမဲ့ ကျွန်မတို့ အခွင့်မရဘဲတော့ သိုက်ထဲကို အခု ရှင်ဝင်လာသလိုတော့ ဘယ်ဝင်လို့ရမလဲ။ ပညာစွမ်းပြပြီး ဝင်လာရင်တော့ ဖြစ်နိုင်တာပဲ။ ကဲ..ကဲ..ဒါတွေကိုပြောနေလို့ ပြီးနိုင်မှာ မဟုတ်ပါဘူး။ အခု ကိုခင်မောင်ဦးလည်း သိုက်ထဲကို ရောက်တုန်းရောက်ခိုက်မှာ ဖြည်းဖြည်းမှ ပြန်ပါနော်'

'ဟုတ်ကဲ့၊ ရပါတယ်'ဟု ကျွန်ုပ်က ပြောလိုက်ရပြန်သည်။

'ကဲ..ညီမတို့ရေ၊ ဟောဒီက ကိုခင်မောင်ဦး စားသောက်ဖို့ ပြင်ဆင်ပြီးကြပြီလား'ဟု သူမသည် ကျွန်ုပ်နှင့်စကားပြောနေရင်း အတွင်းဘက်သို့ အော်ပြောလိုက်၏။

အတွင်းဘက်မှလည်း-

'အဆင်သင့်ပြင်ထားပါတယ် မမ၊ အားလုံးပြီးပါပြီ' ဟု ပြန်လည်ပြောသံကြားသဖြင့် ကျွန်ုပ်စိတ်ထဲတွင် ထိတ်ခနဲ ဖြစ်သွားပါတော့သည်။

ချက်ချင်းပင် ဝမ်းမြောက်စရာ ဖြစ်လာပြန်သည်ကားသူမတို့ ဥစ္စာစောင့်မ ခုနစ်ဖော်အကြောင်း ပြောပြမည်ဟူသော ဆိုစကားကြောင့်ပင်။

ဤသို့ဖြင့် ကျွန်ုပ်မှာ စားစရာတွေ ပြင်ထားသောနေရာသို့ လိုက်သွားရပြန်လေရာ-

'သုံးဆောင်ပါရှင်၊ အားမနာပါနဲ့။ ကျွန်မတို့က စေတနာနဲ့ ကျွေးတာပါ'ဟု တကယ့်ရင်းရင်းနှီးနှီး ပြောကြသည်။

ကျွန်ုပ်ကလည်း အကြံသမားဖြစ်သည့်အတိုင်း လက်ဦး လာခေါ်သော အစ်မကြီးအား ကြည့်လိုက်ပြီးလျှင်-

'လူစုံရှေ့မှာ ပြောမယ်လို့ ကတိပေးထားတယ်နော်' ဟု ပြောလိုက်သောအခါ ဥစ္စာစောင့်မတွေက တစ်ယောက်ကို တစ်ယောက် ကြည့်၍ အံ့အားသင့်နေကြသည်။

ကျွန်ုပ် ပြောလိုက်သော စကားပင် လွန်သွားလေသလောဟု ထိတ်ခနဲဖြစ်သွားသည်။

ထိုစဉ် အကြီးအကဲလုပ်သူ အစ်မက သူ၏ အဖော်ဥစ္စာစောင့်မတစ်သိုက်ကို လှမ်းကြည့်လိုက်ပြီး ကတိဖျက်မိလိုက်သူ တစ်ယောက်ဟု သူ့ကိုယ်သူ ထင်သွားမိဟန်တူသည်။

အကြောင်းစုံကို ရှင်းလင်းပြောပြနေပြန်သည်။

'ဒီလိုကွယ့် ညီမတို့ရဲ့၊ ဒီက 'ကိုခင်မောင်ဦးက မမတို့ ဥစ္စာစောင့်ဘဝ ရောက်လာရပုံကို သိချင်လို့တဲ့။ ဒီတော့ မမက ညီမတို့ကိုပြောပြီး တိုင်ပင်ရဦးမယ်လို့ ပြောထားလို့ အခု မေးနေတာကွယ့်'

'ရှင်က ကျွန်မတို့ ညီမတွေအကုန် တွေ့နေရပြီပဲ။ ဘာမေးနေစရာ လိုသေးလဲ'ဟု ကျွန်ုပ်အား မလိုမုန်းတပတ် ပြောလိုက်ပြန်သည်။

မရမက မေးသောအခါ အကြီးအကဲလုပ်သူမှာ မမေ့သာတော့ဘဲ ပြောပြပါတော့သည်။

အောင်ကျော်စွာ

www.burmeseclassic.com

www.burmeseclassic.com

# ဆိုးကျော့ ကျားနှင့် မရလိုက်သော်လည်း



'အဘ'

အနီးကပ်ခေါ်လိုက်သောအသံကြောင့် ရွာမုဆိုးကျော်ကြီး ဦးအထော် ခေါင်းမော့ကြည့်လိုက်၏။ သို့သော် မြားတံထုလုပ်နေသော တူငယ်ကို လက်က မချသေး။ ဖိုထဲတွင် မီးဖုတ်ထားသော ဖဲထီးသံချောင်းတွေကလည်း ရဲရဲနီနေသည်။

သူ့ဘေးတွင် အကျီချွတ်ကြီးနှင့် မတ်တတ်လာရပ်နေသော သာရင်ကို-

'ဘယ်က လှည့်လာလဲကွ'

'ဘယ်ကမှ လှည့်လာတာ မဟုတ်ဘူး။ အဘ[illegible] ပြောစရာရှိလို့ တမင်လာတာ'

'ဟေ··ဘာပြောစရာလဲကွ။ ဆိုစမ်းပါဦး'

'ဒီလို အဘရယ်··ကျုပ် နေ့လယ်က ကညင်ချောင်[illegible] ဖျားဘက် ဟင်းစားရလိုရငြား သွားရှာတာ ညနေစော[illegible] စမ်းထဲကို ရေသောက်ဆင်းလာတဲ့ ဟင်းစားတစ်ကောင်[illegible] များ ပစ်ရမလားလို့ ကြခတ်စမ်းမှာ စောင့်နေတော့ [illegible] ကြီးတစ်ကောင်နဲ့ ကျားကလေးနှစ်ကောင် ရေလာ[illegible] တာ တွေ့ခဲ့ရတယ်။ ကျုပ်လည်း အဘပြောဖူးတဲ့ [illegible]

www.burmeseclassic.com

www.burmeseclassic.com

သားပေါက်မနဲ့ ကျားနို့ယူတဲ့အကြောင်း သတိရလို့ ခု အဘကို လာပြောတာ။ ဒီကျားပေါက်မ သားအမိကို ကြည့်ရတာ ဝံပုလွေချောင်းဖျားက ကျောက်ခေါင်းထဲ နေကြပုံပဲဗျ။ အဲဒါ အဘနဲ့ကျုပ် ကျားနို့သွားယူကြရင် ကောင်းမှာပဲဆိုပြီး လာပြောတာ"

သာရင်မှာ ရှာမုဆိုးကျော်ကြီးဦးအထော်၏ လက်သင်တပည့်ဟုဆိုကလည်း မမှားပေ။ ဤသို့ ကျားသားပေါက်မကို တွေ့ခဲ့သဖြင့် ကျားနို့ယူရန် လာပြောဖော်ရသည်ကို ဦးအထော်က ကျေးဇူးတင်လိုက်သည်။

ကျားနို့တစ်ခွက်ရလျှင် တိုင်းရင်းသမားတော်၊ ဗိန္ဒောဆရာများဆီ သွားရောင်းလျှင် ငွေတစ်သောင်း၊ ကိုးထောင်ကို ပိုးခနဲ ပက်ခနဲ ရနိုင်သဖြင့်-

"အိမ်း··အိမ်း··မင်းပြောသလိုဆို သိပ်ဟန်ကျတာပေါ့ကွာ။ ကျားနို့တင်မကဘူး ကျားကလေးအရေခွံဆို ရှပ် လုံးရုံးကြွလုပ်ဖို့ ဟိုကောင်ငမော်တို့တောင် လိုက်ရယ်နေတယ်တဲ့။ ဟန်ကျတာပေါ့ကွာ။ သွားကြတာပ"

ဦးအထော်က ဝမ်းသာအားရ ပြောလိုက်သည်။

အမှန်မှာ ဦးအထော်လို တောအတွေ့အကြုံ၊ သားကောင်အတွေ့အကြုံ၊ အထူးသဖြင့် ကျားအတွေ့အကြုံ မရှိထားသူဆိုလျှင် ကျားကလေးဗိုက်ထဲက ကျားနို့ကို ရယူမည်ဆိုသော စိတ်ကူးမှာ သာမန်မုဆိုးများအတွက် အိပ်မက်ပင် မက်ရဲမည့်အလုပ် မဟုတ်ပေ။ အလွန်အန္တရာယ်များပြီး သက်စွန့်ဆံဖျား စွန့်စားရမည့်အလုပ်ပင်။

သို့သော် ဦးအထော် မုဆိုးကျော်ကြီးအနေနှင့် ဤအလုပ်မျိုးကို သူ့တစ်သက်တာတွင် နှစ်ခါ၊ သုံးခါ လုပ်ပြုထားသူမို့ များစွာစိုးရိမ်ကြောင့်ကြ မဖြစ်မိ။ လသာရက်နှင့် ကျားနို့ရနိုင်သောရက်ကို တွက်ချက်ရုံသာ။

ကျားများသည် များသောအားဖြင့် နတ်တော်၊ ပြာသိုလများတွင် မိတ်လိုက်ကြပြီး ယခုလို နွေနှောင်း၊ မိုးဦးတွင် သားပေါက်တတ်ကြသည်။ ဤကာလ၌ ကျားကလေးများသည် လသားအရွယ်မျှသာ ရှိဦးမည်ဆိုသည်ကိုလည်း ဦးအထော်ကား မုဆိုးပီပီ အတွေ့အကြုံအရကောင်းစွာခန့်မှန်းမိသည်။

လရင့်လျှင်တော့ ကျားကလေးဗိုက်ထဲက ကျားနို့ကို ရနိုင်တော့ချေ။ ကျားကလေးများ လရင့်လာလျှင် ကျားကလေးများ၏လျှာမှာ ဆူးတွေမာလာပြီး ကြမ်းတမ်းခက်ထရော်လာ၏။ ထိုအခါ မိခင်ကျားမကြီးသည် ကျားကလေးများကို နို့တိုက်တိုင်း ကျားကလေးတွေကလည်း တစ်အားကုန်နို့ဆွဲကြရာ ကြမ်းထော်လာသော သူတို့လျှာကို နုနယ်သော ကျားမနို့သီးက မခံနိုင်တော့။ ထိုအခါ ကျားကလေးများ လျှာနှင့်လျက်၍ နို့စို့သည်ကို မခံတော့။ သစ်ရွက်များပေါ် နို့ရည်ချ၍သာ တိုက်တတ်သည်။ ထိုအခါ ကျားကလေးဗိုက်ထဲမှာ နို့ရည်ဆို၍လည်း အနှုအခွေလိုက် အတောင့်လိုက် မရတတ်တော့။

ထို့ကြောင့် ဤရာသီသမယသည် ကျားကလေးတို့ဗိုက်ထဲက နို့ရည်ကိုရရန် အကောင်းဆုံးကာလဆိုသည်ကို ဦးအထော် အတပ်သိလေသည်။

သို့သော် ယခု သာရင် လာပြောသော ကာလသည် လမိုက်ညဖြစ်နေသဖြင့် လသာညကို ရောက်အောင်တော့ ကြိတ်မှိတ်စောင့်နေရပေဦးမည်။

သည်လိုနှင့် ကဆုန်လဆန်း (၁၃)ရက်နေ့သို့ ရောက်လာသည်။

◆ ◆ ◆

ရှာမုဆိုးကြီး ဦးအထော်နှင့် သာရင်တို့သည် ကညင်ဆီ မီးတုတ်နှင့်တကွ ကျားဖမ်းကိရိယာ တန်ဆာပလာများကို ယူကာ ဝံပုလွေချောင်းဖျားက ကျောက်တောင်ကြီးဘက် ထွက်လာကြသည်။ သူတို့နှစ်ဦး ရွာကထွက်လာကြချိန်မှာ နေမွန်းတိမ်းစသာ ရှိသေး၏။

ဝံပုလွေချောင်းဖျားက ကျောက်တောင်နားရောက်တော့ နေတော်တော်စောင်းသွားပြီ။ ထို့ကြောင့် ကျားသားပေါက်မ ရှိနေသော ကျောက်ခေါင်းဝနားက ခင်းပြွမ်းပင်ကြီးတစ်ပင် ပေါ်တက်ကာ ကျားမကြီးနှင့် ကျားကလေးတို့၏ အခြေအနေကို အကဲခတ်ငုံ့ကြည့်နေကြသည်။

အနောက်ဘက်ရှိ တောင်တန်းမြင့်ကြီးများပေါ် နေလုံးကွယ်သွားသည်နှင့်တစ်ပြိုင်နက် ဝေါင်းခနဲ ဟိန်းလိုက်သော ကျားမကြီး၏အသံသည် ကျောက်ခေါင်းထဲက လုံးထွက်လာသည်။

ဦးအထော်က ကျားမကြီး နိုးပြီဖြစ်ကြောင်း သာရင်ကို အချက်ပြလိုက်၏။

တစ်ညလုံး ကိုးကျင်း ကိုးတော အစာရှာထွက်တတ်သော ကျားမကြီးသည် နေ့ခင်းနေ့လယ်ဆိုလျှင် ကျောက်



www.burmeseclassic.com

www.burmeseclassic.com

ခေါင်းထဲ၌ သိုးနေအောင် အိပ်နေတတ်သော ကျားသဘာဝကိုလည်း သူတို့နှစ်ယောက်စလုံး သိထားကြသည်။

ခဏသာ ကြာ၏။ ကျားမကြီးသည် သူ့ကလေးနှစ်ကောင်နှင့်အတူ ကျောက်ခေါင်းဝက ခေါင်းပြူလာ၏။ မြေပြင်ကို တစ်ချက်၊ နှစ်ချက် ယက်လိုက်ကာ ဟိန်းသံတစ်ချက်၊ နှစ်ချက်ကိုလည်း ပြုလိုက်၏။ ဤသည်မှာ ဤတော၊ ဤတောင်၊ ဤနေရာ၊ ဤဒေသတစ်ဝိုက်တွင် သူ့ကို မည်သူယှဉ်ပြိုင်မည်နည်းဟု စိန်ခေါ်သံ။ မယှဉ်ရဲသူများ ဤအချိန်ကစ၍ ရှောင်ကြလော့၊ ရှားကြလော့ဟူသော သတိပေးသံ။

ထို့နောက် ညရောက်၍ မိမိအစာရှာထွက်နေစဉ် သူ့ကလေးနှစ်ကောင်အား မည်သည့်တောတိရစ္ဆာန်ကလာပြီး အနှောင့်အယှက်မပေးရဲအောင် ဒီနေရာမှာ ငါရှိတယ်ဟေ့ဟု တခြားသားစားတိရစ္ဆာန်များကို အော်ပြောသတိပေးလိုက်သံ။

ရွာမှုဆိုးကြီး ဦးအထော်နှင့် သာရင်တို့သည် ရင်တထိတ်ထိတ်နှင့် ဇင်ပြွမ်းပင်ပေါ်က ငုံ့ကြည့်နေကြ၏။ ကျားမကြီးသည် ကျားကလေးနှစ်ကောင်ကို ဦးဆောင်ကာ စမ်းထဲ ရေသောက်ဆင်း၏။ ကျားမကြီးသည် ရေသောက်ဆင်း၍ ပြန်တက်လာချိန်မှာ မိုးချုပ်နေပြီ။ သို့သော် ထွန်းပနေသော ကဆုန်လဆန်း (၁၃)ရက်လ၏ လရောင်ကြောင့် ကျားမကြီးနှင့် ကျားကလေးနှစ်ကောင်ကို သစ်ပင် သစ်ကိုင်းပေါ်မှ ဖြိုးဖြိုးဖြောက်ဖြောက် ထိုးကျနေသော လရောင်ထဲ မြင်နေရသည်။

ကျားမကြီးသည် ကျောက်ခေါင်းဝတွင် ဆော့နေကြသော ကျားကလေးနှစ်ကောင်ကို ကျောက်ခေါင်းထဲ ပြန်ခေါ်သွား၏။ ကျားမကြီး အစာရှာထွက်တော့မည်ကို ဦးအထော်နှင့် သာရင်တို့က မှန်းသိလိုက်ကြသည်။ သူတို့ထင်သလိုပင် ခဏအကြာမှာ ကျားမကြီး ပြန်ထွက်လာသည်။

ကျားကလေးနှစ်ကောင်ကလည်း သူ့အမေနှင့် လိုက်ပါလိုသဖြင့် ထက်ကြပ်မကွာ ပြန်ထွက်လိုက်လာကြပြန်သည်။ ကျားမကြီးက ကျားကလေး နှစ်ကောင်ကို ကျောက်ခေါင်းထဲ ပြန်သွင်းပြန်၏။ ဤသို့နှင့် ပြန်သွင်းလိုက် ပြန်ထွက်လာလိုက်နှင့် အခေါက်ခေါက်အခါခါ ဝင်လိုက် ထွက်လိုက် ဖြစ်နေကြသည်။

နောက်တော့ ကျားမကြီးသည် စိတ်ရှည်ပုံမရတော့။ သူ့ဝမ်းဗိုက်ကလည်း ဆာလောင်မွတ်သိပ်လာရာ ကျားကလေးနှစ်ကောင်ကို ဟိန်းဟောက်ချော့မော့သည်။ ခြိမ်းခြောက်မာန်မဲသည်။ ထို့နောက်မှာ ခေါင်းနှင့်ခွေ့၊ လက်နှင့်ပုတ် ပါးစပ်နှင့်ပါခဲပြီး ကျောက်ခေါင်းထဲ အတင်းသွင်းထားခဲ့ကာ ကျားမကြီး ထွက်ပြေးသွားသည်။

တောမကျွမ်းသေးသော ကျားကလေး နှစ်ကောင်မှာ မိခင်၏ အရိပ်အယောင်ကိုလည်း မမြင်ရသောအခါ ကျောက်ခေါင်းထဲ ပြန်ဝင်ပြေးသွားကြ၏။ စောစောကသွားသားနှစ်ကောင်ကို ခြေရာဖျောက်ထွက်ပြေးသွားသော ကျားမကြီးသည် တောင်တစ်လုံးကျော်လောက်ကိုပင် ရောက်သွားပြီဆိုသည်ကို ချက်ချင်း သိလိုက်ကြ၏။ ထိုတောင် ထိုတောမှ ချေဟောက်သံ၊ တောကြက်များ ကတော်တိုက်သံ၊ လန့်ဖျပ်ထပျံကြသံတို့ကို ကြားခြင်းက ကျားမကြီး ထိုတော ထိုတောင်ကို ရောက်သွားပြီဆိုသည်ကို သက်သေခံနေလေသည်။

ထို့ကြောင့် ရွာမဆိုးကြီးဦးအထော်နှင့် သာရင်တို့မှာ ထိုအခါမှ သစ်ပင်ပေါ်က ဆင်းရဲကြသည်။

ဦးအထော်က ကျောက်ခေါင်းထဲ အရင်ဝင်သည်။ သာရင်က ကညင်ဆီမီးတုတ်ကိုထွန်းပြီး မျက်ကွင်းဝါးထရံ တစ်ချပ်ကိုထမ်းကာ နောက်က လိုက်ရ၏။ ခြေလှမ်းသုံးလေးငါးလှမ်းအရောက်တွင် ကျောက်ခေါင်းဝကို ဝါးထရံနှင့် အတွင်းက ကာပိတ်လိုက်ကြ၏။ သာရင်သည် လက်ထဲက ဝါးရင်းတုတ်ကို ဦးအထော်ဆီ လှမ်းပေးပြီး ဝါးထရံတွင် ထပ်ထားသော ကြိုးကွင်းကို လက်ထိုးဆွဲပိတ်ကာ ဦးအထော်ကို နောက်ပြန်လှည့်ကြည့်နေသည်။

ဦးအထော်သည် ကျားသားပေါက်မ နှစ်ကောင်ကို ဖမ်းသတ်ရန် တင်းပုတ်တစ်ဖက် မီးတုတ်တစ်ဖက်ကိုင်၍ တစ်ကိုယ်တည်း ဝင်သွား၏။ သူတို့ကျောက်ဂူထဲ လူသားများ ဝင်ရောက်လာပြီဆိုသည်ကို သိသွားသော ကျားကလေး နှစ်ကောင်မှာ ကြောက်လန့်တကြားနှင့် ကျောက်ခေါင်းထဲတွင် လျှောက်ပြေးနေကြသည်။

ဦးအထော်ကလည်း မည်သည့်ကျားကလေး တစ်ကောင်ကိုမှ မထုမိသေး။ ကျားကလေး နှစ်ကောင်မှာ ကြောင်တစ်ကောင်လောက်ပင် မရှိကြသေးသဖြင့် တော်တော်နှင့် မထုမရိုက်မိဖြစ်နေသည်။ ကျောက်ခေါင်းကြီး

www.burmeseclassic.com

www.burmeseclassic.com

မှာလည်း ကျယ်ကျယ်ကြီးဖြစ်သည့်အပြင် အကြိုအကြားတွေ များရာ အကြိုအကြားထဲလည်း ဝင်ပုန်းကြ၏။ ရိုက်ခည်လုပ်သည်နှင့် ထွက်ပြေးကြပြန်သည်။

"သာရင်··မင်းဘက်ကို ပြေးလာတယ်ကွ။ မောင်းလွှတ်၊ မောင်းလွှတ်။ အပေါက်ကို မြဲမြဲပိတ်ပြီး မောင်းလွှတ်၊ မောင်းလွှတ်။ ငါ ဒီဘက်က စောင့်ရိုက်မယ်"

ဦးအထော်က အော်ပြီး ကျားကလေးတစ်ကောင်ကောင်ကို ထုရိုက်ရန် ပြေးလိုက်တိုင်း သာရင်မှာလည်း သူရှိရာ အပေါက်ဝဘက် ပြေးလာသော ကျားကလေးနှစ်ကောင်ကို ခြေထောက်နှင့် ပိတ်ကန်ခြင်း၊ အသံနှင့် ခြိမ်းခြောက်ခြင်းပြုကာ မောင်းလွှတ်ရ၏။ လက်နှစ်ဖက်ကမူ ကျားကလေးနှစ်ကောင် လွှတ်ထွက်ပြေးသွားမှာစိုး၍ မျက်ကွင်းဝါးထရံက ကြိုးကွင်းကို မြဲမြဲဆုပ်ကိုင်ကာ ဦးအထော်၏ အခြေအနေကိုလည်း ကြည့်ရသည်။ ကညင်ဆီမီးတုတ်မှ မိုင်းခိုးတွေကလည်း တဖြည်းဖြည်း ကျောက်ဂူလိုဏ်ခေါင်းထဲ ပြည့်လာရာ တစ်ချက်,တစ်ချက်တွင် ကျားကလေးနှစ်ကောင်ကို ဝေဝေဝါးဝါးသာ မြင်လာရ၏။

သာရင် မောင်းလွှတ်လိုက်သော ကျားကလေး နှစ်ကောင်မှာ ကျောက်ခေါင်းအတွင်းဘက်ရှိ ဦးအထော် ရှိရာသို့ ပြန်ဝင်ပြေးသွားကြပြန်၏။ ဦးအထော်၏ လိုက်ထု၊ လိုက်ရိုက်သံ၊ ကျားကလေး နှစ်ကောင်၏ ကြောက်လန့်တကြီး အော်ဟစ်မာန်ဖီသံတို့မှာ ကျောက်ခေါင်းထဲ ဆူညံနေသည်။ ကျောက်ဂူကြီး၏ ပဲ့တင်လိုက်သံကြောင့် လူသံ၊ ကျားသံ၊ ရိုက်သံ၊ ထုသံတို့မှာလည်း ရောထွေးကာ ကျောက်ခေါင်းထဲ ဟိန်းနေသည်။

ဦးအထော်ကလည်း ကျားကလေး နှစ်ကောင်ကို တော်တော်နှင့် ရိုက်မသတ်နိုင်သေး။ ဓား၊ လှံတို့ ပါလာသော်လည်း ကျားလေးများ၏အူကို ခုတ်မိ၊ ထိုးမိလျှင် နံ့ရည်တွေ ထွက်ကျကုန်မှာစိုးသဖြင့် မထိုးရဲ၊ မခုတ်ရဲနှင့် ဦးအထော်နှင့် ကျားကလေး နှစ်ကောင်မှာ ကျောက်ခေါင်းထဲ၌ လိုက်တမ်းပြေးတမ်း ကစားနေကြသလို ဖြစ်နေ၏။ ကျောက်ခေါင်းမှာလည်း သူတို့ထင်ထားသည်ထက် ကျယ်သဖြင့် ကျားကလေး နှစ်ကောင်ထဲက တစ်ကောင်ကိုမှ ရိုက်မိ၊ မထုမိသေး ဖြစ်နေ၏။

ထိုစဉ် ကျောက်ခေါင်းဝကို မျက်ကွင်းစိုက်ထရံနှင့် ပိတ်ပြီး လက်ကိုင်ကွင်းကို အတွင်းဘက်မှ ဇစ်အားဆွဲကိုင်ပိတ်ထားသော သာရင်ဆီက အထိတ်တလန့် အော်လိုက်သံကို ဦးအထော် ကြားလိုက်ရသည်။

"အဘာ··ဘ··ဘ··ကျား··ကျားမကြီးဗျ"

မှန်၏။ စောစောကထွက်သွားသော ကျားမကြီးသည် ချေတစ်ကောင်ကို အစိမ်းလတ်လတ်ကိုက်ချီကာ ကျောက်ခေါင်းဝရောက်လာ၏။ သာရင် အော်လိုက်သော အသံကြောင့် ကိုက်ချီလာသော ချေသေကောင်မှာ ကျားမကြီးပါးစပ်ထဲက ချက်ချင်း လွှတ်ကျသွားသည်။ ကျားမကြီးသည် ချက်ချင်းပင် သာရင်ရှိနေရာ ကျောက်ခေါင်းဝကို ဟိန်းဟောက်ပြီး ရောက်လာ၏။

သာရင်၏အနီးကို ကျားမကြီး ရောက်လာသလို ဦးအထော်ကလည်း အထိတ်တလန့်နှင့် သာရင်နား ချက်ချင်း ရောက်လာ၏။

"သာ··သာရင်၊ မ··မကြောက်နဲ့။ ထရံမျက်ကွင်းကို မြဲမြဲဆွဲပိတ်ထား။ မလွှတ်လိုက်နဲ့။ ကျားမကြီး ဝင်လာရင် သားဇော်နဲ့ ငါ··ငါတို့ကို ကိုက်လိမ့်မယ်။ မြဲမြဲတွန်းထားကွ။ မလွှတ်စေနဲ့၊ မလွှတ်စေနဲ့"

ပြောပြောဆိုဆိုနှင့်ပင် ဦးအထော်ကလည်း သာရင်ဆွဲတွန်းထားသော မျက်ကွင်းထရံကို ကူဆွဲပိတ်ကန်ထားရ၏။

ကျားမကြီးနှင့် သူတို့နှစ်ယောက်မှာ ကျောက်ခေါင်းဝ၌ အတွင်းနှင့်အပြင် မျက်ကွင်းထရံတစ်ချပ်သာ ခြားနေသည်။ အပြင်က ကျားမကြီးသည် ကြောက်မက်ဖွယ်ရာ ဝမ်းခေါင်းသံကြီးနှင့် ဟိန်းဟောက်ကာ မျက်ကွင်းထရံကို လက်နှင့်ဆွဲကုတ်၊ ပါးစပ်နှင့်ကိုက်လိုက်၊ ဟိန်းဟောက်လိုက်၊ မျက်ကွင်းထရံကို ဖက်ကိုက် ဖက်ကုတ်လိုက်လုပ်နေ၏။

ထိုအခါ ဦးအထော်မှဆိုးကြီးက-

"သာရင်··မင်း မြဲမြဲကိုင်တွန်းထား။ မျက်ကွင်းထရံပေါက်က ကျားမကို ငါ လှံနဲ့ လှမ်းထိုးမယ်။ မကြောက်နဲ့ကွ။ ကျားမကြီး ဝင်မလာနိုင်အောင်သာ မင်း မျက်ကွင်းထရံကို ဆွဲတွန်းကိုင်ထား"

ပြောပြောဆိုဆိုနှင့်ပင် ဦးအထော်သည် မျက်ကွင်းထရံပေါက်က ကျားမကြီးကို လှံနှင့် လှမ်းထိုး၏။ သို့သော် လက်တစ်လုံး၊ နှစ်လုံးလောက်သာ ကြဲနေသော မျက်ကွင်းထရံပေါက်က ထိုးရသော ဦးအထော်၏ လှံ

www.burmeseclassic.com

ချက်မှာ မထိရောက်၊ ကျားမကြီးကိုလည်း မထိ။ ကျားမကြီးက ဦးအထော် လှံနှင့် လှမ်းထိုးတိုင်း ပို၍မာန်ဖီ ဟိန်းဟောက်ကာ ကျောက်ခေါင်းကို ပိတ်ကာထားသော မျက်ကွင်းထရံကို ပိုပြီးသဲကြီးမဲကြီး ကိုက်ဖဲ့ကုတ်ခြစ်လာ၏။

သည်ကြားထဲ သူ့အမေကြီးအသံကို ကြားလိုက်ရသော ကျားကလေး နှစ်ကောင်မှာလည်း ကျောက်ခေါင်း အကြိုအကြားဆီ သွားတက်ပုန်းနေရာက ပြေးထွက်လာကြကာ ဦးအထော်နှင့် သာရင်တို့၏ ကိုယ်ပေါ်ကို ပြေးတက်လိုက်၊ ကျောက်ခေါင်းဝကို ပိတ်ကာထားသော မျက်ကွင်းထရံကြား သူ့အမေကျားမကြီးကို မြင်နေကြရာ မျက်ကွင်းထရံကိုကိုက်ပြီး အပြင်ထွက်ရန် ကြိုးစားလာကြပြန်၏။

ဤတစ်ခါတော့ သူတို့နှင့် မျက်ကွင်းထရံတစ်ချပ်သာ ခြားသော ကျားမကြီးရန်ကိုသာ အလေးပေး ကာကွယ်နေကြရသဖြင့် ကျားကလေးတွေကို ထုရိုက်သတ်ရန်ပင် သတိမရနိုင်ကြတော့။ ထိုအခါ အပြင်ရှိ သူ့အမေကျားမကြီးဆီကို ပြေးထွက်ရန် လုပ်နေကြသော ကျားကလေး နှစ်ကောင် မှာ သူ့အမေကို အသံပေးမြည်တမ်းကာ ဦးအထော်တို့ကိုယ်ပေါ် ပြေးတက်လိုက်၊ မျက်ကွင်းထရံကို လှမ်းကိုက်လိုက်၊ လိမ့်ကျလိုက်နှင့် အတွင်းထဲတွင် ဆောက်တည်ရာမရ ဖြစ်နေကြသည်။

အတွင်းထဲက ကျားကလေးနှစ်ကောင် ထိုသို့ဖြစ်နေကြစဉ် အပြင်ရှိ ကျားမကြီးကလည်း အထဲရှိ သူ့သမီးနှစ်ကောင်၏ အော်သံ၊ မြည်သံနှင့် ရုပ်ကိုပါ မြင်သွားရသောအခါ ကျားမကြီးမှာ ဝေါင်းခနဲ တစ်ချက်ဟိန်းလိုက်ပြီး မျက်ကွင်းထရံကို ခုန်အုပ်လိုက်သည်။ ကျားမကြီး ခုန်အုပ်လာတိုင်း ဦးအထော်ကလည်း မုဆိုးပီပီ အလစ်မပေး။ ကျားမကြီးကို မျက်ကွင်းထရံပေါက်က လှံနှင့် လှမ်းလှမ်းထောက်၏။ သို့သော် ကျားမကြီးကို မစို့မပို့ ထိမိ ထိုးမိရုံသာ။

ဦးအထော်၏ လှံချက်မှာ ကျားမကြီးကို ပို၍ရန်စသလိုဖြစ်ကာ ကျားမကြီးသည် ဒေါသပိုထွက်လာပြီး ပိတ်ထားသော မျက်ကွင်းထရံကို တဝုန်းဝုန်း ခုန်ခုန်အုပ်လာတော့သည်။

'သာ··သာရင်၊ မင်း··မကြောက်နဲ့။ မျက်ကွင်းထရံကို မြဲမြဲထိန်းပိတ်ထား။ ငါ ချက်ကောင်းကို စောင့်ပြီးထိုးမယ်။ ကျားမကြီး ဒေါသမွှန်နေပြီ။ မ··မကြောက်နဲ့။ သူ့အမှားက သူ့အသက်ပဲ။ မင်းမှားရင်လည်း မင်းတို့ငါတို့ အသက်ပဲ။ သတိထား။ မျက်ကွင်းထရံကို လွှတ်မသွားစေနဲ့၊ လွှတ်မသွားစေနဲ့'

သာရင်ကို မကြောက်နဲ့ဟု အားပေးစကား ဆိုနေသော်လည်း ဤတစ်ခါတော့ ဦးထော်ကြီးအသံကပါ ထစ်ငေါ့ငေါ့ ဖြစ်လာသည်။ သာရင်မှာလည်း ဇောချွေးတွေပြန်ကာ ကညင်ဆီမီးတုတ်ညှော်နံ့၊ မီးခိုးနံ့တို့ကြောင့် မျက်ရည်၊ နှာရည်တွေပါ ထွက်လာ၏။ ဦးအထော်မှာလည်း ကညင်ဆီညှော်နံ့၊ မီးခိုးနံ့တို့ကြောင့် တဟပ်ချောင်းချောင်းချေနေပြန်သည်။ သို့သော် ကျောက်ခေါင်းဝကို အတွင်းကပိတ်ထားသော မျက်ကွင်းထရံကို လက်မလွှတ်ရဲ။ မျက်ကွင်းထရံသာ ကာမနေလျှင် ကျားမကြီးသည် သူတို့ကို မုချကိုက်သတ်တော့မည်။ ကျားမကြီးမှာ ရိုးမကျားမကြီး။

အပြင်က သူ့အမေ ဒေါသတကြီးနှင့် မျက်ကွင်းထရံကို တဝုန်းဝုန်းခုန်အုပ်နေသလို အတွင်းရှိ ကျားကလေး နှစ်ကောင်ကလည်း ဦးအထော်နှင့် သာရင်တို့ ကိုယ်ပေါ် တက်လာလိုက်၊ လူတစ်ကိုယ်လုံးကို ကိုက်ကုတ်ခြစ်လိုက် လုပ်လာကြပြန်၏။ ကျားကလေးတွေမှာ လသားလေးတွေသာ ရှိသေးသဖြင့် တော်သေး၏။ သူတို့၏ လက်သည်းနှင့် သူတို့ ပါးစပ်ကိုပါ အသုံးချလုပ်လာကြသော်လည်း လူတွေမှာ အနာတရမဖြစ်။ မျက်ကွင်းထရံကို ဖက်ကိုက်နေကြသော ကျားလေးနှစ်ကောင်မှာ ထရံဝါးခြမ်း ရှ၍ လက်နှင့် ပါးစပ်တို့ နာသောအခါ မျက်ကွင်းထရံကို မကိုက်ဝံ့ကြတော့ဘဲ လူတို့၏ ခြေသလုံးကြားမှ တိုးပြီး မျက်ကွင်းထရံအောက်ခြေမှ ပြေးထွက်ကြရန် ကြိုးစားလာကြပြန်၏။

အမှန်မှာ ဦးအထော်နှင့် သာရင်တို့ နှစ်ယောက်အတွက်လွဲ အတွက်မှားခဲ့ကြသည်။ ကလေးနှစ်ကောင်ကို ကျောက်ခေါင်းထဲ ထားခဲ့ပြီး အစာရှာထွက်သွားသော ကျားမကြီးသည် အစာရပြီး ဤမျှစောစောစီးစီး ပြန်လာနိုင်လိမ့်မည်ဟု မထင်ခဲ့ကြ။ ကျားမကြီး ပြန်မလာမီ ကျားလေးနှစ်ကောင်ကိုသတ်ပြီး ပြန်လာသော သူတို့ရွာရောက်လောက်မှ ကျားမကြီးသည် သူ့ကလေးများရှိရာ

www.burmeseclassic.com

www.burmeseclassic.com

ကျောက်ခေါင်းကို ရောက်လာလိမ့်မည်ဟု အတွက်မှားခဲ့ကြသည်။ ပြီးတော့ ကျောက်ခေါင်းကြီးကလည်း ဤမျှကျယ်ကျယ်ဝန်းဝန်း ရှိမည်မဟုတ်ဟု ထင်ခဲ့ကြ၏။ ကျောက်ခေါင်းကြီးကျယ်သဖြင့် ကျားလေးနှစ်ကောင်ကို တော်တော်နှင့် မဖမ်းမိခဲ့ကြ။ ပြီးတော့ ကျောက်ခေါင်းကြီးထဲတွင် ကျောက်ခေါင်းငယ်များလည်းရှိရာ ကျားကလေးနှစ်ကောင် ကျောက်ခေါင်းဘေးအပေါက်နှင့် အပေါ်ထပ် အပေါက်တို့တွင် ဝင်ပုန်းနေကြသဖြင့် တုတ်နှင့်ခြောက်လှန့်ထိုးထုတ်ရသည်လည်း ရှိလေသည်။

အတွက်မှားသော ဦးအထော်နှင့် သာရင်တို့မှာ ယခုတော့ ဒုက္ခလှလှကြီးရောက်နေကြပြီ။

သာရင်က ကျားမကြီး ပြန်လာပြီဆိုသည်ကို အော်ပြောလိုက်ကတည်းက မီးတုတ်ကို ပစ်ချပြီး လှံကိုကိုင်ထားရသော မုဆိုးကျော်ကြီး ဦးအထော်မှာ ယခုတော့ ချေးပြန်ကာ ကြံရာမရ ဖြစ်သွားသည်။ ကညင်ဆီမီးတုတ်ကလည်း မကြာမီ မီးငြိမ်းတော့မည်။ အမှောင်မှာဆိုလျှင် လူမျက်စိက အမြင်မရှိ။ ကျားမျက်စိကမူ အမှောင်၌လည်း အမြင်စွမ်းအား ကောင်းရာ အမှောင်ထဲမှာ ကျားမကြီးကို သူတို့ ရင်ဆိုင်၍ မဖြစ်နိုင်။

တစ်နာရီနီးပါးခန့် ကျောက်ခေါင်းတံခါးကို တားဆီးထားရသော သာရင်မှာလည်း ဓားချွေးတွေပြန်လာပြီ။ ကျားမကြီးကမူ မျက်ကွင်းထရံကို ခုန်အုပ်လိုက်၊ လက်နှင့်ပုတ်ခြစ်ကုတ်လိုက်နှင့် အားမာန်ပိုပြီးပြလာသည်။ မျက်ကွင်းထရံအလယ်တွင် ချည်တုပ်,တုပ်ထားသော နွယ်အကွပ်များပင် ပြုတ်ထွက်လာ၏။

'အဘ··အဘ၊ ဘယ့်နှယ်လုပ်ကြမတုန်းဗျ။ ကျုပ်လက်အံလည်း သေလာပြီ'

သာရင် အော်ပြောနေသောအသံကို ပီပီသသကြားရသော်လည်း ရုတ်တရက် ဦးအထော်က ဘာလုပ်ရမှန်းမသိ။ ထိုစဉ် သူ့ခြေထောက်နှစ်ချောင်းကြားထဲကို ထိုးပြေးသွားသော ကျားကလေး နှစ်ကောင်က သာရင် ဆွဲကပ်ထားသော မျက်ကွင်းအကာကို သွေးရူးသွေးတန်းနှင့် လာကိုက်နေကြပြန်၏။ ထွက်ပေါက်ရှာနေကြသော ကျားကလေးနှစ်ကောင်ကို မြင်သောအခါ ကျားမကြီးသည်လည်း ဒေါသတကြီးနှင့် မာန်ဖီကာ မျက်ကွင်းထရံအကာကို ခုန်အုပ်လာပြန်သည်။

ထိုအခါ ဦးအထော်သည် တစ်စုံတစ်ခုကို သတိရသွားသလို သာရင် ဆွဲကပ်ထားသော မျက်ကွင်းထရံတစ်ဖက်အစကို လှံရိုးနှင့် လှမ်းကလော်ကာ ဟပေးလိုက်၏။' ကျားကလေး နှစ်ကောင်သည် ဦးအထော် ဟပေးလိုက်သော မျက်ကွင်းထရံအောက်က သေပြေးရှင်ပြေးအပြင်ကို ပြေးထွက်သွားကြသည်။

လူသားတို့၏ သေတွင်းမှလွတ်လာသော သူ့ကလေးနှစ်ကောင်ကို ကျားမကြီးက ခေါင်းခွေ့ဖက်လျက် ကြိုဆိုလိုက်သည်။ ကလေးနှစ်ကောင်ကလည်း ကျားမကြီးနို့ကို ချက်ချင်း ဝင်ဆွဲကြ၏။

ကျားမကြီးသည် ကလေးနို့တိုက်ရင်း သူပိုင်သထားသော ကျောက်ခေါင်းထဲကို လာလုသူ လူသားများကို မကျေမနပ်သေးဟန်နှင့် စိမ်းစိမ်းကြီး စိုက်ကြည့်နေ၏။

ဦးအထော် မုဆိုးကျော်ကြီးသည် သူ အတွက်မှားသွား၍ ကျားကိုက်ခံရမည့်ဘေးက လွတ်လာသော်လည်း ရှက်တော့ တော်တော်ရှက်သွားပုံရသည်။ ထို့ကြောင့်လည်း ဒေါသတကြီးနှင့် ကမူးရှူးထိုး မျက်ကွင်းထရံကို ဆွဲဖယ်ကာ ကျောက်ခေါင်းထဲတွင် မီးတောက်နေသော မီးတုတ်နှင့် ကျားမကြီးတို့ သားအမိဆီ လှမ်းပစ်လိုက်သည်။

ဦးအထော် လှမ်းပစ်လိုက်သော မီးတုတ်က ကျားမကြီးကိုယ်ပေါ် သွားကျသောအခါ ကျားမကြီးသည် ထိတ်လန့်ပြီး ဟိန်းဟောက်ခုန်ထွက်ပြေးသွားသည်။ ကျားမကြီး ပြေးသွားရာကို ကျားကလေး နှစ်ကောင်ကလည်း ပြေးလိုက်သွားကြလေသည်။

ထိုအခါမှ ဦးအထော်နှင့် သာရင်တို့မှာ ကျောက်ခေါင်းထဲက ထွက်လာဝံ့ကြ၏။ စောစောက ဦးအထော် ကျားမကြီးကို လှမ်းပစ်လိုက်သော မီးတုတ်က မသေသေး။ ထိုမီးတုတ်ကို သွားကောက်ရာ ချေသေကို ခလုတ်တိုက်မိပြီး ဦးအထော် ချေသေပေါ် မှောက်လျက်လဲကျသွားသည်။

ဤသည်ကို မြင်နေရသော သာရင်က-

'အဘ··ထ··ထ၊ ကျားနို့မရလိုက်ပေမယ့် ကျုပ်တို့ ချေတစ်ကောင် ရလိုက်တာပဲဗျ' ဟု ပြောကာ ဦးအထော် မုဆိုးကျော်ကြီးကို ဆွဲထူလိုက်ရလေသည်။

ဝိုင်ကျော်



www.burmeseclassic.com

www.burmeseclassic.com

'အား··အား··နာလိုက်တာ။ အမယ်လေး··မကယ်နိုင်ကြတော့ဘူးလား။ အရမ်းနာနေပြီ။ အား'

'လုံမလေးဖြူနု သမီးလေးရယ်··ခဏလေးပဲ သည်းခံပါကွယ်။ ဒီမှာ မဖွားမေလည်း ကြိုးစားပြီး သမီးကို လုပ်ပေးနေရှာပါတယ်'

'အရီး··ဗျို့··အရီးဖွားမေ၊ ကျုပ်မိန်းမ မမွေးသေးဘူးလားဗျ။ ကြာ··ကြာလှရှိပေါ့ပဲ။ မြန်မြန်လေး မွေးပေးလိုက်ပါဗျ။ သူ့မယ် အတော်နာနေရှာပြီ'

'အေးပါဟယ်··ဒီမယ်လည်း မြန်မြန်မွေးအောင် လုပ်ပေးနေရတဲ့ကြား အံ့မော်ရယ်။ နင်ကလည်း တစ်မျောင့်'

သဲသဲမဲမဲရှာချနေသော မိုးရေအောက်၌ ကြောင်သိုက်ရွာကလေးမှာ ပြားပြားဝပ်လျက် တိတ်ဆိတ်ငြိမ်သက်စွာ ရှိနေပါသော်လည်း နာကျင်လွန်းသဖြင့် စူးစူးဝါးဝါး အော်နေရှာသည့် ကိုယ်ဝန်ဆောင်တစ်ဦး၏ အော်သံနှင့်အတူ မီးဖွားနိုင်ဖို့ အနားမှ အားပေးနေကြသူများ၏ အသံတို့မှာ ဆူညံလျက် လှိုင်နေသော အိမ်ဝိုင်းလေးတစ်ဝိုင်းတော့ ရှိနေပါသည်။

'အံ့မော်ရာ··ဖင်တကြွကြွ လုပ်မနေစမ်းပါနဲ့ဗျာ။ ခင်ဗျားမွေးပေးလို့ ရတာကျလို့ပဲ။ သာသာလေး ထိုင်နေပါဗျ။ ဟိုမယ်··အရီးဖွားမေ သူ့ကိစ္စသူ လုပ်ပါလိမ့်မယ်'

'ဩော်··ကိုရင့်နှယ်၊ ကိုယ်ချင်းမစာရှိရန်ကော။ ဖြူနု အော်သံ ဒီလောက် ကြားနေရတာ ကျုပ် နားခံနိုင်ရိုးလားဗျ။

ဘယ်လိုသာသာလေးနေလို့ ရနိုင်မှာလဲ ဘချစ်ရ'

'ဒါဆိုလည်း အင်္ဂလိမာလသုတ် ရွတ်နေပေါ့ဗျာ'

ကိုဘချစ် ထိုသို့ပြောလိုက်ပါသော်လည်း ကိုအံ့မော်မှာမူ မိန်းမဖြစ်သူ ဗိုက်နာကတည်းက ထိုင်မရ ထမရ ဟိုလျှောက်သည်လျှောက်နှင့် ဂနာမငြိမ်ဖြစ်နေသဖြင့်-

'ဟော့ကောင် အံ့မော်၊ မီးနေခန်းဆီ နားတစွင့်စွင့်လုပ်နေမှတော့ အင်္ဂလိမာလသုတ်ရွတ်လည်း ကပေါက်တိကပေါက်ချာနဲ့ တောင်ရောက် မြောက်ရောက် ဖြစ်နေမှာ အတူတူ ထိုင်သာ နေလိုက်ပါတော့ကွာ။ အရမ်းစိတ်မပူပါနဲ့။ အဆင်ပြေသွားပါလိမ့်မယ်'

'အေးကွာ၊ ငါ့မှာ အရမ်းစိတ်လှုပ်ရှားလွန်းလို့လား မသိဘူး။ ကတုန်ကယင်တွေတောင် ဖြစ်တယ် ဘချစ်ရာ'

'ဒါကြောင့် ထိုင်နေလိုက်တော့လို့ ငါပြောတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

စိတ်ကို အေးအေးထားပါကွာနော်'

အချိန်အားဖြင့် ည(၈)နာရီသာ ရှိသေးစေကာမူ မိုးမှာ ကောင်းကင်တစ်ခွင်တစ်ပြင်လုံး မည်းမှောင်ကာ သဲကြီးမဲကြီး ရွာသွန်းနေသည်ဖြစ်၍ ညဉ့်နက်နေသယောင်ရှိနေတော့၏။ ထို့ပြင် လေကလည်း အငြိုးကြီးစွာ တိုက်ခတ်နေသလို လျှပ်နွယ်လျှပ်ပန်းတို့မှာလည်း ဖျိုးဖျိုးဖျပ်ဖျပ် ရှိနေကြပြီး မိုးခြိမ်းသံတွေတအုန်းအုန်း တဂျိန်းဂျိန်းနှင့် ထူးခြားသော ညအသွင်သို့ ဆောင်နေပါသည်။

'ဒီညကျခါမှ မိုးကောင်းချက်ကလည်း လွန်လွန်းနေသေးတော့။ ဒီမိုးနှယ်··နေ့လယ်ခင်းက ငါတို့ လယ်လုပ်နေတုန်းကဖြင့် ဘယ်လျှောက်လည်နေလို့ ခုကျမှ ရွာရတယ် မသိပါဘူးကွာ။ တကတဲ့ ..ည်းကိုပဲ'

'ဟား··ဟား··ဟား···ဂ..ျကျသေးတော့ အံ့မော်ရယ်။ ပြောမှ ပြောတတ်တယ်။ မိုးနတ်မင်းကြီးကြားသွားလို့ ခင်ဗျားကို စိတ်တိုနေပါဦးမယ်ဗျ။ တိုးတိုး··တိုးတိုး ပြောဗျို့။ ဟင်း··ဟင်း'

'ဂျိမ်း··ဂျိမ်း··ဂျိမ်း'

'ဟဲ့··ပလုတ်တုတ်။ ကျုပ်ပြောပါတယ်။ မိုးနတ်မင်းကြီး စိတ်တိုလိမ့်မယ်လို့။ ခု တွေ့ပြီမှတ်လား'

'ဘချစ် သာသာလေး နေစမ်းပါဟ။ ဒီမယ် မီးနေသည် မီးမဖွားနိုင်သေးလို့ စိတ်ပူနေရတဲ့အထဲ ခက်ပါ့မောင်ရာ'

ညနေကတည်းက ဇနီးဖြစ်သူဖြူနု ဗိုက်နာသည်ဆို၍ ရွာမှလက်သည် ဒေါ်ဖွားမေ ရောက်နေခဲ့သည်။ ယခု (၈)နာရီခွဲတော့မည်။ (၇)နာရီ (၁၅)မိနစ်လောက်ကတည်းက ရေမြွာပေါက်ပြီးတာတောင် ဗိုက်သာဆက်နာနေတုန်း' ကလေးကိုတော့ မီးမဖွားနိုင်သေးပေ။ မတရား ဗိုက်နာနေ၍ ကျုံကျုံပါအောင်အော်ရင်း ရှုံ့မဲ့ကာ ညည်းနေရှာသည်။ ဖြူနုနံဘေးမှာလည်း လက်သည် ဒေါ်ဖွားမေ၊ ဖြူနုမိခင် ဒေါ်နှင်းကြည်နှင့် အိမ်ဝိုင်းနားချင်း ဂျမ်းစု၊ ဇီးမ၊ မြရီ အပါအဝင် မောင်ညီမသားချင်းများကလည်း အားလုံးအားပေးကာ ဝိုင်းဝန်းဖေးမ ပြုစုပေးလျက် ရှိနေကြပါသည်။

'ဂျီးမယ်ကြည်··တော့်သမီးက ရေမြွာပေါက်ပြီးတာကြာနေပြီ။ ဒါတောင် ကလေးက လိုက်မလာသေးဘူးတော့။ ဒါဆိုရင်တော့ ဗိုက်ထဲက ကလေး အသက်ပါလာနိုင်ဖို့ မလွယ်လောက်ဘူး'

'အိုအေ·· ထပ်ကြိုးစားကြည့်ပါဦး ဖွားမေရယ်။ ကလေးရှင်တာ မရှင်တာကတော့ ကလေးရဲ့ ကံတရားပေါ့ အေရယ်။ ကျုပ်သမီးလေးကိုတော့ ညည်း ဒီအတိုင်းတော့ ထားမသွားပါနဲ့အေ။ မြို့ဆေးရုံပို့သင့်ဆိုလည်း ပို့ရမှာပေါ့'

'ကျုပ်လည်း လက်သည်လုပ်လာတာ ကြာကြာလှပေါ့။ ဒီလိုမျိုးတော့ တစ်ခါမှကို ကြုံကို မကြုံဖူးသေးပေါင်တော်။ တကယ်အံ့အံ့ရောပဲ'

'အား··ကယ်ပါဦး။ ကျွတ်··ကျွတ်··အား'

ကိုယ်ဝန်ဆောင်သည် ဖြူနုခမျာမှာလည်း အချိန်အတန်ကြာ ဝေဒနာခံစားနေခဲ့ရရှာသည်ဖြစ်၍ နှုတ်မှ တကျွတ်ကျွတ်မြည်တမ်းလျက် အော်နေစေကာမူ အသံမှာ တဖြည်းဖြည်း အားပျော့လာသလို လူမှာလည်း ချွေးတော့စွာ ရှိနေရှာပါသည်။ သူမတစ်ကိုယ်လုံးမှာလည်း ဇောချွေးများနှင့် ရွှဲနစ်နေပြီး အတော်ပင် ပင်ပန်းနွမ်းလျှစွာ ရှိနေပေပြီ ဖြစ်ပါသည်။

'ဖြူနု··သမီးလည်း အရမ်းပင်ပန်းနေရှာပြီ။ ကဲ··ဒီတစ်ခါပဲ အားလေးစိုက်ပြီး ညှစ်ကြည့်လိုက်ပါကွယ်။ ဖွားမေ ကူပြီး တွန်းပေးထားပါ့မယ်။ နည်းနည်းလေးသည်းခံပြီး ကြိုးစားညှစ်လိုက်နော်။ ညှစ်··ဟုတ်ပြီ၊ ဆက်ညှစ်၊ ခေါင်းလေး မြင်ရပြီ။ ဟုတ်ပြီ၊ ညှစ်··ညှစ်'

'အား··အား··အမယ်လေး··အား'

'ဟော··မွေးပြီ··မွေးပြီ။ ဖြူဖြူဖွေးဖွေး ယောက်ျားလေးတော်ရေ၊ တုတ်တုတ်ခဲခဲကြီးဟဲ့'

ကလေးမွေးသည့်အချိန်နှင့် စည်းဝါးများ ကိုက်ထားလေရော့သလားဟုပင် အောက်မေ့ရပါသည်။ မြွေတွန်သံအများအပြား တစ်ပြိုင်တည်း ပေါ်ထွက်လာခဲ့သည်ကိုအိမ်ရှေ့၌ ရှိနေကြသော ကိုအံ့မော်၊ ကိုဘချစ်နှင့် အိမ်ရှေ့ရှိ လူအားလုံး ထူးခြားစွာ ကြားလိုက်ကြရပါသည်။

'ရှီ··ရှီ··ရှီ'

'ဟာ··အံ့မော်ရေ၊ ကြားလား။ မြွေ··မြွေတွန်သံတွေ'

'အေး··ဟုတ်တယ်ဟ။ ထူးထူးခြားခြားပါလား'

'ဟုတ်ပါရဲ့၊ မြွေတွန်သံတွေ'

ထိုမြွေတွန်သံများထဲတွင် အဆိပ်ရှိသော မြွေများ၏ အသံများပါသလို လေချွန်သံကဲ့သို့ အသံပြေပြေပြတ် ထွက်



www.burmeseclassic.com

www.burmeseclassic.com

တတ်သော မြွေဆိုးများ၏ အသံသည်လည်း ပါဝင်နေခဲ့ပါသည်။ သို့ပါသော်လည်း အိမ်ပေါ် မီးနေခန်းတွင်းရှိသူအားလုံးမှာမူ အသက်လုပွဲအား အလုအယက်လုပ်ကိုင်နေကြရသည်ဖြစ်၍ မည်သူတစ်ဦးတစ်ယောက်မျှ သတိပြုမိခဲ့ကြဟန် မတူပေ။

◆◆◆

'ဖွားမေ..ကလေး..ကလေး ငြိမ်လှချည်လား။ ငိုသံလည်း မထွက်လာပါလား ဖွားမေရဲ့'

'သြော်..ကနဦးကတည်းက ပြောပြီးပါပကော။ လူကြီး အသက်ရလိုက်တာပဲ ကျေးဇူးတင်ပါဦး မယ်ကြည်မြရယ်။ ကျုပ်လည်း စိတ်မကောင်းပါဘူးတော်'

'ဗျို့..ဂျီးဖွားမေ၊ ဖြူနု..ဖြူနုံရော။ ကျုပ်သား..ကျုပ်သားလေး ငိုသံလည်း မကြားပါလားဗျ'

'မင်းမိန်းမ ဖြူနုကတော့ ဟိုမယ် နမ်းထုတ်ရှူပြီး နားနေလေရဲ့။ မြရီတို့၊ ဂျမ်းစုတို့၊ ဇီးမတို့ လုပ်ကိုင်ပေးနေကြပါတယ်။ စိတ်မပူပါနဲ့။ စိတ်ချရပါပြီ မောင်အုံ့မော်ရယ်'

'ဒါဆို ကျုပ်သားလေး၊ ကျုပ်သားလေးတော့ရော'

'ဟင်း..မောင်ရင့်သားကတော့ ခုထိ အသံလည်း မထွက် လှုပ်လည်း မလှုပ်တော့၊ အသက်ပါမလာဘူး ထင်ပါရဲ့ကွယ်။ ဖွားမေလည်း တကယ့်ကို စိတ်မကောင်း..ပါဘူး'

'ဗျာ..ဒါ..ဒါဆို ကျုပ်သားလေး ဆုံးသွားပြီလို့ ပြောလိုက်တာလား။ ဟုတ်လား အရီးလေးဖွားမေ'

'ဟဲ့..တိုးတိုး..တိုးတိုးပြောစမ်းပါ မောင်အုံ့မော်ရယ်၊ မင်းမိန်းမ ဖြူနုကြားသွားလို့ သွေးတက်ပြီး ဒုက္ခရောက်သွားပါဦးမယ်'

လက်သည်ဒေါ်ဖွားမေနှင့် ကိုအုံ့မော်တို့ တစ်ယောက်တစ်ခွန်း တီးတိုးပြောနေကြစဉ်တွင် ဖြူနု၏မိခင်ဖြစ်သူ ဒေါ်နှင်းကြည်မှာလည်း ဖြူဖြူဖွေးဖွေး တုတ်တုတ်ခဲခဲကြီးနှင့် ပစ်ရက်စရာမရှိသော သူ၏မြေးဖြစ်သူအား နမြောတ,သစွာကြည့်လျက် မျက်ရည်စမ်းစမ်း ဖြစ်နေရှာပါသည်။ ထိုအချိန်မှာပင် အသက်မပါလာတော့ဘူးဟု အပြောခံနေရသော ကလေးထံမှ ရုတ်တရက်ဆိုသလို ငိုသံသဲ့သဲ့အား အံ့သြစွာ ကြားလိုက်ကြရသဖြင့်-

'အူဝဲ..အူဝဲ..အူဝဲ'

'အယ်..ဟောတော့၊ ဟောတော့။ အုံ့မော်ရေ..နင့်ကလေး နင့်သားလေး အသက်ပါတယ်ဟဲ့။ မသေဘူး အုံ့မော်ရေ။ အုံ့ရော၊ အုံ့ရောပဲတော်'

'ငါ့မြေးလေး..ငါ့မြေးလေး မသေဘူး ဖွားမေရေ၊ မသေဘူးတော့။ အမယ်လေး..ဘုရားသိကြား မ,တာပဲ တော်ရေ၊ ဖွားမေ..လာ..လာ..အမြန်လာပါဟဲ့။ ကလေးကို မြန်မြန်သန့်စင်ပေးပါဦး။ ငါ့မြေးလေး ဘာမှ မဖြစ်ရှာလို့ တော်ပါသေးရဲ့'

သို့နှင့် ဒေါ်ဖွားမေနှင့်အတူ ဖြူနု၏မိခင်ဖြစ်သူ ဒေါ်နှင်းကြည်တို့နှစ်ဦးသား ကလေး၏ခန္ဓာကိုယ်အား သန့်စင်ပေးနေကြပါတော့သည်။ ဆုပ်ထားသော ကလေး၏ လက်သီးဆုပ်နှစ်ဖက်ကို ဖြန့်၍ သန့်စင်ပေးရာ၌ ဘယ်ညာ လက်ဖဝါးပြင်နှစ်ဖက်၏ တစ်ဖက်စီတွင် စကြာပုံသဏ္ဌာန် အလယ်၌ မြွေနဂါးရုပ်သဏ္ဌာန် အမှတ်အသားနီရဲရဲလေးကို တွေ့လိုက်ကြရပြီး အော်ငိုနေသော ကလေး၏ လျှာထိပ်များတွင်လည်း ကြယ်ပုံသဏ္ဌာန် နီနီရဲရဲ အမှတ်အသားတစ်ခုကို ထပ်မံ၍ တွေ့လိုက်ကြရပြန်ပါသည်။

ဒေါ်ဖွားမေနှင့် ဒေါ်နှင်းကြည်တို့ နှစ်ဦးမှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အံ့အားသင့်စွာနှင့် တအံ့တသြ ဖြစ်သွားကြရတော့သည်။ ဖြူနုနှင့် ကိုအုံ့မော်တို့ မွေးဖွားလိုက်သော ကလေးသည် တစ်မူထူးခြားသည့် အမှတ်အသားများ ပါရှိနေရုံသာမက ကလေး၏ ရုပ်ရည် အဆင်းရူပကာမှာလည်း အဖေ၊ အမေနှင့် မတူပါဘဲ လှပ ဝင်းစိုနေသဖြင့် ထူးခြားသောဘုန်းတန်ခိုးရှိမည့် ဘုန်းရှင်ကံရှင် မင်းယောကျ်ား ဖြစ်ပေလိမ့်မည်ဟုလည်း ဒေါ်ဖွားမေနှင့် ဒေါ်နှင်းကြည်တို့ တစ်ထစ်ချ ယူဆမိလိုက်ကြပါသည်။ ဤသို့ ထူးခြားသော လက္ခဏာ အကြောင်းရင်းများနှင့် မွေးဖွားလာသော ကလေးအား မနာလိုသူ၊ အန္တရာယ်ပြုချင်သူ၊ ဒုက္ခပေးချင်သူများ ထိုရွာလေး၌ ရှိလာနိုင်သဖြင့်-

'မယ်ကြည်..တော့်မြေးကိစ္စကို သူ့အဖေနဲ့ အမေကိုပဲ တိုးတိုးတိတ်တိတ် ပြောပြထားကြရအောင်။ တခြားသူတွေ သိလို့ မဖြစ်ဘူးနော်'

'ဒါပေါ့ ဖွားမေရယ်၊ ကျုပ်ကိုတော့ စိတ်ချပါအေရယ်။ ညည်းသာ အရပ်လက်သည်ဘဝနဲ့ ဟိုရွာဒီရွာ ကူးနေရတာဆိုတော့ ညည်းပါးစပ်လုံမှဖြစ်မှာ တော်ရေ၊

www.burmeseclassic.com

www.burmeseclassic.com

အဲဒါကိုတော့ ကျုပ် အတန်တန်မှာလိုက်ပါရဲ့'

'သြော်··မယ်ကြည်ရယ်၊ ဖြူနုနဲ့ အုံ့မောင်ဆိုတာ ကျုပ်သားသမီးလို နေခဲ့တာပါအေ။ ပြီးတော့ ဒီကလေး ကလည်း ကျုပ်ကိုယ်တိုင် မွေးပေးခဲ့တဲ့ကလေးပါတော်။ အရပ်လက်သည်ဆိုပေမယ့် ကျုပ်က ပါးစပ်စည်းကမ်း ရှိပါတယ်'

စောစောက ဒေါနှင့်မာန်နှင့် လျှပ်စီးတဝင်းဝင်း လျှပ်နွယ်တလင်းလင်း တလက်လက်တောက်ကာ ထစ်ချုန်းရွာချနေခဲ့သောမိုးမှာ ယခုတော့လည်း သူ မဟုတ်သလိုပါပင်။ မိုးကောင်းကင်တစ်ခွင်တစ်ပြင်လုံး ကြည်လင်သာယာလျက်။ ခံ့ထည်သော ကောင်းကင်ကြီးအဖြစ် ပြန်လည်ဖြစ်တည်နေပါတော့သည်။

◆◆◆

ဘူးတစ်ရာ အပေါက်ကိုသာ ပိတ်လို့ ရကောင်းရပါလိမ့်မည်။ လူတို့၏ ပါးစပ်ပေါက်တစ်ပေါက်ကို ပိတ်နိုင်ဖို့ဆိုသည်မှာ ခဲယဉ်းလှပေသည်။ ထို့ကြောင့်လည်း ဖြူနုမီးတွင်းက မထွက်ခင်မှာပင် သူတို့မွေးသောကလေး၏ ထူးခြားသော ကြန်အင်လက္ခဏာ သတင်းစကားမှာ ကြောင်သိုက်ရွာတစ်ရွာလုံးသို့ ပျံ့နှံ့သွားခဲ့လေရာ ထိုသည်မှာပင် ရွာ၌ ပယောဂယောင်ယောင်၊ နတ်ဆေးဆရာယောင်ယောင် ဂူနည်းစု၏ ဆရာတစ်ဆူအဖြစ်နှင့် သတ်မှတ်ထားခြင်းကို ခံထားရသော တစ်ပွဲစားဆရာ ဦးဟန်ပဆိုသူသည် သူ့လည်ပင်း၌ ပန်းပေါင်းစိပ်ပုတီးကြီးအား ကျနစွာဆွဲလျက် လက်တွင်း၌လည်း ဆေးတောင်ဝှေးဟု အမည်ပေးထားသည့် တောင်ဝှေးကြီးကို တဒေါက်ဒေါက်နှင့်ထောက်ကာ လျှောက်လာပြီး ကိုအုံ့မောင်နှင့် မဖြူနုတို့၏ အိမ်ပေါ်သို့ ဆိုက်မြိုက်စွာ ရောက်ရှိလာခဲ့ပါတော့သည်။

'ဟဲ့··အုံ့မောင်နဲ့ ဖြူနု၊ နင်တို့ကလေးအကြောင်း ငါကြားလို့ ကယ်ဖို့လာခဲ့တာ။ ဘယ်မလဲ ကလေး၊ ငါ့ ပြစမ်း။ ငါ ကြည့်စမ်းမယ်။ ငါ့ဆီခေါ်လာပြီး ငါ့ကိုအပ်စမ်း'

ကိုအုံ့မောင်နှင့် မဖြူနုတို့နှစ်ယောက်မှာ ကြောင်အမ်းအမ်း ဖြစ်နေကြသဖြင့် မဖြူနု ကလေးခေါ်အလာကိုပင် မစောင့်နိုင်တော့ဘဲ မဖြူနု၏ ရင်ခွင်ထဲ၌ လုံခြုံစွာ နွေးနွေးထွေးထွေးထုပ်ကာ ပွေ့ချီထားသော ကလေးရှိရာသို့ ရောက်လာပြီး ထုပ်ထားသောအနီးကို ဖြေခိုင်းပြီး ဟိုသည်ဖြဲရဲ လှန်လှောကြည့်ပြီးသည်နှင့် မျက်စိပျက် မျက်နှာပျက်နှင့်-

'အယ်··အုံ့မောင်နဲ့ ဖြူနု၊ နင်တို့လင်မယား အတော်ပေါ့ကြတာပဲ။ ဒီကလေးရဲ့ ကံကြမ္မာဟာ မိဘဖြစ်တဲ့ နင်တို့နှစ်ယောက်တင်မကဘူး၊ ကြောင်သိုက်ရွာ တစ်ရွာလုံး ဒုက္ခပေးမယ့် နက္ခတ်ဆိုးနဲ့ ရောက်လာတဲ့ ဘီလူးဟဲ့။ ကြည့်စမ်း၊ ဒီအမှတ်အသားတွေက မကောင်းတဲ့ အတိတ်နိမိတ်ပြနေတဲ့ လက္ခဏာအမှတ်အသားတွေပဲ။ ငါနဲ့ တွေ့ပေလို့သာပေါ့။ နို့မဟုတ်ရင် နင်တို့ရော တစ်ရွာလုံးပါ ဒုက္ခလှလှကြီး တွေ့ကြရတော့မှာ'

'ဟုတ်··ဟုတ်ပါ့မလား ဆရာဟန်ပရယ်'

'သြော်··ဖြူနုရယ်။ အပ့် နပ့်ဟယ်။ ငါက နတ်ဆရာပါဟ။ နင်တို့ကို ညာစရာလား။ ဘာမှမသိ နားမလည်ဘဲနဲ့များဟယ်။ ကဲပါ၊ ပြောနေကြပါတယ်။ ငါကယ်ပေးဖို့ ရောက်လာပြီပဲ။ ဘာမှစိတ်ပူမနေနဲ့။ ပေး··ပေး··ကလေးကို ငါ့လက်ထဲသာ အပ်စမ်းပါ'

ထိုအခါမှ မိခင်ဖြစ်သူ မဖြူနုမှာ ပျာပျာသလဲ ဖြစ်သွားကာ-

'ဆရာဟန်ပရယ်··ကျွန်မ တောင်းပန်ပါတယ်ရှင်။ သားလေးက အခုမှ ရက်သားလေးပဲ ရသေးတာပါ။ နုလွန်းနေသေးလို့ပါ ဆရာရယ်။ မအပ်ပါရစေနဲ့နော်'

'အဲဒါပဲ။ နင်တို့လို မိဘတွေကြောင့် ခက်နေတာ။ ကောင်းမှန်း ဆိုးမှန်း မသိဘဲ ရှေ့က ကာဆီး,ကာဆီး လုပ်ဖို့ပဲ သိကြတာ'

'မ··မဟုတ်ပါဘူး ဆရာရယ်။ ကလေးက အရမ်းနုနေလို့ ကျွန်မ တောင်းပန်နေတာပါရှင်'

'ဟ··ခက်ပါ့ ဖြူနုရယ်၊ ငါက ကလေးကိုကယ်တဲ့ အနေနဲ့ အဲဒီမကောင်းတဲ့ အမှတ်အသားတွေကို ဖျက်ပေးမလို့ပါ။ နင့်နှယ်··အတွေးတိမ်ရန်ကောဟာ'

ထိုသို့အချေအတင်ဖြစ်နေသဖြင့် ကိုအုံ့မောင်မှာလည်း ဘေးမှ မနေသာတော့ဘဲ ဝင်ကူပြောပေးရပါတော့သည်။

'ဟုတ်ပါတယ်ဗျာ။ ကလေးက လောလောဆယ် နုနုလေးပဲ ရှိသေးလို့ပါ ဆရာကြီးရယ်။ ခဏလေး ဆိုင်းပေးပါဗျာ။ ကျုပ်တို့ လင်မယားနှစ်ယောက်လုံး ဆရာကြီးကို တောင်းပန်ပါတယ်ဗျာနော်'

'သြော်··ခက်နေပေါ့ပဲ။ ဒီလိုကိစ္စမျိုးက အခု

www.burmeseclassic.com

www.burmeseclassic.com

နတ်ကွန်းမှာ အဲဒါတွေကို ဦးအောင်ဖျက်ထားပြီး လက်ဦးသူမှ ကယ်လို့ရမှာ။ နို့မို့ဆို နင်တို့ကလေး သက်ဆိုးရှည်မှာ မဟုတ်ဘူးနော်။ ငါ့မှာတော့ စေတနာနဲ့ အခကြေးငွေတောင်မယူဘဲ ကယ်ပေးမယ်ဆိုပြီး လာခဲ့တာ'

'ဟုတ်တော့ ဟုတ်ပါတယ် ဆရာကြီးရယ်။ ဆရာကြီး စေတနာကို ကျေးဇူးလည်းတင်ပါတယ်ရှင်။ ဒါပေမဲ့ ကလေးက အရမ်းငယ်နေလို့ပါ။ တောင်းပန်ပါတယ်။ အေပ်ပါရစေနဲ့'

'ဟုတ်ပါတယ်။ မိခင်နို့ရည်တောင် အသေအချာ တိုက်ရသေးတာ မဟုတ်ဘူး ဆရာကြီးရဲ့။ ဒါကြောင့်ပါ ဗျာ။ စိတ်မရှိပါနဲ့ ဆရာကြီး'

'အာ..တယ်ခက်တဲ့ဟာတွေပါလား။ နင်တို့ လင်မယားနှစ်ယောက်လုံး စေတနာနဲ့ တကယ်မတန်တဲ့သူတွေပဲ။ ဒါဆို ငါပြောမယ်။ ဒီဘီလူးလေး တစ်ရွာလုံးကို ဒုက္ခမပေးနိုင်အောင် နင်တို့ တာဝန်ယူနိုင်လို့လား။ ကဲ..ပြော'

'ဆရာကြီးရယ်.. ဘယ်လိုပြောလိုက်တာလဲရှင်။ ကျွန်မမွေးထားတဲ့ကလေးက ဘီလူးလို့ သတ်မှတ်ရအောင် အစွယ်လည်း မပါပါဘူး။ ဆရာကြီးပြောသလို ဟုတ်ချင်မှလည်း ဟုတ်မှာပါရှင်။ ဒုက္ခပေးမယ်ဆိုရင်တောင် ခုမှကလေးက ရက်သားလေးပဲ ရှိသေးတဲ့ဟာ။ အချိန်နည်းနည်းဆိုင်းမှ ဖြစ်မှာမို့ပါ။ ခွင့်လွှတ်ပေးပါနော် ဆရာကြီး'

'ကောင်းပြီလေ၊ ဒါတော့ နင်တို့သဘောပေါ့။ နင်တို့ ကြပ်ကြပ်သာ သတိထားနေကြ။ နင်တို့မွေးထားတဲ့ နင်တို့သားဘီလူးက နင်တို့အသက်ပါ အရှင်ပေးမှာ မဟုတ်ဘူး။ ပြီးတော့မှ ကယ်ပါ ယူပါ မလုပ်ကြနဲ့။ ဒါပဲ။ နင်တို့ အကုသိုလ်နဲ့ နင်တို့ နေခဲ့ကြ'

စိတ်ဆိုးမာန်ဆိုးနှင့် ထိုကဲ့သို့ပြောဆိုလျက် အိမ်ကြမ်းပြင်အား ဆောင့်ကြီးအောင့်ကြီးနင်းလျက် ပြန်သွားသည့် ဆရာဟန်ပကိုကြည့်ကာ ကိုအုံ့မောင်နှင့် မဖြူနုတို့ ဇနီးမောင်နှံတို့မှာ မိမိတို့ကလေးအတွက် စိုးရိမ်စိတ်များနှင့် ရူယန်မိသွားကြရတော့၏။

'ကိုအုံ့မောင်..ကျုပ်တို့ကလေး အခြေအနေ သိရအောင် ရွာဦးကျောင်း ဆရာတော်ဘုရားဆီ သွားလျှောက်ကြည့်ကြရအောင်လားတော်'

'အေး..ဟုတ်တယ်။ ငါတို့သားလေးခေါ်ပြီး ဆရာတော်ဘုရားဆီသွားကြမယ်။ ဒါမှ အဖြူအမည်း သဲကွဲမှာ ဖြူနုရေ'

'ဟုတ်တယ်။ ပြောနေကြတယ် အုံ့မောင်နဲ့ ဖြူနုကလေး သေချာချီပြီး ဆရာတော့်ဆီသာ သွားပြကြ။ သူ ပြောတာ ယုံမနေနဲ့။ သူလား စေတနာနဲ့ လုပ်ပေးမှာ။ သူ့အကျိုးမပါရင် ဘာတစ်ခုမှ မလုပ်တဲ့သူကများ သူများကလေးကို မဦးမချွတ် ပြောသွားလိုက်တာ။ ဘီလူးလေးတဲ့။ ဟင်း'

'ငါလည်း မယုံပါဘူး ဘချစ်ရာ။ သူ့အကြောင်းကို မင်းတို့၊ ငါတို့တင်မကဘူး ရွာကလူကြီးတွေအားလုံး သိနေတာပဲဟာ။ ကဲ..ကဲ..ဖြူနု၊ သားလေးကို လုံလုံခြုံခြုံလေး ထုပ်ပြီးချီခဲ့။ ဆရာတော့်ဆီ သွားပြမယ်။ အဲဒါကမှ အမှန်သိရဦးမှာ။ လာ..လာ..သွားကြမယ်'

အိမ်တွင် ခဏအလည်လာသူ သူငယ်ချင်း ဘချစ်ကလည်း ဝိုင်းထောက်ခံသဖြင့် ကိုအုံ့မောင်နှင့် မဖြူနုတို့ဇနီးမောင်နှံမှာ သူတို့သားလေးအား တယုတယထွေးပွေ့ချီကာ ရွာဦးကျောင်းဆရာတော် ဦးဓမ္မာစရိယထံသို့ အားကိုးတကြီးနှင့် ကလေးအပြ ရောက်သွားကြပါတော့သည်။

'ဟ..အတော်ထူးခြားတဲ့ ကလေးပါကလား။ ရုပ်ဆင်းအင်္ဂါကလည်း လှပပြီး ဝင်းဝင်းဖြိုးဖြိုးနဲ့ သန်မြန်တဲ့ပုံနဲ့။ ဒါဆိုရင်တော့ ပညာပြည့်စုံပြီး ဘုန်းတန်ခိုးရှိမယ့်ကလေးပဲ။ ဒါနဲ့ အမည်ရော ပေးပြီးကြပြီလားကွယ့်'

'မပေးရသေးပါဘူး ဆရာတော်ဘုရား။ ဆရာတော်ဘုရားကြီးကို အပ်ပါတယ်။ တပည့်တော်တို့ သားလေးကို အမည်ကောင်းလေး ချီးမြှင့်ပေးတော်မူပါဘုရား'

'ဘာနေ့သားတုန်းကွယ့်'

'ကြာသပတေးသားပါဘုရား။ ဆရာတော်ဘုရား..တပည့်တော်တို့ ဆရာတော်ဘုရားကို ပြစရာရှိပါသေးတယ်။ သားလေးရဲ့ ကျောကုန်းကို ကြည့်ပါဦးဘုရား'

ကလေး၏ ကျောဘက်သို့လှည့်ကာ အနီးပတ်ထားခြင်းကို ပြလိုက်ရာ-

'အလိုလေးလေး.. အံ့မခန်း ရှိလိုက်ပါဘိတော့။ ကလေးရဲ့ကျောမှာ မြွေနဂါးအမြီးတော်နဲ့ပါလား။ ထူးခြားတဲ့ အာနိသင်ရှိတဲ့ အမြီးတောပတ္တမြား၊ ကလေးရဲ့ ဦးခေါင်းထဲ ရှိနေပုံပဲ။ ဟာ..ဒီကလေးကို ဒကာနဲ့ ဒကာမတို့ သေချာဂရုစိုက်ကြပါကွယ်။ ကလေးမှာ ဒီအမြီးတော

www.burmeseclassic.com

www.burmeseclassic.com

ကြောင့် အန္တရာယ်တွေ ဝိုင်းလာနိုင်တယ်'

'ဒါဆို သားလေးရဲ့ကျောက အရုပ်ကို ဖျက်ရမှာပါလားဘုရား'

'ဟဲ့.. ဘုရား..ဘုရား၊ ဘာတွေပြောနေတာလဲ။ မကြံကောင်းမစည်ရာတွေ။ အဲဒီအမှတ်အသားက နှယ်နှယ်ရရ မှတ်နေလို့လား။ သွားမလုပ်နဲ့။ ဘယ်သူမှဖျက်လို့မရဘူး။ သူ့ဘုန်းသူ့ကံနဲ့သူ ပါလာတော့ ဒီအတိုင်းသာ ထားလိုက်။ ပေးမဖျက်နဲ့နော်။ ဒုက္ခများကုန်လိမ့်မယ်'

'တင်ပါ့။ ဒါဆို သားလေးကို အမည်လေး ကင်ပွန်းတပ်ပေးပါဦးဘုရား'

'အိမ်း..ကြာသပတေးသားလည်းဖြစ်၊ ဘုန်းရှင်ကံရှင်လည်းဖြစ်တော့ မင်းဥသျှောင်လို့ ခေါ်ကြပေါ့ကွယ်'

'ဘုန်းဘုရား.. ကျေးဇူးကြီးမားလှပါတယ်ဘုရား။ တပည့်တော်,တပည့်တော်မတို့ အနန္တဂါရဝတင်ပါတယ်ဘုရား'

◆◆◆

မင်းဥသျှောင်လေးအား မွေးဖွားပြီးသည့်အချိန်မှစ၍ ကိုအုံ့မော်နှင့် ဖြူနုတို့တွင် စီးပွားများ တစ်ဟုန်ထိုး တိုးတက်လာခဲ့ကြပါသည်။ အံ့သြစရာကောင်းသည်က ကိုအုံ့မော်နှင့် မဖြူနုတို့အိမ်ဝိုင်း အိမ်ခြံခရီးများတွင် အရွယ်စုံမြွေများ လူးလွန့်လှုပ်ရှား သွားလာနေကြခြင်းပင်။ ထိုသည်ကို ကြည့်က ပတ်ဝန်းကျင်အိမ်ဝိုင်းမှ လူအများက ကျောချမ်းနေမိကြပါသော်လည်း ထိုမြွေများမှာ ပတ်ဝန်းကျင်အိမ်ဝိုင်းများမှ လူအများအား လုံးဝအနှောင့်အယှက်ပေးခြင်း၊ ကိုက်ခြင်း မရှိသဖြင့် အထူးအဆန်း ဖြစ်နေကြရ၏။

တစ်ခါတစ်ရံတွင် အိမ်ဝိုင်းအနီးမှ အိမ်နီးချင်းမိတ်ဆွေများ အိမ်ဝိုင်းအတွင်းဝင်လာရင်း မတော်တဆ ခလုတ်တိုက်မိခြင်း၊ တက်နင်းမိခြင်း မကြာခဏဖြစ်ကြပါသော်လည်း မြွေများက ရန်မပြုကြ။ ကြာတော့လည်း လူအများမှာ မြွေများကို မြင်တွေ့နေကျမို့ ရိုးတောင် ရိုးနေလေတော့၏။ ရွာဦးကျောင်းဆရာတော် ဆွမ်းခံကြွလာတိုင်းလည်း မြွေများကို မြင်တွေ့နေရ၍ မြွေများအား မည်သူမျှ ဘာမျှ မလုပ်မိစေရန် အမြဲသတိပေး ဆုံးမဩဝါဒစကားကို အတန်တန် မိန့်ဆိုခဲ့ပါသည်။

'ဒီမြွေတွေက မြွေသူတော်ကောင်းတွေပါ။ သူတို့ကံစွန့်သူတို့ သွားလာနေကြရရှာတာ။ သူတို့ စောင့်ရှောက်ရမယ့်သူရှိလို့သာ ဒီအိမ်ဝိုင်းထဲမှာ ရှိနေကြရတာ။ လူတွေကို ဘာမှအနှောင့်အယှက်ပေးကြတာမှ မဟုတ်တာဘဲ။ သူတို့ကိုလည်း သွားပြီးအနှောင့်အယှက်မပြုကြပါနဲ့ကွယ်'

'တင်ပါ့ဘုရား'

'ဒါနဲ့ ဆရာတော် အိပ်မက်မြင်မက်တယ်။ အဲဒီအိပ်မက်အရဆိုရင် ဒီကလေးရဲ့ ဦးခေါင်းထဲ မြွေနဂါးတွေမှာသာ ရှိတဲ့ ထူးခြားတဲ့ အမြုတေပတ္တမြား အမြုတေတန်ခိုး ရှိနေတယ်။ မြွေနဂါးဘုရင်ရဲ့ သားဖြစ်လို့ သူ့ရဲ့အစောင့်အရှောက်ဖြစ်တဲ့ မြွေတွေ ဝင်ကြထွက်ကြနဲ့ ခစားနေကြတာတဲ့။ ဒါကြောင့် ကလေးကို အထူးဂရုစိုက်ကြပါကွယ်'

'တင်ပါ့ဘုရား၊ ဆရာတော် မိန့်တဲ့အတိုင်း တပည့်တော်,တပည့်တော်မတို့ ဂရုတစိုက် စောင့်ရှောက်ပါ့မယ်ဘုရား'

အချိန်ကာလမှာ တရွေ့ရွေ့ ကုန်ဆုံးသွားခဲ့သလို ရာသီတို့သည်လည်း အလီလီပြောင်းခဲ့ရပါပြီ။ ကိုအုံ့မော်နှင့် မဖြူနုတို့မှာလည်း အရွယ်လေးရလာသည့် ဦးအုံ့မော် ဒေါ်ဖြူနုဟူသောအရွယ်သို့ ရောက်လာခဲ့ရပြီး သူတို့၏သား မင်းဥသျှောင်လေးမှာလည်း နှပ်တွဲလောင်းအရွယ်မှလွန်က အသံသြရှရှနှင့် လူပျိုဘော်ဝင်စအသံမျိုး ဖြစ်ပေါ်နေသည့် အရွယ်ကောင်းသို့ ရောက်စပြုလာခဲ့ပါသည်။

ထို့ကြောင့်လည်း တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေ အပြီးတွင် ရွာဦးကျောင်းဆရာတော်ကြီးကျောင်း၌ ဒုလ္လဘရဟန်းအဖြစ် မိဘဖြစ်သူတို့က ဝတ်စေလျက် သာသနာပြုပေးခဲ့ပါသည်။ မင်းဥသျှောင် ဒုလ္လဘရဟန်းဘဝနှင့် ဆရာတော်ကြီးကျောင်းတွင်ရှိနေစဉ်အချိန်မှာပင် ဆရာတော်ကြီးကျောင်းသို့ ဧည့်သည်တစ်ဦး ရောက်ရှိလာခဲ့၏ သူ့အမည်ကား ဦးလွယ် ဖြစ်ပါသည်။

ဦးလွယ်သည် ကျောင်း၌ တည်းခိုရင်း သူ့တွင်ပါ သော အညာလွှာချင်း စောင်ထည်များကို ရွာထဲ၌ လှည့်လည်ရောင်းနေသည်မှာ ရက်သီတင်းနှစ်ပတ် ကြာသွား ဖြစ်ပါသည်။ တစ်နေ့တွင် ဆရာတော် ရွာထဲသို့ ဆွမ်း ကြွသွားခိုက် ကျောင်းရှိဘုရားခန်း၌ ဘုရားဝေယျာဝစ္စ လုပ်ကိုင်နေကြသော ကိုရင်ကြီး ပဏ္ဍိ၊ ကိုရင် ကိုရင်ဝါယမတို့ရှိရာ ဘုရားခန်းသို့ဝင်လာကာ ဘုရားအား ဦးတိုက်ဝတ်ပြုအပြီးတွင်-

www.burmeseclassic.com

www.burmeseclassic.com

'ရှေးဟောင်းမြတ်စွာဘုရားတစ်ဆူရဲ့ ဓာတ်တော်ကို ဆရာတော်ဘုရား သိမ်းထားတယ်လို့ ရွာထဲက သတင်းကြားခဲ့ရတယ်။ အဲဒါ တပည့်တော်ဖူးပါရစေဘုရား'

'သြော်··ဟုတ်တာပေါ့။ ဒကာကြီးလည်း ပြန်ဖို့ရက်နီးပြီဆိုတော့ ဖူးချင်မှာပေါ့။ ဒီမှာလေ၊ ဒီဘုရားလေးရှေ့ ကပ်ထားတာ ဓာတ်တော်ပဲ။ ကဲ··ကဲ··သေသေချာချာ ဖူးပေတော့။ ဖူးရခဲတယ် ဒကာကြီးရေ'

ဦးလွယ်ဆိုသူမှာ ဓာတ်တော်အား သေချာဖူးမြော်အပြီးတွင် ကိုရင်သုံးပါးရှိနေသည့်အထဲမှ ပဏ္ဍိအမည်ဖြင့် ကိုရင်ကြီး ဝတ်နေသော မင်းဥသျှောင်အား စူးစိုက်စွာကြည့်ရင်း ဤသို့ ပြောလိုက်ပါသည်။

'ကိုရင်ကြီး··တပည့်တော်ကို တစ်ခုလောက် ကူညီပေးပါလားဘုရား။ ဒီဓာတ်တော်ကို ဒကာကြီး လည်ပင်းက ငွေကြုတ်လေးထဲ ထည့်ကိုးကွယ်ချင်လို့။ ကူညီပေးပါလားဘုရား'

ညှေ့သည်ဖြစ်သူ ဦးလွယ်ထံမှ မျှော်လင့်မထားသောစကားကို ကြားလိုက်ကြရ၍ ကိုရင်ကြီးနှင့် ကိုရင်နှစ်ပါးစလုံး ဦးလွယ်အား တအံ့တသြကြည့်မိလျက်သား ဖြစ်သွားကြရတော့၏။ ထို့နောက်မှ ကိုရင်ကြီးပဏ္ဍိက အေးဆေးစွာပင် စကားပြန်စလိုက်ပါသည်။

'ကဲ··ကဲ··အေး··အေး··ထိုင်ပါဦး ဒကာကြီးရဲ့'

'တင်ပါ့ဘုရား'

'ဒကာကြီးလိုချင်တဲ့ ဒီဓာတ်တော်ဆိုတာက စေတီ၊ ကျောင်း၊ ကန်၊ ဘုရားတွေနဲ့ပဲ ထိုက်တန်တာပါ။ ဘယ့်နှယ် လူ့လည်ပင်းဆွဲပြီး ကိုးကွယ်ချင်ရတယ်လို့။ ထိုက်တန်ဟန် မတူပါဘူး ဒကာကြီးရယ်'

'ဒကာကြီးက စီးပွားရေးကိစ္စတစ်ခု ရှိနေလို့ပါ ကိုရင်ကြီးရယ်။ အဲဒါ အဆင်ပြေမှ ကိုးဖြစ်မှာမို့ ဒီဓာတ်တော်လေးကို အလှူခံနေတာပါ။ ကူညီပါ ကိုရင်ကြီးရာ၊ ကိုရင်ကြီးကလည်း အုတ်အုချာ အတော်နိုင်တာပဲဗျာ'

'ဒကာကြီးဦးလွယ်··ဒကာကြီးက အမည်နဲ့လိုက်အောင် ကိုယ့်အတွက်ပဲကိုယ် လွယ်လွယ်တွေးပြီး ပြောထွက်ရဲတာကိုး။ ပြီးတော့ ဒကာကြီးက အလှူခံနေတာမှ မဟုတ်တာ။ ဒကာကြီး ပြောပေါက်တွေက ဆရာတော်ကြီး မရှိခိုက် ကိုရင်တို့ သုံးပါးစလုံးကို အဒိန္နာဒါနဆိုတဲ့ ကံ ကျူးလွန်ခိုင်းနေတာပဲ။ ဒီဓာတ်တော်က ဆရာတော်ကြီး အခုတည်မယ့် ဘုရားမှာ ဌာပနာတော်အဖြစ်ထားဖို့ စီစဉ်ပြီးသားပါ။ ဒကာကြီးကိုးကွယ်ချင်သပဆို ဆရာတော် လာမှ လျှောက်ပြီး ပင့်သွားပေါ့'

ကိုရင်ကြီးပဏ္ဍိ ပြောသောစကားသည် ယုတ္တိတန်နေသဖြင့် ဦးလွယ်မှာ ဆက်မလျှောက်သာတော့ဘဲ ဘုရားခန်းမှ မကျေမချမ်းနှင့် ပြန်လှည့်ကာ ထွက်သွားပါတော့သည်။

◆◆◆

ဆရာတော်သည် ကျောင်းဝိုင်း၏ အရှေ့ဘက်တွင် ဘုရားတည်ရန် ကြိုးစားနေရ၍ ထီးတော်တင်ရန် သတ်မှတ်ထားသောရက်သို့ မီစေဖို့ ကျောင်းဝိုင်းအရှေ့ဘက်၌ ပန္နက်ရိုက်ခြင်းကို အားချင်းလုပ်ဆောင်နေသဖြင့် အလုပ်ရှုပ်နေလေ၏။

'ဆရာတော်က ပန္နက်ရိုက်ပြီး အုတ်မြစ်ချဖို့အတွက် မနားမနေ လုပ်နေရတာ။ ကိုရင်တို့··ဟိုစောင်သည်လိုလို ဘာလိုလို ဒကာညှေ့စိမ်းကို နည်းနည်းတော့ ဂရုထားပြီး ကြည့်ထားကြနော်။ တော်ကြာနေ ဘုရားဌာပနာပြုဖို့ ထားတဲ့ဓာတ်တော် ပါသွားဦးမယ်။ သူများကို ယုန်ထင် ကြောင်ထင် ထင်ရတာလည်း ငရဲပါပါ့လား။ ဒါပေမဲ့ ဂရုမထားလို့ကလည်း မဖြစ်ပြန်ဘူး'

'စိတ်ချပါ ကိုရင်ကြီးပဏ္ဍိရယ်၊ ဘုရားစင်နား ကိုရင်တို့ အလှည့်ကျ မပြတ်ရှိနေမှာပါ'

'ကဲ··ဒါဆို ဆရာတော့်ဆီသွားပြီး ကူပေးလိုက်ဦးမယ်'

သို့နှင့် ကိုရင်ကြီးပဏ္ဍိခေါ် မင်းဥသျှောင်မှာ ဆရာတော်ထံသို့ ဝိုင်းကူပေးရန် ထွက်ခဲ့ပါတော့သည်။

'ဆရာတော်ဘုရား··တပည့်တော်တို့ အုတ်မြစ်ချဖို့



www.burmeseclassic.com

မြေတူးတာတောင် အတော်နက်နေပြီဘုရား'

'နည်းနည်းနက်နက်လေး ထပ်တူးပါဦး။ ဒါမှ ဘုရား အောက်ခြေခိုင်မှာ။ အောက်ခြေခိုင်မှ စိတ်ချရမှာ။ တော်ကြာ လေပြင်းဒဏ်တို့၊ ငလျင်ဒဏ်တို့ဆိုတာ ပြောလို့ရတာ မဟုတ်ဘူးကွယ့်'

'မှန်ပါ။ ဒါဆို နည်းနည်းထပ်ပြီး တူးလိုက်ပါ့မယ် ဘုရား'

'အေး..အေး..လုပ်ကြ..လုပ်ကြ ဒကာတို့ရေ၊ သိပ်မတူးရလောက်တော့ပါဘူး'

'စွပ်..စွပ်'

'ဟာ..မြွေ..မြွေတွေ၊ ပြုကျကုန်ပြီ အရှင်ဘုရားရေ။ ဒီမှာ ကြည့်ပါဦး'

'အယ်..ဟုတ်သဟေ့။ ဘယ်လိုများ ဖြစ်ကုန်တာပါလိမ့်မလဲ'

'မြေ..မြေကျင်းကြီး ဖြစ်သွားပြီဘုရား။ အောက်မှာ ဂလိုင်ခေါင်းပေါက်ကြီး ဖြစ်နေတာဘုရား'

'ခဏ..ခဏ နေကြဦး ကိုယ့်လူတို့ရေ၊ ဘာဖြစ်တာလဲဆိုတာ သိရအောင် မြေဂလိုင်ပေါက်ထဲ ကျုပ်သေချာကြည့်ဦးမယ်'

မြေတူးသမားခေါင်းဆောင် ကိုကြိုင်မှာ မြေပြိုကျသည့် မြေခေါင်းပေါက်ဂလိုင်ကြီးဆီသို့ အသေအချာ စူးစိုက်လျက် ငုံ့ကြည့်မိရာ-

'ဟာ..မြွေ..မြွေကြီးဘုရား၊ အကြီးမှ အကြီးကြီးပဲ။ ဆရာတော်ဘုရား၊ လာကြည့်လှည့်ပါဦးဘုရား'

'ဟ.. ဟုတ်ပ၊ ဒကာရယ်၊ ရောမကြီးပါလား။ ကိုင်း..ဘယ့်နှယ်လုပ်ကြမတုန်း ဒကာတို့'

'ဟုတ်ပါရဲ့။ နှစ်ဆွေးမြွေကြီး ထင်ပါရဲ့ဗျာ။ အဲဒီမြွေကြီးကို မောင်းထုတ်ပြီးမှ အုတ်မြစ်ချလို့ရမှာ။ အရင်ဆုံး မြွေဖမ်းကျွမ်းကျင်တဲ့သူ အရင်ရှာကြရမှာပဲဘုရား'

'တပည့်တော်တို့ကလည်း မြေပဲတူးတတ်တာဘုရား၊ မြွေတော့ မဖမ်းရဲဘူးဘုရား။ မြွေကြီးရှိနေရင်တော့ အလုပ်ဆက်လုပ်လို့ဖြစ်မှာ မဟုတ်ဘူးဘုရား။ ကြံပါဦးဘုရား'

ထိုသို့ ဆရာတော်နှင့် မြေတူးသမားတို့ အပြန်အလှန် ပြောဆိုနေကြစဉ်မှာပင် ဘုန်းကြီး ဝတ်နေသော မင်းဥသျှောင် ဆရာတော့်အနားသို့ ရုတ်တရက် ရောက်လာခဲ့ပါသည်။

'ဆရာတော်ဘုရား.. ဘာဖြစ်နေလို့ပါလဲဘုရား အယ်..မြေကျင်းက ဂလိုင်ပေါက်ကြီး ဖြစ်သွားတာဆိုရင် အောက်မှာ တစ်စုံတစ်ခုရှိနေပြီ ထင်ပါ့ဘုရား'

'သေချာတာပေါ့ ကိုရင်ကြီးရယ်၊ အဲဒီဂလိုင်ပေါက်ကြီးထဲမှာ မြွေအကြီးကြီး ရှိနေတယ်'

'ခြောက်ထုတ်လိုက်ပါလားဘုရား'

'အာ..ကိုရင်ကြီး၊ နည်းတဲ့မြွေကြီးမှ မဟုတ်ဘဲနဲ့။ ဘယ်သူက ခြောက်ထုတ်ဝံ့မှာတုံး။ မြွေဖမ်းတဲ့သူ ရှာမှတို့ ဖြစ်မှာ'

'ဟာ..မြွေဖမ်းတဲ့သူ သွားရှာမယ် ဟုတ်လား။ အဲလိုတော့ မလုပ်ကြပါနဲ့။ မြွေဖမ်းသူက ဒီမြွေကြီးကို ဖမ်းမိရင် သတ်ပြီး ရောင်းစားမှာ။ ဒီမြွေကြီး သေမှာပေါ့။ နေပါဦး။ တပည့်တော် ကြည့်ပါရစေဦး'

ကိုရင်ကြီးပဏ္ဍိ ဂလိုင်ပေါက်ရှိရာသို့ ငုံ့ကြည့်မိလိုက်ပါသည်။ မြွေကြီးနှင့် ကိုရင်ကြီးပဏ္ဍိ စိတ်ချင်းဆက်နွယ်သလို ခံစားမိလိုက်ရ၏။ ကိုရင်ကြီးပဏ္ဍိခေါ် မင်းဥသျှောင်မှာ သူ့အား မွေးဖွားကတည်းကစ၍ သူ့အတန်းကျောင်းသားဘဝမှ ယခု ကိုရင်ကြီးဘဝထိ သူ့အနားတွင် မြွေတို့၏ စောင့်ရှောက်ခြင်းကို ခံခဲ့ရသူဖြစ်သည်။ ယခုတိုင် သူ၏မိဘများ နေအိမ်မှာလည်း မြွေများက ယခင်အတိုင်း ဝင်ထွက်သွားလာမပျက်။ အိမ်သားများနှင့် မိမိကို အစောင့်အရှောက်မပျက် ရှိနေကြ၍ ထိုသည်ကို ကိုယ်က မေတ္တာထားသည့်အတွက် သူတို့ဆီကလည်း မေတ္တာပြန်၍ရခြင်းပင်ဖြစ်သည်ဟု သူက ယုံကြည်မိသူဖြစ်ရာ ယခုကိစ္စကိုလည်း သူ့အနေနှင့် နှစ်ဦးနှစ်ဖက် ပြေလည်စေမည့်လမ်းကိုသာ ရွေးချယ်လိုက်မှ ဖြစ်မည်ဖြစ်သောကြောင့်-

'အရှင်ဘုရား..တပည့်တော် တစ်ခုလောက် လျှောက်တင်ပါရစေလားဘုရား။ ဒီမြွေကြီးက အရှင်ဘုရား တည်မယ့် ဘုရားရဲ့ ဌာပနာသိုက်ကို စောင့်ပေးနေရတဲ့ မြွေကြီးဖြစ်ချင်ဖြစ်နေမှာပါဘုရား။ မြွေဖမ်းသူတွေကို မခေါ်ပါနဲ့ ဘုရား။ မြွေကြီး ဒုက္ခရောက်သွားပါမယ်။ တပည့်တော် သူ့ကိုထွက်အောင် ခေါ်ထုတ်ပေးပါ့မယ်ဘုရား'

'ဟေ'

'ဟုတ်မှလည်း လုပ်ပါဦး ကိုရင်ကြီးရယ်၊ တော်ကြာ ရန်ရှာလို့ အားလုံး ဒုက္ခရောက်ကုန်ပါမယ်'

'စိတ်ချပါ၊ မရှာစေရပါဘူး ဒကာတို့ ကိုရင်ကြီး

www.burmeseclassic.com

www.burmeseclassic.com

သူကို ခေါ်ထုတ်နိုင်မှာပါ။ အားလုံး ဘေးနည်းနည်းဖယ်ပြီး လမ်းဖွင့်ထားပေးကြပါ။ လက်ထဲက တူရွင်းတွေ၊ ခွတွေ၊ ပေါက်တူးနဲ့ လှံတွေလည်း ချထားပေးပါ။ ဒါမှ သူ တွင်းထဲက ရဲရဲထွက်လာရဲမှာ။ ဒကာတို့က ဒကာတို့ အသက်ကို ရန်ရှာမှာကြောက်သလို သူလည်း လူတွေက သူ့အသက်ကို ရန်ရှာကြမှာ သူ့ခမျာလည်း ကြောက်နေရှာမှာပေါ့'

ထိုသို့ပြောဆိုအပြီး ကိုရင်ကြီးပဏ္ဍိတစ်ဖြစ်လဲ မင်းဥသျှောင်မှာ ကိုယ်ပေါ်၌ ရုံထားသော သံဃာသင်္ကန်းအား သူ၏ခန္ဓာကိုယ်ပေါ်မှဖယ်ကာ မြွေကြီးပေါ်တွင် ဖြန့်ခင်းလိုက်ပါသည်။ သင်္ကန်းရုံလွှာ မရှိတော့ဘဲ ခါးပန်းကြိုးစည်းထားသည့် သင်းပိုင်သာကျန်ရှိသော ကိုရင်ကြီးပဏ္ဍိ၏ ကျောကုန်းကိုကြည့်ကာ မြေတူးသူအလုပ်သမားများ အားလုံးနှင့် ဂေါပကအဖွဲ့ဝင်အားလုံး ဟာခနဲ ဟင်ခနဲဖြစ်သွားကြရရှာပါတော့သည်။

'ဟာ..ကိုရင်ကြီး..ကိုရင်ကြီးကျောကုန်းမှာ နဂါးကနုတ်ကွက်၊ နဂါးကနုတ်ကွက်ကြီးနဲ့ပါလား'

အားလုံးမှာ တအံ့တသြရှိနေကြပါသော်လည်း ဆရာတော်ကတော့ အကြောင်းသိပြီးသားဖြစ်နေ၍ အံ့သြရမည့်အစား ဦးပဏ္ဍိအား သဘောကျစွာ ကြည့်နေမိသည်။

ကိုရင်ကြီး ဦးပဏ္ဍိမှာ-

'အမေ..အပြင်ကို ကြွပေးပါ။ သား သင်္ကန်းခင်းပြီး အမေ့ကို ကြိုပါတယ်။ ဘယ်သူမှ အမေ့ကို အန္တရာယ်မပြုပါဘူး။ သာသနာအတွက် အမေစောင့်ပေးနေတဲ့ ဌာပနာတော်ကို ထားခဲ့ပြီး အမေ အပြင်ကို ကြွလှမ်းခဲ့ပါ'

ထိုသို့ပြောဆိုပြီး ဦးသုံးကြိမ်ချလိုက်သည်နှင့် မြွေကြီးများ ဖွာခနဲဖြာကျသွားပြီးနောက် ဂလိုင်ပေါက်ထဲမှ မြွေကြီးမှာ အပြင်သို့ လျှောတိုက်၍ ထွက်လာပါတော့သည်။

'အားလုံး ဘေးကို ဖယ်နေကြပါ။ ဘယ်သူမှ ဘာမှ မလုပ်မိကြပါစေနဲ့။ သူ့နေရာ သူသွားပါလိမ့်မယ်'

ဦးပဥ္ဇင်း၏ စကားအတိုင်း လူအများက လိုက်နာကြပါသည်။ မြွေကြီးမှာ ဦးပဥ္ဇင်းခင်းထားသော သင်္ကန်းပေါ်သို့ တက်ကာ ခွေလျက် သူ၏လင်းပကာ အရောင်လက်နေသော ပါးပျဉ်းကြီးကို ခွက်ထားလိုက်ပါသည်။ လူအများက ကြောက်ရွံ့စွာ ကြည့်နေကြစဉ်မှာပင် ကိုရင်ကြီး ဦးပဏ္ဍိသည် ထိုမြွေကြီး၏ရှေ့၌ ရပ်လိုက်ပြီး မိခင်၏ ဦးခေါင်းကို မြွေတွေ၏ ကန်တော့ဟန်နည်းဖြင့် မြွေကြီးကို ကန်တော့လိုက်ပါသည်။ ထို့နောက်-

'အမေ..သားတို့ကို သာသနာပြုဖို့အတွက် စေတီတည်ခွင့်ပြုပါ။ စေတီတည်ဖို့ ပန္နက်ချ အုတ်မြစ်စီပြီးမှ အမေ သည်နေရာကို ပြန်လာပြီး ဘုရားဌာပနာတော်ကို စောင့်ရှောက်ပေးပါ။ ခုတော့ သားတို့ကို စေတီတည်ဖို့ အလုပ်လုပ်ခွင့်ပြုပါ'

မြွေကြီးမှာ ဦးပဥ္ဇင်း၏စကားကို နားလည်သည့်အလား ဦးခေါင်းကို သုံးခါယိမ်းလျက် တွင်းရှိရာ ဂလိုင်ပေါက်သို့ ပြန်ဝင်ကာ ပျောက်ကွယ်သွားပါသည်။ ထိုအခါမှ ယခင် မြွေကြီးခွေနေခဲ့သည့် ဂလိုင်ပေါက်နေရာတွင် အုတ်မြစ်ချဖို့ မြေညှိရာ တစ်ခုခုရှိနေသလိုမျိုးဖြစ်နေ၍ တူးကြည့်ရာ-

'ဟာ..ရွှေနဲ့သွန်းထားတဲ့ ဘုရားရုပ်ပွားတော်ကိုးဆူပါလား'

'ဒီမှာလည်း ရွှေနရား၊ ရွှေနဂါးရုပ် ကိုးရုပ်'

'ဒါဆို ဒီကိုရင်ကြီး ပြောတဲ့အတိုင်း မြွေကြီးက ဒီဌာပနာတွေကို ဒီဘုရားတည်ရင် ဌာပနာအဖြစ်ထားဖို့ စောင့်ပေးနေရှာတဲ့ ဌာပနာတော်သိုက်စောင့် မြွေကြီးပဲ။ ငါတို့အားလုံး သူ့ကို ဖြစ်မှားမိကြတော့မလို့ပါလား'

'ဟုတ်ပါရဲ့။ ကိုရင်ကြီးကယ်လို့ ကံကောင်းသွားကြတာ။ ကိုရင်ကြီးဘုရား..တပည့်တော်တို့ ဂါရဝတင်ပါတယ်ဘုရား'

'ကိုရင်ကြီး..တပည့်တော်တို့ သိချင်တာလေးတော့ မေးခွင့်ပြုပါလားဘုရား။ ကိုရင်ကြီးဘုရား..ကျောကုန်းက လက်တစ်ဝါးစာ မြွေနဂါးကနုတ်ကွက်က မွေးကတည်းက ပါလာတာပါလားဘုရား'

'ဟုတ်တယ် ဒကာကြီးတို့၊ ကိုရင်ကြီးက မွေးကတည်းက လျှို့ဝှက်သည်းဖို မော်ပဥ္စလက်ဆန်ဆန် ဂမ္ဘီရဆန်ဆန် ဒီလိုမျိုး မွေးဖွားခဲ့တာပါ။

ဒါတင်မကဘူး၊ ဒီ့ထက် ထူးခြားတာကို ဒကာကြီးတို့ကို ပြရဦးမယ်။ ဒီမှာ ကိုရင်ကြီးရဲ့လျှာနဲ့ လက်တွေကို ကြည့်ပါဦး။ ဒါလည်း မွေးကတည်းက ပါခဲ့တာပါပဲ'

'ဟာ..လက်နှစ်ဖက်စလုံးမှာ စကြာပုံ၊ ဂဠုန်ရုပ်နဲ့ လျှာမှာလည်း ကြယ်ပုံသဏ္ဍာန် နီနီရဲရဲအမှတ်သားတွေပါပါလား။ ဒါဆို ဦးပဥ္ဇင်းက ဟိုးဌာပနာသိုက်စောင့် မြွေ

www.burmeseclassic.com

www.burmeseclassic.com

ကြီးရဲ့ သိုက်ဆက်မြွေနဂါး လူဝင်စားဖြစ်မှာပေါ့'

'ဟုတ်တယ် ဒကာကြီးတို့၊ အဲဒါ ကျုပ် မြွေဘဝနဲ့ အသက်ရှင် နေထိုင်ခဲ့တုန်းက တော်ခဲ့တဲ့ ကျုပ်ရဲ့အမေ ဌာပနာစောင့် မြွေကြီးပါ။ ကျုပ် သူ့ကို တွေ့လိုက်ကတည်းက ကျုပ်စိတ်ထဲ ခံစားရတာ တစ်မျိုးကြီးပဲ ဒကာကြီးတို့ရဲ့'

'ကဲ..ကိုရင်ကြီး၊ ဆရာတော်ကတော့ ကိုရင်ကြီးကိုပဲ အားကိုးရတော့မယ်။ ခုလာမယ့်လပြည့် ဘုရားထီးတင်ဖို့အတွက် ကိုရင်ကြီး တာဝန်ယူဆောင်ရွက်ပေးပါလို့ ဆရာတော် မေတ္တာရပ်ခံချင်တယ်ကွယ်'

'စိတ်ချပါ ဆရာတော်ဘုရား၊ ဆရာတော် ဦးဆောင်ပါ။ တပည့်တော် စိတ်ရောကိုယ်ပါ ကူညီဆောင်ရွက်ပေးပါ့မယ်။ ဘာအနှောင့်အယှက်မှ မရှိစေရပါဘူးဘုရား'

'အိမ်း..ကောင်းလေစွ။ သာဓု..သာဓု..သာဓုပါကွယ်'

◆◆◆

လပြည့်နေ့သို့ ရောက်ရှိလာခဲ့ရပါပြီ။

ဘုရားကြီးအား ထီးတော်တင်လှူပွဲကျင်းပပြီး တစ်ရွာလုံး စည်ကားစွာ ကုသိုလ်ပြုကြချိန်တွင် မြွေကြီးတစ်ကောင် ဘုရားဖူးရောက်လာပါသည်။ ဘုရားဖူးများအား မည်သို့မျှ အန္တရာယ်မပြုပါဘဲ ယခင်ဘဝက သားအဖြစ် တော်စပ်ခဲ့ဖူးသော ကိုရင်ကြီးဦးပဏ္ဍိမှ ဘုရားကို အာရုံပြု ပုတီးစိပ်နေသည့် ကြာသပတေးဂြိုဟ်ထောင့်တွင် ကိုရင်ကြီးနှင့် အတူယှဉ်ကာ ခွေလျက်နေရာယူပြီး ဘုရားဝတ်ပြုနေသည်ကိုကြည့်ရင်း တစ်ရွာလုံးရှိ လူအများမှာ အံ့ဩမဆုံး ရှိနေကြရပါတော့သည်။

တစ်ခါတစ်ရံ၌ လူအများအနေနှင့် လက်ခံယုံကြည်ရန် ခက်ခဲနေကြပါသော်လည်း နက်ရှိုင်းထူးဆန်းလှပါသည်။ ဂမ္ဘီရသဘောတရားတို့သည် လောကတွင် ယခုကဲ့သို့ပင် သိမ်မွေ့စွာဖြစ်တည်တတ်ကြသည်ဟုသာ ဂမ္ဘီရဗဟုသုတအဖြစ် မှတ်ယူကြရပေတော့မည်လား။

စာပေချစ်သူ မိတ်ဆွေအပေါင်း ဂမ္ဘီရဗဟုသုတများ ပြည့်စုံကြွယ်ဝကြပါစေ။

**အင်ကြင်းမွှေး(နေပြည်တော်)**


**နယ်လှည့်သာသနာပြု ဖိုးမမ္မသိဒ္ဓိ၏တပည့်**

# ဆရာမပွင့်သစ္စာထင် (Eco.)

(မွေးရာပါ အကြားအမြင်)



**သင့်ရဲ့ အဆိုး/အကောင်း၊ အလှည့်အပြောင်း သိလိုလျှင်**
**ဆရာမပွင့်သစ္စာထင် ရှိတယ်။**

**ထီပေါက်ကိန်း၊ ရာထူးတိုးကိန်း၊ အိမ်ထောင်ရေးကံ၊ နိုင်ငံခြားခရီး၊ ကလေးအမည်ပေး၊ လုပ်ငန်းအမည်ပေး... စသည်တို့ကို မှန်ကန်တိကျစွာ လမ်းညွှန်ပေးပါသည်။**

**လိုအပ်ပါက ယတြာကို အခမဲ့ဆောင်ရွက်ပေးပါသည်၊**

အမှတ်(၃)ရပ်ကွက်၊ အရှေ့ဘိုကုန်း၊ ကလောမြို့။ ☎ ၀၉ ၄၂၈ ၃၁၇၂၉၉


www.burmeseclassic.com

www.burmeseclassic.com

ဦးတာပွ စကားပြောသောအခါ၌ ဟုတ်တာလည်းပါသည်။ မဟုတ်တာလည်း ပါလာပြီး အခြားသူများ၏ အပြောကို တွေ့ကြုံခဲ့ရသည့်အလား ပြောဆိုတတ်သောကြောင့် နားထောင်မည့်သူ နည်းပါးသော်လည်း ငြိမ်းက နားထောင်စမြဲဖြစ်၏။

ငြိမ်းသည်လည်း အကြားကို အမြော်အဖြစ်သို့ ပြောင်း၍ ပြန်လည်ဖောက်သည်ချတတ်သူဖြစ်လေသည်။ လက်ဖက်ရည်ဆိုင်သို့ရောက်လျှင် အဟောင်းကို အသစ်လုပ်ပြောတတ်သူဖြစ်ရာ အောင်မင်းနှင့် တွေ့နေရသဖြင့် အကြားမှ အပြောအဖြစ်သို့ ဆင့်ပွားလိုက်၏။

'ဒီလိုကွ အောင်မင်းရ၊ အချို့အကြောင်းတွေက ဟုတ်သလားလို့မေးရင် ဟုတ်သလိုလိုပဲ။ မဟုတ်ဘူးလားလို့ ဆိုပြန်တော့လည်း ဟုတ်သလိုလိုပဲ'ဟု စကားစလိုက်သောကြောင့် အောင်မင်းက ပြန်မေးလိုက်၏။

'တချို့အကြောင်းတွေက ဆန်းတယ်မဟုတ်လား။ ယုံရအခက် မယုံရအခက်ပဲ'

'ဘာများလဲလို့ ကြားဖူးနေကျတွေပါဗျ'

'မတူတာတွေ ရှိတယ်လေကွာ။ မကြားဖူးသေးရင်တော့ အသစ်လို့ ဆိုရမှာပဲ'

'ဟုတ်တာပေါ့လေ'

'ဒီလိုပါကွာ··ကြာခဲ့ပါပြီ၊ ဟိုအင်္ဂလိပ်ခေတ်တုန်းက ရန်ကုန်မြို့၊ လမ်းမတော်ရပ်ကွက်မှာ (RGH) Rongoon Genreal Hospital လို့ခေါ်တဲ့ အထွေထွေကုဆေးရုံကြီး ရှိတယ်'

'သိတယ်လေ။ အခုတောင် ရှိနေသေးတယ်မဟုတ်လား'

'အဲဒီမှာ ဒေါက်တာဘရှူးဝါးဟာ မှူခင်းဆရာဝန်ပေါ့။ ရာဇဝတ်မှုဖြစ်လို့ သေသွားတဲ့လူတွေရဲ့ ဒဏ်ရာဒဏ်ချက်တွေကို ခွဲစိတ်ပြီး ဘယ်နေရာကို ဓားနဲ့ထိုးတယ်၊ တစ်ချက်ပဲ ထိုးတယ်၊ မသေမချင်းထိုးတယ် စတဲ့ ဆေး






www.burmeseclassic.com

www.burmeseclassic.com

မှတ်ချက်တွေကို ပေးရတယ်။ အဲဒီအချက်လက်တွေပေါ် ကြည့်ပြီး တရားသူကြီးတွေက တရားစီရင်ကြရတယ်'

'သြော်··သြော်'

'တစ်နေ့ မိုးက သဲကြီးမဲကြီး ရွာနေတာကြောင့် ဒေါက်တာဘရှူးဝါးဟာ ညနေ(၅)နာရီခွဲကျော်မှ ရင်ခွဲရုံကို ထွက်ခဲ့ရတယ်။ မိုးက မစဲသေးတော့ လမ်းမှာ ရှုရှင်းနေတယ်။ အဲဒီမှာ သူ့နောက်ကို လူတစ်ယောက်က လိုက်လာပြီး ဆရာ··ဆရာလို့ခေါ်လိုက်လို့ သူက လှည့်ကြည့်လိုက်တယ်။ အခုလူသတ်မှုဟာ မတရားအသတ်ခံရတာပါ ဆရာ'လို့ သူက ပြောတယ်။

'ကျုပ် တရားသူကြီး မဟုတ်ပါဘူး'

'မသေမချင်း ဓားနဲ့ထိုးတာ ဆရာ'

'ကျုပ် မစစ်ဆေးရသေးဘူးလေ'

'ထိုးတဲ့လူဟာ ကြည့်မြင်တိုင်တစ်ဖက်ကမ်း ရွာသစ်က ဖိုးထင်'

'အဲဒါ ကျုပ်အလုပ်မှ မဟုတ်တာဘဲ။ ပုလိပ်တွေ၊ ရဲတွေ အလုပ်ပါ'

'သိရအောင်လို့ ပြောထားပါ ဆရာ'

'တရားရုံးကိုရောက်တော့ ခင်ဗျားပြောပေါ့။ ကျုပ်နောက်ကျနေလို့။ ထိုသူ့စကားကိုဖြတ်ပြီး ရင်ခွဲရုံကို သွက်သွက်လေး လာခဲ့တယ်။ ဒေါက်တာဘရှူးဝါးဟာ ရင်ခွဲရုံရောက်တာနဲ့ အလောင်းကို ပိတ်စနဲ့အုပ်ထားတဲ့ အဝတ်ကို လှန်ကြည့်လိုက်တော့ သူ အလွန်အံ့သြသွားရတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအလောင်းဟာ သူ့နောက်ကို လိုက်ပြီး ပြောတဲ့လူ ဖြစ်နေလို့ပဲတဲ့ကွ'ဟု ပြောလိုက်သဖြင့် အောင်မင်းသည် ဟောဗျာဟုဆို၍ အံ့သြသွားလေ၏။

'အဲဒီလူရဲ့စကားအရ ပုန်းရှောင်နေတဲ့ တရားခံဖိုးထင်ဟာ နောက်ဆုံး အဖမ်းခံလိုက်ရတာကို ဆရာဝန်ဘရှူးဝါး သိလိုက်ရတယ်'

'စိတ်ဝင်စားဖို့ကောင်းသားပဲ'

'အဲဒါ ဒေါက်တာဘရှူးဝါးရဲ့ အကြောင်းပဲကွ။ နောက်တစ်ပုဒ်တောင် ပြောပြချင်သေးတယ်'

ဟု ခြမ်းက ပြောလိုက်သဖြင့် အောင်မင်းက 'ရပါတယ်··ရပါတယ်'ဟု ပြောရာမှ ငခြမ်း ရေနွေးကြမ်းပန်းကန်ထဲသို့ ရေနွေးကြမ်း ထပ်ငှဲ့ထည့်ပေးလိုက်၏။

'အဲဒီအဖြစ်ကလည်း ဆန်းသလိုလိုပဲ'

'ပြောပါဦး'

'ဒီလိုကွ··မြစ်ကျိုးရွာလေးမှာ အသုဘဖြစ်တယ်။ ရွာရဲ့ထုံးစံအရ အလောင်းကို ရွာပြင်မှာ ထုတ်ထားရတယ်။ ညကျ ရွာက လူတွေကပဲ လာစောင့်ပေးကြရတယ်။ အဲဒီအတွက်က ပူစရာမလိုဘူး။ အရက်အိုးသာ ထောင်ပေးလိုက်၊ မလာပါနဲ့ဆိုတောင် လာပြီးစောင့်ပေးကြရတာဟာ ရွာရဲ့ဓလေ့ပဲ။ ညကျတော့ အလောင်းကို စောင့်ပေးမယ့် ရွာကအရက်သမားတွေ ရောက်လာကြတယ်။ အဲဒီအထဲမှာ အရက်မသောက်တတ်တဲ့ သံချောင်းဆိုသူ ပါလာတယ်။ အရက်သမားတွေဟာ အရက်သောက်ရင်းနဲ့ စောင့်ပေးကြတာပေါ့ကွာ။ သံချောင်းက နည်းနည်းတော့ ကြောက်တတ်တယ်။ အရက်သမားအဖော်တွေ ရှိနေတာကြောင့် တာဝန်အရ စောင့်ပေးနေရတယ်။

ည(၁၂)နာရီကျော်တာနဲ့ အရက်သမားတွေဟာ ရေချိန်လွန်ပြီး ဇက်ကျိုးအိပ်ကုန်ကြတာ တွေ့လိုက်ရတော့ သံချောင်းဟာ စောင်ခြုံကြားထဲကနေ အလောင်းကို ခိုးခိုးကြည့်ပြီး အိပ်မရဘဲ ဖြစ်နေတယ်။ သူဟာ မကြည့်ဘဲလည်း မနေနိုင်ဘူး။ တစ်ချက်၊တစ်ချက် ခိုးခိုးကြည့်မိတာပေါ့ကွာ။ သန်းခေါင်လည်းကျော်ရော အဲဒီအလောင်းဟာ အသုဘစင်ပေါ်မှာ ထထိုင်လိုက်ပြီး ဟိုဟိုဒီဒီလျှောက်ကြည့်နေတာကို တွေ့လိုက်ရသတဲ့။ သံချောင်းဟာ ဒူးတွေ တုန်လာပြီး ဘာလုပ်ရမှန်းမသိဖြစ်ရာက အနားမှာ အိပ်နေကြတဲ့ အရက်သမားတွေကို လှုပ်နှိုးတယ်။ အဲဒီအမူးသမားတွေက အိပ်မောကျနေကြပြီး တုတ်တုတ်တောင် မလှုပ်ကြဘူး။

သံချောင်း အသုဘစင်ကို ပြန်ကြည့်လိုက်တော့ အဲဒီအလောင်းဟာ စင်ပေါ်ကဆင်းပြီး သူ့ဆီကို တန်းတန်းမတ်မတ် လာနေတာကြောင့် အူယားဖားယားနဲ့ ထွက်ပြေးရတာပေါ့။ ရွံ့တွေ ဗွက်တွေကိုတောင် မရှောင်နိုင်တော့ဘူး။ လွတ်အောင် ပြေးနေရတယ်။ အလောင်းကလည်း ရွံ့တွေ ဗွက်တွေကိုနင်းပြီး သူ့နောက်ကို အသာလိုက်လာနေတယ်တဲ့။ သံချောင်း ရွာအစွန်ရောက်တော့ ရွာစပ်ကချောင်းကို ဖြတ်ပြီး ကူးလိုက်တော့မှ အလောင်းဟာ လိုက်မရဘဲ ကျန်ရစ်ခဲ့တော့တယ်။ ကြောက်ကြောက် လန့်လန့်နဲ့ ရေတောင် စင်အောင် မဆေးလိုက်နိုင်ဘူး။

www.burmeseclassic.com

ကမန်းကတန်း အိမ်ထဲ ဝင်ပုန်းအိပ်လိုက်ရတယ်။ မနက် မိုးလင်းတာနဲ့ အရက်သမားတွေ အသုဘပို့ဖို့ သံချောင်းကို လာခေါ်ကြတယ်။

'သံချောင်း…မင်း အတော်အသုံးမကျတဲ့ကောင်။ အသုဘစောင့်ပါဆိုတာ မင်း မစောင့်ဘူး'

'ခင်ဗျားတို့ ဘာသိလို့လဲ'

'တို့က စောင့်ပေးနေတယ်လေကွာ'

'ခင်ဗျားတို့က မူးပြီးအိပ်နေကြတာကို'

'*မင်းစောင့်ပေါ့ကွာ*'

'*အဲဒီအသုဘလိုက်လို့ ကျွန်တော်ထွက်ပြေးခဲ့ရတာ*'

'မဟုတ်တာ အတော်ပြောတဲ့ကောင်'

'ကျွန်တော့်မှာ ရွံ့တွေ ဗွက်တွေကိုဖြတ်ပြီး လွတ်အောင် မနည်းပြေးခဲ့ရတယ်။ ရေတောင် စင်အောင် မဆေးလိုက်ရဘူး။ ဒီမှာကြည့်ပါလား'လို့ပြောပြီး သူ့ခြေထောက်ကို သက်သေပြလိုက်တယ်။

'မသာတစ်ခေါက် ကျောင်းဆယ်ခေါက်တဲ့ သံချောင်းရ'

'မသိဘူးဗျာ၊ ကျွန်တော် လိုက်မပို့ဘူး'

'ရတယ်။ မင်းဟာ ရွာသားမပီသဘူး'လို့ပြောပြီး ရွာသားတွေ ပြန်သွားကြတယ်တဲ့။

အသုဘပြင်ထားတဲ့ဆီရောက်တော့ ရွာသားတစ်ဦးက အလောင်းကို ကြည့်လိုက်ရာက 'ဟာ..ဟာ..သူ့ခြေထောက်မှာ ရွံ့တွေ ဗွက်တွေနဲ့ပါလား'လို့ ပြောလိုက်တာကြောင့် ကြည့်လိုက်ကြတဲ့အခါမှာ အလောင်းရဲ့ခြေထောက်မှာ ရွံ့တွေ ဗွက်တွေ ပေကျံနေတာကို တွေ့လိုက်ကြလို့ အားလုံး တအံ့တသြဖြစ်ကုန်ကြရသတဲ့ကွာ။ ကဲ..ဘယ့်နှယ်လဲ အောင်မင်း'ဟု ငခြိမ်းက မေးလိုက်၏။

'အင်း..သံချောင်းအကြောင်းကလည်း ဆန်းသားပဲ' ဟု အောင်မင်းက ထောက်ခံမှုပေးလိုက်၏။

'*ရယ်စရာတစ်ပုဒ် နားထောင်ကြည့်ပါဦးလား။ ရယ်ရတယ်။ ဟာသကွ..ဟာသ*'

'ဟာသဆိုတော့ အပျင်းပြေတာပေါ့ဗျာ'

'ဒီလိုကွ..ရွာတစ်ရွာမှာ ကရင်ငပုဆိုတဲ့ လူတစ်ယောက် ရှိတယ်။ သူက ကြိမ်ထိုးသမား။ ကြိမ်ကုလားထိုင်၊ ကြိမ်ပျစ်တောင်း ရက်တဲ့သူပေါ့။ ကြိမ်ပင်တွေရှိတဲ့နေရာကို လှေတစ်စင်းနဲ့သွားပြီး ကြိမ်ရှာခုတ် ထွက်ရတယ်။ ကြိမ်ပင်တွေဟာ ချုံကြီးကြီးမားမား ချုံအုပ်တွေထဲမှာ ပေါက်ကြတယ်လေ။ တစ်နေ့ ချုံတောအုပ်ကြီးတစ်အုပ်ကို တွေ့လိုက်တာနဲ့ သူ လှေလေးကိုကပ်ပြီး ကြိမ်ပင်စင်ခုတ်ဖို့ တက်လိုက်တယ်။ အဲဒီချုံအုပ်မှာ ကျားဆိုးသည်လို့ ချိတ်ဆွဲထားတဲ့ ဆိုင်းဘုတ်ကို တွေ့လိုက်ရတာကြောင့် လူတွေဟာ ဘာမှန်းမသိဘူး။ ကြိမ်ခုတ်



သမားတွေ ဒီနေရာကို မလာရဲအောင် လုပ်ကြပြီး ချိတ်ဆွဲထားတာပဲ ဖြစ်ရမယ်လို့ အမြင်စောင်းလိုက်ပြီး ခပ်လှမ်းလှမ်းဝင် ကြိမ်ပင်ခုတ်လိုက်တယ်။ အချိန်ကမှောင်လာတော့မှာဖြစ်လို့ ခုတ်ပြီးသား ပြန်သယ်လာတဲ့ ကြိမ်ပင်တွေကို လှေပေါ် အမြန်တင်လိုက်တယ်။ ပြီးတာနဲ့ လှေပဲ့ပိုင်းမှာ တက်ထိုင်လိုက်ပြီး အမောပြေ ပြောင်းဖူးဖက်ဆေးလိပ်ကို မီးညှိဖွာရာက လှေတက်ကို တစ်ချက်၊ နှစ်ချက် လှော်လိုက် ရုံရှိသေး ဝုန်းဆိုတဲ့ အသံကြီးနဲ့ အတူ ဘာမှန်းမသိတဲ့ အကောင်

www.burmeseclassic.com

www.burmeseclassic.com

ကြီးတစ်ကောင် လှေဦးပိုင်းပေါ် ခုန်တက်လာတာကြောင့် လန့်သွားတယ်တဲ့။ ကြည့်လိုက်တော့ ကျားကြီးဖြစ်နေတယ်။ လှေကလည်း ကမ်းနဲ့ ကွာလာတာဆိုတော့ သူ ဘာလုပ်ရမှန်းမသိ ဖြစ်နေတော့တာပေါ့ကွာ။ ကျားက လှေဦးပိုင်းမှာ၊ သူက လှေရဲ့ပဲ့ပိုင်းမှာဖြစ်ပြီး ကြိမ်ပင်တွေက လှေအလယ်ကောင်မှာ အမောက်ကြီး တင်ထားလို့ ကျားနဲ့သူ နှစ်လံလောက် ခြားနေလို့ တော်သေးတယ်။ ကျားခုန်အုပ်တာနဲ့ သူ ရေထဲ ခုန်ဆင်းလိုက်ဖို့ပဲ ရှိတော့တယ်။ သူက မလှုပ်တော့ ကျားကလည်း မလှုပ်ဘူးတဲ့ကွ။ သူက မီးရဲရဲဆေးလိပ်ကို အဖွာမပျက်ဘဲ ကျောက်ရုပ်လို ငြိမ်နေတော့ ကျားက မီးရဲရဲကိုပဲ ကြည့်နေတယ်။ လူမလှုပ် ကျားမလှုပ် ရှိနေပေမယ့် လှေက ရေစီးနဲ့ မျောပါနေတယ်။

မှောင်ရီပျိုးလာတာကြောင့် ကျားအလစ်မှာ သူ ရေထဲ ခုန်ဆင်းဖို့ ဟန်ပြင်နေတုန်းမှာပဲ အဝေးက လှေတစ်စင်း မျက်နှာချင်းဆိုင် လာနေတာကို ဝိုးတဝါးမြင်လိုက်ရတယ်။ ကျားက ကျောခိုင်းထားတာဆိုတော့ မသိဘူးပေါ့လေ။ လာနေတဲ့လှေက အနားရောက်တော့ အဲဒီလှေပေါ်က လူက ဗျို့..ဆရာ၊ ဆေးလိပ်မီး တစ်တို့လောက် ပေးစမ်းပါလို့ လှမ်းတောင်းလိုက်တယ်။ အဲဒီမှာ အကြံပေါက်လိုက်ပြီး ရှေ့ကလူဆီမှာ ယူလိုက်ပါလို့ အော်ပြောလိုက်ရော ကျားက အဲဒီလှေပေါ်ကို ဝုန်းခနဲ ခုန်တက်လိုက်တာကြောင့် ကျား..ကျားလို့ အော်ဟစ်သံတွေ ပွက်လောရိုက်သွားတယ်။ သူကတော့ တစ်ချက်တောင် လှည့်မကြည့်ရဲဘူး။ သူ့လှေကို တက်သုတ်နှင်ပြီး လှော်ခတ်ပြေးခဲ့တယ်တဲ့ အောင်မင်းရ'

ဟု ဇာတ်သိမ်းလိုက်သဖြင့်-

'ဟား..ဟား..ကရင်ငပု..ငပု..ဟား..ဟား'

ဟု အောင်မင်း ရယ်လိုက်သော အသံသည် လက်ဖက်ရည်ဆိုင်ရှိ အခြားဝိုင်းများကို လွှမ်းမိုးသွား၏။

'ခင်ဗျားပြောတာ ဖြစ်ရပ်ဆန်းကြယ် ဟာသမြောက်ပါပေတယ်ဗျာ' ဟု ပြော၍ အောင်မင်းသည် ထပ်ရယ်မောနေလေ၏။

ဂမ္ဘီရ-လှမော်


ပဉ္စဂုဏ် အဟံ ဝန္ဒာမိ

# ဂမ္ဘီရ ဆရာလှမျိုး (B.Sc)

## ဒေအာင်ဆောင်းမြ (သာဓေဓ)

### ဗေဒင် + လက္ခဏာ + နဝင်းစီးယတြာပညာရှင်

- ❖ တစ်သက်တာ ဆောင်ရန်၊ ရှောင်ရန်များ။
- ❖ အချစ်ရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး၊ လုပ်ငန်းကိစ္စ အဆင်ပြေစေရန် ဇာတ်ရိုက်ဓာတ်ဆင်ယတြာ။
- ❖ တစ်နှစ်တာ ဟောစာတမ်း ရေးပေးခြင်း။ ကလေးအမည်ပေး၊ ဆိုင်,လုပ်ငန်း အမည်ပေးခြင်း။
- ❖ ကျန်းမာရေး လူမှုရေး စီးပွားရေး အိမ်ထောင်ရေးအတွက် နဝင်းချေပေးခြင်း။ နဝင်းစီးယတြာ ပြုလုပ်ပေးခြင်း။

မြောက်ဒဂုံမြို့နယ်၊ ပြည်ထောင်စုလမ်းမကြီး၊ တောင်-မြောက်လမ်းဆုံအနီး၊
ပြည်လုံးချမ်းသာ မြို့ဦးစေတီတော်၊ တောင်ဘက်မှန်။ (တိုးကြောင်ကလေး ဘုတာအနီး)
[၆၁၊ ၆၇၊ ၁၇၄၊ ၁၈၇၊ ၂၁၃၊ ရွှေရန်ကုန်၊ အမြိစိမ်း၊ အဓိပတိ(အစိမ်း) ကားများစီး၍
တောင်-မြောက် လမ်းဆုံမှတ်တိုင်တွင် ဆင်းပါ။)

နံနက်(၁၀း၀၀)နာရီမှ ညနေ(၄း၀၀)နာရီ။

ရပ်ဝေးမှလာမည့်သူများ ဖုန်း ၀၉၄၂၀၀၄၇၈၆၉ သို့ ကြိုတင်ဆက်သွယ်ပြီး လာရောက်ဆွေးနွေး ယတြာချေနိုင်ပါသည်။

www.burmeseclassic.com



# ရဲမြတ်တင်

# တိမ်သလ္လာဖုံးပါလို့

နေက ကျဲကျဲပူနေသည်။ ကောင်းကင်၌ နေလုံးကြီးက ဝင်းဝင်းတောက်လျက်ရှိသည်။ အပူရှိန်ကြောင့် ရှိရှိသမျှ သစ်ပင်တွေက ညှိုးကုပ်နေကြသည်။ လေငြိမ်နေသောကြောင့်လည်း သစ်ကိုင်းသစ်ခက်များက တုတ်တုတ်မျှ မလှုပ်သာဘဲ အပူဒဏ်ကိုသာ စင်းစင်းငြိမ်ခံနေကြရသည်။ မြစ်ပြင်တစ်လျှောက်၌မူ အပူငွေ့တွေက တရိပ်ရိပ် ပြေးလျက်ရှိသလို တံလျှပ်တွေကပါ တလက်လက် ထလျက် ရှိလေသည်။

ကိုမော်လွင်က ရွာလယ်လမ်းအတိုင်း လျှောက်လာခဲ့သည်။ သူလျှောက်လာခဲ့သော လမ်းတစ်လျှောက်လုံးမှာပင် ငါးခြောက်လှန်းစင်များကို တွေ့ရသည်။ ထိုလှန်းစင်များပေါ်၌ ကော့လန်ပျံနေသော ငါးသေးငါးမွှားတို့ကိုလည်းကောင်း၊ ပြားပြားကားကားနှင့် ကြီးမားလှသည့် ငါးခြောက်ပြားကြီးများကိုလည်းကောင်း သူ တွေ့ခဲ့ရသည်။ ထိုလှန်းစင်များပေါ်မှ ထွက်လာသော ပုပ်အဲ့အဲ့ အနံ့များကမူ သူ့နှာခေါင်းထဲ၌ မွှန်ထူ၍ပင်နေလေသည်။

ထိုသို့ လျှောက်လာခဲ့ရင်း မကြာမီပင် သူဝင်ရမည့် အိမ်ရှေ့သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လေတော့သည်။

'ဟော..ကိုမော်လွင်ကြီး လာပြီ။ လာ..လာ..ကို မော်လွင်၊ နေပူကြီးထဲ လျှောက်လာတာကိုး'

'သန်းနုတို့၊ အေးကြိုင်တို့ရေ၊ ဒီမှာ ကိုမော်လွင် ရောက်ပြီဟေ့။ ပစ္စည်းကြည့်မှာဆို၊ လာခဲ့ကြ'



www.burmeseclassic.com

www.burmeseclassic.com



ကိုမော်လွင်က အိမ်ထဲသို့ လှမ်းဝင်လိုက်သည်။ ကိုမော်လွင် ထိုင်ပြီးသည်နှင့် အိမ်ရှင် ကိုသောင်းလှက ယပ်တောင်တစ်ချောင်း ဆီး၍ ကမ်းသည်။ မကြာမီ အိမ်နီးနားချင်း အမျိုးသမီးလေး၊ ငါးယောက်ခန့်က အိမ်ပေါ်သို့ တက်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် ကိုသောင်းလှ၏ဇနီး မကျင်ဥကပင် စကားစလိုက်သည်။

'ကဲ..ကိုမော်လွင်၊ သူတို့ကလည်း ပစ္စည်းလေးတွေ ကြည့်ချင်လို့တဲ့။ သူတို့ကိုပါ တစ်ခါတည်း ပြလိုက်ပါဦး'

'ရပါတယ်ဗျာ၊ ရပါတယ်။ ပြရမှာပေါ့၊ ပြရမှာပေါ့'

လက်ထဲမှ ယပ်တောင်ကို ပြန်ချလိုက်သည်။ လက်ဆွဲအိတ်အတွင်းမှ သတ္တုဘူးကလေးကို ထုတ်ယူလိုက်သည်။ သတ္တုဘူးအဖုံးကို ဖွင့်၍လည်း အများရှေ့တွင် ချပြလိုက်သည်။ ဘူးထဲမှာတော့ ရွှေထည်လက်ဝတ်ပစ္စည်းကလေးများက အရောင်တလက်လက်ဖြင့် အလှချင်း ပြိုင်နေကြလေသည်။

'ပစ္စည်းတွေက အရင်တစ်ခေါက်ကထက်တောင် စုံနေပါသေးလား။ ဒီဆွဲပြားလေးက ဘယ်လောက်တဲ့လဲ'

'ကျုပ်တော့ ဟောဒီနားသံသီးလေးကို သဘောကျတာပဲ။ ကျုပ်သမီးနားနဲ့ အတော်ပဲ နေလိမ့်မယ်'

'ငါတော့ ဒီလက်စွပ်ကလေးကို ကြိုက်တယ်ဟေ့။ ပုံဆန်းကလေး။ ဒါ ဘယ်နှစ်ရွေးလောက် ရှိသလဲ'

ပစ္စည်းများကို ကြည့်ပြီး တစ်ယောက်တစ်ပေါက် ပြောနေကြသည်။ သူတို့သဘောကျသော ပစ္စည်းများကိုလည်း ရင်ဘတ်တွင် ကပ်ကြည့်လိုက်၊ လက်တွင် စွပ်ကြည့်လိုက်၊ နားနှင့် ချိန်ကြည့်လိုက်နှင့် ပြုလုပ်လျက်ရှိကြသည်။ သည်လိုနှင့်ပင် ပစ္စည်းသုံးလေးမျိုးလောက် ရောင်းထွက်သွားတော့သည်။ သို့သော် ပစ္စည်းကိုသာ ရောင်းလိုက်ရသော်လည်း ငွေကိုမူ ချက်ချင်းမရ။

မကျင်ဥကပင် ထုံးစံအတိုင်း-

'ပိုက်ဆံကိုတော့ တစ်ပတ်လောက်ဆိုင်းမှ ဖြစ်မယ်နော် ကိုမော်လွင်။ လောလောဆယ် ဘယ်သူမှ မလည်ကြသေးဘူး'

'ကောင်းပါပြီ၊ ကောင်းပါပြီ'

'ငါးခြောက်တွေက ရတော့မှာပါ။ ဒိုင်ကို ငါးခြောက်သွင်းပြီးတာနဲ့ ကိုမော်လွင့် ပစ္စည်းဖိုးက အံကိုက်ပဲပေါ့'

'ဟုတ်ပါပြီ၊ ဟုတ်ပါပြီ'

ထို့နောက် ခဏတစ်ဖြုတ်နား၊ ရေနွေးကြမ်းတစ်ခွက်၊ နှစ်ခွက် သောက်ပြီးသည်နှင့် ထိုအိမ်ပေါ်မှ ပြန်ဆင်းလာခဲ့သည်။ ရွာလယ်လမ်းအတိုင်း လျှောက်လာခဲ့ပြီး နောက်ထပ် ဖောက်သည်အိမ်တစ်အိမ်သို့ ဝင်ပြန်လေသည်။

ဤသည်မှာ ကိုမော်လွင့်အလုပ်ပင် ဖြစ်သည်။ သူက မြို့ပေါ်ရှိ ပန်းထိမ်ဆိုင်များမှ ရွှေထည်များကို ဝယ်ယူကာ နယ်တကာလှည့်ပြီး တစ်ဆင့်ရောင်းချသောအလုပ်ကို လုပ်ကိုင်သည်။ ဤမြစ်ရိုးတစ်လျှောက်ရှိ တံငါရွာကလေးများမှာ သူ အမြဲတမ်းလာနေကျ ဖောက်သည်ရွာကလေးများပင် ဖြစ်သည်။ သူက ခရီးတစ်ခါထွက်လျှင် တစ်လကျော်ကျော်လောက် ကြာတတ်သည်။ ရွာစဉ်တစ်လျှောက် ပစ္စည်းဝင်ရောင်းလိုက်၊ ပိုက်ဆံစောင့်ယူလိုက်နှင့်မို့ ထိုမျှလောက် ကြာမြင့်ရခြင်းဖြစ်သည်။ ဤအလုပ်မျိုးက ဤကဲ့သို့ စိတ်ရှည်ရှည်နှင့် မလုပ်၍လည်း မရပါ။

သူ ယခုရောက်ရှိနေသော စိန်ပန်းအမည်ရှိ တံငါရွာကလေးမှာ ဤတစ်ခေါက်အတွက်တော့ နောက်ဆုံးရွာပင် ဖြစ်သည်။ သူ့လက်ထဲတွင်လည်း လက်ကျန်ပစ္စည်းအသိပ်မရှိတော့ပြီ။ ဤရွာတွင် ပစ္စည်းဖိုးငွေ ကောက်ပြီးပါက ကိုမော်လွင် မြို့ပေါ်သို့ ပြန်တက်တော့မည်။

ရစရာရှိသော အကြွေးကို စောင့်ပြီး တောင်းရသောအလုပ်က သိပ်တော့ မခက်ခဲလှပါ။ ယူထားသော ပစ္စည်းဖိုးကို ရှောရှောရှူရှူပေးကြသည်က များပါသည်။ လိမ်သွားတာမျိုး၊ ညာသွားတာမျိုး၊ လက်ခက်နေတာမျိုးကို ကိုမော်လွင် တစ်ခါမျှ မကြုံဖူးခဲ့ပါ။ တောသူတောင်သားများပီပီ ရိုးသားကြသည်က များပါသည်။ တစ်ခုသာ ပြောစရာရှိသည်။ အချို့က ငွေအစား ငါးခြောက်ငါးခြမ်းတို့ကို ထိုးပေးလိုက်တတ်တာမျိုး ရှိတတ်သည်။ ထိုအခါမျိုးတွင် သူ့ဘက်ကလည်း ဇီဇာကြောင်မနေပါ။ ပေးလာသော ငါးခြောက်ကိုပင် ဒေသပေါက်ဈေးဖြင့် ချိန်ချက်ပြီး ကျေကျေနပ်နပ် ယူလိုက်သည်သာဖြစ်သည်။ ဤသည်မှာ အရှည်ကို ကြည့်သည့်သဘော၊ စီးပွားရေးအမြင်ပီသသည့် သဘောပင် ဖြစ်သည်ဟု ကိုမော်လွင်က နှလုံးပိုက်ထားသည်။

◆◆◆

ရွာထဲ လှည့်ပြီးသည်နှင့် ကိုမော်လွင်က တည်းခိုရာ အိမ်သို့ ပြန်လာခဲ့သည်။ သူတည်းခိုနေသောအိမ်မှာ ရွာအရှေ့ပိုင်းမှ ကိုသိန်းငွေ၊ မငွေးကြည်တို့အိမ် ဖြစ်သည်။

သူ ပြန်ရောက်ရောက်ချင်းပင် ကိုသိန်းငွေက ဆီး

www.burmeseclassic.com

www.burmeseclassic.com

ပြောတော့သည်။

'ကိုမောင်လွင်ရေ--ခုတင်ပဲ ကိုငြိမ်းမောင်တို့ လင်မယား ပြန်သွားတယ်။ ငါးခြောက်တောင်းတွေလည်း ထားခဲ့တယ်။ သူတို့ ဝယ်ထားတဲ့ လက်စွပ်ကလေးအတွက် ငွေအစား ငါးခြောက်ပဲ ပေးမယ်လို့ ခင်ဗျားကို ပြောထားတယ်ဆို'

'ဟုတ်တယ် ကိုသိန်းငွေ၊ ဟုတ်တယ်။ ငါးခြောက်က အချိန်ဘယ်လောက်တဲ့လဲ'

'(၂၈)ပိဿာနဲ့ (၅၀)သားလို့ ပြောသွားတာပဲ။ အဲဒါ ဟုတ်ရဲ့လား'

'ဒါဆို ဟုတ်ပါတယ်။ အဲဒီအတိုင်းပါပဲ'

'ခင်ဗျား ပြန်ချိန်ကြည့်ရင် ကြည့်ပါဦးလား။ ဟိုမှာ ချိန်ခွင်ရှိတယ်လေ'

'တော်ပါပြီဗျာ၊ မလိုတော့ပါဘူး။ အချင်းချင်းတွေပဲဟာ'

ကိုသိန်းငွေက ငါးခြောက်တောင်းများကို ညွှန်ပြလေသည်။ ကိုမော်လွင်က လျှောက်သွားလိုက်ပြီး တောင်းထဲမှ ငါးခြောက်တစ်ပြားကိုထုတ်၍ တစ်ချက်နမ်းကြည့်လိုက်သည်။ ထို့နောက် တောင်းထဲသို့ ပြန်ထိုးထည့်ထားလိုက်သည်။ ထိုအချိန်မှာပင် အိမ်ရှေ့လမ်းပေါ်မှ လှည်းဝင်ရိုးသံ တအီအီနှင့်အတူ သူ့နာမည်အား လှမ်းခေါ်လိုက်သည့် အသံကို ကိုမော်လွင် ကြားလိုက်ရသည်။ လှည့်ကြည့်လိုက်ရာ လှည်းတစ်စီးကို တွေ့လိုက်ရသည်။ လှည်းပေါ်တွင် လှည်းသမားဘေး၌ ကပ်ထိုင်နေသော ကိုထွန်းရွှေကို တွေ့လိုက်ရသည်။ ကိုထွန်းရွှေက ကိုမော်လွင်အား လက်မြှောက်ပြကာ အော်ဟစ်ပြောဆိုလိုက်သည်။

'ပြန်ပြီဗျို့ ကိုမော်လွင်၊ ခင်ဗျားမိန်းမကို ဘာပြောလိုက်ရဦးမလဲ။ မှာစရာရှိ မှာလိုက်လေ'

'လပြည့်ကျော်တစ်ရက်နေ့လောက် ပြန်ရောက်မယ်လို့ ပြောလိုက်ပါဗျို့ ကိုထွန်းရွှေ။ ငါးခြောက်တောင်းတွေ ပါလာမှာမို့ မော်တော်ဆိပ်ကို လာကြိုပါလို့လည်း ပြောလိုက်ပါဦး'

'ကောင်းပြီ၊ ကောင်းပြီ။ ပြောလိုက်မယ်၊ ပြောလိုက်မယ်'

လှည်းအီးသံကြောင့် အသံကို မြှင့်၍ အပြန်အလှန် ပြောဆိုကြရသည်။ ထို့နောက် လှည်းက မြစ်ဆိပ်ဘက်သို့ တအီအီနှင့် ထွက်ခွာသွားလေသည်။ လှည်းပေါ်တွင် တောင်းကြီး၊ တောင်းငယ်များဖြင့် ပြည့်မောက်လျက်ရှိရာ ထိုတောင်းများမှာ ကိုထွန်းရွှေ ဝယ်ယူလာသော ငါးခြောက်တောင်းများပင်ဖြစ်သည်။ ကိုထွန်းရွှေက ကိုမော်လွင် နည်းတူ မြို့ပေါ်တွင် နေထိုင်သူဖြစ်သည်။ သူက ဈေးထဲတွင် ငါးခြောက်ဆိုင်ကြီးတစ်ဆိုင်ကိုပါ ဖွင့်ထားသည်။ သူသည်လည်း ဤရွာသို့ တစ်လတစ်ကြိမ်လောက် ငါးခြောက် လာဝယ်လေ့ရှိသည်။

♦♦♦

နေချိသည်နှင့် ကိုမော်လွင်က ရေချိုးရန် မြစ်ဆိပ်သို့ ဆင်းလာခဲ့သည်။ တဘက်တစ်ထည်ကို ပခုံးပေါ်တင်ကာ ဆပ်ပြာခွက်ကို လက်က ကိုင်လာခဲ့သည်။ လမ်းတစ်လျှောက်၌ ရေချိုးဆင်းသူ၊ ရေခပ်ဆင်းသူများဖြင့် စည်ကားလျက်ရှိသည်။

သောင်ပြင်မရောက်မီ အိမ်တစ်အိမ်ရှေ့သို့အရောက်တွင် လူအချို့ စုရုံးစုရုံးလုပ်နေကြသည်ကို သူတွေ့လိုက်ရသည်။ ဆူဆူညံညံနှင့် တစ်ယောက်တစ်ပေါက် ပြောဆိုနေကြသံများကိုပါ ကြားရသည်။

ကိုမော်လွင်က နီးရာလူတစ်ယောက်ကို စပ်စုလိုက်မိသည်။

'ဘာဖြစ်နေကြတာလဲဗျ။ လူတွေ တရုန်းရုန်းနဲ့ပါလား'

'သူတို့သားလေး အိမ်ပြန်ရောက်လာလို့တဲ့။ ဆွေမျိုးသားချင်းတွေက ဝမ်းသာအားရဖြစ်နေကြတာ'

'ဩော်--ဘာများလဲလို့။ နို့--သူတို့သားက ဘယ်သွားတာမို့လို့လဲ'

'ဒါတော့ ကျုပ်လည်း မသိဘူး။ ဒီကောင်က အိမ်က ထွက်သွားတာတော့ ငါးနှစ်လောက်ရှိပြီ။ သေသလား၊ ရှင်သလား မသိဘဲ ပျောက်နေတာ။ ခုလို ရုတ်တရက်ပြန်ပေါ်လာတော့ ဝမ်းသာကြတာပေါ့။ ဟိုမှာ မအေလုပ်တဲ့သူ မျက်ရည်မစဲအောင် ငိုနေတာ ကြည့်ပါလား'

ကိုမော်လွင် လှမ်းကြည့်လိုက်သည်။ မှန်သည်၊ မိခင်လုပ်သူက သားပျောက်၏ လက်မောင်းတစ်ဖက်ကို မလွှတ်တမ်း ဖက်တွယ်ထားပြီး ကြုံကြုံပါအောင် ငိုနေရှာသည်။ ထိုမြင်ကွင်းကို သူ့ အတန်ကြာအောင်ပင် ငေးမောကြည့်နေမိသည်။ နောက်မှ သက်ပြင်းတစ်ချက်ကိုချကာ မြစ်

www.burmeseclassic.com

www.burmeseclassic.com

ဆိပ်ဘက်သို့ ဆက်လျှောက်လာခဲ့သည်။ မြစ်ဆိပ်ရောက်သော် ချက်ချင်း ရေမချိုးနိုင်သေး။ ကျောက်ဆောင်တစ်ခုပေါ်၌ထိုင်ကာ သူ ငိုင်တွေနေမိသည်။ ပြောရလျှင် စောစောက မြင်တွေ့ခဲ့ရသော မြင်ကွင်းက ယခုတိုင် သူ့အာရုံထဲမှာ စွဲကျန်လျက်ရှိသေးသည်။ ထိုမြင်ကွင်းမှတစ်ဆင့် ရရှိလိုက်သော ခံစားချက်ဝေဒနာကလည်း ယခုတိုင် သူ့ရင်ထဲမှာ တနုံ့နုံ့ဖြစ်နေရသေးသည်။

ကိုမော်လွင့်တွင်လည်း သားတစ်ယောက် ရှိသည်။ ထိုသားလေးနှင့် ကွဲကွာနေရသည်မှာလည်း (၁၀)နှစ်ခန့်ပင် ရှိရှာမည်။ ထို့ကြောင့် စောစောက မိဘနှင့်သားသမီး ပြန်လည်ပေါင်းဆုံခန်းကို တွေ့လိုက်ရသောအခါ သူ ရင်နှင့်အောင် ခံစားလိုက်ရသည်မှာ အဆန်းမဟုတ်ချေ။ မိမိသည်လည်း ကွဲကွာနေသော သားကလေးနှင့် ပြန်လည်ပေါင်းဆုံရပါမူ မည်မျှကောင်းပါမည်နည်း။ မည်သည့်ရုပ်ရည်မျိုး ရှိနေမည်မသိသော မိမိသားကလေးနှင့် ပြန်တွေ့လိုက်ရပါက မိမိမည်မျှလောက် ဝမ်းသာရပါမည်နည်းဟု သူ့အနေနှင့် အထူးပင် တောင့်တဆာလောင်လိုက်မိသည်မှာလည်း ဖြစ်သင့်ဖြစ်ထိုက်သော အကြောင်းအချက်ပင် ဖြစ်တော့သည်။

ကိုမော်လွင်မှာ အောက်သူအောက်သားတစ်ဦး ဖြစ်သည်။ သို့သော် သူက ငယ်စဉ်ကပင် အထက်အညာတစ်ခွင်၌ ကျင်လည်ခဲ့ရသည်။ ထိုဒေသ၌ ရွှေတူးသောအလုပ်ကို လုပ်ကိုင်ရင်း ထိုဒေသခံ အမျိုးသမီးတစ်ဦးနှင့်ပင် အိမ်ထောင်ကျခဲ့ရသည်။ သားလေးတစ်ယောက်ကိုပါ ရခဲ့သည်။ သားလေး၏နာမည်ကို မောင်ဝင်းမော်ဟု



မှည့်ခေါ်ခဲ့သည်။

သားလေး ရှစ်နှစ်သားခန့်အရောက်တွင် ဇနီးဖြစ်သူ ဆုံးပါးသွားသည်။ သူသည်လည်း ရွှေတော၏ဒဏ်ကြောင့် ငှက်ဖျားမိကာ အသည်းအသန်ဖြစ်ခဲ့ရသည်။ အိမ်ထောင်လည်းပျက် ရောဂါလည်းရကာ ဒုက္ခသုက္ခမျိုးစုံတို့နှင့် ကြုံဆုံခဲ့ရသည်။ နောက်ဆုံးတွင် သားလေးကို သူ့အဘိုးအဘွားများထံ ထိုးအပ်ခဲ့ပြီး အောက်ပြည်အောက်ရွာသို့ ကိုမော်လွင် အားချင်း ပြန်လာခဲ့ရသည်။ ငှင်းကပင် သားကလေးနှင့် အပြီးအပိုင် ခွဲခွာခဲ့ရခြင်း ဖြစ်တော့သည်။

သူ ငှက်ဖျားပျောက်ပြီးသော်လည်း နေရာဟောင်းသို့ ပြန်မသွားနိုင်တော့ပေ။ ဇာတိရပ်ရွာမှာပင် ဆက်လက်နေထိုင်ခဲ့တော့သည်။ နောက်အိမ်ထောင်ကိုပါ ပြုဖြစ်ခဲ့သည်။ နောက်အိမ်ထောင်ဖြစ်သော မသန်းသန်းဦးက သူ့ထက် အသက်အတန်ပင် ငယ်လှသည်။ သို့သော် အိမ်ထောင်သက်သာ တဖြည်းဖြည်း ရှည်ကြာလာသော်လည်း သန်းသန်းဦးနှင့် သားသမီးတစ်ဦးမျှမရ။ ထိုသို့မရသည့်အတွက်လည်း ရှိခဲ့ပြီးသော သားလေး မောင်ဝင်းမော်ကို ပို၍ အောက်မေ့ရသည်။ တမ်းတရသည်။ အဖေတကွဲ သားတကွဲ နေရသည့်အဖြစ်ကို တွေးမိလိုက်တိုင်း ဆွတ်ကျင်လွမ်းမောမိရသည်။

မဖြစ်ချင်တာ ဖြစ်ရ၊ ဖြစ်ချင်တာ မဖြစ်ရလေသည်မှာ လောကသဘာဝပင် ဖြစ်သည်။ ထိုသဘာဝအတိုင်း လက်ခံလိုက်နာရမည်မှာလည်း လူသားတိုင်း၏ ဘဝဧတာဝန်သာ ဖြစ်သည်။ ထို့ကြောင့် ကိုမော်လွင်သည်လည်း ဖြစ်ချင်သည့်ဆန္ဒနှင့် ဖြစ်နေရသောဘဝကို ကြိတ်မှိတ်အောင့်အည်းလျက် မချိတင်ကဲ ခံယူနေခဲ့ရသည်သာ။

♦ ♦ ♦

နောက်တစ်ပတ်မျှအကြာတွင် ကိုမော်လွင် မြို့ပေါ်သို့ ပြန်ရန် ပြင်လေသည်။ ပစ္စည်းဖိုး ရစရာရှိသည်များကိုလည်း အားလုံးကောက်ပြီးသွားလေပြီ။ ပစ္စည်းဖိုးကို အချို့က ပိုက်ဆံဖြင့် ပေးဆပ်ကြပြီး အချို့ကမူ ပိုက်ဆံအစားငါးခြောက်ကိုသာ ထိုးပေးကြလေရာ ကိုမော်လွင့်ထံတွင် ငါးခြောက်များပါ အတော်အတန် စုဆောင်းမိနေလေပြီ။ ပထမတွင် ထိုငါးခြောက်တောင်းများကို မော်တော်ပေါ်တင်ပြီး မြစ်ကြောင်းလမ်းမှ ပြန်ရန် စီစဉ်ခဲ့သေးသည်။ ထိုအတောအတွင်းမှာပင် ကားလမ်းပေါ်မှ ချူးနေသော



www.burmeseclassic.com

www.burmeseclassic.com

တံတားတစ်ခုက ပြန်လည်ပြင်ဆင်၍ ပြီးစီးသွားလေရာ ကိုမော်လွင်က ခရီးတွင်စေရန်အတွက် ကားလမ်းမှပင် ပြန်တော့ရန် ဆုံးဖြတ်လိုက်သည်။

ထို့ကြောင့် အိမ်သို့ မှာကြားထားသည့် လပြည့်ကျော်တစ်ရက်နေ့မှာပင် ငါးခြောက်တောင်းများကို ကားဖြင့်တင်ကာ ကိုမော်လွင် မြို့ပေါ်သို့ ပြန်တက်ခဲ့တော့သည်။

♦♦♦

ကိုမော်လွင် စီးလာသောကားက ဂိတ်ရှေ့မှာပင် ထိုးရပ်လိုက်သည်။ ကိုမော်လွင်က ကားပေါ်မှ ဆင်းလိုက်သည်။ ထို့နောက် တွန်းလှည်းသမားတစ်ယောက်ကို လှမ်းခေါ်ကာ သူ့ငါးခြောက်တောင်းများကို ညွှန်ပြ၍ အိမ်အရောက် ပို့ပေးရန် မှာကြားလိုက်သည်။ တွန်းလှည်းသမားကို မှာခဲ့ပြီးနောက် သူက အိမ်သို့ ခြေကျင်ပင်ပြန်လာခဲ့သည်။

တဖြည်းဖြည်း လျှောက်လာရင်း လမ်းဆုံသို့ ရောက်လာခဲ့သည်။ ထိုလမ်းဆုံမှာ ကားဂိတ်သို့သွားသော လမ်းနှင့် မော်တော်ဆိပ်သို့သွားသောလမ်း ဆုံတွေ့နေရာ ဖြစ်သည်။ ထိုလမ်းဆုံ၌ပင် လက်ဖက်ရည်ဆိုင်တစ်ဆိုင် ရှိသည်။

ကိုမော်လွင် ထိုလက်ဖက်ရည်ဆိုင်ရှေ့သို့ အရောက်တွင် တစ်စုံတစ်ယောက်က သူ့ပခုံးကို လှမ်းဆွဲလိုက်သည်။ သူ လှည့်ကြည့်လိုက်ရာ ဆံပင်ညှဥ်းသိုးသိုး၊ မျက်နှာပွစိစိ၊ မုတ်ဆိတ်၊ နှုတ်ခမ်းမွေး ကျိုးတိုးကျဲတဲနှင့် လူတစ်ယောက်ကို တွေ့လိုက်ရသည်။ တစ်ပြိုင်တည်းမှာပင် ထိုလူ့ထံမှ ချဥ်စုတ်စုတ် အရက်နံ့ကိုပါ ရှူရှိုက်လိုက်ရလေရာ ကိုမော်လွင်က နှာခေါင်းရှုံ့လိုက်မိသည်။

ထိုလူက စကားစသည်။

'ဟေ့ကောင် မော်လွင်၊ ဘယ်က ပြန်လာတာလဲ'

'နယ်က ပြန်လာတာကွ။ ခုပဲ ရောက်တာ'

'ဟုတ်လား၊ မင်းကို ငါ ပြောစရာတစ်ခု ရှိတယ်'

'နောက်မှ ပြောကွာ။ ငါ အခု မအားသေးဘူး။ နောက်မှာ ငါးခြောက်လှည်း ပါလာတယ်'

ပြောပြီး ကိုမော်လွင်က ဆက်လျှောက်ရန် ပြင်သည်။ သို့သော် ထိုလူက ကိုမော်လွင့်လက်မောင်းကို ဆွဲမြဲဆွဲထားသည်။ သို့အတွက် ကိုမော်လွင်က ဒေါသထောင်းခနဲ ထွက်သွားသည်။ မျက်မှောင်ကိုကြုတ်၍လည်း ခပ်ထန်ထန် ပြန်ကြည့်လိုက်မိသည်။ ပြောရလျှင် သူက သည်လိုလူစားမျိုးနှင့် စကားလည်း မပြောချင်သလို မျက်နှာချင်းလည်း မဆိုင်ချင်။ သည်ကောင့်နာမည်က ကျော်ကင်းဖြစ်သည်။ ငယ်ငယ်တုန်းကတော့ တွဲဖော်တွဲဖက် သူငယ်ချင်းတစ်ယောက် ဖြစ်ခဲ့ဖူးသည်။ သို့သော် ယခုတော့ သည်ကောင့်ကို ငယ်စာရင်းမှ ဖျက်လိုက်သည်မှာ ကြာချေပြီ။ အကြောင်းမှာ သည်ကောင်က လူဆိုးဖြစ်သည်။ လူမိုက်ဖြစ်သည်။ ထောင်ထွက်ဖြစ်သည်။ ပိုက်ဆံရလျှင် ဘာမဆိုလုပ်တတ်သော ဒုစရိုက်သမားဖြစ်သည်။ ထို့ကြောင့် သည်ကောင်နှင့်တွေ့လျှင် ဝေးဝေးရှောင်ခဲ့သည်မှာလည်း ကြာခဲ့ချေပြီ။

ယခုတော့ တည့်တည့်ဝင်တိုးမိလေပြီ။ ထို့မျှမက သူ့ကိုပါ မရမက ဆွဲထားပြန်လေပြီ။ အရက်ဖိုးရဖို့ အတင်းမိုက်ကြေးခွဲပြီး တောင်းတော့မည်ဟု သူ ထင်လိုက်မိသည်။ သို့သော်–

'နေစမ်းပါဦးကွ မော်လွင်ရ၊ ဘယ်လိုဖြစ်နေတာလဲ။ ငါပြောမယ့် အရေးကြီးတဲ့ စကားကို မင်း နားမထောင်တော့ဘူးလား။ မင်းမိန်းမ သန်းသန်းဦး နောက်ပိုင်းမှာ ဘာတွေဖြစ်ပျက်နေတယ်ဆိုတာ မင်းမသိချင်တော့ဘူးလား'

ထူးဆန်းသောစကားကြောင့် ကိုမော်လွင် ရုတ်ခြည်း စိတ်ပြောင်းသွားသည်။ မျက်နှာပါ ပြောင်းသွားသည်။ ကိုယ်လုံးကို တစ်ဖက်သို့ စောင်းနေရာမှ ကျော်ကင်းဘက်သို့ တည့်တည့်လှည့်လိုက်သည်။ သိချင်စိတ်ဖြင့်လည်း မေးလိုက်သည်။

'ဆိုစမ်းပါဦး။ ငါ့မိန်းမ ဘာဖြစ်နေလဲ'

'ဟဲ..ဟဲ..ဒီလိုမှပေါ့။ လာ..ငါပြောပြမယ်။ ဆိုင်ထဲ ဝင်ရအောင်'

ကျော်ကင်းက ရှေ့မှနေ၍ ဆိုင်ထဲ ဝင်သွားသည်။ ကိုမော်လွင်က သံလိုက်နှင့် အဆွဲခံလိုက်ရသလို ကျော်ကင်းနောက်မှ ကပ်၍ လိုက်ပါသွားသည်။ ချောင်ကျကျစားပွဲတစ်ခုတွင် နှစ်ယောက်သား ထိုင်လိုက်ကြသည်။ ကျော်ကင်းက ဘေးဘီကို တစ်ချက်ဝင့်ကြည့်လိုက်ပြီးမှ လေသံတိုးတိုးဖြင့် ပြောလိုက်သည်။

'မပြောမရှိနဲ့ ဟေ့ကောင်၊ မင်းမိန်းမ ယောကျ်ားတစ်ယောက်နဲ့ စခန်းသွားနေတယ် နားလည်လား'



www.burmeseclassic.com

www.burmeseclassic.com

'ဟင်'

ရှတ်ခြည်းပင် မျက်စိကျယ်သွားသည်။ မျက်နှာတွေ၊ နားရွက်တွေ ထူပူသွားသည်။ နှလုံးသွေးကပါ တဒိန်းဒိန်း ဆောင့်ခုန်လာသည်။

'မင်း··မင်း··တကယ်ပြောနေတာလား ဟော့ကောင်'

'တကယ်ပြောတာပေါ့ကွ။ ဘာလဲ၊ ငါ့ကို လူဆိုးဆိုပြီး ငါပြောတဲ့စကားကို မယုံချင်ဘူးလား။ ဒီပြင်အချိန်မှာ မင်းက ငါ့ကို မတွေ့ချင်ဘူးဆိုရင် ငါကလည်း ကျောခိုင်းသွားလိုက်ရုံပေါ့ကွ။ ဘာဂရုစိုက်စရာလဲ။ ခုကိစ္စက မင်းဘဝ တစ်ခုလုံးနဲ့ သက်ဆိုင်နေတဲ့ ကိစ္စမို့လို့ ငါက သူငယ်ချင်းစိတ်နဲ့ ဝင်သတိပေးတာကွ။ နားလည်လား ဟော့ကောင်'

ရင်တွင်း၌ ယောက်ယက်ခတ်ရလေပြီ။ ပူလောင်ရလေပြီ။ ခြောက်ကပ်ကပ်အသံဖြင့် ကျော်ကင်းကို အလျဉ်စလို မေးလိုက်မိသည်။

'မင်းက ဘာတွေ့သလဲ ပြောပါဦး'

'တွေ့တာပေါ့ကွ။ မင်းကောင်မက ခင်ငယ်ငယ်ကောင်လေးတစ်ယောက်နဲ့ဖြစ်နေတာ။ ပထမတစ်ခါ အဲဒီကောင်လေးနဲ့ ညမိုးချုပ်ခါနီး ဘုရားစောင်းတန်းပေါ် တက်သွားတာ မြင်လိုက်ရတယ်။ မင်းမိန်းမက အဲဒီကောင်လေးရဲ့ ပခုံးကို ဖက်လို့။ နောက်တစ်ခါကတော့ မင်းအိမ်ပေါ်မှာကို တွေ့ရတယ်။ အဲဒီကောင်လေး မင်းအိမ်ပေါ် တက်သွားတာ တွေ့လိုက်ရတာနဲ့ ငါလည်း ပထမတစ်ကြိမ်ကတည်းက မသင်္ကာဖြစ်ထားတာဆိုတော့ သူ့နောက်က မသိမသာ လိုက်ချောင်းလိုက်မိတယ်။ လား··လား··ဒီတစ်ခါတော့ သူတို့နှစ်ယောက်ကို အိပ်ရာထဲမှာ တန်းလန်းကြီး တွေ့ရတော့တာပဲ။ ကောင်လေးက ပက်လက်အိပ်လို့။ မင်းကောင်မက ကောင်လေးဘေးမှာထိုင်ပြီး ကောင်လေးနဲ့ မျက်နှာချင်းအပ်လို့။ ကိုင်း··ဒီထက်သေချာတာ ဘာရှိသေးလဲ'

'တောက်'

အံကို တင်းတင်းကြိတ်လိုက်မိသည်။ လက်သီးကိုပါ ကျစ်ကျစ်ဆုပ်လိုက်မိသည်။ မျက်လုံးတွေက မီးဝင်းဝင်း တောက်လာသလို သူ့တစ်ကိုယ်လုံးပါ နတ်ကျသလို တဆတ်ဆတ် တုန်စပြုလေပြီ။

ရှတ်ခြည်းပင် အသက်ငယ်ငယ် အရွယ်နုနုနှင့် ပလီပလာ တီတီတာတာ ပြောတတ်စွာသော သန်းသန်းဦးအား လျှာနှစ်ခွနှင့် မြွေဟောက်မအသွင်သို့ ပြောင်းလဲမြင်ယောင်လိုက်မိသည်။

ထိုစဉ် ကျော်ကင်းက-

'ဟော့ကောင် မော်လွင်၊ ဟိုမှာတွေ့လား။ အဲဒီကောင်ပဲ၊ အဲဒီကောင်ပဲ။ မင်းမိန်းမနဲ့ ဖြစ်နေတာ အဲဒီကောင်ပဲ' ဟု ပျာပျာသလဲပြောကာ လက်ညှိုးထိုးပြလေသည်။

ကိုမော်လွင်က ဆတ်ခနဲ လှမ်းကြည့်လိုက်သည်။

လမ်းဟိုဘက်၌ အရပ်မြင့်မြင့် ကိုယ်လုံးထွားထွားနှင့် လူငယ်တစ်ယောက်က မော်တော်ဆိုင်ဘက်သို့ သွားနေလေသည်။ ဘောင်းဘီရှည်နှင့် ဂျင်းဂျာကင်ကို ဝတ်ဆင်ထားသော ထိုသူမှာ ဆံပင်က ရှည်ရသည့်အထဲ ခေါင်းကိုပါ အောက်သို့ ငုံ့ထားလေရာ မျက်နှာကို သဲကွဲစွာ မမြင်ရပေ။

'ဘယ်ကကောင်လဲ မသိဘူး။ တို့ရပ်ကွက်ထဲမှာလည်း တစ်ခါမှ မမြင်ဖူးဘူး။ မဟုတ်မှလွဲရော ဒီကောင် ကမ်းနားဘက်ကကောင် ဖြစ်ရမယ်'

ကိုမော်လွင် တရှူးရှူးတရှဲရှဲ ဖြစ်သွားသည်။ ထိုသူအား စားတော့ဝါးတော့မတတ် စူးစိုက်ကြည့်ရင်း သူ့ရင်ဘတ်ကြီးက တမောက်ကြွကြွ ဖြစ်လာသည်။ စိတ်ကို မထိန်းနိုင်တော့ဘဲ ထိုင်ရာမှထရန် ပြင်လိုက်သည်။ သို့သော် ကျော်ကင်းက သူ့ကို အချိန်မီဆွဲ၍ တားဆီးလိုက်သည်။

'နေစမ်းပါ၊ မင်း အသာနေ။ ဒီကိစ္စ ငါရှင်းပေးမယ်။ မင်းအမှိုက်ကို ငါ တံမြက်စည်းလှည်းပေးမယ်။ ဒီမှာကြည့် ဟော့ကောင်'

ပြောပြီး ကျော်ကင်းက သူ့ကုတ်အင်္ကျီအဟောင်းကြီးအား အသာလှစ်ပြလိုက်သည်။ အတွင်းမှာတော့ ကွဲ[illegible] အရိုးတပ် ဓားမြှောင်တစ်ချောင်းကို အိမ်နှင့်တကွ တွေ့ရသည်။ မျက်စိကို ခပ်မှေးမှေးပြုလျက် ကျော်ကင်းက မေးလာသည်။

'ဘယ်လိုလဲ၊ ဒီကောင့်ကို ငါ အပြတ်ရှင်းလိုက်ရမလား။ ဒါမှမဟုတ် မှတ်လောက်သားလောက်အောင် လုပ်ပြလိုက်ရမလား။ မင်း ဘာဖြစ်ချင်သလဲ'

ကိုမော်လွင်က ချက်ချင်းပြန်မဖြေနိုင်။ နှုတ်ခမ်းကို ကိုက်၍ တွေဝေနေသည်။



www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့မှ 'မင်းသဘောပဲ။ မင်းလုပ်ချင်သလို လုပ်လိုက်ပေတော့'ဟု ပြန်ပြောလိုက်သည်။

'ကောင်းပြီ၊ ဒါဖြင့် ငါကြည့်လုပ်လိုက်မယ်။ ဈေးကတော့ သူ့ဈေးနဲ့သူ ရှိတယ်နော် သူငယ်ချင်း။ အပျောက်ဆိုရင် ဘယ်လောက်၊ ပညာပေးရုံဆိုရင် ဘယ်လောက်ပေါ့'

'အေးပါ၊ မင်းသဘောအတိုင်း ဖြစ်စေရပါ့မယ်။ ဒါပေမဲ့ ငါ့ဘက်ကိုတော့ အမှုပတ်မလာစေနဲ့နော်'

'ဒါတွေ ထားစမ်းပါ၊ ရိုးနေပြီ။ ဒီမှာ မင်းအတွက်နဲ့ ငါ ထောင်ထဲမှာ နေရမယ်ဆို တစ်သက်လုံး နေလိုက်မယ်ကွာ၊ သိပြီလား။ လောလောဆယ် ငါ့အရက်ဖိုး နည်းနည်းပေး။ ကျန်တာ ပြီးမှရှင်းမယ်'

ကိုမော်လွင်က ကျော်ကင်းလက်ထဲ ငါးထောင်တန် တစ်ရွက် ထိုးထည့်ပေးလိုက်သည်။ ထိုအခါ ကျော်ကင်းက သူ့ပခုံးကိုပုတ်ကာ ပြန်ပေတော့ သူငယ်ချင်းဟုပြောပြီး ထိုင်ရာမှ ထလိုက်သည်။ ကိုမော်လွင်ကပါ ထရပ်လိုက်သည်။ ထို့နောက် ကျော်ကင်းက အရက်ဆိုင်ဘက်သို့ ထွက်သွားပြီး ကိုမော်လွင်က သူ့အိမ်ဆီသို့ လျှောက်လာခဲ့သည်။ လက်ဖက်ရည်ဆိုင်ထဲဝင်ပြီး ဘာမျှသောက်မသွားသော သူတို့နှစ်ဦးကိုကြည့်ကာ ဆိုင်ရှင်က အံ့အားသင့်နေလေသည်။

◆◆◆

ကိုမော်လွင် အိမ်ထဲ ဝင်လိုက်သည်နှင့် 'ဟော··အစ်ကိုကြီး ပြန်လာပြီ'ဟူသော အသံနှင့်အတူ သန်းသန်းဦးက သွက်လက်ရွှင်မြူးစွာ အိမ်ပေါ်မှ ဆင်းလာလေသည်။

ကိုမော်လွင့်လက်ထဲမှ အိတ်ကိုလည်း လှမ်းယူရန်ပြင်လိုက်သည်။ သို့သော် ကိုမော်လွင်က သူမ၏ လက်ကို ပုတ်ထုတ်လိုက်ပြီး နေရာမှာပင် ခပ်တောင့်တောင့် ရပ်နေလိုက်သည်။ သန်းသန်းဦး၏ မျက်နှာကိုလည်း စိမ်းစိမ်းစိုက်ကြည့်နေလိုက်သည်။ သန်းသန်းဦးက ရုတ်တရက်မို့ ခပ်ကြောင်ကြောင်လေးဖြစ်သွားသည်။ မျက်နှာကပါ ပျက်သွားသည်။

သို့သော် ချက်ချင်းပင် မျက်နှာကို ပြင်လိုက်ပြီး 'ဟော··အစ်ကိုကြီး၊ တစ်ယောက်ယောက်နဲ့ ရန်ဖြစ်လာပြီ ထင်တယ်။ ဟုတ်လား'ဟုပြောကာ ခပ်လွင်လွင်ကလေး ရယ်လိုက်သည်။

ကိုမော်လွင်က တုတ်တုတ်မျှမလှုပ်။ မုန်းတီးသော အကြည့်၊ နာကြည်းသော အကြည့်တို့ဖြင့်သာ သန်းသန်းဦးကို ကြည့်မြဲ ကြည့်နေသည်။

'ဘာလို့ လူကို ဒီလိုကြည့်နေတာလဲလို့။ ဒီက သူ့အတွက် ဝမ်းသာစရာစကား ပြောမယ့်ဟာလေးတောင် ဘယ်ရောက်သွားမှန်း မသိဘူး'

နှုတ်ခမ်းကိုစူရင်း ခြေကိုဆောင့်ရင်း သန်းသန်းဦးက ပြောသည်။ ထိုပုံစံကိုမြင်ရလေ ကိုမော်လွင်က လည်ပင်းညှစ်ပြီး သတ်ချင်လေ။

'အစ်ကိုကြီးအတွက် အကောင်းဆုံးလက်ဆောင် ပေးမလို့ရှင့်။ မယူတော့ဘူးလား'

'ဘာလက်ဆောင်တုံး။ နင့်သောက်လက်ဆောင်က'

ပြန်ပြောလိုက်သောစကားက ဒေါသကြောင့် အတော်ကျယ်သွားသည်။ သို့သော် သန်းသန်းဦးက ဒါကို အမှုမထားဘဲ ကြည်စင်သော မျက်နှာလေးဖြင့် သူ့ကို ခပ်လောလောပင် ပြောချလိုက်သည်။

'မောင်ဝင်းမော်လေ··မောင်ဝင်းမော်။ အစ်ကိုကြီးသား မောင်ဝင်းမော်။ အခု ဒီကိုရောက်နေပြီ သိရဲ့လား'

'ဘာရယ်'

နှုတ်မှ အလျဉ်စလို ထွက်သွားသည်။ ပထမဆုံးအကြိမ်အဖြစ် သူ့တစ်ကိုယ်လုံး တုန်သွားသည်။ စိတ်ကပါ ပြောင်းလဲသွားသည်။

'ဟုတ်တယ် အစ်ကိုကြီး၊ မောင်ဝင်းမော် ဒီကို ရောက်နေတာ တစ်ပတ်တောင် ရှိနေပြီ။ သူ ဒီအိမ်လိပ်စာကို စုံစမ်းပြီး လိုက်လာတာတဲ့။ သူ ခရီးပန်းလာပြီး အဖျားတောင် ဝင်သေးတယ်။ ကျွန်မက ဆေးတိုက်၊



www.burmeseclassic.com

ရေပတ်တိုက်နဲ့ တော်တော်ကို ပြုစုလိုက်ရသေးတယ်။ အဖေ့ဆီကို ချက်ချင်းလိုက်သွားမယ် ပြောနေလို့ ကျွန်မက မနည်းတားထားရတယ်'

ကိုမော်လွင် ဇဝေဇဝါဖြစ်စပြုပြီ။

'မောင်ဝင်းမော်ကို အစ်ကိုကြီးတွေ့ရင် အံ့သြမှာပဲ။ အစ်ကိုကြီးသားက လိမ်လည်း လိမ်မာတယ်။ ရုပ်လည်း ချောတယ်။ ကျွန်မဖြင့် သူ့ကိုမြင်မြင်ချင်း သိပ်ချစ်တာပဲ။ သူ့ကို ဘုရားတွေ စုံအောင်လည်း ကျွန်မ လိုက်ပို့ပြီးပြီ။ သားကို ဟိုပြန်မလွှတ်တော့ဘဲ ကျွန်မတို့နဲ့ အပြီးခေါ်ထားရအောင်နော် အစ်ကိုကြီး'

ကိုမော်လွင် အချောက်ချားကြီး ချောက်ချားရလေပြီ။

'ဒီနေ့ အစ်ကိုကြီး မော်တော်နဲ့ ပြန်လာမယ်ဆိုလို့ ကျွန်မ သူ့ကို အကြိုလွှတ်လိုက်တယ်။ သားအဖ နှစ်ယောက် မမျှော်လင့်ဘဲ ပြန်တွေ့ကြပြီး ဝမ်းသာအားရ ဖြစ်ရအောင်လို့'

'နေ..နေဦး၊ နင်ပြောတဲ့ ငါ့သား မောင်ဝင်းမော်က အရပ်မြင့်မြင့် လူကောင်ထွားထွား ဆံပင်ရှည်ရှည်နဲ့၊ ဂျင်းဂျာကင်နဲ့၊ ဘောင်းဘီရှည်နဲ့ဟာလား'

'ဟုတ်ပါ့..ဟုတ်ပါ့။ အစ်ကိုကြီး တွေ့လိုက်သလား။ ဘယ်နားမှာ တွေ့လိုက်လဲ'

သွားလေပြီ။ လောကကြီးတစ်ခုလုံး အိုးထိန်းစက်ပမာ ချာချာလည်သွားရလေပြီ။ ကိုမော်လွင် တောင့်တောင့်ကြီး ဖြစ်သွားသည်။ မတ်တတ်ကြီး မေ့သွားသည်။ လက်ထဲက အိတ်ပါ မြေပြင်ပေါ် ဘုတ်ခနဲ ပြုတ်ကျသွားသည်။

သို့ငြား ထိုနည်းအတိုင်း ကြာကြာတော့ ဖြစ်မနေပါ။ ချက်ချင်းပင် သတိဝင်လာသလို အမြန်ဆုံးလည်း လှုပ်ရှားလိုက်သည်။ လမ်းပေါ်တွင် ဆိုင်ကယ်တစ်စီး ရပ်ထားသည်။ ထိုဆိုင်ကယ်ပေါ်တွင် လူငယ်တစ်ဦးရှိပြီး ထိုလူငယ်က အခြားလူငယ်တစ်ဦးနှင့် စကားပြောနေသည်။ ကိုမော်လွင်က အပြင်သို့ ပြေးထွက်ကာ ထိုလူငယ်အား ဆိုင်ကယ်ပေါ်မှ အတင်းတွန်းချလိုက်သည်။ ထို့နောက် ဆိုင်ကယ်ပေါ် အမြန်တက်ခွလိုက်ပြီး မော်တော်ဆိပ်ဘက်သို့ တရကြမ်း မောင်းထွက်သွားတော့သည်။

သန်းသန်းဦးနှင့် ထိုလူငယ်များ အံ့အားသင့်နေကြစဉ်မှာပင် ဆိုင်ကယ်က သူတို့မြင်ကွင်းမှ ပျောက်ကွယ်သွားလေပြီ။

ရဲမြတ်တင်


အရေပြားရောဂါအတွက် စိတ်အချရဆုံးမှာ **လေးယိုမက်**

**နှင်းခူ၊ ပွေး၊ ဝဲ လိမ်းဆေး** **ဟိမဝန္တာ သွေးသန့်ဆေး**

# ခရုသင်း · သမင်ဖြူ

ခရုသင်း၊ သမင်ဖြူ၊ နီ၊ နက်ကွက်များ၊ အနာကြီးရောဂါ၊ ဆိုရီရေးစစ်ရောဂါ၊ မှို့စွဲရောဂါ၊ ခြေလက်အက်ကွဲရောဂါ၊ ဝက်ခြံ၊ တင်းတိပ်၊ ညှင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူနှင့် အရေပြားရောဂါအမျိုးမျိုး၊ **ကာလသားရောဂါ**၊ ဆီးပူညောင်းကျ၊ ဂနိုရီးယားရောဂါ၊ ဆစ်ဖလစ်၊ ရှင်ကရှိုက်၊ ရေယုန်၊ မုက္ခရုနာ၊ ကြွက်နို့၊ ငါးမျက်စိ၊ ဝဲ၊ ရိဖြူဆင်းရောဂါ၊ အသားအရေ မည်းခြင်း၊ ခြောက်ခြင်း၊ ပူခြင်း၊ ယားယံခြင်း ရောဂါများကို

**အဆင့်မြင့် အိန္ဒိယ ယူနာနီ** တိုင်းရင်းဆေး နည်းပညာ၊ အစွမ်းထက်သော တိုင်းရင်းဆေးကုထုံးများဖြင့် ကုသပေးနေပါသည်။

**လေးယိုမက်** အရေပြားရောဂါ အထူးကုဆေးတိုက်

**အမှတ်(၂၂၁)၊ ၃၂-လမ်း(ထက်)၊ ၃-ထပ်၊ ရန်ကုန်မြို့။ PH: 252598, 243851**

နယ်မှ ဆေးအရှင်များ ကြိုတင်ငွေပို့စနစ်ဖြင့် စာတိုက်မှတစ်ဆင့် မှာယူနိုင်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com



(ယောမြို့) ဆရာပြောင်၊ ဆရာအောင်၊ ဆရာထွန်းမင်းအောင်တို့၏ သားတပည့်

# ရှမ်းဆရာ ဦးစိုင်းငွေလှိုင်

(ဝမ်းတွင်းမှော်စက်ရှင်)

လူအများ၏ ကောင်းကျိုးချမ်းသာအတွက် အံ့ဖွယ်နက်နဲသော ပညာရပ်များဖြင့်သာ ကူညီဆောင်ရွက်မည်။

စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ အိမ်ထောင်ရေး(အချစ်ရေး)၊ နိုင်ငံရပ်ခြားကိစ္စများနှင့် ဘာသာ၊ သာသနာရေး ကိစ္စရပ်များ၊ အိမ်မြေ၊ ခြံမြေ၊ တိုက်တာ၊ ကား ရောင်းဝယ်ခြင်းများ၊ အိမ်တွင်း/အိမ်ပြင် မည်သည့်ပယောဂနှင့်ယှဉ်သော အနှောင့်အယှက်၊ အတိုက်အခိုက်များမဆို ရက်ပိုင်းအတွင်း တိကျမှန်ကန် မြန်ဆန်အောင်မြင်စွာ ဖြေရှင်းဆောင်ရွက်ပေးပါသည်။

**ဆရာနှင့်တွေ့ချိန် - နေ့စဉ် (ဗာနုဿာနေ့မှအပ)**

**နံနက်(၉)နာရီ မှ ညနေ(၄)နာရီ အထိ**

**အမှတ်-၅၀ရ၊ လှော်ကားလမ်းမကြီး (ဘုန်းကြီးကျောင်းကွေ့ကားမှတ်တိုင်ရှေ့)၊ (၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ☎ ၀၉ ၅၃၀ ၅၂၉၅၀**

---

NHV

# နေရှင်နယ် (မီသားစု)

NHV

## ဗီဒီယို၊ ဓာတ်ပုံ ရိုက်ကူးရေး

- အလှူမင်္ဂလာညွှေ့ခံပွဲ၊ မွေးနေ့မင်္ဂလာ၊ အစည်းအဝေးမှတ်တမ်း၊ ကုန်ပစ္စည်းကြော်ငြာနှင့် ဓာတ်လမ်းသီချင်းများ၊ (MTV) လက်ခံရိုက်ကူးပေးခြင်း၊
- Video Tape များအား VCD,DVD ပြုလုပ်ပေးခြင်း၊
- ဓာတ်ပုံများအား VCD,DVD Slide Show ပြုလုပ်ပေးခြင်းများကို မိတ်ဆွေတို့၏စိတ်တိုင်းကျ လက်ခံဆောင်ရွက်ပေးပါသည်။

ချိုနိုင် (ကျုံမျော်) ဖုန်း-09 51 27772 09 44 8539721 09 55 06850 09 42 1022785

www.burmeseclassic.com

www.burmeseclassic.com

အောက်အီးအီးအွတ်။

စခန်းနှင့် ခပ်လှမ်းလှမ်းရှိ ရွာထဲတစ်နေရာမှ တွန်လိုက်သော ကြက်တွန်သံကြောင့် စိုးလွင်တစ်ယောက် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေရာမှ နိုးလာခဲ့သည်။ အိပ်ရာပေါ်မှ အသာထလိုက်ကာ လက်တွင် ပတ်ထားသော နာရီကို ကြည့်လိုက်သောအခါ နံနက်ငါးနာရီ ထိုးပြီးနေကြောင်း တွေ့လိုက်ရသည်။

ခုတင်အောက်တွင် ချွတ်ထားသော ဖိနပ်ကို စီးလိုက်ပြီး တဲအပြင်ဘက်သို့ထွက်ရန် ပြင်လိုက်စဉ်မှာပင် တဲထဲတွင် အတူနေသော ကိုသန်းအောင် ခုတင်ဆီမှ လွန့်လူး လိုက်သံနှင့်အတူ တစ်ဆက်တည်းပင် လှမ်းမေးလိုက်သံကိုပါ ကြားလိုက်ရသည်။

'ညီလေးစိုးလွင်၊ နိုးနေပြီလားကွ။ ဘယ်နှစ်နာရီထိုးနေပြီလဲ။ အစ်ကိုလည်း ရာသီဥတုက အေးအေးနဲ့ဆိုတော့ အိပ်ပျော်သွားလိုက်တာကွာ'

'ငါးနာရီထိုးပြီးနေပြီ အစ်ကို။ ဒီနေ့ ကွင်းဆင်းရမယ့်နေရာကဝေးတော့ တစ်ညှ၊ နှစ်ညလောက် ယာယီစခန်းချပြီး လုပ်မှရမယ်လို့ မနေ့ညက ဆရာဦးမြင့်သူ ပြော



www.burmeseclassic.com

www.burmeseclassic.com

ထားတယ်။ အဲဒါကြောင့် ပြင်ဆင်စရာလေးတွေ နည်းနည်းကျန်နေသေးလို့ ကျွန်တော် ထလိုက်တာ စောပါသေးတယ် အစ်ကို။ အိပ်ချင် အိပ်ဦးလေ'

'မအိပ်တော့ပါဘူးကွာ။ အစ်ကိုလည်း မနေ့ကတည်းက ပြင်ဆင်သင့်သလောက်တော့ ပြင်ပြီးပါပြီ။ ဒါပေမဲ့ ယူသွားရမယ့် ပစ္စည်းတွေ စုံ၊မစုံပြန်စစ်ကြည့်ရဦးမယ်'

# ဖုန်းဆိုးတောမှာ ဖမ်းစားခံရသူ



နှစ်ယောက်သား စကားပြောရင်း အိပ်ရာများကို သိမ်းလိုက်ကာ တဲအပြင်ဘက်သို့ ထွက်ခဲ့ကြသည်။ တဲအပြင်ဘက်တွင် စခန်းရှိ လူအားလုံးလိုလိုပင် နိုးနေသည်ကို တွေ့လိုက်ရပြီး ခရီးထွက်ရန် ပြင်ဆင်နေကြသည်ကို တွေ့လိုက်ရသည်။ စိုးလွင်တို့နှစ်ယောက် တဲအပြင်ဘက်သို့ ရောက်သည်နှင့် အဖွဲ့ခေါင်းဆောင်ဖြစ်သူ ဆရာဦးမြင့်သူက လှမ်းပြောလိုက်သည်။

'ဟေ့..ကိုသန်းအောင်နဲ့ မောင်စိုးလွင်တို့၊ အိပ်လှချည်လားကွ။ ပြင်ဆင်စရာ ရှိတာတွေရော ပြီးပြီလား။ သေသေချာချာ ပြန်စစ်ကြည့်ကြဦးနော်။ အခု ငါတို့ ဝင်ရမယ့် ရိုးချောင်းကြီးက ရှည်လည်းရှည် အောက်ခံကလည်း ရေရှိနေတာဆိုတော့ အနည်းဆုံး သုံးလေးရက်လောက်လုပ်မှ ပြီးလိမ့်မယ် ထင်တယ်ကွ။ ဒါကြောင့် နှစ်ရက်၊ သုံးရက်စာ အဝတ်အစားတွေ ထည့်ခဲ့ကြကွာ'

'ဟုတ်ကဲ့ ဆရာ။ မနေ့ကတည်းက ခရီးထွက်ရင် လိုအပ်မယ့် ပစ္စည်းတွေရော အဝတ်အစားတွေပါ ထည့်ပြီးပါပြီ။ အားလုံး အဆင်သင့်ပါပဲ'

စိုးလွင် မျက်နှာသစ် သွားတိုက်ပြီးချိန်လောက်တွင် ရွာထဲမှ ပစ္စည်းတင်ရန် ငှားထားသော နွားလှည်းနှစ်စီး ရောက်လာသည်။ စိုးလွင် မီးဖိုထဲသို့သွားကာ စားဖိုမှူး လုကြည် ကြော်ပေးထားသော ထမင်းကြော်ကို ခပ်သွက်သွက်ပင် စားလိုက်သည်။

မနက်ခုနစ်နာရီခန့်တွင် စိုးလွင်တို့တစ်ဖွဲ့လုံး ခရီးထွက်ရန် အဆင်သင့်ဖြစ်နေပြီဖြစ်သည်။ စိုးလွင်တို့အဖွဲ့၏ တရားဝင်သတ်မှတ်ထားသည့်အမည်မှာ ဘူမိဗေဒလေ့လာရေးအဖွဲ့ဖြစ်သော်လည်း ဒေသခံများကမူ ရေနံရှာဖွေရေးအဖွဲ့ဟုသာ လွယ်လွယ်ကူကူ ခေါ်ကြသည်။

အဖွဲ့သား များများစားစားမရှိဘဲ ရန်ကုန်ရုံးချုပ်မှ အမြဲတမ်းဝန်ထမ်းအဖြစ် တာဝန်ပေးခန့်ထားသော အရာရှိနှစ်ဦး၊ ယာဉ်မောင်းတစ်ဦးအပါအဝင် စုစုပေါင်း ရှစ်ဦး။

www.burmeseclassic.com

ရှစ်ဦးခန့်သာရှိပြီး စိုးလွင်တို့လို ယာယီဝန်ထမ်း သုံး၊လေး ဦးရှိသည်။ သို့သော်လည်း လုပ်ငန်းလိုအပ်ချက်အရ လိုအပ်လျှင် လိုအပ်သလို နယ်မြေခံဝန်ထမ်းများ ခန့်ထားသုံးစွဲရန် ခွင့်ပြုပေးထားသဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် အခက်အခဲမရှိဘဲ အဆင်ပြေခဲ့သည်။

ထို့အပြင် အဖွဲ့လုံခြုံရေးအတွက် ရောက်ရှိကွင်းဆင်းရမည့် နေရာဒေသအလိုက် သက်ဆိုင်ရာ အပိုင်ရဲစခန်းများမှ တပ်ကြပ်တစ်ဦးအပါအဝင် ဝန်ထမ်းလေးဦးကို ပူးတွဲတာဝန်ထမ်းဆောင်ရန် ခွင့်ပြုပေးထားသဖြင့် လုံခြုံရေးအတွက်လည်း စိတ်မပူပင်ရဘဲ အေးချမ်းစွာဖြင့် ဆောင်ရွက်ကြရသည်။

ယခုဆိုလျှင် စိုးလွင်တို့အဖွဲ့ ထိုဒေသတစ်ဝိုက်တွင် ကွင်းဆင်းဆောင်ရွက်ခဲ့သည်မှာ သုံးလကျော် လေးလခန့် ရှိနေပြီဖြစ်ပြီး စခန်းလည်း သုံးလေးကြိမ်ပြောင်းရွှေ့ခဲ့ပြီး ဖြစ်သည်။ မြို့နှင့် တဖြည်းဖြည်းအလှမ်းကွာဝေးလာသလို ကွင်းဆင်းတိုင်းတာရသည့် ရိုးချောင်းများကလည်း လူသူအရောက်အပေါက်နည်းလှသည့် ဝေးလံသီခေါင်လှသည့် နေရာဒေသများတွင်ဖြစ်နေ၍ တစ်ခါတစ်ရံ စခန်းချထားသောရွာမှ နှစ်နာရီခန့် သွက်သွက်လျှောက်ပါမှ လုပ်ငန်းဆောင်ရွက်ရာနေရာသို့ ရောက်သည်။

အပြန်ခရီးတွင်လည်း အသွားတုန်းကလိုပင် အချိန်ယူပြန်ရသောကြောင့် မှောင်သည်အထိ မနေရဲကြဘဲ ညနေစောင်း သုံးနာရီကျော်သည်နှင့် လုပ်ငန်းကို လက်စသတ်ကာ စခန်းသို့ပြန်ရန် ပြင်ဆင်ကြရသည်။

ရာသီဥတုကလည်း နေ့တာတို၍ ညတာရှည်သော ဆောင်းတွင်းကာလ ဖြစ်သည့်အတွက် လုပ်ငန်းလုပ်ကိုင်ရသည်မှာ မတွင်ကျယ်လှဘဲ တစ်ခါတစ်ရံ အပြန်နောက်ကျပါက ပိန်းပိတ်နေအောင် ကျလာတတ်သော မြူနှင်းများကြောင့် အပြန်လမ်းပျောက်သွားတတ်ပြီး ဒုက္ခရောက်ကြရသည်။

ထို့ကြောင့် စခန်းနှင့် အလှမ်းဝေးသော ရိုးချောင်းကြီးများဆိုလျှင် မနက်သွား ညနေပြန် မလုပ်တော့ဘဲ ညနေစောင်း အလုပ်နားသည့် နေရာတစ်ဝိုက်တွင် ယာယီစခန်းချကာ ချက်ပြုတ်စားသောက်ပြီး ညအိပ်ရပ်နားကြမည် ဖြစ်သည်။

ခေါ်ယူထားသော နွားလှည်းနှစ်စီးအနက် ပထမအစီးပေါ်တွင် ယာယီတဲထိုးရန်အတွက် မိုးကာရွက်ထည်တဲများနှင့် နောက်တစ်စီးပေါ်တွင် စားအိုးစားခွက်များ၊ ညအိပ်ရာတွင် မဖြစ်မနေလိုအပ်သည့် အောက်လင်းဓာတ်မီးကြီး တစ်လုံးကိုပါ ရေနံဆီအလုံအလောက်ထည့်ကာ ယူသွားရန် ပြင်ဆင်ထားသည်။

ထို့အပြင် ခေတ္တစခန်းချရာတွင် မဖြစ်မနေလိုအပ်သည့် ဂေါ်ပြား၊ ပေါက်တူး၊ ပေါက်ချွန်းနှင့် ယာယီတဲဆောက်ရာတွင် ငုတ်များရိုက်ရန် လိုအပ်သည့် ခြောက်ပေါင်တူတစ်လုံးကအစ ပါရှိသည်။ အိပ်ရာအတွက်ကိုလည်း အထူးအထွေ သယ်ယူမနေတော့ဘဲ လေသွင်းလေထုတ်၍ရသည့် ထူထဲလှသော အစများဖြင့် ချုပ်လုပ်ထားသော နိုင်ငံခြားဖြစ် အိပ်ရာများကိုသာ အသုံးပြုမည် ဖြစ်သည်။

လေထိုးတံဖြင့် လေထိုးပြီး အဆို့ရှင်ကို ပိတ်လိုက်ပါက အိစက်နေသော ခေါင်းအုံးမွေ့ရာနှင့် ဖက်လုံးကိုပါ ပူးတွဲချုပ်ထားသဖြင့် အလွန်အဆင်ပြေလှသည်။ နွားလှည်း နှစ်စီးပေါ် ပစ္စည်းများ တင်ပြီးချိန်တွင် မနက်ခုနစ်နာရီခွဲခန့် ရှိနေပြီဖြစ်၍ ခရီးစထွက်ရန် ဆရာ ဦးမြင့်သူမှ နှိုးဆော်လိုက်သည်။

"ဘာတွေကျန်နေသေးလဲ ပြန်စစ်ကြည့်ကြဦးဟေ့။ အကုန်စုံရင် ထွက်ကြမယ်။ ကိုသိန်းအောင်နဲ့ လုံခြုံရေးဆရာတစ်ယောက်က လှည်းနှစ်စီးနဲ့ အတူတူလိုက်သွား။ ပြီးရင် ကျွန်တော်တို့ နေ့လယ်ပိုင်းလောက် ရောက်နိုင်မယ့်နေရာ မှန်းပြီး စောင့်နေကြ။ နေ့လယ်စာ ထမင်းဘူးတွေကိုလည်း ကိုသိန်းအောင်ပဲ သယ်သွား။ ကျန်တဲ့လုံခြုံရေးဆရာနှစ်ယောက်ကတော့ ခါတိုင်းလိုပဲ ကျွန်တော်တို့ ကွင်းဆင်းတဲ့အဖွဲ့နဲ့ အတူတူလိုက်ခဲ့ပေါ့။ ကဲ..သွားကြရအောင်။ လှကြည်ရေ..ငါတို့ မရှိတုန်း ရွာထဲကို သိပ်လည်မနေနဲ့ဦးနော်။ စခန်းမှာ မင်းနဲ့ လုံခြုံရေး တစ်ယောက်ပဲ ကျန်ခဲ့တာ၊ သေသေချာချာ ဂရုစိုက်"

"စိတ်ချသွားပါ ဆရာ။ ဆရာတို့ ခရီးထွက်နေတုန်း ကျွန်တော် ရွာထဲ သွားမလည်ပါဘူး"

စခန်းတွင်ကျန်ရစ်မည့် အဖွဲ့သားနှစ်ယောက်ကို သေသေချာချာ မှာပြီးသည်နှင့် စိုးလွင်တို့အဖွဲ့ ထွက်ခဲ့ကြသည်။ အရာရှိနှစ်ဦးအပါအဝင် ဝန်ထမ်းကိုးဦးနှင့် လုံခြုံရေး ဝန်ထမ်းသုံးဦး စုစုပေါင်း ဆယ့်နှစ်ဦးပါဝင်သော



www.burmeseclassic.com

www.burmeseclassic.com

အဖွဲ့ဖြစ်သည်။ ထိုအထဲတွင် ယာယီဝန်ထမ်းအဖြစ် စိုးလွင် အပါအဝင် လေးဦးပါရှိကာ ရွာခံဝန်ထမ်းတစ်ဦးနှင့် ကွင်းဆင်းလုပ်ငန်း စတင်ဆောင်ရွက်စဉ်ကပင် ခေါ်ယူအသုံးပြုခဲ့သော ဆင်ပေါင်ဝဲမြို့နယ် ငွေးချိုကျေးရွာမှ ဝန်ထမ်းနှစ်ဦးတို့ ဖြစ်သည်။

ရွာခံ နေ့စားဝန်ထမ်း တစ်ဦးအဖြစ် ကိုသိန်းအောင်ဆိုသူ ရွာသားတစ်ဦးအား လက်ရှိစခန်းချထားသော ရွာမှပင် ခေါ်ယူခန့်ထားခဲ့ပြီး ၎င်း၏တာဝန်ကိုမူ ကွင်းဆင်းသည့် အဖွဲ့သားများ၏ နေ့လယ်စာ ထမင်းဘူးများနှင့် သောက်ရေကိုသာ သယ်ယူစေသည်။ နေ့စဉ် ကွင်းဆင်းလုပ်ငန်း ဆောင်ရွက်ရသောအဖွဲ့၏ ရှေ့မှ လုံခြုံရေးဝန်ထမ်း တစ်ဦးနှင့် ကြိုတင်သွားကာ နေ့လယ်စာ ထမင်းစားချိန်တွင် သုံးရေရရှိနိုင်မည့် နေရာမှ ကြိုစောင့်ရသည်။

ရွာခံဝန်ထမ်းတစ်ဦးကို မဖြစ်မနေ ခန့်ထားရခြင်းမှာ တစ်ခါတစ်ရံ လုပ်ငန်းဆောင်ရွက်နေရင်း ညနေစောင်းသွားသည့်အခါ ကျလာတတ်သော မြူနှင်းများကြောင့် ဖြုန်လမ်းပျောက်သွားတတ်သောကြောင့် ဖြစ်သည်။ ကွင်းဆင်းဆောင်ရွက်ရသော နယ်မြေကြီးတစ်ခုလုံး၏ ကောင်းကင်ဓာတ်ပုံများ အရာရှိနှစ်ဦးထံတွင် ပါလာသော်လည်း ထိုဓာတ်ပုံများမှာ လွန်ခဲ့သောနှစ်ပေါင်းများစွာက ရိုက်ယူထားသောပုံများဖြစ်၍ မှန်ကန်မှုမရှိတော့ပေ။

ဓာတ်ပုံတွင် ပါရှိသော ချောင်းလက်တက်အချို့မှာ နောက်ပိုင်းတွင် ရေစီးကြောင်း ပြောင်းလဲစီးဆင်းသွားသဖြင့် မရှိတော့ဘဲ ချောင်းကောသွားပြီး တစ်ခါတစ်ရံ ရွာမတွေ့ဘဲ ရှိတတ်သလို ဓာတ်ပုံထဲတွင် မပါရှိသော ချောင်းအသစ်များကိုလည်း တွေ့ရတတ်ပြန်သည်။

ထို့အပြင် ယခင်က ရှိခဲ့သော လှည်းလမ်းမများမှာလည်း နောက်ပိုင်းတွင် အသွားအလာ နည်းသွားသည့်အတွက် တဖြည်းဖြည်း တောဖုံးကာ ပျောက်သွားတတ်ပြီး ရွာအချို့မှာလည်း နေထိုင်ကြသူများ အကြောင်းအမျိုးမျိုးကြောင့် ပြောင်းရွှေ့ကာ ထွက်သွားကြသဖြင့် ရွာပျက်ဖြစ်သွားကာ တောဖုံးသွားသဖြင့် ရွာမတွေ့ဘဲ ဖြစ်တတ်ကြသည်။

ထို့ကြောင့် နယ်မြေဒေသ ကျွမ်းကျင်သော ရွာခံဝန်ထမ်းတစ်ဦးအား ရောက်ရှိသည့် နေရာဒေသတိုင်းတွင် မဖြစ်မနေ ခန့်ထားရခြင်းဖြစ်သည်။ အခြားယာယီဝန်ထမ်းနှစ်ဦးကတော့ ကိုစိုးမြင့်နှင့် ကိုအောင်မောင်းတို့ နှစ်ဦးဖြစ်ပြီး ပထမဦးဆုံး ကွင်းဆင်းလုပ်ငန်း စတင်စဉ်ကပင် ဆင်ပေါင်ဝဲမြို့နယ်၊ ငွေးချိုကျေးရွာဘက်မှ ပါလာသူ နှစ်ဦးဖြစ်သည်။

ထိုနယ်တစ်ဝိုက်တွင် ကွင်းဆင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီး၍ ယခုနေရာဒေသများဘက်ဆီသို့ ပြောင်းရွှေ့လာခဲ့သော်လည်း ၎င်းတို့နှစ်ဦးကိုယ်တိုင်က စခန်းသိမ်းသည်အထိ လိုက်ပါဆောင်ရွက်ရန် ဆန္ဒရှိကြသဖြင့် ဆက်လက်ခန့်ထားကာ ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

၎င်းတို့နှစ်ဦးမှာ အလုပ်လုပ်ကိုင်ရာတွင် မခိုမကပ်ဘဲ အားကြိုးမာန်တက် စိတ်ပါလက်ပါ ဆောင်ရွက်တတ်သည့်အပြင် တာဝန်ပေးအပ်လိုက်သည့် အလုပ်ကိုလည်း ငြင်းဆန်ခြင်းမရှိကြဘဲ ကျရာအခန်းမှ တာဝန်ကျေအောင် ဆောင်ရွက်တတ်ကြသူများ ဖြစ်ကြသည်။

တောသူတောင်သားများဖြစ်ကြသည့်အတွက် စကားအပြောအဆို မတတ်ကြသော်လည်း စိတ်ရင်းကောင်းသူများ ဖြစ်သည်။ အခြားသူများနှင့် စကားပြောဆိုရာတွင် သာမန်သာ ပြောဆိုတတ်ကြသော်လည်း သူတို့နှစ်ဦးတည်း စကားပြောဆိုလျှင် အဆဲအဆိုလေးနှင့် ပြောဆိုတတ်သည်မှာ အကျင့်တစ်ခုလို ဖြစ်နေသည်။

သူတို့နှစ်ဦးအနက် ကိုစိုးမြင့်က ကိုအောင်မောင်းလို မဟုတ်ဘဲ စိတ်အနည်းငယ်ဆတ်သည်ဟု ပြောရမည်ဖြစ်ပြီး စိတ်အတိုမြန်သလို စိတ်အပြေလည်း မြန်သူတစ်ယောက် ဖြစ်သည်။ သို့ရာတွင် တစ်ဖွဲ့လုံးနှင့် အဆင်ပြေအောင် နေထိုင်လုပ်ကိုင်တတ်ကြသဖြင့် စခန်းနေရာ သုံး၊ လေးကြိမ် ပြောင်းလာသော်လည်း အဖွဲ့ခေါင်းဆောင်မှ ဆက်လက်ခန့်ထားကာ အသုံးပြုခဲ့ခြင်း ဖြစ်သည်။

အလုပ်လုပ်ကိုင်ရာတွင် အပြစ်ပြောစရာ မရှိသော်လည်း သူတို့နှစ်ဦးလုံး၏ အားနည်းချက် တစ်ခုမှာ အသောက်အစား အနည်းငယ်စီ ရှိကြခြင်း ဖြစ်သည်။ အလုပ်ကြမ်းသမား တောသူတောင်သားများ ဖြစ်ကြသည့်အတွက် ငယ်ရွယ်စဉ်ကပင် ဆေးလိပ်နှင့် အရက်ကို သောက်တတ်စားတတ်လာကြပြီး ယခုအသက်အရွယ်သို့ ရောက်သောအခါ မဖြတ်နိုင်ကြတော့ဘဲ ညမှောင်လာသည်နှင့် ရွာထဲသို့ အကြောင်းအမျိုးမျိုးပြသွားကာ အရက်ကို ရနိုင်သည့် နေရာမှ ရှာကြံဝယ်ယူ၍ တိုးတိုးတိတ်တိတ်

www.burmeseclassic.com

www.burmeseclassic.com

တိတ် သောက်တတ်ကြသည်။

အရာရှိနှစ်ဦး အပါအဝင် တစ်ဖွဲ့လုံးက သိကြသော်လည်း ၄င်းတို့နှစ်ဦးမှာ အရက်အနည်းငယ် မူးလာလျှင် အခြားသူများကဲ့သို့ တွေ့ရာလူကို ရစ်ခြင်း၊ ရမ်းခြင်း မရှိကြဘဲ အေးအေးဆေးဆေး နေတတ်ကြသဖြင့် မမြင်ဟန်ဆောင်ကာ ခွင့်လွှတ်ထားခဲ့ကြသည်။

အလုပ်အကိုင် ပျက်လောက်အောင်လည်း သောက်တတ်ကြသူများ မဟုတ်ကြ၍ ပြောင်းရွှေ့သည့် စခန်းတိုင်းတွင် ကိုစိုးမြင့်နှင့် ကိုအောင်မောင်းတို့ နှစ်ဦးအား တဲတစ်လုံးထဲတွင် အတူတကွ နေရာချထားပေးခဲ့သည်။ ထို့အပြင် နှစ်ဦးစလုံးတွင် တူညီသည့် ဝါသနာတစ်ခုမှာ ဇာတ်ပွဲ၊ အငြိမ့်၊ ဆိုင်းဝိုင်း စသည်တို့ကို အလွန်ပင် ကြိုက်နှစ်သက်ကြသည်။

ယုတ်စွအဆုံးပြောရလျှင် တစ်ခါတစ်ရံ ရပ်ထဲရွာထဲတွင် သာရေးနာရေးကိစ္စများ ရှိ၍ဖွင့်သည့် အသံချဲ့စက်ကိုပင် မလွှတ်တမ်းပြီးဆုံးသည်အထိ နားထောင်တတ်ကြသည်။ ရွာတွင် နေစဉ်ကလည်း မည်သည့်နေရာတွင်မဆို အငြိမ့်၊ ဆိုင်းဝိုင်းများရှိပါက အသံကြားလျှင်ပင် မနေနိုင်ကြဘဲ ဓာတ်မီးတစ်ယောက်တစ်လက်ဖြင့် ခရီးမိုင်မည်မျှပင်ဝေးဝေး အကြောက်အလန့်မရှိ သွားကြည့်တတ်ကြသူများ ဖြစ်ကြသည်။

ကွင်းဆင်းတိုင်းတာရေးလုပ်ငန်း ဆောင်ရွက်ရမည့် ကျောက်ဖျာရိုးကြီး၏အစပ်သို့ တစ်နာရီခွဲကျော်ကျော်ခန့် လမ်းလျှောက်လိုက်ရပြီး စိုးလွင်တို့ ရောက်ရှိသွားခဲ့ကြသည်။ မူလစီစဉ်ထားသည့်အတိုင်း ပစ္စည်းတင်ထားသော နွားလှည်းနှစ်စီးနှင့်အတူ ကိုသိန်းအောင်တို့ နှစ်ယောက်အား ချောင်းအထက်ဘက်သို့ ကုန်းပေါ်မှစေလွှတ်လိုက်ပြီး စိုးလွင်တို့ ကျန်သည့်အဖွဲ့သားများက ရိုးချောင်းကြီးထဲသို့ ဆင်းခဲ့ကြသည်။

◆◆◆

စိုးလွင်တို့၏ ကွင်းဆင်းတိုင်းတာရေးလုပ်ငန်းမှာ ရုတ်တရက် အပေါ်ယံသဘောမျှသာ ကြည့်လိုက်လျှင် လွယ်ကူသယောင် သက်သာသယောင် ထင်ရသော်လည်း အမှန်တကယ်လုပ်ကြည့်ပါမှ မလွယ်ကူလှဘဲ အလွန်ပင်ပန်းလှသော လုပ်ငန်းဖြစ်သည်။ ကုန်းမြေမာမာပေါ်တွင် ခြောက်ခြောက်သွေ့သွေ့ဖြင့် သွားလာဆောင်ရွက်နေရသည်မဟုတ်ဘဲ မနက်မိုးလင်းမှ မိုးချုပ် ချောင်းထဲတွင် တစ်ကိုယ်လုံး ရေစိုရွှဲကာ ခက်ခက်ခဲခဲ သွားလာလှုပ်ရှားကြရသည်။

ယနေ့ စတင်ကွင်းဆင်းရမည့် ကျောက်ဖျာရိုးကြီးမှာ ထိုနယ်တစ်ဝိုက်တွင် နာမည်ကြီးလှပြီး အလွန်ပင်ရှည်လျား လှသည်။ ချောင်းရိုးကြီး၏ အစမှအဆုံးအထိ ယခုတိုင် အောင် မည်သူတစ်ဦးတစ်ယောက်မှ သွားလာရောက်ရှိခဲ့ ဖူးခြင်း မရှိသေးဘဲ ချောင်းရိုးကြီး၏ အလယ်နေရာများ မှ ဖြတ်၍သာ လူနှင့် လှည်းများ သွားလာကြဖူးသည်ဟု စိုးလွင်တို့ကို နယ်ခံရွာသူရွာသားများ ပြောစကားအရ သိခဲ့ရသည်။

နက်ရှိုင်းမတ်စောက်လှသော ကမ်းပါးယံကြီးများ ချောင်းရိုးကြီး တစ်ခုလုံးနီးပါး အုံ့ဆိုင်းညို့မှိုင်းနေသော သစ်ပင်မြင့်မြင့်ကြီးများ၊ အချို့နေရာများတွင် မြင့်မားလှ သော ကမ်းပါးစောက်ကြီးများပေါ်မှ ရေတံခွန်သဖွယ် ကျထားသော ရေလုံးကြီးများကြောင့် အောက်ခြေဘက် တွင် ခန့်မှန်း၍ မရနိုင်လောက်အောင် နက်ရှိုင်းလှသော ရေအိုင်ကြီးများနှင့် အရှည်ပေတစ်ရာခန့်ရှိသော ကျောက် ဖျာကြီးများ တစ်ဆက်တည်း တည်ရှိသည်ဟု ခရီးမထွက် မီကပင် ရွာသူရွာသားများ ပြောစကားအရ စိုးလွင်တို့ သိခဲ့ရပြီးဖြစ်သည်။

ကျောက်ဖျာကြီးများ တစ်ဆက်တည်း ရှိနေသည် အစွဲပြု၍ ထိုရိုးချောင်းကြီးကိုလည်း ကျောက်ဖျာရိုးကြီး ဟု ဒေသခံများက ခေါ်ဆိုခဲ့ဟန်တူသည်။

ထို့အပြင် စိုးလွင်တို့အဖွဲ့ စခန်းပြောင်းလာခဲ့စဉ် သွားရောက်ဖူးမြော်ကန်တော့ရင်း ရွာဦးကျောင်းဆရာတော် ကြီး၏ မိန့်မှာချက်ကလည်း သာမန်လူများအဖို့ဆိုလျှင် နောက်ကြောင်းပြန်ပြေးမှာ အမှန်ပင်ဖြစ်သည်။ လုပ်ကိုင် ဆောင်ရွက်ရသည့် လုပ်ငန်း၏ သဘောသဘာဝ အခြေ အနေကို မေးမြန်းကြည့်ရင်းမှ နောက်ဆုံးတွင် ထိုနယ်တ ဝိုက်ရှိ ချောင်းရိုးမှန်သမျှ ကွင်းဆင်းတိုင်းတာရမည် ဆရာတော်ကြီး အကြမ်းဖျင်းသိရှိခဲ့သဖြင့် ယခုကဲ့သို့ ကြားခဲ့သည်။

'ဒီလိုပုံဆိုရင် ဒကာကြီးတို့ အလုပ်က မလွယ် လား။ တစ်နေကုန် ရေထဲမှာ စိုစိုစွတ်စွတ်နဲ့နေရတဲ့ တစ်နေ့တစ်နေ့ လျှောက်ရတဲ့ ခရီးမိုင်ကလည်း မနည်း လောက်ဘူး။ ဒါပေမဲ့ ဒကာကြီးတို့က အတွေ့အကြုံရှိ

www.burmeseclassic.com

သားသူတွေဆိုတော့ တော်သေးတာပေါ့။ ကျုပ်တို့ ဒီနယ်တစ်ဝိုက်ကတော့ အလွန်ပဲ အေးချမ်းပါတယ်။ လူတွေကလည်း ရိုးသားကြတဲ့ တောသူတောင်သားတွေဆိုတော့ ဘယ်လိုကိစ္စမျိုးကိုမဆို ကူညီတတ်ကြပါတယ်။ အခက်အခဲရှိလို့ အကူအညီလိုတယ်ဆိုရင်လည်း ကျုပ်ကိုသာ လာပြောက်ကြပေါ့။ တစ်ခုပဲ ဒကာကြီးတို့ကို သတိပေးချင်တယ်။ အဲဒါက တခြားမဟုတ်ပါဘူး။ ဒကာကြီးစောစောပိုင်းက ပြောပုံအရဆိုလျှင် ကျုပ်တို့နယ်တစ်ဝိုက်မှာရှိတဲ့ ရိုးချောင်းတွေမှန်သမျှ ကွင်းဆင်းတိုင်းတာရမယ်မဟုတ်လား'

'တင်ပါ့ဘုရား။ ရိုးချောင်းမှန်သမျှ အကြီး၊အသေး အကုန်လုံး ကွင်းဆင်းတိုင်းတာရမှာပါဘုရား'

'ဒါဆိုရင်တော့ ဒကာကြီးတို့အဖွဲ့ မဖြစ်မနေ ကျောက်ဖျာရိုးကြီးကို ဝင်ကြရတော့မှာပေါ့။ အဲဒီလိုဆိုရင် ဒကာကြီးတို့ကို ကျုပ်သိထား၊ ကြားထားသမျှတွေကို ပြန်ပြောပြမှဖြစ်မယ်။ ဒီကျောက်ဖျာရိုးကြီးဟာ ထူးခြားဆန်းကြယ်မှုတွေနဲ့ ပြည့်နှက်နေတယ်လို့ ပြောရမယ်။ ဒီရိုးချောင်းကြီးရဲ့အစက အဆုံးအထိ ဘယ်လောက်ရှည်တယ်ဆိုတာ မသိကြသလို ဘယ်သူတွေမှလည်း မရောက်ဖူးကြဘူး။ ရွှံ့ညွန်တွေက ထူပြောလှသလို မြင့်မားတဲ့ သစ်ပင်ကြီးတွေကလည်း တချို့နေရာတွေမှာဆိုရင် နေ့လယ်နေ့ခင်းဘက်တွေမှာတောင် နေလုံးကို မမြင်ရလောက်အောင် အုံ့ဆိုင်းနေတယ်တဲ့။ ကြီးမားနက်ရှိုင်းလှတဲ့ ရေအိုင်တွေရှိသလို အဲဒီလို အိုင်တချို့မှာဆိုရင် နဂါးသိုက်တွေတောင်ရှိတယ်လို့ လူတွေရဲ့ ပါးစပ်ရာဇဝင်အရ သိရပြန်တယ်။ မဆုံးနိုင်အောင် ရှည်လျားလှတဲ့ ကျောက်ဖျာချပ်ကြီးတွေတောင် တစ်ဆက်တည်းရှိပြီး ဥစ္စာစောင့်သိုက်နန်းတွေ မမြင်ရတဲ့ ပရလောကသားတွေလည်း ရှိတယ်လို့ ဆိုသူတွေက ဆိုကြပြန်တယ်။ တစ်ခါတစ်ရံ ညဘက်အချိန်တွေမှာ အဲဒီရိုးကြီးနားကို အကြောင်းအမျိုးမျိုးနဲ့ ရောက်သွားသူတွေ ပြောကြပြန်တာက ရိုးကြီးထဲကနေ ဝင်းဝင်းတောက်နေတဲ့ မီးလုံးကြီးတွေ အထက်ကို တက်တက်သွားတာ မြင်ကြရတယ်တဲ့။ ဘာပဲဖြစ်ဖြစ်ပေါ့လေ။ ဒကာကြီးတို့က မဖြစ်မနေ သွားလာကြရတော့မယ့် အစိုးရအမှုထမ်းတွေဆိုတော့ အစစအရာရာ သတိ၊ ဝီရိယထားပြီး သွားလာလုပ်ကိုင်ကြတာ အကောင်းဆုံးပဲလို့ ကျုပ်မှာချင်တယ်။ ပြောတာ ဆိုတာ အပေါ့အပါး သွားတာလာတာကအစ ဆင်ဆင်ခြင်ခြင်နဲ့ လုပ်ကြကိုင်ကြပေါ့။ လူသူအရောက်အပေါက်နည်းတဲ့ နေရာတွေဆိုတော့ မြွေပါး ကင်းပါးကအစ သတိထားကြပါလို့ ဘုန်းကြီးတော့ မှာချင်တယ်'

'တင်ပါ့ဘုရား။ တပည့်တော်တို့ကို အခုလို ကရုဏာရှေ့ထားပြီး သတိပေးမိန့်မှာတာ ကျေးဇူးတင်ပါတယ်ဘုရား'

ထို့ကြောင့်ပင် ကျောက်ဖျာရိုးကြီးသို့ ကွင်းဆင်းတိုင်းတာရေးလုပ်ငန်း မစတင်မီရက်ပိုင်းအလိုကပင် တာဝန်ရှိသူ အဖွဲ့ခေါင်းဆောင်အရာရှိ ဦးမြင့်သူမှ အဖွဲ့သားများအား စုဝေး၍ သတိပေးစကား ပြောကြားခဲ့သည်။

'အဖွဲ့သားအားလုံးကို ကျွန်တော် ကြိုတင်သတိပေးထားချင်တာကတော့ ဒီကနယ်ခံတွေ ပြောပြခဲ့ကြသလို နယ်မြေက ကြမ်းတယ်ဆိုပေမယ့်လည်း ကျွန်တော်တို့ မဖြစ်မနေ လုပ်ကြရမယ့်အလုပ် ဖြစ်ပါတယ်။ ဒါကြောင့် အဖွဲ့သားတိုင်း စားသတိ၊ သွားသတိနဲ့ အပြောအဆို၊ အနေအထိုင်ကအစ အပေါ့အပါးသွားတာအဆုံး သတိထားပြီး ဆင်ခြင်ကြစေချင်ပါတယ်။ အထူးသဖြင့် ကျွန်တော်မှာချင်တာက ကိုစိုးမြင့်နဲ့ ကိုအောင်မောင်းတို့ နှစ်ယောက်ကိုပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားတို့ နှစ်ယောက်က နည်းနည်းပါးပါး သောက်တတ်စားတတ်တဲ့အပြင် စကားပြောရင်လည်း အဆဲအဆိုလေးနဲ့ ပြောတတ်ကြတော့ အတတ်နိုင်ဆုံး စကားပြောရင် သတိထားပြီး ဆင်ခြင်ကြပါ။ နှုတ်ကျွံမိသွားရင် ဘယ်လိုမှ ပြန်ပြင်လို့မရဘူးဆိုတာ ခင်ဗျားတို့လည်း သိပါတယ်။ အဲဒါကြောင့် ဘာကိစ္စမှ မဖြစ်သေးခင် ဆင်ခြင်နိုင်အောင် ကျွန်တော် ကြိုတင်ပြီး သတိပေးထားတာပါ'

'ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်တော်တို့လည်း အတတ်နိုင်ဆုံး သတိထားပါ့မယ်'

◆◆◆

ဆရာတော်ကြီးနှင့် ရွာခံများ ပြောလိုက်သလိုပင် ကျောက်ဖျာရိုးကြီးသည် သစ်ကြီးဝါးကြီးများနှင့် အုံ့မှိုင်းနေသလို အောက်ခံရွှံ့ညွန်များကလည်း ထူထပ်လှသဖြင့် ခြေလှမ်းတစ်လှမ်း လှမ်းဖို့ပင် အတော်သတိထား၍ သွားလာကြရသည်။ ရွှံ့ညွန်များ ထူထပ်နေသည့်အပြင် ရေ

www.burmeseclassic.com

ကလည်း ခါးလောက်၊ ပေါင်လောက်ရှိသော နေရာများ ဖြစ်နေသဖြင့် ခရီးက မတွင်လှပေ။

တစ်ဖွဲ့လုံးလိုလို ချော်မလဲသူ မရှိကြဘဲ ချမ်းအေးလှသည့် ဆောင်းတွင်းကာလ ဖြစ်နေသည့်အတွက် တစ်ကိုယ်လုံး စိုရွှဲနေသည့် ရေအစိုကြောင့်လည်း အချိန်ကြာလာသည်နှင့်အမျှ ခိုက်ခိုက်တုန်အောင် အေးလာပြီး ရှေ့သို့ ခရီးမဆက်နိုင်အောင် ဖြစ်လာကြသည်။

နေရောင်ခြည်ကို အားကိုးရအောင်ကလည်း မြင့်မားအုံ့ဆိုင်းနေသည့် သစ်ပင်ကြီးများကြောင့် နေရောင်ခြည်အပြည့်အဝမရဘဲ ကွက်တိကွက်ကျား နေရောင်လေးသာရသဖြင့် အချမ်းမပြေနိုင်ကြချေ။ ထို့ကြောင့် အဖွဲ့ခေါင်းဆောင် ဆရာဦးမြင့်သူမှ အားလုံးကြားအောင် လှမ်းအော်ပြောလိုက်သည်။

'ကဲ..ကြာလာရင် အားလုံးဖျားနာကုန်ကြလိမ့်မယ်ဟေ့။ အဲဒါကြောင့် ကုန်းခြောက်တာတွေ့ရင် ခဏနားကြမယ်။ မီးလေးဘာလေးမွေးပြီး မီးလှုံကြတာပေါ့'

ခဏအကြာတွင် ရေလွတ်သော သဲကုန်းမြေလေး တစ်ခုကို တွေ့လိုက်ကြရသောကြောင့် အနီးအနားတစ်ဝိုက်မှ ရနိုင်သမျှ ထင်းခြောက်များစုကာ မီးဖိုလိုက်သည်။ သဲသောင်ပြင်လေးပေါ်တွင် ခြေပစ်လက်ပစ် နားလိုက်ကြရင်း စိုရွှဲနေသော အင်္ကျီ၊ ဘောင်းဘီများကို ရေစင်အောင် ညှစ်၍ မီးကင်သူက ကင်ကြသည်။

နာရီဝက်ကျော်ကျော်ခန့် နားလိုက်ကြပြီးနောက် အမောလည်းပြေ အချမ်းလည်း ပြေသွားကြသဖြင့် ခရီးဆက်ထွက်ရန် ဦးမြင့်သူက နှိုးဆော်လိုက်သည်။

'အမောပြေ အချမ်းပြေရင် ဆက်ထွက်ကြရအောင်ဟေ့။ မလုပ်ရင် မပြီးတာဘဲရှိမယ်။ မဖြစ်မနေ လုပ်ရမယ့်အလုပ်ဆိုတော့ နည်းနည်းတော့ သည်းခံကြပါကွာ။ ခုပဲ ဆယ်နာရီကျော်နေပြီ။ ရှေ့နားမှာ ကိုသိန်းအောင်တောင် စောင့်နေလောက်ပြီ။ ခပ်သွက်သွက်လုပ်လိုက်ကြရအောင်'

ထိုနေ့ တစ်နေ့လုံး အလုပ်လုပ်လိုက် နားလိုက်နှင့် ခပ်ဖြည်းဖြည်းသာ သွားနိုင်ကြပြီး လူအားလုံးမှာလည်း စိုတစ်လှည့် ခြောက်တစ်လှည့်နှင့် ညနေစောင်းသွားခဲ့သည်။ သစ်ပင်ကြီးများ အုံ့ဆိုင်းနေသည့်အပြင် တောင်ကမ်းပါးယံကြီးများကလည်း ရိုးကြီး၏ တစ်ဖက်တစ်ချက်တွင် မြင့်မားစွာ ရှိနေသောကြောင့် ညနေစောင်း စောစောဖြစ်သော်လည်း နေရောင်ကို မမြင်ရတော့ဘဲ အလင်းရောင်က အားနည်းလာသည်။

ထို့အပြင် ဆောင်းတွင်းကာလဖြစ်ပြီး ရိုးမတောင်တန်းကြီးနှင့် မနီးမဝေးတွင် တည်ရှိနေသော အရပ်ဒေသလည်း ဖြစ်သောကြောင့် ညနေစောင်းကတည်းကပင် မြူနှင်းများ ခပ်ဖွဲဖွဲကျဆင်းလာ၍ ကွင်းဆင်းတိုင်းတာခြင်းကို သတ်မှတ်ထားသောနေရာသို့ မရောက်မီမှာပင် ရပ်နားလိုက်ကြရသည်။

ကြိုတင်မှန်းထားသည့်နေရာသို့ မရောက်မီ လုပ်ငန်းကို ရပ်လိုက်ရသောကြောင့် တစ်ညတာ ညအိပ်ရပ်နားရန် နေရာကို သေသေချာချာ မရွေးချယ်နိုင်တော့ဘဲ လုပ်ငန်းရပ်နားလိုက်သည့် နေရာတစ်ဝိုက်တွင်သာ အရေးပေါ် ရှင်းလင်း၍ ယာယီမိုးကာတဲများ ထိုးကြရတော့သည်။

ရိုးချောင်းကြီး၏ အပေါ်ဘက်တွင်ဖြစ်ပြီး ပတ်ဝန်းကျင်တွင် သစ်ပင်ဝါးပင် ကြီးကြီးမားမားမရှိဘဲ အပင်ငယ်လေးများနှင့် ချုံပုတ်လေးများသာရှိသော ဖုန်းဆိုးမြေပြန့် ဖြစ်သည်။

ပစ္စည်းပစ္စယအစုံအလင် ပါလာသည့်အပြင် အားကောင်းမောင်းသန် လူငယ်ယောကျာ်းလေးများ ဖြစ်ကြသည့်အတွက် တစ်ခဏအတွင်းမှာပင် ချုံပုတ်ကလေးများကို ရှင်းလင်း၍ ယာယီရွက်ထည်တဲများ ဆောက်လုပ်ပြီး ဖြစ်သွားခဲ့သည်။ လှည်းပေါ်တွင် ပါလာသော အိုးခွက်ပန်းကန်များဖြင့် ညနေစာကို ချက်ပြုတ်စားသောက်လိုက်ကြပြီး တစ်နေကုန် ပင်ပန်းလာကြသည့်အတွက် စီးလွင်တို့ တစ်ဖွဲ့လုံး ခပ်စောစောပင် အနားယူလိုက်ကြသည်။

တဲလေးများ၏အလယ်တွင် ရနိုင်သမျှ ထင်းခြောက်များစုကာ မီးဖိုကြီးတစ်ဖို ဖိုလိုက်ပြီး လုံခြုံရေးဝန်ထမ်းသုံးဦးမှ အလှည့်ကျလုံခြုံရေးတာဝန် ယူကြမည်ဖြစ်သည်။ လမိုက်ညဖြစ်သောကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး ပိန်းပိတ်နေအောင် မှောင်မည်းလျက် ရှိနေသော်လည်း ထွန်းထားသည့် အောက်လင်းဓာတ်မီးနှင့် ဖိုထားသည့် မီးဖိုကြီး၏ အလင်းရောင်ကြောင့် စခန်းပတ်ပတ်လည်တွင် လင်းထိန်နေသည်။ ညမှောင်လာလေလေ မြူနှင်းများက ထူထပ်စွာ ကျလာလေလေ ဖြစ်သည်။

၅၊ ◆ ◆ ◆

ငှက်ကလေးများ၏ တစာစာ အော်မြည်သံများနှင့်



www.burmeseclassic.com

www.burmeseclassic.com

အတူ စိုးလွင် အိပ်ရာမှ နိုးလာခဲ့သည်။ လက်တွင်ပတ်ထားသောနာရီကို ကြည့်လိုက်သောအခါ နံနက်ခြောက်နာရီ ထိုးနေပြီဖြစ်ကြောင်း တွေ့လိုက်ရသဖြင့် မိုးကာတဲ၏ ဇစ်ကို ဆွဲဖွင့်ကာ အပြင်ဘက်သို့ ထွက်လိုက်သည်။ တဲအပြင်ဘက်တွင် မြူနှင်းများက ပိန်းပိတ်နေအောင် ကျဆင်းနေဆဲဖြစ်သဖြင့် ပတ်ဝန်းကျင်တစ်ခုလုံး အလင်းရောင် မသဲကွဲသေးဘဲ မှိုင်းမှုန်နေသည်။

အဖွဲ့ခေါင်းဆောင် အရာရှိနှစ်ဦးနှင့် အဖွဲ့သားအချို့ကို မီးဖိုကြီးဘေးတွင် တွေ့လိုက်ရသဖြင့် စိုးလွင်လည်း မျက်နှာအမြန်သစ်လိုက်ကာ မီးဖိုကြီးဆီသို့ ခပ်သွက်သွက်လျှောက်သွားလိုက်သည်။

'မောင်စိုးလွင်…နိုးပြီလား။ လာ…လာ…ထမင်းကြော်နဲ့ ရေနွေးကြမ်း အဆင်သင့်ပဲ'

စိုးလွင် မီးဖိုကြီးဘေးတွင် မီးလှုံရင်း အငွေ့တထောင်းထောင်းထနေသော ထမင်းကြော်ကို စားလိုက်သည်။ ထမင်းကြော်စားပြီး၍ ရေနွေးတစ်ခွက် ငုံသောက်လိုက်စဉ်မှာပင် ဦးမြင့်သူက လှမ်းပြောလိုက်သည်။

'မောင်စိုးလွင်ရေ၊ မင်း စားပြီးရင် ကိုစိုးမြင့်နဲ့ ကိုအောင်မောင်းကို သွားနှိုးလိုက်ပါကွာ။ တစ်ဖွဲ့လုံး အိပ်ရာက နိုးလို့ စားသောက်ပြီးနေတာတောင် တစ်ယောက်မှ မနိုးကြသေးဘူး။ ကြည့်ရတာတော့ ညက များသွားပြန်ပြီထင်တယ်'

ဆရာဦးမြင့်သူ ပြောလိုက်သဖြင့် ယမန်နေ့ မနက်ပိုင်း ခရီးမထွက်မီ ခပ်စောစောက ကိုစိုးမြင့်နှင့် ကိုအောင်မောင်းတို့နှစ်ယောက် ရွာထဲမှ ခပ်သုတ်သုတ် ပြန်လာသည်ကို သတိရလိုက်မိပြီး ရွာထဲသို့ အရက်သွားဝယ်မှန်း စိုးလွင် သဘောပေါက်လိုက်သည်။

စိုးလွင် ကိုစိုးမြင့်တို့ နှစ်ယောက်အိပ်သော တဲလေးရှေ့မှရပ်ကာ အသံကျယ်ကျယ်ဖြင့် ခေါ်လိုက်သည်။

'ကိုစိုးမြင့်…ကိုစိုးမြင့်၊ ကိုအောင်မောင်း…ကိုအောင်မောင်း'

နာမည်များကို ဆက်တိုက်ခေါ်နေသော်လည်း ပြန်လည်ထူးသံ မကြားရဘဲ တဲတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

'စိုးလွင်ရေ…ခေါ်လို့ မရဘူးလား။ ဒါဆိုရင် တစ်ယောက် သွားစမ်းကွာ။ တဲထဲကို ဖွင့်ကြည့်ကြစမ်း။ ဒီလောက်အော်ခေါ်နေတာတောင် ဘာသံမှ မကြားရတာ အထဲမှာ တစ်ခုခုများ ဖြစ်နေကြသလား မသိဘူး'

စိုးလွင်တို့နှစ်ယောက် တဲဇစ်ကိုဆွဲဖွင့်၍ ကြည့်လိုက်သောအခါ တဲအတွင်းတွင် မည်သူ့ကိုမှမတွေ့ရဘဲ ရှင်းလင်းနေသည်ကို တွေ့လိုက်ရသောကြောင့် စိုးလွင် ဆရာဦးမြင့်သူထံ လှမ်းအော်ပြောလိုက်သည်။

'ဆရာ…တဲထဲမှာ ကိုစိုးမြင့်ရော ကိုအောင်မောင်းရော တစ်ယောက်မှ မရှိကြဘူး'

'ဟေ…ဟုတ်လား။ မနက်စောစောစီးစီး ဘယ်မှလည်း သွားစရာမရှိဘဲနဲ့ ဒီအနီးအနားတစ်ဝိုက်မှာ အပေါ့အပါးစွန့်ဖို့ သွားကြသလားကွာ။ ဆရာဟန်စိန်တို့ရော အခုမနက်ပိုင်း သူတို့နှစ်ယောက်ကို တွေ့မိကြသေးလား'

'ကျွန်တော်တို့လည်း ညက တစ်ညလုံး အလှည့်နဲ့ မအိပ်ဘဲ စောင့်နေကြတာပဲ ဆရာ။ တစ်ညလုံးတော့ နှစ်ယောက်စလုံး တဲအပြင်ဘက် ထွက်လာတာ မတွေ့မိသေးဘူး'

ဆရာဟန်စိန် ပြောစကားကြောင့် တစ်ဖွဲ့လုံး စိတ်ပူသွားကြသည်။

'ကဲ…ဒါဆိုလည်း လူခွဲပြီး ဒီအနီးအနား ပတ်ဝန်းကျင်တစ်ဝိုက်ကို ရှာကြည့်ကြစမ်းကွာ။ တဲထဲက သူတို့ပစ္စည်းတွေလည်း ခြေရာလက်ရာမပျက်ဘူးဆိုတော့ သူတို့နေတဲ့ ရွာကို ပြန်သွားတာလည်း မဖြစ်နိုင်ဘူး။ တောကောင်တွေဘာတွေ ဝင်ဆွဲသွားတယ် ပြောရအောင်လည်း ဒီပတ်ဝန်းကျင်တစ်ဝိုက်မှာ ရှိတယ်လို့ မကြားမိပါဘူး။ တကယ်လို့ ဝင်ဆွဲသွားတယ်ဆိုရင်တောင် ခြေရာလက်ရာပျက် ကျန်ခဲ့ရမယ်။ ပြီးတော့ ဆရာဟန်စိန်တို့လည်း တစ်ညလုံး အလှည့်နဲ့ စောင့်နေကြတာဆိုတော့ တစ်ယောက်မဟုတ်တစ်ယောက် တွေ့မှာ အမှန်ပဲ။ စဉ်းစားရ ကျပ်လိုက်တာဗျာ'

စိုးလွင်တို့အားလုံး လှည်းသမားနှစ်ယောက်ပါမကျန် ပါးစပ်မှလည်း နာမည်များကို တကြော်ကြော်ခေါ်၍ ပတ်ဝန်းကျင်အနီးအနားတစ်ဝိုက် လိုက်ရှာကြည့်ကြသော်လည်း နှင်းထုကပိတ်နေ၍ ရှာရသည်မှာ ခရီးမတွင်လှပေ။ ထိုသို့ လိုက်ရှာကြရင်း နေအနည်းငယ် မြင့်လာမှ တဖြည်းဖြည်း နှင်းထုကွဲလာပြီး ပတ်ဝန်းကျင်ကို ရှင်းရှင်းလင်းလင်း မြင်နိုင်လာခဲ့သည်။

www.burmeseclassic.com

ယာယီစခန်းချထားသောနေရာနှင့် အတန်ငယ်ဝေးသောနေရာသို့ ရောက်သည်အထိ ကိုစိုးမြင့်တို့နှစ်ယောက်ကို အရိပ်အယောင်ပင် မတွေ့ရသေးပေ။

ထိုအခိုက် ခပ်လှမ်းလှမ်းရှိ ချုံပုတ်ကလေးများသာရှိသော ဖုန်းဆိုးလွင်ပြင်တစ်ခု၏ ဘေးဘက်နားခပ်ကျကျတွင် လူလိုလို လဲကျနေသော သဏ္ဍာန်တစ်ခုကို တွေ့လိုက်ရသဖြင့် နောက်နားတွင် ကပ်ပါလာသော ကိုသိန်းအောင်ကို စိုးလွင် ခဏရပ်ရန် အချက်ပြလိုက်မိသည်။

'ကိုစိုးလွင်··ဘာတွေ့လိုက်လို့လဲ။ ကိုစိုးမြင့်တို့ကို တွေ့လိုက်လို့လား'

'ဟောဟိုရှေ့နား ခပ်လှမ်းလှမ်းက ချုံပုတ်ကလေးရဲ့ အောက်မှာ လူလိုလို လဲနေတာ တွေ့လိုက်လို့ဗျ'

ပြောပြောဆိုဆိုပင် နှစ်ယောက်သား ရှေ့ဘက်ဆီသို့ ခပ်သွက်သွက် လျှောက်ခဲ့ကြသည်။ အနားသို့ရောက်၍ သေချာကြည့်လိုက်သောအခါ စိုးလွင်ပြောသလိုပင် လူတစ်ယောက် လဲကျနေသည်ကို တွေ့လိုက်ရသည်။ အနားကပ်ကာ ကြည့်လိုက်တော့မှ ထိုသူမှာ စခန်းမှ ပျောက်နေသော ကိုအောင်မောင်း ဖြစ်နေသည်ကို တွေ့လိုက်ရပြီး ပတ်ဝန်းကျင်တစ်ဝိုက်ကို ဆက်ရှာကြည့်လိုက်သောအခါ ကိုစိုးမြင့်ကိုပါ တွေ့လိုက်ရပြန်သည်။

တစ်ညလုံးလိုလို နှင်းများရိုက်ထားသဖြင့် ခန္ဓာကိုယ်များမှာ အေးစက်တောင့်တင်းနေကာ နှစ်ယောက်စလုံး ဘယ်လိုခေါ်ခေါ် ခေါ်၍မရဘဲ လူသေအတိုင်း သတိလစ်ကာ မေ့မြောနေသည်ကို တွေ့လိုက်ရသောကြောင့် စိုးလွင် ကိုသိန်းအောင်ကို လှမ်းပြောလိုက်သည်။

'ကိုသိန်းအောင် စခန်းကို အမြန်ပြန်ပြီး ဆရာတို့ကို ပြေးခေါ်ဗျာ။ လိုရမည်ရ နွားလှည်းအလွတ် တစ်စီးကိုပါ မောင်းယူလာခဲ့။ ကျွန်တော် ဒီမှာ စောင့်ကျန်ခဲ့မယ်'

ကိုသိန်းအောင် ပြေးထွက်သွားပြီး ခဏအကြာတွင် လှည်းတစ်စီး ဒုန်းမောင်းလာသံနှင့်အတူ စခန်းရှိ အဖွဲ့သားအားလုံး နောက်ဘက်မှ လိုက်လာသည်ကို တွေ့လိုက်ရသည်။ သေသေချာချာ အနားကပ်၍ စစ်ဆေးကြည့်လိုက်သောအခါ နှစ်ဦးစလုံး လက်သီးကို တင်းတင်းဆုပ်ကာ နား၊ နှာခေါင်းနှင့် ပါးစပ်များတွင် သွေးစသွေးနအနည်းငယ်စီကို တွေ့လိုက်ရသည်။

'ကဲ··ဒီနေ့တော့ အလုပ်နားလိုက်ပြီး စခန်းကို ပြန်ကြရအောင်။ နှစ်ယောက်စလုံးကို လှည်းပေါ် မ,တင်ကြကွာ။ ကိုသိန်းအောင်နဲ့ ဆရာဟန်စိန်တို့က ပစ္စည်းတွေတင်ပြီး နောက်လှည်းနဲ့ ဖြည်းဖြည်း နောက်ကလိုက်ခဲ့ကြ။ ရွာပြန်ရောက်တဲ့အထိမှ သတိပြန်မရဘူးဆိုရင် မြို့ပေါ်ကဆေးရုံကို ပို့သင့်ရင် ပို့ရမှာပဲ'

ဆရာဦးမြင့်သူက အစီအစဉ်အမြန်ဆွဲလိုက်ပြီး မေ့မြောနေသော ကိုစိုးမြင့်တို့နှစ်ယောက်ကို လှည်းပေါ်တင်၍ စခန်းချထားသော ရွာဆီသို့ အမြန်ပြန်လာခဲ့ကြသည်။

◆◆◆

ကျောင်းဝင်းထဲသို့ ခပ်သွက်သွက်မောင်းဝင်လာသော နွားလှည်းနှင့်အတူ နောက်ဘက်မှ လိုက်ပါလာသော လူအုပ်ကို တွေ့လိုက်ရသောကြောင့် ကျောင်းရှေ့တွင် စင်္ကြံလျှောက်နေသော ဆရာတော်ကြီး အသာရပ်လိုက်ကာ ကြည့်နေမိသည်။ ဆရာဦးမြင့်သူက ဆရာတော်ကြီးရှေ့သို့ သွားကာ ဖြစ်ပျက်ခဲ့သမျှ အခြေအနေကို လက်အုပ်ချီကာ လျှောက်ထားလိုက်သည်။

'ကဲ··ဒါဆိုရင် နှစ်ယောက်လုံးကို ကျောင်းပေါ် သယ်လာခဲ့ကြ'

'တင်ပါ့ဘုရား'

ကျောင်းပေါ်သို့ ရောက်သည်အထိ ကိုစိုးမြင့်နှင့် ကိုအောင်မောင်းတို့ နှစ်ယောက်လုံး သတိပြန်လည်မလာသေးပေ။ ဆရာတော်ကြီးက နှစ်ယောက်စလုံးကို သေသေချာချာ ကြည့်ရှုလိုက်ပြီး ယခုကဲ့သို့ မိန့်ကြားခဲ့သည်။

'နှစ်ယောက်လုံးကို ကျုပ်ကြည့်ရသလောက်တော့ ဒဏ်ရာကြီးကြီးမားမားရထားတဲ့လက္ခဏာ မတွေ့ရပါဘူး။ မမြင်ရတဲ့ ပရလောကသားတွေ ဖမ်းစားထားတယ်လို့ ကျုပ်တော့ ထင်တယ်။ ဒကာကြီး လက်သီးကို တင်းတင်းဆုပ်ပြီး ပါးစပ်ကလည်း သွေးစသွေးနလေးတွေ တွေ့ရတယ်ဆိုတော့ ကျုပ်ရဲ့ အတွေ့အကြုံအရပြောရရင် သရဲလို ဖုတ်လို မဟုတ်ဘဲ ကျိုတ်ဖမ်းစားထားတာ ဖြစ်နိုင်တယ်။ ကျိုတ်တစ္ဆေဆိုတာမျိုးက လူသားတွေကို ဒုက္ခပေးခဲပါတယ်။ စရုံနောက်ရုံသာ ပြုတတ်ကြပေမယ့် အခုလို ခပ်ကြမ်းကြမ်း ဖမ်းစားထားတာကိုကြည့်ရင် ဒကာကြီး တပည့်တွေက သူတို့မကျေနပ်အောင် ဘာတွေပြောမိခဲ့သလဲတော့ မသိဘူး။ ကဲပါလေ၊ လောလောဆယ် သတိပြန်ရဖို့က အရေးကြီးတော့ ကပ္ပိယကြီး··ဘုရား



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းဆောင်ပေါ်က ပရိတ်ရေပုလင်းနဲ့ ပရိတ်ကြိုး ယူပေးပါဦး'

ကပ္ပိယကြီး ယူလာပေးသော ပရိတ်ရေနှင့် နှစ်ယောက်လုံး၏ ဦးခေါင်းများကို သပ်ချလိုက်ပြီး ပါးစပ်ကို ဟကာ ပရိတ်ရေအနည်းငယ်စီ တိုက်ကျွေးလိုက်သည်။ လက်များတွင်လည်း ပရိတ်ကြိုးများ ချည်နှောင်ပေးလိုက်ကာ နှုတ်တော်မှလည်း မသိနားမလည်သည့် အမိုက်အမဲများ ဖြစ်သည့်အတွက် ဗွေမယူဘဲ တစ်ကြိမ်တစ်ခါ ခွင့်လွှတ်ပေးပါရန် မေတ္တာရပ်ခံလိုက်သည်။

ခဏအကြာတွင် နှစ်ယောက်လုံး အင်းခနဲညည်းညူလိုက်သံနှင့်အတူ သတိပြန်လည်ရလာပြီး မျက်လုံးဖွင့်ကြည့်ကာ ဘေးပတ်ဝန်းကျင်ကို မယုံနိုင်သလို ကြည့်လိုက်ပြီး ချက်ချင်းထလိုက်ကြသည်။

'ဆရာ··ကျွန်တော်တို့ ဒီကို ဘယ်လိုလုပ်ပြီး ရောက်လာတာလဲ'

'ခင်ဗျားတို့နှစ်ယောက်လုံး မနေ့က စခန်းချထားတဲ့နေရာနဲ့ ခပ်လှမ်းလှမ်းမှာ သတိမေ့နေကြတာကို အခုမနက်မှ တွေ့လို့ ရွာကို ပြန်ခေါ်လာတာဗျ။ အခု ဘယ်လိုနေသေးလဲ။ သတိတော့ ကောင်းကောင်းရတယ် မဟုတ်လား'

ထိုအခါမှ ဆရာတော်ကြီးက ဝင်ပြီး မိန့်ကြားလာခဲ့သည်။

'ဒကာကြီးတို့ နှစ်ယောက်လုံး သတိကောင်းကောင်းပြန်ရနေပြီဆိုတော့ မနေ့ညတုန်းက ဘာတွေဖြစ်ခဲ့သလဲ။ ဘာတွေလုပ်မိခဲ့သလဲဆိုတာ ပြန်စဉ်းစားကြည့်ကြပါဦး။ ဖြစ်ပျက်ခဲ့တာတွေကို သေသေချာချာသိရမှ ဘာတွေဆက်လုပ်ရမလဲဆိုတာ ဘုန်းဘုန်းတို့ ဆုံးဖြတ်နိုင်မှာပေါ့'

'အမှန်အတိုင်းသာ ပြောပြကြပါဗျာ။ ဖြစ်ခဲ့တာတွေလည်း ဖြစ်ခဲ့ပြီးပြီ။ အခုအချိန်ကျမှ ခင်ဗျားတို့ကို အပြစ်ပြောနေရင်လည်း အပိုပဲဖြစ်မယ်။ အဲဒါကြောင့် အမှန်အတိုင်းသာ ရဲရဲဝံ့ဝံ့ ပြောကြပါ'

ထိုအခါကျမှ ယမန်နေ့ညက ဖြစ်ပျက်ခဲ့သည်များကို ကိုအောင်မောင်းက ပြန်လည်ပြောပြခဲ့သည်။

'ဒီလိုပါ ဆရာ၊ မနေ့ညနေ ညစာစားအပြီးမှာ မနက်စောစော ရွာထဲက ဝယ်သွားတဲ့ အရက်ကို စိုးမြင့်နဲ့ ကျွန်တော် တစ်ယောက်တစ်ပိုင်းစီ သောက်ကြပါတယ်။ သောက်ပြီးတော့ ရာသီဥတုကလည်းအေး နေ့လယ်ပိုင်းကလည်း တစ်နေကုန် ပင်ပန်းထားတာဆိုတော့ စောစောစီးစီးပဲ အိပ်ပျော်သွားခဲ့တယ်။ တစ်ရေးပြန်နိုးလာပြီး အပေါ့အပါး သွားချင်လာတာနဲ့ စိုးမြင့်ကိုနှိုးပြီး ကျွန်တော်တို့နှစ်ယောက် အပေါ့သွားခဲ့ပါတယ်'

'ခင်ဗျားတို့ တဲအပြင်ကို ထွက်လာတော့ မီးဖိုဘေးမှာ ကင်းစောင့်နေတဲ့ လုံခြုံရေးဆရာကို မတွေ့ဘူးလား'

'တစ်ယောက်မှ မတွေ့ဘူး ဆရာ။ သူလည်း အပေါ့အပါးသွားနေတဲ့အချိန် ဖြစ်လိမ့်မယ်ထင်တယ်။ အပေါ့သွားပြီး တဲဆီကို ပြန်လာမယ်အလုပ်မှာ ခပ်လှမ်းလှမ်းကနေ နွားလှည်းတွေ သွားနေတဲ့အသံနဲ့ လူစကားပြောသံတွေကို နှစ်ယောက်လုံး ကြားလိုက်ပါတယ်။ ကျွန်တော်တို့လည်း အံ့သြသွားပြီး တဲဆီကို မပြန်သေးဘဲ အခြေအနေကို ကြည့်နေတုန်းမှာပဲ ခပ်ဝေးဝေးတစ်နေရာဆီက ဆိုင်းတီးသံလိုလို ကြားလိုက်ရတယ်။ သေသေချာချာ နားထောင်ကြည့်လိုက်ပြန်တော့ ဆိုင်းတီးနေသံကို သဲသဲကွဲကွဲ ကြားလိုက်ရတယ်။ ဒါကြောင့် ခုနတုန်းက ကြားလိုက်ရတဲ့ လှည်းသံနဲ့ လူသံတွေဟာ ပွဲခင်းဆီကိုသွားတာ ဖြစ်ရမယ်ဆိုပြီး စိုးမြင့်နဲ့ ကျွန်တော်တို့နှစ်ယောက် နွားလှည်းတွေနောက်က လိုက်သွားကြပါတယ်'

'ခင်ဗျားတို့ကလည်းဗျာ··ဒီလောက် မှောင်မည်းနေတဲ့ လမိုက်ညမျိုးမှာတောင် မကြောက်မရွံ့ သွားကြတယ်။ သေသေချာချာ မှာထားလျက်နဲ့'

'ကျွန်တော်တို့လည်း သောက်ထားတဲ့အရက်အရှိန်က ရှိနေတဲ့အပြင် ရွာမှာနေတုန်းကလည်း ဘယ်လောက်မှောင်မှောင် ဘယ်လောက်ညဥ့်နက်နက် ပွဲရှိတယ်ဆိုရင် နှစ်ယောက်သား သွားလာနေကျဆိုတော့ ကြောက်ရလန့်ရမှန်းလည်း မသိပါဘူး ဆရာ။ စိတ်ထဲမှာ ပွဲကြည့်ချင်တဲ့စိတ်ကပဲ လွှမ်းမိုးနေတော့ နွားလှည်းတွေနောက်က အသာပဲ လိုက်သွားကြပါတယ်။ ခဏတစ်ဖြုတ် ကြည့်ပြီးရင် ပြန်လာကြမလို့ပါပဲ'

'ပွဲက ရှိရော ရှိလို့လားဗျာ။ ဒီလောက်တောခေါင်ခေါင်ကြီးထဲမှာ'

'ရှိတယ် ဆရာ။ ခဏလောက်ပဲ သွားလိုက်ရတယ် တော်တော်ကိုစည်တဲ့ ပွဲဈေးတန်းကြီးနဲ့ ဆိုင်းတွေတီးနေတဲ့ ဇာတ်စင်ကြီးကို တွေ့လိုက်ရတယ်။ ပွဲငတ်နေတုန်း ပွဲ

www.burmeseclassic.com

www.burmeseclassic.com

ကြည့်ရတော့မယ်ဆိုတော့ ကျွန်တော်တို့နှစ်ယောက် တော်တော်ကို ဝမ်းသာသွားကြတယ်။ လူတွေကလည်း ပွဲဈေးတန်းမှာရော ဇာတ်စင်ရှေ့မှာပါ အပြည့်ပဲဆရာ။ အဲဒါနဲ့ ကျွန်တော်တို့ နှစ်ယောက်လည်း ဇာတ်စင်ထောင့် တစ်နေရာမှာ ရပ်ပြီး ဇာတ်အထွက်ကို စောင့်ကြတယ်။ အချိန်တော်တော်ကြာလာတဲ့အထိ ဇာတ်က မထွက်နိုင်တာနဲ့ စိတ်မရှည်တော့ဘဲ စိုးမြင့်က ဇာတ်ကို ဆဲလိုက်တယ် ဆရာ။ အဲဒါနဲ့ နောက်တစ်နေ့ မနက်စောစော အလုပ်ဆင်းရမှာကို ကျွန်တော်သတိရလိုက်လို့ စိုးမြင့်ကိုခေါ်ပြီး ပြန်မယ်အလုပ်မှာ စိုးမြင့်က ဗိုက်ဆာလာတယ်။ အကြော်စားချင်တယ်လို့ ပြောတာနဲ့ ပွဲဈေးတန်းအစွန်ဘက်မှာရှိတဲ့ အကြော်သည်ကြီးဆီမှာ နှစ်ယောက်သား အကြော်ဝယ်စားကြတယ်။ စားနေတုန်းမှာပဲ နှစ်ယောက်သား ဘယ်လိုဖြစ်သွားတယ်ဆိုတာ မသိတော့ဘဲ ဆရာတို့ အခုပြောပြမှပဲ ဖုန်းဆိုးကွင်း ပြင်အစပ်မှာ သတိမေ့လဲနေတယ်ဆိုတာ သိရတာပါ"

ဆရာတော်ကြီးက ဘာတစ်ခွန်းမှ ဝင်မမေးဘဲ ကိုအောင်မောင်း ပြောသမျှကိုသာ သေသေချာချာ ဂရုစိုက်နားထောင်နေသည်။ ကိုအောင်မောင်း စကားဆုံးတော့မှ ယခုကဲ့သို့ မိန့်ကြားခဲ့သည်။

"ဟုတ်ပြီ ဒကာကြီး၊ အစဦးပိုင်းတုန်းကတော့ နောက်ပြောင်ကျီစယ်ရုံသက်သက် လုပ်ခဲ့တာဖြစ်ပေမယ့် ဒီက ဒကာကြီးတို့က သူတို့ပိုင်နက်ထဲမှာ နှုတ်စည်းမစောင့်ဘဲ ပါးစပ်ကနေ အယုတ္တအနတ္တတွေ ဆဲရေးတိုင်းထွာခဲ့တာကိုး။ အဲဒါကြောင့် ခွင့်မလွှတ်ဘဲ ဒုက္ခရောက်အောင် ဖမ်းစားလိုက်တာ ဖြစ်လိမ့်မယ်။ အချိန်မီ ရှာတွေ့လိုက်လို့ ဒကာကြီးတို့နှစ်ယောက် ကံကောင်းသွားတယ်လို့ ပြောရမယ်။ အဲဒါကြောင့် နောက်နောင်ကို ဒကာကြီးတို့ ဘယ်အရပ်ဒေသရောက်ရောက် နှုတ်ဝစီကို ထိန်းကြပါ၊ နှုတ်ကြောင့်သေ လက်ကြောင့်ကြေ ဆိုတဲ့စကားလည်း ရှိတယ်မဟုတ်လား။ အဖွဲ့ခေါင်းဆောင် ဒကာကြီးအနေနဲ့ မနက်ဖြန် အဲဒီနေရာမှာ အလှူဒါနပြုတယ်လို့ သဘောထားပြီး သွားကျွေးမွေးပေးလိုက်ပါ။ ပြီးရင် မေတ္တာပို့ အမျှအတန်းဝေပြီး တောင်းပန်လိုက်ရင်တော့ ဒီဒကာ နှစ်ယောက် ဘေးအန္တရာယ်တွေ ကင်းရှင်းသွားပါလိမ့်မယ်။ သူတို့မှာလည်း မစားရ မသောက်ရတဲ့ ပြိတ္တာဘုံသားတွေဖြစ်လို့ အလှူဒါနပြုတဲ့ သဘောနဲ့ ကျွေးမွေးလိုက်တာ အကောင်းဆုံးပါပဲ။ ဘယ်လိုလဲ ဒကာကြီး၊ ဘုန်းကြီးပြောသလို လုပ်ပေးနိုင်တယ် မဟုတ်လား"

"တင်ပါ့ဘုရား။ တပည့်တော်တို့မှာလည်း အမြဲတမ်းလိုလို တောထဲတောင်ထဲတွေမှာ အလုပ်လုပ်နေကြရသူတွေဆိုတော့ ဒီလိုကိစ္စမျိုးတွေနဲ့ တွေ့ဖူး ကြုံဖူးပါတယ်ဘုရား။ အဲဒါကြောင့် အရှင်ဘုရား မိန့်ကြားခဲ့သလို မနက်ဖြန် ဆက်ဆက်လုပ်ဆောင်ပေးလိုက်ပါ့မယ်ဘုရား"

နောက်တစ်နေ့ ညနေစောင်းတွင် လွန်ခဲ့သည့်ရက်က ကိုအောင်မောင်းတို့နှစ်ယောက် သတိမေ့ကာ လဲကျနေသည့် ဖုန်းဆိုးကွင်းပြင်၌ ထိုနေရာတွင် နေထိုင်လျက်ရှိကြသည့် ပြိတ္တာဘုံသား ကျတ်တစ္ဆေများအား ထမင်းလေးလုံးချက်တစ်အိုး၊ ကြက်ဖို၊ကြက်မ နှစ်ကောင်ဖြင့် ထုံးစံအတိုင်း ဒါနပြု ကျွေးမွေးလှူဒါန်းကာ မေတ္တာပို့ အမျှအတန်းပေးဝေခဲ့သည်။

ထို့အပြင် နှုတ်ကျံကာ ဆဲရေးတိုင်းထွာမိခဲ့ကြသည့် ကိုစိုးမြင့်နှင့် ကိုအောင်မောင်းတို့ နှစ်ယောက်အားလည်း ခွင့်လွှတ်ပေးပါရန် တစ်ဆက်တည်း တောင်းပန်ခဲ့သည်။

ထိုနေ့ ထိုရက်မှစ၍ ကိုစိုးမြင့်နှင့် ကိုအောင်မောင်းတို့ နှစ်ဦးစလုံး ကွင်းဆင်းလုပ်ငန်းများ ပြီးစီး၍ စခန်းသိမ်းသည်အထိ အရက်သေစာသောက်စားခြင်း မပြုရဲကြတော့ပေ။

ကိုစိုးမြင့်တို့နှစ်ဦး ညဥ့်နက်သန်းခေါင်တွင် ပွဲသွားကြည့်ကြသည်ဆိုသည့်ညက စခန်းအနီးအနားတစ်ဝိုက်တွင် မည်သည့်ရွာလည်းမှ သွားလာသည်ကို မကြားမိကြသလို ဇာတ်ပွဲမှ တီးခတ်လိုက်သည်ဆိုသည့် ဆိုင်းသံဗုံသံများကိုလည်း မကြားမိကြကြောင်း ထိုညက တစ်ညလုံး အလှည့်ကျ ကင်းတာဝန်ကျခဲ့ကြသော လုံခြုံရေးဝန်ထမ်း သုံးဦးစလုံးက တညီတညွတ်တည်း ပြောကြားခဲ့ကြသည်။

ထို့ကြောင့် ကိုစိုးမြင့်နှင့် ကိုအောင်မောင်းတို့နှစ်ဦး လွန်ခဲ့သည့်ရက်ပိုင်းက တွေ့ကြုံခဲ့ရသည့် အဖြစ်အပျက်သည် အမှန်တကယ်လား၊ ဒါမှမဟုတ် နှစ်ယောက်လုံး အမူးလွန်ပြီး ထင်ယောင်ထင်မှား တွေ့ခဲ့ကြုံခဲ့ရခြင်းလားဆိုသည်ကတော့ စိုးလွင်တို့ မဝေခွဲတတ်တော့ပါ။

**တင်အေးကျော်(အောင်လံ)**

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# ကျော်ဇော

(တားကုန်)

# ကြောင်တစ်ကောင်၏ အံ့ဖွယ်ကလဲ့စား



နှလုံးသွေးပျက်စေလောက်သည့် ကြောက်လန့်တုန်လှုပ်ဖွယ်ဖြစ်ရ
ကြုံခဲ့ရသည်မှာ နှစ်အတန်ကြာခဲ့လေပြီ။ သို့တိုင်အောင် မနေ့တ
ကပင် ဖြစ်ခဲ့ဘိသကဲ့သို့ မျက်စိထဲက မထွက်။ မေ့ပျောက်၍လည်း မရ
ကျွန်ုပ်၏ ဇနီးဖြစ်သူသည်လည်း သတိလစ်မေ့မြောသည့်အထိ ကယောင်

www.burmeseclassic.com

www.burmeseclassic.com

ချောက်ချား ခံစားခဲ့ရရှာသည်။

သူမရှေ့တွင် ထိုအကြောင်းကို ယောင်၍မျှပင် စကား မစပ်မိအောင် ရှောင်ရှားခဲ့ရလေတော့၏။

◆◆◆

ထိုစဉ်က ကျွန်ုပ်နှင့် အီမီလီယာတို့ လက်ထပ်ပြီးစ အချိန်။

ဂျာမနီနိုင်ငံတောင်ပိုင်းသို့ ခရီးထွက်ခဲ့ကြသည်။ အင် လိပ်အသံထွက်ဖြင့် နျူရင်ဘတ်ဟုခေါ်သည့် ရှေးဟောင်း မြို့တော်တွင် တည်းခိုခဲ့ကြသည်။ သို့ဖြင့် ထိုမြို့တွင် အမေရိကန်လူမျိုးတစ်ဦးနှင့် ဆုံခဲ့ရသည်။ သူသည် အလုပ် အားလပ်ရက် ခရီးထွက်လာခြင်း ဖြစ်သည်။ သူကောင်း သား၏ အမည်က အီးလီးယက်(စ်)။

ပျော်ရွှင်ပွင့်လင်းတတ်သောသူနှင့် ကျွန်ုပ်တို့သည် အချိန်တိုအတွင်း ရင်းနှီးသွားခဲ့ကြသည်။ စားအတူ သွား အတူ တွဲဖြစ်ခဲ့ကြသည်။ နေ့စဉ်ပင် သုံးယောက်သား မြို့တွင်းတစ်ခို လည်ပတ်ကြည့်ရှုခဲ့ကြသည်။

နျူရင်ဘတ်ရှိ အဆောက်အအုံများသည် သက်တမ်း ရှည်ကြာလှလေပြီ။ ရင်သပ်ရှုမောဖွယ် ကောင်းအောင် လည်း ထည်ဝါလှပကြလေ၏။

ယင်းတို့အနက် ရှေးအကျဆုံးသည် ရှောမရဲတိုက် ဟောင်းကြီးပင်ဖြစ်သည်။ မြို့လယ်တွင် ထီးတည်းမားမား ကြီး တည်ရှိနေသည်။ အနီရဲတိုက်ကြီးပေါ်မှ ကြည့်လျှင် တစ်မြို့လုံးကို စီးမိုးမြင်နေရလေသည်။ နံရံအောက်ခြေ တွင် ကျုံးဟောင်းရာတစ်ခုကို တွေ့ရသည်။ တစ်ချိန်သော ကာလက ရေများ ပြည့်နေပေလိမ့်မည်။ ရဲတိုက်ကြီး အတွင်း နေထိုင်ကြသူများကို ဘေးရန်အန္တရာယ်အသွယ် သွယ်က ကာကွယ်တားဆီးပေးခဲ့မည်မှာလည်း စေကန်မုချ ပင် ဖြစ်တော့၏။

ယခုတော့ ကျုံးချောက်ကြီး ဖြစ်နေချေပြီ။ ရေမရှိ တော့သည်မှာလည်း ရာစုနှစ် အတော်ကြာခဲ့ပုံရသည်။ ကျွန်ုပ်တို့ ရောက်သွားချိန်တွင် သီးနှံစိုက်ခင်းများနှင့် ပန်း ခြံများက ကျုံးအတွင်း နေရာယူထားလျက် ရှိကြသည်။

အီမီလီယာ၊ အီးလီးယက်(စ်)နှင့် ကျွန်ုပ်တို့သည် ရှည်လျားမတ်စောက်သည့်လမ်းအတိုင်း ရဲတိုက်ကြီးပေါ်သို့ တက်ခဲ့ကြသည်။ အောက်ဘက်ကျုံးဟောင်းအတွင်းရှိ ပန်း ခြံများကိုလည်း ငုံ့ကြည့်လာခဲ့ကြသည်။ ရှုချင်စဖွယ်ဖြစ်သည် နှင့်အညီ နေအပူရှိန်က ပြင်းပြလှသည်။ ပန်းခြံများရှိ သစ်ပင်များအောက်တွင် အရိပ်ခိုနားနေကြသူများကို ဟို တစ်စု သည်တစ်စု လှမ်းမြင်နေရသည်။ ရှုမငြီးဖွယ် မြင် ကွင်းပင် ဖြစ်သေတော့၏။

အတန်ငယ်မြင့်သည့်နေရာသို့ အရောက်တွင် သုံး ယောက်သား ကျုံးဟောင်းအတွင်းသို့ ပြိုင်တူငုံ့ကြည့်မိ လိုက်ကြသည်။ ရဲတိုက်နံရံအောက်ခြေ အနီးတွင်တော့ ကြောင်သားအမိ နှစ်ကောင်။ မိခင်ကြောင်နက်မကြီး၏ အမြီးအား ကြောင်ပေါက်ကလေးက ဆွဲဆော့ကစားလျက် ရှိသည်။ ၎င်းတို့၏ အပျော်စိတ်များက ကျွန်ုပ်တို့ထံသို့ပင် ကူးစက်လာလေသည်။

အီးလီးယက်(စ်)က ခပ်ရွှင်ရွှင် လှမ်းပြောလိုက် သည်။

'ကျုပ်တို့လည်း သူတို့ ကစားဝိုင်းထဲ ဝင်နွှဲကြရ အောင်'

သူသည် ကျောက်ခဲတစ်လုံးအား ကောက်ယူပြီး စကားဆက်လိုက်ပြန်သည်။

'ဒီမှာကြည့်၊ သူတို့ဘေးနားကို ကျောက်ခဲအသာပစ် ချလိုက်မယ်။ ဘယ်က ကျလာမှန်း မသိဘဲ လန့်ဖျပ်ပြီး အူကြောင်ကြောင် ဖြစ်သွားကြမှာ သေချာတယ်'

'အို··မလုပ်ပါနဲ့။ ကြောင်ကလေးကို ထိသွားဦး မယ်'

အီမီလီယာက စိုးရိမ်တကြီး လှမ်းသတိပေးလိုက် သေးသည်။ သူမ၏အမူအရာက သိပ်နှစ်မြို့ပုံမရ။ အီး လီးယက်(စ်)က ချက်ချင်း တုံ့ပြန်ပြောလိုက်သည်။

'မထိစေရပါဘူးဗျ။ ကျုပ်က သူတို့ကို စရုံနောက်ရုံ သက်သက်ပါ'

'ဒီနေရာက အမြင့်ကြီးရှင့်။ မတော်တဆ ထိသွား နိုင်တယ်'

'စိတ်ချပါဗျာ။ သူတို့နဲ့ ခပ်လှမ်းလှမ်းကို ပစ်မှာပါ။ ဒီမှာကြည့်'

အီးလီးယက်(စ်)သည် ပြောပြောဆိုဆိုဖြင့် ရှေ့ဘက် သို့ အနည်းငယ်ငုံ့ရင်း ကျောက်ခဲကို ပစ်ချလိုက်သည်။ အခြေအနေက သူထင်ထားသကဲ့သို့ ဖြစ်မလာခဲ့။ ကျောက် ခဲသည် ရဲတိုက်နံရံကို ဦးစွာထိ၍ အရှိန်ဖြင့် စဉ်ထွက်သွား သည်။ ထို့နောက် ကံဆိုးလှစွာသော ကြောင်ပေါက်

www.burmeseclassic.com

www.burmeseclassic.com

ကလေးကို ထိမှန်ကာ ရုတ်ခြည်းပင် သေဆုံးသွားလေတော့၏။

ကြောင်နက်မကြီးသည် ကျွန်ုပ်တို့ရှိရာသို့ ဖျတ်ခနဲ မော့ကြည့်လာခဲ့သည်။ သူမ၏ မျက်လုံးစိမ်းကြီးများက ဒေါသရောင်များ တဝင်းဝင်းတောက်နေသည်ဟုပင် ထင်လိုက်ရသည်။ သူမသည် ကြောင်သေကလေးကို ငုံ့ကြည့်ပြီး လျှာဖြင့် လျက်ပေးနေခဲ့သည်။ ထို့နောက် ရုတ်ခြည်းပင် အပေါ်သို့ မော့ကြည့်လိုက်ပြန်သည်။ ဤတစ်ကြိမ်တွင်တော့ အီးလီးယက်(စ်)ကို စူးစူးဝါးဝါး လှမ်းကြည့်ခဲ့ခြင်းပင်။ တစ်ဆက်တည်းတွင်ပင် ပါးစပ်ကို ဖြဲဟ၍ မာန်ဖီလိုက်သည်။ ချွန်မြရှည်လျားသော အစွယ်များတွင် ကြောင်သေကလေးကို လျက်ထားသည့် သွေးများဖြင့် ခြင်းခြင်းနီနေလေတော့၏။

ကျွန်ုပ်တို့ ကြည့်နေခိုက်တွင်ပင် ကြောင်နက်မကြီးသည် မမျှော်လင့်သော လှုပ်ရှားမှုကို ပြုလိုက်သည်။ ရဲတိုက်နံရံကြီးပေါ်သို့ လှမ်းခုန်တက်လိုက်ခြင်းပင်ဖြစ်သည်။ နံရံကြီးပေါ်သို့ လှမ်းခုန်တက်လိုက်၊ ပြန်လန်ကျသွားလိုက်ဖြင့် အကြိမ်ကြိမ် ကြိုးစားနေခဲ့သည်။ ကျွန်ုပ်တို့ထံအရောက် တက်လာပြီး တစ်ခုခုပြုလုပ်လိုဟန် ပေါက်နေပေသည်။

တစ်ကြိမ်တွင်တော့ ကြောင်သေကလေးပေါ်သို့ တည့်တည့်ကြီး ပြုတ်ကျသွားလေတော့သည်။ တစ်ကိုယ်လုံး သွေးအလိမ်းလိမ်း ပေကျံကုန်လျက် ဒေါမာန်ထနေသည့် ကြောင်နက်မကြီးကိုကြည့်ကာ ကြက်သီးများပင် ထလာတော့သည်။

အီမီလီယာသည်လည်း ရင်တုန်ပန်းတုန် ဖြစ်သွားပုံရသည်။ သို့ဖြင့် မလှမ်းမကမ်းရှိ ခုံတန်းလျားပေါ်သို့ တွဲခေါ်သွားကာ ပူနွေးသည့် နေရောင်ခြည်အောက်တွင် ထိုင်နားစိုင်းထားရလေတော့၏။

အီးလီးယက်(စ်)သည် ရဲတိုက်နံရံ အောက်ဘက်သို့ လှမ်းကြည့်နေဆဲပင်ဖြစ်သည်။ ကျွန်ုပ်လည်း သူ့အနီးသို့ ပြန်လျှောက်သွားကာ ငုံ့ကြည့်လိုက်မိသည်။ ကြောင်နက်မကြီးသည် ယခုတိုင် ဇွဲမလျှော့သေးပေ။ နံရံကြီးပေါ်သို့ လှမ်းခုန်လိုက်၊ ပြန်ပြုတ်ကျသွားလိုက်ဖြင့် ဗျာများနေရှာသည်။ ကျွန်ုပ်တို့ထံအရောက် ပြေးတက်လိုသောဇောနှင့် သားသမီးအတွက် လက်တုံ့ပြန်မည့် ဒေါသအဟုန်တို့ကြောင့် ကျားရဲကြီးတစ်ကောင်နှင့်ပင် တူနေလေသည်။

ထိုစဉ်တွင် အီးလီးယက်(စ်)သည် ခေါင်းတဆတ်ဆတ် ညိတ်ရင်း ပြောလာခဲ့လေ၏။

'ကြောင်မလေး ရူးသွားပြီထင်တယ်။ မတော်တဆ ဖြစ်သွားတာပါဗျာ။ ကျုပ်က ကျီစယ်ရုံပစ်လိုက်တာ။ ချစ်စရာ ကြောင်ကလေးကို ဘယ်သေစေချင်ပါ့မလဲ'

ထိုစဉ် စိတ်သက်သာသွားပုံရသော အီမီလီယာသည် ကျွန်ုပ်တို့အနီးသို့ ပြန်လျှောက်လာခဲ့သည်။ သုံးယောက်သား အောက်ဘက်သို့ ငုံ့ကြည့်မိလိုက်ကြသည်။ ကြောင်နက်မကြီးကလည်း မော့ကြည့်နေသည်ကို တွေ့လိုက်ကြရသည်။ အီးလီးယက်(စ်)ကို မြင်သွားသောအခါ နံရံပေါ်သို့ ဝုန်းခနဲ ခုန်တက်လိုက်ပြန်သည်။ အီမီလီယာသည် ရုတ်တရက် ယောင်၍နောက်ဆုတ်ရင်း အော်ပြောလိုက်လေ၏။

'အို··ကြောင်မလေး သနားပါတယ်။ သူ တော်တော် ဒေါသဖြစ်နေတာပဲ။ အီးလီးယက်(စ်)··ရှင့်ကို လာသတ်ချင်နေပုံရတယ်'

အီးလီးယက်(စ်)က သဘောကျစွာဖြင့် ရယ်မောလိုက်သည်။ သူလိုလူက ကြောင်တစ်ကောင်ကို မည်သို့ ကြောက်လန့်ပါမည်နည်း။ သူ့ကိုလည်း မည်သို့မျှ ရန်ပြုနိုင်မည်မဟုတ်ဟု သေချာပေါက် တွက်ထားခဲ့ပေမည်။

သူ၏ ရယ်မောသံကို ကြောင်နက်မကြီး ကြားသွားပုံရသည်။ အပေါ်သို့ မော့မကြည့်တော့ဘဲ ကြောင်သေကလေး ဘေးတွင် ဆောင့်ကြောင့်ထိုင်လိုက်သည်။ ထို့နောက် ကြောင်ကလေး၏ အသက်မဲ့ခန္ဓာကိုယ်ကို လျှာဖြင့် လျက်ပေးနေလေတော့၏။

ကျွန်ုပ်တို့ သုံးယောက်သည်လည်း ထိုနေရာမှခွာ၍ ဆက်လျှောက်ခဲ့ကြသည်။ သို့တိုင်အောင်ပင် မကြာခဏ ရပ်တန့်၍ အောက်သို့ ငုံ့ကြည့်မိကြလေသည်။ ကြည့်လိုက်တိုင်း ကြောင်နက်မကြီးသည် မော့ကြည့်ရင်း လျှောက်လိုက်လာသည်ကို အံ့သြစွာတွေ့လိုက်ကြရသည်။ ရဲတိုက်နံရံအောက်ခြေအတိုင်း ပတ်လိုက်လာခြင်း ဖြစ်သည်။ ကြောင်သေကလေးကိုလည်း ကိုက်ချီသယ်လာသည်ကို အစပိုင်း၌ တွေ့ခဲ့ရသည်။ နောက်ပိုင်းတွင် ကြောင်သေကလေးကို တစ်နေရာရာတွင် ဝှက်ထားလိုက်ပုံရသည်။ တစ်ကောင်တည်း ဆက်လိုက်လာလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

မကြာမီတွင်ပင် ကျွန်ုပ်တို့သည် ရေမတံခါးပေါက်ကြီးရှေ့သို့ ရောက်ခဲ့ကြသည်။ အနီတံခါးပေါက်ကြီးကို ဖြတ်၍ လမ်းဖုံဖုံကလေးအတိုင်း ဆက်ဝင်သွားကြသည်။ အတန်ငယ်သွားလိုက်သည်ဆိုလျှင်ပင် နာမည်ကျော် ညှဉ်းပန်းသုတ်သင်ရေး ခန်းမဆောင်ကြီးကို မျက်ဝါးထင်ထင်တွေ့လိုက်ကြရတော့သည်။ လွန်ခဲ့သော ဆယ့်ခြောက်ရာစုနှစ်က လူများအား နည်းမျိုးစုံဖြင့် ဓိဝိန်ခြွေခဲ့သည့် နေရာကြီးပင်တည်း။

ခန်းမကြီးအတွင်းသို့ ရောက်သောအခါ ကျွန်ုပ်တို့သုံးယောက်မှတစ်ပါး အခြားဧည့်သည်များကို မတွေ့ရ။ တံခါးပေါက် အတွင်းဘက်တွင် လူတစ်ယောက် ထိုင်လျက်ရှိသည်။ ခန်းမကြီးအတွင်း လှည့်လည်ပြသပေးမည့် ဧည့်လမ်းညွှန်ပင်ဖြစ်သည်။

ခန်းမကြီး၏ အတွင်းပိုင်းက အတန်ပင် မှောင်လျက်ရှိသည်။ တံခါးပေါက်မှ ဝင်လာသည့် အလင်းရောင်ကလည်း မှုန်ပျပျသာရှိသည်။ ကျွန်ုပ်တို့သည် ဖုန်အလိမ်းလိမ်း တင်နေသည့် လှေကားအတိုင်း တက်သွားကြသည်။ လှေကားထိပ်သို့ ရောက်သောအခါ အခန်းကျယ်ကြီး တစ်ခန်းကို တွေ့လိုက်ကြရလေ၏။

ပြတင်းပေါက်ငယ်ကလေးများမှဝင်လာသည့်အလင်းရောင်ကြောင့် အခန်းကြီးအတွင်းပိုင်းကို ထင်ရှားစွာ တွေ့မြင်နေရသည်။ နံရံများပေါ်တွင် ဓားကြီးများကို ချိတ်ဆွဲထားလျက် ရှိသည်။ လက်နှစ်ဖက်ဖြင့် စုံကိုင်မှသာ ရနိုင်လောက်သည့် အရွယ်ပမာဏ ရှိကြသည်။ ကြမ်းခင်းပေါ်တွင်တော့ ယခုတိုင် သွေးများ စွန်းပေနေသည့် သစ်တုံးများက ပြန့်ကျဲနေကြသည်။ အနီသစ်တုံးများပေါ်တွင် လူဦးခေါင်းများအား ပုဆိန်ဖြင့် ခုတ်ဖြတ်ခဲ့ကြခြင်းပင် ဖြစ်လေတော့၏။

တွေ့မြင်ရုံမျှဖြင့် နှလုံးတုန်ချောက်ချားဖွယ် ကောင်းလှသည့် ကိရိယာတန်ဆာပလာများကလည်း အခန်းကြီးထဲတွင် ပြည့်နှက်နေကြသည်။ ရှေးအတီတေက လူများအား အသက်သေသည်အထိ တတိတိ ညှဉ်းပန်းနှိပ်စက်ခဲ့သည့် အရာများပင်ဖြစ်သည်။ ထိုင်ချလိုက်လျှင် ကြောင့်စူးမိစေရန် သံချွန်များ တပ်ဆင်ထားသည့် ကုလားထိုင်ကြီးများကို အသည်းယားစဖွယ် တွေ့ရသည်။ ဧရာမသံလည်ပတ်ကြီးများကို မြင်ရသည်မှာလည်း ကြက်သီးထစရာ ကောင်းလှသည်။ လက်စွဲခြင်းသဏ္ဍာန် သံခေါင်းစွပ်ကြီးများကလည်း မသတီစရာ အငံ့ကျည်းတန်နေကြသည်။ ဦးခေါင်းပေါ်တွင် စွပ်ပေးလိုက်ပါက တဖြည်းဖြည်းချင်း ကြိတ်ချေလိုက်မည့် ကြောက်မက်ဖွယ် ကိရိယာများ ဖြစ်သည်။

မြင်မြင်သမျှ နှလုံးသွေးပျက်ဖွယ်ရာများပင်တည်း။ အီမီလီယာသည် သွေးမရှိတော့သည့်အလား ဖြူဖပ်ဖြူရော်ဖြစ်သွားကာ ကျွန်ုပ်၏ လက်မောင်းကို အလန့်တကြား ဆွဲကိုင်လာလေတော့၏။

အခန်းကြီး၏ အလယ်တွင်တော့ ရှိရှိသမျှထဲတွင် ကြောက်မက်ဖွယ်အကောင်းဆုံးအရာကို မားမားကြီးတွေ့လိုက်ရသည်။ ထိုအရာကို ကဗျာဆန်စွာ အမည်ပေးထားပုံက သံမဏိကညာပျို ဟူသတတ်။

မိန်းမပျိုတစ်ဦး၏ ခန္ဓာကိုယ်ပုံစံအတိုင်း သတ္တုတစ်မျိုးဖြင့် ပြုလုပ်ထားခြင်းဖြစ်သည်။ ဖုန်အထပ်ထပ်တက်ကာ ညစ်ပတ်ပေရေလျက်ရှိသည်။ သက်တမ်းကလည်း ရှည်ကြာလှမင့်ကိုး။

အနီသတ္တုကိုယ်ထည်ရှေ့ဘက်တွင် သံကွင်းကြီးတစ်ခုကို တပ်ထားသည်။ ထိုသံကွင်းကို ကြိုးကြီးတစ်ချောင်းဖြင့် တွဲချည်ထားပြန်သည်။ ကျန်သည့် ကြိုးစအစွန်းကို အခန်းတွင်း တစ်နေရာရှိ သစ်သားတိုင်ထိပ်တွင် တပ်ဆင်ထားသည့် စက်သီးပေါ်မှဖြတ်၍ ဆိုင်းဆွဲထားလေ၏။

ဧည့်လမ်းညွှန် ပုဂ္ဂိုလ်သည် သံမဏိကညာပျိုနှင့် ကျွန်ုပ်တို့ကို ကောင်းစွာမိတ်ဆက်ပေးခဲ့သည်။ သူသည် ကြိုးစကို ဆွဲလိုက်ရာ သတ္တုကိုယ်ထည် ရှေ့ဘက်အခြမ်းက ပွင့်ထွက်သွားသည်။ ထိုအခါတွင်မှ ပတ္တာတပ်ထားသည့် လေးလံသော တံခါးချပ်ကြီးဖြစ်မှန်း သိလိုက်ကြရသည်။ ကျွန်ုပ်တို့လည်း ရှေ့အနည်းငယ်တိုး၍ စပ်စုမိလိုက်ကြသည်။ ကိုယ်ထည်အတွင်းပိုင်းသို့ လူတစ်ယောက်ကောင်းစွာဝင်၍ ရပ်နိုင်ကြောင်း တွေ့လိုက်ရသည်။ ရှေ့ဘက်ခြမ်း တံခါးသည် အလွန်လေးလံမည်မှာ ကေန်မုချပင်။ ဧည့်လမ်းညွှန်သည် ဆွဲကိုင်ထားသည့်ကြိုးကို လွှတ်လိုက်ရာ တံခါးချပ်ကြီးသည် ဝုန်းခနဲမြည်ကာ တင်းကျပ်စွာ ပိတ်သွားလေတော့၏။

ချက်ချင်းဆိုသလိုပင် ဧည့်လမ်းညွှန်သည် ကြိုးကိုဆွဲ၍ တံခါးချပ်ကြီးကို ပြန်ဖွင့်ပြလာခဲ့သည်။ ထိုအခါတွင်

www.burmeseclassic.com

www.burmeseclassic.com

မှ သေချာစွာ ကြည့်လိုက်ကြရာ အသက်ရှုရပ်သွားမတတ် ဖြစ်သွားကြရသည်။ အနီလေးလဲ့လှသော တံခါးချပ်ကြီး၏ အတွင်းဘက်တွင် သံချွန်ရှည်ကြီးများ တပ်ဆင်ထားသည်ကို တွေ့လိုက်ကြရသောကြောင့်ပင်။ သံမဏိကညာပျို၏ ကိုယ်ထည်အတွင်းသို့ တစ်ယောက်ယောက်ကို ဝင်ရပ်စေပြီး တံခါးချပ်ကြီးကို ပိတ်လိုက်မည်ဆိုပါစို့။ ရှည်လျားသော သံချွန်ကြီးများက ထိုသူ၏ မျက်လုံးများ၊ နှလုံးသားနှင့် ဝမ်းဗိုက်အတွင်းသို့ ထုတ်ချင်းခပ် ဝင်ရောက်သွားမည်မှာ ဧကန်ပင် ဖြစ်ပေတော့၏။

အီမီလီယာသည်လည်း ထိုသံချွန်ကြီးများကို မြင်တွေ့သွားဟန်တူသည်။ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်လာကာ မတ်တတ်ကြီးမေ့သွားရှာသည်။ သူမကို အောက်ထပ်သို့ ပြန်တွဲခေါ်သွားရသည်။ ထို့နောက် ခန်းမအပြင်ထွက်၍ နေရောင်ရသည့်နေရာတွင် အတူထိုင်ကာ အနားယူစေခဲ့သည်။ အတန်ကြာမှ ပုံမှန်အနေအထားသို့ ပြန်ရောက်လာလေသည်။

သို့ဖြင့် ခန်းမအတွင်းဝင်ကာ အပေါ်ထပ်သို့ ပြန်တက်ပြီး အီးလီးယက်(စ်)ကို ရှာဖွေခဲ့ကြသည်။ ဘသားချောသည် သံမဏိကညာပျိုအနီးက မခွာသေး။ ရှေ့နောက် လှည့်ပတ်စူးစမ်းနေဆဲ ဖြစ်သည်။ ကျွန်ုပ်တို့ကို မြင်သောအခါ လုံးဝမျှော်လင့်မထားသည့် စကားကို စိတ်ထက်သန်စွာ ပြောလာလေတော့၏။

'ကျုပ် အထဲကို ဝင်ကြည့်မလို့ဗျ။ အဲဒီမှာရပ်ပြီး ဘယ်လိုခံစားရမလဲဆိုတာ သိချင်လို့။ ကျုပ် လက်နဲ့ခြေတွေကို ကြိုးအရင် တုပ်ပေးဗျာ'

မည်သူမျှ တုတ်တုတ်မလှုပ်။ အံ့ဩမှင်တက်ကာ နှုတ်များလည်း ဆိတ်နေမိကြသည်။ အီးလီးယက်(စ်)သည် စိတ်မရှည်ဟန်ဖြင့် ဧည့်လမ်းညွှန်ကို လှမ်းပြောလိုက်သည်။

'ကြိုးတစ်ချောင်း သွားယူလေဗျာ'

ဧည့်လမ်းညွှန်နှုတ်မှ မည်သည့်အသံမျှ ထွက်မလာခဲ့၊ နေရာမှလည်း လုံးဝမရွေ့။ တောင့်တောင့်ကြီးရပ်ရင်း ခေါင်းကိုသာ တွင်တွင်ခါပြနေခဲ့သည်။ အီးလီးယက်(စ်)သည် အင်္ကျီအိတ်အတွင်းက ငွေစက္ကူအချို့ ထုတ်ယူလိုက်သည်။ ထို့နောက် ဧည့်လမ်းညွှန်ထံ လှမ်းပေးရင်း ပြောလိုက်သည်။

'ရော့..ယူထားလိုက်။ ဘာမှမစိုးရိမ်ပါနဲ့ဗျ'

ဧည့်လမ်းညွှန်သည် ငွေစက္ကူများကို ဆတ်ခနဲဆွဲယူလိုက်သည်။ ထို့နောက် ချာခနဲလှည့်ကာ အခန်းထောင့်တစ်နေရာသို့ ခပ်သုတ်သုတ် ထွက်သွားသည်။ ၎င်းပြန်ရောက်လာသောအခါ ကြိုးစတစ်စ ပါလာခဲ့သည်။ ချက်ချင်းပင် အီးလီးယက်(စ်)၏ လက်များကို ပူးချည်လိုက်သည်။ အီးလီးယက်(စ်)သည် လက်နှစ်ဖက် ဆန့်ပေးထားရင်းက ပြောလိုက်သည်။

'အေး..ဟုတ်ပြီ။ ငါ့ခြေထောက်တွေကိုတော့ မတုပ်နဲ့ဦးကွ။ မင်း ငါ့ကိုယ်ကြီးကိုမ,ပြီး အထဲသွင်းနိုင်မှာမဟုတ်ဘူး။ ငါ အရင်ဝင်လိုက်ဦးမယ်။ ပြီးမှတုပ်ပေါ့။ ဟုတ်ပြီနော်'

သူသည် ပြောရင်းဆိုရင်းက သံမဏိကညာပျိုအတွင်းသို့ ဝင်ရပ်လိုက်သည်။ ထွားကျိုင်းသော သူ၏ခန္ဓာကိုယ်နှင့် တိုင်းလုပ်ထားသည့်ပမာ ကွက်တိပင်ဖြစ်သည်။ အီမီလီယာသည် အီးလီးယက်(စ်) လှုပ်ရှားသမျှ မျက်တောင်မခတ် လိုက်ကြည့်နေခဲ့သည်။ စိုးရွံ့ကြောက်လန့်နေပုံရသော်လည်း နှုတ်က တစ်ခွန်းမျှ မဟပေ။

ဧည့်လမ်းညွှန်သည် အီးလီးယက်(စ်)၏ ခြေထောက်များကို ပူးချည်လိုက်သည်။ တုတ်တုတ်မျှလှုပ်၍မရတော့။ ခြေရောလက်ပါ တင်းကျပ်စွာ ချည်နှောင်ခံထားရလေပြီ။ သို့တိုင်အောင် သူသည် ကျေနပ်ပျော်ရွှင်နေခဲ့သည်။ အီမီလီယာကိုကြည့်၍ ပြုံးပြလိုက်သည်။ ထို့နောက် ဧည့်လမ်းညွှန်ကို လှုပ်ရှားခိုင်းလိုက်လေ၏။

'ကဲ..အဆင်သင့်ပဲ။ တံခါးကို ဖြည်းဖြည်းချင်း ပိတ်လိုက်တော့'

အီမီလီယာက လက်ကာပြရင်း အထိတ်တလန့်ပြောလိုက်သည်။

'အို..မလုပ်နဲ့၊ မလုပ်နဲ့။ ကျွန်မ မကြည့်ရဲဘူး၊ မကြည့်ရဲဘူး'

အီးလီးယက်(စ်)သည် သူမကို မျက်မှောင်ကြုတ်ကြည့်လိုက်သည်။ ထို့နောက် ကျွန်ုပ်ကို လှမ်းပြောလာခဲ့သည်။

'ကဲ..အီမီလီယာကို ခေါ်သွားစမ်းပါဗျာ။ သူ အသည်းကြောက်နေပြီ။ အပြင်မှာ လမ်းလေးဘာလေး လျှောက်ခိုင်းလိုက်ပါဦး'

www.burmeseclassic.com

www.burmeseclassic.com

ဤတစ်ကြိမ်တွင်တော့ အီမီလီယာကို ခေါ်၍မရ။ ကျွန်ုပ်၏ လက်မောင်းကို တင်းကျပ်စွာ ဆုပ်ကိုင်ထားသည်။ တစ်ကိုယ်လုံးလည်း တဆတ်ဆတ် တုန်နေလေသည်။

ဧည့်လမ်းညွှန်သည် စက်သီးကို တစ်ပတ်ချင်း လည်စေကာ ကြိုးကို ဖြည်းညင်းစွာ လျှော့ချပေးခဲ့သည်။ တံခါးချပ်ကြီးကလည်း တအိအိနှင့် တစ်ထစ်ချင်း ပိတ်လိုက်လာသည်။ သံချွန်ရှည်ကြီးများက အီးလီးယက်(စ်)မျက်နှာနှင့် ကိုယ်လုံးစီသို့ တစ်လက်မပြီးတစ်လက်မ ချဉ်းကပ်လာနေကြသည်။ သို့တိုင်အောင် သူကတော့ သံချွန်ကြီးများ နီးကပ်လာလေ ပို၍အားရကျေနပ်ရလေပုံစံ ပေါက်နေလေတော့၏။

မိနစ်အတန်ကြာခဲ့လေပြီ။ သံတံခါးချပ်ကြီး အပြည့်စေ့ပိတ်သွားရန် ပေအနည်းငယ်မျှသာ လိုတော့သည်။ ကျွန်ုပ်လည်း အီမီလီယာကို လှည့်ကြည့်မိလိုက်သည်။ သူမ၏ အာရုံက အီးလီးယက်(စ်)ထံတွင် မရှိ။ နှုတ်ခမ်းအစုံကလည်း လူသေကောင်ကဲ့သို့ ဖြူဖွေးနေကြသည်။ သူမသည် သံမဏိကညာပျို၏ ခြေရင်းဘက်သို့ မျက်တောင်မခတ်တမ်း စိုက်ကြည့်နေသဖြင့် ကျွန်ုပ်လည်း လိုက်ကြည့်မိသည်။

ကြောင်နက်မကြီးက ဆောင့်ကြောင့်ထိုင်လို့ပါလား။ မည်သို့မည်ပုံ ရောက်လာမှန်းမသိ။ မျက်ဝန်းအစုံက ဝင်းဝင်းတောက်နေကြသည်။ တစ်ကိုယ်လုံးတွင်လည်း သွေးများက ပေကျံလျက်။ ကျွန်ုပ်သည် စိတ်မထိန်းနိုင်ဘဲ လှမ်းအော်လိုက်မိတော့၏။

'ဟာ..ဟို..ဟိုမှာ ကြောင်မကြီးပါလား'

ကျွန်ုပ်၏အော်သံကြောင့် ကြောင်မကြီးသည် ဆောင့်ကြောင့်ထိုင်နေရာက လေးဖက်ထောက်၍ ရပ်လိုက်သည်။ အီးလီးယက်(စ်)သည်လည်း ကြောင်ကြီးကို မြင်သွားကာ ရယ်ကျဲကျဲနှင့် လှမ်းပြောလာသည်။

'ကြောင်ကြီးက ဒီအထိ လိုက်လာတာလား။ ကျုပ်နားကပ်လာရင် ကန်ထုတ်ပစ်လိုက်စမ်းဗျာ။ ဒီမှာ လှုပ်လို့ကို မရတော့ဘူး'

ထိုအခိုက်တွင်ပင် အီမီလီယာသည် အကြောက်လွန်ကာ သတိလစ်သွားခဲ့သည်။ လဲကျမသွားစေရန် သူမ၏ ပခုံးကို လှမ်းဖက်ထားလိုက်ရသည်။ တစ်ချိန်တည်းတွင်ပင် ကြောင်နက်မကြီး၏ မာန်ဖီအော်ဟစ်လိုက်သံက ကျယ်လောင်စွာ ထွက်ပေါ်လာခဲ့သည်။ ထို့နောက် လွှားခနဲ လှမ်းခုန်လိုက်သည်ကိုလည်း ရိပ်ခနဲမြင်လိုက်ရသည်။ သို့ရာတွင် အီးလီးယက်(စ်) ကိုယ်ပေါ်သို့ကား အလျဉ်းမဟုတ်။ သံမဏိကညာပျို၏ တံခါးထိန်းကြိုးအား ဆွဲကိုင်ထားသည့် ဧည့်လမ်းညွှန်ပေါ်သို့ ခုန်တက်လိုက်ခြင်းပင် ဖြစ်လေတော့၏။

ကြောင်နက်မကြီးသည် ဧည့်လမ်းညွှန်၏ ပခုံးပေါ်သို့ တစ်ဆင့် ခုန်တက်လိုက်သည်။ ထို့နောက် ၎င်း၏မျက်နှာကို ချွန်ထက်သည့် လက်သည်းကြီးများဖြင့် ကုတ်ခြစ်လိုက်သည်။ ဧည့်လမ်းညွှန်၏ မျက်လုံးနှင့် ပါးများပေါ်တွင် အစင်းရာကြီးများ ပေါ်လာကာ သွေးများ ခြင်းခြင်းနီသွားခဲ့သည်။ ထို့ကြောင့် သူသည် အလန့်တကြား အော်ဟစ်ရင်း နောက်သို့ ခုန်ဆုတ်ကာ လှည့်ပြေးထွက်သွားလေသည်။ သူ၏ လက်ထဲက ကြိုးသည်လည်း လွတ်ထွက်



www.burmeseclassic.com

www.burmeseclassic.com

သွားတော့၏။

အီးလီးယက်(စ်)သည် ထိုအခြင်းအရာ အားလုံးကို လှမ်းမြင်နေခဲ့သည်။ သူ၏ မျက်နှာပေါ်တွင် အံ့ဩထိတ်လန့်ဟန်များ ရုတ်ခြည်းပေါ်လာလေသည်။ ကြောက်လန့်တကြားဖြင့် တစ်ခုခုပြောရန် ပါးစပ်ပြင်လိုက်သော်လည်း အသံက လုံးဝထွက်မလာခဲ့။ ကြိုးလွတ်သွားသည့်တံခါးချပ်ကြီးသည်လည်း အရှိန်ဖြင့် ဝုန်းခနဲဆောင့်ပိတ်သွားလေတော့၏။

နှလုံးသွေးပျက်ဖွယ် ထိုဖြစ်စဉ်များက မျက်စိတစ်မှိတ်မျှ အချိန်ပိုင်းကလေးအတွင်း ပြီးဆုံးသွားခဲ့သည်။ ကျွန်ုပ်သည် သတိလစ်နေသည့် အီမီလီယာအား ကြမ်းပြင်ပေါ်တွင် အသာလှဲချထားလိုက်သည်။ ထို့နောက် သံမဏိကညာပျိုအနီးသို့ပြေးကာ သံကွင်းကြီးကို အားကုန်ဆွဲ၍ဖွင့်လိုက်သည်။ တံခါးချပ်ကြီး ပွင့်သွားကာ သံချွန်များနှင့်လွှတ်သွားသော အီးလီးယက်(စ်)၏ အသက်မဲ့ခန္ဓာကိုယ်ကြီးက အပြင်သို့ ထွက်ကျလာခဲ့သည်။ သူ၏မျက်နှာတစ်ခုလုံး မြင်ရက်စရာမရှိအောင် ရုပ်ပျက်ဆင်းပျက် ဖြစ်နေလေတော့၏။

ကျွန်ုပ်သည် သတိလစ်နေဆဲ အီမီလီယာအားအောက်ထပ်သို့ ပွေ့ချီထုတ်သွားခဲ့သည်။ ထို့နောက် ခန်းမအပြင်ဘက် လေကောင်းလေသန့်ရသည့်နေရာရှိ ခုံတစ်လုံးပေါ်တွင် အသာမှေးချထားလိုက်သည်။ အီးလီးယက်(စ်)၏ ပုံပျက်ပန်းပျက်အလောင်းကြီးကို သူမ မြင်၍ လုံးဝမဖြစ်။ သွေးကြောင်ကာ ဦးနှောက်ပင် ပျက်သွားနိုင်လောက်ပေ၏။

ကျွန်ုပ်သည် လူသတ်ခန်းမကြီးပေါ်သို့ ချက်ချင်းပြန်ပြေးတက်သွားခဲ့သည်။ တွေ့လိုက်ရသည့်မြင်ကွင်းကြောင့် အသားများပင် တုန်လာသည်အထိ ဒေါသလှိုင်းများထလာရသည်။

ကြောင်နက်မကြီးသည် အီးလီးယက်(စ်)အလောင်းကြီး၏ ခေါင်းရင်းတွင် ဝပ်လျက်ရှိသည်။ ဝမ်းခေါင်းသံကြီးဖြင့် မာန်ဖီရင်း အီးလီးယက်(စ်) မျက်နှာပေါ်က သွေးများကို အားရပါးရ လျက်နေခဲ့သည်။ အောင်သေအောင်သား စားနေသည့် သားရဲကောင်ကြီးနှင့် တူနေလေတော့၏။

ဒေါသစိတ်က ထိန်းသိမ်းမနိုင်တော့ဘဲ ပေါက်ကွဲသွားခဲ့သည်။ ကျွန်ုပ်သည် မလှမ်းမကမ်းနံရံပေါ်ရှိ ဓားမဓားကြီးအား ပြေးဆွဲဖြုတ်ယူလိုက်သည်။ ထို့နောက် လက်နှစ်ဖက်နှင့် စုံကိုင်လျက် အားကုန်မြှောက်ပင့်လိုက်သည်။ ပြီးလျှင် မျက်စိစုံမှိတ်ကာ ကြောင်မကြီးကို ခုတ်ချလိုက်သည်။ ဓားကြီးသည် သူ့အလေးချိန်နှင့်သူ အရှိန်ပြင်းစွာဖြင့် ကြောင်ကြီးတည့်တည့် ကျသွားလေတော့၏။

ချွင်ခနဲ အသံကြီးနှင့်အတူ ဓားကြီးသည် ကြမ်းခင်းကျောက်ပြားနှင့်ထိကာ ကျွန်ုပ်၏ လက်တွင်းမှ လွင့်စဉ်ထွက်သွားလေသည်။ ကြောင်နက်မကြီးကိုလည်း အစအနပင် မတွေ့ရတော့။ ကြောင်များ၏ ဉာဏ်ရည်သည် ထိုမျှမြင့်မားလိမ့်မည်ဟု တွေးပင် မတွေးမိခဲ့ပေ။

ကြောင်နက်မကြီးသည် ရန်သူအဖြစ် သတ်မှတ်ထားသော အီးလီးယက်(စ်)ကို တိုက်ခိုက်ရန်မူခဲ့ပါက ဤမျှထိအခြေအနေ ဆိုးဝါးလိမ့်မည် မဟုတ်ပေ။ ကျွန်ုပ်က မလွဲမသွေ ဝင်တားဆီးမည်ဖြစ်သည်။ ညှို့လမ်းညွှန်ကလည်း ကြိုးကို လွှတ်ချမည် မဟုတ်ပေ။ ယခုတော့ မယုံကြည်ဖွယ်ရာပင် တစ်ဆင့်ခံနည်းသုံး၍ လက်တုံ့ပြန်သွားခဲ့ခြင်းပင် ဖြစ်တော့၏။

အကယ်တန္တ ကျုပ်လက်ချက်ကြောင့် ကြောင်နက်မကြီး သေသွားပါက မှန်ကန်မျှတသောလုပ်ရပ်ဟု ထောက်ခံမည့်သူအချို့ ရှိပေလိမ့်မည်။ အလားတူပင် ဉာဏ်တာမဖက် ရက်စက်ကြမ်းကြုတ်သူဟု နှာခေါင်းရှုံ့ကြမည့်သူများ ရှိမည်မှာလည်း ဧကန်မလွဲပင် ဖြစ်လေ၏။

ဤအဖြစ်ဆိုးကြီးနှင့် တွေ့ကြုံရခြင်းသည် အီးလီးယက်(စ်)၏ ကြမ္မာကြောင့်လော၊ သို့တည်းမဟုတ် ကြောင်တစ်ကောင်၏ ဉာဏ်ရည်က အံ့ဩဖွယ် မြင့်မားလွန်းနေ၍ပေလော။ တစ်ဖန်တုံ သံမဏိကညာပျိုဟူသော လူသတ်ယန္တရားကြီးတွင် အပမှီနေသောကြောင့်ပင်လော။ ယနေ့တိုင် တိပသည့်အဖြေ မထွက်သော ပဟေဠိများပင် ဖြစ်ပေ၏။

မည်သို့ဆိုစေ ထိုနောက်ဆုံးဖြစ်စဉ်များကို ဇနီးသည် အီမီလီယာ မသိစေရန် ရေငုံနှုတ်ပိတ်နေသွားမည်ဟု ခိုင်မာသောသန္နိဋ္ဌာန် ချခဲ့မိလေတော့၏။

**ကျော်အေး(စားကူ)**

*Ref : BRAM STOKER ၏ THE IRON MAIDEN ကို သင့်လျော်အောင် ပြန်ဆိုသည်။*

www.burmeseclassic.com

www.burmeseclassic.com

'စီးကရက်သောက်ပါဦး လိုဒါ'လို့ ငွေရောင်စီးကရက်ဘူးကလေးကိုဖွင့်ပြီး ကျွန်တော် လှမ်းပေးလိုက်ပါတယ်။ လောလောဆယ်မှာ လိုဒါ စီးကရက်သောက်မနေနိုင်ပါဘူး။ စကားမပြောဘဲနေတာလည်း နည်းနည်းကြာနေပါပြီ။

'ကျေးဇူးပဲ'

သူပြောပြီး စီးကရက်သာမက ဘူးကိုပါ ဆွဲယူလိုက်ပါတယ်။ တခြားလူတွေ စကားဝိုင်းဖွဲ့နေကြပေမယ့် လိုဒါကတော့ တိတ်တိတ်ပဲ နေပါတယ်။ ဒါပေမဲ့ ကျွန်တော့်စီးကရက်ဘူးကို သူကိုင်ထားရင်း မကြာခဏ ကြည့်နေပုံဟာ ဘူးရဲ့ ဒီဇိုင်းကြောင့်လား။ တန်ဖိုးကြီးတာကြောင့်လား။ ဘာကိုစိတ်ဝင်စားမှန်း မသိရပါဘူး။ ကျွန်တော် အကဲခတ်နေတုန်း စီးကရက်ဘူးကို သူ့စားပွဲပေါ် ချထားလိုက်ပါတယ်။

'လှတယ်ဗျ'လို့ သူ မှတ်ချက်ချလိုက်ပါတယ်။

'ဒါနဲ့ တစ်ပုံစံတည်း ကျွန်တော့်မှာလည်း ရှိခဲ့ဖူးတယ်'

ကျွန်တော်က ဒါမျိုးတွေ ဆိုင်တိုင်းလိုလိုမှာ ဝယ်လို့ရကြောင်း ပြန်ပြောလိုက်ပါတယ်။

'ဟုတ်ပါတယ်'လို့ သူ ပြန်ပြောပြီး 'ကျွန်တော့်ဘူးက ပျောက်သွားတာပါ'တဲ့ ဆက်ပြောပါတယ်။

'ဗျာ'

ကျွန်တော် ရေရွတ်လိုက်တော့ သူရယ်ပါတယ်။

'ပျောက်တဲ့ဟာ ပြန်တွေ့ပြီးပါပြီ။ ခင်ဗျားစီးကရက်ဘူးကို ကျွန်တော်ပျောက်သွားတဲ့ဟာလို့ ဆိုလိုတာမဟုတ်ပါဘူး။ ဒါပေမဲ့ ပျောက်သွားပုံ၊ ပြန်တွေ့ပုံတွေဟာ အတော်ထူးခြားတယ်ဗျ။ ကျွန်တော် ဘယ်လိုကြောင့် ဘာတွေဖြစ်သလဲဆိုတာ လုံးဝမရှင်းနိုင်ခဲ့ဘူး။ ဘယ်သူမှ ရှင်းနိုင်မယ့်အခြေအနေ မရှိပါဘူး'

အကြောင်းစုံသိရရင် ကျွန်တော် ရှင်းပေးချင်ပေးနိုင်မှာပေါ့လို့ ပြန်ပြောလိုက်တော့ သူက စီးကရက်ဘူးကို ပြန်ကောက်ကိုင်ရင်း အဖြစ်အပျက်ကို စပြောပါတယ်။

'ကျွန်တော်နဲ့ သူငယ်ချင်း ကာရီးတို့ ပရိဗင့်မှာ နေခဲ့ကြတုန်းကပေါ့။ အသက်က နှစ်ဆယ့်လေးနှစ်စီ






www.burmeseclassic.com

www.burmeseclassic.com

လောက်ပဲ ရှိသေးတယ်။ တစ်ရက်မှာ ကျောပိုးအိတ်ကိုယ်စီနဲ့ လမ်းလျှောက်ရင်း ခရီးထွက်ခဲ့ကြတယ်။ နှစ်ဆယ့်လေးနှစ် ဆိုတော့လည်း ဒီအရွယ်မှာ လုပ်လေ့လုပ်ထ ရှိကြသလိုပါပဲ။ စပျစ်ခင်းတွေ၊ သစ်ကြားပင်တွေ၊ သံလွင်ပင်တွေ၊ မက်မန်းပင်တွေ ကျော်ဖြတ်ရင်း တစ်ရွာပြီး တစ်ရွာကနေ တစ်မြို့ပြီးတစ်မြို့ လှည့်ပတ်သွားခဲ့ကြတယ်။ တိုတိုပြောရရင် ဒါဘီဆန်ဆိုတဲ့ ရွာကြီးတစ်ရွာကို ရောက်လာတော့ ရန်ဂွန်လို့ခေါ်တဲ့ လူတစ်ယောက်နဲ့ ဆုံမိကြတယ်။ အဲဒီရွာမှာ စပျစ်ခြံတွေ စိုက်တဲ့လူပေါ့။ ကျွန်တော်တို့ နီးနီးနားနားမှာ ရှိကြဦးမယ်ဆိုရင် သူနဲ့ သူ့မိခင်တို့နေတဲ့အိမ်ကို နှစ်ရက်လောက် အလည်လာပါလို့ ဖိတ်တယ်ဗျ။ ကျွန်တော်တို့လည်း အဆင်ပြေရင် ရောက်လာမှာပါလို့ပြောပြီး ဆက်ထွက်ခဲ့ကြတယ်။

အချိန်က ဇွန် (သို့မဟုတ်) ဇူလိုင်လဆန်းပိုင်းလောက် ဖြစ်ပါလိမ့်မယ်။ တစ်နေ့လုံး စပျစ်ခင်းတွေဖြတ်၊ ကြိမ်တောတွေဖြတ်၊ ပေခြောက်ဆယ်လောက်မြင့်တဲ့ ထင်းရှူးပင်စုတွေ ဖြတ်ပြီး သွားခဲ့ကြတယ်။ အပင်တွေမှန်သမျှ မြောက်ဘက်ခြမ်းမှာ ဖုန်တွေနဲ့ချည်းပါပဲ။ သုံးရက်လုံးလုံး လေပြင်းတိုက်ထားလို့ တချို့အပင်တွေဆို လဲတော့မလောက်ဖြစ်နေတာ တွေ့ရတယ်။ လေတိုက်သံတွေ တစ်နေကုန် ကြားနေရာက ညနေဘက်မှာတော့ လေငြိမ်သွားလို့ မြေပြင်အခြေအနေ လိုက်စစ်ဆေးကြရင်း လမ်းပေါ်အရောက်မှာ ကားနဲ့ ဖြတ်လာတဲ့ ရန်ဂွန်ကို တွေ့ကြရပြန်ပါတယ်။ သူက ဒါဘီဆန်ကိုဖြတ်ပြီး တစ်မိုင်ခွဲလောက် အဝေးမှာရှိတဲ့ သူ့အိမ်ကို ခေါ်သွားပါတယ်။ ရန်ဂွန်ဟာ အင်္ဂလိပ်စကား မပြောတတ်ပါဘူး။ ပြင်သစ်နဲ့ ဒေသခံစကားတို့ကိုတော့ ကျွမ်းကျွမ်းကျင်ကျင် ပြောတတ်ပါတယ်။ ပြင်သစ်ဘာသာ လေ့လာနေတဲ့ ကာရီးအဖို့တော့ ပြင်သစ်အဘိဓာန်တစ်အုပ် ရသလိုပဲ။ သီချင်တာအကုန် လျှောက်မေးနေတော့တာပါ။ ရန်ဂွန်ရဲ့အိမ်ကိုလည်းရောက်ရော ကာရီးဟာ ပြင်သစ်စကားလုံး အတော်များများ သိသွားပါပြီ။

'ရန်ဂွန်လို လူငယ်တစ်ယောက်ဟာ ဒီလိုခေါင်တဲ့ နေရာမျိုးမှာ ဘာကြောင့်လာနေရတာလဲလို့ ကျွန်တော် စဉ်းစားမရပါဘူး။ လူငယ်ချင်းဖြစ်ပေမယ့် အကြိုက်ချင်း မတူကြလို့ ဖြစ်မှာပါ။ ရန်ဂွန်ရဲ့အိမ်ကိုရောက်တော့ သူ တစ်ခုခုကို သတိရသွားပုံပေါ်ပါတယ်။ သူ့ရဲ့မိခင်ကြီးဟာ ခရီးသွားနေပါတယ်။ ကျွန်တော်တို့အတွက် ညစာအခက်အခဲ ရှိသွားတာကြောင့် သူက တောင်းတောင်းပန်ပန်နဲ့ ရွာမှာပဲ ညစာ သွားစားကြရမှာဖြစ်ကြောင်း ရှင်းပြပါတယ်။

'ဧည့်ခန်းထဲမှာထိုင်ပြီး အပန်းဖြေကြရင်း သူ့မိခင်ကြီး ခရီးသွားတဲ့အခါမျိုးမှာ သူ့အတွက် လိုအပ်တာမှန်သမျှ ကိုယ်တိုင်ပဲ စီစဉ်ရကြောင်းနဲ့ သူတို့ရဲ့ခြံလုပ်ငန်းအကြောင်းတွေ အသေးစိတ်ပြောပြပါတယ်။ ညခုနစ်နာရီလောက်မှာ ညစာစားဖို့ ရွာဆီကို လမ်းလျှောက်သွားကြပါတယ်။ သွားရင်းနဲ့ ရန်ဂွန်က ညစာစားပြီးချိန်မှာ သူ့ကို တစ်နာရီလောက် ခွင့်ပြုဖို့အကြောင်း လာမယ့်မိုးရာသီမှာ ခြံလုပ်ငန်းတွေနဲ့ပတ်သက်လို့ ကိုယ်စားလှယ်တစ်ယောက်နဲ့ တွေ့ပြီး ဆွေးနွေးဖို့ချိန်းထားတာ ရှိလို့ပါလို့ ပြောပါတယ်။ ကျွန်တော်တို့ကလည်း ရန်ဂွန်ရဲ့ စီးပွားရေးလုပ်ငန်းတွေမှာ ကျွန်တော်တို့ ရောက်လာလို့ အနှောင့်အယှက် မဖြစ်စေရပါဘူးလို့ ပြန်ပြောတော့ သူက ကျေးဇူးအထပ်ထပ်တင်ကြောင်း ပြောပါတယ်။

'ကျွန်တော်တို့ ညစာစားကြတဲ့ စားသောက်ဆိုင်ဟာ ရွာမှာရှိတဲ့ တစ်ခုတည်းသော စားသောက်ဆိုင် ဖြစ်ပုံရပါတယ်။ ဆိုင်ပိုင်ရှင်ဟာ ခါးမတ်မတ်၊ မျက်လုံးကြည်ကြည် ရှိပြီး သေသေသပ်သပ် ဝတ်ထားသူပါ။ ကျွန်တော်တို့ကို အစအဆုံး ကောင်းကောင်းပြုစုဧည့်ခံခဲ့တာပါ'

'ရန်ဂွန်လို လူငယ်တစ်ယောက် ဒီလိုခေါင်တဲ့ နေရာမျိုးမှာ သူ့ဘဝကို ကန့်သတ်တင်းကျပ်မှုတွေနဲ့ ဘာကြောင့်လာနေတာလဲလို့ ကျွန်တော် စဉ်းစားမရကြောင်း ပြောခဲ့ပါတယ်။ ကျွန်တော်တို့ ညစာစားနေတုန်းမှာ အဲဒီအချက်ကို ပိုပြီးရှင်းရှင်းလင်းလင်း တွေ့ရပါတယ်။ ထမင်းစားပွဲဘေးမှာရှိတဲ့ ပြတင်းပေါက်ကနေ မြင်ရတာက စမ်းချောင်းလေးဘေးမှာ အမျိုးသမီးတွေ နေ့ခင်းမှာ အဝတ်လျှော်ကြပြီး ညနေဘက်မှာ ဝိုင်းဖွဲ့စကားပြောကြတဲ့ နေရာတစ်ခုပါပဲ။ မိနစ်ကလေးတစ်ဒါဇင်လောက် ရှိမယ်လို့ ခန့်မှန်းရပါတယ်။ ရယ်ရယ်မောမော စကားပြောနေကြတဲ့ သူတို့ဟာ ရုပ်ရည်ချောမောပြေပြစ်ကြပုံရပါတယ်။

ရန်ဂွန်ဟာ အဲဒီအမျိုးသမီးတွေထဲက ဘယ်သူ့ကိုမှ မသိတဲ့ပုံ ဖြစ်နေပါတယ်။ သူ အဲဒီလိုသိခွင့်မရှိတဲ့ အခြေ



www.burmeseclassic.com

www.burmeseclassic.com

အံနေနဲ့ပဲ နေခဲ့ရတာပါ။ သူ့စပျစ်ခင်းတွေက စပျစ်သီးခူးဆွတ်တဲ့ မိန်းကလေးတွေနဲ့တောင် သူ တရင်းတနှီး မရှိခဲ့ပါဘူး။ ကာရီးနဲ့ စကားပြောရင်း အင်္ဂလန်က မိန်းကလေးတွေအကြောင်း သူ မေးပါတယ်။ အင်္ဂလိပ်မိန်းကလေးတွေဟာ သူတို့တွေ့ချင်တဲ့ ယောကျ်ားလေး သူငယ်ချင်းတွေနဲ့ လွတ်လွတ်လပ်လပ် တွေ့ခွင့်ရှိကြောင်း၊ လက်ဖက်ရည်ဆိုင် အတူထိုင်တာဖြစ်ဖြစ်၊ ဂီတဆည်းဆာပွဲ အတူကြည့်တာဖြစ်ဖြစ် လုပ်ရိုးလုပ်စဉ်ဖြစ်တဲ့အကြောင်း ပြောပြတော့ သူ မယုံနိုင်လောက်အောင် ဖြစ်သွားပါတယ်။

ညစာစားပြီးလို့ စကားဆက်ပြောနေကြတုန်း ရန်ဂွန်သူ့လက်ပတ်နာရီကိုကြည့်ပြီး သူ့ကိုယ်စားလှယ်နဲ့ ချိန်းထားတာသွားဖို့ အချိန်ရောက်ပြီဖြစ်ကြောင်းနဲ့ ကျွန်တော်တို့ အတူပြန်လိုက်ကြမလားလို့မေးတော့ ကျွန်တော်တို့က သူ့ကိစ္စပြီးမှ အိမ်မှာပြန်ဆုံကြမယ်လို့ ပြောလိုက်တာကြောင့် သူထွက်သွားပါတော့တယ်။

ကျွန်တော်နဲ့ ကာရီးလည်း ခဏအညောင်းဆန့်ပြီး လမ်းလျှောက်ထွက်လာခဲ့ကြပါတယ်။ တစ်မိုင်လောက်လျှောက်မိတော့ အတော်မှောင်နေပါပြီ။ ပြန်လှည့်ကြည့်ပြီး ထင်းရှူးပင်မြင့်မြင့်ကြီးတွေ ဝင်းထရံလို ကာထားတဲ့နေရာရောက်တော့ ခင်ဗျားကို ပြောရမယ့်ကိစ္စ ဖြစ်လာတော့တာပါပဲ။ အဲဒီနေရာမှာ လမ်းက တစ်ဆစ်ချိုးကွေ့သွားတယ်။ လမ်းထောင့်ကို ရောက်တော့ ရှေ့ကိုက်နှစ်ဆယ်လောက်မှာ အမျိုးသမီးနှစ်ယောက်ကို တွေ့လိုက်ရတာပါ။ သူတို့ ဘယ်လိုလုပ် ဒီနေရာရောက်လာကြတာလဲလို့ စဉ်းစားနေတုန်း မြက်ခင်းပေါ်မှာ ဖြူဖြူငယ်ငယ်တစ်ခုခုတွေ့တာနဲ့ ကောက်ယူကြည့်လိုက်တော့ လက်ကိုင်ပဝါတစ်ထည်ဖြစ်နေတာ တွေ့ရတယ်။ ရှေ့က အမျိုးသမီးနှစ်ယောက်ဟာ ကျွန်တော်တို့ သွားတဲ့ဘက်ကိုပဲ သွားနေကြတာပါ။ လက်ကိုင်ပဝါဟာ သူတို့ထဲက တစ်ယောက်ယောက် ကျကျန်ခဲ့တာ သေချာနေတာမို့ ခပ်သွက်သွက်လိုက်သွားပြီး ခဏလေး မဒမ်လို့ ပြောလိုက်တော့ တစ်ယောက်က လှည့်ကြည့်ပြီး ဘာကိစ္စလဲလို့ မေးပါတယ်။ ကျွန်တော် အံ့သြသွားရလောက်အောင် သူက အင်္ဂလိပ်စကားနဲ့ ပြောခဲ့တာပါ။ ကျွန်တော် လက်ကိုင်ပဝါကို ပြလိုက်တော့ သူ လှမ်းယူလိုက်ပြီး ကျေးဇူးတင်ကြောင်းပြောပါတယ်။ အသံက ကြည့်ကြည်လင်လင်နဲ့ ပျူငှာလှပေမယ့် သက်လတ်ပိုင်းရှိတဲ့ အမျိုးသမီးကြီးတစ်ယောက်ပါ။

ကျွန်တော်တို့နှစ်ယောက် ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်ကြပါတယ်။ ထူးဆန်းတာက သူတို့ ပြန်မိတ်ဆက်တော့ ပြောတဲ့နာမည်တွေကို ကျွန်တော် လုံးလုံးသတိမရတော့တာပါ။ မှတ်မိတာကတော့ သူတို့နှစ်ယောက်ဟာ တူဝရီးတွေဖြစ်ကြောင်းနဲ့ ဒါဘီဆန်မှာနေတယ် ဆိုတာပါပဲ။ ကျွန်တော်တို့ ရန်ဂွန်ဆီမှာ တည်းခိုကြောင်းပြောတော့ သူတို့ ရန်ဂွန်ကို လုံးဝမသိကြပါဘူး။

ဒါဘီဆန်ကို တစ်ခေါက်မှ မရောက်ဖူးသလို ရွာရဲ့အနေအထားကိုလည်း မသိပါဘူး။ ရှေ့မှာ ကျွန်တော်တို့တွေ့နေရတဲ့အိမ်ဟာ တံခါးမကြီးနှစ်ပေါက်ရှိပြီး သံတံခါးနဲ့ ပိတ်ထားတာ တွေ့ရပါတယ်။ အမျိုးသမီးကြီးက သော့ကို ထုတ်ယူပြီး တံခါးဖွင့်ရင်း လက်ကိုင်ပဝါအတွက် ကျေးဇူးတင်ကြောင်း ထပ်ပြောပါတယ်။ ပြီးမှ ရယ်ရင်း ကျွန်တော်တို့ကို ဖိတ်ခေါ်ဖို့ သတိရသွားပုံနဲ့ ဆက်ပြောပါတယ်။

ဒီမှာ ကိုယ့်နိုင်ငံသားတွေကို တွေ့ရဖို့ အတော်ခက်ပါတယ်။ အချိန်ရမယ်ဆိုရင် ခဏဝင်ထိုင်ပြီး စီးကရက်သောက်ကြစေချင်ပါတယ်တဲ့ ပြောရင်းနဲ့ သူထပ်ရယ်ပြီး စီးကရက်ဆိုလို့ ကျွန်မတို့ဆီလာတဲ့ ဧည့်သည်က သိပ်နည်းတဲ့အပြင် ကျွန်မတို့ချည်းပဲ နေတာဆိုတော့။ ကျွန်တော် အပြည့်အဝနားလည်ပါကြောင်း ဖြတ်ပြီး ရှင်းပြလိုက်တာကြောင့် အမျိုးသမီးကြီးက တံခါးဖွင့်ပေးလို့ ကျွန်တော်တို့ ဝင်ကြရပါတယ်။

အခန်းထဲမှာ အမျိုးသမီးငယ်က ထွန်းလိုက်တဲ့ ဖယောင်းတိုင်မီးရောင်ကြောင့် လှပတဲ့ ခန်းမတစ်ခုထဲ ရောက်နေတာ သိလိုက်ရပြီး ဒီလိုချောမောလှပတဲ့ အင်္ဂလိပ်အမျိုးသမီးတွေ ဒီအပိုင်းမှာ နေထိုင်ကြတယ်ဆိုတာကို ရန်ဂွန်က ဘာကြောင့်ပြောမပြခဲ့တာလဲလို့ နားမလည်နိုင်အောင် ဖြစ်နေရပါတယ်။ ရန်ဂွန်အပေါ် သံသယရှိစေတဲ့ ထင်မြင်ယူဆချက်တွေလည်း ကျွန်တော့်ခေါင်းထဲ ရောက်လာပါတော့တယ်။ ကျွန်တော်တို့ မိတ်ဆွေလူငယ် ခြံပိုင်ရှင်အကြောင်း ကျွန်တော်တို့ ဘာမှ ထဲထဲဝင်ဝင် မသိရသေးပါဘူး။

ခန်းမထဲကို ကျွန်တော် လှေ့လာကြည့်လိုက်တော့

www.burmeseclassic.com

www.burmeseclassic.com

နံရံတွေမှာကပ်ပြီး ပန်းအိုးတွေကို အရွက်စိမ်းစိမ်းနဲ့ လုပတဲ့ ပန်းတွေ ထိုးထားတာ မြင်ရပါတယ်။ အခန်းအလယ်လောက်မှာ ရေပန်းကလေးတစ်ခုက ရေသံပေးပြီး ကြည်နူးစရာမြင်ကွင်း ပေးနေပါတယ်။ ကျွန်တော်တို့ ဦးထုပ်တွေကို လှပတဲ့ စားပွဲဝိုင်းတစ်ခုပေါ် တင်ထားလိုက်ပြီး အိမ်ရှင်တို့ ခေါ်သွားတဲ့အတိုင်း ကျောက်ခုံနဲ့ လှေကားကျယ်တစ်ခုပေါ် တက်သွားရပါတယ်။ လှေကားထိပ်မှာလည်း ပန်းအိုးတွေ ရှိနေပါသေးတယ်။ လှေကားကျောက်ခုံပေါ်နင်းတဲ့ ကျွန်တော်တို့ ဖိနပ်သံတွေ ကြားရသလို ဆေးခြယ်ထားတဲ့ လှေကားလက်ရန်းပေါ်မှာ အလင်းရောင်တောက်တောက်ပပ လက်နေတာကို နှစ်သက်စရာ တွေ့ရပါတယ်။ မိန်းကလေးငယ်က တံခါးကို ဖွင့်ပေးတာမို့ ကျွန်တော်တို့ ဝင်လိုက်ကြပါတယ်'

'အခန်းထဲမှာ မြင်နေရတာက ရှေးဆန်တဲ့ ခမ်းနားထည်ဝါမှုတွေပါပဲ။ အခန်းကျယ်ကြီးကို သေသပ်လှပစွာ ထိန်းသိမ်းထားတာပါ။ မိန်းကလေးထွန်းလိုက်တဲ့ ဖယောင်းတိုင်အလင်းရောင်တွေကြောင့် အရှေ့တိုင်းကော်ဇောတွေခင်းထားတဲ့ ကြမ်းခင်းကို လင်းထိန်သွားစေပါတယ်။ အမျိုးသမီးကြီးက ရွှေရောင်ထိုင်ခုံကြီးတစ်ခုပေါ် ထိုင်လိုက်ပါတယ်။ ဆယ့်လေးဆက်မြောက် လူးဝစ္စဘုရင်ခေတ်ကလို့ ယူဆရပါတယ်။ ထိုင်ခုံပေါ်မှာ နှံပန်းပုံအစင်းတွေနဲ့ အလှဖော်ထားပါတယ်။ ကျွန်တော် ကောင်းကောင်းနားမလည်နိုင်ပေမယ့် ရယ်တော့ မရယ်မိပါဘူး။ ထိုင်ခုံရဲ့နောက်ဘက်မှာ ချုတပ်ထားတဲ့ဗုံတစ်ခုနဲ့ ဘဲဥပုံမှန်ဝိုင်းကြီးကြီးတစ်ခု ရှိနေပါတယ်။ မှန်ရဲ့ဘေးပေါင်မှာ ဖယောင်းတိုင်ထွန်းစရာ ခွက်ကလေးတွေ စုပြုံနေအောင် ရှိတာမို့ အဲဒီက အလင်းရောင်ဟာ အခန်းထဲကို ကောင်းကောင်းအလင်းပေးနေပါတယ်။ တွေ့ဖူးသမျှ အကြီးဆုံးနဲ့ အရောင်အထွက်ဆုံး ကြည့်မှန်ကြီးပါပဲ'

လိုဒါ သူ့စကားကို ခဏရပ်လိုက်ပြီး ကျွန်တော့်ငွေစီးကရက်ဘူးကို ကြည့်နေပြန်ပါတယ်။ သူ့စကားဆက်မပြောခင် အရင်က အမှတ်ရစရာတွေတွေးမိပြီး ပြုံးနေပါတယ်။ တစ်မိနစ်၊ နှစ်မိနစ်လောက်နေတော့ သူ့ဇာတ်လမ်းကို ဆက်ပြောပါတယ်။

'ကျွန်တော် နည်းနည်းစိတ်ရှုပ်သွားမိတာ အမှန်ပါပဲ။ လွန်ခဲ့တဲ့တစ်နာရီလောက်က ရန်ဂွန် ညစာဝိုင်းက ပြန်သွားပြီးနောက်မှာ ကျွန်တော်တို့ စကားဆက်ပြောနေခဲ့ကြသေးတာပဲ။ ရန်ဂွန်ဟာ ဒီလောက်ဆွဲဆောင်မှုရှိတဲ့ တစ်ရပ်တည်းသူတွေ ရှိနေတာကို ဘာကြောင့်မသိတာလဲဆိုတာ စဉ်းစားမရအောင် ဖြစ်နေတာပါ။ ဒီကိစ္စနဲ့ပတ်သက်လို့ အမျိုးသမီးကြီးကို မေးမြန်းကြည့်တာမျိုး မလုပ်ချင်ပါဘူး။ သူ့မှာလည်း သူ့အကြောင်းနဲ့သူ စိတ်ထဲပဲ ထားချင်တဲ့ကိစ္စတွေ ရှိနိုင်တာမို့ပါ။ ဘာပဲဖြစ်ဖြစ် ရန်ဂွန်က ကျွန်တော်တို့ကို မိတ်ဆွေကောင်းတစ်ယောက်လို ပြုမူဆက်ဆံခဲ့တာမို့ ကျွန်တော်တို့ လန်ဒန်ပြန်ရောက်လို့ သူ အလည်အပတ် လာတဲ့အခါကျရင် ကျွန်တော်တို့က ဧည့်ဝတ်ကျေအောင် တုံ့ပြန်ပေးကြရမှာပါ။ ဒီတော့ လောလောဆယ်မှာ သူ့အကြောင်း မစဉ်းစားသေးတာ ကောင်းပါတယ်။ ကာရီးကလည်း သူ့အဖော်မိန်းကလေးနဲ့ တိုးတိုးလေး စကားတွတ်ထိုးနေရင်း အားလုံးကို မေ့နေပုံရပါတယ်။ ဒါကြောင့် သူတို့အကြောင်းကိုလည်း တွေးမနေတော့ပါဘူး။

ရှေးဆန်တဲ့ အခန်းကြီးထဲမှာ ဘဲဥပုံမှန်ဝိုင်းကြီးဆီက ဖယောင်းတိုင်မီးရောင်တွေကြောင့် နံရံတွေဟာ လင်းထိန်နေပါတယ်။ အပြင်ဘက်မှာတော့ စောစောက ထန်နေတဲ့ လေပြင်းဟာ ငြိမ်ကျသွားပါပြီ။ တော်တော်ကို ငြိမ်သက်တိတ်ဆိတ်သွားတာပါ။ အဲဒီတုန်းမှာပဲ ကာရီးရဲ့ အဖော်မိန်းကလေးဆီက တိုးတိတ်ညင်သာတဲ့ သီချင်းဆိုသံထွက်လာပါတယ်။ ငြိမ်သက်တဲ့ ညချမ်းမှာ အတူတကွဆိုတဲ့ သီချင်းပါပဲ'

'တိုတိုပြောရရင် ကျွန်တော်တို့ အဲဒီမှာ တစ်နာရီလောက်ကြာအောင် နေခဲ့ပါတယ်။ ပြန်ဖို့အချိန်ရောက်နေပေမယ့် ကျွန်တော်ဟာ အမျိုးသမီးကြီးအပေါ် နှစ်သက်သဘောကျနေပြီး ကာရီးကလည်း မိန်းကလေးကို သံယောဇဉ်တွယ်နေပုံရပါတယ်။ ကျွန်တော်တို့ စီးကရက်ထပ်သောက်ပြီး သီချင်းလည်း ဆိုကြပါတယ်။ လှပတဲ့ ပန်းခင်းကြီးပေါ် လေညင်းဖြတ်တိုက်နေသလို ညင်သာလှပလွန်းလှပါတယ်။ အမျိုးသမီးကြီးက သူ့လက်ချောင်းလေးတွေကို ထိုင်ခုံဘေးမှာရှိတဲ့ စားပွဲဝိုင်းပေါ် အသာကလေး ပွတ်သပ်နေတာဟာ သိပ်လှလွန်းလို့ မေ့မရနိုင်လောက်အောင်ပါဘဲ။ ကာရီးလည်း သီချင်းဆိုနေပါပြီ။ ကိုယ့်အတွက်ကိုယ် သီချင်းဆိုတာ မဟုတ်ပါ။ အနားမှာ

www.burmeseclassic.com

www.burmeseclassic.com

ရှိတဲ့ အဖော်သူငယ်ချင်းအတွက်ပါပဲ။ သူ့သီချင်းအဓိပ္ပာယ်က မှန်ပါတယ်၊ ကျွန်တော်တို့ လေးယောက်ဟာ ရင်းနှီးတဲ့မိတ်ဆွေ သူငယ်ချင်းတွေ ဖြစ်နေကြပါပြီ။ ကျွန်တော်ရယ်၊ ကာရီးရယ်၊ မမျှော်လင့်ဘဲ ဆုံရတဲ့ အမျိုးသမီး နှစ်ယောက်ရယ်ပေါ့။ အဲဒီနောက် ငြိမ်သက်တဲ့ညချမ်းမှာ အတူတကွကို ထပ်ဆိုကြပြန်ပါတယ်။

ဘယ်လောက်ပဲ ကြည်နူးပျော်ရွှင်နေပါတယ်ဆိုဆို ကျွန်တော်တို့ အဲဒီမှာ အကန့်အသတ်မရှိ နေနိုင်ခွင့် မရှိပါဘူး။ ဘယ်အချိန်ရှိပြီလဲလို့ ကျွန်တော်သိချင်ပေမယ့် မေးတော့ မမေးပါဘူး။ ကျွန်တော်ရော ကာရီးပါ ပြန်ဖို့ ထရပ်ကြတော့ နောက်တစ်ရက်မှာ သူတို့ဖော်ရွေမှုအတွက် ပြန်လာပြီး ကျေးဇူးတင်ချင်ပါတယ်လို့ နှစ်ယောက်စလုံး မပြောဖြစ်ကြပါဘူး။ သူတို့ကိုယ်တိုင်လည်း ဒီအတိုင်းပဲ ခံစားနေကြရပုံ ပေါ်ပါတယ်။ ကျွန်တော်တို့ လန်ဒန်မှာ ပြန်ဆုံကြဖို့ဆိုတာ မျှော်လင့်နိုင်တဲ့ကိစ္စ မဟုတ်ပါဘူး။ ဝွတ်ဘိုင်လို့ နှုတ်ဆက်ကြခြင်း မရှိပေမယ့် ဖွင့်မပြောတဲ့ နားလည်မှုတွေကတော့ နေခဲ့ရတဲ့ တစ်နာရီလောက်အချိန်ဟာ မမေ့နိုင်တဲ့ လက်ဆောင်ကောင်းတစ်ခုအဖြစ် စိတ်ထဲမှာ အမြဲရှိနေတော့မှာပါ။

ဒီလိုနဲ့ပဲ ပြန်ခဲ့ကြပါတယ်။ လက်ရန်းလှလှနဲ့ လှေကားပေါ် ကဆင်းပြီး သံပန်းတံခါးကိုဖြတ် ရှာဘက်ဆီ ပြန်ခဲ့ကြရတာပါ'

လိုဒါဟာ ငွေစီးကရက်ဘူးကို ကြည့်နေပြန်ပါတယ်။ ဒါပေမဲ့ သူ့မျက်လုံးတွေဟာ စီးကရက်ဘူးကို မြင်နေပုံ မရပါဘူး။ ကျွန်တော် အကဲခတ်နေတာ သူသိသွားပြီး ကျွန်တော့်ကို ပြောပါတယ်။

'ငွေစီးကရက်ဘူးအကြောင်းက ဘယ်လိုလုပ်ပါလာရသလဲလို့ သိချင်နေတာ မဟုတ်လား'

ပြောရင်း သူ ရယ်ပြန်ပါတယ်။

'ဆက်ပြောရရင် ကျွန်တော်တို့ ရန်ဂွန်ရဲ့အိမ်ကို ပြန်ခဲ့ကြပါတယ်။ ကျွန်တော်တို့ကြုံခဲ့တာတွေ သူ့ကိုပြောပြတော့ သူ ဘာမှနားမလည်နိုင် ဖြစ်နေပါတယ်။ သူ့ကို ကျွန်တော် အပြစ်မတင်ပါဘူး။ သူကတော့ ကျွန်တော်တို့ဟာ သူ့ကို အရူးလုပ်နေတယ်လို့ ထင်နေတာပါ။ ဒါဘီဆန်မှာ အင်္ဂလိပ်အမျိုးသမီးတစ်ယောက်မှ မရှိပါဘူးလို့ သူ အကျောက်အကန် ပြောပါတယ်။ အမျိုးသမီးနှစ်ယောက်ရဲ့ အိမ်ဟာ ဘယ်နေရာလောက်မှာ ရှိတယ်ဆိုတာ ကျွန်တော် အတတ်နိုင်ဆုံး နီးစပ်အောင် ပြောပြပါတယ်။ သိပ်တိတိကျကျကြီးတော့ မဟုတ်ဘူးပေါ့။ ကျွန်တော်တို့ သွားခဲ့တုန်းက မှောင်နေပြီကိုး။ ထင်းရှူးပင်စည်ရိုး ဆိုတာကလည်း တစ်ခုတည်းရှိတာမဟုတ်တော့ ဘယ်ဟာပဲလို့ ပြဖို့မလွယ်ပါဘူး။ ရန်ဂွန်က သူ ကျွန်တော်တို့ကို ညှို့ဝတ်ကျေအောင် စီမံဆောင်ရွက်ခဲ့ပေမယ့် ကျွန်တော်တို့က အဲဒါကို အသိအမှတ်မပြုဘဲ မလေးမစားနဲ့ လှောင်ပြောင်ကြတယ်လို့ ထင်နေတဲ့အပေါ် ကျွန်တော် အတော်စိတ်ပျက်မိပါတယ်။ ခက်တာက ပြင်သစ်လိုရော ဒေသခံစကားနဲ့ပါ ကျွန်တော်တို့က ရေရေလည်လည် ရှင်းမပြနိုင် ဖြစ်နေတော့ ပြီးခဲ့တာတွေကို ပြီးခဲ့တဲ့အတိုင်းပဲ ထားလိုက်ဖို့ပဲ ဆုံးဖြတ်လိုက်ရပါတော့တယ်။ ရန်ဂွန်ကတော့ ရယ်တာနဲ့ သမ်းဝေတာပဲ လုပ်ပြနေပါတယ်။

အဲဒီနောက် ကျွန်တော်တို့ကို ဖယောင်းတိုင်တွေ ပေးပြီး အိပ်ရမယ့် အခန်းတွေ လိုက်ပြပေးပါတယ်။ ပြီးတော့ လက်ဆွဲနှုတ်ဆက် ဂွတ်နိုက်လုပ်ပြီး သူ့အခန်း သူပြန်သွားတော့တာပါပဲ။

နောက်နေ့မနက် ကော်ဖီသောက်အပြီးမှာ ကျွန်တော် အင်္ကျီအိတ်ထဲ စီးကရက်ဘူး စမ်းရှာတော့ မတွေ့ရဘူးဗျ။ ဘယ်အိတ်ထဲမှာမှ မရှိပါဘူး။ ဒါနဲ့ ကာရီးများ ယူထားသလားလို့ မေးတော့လည်း သူက ငြင်းပါတယ်။ ခင်ဗျား တစ်နေရာရာ မေ့ထားခဲ့တာ ဖြစ်မယ်လို့ ပြောပါတယ်။ အဲဒီလိုပဲ ဖြစ်နိုင်တာမို့ ကျွန်တော် စိတ်အနှောင့်အယှက် ဖြစ်ရပြန်ပါတယ်။ ညက ရောက်ခဲ့တဲ့နေရာကို နောက်ထပ် ပြန်သွားဖို့ ကျွန်တော် ဝန်လေးနေပါတယ်။ ငွေစီးကရက်ဘူးလေး ဆုံးရှုံးရမှာကျတော့လည်း နှမြောနေပြန်ပါရော။ လက်ဆောင်ရထားတဲ့ အမှတ်တရပစ္စည်းမို့ပါ။ ရန်ဂွန်ရဲ့ ပြုံးစိစိ အမူအရာက ကျွန်တော့်စိတ်ကို ဆွပေးနေပါတယ်။ ကျွန်တော်တို့ရဲ့ ဖြောင့်မှန်မှုကို စိန်ခေါ်သလို ဖြစ်နေတော့ တာပါ။

မေ့... ...ဘာပဲဖြစ်မယ်။ ပြန်သွားရှာရမှာပေါ့လို့ ကျွန်တော်ပြောလိုက်တော့ ရန်ဂွန်က ထပ်ပြုံးရင်း စားသောက်ဆိုင်ကို အရင်သွားစုံစမ်းသင့်တယ်လို့ အကြံပြု... တယ်။ သွားရမှာပဲလို့ ကျွန်တော်တို့ပြန်လိုက်ပါ...ယ်။ တကယ်တော့ စားသောက်ဆိုင်က ပြန်ထွက်...အလာမှာ

www.burmeseclassic.com

စီးကရက်ဘူး ကျွန်တော့်ဆီမှာ ရှိနေတယ်ဆိုတာ သတိရပေမယ့် ရန်ဂွန်ရဲ့ လှောင်ပြောင်ချင်စိတ်ကို ဟန့်တားနိုင်ဖို့ ပြောလိုက်ရတာ။

ကိုးနာရီခွဲလောက်မှာ ကျွန်တော်တို့ စားသောက်ဆိုင်ကို ရောက်ပါတယ်။ စီးကရက်ဘူး အဲဒီမှာမရှိတာ သေချာပါတယ်။ ရန်ဂွန်က ဂနာမငြိမ်တဲ့ နှုတ်ခမ်းတွေနဲ့ ဒီလိုဆိုတော့ အင်္ဂလိပ်လေဒီတို့အိမ်ကို သွားရှာရမှာပေါ့လို့ ခနဲ့တဲ့တဲ့ ပြောပါတယ်။

ဒီလိုနဲ့ ကျွန်တော်တို့ အရင်ရက်က လမ်းကြောင်းအတိုင်း ရွာထဲကို ဖြတ်လာခဲ့ကြတော့တာပေါ့။ ရွာထဲက နောက်ဆုံးအိမ်ကို လွန်လာပြီး ကွင်းပြင်ကိုရောက်ပေမယ့် ရှာနေတဲ့အိမ်ကို မတွေ့ကြရပါဘူး။

ကျွန်တော်တို့ တွေဝေတဲ့စိတ်နဲ့ ရပ်နေကြရပါတယ်။ ကျွန်တော်တို့ နှစ်ယောက်နဲ့တစ်ယောက် ဖြစ်နေတာတောင် လက်လျှော့ရမလို ဖြစ်နေပါပြီ။ ကာရီးကတော့ အားပေးပါတယ်။ ရှေ့မှာ သံပန်းတံခါးပါတဲ့ တံခါးမကြီးလို့ သူပြောတာ ငါးကြိမ်လောက်ရှိပါပြီ။ ရန်ဂွန်က ခင်ဗျားတို့ ကောင်းကောင်းမမှတ်မိလို့ ဖြစ်ပါလိမ့်မယ်လို့ပြောတယ်။ သူ တကယ်ပြောချင်တာက ကျွန်တော်တို့ မူးမူးနဲ့ ထင်ရာမြင်ရာတွေ တကယ်မှတ်နေကြတာလို့ပါပဲ။

ခဏနေတော့ သူ့မျက်နှာတည်သွားပြီး သံပွန်းတံခါးတစ်ခုပါတဲ့ တံခါးမကြီး၊ ဟုတ်လားလို့ ပြောပါတယ်။ ဟုတ်၊မဟုတ်တော့ မပြောနိုင်ပေမယ့် ကျွန်တော်သိထားတာ တစ်ခုရှိတယ်။ ရှာမတွေ့နိုင်တဲ့ လေဒီတို့နေတဲ့အိမ်များလား။ လာပါ၊ ကျွန်တော့်နောက် လိုက်ခဲ့ပါဆိုပြီး ကျွန်တော်တို့ကို ပင်စိမ်းပင်တွေ တစ်ဝက်တစ်ပျက်ဖုံးနေတဲ့ လမ်းဟောင်းတစ်ခုအတိုင်း ခေါ်သွားပါတယ်။ အဲဒီနောက် လမ်းကြားတစ်ခုထဲ ဝင်လိုက်တော့ ပြိုပျက်နေတဲ့ နှစ်ဆောင်ပြိုင်အမိုးနဲ့ ဆိုးဆိုးရွားရွား အိုဟောင်းပျက်စီးနေတဲ့ အိမ်ဟောင်းကြီးကို တွေ့ရပြီး ရှေ့မှာ ပတ္တာတွေ ပြုတ်ထွက်ပြိုကျနေတဲ့ သံတံခါးအပုံတစ်ခု ရှိနေပါတယ်။ အဲဒါ ခင်ဗျားတို့ပြောတဲ့ အိမ်လားလို့ ရန်ဂွန်ကမေးတော့ ကျွန်တော် စိတ်တိုသွားမိပြီး မဟုတ်ဘူးလို့ ကျွန်တော်နဲ့ ကာရီးပြိုင်တူ ပြောရင်း ဆက်ထွက်သွားကြပါတယ်။ ဒါပေမဲ့ နောက်ထပ်နာရီဝက်လောက် ဆက်ရှာကြပေမယ့် နောက်ဆုံးတော့ ဒီနေရာပဲ ပြန်ရောက်လာရပါတယ်။ ကာရီးခေါင်းကုတ်ပြီး အဲဒီမှာ ဘယ်သူနေတာလဲလို့ မေးတော့ ရန်ဂွန်က ဘယ်သူမှ မနေဘူးလေ။ မိတ်ဆွေတို့ အဲဒီမှာ နေဖို့များ စဉ်းစားနေကြတာလားလို့ ငေါ့တော့တော့ ပြန်မေးပါတယ်။

ကျွန်တော် သည်းခံစိတ် နည်းနေပါပြီ။ အိမ်ကိုငှားရင် ဘယ်လောက်ပေးရမှာလဲလို့ ခပ်တည်တည် ပြန်မေးလိုက်တော့ သူက သုံးလေးဖါရန့်ထက် မပိုလောက်ပါဘူးလို့ ရယ်စရာလုပ်ပြီး ဖြေပါတယ်။ မငှားခင် ဝင်ကြည့်ရဦးမှာပေါ့။ သော့ရမလားလို့ ထပ်မေးတော့ သူက ခေါင်းညိတ်ပြီး ဟိုနားက မုန့်ဖုတ်သမားဆီမှာ သော့ရှိပါတယ်တဲ့။ ကျွန်တော်တို့ သော့ရတော့ ကာရီးက အတွင်းတံခါးကိုဖွင့်လိုက်တော့ ပတ္တာတစ်ခုဖါ ပြုတ်ထွက်သွားပါတယ်။

ထူးခြားတဲ့အပိုင်းကို ရောက်လာပြီ။ ခန်းမထဲကို ကျွန်တော်တို့ ဝင်သွားကြတယ်။ အခန်းအလယ်မှာ ခြောက်နေတဲ့ရေကန်နဲ့ ကန်ထဲမှာ ခဲပိုက်အကွေးအလိမ်တစ်ခုတို့ကို တွေ့တယ်။ အပေါ်ထပ်တည့်တည့် လှေကားကျယ်ကြီးက ရှေ့မှာပါ။ နံရံမှာ ပန်းစိုက်အိုးတွေ ရှိနေပေမယ့် အားလုံး ခြောက်သွေ့နေကြတယ်။ တစ်လုံးက မြေပေါ်မှာ တစ်စစီ ကွဲကြေနေတယ်။ နေရာတိုင်းမှာ ဖုန်တွေချည်းပါပဲ။ ကြမ်းပြင်ပေါ်မှာ ဖုန်ထုတစ်လက်မလောက် ရှိတယ်။ ပင့်ကူအိမ်တွေက နံရံတွေမှာ တွဲခိုနေကြတယ်။ မြင်ရသမျှဟာ အစိုပ္ပာယ်မဲ့ပြီး ယုံနိုင်စရာ မရှိပါဘူး။

အပေါ်ထပ်ကို သွားကြမယ်လို့ပြောပြီး ကျွန်တော်ရှေ့က ဦးဆောင်တက်လိုက်ပါတယ်။ လှေကားထိပ်က ဧည့်ခန်းတံခါးကို တွန်းဖွင့်လိုက်တော့ တိုလီမိုလီပစ္စည်းအစုအပြုံတွေ တဝုန်းဝုန်းပြိုကျလာပါတယ်။ အခန်းထဲမှာ မှောင်နေတာကြောင့် ကာရီးက သူ့ရဲ့ သစ်သားမီးခြစ်ကို ထုတ်ပြီး မီးထွန်းလိုက်ပါတယ်။ ဘဲဥပုံမှန်ကြီးတစ်ခုကို တွေ့ရပေမယ့် မီးရောင်မှိန်မှိန်ထဲမှာ ဖုန်အထပ်ထပ်တက်နေတဲ့မှန်က အရောင်မပြန်နိုင်တော့ပါဘူး။ ထိုင်ခုံတွေကျိုးပျက်ပြီး အတုံးအရုံးလဲနေကြပါတယ်။ အရောင်အဆင်းမရှိတော့တဲ့ ယိုင်နဲ့နဲ့ စားပွဲဝိုင်းတစ်ခု။ အဲဒီနောက် ကျွန်တော်ရှေ့ကို သွက်သွက်လှမ်းလိုက်ပါတယ်။ ကာရီးရဲ့ မီးခြစ်က မီးရောင်ကြောင့် စားပွဲပေါ်မှာတောက်ပနေတဲ့ ပစ္စည်းတစ်ခု တွေ့လိုက်ရလို့ပါ။ အဲဒီအချိန်မှာပဲ မီးခြစ်ဆံက ငြိမ်းသွားလို့ ရပ်နေလိုက်ရပါတယ်။ နောက်မီးခြစ်ဆံတစ်ဆံ

www.burmeseclassic.com

www.burmeseclassic.com

ထွန်းလိုက်တဲ့အခါ ကျွန်တော် ရန်ဂွန်ကို ပြောလိုက်ပါတယ်။

'စားပွဲနဲ့ ကျွန်တော် ဘယ်လောက်ကွာနေတယ်ဆိုတာ ကျွန်တော့်ခြေရာတွေကို ပြန်ကြည့်ရင် သိနိုင်တယ်နော်။ ကဲ..ခင်ဗျားစားပွဲပေါ်က ပစ္စည်းကို သွားယူပေးမလား'

ရန်ဂွန်ရှေ့ထွက်ပြီး စားပွဲပေါ်က ပစ္စည်းလေးကို သွားယူပါတယ်။ အဲဒါ ကျွန်တော့်ငွေစီးကရက်ဘူးလေးပါပဲ'

လိုဒါရဲ့စကား ဆုံးသွားပါတယ်။ တစ်မိနစ်သာသာလောက် ဘယ်သူမှ စကားမပြောကြပါဘူး။ အဲဒီနောက် လိုဒါကိုယ်တိုင်ပဲ ကျွန်တော့်ကိုကြည့်ပြီး မေးခွန်းထုတ်ပါတယ်။

'ဘယ်လိုသဘောရသလဲ'

ကျွန်တော် မျက်ခုံးတွေ ပင့်လိုက်ပြီး–

'ခင်ဗျားမိတ်ဆွေ ပြောတဲ့ စကားအရ..'

ကျွန်တော် ဆက်မပြောဘဲ ရပ်လိုက်ပါတယ်။

အကြောင်းထူးမှာ မဟုတ်လို့ပါ။

'အဲဒီနေရာမှာ အင်္ဂလိပ်အမျိုးသမီးတွေ အသတ်ခံရတာ၊ အလောင်းတွေ တွေ့ခဲ့တာမျိုးရော သိခဲ့ရသေးလား'

ကျွန်တော်မေးတော့ သူက 'ဘာမှ မသိခဲ့ရပါဘူး။ ကျွန်တော် စုံစမ်းမေးမြန်းတာတွေ လုပ်ခဲ့ပေမယ့် ဘာသတင်းမှ မရခဲ့ပါဘူး'လို့ ဖြေပါတယ်။

ပြီးတော့ ဆက်ပြီး 'ကဲ..ခင်ဗျား လက်လျှော့ပြီမဟုတ်လား။ ကျွန်တော်လည်း လက်လျှော့ခဲ့ရပြီးသားပါ' လို့ ပြောပါတယ်။

သူ ထပြီး တံခါးပေါက်ဆီ လျှောက်သွားပါတယ်။ သူ့ဦးထုပ်နဲ့ တုတ်ကောက် ယူပေးဖို့ ကျွန်တော်လည်း နောက်က လိုက်သွားပါတယ်။ သူ သီချင်းတစ်ပုဒ် တိုးတိုးညည်းနေတာ ကြားရပါတယ်။ 'ငြိမ်သက်တဲ့ညချမ်းမှာ အတူတကွ'ဆိုတဲ့ သီချင်းပါ။

**ကျော်ကျော်**

*50 Ghost stories စာအုပ်မှ Mary Elizabeth Counselman ရေးသားသော The House of shadows ဝတ္ထုတိုကို ဘာသာပြန်ခြင်း ဖြစ်ပါသည်။*


# ဆရာရန်အောင်ဟိန်း (B.Sc)

## (ခရစ်ရှနားမှုတီး ရှေ့ဆောင်နက္ခတ်ဗေဒင်ပညာရှင်)

ကေ.ပီ စနစ်အား ဆရာတစ်ဆူ ပါရဂူမြောက် တတ်မြောက်လိုက ဆက်သွယ်ပါ။

ရှင်းလင်းစွာ တတ်မြောက်၊ ကျွမ်းကျင်ရန် တာဝန်ယူသည်။

ကေ.ပီ စနစ်၊ ဖြိုဟ်သွားပြက္ခဒိန်များ၊ ကွန်ပျူတာပရိုဂရမ် (Softwar) များ ရနိုင်ပါသည်။

အသုံးပြုရန် လွယ်ကူရှင်းလင်းစေရပါမည်။

(စုံစမ်းနိုင်ပါသည်။)

**ဆက်သွယ်ရန်လိပ်စာ**

အမှတ်–၂၁၃(ပ–ထပ်)၊ ၃၂–လမ်း(အထက်)၊ (CLOVER ဟိုတယ်အနီး)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း – ၀၉ ၇၃၁ ၁၉၈ ၂၆ ၊ ၀၉ ၂၆၁ ၄၄ ၇၇ ၆၆ ၊ ၀၉ ၇၉၁ ၄၂၀ ၃၉၄

www.burmeseclassic.com




ကျွန်ုပ်သည် အမြင့်ဆုံးရုပဗေဒဘွဲ့
ကို ရရှိပြီးနောက် Oxford [အောက်(စ)ဖို့]
တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်နေစဉ်
ကာလတွင် ဗီယာဆိုသော မိန်းမချောကလေး
တစ်ယောက်နှင့် နိုက်ကလပ်တစ်ခုမှာ ဆုံမိခဲ့ကြ၏။

ကျွန်ုပ်သည် အရက်ရောင်းသော စက်ဝိုင်းခြမ်းပုံ ကောင်တာ
တွင်ရှိ ထိုင်ခုံ၌ ထိုင်ပြီး နှစ်ချိုဝိုင်တစ်ခွက်ကို မှာယူသောက်
နေခိုက် ခန္ဓာကိုယ်အချိုးအစားပြေပြစ်ပြီး ချောမောလှပသော
အသက်(၂၅)နှစ်ဝန်းကျင်ခန့်ရှိ အမျိုးသမီးလေး တစ်ဦး
သည် ကနေကြသော စုံတွဲများဘေးမှ ဖြတ်လျှောက်
သည်ကို တွေ့လိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com

လှိုင်းတံပိုးထနေသော ဂီတသံစဉ်များကြားတွင် ပင်လယ်ဒီလှိုင်းကဲ့သို့ တအိအိယိမ်းနွဲ့လှုပ်ရှား နစ်မျောနေကြသော ကပွဲဝင်နေကြသည့် စုံတွဲများမှာမူ သူမ၏ အလှအပကို မသိနိုင်ကြပေ။ ကျွန်ုပ်သည် ထိုအမျိုးသမီး၏ အလှအပကို အသေးစိတ် ခွဲခြမ်းစိတ်ဖြာကြည့်နေမိ၏။ အသားရောင်မှာ ဝင်းဝါစိုပြည် အိစက်နေပြီး ဖယောင်းသားလေးကဲ့သို့ ချောမွေ့နေ၏။ နှင်းဆီရောင် နှုတ်ခမ်းကလေးနှင့် ကော့ပျံနက်မှောင်နေသောမျက်ခုံး၊ ရွှန်းလဲ့တောက်ပနေသော မျက်လုံးများမှာ အဝေးကပင် အထင်းသား မြင်နေရ၏။ လက်ပြတ်အင်္ကျီ ဂါဝန်ရှည် ဝတ်ဆင်ထားသောကြောင့်လည်း သူမ၏ ရှိုက်ဖိုကြီးငယ်အသွယ်သွယ်တို့သည် ပေါ်လွင်စေပြီး ပို၍ပင် ဆွဲဆောင်မှု ရှိနေပြန်၏။

ထိုဗီယာဆိုသော အမျိုးသမီးငယ်သည် လွတ်နေသော စားပွဲဝိုင်းတစ်ခုတွင် ဝင်ထိုင်လိုက်၏။ ကျွန်ုပ်လည်း ထိုအမျိုးသမီးရှိရာသို့ ဝိုင်ကလပ်ခွက်ကို လက်တွင်ကိုင်၍ လျှောက်သွား၏။

ကျွန်ုပ်သည် ဗီယာရှိသော စားပွဲဝိုင်းတွင် ထိုင်မိသောအခါ 'ဟာလို··မဒမ်(madam)၊ ကောင်းသောညချမ်းပါ' ဟု နှုတ်ဆက်လိုက်၏။

ပြီးတော့ ကျွန်ုပ်ကိုယ်တိုင်က မိမိကိုယ်မိမိ-

'ကျွန်တော် မစ္စတာအက်(ဒ)မန်ဂါနေး (Edmond Gurney) ပါ။ အောက်(စ)ဖို့တက္ကသိုလ်မှာ တာဝန်ထမ်းဆောင်ပါတယ်'

အမျိုးသမီးကလည်း-

'ကျွန်မ မစ္စဗီယာပါရှင်'

'ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ် မစ္စဗီယာ'

ထိုအခိုက် ကျွန်ုပ်တို့ စားပွဲရှိရာသို့ ဝိတ်တာ(waiter) စားပွဲထိုးတစ်ယောက် ရောက်ရှိလာပြီးလျှင်-

'ဟာလို··မဒမ်၊ ကျေးဇူးပြု၍ ဘာများသုံးဆောင်ပါမလဲခင်ဗျာ'

ယဉ်ကျေးပျူငှာစွာ မေးလိုက်၏။

'ဝိုင်နီတစ်ခွက်ပေါ့ရှင်'

ထိုနေ့က မစ္စဗီယာနှင့် ကျွန်ုပ်တို့သည် အချိန်အတော်လေး ကြာမြင့်သည်အထိ စကားလက်ဆုံကျခဲ့ကြ၏။

ထိုအချိန်မှစ၍ ကျွန်ုပ်နှင့် မစ္စဗီယာတို့သည် ခင်မင်ရင်းနှီးသွားကြပြီး ဤနိုက်ကလပ်၌ မကြာ,မကြာ တွေ့ဆုံဖြစ်ကြ၏။ ပါတီပွဲများ၌လည်း ကျွန်ုပ်နှင့်အတူတူ တွဲကကြ၏။ တွဲ၍ ကတိုင်းလည်း ကြည်ကြည်နူးနူး ပြုံးပြုံးရွှင်ရွှင်နှင့်ရှိတတ်ပြီး ကျွန်ုပ်ကို စိတ်ချမ်းမြေ့စေခဲ့သည်မှာ အမှန်ပင်ဖြစ်၏။ ရိုးသားစွာ ဝန်ခံရလျှင် ကျွန်ုပ် မစ္စဗီယာကို ချစ်မိသည်မှာ အမှန်ဖြစ်၍ မငြင်းကွယ်နိုင်ပါ။

နေ့တစ်နေ့တွင် မစ္စဗီယာနှင့်အတူ နှစ်ချို့ဝိုင်နီအရက်ကို မှာ၍သောက်နေစဉ် မစ္စဗီယာက-

'ရှင့်ကို တစ်ခုသတိပေးရဦးမယ်'

ကျွန်ုပ် ထိတ်လန့်သွား၏။ အကယ်၍များ ကျွန်ုပ်ကို အဆက်အသွယ်ဖြတ်လိုက်ဖို့များ ပြောခဲ့လျှင်··။

ထိုသို့ အတွေးဝင်နေခိုက် မစ္စဗီယာက-

'ကျွန်မနဲ့အတူ အဖော်အဖြစ် နေပေးခဲ့လို့ အထူးပဲ ကျေးဇူးတင်ပါတယ်ရှင်'

ဆက်လက်၍-

'တကယ်လို့များ ဘဝလက်တွဲဖော်အဖြစ် ရွေးရမယ်ဆိုရင် ချစ်လွန်းလို့ ရှင့်ကို ဘယ်တော့မှ ရွေးမှာမဟုတ်ဘူးဆိုတာ ရှင့်ကို သတိပေးချင်တာပါပဲ'

'ဗျာ'

ကျွန်ုပ်သည် လွန်စွာအံ့ဩသွား၏။ ချစ်လွန်းလို့ ရှင့်ကို ဘယ်တော့မှ ရွေးမှာမဟုတ်ဘူး ဆိုသောစကားသံများသည် ကျွန်ုပ်နားထဲ၌ ပဲ့တင်ထပ်နေတော့၏။ ပတ်ဝန်းကျင်မှ အခြားအသံဗလံများလည်း မကြားရတော့ပေ။

အတော်လေး ကြာသွားမှ-

'နောက်ဆုံးတော့လည်း ရှင် သဘောပေါက်သွားမှာပါရှင်'

ပြောမယ့်သာ ပြောနေသည်၊ တကယ်တော့ မစ္စဗီယာ၏ မျက်နှာသည် ကျွန်ုပ်ကို ချစ်ပါသည်ဟူသော ချစ်ရည်ရွှန်းလဲ့နေသည့် မျက်နှာမျိုးသာ တွေ့ရပြီး သူမပြောနေသော စကားများသည် သူ့နှလုံးသားကို ဆန့်ကျင်၍ ပြောနေခြင်းသာ ဖြစ်သည်ကို တွေ့ရ၏။ သူမဘဝတစ်ခုလုံး ကျွန်ုပ်၏ ရင်ခွင်တွင် ရှင်သန်စေချင်သည်မှာ အမှန်ပင် ဖြစ်ပါလျက်နှင့် ငြင်းဆန်နေသည်မှာ အဘယ့်အကြောင်းနည်း။ သူမ၏ နောက်ကွယ်တွင် လျှို့ဝှက်ချက်တစ်ခုခုတော့ ရှိနေသည်မှာ သေချာ၏။

'ရိုးသားစွာ ပြောရရင် ရှင့်ကို ကျွန်မ ချစ်ခဲ့မိတာ အမှန်ပါပဲရှင်။ ဒါပေမဲ့ အိမ်ထောင်ဖက်အဖြစ် ဘဝတစ်ခု

www.burmeseclassic.com

www.burmeseclassic.com

လုံး ပေးအပ်ဖို့ ဘယ်တော့မှ စဉ်းစားမှာ မဟုတ်ပါဘူး'

ဤစကားသည်ပင် ကျွန်ုပ်၏ အသည်းနှလုံးကို အပ်နှင့် ဆွသလို နာကျင်စေနိုင်ဆုံးစကား ဖြစ်နေ၏။

ထိုနေ့သည်ပင် ကျွန်ုပ်အဖို့ မစ္စဗီယာကို နောက်ဆုံးတွေ့မြင်ခဲ့ရခြင်း ဖြစ်တော့၏။ ထို့နောက်တွင်တော့ ကျွန်ုပ်သည် အောက်(စ)ဖို့တက္ကသိုလ်ဝန်းကျင်တွင် အလုပ်ရှုပ်နေခဲ့သောကြောင့်လည်းကောင်း၊ ကျွန်ုပ် ရေးသားပြုစုနေသော (Phantasm of the livings) ထင်မြင်ယောင်မှားပုံရိပ်များ (သို့မဟုတ်) တစ္ဆေများ၏ ဘဝရှင်သန်နေထိုင်ခြင်း စာအုပ်ကြီးကို ရေးသားနေသောကြောင့်လည်းကောင်း၊ ကိုယ်တွေ့ဖြစ်ရပ်မှန် ဝိဉာဉ်လောကသားများ၏ ဘဝအကြောင်းများကို ရှာဖွေစုဆောင်းနေခဲ့၍လည်းကောင်း ကျွန်ုပ် တိတ်တခိုးချစ်ခဲ့ရသော အလှဖုရားမလေး မစ္စဗီယာနှင့် လ,အတန်ကြာသည်အထိ မတွေ့ရတော့ဘဲ ရှိနေခဲ့၏။

ထိုကာလတွင် မစ္စဗီယာဆိုသော မိန်းကလေး ရုတ်တရက် ကွယ်လွန်သွားကြောင်းကို သတင်းစာတစ်စောင်၏ နာရေးသတင်း၌ ဓာတ်ပုံနှင့်တကွ ဖော်ပြထားသည်ကို တွေ့ရတော့သည်။

ဤအဖြစ်အပျက်သည်ကား လွန်ခဲ့သော (၂၅)နှစ် အတိတ်ကာလက ဖြစ်ပျက်ခဲ့သော အကြောင်းအရာများသာ ဖြစ်တော့သည်။

(၂)

လတစ်လ၏ ညတစ်ည၊ ညတစ်ည၏ လပြည့်ဝန်း၊ လပြည့်ဝန်းကြီး၏ အလင်းရောင်သည် တစ်လောကလုံး ပွံ့နှံ့လျက် တိမ်ပဝါဇာလွှာပါးတို့သည် မိုးကောင်းကင်တစ်ခုလုံး ဖြန့်ကြက်ထားသကဲ့သို့ နေရာအနှံ့အပြား၌ ရှိနေ၏။ လေပြင်းတိုက်ခတ်နေသောကြောင့် သစ်အယ်ပင်များ၊ မိုးမခပင်များနှင့် ဝက်သစ်ချပင်များသည် တရှဲရှဲ မြည်နေ၏။ ပတ်ဝန်းကျင်တစ်ခုလုံးသည် လေတိုက်သံမှ အပ တိတ်ဆိတ်ငြိမ်သက်လျက် ရှိ၏။ လပြည့်ည၏ လရောင်သည် မှန်လယ်ပေါက်များမှတစ်ဆင့် အိမ်အတွင်းသို့ ကျရောက်လျက် ရှိနေ၏။

တစ်ခါ,တစ်ခါ ဟိုးအဝေးဆီမှ ဆွဲဆွဲငင်ငင် သံရှည်ကြီးဖြင့် ခွေးအူသံများ ကြားရတတ်၏။ ကျွန်ုပ်သည် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေခဲ့ရာ အောက်ထပ်ဆီမှ တုန်လှုပ်ချောက်ချားဖွယ်ရာ တုန်ဟည်းသွားသောအသံကြောင့် နိုးသွားတော့၏။ ကျွန်ုပ်၏ မိသားစုများမှာလည်း သူတို့အခန်းများအတွင်း၌ အသီးသီးအိပ်မောကျနေကြ၏။ တစ်ယောက်မျှ သိဟန်မတူချေ။ မှန်ပြတင်းပေါက်မှ ကျရောက်နေသော လရောင်ကြောင့် အိမ်အတွင်းတွင် မထင်မရှားတော့ မြင်နေရ၏။

တစ်စုံတစ်ယောက်သောသူသည် အိမ်အတွင်းသို့ ဝင်ရောက်လာသည်ဟု ထင်မိ၍ စွန့်စားပြီး အောက်ထပ်သို့ ဆင်းလာခဲ့တော့သည်။ ကျွန်ုပ်သည် ခေတ္တရပ်ပြီး ပတ်ဝန်းကျင်သို့နားစွင့်ကာ သတိပြုနားထောင်နေသော်လည်း သစ်ပင်များ၊ နှင်းဆီရိုင်းချုံများကို လေတိုးနေသော အသံများမှလွဲ၍ ဘာမှထူးထူးခြားခြား မကြားရချေ။

ဘစ်ဘင်(Bigbin) တိုင်ကပ်နာရီမှ တစ်ချက်ချက် မြည်သံသည် တိတ်ဆိတ်ချောက်ချားဖွယ်ရာ ညကို ထိုးဖောက်၍ ကျယ်လောင်စွာ ကြားနေရ၏။ ကျွန်ုပ်၏ စိတ်ချောက်ချားနေ၍သာ အိမ်အောက်မှ အသံဗလံများ ကြားနေရခြင်းလော၊ (သို့မဟုတ်) ဤအိမ်ကြီးတွင် အခြားအကြောင်းအရာများ ပေါ်ပေါက်လာခြင်းလော၊ အခြားအကြောင်းအရာများ ရှိခဲ့သလောဟု တွေးတောနေမိ၏။

အိမ်အတွင်းသို့ အပြင်မှ လူစိမ်းဝင်လာရန်မှာ မလွယ်ကူ။ အကြောင်းမှာ ကျွန်ုပ်ကိုယ်တိုင် တံခါးများ၏ မင်းတုပ်များ၊ သော့များကို ပိတ်ထားခဲ့ခြင်းကြောင့်ပင်ဖြစ်၏။ အောက်ထပ်ရှိ သံချောင်းများ တပ်ဆင်ထားသော မှန်ပြတင်းတစ်ချပ်သာ လေဆောင့်တိုးလိုက်တိုင်း တဖြောင်းဖြောင်းနှင့် ပြင်းထန်စွာရိုက်ခတ်လျက်ရှိသည်။ ထိုသံတိုင်များကြားမှ လူမဆိုထားနှင့်၊ ကြောင်တစ်ကောင်ပင် တိုးမဝင်နိုင်ချေ။

လှေကားအောက်ဆုံးထစ်သို့ရောက်သော် ရပ်နေလိုက်ပြီး အိမ်အတွင်း ပတ်ပတ်လည်ကို သတိထားကြည့်ရှုလိုက်၏။ ထိုအခိုက် အိမ်ရှေ့တည့်တည့်ဆီမှ တံခါးခေါက်သံလိုလို ကြားရ၏။ ထို့နောက် လူတွန်းဝင်လာသကဲ့သို့ သံချေးတက် ပတ္တာမြည်သံ ကျွီဆိုသော ထိုအသံများသည် ကျွန်ုပ်အဖို့ ထူးခြားနေသည်မှာ အမှန်ပင်ဖြစ်၏။

ပြင်းထန်စွာ တိုက်နေသောလေသည် ငြိမ်သက်စပြုလာပြီး ည၏ တိတ်ဆိတ်မှုလည်း ပို၍နက်ရှိုင်းလာ၏။

အိမ်ရှေ့တံခါးဝဆီသို့ အာရုံစိုက်နေစဉ် ခေါ်နိုင်းဘတ်

www.burmeseclassic.com

www.burmeseclassic.com

ဆီမှ ညင်သာစွာလျှောက်လှမ်းလာသောခြေသံကို ကြားနေရ၏။ တဖြည်းဖြည်း နီးကပ်လာ၏။

ထို့ကြောင့် အသံလာရာဘက်ဆီသို့ လှမ်းကြည့်လိုက်ရာ-

'အိုး မိုင်ဂေါ့(ဒ်)၊ အို..ဘုရားသခင်'

မှန်လယ်ပေါက်မှ ကျရောက်နေသော လရောင်အောက်တွင် သူမကို ထင်ထင်ရှားရှား မြင်တွေ့ရတော့၏။ သူမသည် စကားဝါရောင် ဂါဝန်ရှည်ကြီး ဝတ်ဆင်ထားပြီး အင်္ကျီလက်ပြတ်ကလေးနှင့် ဖြူဝင်းအိစက်နေသော လက်မောင်းကလေးများကို မြင်ရရုံဖြင့် သူမကို မှတ်မိသွား၏။ သူမ၏ လှပသော ခန္ဓာကိုယ်အချိုးအဆစ်မှာ မြင်ရသူ ပုရိသယောကျ်ားများ စွဲမက်စေနိုင်သော အချိုးအဆစ်မျိုး ဖြစ်၏။ သူမသည် လွန်ခဲ့သော နှစ်အနည်းငယ်ခန့်က ကျွန်ုပ်နှင့်အတူ ပါတီပွဲများ၌ တွဲ၍ကခဲ့သော မစ္စဗီယာဆိုသော မိန်းမချောကလေးပင် ဖြစ်တော့၏။

သူမသည် ကျွန်ုပ်ရှိရာဘက်သို့ လျှောက်လှမ်းလာပြီး (၇)ပေ၊ (၈)ပေခန့် အကွာတွင် ရပ်တန့်၍ ကျွန်ုပ်ကို-

'ဟဲလို..မစ္စတာအက်(ဒ)မန်ဂါနေး၊ သာယာကောင်းမွန်သော ညချမ်းလေးပါရှင်'

ကျွန်ုပ်သည် ကြောက်တတ်သူတစ်ယောက် မဟုတ်သော်လည်း သူမသည် သေဆုံးပြီးသူ တစ်ယောက်ဟု သိနေခြင်းကြောင့် မျက်နှာပေါ် ချွေးများ ပြန်လာ၏။ နှလုံးခုန်နှုန်းလည်း မြန်လာ၏။ ရေငတ်သူတစ်ယောက်ကဲ့သို့ အာခြောက်လာ၏။ ထူးခြားသည်မှာ ကျွန်ုပ်သည် ဆွံ့အသူ တစ်ယောက်ကဲ့သို့ ပြန်၍ စကားမပြောနိုင်ခြင်းပင် ဖြစ်၏။

သူမက ဆက်လက်ပြီး-

'သိပ်ပြီးလည်း ကြောက်မနေပါနဲ့ရှင်'

'ကျွန်မ ရှင့်ကို ပြောခဲ့ဖူးတယ် မဟုတ်လား။ ရှင့်ကို ချစ်လွန်းလို့ အိမ်ထောင်ဖက်အဖြစ် ရွေးချယ်ဖို့ စိတ်မကူးပါဘူးလို့'

'အဲဒါ ဘာကြောင့်လဲဆိုတာ ရှင့်ကို ကျွန်မ ရှင်းမပြခဲ့ဘူးလေ။ တကယ်လို့ ရှင်းပြခဲ့ရင်လည်း ရှင်စိတ်မကောင်းဖြစ်ရုံကလွဲလို့ ဘာမှတတ်နိုင်မှာ မဟုတ်ဘူးလေ။ အဲဒါကြောင့် ကျွန်မအချစ်ဆုံးမိတ်ဆွေမကာ ချစ်သူတမျှ ရှိနေခဲ့တဲ့ ရှင့်ကို မပြောခဲ့တာပါ'

'ရှင်နဲ့ စတွေ့တဲ့ညမှာ ကျွန်မ ရှင့်ကို အကဲခတ်ခဲ့တယ်လေ။ ရှင့်ရဲ့မျက်နှာကိုကြည့်ပြီး ရှင့်ရဲ့စိတ်ဓာတ်ကို ပုံဖော်ကြည့်မိတယ်။ ရှင်ဟာ သိပ်ရိုးသားပြီး အမျိုးသမီးတွေကို စွဲမက်စေနိုင်တဲ့ အရည်အချင်းတွေ ရှိနေတယ်ဆိုတာကို ကျွန်မ သိခွင့်ရခဲ့တယ်။ ဒါပေမဲ့..'

ဟု ပြောရင်းမှ သူမ၏ မျက်နှာသည် ညှိုးငယ်သွားပြီး ဝမ်းနည်းကြေကွဲနေသော အသံဖြင့်-

'အဲဒီအချိန်ဟာ ကျွန်မဘဝရဲ့ နောက်ဆုံးနေ့ဝင်တော့မယ့် အချိန်ပဲလေ။ အဲဒီအချိန်မှာ ရှင်ဟာ ကျွန်မနဲ့ တွဲကပြီး ပျော်ရွှင်နေခဲ့တယ်မဟုတ်လား။ တကယ်လို့ ကျွန်မရဲ့ ကင်ဆာရောဂါ ဝေဒနာဟာ နောက်ဆုံးအဆင့်နဲ့ သေရတော့မယ့် သူတစ်ယောက်ပါလားလို့ ရှင်သိနေခဲ့မယ်ဆိုရင် ရှင့်ရဲ့ ပျော်ရွှင်မှုတွေ ပျောက်ဆုံးသွားတော့မှာပေါ့'

'ဒါကြောင့် ကျွန်မ ရှင့်ရဲ့ ပျော်ရွှင်မှုတွေကို ဆက်လက်ရှင်သန်နေအောင် ရှင်နဲ့ တွဲကခဲ့တယ်လေ။ ကျွန်မရဲ့ ကင်ဆာရောဂါ ပျံ့နှံ့နေမှုကြောင့် အရိုးကွဲမတတ် တဖျစ်ဖျစ် မြည်လောက်အောင် နာကျင်ကိုက်ခဲနေပေမယ့် ရှင်ရှေ့မှာတော့ အပြုံးမပျက် နေပြခဲ့တယ်လေ'

'နောက်ဆုံးတော့ ကျွန်မရဲ့ ဝေဒနာနဲ့ ဒုက္ခတွေကို ရှင်နဲ့အတူ မျှဝေခံစားဖို့ မပေးရက်နိုင်ဘူးလေ။ ဒါကြောင့် ရှင့်ကို ဘယ်တော့မှ အိမ်ထောင်ဖက်ရွေးမိမှာ မဟုတ်ဘူးလို့ ပြောခဲ့တာပေါ့'

'ဗျာ..'

ကျွန်ုပ်သည် ယခုမှ ကပွဲရုံအတွင်းတွင် သူမ ပြောခဲ့သောစကား၏ အဓိပ္ပာယ်ကို နားလည်သဘောပေါက်သွားတော့သည်။

ကျွန်ုပ်သည် မစ္စဗီယာကို လရောင်အောက်တွင် မြင်တွေ့နေရသော်လည်း သူမ၏မျက်နှာကို သဲသဲကွဲကွဲ ရှင်းရှင်းလင်းလင်း မြင်လိုသောကြောင့် ဧည့်ခန်းမီးခလုတ်ကို ဖွင့်လိုက်ရာ-

'အိုး မိုင်ဂေါ့(ဒ)၊ အို..ဘုရားသခင်'

စောစောက ကျွန်ုပ်ကို စကားပြောနေခဲ့သော မစ္စဗီယာဆိုသော မိန်းမချောလေးမှာ ဧည့်ခန်းအတွင်း၌ လုံးဝမတွေ့ရတော့ဘဲ ပျောက်ခြင်းမလှ ပျောက်ကွယ်သွားတော့၏။ ကျွန်ုပ်သည် အိမ်အောက်ထပ်တစ်ထပ်လုံး ရှာဖွေကြည့်သော်လည်း မတွေ့ရတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ မစ္စဗီယာဆိုသော မိန်းမချောလေးကို ရုတ်တရက် မြင်တွေ့လိုက်ရခြင်းသည်ပင် ကျွန်ုပ်အတွက် စဉ်းစားတွေးတောစရာ ထူးခြားဆန်းပြားသော ပဟေဠိ ပုစ္ဆာကြီးတစ်ပုဒ်အဖြစ် ကျန်ရစ်ခဲ့တော့၏။

(၃)

ဤဖြစ်ရပ်များသည် မစ္စတာအက်(ဒ)ပန်ဂါနေး (Edmond Gurney) ကိုယ်တိုင်ကြုံတွေ့ခဲ့သော ဖြစ်ရပ်မှန်ပင် ဖြစ်၏။ ဂါနေးသည် အဆင့်မြင့်ရူပဗေဒပညာရှင် တစ်ဦး ဖြစ်သကဲ့သို့ တစ်ဖက်မှလည်း စိတ်ပညာသုတေသနအသင်းကြီးကို တည်ထောင်ထားသူတစ်ဦး ဖြစ်၏။ ယခု သူကိုယ်တိုင် ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်ကို သူ၏ (Phantasm of the livings) ထင်မြင်ယောင်မှားပုံရိပ်များ (သို့မဟုတ်) ထင်မြင်ယောင်မှား တစ္ဆေများ၏ ဘဝရှင်သန်နေထိုင်ခြင်း စာအုပ်တွင် ထည့်သွင်းရေးသား ဖော်ပြခဲ့သည်။

သို့ကလိုဆိုလျှင် သေဆုံးပြီးသူများသည် တမလွန်ဘဝမှလာပြီး ကိုယ်ထင်ပြနိုင်သလော၊ သို့မဟုတ် ကွယ်လွန်သူများ၏ ကျန်ရစ်ခဲ့သော စိတ်စွမ်းအင်များလော စသည်၊စသည်ဖြင့်…။

သုတေသနပညာရှင် အချို့ကမူ ဤကဲ့သို့ ကွယ်လွန်သေဆုံးခဲ့သူများ၏ သေခါနီး နောက်ဆုံး စွဲလမ်းခဲ့သော အကြောင်းအရာများမှာ စိတ်စွမ်းအင်တစ်ရပ်အဖြစ် စကြဝဠာအတွင်း၌ ပျံ့လွင့်ကျန်ရှိနေခဲ့ပြီး ထိုကျန်ရစ်ခဲ့သော စိတ်ပိုင်းဆိုင်ရာ စွမ်းအင်တို့သည် မသိစိတ်နိုးကြားသူတို့ စိတ်အာရုံတွင် ထင်မြင်စေနိုင်ခြင်းဖြစ်သည်ဟု ယူဆကြ၏။


နိဂုံးချုပ်အားဖြင့် ပရလောကဆိုသည်မှာ စိတ်အထင်သက်သက်မဟုတ်ဘဲ အမှန်တကယ်ရှိသည် ပြောခဲ့ပါလျှင် စာရှုသူအဖို့ မည်သို့ဆုံးဖြတ်မည်နည်းဟု။

**နေမင်းသူရိယ(ဆင်ဖြူကျွန်း)**

<u>ကျမ်းကိုး</u>

Phantasm of the livings By. E. Gurney ကိုးကား၍ ရေးဖွဲ့သည်။


**ဖောင်တန်းသာသနာပြုဆရာတော်ကြီး၏ အလွယ်ဆုံးဓမ္မဒွာရပွားနည်း**



စစ်ကိုင်းမြို့နယ် ကျောက်တာကျေးရွာ ပုဗ္ဗာရုံဆရာတော်ကြီး ချီးမြှင့်ခဲ့သည်

ဗုဒ္ဓကွန်ချာ ၊ ဓမ္မကွန်ချာ ၊ သံဃာ့ကွန်ချာ ဂါထာတော်ကြီး

ရသေ့ကြီးဦးခန္တီကိုယ်တော်တိုင် အဓိဋ္ဌာန်ဝင်ခဲ့သည့် နတ်ချစ်ဂါထာ (သို့မဟုတ်)

…ာ်လာအပွင့် စီးပွားတက်သော ရုက္ခစိုးဂါထာတော်နှင့်

မဟာဝေဒဗ္ဗမန္တန်တော်နှင့် ဖြစ်ရပ်ဆန်းများ

သေချာ်တို့ပါရှိသည့်

**အရှင်ကုမာရ (စစ်ကိုင်းဖောင်တန်း)**

ရေးသားတော်မူသော

**အစွမ်းထက်ဂါထာတော်များနှင့် အံ့မခန်းဖြစ်ရပ်ဆန်းများ**

(ထွက်နေပါပြီ)



<u>မြန်မာတစ်ပြည်လုံးဖြန့်ချိရေး</u>

ထွန်းဦးစာပေ(မန္တလေး) ၊ မချိုချို(နေလစာပေ) မိုးဇာရပ်၊ စစ်ကိုင်း။ Ph : 09 2110526 , 072 22600